မဟာဝိသုဒ္ဓါရာမဆရာတော်

ရေးသားစီရင်အပ်သော

# ပရမတ္ထသရူပဘေဒနီကျမ်း

## ဒုတိယတွဲ

## (ကမ္မဋ္ဌာန်းပိုင်း)

(သမထ,ဝိပဿနာ-ဘာဝနာ)

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ ၂၅၁၃ ကောဇာ ၁၃၃၁ ဇူလိုင်လ ၁၉၆၉

၇၅၂၀

မဟာဝိသုဒ္ဓါရာမဆရာတော်

ရေးသားစီရင်အပ်သော

# ပရမတ္ထသရူပဘေဒနီကျမ်း

## ဒုတိယတွဲ

## (ကမ္မဋ္ဌာန်းပိုင်း)

( သမထ,ဝိပဿနာ-ဘာဝနာ )

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ရိုက်နှိပ်သည်။

သာသနာ ၂၅၁၃ ကောဇာ ၁၃၃၁ ဇူလိုင်လ ၁၉၆၉

၁၉၆၉-ခုနှစ်—အုပ်ရေ ၃၀၀၀။

ရန်ကုန်မြို့၊ ကမ္ဘာအေးစာတိုက်—ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌
အတွင်းရေးမှူး(အုပ်ချုပ်ရေးအရာရှိချုပ်) ဦးလှမောင် M.A., M.S., B.L.
(မှတ်ပုံတင်အမှတ်—၀၇၇၉/၀၅၂၂ ) က ပုံနှိပ်ထုတ်ဝေသည်။



မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး

### ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ

# နိဒါန်း

---

## ပိဋကတ် အဆီအနှစ်တရား ၃-ပါး

"အို အရှင် အာနန္ဒာ ...ဂေါတမရှင်တော်မြတ် ဘုရားသည် အဘယ်တရားတို့ကို ချီးကျူးလေ့ရှိပါသနည်း။ အဘယ်တရားတို့၌ လူအပေါင်းကို ဆောက်တည်စေတော်မူပါသနည်း။

အချင်း သုဘလုလင်....မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် မြတ်သော သီလအစုကိုဒင်း, မြတ်သော သမာဓိ အစုကိုဒင်း, မြတ်သော ပညာ အစုကိုဒင်း, ချီးကျူးတော်မူလေ့ရှိ၏။ ထိုမြတ်သော တရားအစု သုံးပါးတို့၌ လူအပေါင်းကို ဆောက်တည်စေတော်မူ၏[၁]။"

အထက်ပါ အမေးနှင့် အဖြေကို ပြုလုပ်သည့်အချိန်ကား မြတ်စွာဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီးနောက် တလခန့်မျှသာ ကြာသေးသည့်အချိန် ဖြစ်ပေသည်။

မေးသူကား—တုဒိရွာစား တောဒေယျပုဏ္ဏားကြီး၏သား သုဘလုလင်ဖြစ်၏။ သုဘလုလင်သည် 'ဘုရားရှင် ပရိနိဗ္ဗာန်ဝင်စံပြီးနောက် ရှင်တော်ဘုရားဟောကြားတော်မူသည့် အဆုံးအမဒေသနာတော်များ တည်ရှိနေသေးသလော၊ သို့မဟုတ် ရှင်တော်ဘုရားနှင့်အတူ ပရိနိဗ္ဗာန်စံယူကာ ပျောက်ကွယ်ကုန်ပြီလော'ဟု စူးစမ်းလိုသောကြောင့် ဤသို့ မေးခြင်း ဖြစ်ပေ၏။

ဖြေသူကား—တေဒင်္ဂါးဘွဲ့ရ တရားဘဏ္ဍာတော်စိုး အရှင် အာနန္ဒာ ဖြစ်ပါသည်။ အရှင်မြတ်ကမူ တရားဘဏ္ဍာစိုး ဖြစ်တော်မူသည့်အလျောက် မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားအလုံးစုံ ပိဋက သုံးပုံကို သီလ, သမာဓိ, ပညာတည်းဟူသော သိက္ခာသုံးပါး၌သွင်းကာ အဆီအနှစ်ထုတ်ပြီး အကျဉ်းချုပ် ဖြေတော်မူသည်။

ယင်းသို့ ဖြေလိုက်ခြင်းဖြင့် မြတ်စွာဘုရား၏ အဆုံးအမ ဒေသနာတော်များသည် ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်သော်လည်း မပျောက်ပျက်ချေ။ အလုံးစုံကိုပင်

---

၁။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ် ပါဠိတော်၊နှာ-၁၇၃ (သုဘသုတ်)။

ငါတို့တပည့် သာဝကများ ဆောင်ရွက်ထားပေသည်-ဟူသော အဓိပ္ပါယ်ကို သုဘာလုလင် အား နားလည်စေပါသည်။

အရှင် အာနန္ဒာ၏ ဖြေဆိုတော်မူချက်သည် အလွန်ပင် မှန်ကန်လှပေသည်။ သက်တော်ထင်ရှားရှိစဉ် ဘုရားရှင်ကိုယ်တော်တိုင်ပင်—

> အကြင်သူသည် သီလကိုရင်း, သမာဓိကိုရင်း, ပညာကိုရင်း ကောင်းစွာ ပွါးများ၏။ ထိုသူသည် မာရ်မင်း၏ပိုင်နက် ဝဋ်သုံးပါးကို လွန်မြောက်၍ နေမင်းကြီးသဖွယ် တင့်တယ်လှပေ၏[၁]—

ဟူ၍ သီလ, သမာဓိ, ပညာ တရားအစု၏ ဂုဏ်ကျေးဇူးကို ထုတ်ဖော်၍ ချီးကျူးတော်မူပါသည်။ ထို့ပြင်လည်း—

> သီလဖြင့်တည်၍ ဖြစ်စေအပ်သော သမာဓိသည် များစွာအကျိုး အာနိသင် ရှိ၏။ သမာဓိဖြင့်တည်၍ ဖြစ်စေအပ်သော ပညာသည် များစွာ အကျိုးအာနိသင်ရှိ၏။ ပညာဖြင့်တည်၍ ဖြစ်စေအပ်သော စိတ်သည် ကောင်း စွာ သာလျှင် အာသဝေါတရားတို့မှ လွတ်၏[၂]—

ဟူ၍လည်း သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးတို့ အဆင့်ဆင့် ကျေးဇူးပြု၍ အကျိုးအာနိသင်ကြီးမားပုံကို ဟောကြားတော်မူခဲ့သည်။

ထိုသို့ သီလ, သမာဓိ, ပညာ တရားတို့၏ အကျိုးအာနိသင် ကြီးမားပုံကို (အခြားသူကို မညွှန်ကြားဘဲ) ကိုယ်တော်တိုင်ကိုပင် ပုံစံထားကာ—

> အိုမာရ်နတ်....ငါသည် အရိယမဂ်ကို ထိုးထွင်း၍သိခြင်းငှါ သီလကိုရင်း, သမာဓိကိုရင်း, ပညာကိုရင်း ပွါးစေလျက် အလွန်မြတ်သော စင်ကြယ်ခြင်း သို့ ရောက်ခဲ့လေပြီ။ ဟယ်မာရ်နတ်–သင်ကား ရှုံးခဲ့လေပြီ[၃]—

ဟူ၍ ရဲရင့်ပြတ်သားစွာ မိန့်ကြားတော်မူခဲ့သည်။

တရားမင်းစစ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရား၏ ဆုံးမဟောကြားတော် မူချက်အတိုင်း လိုက်နာကျင့်သုံး၍ ဤ သီလ,သမာဓိ,ပညာဟု ဆိုအပ်သော သိက္ခာ ၃-ပါး၏ အကျိုးအာနိသင်ကို လက်တွေ့ခံစားကြရသည့် တပည့် သာဝက မဟာထေရ်ကြီးများက မြတ်စွာဘုရား ရှေ့တော်မှောက်၌ပင် ဝန်ခံ လျှောက်ထားချက်များလည်း ရှိပါသည်။

---

၁။ ခု၊ ၁၊နှာ-၂၃၀ (ဇာတိဝုတ်ပါဠိတော်၊မာရဓေယျသုတ်)။

၂။ ဒီ၊ ၂၊ နှာ-၁၀၂ (မဟာပရိနိဗ္ဗာနသုတ်)။

၃။ သံ၊ ၁၊ နှာ-၁၀၄ (တပေါကမ္မသုတ်)။

မဟာသာဝက အဝင်အပါ လက်ဝဲတော်ရံဖြစ်၍ နတ်တို့၏ချစ်ခင် ကြည်ညိုခြင်းကို ခံရရာတွင် အမြတ်ဆုံး (=ဧတဒဂ်) ဘွဲ့ထူးကို ရရှိတော်မူသည့် အရှင်**ပိလိန္ဒဝစ္ဆ**မဟာထေရ်က—

အကျွန်ုပ်သည် သီလရှင်း,သမာဓိရှင်း,ပညာရှင်း,မြတ်သောအရဟတ္တဖိုလ်ဝိမုတ္တိရှင်း၊ ဤ တရားတို့၌ ဉာဏ်ကိုဖြစ်စေ၍ ချမ်းသာစွာ နေရပါ၏[1]—

ဟု လျှောက်ထားခဲ့ပါသည်။

မဟာသာဝက လက်ျာတော်ရံဖြစ်၍ အမျိုးမြတ်သူတို့တွင် အမြတ်ဆုံး (=ဧတဒဂ်) ဘွဲ့ရ **အရှင်ဘဒ္ဒိယ**မဟာထေရ်ကလည်း—

သီလအစု၌တည်လျက် သတိအရှင်းခံသော သမာဓိကိုရှင်း, ပညာကိုရှင်း ပွါးစေ၍ အစဉ်သဖြင့် သံယောဇဉ်အားလုံးတို့၏ ကုန်ဆုံးခြင်းသို့ ရောက်ခဲ့ပါပြီ[2]—

ဟူ၍ လျှောက်ထားခဲ့ပါသည်။

အထက်ဖော်ပြခဲ့သည့် အရှင်အာနန္ဒာ၏ ပြောကြားချက်, မြတ်စွာဘုရားသခင်၏ ဟောကြားတော်မူချက်, မဟာသာဝကကြီး ၂-ပါး၏ မြတ်စွာဘုရားထံ လျှောက်ထားချက်တို့ကို ထောက်ရှုဆင်ခြင်ကြည့်လျှင် သီလ, သမာဓိ, ပညာ ဟူသော တရား ၃-ပါးသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်၌ အလွန်အရေးပါ အရာရောက်၍ မွန်မြတ်လှသည့် အဆီအနှစ်အစု အမြုတေရတနာများဖြစ်ကြောင်းကို ကောင်းစွာ သိသာထင်ရှားလှပါသည်။

အဋ္ဌကထာများ၌မူ[3]—

ရှင်တော်ဗုဒ္ဓ ဟောကြားသမျှသော ပိဋကတ်တော်များကို ခွဲဝေလျှင် သီလ, သမာဓိ, ပညာ ဟု အစုသုံးမျိုးသာရှိသည်။ အထူးအားဖြင့် ဝိနည်းပိဋက၌ အဓိသီလသိက္ခာကို ဟောတော်မူအပ်၏။ သုတ္တန်ပိဋက၌ အဓိစိတ္တသိက္ခာကို ဟောတော်မူအပ်၏။ အဘိဓမ္မာပိဋက၌ အဓိပညာသိက္ခာကို ဟောတော်မူအပ်၏—

ဟူ၍ တရားတော်ဟူသမျှ ဤတရား ၃-ပါး၌သာ အကျုံးဝင်ကြောင်းဖြင့် ဝေဖန် ပြဆိုထားသည်ကို တွေ့ရပေသည်။

---

၁။ အပ၊ ၁၊ နှာ-၃၆၀ (ပိလိန္ဒဝစ္ဆထေရအပဒါန်)။

၂။ ခု၊ ၂၊နှာ-၃၃၃၊ (ဘဒ္ဒိယကာဠိဂေါဓာပုတ္တထေရဂါထာ)။

၃။ ဒီ၊ ဋ္ဌ၊ ၁၊ နှာ-၂၀၊ (နိဒါနကထာ)။ ဝိ၊ ဋ္ဌ၊ ၁၊ နှာ-၁၈၊ (နိဒါနကထာ)။ အဘိ၊ ဋ္ဌ၊ ၁၊ နှာ-၂၂၊ (နိဒါနကထာ)။

## ပဋိပတ္တိကျမ်းကြီးများ

သို့စဉ်မျှလောက် အရေးကြီးလှသော သီလ, သမာဓိ, ပညာ တို့၏အကြောင်းကို ဗုဒ္ဓဘာသာဝင် သူတော်စင်တိုင်း တတ်သိ နားလည်ထိုက်ပေသည်။ သံသရာဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသူတိုင်း ဖြည့်ကျင့်ဆည်းပူးရမည် ဖြစ်ပေသည်။

ယင်းသို့ တတ်သိနားလည်ထိုက်သည့် ဖြည့်ကျင့် ဆည်းပူးရမည့် သီလ, သမာဓိ, ပညာ တို့၏ အကြောင်းအရာနှင့် ဖြည့်ကျင့် ပွါးများနည်းများကို ကိုယ်တိုင် ပိဋကတ်တော်များ၌ မွှေနှောက်ရှာဖွေရန်မှာ တော်ရုံတန်ရုံ ကံ, ဉာဏ်, ဝီရိယ ရှိသူ သာမန်လူတို့အတွက် မလွယ်ကူလှပေ။

ပိဋကတ်တော်ဟူသည် မဟာသမုဒ္ဒရာကြီးနှင့် ဥပမာပုံခိုင်း နှိုင်းယှဉ်ပြရအောင် နက်နဲ ကျယ်ဝန်းလှပေသည်။

ထို့ကြောင့် သီလ, သမာဓိ, ပညာ တရားတို့၏ အကြောင်းအရာများနှင့် ဖြည့်ကျင့် ပွါးများ အားထုတ်နည်း အစုံအလင်ကို လေ့လာ ကျင့်ကြံလိုသူတို့ မပင်မပန်း ချမ်းသာလွယ်ကူစွာ တတ်သိနားလည်စေရန်အတွက် ပညာဉာဏ်ရင့်သန် ကြီးမားတော်မူကြသည့် မြတ်စွာဘုရား၏ တပည့်သာဝကကြီးများက သီလ, သမာဓိ, ပညာ အဖွင့်ကျမ်းကြီးများကို ထုတ်ဖော် ဟောကြား ရေးသားစီရင်တော် မူကြရလေသည်။

ယင်းသို့ စီရင်ထားသည့်ကျမ်းကြီးများကို ပဋိပတ္တိကျမ်း (=ကျင့်စဉ်ကျမ်း) ဟူ၍ ခေါ်ဝေါ်သင့်ပေသည်။ သို့မဟုတ် ယခုခေတ် နားလည်လွယ်သော ဝေါဟာရဖြင့် ကမ္မဋ္ဌာန်းကျမ်း ဟူ၍၎င်း, ဘာဝနာကျမ်းဟူ၍၎င်း ခေါ်ဝေါ်သင့်ပေသည်။

## ပဋိသမ္ဘိဒါမဂ်ကျမ်းကြီး

**ပထမဦးဆုံး ကမ္မဋ္ဌာန်းကျမ်းကြီး။** ။သာသနာဝင်တလျှောက်၌ ပေါ်ပေါက်ခဲ့သော ပဋိပတ္တိကျမ်းတို့တွင် ပဌမဆုံး ပေါ်ထွက်လာသည့် ပဋိပတ္တိကျမ်းကား — တရားစစ်သူကြီး အရှင်သာရိပုတ္တရာ ဟောကြားတော်မူသည့် ပဋိသမ္ဘိဒါမဂ် ခေါ် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကျမ်းကြီး ဖြစ်ပါသည်။

ပဋိသမ္ဘိဒါမဂ် ဟူသော အမည်မှာ အတ္ထ, ဓမ္မ, နိရုတ္တိ, ပဋိဘာန ဟူသော တရား ၄-မျိုးကို သိသော ပဋိသမ္ဘိဒါဉာဏ် ရနည်းကျမ်းဟု မြန်မာအဓိပ္ပါယ် ရှိပေသည်။ (ပဋိသမ္ဘိဒ=ဖောက်ခွဲ၍ သိတတ်သောဉာဏ်ကို + မဂ္ဂ = ရရန်နည်း)

ယင်း ပဋိသမ္ဘိဒါမဂ်ကျမ်းကြီး၌—

(၁) မဟာဝဂ်
(၂) မဇ္ဈိမဝဂ် ခေါ် ယုဂနဒ္ဓဝဂ်
(၃) စူဠဝဂ် ခေါ် ပညာဝဂ်

ဟူ၍ ဝဂ်(=ဝဂ္ဂ=အစု)ကြီး ၃-မျိုး ပိုင်းခြားပြီးလျှင် တဝဂ်တဝဂ်၌ ကထာ ၁၀-မျိုးစီ ပါဝင် တန်းဆာဆင်လျက် သီလ, သမာဓိ, ပညာ တရားများကို ကျယ်ဝန်း ပြည့်စုံစွာ ဝေဖန် ဟောကြားထားပေသည်။

ဤစကား ထင်ရှားစေရန် အနည်းငယ်မျှ သာဓက (=သက်သေ)အဖြစ် ကောက်နုတ်ပြဆိုပါအံ့—

**သီလကိုပြဆိုခြင်း။** ။သီလအမျိုးမျိုးကို သီလမယဉာဏနိဒ္ဒေသ (ပဋိသံ-နှာ-၄၁-၄၇) ၌ အကျယ်ဝေဖန်ဟောကြားပါသည်။

**သမာဓိကိုပြဆိုခြင်း။** ။သမာဓိအမျိုးမျိုးကို သမာဓိဘာဝနာမယဉာဏ နိဒ္ဒေသ (နှာ-၄၇-၄၈) ၌ ဝေဖန်ဟောကြားပါသည်။

အထူးသဖြင့် သမာဓိနှင့် စပ်ဆိုင်သည့်—ကသိုဏ်း ၁၀-ပါး (နှာ-၈၊၉၂), အသုဘ ၁၀-ပါး (နှာ-၄၇၊၉၂), အနုဿတိ ၁၀-ပါး (နှာ-၉၂), အပ္ပမညာ ၄-ပါး (နှာ-၉), ဈာန် ၄-ပါး(နှာ-၈), ကောဋ္ဌာသ ၃၂-ပါး (နှာ-၈၊၉၂), ရူပဈာန် ၄-ပါး, အရူပဈာန် ၄-ပါး (နှာ-၉၊၄၇) တို့ကို အသီးသီး ဟောထားသည်။

အာနာပါနဿတိ ကမ္မဋ္ဌာန်းနှင့် စပ်၍ သိမှတ်ဖွယ်များကို အာနာပါနဿတိ ကထာ၌ စာမျက်နှာ (၁၆၁-မှ ၁၉၈) အထိ ၃၈-မျက်နှာတိတိ ဝေဖန်ဟောကြားပါသည်။

ဈာန်၏ကောင်းခြင်း ၃-ပါးနှင့် လက္ခဏာ ၁၀-ပါးကို ဝေါဒါနဉာဏ နိဒ္ဒေသ (နှာ-၁၆၇-၈) ၌ တွေ့နိုင်ပါသည်။

အဘိညာဉ် ၆-ပါးကို နိဒ္ဒေသ ၆-မျိုးခွဲ၍ စာမျက်နှာ ၁၀၇-မှ ၁၁၃-အထိ ဟောကြားတော်မူပါသည်။

ဣဒ္ဓိ ၁၀-ပါးကို စာမျက်နှာ ၃၈၃-မှစ၍ အကျယ်ဟောကြားထားသည်ကို တွေ့နိုင်ပါသည်။

**ပညာကိုပြဆိုခြင်း။** ။ပညာအမျိုးမျိုးကို သုတမယဉာဏ နိဒ္ဒေသ (နှာ-၅-၄၁) ၌၎င်း၊ ပညာဝဂ် (နှာ-၃၇၁) ၌၎င်း အကျယ် ဝေဖန် ဟောကြားထားပါသည်။ အထူးသဖြင့်ခန္ဓာ ၅-ပါး (နှာ-၇၊၃၈), အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး, ဣန္ဒြေ ၂၂-ပါး, ပဋိစ္စသမုပ္ပါဒ်တရား (နှာ-၈-၉) တို့ကိုလည်း အသီးသီး ဟောထားပါသည်။

သစ္စာ ၄-ပါး (နှာ-၆), သစ္စာအနက် ၁၆-ချက် (နှာ-၂၀), လက္ခဏာရေး ၃-ပါး ရှုနည်းခေါ် အနုပဿနာတရား ၃-ပါး (နှာ-၂၃၇), ဝိပဿနာ ညစ်ညူးကြောင်း တရား ၁၀-ပါး (နှာ-၂၉၁-၂) တို့ကိုလည်း အပြည့်အစုံ ဟောကြားထားသည်။

မဟာဝိပဿနာ ၁၈-ပါးကို (နှာ ၂၁-၌)၎င်း,ဝိပဿနာ ၄၀-ကို (နှာ ၄၁၁-၌) ၎င်း တွေ့ရပါသည်။

ဝိပဿနာဉာဏ် ၁၀-ပါးနှင့် မဂ်ဉာဏ်,ဖိုလ်ဉာဏ်တို့ကို နှာ-၅၁-မှ-၇၂ အတွင်း၌ အကျယ် ဟောကြား ထားသည်ကို လေ့လာနိုင်ပါသည်။

ဤသို့ သီလ သမာဓိ ပညာ တရားတို့၏ အကြောင်းအရာ ပြည့်စုံလှသောကြောင့် သံဂါယနာတင် ထေရ်အရှင်တို့က ဤ ပဋိသမ္ဘိဒါမဂ် ကျမ်းကြီး၏ နိဂုံး၌—

> အဆုံးမရှိသော လမ်းစဉ် ရှိသောကြောင့် မဟာသမုဒ္ဒရာကြီး တမျှ နက်နဲ၏။ နက္ခတ်တာရာတို့ဖြင့် တင့်တယ်သော ကောင်းကင်ပြင်ကြီးနှင့်၎င်း, သဘာဝအလျောက် ပေါ် ပေါက်နေသော ပြန့်ကျယ်သည့်ရေအိုင်ကြီးနှင့်၎င်း တူပေသည်။ တရားဟော ဓမ္မကထိကပုဂ္ဂိုလ်တို့အား ဉာဏ်ပညာ တင့်တယ်ကြီးကျယ်ခြင်း၄ါလည်း ဖြစ်၏။ သီလ, သမာဓိ, ပညာ တရားကို ပွါးများအားထုတ်လိုသော ယောဂီပုဂ္ဂိုလ်တို့၏ အသိဉာဏ်ရောင် ထွန်းပြောင်ခြင်း၄ါလည်း ဖြစ်ပေ၏—

ဟူ၍ ကမ္ဗည်းစာတမ်းမော်ကွန်း ထိုးတော်မူခဲ့ကြပေသည်။

## ဝိမုတ္တိမဂ် အဋ္ဌကထာကျမ်း

ပဋိသမ္ဘိဒါမဂ်ကျမ်းကြီးနောက် ဒုတိယမြောက်ပေါ် ထွက်လာသည့် ပဋိပတ္တိကျမ်းကား ဝိမုတ္တိမဂ်=ဝိမုတ္တိမဂ္ဂ အဋ္ဌကထာကျမ်း ဖြစ်သည်။

ဝိမုတ္တိမဂ်–ဟူသော အမည်မှာ (ဝိမုတ္တိ=လွတ်မြောက်မှု+မဂ္ဂ=လမ်း) လွတ်မြောက်မှုလမ်းစဉ်ကျမ်းဟူ၍ မြန်မာလိုအဓိပ္ပါယ် ရရှိပေသည်။

ဤကျမ်းကိုပြုစုသူမှာ **ဥပတိဿ** အမည်ရှိ မထေရ်တပါးဖြစ်သည်။ ဤကျမ်းသည် ယခုအခါ ထင်ပေါ် ကျော်ကြားနေသည့် ဝိသုဒ္ဓိမဂ်ကျမ်းထက် စောစွာ ပေါ် ခဲ့သော ကျမ်းဟု ယူဆရသည်။ အကြောင်းမှာ—ဤကျမ်းမှ အချို့သော စကားများကို ဝိသုဒ္ဓိမဂ်၌ ကေစိထိုး၍၎င်း, ကေစ္စေထိုး၍၎င်း ပယ်ထားသည်ကို တွေ့ရသောကြောင့် ဖြစ်သည်။

ဤ ဝိမုတ္တိမဂ်ကျမ်းကို အဋ္ဌကထာ–ဟု ဆိုခြင်းမှာ—

**သီလံ သမာဓိ ပညာ စ၊ ဝိမုတ္တိ စ အနုတ္တရာ။**
**အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။**

သီလရင်း, သမာဓိရင်း, ပညာရင်း, မြတ်သော ဝိမုတ္တိရင်း၊ ဤတရား လေးပါးတို့ကို အခြံအရံ အကျော်အစော ရှိတော်မူသော ဂေါတမ ရှင်တော်ဘုရားသည် သိတော်မူပြီ—

ဟူသော သုတ်မဟာဝါ ပါဠိတော်ဂါထာ[၁]၌ပါသော သီလ, သမာဓိ, ပညာ တရားတို့ကို အကျယ်ဖွင့်ပြသောကျမ်းဖြစ်၍ ပါဠိတော်ကိုဖွင့်သောကြောင့် 'အဋ္ဌကထာ' ဟု ဆိုခြင်းဖြစ်ပေသည်။

ဝိမုတ္တိမဂ်အဋ္ဌကထာကျမ်း၌ သီလ, သမာဓိ, ပညာတို့ကို ကစ္ဆခေါ် အပိုင်း ၁၃-ပိုင်းခွဲ၍ ပြဆိုသည်။ ထင်ရှားစေရန် အကျဉ်းမျှ ထုတ်ပြပါအံ့—

(၁) ပဌမကစ္ဆ-၌ နိဒါန်းကို ရေးသားပြဆိုသည်။

(၂) ဒုတိယကစ္ဆ-၌ သီလအကြောင်းကို ပြဆိုသည်။

(၃) တတိယကစ္ဆ-၌ ဓုတင် ၁၃-ပါးကို ပြဆိုသည်။

(၄) စတုတ္ထကစ္ဆ-၌ သမာဓိအမျိုးမျိုးကို ဝေဖန်သည်။

(၅) ပဉ္စမကစ္ဆ-၌ ကမ္မဋ္ဌာန်းဆရာ ရှေးနည်း, ဆည်းကပ်နည်းကို ပြဆိုသည်။

(၆) ဆဋ္ဌကစ္ဆ-၌ စရိုက် ၆-ပါးအကြောင်းကို ရေးသားသည်။

(၇) သတ္တမကစ္ဆ-၌ သမထကမ္မဋ္ဌာန်း ၃၈-ပါးကို ပြသည်။

(၈) အဋ္ဌမကစ္ဆ-၌ ပထဝီကသိုဏ်းရှုနည်းကို အဆင့်ဆင့်တက်၍ ရူပ ဈာန်, အရူပဈာန်အထိပြပြီး ကြွင်းသောကမ္မဋ္ဌာန်း အားထုတ် နည်းများကို အကျဉ်းပြဆိုသည်။

(၉) နဝမကစ္ဆ-၌ အဘိညာဉ်ပွါးနည်းကို ပြသည်။

(၁၀) ဒသမကစ္ဆ-၌ ပညာအမျိုးမျိုးကို ဝေဖန်ပြသည်။

(၁၁) ဧကာဒသမကစ္ဆ-၌ ဥပါယ်ငါးပါး-ဟု အမည်တပ်ကာ ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်, သစ္စာတို့ကို ပြသည်။

(၁၂) (၁၃) ဒွါဒသမကစ္ဆ, တေရသမကစ္ဆတို့၌ ဝိပဿနာရှုနည်းကို လက္ခဏာ ရေး ၃-ပါးမှစ၍ ဝိပဿနာဉာဏ် ၁၀-ပါး, ဂေါတြဘုဉာဏ်,

---

၁။ ဒီ-၂၊ နှာ-၁၀၂ (မဟာပရိနိဗ္ဗာနသုတ်။)။ အံ-၁၊ နှာ-၃၀၈ (အနုဗုဒ္ဓသုတ်။)

မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့တိုင်အောင် ပြသည်။ ထို့နောက် မဂ်ဉာဏ် ပယ်သည့် တရားများကို ပြသည်။ ထို့နောက် ဖလသမာပတ် ဝင်စားနည်း, နိရောဓသမာပတ် ဝင်စားနည်းများကိုပြ၍ ကျမ်းပြီးဆုံးသည်။

### ဝိမုတ္တိမဂ်အဋ္ဌကထာ၏ ထူးခြားချက်များ

ဤဝိမုတ္တိမဂ်ကျမ်း၌ ဝိသုဒ္ဓိမဂ်နှင့်မတူ ထူးခြားသော အချက်များကိုလည်း တွေ့ရ၏။ ပုံစံမျှ ထုတ်ပြပါအံ့—

(က) ဓုတင် ၁၃-ပါးကို ဝေဖန်ပြရာတွင် ရုက္ခမူဓုတင်, အဗ္ဘောကာသိဓုတင်, သုသာနိကဓုတင် တို့ကို ၈-လမျှသာ ဆောက်တည်နိုင်သည့် ကာလပရိယန္တ (=ကာလအပိုင်းအခြားရှိသော)ဓုတင်များ ဖြစ်သည်ဟု ဝေဖန်ပြဆိုသည်။

ယင်းပြဆိုချက်သည်—

ရဟန်းတို့–လွင်တီးခေါင်၌ ဝါမဆိုအပ်။

ရဟန်းတို့–ကျောင်းမဲ့ရဟန်းသည် ဝါမဆိုအပ်။

ဟူသော ဝိနည်းမဟာဝါပါဠိတော်[၁]နှင့်ရင်း—

ဒေဝဒတ်... ငါဘုရားသည် ၈-လပတ်လုံး (ရုက္ခမူ=) သစ်ပင်ရင်းကျောင်း၌ နေခြင်းကို ခွင့်ပြုအပ်ပြီ—

ဟူသော စူဠဝါပါဠိတော်[၂]နှင့်ရင်း ညီညွတ်လှပေသည်။

ဝိသုဒ္ဓိမဂ်ကျမ်း၌ကား–မည်သို့မျှ စိစစ်ခြင်းမရှိချေ။ ဤပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ (နှာ-၁၂၅-၆)၌ကား စိစစ်ညှိနှိုင်းပြထားသည်ကို တွေ့နိုင်ပါသည်။

(ခ) သတ္တမကဏ္ဍ-၌ ကသိုဏ်း ၁၀-ပါး ပြဆိုရာတွင် နောက်ဆုံး ၁၀-ခုမြောက်ကသိုဏ်းကို "ဝိညာဏကသိုဏ်း"ဟု ပြဆိုသည်။

ယင်းပြဆိုချက်သည် ပါထိကဝဂ်ပါဠိတော်, အင်္ဂုတ္တိုရ်ပါဠိတော်, ပဋိသမ္ဘိဒါမဂ်ပါဠိတော်[၃]တို့နှင့် ကိုက်ညီပေသည်။ ထိုပါဠိတော်တို့၌လည်း နောက်ဆုံး ၁၀-ခုမြောက်ကသိုဏ်းကို ဝိညာဏကသိုဏ်းဟုပင် ဟောထားသည်။

ဝိသုဒ္ဓိမဂ်နှင့် သင်္ဂြိုဟ်တို့၌ကား–"အာလောက ကသိုဏ်း"ဟု ပြဆိုထားပေသည်။ ဤသို့စသည့် ထူးခြားချက်များ ရှိပေသည်။

---

၁။ ဝိ၊ ၃၊နှာ-၂၁၂။ ၂။ ဝိ၊၄၊နှာ-၃၅၉။

၃။ ဒီ ၃၊နှာ-၂၂၃(သင်္ဂီတိသုတ်။)။ အံ ၃၊နှာ-၂၉၃(ကသိဏသုတ်။)။ပဋိသံ၊နှာ-၉၂။

## ဝိမုတ္တိမဂ် အဋ္ဌကထာ တိမ်မြုပ်ရခြင်း

ယခုအခါ၌ ဝိမုတ္တိမဂ်အဋ္ဌကထာကျမ်းမှာ ပျောက်ကွယ်လုနီးနီး တိမ်မြုပ်နေပေသည်။ အကြောင်းကိုရှာသော်—

(၁) မလျော်သောအချက် အချို့ပါဝင်နေခြင်း။

(၂) ကျဉ်းလွန်း၍ မပြည့်စုံခြင်း။

(၃) သာလွန်သော ကျမ်းတစောင် ပေါ်ထွက်လာခြင်း—

ဟူ၍ အကြောင်း ၃-မျိုးကို တွေ့ရပေသည်။

### မလျော်သော အချက်များ ပါဝင်ခြင်း

ရှင်း ပြပါအံ့—

(က) ဓုတင် ၁၃-ပါးကိုပြရာတွင် ၆-ခုမြောက် ပတ္တပိဏ်ဓုတင် နေရာ၌ ဘောဇနမတ္တညုတာ ဓုတင်ဟု ပြထားသည်။ ဆောက်တည်ပုံကိုလည်း "အဇ္ဇ-တဂ္ဂေ လောလုပ္ပံ ပဋိက္ခိပိတွာ ဘောဇနမတ္တညုတံ သမာဒိယာမိ"ဟု ပြဆိုသည်။

ယင်းသို့ပြခြင်းသည် အင်္ဂုတ္တိုရ်ပါဠိတော် ပဉ္စကနိပါတ်၌ ပတ္တပိဏ်ဓုတင်ဆောင် ၅-မျိုးကို ခွဲ၍ ဟောထားသည်နှင့် ကွဲလွဲနေသည်။ အင်္ဂုတ္တိုရ်၌—

ရဟန်းတို့ ပတ္တပိဏ် ဓုတင်ဆောင်ရဟန်းတို့သည် ဤ ၅-မျိုးတို့တည်း[၁]—

စသည်ဖြင့် ပတ္တပိဏ် ဓုတင် ဟူသော အမည်ဖြင့် အတိအလင်း ဟောကြားထားခဲ့သည်။

ထို့ပြင် ပရိဝါပါဠိတော်၌ ဓုတင် ၁၃-မျိုးအမည်ကို ဖော်ပြ၍ ဓုတင်ဆောင်များကို ၅-မျိုးစီ ဝေဖန်ရာတွင်လည်း—

ဥပါလိ...ပတ္တပိဏ် ဓုတင်ဆောင် ပုဂ္ဂိုလ်တို့သည် ဤငါးမျိုးတို့တည်း[၂]—

ဟူ၍ ပတ္တပိဏ် ဓုတင်အမည်ဖြင့် ဟောကြား ထားခဲ့သည်။ ပါဠိတော် ၂-စောင်လုံး၌ပင် ဘောဇနမတ္တညု ဓုတင်–ဟု မလာရှိချေ။ ဘောဇနမတ္တညုတာ ဟူ၍ ဟောထားသောအရာ ပါဠိတော်တို့၌ တွေ့ရသော်လည်း ဓုတင်အဖြစ် ဟောသည်ကား မဟုတ်ပေ။

ထို့ကြောင့် ဝိမုတ္တိမဂ်၌ ပတ္တပိဏ် ဓုတင်ကို ဖြုတ်၍ ဘောဇနမတ္တညုတာ ဓုတင်ဟု ပြခြင်းသည် ပါဠိတော်နှင့် မညီပေ။

---

၁။ အံ၊၂၊နှာ-၁၉၄ (ပတ္တပိဏ္ဍိကသုတ်။) ၂။ ဝိ၊၅၊နှာ-၃၃၆။

သမာဓိ)ကိုရင်း ပညာကိုရင်း ပွါးစေလျက် ဖွဲ့ယှက်တတ်သော
ဤ တဏှာအရှုပ်ကို ဖြေရှင်းနိုင်၏—

ဟူသော သံယုတ်ပါဠိတော်လာ ဂါထာ[၁]၌ ပါရှိသည့် သီလ, သမာဓိ, ပညာတို့ကို အကျယ်တဝင့် ဖွင့်ဆိုသောကြောင့် 'အဋ္ဌကထာ'ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးကား သီလ, သမာဓိ, ပညာတို့၏ အကြောင်းအရာနှင့် ပွါးများပုံကို ပါဠိတော်နည်း, အဋ္ဌကထာနည်း, ရှေးမဟာထေရ်များနည်းတို့ကိုရင်း၊ သမာနဝါဒ, ထေရဝါဒ, ကေစိဝါဒ, အပရေဝါဒ, ကေစ္စေဝါဒ တို့ကိုရင်း ဖော်ပြ၍ နိဒ္ဒေသပေါင်း ၂၃, ကထာပေါင်း-၁၇၁ တို့ဖြင့် တန်းဆာဆင်၍ စီရင်ထားသောကြောင့် ပြည့်ဝကုံလုံ စုံလင်လှပေသည်။

**ဝိသုဒ္ဓိမဂ်၏ ပမာဏ။** ။ယင်းသို့ စုံလင်အောင် ရေးရသောကြောင့်ပင် ကျမ်းပမာဏသည်လည်း ၅၈-ဘာဏဝါရ ရှိ၍ ကြီးမားထည်ဝါ လှပါပေသည်။

၁-ဘာဏဝါရဟူသည်မှာ ၁-ကြိမ်ရွတ်ဟု အဓိပ္ပါယ်ရသည်။ သံဂါယနာ တင်သောအခါ ၁-ကြိမ်ရွတ်၍ ရပ်နားသော ပမာဏ ဖြစ်၏။ တဘာဏဝါရသည် အက္ခရာ ၃၂-လုံးရှိသည့် ဂါထာပေါင်း ၂၅၀-နှင့် ညီမျှလေသည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ကျမ်း၏ ပမာဏသည် ဂါထာပေါင်း (၂၅၀×၅၈= ၁၄၅၀၀) တသောင်းလေးထောင်ငါးရာရှိ၍ အက္ခရာပေါင်း (၁၄၅၀၀×၃၂= ၄၆၄၀၀၀)လေးသိန်းခြောက်သောင်းလေးထောင်ရှိကြောင်းကို တွက်ချက်သိရှိရပေသည်။

**ဝိသုဒ္ဓိမဂ်ရေးသားသည့် ခေတ်ကာလ။** ။သာသနာနှစ် ၉၇၀-ခန့်ကစီရင်ခဲ့သော ဤ ဝိသုဒ္ဓိမဂ် ကျမ်းကြီး သည်ကား အပြည့်စုံဆုံး အခန့်ညားဆုံး ပဋိပတ္တိကျမ်းကြီးဖြစ်သောကြောင့် ယခု သာသနာနှစ် ၂၅၁၃-နှစ် အထိ နှစ်ပေါင်း ၁၅၄၃-နှစ်ခန့်ကြာသည်တိုင်အောင် နောက်ထပ် ပါဠိဘာသာဖြင့် စီရင်သည့် ပဋိပတ္တိကျမ်းဟူ၍ မပေါ်နိုင်ဘဲ ဖြစ်နေပေသည်။

ဤသို့ အရှင်မဟာဗုဒ္ဓဃောသ၏ လက်စွမ်းပြ အဖြစ်ဖြင့် အစဆုံးပြုစုလိုက်သည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးသည် နောက်ဆုံး ပဋိပတ္တိကျမ်းကြီးအဖြစ်ဖြင့် ယနေ့တိုင် တည်ရှိနေပါသတည်း။ *

---

၁။ သံ၊ ၁၊ နှာ-၁၃ (သဂါထာဝဂ္ဂသံယုတ်၊ သတ္တိဝဂ်၊ ဇဋာသုတ်။)

*အမှာ။ ။ဝိမုတ္တိမဂ်ကျမ်း၏ အကြောင်းအရာများနှင့် ဝိသုဒ္ဓိမဂ်ကျမ်း၏ အကြောင်းအရာ အပြည့်အစုံကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာနိဿယနိဒါန်း, ဝိသုဒ္ဓိမဂ်မဟာဋီကာနိဿယနိဒါန်းတို့၌ ရှုပါ။



မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး

## ဝိသုဒ္ဓိမဂ်အခြံအရံကျမ်းများ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီးပေါ်ထွက်လာပြီးနောက် ပါဠိဘာသာဖြင့် စီရင်သည့် ပဋိပတ္တိကျမ်းဟူ၍ နောက်ထပ်မပေါ်လာသည်ကား မှန်ပေသည်။ သို့သော် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ဖွင့်ဆိုသည့် ဋီကာကျမ်း, ခက်ဆစ်ဖြေဆိုသည့်ဂဏ္ဌိကျမ်း, ပါဠိဘာသာမှ လိုရာဘာသာသို့ ပြန်ဆိုသည့် ဘာသာပြန်ကျမ်းဟူသော နောက်လိုက် အခြံအရံကျမ်းများကား ပေါ်ထွက်လာကြပေသေးသည်။

ဘာသာပြန်ကျမ်း ဟူသည်မှာလည်း သီဟိုဠ်ဘာသာပြန်ကျမ်း, အင်္ဂလိပ်ဘာသာပြန်ကျမ်း, မြန်မာဘာသာပြန်ကျမ်း စသည်ဖြင့် အမျိုးမျိုးရှိသည်။

ထိုတွင် ဋီကာကျမ်း ဂဏ္ဌိကျမ်း နှင့် အခြားဘာသာပြန်ကျမ်းများအကြောင်းကို မည်သို့မျှ မရေးလိုသော်လည်း ဝိသုဒ္ဓိမဂ်မြန်မာပြန်ကျမ်းများအကြောင်းကိုမူ ဤနိဒါန်း သွယ်တန်းရာ ပရမတ္ထသရူပဘေဒနီကျမ်းဒုတိယတွဲနှင့် သက်ဆိုင်နေသောကြောင့် အနည်းငယ် စိစစ် ဝေဖန်၍ပြလိုပေသည်။

### မြန်မာပြန်ကျမ်းများ

ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ပါဠိဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုထားသည့် ကျမ်းများကို လေ့လာကြည့်ရှုသော်—

(၁) နိဿယဘာသာပြန်ကျမ်း
(၂) တိုက်ရိုက်ဘာသာပြန်ကျမ်း
(၃) အကျဉ်းချုပ်ဘာသာပြန်ကျမ်း
(၄) အနွယ်ဘာသာပြန်ကျမ်း
(၅) သဘောပြဘာသာပြန်ကျမ်း

ဟူ၍ အမျိုးအားဖြင့် ၅-မျိုး တွေ့ရပါသည်။

ထိုတွင်—

(၁) **နိဿယဘာသာပြန်ကျမ်း။** ။မူရင်း ဝိသုဒ္ဓိမဂ်ပါဠိ အဋ္ဌကထာကျမ်းကို စာချ, စာသင်, လေ့လာလိုသူတို့ နိဿယ=အမှီရစေရန် 'ပါဠိတချက်–မြန်မာတချက်' တွဲဖက်၍ ပြန်ဆိုရေးသားသော ကျမ်းမျိုးမှာ နိဿယဘာသာပြန်ကျမ်းဖြစ်ပါသည်။ ပုံစံပြရလျှင်—ပြည်ဆရာတော်ကြီး အရှင်မေဓာလင်္ကာရ၏ **ဝိသုဒ္ဓိမဂ်နိဿယဖြစ်ပေသည်။**

(၂) **တိုက်ရိုက်ဘာသာပြန်ကျမ်း။** ။မူရင်း ဝိသုဒ္ဓိမဂ်ပါဠိကျမ်းမှ ပါဠိများကို မထည့်မူ၍ ထိုပါဠိအစဉ်အတိုင်း မြန်မာဘာသာသို့ တိုက်ရိုက်ပြန်ဆိုရေးသားသောကျမ်းမျိုးမှာ တိုက်ရိုက်ဘာသာပြန်

ကျမ်းဖြစ်ပါသည်။ ပုံစံမှာ—ကျိုက်ထိုမြို့ ဘုရားသုံးဆူဆရာတော် အရှင်နန္ဒ-မာလာ၏ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာမြန်မာပြန်ကျမ်းဖြစ်သည်။**

(၃) **အကျဉ်းချုပ်ဘာသာပြန်ကျမ်း။** ။မူရင်းကျမ်းမှ ပါဠိကိုတွဲဘက်ထည့်ခြင်း, ပါဠိရှိတိုင်း အစဉ်လျှောက်၍ ဘာသာပြန်ခြင်းမပြုဘဲ လိုရာလိုရာ အချက်အလက် များကိုသာ ထုတ်နုတ် အကျဉ်းချုပ်၍ ကျမ်းအစအဆုံး မှတ်စုသဘော ဘာသာပြန်ဆိုသောကျမ်းမျိုးမှာ အကျဉ်းချုပ်ဘာသာပြန်ကျမ်းဖြစ်ပါသည်။ ပုံစံမှာ—ညောင်လေးပင် တောရဆရာတော်အရှင်အရိယ၏ **ဝိသုဒ္ဓိမဂ်အရသာကျမ်းဖြစ်သည်။**

(၄) **အနွယ်ဘာသာပြန်ကျမ်း။** ။မူရင်းကျမ်းမှ လိုရာတပိုင်းတစကိုသာယူ၍ မိမိရေးလိုသောအကြောင်းအရာနှင့် ရောနှောကာ ဘာသာပြန်ဆိုသောကျမ်းမျိုးမှာ မူရင်းကျမ်းနှင့် နွယ်မိစပ်မိရုံသာ ရှိသောကြောင့် အနွယ်ဘာသာပြန်ကျမ်းဖြစ်ပါသည်။ ပုံစံမှာ—ပြည်မြို့ နိဗ္ဗိန္ဒ-ချောင် ဆရာတော်ကြီးအရှင်ဦးသီရိ၏ **သိက္ခာသုံးပါးပြရာကျမ်းဖြစ်သည်။**

(၅) **သဘောပြဘာသာပြန်ကျမ်း။** ။မူရင်းဝိသုဒ္ဓိမဂ်ကျမ်း၏ ဆိုလိုရင်း သဘော အဓိပ္ပါယ်များကို လေ့လာသူတို့ နားလည်စေရန် (က) ကျယ်သည်ကိုချုံး၍ရင်း (ခ) ကျဉ်းသည်ကိုချဲ့၍ရင်း (ဂ) လိုသည်ကိုဖြည့်၍ရင်း (ဃ) တိမ်မြုပ်သည်ကိုဖော်ထုတ်၍ရင်း (င) မှားသည်ကိုပြင်၍ရင်း (စ) ကျမ်းချင်းညှိ၍ရင်း (ဆ) အညွှန်းအကွန့်များထည့်၍ရင်း—ဘာသာပြန်သောကျမ်းမျိုးမှာ သဘောပြဘာသာပြန်ကျမ်းဖြစ်ပါသည်။ ပုံစံမှာ—ယခုစာရှုသူတို့ ရှေ့မှောက်သို့ရောက်နေသည့် **ပရမတ္ထသရူပဘေဒနီကျမ်း** ဒုတိယတွဲဖြစ်ပါသည်။

## ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ

ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်း၏ သဘောပြဘာသာပြန် ကျမ်းဖြစ်သည်ဟု ပြဆိုခဲ့ရာ ထိုပြဆိုချက် ထင်ရှားအောင် ရှင်းလင်းပါအံ့။

ပရမတ္ထ သရူပဘေဒနီကျမ်းသည် အဘိဓမ္မတ္ထသင်္ဂဟ= သင်္ဂြိုဟ်ကျမ်း၏ ဘာသာဋီကာအဖွင့်ကျမ်းဖြစ်သည်။ စိတ်ပိုင်းမှပစ္စည်းပိုင်းအထိ ရှေ့ ၈-ပိုင်းကို ပရမတ္ထသရူပဘေဒနီကျမ်း ပဌမတွဲဖြင့် ဖွင့်ဆိုပြီး၍ ကျန်နေသည့်ကမ္မဋ္ဌာန်းပိုင်း ကို ဤပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲဖြင့် ဖွင့်ဆိုရေးသားထားပါသည်။

သင်္ဂြိုဟ်ကျမ်း ကမ္မဋ္ဌာန်းပိုင်း၌ သမထကမ္မဋ္ဌာန်း အမည်ဖြင့် သမာဓိ အကြောင်းကိုပြသည်။ ဝိပဿနာကမ္မဋ္ဌာန်းအမည်ဖြင့် ပညာအကြောင်းကို

ပြသည်။ သမာဓိ,ပညာနှစ်ပါးလုံး၏ အခြေခံအကြောင်းရင်းဖြစ်သော သီလကို သမာဓိ,ပညာနှစ်ပါးလုံးနှင့် သက်ဆိုင်ကြောင်းသိစေရန် သမထကမ္မဋ္ဌာန်း၏ အဆုံး ဝိပဿနာကမ္မဋ္ဌာန်း၏အစ၌ သီလဝိသုဒ္ဓိအမည်ဖြင့်ပြသည်။ သို့ပြသော ကြောင့် သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း၌ သီလ,သမာဓိ,ပညာ အကြောင်း အကျဉ်းချုပ် ပါရှိနေပေသည်။

ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲဖြင့် သင်္ဂြိုဟ်ကျမ်းကမ္မဋ္ဌာန်းပိုင်းကိုဖွင့် ဆိုရာ၌ သီလ,သမာဓိ,ပညာ တရားတို့ကိုပင် ဖွင့်ဆိုရေးသားရမည်ဖြစ်ရာ သီလ, သမာဓိ,ပညာအကြောင်းကို အပြည့်စုံဆုံး အကျယ်ဝန်းဆုံးပြဆိုသည့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းကြီးကို သဘောပြ ဘာသာပြန်ဆိုနည်းဖြင့် ပြန်၍ ဖွင့်ဆိုထား ခြင်း ဖြစ်ပေသည်။

**ပရမတ္ထသရူပဘေဒနီ၏ ဘာဝနာပိုင်း အစီအစဉ်ထားပုံ** — ယင်းသို့ ဖွင့်ဆိုရာ၌ ဖွင့်ဆိုပုံ အစီအစဉ် ကား အောက်ပါအတိုင်း ဖြစ်သည်။

သမထကမ္မဋ္ဌာန်း ၄၀-ကို အစဉ်ထားရာ၌ သင်္ဂြိုဟ်ကျမ်းနှင့် ဝိသုဒ္ဓိမဂ်တို့ အနည်းငယ် ကွဲလွဲသည်။ ထိုသို့ကွဲရာ၌ သင်္ဂြိုဟ်ကျမ်းလာ အစီအစဉ်အတိုင်း ဤကျမ်း၌ ပြဆိုပါသည်။

ဤ သမထနည်း အစီအစဉ်မှတပါး အခြား အစီအစဉ်စကား အဆိုအမိန့် အဓိပ္ပါယ်များမှာ 'သီလေ ပတိဋ္ဌာယ နရော'ချီ ကျမ်းဦးဂါထာမှစ၍ "ဤကား စိတ္တံ ပညဉ္စ ဘာဝယံ၌ ပညာအရတည်း"ဟူသော ပဥ္စမနိဂုံးနှင့်"ဣတိ ဝိပဿနာ- နယော ပန္နရသမော"ဟူသော ဒုတိယနိဂုံးတိုင်အောင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အတိုင်းပင် ဖြစ်ပေသည်။

ဤပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲသည် သင်္ဂြိုဟ်ကျမ်း၏ကမ္မဋ္ဌာန်း ပိုင်းကိုဖွင့်ရာ၌ ဝိသုဒ္ဓိမဂ်ကျမ်းကို သဘောပြဘာသာပြန်နည်းဖြင့် ဘာသာပြန်၍ ဖွင့်ဆိုထားခြင်း ဟုတ်မှန်ကြောင်း ပေါ်လွင်စေရန် ပြဆိုခဲ့သည့် သဘောပြ ဘာသာပြန်ဆိုပုံများနှင့် ညှိနှိုင်းပြဆို ပါအံ့။

## (က) ကျယ်သည်ကို အကျဉ်းချုံးခြင်း

မူရင်းဝိသုဒ္ဓိမဂ်ကျမ်းအချို့နေရာ၌ ရှည်လျားကျယ်ဝန်းစွာ ပြဆိုထားသည်ကို အဓိပ္ပါယ်မပျက်စေဘဲ အကျဉ်းချုံး၍ ဤကျမ်း၌ ပြဆိုထားပါသည်။ ထိုသို့ အကျဉ်းချုံးရာ၌ ပါဠိဂါထာ စီကုံး၍သော်၎င်း, မြန်မာလင်္ကာ စီကုံး၍သော်၎င်း ပြပါသည်။

**ပါဠိဂါထာစီကုံး၍ချုံးခြင်း။** ။အာဇီဝပါရိသုဒ္ဓိ သီလ အကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပဌမတွဲ၌ စာမျက်နှာ ၂၂-မှ-၂၉-အထိ ၈-မျက်နှာမျှ ရေးသားပြဆိုပါသည်။ ဤ ပရမတ္ထသရူပဘေဒနီကျမ်း စာမျက်နှာ ၅၉-၌ ၁၀-ဂါထာမျှဖြင့် စီကုံး အကျဉ်းချုံးထားပါသည်။ ယင်း ပါဠိဂါထာကို မြန်မာပြန်ဆိုသည်မှာမူ ၆၀-မှ ၆၃-အထိ ၄-မျက်နှာမျှသာ ရှိပေသည်။

**လင်္ကာစီကုံး၍ အကျဉ်းချုံးခြင်း။** ။အဓိဋ္ဌာနိဒ္ဓိ-စသော တန်းခိုး ၁၀-ပါး အကြောင်းကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ၌ စာမျက်နှာ ၆-မှ-၁၂-အထိ ၇-မျက်နှာမျှ ပြဆိုထားပေ၏။ ယင်းကို ဤကျမ်း စာမျက်နှာ ၄၁၂-၃ ၌ ၂-မျက်နှာမျှဖြင့် မြန်မာလင်္ကာတပုဒ်တည်းဖြင့် အပြီးစီကုံး၍ အကျဉ်းချုံး၍ ပြထားပေသည်။

အရေးကြီးသည့် အကြောင်းရပ်များကို နှုတ်တက်ဆောင်လိုက ဆောင်နိုင်သည်အထိ ကျေးဇူးများလှသော ဤသို့အကျယ်ကို အကျဉ်းချုံး ပြဆိုချက်များကို ဤ ကျမ်း၌ စာရှုသူတို့ အားရဖွယ်ရာ ဖတ်ရှုရပါလိမ့်မည်။

## (ခ) အကျဉ်းကို အကျယ်ချဲ့ခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းသည် အချို့နေရာများ၌ သိသင့်သော အကြောင်းအရာများကို စကားအရိပ်အမြွက် အကျဉ်းမျှသာ ပြဆိုထားပေသည်။ ထိုနေရာမျိုး၌ လေ့လာသူတို့ သိရှိနားလည်နိုင်ရန် မလွယ်ကူလှပေ၊ ထိုကြောင့် ဤကျမ်း၌ စကားပြေရေး၍ရင်း, လင်္ကာရေး၍ရင်း အကျယ်ချဲ့၍ ပြဆိုထားပါသည်။

**စကားပြေဖြင့်အကျယ်ချဲ့ပြခြင်း။** ။ပထဝီ ကသိုဏ်း ရှုရန် နေရာ၌ ထိုင်ပြီး နောက် ကသိုဏ်းဝန်းကို မရှုမီ အချိန်ကလေးတွင်—

> ‘ကာမတရားတို့သည် သာယာဖွယ်နည်းပါးကုန်၏၊ ဤသို့ စသည်ဖြင့် ကာမတို့၌ အပြစ်ကို ဆင်ခြင်၍’—

ဟု ကာမအပြစ် ဆင်ခြင်ရန် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ပထမတွဲ နှာ-၁၂၁) ၌ အကျဉ်းမျှသာ ပြဆိုထားသည်။

ဤသို့ ကာမ အပြစ် ဆင်ခြင် နည်းကို ပြခြင်းသည် ကျဉ်းလွန်းလှသော ကြောင့် လေ့လာအားထုတ်လိုသူတို့ သိနိုင်ရန် ခက်ခဲနေပေသည်။ ယင်းအခက် အခဲကို လွယ်ကူစေရန် ထိုထိုပါဠိတော်,အဋ္ဌကထာ,ဋီကာ ကျမ်းတို့မှ ထုတ်နုတ်၍ ဤ ကျမ်း စာမျက်နှာ ၁၇၃-မှ-၁၇၄-အထ် ကာမတို့၏ အပြစ်ရှုနည်းကို အကျယ် ဖွင့်ဆိုရေးသားထားပေသည်။

**လက်ာစီကုံး၍ အကျယ်ခဲ့ပြခြင်း။** ။မရဏာနုဿတိ ကမ္မဋ္ဌာန်းစီးဖြန်း ပွါးများနည်းကို ပြရာတွင်-ဝိသုဒ္ဓိမဂ်(ပ-နှာ-၂၂၉)၌ သတ္တဝါတို့ အသက်တိုပုံကို—

"ဥပမာ ၇-မျိုးတို့ဖြင့် တန်းဆာဆင်အပ်သော 'အရက' သုတ်ဖြင့် ခဲ့အပ်၏"—ဟူ၍ အကျဉ်းမျှပြဆိုထားသည်ကို ဤကျမ်း(နှာ-၂၉၅)၌ 'ရေ၌တုတ်ရေး' အစရှိသော လက်ာဖြင့် ဥပမာ ၇-မျိုးကို အပြည့်အစုံဖော်ပြကာ အကျယ်ခဲ့ထားပေသည်။

ယင်းကဲ့သို့ အကျဉ်းကို အကျယ်ပြဆိုချက်များကိုလည်း ဤကျမ်း၌ လေ့လာသူတို့ တဝကြီး ဖတ်ရှုကြရမည် ဖြစ်ပါသည်။

## (ဂ) လိုအပ်သည်ကို ဖြည့်စွက်ခြင်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာကို ဘာသာပြန်ဆို၍ သင်္ဂြိုဟ် ကမ္မဋ္ဌာန်းပိုင်းကို ဖွင့်သောအခါ အချို့သောနေရာ၌ လေ့လာသူ သုတေသီတို့ သိသင့် သိထိုက်သော အကြောင်းရပ်များ ထည့်သွင်းဖော်ပြရန် လိုအပ်နေပေသည်။ ထို လိုအပ်ချက်များကို မူရင်း ဝိသုဒ္ဓိမဂ်ကျမ်း၌ မပြဆိုချေ။ ယင်းသို့ပင် မပြသော်လည်း လိုအပ်နေသည့် အဓိပ္ပါယ်များကိုရင်း, ဆုံးဖြတ်ချက် ဝိနိစ္ဆယ များကိုရင်း ဤကျမ်း၌ ထည့်သွင်း ဖော်ပြထားပေသည်။ ယင်းသို့ ဖော်ပြ ထားခြင်းဖြင့် ဝိသုဒ္ဓိမဂ်ကျမ်း၏ ပြလိုရင်း သီလ, သမာဓိ, ပညာ အကြောင်းတို့ကို လေ့လာသူတို့ ပိုမို၍ အပြည့်အစုံနားလည်နိုင်လေသည်။

**အဓိပ္ပါယ်ဖြည့်စွက်ပြခြင်း။** ။ဗုဒ္ဓရှင်တော်မြတ်၏ဂုဏ်တော်တို့သည် အစိန္တေယျ, အပ္ပမေယျ ဖြစ်၏။ ပိုမိုသိရှိနိုင်လေ ကောင်းလေ ဖြစ်၏။ ထို့ကြောင့် ဂုဏ်တော် ၉-ပါးတို့တွင် အရဟံ-ဂုဏ်တော်၏ အဓိပ္ပါယ်ကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ အဓိပ္ပါယ် ၅-မျိုးဖွင့်ပြ၏။ ဤကျမ်း၌ ဝိသုဒ္ဓိမဂ်လာ အရဟံ-အဓိပ္ပါယ် ၅-မျိုးကို အပြည့်အစုံပြဆိုပြီးလျှင် မဟာဋီကာလာ အရဟံ-အဓိပ္ပါယ် ၆-မျိုးကိုလည်း ဖြည့်စွက်ပြဆိုထားသည်ကို ဤကျမ်း(နှာ-၂၄၅-ဂ)၌ တွေ့နိုင်ပါသည်။

**အဆုံးအဖြတ်ဝိနိစ္ဆယဖြည့်စွက်ခြင်း။** ။သီလနိဒ္ဒေသ-သီလအကြောင်းကို ပြဆိုရာတွင် ၁၀-ပါးသီလလည်း ပါဝင်ပေသည်။ ထို ၁၀-ပါးသီလနှင့် စပ်လျဉ်း၍—

(၁) ဆယ်ပါးသီလ၌ ရွှေငွေခံယူခြင်း မပြုရသောကြောင့် ရွှေငွေကို အပြီးအပြတ် မစွန့်လွှတ်နိုင်သူများ စောင့်သုံးကောင်းသလော, မစောင့်သုံးကောင်းသလော။

( ၂ ) ဆယ်ပါးသီလသည် အမြဲစောင့်သုံးနိုင်မှ စောင့်သုံးရသည့် နိစ္စသီလ ဖြစ်သလော, တခါတရံလည်း စောင့်သုံးကောင်းသော နိယမသီလ ဖြစ်သလော။

( ၃ ) ဥပုသ်နေ့မဟုတ်ပဲ ဥပုသ်စောင့်သုံးကောင်းသလော, မစောင့်သုံး ကောင်းသလော။

( ၄ ) မိန်းမများ ၁၀-ပါးသီလ စောင့်သုံးထိုက်သလော, မစောင့်သုံး ထိုက်သလော—

ဟူ၍ အငြင်းပွါးမှုများ ရှိနေပေသည်။

ယင်းအငြင်းပွါးမှု ပြဿနာများကို ရှင်းလင်းသိသာရန် သုတေသီတို့အတွက် ဆုံးဖြတ်ချက် ဝိနိစ္ဆယလိုအပ်နေသည်ဖြစ်ရာ ထိုလိုအပ်ချက်ကို ဝိသုဒ္ဓိမဂ်၌ မပါရှိသော်လည်း ဖြည့်စွက်၍ ဤကျမ်း နှာ-၁၂-မှ-၃၃-အထိ ထည့်သွင်းပြဆို ထားပါသည်။

ဤသို့ လိုအပ်ရာ၌ လိုအပ်သလို ဖြည့်စွက်ရေးသားချက်များကို ဤကျမ်း၌ စာရှုသူတို့ မှတ်၍မကုန်နိုင်အောင် တွေ့ရှိကြရပေမည်။

## (ဿ) တိမ်မြုပ်သည်ကို ဖော်ထုတ်ခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းလာ အချို့သော အကြောင်းအရာများမှာ လူသိနည်းပါး၍ တိမ်မြုပ်နေသည်လည်း ရှိတတ်ပါသည်။ အချို့မှာ အမှန်အတိုင်း မထင်ရှား တော့ပဲ လွဲမှားယူဆမိအောင်ပင် တိမ်မြုပ်နေသော အဆိုအမိန့်များလည်း ရှိတတ်ပါသည်။ ယင်းသို့ တိမ်မြုပ်သော အရာများကို ထင်ရှားအောင် ဖော် ထုတ်၍ ဤကျမ်း၌ ပြဆိုပါသည်။

**လူသိနည်း၍ တိမ်မြုပ်သည်ကို ဖော်ထုတ်ခြင်း။** ။ကမ္မဋ္ဌာန်းလေးဆယ်တွင် ဥဒ္ဓုမာတက-အစရှိသော အသုဘကမ္မဋ္ဌာန်းဆယ်ပါး ပါရှိ၏။ ယင်းအသုဘဆယ်ပါးကို သေပြီးနောက် နှစ်ရက်သုံးရက်မြောက်၍ ဖူးဖူးယောင်သောကိုယ်-စသည်ဖြင့် မြန်မာပြန်ထား သောကြောင့် လူသေကောင်၌ ရှုရမည့်နည်းဟူ၍သာ ထင်ရှားနေသည်။ မသေ သေးသော လူရှင်၌လည်း ရှုနိုင်ကြောင်းကား မထင်ရှားဖြစ်ကာ တိမ်မြုပ်နေ၏။ ယင်းကို ထင်ရှားအောင် အဋ္ဌကထာစကားကို ပြ၍၎င်း, မဟာတိဿထေရ် ဝတ္ထုကို သာဓကပြ၍၎င်း ဤကျမ်း (နှာ-၂၃၆) ၌ ဖော်ထုတ်ထားပါသည်။

**အယူမှားအောင် တိမ်မြုပ်သည်ကို ဖော်ထုတ်ခြင်း။** ။အာနာပါနဿတိကမ္မဋ္ဌာန်း ကို ဂေါပါလဂဏန=နွား ကျောင်းသား နွားရေတွက်နည်းဖြင့် စီးဖြန်းရာတွင် ထွက်လေ ဝင်လေကို—

တစ်, နှစ်, သုံး, လေး, ငါး, ခြောက်။ တစ်, နှစ်, သုံး, လေး, ငါး, ခြောက်, ခုနစ်။ပ။ ရှစ်၊ ကိုး၊ တဆယ်၊ ဤသို့ အမြန်အမြန် ရေတွက်အပ်၏—

ဟု ဝိသုဒ္ဓိမဂ်(ပ-နှာ-၂၇၁)၌ ပြဆိုထားသည်။

ဤ ပြဆိုချက်အတိုင်းပင်လိုက်၍ အချို့ပုဂ္ဂိုလ်များက အာနာပါနဿတိကမ္မဋ္ဌာန်းစီးဖြန်းသောအခါ–ထွက်လေ ဝင်လေကို တစ်မှခြောက်အထိ တကြိမ်၊ နောက်တခါ တခုတိုး၍ တစ်မှခုနစ်အထိ တကြိမ်၊ နောက်တခုတိုး၍ တစ်မှရှစ်အထိ တကြိမ်-စသည်ဖြင့် တဆယ်အထိ တခုစီတိုး၍ ငါးကြိမ်ရေတွက်ကြသည်။ ထိုငါးကြိမ်ပြည့်မှ တဝါရဟု မှတ်ပြီး၊ နောက်တခါ တစ်မှခြောက်အထိ စပြန်သည်။ ဤနည်းအတိုင်း မိမိကိုယ်တိုင်အားထုတ်သူများလည်း ရှိသည်။ မိမိသာမက အခြားသူများကိုလည်း နည်းပြ၍ တဂိုဏ်းထောင်နေသူများလည်း ရှိပေသည်။

ယင်းသို့ အားထုတ်ခြင်းသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ပြဆိုချက် တိမ်မြုပ်သလိုဖြစ်နေ၍ မယူဆတတ်သောကြောင့်ဖြစ်သည်။ လွဲမှားနေသည်။ ဤသို့ အားထုတ်ခြင်းကို မဟာဋီကာ (ပ၊ နှာ-၃၂၈)၌ ပြဆိုထားသည့်—

"ရေတွက်ခြင်းကိုသာ မှီသည်။ ကမ္မဋ္ဌာန်းကို မှီသည်မဟုတ်(=ဂဏန်းကို တခုစီတိုး ရေတွက်လျှင် ယင်းရေတွက်မှု၌သာ စိတ်ဝင်စားနေရသဖြင့် ထွက်လေဝင်လေ၌ အာရုံမပြုနိုင် ဖြစ်တတ်သည်-ဟု ဆိုလိုသည်။)"—

ဟူသော အပြစ်နှင့် မလွတ်နိုင်ဟု ဝေဖန်ပြီးလျှင် ပရိဝါသ်ဆောက်တည်ပုံပါဠိနှင့် နှိုင်းယှဉ်ပြကာ အမှန်ရေတွက်ပွါးများနည်းကို ဤကျမ်း (နှာ-၃၃၃-၄)၌ ထုတ်ဖော်ပြဆိုထားပေသည်။

ဤနည်းနှင်နှင်ပင် အခြားမပေါ်လွင် မထင်ရှား တိမ်မြုပ်သည့် အဋ္ဌကထာစကားကို ဖော်ထုတ်ပြဆိုထားသည်ကို ဤကျမ်း၌ ဖတ်ရှု၍ မငြီးနိုင်အောင်ပင် လေ့လာသူတို့ တွေ့ကြရမည် ဖြစ်ပေသည်။

## (င) မှားယွင်းသည်ကို ပြင်ဆင်ခြင်း

ဝိသုဒ္ဓိမဂ်ကျမ်း၌ အချို့သော ပါဠိများမှာ အရေးအကူး အဆက်ဆက်များမှုကြောင့် ချွတ်ချော်မှားယွင်းလျက် ရှိသည်။ အချို့သောပုဒ်တို့၏ အဓိပ္ပါယ်အယူအဆတို့မှာလည်း ဋီကာ,နိဿယတို့ အဖွင့်အယူအဆ မှားလျက်ရှိ၏။ ထိုသို့သော အမှားအယွင်းများကို ဤကျမ်း၌ ပြင်ဆင်၍ အမှန်ပြဆိုထားပေသည်။

**ပါဠိမှားကို ပြင်ဆင်ခြင်း။** ။ဝိသုဒ္ဓိမဂ်ဒိဋ္ဌိဝိသုဒ္ဓိကထာ (ဒု-နှာ-၂၂၈) ၌ ရထားဥပမာဖြင့် ခန္ဓာကိုယ်ကို နှိုင်းခိုင်းပြရာတွင် သံယုတ်ပါဠိတော်လာ "ယထာ ပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ"စသော ဂါထာကို ထုတ်ဆောင်ပြဆိုထား၏။ ယင်းသို့ ပြရာ၌ "ဟောတိ သတ္တော ရထော ဣတိ"ဟု ပါဠိမှားလျက် ရှိသည်။

နိဿယ၌လည်း "သတ္တော ရထော ဣတိ၊ လှည်း ရထားဟူ၍"ဟု ပါဠိမှား အတိုင်း အနက်ပေးထားသည်။

ဤသည်ကို "သဒ္ဒေါ ရထော ဣတိ"ဟု ရှိသင့်ကြောင်း ဤကျမ်း(နှာ-၅၀၇)၌ အဋ္ဌကထာကို ကိုးကား၍ ပြင်ဆင်ထားပါသည်[၁]။

**အဖွင့်မှားကိုပြင်ဆင်ခြင်း။** ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ-နှာ ၁၀၀)၌ ဥဒ္ဒုမာတက ကမ္မဋ္ဌာန်းကို ပြဆိုရာတွင် "ဥဒရပရိယောသာနသည် အလွန်ဖူးဖူးယောင်သည် ဖြစ်၏"ဟူ၍ ပြဆို၏။

ဤ 'ဥဒရပရိယောသာန'ပုဒ်ကို "ဝမ်းဗိုက်အဆုံးရှိသော အထက်ပိုင်းကိုယ်"ဟု အနက်ပြန်၍ မဟာဋီကာ(ပ၊နှာ-၂၀၇)၌ ဖွင့်၏။

လူသေကောင် ယောင်သောအခါ ဝမ်းဗိုက်၏အဆုံးက ပိုယောင်သော ကြောင့် "ဥဒရပရိယောသာနံ=ဝမ်းဗိုက်အဆုံးသည်"ဟု အနက်ပြန်မှ သင့်မည် ဖြစ်ကြောင်းဖြင့် ဤကျမ်း(နှာ-၂၂၈)၌ ပြဆိုထားပေသည်။

ဤသို့စသည့် အမှားပြင်ဆင်ချက်များကိုလည်း လေ့လာသူတို့ အသိဉာဏ် တိုးပွါးစေရန် ဤကျမ်း၌ အများအပြား ပြဆိုထားပါသည်။

## (စ) ကျမ်းညှိ၍ ပြဆိုခြင်း

ဝိသုဒ္ဓိမဂ်ကျမ်းလာ အချို့သော အဆိုအမိန့်များနှင့် စပ်ဆိုင်ရာ၌ အခြား ပါဠိတော်,အဋ္ဌကထာ,ဋီကာကျမ်းများ၏ အဆိုအမိန့်များသည် သဘောမတူ ဆန့်ကျင်ကွဲလွဲသကဲ့သို့ ဖြစ်နေတတ်ပေသည်။ ယင်းသို့သော အရာများကို သင့်လျော်ညီညွတ်အောင် ဤကျမ်းက ညှိနှိုင်းပြဆိုထားပေ၏။

**ပါဠိတော်နှင့် အဋ္ဌကထာညှိပြခြင်း။** ။အဗ္ဘောကာသိကဓုတင် ဆောင်နည်းကို ဝိသုဒ္ဓိမဂ်၌ ပြဆို၏။ ကာလသတ်မှတ် မပြချေ။

---

၁။ ယခုအခါ ဆဋ္ဌမူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ 'သဒ္ဒေါ ရထော ဣတိ'ဟု ပြင်ဆင် ထားပြီးဖြစ်၏။ ရှေးမူများ၌ သတ္တော ရထော ဣတိ-ဟု ရှိခဲ့ပုံ ရ၏။

ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၂၀၂)၌—

"အဗ္ဗောကာသိကဓုတင်ဆောင် ရဟန်းပုဂ္ဂိုလ်သည် မိုးရွာလျှင် သံဃိက ခုတင်စသည်ကို သင်္ကန်းတဲယ် (ကုဋိ) ပြုလုပ်၍ စောင့်ရှောက်ရမည်"—

ဟု ဆိုထား၏။ ဤအဆိုအားဖြင့် မိုးအခါ၌ အဗ္ဗောကာသိဓုတင် ဆောင်နိုင် ရိပ်ထင်၏။

ဝိနည်းမဟာဝါပါဠိတော် (ဝိ၊ ၃၊နှာ-၂၁၂)၌မူ "ကျောင်းမဲ့ရဟန်းသည် ဝါမဆိုအပ်"ဟု သိက္ခာပုဒ် ပညတ်ထား၏။ဤအလို မိုးတွင်း၌ အဗ္ဗောကာသိက ဓုတင် မဆောင်နိုင်ချေ။

ဤသို့ ပါဠိတော်,အဋ္ဌကထာတို့ ဆန့်ကျင်ကွဲလွဲသကဲ့သို့ ဖြစ်နေရာ ဤပရမတ္ထ-သရူပဘေဒနီကျမ်း (နှာ-၁၂၆)၌ ညှိနှိုင်းပြဆိုထားပါသည်။

ထို့ကြောင့် ရှေးပညာရှိ အစဉ်အဆက်တို့က 'ကျမ်းသိထက်- ကျမ်းညှိခက် သည်'ဟု ဆိုရိုးပြုခဲ့ပေသည်။ ပိဋကတ်သုံးပုံကို ထုံးလိုချေ ရေလိုနှောက်နိုင် အောင် ကျမ်းတတ်တဆူ ဖြစ်သော်ငြားလည်း ကျမ်းညှိ ဉာဏ် ရင့်သန်မှသာ တကယ့်ကျမ်းတတ် ပုဂ္ဂိုလ်ဖြစ်ကြောင်း မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်သည်။

**အဋ္ဌကထာချင်း ကျမ်းညှိပြခြင်း။** ။ကာယဂတာသတိ ကမ္မဋ္ဌာန်း၏ စီးဖြန်းနည်းကိုပြရာတွင် ပဉ္စမဆုံးနှုတ်ဖြင့် ရွတ်ဆိုရသောအပိုင်း ရှိ၏။ထိုအပိုင်း၌ ဝက္ကပဉ္စက စီးဖြန်းနည်းကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (ပ၊နှာ-၂၃၄)၌—

မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ-ဟု အနုလုံနည်းကို စီးဖြန်းရွတ်ဆိုရမည်။ ပြီးမှ-ဝက္ကံ၊ အဋ္ဌိမိဉ္ဇံ၊ အဋ္ဌိ၊ နှာရု၊ မံသံ၊ တစော၊ ဒန္တာ၊ နခါ၊ လောမာ၊ ကေသာ-ဟု ပဋိလုံ ရွတ်ဆိုရမည်-ဟု ပြဆို၏။

သမ္မောဟဝိနောဒနီ-မည်သော ဝိဘင်းအဋ္ဌကထာ၌မူ (နှာ-၂၁၄)တွင် အထက်ပါ ဝိသုဒ္ဓိမဂ်အဋ္ဌကထာအတိုင်း ပြပြီး၍(နှာ-၂၃၇)တွင်ကား ဝက္ကပဉ္စက ကိုပင် "အနုလုံငါးရက်, ပဋိလုံငါးရက်, အနုလုံ ပဋိလုံငါးရက် ရှေးတစပဉ္စကနှင့် ပေါင်း၍ အနုလုံငါးရက်, ပဋိလုံငါးရက်, အနုလုံ ပဋိလုံငါးရက် ရွတ်ဆိုရမည်"ဟု ပြပြန်သည်။

အရှင်ဗုဒ္ဓဃောသရေးသည့် ကျမ်းအချင်းချင်း, တကျမ်းတည်း၌ ရှေ့နောက် စကား ဆန့်ကျင်ကွဲလွဲသကဲ့သို့ ဖြစ်နေ၏။ ဤသည်ကို ဤကျမ်း(နှာ-၃၀၂)၌ ညှိနှိုင်းပြဆိုထားပေသည်။

**အဋ္ဌကထာနှင့် ဋီကာညှိပြခြင်း။**　။ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို ပစ္စယဝိဘာဂ နည်းဖြင့် ဆင်ခြင်ပုံကိုပြရာတွင်-မဟာဘုတ် ၄-ပါးတို့သည် ကလာပ်ပြား မဟာဘုတ်တို့ကို နိဿယ, အတ္ထိ, အဝိဂတ-သုံး ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပ၊ နှာ-၃၆၆)၌ ပြ၏။ မဟာဋီကာကမူ သဘောမတူ၍ မပြဘဲ နေ၏။ ဤသို့ သဘောကွဲလွဲ ဆန့်ကျင် နေသည်ကို ဤကျမ်း(နှာ-၃၉၇-ဂ)၌ ညှိနှိုင်း ရေးသားထားပါသည်။

ဤကဲ့သို့သော ကျမ်းညှိ ပြဆိုချက်များကိုလည်း ဤကျမ်း၌ ဗဟုသုတ လိုလားသူတို့ ဝမ်းမြောက်ဖွယ်ရာ ရေးသားထားပါသည်။

## (ဆ) အကွန့်အညွန့်များ ထည့်ပြခြင်း

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ကမ္မဋ္ဌာန်း ပွါးများရန် တခုကိုသာ ဦးတည်၍ ရေးသားပြဆိုထားသည်။ ဤကျမ်း၌ကား အချို့သော ကမ္မဋ္ဌာန်းနှင့် စပ်ဆိုင် သော အချက်များသည် ကမ္မဋ္ဌာန်း အားထုတ်မှုမျိုး မဟုတ်စေကာမူ အခြား ကုသိုလ်ရေးတို့၌လည်း အသုံးချရနိုင်မည် ဆိုပါလျှင် အသုံးချနိုင်ရန် အတွက် လည်း တမျိုးတဖုံ ကွန့်ကာ ညွန့်ကာ ပြဆိုပြန်ပါသည်။

သာဓကပြရသော်——စရိုက် ၆-ပါး အသုံးချပုံ ဖြစ်သည်။ ဝိသုဒ္ဓိမဂ်၌ စရိုက် ၆-ပါးကို ပြဆိုသည်မှာ ကမ္မဋ္ဌာန်းအားထုတ်သူတို့ မိမိစရိုက်ကိုသိပြီး လျော်ရာ ကမ္မဋ္ဌာန်းကို ရွေးချယ်နိုင်ရန် ဖြစ်သည်။ ဤကျမ်း၌မူ ကမ္မဋ္ဌာန်းရွေးချယ် နိုင်ရုံသာမက ကမ္မဋ္ဌာန်း အားမထုတ်သော နေရိုး နေစဉ် သာမညအခါတို့၌ လည်း စရိုက်ကောင်းများကိုယူ၍ စရိုက်ဆိုးများကို ကြဉ်နိုင်စေရန် ပြညွှန် ထားပေသည်။ ကုသိုလ်ကောင်းမှု ပြုတိုင်းလည်း စရိုက်ဆိုးကိုရှောင်၍ စရိုက် ကောင်းကို ဆောင်နိုင်စေကြောင်း ဆုတောင်းနည်း ဂါထာကိုပင်(နှာ-၁၆၀)၌ ပြဆိုထားပေသည်။

ထို့အတူပင် ဝိသုဒ္ဓိမဂ်၌ ဘုရားဂုဏ်တော်များကို ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းရန်အတွက် ပြဆိုခဲ့သည်။ ဤကျမ်း၌ကား ဗုဒ္ဓါနုဿတိ ဘာဝနာပွါးရုံ သာမက ရိုးရိုးသာမညအခါ၌ ဘုရားရှိခိုးလည်း ဖြစ်စေရန် ဘုရားဂုဏ်တော် များ၏ အဆုံး(နှာ-၂၆၁)တွင် ဘုရားရှိခိုးဂါထာပါ ထည့်သွင်း၍ တဆင့် တက်ကာ ဉာဏ်ကွန့်ပြဆိုထားပေသည်။

ဤကဲ့သို့သော အကွန့် အညွန့်ကလေးများကိုလည်း လေ့လာသူတို့ နှစ်သက် ကြည်နူးဖွယ်ရာ ဤကျမ်း၌ တွေ့ရပေမည်။

ဤမျှသော(က)မှ (ဆ)တိုင်အောင် ပြဆိုခဲ့သည့် အချက်အလက်များကို ထောက်ရှု၍ ဤပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ

ကျမ်း၏ သဘောအဓိပ္ပါယ်ကို ပိုမိုထင်ရှားအောင် ပြဆိုသော **သဘောပြ ဘာသာပြန်ကျမ်း** ဖြစ်ကြောင်း သိသာနိုင်ပေပြီ။

**ဘာသာပြန်အရည်အသွေး**

ဘာသာပြန်ကျမ်းဟူရာတွင် ဘာသာတမျိုးဖြင့် ရေးထားသည့်အကြောင်း အရာ တခုခုကို အခြားဘာသာတမျိုးမျိုးသို့ ပြန်ဆိုရေးသားခြင်း ဖြစ်သည်။ ထိုသို့ ရေးသားရာ၌လည်း မူရင်းကျမ်း၏ အရသာကို စာဖတ်ပရိသတ်အား အပြည့်အဝပေးနိုင်မှုမှာ ဘာသာပြန်ဆိုသူ၏—

(၁) မူရင်းကျမ်း၏ ဘာသာဝေါဟာရ၌ ကျွမ်းကျင်ခြင်း

(၂) ပြန်ဆိုသည့် ဘာသာဝေါဟာရ၌ ကျွမ်းကျင်ခြင်း

(၃) ပြန်ဆိုသည့် အကြောင်းအရာပညာရပ်၌ ကျွမ်းကျင်ခြင်း

ဟူသော အရည်အချင်း ၃-ရပ်အပေါ်၌ တည်ရှိနေပါသည်။

ဤ၌—

(၁) မူရင်း ဝိသုဒ္ဓိမဂ်ကျမ်း၏ဘာသာမှာ ပါဠိဘာသာဝေါဟာရဖြစ်သည်။

(၂) ပြန်ဆိုသည့် ဘာသာမှာ မြန်မာဘာသာဝေါဟာရ ဖြစ်သည်။

(၃) ပြန်ဆိုမည့် အကြောင်းအရာမှာ သီလ, သမာဓိ, ပညာအကြောင်း ဖြစ်သည်။

ဘာသာပြန်ဆို ရေးသားတော်မူသော မဟာဝိသုဒ္ဓါရာမဆရာတော်ဘုရား၏ အထက်ပါ အရည်အသွေး ၃-မျိုးဖြစ်သည့် ပါဠိဘာသာဝေါဟာရ ကျွမ်းကျင် တော်မူပုံ, မြန်မာဘာသာဝေါဟာရ ကျွမ်းကျင်တော်မူပုံ, သီလ, သမာဓိ, ပညာ အကြောင်းအရာတို့၌ ကျွမ်းကျင်တော်မူပုံတို့ကို လေ့လာသူ စာဖတ်ပရိသတ်များ သိရှိကြမှသာလျှင် ဤကျမ်းကို စိတ်ချယုံကြည်စွာ လေ့လာအားထုတ်မှု ဖြစ်နိုင် ရာသောကြောင့် ဆရာတော်ကြီး၏ ကျွမ်းကျင်ခြင်း သုံးမျိုးနှင့် ပြည့်စုံပုံကို သိသာရုံရေးသား ဖော်ပြပါဦးအံ့—

(၁) ပါဠိဘာသာ၌ ကျွမ်းကျင်ခြင်း။ ။ဆရာတော်ကြီးသည် ပါဠိဘာသာ၏ အခြေအမြစ်ဖြစ်သည့်'ဓာတ်'များကို ပိဋကတ်, အဋ္ဌကထာ, ဋီကာနှင့် လောကီ သက္ကတကျမ်းတို့မှ မွှေနှောက် ထုတ် နုတ်၍ **ဓာတွတ္ထသင်္ဂဟ**-ကျမ်းကို ပါဠိဘာသာ ဂါထာများဖြင့်ပြုစုတော်မူခဲ့သည်။

ပါဠိ ကဗျာဖြစ်သည့် ဂါထာ စီကုံး ရေးသားနည်းကို ပြဆိုသော **ဆန္ဒော-မဉ္ဇရီ**ကျမ်းကို ပါဠိဘာသာဖြင့် စီရင်တော်မူခဲ့သည်။

ပါဠိ သဒ္ဒါ အစီအရင် အဆုံးအဖြတ်များ ပါဝင်သည့် ပါဠိလေ့လာသူတို့ လက်သုံးပြုရသော ဝိသုဒ္ဓါရုံ ကစ္စည်းသုတ်နက်ကျမ်းကို ပြုစီရင်တော်မူခဲ့သည်။

ပါဠိဘာသာဆိုင်ရာ ထိပ်ထိပ်ကြဲဖြစ်သော ဤကျမ်း ၃-စောင်ဖြင့်ပင် ဆရာတော်ဘုရားကြီး၏ ပါဠိဘာသာ ဝေါဟာရ၌ ကျွမ်းကျင်ကြောင်း ထင်ရှားပြီ ဖြစ်ပါသည်။ အခြား အထောက်အထား သက်သေပြဖွယ်ပင် မလိုတော့ပါ။ သို့သော် ဤကျမ်းမှ ထုတ်နုတ်၍ သာဓကတခုမျှ ပြပါဦးအံ့ –

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ဒု၊ နှာ-၂၉၂)၌ "သေတဝစ္ဆော"ဟူသော ပါဠိ ဝေါဟာရတခု ပါရှိ၏။ ယင်းကို မဟာဋီကာ (ဒု၊ နှာ-၄၅၇)၌ "သေတဝစ္ဆ– ဟူသည် ရေခတက်ပင်တည်း။ မိနရုက္ခဟူ၍လည်း ဆိုကြကုန်၏"ဟု ဖွင့်ပြ၏။

ဤ "မိနရုက္ခ"ကို မဟာဋီကာနိဿယ၌ "မိန်ပင်"ဟု ပါဠိပျက် အနက်ပြန်ပြီး နောက် အောက်ခြေမှတ်ချက်တွင်—

> ဤပုဒ်၏ အနက်ကို မြန်မာပြန်ထားသော ရှေး ကျမ်းဟောင်းတို့ကို မတွေ့ရသေး။ သို့ဖြစ်၍ မိနရာသီပုဒ်ကို မိန်ရာသီဟု ပြန်သကဲ့သို့ ဤ၌လည်း မိန-ပုဒ်ကို မိန်ဟု ပါဠိပျက်အားဖြင့် ပြန်ထားသည်—

ဟု ရေးသား မှာထားပါသည်။

ဤမျှ ခဲရာခက်ဆစ် ကပ်ကပ်သပ်သပ်ရှိသော ပါဠိဝေါဟာရကို ဤကျမ်း (နှာ-၅၉၂)၌ "ကြောင်မီးကူပင်"ဟု ဘာသာပြန်ထားသည်ကို တွေ့နိုင်ပါသည်။

(၂) မြန်မာဘာသာ၌ ကျွမ်းကျင်ခြင်း။ ။ဤ ကျမ်းပြု ဆရာတော်သည် မြန်မာဘာသာဖြင့် ဆိဒ္ဓပိဓာနနီ စသော ကျမ်းများစွာကို ပြုခဲ့၏။ မြန်မာဝေါဟာရနှင့် တိုက်ရိုက်သက်ဆိုင်သည့် **သတ်ပုံသံခိပ်ကဗျာကျမ်း, မဓုသာရတ္ထသတ်ပုံကျမ်း**တို့ကိုလည်း ပြုစုတော်မူခဲ့၏။

အထက်ပါ မြန်မာဘာသာကျမ်းကြီးများကပင် ဤကျမ်းပြု ပုဂ္ဂိုလ်၏ မြန်မာ ဝေါဟာရ၌ မည်မျှကျွမ်းကျင်သည်ကို သက်သေခံနေပြီဖြစ်သောကြောင့် အထူး မဏ္ဍပ်တိုင် တက်ပြရန် လိုမည်မထင်ပါ။ သို့သော် ဆရာတော်ကြီး၏ ဂုဏ်ရည်ကို ပို၍ ကြည်ညိုရလေအောင် ဤကျမ်းမှ သာဓကတခု ထုတ်နုတ်ပြပါဦးမည်။

အာပေါကသိုဏ်း စီးဖြန်းရာတွင် "လောဏီ-၌ရှင်း, သမုဒ္ဒရာ၌ရှင်း နိမိတ် ဖြစ်၏"ဟု ဝိသုဒ္ဓိမဂ် (ပ၊ နှာ-၁၆၅)၌ ရေးထား၏။

သမုဒ္ဒရာမှတက်သော ဆားငန်ရည်ဖြင့်ပြည့်သော ရေအိုင်သည် လောဏီ မည်၏—ဟု မဟာဋီကာ (ပ၊ နှာ-၁၉၅)၌ "လောဏီ"ပုဒ်၏ အနက်ကို ဖွင့်ပြ ထား၏။

လောဏိယံ ဝါ၊ သမုဒ္ဒရာမှ တက်သော ဆားငန်ရည်ဖြင့်ပြည့်သော ဆားကျင်း၌ဝင်း-ဟု ဝိသုဒ္ဓိမဂ် နိဿယ (ပ၊ နှာ-၄၄၉)၌ အနက်ပြန်ဆိုထား၏။

ဝိသုဒ္ဓိမဂ် မြန်မာပြန် (ပ၊ နှာ-၃၂၄)၌လည်း "ဆားကျင်း၌"ဟုပင် မြန်မာပြန်ထား၏။

ယင်းသို့ "ဆားကျင်း"ဟုပြန်လျှင် ဆားချက်ရန် ဆားမြေများ တူးယူခြင်းကြောင့် တွင်း ကျင်းဖြစ်ကျန်နေသည့်နေရာဟု မြန်မာဝေါဟာရအသိများကြလေသည်။ သမုဒ္ဒရာမှ တတ်လာသည့် ဆားငန်ရည်များဖြင့် ပြည့်နေသည့် အိုင်ဟု သိရန် မလွယ်ချေ။ ထို့ကြောင့် ယင်းအနက်ပြန်ချက်သည် ဋီကာဖွင့်နှင့် ညီသော်လည်း မြန်မာဝေါဟာရအသုံး မမှန်ပေ။

သမုဒ္ဒရာမှ ဆားငန်ရည်များ တက်လာသည်ကို မြန်မာတို့က ဓိ (=ဒီ) ရေ တက်သည်ဟု ပြောဆိုကြ၏။ ထိုဒီရေများတက်လာပြီး ဒီရေပြန်ကျသောအခါ အချို့ နိမ့်ဝှမ်းရာ ကျင်းချိုင့်တို့၌ တင်ပြီး ကျန်နေသည့် အိုင်များကို 'ဒီအိုင်'ဟု ခေါ်ဝေါ်ကြသည်။

ယင်းသို့ ခေါ်ဝေါ်သည့် မြန်မာဝေါဟာရ၌ ကျွမ်းကျင်တော်မူသော ဤကျမ်းပြုဆရာတော်သည် ဤကျမ်း(နှာ-၂၁၅)၌ "ဓိအိုင်တို့၌လည်း စီးဖြန်းရ၏"ဟု ဘာသာပြန်ဆိုထားသည်မှာ ဋီကာဖွင့်နှင့်လည်း ကိုက်ညီ၍ မြန်မာဝေါဟာရအသုံး မှန်လည်း ကျလှပေသည်။

ပြန်ဆိုသည့်အကြောင်းရပ်၌ ကျွမ်းကျင်ခြင်း။ ။ပြန်ဆိုသည့်အကြောင်းအရာဖြစ်သော သီလ, သမာဓိ, ပညာနှင့်သက်ဆိုင်ရာ၌ ပါဠိတော်, အဋ္ဌကထာ, ဋီကာတို့မှလာသော 'စာတွေ့နည်း', ဆရာစဉ်ဆက်အားထုတ်၍ တွေ့ရှိထားသည့် 'ဆရာတွေ့နည်း', ကိုယ်တိုင် အားထုတ် ကျင့်ကြံခဲ့ခြင်းဖြင့် တွေ့ရှိထားသည့် 'ငါတွေ့နည်း'တို့ဖြင့် ပြည့်ဝစုံလင်သောကြောင့် ကျွမ်းကျင်မှုရှိကြောင်း သိရပါသည်။ မှန်လှပေသည်။

စာတွေ့နည်းရှိကြောင်းကို ဤကျမ်း၌ ပြဆိုထားသည့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာလာ ခက်ဆစ်အဓိပ္ပါယ်များ, ဋီကာလာ အဓိပ္ပါယ်များနှင့် အခြား ပါဠိတော်, အဋ္ဌကထာ, ဋီကာ အဓိပ္ပါယ် ဖြည့်စွက်ချက်များအရ နေမင်းအရောင်ပမာ ထင်ရှားသိသာပေသည်။

ဆရာတွေ့နည်းရှိကြောင်းကို အရညဝါသီ မဟာထေရ်ကြီးများဖြစ်တော်မူသည့် ရွှေကျင်ဆရာတော်ကြီး, မဟာဗိုလ်ဆရာတော်ကြီးတို့၏ တပည့်ဖြစ်ခြင်းနှင့် ဤကျမ်းတွင်—

နာမရူပဝဝတ္ထာန ဉာဏ်ပွါးပုံဆရာနည်းကို (နှာ-၅၁၀) ၌၎င်း, ခန္ဓာငါးပါး တပေါင်းတည်း ဝိပဿနာရှုပုံ ဆရာနည်းကို(နှာ-၅၂၇) ၌၎င်း ပြဆိုထားခြင်းတို့ဖြင့် သိသာထင်ရှားပါသည်။

ငါတွေ့နည်းရှိကြောင်းကို ကိုယ်တော်တိုင် ရဟန်း ၁၂-ဝါ၌ တောထွက်အားထုတ်ဘူးခြင်းနှင့် ဤကျမ်း(နှာ-၂၀၀-၁)၌—

ဤသမထအရာသည် ဝိပဿနာမဂ်ဖိုလ်တို့ကဲ့သို့ ပါရမီကို ငဲ့သည်မဟုတ်၊ တိဟိတ်မှန်က ဝီရိယသာ ပဓာနဖြစ်သည်—

စသည်ဖြင့် တိကျလှသည့် ဥပဒေသပေးနိုင်ခြင်းတို့ကို ထောက်ရှု၍ သိနိုင်ပါသည်။

ဤမျှရေးသားပြဆိုလျှင် ဤပရမတ္ထသရူပဘေဒနီကျမ်းကိုပြုစုသော မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီး၌ ဘာသာပြန်ဆိုနိုင်သည့် အရည်အချင်း ပြည့်တင်းလုံလောက် ပိုမောက်နေကြောင်း သိနိုင်ပါပြီ။

ယင်းသို့သိလျှင်လည်း—ဘာသာပြန်အရည်အချင်း ပြည့်တင်း စုံလင်သည့် ပုဂ္ဂိုလ်ကြီး ပြန်ဆိုသော ဤ ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ၌ မူရင်းဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကြီး၏ အရသာများ အပြည့်အဝ ပါဝင်တည်ရှိနေကြောင်းကို သိနိုင်ပါပြီ။

**အကျယ်ဆုံး, အပြည့်စုံဆုံး, ကမ္မဋ္ဌာန်းကျမ်း။** ။ယင်းသို့ သိပြန်လျှင်လည်း—ဤပရမတ္ထသရူပဘေဒနီကျမ်းသည် သီလ,သမာဓိ, ပညာ သိက္ခာသုံးပါးအကြောင်းနှင့် သိက္ခာသုံးပါးကို ဖြည့်ကျင့် အားထုတ်နည်းများကို အပြည့်စုံဆုံး အကျယ်ဝန်းဆုံး ပြဆိုသည့် မြန်မာဘာသာ ပဋိပတ္တိကျမ်းကြီး ဖြစ်သည်ကို သိနိုင်ပါပြီ။

ယင်းသို့ သိခြင်းဖြင့်ပင်လျှင်—သီလ, သမာဓိ, ပညာ သိက္ခာသုံးပါး အကြောင်းကို အကျဉ်းမျှ ပြဆိုသော သင်္ဂြိုဟ်ကမ္မဋ္ဌာန်းပိုင်း၏ အစုံလင်ဆုံး အကျယ်ဝန်းဆုံး ဖွင့်ဆိုသည့် ဘာသာဋီကာကျမ်းကြီး ဖြစ်ကြောင်းကိုလည်း သိသာနိုင်ပါပြီ။

ယင်းသို့ သိရှိပြီးလျှင်လည်း—မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သည့် ပိဋကတ်သုံးသွယ် နိကာယ်ငါးပါးတို့၏ အဆီအနှစ်အစု အမှုတေရတနာများဖြစ်သော သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးအကြောင်းစုံနှင့် ကျင့်ကြံပွါးများပုံတို့ကို ဗုဒ္ဓဘာသာဝင် သူတော်စင်တို့သည် ဤ ကျမ်း၌ လေ့လာတတ်သိပြီး ကျင့်ကြံကြိုးစား ပွါးများအားထုတ်နိုင်ကြ၍ သံသရာဝဋ္ဋဆင်းရဲမှ လွတ်မြောက်နိုင်မည်ဖြစ်ပေသတည်း။

---

**အမှာ**—အခြားပရမတ္ထသရူပဘေဒနီကျမ်းဆိုင်ရာ သိမှတ်ဖွယ်များကို ပရမတ္ထသရူပဘေဒနီကျမ်း ပဌမတွဲ နိဒါန်းတွင်ရှုပါ။

## ပရမတ္ထသရူပဘေဒနီကျမ်း ရိုက်နှိပ်ခဲ့သည့် အကြိမ်များ

ဤမျှ ကောင်းမွန်သော ဂုဏ်တို့နှင့် ပြည့်စုံသော ကျမ်းကို အကြိမ်ပေါင်း များစွာ ရိုက်နှိပ်ခဲ့ပြီး, အကြိမ်ပေါင်းများစွာ ရိုက်နှိပ်ရဦးမည်မှာ သေချာလှ၏၊ ထို့ကြောင့် တိတိကျကျ ရေးပြရန် မလွယ်ကူချေ။

သို့သော် လေ့လာတွေ့ရှိရသမျှ အကြိမ်များကို ဖော်ပြရမည်ဆိုလျှင်—

(က) ၁၂၄၅-ခုနှစ်၌ မန္တလေးမြို့တော် နန်းမြို့တွင်းရှိ ရတနာပုံ စာပုံနှိပ် တိုက်၌ ပဌမအကြိမ် ရိုက်နှိပ်ခဲ့သည်ဟု ရွှေကျင် နိကာယ သာသနာ ဝင်ကျမ်း နှာ-၂၄၉-၌ ဖော်ပြထားသည်။

(ခ) ၁၂၅၃-ခုနှစ် နယုန်လအတွင်း မန္တလေးမြို့, 'မန္တလေးအဆွေသတင်း စာပုံနှိပ်တိုက်'၌ ရိုက်နှိပ်သောမူကို တွေ့ရသည်၊ စာအုပ်ရေ (၃၀၀၀) ဟု ဖော်ပြထားသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာဖြင့်—

Printed at the "Friend of Mandalay" Press. 1891

ဟု တွေ့ရသည်။

(ဂ) ၁၂၆၂-ခုနှစ် မန္တလေးမြို့၊ ၈၄-လမ်း၊ ကျောက်သွေးတန်း၊ ဇမ္ဗူ့ မျက်မှန် ပုံနှိပ်တိုက်မှ ရိုက်နှိပ်သောမူကို တွေ့ရသည်၊ ထိုမူ၌ တတိယ အကြိမ်ရိုက် စာအုပ်ရေ (၁၂၅၀) ဟု ဖော်ပြထား၏။

(ဃ) ၁၂၆၉-ခုနှစ်၌ (အတွင်းဖုံးတွင်) မန္တလေးမြို့၊ ဇမ္ဗူ့မျက်မှန်တိုက်မှ စတုတ္ထအကြိမ်ရိုက်ဟုရေးထားသော မူတခုလည်း တွေ့ရသည်၊ထိုမူ၏ နိဒါန်း၌ ၁၂၆၂-ခုနှစ်က ဇမ္ဗူ့မျက်မှန်တိုက်၌ တတိယအကြိမ် ရိုက်နှိပ် ခဲ့ပြီး ယခု ၁၂၆၉-ခုနှစ်တွင် မန္တလေးမြို့၊ ကျောက်သွေးတန်း၊ တမ္ပဒီပ စာပုံနှိပ်တိုက်မှ စတုတ္ထအကြိမ် ရိုက်ကြောင်း ရေးသားထားသည်ကို တွေ့ရ၏။အတွင်းမျက်နှာဖုံး၌ စာအုပ်ရေ(၃၀၀၀)ဟုဖော်ပြထား၏။

(င) ၁၂၆၉-ခုနှစ် ရန်ကုန်မြို့၊ သာသနဇောတိကပုံနှိပ်တိုက်မှ ပဌမနှိပ်သော မူကိုလည်း တွေ့ရသည်၊ ပထမဝါဆိုလအတွင်း ပုံနှိပ်ပြီးကြောင်းနှင့် စာအုပ်ရေ ၂၅၅၀-ရိုက်ကြောင်း အတွင်းဖုံး၌ ဖော်ပြထားသည်။

(စ) ၁၂၇၂-ခုနှစ်၌ ရန်ကုန်မြို့၊ သာသနဇောတိကပုံနှိပ်တိုက်မှပင် ဒုတိယ အကြိမ် ရိုက်နှိပ်သည့် မူကိုလည်း တွေ့ရ၏၊ အတွင်းမျက်နှာဖုံး၌ စာ အုပ်ရေ (၁၀၀၀) ရိုက်ကြောင်း ဖော်ပြထားသည်။

အထက်ပါ တွေ့ရှိရသော စာမူများအရ ဤကျမ်းကို ခြောက်ကြိမ်မျှ ရိုက်နှိပ် ပြီးခဲ့ကြောင်း သိရ၏၊ယခု ၁၃၃၀-၁-ခုနှစ် ကျွန်ုပ်တို့ဗုဒ္ဓသာသနာအဖွဲ့မှ ရိုက်နှိပ် ခြင်းကား ခုနစ်ကြိမ်မြောက် ပုံနှိပ်ခြင်းဟု ယူဆရမည် ဖြစ်ပေသည်။

## ထပ်မံရိုက်နှိပ်ရခြင်းအကြောင်း

အဘယ့်ကြောင့် ထပ်မံရိုက်နှိပ်ရသနည်း—

ပထမတွဲ၌ ရေးသားခဲ့သည့်အတိုင်းပင် ဤကျမ်းသည်—

(၁) ခေါင်းဆောင်မြန်မာဘာသာ အဘိဓမ္မာဋီကာကျမ်းဖြစ်ခြင်း

(၂) ပရမတ္ထသရုပ်ခွဲကျမ်း ဖြစ်ခြင်း

(၃) ကမ္မဋ္ဌာနစွယ်စုံကျမ်း ဖြစ်ခြင်း

စသော ထူးခြားကောင်းမြတ်သည့် ဂုဏ်တို့နှင့် ပြည့်စုံလှသည်၊ ထို့ကြောင့် ဤကျမ်းကို အဘိဓမ္မာ လေ့လာသင်ယူသူ သောတုဇနတို့နှင့် ကမ္မဋ္ဌာန်းတရားပွါးများအားထုတ်သူ ယောဂီပုဂ္ဂိုလ်တို့ လက်စွဲတခု အားကိုးပြုကြရသည်၊ အသုံးများကြသည်။

မြတ်စွာဘုရား ဟောကြားအပ်သည့် တရားဒေသနာကို သင်ယူခြင်း ဟူသော ပရိယတ္တိသာသနာ, တရားတော်ကို လိုက်နာကျင့်ကြံ အားထုတ်ခြင်း ဟူသော ပဋိပတ္တိသာသနာ, တရားတော်ကို ထိုးထွင်းသိမြင်ခြင်း ဟူသော ပဋိဝေဓ-သာသနာဟု ဆိုအပ်သည့် သာသနာသုံးရပ်၏ ကြံ့ကြံ့ခိုင်ခိုင် တည်တံ့နိုင်စေခြင်းငှါလည်း, တိုးတက်ပြန့်ပွါး စည်ကားစေခြင်းငှါလည်း ဤပရမတ္ထသရူပဘေဒနီကျမ်းက ဆောင်စွမ်းနိုင်ပေသည်။

ဤမျှ သာသနာတော်၌ အကျိုးကျေးဇူးတရား ကြီးမားလှသော ကျမ်းကြီးသည် ၁၂၉၂-ခုနှစ် ဆဋ္ဌမအကြိမ် ရိုက်နှိပ်ပြီးသည်မှ ယခု ၁၃၃၀-ခုနှစ် အထိ နှစ်ပေါင်း ၃၈-နှစ်တိုင်တိုင် ပြန်လည်ရိုက်နှိပ်ခြင်း မရှိဘဲ တိမ်မြုပ်ပျောက်ကွယ်လုနီးနီး ဖြစ်နေပေသည်။

ထို့ကြောင့် သာသနာတော်၌ ကျေးဇူးတရား များပြားလှသော ကျမ်းကြီးတဆူ ပျောက်ကွယ်၍ မသွားစေခြင်းငှါ မြန်မာနိုင်ငံ တော်လှန်ရေးအစိုးရ ဗုဒ္ဓသာသနာအဖွဲ့က ထပ်မံ၍ ရိုက်နှိပ်ခြင်း ဖြစ်ပေသည်။

## ဗုဒ္ဓသာသနာအဖွဲ့မှ ပြင်ဆင်ရိုက်နှိပ်ပုံ

လောက၌လူအပေါင်းတို့၏ နှစ်သက်မြတ်နိုး ဖွယ်ရာအဖိုးတန်ရွှေရတနာကို တတ်ကျွမ်းလိမ္မာသည့် ရွှေပန်းတိမ်ဆရာသည်—

(၁) အညစ်အကြေးကင်းစင်အောင် လှော်ချက်ခြင်း

(၂) လှပတင့်တယ်ဆန်းကြယ်သော အဆင်တန်းဆာလုပ်ခြင်း

(၃) အဆင်းကြည်လင်အောင် အရောင်တင်ခြင်း

တို့ဖြင့် အဆင့်ဆင့်ပြုပြင်စီရင်ပြီးမှ ပွဲလယ်တွင်းပြင်ဆင်ယင်ဝတ်စားလိုသူ လူအပေါင်းတို့၏လက်သို့ နှင်းဆက်ပေးအပ်ပါသည်။

ထိုနည်းအတူပင် နှစ်သက် မြတ်နိုးဖွယ်ရာ အဘိုးတန် ဤပရမတ္ထသရူပဘေဒနီကျမ်းရတနာကို ဗုဒ္ဓသာသနာအဖွဲ့မှ——

(က) မရှုပ်ထွေးစေရန်ဆိုလိုရင်း ဝါကျများကို ပိုင်းဖြတ်ခြင်း

(ခ) ဆိုလိုသည့်အကြောင်းကို ခေါင်းစီးကြီး, ခေါင်းစီးသေး, ဘေးခေါင်းများတပ်ခြင်း

(ဂ) ခက်ခဲသောပါဠိ, မြန်မာဝေါဟာရများကို စာမျက်နှာ အောက်ခြေ မှတ်ချက်များဖြင့် ဖြေပြခြင်း

(ဃ) နိဿယမပါသည့် ခက်သောပါဠိများကို နိဿယ, မြန်မာပြန် ရေးသားထည့်သွင်းခြင်း

(င) အကိုးအကားကျမ်းညွှန်းများရေးခြင်း

(စ) ခက်ခဲသော အဓိပ္ပါယ်အယူအဆတို့ကို ရှင်းပြခြင်း

(ဆ) ကဗျာလင်္ကာတို့၏အဖြေနှင့် သိမှတ်ဖွယ် အချက်အလက်တို့ကို နောက်ဆက်တွဲအဖြစ် ရေးထည့်ခြင်း

(ဇ) ဗဟုသုတဖြစ်ဖွယ်နိဒါန်းသွယ်၍ပြခြင်း

(ဈ) အသေးစိပ်မာတိကာရေးခြင်း

(ည) မှတ်သားဖွယ်အက္ခရာဝလိရေးခြင်း

(ဋ) ဂါထာသူစိရေးခြင်း

တို့ဖြင့် ပြုပြင်စီရင်ကာ သုတေသီများအတွက် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**နိဂုံးချုပ်ပုစ္ဆာ။** ။အထက်တွင် ဥပမာအဖြစ် ပြဆိုသည့်ရွှေရတနာ အဆင်တန်းဆာကြီး အနီးမှာရှိပါလျက် မဝတ်မဆင်သဘင်အလယ်မတင့်တယ်ဘဲ မျက်နှာငယ်ငယ်ဖြစ်နေသော် ရွှေရတနာ အဆင်တန်းဆာ၏အပြစ်မဟုတ်၊ မဆင်ယင်သူ၏အပြစ်သာဖြစ်ပါသည်။

ထို့အတူပင်လျှင် ပရမတ္ထသရူပဘေဒနီကျမ်းရတနာကြီး ထွက်ပေါ်လာပါလျက် မကြည့်ရှုမလေ့လာဘဲ အသိဉာဏ်နှံ၍ဝင့်ဆင်းရဲအလယ်မှာ မျက်နှာငယ်ငယ် ဖြစ်နေခဲ့သော် ဤကျမ်းရတနာ၏ အပြစ်တော့မဟုတ်တန်ရာပါ၊ မည်သူ၏ အပြစ်ဖြစ်မည်ကို သုတေသီတို့သည်ပင် ဆင်ခြင် ဖြေဆိုတော်မူကြပါကုန်။ ။

## ကျေးဇူးတော် အနန္တ

နေမင်းကြီးပမာ-အဘိဓမ္မာ ဒေသနာတော်ရောင် ထွန်းလင်းတောက်ပြောင်စေသည့်—ဤ ပရမတ္ထသရူပဘေဒနီကျမ်းမြတ်ကြီးကို ရိုက်နှိပ်ခွင့် ပြုတော်မူကြသော မန္တလေးမြို့၊ ဝိသုဒ္ဓါရာမ ဂဏဝါစက သံဃာတော် အရှင်မြတ် တို့အား ကျေးဇူးတော် အနန္တ အတိဂါရဝဖြင့် ပူဇော်လိုက်ရပါသတည်း။

## ကြီးကြပ်ပြင်ဆင် စီစဉ်သည့် ပုဂ္ဂိုလ်များ

၁။ ဦးထွန်းလှိုင် (ဒု-စာပြင်မှူးချုပ်)၊ သကျသီဟ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ (ဝဋ္ဋံသက)၊ အစိုးရဓမ္မာစရိယ (သိရောမဏိ)၊ စေတိယင်္ဂဏ ဓမ္မာစရိယ။

၂။ ဦးဝင်းမောင် (စာပြင်ဆရာ)။

၃။ ဦးမြင့်စိုး (လက်ထောက်စာပြင်ဆရာ)၊ အစိုးရဓမ္မာစရိယ (ဝိဘင်္ဂဒိ-ဂုဏ်ထူးနှင့် သံယုတ္တနိကာယ ပါဠိပါရဂူ)။

၄။ ဝဏ္ဏကျော်ထင် ဦးသာတင် (မဟာဿ)၊ (ဗုဒ္ဓသာသနာအဖွဲ့ သာသနရောင်ခြည် အယ်ဒီတာဟောင်း)။

၅။ ဦးလှမောင်M.A.,M.S.,B.L. [ဗုဒ္ဓသာသနာအဖွဲ့ စုံစမ်းစစ်ဆေးရေးကော်မီတီ အတွင်းရေးမှူး (အုပ်ချုပ်ရေး အရာရှိချုပ်)]။

# မူလစာအုပ် အတွင်းဖုံးများနှင့် နိဒါန်း

ရှေးခေတ်ပုံနှိပ်တိုက်များမှ ရိုက်နှိပ်သော စာအုပ် နိဒါန်းများနှင့် အတွင်းဖုံး
များသည်လည်း ထိုခေတ် ထိုအခါက နည်းစနစ် မှတ်တမ်းတင်ပုံများကို ဖော်ပြ
သည့် ခေတ်ကြေးမုံ့ ခေတ်သမိုင်းများ ဖြစ်သောကြောင့် ယခုခေတ် သုတေသီတို့
သိသင့် သိထိုက်သည်ဖြစ်၍ သက္ကရာဇ် ၁၂၅၃-ခုနှစ်ရိုက် (အင်္ဂလိပ်သက္ကရာဇ်
၁၈၉၁) စာအုပ် နိဒါန်းနှင့် ရှာဖွေ၍ ရရှိသမျှ စာမူ ၅-ခုတို့၏ အတွင်းဖုံးများကို
မူရင်းအတိုင်း ဓာတ်ပုံရိုက်ပြီးလျှင် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး
အစိုးရ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်က ထပ်မံရိုက်နှိပ် တင်ပြလိုက်ပါသည်။

## သက္ကရာဇ် ၁၂၅၃-ခုနှစ် (အင်္ဂလိပ်သက္ကရာဇ် ၁၈၉၁)

### ပရမတ္ထသရူပဘေဒနီ-နိဒါန်း

လောကဥက္ကဋ်၊ ဗျဂ္ဃနတ်ဟု၊ မြတ်မကုဋ္ဌ၊ တုမရသဖြင့်၊ ကုဋ္ဌသင်းကျစ်၊
သနင်းဖြစ်တော်မူသော၊ ဓမ္မရာဇ်မှန်ကူ၊ သယမ္ဘူသည်၊ ရန်မူမည့်ရေး၊ ခြောက်
ဆဲ့လေးတည့်၊ ရှက်ဖြေအယူ၊ ထီးဆူဆူနှင့်၊ အမူမမှန်၊ ကျင့်ဘောက်ပြန်လျက်၊
ပုန်ကန်သီးခြား၊ တမိုးပွါးလည်း၊ ဘုရားသာသနာ၊ ငါးထောင်ကြာကို၊
ပရမာစု၊ ပျက်စေမှုဖြင့်၊ မြူဏုတလုံး၊ အားအံကြုံး၍၊ မဖုံးစေငှါ၊ မျှတညှာလျက်၊
ယထာဘူတ၊ ဉာဏခေါင်ဖျား၊ ပတ္တမြားစိုင်၊ မြကျောက်တိုင်ကို၊ မယိုင်
ခိုင်ဖြိုး၊ စိုက်ထူပြီးလျှင်၊ နယ်သီးပိုင်းခြား၊ တည်ခဲ့ထားသည့်၊ ဘုရားရှင့်
သာသနာတော်မြတ်သည်ကား။ ။ဝေါဟာသက္ကရာဇ် ၁၂၅၂-ခုသို့ ရောက်လတ်
သောအခါ၊ သမ္မာသမ္ဗုဒ္ဓ၊ တုမရသည်၊ တိလောကယီး၊ တောက်လောင်
ငြိုးလျက်၊ မီးပွင့်ရေလျှံ၊ နေပကန်အောင်၊ ရွှေဉာဏ်ကွန်ရက်၊ သေန်ချက်သို့၊
စက်ဒေသနာ၊ မြွက်ချွေလာသော်၊ သေလာပြန့်ပြည့်၊ တောင်တန့်ကြည့်တွင်၊
ငုံ့တည့်ခါမွန်၊ ရှစ်ဆုပန်သည့်၊ အာနန်ဥပရာဇ်၊ သေခချစ်နှင့်၊ ဓမ္မစစ်သျှန်၊
အောင်သံချီမှု၊ စန္ဒိဥက္ကဋ်၊ မုခိနတ်လျှင်၊ နဝရတ်ခဂ္ဂ၊ ညာလက်မ၍၊ နဝဂုဏ်မံ၊
စောဘုန်းလျှံကို၊ အရဟံ အရဟာ၊ ပဏာမဖြင့်၊ ဂါရဝမှန်း၊ သားမြတ်ပန်းကို၊
ဖြတ်ဆန်းခံချွေ၊ ဗန္ဒဝေလျှင်၊ အန္တေဝါသိ၊ တင်လတ်ဘိက၊ ဟာသိတုပ္ပါဒ်၊
မနောမြတ်ကို၊ လောကတ္တရ၊ ရင့်ချိန်မျှ၍၊ သကျမုနိန်၊ မာရဇိန်သည်၊ မနိန္ဒြေ၊
ပြုံးပြန်လေက၊ ခြောက်ထွေရောင်ခြည်၊ ထွက်လေသည်ကို၊ မြွက်မည်ကေန်၊
အခါတန်ဟု၊ အာနန္ဒာ[illegible]ုန်းမော်၊ လျှောက်ပန်သော်လျှင်၊ ကိုးဘော်ဂုဏ်ထူး၊
မဂ္ဂင်မှူးသည်၊ ဘိလူးစန္ဒ၊ မုဒိမကား၊ ငါ့သာသနာ၊ နှစ်ထောင်သာ၍၊ လေးရာ
စွန်းက၊ ထိုကာလဥ်း နရရာဇိန်၊ ဓမ္မ[illegible]ဒိန်နှင့်၊ ကူဝပိန္ဒဇာတ်၊ လူများနတ်သည်၊
သတ်မှတ်ညီမျှ၊ ဉာဏ်ဒေသဝယ်၊ ဇမ္ဗူ[illegible]ုန်၊ ရာဇဂုဏ်ဖြင့်၊ ပုန်ရတနာ၊ မြို့အောင်

ချာကို၊ နောင်လာခွန့်ရှည်၊ ပြည်ကြီးတည်လျက်၊ ဇာနည်ပရမေ၊ ဘုန်းမိုးစွေလိမ့်၊ ညှိုးရွှေလက်ဆန့်၊ ဗျာဒိတ်သန့်သည်ဟု၊ သိုက်ကွန့်မန္တလင်၊ မြေရန်နှင်တွင်၊ မတည္ထုဟိတ်၊ အောင်ဘိသိက်နှင့်၊ အတိတြ၊ စက်နှယ်ရှသည့်၊ လောကသခင်၊ ဘဝရှင်သည်၊ သနကုံမာရ၊ မိုးမှကျသို့၊ မောရိယပစ္စယာ၊ ဆင်စကြာနှင့်၊ ဂဇာရစိ၊ နာဂီမိကို၊ သီရိမဟာ၊ သုဘဒ္ဒါပဟု၊ ရတနာနှစ်ဝ၊ ပြောင်ပေါက်မနှင့်၊ အသဿယဉ်ပုံ့၊ တိမ်တိုက်စံပြင်၊ လုံ့ရိန္ဒမာ၊ ဝင့်တိုင်းပါသည်၊ ဝဇီရာဝုဓ၊ ထိတိုင်းရှနှင့်၊ ဘုရာ့နူတ်မှာ၊ အယုဇ္ဈာတွင်၊ မုတ္တာ မုတ္တာ၊ အမုတ္တာနှင့်၊ ခဂ္ဂသံလျက်၊ ဝင့်တိုင်းလက်သည်၊ အရွက်သုံးမြွာ၊ လိုတော်ပါ၍၊ မဟာစက္ကဝတ်၊ မင်းမြတ်အသရေကို၊ ဆောင်တော်မူပေသော၊ ရေမြေ့အရှင်၊ လက်နက်စကြာသခင်၊ ပဥ္စမသင်္ဂါယနာ-တင်၊အသျှင်ဘဝရှင်မင်းတရားကြီးဘုရားနှင့်၊ပတ္တမြားပြာသာဒ်၊မျိုးနွယ်မယွင်း၊ စမွယ်မြန်းသည့်၊ လယ်နန်းနတ်သည်၊ မြတ်စေနာထင်၊ နေပြဘင်သို့၊ ရွှေကျင်ဆရာတော်ဘုရားကြီးကို၊ ခိုမှီးမယွင်း၊ ကိုင်းရှိုင်းပြင်း၍၊ ဟင်းလင်းကျေးကြက်၊ ရွှေသားငှက်နှင့်၊ ကနက္ကဒဏ်၊ ဖြန့်မိုးဟန်ဖြင့်၊ ရည်သန်ကိုးကွယ်တော်မူရင်းအတိုင်း၊ ပရိုင်းနွယ်လာ၊ ထေရ်မဟာသည်၊ ဇာဂရာဘိ ကဝိဓဇ သဒ္ဓမ္မဝံသ သိရီပဝရ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု၊ ဇမ္ဗူဆီမီး၊ ကိုယ်တော်ကြီးကို၊ ကျောက်ထီးအမှတ်၊ စိုက်ဆောက်လတ်၍၊ နဝရတ်ရံငြား၊ လရထား၌၊ ပတ္တမြားမြရိပ်၊ ယုန်တံဆိပ်သည်၊ ပုံနှိပ်စက်ရာ၊ ကဲ့ပမာဖြင့်၊ သညာတော်ရှိသော၊ သာသနာပြု၊ ဥပဇ္ဈာယ်ဆရာ၊ ပဗ္ဗဇ္ဇာစရိယ ဥပသမ္ပဒါစရိယ ဓမ္မာ-စရိယ သြဝါဒါစရိယ၊ ဘဝဥကင်၊ မကိုင်ရှဆင်သို့၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏၊ တရားဂမ္ဘီ၊ ခြင်္သေ့ဆီကို၊ သိင်္ဂီဖလား၊ ထည့်သောလားဖြင့်၊ ညွတ်တွားပဆစ်၊ ဆဲ့ခုနစ်က၊ ကြယ်ပြိုင်လသို့၊ ဓမ္မအညီ၊ ကျမ်းဂန်မှီလျက်၊ လဇ္ဇီပေသလ၊ ခန္တီသောရစ္စ၊ ဗဟုဿုတ၊ ပညဝန္တတာ စသောဂုဏ်ဖြင့်၊ ကြေစုန်ပွံ့ပျူး၊ သြဘာကြူးအပ်သော၊ အထူးကျမ်းပြုဆရာအဖြစ်သို့ ရောက်လတ်ရကား၊ တရားဓမ္မ၊ မြတ်သီလကို၊ သခ်မိတ္တာ၊ မိကလျာကဲ့သို့၊ သဒ္ဓါပီတိ၊ ရှိကြီး ရှိသဖြင့်၊ ရဝိနွယ်ဇာတ်၊ မိန်းမမြတ်ဟု၊ နတ်လယ်နန်းရှင်၊ အောင်ဇေယျတု၊ ငွေကမ္ဗုနှင့်၊ ဆင်ဖြူ့သျှင်ဟူသော၊ ဒုတိယဥက္ကာ၌၊ နှစ်ပါးနတ်၏ မယ်တော်သည်၊ အဟော်ဝတ၊ လွန်ချမ်းမြသော၊ သမန္တဂုဏ်၊ များပြောဟုန်သည့်၊ ရတနာပုန် ရွှေမြို့တော်ကြီး၏၊ အရှေ့ပြုဗ္ဗာ၊ ဘူသိခရာ၊ မြေမျက်နှာထက်၊ မဟာတုလွတ်ဝေယန်၊ အရံကျောင်းငယ်များနှင့်တကွ၊ မဟာဝိသုဒ္ဓါရာမတိုက်ကြီးကို၊ ကောင်းခြီးနှမော်၊ ပူဇော်လှူဒါန်းရာ၊ မဟာဗိုလ်ဆရာတော်၊ ရွှေကျင်ဆရာတော်ဘုရား၊ ထေရ်နှစ်ပါးတို့၏၊ပဋိပဒါ၊စဉ်လာလက်သုံး၊ကောင်းကျင့်ထုံးကို၊ နှလုံးသွင်းခြိုက်၊ ယာပိုက်မျှကာ၊ နေစဉ်အခါ၌၊ သတ္တဝါအများ၊ နောက်နောက်သားကို၊ သနားဖြာမှစို၍၊ သက်ကြည်ညိုသောကြောင့်၊ မဂ်ဖိုလ်ပေါက်စေ၊ ကြီးမြောက်စေဟု၊ စိတ်နေသန့်စင်၊ ပြုစီရင်အပ်သော၊ ဤ ပရမတ္ထသရူပဘေဒနီကျမ်းကို။ ။

ပကိဏ္ဏကသင်္ဂဟ သတ္တမမာတိကာ ဘွင့်ကုန်ရုံလောက်၊ စာဆိုသမျှကို ကျနသေချာစွာ ဆောင်ရွက်ခဲ့စစ်လျှင်ပင်၊ စာသင်သားတို့များစွာ အခြေပါဒရသည်၊ သည်ကတက်သော်၊ သရုပ်ခွဲနှင့်တကွ ဝီထိသင်္ဂဟ၊ ဘုံ့ပုဂ္ဂိုလ်စိတ်ရ ခြောက်နည်းတို့ကို ကျေပွန်စွာ ရလျှင်၊ ယမိုက်ဆယ်ကျမ်း ကုန်သည်တိုင်အောင်၊ ညဝါဒ္ဒ လွယ်ကာတကူ သွားနိုင်သည်၊ သည်ကတက်သော်၊ ၂၄-ပစ္စည်းအနက်၊ သရုပ်ခွဲ၊ ပစ္စည်းပြိုင်တို့နှင့်တကွ၊ သုံးချက်စုကို ကျေပွန်အောင် ဆောင်ရွက် ခဲ့ခြမ်းလျှင်။ ပဋ္ဌာန်းညဝါဒ္ဒ ခက်ဆစ်ခက်ရာမရှိ၊ လွယ်လှတော့သည်၊ တတိယတွဲ၊ စတုတ္ထတွဲတို့၌၊ သမော၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဋီကာလာ၊ မှတ်ဘွယ်မှတ်ရာတို့ကို ပေါင်းကာချဉ်းချုံး၊ ဆုံးဖြတ်စုထားအပ်သည်ဖြစ်၍၊ တရားစကား ပြောဟောလိုသော မမ္မ-ကထိကပုဂ္ဂိုလ်တို့လည်း လိုရာတရားကို နုတ်ယူ ဟောကြားလွယ်သည်၊ တရားကျင့်လိုသော အရညဝါသီ ယောဂီသူမွန် သီလဝန်ပုဂ္ဂိုလ်များလည်း၊ စရိုက်အားလျော်စွာ၊ လိုရာကမ္မဋ္ဌာန်းကို စီးဖြန်း၍ မဂ်လမ်း ဖိုလ်ပေါက် နိဗ္ဗာန်ရောက်လွယ်လှသည်ဖြစ်၍။ ဂါမဝါသီ အရညဝါသီ၊ လူကြီးလူငယ်တို့နှင့်ပင်၊ သင့်လျော်လျောက်ပတ်လှသည်နှင့်၊ ဆရာတော်ဘုရား၏ တပည့် ဒါယကာ သဟာ မိတ်ဆွေအပေါင်းတို့၊ ကောင်းမွန်လွယ်ကူ၊ ကြည်ဖြူသဒ္ဒါ၊ ညီညာဖျဖျ၊ ဥဿာဟဖြင့်၊ ထောက်မ ကူညီကြ၍၊ ၁၂၅၃-ခုနှစ် နယုန်လပြည့်ကျော် ၁၀-ရက် အင်္ဂါနေ့တွင်၊ ကျွန်တော်တို့ မန္တလေးအဆွေ သတင်းစာတိုက်က ကောင်းမွန်သေချာစွာ စက်တင် ပုံနှိပ် လုပ်ဆောင် ပြီးစီးပါသည်။

ပရမတ်တတ်လို။စာသင်ပျိုတို့။ သဖြိုဟ်မိပ္ပာယ်၊
ဆန်းတကျယ်ကုံ။သိလွယ်စေချင်။ဆောင်ရတင်နှင့်။အခ
ရညဝါ။မြိုင်သာတန်ဥွန့်။ ယောဂီမွန်တို့။ ဒွားသွန်
ငန်းငန်း။လိုလိုရာရာ။ ဘာဝနာကို။ယူကာ
မှန်း၍။ စီးဖြန်းပါစေ၊ မေတ္တာဇွေ
လျှက်။စာနေဝါကျ။သင်ခေ်
ပဖြင့်။အဋ္ဌနက်
ကျယ်။
အဓိပ္ပါယ်ကို။မှတ်
လွယ်ကြအောင်။ဗိတ်ရည်
ဆောင်၍။တောင်မန္တလာ။မြို့ရှေ့
ညာဝယ်။သာယာသိုက်မြိုက်။မယ်တော်
တိုက်နှိုက်။ ယာပိုက်မျှကာ။ နေစဉ်ခါဝယ်။ မဟာ
ဝိသုဒ္ဓါရာမဆရာတော်ဘုရား။ရေးသားပြုဖြင် စီရင်တော်
မူအပ်သော

# ပရမတ္ထသရူပဘေဒနီ

ကျမ်း။

# PARAMATTHA SARUPA BHEDANI KYAM.

၁၂၅၃ခုနှစ်
နယုန်လအတွင်းစက်တင်ပုံနှိပ်၍ပြီးစီးအောင်မြင်သည်။

မန္တလေးမြို့။
မန္တလေးအဆွေသတင်းစာပုံနှိပ်တိုက်။
စာအုပ်ရေ [၃၀၀၀]

MANDALAY.
PRINTED AT THE "FRIEND OF MANDALAY" PRESS.
1891.

ပရမတ်တတ်လို၊ စာသင်ပျိုတို့၊ သပြိုဟ်ဓိပ္ပါယ်၊ ဆန်းတ
ကျယ်ကို၊ သိလွယ်စေချင်၊ ဆောင်ဝှတင်နှင့်၊ အရည
ဝါ၊ မြိုင်သာတန်ခွန်၊ ယောဂီပွန်တို့၊ အားသွန်ငန်း
ငန်း၊ လိုလိုရာရာ၊ ဘါဂနာကိုယူကာမှန်း
၍၊ စီးဖြန်းပါစေ၊ မေတ္တာဝေလျက်၊
စာနေဝါကျ၊ သင်္ခေပဖြင့်၊ အဋ္ဌ
နက်ကျယ်၊
အဓိပ္ပါယ်ကို၊ မှတ်
လွယ်ကြအောင်၊ စိတ်ရည်
ဆောင်၍၊ တောင်မန္တလာ၊ မြို့ရှေ့ညာ
ဝယ်၊ သာယာသိုက်မြိုက်၊ မယ်တော်တိုက်
| မဟာဘုတ်ပမာဏ အဆုံးအဖြတ် .... .... .... | ၄၆၉ |
| လဟုတာ စသည်တို့၏ လက္ခဏာစသည် .... .... .... | ၄၆၉ |
| လဟုတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၀ |
| မုဒုတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၀ |
| ကမ္မညတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၀ |
| ဝိကာရရုပ်သုံးပါးတို့ ထူးခြားပုံ .... .... .... | ၄၇၀ |
| ဓာတ်ချောက်ချားခြင်း (ဓာတုက္ခောဘ) ၂-မျိုး .... .... | ၄၇၁ |
| ဥပစယ-စသည်တို့၏ လက္ခဏာစသည် .... .... .... | ၄၇၁ |
| ဥပစယ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၂ |
| သန္တတိ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၂ |
| ဇာတိရုပ်မည်ပုံ .... .... .... | ၄၇၂ |
| အာစယ,ဥပစယ,သန္တတိအဆုံးအဖြတ် .... .... .... | ၄၇၃၊၄၇၄ |
| ဇရတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၄ |
| အနိစ္စတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၅ |

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| **ဝိညာဏ်=စိတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး** | .... | **၄၇၅၊၄၇၆** |
| ကုသိုလ်စိတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၇၆ |
| အကုသိုလ်စိတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး | .... | ၄၇၆ |
| ဒွေပဉ္စဝိညာဉ် ၁၀-ပါး၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | | ၄၇၆ |
| သမ္ပဋိစ္ဆိုင်း၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၇၇ |
| သန္တီရဏ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၇၇ |
| ပဉ္စဒွါရာဝဇ္ဇန်း၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၇၇ |
| မနောဒွါရာဝဇ္ဇန်း၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး | .... | ၇၇၀ |
| ဟသိတုပ္ပါဒ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၇၀ |
| **စေတသိက်တို့၏ လက္ခဏာစသည်များ** .... | .... | **၄၇၉** |
| သုခဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး.... | .... | ၄၇၉ |
| ဒုက္ခဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၀ |
| သောမနဿဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး | .... | ၄၀၀ |
| ဥပေက္ခာဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး | .... | ၄၀၀ |
| သညာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၁ |
| သင်္ခါရက္ခန္ဓာ ဖြစ်သော စေတသိက် ၅၀-တို့၏ လက္ခဏာ စသည် | .... | ၄၀၂ |
| ဖဿ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၂ |
| စေတနာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၂ |
| ဧကဂ္ဂတာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၃ |
| မနသိကာရ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၃ |
| ဝိတက်၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၄ |
| ဝိစာရ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၄ |
| အဓိမောက္ခ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၄ |
| ဝီရိယ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၅ |
| **ဝီရိယာရမ္ဘဝတ္ထု (ဝီရိယဖြစ်ကြောင်းဝတ္ထု) ၈-ပါး** .... | .... | **၄၀၅** |
| ပီတိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၆ |
| ပီတိ ၅-မျိုး .... .... | .... | ၄၀၆ |
| ဆန္ဒ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၆ |
| မောဟ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၆ |
| ဥဒ္ဓစ္စ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၇ |
| လောဘ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | .... | ၄၀၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဒိဋ္ဌိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး.... .... .... | ၄၇၇ |
| မာန, ဒေါသ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၇ |
| ဒေါသ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၉ |
| ဣဿာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၇၉ |
| မစ္ဆရိယ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၀ |
| ကုက္ကုစ္စ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၀ |
| ထိန, မိဒ္ဓ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၁ |
| မိဒ္ဓ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၁ |
| ဝိစိကိစ္ဆာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၂ |
| သဒ္ဓါ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၂ |
| သတိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၃ |
| **သောဘဏပန်ဖြစ်ကြောင်း ၄-ပါး** .... .... .... | ၄၈၃ |
| သတိ, မနသိကာရတို့၏ ပစ္စုပဋ္ဌာန်ချင်း ထူးခြားပုံ .... .... | ၄၈၄ |
| ဟိရီ, ဩတ္တပ္ပ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၄ |
| ဩတ္တပ္ပ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၄ |
| **လောကပါလတရား** .... .... .... | ၄၈၅ |
| အလောဘ, အဒေါသ၏ လက္ခဏာ စသည် .... .... .... | ၄၈၅ |
| အလောဘ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၅ |
| အဒေါသ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၅ |
| တတြမဇ္ဈတ္တတာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၆ |
| ပဿဒ္ဓိ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၆ |
| လဟုတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၇ |
| မုဒုတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၇ |
| ကမ္မညတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၇ |
| ပါဂုညတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၈ |
| ဥဇုကတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... | ၄၈၈ |
| ဝိရတိ ၃-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၉ |
| ကရုဏာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၄၈၉ |
| မုဒိတာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၅၀၀ |
| အမောဟ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး .... .... | ၅၀၀ |
| လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါးတို့ကို ဝေဖန်ပိုင်းခြား ကောက်ယူနည်း | ၅၀၁ |


ဗောဓိ ၂-(ဝ)—ပ-မ-ဗ-သ-စ

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဒိဋ္ဌိဝိသုဒ္ဓိ (အဓိပ္ပါယ်များ)** .... .... .... | **၅၀၂-၅၁၁** |
| ဒိဋ္ဌိဝိသုဒ္ဓိတရားကိုယ် .... .... .... | ၅၀၂ |
| နာမရူပ ပရိစ္ဆေဒဉာဏ်ဖြစ်ပုံ .... .... .... | ၅၀၂ |
| ဒိဋ္ဌိဝိသုဒ္ဓိကို ရရှိပုံ .... .... .... | ၅၀၂ |
| **ရုပ်မှစ၍ပွါးရခြင်း** .... .... .... | **၅၀၃** |
| ဓာတ် ၄-ပါးအစွမ်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြားခြင်း .... .... | ၅၀၃ |
| ဓာတ် (၁၈-ပါး) အားဖြင့် ပိုင်းခြားခြင်း .... .... .... | ၅၀၃ |
| အာယတနအားဖြင့် ပိုင်းခြားခြင်း .... .... .... | ၅၀၄ |
| ခန္ဓာအားဖြင့် ပိုင်းခြားခြင်း .... .... .... | ၅၀၄ |
| အကျဉ်းနည်းအားဖြင့် ပိုင်းခြားခြင်း .... .... .... | ၅၀၄ |
| ဣန္ဒြေ စသော အားဖြင့် နာမ်ရုပ်ကို ပိုင်းခြားခြင်း .... .... | ၅၀၄ |
| နာမ် မထင်သေးက ရုပ်ကိုသာ သိမ်းဆည်းအပ်ခြင်း .... .... | ၅၀၄ |
| **နာမ်၏အခြေခံ ဖုသန စသော အခြင်းအရာ ၃-ပါး ထင်လာပုံ** .... | **၅၀၅** |
| သုတ္တန်နည်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြားဆင်ခြင်ခြင်း .... .... | ၅၀၆ |
| ယထာဘူတ ဒဿန မည်ပုံ .... .... .... | ၅၁၀ |
| ဒိဋ္ဌိဝိသုဒ္ဓိ မည်ပုံ .... .... .... | ၅၁၀ |
| ဆရာ့ဆရာ အလို ပွါးများနည်း (ဒိဋ္ဌိဝိသုဒ္ဓိ) .... .... | ၅၁၀ |
| **ကင်္ခါဝိတရဏ ဝိသုဒ္ဓိ (အဓိပ္ပါယ်များ)** .... .... .... | **၅၁၁** |
| ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပုံ .... .... .... | ၅၁၁ |
| ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပွါးများပုံ .... .... .... | ၅၁၁ |
| ရုပ်၏အကြောင်းကို ရှေးဦးစွာ သိမ်းဆည်းခြင်း .... .... | ၅၁၂ |
| နာမ်၏အကြောင်းကို သိမ်းဆည်းခြင်း .... .... .... | ၅၁၂ |
| အတိတ်, အနာဂတ်, ရုပ်နာမ်အကြောင်း မြင်ခြင်း .... .... | ၅၁၂ |
| **ယုံမှားခြင်း ၁၆-ပါး ပျောက်ခြင်း** .... .... .... | **၅၁၃** |
| အတိတ်၌ ယုံမှားခြင်း ၅-ပါး .... .... .... | ၅၁၃ |
| အနာဂတ်၌ ယုံမှားခြင်း ၅-ပါး .... .... .... | ၅၁၄ |
| ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး .... .... .... | ၅၁၄ |
| ရုပ်နာမ်၏ အကြောင်းများ .... .... .... | ၅၁၄ |
| သာဓာရဏ အကြောင်း .... .... .... | ၅၁၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အသင်္ခတရဏ အကြောင်း | ၅၁၄ |
| ပဋ္ဌာနနည်းဖြင့် နာမ်,ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်း | ၅၁၅ |
| အနုလုံနည်းဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်း | ၅၁၅ |
| ဝဋ် ၂-ပါးဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်စေခြင်း | ၅၁၅ |
| ရုပ်နာမ်များ စုတိပဋိသန္ဓေအားဖြင့် ထင်ရှားပုံ | ၅၁၉ |
| **ပရိညာ ၃-ပါးတို့၏ ဖြစ်ရာဘုံ** | ၅၂၀ |
| ဉာတပရိညာ မည်ပုံ | ၅၂၀ |
| တီရဏပရိညာ မည်ပုံ | ၅၂၀ |
| ပဟာန ပရိညာ မည်ပုံ | ၅၂၀ |
| ဉာတပရိညာ ဖြစ်လာပုံ | ၅၂၁ |
| ကင်္ခါဝိတရဏ ဝိသုဒ္ဓိ မည်ပုံ | ၅၂၁ |
| **ဓမ္မဋ္ဌိတိဉာဏ်** | ၅၂၂ |
| သမ္မသနဉာဏ်သို့ရောက်ပုံ | ၅၂၃ |
| လက္ခဏာ ၃-တန် ဆင်ခြင်ဟန် | ၅၂၃ |
| ဝိပဿနာ အခြေခံ ဉာဏ် ၂-ပါး | ၅၂၃ |
| ဝိပဿနာ အခြေခံ ဉာဏ် ၂-ပါး ရသူကို စူဠသောတာပန် ခေါ်ရခြင်း | ၅၂၄ |
| **မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ** | ၅၂၅ |
| မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတရားကိုယ် | ၅၂၅ |
| **ဝိပဿနာပွါးပုံ** | ၅၂၅ |
| ခန္ဓာ၌ ပွါးများပုံ | ၅၂၆ |
| ဒွါရစသည်၌ ပွါးများပုံ | ၅၂၆ |
| ကောဋ္ဌာသပေါင်း ၂၃-ပါး | ၅၂၇ |
| သမ္မသန ဝါရပေါင်း | ၅၂၇ |
| တမျိုးတဖုံ (ရုပ်နာမ်ကို) နှလုံးသွင်းခြင်း | ၅၂၇ |
| ဆရာ့ ဆရာ အလို ဆင်ခြင်ပုံ (ခန္ဓာ ငါးပါးကို) | ၅၂၈ |
| ရုပ်၌ ခြင်းရာ ၄၀-တို့ ဖြစ်ပွါးပုံ | ၅၂၉ |
| အနိစ္စာ နုပဿနာ ၁၀-ပါး | ၅၂၉ |
| ဒုက္ခာနုပဿနာ ၂၅-ပါး | ၅၃၀ |
| အနတ္တာ နုပဿနာ ၅-ပါး | ၅၃၁ |
| နာမ်ခန္ဓာ ၄-ပါးတို့၌ ခြင်းရာ ၄၀-ဖြင့် ဆင်ခြင်ပုံ | ၅၃၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| သမ္မာသနုဉာဏ်နှစ်ရာ .... .... .... | ၅၃၂ |
| သုံးသပ်ဆင်ခြင်ရကျိုး (ခန္ဓာ ၅-ပါးကို) .... .... .... | ၅၃၂ |
| ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ခြင်း .... .... .... | ၅၃၂ |
| ဣန္ဒြေထက်မြက်စေသော ခြင်းရာကိုးပါးဖြင့် ပွါးများပုံ .... | ၅၃၂ |
| **ရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ** .... .... .... | ၅၃၃ |
| ကမ္မဇရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ .... .... .... | ၅၃၄ |
| စိတ္တဇ ရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ .... .... .... | ၅၃၅ |
| ရုပ်ကို မဖြစ်စေနိုင်သော စိတ်များ .... .... .... | ၅၃၆ |
| ဥတုဇ ရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ .... .... .... | ၅၃၇ |
| အာဟာရဇ ရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ .... .... .... | ၅၃၈ |
| ဩဇရုပ်၏ အစွမ်းသတ္တိ .... .... .... | ၅၃၉ |
| ဥတုဇရုပ် စတင် ဖြစ်ပေါ်ခြင်း .... .... .... | ၅၃၉ |
| စိတ္တဇရုပ် စတင် ဖြစ်ပေါ်ခြင်း .... .... .... | ၅၄၀ |
| အာဟာရဇရုပ် စတင် ဖြစ်ပေါ်ခြင်း .... .... .... | ၅၄၀ |
| **နာမ်တို့၏ ဖြစ်ဟန်ကို ရှုပုံ** .... .... .... | ၅၄၁ |
| **ရူပသတ္တက တို့၏ အစွမ်းဖြင့် သုံးသပ်ပုံ** .... .... .... | ၅၄၁ |
| အာဒါန,နိက္ခေပန အားဖြင့် လက္ခဏာရေး တင်ပုံ .... .... | ၅၄၂ |
| အနိစ္စ ဖြစ်ပုံ .... .... .... | ၅၄၂ |
| ဒုက္ခ ဖြစ်ပုံ .... .... .... | ၅၄၃ |
| အနတ္တ အစိုးမရပုံ .... .... .... | ၅၄၃ |
| ဝယောဝုဍ္ဎတ္ထင်္ဂမအားဖြင့် လက္ခဏာရေး တင်ပုံ .... .... | ၅၄၄ |
| "သုံးပါးသက်ရွယ်"အစချီသော အကျဉ်းချုပ်လင်္ကာ .... | ၅၄၆ |
| အာဟာရမယရုပ်ကို လက္ခဏာရေး တင်ပုံ .... .... .... | ၅၄၇ |
| ဥတုမယရုပ်ကို လက္ခဏာရေး တင်ပုံ .... .... .... | ၅၄၇ |
| ကမ္မဇရုပ်ကို လက္ခဏာရေး တင်ပုံ .... .... .... | ၅၄၇ |
| စိတ္တသမုဋ္ဌာနရုပ်ကို လက္ခဏာရေး တင်ပုံ .... .... .... | ၅၄၈ |
| ဓမ္မတာရုပ်ကို လက္ခဏာရေး တင်ပုံ .... .... .... | ၅၅၁ |
| **အရူပသတ္တက=နာမ်၌ရှုပုံ ၇-မျိုး** .... .... .... | ၅၅၁ |
| ကလာပ်အားဖြင့် သုံးသပ်ပုံ .... .... .... | ၅၅၂ |
| အစုံအစုံအားဖြင့် သုံးသပ်ပုံ .... .... .... | ၅၅၂ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ခဏိကအားဖြင့်ရှုပုံ .... .... .... | ၅၅၃ |
| အစဉ်အားဖြင့် သုံးသပ်ပုံ .... .... .... | ၅၅၃ |
| ဒိဋ္ဌိ,မာန,တဏှာကို ပယ်ဖြတ်သောအားဖြင့် သုံးသပ်ပုံ .... | ၅၅၄ |
| **မဟာဝိပဿနာ ၁၈-ပါး** .... .... .... | **၅၅၅** |
| မဟာဝိပဿနာ ၁၈-ပါးကို အကျဉ်းချုံးပြခြင်း .... .... | ၅၅၈ |
| ကလာပသမ္မသနဉာဏ် မည်ခြင်းအကြောင်း .... .... | ၅၅၈ |
| ဥဒယဗ္ဗယဉာဏ် .... .... .... | ၅၅၉ |
| အကျဉ်းအားဖြင့် ဖြစ်,ပျက်ရှုပုံ .... .... .... | ၅၅၉ |
| ပစ္စုပ္ပန်ခန္ဓာငါးပါး၌ အဖြစ်,အပျက် ရှုပုံ .... .... .... | ၅၆၀ |
| ဥဒယမည်ပုံ .... .... .... | ၅၆၀ |
| ဝယမည်ပုံ .... .... .... | ၅၆၀ |
| ဖြစ်,ပျက်ကို အကျယ်အားဖြင့် ရှုပုံ .... .... .... | ၅၆၁ |
| ရုပ်၌ ဥဒယဗ္ဗယလက္ခဏာ ၁၀-ပါး .... .... .... | ၅၆၁ |
| နာမ်ခန္ဓာ ၄-ပါး၌ ဥဒယဗ္ဗယလက္ခဏာ ၁၀-ပါးစီ .... .... | ၅၆၁ |
| ရုပ်၌ ဥဒယလက္ခဏာ ၅-ပါး .... .... .... | ၅၆၂ |
| အာဟာရကိုသာ ယူခြင်းအကြောင်း .... .... .... | ၅၆၂ |
| ရုပ်၌ ဝယလက္ခဏာ ၅-ပါး .... .... .... | ၅၆၃ |
| ဥဒယဗ္ဗယဉာဏ် ရင့်သန်လျှင် ထင်ရှားလာသော တရားများ .... | ၅၆၅ |
| **ဝိပဿနုပက္ကိလေသ ၁၀-ပါး** .... .... .... | **၅၆၈** |
| ဩဘာသ (ဥပက္ကိလေသ) .... .... .... | ၅၆၈ |
| ပီတိ .... .... .... | ၅၆၈ |
| ပဿဒ္ဓိ .... .... .... | ၅၆၉ |
| အဓိမောက္ခ .... .... .... | ၅၇၀ |
| ပဂ္ဂဟ .... .... .... | ၅၇၀ |
| သုခ .... .... .... | ၅၇၀ |
| ဉာဏ .... .... .... | ၅၇၀ |
| ဥပဋ္ဌာန .... .... .... | ၅၇၀ |
| ဥပေက္ခာ .... .... .... | ၅၇၀ |
| နိကန္တိ .... .... .... | ၅၇၁ |
| ဥပက္ကိလေသတရား .... .... .... | ၅၇၁ |
| ဂါဟ ၃-ပါး .... .... .... | ၅၇၁ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| မဂ္ဂ, အမဂ္ဂကို ပိုင်းခြားသိပုံ .... .... .... | ၃၄၁ |
| သစ္စာ ၃-ပါးကို ပိုင်းခြားသိခြင်း .... .... .... | ၃၄၂ |
| **ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** .... .... .... | **၃၄၃** |
| ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တရားကိုယ် .... .... .... | ၃၄၃ |
| လက္ခဏာရေး ၃-ပါး ထင်ရှားမှု မထင်ရှားမှု .... .... | ၃၄၃ |
| အနိစ္စစသည် မည်ပုံ .... .... .... | ၃၄၄ |
| ဘင်္ဂါနုပဿနာဉာဏ် .... .... .... | ၃၄၆ |
| အပျက်ကိုသာ မြင်သောဉာဏ် .... .... .... | ၃၄၆ |
| ဥပ္ပါဒစသည် အဓိပ္ပါယ် .... .... .... | ၃၄၆ |
| ဘင်ဉာဏ်ဖြစ်ပေါ်ခြင်း .... .... .... | ၃၄၆ |
| နိစ္စသညာ စသည်ကို ပယ်စွန့်ခြင်း .... .... .... | ၃၄၆ |
| ဘင်ဉာဏ် ထက်သန်အားရှိခြင်း .... .... .... | ၃၄၇ |
| ပဋိသင်္ခါနုပဿနာ .... .... .... | ၃၄၇ |
| ဘင်္ဂါနုပဿနာ .... .... .... | ၃၄၇ |
| အဓိပညာဝိပဿနာ .... .... .... | ၃၄၈ |
| ဒိဋ္ဌိကြောင့် မတုန်လှုပ်ခြင်း .... .... .... | ၃၄၈ |
| **ဘင်ဉာဏ်၏အကျိုး ၈-ပါး** .... .... .... | **၃၄၉** |
| ဘယတုပဋ္ဌာနဉာဏ် .... .... .... | ၃၅၀ |
| ဘယဉာဏ် .... .... .... | ၃၅၀ |
| ဘယဉာဏ်ရှင်းချက် .... .... .... | ၃၅၁ |
| အာဒီနဝါနုပဿနာဉာဏ် .... .... .... | ၃၅၂ |
| ခေတ်ကြီး ၄-ပါး မြေ ၄-စင်းနှင့်တူပုံစသည် .... .... | ၃၅၃ |
| ၁၂-ဝါရ (အာဒီနဝဉာဏ်ဖြစ်ပုံအခြင်းအရာ) .... .... | ၃၅၃ |
| အာဒီနဝဉာဏ် ၁၅-ပါး .... .... .... | ၃၅၄ |
| သန္တိပဒဉာဏ် ၁၅-ပါး .... .... .... | ၃၅၄ |
| ယမကဉာဏ် ၁၅-ပါး .... .... .... | ၃၅၄ |
| ဝတ္ထု ၁၀-ပါး .... .... .... | ၃၅၅ |
| အာဒီနဝဉာဏ်ဖြစ်ကြောင်း ၅-ပါး .... .... .... | ၃၅၆ |
| အာမိသ ၃-ပါးနှင့် အရကောက် .... .... .... | ၃၅၇ |
| နိဗ္ဗိဒါနုပဿနာဉာဏ် .... .... .... | ၃၅၇ |
| ဥပမာ ၃-မျိုး .... .... .... | ၃၅၇ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဉာဏ် ၃-ပါးတူပုံနှင့် ထူးပုံ | ၅၇၇ |
| မုဉ္စိတုကမျတာဉာဏ် | ၅၇၇ |
| ဥပမာ ၁၁-မျိုး | ၅၇၇ |
| ပဋိသင်္ခါဉာဏ် | ၅၇၈ |
| မြွေဟောက်တွေ့သော တံငါ ဥပမာ | ၅၇၈ |
| သင်္ခါရုပေက္ခာဉာဏ် | ၅၈၀ |
| အဘို့ ၂-ပါးဖြင့် (သင်္ခါရတရားကို) ဆင်ခြင်ခြင်း | ၅၈၀ |
| အဘို့ ၄-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၀ |
| အခြင်းအရာ ၆-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၁ |
| အခြင်းအရာ ၈-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၂ |
| အခြင်းအရာ ၁၀-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၃ |
| အခြင်းအရာ ၁၂-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၄ |
| အခြင်းအရာ ၄၂-ပါးဖြင့် ဆင်ခြင်ခြင်း | ၅၈၄ |
| အခြင်းအရာ ၄၂-ပါး ရေတွက်ပုံ | ၅၈၅ |
| သုညတာ ထင်ပုံ | ၅၈၅ |
| သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ခြင်း | ၅၈၆ |
| အနုလောမဉာဏ် | ၅၈၉ |
| နိဗ္ဗာန်သို့ ဝင်ခြင်း | ၅၈၉ |
| ဝိမောက္ခ မုခ ၃-ပါး | ၅၇၈ |
| အနိမိတ္တ ဝိမောက္ခ မုခ | ၅၈၇ |
| အပ္ပဏိဟိတ ဝိမောက္ခ မုခ | ၅၈၇ |
| သုညတ ဝိမောက္ခ မုခ | ၅၈၈ |
| အနုပဿနာ ၃-ပါးတို့ ဝိမောက္ခ မည်ပုံ | ၅၈၈ |
| အနိမိတ္တ ဝိမောက္ခ အမည်မရခြင်း (မဂ်၏) | ၅၈၈ |
| ကေစိဝါဒ (အနိမိတ္တ ဝိမောက္ခ မမည်ပုံ) | ၆၀၀ |
| ဝိမောက္ခ အမည်ရခြင်း အကြောင်း ၅-ပါး | ၆၀၀ |
| အရိယာပုဂ္ဂိုလ် ၇-မျိုး | ၆၀၃ |
| သဒ္ဓါနုသာရီ ပုဂ္ဂိုလ် | ၆၀၃ |
| သဒ္ဓါဝိမုတ္တ ပုဂ္ဂိုလ် | ၆၀၃ |
| ကာယသက္ခိ ပုဂ္ဂိုလ် | ၆၀၄ |
| ဥဘတော ဘာဂ ဝိမုတ္တ ပုဂ္ဂိုလ် | ၆၀၄ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ထေရဝါဒ (ဥဘတော ဘာဂ ဝိမုတ္တ မည်ပုံ) | ၆၀၅ |
| ဓမ္မာနုသာရီ ပုဂ္ဂိုလ် | ၆၀၅ |
| ဒိဋ္ဌိပ္ပတ္တ ပုဂ္ဂိုလ် | ၆၀၅ |
| ပညာ ဝိမုတ္တ ပုဂ္ဂိုလ် | ၆၀၅ |
| အရိယာ ပုဂ္ဂိုလ် ၇-ယောက်၌ အဆုံးအဖြတ် | ၆၀၆ |
| **သိဒ္ဓိပတ္တ မည်သော ဉာဏ် ၃-ပါး** | **၆၀၇** |
| ဝုဋ္ဌာနဂါမိနီလည်း မည်ခြင်း | ၆၀၇ |
| ပုဂ္ဂိုလ် ၈-ယောက် | ၆၀၇ |
| ပုဂ္ဂိုလ် ၁၆-ယောက် | ၆၀၈ |
| တပြိုင်နက် ခန္ဓာ ၅-ပါးမှ ထမြောက်ပုံ | ၆၀၈ |
| ပုဂ္ဂိုလ် ၉-ယောက် | ၆၀၉ |
| ဘယဉာဏ်အတွက် ဥပမာ ၁၂-မျိုး | ၆၀၉ |
| လင်းနို့ ဥပမာ | ၆၁၀ |
| ရေမြွေဟောက် ဥပမာ | ၆၁၀ |
| အိမ် ဥပမာ စသည် ၄-မျိုး | ၆၁၀ |
| အစာမွတ်သူ ဥပမာ စသည် ၆-မျိုး | ၆၁၀ |
| ဗောဇ္ဈင် စသည်တို့ အထူးပြုပုံ | ၆၁၁ |
| ထေရဝါဒ ပြဆိုချက် | ၆၁၁ |
| အထူး၏ အဓိပ္ပါယ်(ဗောဇ္ဈင်, မဂ္ဂင်, ဈာန်၌) | ၆၁၂ |
| ပဋိပဒါနှင့် အဘိညာ | ၆၁၂ |
| ဒုက္ခပဋိပဒါ မည်ပုံ | ၆၁၂ |
| သုခ ပဋိပဒါ မည်ပုံ | ၆၁၂ |
| မဟာဋီကာအလို (ပဋိပဒါ အဆုံးအဖြတ်) | ၆၁၂ |
| ခိပ္ပါဘိညာနှင့် ဒန္ဓာဘိညာ မည်ပုံ | ၆၁၃ |
| မဂ်အပြား ၄-ပါး | ၆၁၃ |
| **အနုလောမဉာဏ်** | **၆၁၃** |
| အနုလောမဉာဏ် မည်ခြင်းအကြောင်း | ၆၁၄ |
| **ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမည်များ** | **၆၁၅၊၆၁၆** |
| **ဉာဏဒဿန ဝိသုဒ္ဓိ** | **၆၁၇** |
| ဂေါတြဘူကိစ္စတပ်ပုံ | ၆၁၇ |
| ဂေါတြဘူမည်ခြင်းအကြောင်း | ၆၁၈ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **ဂေါတြဘူဉာဏ် နိဗ္ဗာန်မြင်ခြင်း .... .... ....** | **၆၁၈** |
| သောတာပတ္တိမဂ်ဉာဏ် .... .... .... | ၆၁၉ |
| သောတာပတ္တိမဂ်၏အကျိုး .... .... .... | ၆၁၉ |
| သောတာပတ္တိဖိုလ် .... .... .... | ၆၂၀ |
| ပစ္စဝေက္ခဏာဝီထိ ၅-ပါး .... .... .... | ၆၂၀ |
| အထက်မဂ် ၃-ပါး .... .... .... | ၆၂၀ |
| ဝေါဒါန် (မည်ပုံ) .... .... .... | ၆၂၁ |
| အရဟတ္တဖိုလ်နောင် ပစ္စဝေက္ခဏာ ၄-ဝီထိ.... .... .... | ၆၂၁ |
| **ရဟန္တာ၏ ဂုဏ်ကျေးဇူး .... .... ....** | **၆၂၁** |
| ဉာဏဒဿနဝိသုဒ္ဓိ၏ ဂုဏ်ငါးပါး .... .... .... | ၆၂၂ |
| ဗောဓိပက္ခိယ .... .... .... | ၆၂၂ |
| ဗောဓိပက္ခိယ၌ စျာန်တရား မပါဝင်ခြင်းအကြောင်း .... .... | ၆၂၄ |
| မဂ်ဖိုလ်စိတ္တုပ္ပါဒ်၌ရသော ဗောဓိပက္ခိယတရားများ .... .... | ၆၂၄ |
| မဂ်၏ဝုဋ္ဌာနအမည်ရပုံ .... .... .... | ၆၂၅ |
| ဗလ ၂-ပါး .... .... .... | ၆၂၅ |
| မဂ် ၄-ပါးနှင့် ပယ်အပ်သောတရားများ .... .... .... | ၆၂၆ |
| **ဥပ္ပန္န၄ပါးနှင့် မဂ်ဖြင့်ပယ်အပ်သောဥပ္ပန္န .... .... ....** | **၆၂၇** |
| ပယ်အပ်မပယ်အပ်သော ဥပ္ပန္န .... .... .... | ၆၂၈ |
| ဆီမီး,နေ,လှေ ဥပမာနှင့် မဂ်ကိစ္စ ၄-ပါး .... .... .... | ၆၂၈ |
| မဂ်ဉာဏ်က မဂ္ဂသစ္စာကို ပွါးစေပုံ .... .... .... | ၆၂၉ |
| သစ္စာ ၄-ပါးကို ၁၆-ပါးသောအခြင်းအရာဖြင့်သိပုံ .... .... | ၆၂၉ |
| မဂ်ကိစ္စ ၄-ပါး အကျယ် ဆုံးဖြတ်ချက် .... .... .... | ၆၃၁ |
| သစ္စာ ၄-ပါး၏ ကိစ္စအသီးသီး .... .... .... | ၆၃၁ |
| **ပရိညာကိစ္စ ၃-ပါး .... .... ....** | **၆၃၂** |
| ဉာတပရိညာ (၏ဖြစ်ရာဘုံ) .... .... .... | ၆၃၂ |
| တီရဏပရိညာ (၏ဖြစ်ရာဘုံ) .... .... .... | ၆၃၂ |
| ပဟာနပရိညာ (၏ဖြစ်ရာဘုံ) .... .... .... | ၆၃၂ |
| **ပဟာန် ၃-ပါး .... .... ....** | **၆၃၃** |
| ဝိက္ခမ္ဘနပဟာန် .... .... .... | ၆၃၃ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| တဒင်္ဂပဟာန် | ၆၃၃ |
| သမုစ္ဆေဒပဟာန် | ၆၃၃ |
| **သစ္ဆိကိရိယာ ၃-ပါး** | **၆၃၃** |
| **ဘာဝနာ ၂-ပါး** | **၆၃၃** |
| **ပညာဘာဝနာနိသံသ** | **၆၃၄** |
| ဖိုလ်ဝင်စားပုံ | ၆၃၅ |
| ဖိုလ်ချမ်းသာ | ၆၃၆ |
| **နိရောဓသမာပတ်ဖြစ်ကြောင်း ၅-ပါး** | **၆၃၇** |
| နိရောဓသမာပတ်ဝင်စားပုံ | ၆၃၇ |
| နိရောဓသမာပတ်၏ ပုဗ္ဗကိစ္စ ၄-ပါး | ၆၃၈ |
| နာနာဗဒ္ဓ အဝိကောပန | ၆၃၈ |
| သံဃပဋိမာနန | ၆၄၀ |
| သတ္ထု ပက္ကောသန | ၆၄၀ |
| အဒ္ဓါန ပရိစ္ဆေဒ | ၆၄၁ |
| အဒ္ဓါန ပရိစ္ဆေဒ မဆင်ခြင်ခြင်း၏ အပြစ် | ၆၄၁ |
| ပုဗ္ဗကိစ္စ ၄-ပါး မပြုခြင်း၏ အပြစ် | ၆၄၂ |
| သင်္ခါရ ၃-ပါး | ၆၄၃ |
| ဗလ ၂-ပါး | ၆၄၃ |
| ဉာဏစရိယာ ၁၆-ပါး | ၆၄၄ |
| သမာဓိစရိယာ ၉-ပါး | ၆၄၄ |
| ဝသီဘာဝ ၅-ပါး | ၆၄၄ |
| နိရောဓသမာပတ်၏ တည်ပုံ ထပုံ စိတ်ညွတ်ပုံ | ၆၄၄ |
| နိရောဓသမာပတ်သည် နိပ္ဖန္နသာ | ၆၄၄ |
| နိရောဓသမာပတ်ကို ဒိဋ္ဌဓမ္မ နိဗ္ဗာန်ဟု ဆိုရခြင်း | ၆၄၅ |
| ကိလေသာတို့ကို အဆင့်ဆင့်ပယ်ပုံ | ၆၄၆ |
| သတ္တက္ခတ္တု ပရမသောတာပန် | ၆၄၇ |
| ၇-ဘဝယူပုံ အဆုံးအဖြတ် | ၆၄၇ |
| ကောလံ ကောလ သောတာပန် | ၆၄၈ |
| ဧကဗီဇီ သောတာပန် | ၆၄၈ |
| သောတာပန် ၃-မျိုး ဖြစ်ကြောင်း | ၆၄၈ |

| အကြောင်းအရာ | | | | စာမျက်နှာ |
|---|---|---|---|---|
| သောတာပန် အပြား | .... | .... | .... | ၆၄၈ |
| သကဒါဂါမ် ၅-မျိုး | .... | .... | .... | ၆၄၉ |
| သကဒါဂါမ် အပြား | .... | .... | .... | ၆၄၉ |
| အနာဂါမ် ၅-ယောက် | .... | .... | .... | ၆၄၉ |
| ဥဒ္ဒံသောတ အကနိဋ္ဌဂါမိ အနာဂါမ် ၄-မျိုး | | .... | .... | ၆၅၁ |
| အနာဂါမ် အပြား | .... | .... | .... | ၆၅၁ |
| ရဟန္တာ ၅-ပါး | .... | .... | .... | ၆၅၁ |
| ရဟန္တာ အပြား | .... | .... | .... | ၆၅၂ |
| အရိယာပုဂ္ဂိုလ် အကျယ်ပြ သင်္ဂဟလင်္ကာ | .... | .... | .... | ၆၅၂ |
| သတိပေး ဆုံးမစကား | .... | .... | .... | ၆၅၂ |
| ဥယျောဇဉ် | .... | .... | .... | ၆၅၃ |
| နိဂုံး ဆုတောင်း | .... | .... | .... | ၆၅၄ |
| ကျမ်းအမည် | .... | .... | .... | ၆၆၀ |
| ကျမ်းပြီး သက္ကရာဇ် | .... | .... | .... | ၆၆၀ |

| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ဧကဇကောဋ္ဌာသဥ္စ်ရသော ကလာပ်ပေါင်း.... .... .... | ၆၈၈ |
| ဒွိဇကောဋ္ဌာသ၌ ရသော ကလာပ်ပေါင်း .... .... .... | ၆၈၉ |
| စတုဇကောဋ္ဌာသ၌ ရသော ကလာပ်ပေါင်း .... .... | ၆၈၉ |
| မံသကောဋ္ဌာသ၌ ရသော ရုပ်ကလာပ် .... .... .... | ၆၉၀ |
| တကိုယ်လုံး၌ ရသော ကလာပ်ပေါင်း .... .... .... | ၆၉၀ |
| **အသင်္ချေယျကပ် ၄-ကပ်** .... .... .... | ၆၉၁ |
| သံဝဋ္ဋကပ် .... .... .... | ၆၉၁ |
| သံဝဋ္ဋဋ္ဌာယီကပ် .... .... .... | ၆၉၁ |
| ဝိဝဋ္ဋကပ် .... .... ... | ၆၉၁ |
| ဝိဝဋ္ဋဋ္ဌာယီကပ် .... .... .... | ၆၉၁ |
| အန္တရကပ်(မည်ပုံ) .... .... .... | ၆၉၁ |
| အသင်္ချေယျကပ်(မည်ပုံ) .... .... .... | ၆၉၁ |
| မဟာကပ်(မည်ပုံ) .... .... .... | ၆၉၁ |
| သံဝဋ္ဋ ၃-မျိုး .... .... .... | ၆၉၁ |
| ကမ္ဘာပျက်သည့်အခါ သတ္တဝါအားလုံး ဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်း အကြောင်း .... .... .... | ၆၉၂ |
| ပုဗ္ဗေနိဝါသ သိမြင်ပုံ .... .... .... | ၆၉၃ |
| ပုဗ္ဗေနိဝါသ(မည်ပုံ) .... .... .... | ၆၉၃ |
| **ပုဗ္ဗေနိဝါသ သိမြင်သူ ၆-ဦး** .... .... .... | ၆၉၃ |
| ၁။ တိတ္ထိ သိမြင်ပုံ .... .... .... | ၆၉၃ |
| ၂။ ပကတိသာဝက သိမြင်ပုံ .... .... .... | ၆၉၄ |
| စုတိပဋိသန္ဓေ ပြောင်းရွှေ့ကြည့်ပုံ .... .... | ၆၉၄ |
| ၃။ အသီတိ မဟာသာဝက သိမြင်ပုံ .... .... .... | ၆၉၄ |
| ၄။ အဂ္ဂသာဝက သိမြင်ပုံ .... .... .... | ၆၉၅ |
| ၅။ ပစ္စေကဗုဒ္ဓါ သိမြင်ပုံ .... .... .... | ၆၉၅ |
| ၆။ ဘုရားရှင် သိမြင်ပုံ .... .... .... | ၆၉၆ |
| **ဝီရိယဖြစ်ကြောင်း ဝတ္ထု ၈-ပါး** .... .... .... | ၆၉၆ |
| ၁။ ပြုလတ္တံ့သော အမှုကိစ္စ .... .... .... | ၆၉၆ |
| ၂။ ပြုခဲ့ပြီးသော အမှုကိစ္စ .... .... .... | ၆၉၆ |
| ၃။ သွားရလတ္တံ့သော လမ်းခရီး .... .... .... | ၆၉၇ |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ၄။ သွားခဲ့ပြီးသော လမ်းခရီး .... .... .... | ၆၉၇ |
| ၅။ အနည်းငယ်သောအနာရောဂါ(အနာရောဂါဖြစ်ခါစ) .... | ၆၉၇ |
| ၆။ အနာရောဂါမှ ပျောက်ကင်းကျန်းမာခါစ .... .... | ၆၉၇ |
| ၇။ ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံရခြင်း .... .... | ၆၉၇ |
| ၈။ ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံ မရခြင်း .... .... | ၆၉၈ |
| ကုသီတဝတ္ထု ၈-ပါး .... .... | ၆၉၈ |
| **နာမ်ထင်ရှားသည့်တိုင်အောင် ရုပ်ကို သိမ်းဆည်းအပ်ခြင်း ....** | **၆၉၈** |
| ကြေးမုံကြည့်သူ ဥပမာ .... .... | ၆၉၈ |
| ဆီပွတ်ယောကျ်ား ဥပမာ .... .... | ၆၉၉ |
| ရေကြည်စေလိုသူ ဥပမာ .... .... | ၆၉၉ |
| ကြံညှစ်သမား ဥပမာ .... .... | ၆၉၉ |
| နွားကြမ်းကိုဆုံးမသူ ဥပမာ .... .... | ၆၉၉ |
| သူခိုးကို စစ်ဆေးသော မင်းဥပမာ .... .... | ၇၀၀ |
| ဆီဥထောပတ်လိုသူ ဥပမာ .... .... | ၇၀၀ |
| ဟင်းချက်သူ ဥပမာ .... .... | ၇၀၀ |
| **အစွန် ၃-ပါး၌ ယုံမှားခြင်း, ယုံမှားခြင်း ၁၆-မျိုး .... ....** | **၇၀၀** |
| အတိတ်အစွန်း၌ ယုံမှားခြင်း ၅-ပါး .... .... | ၇၀၀ |
| အနာဂတ်အစွန်း၌ ယုံမှားခြင်း ၅-ပါး .... .... | ၇၀၁ |
| ပစ္စုပ္ပန်အစွန်း၌ ယုံမှားခြင်း ၆-ပါး .... .... | ၇၀၁ |
| တနည်း ယုံမှားခြင်း ၈-မျိုး .... .... | ၇၀၂ |
| ရဟန္တာဟု မိမိကိုယ်ကို ထင်မှတ်နေသည့် မဟာနာဂမထေရ်ကြီး.... | ၇၀၄ |
| ပုဂ္ဂိုလ် ၈-ယောက်, ၁၆-ယောက်, ၉-ယောက်တို့ကို ပြခြင်း .... | ၇၀၅ |
| အရိယာပုဂ္ဂိုလ် ၈-ယောက် ပြားပုံ .... .... | ၇၀၅ |
| အရိယာပုဂ္ဂိုလ် ၁၆-ယောက်ပြားပုံ .... .... | ၇၀၆ |
| အရိယာပုဂ္ဂိုလ် ၉-ယောက်ပြားပုံ .... .... | ၇၀၇ |
| **ဥပနိဿယ ၄-ပါး .... ....** | **၇၀၈** |
| ဥပနိဿယ ၄-ပါး အဓိပ္ပါယ်အကျယ် .... .... | ၇၀၈ |
| ဝတ္ထုမာနူပနိဿယ .... .... | ၇၀၈ |
| ဘူတာပကတူပနိဿယ .... .... | ၇၀၈ |
| သြကာသကတူပနိဿယ .... .... | ၇၀၈၊၇၀၉ |
| ဘူမိလဒ္ဓူပနိဿယ .... .... | ၇၀၈၊၇၀၉ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| မဂ်ပယ် ဥပ္ပန္န | .... | .... | ၇၁၀၊၇၁၂ |
| တနည်း ဥပ္ပန္န ၄-ပါး | .... | .... | ၇၁၁ |
| သမုဒါစာရုပ္ပန္န | .... | .... | ၇၁၁ |
| အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န | .... | .... | ၇၁၁ |
| အဝိက္ခမ္ဘိတုပ္ပန္န | .... | .... | ၇၁၁ |
| အသမူဟတုပ္ပန္န | .... | .... | ၇၁၁ |
| မှတ်သားဖွယ် အက္ခရာစဉ် | .... | .... | ၇၁၃ |
| ဂါထာသူစိ | .... | .... | ၇၇၃ |


ပရမတ္ထသရူပဘေဒနီကျမ်း ဒုတိယတွဲ

မာတိကာ ပြီး၏။

# ပရမတ္ထသရူပဘေဒနီကျမ်း

## ဒုတိယတွဲ

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၉-ကမ္မဋ္ဌာန်းပိုင်း

### ( ၁၄ - သမထနည်း )

### သီလဝိနိစ္ဆယ

ဣဒါနိ သမထနယော ဝုစ္စတေ။

**တရားအားထုတ်ကြရန် တိုက်တွန်းချက်။** ။ဇာတိကုလပုတ္တ အာစာရကုလပုတ္တ ဓမ္မမာမက လဇ္ဇီပေသလ သိက္ခာကာမ သံသာရဘယဘီရုက ဖြစ်ကြကုန်သော အမျိုးကောင်းသားတို့သည် ဘဝများစွာ သံသရာက ခါခါဖန်များ ခံစား၍မဝ စံစား၍အားမရနိုင်သော ခွေး, ဝက်, ကြက်, ငှက်, ခြ, ပရွက် တို့မှ မလွတ်ရသည့် သဗ္ဗသန္တက ဗဟုသာဓာရဏ လောကိယစည်းစိမ် လာဘ်လာဘဂုဏ်သိရ်ကို ချိုးနှိမ့်ခါ့တွက် ကိုယ်အသက်၌ ငဲ့ကွက်ညှာတာ ထောက်စာ မရှိ ပလိဗောဓကြီး ကိုးသွယ်[၁] ပလိဗောဓငယ်-အများတို့ကို ပယ်ရှားစွန့်ခွါလျက် လွန်စွာမဟေး ဇာတိဘေး စသည်တို့၏ ကင်းလွတ်ရာ ခေမာနဂရ အဘယပုရ အမတသာခေါင် မီးမလောင်

---

၁။ ပလိဗောဓ=(ကမ္မဋ္ဌာန်းဘာဝနာ ပွါးများအားထုတ်မှု၏)အနှောင့်အရှက်။

ပလိဗောဓကြီးကိုးသွယ်=အာဝါသစသော ပလိဗောဓ ၁၀-ပါးတွင် ဣဒ္ဓိပလိဗောဓမှ တပါး ကျန်သော ပလိဗောဓ ကိုးပါးသာလျှင် သမထဘာဝနာ၏ အနှောင့်အရှက် ဖြစ်သည်။ ပလိဗောဓ ၁၀-ပါး အားလုံးပင် ဝိပဿနာ၏ အနှောင့်အရှက်ဖြစ်သည်။

ပလိဗောဓ ၁၀-ပါး=၁-အာဝါသပလိဗောဓ၊ ၂-ကုလ ပလိဗောဓ၊ ၃-လာဘ၊ ၄-ဂဏ (အဖွဲ့-အုပ်စုဂိုဏ်း)၊ ၅-ကမ္မ (အမှုသစ်ကိစ္စ)၊ ၆-အဒ္ဓါန (ခရီးသွားခြင်း,ခရီးသွားလိုခြင်း)၊ ၇-ဉာတိ(ဆွေမျိုး)၊ ၈-အာဗာဓ(အနာရောဂါ)၊ ၉-ဂန္ထ(စာပေသင်ကြား,ပို့ချမှု)၊ ၁၀-ဣဒ္ဓိပလိဗောဓ။ (ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၁၊ နှာ-၈၆-၉၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ နှာ-၁၁၆-၁၁၉)

သည့် ငွေသောင်ကမ်းမ အနိမိတ္တ အပ္ပဏိဟိတ သုညတခေတ် အောင်ဇေယျာ ဥက္ကာဌ် ပြည်နိဗ္ဗူနန်းမြတ်သို့ ဖြောင့်မတ်စွာရောက်ကြောင်း ဆိပ်ကမ်းကောင်း တမျှ မင်းလမ်းမ ဥပမာ ဤဆိုလတ္တံ့သော သမထလမ်း၊ ဤဆိုလတ္တံ့သော ဆိပ်ကမ်းသို့ ကူးလှမ်းသက်ဆင်းကြ၍ ဘေးကင်းရာ ဧကန် မုချမှန်သော နိဗ္ဗာန် သောင်ရပ် မြေအောင်တပ်သို့ ချဉ်းကပ်လျှင်စွာ မကြာကူးမြောက် ဤ သာသနာတော်မြတ် မျက်မှောက်၌ပင် ရောက်အောင် ကြိုးကုတ် အားထုတ်နိုင် ကြပါစေကုန်သတည်း။

သမံ သမ္မာ စ ဧကတ္တံ၊ အာဓေတိ သမ္ပယုတ္တကေ။
သမာဓိ တဿာဝိက္ခေပေါ၊ ဝိက္ခေပဿ ဝိဓံသနံ။
အဝိကမ္ပနံ သုခန္တိ၊ ဝိညေယျာ လက္ခဏာဒယော[၁]။

**သမာဓိမည်ပုံ။** ။ယော ဓမ္မော၊ အကြင်တရားသည်။ သမ္ပယုတ္တကေ၊ ယှဉ်ဘက် တရားတို့ကို။ သမံ စ၊ အညီအညွတ်ရင်း။ သမ္မာ စ၊ မဖောက် မပြန် ဖြောင့်မှန်စွာရင်း။ ဧကတ္တံ၊ ကသိုဏ်းစသော တခုတည်းသော အာရုံ၌။ အာဓေတိ၊ ထားတတ်၏။ ဣတိ၊ ထို့ကြောင့်။ သော ဓမ္မော၊ ထိုတရားသည်။ သမာဓိ၊ သမာဓိမည်၏။

**သမာဓိ၏ လက္ခဏာ ရသ စသည်။** ။တဿ၊ ထိုသမာဓိ၏။ အဝိက္ခေပေါ၊ မပျံ့လွင့်ခြင်းရင်း။ ဝိက္ခေပဿ၊ ပျံ့လွင့်ခြင်း ဥဒ္ဓစ္စကို။ ဝိဓံသနံ၊ ဖျက်ဆီးခြင်းရင်း။ အဝိကမ္ပနံ၊ မတုန်လှုပ်ခြင်းရင်း။ သုခံ၊ ချမ်းသာခြင်းရင်း။ ဣတိ ဣမေ လက္ခဏာဒယော၊ ဤလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏။

ဤသို့သော ဝစနတ္ထ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိသော အဓိစိတ္တ သိက္ခာ[၂], မဇ္ဈေကလျာဏ[၃], ဆဠဘိညူပနိဿယ, အတ္တကိလမထာနုယောဂဝဇ္ဇန, ကာမဘဝါတိက္ကမနူပါယ, ဝိက္ခမ္ဘနပ္ပဟာန, ပရိယုဋ္ဌာနပဋိပက္ခ, တဏှာသံကိလေ-သ ဝိသောဓန, အနာဂါမိဘာဝကာရဏ, စိတ္တဝိဝေက[၄], အလောဘ ကုသလမူလ,

---

၁။ ဝိသုဒ္ဓိ-၁၊ နှာ-၈၁။

၂။ အဓိစိတ္တသိက္ခာ=ဝိပဿနာအခြေခံဖြစ်၍ ဈာန်လည်းရနိုင်သည့် စိတ်၏တည်ကြည်မှု သမာဓိဖြစ်သောအကျင့် (ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ)။

၃။ မဇ္ဈေကလျာဏ=အလယ်၏ကောင်းခြင်း (အစ၏ကောင်းခြင်း 'အာဒိကလျာဏ' မှာ အဓိသီလဖြစ်သည်။ အလယ်၏ ကောင်းခြင်းမှာ 'အဓိစိတ္တ' ဖြစ်သည်။ အဆုံး၏ ကောင်းခြင်း 'ပရိယောသာန ကလျာဏ' မှာ 'အဓိပညာ' ဝိပဿနာပညာ ဖြစ်သည်။ ဤသည်တို့ကို သိက္ခာ ၃-ပါးဟုခေါ်သည်)။

၄။ စိတ္တဝိဝေက=စိတ်၏ (ကိလေသာတို့မှ) ကင်းဆိတ်ခြင်း ။

အပ္ပဏိဟိတဝိမောက္ခမုခ[၁], အညိန္ဒြိယ....စသော သတ္တိဂုဏ်နှင့် ပြည့်စုံသော ကုသလ စိတ္တေကဂ္ဂတာ ဘာဝနာ သမာဓိသည်—

သမထ ကမ္မဋ္ဌာန်းမည်ပုံ။　　။နီဝရဏ,ဝိတက္က, ဝိစာရ, ပီတိ, သုခသင်္ခါတေ ပစ္စနီကဓမ္မေ သမေတီတိ သမထော။ ကရိယတေ ကရဏံ ဝါ ကမ္မံ၊ အာရမ္မဏေ နိစ္စလဘာဝေန တိဋ္ဌတီတိ ဌာနံ၊ ကမ္မမေဝ ဌာနံ ကမ္မဋ္ဌာနံ။ ပုရိမံ ပုရိမံ ဝါ ဘာဝနာကမ္မံ ပစ္ဆိမဿ ပစ္ဆိမဿ ဘာဝနာကမ္မဿ ဌာနန္တိ ကမ္မဋ္ဌာနံ။ သမထော စ သော ကမ္မဋ္ဌာနဉ္စာတိ သမထကမ္မဋ္ဌာနံ[၂] ဟူသော ဝစနတ္ထကြောင့် သမထကမ္မဋ္ဌာန်း မည်၏။ ထိုကုသလစိတ္တေကဂ္ဂတာ ဘာဝနာ သမာဓိ၏ အာရုံဖြစ်သော—

ကသိုဏ်းဆယ်ဖြာ၊ ဆယ်သုဘာနှင့်၊ ဒသာနုဿတိ၊ လေးရှိပမညာ၊
သညာ ဝ ဝတ္ထာန်၊ လေးတန် အရူပ၊ သမထ၊ ဘေဒ စတ္တာလီ—

---

၁။ အပ္ပဏိဟိတ ဝိမောက္ခ=(အပ္ပဏိဟိတ=တောင့်တမှု တဏှာမရှိခြင်း+ဝိမောက္ခ-လွတ်မြောက်မှု+မုခ-အကြောင်း၊ တံခါးမုခ်)=ရုပ်နာမ်ဓမ္မသင်္ခါရတရားတခုခုကို ဒုက္ခဟုရှု၍ ထိုရုပ်နာမ်သင်္ခါရ၌ တောင့်တမှု တဏှာတည်းဟူသော ‘ပဏိဟိတ’မှ လွတ်မြောက်ကြောင်းဖြစ်သော အဖန်ဖန်ရှုဆင်ခြင်မှု‘အပ္ပဏိဟိတာနုပဿနာ’၊‘ဝိမောက္ခမုခ’ ဘာဝနာရင့်သန်လာသောအခါ ‘ဝိမောက္ခ’ ဟု ခေါ်သော ‘မဂ်’ရသည်။

၂။ နီဝရဏ, ဝိတက္က, ဝိစာရ, ပီတိ, သုခ သင်္ခါတေ၊ နီဝရဏ ၅-ပါး, ဝိတက်, ဝိစာရ, ပီတိ, သုခဟု ဆိုအပ်ကုန်သော။ ပစ္စနီကဓမ္မေ၊ ပထမစျာန်, ဒုတိယစျာန်စသည့် အသီးအသီးသော စျာန်တို့၏ ဆန့်ကျင်ဘက်ဖြစ်ကုန်သော တရားတို့ကို၊ သမေတိ၊ ငြိမ်းအေးစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ သမထော၊ သမထမည်၏။

ကရိယတေ၊ ပြုအပ်၏။ ဝါ၊ တနည်းကား။ ကရဏံ၊ ပြုခြင်း။ ဣတိ၊ ထို့ကြောင့်။ ကမ္မံ၊ ကမ္မမည်၏။

အာရမ္မဏေ၊ အာရုံ၌။ နိစ္စလဘာဝေန၊ တုန်လှုပ်ခြင်း မရှိသည်၏ အဖြစ်ဖြင့်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဌာနံ၊ ဌာနမည်၏။

ကမ္မမေဝ။ လုပ်ငန်းကိုပြုလုပ်မှုသည်သာလျှင်။ ဌာနံ၊ တည်ရာတည်း။ ကမ္မဋ္ဌာနံ၊ လုပ်ငန်းပြုလုပ်မှုသည်ပင်လျှင် တည်ရာဟု ဆိုလိုသည်။

ဝါ၊ တနည်းကား။ ပုရိမံ ပုရိမံ၊ ရှေးရှေးဖြစ်သော။ ဘာဝနာကမ္မံ၊ ဘာဝနာမှု ဘာဝနာလုပ်ငန်းသည်။ ပစ္ဆိမဿ ပစ္ဆိမဿ၊ နောက်နောက်ဖြစ်သော။ ဘာဝနာကမ္မဿ၊ ဘာဝနာလုပ်ငန်း၏။ ဌာနံ၊ တည်ရာတည်း။ ဣတိ၊ ထို့ကြောင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာနမည်၏။ သမထော စ၊ သမထလည်း ဟုတ်၏။ သော၊ ထိုသမထဟူသည်။ ကမ္မဋ္ဌာနဉ္စ၊ ကမ္မဋ္ဌာန်းလည်းမည်၏။ ဣတိ၊ ထို့ကြောင့်။ သမထကမ္မဋ္ဌာနံ၊ သမထကမ္မဋ္ဌာန်းမည်၏။

ဟူသော လေးဆယ်သော အာရုံသည်လည်း "ဘာဝနာကမ္မံ တိဋ္ဌတိ ဧတ္ထာတိ ကမ္မဋ္ဌာနံ"[၁] ဟူသော ဝစနတ္ထကြောင့် ကမ္မဋ္ဌာန်းမည်၏။

## နိဗ္ဗာန်ရောက်ရေး နတ်သား၏အမေး

ထိုကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများကာ သံသရာနခမ်းသတ်၍ နိဗ္ဗူသောင် ကမ်းခပ်လိုသော ပုဂ္ဂိုလ်ယောဂီ လဇ္ဇီပေသလ ဓမ္မဒါယာဒ ကုလပုတ္တအများ အမျိုးကောင်းသားတို့သည်—

အန္တော ဇဋာ ဗဟိ ဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ[၂]။

ဂေါတမ၊ ဂေါတမနွယ်ဘွား သျှင်ပင်ဘုရား။ ယာ တဏှာ၊ အကြင်တဏှာကို။ အန္တောဇဋာ။ မိမိ၏ ကိုယ်ပရိက္ခရာ အဇ္ဈတ္တိကာယတနတို့၌ ခါခါအောက်ထက် အဖျဉ်ခက်အောင် မြေးရှက်ချုပ်စပ် တပ်စွန်းခြင်းကြောင့် အတွင်းအရှုပ်ဟူ၍ ၎င်း။ ဗဟိဇဋာ၊ သူတပါး၏ ကိုယ် ပရိက္ခရာ ဗာဟိရာယတနတို့၌ ခါခါအောက် ထက် အဖျဉ်ခက်အောင် မြေးရှက်ချုပ်စပ် တပ်စွန်းရကား ပြင်ပအရှုပ်ဟူ၍၎င်း။ ဝုစ္စတိ၊ ဆိုအပ်ပါ၏။ တာယ ဇဋာယ၊ ထက်အောက်ဝန်းကျင် တွင်းပြင်မလပ် ချုပ်စပ်တပ်စွာ ထိုတဏှာသည်။ ပဇာ၊ သတ္တဝါ အပေါင်းကို။ ဇဋိတာ၊ ရှက်မြေး ချုပ်စပ် ရစ်ပတ်အပ်၏။ တံ တသ္မာ၊ ထို့ကြောင့်။ တံ၊ သျှင်ပင်ဘုရားကို။ ပုစ္ဆာမိ၊ ဖြေဖျဉ်ပိုင်းခြား သိလိုအားနှင့် လျှောက်ထားမေးမြန်းပါ၏။ ကော၊ အဘယ် မည်သူ နတ်နှင့်လူသည်။ ဣမံ ဇဋံ၊ ပွေလိမ်ရှက်မြေး တဏှာဟူသော ဤမိစ္ဆာ ချည်ထွေးကို။ ဝိဇဋယေ၊ ဖျဉ်စွမ်းနိုင်ပါအံ့နည်းဘုရား။

ဤသို့ နတ်သားတယောက် မေးလျှောက်ရာတွင်—

သီလေ ပတိဋ္ဌာယ နရော သပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ သော ဣမံ ဝိဇဋယေ ဇဋံ။

ဘုရားရှင်၏အဖြေ။ ။ဒေဝပုတ္တ၊ နတ်သား။ သပညော၊ တိဟိတ်ပဋိသန် ကမ္မဇဉာဏ်ရှိသော။ အာတာပ၊ ကိလေသာ ဘေးရန်ကို ပူပန်စေတတ်သော လုံ့လရှိသော။ နိပကော၊ ကိစ္စဟူဟူ ခပ်သိမ်းမှုကို

---

၁။ ဧတ္ထ၊ ဤကသိုဏ်းစသော အာရုံ၌။ ဘာဝနာကမ္မံ၊ ဘာဝနာမှု ဘာဝနာလုပ်ငန်းသည်။ တိဋ္ဌတိ၊ တည်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းမည်၏။

၂။ သံယုတ်ပါဠိတော်၊ ၁၊ နှာ—၁၃။

ဆောင်ယူတတ်ဘိ ပါရိဟာရိက[၁] ပညာရှိသော။ဘိက္ခု၊ သံသရာ၌ လွန်စွာမဟေး ဇာတိဘေး စသည်ကို ရှုတတ်သော။ ယော နရော၊ အကြင် လူနတ် ဗြဟ္မာ သတ္တဝါသည်။ သီလေ၊ စတုပါရိသုဒ္ဓိသီလ၌။ ပတိဋ္ဌာယ၊ မြဲမြံစွာတည်လျက်။ စိတ္တဉ္စ၊ လေးဆယ်သောသမာဓိကိုရင်း။ ပညဉ္စ၊ ဝိပဿနာဉာဏ်ဆယ်ပါးကိုရင်း။ ဘာဝယံ ဘာဝယန္တော၊ ပွါးစေတတ်၏။ ဘိက္ခု၊ သံသရာဘေးကိုရှုတတ်သော။ သော နရော၊ သီလ ဓိတိ ဝီရိသုံးဖြာ ပညာသုံးပါး[၂] တရားခြောက်အင်[၃] စုံလင် တတ်စွာ ထို သတ္တဝါသည်။ ဣမံ ဇဋံ၊ ပေ့လိမ်ရှုက်မြွေး တဏှာဟူသော ဤမိစ္ဆာ ချည်ထွေးကို။ ဝါ၊ ပေ့လိမ်ရှုက်တင် တဏှာဟူသော ဤဝါးရုံပင်ကို။ ဝိဇဋယေ၊ ဖျဉ်စွမ်းနိုင်၏။

ဤသို့ ဘုရားသဗ္ဗညူ သုံးလူတို့ထိပ်မှူး သံသာတော် ရင့်ကျူးသောကြောင့် ရှေးဦးစွာ—

## သီလမည်ပုံနှင့် လက္ခဏာစသည်

သိရဋ္ဌ, သီတလဋ္ဌေဟိ၊ သလနဿ' ပနဋ္ဌတော။
သာလာယ သဒိသတ္တာ စ၊ သီလန္တိ ဝုစ္စတေ' ထဝါ။

သမာဓာတိ ဓာရေတိ စ၊ တဉ္စ သီလနလက္ခဏံ။
ဒုဿီလျခံသနကိစ္စံ၊ နာဝဇ္ဇဂုဏာသမ္ပဒံ။
သောစေယျပစ္စုပဋ္ဌာနံ၊ ဟိရောတ္တပ္ပသမုဋ္ဌိတံ။

**သီလအနက်။** ။သိရဋ္ဌ သီတလဋ္ဌေဟိ။ ဦးခေါင်းနှင့်တူသောအနက်, မြေငြိမ်း ချမ်းခြင်း အနက်တို့ကြောင့်ရင်း။ သလနဿပနဋ္ဌတော၊ အကုသိုလ်တို့ကို မဝင်ရအောင် ပိတ်ပင်မြစ်တားခြင်းအနက်, ဒုစရိုက်အကျင့် ပျက်၏ အိပ်စက်ကြောင်း အနက်တို့ကြောင့်ရင်း။ သာလာယ သဒိသတ္တာ စ၊

---

၁။ ပါရိဟာရိက= (ပါရိ=သီးခြား+ဟာရိက=ဆောင်ခြင်း)
= အထူးသီးခြား ဆောင်အပ်သော ပညာ။
ပါရိဟာရိက = ကမ္မဋ္ဌာန်းကို ထက်ဝန်းကျင်ဆောင်ခြင်း၌ ယှဉ်သောပညာ
= ဝိပဿနာ ပညာဖြစ်အောင် အခြေခံဖြစ်သော ကမ္မဋ္ဌာန်း သင်ယူခြင်း, မေးမြန်းခြင်း, အားထုတ်ရာ၌ နှလုံးသွင်းပုံ အစီအစဉ်ကိုသိခြင်းစသည်။

၂။ ပညာ ၃-ပါး = (၁) သပညော=ပဋိသန္ဓေ ပညာ၊ ဇာတိပညာ။
(၂) ပညဉ္စ ဘာဝယံ=ဝိပဿနာပညာ။
(၃) နိပကော=ပါရိဟာရိက ပညာ (ဝိပဿနာ အခြေခံပညာ)။

၃။ သီလေ,စိတ္တံ,အာတာပီ=သီလ,သမာဓိ,ဝီရိယ။
(ပညာ ၃-ပါးနှင့် ပေါင်းသော် တရား ၆-ပါးဖြစ်သည်)

ကုသိုလ်တရားတို့ ဝင်နား အပ်သည်ဖြစ်၍ စရပ်နှင့် တူသည်၏ အဖြစ် ကြောင့်ရင်း သီလန္တိ၊ သီလဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ အထ ဝါ၊ သဒ္ဒလက္ခဏာဝိဒူတို့ ခွင့်မူ သောတနည်းကား။ သမာဓာတိ၊ ကာယကံစသည်တို့ကို ကောင်းစွာ ထား တတ်၏။ ဓာရေတိ ဥပဓာရေတိ စ၊ ကုသိုလ်တရားတို့ကိုလည်း လွန်မင်းစွာ ဆောင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ သီလန္တိ၊ သီလဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

**သီလ၏ လက္ခဏ, ရသ စသည်။** ။တဉ္စ သီလံ၊ ထိုသီလသည်လည်း။ သီလန-လက္ခဏံ၊ကိုယ်နှုတ်ဟန်ကို မဖောက်ပြန်စေရ ကုသိုလ်စမ္မတို့၏ တည်ရာလက္ခဏာရှိ၏။ ဒုဿီလျဓံသန ကိစ္စံ၊ သီလမဲ့သော အဖြစ်ကို သတ်ညှစ် ဖျက်ဆီးခြင်း ကိစ္စရသ ရှိ၏။ နာဝဇ္ဇဂုဏသမ္ပဒံ၊ အပြစ် မရှိခြင်း အနဝဇ္ဇဂုဏ်နှင့် ပြည့်စုံခြင်း သမ္ပတ္တိရသ ရှိ၏။ သောစေယျ ပစ္စုပဋ္ဌာနံ၊ ကိုယ်နှုတ်နှလုံး၏ စင်ကြယ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ ဟိရောတ္တပ္ပ-သမုဋ္ဌိတံ၊ ဟိရီ ဩတ္တပ္ပ ဟူသော ပဒဋ္ဌာန်ကြောင့် ဖြစ်၏။

ဤသို့သော ဝစနတ္ထ, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိသော စတုပါရိ သုဒ္ဓိသီလကို ရွှေစင်သိင်္ဂီ နာရနီအလား ပတ္တမြားအစစ် ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖွေးဖွေးစင်အောင် သုတ်သင်ရှင်းလင်းရာ၏။

## သီလအပြား

**၂-ပါး ၇-လီ ပြားပုံ။** ။ထိုသီလသည် သီလနလက္ခဏာအားဖြင့် တပါးသာ တည်း။

စာရိတ္တ, ဝါရိတ္တ အားဖြင့်ရင်း။

အာဘိသမာစာရိက,အာဒိဗြဟ္မစရိယက အားဖြင့်ရင်း။

ဝိရတိ, အဝိရတိ အားဖြင့်ရင်း။

နိဿိတာ' နိဿိတ အားဖြင့်ရင်း။

ကာလပရိယန္တ, အာပါဏကောဋိက အားဖြင့်ရင်း။

သပရိယန္တာ'ပရိယန္တ အားဖြင့်ရင်း။

လောကိယ, လောကုတ္တရ အားဖြင့်ရင်း။

နှစ်ပါး ခုနစ်လီ။

**၃-ပါး ၅-လီ ပြားပုံ။** ။ဟီန, မဇ္ဈိမ,ပဏီတ အားဖြင့်ရင်း။

အတ္တာ,လောကာ, ဓမ္မာဓိပတေယျ အားဖြင့်ရင်း။

ပရာမဋ္ဌာ,ပရာမဋ္ဌ,ပဋိပဿဒ္ဓိ အားဖြင့်ရင်း။

ဝိသုဒ္ဓါ,ဝိသုဒ္ဓ,ဝေမတိက အားဖြင့်ရင်း။

သေက္ခာ,သေက္ခ,နေဝသေက္ခနာသေက္ခ အားဖြင့်ရင်း။

သုံးပါး ငါးလီ။

၄-ပါး ၄-လီ ပြားပုံ။ ။ဟာန,ဋ္ဌိတိ,ဝိသေသ,နိဗ္ဗေဓ ဘာဂိယ အားဖြင့်ရင်း။

ဘိက္ခု,ဘိက္ခုနီ, အနုပသမ္ပန္န, ဂဟဋ္ဌ အားဖြင့်ရင်း။

ပကတိ, အာစာရ, ဓမ္မတာ, ပုဗ္ဗဟေတုက အားဖြင့်ရင်း။

ပါတိမောက္ခသံဝရ, ဣန္ဒြိယသံဝရ, အာဇီဝပါရိသုဒ္ဓိ, ပစ္စယသန္နိဿိတ အားဖြင့်ရင်း လေးပါး လေးလီ။

၅-ပါး ၂-လီ ပြားပုံ။ ။ပရိယန္တ’ ပရိယန္တ, ပရိပုဏ္ဏ’ပရာမဋ္ဌ, ပဋိပဿဒ္ဓိ အားဖြင့်ရင်း။

ပဟာန,ဝေရမဏီ, စေတနာ, သံဝရ, အဝီတိက္ကမ အားဖြင့်ရင်း ငါးပါးနှစ်လီ အပြားရှိ၏။

**စာရိတ္တနှင့်ဝါရိတ္တမည်ပုံ။** ။ထိုတွင် သဒ္ဓါ,ဝီရိယဖြင့် ပြီးစေအပ်သော ကတ္တဗ္ဗ-သိက္ခာပဒ ပူရဏသည် “စရန္တိ ဥပဂစ္ဆန္တိ တေန သီလပါရိပူရိံ ပဝတ္တန္တိ ဝါ ဧတ္ထာတိ စရိတံ၊ တမေဝ စာရိတ္တံ”[1] ဟူသော ဝစနတ္ထကြောင့် စာရိတ္တသီလ မည်၏။

သဒ္ဓါ, သတိဖြင့် ပြီးစေအပ်သော အကတ္တဗ္ဗ ဒုစ္စရိတ အကရဏ[2]သည်— “ဝါရိတံ ဝါရိတတော ဝါ တာယန္တိ ရက္ခန္တိ တေနာတိ ဝါရိတ္တံ”[3] ဟူသော ဝစနတ္ထကြောင့် ဝါရိတ္တသီလ မည်၏။

---

၁။ တေန၊ ထိုသီလဖြင့်။ ဝါ၊ ထိုသီလကြောင့်။ သီလပါရိပူရိံ၊ သီလနှင့်ပြည့်စုံသည်၏ အဖြစ်သို့။ စရန္တိ ဥပဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤ (အာဘိသမာစာရိက) ကျင့်ဝတ်သီလ၌။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ စရိတံ၊ စရိတမည်၏။ တမေဝ၊ ထိုစရိတသည်ပင်။ စာရိတ္တံ၊ စာရိတ္တမည်၏။

၂။ အကတ္တဗ္ဗ ဒုစ္စရိတ အကရဏ=မပြုကျင့်အပ်သော မကောင်းမှု ဒုစရိုက်ကို မပြုကျင့်ခြင်း။

၃။ တေန၊ ထိုသီလဖြင့်။ ဝါရိတံ၊ တားမြစ်အပ်သောအမှုကို။ ဝါ-တနည်းကား။ ဝါရိတတော၊ တားမြစ်အပ်သောအမှုမှ။ တာယန္တိ-ရက္ခန္တိ၊ (မပြု,မကျင့်,မလွန်,မကျူးမူ၍) စောင့်ရှောက်တတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဝါရိတ္တံ၊ ဝါရိတ္တမည်၏။

**အာဘိသမာစာရိက။** ။အာဇီဝဋ္ဌမကသီလ[၁]မှ တပါးသော၊ ဝါ=ခုဒ္ဒါနုခုဒ္ဒက[၂] ဟူသော၊ ဝါ=ခန္ဓကဌ် အကျုံးဝင်သော သီလသည် "အဓိကော သမာစာရောဝ အာဘိသမာစာရံ ဝါ မဂ္ဂ,ဖလသီလ' မုဒ္ဒိဿ ပညတ္တံ အာဘိသမာစာရိကံ"[၃] ဟူသော ဝစနတ္ထကြောင့် အာဘိသမာစာရိကမည်၏။

**အာဒိဗြဟ္မစရိယက သီလ။** ။ထိုမှ အကြွင်းသည် "မဂ္ဂ ဗြဟ္မ စရိယဿ အာဒိ-ဘာဝဘူတံ အာဒိမို ဘာဝေတဗ္ဗတံ ပတ္တတ္တိ အာဒိ-ဗြဟ္မစရိယကံ"[၄] ဟူသော ဝစနတ္ထကြောင့် အာဒိဗြဟ္မစရိယက မည်၏။

**နိဿိတသီလနှင့်အနိဿိတသီလ။** ။တဏှာ,ဒိဋ္ဌိကို မှီသော သီလသည် နိဿိတ မည်၏၊ ဝိဝဋ္ဋူပနိဿယ လောကုတ္တရသီလ တို့သည် အနိဿိတမည်၏။

**ကာလပရိယန္တသီလ[၅]ဌ်—**

"ဣမဥ္စ ရတ္တိံ ဣမဥ္စ ဒိဝသန္တိ အာဒိနာ ဝိယ ကာလဝသေန ပရိစ္ဆေဒံ ကတွာ"[၆]—

ဟု ဝိယသဒ္ဒါနှင့် ဋီကာပြသောကြောင့်ရင်း အနာထပိဏ်သေဌ္ဌေးကျွန် ဥပစျူ-ပေါသထကို စောင့်သော သာဓကေ (ဓမ္မပဒ၊ ဋ္ဌ၊ ၁၊ နှာ-၁၃၁) ကြောင့်ရင်း ယခု

---

၁။ အာဇီဝဋ္ဌမကသီလ=အာဇီဝလျှင် ၈-ခုမြောက် ရှိသောသီလ။ (သမ္မာဝါစာ ၄-ပါး, သမ္မာကမ္မန္တ ၃-ပါး, သမ္မာအာဇီဝ ၁-ပါး၊ ပေါင်း ၈-ပါး)

၂။ ခုဒ္ဒါနုခုဒ္ဒက=ငယ်ကုန်သော, အလွန်ငယ်ကုန်သော သိက္ခာပုဒ်များ။

၃။ အဓိကော၊ လွန်မြတ်သော။ သမာစာရောဝ၊ အကျင့်သည်သာလျှင်။ အာဘိသမာ-စာရိကံ၊ အာဘိသမာစာရိက သီလမည်၏။ (အဘိသမာစာရ=မဂ်,ဖိုလ်) ဝါ-တနည်းကား။ အဘိသမာစာရံ၊ အလွန်ထူးမြတ်သော အကျင့်ဟူသော။ မဂ္ဂဖလ-သီလံ၊ မဂ်,ဖိုလ်၌ရှိသောသီလကို။ ဥဒ္ဒိဿ၊ ရည်မှန်း၍။ ပညတ္တံ၊ ပညတ်တော်မူအပ်သော သိက္ခာပုဒ် အကျင့်သီလသည်။ အာဘိသမာစာရိကံ၊ အာဘိသမာစာရိက သီလ မည်၏။

၄။ မဂ္ဂ ဗြဟ္မစရိယဿ၊ မဂ်ဟူသောမြတ်သောအကျင့်၏။ အာဒိဘာဝဘူတံ၊ အစဖြစ်သော သီလသည်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယက မည်၏။ အာဒိမို၊ (မဂ်ရအံ့သော အကျင့်၏) အစ၌။ ဘာဝေတဗ္ဗတံ၊ ပွါးများအပ်သည်၏အဖြစ်သို့။ ပတ္တံ၊ ရောက်၏။ ဣတိ၊ ထို့ကြောင့်။ အာဒိဗြဟ္မစရိယကံ၊ အာဒိဗြဟ္မစရိယက မည်၏။

၅။ ကာလ ပရိယန္တသီလ=ကာလအားဖြင့် အဆုံးအပိုင်းအခြား ရှိသောသီလ။

၆။ ဣမဥ္စ ရတ္တိံ၊ ဤညဉ့်ပတ်လုံးရင်း။ ဣမဥ္စ ဒိဝသံ၊ ဤနေ့ပတ်လုံးရင်း။ ဣတိအာဒိနာ ဝိယ၊ ဤသို့စသည်ဖြင့်ကဲ့သို့။ ကာလဝသေန၊ ကာလ၏အစွမ်းဖြင့်။ ပရိစ္ဆေဒံ၊ အပိုင်း အခြားကို။ ကတွာ၊ ပြု၍။........(ဆောက်တည်၏)။

ကာလ အချို့ဒေသ၌ နံနက်ဥပုသ်ခံ၍ ညချမ်းအခါ အိမ်သို့ပြန်လျက် ဥပုသ်ထွက်ကြသည်ကား သဘောသက်အံ့သကဲ့သို့ ရှိ၏။

**အာပါဏကောဋိက။** ။"ပါဏာတိပါတာ ဝေရမဏိ ယာဝဇီဝံ သမာဒိယာမိ"[၁] ဟူ၍လည်း ဆောက်တည်ပါမှ ဆောက်တည်တိုင်းလည်း အသက်ထက်ဆုံး ကျင့်ပါမှ အာပါဏကောဋိကသီလ[၂] မည်၏။

**သပရိယန္တသီလ။** ။လာဘ, ယသ, ဉာတိ, အင်္ဂ, ဇီဝိတတို့ကြောင့် ပျက်သော သီလသည် သ ပရိယန္တ[၃] မည်၏။

**ဟီန,မဇ္ဈိမ,ပဏီတ။** ။အဓိပတိ ထူးပြားသောအားဖြင့်။ ဝါ=ယသ,[၄] ပုည-ဖလ,[၅] အရိယဘာဝ[၆] ကို မှီသဖြင့်။ ဝါ=အတ္တုက္ကံသန,[၇] ပရဝမ္ဘနာဒိဟိ,[၈] ဥပက္ကိလိဋ္ဌ,[၉] အနုပက္ကိလိဋ္ဌ,[၁၀] လောကုတ္တရ[၁၁] အား

---

၁။ သူ့အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ပါ၏၊ အသက်ထက်ဆုံး ဆောက်တည်ပါ၏။

၂။ အာပါဏကောဋိက သီလ (အာ=တိုင်အောင်+ပါဏ = အသက်+ကောဋိက = အဆုံးစွန်) သက်ဆုံးတိုင်အောင် စောင့်သောသီလ။

၃။ သပရိယန္တ=ကာလအားဖြင့် အဆုံးအပိုင်းအခြားနှင့်တကွ ဖြစ်သောသီလ။

၄။ ဟီန, မဇ္ဈိမ, ပဏီတ ဟူ၍ သီလ ၃-မျိုး ခွဲခြားပြခြင်း။
ယသ=အခြံအရံအကျော်အစောကို လိုချင်တောင့်တ၍ကျင့်သောသီလ (ဟီနသီလ)။

၅။ ပုညဖလ=လောကီကောင်းကျိုးကို ခံစားလို၍ကျင့်သုံးသောသီလ (မဇ္ဈိမသီလ)။

၆။ အရိယဘာဝ=အရိယာဖြစ်လိုသဖြင့် ကျင့်သုံးသောသီလ (ပဏီတသီလ)။

၇။ အတ္တုက္ကံသန = (အတ္တ = မိမိ+ ဥက္ကံသန = ချီးမွမ်းမြှောက်ပင့်) = (ငါသာ သီလရှိသည် စသည်ဖြင့်)မိမိကိုယ်ကို ချီးမြှောက်၊ ဝါ-ဂုဏ်ဖော်ဝါကြွား ပလွှားလို၍ ကျင့်သုံးသော သီလ (ဟီနသီလ)။

၈။ ပရဝမ္ဘနာဒိဟိ = (ပရ=သူတပါး+ ဝမ္ဘန=ရှုတ်ချ) = ငါမှတပါး အခြားသူများသည် ဒုဿီလဖြစ်သည် စသည်ဖြင့်) သူတပါးကို ရှုတ်ချလို၍ ကျင့်သုံးသောသီလ (ဟီနသီလ)။

၉။ ဥပက္ကိလိဋ္ဌ=ညစ်နွမ်းသောသီလ (ဟီနသီလ) (မိမိကိုယ်ကို ချီးမြှောက်၍ သူတပါးကို ဖိနှိပ်လိုသော ညစ်နွမ်းယုတ်ညံ့သောစိတ်ဖြင့်စောင့်သော သီလ = ကျိုးပေါက်သော သီလ)။

၁၀။ အနုပက္ကိလိဋ္ဌ=မညစ်နွမ်းသောသီလ (မဇ္ဈိမသီလ) (ထိုညစ်နွမ်းကျိုးပေါက်မှုမှ ကင်းသော သီလ)။

၁၁။ လောကုတ္တရ=လောကုတ္တရာဖြစ်သောသီလ (ပဏီတသီလ)။

ဖြင့်။ ဝါ=ဘဝဘောဂ,[၁] အတ္တနော ဝိမောက္ခ,[၂] သဗ္ဗသတ္တ ဝိမောက္ခ[၃] အကျိုးအားဖြင့် ကျင့်သုံးသော သီလသည် ဟီန,[၄] မဇ္ဈိမ,[၅] ပဏီတ[၆] မည်၏။

**ဟာနဘာဂိယစသော ၃-ပါး**

ယော’ဓ သေဝတိ ဒုဿီလေ၊ သီလဝန္တေ န သေဝတိ။
ဝတ္ထုဝီတိက္ကမေ ဒေါသံ၊ န ပဿတိ အဝိဒ္ဒသု။

မိစ္ဆာသင်္ကပ္ပ ဗဟုလော၊ ဣန္ဒြိယာနိ န ရက္ခတိ။
ဧဝရူပဿ ဝေ သီလံ၊ ဇာယတေ ဟာနဘာဂိယံ။

တုဋ္ဌော သီလမတ္တေန၊ အဿဋ္ဌေ့န္တဿ ဥတ္တရိံ။
တဿ တံ ဌိတိဘာဂိယံ၊ သီလံ ဘဝတိ ဘိက္ခုနော။

သမ္ပန္နသီလော ဃဋတိ၊ သမာဓတ္ထာယ ယော ပန။
ဝိသေသဘာဂိယံ သီလံ၊ ဟောတိ ဧတဿ ဘိက္ခုနော။

အတုဋ္ဌော သီလမတ္တေန၊ နိဗ္ဗိဒံ ယော’နုယုဉ္ဇတိ။
ဟောတိ နိဗ္ဗေဓဘာဂိယံ၊ သီလမေ’တဿ ဘိက္ခုနော။

(ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ ၁၄-လာ ဂါထာများ)

**ဟာနဘာဂိယ။** ။ဣဓ၊ ဤသာသနာတော်၌။ အဝိဒ္ဒသု၊ ပညာမဲ့သော။ ယော၊ အကြင်သူသည်။ ဒုဿီလေ၊ သီလမဲ့သူတို့ကို။ သေဝတိ၊ ဆည်းကပ်ယှဉ်တွဲ မှီဝဲပေါင်းဖော်၏။ သီလဝန္တေ၊ သီလရှိသူတို့ကို။ န သေဝတိ၊ မမှီဝဲ။ ဝတ္ထု ဝီတိက္ကမေ၊ အာပတ်၏ အကြောင်းဝတ္ထုကို လွန်ကျူးခြင်း၌။ ဒေါသံ၊ ခုရောနောင်ပါ လာမည်စင်စစ် ဘေးအပြစ်ကို။ န ပဿတိ၊ မမြင်။

မိစ္ဆာသင်္ကပ္ပဗဟုလော၊ ကာမသင်္ကပ္ပ စသည်ကြံပျက် မဟာဝိတက်ကိုးပါး များသည်ဖြစ်၍—

၁။ ဘဝဘောဂ=ဘဝသမ္ပတ္တိ, ဘောဂသမ္ပတ္တိကို လိုချင်တောင့်တသဖြင့် ကျင့်သုံးသော သီလ (ဟီနသီလ)။

၂။ အတ္တနော ဝိမောက္ခ=သံသရာဝဋ်ဒုက္ခအနှောင်အဖွဲ့မှ မိမိလွတ်မြောက်ရေးအတွက် ကျင့်သုံးသောသီလ (မဇ္ဈိမသီလ)။

၃။ သဗ္ဗသတ္တ ဝိမောက္ခ=သတ္တဝါအားလုံးတို့ကို သံသရာဘေးမှ လွတ်မြောက်ရေး အတွက် ကျင့်သုံးသောသီလ (ပဏီတသီလ)။

၄။ ဟီနသီလ=ယုတ်ညံ့သောသီလ (ယသ, ဥပက္ကိလိဋ္ဌ, ဘဝဘောဂ)။

၅။ မဇ္ဈိမ=အလယ်အလတ်ဖြစ်သောသီလ(ပုညဖလ,အနုပက္ကိလိဋ္ဌ,အတ္တနောဝိမောက္ခ)။

၆။ ပဏီတ=မြင့်မြတ်သောသီလ (အရိယဘာဝ, လောကုတ္တရ, သဗ္ဗသတ္တ ဝိမောက္ခ)။

ကာမော ဉာတိ ဇနပ္ပဒေါ၊ အမရာ အနဝညတ္တိ။
လာဘော သက္ကာရ ကိတ္တိ စ၊ ဂေဟဿိတော နဝိစေ့တော[^၁]။

(ဝိပရိယာဝတ္တ-ရစနာဂါထာ၊ မဟာဝိတက်ကိုးပါး သရုပ်)

---

၁။ ကာမော၊ ကာမဝိတက်ရင်း။ ဉာတိ၊ ဉာတိဝိတက်ရင်း။ ဇနပ္ပဒေါ၊ ဇနပဒဝိတက်ရင်း။ အမရာ၊ အမရ ဝိတက်ရင်း။ အနဝညတ္တိ၊ အနဝညတ္တိ ဝိတက်ရင်း။ လာဘော၊ လာဘ-ဝိတက်ရင်း။ သက္ကာရ ကိတ္တိ စ၊ သက္ကာရ ဝိတက်, ကိတ္တိ (သိလောက) ဝိတက်ရင်း။ ဂေဟဿိတော၊ သူတပါးသနားခြင်းကိုမှီသော ပရာနုဒ္ဒယတာ ဝိတက်ရင်း။ ဣတိ၊ ဤသို့။ ဧတေ၊ ဤမဟာဝိတက်တို့သည်။ နဝ၊ ကိုးပါးတို့တည်း။ (ဤသည်တို့ကား သီလညိုးနွမ်းကြောင်းဖြစ်သော မိစ္ဆာသက်ပ္ပ ၉-ပါးတို့တည်း)

(၁) ကာမဝိတက်=ကာမဂုဏ်နှင့်စပ်သော မှားသော ကြံစည်မှု။

(၂) ဉာတိဝိတက် = ဆွေမျိုးနှင့်စပ်သော မှားသောကြံစည်မှု ("ငါ၏ ဆွေမျိုးတို့သည် စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသည်ဖြစ်၍ ချမ်းသာစွာ အသက်မွေးကြရကုန်၏" ဟု ကာမဂုဏ်ကိုမှီသော ကပ်ငြိတွယ်တာမှု 'ဂေဟဿိတပေမ'ဖြင့် ဆွေမျိုးတို့ကိုစွဲ၍ ဖြစ်ပေါ်သောအကြံ)။

(၃) ဇနပဒဝိတက်=ဇနပုဒ်နှင့်စပ်သော မှားသောကြံစည်မှု("ငါတို့ဇနပုဒ်သူ ဇနပုဒ်သား တို့သည် အစာရေစာ ပေါများပြည့်စုံကြပေသည်" ဟု နှစ်သက်ဝမ်းမြောက်သော သူ၏ ကပ်ငြိတွယ်တာမှု 'ဂေဟဿိတပေမ'ဖြင့် ဇနပုဒ်နှင့်စပ်လျဉ်း၍ ဖြစ်ပေါ်သော အကြံ)။

(၄) အမရဝိတက်=(အမရ=မသေ၊ ဝိတက်=ကြံစည်မှု) မသေဘို့ရန်ကြံစည်မှု၊ ဆောင့် ကြောင့်ထိုင်၍ ကျင့်ခြင်းစသည်ဖြင့် နောင်အခါ အတ္တသည် ချမ်းသာ၍မသေဟု— ယူဆ၍ မသေဘို့ရန် ပင်ပန်းဆင်းရဲသော အကျင့်နှင့်ယှဉ်သောကြံစည်မှု။) (အမရ= ဖမ်းမမိသောငါးတမျိုး) အမရာမည်သောငါးကဲ့သို့ ဖမ်းမမိအောင် ရှောင်တိမ်း ပြော ဆိုတတ်သော အမရာဝိက္ခေပ ဝါဒနှင့်ယှဉ်သော မှားသောကြံစည်မှု။

(၅) အနဝညတ္တိဝိတက်=(န+အဝညတ္တိ=မထေမဲ့မြင် မပြုခြင်း) မထေမဲ့မြင် မပြုလုပ်ရန် တောင့်တသော ကြံစည်မှု ("ငါ့ကို သူတပါးတို့ မထေမဲ့မြင် မပြုကြလျှင်, အထင် မသေးကြလျှင် ကောင်းလေစွ" ဟု တောင့်တသောကြံစည်မှု)။

(၆) လာဘဝိတက်= လာဘ်လာဘနှင့်စပ်သော မှားသောကြံစည်မှု (ကျောင်း, သင်္ကန်း စသည့်ပစ္စည်းပေါများလျှင် ကောင်းလေစွဟုကြံစည်ခြင်း)။

(၇) သက္ကာရဝိတက်= ပူဇော်ခြင်း, ရိုသေခြင်းနှင့်စပ်သော မှားသောကြံစည်မှု (ငါ့ကို လူအားလုံးက ပူဇော်လျှင်, ရိုသေလျှင် ကောင်းလေစွဟု ကြံစည်ခြင်း)။

(၈) ကိတ္တိ (သိလောက) ဝိတက်=ကျော်စောခြင်းနှင့်စပ်သော မှားသောကြံစည်မှု။

(၉) ပရာနုဒ္ဒယတာဝိတက်=(ပရ+အနုဒ္ဒယ+တာ=သူတပါးတို့ကို အစဉ်မပြတ် သနား ခြင်း)။ ကပ်ငြိတွယ်တာမှု 'ဂေဟဿိတပေမ'ဖြင့် သူတပါးအတွက် စိုးရိမ်ပူပန်သနား ခြင်း စသောကြံစည်မှု မိမိဒါယကာ, ဒါယိကာမတို့နှင့် အေးအတူ ပူအမျှဖြစ်၍ ဝမ်းနည်းဖွယ်တွေ့လျှင် မိမိကလည်း ဝမ်းနည်း၍ ဝမ်းမြောက်ဖွယ်နှင့် ကြုံတွေ့လျှင် မိမိကလည်း ဝမ်းမြောက်ကြံစည်မှု။

(အဘိ၊ ၂၊ နှာ-၃၇၀-၃၇၁၊ ၃၇၇။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၄၇၂-၃။ ဝိသုဒ္ဓိ၊ ဋ္ဌိ၊ ၁၊ နှာ-၃၆။)

ဣန္ဒြိယာနိ၊ စက္ခုစသော ဣန္ဒြေတို့ကို။ န ရက္ခတိ၊ မစောင့်ရှောက်။ ဝေရူပဿ၊ ဤသို့သဘောရှိသူ၏။ သီလံ၊ သီလသည်။ ဝေ၊ စင်စစ်၊ ဟာနဘာဂိယံ၊ ဆုတ်ယုတ်ခြင်းသို့ရောက်သည်။ ဝါ၊ ဆုတ်ယုတ်ခြင်းအဖို့ရှိသည်။ ဧဝယတော၊ ဖြစ်၏။

**ဋ္ဌိတိဘာဂိယ။** ။သီလမတ္တေန၊ သီလမျှဖြင့်။ တုဋ္ဌဿ၊ နှစ်သက်ရောင့်ရဲ အင်အဲသော။ ဥတ္တရိံ၊ အထက်တရားထူးကို။ အဃဋ္ဋေန္တဿ၊ အားမထုတ်သော။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ တံ သီလံ၊ ထိုသီလသည်။ ဋ္ဌိတိဘာဂိယံ၊ တန့်ရပ်တည်နေသောအဖို့ရှိသည်။ ဘဝတိ၊ ဖြစ်၏။

**ဝိသေသဘာဂိယ။** ။သမ္ပန္နသီလော၊ ပြည့်စုံသော သီလရှိသော။ ယော ပန ဘိက္ခု၊ အကြင်ရဟန်းသည်ကား။ သမာဓတ္ထာယ၊ လောကီစျာန်အလို့ငှါ။ ဃဋ္ဋတိ၊ အားထုတ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏။ သီလံ၊ သီလသည်။ ဝိသေသဘာဂိယံ၊ ထူးသောအဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

**နိဗ္ဗေဓဘာဂိယ။** ။သီလမတ္တေန၊ သီလမျှဖြင့်။ အတုဋ္ဌော၊ မရောင့်ရဲသည်ဖြစ်၍။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ နိဗ္ဗိဒံ၊ ဗလဝဝိပဿနာ နိဗ္ဗိဒါဉာဏ်ကို။ အနုယုဉ္ဇတိ၊ အားထုတ်၏။ တဿ ဘိက္ခုနော၊ ထိုရဟန်း၏၊ သီလံ၊ သီလသည်။ နိဗ္ဗေဓဘာဂိယံ၊ ကိလေသာအသင်း ရန်ခပင်းကို ဖောက်ထွင်းဖြိုဖျက် မဂ်သို့ဝင်ရောက်သည်။ ဝါ၊ မဂ်သို့ဝင်ရောက်ခြင်းအဖို့ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဂဟဋ္ဌသီလဉ္စ —

ဥပါသက ဥပါသိကာနံ နိစ္စသီလဝသေန ပဉ္စသိက္ခာပဒါနိ, သတိ ဝါ ဥဿာဟေ ဒသ, ဥပေါသထင်္ဂဝသေန အဋ္ဌာတိ ဣဒံ ဂဟဋ္ဌသီလံ။

ဝိသုဒ္ဓိမဂ်၊ ၁၊ ပါ၊ နှာ-၁၅။

ဒသာတိ သာမဏေရေဟိ ရက္ခိတဗ္ဗသီလ'မာဟ ဃဋ္ဋိကာရာဒီနံ ဝိယ။

ဋီကာ၊၁၊ နှာ-၃၆။

ဥပါသကဥပါသိကာနံ၊ ဥပါသကာ,ဥပါသိကာတို့၏။ နိစ္စသီလဝသေန၊ အမြဲဆောက်တည်သော သီလ၏ အဖြစ်ဖြင့်။ ပဉ္စသိက္ခာပဒါနိ၊ ငါးပါးသော သိက္ခာပုဒ်တို့သည်။ ဝါ၊ နိစ္စသီလ တနည်းလည်း။ ဥဿာဟေ၊ ရွှေ ငွေ ရတနာ ဥစ္စာစပါးတို့ကို ပယ်ရှားစိတ်သတ်၍ အာလယပြတ် စွန့်ခြင်း စသည်ဖြင့် စွမ်းနိုင်ခြင်းသည်။ သတိ၊ ရှိသော်။ ဒသ၊ ဆယ်ပါးသော သိက္ခာပုဒ်တို့သည်။ ဥပေါသ-

ထင်္ဂဝသေန၊ ဥပုသ်အင်္ဂါ၏ အဖြစ်ဖြင့် ရှိခါဆောက်တည် အပ်ကုန်သော။ အဋ္ဌ၊ ဂ-ပါးကုန်သော သိက္ခာပုဒ်တို့သည်။ဇ္ဈတိ ဇ္ဈဒံ၊ ဤသုံးမျိုးသည်။ ဂဟဋ္ဌသီလံ၊ အိမ်၌တည်သူ လူတို့၏ သီလမည်၏။

ဒသာတိ၊ ဒသဟူသောပုဒ်ဖြင့်။ သာမဏေရေဟိ၊ သာမဏေတို့သည်။ ရက္ခိ-တဗ္ဗသီလံ၊ စောင့်အပ်သော သီလကို။ အာဟ၊ မိန့်၏။ ဃဋိကာရာဒီနံ၊ ကဿပ ဘုရားရှင်ဒါယကာ အနာဂါမ်တည် ဃဋိကာရ အိုးထိန်းသည် စသည်တို့၏။ သီလံဝိယ၊ သီလကဲ့သို့တည်း။

ဒါနံ ဒတွာ သီလံ သမာဒိယိတွာ ဥပေါသထကမ္မံ ကတွာ တံ ပစ္စဝေက္ခတိ။

ပဋ္ဌာန်းပါဠိတော်၊ပ၊ ပဥ္စဝါရ၊ နှာ-၁၃၂။

ဒါနံ ဒတွာတိ ဒေယျဓမ္မံ စဇိတွာ။ ယာယ ဝါ စေတနာယ သော ဒီယတိ၊ သာ စေတနာဒါနံ။ ဒတွာတိ တံ စေတနံ ပရိယောဒပေတွာ ဝိသုဒ္ဓံ ကတွာ။ သီလံ သမာဒိယိတွာတိ ပဉ္စင်္ဂဒိဝသေန နိစ္စသီလံ ဂဏှိတွာ။ပ။ ဥပေါသထကမ္မံ ကတွာတိ ပါဏံ န ဟနေ န စာ’ ဒိန္န မာဒိယေတိ ဧဝံ ဝုတ္တံ ဥပေါသထဒိဝသေသု အဋ္ဌင်္ဂဥပေါသထကိရိယံ ကတွာ။

ဌင်းအဋ္ဌကထာ နှာ-၄၃၅။

ဒါနံ၊ လှူဘွယ်ဝတ္ထုကို။ ဝါ၊ လှူကြောင်းစေတနာကို။ ဒတွာ၊ စွန့်ကြဲပြီး၍။ ဝါ၊ မစ္ဆေရာဒိ ကြေးညှိမတင် သုတ်သင်ပြီး၍။ သီလံ၊ ပဥ္စင်္ဂ, ဒသင်္ဂစသော နိစ္စ သီလကို။ သမာဒိယိတွာ၊ ကောင်းစွာခံယူပြီး၍။ ဥပေါသထကမ္မံ၊ ဥပုသ်နေ့၌ ဆောက်တည်ရသော အဋ္ဌင်္ဂဥပုသ်အမှုကို။ ကတွာ၊ ပြုပြီး၍။ တံ၊ ထိုဒါန,သီလ, ဥပေါသထ စေတနာပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်ကို။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။

ဒါနံ ဒတွာတိ၊ ဒါနံ ဒတွာ ဟူသည်ကား။ ဒေယျဓမ္မံ၊ဒေယျဓမ္မဒါနကို။ ဒတွာ၊ လှူဒါန်းစွန့်ကြဲ၍။ဝါ၊ တနည်းလည်း၊ ယာယ စေတနာယ၊ အကြင်စေတနာဖြင့်။ သော၊ ထိုဒေယျဓမ္မကို။ ဒီယတိ၊ ပေးလှူအပ်၏။ သာ စေတနာ၊ ထိုစေတနာ သည်။ ဒါနံ၊ ဒါနမည်၏။ ဒတွာတိ၊ ဒတွာဟူသည်ကား။ တံ စေတနံ၊ ထို စေတနာဒါနကို။ ပရိယောဒပေတွာ၊ ဖြူစင်စေ၍။ ဝိသုဒ္ဓံကတွာ၊ မစ္ဆေရာဒိ-ကြေးညှိမတင် စင်ကြယ်သည်ကိုပြု၍။ သီလံ သမာဒိယိတွာတိ၊ သီလံ သမာဒိ-ယိတွာ ဟူသည်ကား။ ပဉ္စင်္ဂဒိဝသေန၊ အင်္ဂါငါးပါးရှိ သီလ စသည်အစွမ်းဖြင့်။ နိစ္စသီလံ၊ နေ့တိုင်းလက်စွဲ အမြဲမပြတ် ကျင့်သုံးအပ်သောသီလကို။ ဂဏှိတွာ၊ ခံယူပြီး၍။ပ။ဥပေါသထကမ္မံ ကတွာတိ၊ ဥပေါသထကမ္မံ ကတွာ ဟူသည်ကား –

ပါဏံ၊ သတ္တဝါကို။ န ဟနေ၊ မသတ်ရာ။

အဒိန္နံ၊ အရှင်မသဒ္ဓါ သူ့ဥစ္စာကို။ န စ အာဒိယေ၊ မယူရာ။

ဣတိဧဝံ၊ ဤသို့စသည်ဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ ဥပေါသထ-ဒိဝသေသု၊ လေးသီတင်း ရှစ်သီတင်းဟူသော ပကတိဥပုသ်နေ့၊ လဆန်းလေးရက် ခြောက်ရက်စသော အကြိုအပို ဟူသော ပစ္စုဂ္ဂမန အနုဂမန ဥပုသ်နေ့၊ စွမ်းနိုင်လျှင် မိုးလေးလ၊ မစွမ်းနိုင်လျှင် သီတင်းကျွတ်လပြည့်မှ စ၍ တန်ဆောင်မုန်း လပြည့်တိုင်အောင် တလဟူသော ပါဋိဟာရိယဥပုသ်နေ့တို့၌။ အဋ္ဌင်္ဂဥပေါသထကိရိယံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော စောင့်သုံးခြင်း အမှုအရာကို။ ကတွာ၊ ပြုပြီး၍။

**၁၀-ပါးသီလ အဆုံးအဖြတ်၊** ။ဤသို့ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာသောကြောင့် ဆယ်ပါး သီလကို ဥပုသ်နေ့တို့၌ ခဏခေတ္တ လူတို့မစောင့်ရ၊ စောင့်လို ဆောက်တည်လိုလျှင် ဃဋိကာရအိုးထိန်းသည် စသည် တို့ကဲ့သို့ ရွှေငွေရတနာ ဥစ္စာစပါးတို့ကို လက်ခံသိမ်းထားမပြုပဲ ဆန်၊ ရေ၊ ငါး၊ ပိ၊ ဆီ၊ ဆား စသော အပ်သော ကပ္ပိယ ပစ္စည်းများကိုသာ ဈေးနာဖလှယ်ရောင်းဝယ် ဘောက်ကား၍ငင်း ကပ္ပိယ သူတော်စင် သီလရှင်ရသေ့ ပရိဗိုဇ်ပြု၍ သော်ငင်း စောင့်သုံးဆောက်တည်ရမည်။

ထိုထိုဇာတ်တော် နိပါတ်တော်တို့၌ အလောင်းတော်တကာတို့ ဥပုသ်စောင့်သုံးသည့် အရာများမှာ "ဥပေါသထံ ဥပဝသန္တိ၊ အဋ္ဌင်္ဂံ သုသမာဟိတံ" စသည်ဖြင့် အဋ္ဌင် ဥပုသ်သာ လာသည်၊ သောတာပန်တည်ပြီးသော ဝိသာခါ၊ အနာထပိဏ်သေဋ္ဌေး၊ သကဒါဂါမ် တည်ပြီးသော စူဠသုဘဒ္ဒါ၊ အနာဂါမ်တည်ပြီးသော ဝိသာခဒါယကာ အစရှိသော သူတို့ပင် ရှစ်ပါး ဥပုသ်ကိုသာ အားထုတ်သောအရာ ကျမ်းဂန်လာသည်၊ ဆယ်ပါးသီလကို ဥပေါသထသဒ္ဒါနှင့် ဥပုသ်ဟူ၍ ဆိုသော ကျမ်းဂန် မရှိ။

ဃဋိကာရအိုးထိန်းသည် ဒသသီလ စောင့်ဟန်လည်း ပါဠိ အဋ္ဌကထာ ကျမ်းဂန်တို့၌ ဤသို့လာ၏။

ဃဋိကာရော ခေါ မဟာရာဇ ကုမ္ဘကာရော ကောဘတ္တိကော ပြဟ္မစာရီ သီလဝါ ကလျာဏဓမ္မော နိက္ခိတ္တမဏိသုဝဏ္ဏော အပေတ-ဇာတရူပရဇတော။ န မုသလေန ပထဝိံ ခဏတိ၊ ယံ ဟောတိ ကူလ-ပလုဂ္ဂံ ဝါ မူသိကုက္ကုရော ဝါ၊ တံ ကာဇေန အာဟရိတွာ ဝေမာဟ "တတ္ထ

ယော ဂဏှာတိ၊ တဏ္ဍုလပဋိဘဂ္ဂါနိ ဝါ မုဂ္ဂပဋိဘဂ္ဂါနိ ဝါ ကဠာယ-ပဋိဘဂ္ဂါနိ ဝါ[၁] နိက္ခိပိတွာ ယံ ဂဏှာတိ တံ ဟရတူ”တိ။

မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ဃဋိကာရသုတ်၊ နှာ-၂၄၁-၂။

'ယံ ဂဏှာတိ တံ ဟရတူ'တိ သော ကိရ ဘာဇနာနိ ပစိတွာ ကယ-ဝိက္ကယံ န ကရောတိ။ ဝေံ ပန ဝတွာ ဒါရုတ္ထာယ ဝါ မတ္တိကတ္ထာယ ဝါ ပလာလတ္ထာယ ဝါ အရညံ ဂစ္ဆတိ။ မဟာဇနော “ဃဋိကာရေန ဘာဇနာနိ ပက္ကာနိ” တိ သုတွာ ပရိသုဒ္ဓ တဏ္ဍုလ,လောဏ,ဒဓိ,တေလ,-ဖာဏိတာဒီနိ ဂဟေတွာ, အာဂစ္ဆတိ။ပ။ ယထာဘတံ ဃရသာမိကော ဝိယ သာဓုကံ ပဋိသာမေတွာ ဂစ္ဆတိ။

ဋ္ဌင်းအဋ္ဌကထာ၊ နှာ-၁၉၇။

အနက်ကား—မဟာရာဇ၊ ကာသိသေဋ္ဌ်နင်း ကိကီမင်း။ ဃဋိကာရော၊ ဃဋိကာရမည်သော။ ကုမ္ဘကာရော၊ အိုးထိန်းသည်သည်။ ကောဘတ္တိကော၊ နေ့လွဲညဉ့်စာ မစား။ ဗြဟ္မစာရီ၊ မြတ်သောအကျင့်ကို ကျင့်၏။ သီလ ဝါ၊ ဆယ်ပါး သီလရှိ၏။ ကလျာဏ ဓမ္မော၊ ကောင်းသော တရားရှိ၏။ နိက္ခိတ္တ မဏိ သုဝဏ္ဏော၊ ပယ်ချအပ်သောမြရွှေရှိ၏၊ အပေတ ဇာတရူပ ရဇတော၊ မခံပယ်ရှင်း ကင်းသော ငွေရှင်ရှိ၏။ မုသလေန၊ ပေါက်တူးတရွင်းဖြင့်။ ပထဝိဥ္၊ မြေကိုလည်း။ န ခဏတိ၊ ပိုး-ရွ-ခြ-မွား သေမည်အားကို သနားသောထွေ မတူးဆွလေ။ ယံ ကူလပလုဂ္ဂံဝါ၊ အကြောင်ကမ်းပါးပြိုသည်ဋ္ဌင်း။ ယော မူသိကုက္ကုရော ဝါ၊ အကြင် ကြွက်ကျစ်မြေသည်ဋ္ဌင်း။ ဟောတိ၊ ရှိ၏။ တံ၊ ထိုကမ်းပြိုဘာသာ ကြွက်ကျစ်စာကို။ ကာဇေန၊ ထမ်းပိုးဖြင့်။ အာဟရိတွာ၊ ထမ်းဆောင်ခဲ့၍။ ဘာဇနာနိ၊ အိုး အင်တို့ကို။ ကတွာ၊ ပြုလုပ်ပြီး၍။ ပစိတွာ၊ မီးဖုတ်ပြီး၍။ ဝေံအာဟ၊ ဤသို့ဆို၏။ တတ္ထ၊ ထိုအိုး အင်တို့တွင်။ ဝါ၊ ထိုလူအများတို့တွင်။ ယော၊ အကြင်သူသည်။ ဂဏှာတိ။ ဝယ်ယူလို၏။ ဝါ၊ ဆန်-ပဲနောက် စသည်တို့ကို ပေးလို၏။ သော၊ ထိုသူသည်။ တဏ္ဍုလပဋိဘဂ္ဂါနိ ဝါ၊ ရိက္ခာဆန်တို့ကိုဋ္ဌင်း။ မုဂ္ဂပဋိဘဂ္ဂါနိ ဝါ၊ ရိက္ခာပဲနောက်တို့ကိုဋ္ဌင်း။ ကဠာယပဋိဘဂ္ဂါနိ ဝါ၊ ရိက္ခာပဲကြီး ပဲလွန်းတို့ကိုဋ္ဌင်း။ နိက္ခိပိတွာ၊ ချထားခဲ့၍။ ယံ၊ အကြင် အိုး အင်ကို။ ဂဏှာတိ၊ အလိုရှိ၏။ တံ၊ ထိုလိုသော အိုး အင်ကို။ ဟရတု၊ ဆောင်ယူစေသတည်း။ ဣတိဝေံ၊ ဤသို့။ အာဟ၊ ဆို၏။ (ပါဠိတော်အနက်)

---

၁။ တဏ္ဍုလပဋိဘဂ္ဂါနိဝါ၊ ဆန်အိတ်တို့ကိုဋ္ဌင်း။ မုဂ္ဂပဋိဘဂ္ဂါနိဝါ၊ ပဲနောက်အိတ်တို့ကိုဋ္ဌင်း၊ ကဠာယပဋိဘဂ္ဂါနိဝါ၊ ပဲကြီး ပဲလွန်းအိတ်တို့ကိုဋ္ဌင်း။ (မ၊ ၂၊ ဃဋိကာရသုတ်၊ နှာ-၂၁၄-ဆဋ္ဌမူ)

ယံ ဇ္ဈတိ တံ ဟာရတူတိ၊ ဟူသည်ကား။ သော၊ ထိုအိုးထိန်းသည်သည်။ ဘာဇနာနိ၊အိုး အင်တို့ကို။ ပစိတွာ၊ ဖုတ်ပြီး၍။ ကယ ဝိက္ကယံ၊ ဝယ်ခြင်း,ရောင်းခြင်းကို။ န ကရောတိ ကိရ၊ မပြုသတတ်။ ပန၊ ပြုသည်ကား။ ဝေံ၊ ဤ'ယံ ဇ္ဈတိ' စသော စကားကို။ ဝတွာ၊ ဆိုပြီး၍။ ဒါရုတ္ထာယ ဝါ၊ ထင်းအလို့ငှါရင်း။ မတ္တိကတ္ထာယ ဝါ၊ မြေအလို့ငှါရင်း။ ပလာလတ္ထာယ ဝါ၊ ကောက်ရိုး အလို့ငှါရင်း။ အရည်၊ တောသို့။ ဂစ္ဆတိ၊ သွားလေ၏၊ မဟာဇနော၊ လူအများသည်။ ဃဋိကာရေန၊ အိုးထိန်းသည်သည်။ ဘာဇနာနိ၊ အိုး အင်တို့ကို။ ပက္ကာနိ၊ ဖုတ်အပ်ကုန်ပြီးပြီ။ ဇ္ဈတိ၊ ဤသို့။ သုတွာ၊ ကြား၍။ ပရိသုဒ္ဓတဏ္ဍုလ, လောဏ, ဒဓိ-တေလ, ဖာဏိတာဒီနိ၊ စင်ကြယ်စွာသော ဆန် ဆား နို့ဓမ်း ဆီ တင်လဲ စသည်တို့ကို။ ဂဟေတွာ၊ ယူခဲ့၍။ အာဂစ္ဆတိ၊ လာ၏။ပ။ ယထာဘတံ၊ ဆောင်ယူခဲ့သမျှ ဆန်စသည်ကို။ ဃရသာမိကောဝိယ၊ အိမ်ရှင်ကဲ့သို့။ သာဓုကံ၊ ကောင်းမွန်စွာ။ ပဋိသာမေတွာ၊ သိုမှီးသိမ်းဆည်း၍။ ဂစ္ဆတိ၊ ပြန်သွား၏။ (ၚင်းအဋ္ဌကထာအနက်)

ဤသို့ 'ဃဋိကာရာဒီနံဝိယ'ဟု ဋီကာ သက်သေညွှန်းပြအပ်သော ဃဋိကာရ၏ ဆယ်ပါးသီလ စောင့်ဟန် ကျမ်းဂန် အသေအချာ လာသည်ဖြစ်၍ မသေမချာ အရိပ်အမြွက်မျှလာသော အာနန္ဒမထေရ် အလောင်း သုမနမင်းသား စသည်တို့ ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် ဝါတွင်းသုံးလပတ်လုံး တောထွက်၍ ဆောက်တည် ကျင့်သုံးကြသော ဆယ်ပါးသီလကို သာဓကမူ၍ ရွှေငွေကို မစွန့်ပဲ အပ်၏ ဟု မယူသင့်ပြီ။ ဤကား မဆောက်တည်ကောင်းဟု ယူသောဆရာတို့၏ ဝါဒတည်း။

**ဆယ်ပါးသီလဆောက်တည်အပ်ပုံ။** ။ဆောက်တည်ကောင်း၏ ဟု ယူသော ဆရာတို့လည်း ဤသို့ ဆိုကြကုန်၏—

ငါးပါး, ရှစ်ပါး, ဆယ်ပါးသီလတို့ကား အိမ်နေသူ လူတို့ စောင့်ရသော သီလမျိုးတို့ဟူ၍သုတ်,ဝိနည်း,အဘိဓမ္မာ ပါဠိ, အဋ္ဌကထာ, ဋီကာကြီးတို့၌ များစွာ အရာအားဖြင့် လာကုန်သည်။

"ဥပါသက, ဥပါသိကာနံ နိစ္စသီလဝသေန" အစရှိသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၁၊ နှာ-၁၅၊ ယင်း ဋီကာ၊ ၁၊ နှာ-၃၆။ ပဋ္ဌာန်းပါဠိတော်၊ ၁၊ နှာ-၁၃၂။ ယင်းအဋ္ဌကထာ၊ နှာ-၄၃၅။

"သီလမယန္တိ နိစ္စသီလ, ဥပေါသထ, နိယမာဒိဝသေန ပဥ္စ,အဋ္ဌ, ဒသဓာ သီလာနိ သမာဒိယန္တဿ။ ။ဣတိဝုတ်အဋ္ဌကထာ၊ နှာ-၁၉၄။

သီလမယန္တိ၊ သီလမယံ ဟူသည်ကား။ နိစ္စသီလ ဥပေါသထ နိယမာဒိဝသေန၊ နိစ္စသီလ, ဥပုသ်သီလ, နိယမသီလစသည်တို့၏ အစွမ်းဖြင့်။ ပဥ္စ, အဋ္ဌ,ဒသဓာ၊

ငါးပါး, ရှစ်ပါး, ဆယ်ပါး အပြားရှိကုန်သော။ သီလာနိ၊ သီလတို့ကို။ သမာဒိ-ယန္တဿ၊ ဆောက်တည်သောလူ၏။ သီလံ၊ သီလသည်။ သီလမယန္တိ သီလမယံ နာမ၊ သီလမယပုညကြိယာမည်၏။

**နိစ္စသီလစသည် ၃-မျိုး။**　။နိစ္စသီလဝသေန ပဉ္စဟိ, နိယမဝသေန ဒသဟိ။ ပိ-သဒ္ဒေန ကတိပယေဟိ ဥပေါသထ သီလ-ဝသေန အဋ္ဌဟိပီတိ ဒဿေတိ[၁]။

သဂါထာဝဂ္ဂ၊ သက္ကသံယုတ် ဋီကာ နှာ-၃၄၁။

ဤ၌ နိစ္စသီလ ဟူသည် အမြဲအစွဲ စောင့်ရသော ပဉ္စသီလတည်း။ ဥပေါသထ သီလ ဟူသည် ဥပုသ်နေ့တို့၌ သုံးသော အဋ္ဌသီလတည်း။ နိယမသီလ ဟူသည် ပက္ခ,လ,နှစ် စသည်ကို မှတ်၍ စောင့်သုံးအပ်သော ဒသသီလတည်းဟု ဆိုလို သည်။ ကြွင်းသော ဝိဘင်း,ဝိနည်း,သံယုတ်,အင်္ဂုတ္တရဆက္ကနိပါတ် မဟာတုဏ္ဍိလ ဇာတ်, အသီတိနိပါတ် မဟာဟံသဇာတ်, ပဋိသမ္ဘိဒါမဂ်, ဗုဒ္ဓဝင်အဋ္ဌကထာ စသည်တို့၌ လူတို့ ဆောက်တည်အပ်ကြောင်း သာမညသာ လာသော်လည်း ဝိသေသသို့ လိုက်၍ ဒသသီလကို နိစ္စသီလ နိယမသီလဟူ၍ မှတ်ရာ၏၊ သာမဏေ တို့မှာ နိစ္စ, လူတို့မှာ အချို့ နိစ္စ, အချို့ နိယမ မှတ်။

**နိယမ,နိစ္စသီလ အဆုံးအဖြတ်။**　။ဒသသီလကို ဋ္ဌတိဝုတ်အဋ္ဌကထာ, သံယုတ် ဋီကာတို့၌ နိယမသီလဟူ၍ ဆိုသည်၊ ပဋ္ဌာန်း အဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ, ဋီကာတို့၌ နိစ္စသီလဟူ၍ ဆိုသည်။ ဤသို့ နှစ်ကွဲ မိန့်ဆိုကြသော်လည်း အသင့်ချည်းသာ မှတ်ရာ၏။

**ဒသသီလကို နိယမ ဟု ဆိုခြင်းအကြောင်း။**　။အဘယ့်ကြောင့်နည်းဟူမူ — ဝါတွင်းသုံးလပတ်လုံး ဖန်ရည် စွန်းသော အဝတ်အထည်ကို ဝတ်ရုံ၍ ဆယ်ပါးသီလကို ဆောက်တည်ပြီးလျှင် ဝါကျွတ်၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ ရွာသို့လာ၍ ခုနစ်ရက် ပတ်လုံး အလှူကြီးပေးသော ပဒုမုတ္တရ ဘုရားလက်ထက် အရှင်အာနန္ဒာ အလောင်း သုမနမင်းသား၊ ထိုအတူ အချင်းယောကျ်ား တထောင် အခြွေ အရံနှင့်တကွ ဒသသီလကို ဆောက်တည် ကျင့်သုံးကြသော ဖုဿဘုရားရှင် လက်ထက် အရှင်ဥရုဝေလကဿပ, နဒီကဿပ, ဂယာကဿပတို့ အလောင်း

၁။ နိစ္စသီလဝသေန= နိစ္စသီလ၏ အစွမ်းဖြင့်။ ပဉ္စဟိ=ငါးပါးသီလတို့ဖြင့်။ နိယမ-ဝသေန=နိယမ၏ အစွမ်းဖြင့်။ ဒသဟိ=ဆယ်ပါးသီလတို့ဖြင့်။ ပိ-သဒ္ဒေန=ပိ-သဒ္ဒါဖြင့်။ ကတိပယေဟိ၊ ၂-ကြိမ် ၃-ကြိမ်=၂-ရက် ၃-ရက် ဆောက်တည်အပ်ကုန်သော။ ဥပေါသထ-သီလဝသေန=ဥပေါသထသီလ၏ အစွမ်းဖြင့်။ အဋ္ဌဟိပိ=၈-ပါးသီလတို့ဖြင့်လည်း။ ဣတိဣမံ အတ္ထံ၊ဤအနက်ကို။ ဒဿေတိ=ပြတော်မူ၏။

မင်းသားသုံးပါး စသည်တို့ ကာလကို မှတ်၍ ဆောက်တည်ကြသည်နှင့် အညီ ဒသသီလကို နိယမ ဟု မိန့်ဆိုတော်မူကြကုန်သည်။

**ဒသသီလကို နိစ္စဟု ဆိုခြင်းအကြောင်း။** ။ကဿပဘုရားရှင် လက်ထက် ဃဋီကာရအိုးထိန်း၊ အင်္ဂတိမင်း၏ သမီးတော် ခုနစ်ယောက်၊ ငါတို့ဘုရားလက်ထက် ဟတ္ထကဥပါသကာ, ဟတ္ထာဠဝက ဥပါသကာ စသည်တို့ လူဝတ်နှင့်ပင် အသက်ထက်ဆုံး ဆောက်တည်ကြသည်နှင့် အညီ ဒသသီလကို နိစ္စသီလ ဟု မိန့်ဆိုတော်မူကြကုန်သည်။

ထိုတွင် သုမနမင်းသားကျင့်ပုံ အင်္ဂုတ္တရအဋ္ဌကထာ၊၁၊နှာ-၂၂၇၊ နိဒါနဝဂ္ဂသံယုတ် အဋ္ဌကထာ၊ နှာ-၈၅ တို့၌ လာ၏။

ကဿပညီနောင် ရှင်တထောင်တို့ ကျင့်ပုံ ဓမ္မပဒအဋ္ဌကထာ၊၁၊နှာ-၆၅ ၌ လာ၏၊ ဃဋီကာရ အိုးထိန်းသည် ကျင့်ဟန် မဇ္ဈိမပဏ္ဏာသ၊ ဃဋီကာရသုတ် ပါဠိ၊ နှာ-၂၄၁။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊၁၊နှာ-၃၆-တို့၌ လာ၏။

ဟတ္ထကဥပါသကာ၏ ဘုရားကို ဖူးမြင်ခြင်း တရားတော်ကိုနာခြင်း သံဃာတော်ကို လုပ်ကျွေးခြင်းတို့၌ မရောင့်ရဲခြင်း သုံးပါးနှင့် ပြည့်စုံလျက် အဓိသီလကို ဖြည့်ကျင့်ပုံ အခြင်းအရာသည် "အဓိသီလံ သိက္ခမာနော" ဟူသော တိကင်္ဂုတ္တရ ပါဠိတော်၊ ဒု၊ နှာ-၂၈၃။ "အဓိသီလ"န္တိ ဒသဝိဓံ သီလံ။ တဉှိ ပဉ္စသီလံ ဥပါဒါယ အဓိသီလန္တိ ဝုစ္စတိ" ဟူသော ၎င်းအဋ္ဌကထာ၊ ဒု၊ နှာ-၂၄၀ တို့၌ လာ၏။

ဟတ္ထာဠဝက ဥပါသကာ၏ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, အပ္ပိစ္ဆတာ, ဟိရီ, ဩတ္တပ္ပ ဟူသော အံ့ဘွယ်ရှစ်ပါးတို့နှင့် ပြည့်စုံခြင်းသည် 'သီလဝါ ဘိက္ခဝေ ဟတ္ထော အာဠဝကော' စသော အင်္ဂုတ္တရပါဠိတော်၊တ၊နှာ-၅၃၊ 'သီလဝါ'တိ ပဉ္စသီလ ဒသသီလေန သီလဝါ စသော ၎င်း အဋ္ဌကထာ နှာ-၂၂၂ တို့၌ လာ၏။

**၁၀-ပါးသီလကို မိန်းမများ စောင့်နိုင်ခြင်း။** ။အချို့သူတို့ကလည်း ဒသသီလကို မိန်းမတို့ မစောင့်ကောင်း ဟူ၍ ဖြူစူပြောဆိုကြကုန်၏။ ကျမ်းဂန်အရာ မလိမ္မာ၍ ဆိုမိဆိုရာ ပြောဆိုသည်သာ ဟု မှတ်။ မာတုဂါမတို့၏ နတ်ရွာသုဂတိ လားရကြောင်း သဒ္ဓါ, သီလ, ဟိရီ, ဩတ္တပ္ပ, ပညာ ဟူသော တရားငါးပါး၊ မာတုဂါမတို့၏ ရူပဗလ, ဘောဂဗလ, ဉာတိဗလ, ပုတ္တဗလ, သီလဗလ ဟူသော အားငါးပါးတို့ကို ဟောတော်မူရာ သဠာယတနဝဂ္ဂ၊ မာတုဂါမသံယုတ်ပါဠိတော်၊ နှာ-၄၄၄။ အဖွင့် အဋ္ဌကထာ၊ နှာ-၁၂၆-၌—

ပဉ္စသီလ, ဒသသီလာနိ အခဏ္ဍာနိ ကတွာ ရက္ခန္တဿ ဟိ သီလသမ္ပတ္တိယေဝ သီလဗလံ နာမ ဟောတိ-ဟု လာသည်။

ကဿပဘုရားရှင် လက်ထက်—

ခေမာ,ဥပ္ပလဝဏ္ဏာ စ၊ ပဋာစာရာ စ, ကုဏ္ဍလာ။
ကိသာဂေါတမီ, ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ[၁]။

ဟူသော ခုနစ်ဦးသားတို့၏ အလောင်းဖြစ်သော—

သမဏီ, သမဏဂုတ္တာ စ၊ ဘိက္ခုနီ, ဘိက္ခုဒါယိကာ။
ဓမ္မာ စေဝ, သုဓမ္မာ စ၊ သတ္တမီ သံဃဒါယိကာ[၂]။

ဟူသော မင်းသမီး ခုနစ်ယောက်တို့သည် ငယ်စဉ်ကစ၍ အနှစ်နှစ်သောင်း ကာလပတ်လုံး ဆယ်ပါးသီလ ကောမာရ ဗြဟ္မစရိယကို ဆောက်တည် ကျင့်သုံးလျက် ဘုရားအမှူးရှိသော သံဃာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် မပြတ် လုပ်ကျွေး ကြကုန်သည် ဟု- အပဒါန်၊ ထေရီဂါထာ၊ အင်္ဂုတ္တရ အဋ္ဌကထာ စသည်တို့၌ အကျယ်လာ၏။

သီဟိုဠ်ကျွန်း ဒေဝါနံပိယတိဿမင်း ညီတော် မိဖုရား အနုဠာဒေဝီလည်း ငါးရာသော သတို့သမီး, ငါးရာသော အိမ်တော်သူတို့နှင့် တကွ ဒသသီလကို ဆောက်တည်လျက် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်၍ မြို့တွင်းအရပ်တခု၌ နေသည်ဟု ပါရာဇိကဏ်အဋ္ဌကထာ (၁၊နှာ-၆၇) ၌ လာသည်။

'ဥပါသက သိက္ခာ'တိ ဥပါသကေဟိ သိက္ခိတဗ္ဗသိက္ခာ။ သာ ပဉ္စသီလ-ဝသေန ဝေဒိတဗ္ဗာ။ ဥပါသိကသိက္ခာတိ ဥပါသိကာဟိ သိက္ခိတဗ္ဗသိက္ခာ။ သာပိ ပဉ္စသီလ, ဒသသီလဝသေန ဝေဒိတဗ္ဗာ—

ဟု-အဘိဓမ္မာ ဝိဘင်းအဋ္ဌကထာ (နှာ-၃၂၉) ၌ ဒသသီလကို လူယောကျ်ား, လူမိန်းမတို့ စောင့်အပ်ကြောင်းကို အထင်အရှား ခြားခြားနားနား မိန့်ဆိုသည်။

## ယမ, နိယမ အကျင့်

ယံ ဒေဟသာဓနာပေက္ခံ၊ နိစ္စံ ကမ္မ'မယံ ယမော။
အာဂန္တုသာဓနံ ကမ္မ၊ မနိစ္စံ နိယမော ဘဝေ။

မောဂ္ဂလ္လာန် အဘိဓာန် ဂါထာ-၄၄၄။

---

၁။ ဆဋ္ဌမူတို့၌ 'ကုဏ္ဍလာ' အစား 'ဂေါတမီ' ဟူ၍ 'ကိသာဂေါတမီ, ဓမ္မဒိန္နာ၊ ဝိသာခါ ဟောတိ သတ္တမီ' အစား 'ဓမ္မဒိန္နာ မဟာမာယာ၊ ဝိသာခါစေဝ သတ္တမီ' ဟု ရှိသည်။

၂။ ဆဋ္ဌမူတို့၌ 'သံဃဒါသီစ သတ္တမာ'ဟု ရှိသည်။

**ယမသီလ**[၁]။ ။ယံ ကမ္မံ၊ အကြင်ပြဟ္မစရိယ အမှုသည်။ ဒေဟသာခနာပေက္ခံ၊ ကိုယ်ခန္ဓာ ပြီးဆုံးသည်ကို ငဲ့၍။ နိစ္စံ၊ တနေ့မပြတ်မြဲ၍။ အယံ၊ ဤပြဟ္မစရိယ အကျင့်သည်။ ယမော၊ ယမ အကျင့်မည်သည်။ဘဝေ၊ ဖြစ်၏။

**နိယမသီလ**[၂]။ ။အာဂန္တုသာခနံ၊ အခိုက်အတန့် ပြီးစေအပ်သော။ အနိစ္စံ၊ မမြဲ,ပြတ်တောင်းသော။ ကမ္မံ၊ ပြဟ္မစရိယ အမှုသည်။ နိယမော၊ နိယမအကျင့် မည်သည်။ ဘဝေ၊ ဖြစ်၏။

ယံ ပါဏာတိပါတာ ဝေရမဏိအာဒိကံ ပြဟ္မစရိယကမ္မံ နိစ္စံ၊ ယာဝဇီဝ-မဝဿမ္ဘာဝေန၊ တံ ဒေဟသာခနာပေက္ခံ သရီရေနေဝ သာခနမပေက္ခံ၊ အယံ ယမောနာမ။ ယံ ပနာဂန္တုနာ သုက္ကပက္ခာဒိဝသေန အနိစ္စံ နိယမိတကာလ’-မုပဝါသာဒိကံ ကမ္မံ၊ အယံ နိယမော။ ကာလာဒိဝသေန နိယမိတဗ္ဗောတိ နိယမော[၃]။ ငင်းအဘိဓာန်ဋီကာ (နှာ-၃၀၄)

ထို ယမ, နိယမ ကျင့်သုံးပုံသည် သာသနာ၀င် ကျမ်းကြီးတို့၌ တိုက်ရိုက် မလာသော်လည်း ယခင် ပြခဲ့ပြီးသော ဝတ္ထုနိဒါန်းတို့၌ ပကရဏန္တရ အဓိ-ကာရလက္ခဏာ အရာအကြောင်းအားဖြင့် အလွန် ထင်ရှားစွ။

**နိယမ သီလရှင်းတမ်း**။ ။ထို ဒသသီလကို နိယမ အဖြစ်ဖြင့် နေ့ရက်, ကာလ, ပက္ခ, လ, နှစ်တို့ကို မှတ်၍ ကျင့်ကောင်းသော ကြောင့် ပြည့်ရှင်မင်းတို့ ကျင့်အပ်သော ရာဇဓမ် ဆယ်ပါးတို့တွင် ‘သီလံ’ ပုဒ်ကို ‘ပဉ္စသီလ ဒသသီလာနိ သီလံ’ဟု အသီတိနိပါတ် မဟာဟံသဇာတ်အဋ္ဌကထာ (ဇာတက၊ ဋ္ဌ၊၅၊နှာ-၄၀၃-၌) ဖွင့်ဆိုသည်။ ဤအလိုဖြင့် ရှေးမင်းတို့ နေ့ရက် ကာလကို ပိုင်းခြားမှတ်သား၍ နိယမအားဖြင့် ဆယ်ပါးသီလကိုလည်း ရံခါ ရံခါ ဆောက်တည်ကြသည်၏ အဖြစ်သည် စင်စစ် ထင်ရှား၏။ ဥပုသ်သီလမှာ ပဉ္စ-သီလနှင့် နေသည့်အခါ ဥပုသ်နေ့တိုင်ရောက်လျှင် ရှေးမင်းတို့ စောင့်ရှောက် သည်ကို ‘ဥပေါသထကမ္မံ တပေါ’ဟု ငင်းဇာတ်အဋ္ဌကထာ (နှာ-၄၀၃ ၌) ဖွင့် ဆို၏။ ယင်းသို့ နိစ္စ-နိယမ-ဒိဝသတို့ဖြင့် ပဉ္စသီလ, ဒသသီလ, အဋ္ဌသီလ တို့ကို

---

၁။ ယမ သီလ=အမြဲစောင့်ထိန်းအပ်သော ငါးပါးသီလ။

၂။ နိယမ သီလ=ရံခါစောင့်ထိန်းအပ်သော ဥပုသ်သီလ(အဘယာရာမ အဘိဓာန် နိဿယ သစ်၊ ဂါထာနံပါတ်-၄၄၄)
=ကာလ အပိုင်းအခြားအားဖြင့် မှတ်အပ်သဖြင့် နိယမ ဟု ခေါ်သည်။ (အဘိဓာန် ဋီကာ)

၃။ ဗုဒ္ဓသာသနာအဖွဲ့ထုတ် အဘိဓာန်ဋီကာနှင့် မူအားဖြင့် အတော်ကလေး ကွဲလွဲ၍ ဆရာတော်ကြီးက လိုရာလောက်ကိုသာ ကိုးကားခြင်းသော်လည်း ဖြစ်တန်ရာသည်။

ရှေးမင်းကောင်းတို့ ကျင့်သုံးလေ့ရှိသောကြောင့် ဗာရာဏသီပြည့်ရှင် မင်းကြီးသည် ဘုရားလောင်း ဝေရဋ္ဌ ဟံသာမင်းအား—

ဒါနံ သီလံ ပရိစ္စာဂံ၊ အဇ္ဇဝံ မဒ္ဒဝံ တပံ။
အက္ကောဓံ အဝိဟိံသဉ္စ၊ ခန္တိဉ္စ အဝိရောဓနံ။

ဣစ္စေတေ ကုသလေ ဓမ္မေ၊ ဌိတေ ပဿာမိ အတ္တနိ။
တတော မေ ဇာယတေ ပီတိ၊ သောမနဿဉ္စနပ္ပကံ။

ဟု ပြောဆိုကြောင်းကို အသီတိနိပါတ် မဟာဟံသဇာတ် ပါဠိတော် (ဇာတက၊ ဒု၊ နှာ-၉၇)၌ ဘုရားဟောတော်မူသည်။

ဒါနံ၊ ပေးလှူခြင်း။ သီလံ၊ ငါးပါး, ဆယ်ပါးသီလ။ ပရိစ္စာဂံ၊ ပေးအပ်သမျှ ဒါနဝတ္ထုတို့ကို စွန့်ခြင်း။ အဇ္ဇဝံ၊ ဖြောင့်မတ်ခြင်း။ မဒ္ဒဝံ၊ နူးညံ့ခြင်း။ တပံ၊ အင်္ဂုဉ်ပုသ်ကို အားထုတ်ခြိုးခြံစွာကျင့်ခြင်း။ အက္ကောဓံ၊ မေတ္တာပွါးလျက် အမျက်မထွက်ခြင်း။ အဝိဟိံသဉ္စ၊ သနားကြည်ကွဲ မညှဉ်းဆဲခြင်း။ ခန္တိဉ္စ၊ သည်းခံခြင်း။ အဝိရောဓနံ၊ ပြည်သူတို့နှင့် မဆန့်ကျင်ခြင်း။ ဣတိ ဧတေ ကုသလေ ဓမ္မေ၊ ဤမင်းကျင့်ဆယ်ပါး ကုသိုလ်တရားတို့ကို။ အတ္တနိ၊ မိမိ၌။ ဌိတေ၊ တည်သည်တို့ကို။ ပဿာမိ၊ မြင်ရ၏။ တတော၊ ထိုကြောင့်။ မေ၊ ငါ့အား။ ပီတိ၊ နှစ်သက်ခြင်းသည်၎င်း။ အနပ္ပကံ၊ အတိုင်းမသိသော။ သောမနဿဉ္စ၊ ဝမ်းမြောက်ခြင်းသည်၎င်း။ ဇာယတေ၊ ဖြစ်၏။　(ဤကား အနက်)

ငါတို့ဘုရားရှင်လက်ထက် သာဝတ္ထိပြည် သေဌေးသားတဦးသည် ဆရာရဟန်းကို ကပ်၍ ဒုက္ခမှ လွတ်အောင် အဘယ်သို့ ကျင့်ရပါအံ့နည်းဟု လျှောက်ရာ စာရေးတံဆွမ်း, ပက္ခဆွမ်း, ဝါဆိုသင်္ကန်း, ပစ္စည်းလေးပါးအလှူ, ဥစ္စာကို သုံးပုံ ပုံ၍ တပုံကို စီးပွါးပြု၊ တပုံကို သားမယားမွေး၊ တပုံကို သာသနာတော်၌ လှူစေ၍ သရဏဂုံ ပဉ္စသီတို့၌ ဆုံးမတိုက်တွန်းတိုင်း နာခံပြီး၍ ထပ်မံလျှောက်ထားသည်နှင့် ဆယ်ပါးသီလကို ဆောက်တည်စေသဖြင့် ကုသိုလ်တရားကိုကျင့်၍ သေဌေးအဖြစ်သို့တိုင် ရောက်ကြောင်းကို ဓမ္မပဒအဋ္ဌကထာ (၁၊ နှာ-၁၀၉) ဥက္ကဏ္ဍိတဝတ္ထုတွင် ဆိုသည်။

ယေ ဂဟဋ္ဌာ ပုညကရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။

ဟူသော သဂါထာဝဂ္ဂ သက္က နမဿန (ဂဟဋ္ဌဝန္ဒနာ) သုတ် (သံယုတ်၊ ၁၊ နှာ-၂၃၇) ၌ မိန့်ဆို၏။

သီလဝန္တောတိ ဥပါသကတ္တေ ပတိဋ္ဌာယ ပဉ္စဟိ, ဒသဟိပိ သီလေဟိ သမန္နာဂတာ—ဟု ယင်း အဋ္ဌကထာ (နှာ-၃၂၂)၌ မိန့်ဆို၏။

1910

နိစ္စသီလဝသေန ပဉ္စဟိ၊ နိယမဝသေန ဒသဟိ၊ ပိ-သဒ္ဒေန ကတိ ပယေဟိ ဥပေါသထ သီလဝသေန အဋ္ဌဟိပီတိ ဒဿေတိ— ဟု ယင်းဋီကာ (နှာ-၃၄၁) ၌ မိန့်ဆို၏။

ဤသို့ပြအပ်ပြီးသည်အတိုင်း များသော အားဖြင့် ပဉ္စသီလကို နိစ္စ၊ ဒသသီလကို နိယမ၊ အဋ္ဌသီလကို ဥပုသ်နေ့မှတ်၍ လောက၌ ကျင့်သုံးကြကုန်၏။ ဝတ်ဖြူဝတ် သီလရှင် သူတော်စင်ပြုလုပ်သူတို့ကား ဒသသီလကို နိစ္စဆောက်တည်ရမည်မှာ ဆိုဖွယ်ရာ မရှိပြီ။

**နေ့ရက်ဟူသမျှ ဥပုသ်စောင့်ကောင်းခြင်း။** ။အချို့ ဆရာကြီးတို့ကား ဥပုသ်နေ့မဟုတ်ပဲ ဥပုသ် စောင့်လျှင် ဥပုသ်သီလ မမည်ဟုရင်း၊ အချို့သူတို့ကလည်း အကျိုးမရဟုရင်း ပြောဆိုရေးသားကြကုန်၏။ ထိုတွင် အကျိုးမရဟု ယူသော သူတို့ကား မိစ္ဆာသက်သက်သာတည်း။ ဥပုသ်မမည်ဟု ယူသူတို့ကား လောကစာရိတ္တ အထင်အရှား အများပြုကျင့်ကြရိုးသို့ လိုက်၍ ဟောတော်မူသော "စာတုဒ္ဒသီ ပဉ္စဒသီ ၊ ယာ စ ပက္ခဿ အဋ္ဌမီ" စသော သုတ္တန်ပါဠိတော် (တိကင်္ဂုတ္တ ၁၊ နှာ-၁၄၂-စသည်) များကိုသာ တွေ့မြင်၍ ပြောဆိုရေးသားခြင်းမျှ ဖြစ်သည်။ ရဟန်းတို့မှာကဲ့သို့ ပကတိစာရိတ္တ မဟုတ်။ မဟာဇနကမင်းသား၊ သခ်ပုဏ္ဏား စသော ဘုရားအလောင်းတော်တို့သည် သင်္ဘောပျက်သည့်အခါ ဥပုသ်နေ့မဟုတ်သော်လည်း တရက်မက ခုနစ်ရက်တိုင်အောင်ပင် နေ့ရက်မရွေး ဆောက်တည် ကျင့်သုံးကြကုန်သည်။ ပကိဏ္ဏကနိပါတ် ပဉ္စုပေါသထဇာတ် (၄၊ ၄၊ နှာ - ၃၂၅) ၌လည်း ဘုရား၊ အနုရုဒ္ဓါ၊ ကဿပ၊ မောဂ္ဂလ္လာန်၊ သာရိပုတြာ အရှင်ကောင်းတို့ အလောင်းတော် ဖြစ်ကြကုန်သော ဇာတိမန္တရသေ့၊ ခို၊ ဝံ၊ မြွေခွေး၊ မြွေ—ဤငါးဦးသော သူမြတ်တို့သည် မာန၊ ရာဂ၊ အတြိစ္ဆာ၊ လောဘ၊ ဒေါသဖြစ်လာသည့်အခါ ထိုကိလေသာတို့ကို နှိပ်၍ နေ့ရက်မရွေး ဥပုသ်စောင့်ကြကြောင်း လာသည်။ နန္ဒိယမင်း၏ မိဖုရားကြီးလည်း ဥပုသ်ဆောက်တည်လျက် လေးမျက်နှာ အရပ်သို့ တရက် တရက်စီအလှူခံ ရဟန္တာ အရှင်မြတ်တို့ကို ပူဇော်ပင့်ဆောင်ကြောင်း ဓမ္မပဒအဋ္ဌကထာ(နှာ-၁၃၅)၊ နိဒါနဝဂ္ဂ ကဿပသံယုတ်အဋ္ဌကထာ (သံ၊၄၊၂၊နှာ-၁၇၅) တို့၌ လာသည်။ ထိုအလောင်းတော်မြတ်တို့လည်း မျက်မှောက်တမလွန် လောကီလောကုတ္တရာ အကျိုး စီးပွါး ထင်ရှားစွာ ရကြသည်ဖြစ်၍ နေ့ရက်ကာလမရွေး အလိုရှိတိုင်း စောင့်သုံးအပ်ကြောင်းကို ကောင်းကောင်း ကြီးမှတ်၍ မယုံမှား တတ်အားသမျှ စောင့်သုံးကြကုန်။

**ဥပုသ် ၃ - မျိုး။** ။ထိုသို့ စောင့်သုံးအပ်သော ဥပုသ်သည် နိဂဏ္ဌဥပုသ်၊ ဂေါပါလဥပုသ်၊ အရိယဥပုသ်ဟူ၍ သုံးပါးတည်း။

**နိဂဏ္ဌဥပုသ်။** ။ထိုတွင် အကျိုးမရှိ ဒိဋ္ဌိဝါဒ နိဂဏ္ဌတို့ ဆုံးမတိုင်း စောင့်သုံးသော ဥပုသ်သည် နိဂဏ္ဌဥပုသ်မည်၏။

**ဂေါပါလဥပုသ်။** ။အဘိဇ္ဈာ တဏှာ လောဘနှင့်စပ်၍ မပြတ်သော စီးပွါးရေးစသည်ကို တွေးဆကြံလျက် စောင့်သော အရိယဥပုသ်သည်ပင် မိစ္ဆာဝိတက်ကြောင့် ဂေါပါလဥပုသ် မည်၏။

အရိယုပေါသထော အယံ အပရိသုဒ္ဓဝိတက္ကတာယ ပန ဂေါပါလကဥပေါသထဋ္ဌာနေ ဌိတော။

တိကင်္ဂုတ္တရအဋ္ဌကထာ၊ ဝိသာခုပေါသထ သုတ်အဖွင့် (နှာ-၁၉၄)။

**အရိယဥပုသ်။** ။အရိယာသူတော်ကောင်းတို့ ကျင့်သုံးသော ဥပုသ်သည် အရိယဥပုသ် မည်၏။

**အရိယဥပုသ် ၆-ပါး။** ။ထိုအရိယဥပုသ်သည် ဗြဟ္မုပေါသထ, ဓမ္မုပေါသထ, သံဃုပေါသထ, သီလုပေါသထ, ဒေဝတုပေါသထ, အင်္ဂါကုပေါသထဟူ၍ ခြောက်ပါး။ ဝိသာခုပေါသထသုတ်၌ လာ၏။

ထိုတွင် ဘုရား, တရား, သံဃာ, မိမိ၏ သီလဂုဏ်တို့ကို ဆင်ခြင်၍ စောင့်သုံးသော ဥပုသ်လေးပါး တို့သည် ဗြဟ္မုပေါသထ, ဓမ္မုပေါသထ, သံဃုပေါသထ, သီလုပေါသထ မည်၏။

နတ်ဗြဟ္မာတို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါ, သီလ, သုတ, စာဂ, ပညာ, ဟိရီ, ဩတ္တပ္ပ ဟူသော သူတော်ကောင်းတရား ကျေးဇူးဂုဏ်ကို အောက်မေ့၍ စောင့်ရှောက်အပ်သော ဥပုသ်သည် ဒေဝတုပေါသထ မည်၏။

ယခုကာလ စောင့်ကြရိုး ရှစ်ပါးသီလသည် အင်္ဂါကဥပုသ် မည်၏။ ယင်းဥပုသ်ကို အိမ်ယာတည်ထောင်သူ လူတို့သာ ကျင့်သုံးရသည်။

ရှေ့ငါးပါးကိုကား ရဟန်း ရှင်လူ သူခပ်သိမ်းပင် ကျင့်သုံးရ၏။

**အရိယဥပုသ် ကျင့်သုံးခြင်း။** ။ဤမျှလောက်သော နေ့ရက်ကာလပတ်လုံး ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ် မိမိ၏ ပဉ္စသီလ, ဒသသီလ, စတုပါရိသုဒ္ဓိသီလ, သန္တနေခုနစ်ပါးတို့ကို အောက်မေ့ဆင်ခြင်၍ သီတင်းသုံးနေအံ့ဟု ဆောက်တည်၍ နေသမျှသည် အရိယဥပုသ်သုံးနေသည် မည်၏ဟူ၍ မှတ်။

သီလာနီတိ ဂဟဋ္ဌော ဂဟဋ္ဌသီလာနိ ပဗ္ဗဇိတော ပဗ္ဗဇိတသီလာနိ။

သီလုပေါသထန္တိ အဋ္ဌင်္ဂနေ့ သီလာ နုသ္သရဏဝသေန ဥပဝုတ္ထော ဥပေါ-
သထော “သီလုပေါသထောနာမ”—

ဟူသော အဋ္ဌကထာဖွင့်စကား (အံ၊ ဋ္ဌ၊ ၂၊ နှာ-၁၉၆) ကို နှလုံးထားမိကြစေ။ (ဤအရာကို စာပေကျမ်းဂန် အတန်အရာ သင်ကြားကြည့်ရှုဘူးရုံမျှ သာမညနှင့် သတိရခဲ့စွ။ သို့ဖြစ်၍ ပြောဟောရိုးပင် ကွယ်ပြတ်လေပြီ။ ကြပ်ကြပ် သတိထား၍ ဆင်ခြင်ကြလေကုန်)။

**အဋ္ဌင်္ဂိကဥပုသ်စောင့်ရိုးနေ့** တို့ကား လဆန်း, လဆုတ်, အဋ္ဌမီ, စာတုဒ္ဒသီ, ပန္နရသီဟု ပါဠိတော်နည်း ပကတိဥပုသ်နေ့ ခြောက်ရက်။ ပဉ္စမီနေ့ကိုထည့်၍ အဋ္ဌကထာနည်း ပကတိဥပုသ်နေ့ ရှစ်ရက်။ ပါဠိတော်လာ ခြောက်ဥပုသ်နှင့် တကွ အဝင်အထွက် ရှစ်ရက်တို့သည် ဝိမာနဝတ္ထု, ထေရဂါထာ, နေမိဇာတ် အဋ္ဌကထာတို့၌ လာသော ပါဋိဟာရိယပက္ခဥပုသ်နေ့။ ထိုအကြိုအပို့ရှစ်ရက်၌ ဝါလအပို့ သီတင်းကျွတ် လကွယ်တိုင် တဆဲ့ငါးရက်ကို ထည့်။ သင်္ဂါထာဝဂ္ဂ အဋ္ဌကထာလာ ပါဋိဟာရိယပက္ခဥပုသ်နေ့။

ဝါတွင်း သုံးလ။ တနည်း-ဝါကျွတ် နောက်တလ။ တနည်း-ဝါကျွတ် ဆဲ့ငါးရက်တို့သည် အင်္ဂုတ္တရ အဋ္ဌကထာလာ ပါဋိဟာရိယပက္ခ နိဗဒ္ဓဥပုသ်နေ့။ ဝါဆို, ဝါခေါင်, တော်သလင်း, သီတင်းကျွတ်, တန်ဆောင်မုန်း ငါးလ။ တနည်း-ဝါဆို, တန်ဆောင်မုန်း, တပေါင်း သုံးလသည် သုတ္တနိပါတ် အဋ္ဌကထာလာ ပါဋိ-ဟာရိယပက္ခ နိဗဒ္ဓဥပုသ်နေ့ မည်၏။ တိကင်္ဂုတ္တရ စတုမဟာရာဇသုတ်(နှာ-၁၄၁) လာ ရင်းအဋ္ဌကထာ (နှာ-၁၂၂) ပြ အကြိုအပို့နှင့်တကွ ရှစ်သီတင်းဟူသော ပဋိဇာဂရဥပုသ်နေ့ကို ပါဋိဟာရိယပက္ခ ဥပုသ်နေ့ဟူ၍ ပကိဏ္ဏကနိပါတ် သုရုစိ ဇာတ်အဋ္ဌကထာ (နှာ-၃၁၅) ၌ မိန့်ဆို၏။ ဤသို့ အဋ္ဌကထာကြီးတို့ အနည်းနည်း ဖွင့်ပြသည်ကို လောက၌ ပြုကျင့်လေ့ အရိုးအစဉ်သို့ လိုက်၍ရင်း ပြုကျင့်နိုင်တိုင်း ကောင်းမြတ်၏ဟု နှလုံးပြု၍ရင်း ဖွင့်ပြသည်ဟူ၍ မှတ်။ အဋ္ဌကထာချင်း ဆန့်ကျင်သည် ဟူ၍ရင်း ကြွင်းသော နေ့ရက်တို့၌ ဥပုသ်မစောင့်ရ ဟူ၍ရင်း မမှတ်နှင့်။

“ဥပေါသထံ ဝုတ္ထတိ အဋ္ဌင်္ဂသမန္နာဂတံ သဗ္ဗဒိဝသေသု ဂဟဋ္ဌေဟိ ရက္ခိတဗ္ဗ-သီလံ” ဟူသော သုတ်မဟာဝါ မဟာသုဒဿနသုတ်ဋီကာ (နှာ-၁၉၂) နှင့် အညီ နေ့ရက်ဟူသမျှ ဥပုသ်စောင့်ကောင်း၏၊ စောင့်နိုင်သမျှ ကောင်းကျိုးရ၏ဟု မုချမြဲစွာ သေသေချာချာ မှတ်ကြကုန်။

**အချိန်မရွေး သီလ ဆောက်တည်အပ်ခြင်း**။ ။ကတမော ကာလပရိ-ယန္တော ဥပါသကော-

ပါသိကာနံ သမာဒါနဝသေန ပရိဝေဏဂတာ ပရိဝေဏ ပရိယန္တံ သီလံ

သမာဒိယန္တိ၊ ဝိဟာရဂတာ ဝိဟာရပရိယန္တံ သီလံ သမာဒိယန္တိ၊ ဧကံ ဝါ ဒွေ ဝါ တယော ဝါ ဘိယျော ဝါ ရတ္တိန္ဒိဝါနိ ပရိစ္ဆေဒံ ကတွာ သီလံ သမာဒိယန္တိ။ အယံ ကာလပရိယန္တော[၁]—

ဟူသော ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ (၁၊ နှာ-၁၇၇)ဖြင့် အိမ်ရာ တည်ထောင်သူ လူတို့သည် တအောင့်, တခဏ, တည, တရက်, တလ, တနှစ်, တသက်လုံးပင်သော်လည်း သီလဆောက်တည်အပ်သည်ကို သိရာ၏။

**ဖြဟ္မစရိယ ငါးပါးသီလ။** ။ငါးပါးသီလကို အမြဲ နိစ္စ ဆောက်တည်အပ်၏။ မေထုန်မှုကင်းမှု ကာမေသုမိစ္ဆာစာရာ ဟူရာ၌ အဖြဟ္မစရိယာကိုထည့်၍ ဖြဟ္မစရိယပဉ္စမကသီလကို ဆောက်တည်ရာ၏။ ယင်းသီလကို ငါတို့ ဘုရားရှင်လက်ထက် ပုရာဏဥပါသကာ, နကုလမာတာ, နကုလပိတာ, ဥဂ္ဂသူကြွယ်တို့ ကျင့်ကြောင်း ဆက္က(နှာ-၃၀၅), အင္ဂ(နှာ-၄၇, ၉၅), နဝင်္ဂုတ္တရ ပါဠိတော်၌ လာ၏။ ဥဒယဘဒ္ဒမင်း-မိဖုရား, ဒုကူလ-ပါရိကာ စသည်တို့လည်း ကျင့်ကုန်၏။

**ကောဘတ္တိက ဆက္ကသီလ။** ။ရှင်း၌ 'ဝိကာလဘောဇနာ ဝေရမဏီ' ကို ထည့်၍ ကောဘတ္တိက ဆက္ကသီလကို ငါတို့ဘုရားရှင် လက်ထက် ဓမ္မိကဥပါသကာ, နန္ဒမာတာတို့ အသက်ထက်ဆုံး ကျင့်သုံးကြကြောင်း သုတ္တနိပါတ် ဓမ္မိကသုတ် အဋ္ဌကထာ (ဒု၊ နှာ-၁၀၁)၌ လာ၏။ ကဿပဘုရားရှင် လက်ထက် သီတင်းသည် ငါးရာနှင့်တကွ ဂဝေသီ ဆရာကြီးလည်း ဖြဟ္မစရိယ ပဉ္စမကသီလ, ကောဘတ္တိကဆက္ကသီလကို ကျင့်ကြောင်း ပဉ္စင်္ဂုတ္တရ, မဇ္ဈိမပဏ္ဏာသ ပါဠိတော်တို့၌ လာ၏။

**ဇာတရူပသိက္ခာပုဒ် ဆုံးဖြတ်ချက်။** ။ဆယ်ပါးသီလအရာ၌ ဇာတရူပသိက္ခာပုဒ် ဝိနိစ္ဆယကား နာနာဝါဒဖြစ်သဖြင့် ကျမ်းဂန် လိမ္မာ ထင်ရှားစွာသော ဆရာသမားကြီးများပင် အသီးအသီး အဟောအမိန့် မတူ အယူမမျှ ရှိကြသောကြောင့် ဝိဝါဒကွဲပြား ငြင်းခုံမှုပွါး ငရဲများကြသည်။ ပဋိပတ်နှင့်စပ်သော အရာဟူသည်မှာ အနုညဝိသယ သဗ္ဗညုတ ဉာဏ်တော်သခင် ဘုရားရှင်၏ ဒေသနာတော်အရှိသာ လိုရင်း။ ထိုဒေသနာကိုလည်း အဋ္ဌကထာ ဆရာမြတ်တို့သာ ဆုံးဖြတ်သိမြင်နိုင်ကုန်၏။ အဋ္ဌကထာဆရာမြတ်တို့ အဆုံးအဖြတ် သိမ်မွေ့သော လီနတ္ထ[၂] အရာကိုလည်း ဋီကာ, ဂဏ္ဌိဆရာမြတ် ကျမ်းတတ်ဝိသေသ ပုဂ္ဂိုလ်တို့သာ သိနိုင်ရာသည်။ ထို့ကြောင့် ဤဒသသီလ

---

၁။ ဆဋ္ဌသံဂါယနာမူနှင့် အတန်ငယ်ကွဲသည်။

၂။ လီနတ္ထ=တိမ်မြုပ်ကွယ်ဝှက် မထင်ရှားသော အနက်အဓိပ္ပါယ်။

ဇာတရူပအရာဝယ် ပါဠိ, အဋ္ဌကထာ, ဋီကာအလို ထိုထိုကျမ်းဂန်တို့ သဘောနှင့် နှိုးနှောသုတ်သင် ပြလိုက်ဦးအံ့—

သာမဏေတို့ကဲ့သို့ ရှိဟောင်းရွှေငွေတို့ကို အလုံးစုံ အာလယပြတ် စွန့်နိုင်မှ ဒသသီလကို စောင့်ကောင်းသည်ဟူ၍ငှင်း၊ ဆဋီကာရအိုးထိန်း စသည်တို့ကဲ့သို့ ရွှေစိတ်,ငွေစိတ်ကင်းပ အပေတဇာတရူပဖြစ်၍ ယာဝဇီဝံ နိစ္စ နိယမ စောင့်ရသည် ဟူ၍ငှင်း ပြောဆိုတတ်ကြ၏၊ ပြောဆိုတိုင်း မမှတ်ယူရာ။

သာမဏေတို့မှာ လူတို့ကဲ့သို့ နိစ္စ, အနိစ္စ, ယမ, နိယမ အပြား မရှိ။ လူတို့ ငါးပါးသီလကဲ့သို့ နိစ္စသီလ, ယမသီလဖြစ်၍ သာမဏေဝတ်နှင့် နေသမျှ မစောင့် မနေရ အာလယပြတ်စွန့်၍ စောင့်ရသည်။ ယင်းသို့ အာလယပြတ် စွန့်သည် ဟူရာ၌ အနာဂါမ်, ရဟန္တာတို့ကဲ့သို့ ရွှေစိတ်,ငွေစိတ် သာယာစိတ် ကင်းနိုင်မှ မဟုတ်၊ ရှေးလူကာလက ရှိခဲ့ဘူးသော စွန့်ခဲ့ပြီးသော ရွှေငွေများကို အာရုံပြု၍ သာယာမိသော်လည်း သီလမပျက်၊ အနာဂတ်၌ ရလတ္တံ့သည်ကို သာယာသော်လည်း သီလမပျက်။

**သာယာသည်၌ အဓိပ္ပါယ်။** ။ပေးလှူလာသော မျက်မှောက်, မျက်ကွယ်ရှိ ရွှေငွေကို ကိုယ်, နှုတ်ဖြင့် မပယ်ပဲ စိတ်ဖြင့် သည်းခံသည်ကိုသာ သာယာသည် ဟု ဆိုသည်။ ထို့ကြောင့်—

> "ဥပနိက္ခိတ္တံ ဝါ သာဒိယေယျာ"တိ 'ဣဒံ အယျဿ ဟောတူ'တိ ဧဝံ သမ္မုခါ ဝါ 'အသုကသ္မိံ နာမ ဌာနေ မမ ဟိရညသုဝဏ္ဏံ၊ တံ တုယှံ ဟောတူ'တိ ဧဝံ ပရမ္မုခါ ဌိတံ ဝါ ကေဝလံ ဝါစာယ ဟတ္ထမုဒ္ဒါယ ဝါ 'တုယှ'န္တိ ဝတွာ ပရိစ္စတ္တံ ယေဝ ကာယဝါစာဟိ အပ္ပဋိက္ခိပိတွာ စိတ္တေန အဓိဝါသေယျ၊ အယံ 'သာဒိယေယျာ'တိ ဝုစ္စတိ။

ဟူ၍ ကင်္ခါအဋ္ဌကထာ ရူပိယ သိက္ခာပုဒ်အဖွင့် (နှာ-၁၇၅) ၌ မိန့်သည်။

ထို့ကြောင့် လူမှာလည်း သူတပါးပေးလာသည်ကို ကိုယ်နှုတ်ဖြင့် မပယ်ပဲ စိတ်ထဲက အလိုရှိ၍ ဆိတ်ဆိတ် ခံနေသည်ကိုသာ သာယာ[၂]သည်ဟု ဆိုသည်။ သီလမဆောက်တည်မီက ရှိဟောင်း ရွှေငွေကို ငါ့ရွှေ ငါ့ငွေ ရှိခဲ့၏ဟု နှစ်သက်အောက်မေ့မိသည်ကို သာယာသည်ဟူ၍ ဆိုသည်ဟု မမှတ်နှင့်။ အကယ်၍ ထိုသို့ ဆိုခဲ့သော် ဥရုဝေလကဿပ, အာနန္ဒာ, ရာဟုလာ အလောင်းမင်းသား စသည်တို့ ဒသသီလကို ခံယူဆောက်တည်နိုင်စရာ မရှိပြီ၊ ကြပ်ကြပ် ဆင်ခြင်ကြလေ။ စိတ်

---

၁-၂။ လောလောဆယ် သီလ ဆောက်တည်ဆဲ ပစ္စုပ္ပန် အခိုက် အတန့် ကာလ၌ရအပ်သော ရွှေငွေကို ကိုယ်နှုတ်ဖြင့်မပယ်ပဲ လက်ခံ၍ စိတ်၌သာယာခြင်းဖြစ်လျှင် သီလပျက်သည်။

ထဲက လိုချင်သာယာသော်လည်း ကိုယ်နှုတ်ဖြင့် ပယ်လျှင် သီလ မပျက်သည်ကို လည်း—

သစေ ပန စိတ္တေန သာဒိယတိ၊ ဂဏှိတုကာမော ဟောတိ၊ ကာယေန ဝါ ဝါစာယ ဝါ 'န ယိဒံ ကပ္ပတီ'တိ ပဋိက္ခိပတိ။ပ။ ဝဋ္ဋတိ။

ဟု ကင်္ခါဝိတရဏီအဋ္ဌကထာ (နှာ-၁၇၅), ပါရာဇိကဏ် အဋ္ဌကထာ (ဒု၊ ရူပိယ သိက္ခာပုဒ်အဖွင့်၊ နှာ-၂၇၀) တို့၌ မိန့်ဆိုသည်ကို ရှု။

ပေးလာသည်ကိုရှင်း, အရှင် မရှိသည်ကိုရှင်း ခံကောက်ယူမှု, ယူစေမှု သီလ ပျက်သည်။

'ဥဂ္ဂဏှေယျ ဝါ' တိ အတ္တနော အတ္ထာယ ဒိယျမာနံ ဝါ ကတ္ထစိ ဌိတံ ဝါ နိပ္ပရိဂ္ဂဟိတံ ဒိသွာ သယံ ဂဏှေယျ။ 'ဥဂ္ဂဏှာပေယျ ဝါ' တိ တဒေဝ အညေန ဂါဟာပေယျ။

ဟူသော ကင်္ခါ (နှာ-၁၇၅) ကို ထောက်။

ငါမခံဟု ပယ်သဖြင့် "တပါးသူတို့လက်၌ ထားပါအံ့၊ အကျွန်ုပ်လက်၌ ထား ပါအံ့၊ အပ်သောပစ္စည်းကိုသာ တောင်းယူသုံးဆောင်တော်မူပါ"ဆို၍ လှူလာ သည်ကို ငါ့အား သုံးဆောင်စရာ မည်သူလက်၌ ရွှေငွေ မည်မျှ ရှိ၏ဟု သာယာ အောက်မေ့မိသော်လည်း သီလ မပျက်။

သစေ ပန ဘိက္ခုဟိ 'န ဝဋ္ဋတီ'တိ ပဋိက္ခိတ္တေ 'ကပ္ပိယကာရကာနံ ဝါ ဟတ္ထေ ဘဝိဿတိ၊ မမ ပုရိသာနံ ဝါ မယှံ ဝါ ဟတ္ထေ ဘဝိဿတိ၊ ကေဝလံ တုမှေ ပစ္စယေ ပရိဘုဉ္ဇထာ'တိ ဝဒတိ၊ ဝဋ္ဋတိ။

ဟူသော ရာဇသိက္ခာပုဒ် အဋ္ဌကထာ (ပါရာဇိကဏ်၊ ၄၊ ပ၊ နှာ-၂၅၇) ကိုထောက်။

ထို့ကြောင့် သီလ ခံယူပြီးနောက် အသစ် မခံမယူပဲ အိမ်တွင် ထားခဲ့သော ရွှေငွေကို အောက်မေ့မိ၍ စိတ်က သာယာရုံမျှနှင့် သီလ မပျက်။ ၎င်း ရွှေငွေကို ကိုင်ယူသော်၎င်း သား, မယားစသည်တို့ ပေးလာသည်ကို ကိုယ်, နှုတ်ဖြင့် မပယ်လှန်ပဲ ကိုင်ခံသာယာသော်၎င်း သို့မှ သီလပျက်သည်ဟု မှတ်လေ။

**လှူဒါန်းသော ရွှေငွေနှင့် စပ်လျဉ်း၍ ရဟန်းတို့ ကျင့်သုံးပုံ။**　။ရဟန်းတို့မှာ တ ယောက်

သောသူ လာ၍ အရာအထောင်သော ရွှေငွေကို ခြေရင်း၌ ထား၍ 'အရှင်အား ဖြစ်စေ'ဟု လှူသည်ကို မအပ် ဟု ပယ်၏။ ဥပါသကာလည်း လှူပြီးဟု စွန့် သွား၏။ တပါးသူ လာ၍မေးသည့်အခါ အကြောင်းကို ပြောဆိုက "တပည့်တော် သိမ်းထားပါမည် လုံခြုံရာအရပ်ကို ပြပါ"ဆိုအံ့၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်သို့

တက်၍သော်လည်း 'ဤအရပ် လုံခြုံ၏'ဟု ပြအပ်၏။ 'ဤအရပ်၌ ထားလော့' ဟူ၍ကား မဆိုအပ်။ တံခါးကိုပိတ်၍ စောင့်ရှောက်နေကောင်း၏။ တစုံတရာ ပရိက္ခရာသည် လာသည့်အခါ "ဥပါသကာ၊ ဤပရိက္ခရာကို ငါဝယ်လို၏၊ ဤသို့ ထားသော အဘိုးဝတ္ထုလည်း ရှိ၏၊ ကပ္ပိယကာရက မရှိ"ဟု ပြောအပ်၏။ "တပည့်တော်ပင် ကပ္ပိယကာရက"ဟု ဆိုအံ့။ တံခါးကို ဖွင့်၍ပြအပ်၏။ "ဤ ရွှေငွေကို ယူလော့"ဟု မဆိုအပ်။ ထိုရွှေငွေကို ယူ၍ အပ်သော ပရိက္ခရာကို ပေးလှူခဲ့အံ့၊ အပ်၏။ တန်ရုံမက အပို အမို ယူမူ "သင့်ပရိက္ခရာ ငါ မဝယ်လိုပြီ၊ သင် ထွက်လော့"ဟု ဆိုအပ်၏။

(ရဟန်းတော်တို့၌) အပြစ်မရှိသကဲ့သို့ (လူတို့၌လည်း) သူတပါး၏ရင်း, သားမယား၏ရင်း, ဥစ္စာကို စောင့်ရှောက်ခြင်းငှါ အပ်၏။ ထိုသူတို့ ဥစ္စာကို မဆိုထားဘိ၊ 'သင့်ဘို့ ဥစ္စာ'ဟု ပေးလာသည်ကိုပင် 'ငါ့အား မအပ်'ဟု ပယ်၍ မအပ်သော်လည်း 'သင့်ဥစ္စာပင်'ဟု ထားခဲ့သော ရွှေငွေကို ရဟန်း၌ ဆိုခဲ့ပြီး သော နည်းဖြင့် စီရင်လျှင် သုံးဆောင်အပ်၏ ဟူ၍ သိလေ။

ရှိဘူးသောရွှေငွေကို အောက်မေ့သာယာရုံမျှဖြင့် သီလမပျက်၊ ထို့ကြောင့် ဒသသီလ မဆောက်တည်ခင်က မကိုင်မခံ မသာယာဟု ပယ်ခဲ့ပြီး၊ သီလခံပြီး နောက်လည်း ကိုယ်နှုတ်ဖြင့် မကိုင်မခံ ပေးလာသည်ကိုလည်း မသာယာ၊ ရှိဘူး သော ရွှေငွေကို 'ငါ့ရွှေ ငါ့ငွေ ရှိသေးသည်'ဟု စိတ်ထဲက အောက်မေ့သာယာ မိရုံနှင့် ဇာတရူပသိက္ခာပုဒ် မပျက်ရာ။ 'ပျက်ရာ၏'ဟု ပြောဟော ယုံမှားကြသော ရဟန်းရှင် လူတို့မှာ ဝိနည်းအရာ မလိမ္မာ၍ ထင်ရာထင်တိုင်း ယူမှား ပြောဆို ကြသည်သာ ဖြစ်သည်။ ပမာဏ မဟုတ်ဟူ၍ သေအောင် မှတ်ကြလေ။ 'ရှိရင်း ရွှေငွေကို အာလယ ပြတ်ကင်းအောင် သုတ်သင်ရမည်'ဟု ဆိုသော ရဟန်းရှင် လူတို့ စကားကို ဝိနည်းကျမ်းဂန်ထက် လွန်သည်ဟူ၍ မှတ်ရာ၏။ အာလယ ပြတ်ကင်းအောင် မသုတ်သင်နိုင်သော် ဝိနည်းတော်နှင့် ညီလျော်ရုံလည်း သင့် မြတ်ပါ၏။ သုတ်သင်နိုင်သော် ကောင်းလှ၏။

**ဇာတရူပသိက္ခာပုဒ်မှာ သာမဏေတို့၏ အချို့သော ရဟန်း ရှင် လူတို့က နိစ္စသီလဖြစ်ပုံနှင့် လူတို့ စောင့်အပ်ပုံ။** ။လည်း "ပစ္ဆိမံ ပန သာမဏေရာန- မေဝ ဝိသေသဘူတံ"[၁] ဟူသော ခုဒ္ဒကပါဌ အဋ္ဌကထာ (နှာ-၁၄) ကို အဋ္ဌကထာ၏ အလိုမကျ ထင်သမျှ စွဲယူ၍ ဇာတရူပသိက္ခာပုဒ်သည် သာမဏေတို့၏သာ အထူးဖြစ်သော သိက္ခာ

---

၁။ ပန = အထူးကို ဆိုဦးအံ့။ ပစ္ဆိမံ = နောက်ဆုံး "ဇာတရူပ" သိက္ခာပုဒ်သည်။ သာမဏေရာနမေဝ = သာမဏေတို့၏သာလျှင်။ ဝါ – တို့အားသာလျှင်။ ဝိသေသဘူတံ = အထူးဖြစ်၍ ဖြစ်၏။

ပုဒ်တည်း။ လူတို့နှင့် မဆက်ဆံ၊ လူတို့ စောင့်ရသော သိက္ခာပုဒ် မဟုတ်ဟု ဆိုကုန်၏။ မသင့် အနေတည်း။ အဘယ့်ကြောင့်နည်း။ ၎င်းအဋ္ဌကထာ၏ အလိုအဓိပ္ပါယ် မဟုတ်သောကြောင့်၎င်း, တပါးသောအဋ္ဌကထာတို့နှင့် ဖြောင့်ဖြောင့်ပင် ဆန့်ကျင်သောကြောင့်၎င်း တည်း။ ချဲ့၍ ပြဦးမည်—

၎င်းအဋ္ဌကထာ အလိုကား ဆယ်ပါးသော သိက္ခာပုဒ်တို့တွင် ပထမ, ဒုတိယ, စတုတ္ထ, ပဥ္စမ လေးပါးတို့သည် လူ သာမဏေ နှစ်ဦးသားတို့အား နိစ္စသီလအဖြစ်ဖြင့် ဆက်ဆံတူမျှကုန်၏၊ သတ္တမ, အဋ္ဌမ-သိက္ခာပုဒ်နှစ်ပါးကို တအင်္ဂါတည်းပြု၍ ဇာတရူပ သိက္ခာပုဒ်မှတပါး အကြွင်း ရှစ်ပါးတို့သည် ဥပေါသထသီလ၏ အစွမ်းဖြင့် သာမဏေတို့နှင့် ဆက်ဆံတူမျှကုန်၏။ အဆုံး ဇာတရူပသိက္ခာပုဒ်တပါးသည်ကား သာမဏေတို့အားသာ နိစ္စသီလအဖြစ်ဖြင့် အထူးဖြစ်၍ ဖြစ်၏။ လူတို့အားကား ဥပေါသထ သီလ အဖြစ်ဖြင့် မဆက်ဆံ။ ဥပုသ်စောင့်လျှင် ဇာတရူပ သိက္ခာပုဒ်လည်း ဆက်ဆံရသေး၏ ဟု မဆိုအပ်။ သာမဏေတို့သာ မစောင့် မနေရ၊ အထူး စောင့်ရသည့် နိစ္စသီလ ဖြစ်၏၊ လူတို့မှာကား မစောင့်နိုင်သော် နေရ၏၊ စောင့်နိုင်သော် စောင့်ရ၏ ဟူ၍သာ ၎င်းအဋ္ဌကထာ၌ အဓိပ္ပါယ်ကို ယူစေလိုသည်။

တတ်စွမ်းနိုင်သည်ရှိသော် နေ့,ရက်,လ,နှစ်ကို ပိုင်းခြား၍ နိယမသီလအဖြစ်ဖြင့်၎င်း အသက်ထက်ဆုံး တတ်နိုင်သည်ရှိသော် နိစ္စသီလ နိယမသီလ အဖြစ်ဖြင့်၎င်း ဒသသီလကို လူတို့လည်း စောင့်အပ်လှတော့သည်၊ မစောင့်အပ်ဟု မမှတ်ကြလင့်။ သည်မှတပါးသော သုတ္တန်, ဝိနည်း, အဘိဓမ္မာ အဋ္ဌကထာ ဋီကာကျမ်းကြီး, ကျမ်းမ တို့၌ လူတို့ စောင့်အပ်ကြောင်းကို အညီအညွတ် မိန့်ဆိုကုန်သည်။ ဤအဋ္ဌကထာ (ခုဒ္ဒကပါဌ၊ ၄၊ နှာ-၂၅)တွင်လည်း အထက် အာဒါနဝိနိစ္ဆယ နည်းကိုပြရာ၌ "အာဒါနတော စ ယထာ ပရိမာနိ သာမဏေရေန ဝါ ဥပါသကေန ဝါ သမာဒိယန္တေန သမာဒိန္နာနိ ဟောန္တိ။ တထာ တောနိပိ" ဟူ၍ မိန့်၏။ ရှေ့ ငါးပါးကို ဆောက်တည်ခံယူသကဲ့သို့ နောက် ငါးပါးကိုလည်း ရှင်လူ နှစ်ဦးသားတို့ ဆောက်တည်ခံယူအပ်၏ ဟူလိုသည်။ ကျမ်းဂန်ကို ရှေ့နောက်အောက် အထက် သေသေ ချာချာ ဆင်ခြင်မှတ်သား နှလုံးထားကြကုန်။

ထို့ကြောင့်—

"ဥဿာဟော၊ သာမဏေတို့ကဲ့သို့ ရှိဟောင်းရွှေငွေတို့ကို အာလယပြတ်စွန့်လွှတ်နိုင်သည်။ သတိ၊ ရှိသော်" ဟု အနက် ယောဇနာခြင်းသည် ကျမ်းဂန်တို့ထက် လွန်လှသည်။ "ဥဿာဟော၊ ငါးပါးသီလထက် လွန်၍စွမ်းနိုင်သည်။ သတိ၊ ရှိသော်။ ဒသ ဝါ၊ ဆယ်ပါးသော သီလတို့၎င်း"—

ဟူ၍သာ တပါးသော ကျမ်းဂန်တို့နှင့် အညီ ယောဇနာရာ၏။

ယခင်ရှေး၌ ပြခဲ့ပြီးသော ဝိနည်းအဋ္ဌကထာ လာသည့်အတိုင်း ရှေးလူဖြစ်စဉ် ကာလက ရွှေငွေနှင့် ပြည့်စုံသော သူတို့သည် သာမဏေ ပဉ္စင်း ဖြစ်ကုန်သည် ရှိသော် ထိုရွှေငွေကို 'ငါ့ရွှေ ငါ့ငွေ ရှိ၏'ဟု အောက်မေ့ သာယာသော်လည်း မကိုင် မယူသေး သမျှ 'ဒုက္ကဋ်ထိုက်၏ အာပတ် သင့်၏'ဟု မဆိုကောင်း။ ထိုအတူ လူတို့လည်း 'အာလယပြတ် မစွန့်ပဲ 'မကိုင် မခံပြီ'ဟု —သီလကို ဆောက်တည် ပြီးနောက် 'ငါ့ရွှေ ငါ့ငွေ'ဟု အောက်မေ့ သာယာမိသော်လည်း သီလပျက်၏ဟု မဆိုကောင်းသည်သာတည်း။ ကြပ်ကြပ် ဆင်ခြင်ကြပါလေကုန်။

ဝိသာခါ, အနာထပိဏ်တို့သည် ရှစ်ပါးသီလ စောင့်သူတို့ထက် 'ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ' ဟူသော သီလသံဝရ ဇောစိတ္တုပ္ပါဒ် သိန်း,သန်း, ကုဋေ မက တိုးပွါးရာသည်ကို သိလျက် ဆယ်ပါး မစောင့်နိုင်၍ ရှစ်ပါးသာ စောင့်ကြသည် ယူရာမှာလည်း နည်းယူလောက်သော အရာမဟုတ်။ ထိုသူတို့ သည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်ကို လုပ်ကျွေးသော ဥပါသကာ- ဥပါသိကာမတို့ဖြစ်သဖြင့် ရွှေငွေကို ကိုင်ခံသာယာစီရင်ခြင်း မကင်းနိုင်သော ကြောင့် မစောင့်ကြသည်သာ ဖြစ်ရာသည်။ ဝိသာခါ, အနာထပိဏ်တို့ထက် စည်းစိမ်ဥစ္စာ ရတနာရွှေငွေ များစွာပြည့်စုံသဖြင့် တသက်လုံးပင် ရွှေငွေနှင့် မကင်းနိုင်ကောင်းသော ရှေး သံယမမင်းကြီး[၁] စသော ပြည့်ရှင်မင်းမြတ်တို့ လျက် မင်းအဖြစ်ကိုလည်း မစွန့်ပဲ နိယမသီလပြု၍ ဒသသီလ ဆောက်တည်ကြ သော အရာလည်း အောက်က ပြခဲ့ပြီးသည့်အတိုင်း အလွန် ထင်ရှားစွာ၏။

ဥရုဝေလ စသည် အလောင်းမင်းသား ညီနောင်သုံးပါးတို့ ဆယ်ပါးသီလ စောင့်သုံးကြသော ဝတ္ထု၌—"ကော၊ တယောက်သော။ အမစ္စံ၊ အမတ်ကို။ ဥပဋ္ဌာက ဋ္ဌာနေ၊အလုပ်အကျွေးအရာ၌။ ထပေတွာ၊ ထား၍။ ကော၊ တယောက် သော။ အမစ္စံ၊ အမတ်ကို။ အာယဝဍ္ဎနကံ၊ အခွန်အတုတ် တိုးပွါးအောင် ပြုစေတတ်သည်ကို။ ကတွာ၊ ပြု၍။ ကော၊ တယောက်သော။ အမစ္စံ၊ အမတ်ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ သံဃဿ၊ သံဃာအား။ ပရိဝေသက ဋ္ဌာနေ၊ လုပ်ကျွေးတတ်သောအရာ၌။ ထပေတွာ၊ ထား၍။ အတ္တနာ၊ မိမိတို့သည်။ ဒသသီလာနိ၊ ဆယ်ပါးသီလတို့ကို။ သမာဒါယ၊ ဆောက်တည်ကုန်၍။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ရက္ခိံသု၊ စောင့်ကုန်၏"— ဟူ၍ အင်္ဂုတ္တရပါ၊ ကေနိပါတ် အဋ္ဌကထာ (နှာ-၂၃၁) လာရကား ရွှေငွေဥစ္စာ ရတနာမျိုး အတိုးအပွါး ပြုတတ်သူ အမတ်စသည်တို့ကို အိမ်တွင် ထားခဲ့ပြီးမှ မိမိတို့မှာ ကျောင်းတော်သို့သွား၍ ဆယ်ပါးသီလကို ဆောက်တည်၍ နေကြ ကြောင်း ထင်ရှားစွာ၏။

---

၁။ သံယမမင်းကြီး။ ဇာ၊ဋ္ဌ၊ ၅၊ နှာ-၃၇၇။

အရှင်ရာဟုလာစသော အလောင်းမင်းသားသုံးပါးတို့ ဆယ်ပါးသီလ စောင့်သုံးကြသော ဝတ္ထုမှာလည်း— "သမ္ဗေပိ၊ အလုံးစုံသော မင်းသားသုံးပါး တို့သည်လည်း။ ဧကစိတ္တာ၊ တူသောစိတ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဒသသီလာနိ၊ ဆယ်ပါးသီလတို့ကို။ သမာဒါယ၊ ဆောက်တည်ကုန်၍။ နိရာမ-ဂန္ဓာဝ၊ ကင်းသောလူနံ့ ရှိကုန်သည်သာလျှင်။ ဟုတွာ၊ ဖြစ်ကုန်၍။ သတ္ထု၊ မြတ်စွာဘုရားအား။ ဒါနဂ္ဂပရိဝေသနကေ၊ အလှူပေးရာ တင်းကုပ်၌ လုပ်ကျွေးတတ်ကုန်သော။ တယော၊ သုံးယောက် ကုန်သော။ ပုရိသေ၊ အချင်း တို့ကို။ ထပယိံသု၊ ထားကုန်၏။ တေသု၊ ထိုသုံးယောက်တို့တွင်။ ဧကော၊ တယောက်သည်။ ဓနဓညပ္ပဒါယကော၊ ဥစ္စာစပါးတို့ကို ဖြစ်ပွါးစေတတ်သော သူသည်။ အဟောသိ၊ဖြစ်၏။ ဧကော၊တယောက်သည်။ မာပကော၊ နှိုင်းချင့်တတ် သောသူသည်။ အဟောသိ၊ ဖြစ်၏။ ဧကော၊တယောက်သည်။ သံဝိဓာယကော၊ အရပ်ရပ်ကိုစီရင်တတ်သောသူသည်။ အဟောသိ၊ ဖြစ်၏"—ဟူ၍ ဥင်္ဂုတ္တရ ဧကနိပါတ် အဋ္ဌကထာ (နှာ-၂၀၁) လာသောကြောင့် ရွှေငွေစပါး ဥစ္စာများကို ဖြစ်ပွါးအောင်ပြုတတ်သောသူ စသည်တို့ကို အလှူတင်းကုပ်၌ ထားခဲ့ပြီး၍ မိမိ တို့မှာ ကျောင်းတော်သို့ သွား၍ ဆယ်ပါးသီလ စောင့်ထိန်းနေကြကြောင်း အလွန်ထင်ရှားစွာ၏။

ထို့ကြောင့် ရှိရင်းရွှေငွေတို့ကို အာလယပြတ် ပယ်စွန့်နိုင်မှ ဆယ်ပါးသီလကို စောင့်ထိုက်သည် ဟူ၍ မမှတ်ရာ။ ပိုင်းခြားသည့် နေ့ ရက် လ နှစ်အတွင်း၌သာ ရွှေငွေတို့ကို ခံယူ သာယာခြင်း မဖြစ်စေရသော နိယမပြဟ္မစရိယ နည်းသည် ကောင်းကင်ပြင်ဝယ် နေဝန်း, လဝန်းထက် မက ထင်ရှားစွ။ ထိုသို့ ထင်ရှား လျက် ကျမ်းဂန်အကုန်ထုတ်ဖော် နှီးနှော ပြောဟော ညွှန်ပြသော ဆရာသမား နည်းပါး၍ တစိတ်တဒေသ တွေ့သမျှအရာကို မှတ်စွဲ၍ သူတနည်း ငါတပုံ ပြောဟော ကြသောကြောင့် ဆယ်ပါးသီလကို နိယမ ပြဟ္မစရိယ အကျင့်ဖြစ် အောင် ကျင့်နည်း ဆောက်တည်နည်း ကွယ်ပတိမ်မြုပ် ရှိနေရသည်။ တစိတ် တဒေသ ဆုံးဖြတ်ရေးသား ပြောဟောကြသည်ကိုသာ ကြည့်ဘူး ရှုဘူး ကြား နာရဘူးသော ရဟန်းရှင်လူတို့လည်း တွေ့ဘူး ကြားဘူးရာမျှကိုသာ မှတ်စွဲ၍ ကျမ်းဂန် အပြည့်အစုံ အာဂုမ်သာဓက ယုတ္တိပြ၍ တပါးကဆရာများ ဟော ပြောသော်လည်း မယုံမကြည်နိုင်အောင်ပင် ရှိကြသည်၊ သို့ဖြစ်၍ သေသေ ချာ ချာ ကျမ်းဂန် အရပ်ရပ်လာသည်ကို တပေါင်းတည်း စု၍ ပြခဲ့သော ယမ, နိယမနည်းနှင့်တကွ ရွှေငွေကို သာယာခြင်း ဆိုသည့် အရာများကို စဉ်းစား အားထုတ် ဆင်ခြင်မှတ်ကြလေကုန်။

**ဒသသီလကို စောင့်သုံးအပ်ပုံ။** ။နိယမအရာတွင် 'သုက္ကပက္ခာဒိဝသေန' ဟု အဘိဓာန်ဋီကာ (နှာ-၃၀၄) ဆိုသော

ကြောင့် တဆယ့် ငါးရက် တပက္ခအောက် အယုတ်၊ တနေ့တရက်မျှ ဖြစ်လျှင် ဒသသီလပြဟ္မစရိယကို မသုံးကောင်း၊ အယုတ်သဖြင့် တဆယ့်ငါးရက် တပက္ခ စောင့်သုံးနိုင်မှ စောင့်သုံးကောင်းသည်ဟူ၍ မမှတ်နှင့်။ အမြဲမပြတ် စောင့်အပ် သော လူ သာမဏေတို့၏ နိစ္စသီလ ဖြစ်သော ပဉ္စသီလ, ဒသသီလတို့ကိုလျက် တတ်အားသမျှ တနေ့တရက်ပင် လူ, သာမဏေတို့ စောင့်သုံးရသကဲ့သို့ ဒသပြဟ္မ-စရိယ တို့ကိုလည်း တနေ့တရက်စသည် တတ်အားသမျှ အိမ်ရာထောင်သူ လူတို့ သည် စောင့်အပ်လှ သုံးအပ်လှတော့သည် ဟူ၍ မှတ်။ တရက်နှစ်ရက်မျှဖြစ်မူ အနည်းငယ်မျှ ဖြစ်သောကြောင့် ပြဟ္မစရိယ အကျင့်သည် မထင်ရှားသည်သာ ဖြစ်သည်။ မကျင့်သုံးအပ်သည် မဟုတ်ဟု မုချဆတ်ဆတ် သေအောင်မှတ်။

ဒသပြဟ္မစရိယကို မဆိုနှင့်ဦး။ စတုပါရိသုဒ္ဓိသီလ သမဏပြဟ္မစရိယတို့ကို လည်း တတ်အားသမျှ စောင့်အပ်ကြသေးသည်ကို အများရှင်လူ ယေ်ယေ်ကြီး ကြီး ယောကျ်ားမိန်းမ သိတတ်ကြလျက် ဒသပြဟ္မစရိယ သီလမှာမှ တတ်အား သမျှ မစောင့်ရဟု အန္ဓအစစ် အကန်းကြီးဖြစ်၍ မဆင်မခြင် ထင်ရာထင်တိုင်း မမှတ်ကြကုန်နှင့်။ ဝိသေသဘာဂိယ သီလ မဖြစ်သော်လည်း ဝါသနာဘာဂိယ သီလ ဖြစ်စေရသော် ဘဝသမ္ပတ္တိအကျိုးရှိသည်သာ ဖြစ်၏၊ အကျိုးမရ အပြစ် ကျဟု အပ္ပဿုတ မိန်းမယောကျ်ား ရှင်လူအများ ငြူစူစကား အပြောများ သော်လည်း တရားကျမ်းဂန်လာသည်အတိုင်းကိုသာ ယုံယုံကြည်ကြည် အားကိုး အားထား ကိုယ့်အလားကို မမှားရအောင် ဓမ္မဇေ,ဓမ္မကေတု,ဓမ္မဂရုတရားကို သာ အလေးပြုသဖြင့် သုဂတိ မဂ် ဖိုလ် နိဗ္ဗာန် အကြောင်း သူတော်ကောင်း အကျင့်ကို တဆင့်ထက် တဆင့် မြင့်ထက်မြင့် မြတ်ထက်မြတ် မွန်ထက်မွန် လွန်ထက်လွန်အောင် ပြခဲ့ပြီးသော ဂဝေသီဉပါသကာ အမှူးရှိသော သီတင်း သည် ငါးရာတို့ကဲ့သို့၎င်း၊ ရှင်အာနန္ဒာ, ရှင်ရာဟုလာ, ရှင်ဥရုဝေလကဿပ အလောင်းတော် စသော ရှေးသူတော်ကောင်းတို့ကဲ့သို့၎င်း၊ နကုလာမာတာ, နကုလပိတာ, ပုရာဏ ဥပါသကာ, ဥဂ္ဂသူကြွယ် စသော ဥပါသကာ-ဥပါသိကာတို့ ကဲ့သို့၎င်း၊ ဓမ္မိကဉပါသကာ, နန္ဒမာတာစသော ဥပါသကာ-ဥပါသိကာ တို့ ကဲ့သို့၎င်း ဖြည့်ကျင့်ကြိုးစား အားပါးထုတ်၍ ပကတိပဉ္စသီလ, ပြဟ္မစရိယ ပဉ္စမကသီလ, ဧကဘတ္တိကဆက္ကပြဟ္မစရိယ, အဋ္ဌင် ပြဟ္မစရိယ, ဒသသီလ ပြဟ္မ-စရိယတို့ကို အိမ်ရာထောင်သူ လူတို့ဘောင်၌ နေကုန်သော ဥပါသကာ-ဥပါ-သိကာတို့သည် တတ်အားသမျှ နေ့ လ နှစ်ပိုင်း လိုတိုင်းခြားမှတ် စောင့်တတ် စောင့်နိုင်ကြစေကုန်။ တတ်အားသမျှ စောင့်ပြီးမှလည်း စိတ်ကကြည်စွာ အခါအခါ သင့်တင့်ရာ၌ 'ငါကား ဤမည်သော ပြဟ္မစရိယအကျင့်ကို ချီးမြှင့် ကျင့်သုံးရပေပြီ။ ပြဟ္မစရိယအကျင့်သည် ငါ၌ တည်ပေပြီ' ဟူ၍ အာရုံပြုကာ မပြတ် ဆင်ခြင် အောက်မေ့ရာသတည်း။

ဤမျှလောက် မကျဉ်း မကျယ်သော စကား အစဉ်ဖြင့် ဒသသီလဝိနိစ္ဆယ အပြီးသတ်သတည်း။

ဤကဲ့သို့ အဆုံးအဖြတ်ကို အလွန် ရခဲစွ၊ အတိဒုလ္လဘ ဝိနိစ္ဆယ တည်း။ ဤကား ဆယ်ပါးသီလကို လူတို့ ခဏ ခေတ္တ စောင့်ကောင်း ဆောက်တည်ကောင်း၏ဟု ယူသော ဆရာတို့၏ ဝါဒတည်း။ "အဝိနယံ ဝိနယောတိ ဒီပေတိ"စသော (ဝိနယ၊ မဟာဝဂ္ဂ၊ နှာ-၅၀၁) ဘေဒကရ ဝတ္ထုသို့ မသက်ဝင်စေရအောင် ပညာရှင်တို့ ဆင်ခြင်ဖွယ် အချက်ဖြစ်၍ ဉာဏ်သက်ရာယူ၊ ဝိဝါဒကိုမူကား မပြုရာ။ ထို့ကြောင့်—

ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။
သမဂ္ဂါ သခိလာ ဟောထ၊ ဧသာ ဗုဒ္ဓါနုသာသနီ[၁]။

ဟူ၍ ဆုံးမတော်မူခဲ့ပြီ။

ဝိဝါဒံ၊ ခိုက်ရန်ဖြစ်ပွါး ဆန့်ကျင်သောစကားကို။ ဘယတော၊ ဘေးဘျမ်း များ၏ဟူ၍။ အဝိဝါဒဉ္စ၊ မဆန့်မကျင် ချစ်ကြင်ပေါင်းသင်း တရားကျင့်ခြင်း ကိုလည်း။ ခေမတော၊ သာယာငြိမ်းချမ်း ဘေးဘျမ်းမနှောက် နိဗ္ဗာန်ရောက် အောင် ပွါးမြောက်စည်ကား အကျိုးများ၏ဟူ၍။ ဒိသွာ၊ ဆင်ခြင် မြင်သိ၍။ သမဂ္ဂါ၊ ကေကမ္မ=ကေုဒ္ဒေသ=သမသိက္ခာ ညီညာစွာစေပ်သောကိုယ် ရှိကြကုန် သည်။ သခိလာ၊ ချိုသာပြေပြစ် ကျစ်လစ်သော နှုတ်ရှိကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။ ဧသာ၊ ဤသို့ ကိုယ်နှုတ်နှလုံး သုံးပါးလုံးကို စောင့်သုံးကုန်ကြ လုံ့လတက်ပွါး ကျင့်သုံးပါးကို အားထုတ်ကြကုန်ဟု-တိုက်တွန်းခြင်းသည်။ ဗုဒ္ဓါနု-သာသနီ၊ အကျိုးလိုလား ငါဘုရားတို့၏ စီးပွါးရှုမြော် အဆုံးအမတော်တည်း။

## သီလ ၄-မျိုး

**ပကတိသီလ။**　။မြောက်ကျွန်းသူတို့၏ သဘာဝသိဒ္ဓ ငါးပါးသီလသည် **ပကတိ သီလ** မည်၏။

**အာစာရသီလ။**　။ကုလ, ဒေသ, ပါသဏ္ဍ[၂]တို့၏ ပုဗ္ဗပုရိသ[၃]တို့ ထားခဲ့တိုင်း သော အပိုင်းအခြားကို မလွန်မူ၍ သေအရက် မသောက် ခြင်း, မညှဉ်းဆဲခြင်း စသော အလေ့အကျင့်သည် **အာစာရသီလ** မည်၏။

၁။ အပဒါန်၊ ၁၊ နှာ-၇ (ဗုဒ္ဓအပဒါန်)။ အပဒါန်၊ ၂၊ နှာ-၄၂၀။

၂။ ကုလ, ဒေသ, ပါသဏ္ဍ=အမျိုးအလိုက်, အရပ်ဒေသအလိုက်, တိတ္ထိအသင်းအဖွဲ့ ဂိုဏ်းဂဏတို့၏ အယူအလိုက် စောင့်ထိန်းသော အလေ့အကျင့် (ဝိသုဒ္ဓိမဂ်၊ ဋီ၊ပ၊ နှာ-၃၇) (ဝိသုဒ္ဓိမဂ်၊ ဋ၊ပ၊ နှာ-၁၅)။

၃။ ပုဗ္ဗပုရိသ=ကုလ, ဒေသ, ဂိုဏ်းဂဏတို့ကို ရှေးဦးစတင် တည်ထောင်သူ (၏ အလေ့ အကျင့် အာစာရ)။

**ဓမ္မတာသီလ**။ ။ဘုရားလောင်း မယ်တော်၏ ကာရဏာနိယမ[၁] အားဖြင့် လာသော ငါးပါးသီလသည် **ဓမ္မတာသီလ**မည်၏။

**ပုဗ္ဗဟေတုကသီလ**။ ။မဟာကဿပ, ဘဒ္ဒါ, ဘုရားအလောင်းတော် သီလဝရာဇာ စသော စင်ကြယ်သော သတ္တဝါတို့၏ သမ္ဘတ္တဝိရတိ[၂]၌ သင့်ကိုက်အပ်သော သီလသည် ပုဗ္ဗဟေတုကသီလ[၃]မည်၏။

**ပါတိမောက္ခသံဝရသီလ**။ ။ဣဓ ဘိက္ခု ပါတိမောက္ခသံဝရ သံဝုတော ဝိဟရတိ အာစာရ ဂေါစရသမ္ပန္နော အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု[၄]။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ပါတိမောက္ခသံဝရသံဝုတော၊ ပါတိမောက္ခသီလတည်းဟူသော စောင့်စည်းခြင်းနှင့် ပြည့်စုံသည်ဖြစ်၍။ **အာစာရဂေါစရသမ္ပန္နော**၊ ပါတိမောက္ခ စသည်ဂုဏ်အား ကျေးဇူးများသော အာစာရ,ဂေါစရနှစ်ပါးနှင့် ပြည့်စုံသည်ဖြစ်၍။ အဏုမတ္တေသု ဝဇ္ဇေသု၊ အဏုမြူသင်္ခ အသည်ခ္ဓိစ္စ သေခိယစသော အပြစ်တို့၌။ ဘယဒဿာဝီ၊ မြင်းမိုရ်တရှိ ပါရာဇိမျှ ရှုလေ့ရှိသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သိက္ခာပဒေသု၊ သိက္ခာပုဒ်ပညတ်တို့၌။ သမာဒါယ၊ ပြုကျင့်သည်ကို စိတ်ဖြင့်ကြည်ဖြူ ကောင်းစွာယူ၍။ သိက္ခတိ၊ ကျင့်၏။ ဤသို့ ဟောတော်မူအပ်သော သီလသည် **ပါတိမောက္ခ သံဝရသီလ** မည်၏။

**ဣန္ဒြိယသံဝရသီလ**။ ။သော စက္ခုနာ ရူပံ ဒိသွာ န နိမိတ္တဂ္ဂါဟီ ဟောတိ နာနုဗျဉ္ဇနဂ္ဂါဟီ။ ယတွာဓိကရဏ'မေနံ စက္ခုန္ဒြိယံ အသံဝုတံ ဝိဟရန္တံ အဘိဇ္ဈာဒေါမနဿာ ပါပကာ အကုသလာ ဓမ္မာ အန္ဝာဿဝေယျုံ။ တဿ သံဝရာယ ပဋိပဇ္ဇတိ။ ရက္ခတိ စက္ခုန္ဒြိယံ။ စက္ခုန္ဒြိယေ သံဝရံ အာပဇ္ဇတိ။ သောတေန သဒ္ဒံ သုတွာ။ပ။ မနသာ ဓမ္မံ ဝိညာယ။ပ။ မနိန္ဒြိယေ သံဝရံ အာပဇ္ဇတိ[၅]။

သော၊ ထိုပါတိမောက္ခသီလ၌ တည်ပြီးသော ရဟန်းသည်။ စက္ခုနာ၊ အကြောင်းစက္ခု တင်စားပြုသော စက္ခုဝိညာဏ်ဖြင့်။ ရူပံ၊ ဣဋ္ဌာ'နိဋ္ဌ အဆင်း

---

၁။ ကာရဏာ နိယမ=မြဲသောအကြောင်း (ဘုရားလောင်း ပဋိသန္ဓေ တည်သည်မှစ၍ ကာမရာဂစိတ် ဖြစ်ပေါ်လာခြင်း မရှိတော့ချေ)။

၂။ သမ္ဘတ္တ ဝိရတိ=အတွေ့ကို ရှောင်ကြဉ်ခြင်း၊ တွေ့ကြုံဆိုက်ရောက်လာသော မကောင်းမှုများကို ရှောင်ကြဉ်ခြင်း။

၃။ ပုဗ္ဗဟေတုကသီလ=ရှေးဘဝက အထုံ အလေ့အကျင့် အကြောင်းရင်းရှိသောသီလ။

၄။ သုတ်သီလက္ခန် ပါဠိတော်၊ နှာ-၅၉-စသည်။

၅။ သုတ်သီလက္ခန် ပါဠိတော်၊ နှာ-၆၆-စသည်။

ကို။ ဒိသွာ၊ မြင်၍။ နိမိတ္တဂ္ဂါဟီ၊ မိန်းမ ယောကျ်ားဟု-သိကြောင်း အပေါင်း သဏ္ဌာန် မူဟန် ရုပ်သွင် ဆံပင်ထုံးခြင်း ဝတ်ခြင်းစမွာယ် တင့်တယ်ဖွယ်ရာ ဣဋ္ဌာ’ နိဋ္ဌ ရာဂ ဒေါသ မောဟ အကြောင်း ကောင်း, မကောင်းသော အခြင်းအရာ ဟူသော နိမိတ်ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ အနုဗျဉ္ဇနဂ္ဂါဟီ၊ ကိလေသာကို ခါခါဆင့်ပွါး ထင်ရှားအောင်ပြု အနုဗျဉ္ဇန အမည်ရလေ လက်ခြေရယ်မောပြောဟောကြည့်ရှု ဘူတု’ ပါဒါ သန္နိဝေသာကာရ[၁]ကို ယူလေ့ရှိသည်။ န ဟောတိ၊ မဖြစ်။ ယတော အဓိကရဏံ·ယံ ကာရဏာ၊ အကြင် မစောင့်စည်း မချုပ်တည်းအပ်လေ စက္ခုန္ဒြေ ဟူသော အကြောင်းကြောင့်။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ အသံဝုတံ၊ မစောင့်ချုပ်ပဲ။ ဝိဟရန္တံ၊ နေသော။ နံ ဘိက္ခုံ၊ထိုရဟန်းကို။ အဘိဇ္ဈာဒေါမနဿာ၊ လောဘ ဒေါသဟူကုန်သော။ ပါပကာ အကုသလာ ဓမ္မာ၊ ယုတ်မာ ညစ်ကျု မကောင်းမှုတရားတို့သည်။ အန္ဝာဿဝေယျုံ၊ အစဉ် တစိုက် လိုက်ကုန်ရာ၏။ တဿ၊ ထိုစက္ခုန္ဒြေဟူသော တံခါးပေါက်ကို။ သံဝ-ရာယ၊ သတိဟူသော တံခါးရွက်ဖြင့် ပိတ်ဆို့စောင့်ရှောက်ခြင်းငှါ။ ပဋိပဇ္ဇတိ၊ ကျင့်၏။ စက္ခုန္ဒြိယံ၊ စက္ခုန္ဒြေကို။ ရက္ခတိ၊ စောင့်၏။ စက္ခုန္ဒြိယေ၊ စက္ခုန္ဒြေ၌။ သံဝရံ၊ စောင့်စည်းခြင်းသို့၊ အာပဇ္ဇတိ၊ ရောက်၏။

“သောတေန သဒ္ဒံ သုတွာ”စသည် နည်းတူ။

ဤသို့ ဟောတော်မူအပ်သော သီလသည် ဣန္ဒြိယသံဝရသီလမည်၏။

အနာ’ည’ညာ ပဒေသေန၊ ဒုဝေ အဘူတကိတ္တနာ။
သဥ္စရိတ္တံ ဒွေ ပဏီတာ၊ သူပေါဒနန္တိ အာဇီဝါ[၂]။

**အာဇီဝပါရိသုဒ္ဓိသီလ။** ။အနာညညာ ပဒေသေန၊ သူတပါးကို မညွှန်းခြင်း, ညွှန်းခြင်းဖြင့်။ ဒုဝေ အဘူတကိတ္တနာ၊ မဟုတ်မမှန်သော စျာန် မဂ် ဖိုလ်တရားကို ပြောဆိုခြင်း ပါရာဇိက, ထုလ္လစ္စဉ်း-နှစ်ပါးတို့ရင်း။ သဉ္စရိတ္တံ၊ အောင်သွယ်သော သံဃာဒိသိသ်ရင်း။ ဒွေ ပဏီတာ၊ ပဏီတဘောဇနပါစိတ်, ပဏီတဘောဇန ပါဋိဒေသနီ ဟူသောနှစ်ပါးတို့ရင်း။ သူပေါဒနံ၊ သူပေါဒန ဝိညတ္တိ ဒုက္ကဋ်ရင်း။ ဣတိ ဣမာနိ ဆ၊ ဤခြောက်ပါးတို့သည်။ အာဇီဝါ၊ မိစ္ဆာဇီဝဟူသော အကြောင်းကြောင့် ပညတ်အပ်သော သိက္ခာပုဒ်တို့တည်း။

---

၁။ ဘူတု’ပါဒါ သန္နိဝေသာကာရ= (ဘူတ=မဟာဘုတ်လေးပါး။ ဥပါဒါ=ဥပါဒါရုပ် ၂၄-ပါး။ သန္နိဝေသ=အစုအဝေး။ အာကာရ=အခြင်းအရာ)=ရုပ်တို့၏ စုဝေးသောအခြင်းအရာ။

၂။ ပရိဝါပါဠိတော် နှာ-၁၇၈ ၌ အကျယ်ရှု။ (ထိုပါဠိတော်ကိုမှီ၍ ဤ၌ ဂါထာစီထားခြင်းဖြစ်သည်)

ဤ အာဇီဝ ဟူသော အကြောင်းကြောင့် ပညတ်အပ်သော ခြောက်ပါးသော သိက္ခာပုဒ်။

ထိုမှတပါးလည်း 'ကုဟနာ, လပနာ, နေမိတ္တကတာ, နိပ္ပေသိကတာ, လာဘေနလာဘံ နိဇိဂီသနတာ' ဤသို့အစရှိသော ယုတ်မာမည်းညစ် ပါပဓမ္မတို့၏ အစွမ်းဖြင့် ဖြစ်သော မိစ္ဆာဇီဝမှ ရှောင်ကြဉ်ခြင်းသည် အာဇီဝ ပါရိသုဒ္ဓိ သီလ မည်၏။

**ပစ္စယသန္နိဿိတသီလ။** ။'ပဋိသင်္ခါ ယောနိသော' အစရှိသည်ဖြင့် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်၍ စင်ကြယ်သော သုံးဆောင်ခြင်းသည် ပစ္စယ သန္နိဿိတသီလ မည်၏။

## ငါးပါး အစု သီလ ၂-မျိုး

**ပရိယန္တပါရိသုဒ္ဓိ သီလ။** ။ပုထုဇ္ဇန, သေက္ခ, အသေက္ခ ဖြစ်သော လူသာမဏေတို့၏ သီလသည် အရေ အတွက် အပိုင်း အခြား ရှိသောကြောင့် ပရိယန္တပါရိသုဒ္ဓိ သီလ မည်၏။

**အပရိယန္တပါရိသုဒ္ဓိသီလ။** ။အန္ဓပုထုဇဉ် ရဟန်းတို့၏ သီလသည်—

နဝ ကောဋိ သဟဿာနိ၊ အသီတိ သတ ကောဋိယော။
ပညာသ,သတ,သဟဿာနိ၊ ဆတ္တိံသာ စ ပုနာပရေ။

ဧတေ သံဝရဝိနယာ၊ သမ္ဗုဒ္ဓေန ပကာသိတာ။
ပေယျာလမုခေန နိဒ္ဒိဋ္ဌာ၊ သိက္ခာ ဝိနယသံဝရေ[၂]။

---

၁။ ဝိဘင်းပါဠိတော်၊ နှာ-၃၆၆ စသည်တို့၌ရင်း၊ ဝိသုဒ္ဓိမဂ်၊ဋ္ဌပ၊ နှာ ၂၂-၂၉ ၌ ရင်း အကျယ်ရှု။

ကုဟနာ = အံ့ဩစေခြင်း၊ သူတပါး၏ စိတ်၌ အံ့ဘွယ်သရဲ ဖြစ်ပေါ်လာအောင် ပြုမူခြင်း။
လပနာ = မိမိ၏ ဂုဏ်ကို ချီးမြှောက် ဝါကြွား ပြောဆိုခြင်း။
နေမိတ္တကတာ = ပစ္စည်းလှူစေရန် သွယ်ဝိုက်၍ အရိပ်နိမိတ်ပြောဆိုခြင်း။
နိပ္ပေသိကတာ = မိမိလာဘ် ပစ္စည်းရရန် ဒါယကာတို့အား စောင်းမြောင်းဖိနှိပ်ပြီး နာလိုခံခက် ထေ့တေ့တေ့စကား ပြောဆိုခြင်း။
လာဘေန-လာဘံ=မိမိရပြီးသောပစ္စည်းကို အရင်းတည်၍ထို့ထက်ကောင်းသော ပစ္စည်းကို။
နိဇိဂီသနတာ= ရအောင် ရှာဖွေပြုလုပ်ခြင်း။
(အကျယ်ကို-ဤကျမ်း နှာ-၆၁-စသည်၌ရှုပါ။ ဝိဘင်းနှာ-၃၆၆။ ဝိသုဒ္ဓိ၊ ဋ္ဌပနှာ-၂၂-၂၉ လည်းရှုပါ)

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌပနှာ-၄၄ စသည်။

နဝကောဋ္ဌိသဟဿာနိ၊ ကုဋ္ဋေ ကိုးထောင်တို့ရှင်း။ အသီတိ, သတ, ကောဋ္ဌိယော၊ ကုဋ္ဋေ တရာ့ရှစ်ဆယ်တို့ရှင်း။ ပညာသ, သတ, သဟဿာနိ၊ ငါးသန်းတို့ရှင်း။ ပုန၊ တဖန်။ အပရေ၊ တပါးကုန်သော။ ဆတ္တိံသ,သဟဿာနိ၊ သုံးသောင်းခြောက်ထောင်တို့ရှင်း။ ပေယျာလ မုခေန၊ (နေနတ်နီးတိုင်၊ ဂနိုင်မိုးနန်၊ ဟုန်ယဉ်စျာန်၊ မှတ်ရန် သိက္ခာဂဏန်းတည်း ဟူသော ဤအကျဉ်း) သချာ်ပေယျာလ အမြွက်ဖြင့်။ နိဒ္ဒိဋ္ဌာ၊ ညွှန်ပြအပ်ကုန်ပြီးသော။ ဧတေ သံဝ-ရဝိနယာ၊ ဤသံဝရ ဝိနည်းတို့သည်။ ဝိနယ သံဝရေ၊ ဝိနည်းပိဋကတ်၌။ သမ္ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ပကာသိတာ၊ ပြတော်မူအပ်ကုန်သော။ သိက္ခာ၊ အကျင့်သီလတို့တည်း။ ဤသို့ ၉၁ဂဝ,၅ဝ,၃၆ဝဝဝ ဟူ၍ ဂဏန်းသချာ်အားဖြင့် အပိုင်းအခြားရှိသော်လည်း အကြွင်းအကျန်မရှိ ဆောက်တည်သောကြောင့် ရှင်း—

မနံ စဇေ အင်္ဂံ ရက္ခံ၊ အင်္ဂံ စဇေယျ ဇီဝိတံ။
သဒ္ဓမ္မံ ရက္ခမာနော တု၊ သဗ္ဗံ စဇေယျ ပဏ္ဍိတော[၁]။

အင်္ဂံ၊ ခြေလက်စသောအင်္ဂါကို။ ရက္ခံ၊ စောင့်ရှောက်သောသူသည်။ ဓနံ၊ ရွှေငွေစသောဥစ္စာကို။ စဇေ၊ စွန့်ရဲရာ၏။ ဇီဝိတံ၊ အသက်ကို။ ရက္ခန္တော၊ စောင့်သူသည်။ အင်္ဂံ၊ ခြေလက်စသော ကိုယ်အင်္ဂါအစိတ်အပိုင်းကို။ စဇေယျ၊ စွန့်ရဲရာ၏။ သဒ္ဓမ္မံ၊ သီလစသော သူတော်တရားကို။ ရက္ခမာနော၊ စောင့်ရှောက်သော။ ပဏ္ဍိတော တု၊ ပညာရှိသည်ကား။ သဗ္ဗံ၊အလုံးစုံဥစ္စာ,အင်္ဂါ,အသက်ကို။ စဇေယျ၊ စွန့်ရဲရာ၏။

မဟာတိဿထေရ်ဝတ္ထု။ ။ဤသို့သော သပ္ပုရိသာနုဿတိကို မစွန့်ပဲ စားရန် သရက်သီး အနီးရှိလျက် ပဋိဂ္ဂဟဏ သိက္ခာပုဒ်[၂]ကို မဖျက် အသက်ကို အသေခံ၍ နေရာ တယောက်သော ဥပါသကာ လာယူဆောင်ကြဉ်းရာ ဥပါသကာ၏ ကျောက်ကုန်းထက်၌ စီးလျက်—

န ပိတာ နာပိ တေ မာတာ၊ န ဉာတိ နာပိ ဗန္ဓဝေါ။
ကရောတေ’ တာဒိသံ ကိစ္စံ၊ သီလဝန္တဿ ကာရဏာ[၃]။

တိဿ၊ တိဿ။ အယံ၊ ဤကျောပိုးပေသော ဥပါသကာကြီးသည်။ တေ၊ သင်တိဿ၏။ န ပိတာ၊ အဘလည်း မဟုတ်ပဲလျက်။ န မာတာ၊ အမိလည်း

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၄၄ စသည်လာ ဂါထာကို ချုံး၍ မီထားသည်။

၂။ ပဋိဂ္ဂဟဏ သိက္ခာပဒ= (ပဋိဂ္ဂဟဏ=ခံယူထားသော၊ ဆောက်တည်ထားသော။ သိက္ခာပုဒ်=သီလ) ခံယူဆောက်တည်ထားသောသီလ။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ—၄၄။

မဟုတ်ပဲလျက်။ န ဉာတိ၊ ဘမျိုးလည်း မတော်ပဲလျက်။ နာပိ ဗန္ဓဝေါ၊ မိမျိုး လည်း မစပ်ပဲလျက်။ သီလဝန္တဿ၊ သီလရှိသည်၏ အဖြစ်တည်းဟူသော။ ကာရဏာ၊ အကြောင်းကြောင့်။ သီလဝန္တဿ၊ သီလရှိသော။ တုယှံ၊ သင်၏။ တောဒိသံ၊ ဤသို့သဘောရှိသော။ ကိစ္စံ၊ ကျောပိုးခြင်းကိစ္စကို။ ကရောတေ၊ ပြုပေသည်တကား။

ဤသို့ ကိုယ်ကို ကိုယ့်ရှင် သွန်သင်ဆုံးမ ထို အပရိယန္တပါရိသုဒ္ဓိသီလကိုပင် ဆင်ခြင်လျက် ကျောက်ကုန်းထက်၌ပင် အရဟတ္တမဂ်, အရဟတ္တဖိုလ်သို့ ရောက် သော စိရဂုမ္ဗဝါသီ အမ္ဗခါဒက မဟာတိဿထေရ်၏ သီလကဲ့သို့ မမြင်အပ်သော အပိုင်းအခြားရှိသောကြောင့်ရင်း **အပရိယန္တပါရိသုဒ္ဓိသီလ** မည်၏။

**ပရိပုဏ္ဏပါရိသုဒ္ဓိသီလ။** ။အဝါ ငါးဆယ့်ခြောက်ဆယ် ပြည့်၍ သေရာ ညောင် စောင်း၌ လျောင်းစက်ခါမှ ပရိနိဗ္ဗာန် ပြုသည်ဟု ဝန်းကျင်ပတ်ချာ တဆဲ့နှစ်ယူဇနာက လာကြသော လူအများတို့ ပုထုဇဉ်၏ သေခြင်းကို ကြားသိက ဝိပ္ပဋိသာရ[၁] ဖြစ်ရန် ရှိပါကြောင်းနှင့် အလုပ်အကျွေး ပဋ္ဌင်းယော် တောင်းပန်ရာတွင် လျင်စွာချက်ခြင်း မဂ်လေးကွင်းကို ထုတ်ခြင်း လျှိဖောက် အရဟတ္တဖိုလ်သို့ ရောက်သော သံဃရက္ခိတထေရ်[၂] တူဝရီးတို့၏ သီလကဲ့သို့ ပဋ္ဌင်းခံသည်မှ စ၍ ရွှေစင်သိင်္ဂီအလား ပတ္တမြားအဆင်း ခရုသင်း ပွတ်သစ် ပုလဲနှစ်အသွင် စိတ္တုပ္ပါဒ်မျှဖြင့်ပင် မြူမတင်သော ကလျာဏပုထုဇဉ် တို့၏ အရဟတ္တပဒဋ္ဌာန်ဖြစ်သော သီလသည် **ပရိပုဏ္ဏပါရိသုဒ္ဓိသီလ** မည်၏။ ယင်း သီလကို ရည်၍—

ဗဟုဿုတောပိ စေ ဟောတိ၊ သီလေသု သုသမာဟိတော။
ဥဘယေန နံ ပသံသန္တိ၊ သီလတော စ သုတေန စ။

ဗဟုဿုတံ ဓမ္မဓရံ၊ သပ္ပညံ ဗုဒ္ဓသာဝကံ။
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော[၃]။

ဟူ၍ ယောမနာ ဂါထာ လာ၏။

ဗဟုဿုတောပိ၊ အကြားအမြင် များသည်ရင်း။ သီလေသု၊ စတုပါရိသုဒ္ဓိ သီလတို့၌။ သုသမာဟိတော၊ ကောင်းစွာတည်သည်ရင်း။ စေ ဟောတိ၊ အကယ်၍ဖြစ်အံ့။ နံ၊ ထိုပုဂ္ဂိုလ်ကို။ သီလတော စ၊ သီလအားဖြင့်ရင်း။ သုတေ-

---

၁။ ဝိပ္ပဋိသာရ=နှလုံးမသာယာခြင်း။ ၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ ၄၅။

၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၄၅,၄၆။ (အင်္ဂုတ္တရ၊ ပ၊နှာ-၃၁၄)

န စ၊ အကြားအမြင်အားဖြင့်ရင်း။ ဥဘယေန၊ နှစ်ပါးစုံဖြင့်။ ပသံသန္တိ၊ ချီးမွမ်းကြကုန်၏။

ဗဟုဿုတံ၊ များသောသုတရှိထသော။ ဓမ္မဓရံ၊ သီလဟူသော သုတော်တရားကို ဆောင်ထသော။ သပ္ပညံ၊ ဇာတိပညာ, ပါရိဟာရိယပညာ, ဝိပဿနာပညာရှိထသော။ တံ ဗုဒ္ဓသာဝကံ၊ ထိုသို့သဘောရှိသော ဘုရားသားတော်ကို။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ဂုဏ်ကိုချိုးဖဲ့ ကျေးဇူးမဲ့အောင် ကဲ့ရဲ့ပြစ်တင်ခြင်းငှါ။ အရဟတိ၊ ထိုက်ပေချိမ့်နည်း။ ဇမ္ဗောနဒဿ၊ သိင်္ဂီရွှေစစ် ဇမ္ဗူရစ်၏။ နိက္ခံ၊ တပိဿာကို။ နိန္ဒိတုံ၊ ဇာဟ် ပမာဏ နှစ်ဝဖြစ်လျှင်း ကဲ့ရဲ့ခြင်းငှါ။ န အရဟတိ ဣဝ၊ မထိုက်သကဲ့သို့တည်း။ နံ၊ ထိုသီလ သုတ နှစ်ဝစုံလစ် သားတော်စစ်ကို။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဗြဟ္မုနာပိ၊ ဗြဟ္မာသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏။

အပရာမဋ္ဌ ပါရိသုဒ္ဓိသီလ။　　။လူထွက်၍လာချေသော် မရီးအောက အမွေခွဲရမည်ကို စိုး၍ခိုးသားငါးရာတို့ကိုသတ်ချေစေခိုင်းရာ—

ဥဘော ပါဒါနိ ဘိန္ဒိတွာ၊ သညာပေဿာမိ ဝေါ အဟံ။
အဋ္ဋီယာမိ ဟရာယာမိ၊ သရာဂ မရဏံ အဟံ[၁]။

အဟံ၊ ငါသည်။ ဥဘောပါဒါနိ၊ ခြေနှစ်ဖက်တို့ကို။ ဘိန္ဒိတွာ၊ ခဏခိုက်တန့် ဆိုင်းငံ့စေမှု ကျောက်ဖြင့်ထု၍။ ဝေါ၊ သင်တို့ကို။သညာပေဿာမိ၊ မပြေးနိုင်ပြီဟု ယုံကြည်စေရန် ဝန်ခံသက်သေ နှစ်သိမ့်စေအံ့။ အဟံ၊ ငါသည်။ သရာဂ မရဏံ၊ ရာဂမကင်း သေရခြင်းကို။ အဋ္ဋီယာမိ၊ စက်ဆုပ်၏။ ဟရာယာမိ၊ ရှက်နိုး၏။

ဤသို့ ခိုးသားတို့ကို ဆို၍—

ဧဝါ’ ဟံ စိန္တယိတွာန၊ သမ္မသိတွာန ယောနိသော။
သမ္ပတ္တေ အရုဏုဂ္ဂမှို၊ အရဟတ္တ’ မပါပုဏိံ[၂]။

ဟူ၍ လာသည့်အတိုင်း ထိုညဥ့် လင်းစင်လတ်သော် အရဟတ္တဖိုလ်ကို ရလျက် သမသီသီ ရဟန္တာဖြစ်၍ စုတိ ကျသော ကုဋုမ္ဗိယပုတ္တတိဿထေရ်။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၄၆ (ကုဋုမ္ဗိယပုတ္တတိဿထေရ်ဝတ္ထု)၊ (သုတ်မဟာဝါ၊ ဋ္ဌ၊နှာ-၃၃၉) စသည်။

၂။ ဧဝံ=ဤသို့။ စိန္တယိတွာန = ကြံ၍။ အဟံ = ငါသည်။ ယောနိသော=အသင့်အားဖြင့်။ သမ္မသိတွာန=ဆင်ခြင်သုံးသပ်၍။ အရုဏုဂ္ဂမှို=အရုဏ်တက်ချိန်သည်။ သမ္ပတ္တေ=ရောက်လတ်သော်။ အရဟတ္တံ =ရဟန္တာအဖြစ်သို့။ အပါပုဏိံ=ရောက်လေပြီ။

မိမိ[၁] ကျင်ငယ် ကျင်ကြီး၌ နစ်လျက် တွန့်လိမ်လူးလည်း နေသည်ကို မြင်၍ 'အဟောဒုက္ခာ ဇီဝိတသင်္ခါရာ'[၂]ဟု ပဋ္ဌင်းငယ် ဆိုရာတွင် ငါ စုတိက သဂ္ဂသမ္ပတ္တိကို မခဲယဉ်း၊ သို့သော်လည်း သီလကိုဖျက်၍ ရသော သဂ္ဂသမ္ပတ္တိသည် သိက္ခာကိုချ၍ ရသော လူအဖြစ်နှင့် တူ၏[၃]၊ သီလနှင့်သာလျှင် တကွ သေမည်ဟု ဆို၍ ထို မိမိကျင်ငယ် ကျင်ကြီးထက်၌ပင် လျောင်းစက်၍ ယင်းရောဂါကိုပင် ဆင်ခြင်သုံးသပ်လျက် ဝိပဿနာ အဆက်ဆက်ဖြင့် အရဟတ္တ မဂ်ဖိုလ်ကို ရပြီးလျှင် —

ဖုဋ္ဌဿ မေ အညတရေန ဗျာဓိနာ၊
ရောဂေန ဗာဠှံ ဒုခိတဿ ရုပ္ပတော။
ပရိသုဿတိ ခိပ္ပမိဒံ ကဠေဝရံ၊
ပုပ္ဖံ ယထာ ပံသုနိ အာတပေ ကတံ။

အဇညံ ဇညသင်္ခါတံ၊ အသုစိံ သုစိသမ္မတံ။
နာနာကုဏပ ပရိပူရံ၊ ဇညရူပံ အပဿတော။

ဓိရတ္ထု'မံ အာတုရံ ပူတိကာယံ၊
ဒုဂ္ဂန္ဓိယံ အသုစိ ဗျာဓိဓမ္မံ။
ယတ္ထပ္ပမတ္တာ အဓိမုစ္ဆိတာ ပဇာ၊
ဟာပေန္တိ မဂ္ဂံ သုဂတူပပတ္တိယာ[၄]။

အညတရေန၊ တပါး ပါးသော။ ဗျာဓိနာ၊ ပြင်းစွာ နှိပ်စက်တတ်သော။ ရောဂေန၊ ရောဂါနှင့်။ ဖုဋ္ဌဿ၊ တွေ့ထသော။ ဗာဠှံ၊ ပြင်းပြစွာ။ ဒုခိတဿ၊ ဆင်းရဲသို့ ရောက်သည်ဖြစ်၍။ ရုပ္ပတော၊ ဆွေ့ဆွေ့ခုန်မျှ တုန်လှုပ်ဖောက်ပြန်ထသော။ မေ၊ ငါ၏။ ဣဒံ ကဠေဝရံ၊ ဤခန္ဓာရုပ် အကောင်ပုပ်သည်။ အာတပေ၊ ခြစ်ခြစ်ပူသော။ ပံသုနိ၊ မြေမှုန့်ထက်၌။ ကတံ၊ ပစ်ထားအပ်သော။ ပုပ္ဖံ ယထာ၊ ကုက္ကိုစသောပန်းကဲ့သို့။ ခိပ္ပံ၊ အသော့လျှင်စွာ မကြာချက်ခြင်း။ ပရိသုဿတိ၊ ဝန်းကျင်ညှိုးခွေ ခြောက်တပ်ချေ၏။

---

၁။ အညတရ ဗာဠှဂိလာန မဟာထေရ်ဝတ္ထု။ (ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊နှာ-၄၆)

၂။ ဇီဝိတသင်္ခါရာ= ဇီဝိတိန္ဒြေနှင့် စပ်သော သင်္ခါရတို့သည်။ အဟောဒုက္ခာ=အော်ဆင်းရဲကုန်စွတကား။

ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေဟူသော အာယု, တေဇော ဓာတ်ဟူသော ဥသ္မာ, ပဋိသန္ဓေ ဝိညာဏ်ဟူသော ဝိညာဏ၊ ဤ ၃-ပါးကို ဇီဝိတသင်္ခါရဟုခေါ်သည်။

(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၊ ဒု၊နှာ-၁၇၂။)

၃။ ရဟန်းသေသော် အလောင်းကောင်၌ ရဟန်း၏သိက္ခာ မတည်တော့ချေ။ ရဟန်း၏ သီလပျက်ပြီဟု ဆိုလိုသည်။ (ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၄၆)

၄။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၄၆။

အဇည်၊ စက်ဆုပ်ဖွယ်ဖြစ်လျက်။ ဇည သခါတံ၊ နှစ်သက်ဖွယ်ဟူ၍ သူမိုက်တို့သည် ပြောဆိုအပ်ထသော။ အသုစိံ၊ မစင်ကြယ်ပဲလျက်။ သုစိသမ္မတံ၊ စင်ကြယ်သည်ဟူ၍ သူမိုက်တို့သည် သမုတ်အပ် ထသော။ နာနာကုဏပ ပရိပူရံ၊ အထူးထူးသော အပုပ်မျိုးတို့ဖြင့် ပြည့်ထသော။ ဣဒံ ကဠေဝရံ၊ ဤခန္ဓာရုပ် အကောင်ပုပ်ကို။ ဧညရူပံ၊ ဟုတ်မှန်တိုင်းသော နှစ်သက်ဖွယ်သဘောကို။ အပဿတော အပဿန္တဿ၊ မမြင်နိုင်သော သူမိုက်သည်သာလျှင်။ ပသံသိတံ၊ ဇည[၁]ဟု ချီးမွမ်းအပ်၏။ (ဇနံ န အရဟန္တီတိ အဇညာ၊ ဇနံ ပဝေသေတုံ အယုတ္တာ ဇိဂုစ္ဆနီယာတိ ဝုတ္တံ ဟောတိ။ မူလဋီကာ၊ ၂၊နှာ-၁၅၃။)

အာတုရံ၊ နာကျင်ထသော။ ဒုဂ္ဂန္ဓိယံ၊ မကောင်းသောအနံ့ရှိထသော။ အသုစိ၊ မစင်ကြယ်ထသော။ ဗျာဓိဓမ္မံ၊နှိပ်စက်တတ်သော သဘောရှိထသော။ ဣမံ ပူတိကာယံ၊ ဤခန္ဓာရုပ် ကိုယ်ကောင်ပုပ်၏။ မိ၊ ထို့ဖွယ် စက်ဆုပ်ဖွယ်သည်။ အတ္ထု၊ ဖြစ်ချေ၏၊ ဖြစ်စေလော၊ ဖြစ်စေသတည်း။

ယတ္ထ၊ အကြင် အနှစ်မပါ ရွံဖွယ်ရာသော ခန္ဓာကိုယ်ရုပ် အကောင်ပုပ်၌။ ပမတ္တာ၊ မေ့လျော့ယစ်ဝကုန်သည်ဖြစ်၍။ အဓိမုစ္ဆိတာ၊ တွေဝေမိန်းမောကုန်သည်ဖြစ်၍။ ပဇာ၊ သတ္တဝါအပေါင်းတို့သည်။ သုဂတူပပတ္တိယာ၊ လူ့ဘုံနတ်ရပ်မြတ်သောသုဂတိ ဘဝသို့ လားရခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော သီလကို သော်လည်း။ ဟာပေန္တိ၊ အားပါးမထုတ် ဆုတ်ယုတ်လျော့ပါးစေကြကုန်၏။ (ပဂေဝ ဈာနာဒိန္တိ အဓိပ္ပါယော)

ဤသို့ သံဃာအား ပြောဟော၍ ပရိနိဗ္ဗာန်ဝင်သော အညတရ ဗာဠ္ဟဂိလာနမဟာထေရ် စသော ပုထုဇဉ်တို့၏ သီလသည်၎င်း သေက္ခပုဂ္ဂိုလ်တို့၏ သီလသည်၎င်း ဘဝရာဂဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်သောကြောင့် အပရာမဋ္ဌပါရိသုဒ္ဓိသီလ မည်၏။

**ပဋိပဿဒ္ဓိ ပါရိသုဒ္ဓိသီလ။**　　။ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာတို့၏ သီလသည် **ပဋိပဿဒ္ဓိ ပါရိသုဒ္ဓိသီလ** မည်၏။

**ပဟာနသီလ။**　　။ပါဏာတိပါတ အစ အရဟတ္တမဂ္ဂဝဇ္ဈ ကိလေသာ အဆုံး ရှိသော အကုသိုလ်, ကုသိုလ် ဓမ္မတို့ကို ပယ်ကြောင်းဖြစ်သော ဟိရောတ္တပ္ပကရုဏာ, အလောဘ စသည် ပြဓာန်းခြင်းရှိသော ကုသိုလ် ကောဝိသ စိတ္တုပ္ပါဒ်သည် **ပဟာနသီလ** မည်၏။

**ဝေရမဏီသီလစသည်။**　　။ဝိရတိစေတသိက်, စေတနာစေတသိက်, သံဝရ ငါးပါး, အဝီတိက္ကမ စိတ္တုပ္ပါဒ်တို့သည် **ဝေရမဏီသီလ** စသည် မည်ကုန်၏။ ထိုတွင် —

---

၁။ ဇည=နှစ်သက်ဖွယ်။

မဟဂ္ဂတဓမ္မေသု နိပ္ပရိယာယေန နတ္ထိ သီလနဋ္ဌော၊ ကုတော ဝိရမဏဋ္ဌော။ ပရိယာယေန ပနေတံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။

မဟဂ္ဂတ ဓမ္မေသု၊ မဟဂ္ဂုတ်တရားတို့၌။ နိပ္ပရိယာယေန၊ မုချအားဖြင့်။ သီလနဋ္ဌော၊ သမာဓာန-ဥပဓာရဏဟူသော သီလန အနက်သည်။ နတ္ထိ၊ မရှိ။ ဝိရမဏဋ္ဌော၊ ဝိရတိအနက်သည်။ ကုတော၊ အဘယ်မှာ ရှိနိုင်ချေအံ့နည်း။ ပန၊ ယင်းသို့ မရှိသော်လည်း။ ပရိယာယေန၊ ပရိယာယ်အားဖြင့်။ ဧတံ၊ ထို 'ပဌမ ဈာနေန နီဝရဏာနံ၊ ဒုတိယဈာနေန ဝိတက္က ဝိစာရာနံ ပဟာနံ သီလံ, ဝေရမဏိ သီလံ, စေတနာ သီလံ, သံဝရော သီလံ, အဝီတိက္ကမော သီလံ'[၁] စသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဤသို့ မဟာဋီကာ (ပ၊နှာ-၇၉) လာသည့်အတိုင်း မဟဂ္ဂုတ်တရားတို့၌ သီလ ဟူသည်ကို ပရိယာယ်အားဖြင့် ဈာန်စိတ္တုပ္ပါဒ်တို့ကို မှတ်အပ်၏။ ဤသို့ မဟဂ္ဂုတ် သီလ၌သာ ပရိယာယ်ဟု ဆို၍ ရှေးဖြစ်သော—

အဘိဇ္ဈာယ ပဟာနံ သီလံ, ဝေရမဏိ သီလံ။ပ။ ဗျာပါဒဿ။ပ။ မိစ္ဆာ-ဒိဋ္ဌိယာ။ပ။ ပဋ္ဌန္နံ နီဝရဏာနံ။ပ။ ဉာဏေန အဝိဇ္ဇာယ။ပ။ ပါမုဇ္ဇေန အရတိယာ ပဟာနံ သီလံ,ဝေရမဏိ သီလံ—စသော မနောကမ္မပထ သီလ။

ပုဗ္ဗဘာဂပဋိပဒါ ဥပါယသီလနောက် ဖြစ်သော—အနိစ္စာနုပဿနာယ နိစ္စသညာယ ပဟာနံ သီလံ, ဝေရမဏိ သီလံ စသော အဋ္ဌာရသ[၂] မဟာဝိပဿနာ သီလ။

မဂ်သီလတို့၌ကား—

အဘိဇ္ဈာဒီနံ ပန အနဘိဇ္ဈာဒိဝသေန ပဟာနံ ဝေဒိတဗ္ဗံ။ ဝေရမဏိ-စေတနာ တံသမ္ပယုတ္တာ၊ သံဝရ ဝီတိက္ကမာ တပ္ပမု ခါဓမ္မာ။

တတ္ထ ပဟာနသီလာဒီနိ ဟေဋ္ဌာ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗာနိ။ ဝိသေသ-မေဝ ဝက္ခာမ[၃]။

---

၁။ ပဌမဈာန်ဖြင့် အပိတ်အပင် 'နီဝရဏ' တရားတို့ကို, ဒုတိယဈာန်ဖြင့် ဝိတက်နှင့် ဝိစာရတို့ကို, ပယ်တတ်သောကြောင့် သီလမည်၏၊ ကြဉ်ရှောင်တတ်သောကြောင့် သီလ မည်၏၊ စောင့်စည်းမှုစေတနာသည် သီလမည်၏၊ စောင့်စည်းခြင်း 'သံဝရ'သည် သီလ မည်၏။ မလွန်ကျူးတတ်သော အနက်ကြောင့် သီလမည်၏။

၂။ ပဋိသမ္ဘိဒါမဂ်-မြန်၊ နှာ-၆၁။ ၃။ ဝိသုဒ္ဓိ၊ ဋီ၊ ၁၊ နှာ-၇၈။

အဘိဇ္ဈာဒီနံ ပန၊ အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိတို့ကိုကား။ အနဘိဇ္ဈာဒိဝသေန၊ အနဘိဇ္ဈာစသည်တို့၏ အစွမ်းအားဖြင့်။ ပဟာနံ၊ ပယ်ခြင်း ပဟာနသီလကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဝေရမဏီ, စေတနာ၊ ဝေရမဏီသီလ, စေတနာသီလတို့သည်။ တံသမ္ပယုတ္တာ၊ ထိုအနဘိဇ္ဈာစသည်နှင့် ယှဉ်ကုန်၏။ သံဝရာဝီတိက္ကမာ၊ သံဝရသီလ, အဝီတိက္ကမသီလတို့သည်။ တပ္ပမုခါ၊ ထိုအနဘိဇ္ဈာစသည် ပြခါန်းခြင်း ရှိကုန်သော။ မမွာ၊ ကုသိုလ် စိတ္တုပ္ပါဒ်တရားတို့တည်း။

တတ္တ၊ ထိုဥပါယသီလ, သမာပတ္တိသီလ, ဝိပဿနာသီလ, မဂ်သီလတို့၌။ ပဟာနသီလာဒီနိ။ ပဟာနသီလစသည်တို့ကို။ ဟေဋ္ဌာ၊ အောက်ကမ္မပထသီလတို့၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။ ဝိသေသမေဝ၊ အထူးကိုသာလျှင်။ ဝက္ခာမ၊ ဆိုကုန်တော့အံ့။

**ဝိရတိစေတသိက်ဖြစ်နိုင်ပုံ။**　။ဤသို့ ဝိရတိစေတသိက် တိုက်ရိုက်ရကြောင်းကို ဆိုရကား ရှေး ဆိုအပ်ခဲ့ပြီးသည်အတိုင်း 'ဝိသေသမေဝ ဝက္ခာမ'အရ ဖြစ်သော အဋ္ဌသမာပတ္တိသီလကို ချန်ထား၍ ကြွင်းသော ရှောင်ကြဉ်သမျှ သီလစိတ္တုပ္ပါဒ်တို့၌ ဝိရတိစေတသိက်ကို ရ၏ဟု မှတ်ရမည်။ အာဇီဝဟေတုကို ငဲ့ မငဲ့သော ကာယကံ သုံးပါး, ဝစီကံလေးပါးတို့ကို ရှောင်ကြဉ်မှသာ ဝိရတိဖြစ်သည်။ အဘိဇ္ဈာစသော မနောကံကို ရှောင်ကြဉ်ရာတို့၌ရှင်း 'ဘူတဂါမ ပါတဗျတာယ ပါစိတ္တိယံ'' စသည်ကို ရှောင်ကြဉ်ရာတို့၌ရှင်း ဝိရတိ မဖြစ်ဟူ၍ မှတ်မှားကြသည် များစွာ၏။ ဆင်ခြင်စဉ်းစား သတိထားကုန်ရာသည်။

(ငါတို့ ကျေးဇူးရှင် မဟာဗိုလ်ဆရာတော်ဘုရားကြီးလည်း ပါတိမောက္ခသီလတို့၌ ဝိရတိရကြောင်းကို မိန့်ဆိုတော်မူ၏)။ အဋ္ဌကထာ, ဋီကာ ကျမ်းဂန် သက်သဖြင့် နှစ်သက်လေးမူ မှတ်ယူသင့်သော စကားပေတည်း။

**သီလ၏ဂုဏ်များ။**　။ဤသို့လျှင် တပါး, နှစ်ပါး, သုံးပါး, လေးပါး, ငါးပါး အပြားရှိသောသီလတို့တွင် ကာမာဝစရ ဖြစ်သော သီလကို ဤ၌ လိုအပ်၏။ ထိုသီလသည် အဓိသီလသိက္ခာဂုဏ်, အာဒိကလျာဏဂုဏ်, တေဝိဇ္ဇုပနိဿယဂုဏ်, ကာမသုခလ္လိကာနုယောဂ အန္တဝဇ္ဇနဂုဏ်, အပါယ သမတိက္ကမနုပါယဂုဏ်, တဒင်္ဂပ္ပဟာနဂုဏ်, ဝီတိက္ကမ ပဋိပက္ခဂုဏ်, ဒုစ္စရိတသံကိလေသ ဝိသောဓနဂုဏ်, သောတာပန္န သကဒါဂါမိ ဘာဝကာရဏဂုဏ်, ကာယဝိဝေကဂုဏ်, အဒေါသကုသလမူလဂုဏ်, အနိမိတ္တဝိမောက္ခမုခဂုဏ်, အနညာ-

---

၁။ ပါစိတ်အာပတ်စသည်ကို ရှောင်ကြဉ်ခြင်းအားဖြင့် ဝိရတိဖြစ်သည်။ (ပါစိတ္တိယ=ကုသိုလ်စိတ်မှ လျှောကျစေတတ်သောအပြစ်)။

တညသာမိတိန္ဒြိယဂုဏ်[၁] စသော ကျေးဇူးတို့ကို ပြစွမ်းနိုင်သော သတ္တိဂုဏ်နှင့် ပြည့်စုံ၏။

---

၁။ အဓိသီလသိက္ခာဂုဏ်= မဂ်, ဖိုလ်, နိဗ္ဗာန်သို့ ရောက်ရန် အခြေခံဖြစ်သော သီလ (သုဂတိဘဝသို့ လားရောက်စေတတ်သော သာမန် သီလထက် လွန်ကဲမြင့်မြတ်သောသီလ) အကျင့်ဟူသောဂုဏ်။

အာဒိကလျာဏဂုဏ် = ဈာန်, မဂ်, ဖိုလ် ရရာ ရကြောင်း အကျင့်ပဋိပတ္တိလုပ်ငန်း ပွါးများရာ၌ သီလကို ဦးစွာအစ စောင့်ထိန်း ပြုလုပ်အပ်သောကြောင့် သီလသည် အာဒိကလျာဏ အစ၏ကောင်း ခြင်းနှင့် ပြည့်စုံသည်ဟု ဆိုလိုသည်။

တေဝိဇ္ဇူပနိဿယဂုဏ်= (တေဝိဇ္ဇ= ဝိဇ္ဇာသုံးပါး။ ဥပနိဿယ =အားကြီးသော အကြောင်း) ပု-ဒိ-အာ တည်းဟူသော ဝိဇ္ဇာသုံးပါး ရရန် အားကြီးသော အကြောင်းဖြစ်သောဂုဏ်။

ကာမသုခလ္လိကာနုယောဂ အန္တဝဇ္ဇနဂုဏ်= (ကာမ=ကာမဂုဏ်ငါးပါး။ သုခ= ချမ်းသာခြင်း။ အလ္လိက=ကပ်ငြိမှု (တဏှာ)။အနုယောဂ=အဖန်ဖန်ယှဉ်ခြင်း၊ အားထုတ်ခြင်း။အန္တ=တဖက်စွန်း။ ဝဇ္ဇန=ရှောင်ကြဉ်ခြင်း) တဖက်အစွန်းဖြစ်သော ကာမဂုဏ်ချမ်းသာ ခံစားမှုအတွက်ကြိုးပမ်းအားထုတ်ခြင်းမှ ရှောင်ကြဉ်မှု တည်းဟူသောဂုဏ်။

အပါယသမတိက္ကမနုပါယဂုဏ်= (အပါယ=ချမ်းသာကင်းမဲ့သော အပါယ်။ သမတိက္ကမန = လွန်မြောက်ခြင်း။ ဥပါယ = ဥပါယ်၊အကြောင်း) အပါယ်မှ လွန်မြောက်နိုင်ကြောင်းတည်း ဟူသောဂုဏ်။

တဒင်္ဂပ္ပဟာနဂုဏ် = တဒင်္ဂပဟာန်အားဖြင့် ကိလေသာကို ပယ်ခြင်းတည်း ဟူသောဂုဏ်။

ဝီတိက္ကမ ပဋိပက္ခဂုဏ် = (ကာယကံ, ဝစီကံ အားဖြင့်) လွန်ကျူးခြင်း၏ ဆန့်ကျင်ဘက် ဟူသောဂုဏ်။

ဒုစ္စရိတ သံကိလေသ ဝိသောဓနဂုဏ် = မကောင်းသောအကျင့် ဒုစရိုက် ဟူသော အညစ်အကြေးကို သုတ်သင်စင်ကြယ်သောဂုဏ်။

ကာယဝိဝေကဂုဏ်=ကိုယ်၏ ဆိတ်ငြိမ် ခြင်းဟူသောဂုဏ်။ (ဆိတ်ငြိမ်ရာအရပ်သို့ ကပ်ရောက်ခြင်း)

အဒေါသ ကုသလမူလဂုဏ် = 'အဒေါသ' ဟူသော ကုသိုလ်မူလတရားကို ဖြစ်ပွါးစေတတ်ခြင်းဟူသောဂုဏ်။

ဝိမောက္ခမုခ = (ဝိမောက္ခ = ကိလေသာဝဋ်မှ လွတ်မြောက်မှု 'မဂ်' 'ဖိုလ်' မုခ = အကြောင်း)= ကိလေသာဝဋ်မှလွတ်မြောက်မှု မဂ်, ဖိုလ်ရကြောင်း။ နိမိတ္တ=အကြောင်း၊ အမှတ်အသား။

အနိမိတ္တ ဝိမောက္ခမုခ = နိစ္စဟူသော အမှတ်အသား, မြဲ၏ဟူသော အမှတ်အသားကိုပယ်၍ အနိစ္စလက္ခဏာ၌ ရှုဆင်ခြင်မှုကြောင့် ကိလေသာမှလွတ်မြောက်မှု 'မဂ်'ကို ရကြောင်းအကျင့်။

တရားကိုယ်အားဖြင့်ကား—

**သီလတရားကိုယ်။**　　။ကိံ သီလန္တိ စေတနာ သီလံ, စေတသိကံ သီလံ, သံဝရော သီလံ, အဝီတိက္ကမော သီလံ[၁]။

ဟူ၍ ပဋိသမ္ဘိဒါမဂ် (နှာ-၄၃)၌ လာသော အလုံးစုံသော စာရိတ္တ,ဝါရိတ္တသီလ ကုသိုလ် စေတနာ။ ဝါရိတ္တ, ဝိရတိ, အနဘိဇ္ဈာ, အဗျာပါဒ, သမ္မာဒိဋ္ဌိစေတသိက်။ (တနည်းလည်း) သတ္တကမ္မပထစေတနာ[၂]။ အနဘိဇ္ဈာဒိစေတသိက်[၃]။ ပါတိ,-သတိ,ဉာ,ခန္တိ၊ ဝီရိ သံဝရာ ဟူသော သံဝရငါးပါး[၄]။ သမ္ပတ္တ ဝိရတိသံဝရ[၅]နှင့်

---

အနညာတညဿာမိတိန္ဒြေ = (အနညာတံ = မသိအပ်သေးသော သစ္စာတရား ၄-ပါးကို။ ဉ ဿာမိ=သိတော့အံ့)=အစမထင် သံသရာ၌ တခါမျှ မသိဘူးသေးသော သစ္စာလေးပါးကို သိအောင်အားထုတ်သော ပုဂ္ဂိုလ်အား ရှေးဦးစွာသောတာပတ္တိ မဂ်ဖြစ်၏၊ ထိုသောတာပတ္တိမဂ်နှင့်ယှဉ်သော ပညာကို အနညာ-တညဿာမိတိန္ဒြေဟု ခေါ်၏။

၁။ ကိံ = အဘယ်သဘောတရားသည်။ သီလံ=သီလ မည်သနည်း။ ဣတိစေ=ဤသို့ မေးငြားအံ့။စေတနာ=စေတနာသည်။ သီလံ=သီလမည်၏။ စေတသိကံ၊ စေတသိက်သည်။ သီလံ၊ သီလ မည်၏။ သံဝရော=ပိတ်ဆို့ စောင့်စည်းတတ်သော တရားသည်။ သီလံ=သီလ မည်၏။ အဝီတိက္ကမော=မလွန်ကျူးခြင်းသည်။ သီလံ=သီလ မည်၏။

၂။ သတ္တကမ္မပထစေတနာ = ခုနစ်ပါးကုန်သော ကုသိုလ်ကမ္မပထစေတနာ။ (ကာယကံ ကုသိုလ် ၃-ပါး, ဝစီကံကုသိုလ် ၄-ပါးတို့၌ရှိသော စေတနာ)

၃။ အနဘိဇ္ဈာဒိစေတသိက်= (သူ့စည်းစိမ်ကို ရှေးရှုတပ်မက်သောအားဖြင့် ကြံစည်သည့် လောဘဟူသော) အဘိဇ္ဈာမှကင်းသော စေတသိက်။ (ကျန်ပုဒ်တို့၏ အနက်အဓိပ္ပါယ် များ—နောက်က-ပြခဲ့ပြီ)

၄။ သံဝရငါးပါး=တားဆီး, စောင့်စည်းတတ်သော တရားငါးပါး။

(၁) ပါတိ=ပါတိမောက္ခသံဝရ=ဝိနည်းတော်၌ အကျုံးဝင်သည့် သိက္ခာပုဒ် သီလဟူသော သံဝရ။

(၂) သတိ=သတိသံဝရ=စက္ခုန္ဒြေစသော ဣန္ဒြေခြောက်ပါးတို့ကို ပိတ်ဆို့ စောင့်စည်းတတ်သည့် 'သတိ' ဟူသော သံဝရ။

(၃) ဉာဏသံဝရ= ( တဏှာစသော အယဉ်ကို ပိတ်ဆို့ စောင့်စည်းတတ်သော ) 'မဂ်ပညာ' ဟူသော သံဝရ။

(၄) ခန္တိသံဝရ=(အအေး, အပူ စသည်ကို သည်းခံသော အခြင်းအရာအားဖြင့် ဖြစ်သည့် အဒေါသ ပြဓာန်းသော) 'ခန္တီ' ဟူသော သံဝရ။

(၅) ဝီရိယသံဝရ= (ကာမဝိတက် စသည်တို့ကို ပယ်ဖျောက်ကာ ပိတ်ဆို့စောင့်စည်းတတ်သော) 'ဝီရိယ' ဟူသော သံဝရ။

၅။ သမ္ပတ္တ ဝိရတိ သံဝရ = တွေ့ကြုံဆိုက်ရောက်လာသည့်အခါ၌ ကြဉ်ရှောင်ခြင်းဟူသော စောင့်စည်းမှု။

တကူ သံဝရ ခြောက်ပါး။ ဆောက်တည်၍ မလွန်ကျူးကြောင်းဖြစ်သော အဝီ-တိက္ကမစိတ္တုပ္ပါဒ်[၁]။ ဤတရားတို့သည် သီလမည်၏။ (ပါတိ,သတိ, ဉာ,ခန္တိ၊ ဝီရိ, သံဝရာ ဟူရာ၌ ပါတိမောက္ခသံဝရနှင့် ဣန္ဒြိယသံဝရဟူသော သတိသံဝရ နှစ်ပါး သည် အောက်၌ လာပြီ၊ အထက်၌လည်း လာလတ္တံ့)။

ယာနိ သောတာနိ လောကသ္မိံ၊ သတိ တေသံ နိဝါရဏံ။
သောတာနံ သံဝရံ ဗြူမိ၊ ပညာယေ’တေ ပိဓီယရေ။

ဉာဏသံဝရ။ ။လောကသ္မိံ၊ လောက၌။ ယာနိ သောတာနိ၊ အကြင်တဏှာ, အဝိဇ္ဇာ, ဒိဋ္ဌိ, ဒုစ္စရိတ စသည် များစွာ ကိလေသာရေယဉ် တို့သည်။ သန္တိ၊ ရှိကုန်၏။ သတိ၊ သတိသည်။ တေသံ၊ ထိုကိလေသာ ရေယဉ် တို့ကို။ နိဝါရဏံ၊ ခိုက်တန့်ဟန့်လျက် ဆီးကန့်ခွါပစ် တားမြစ်ကြောင်းသော တည်း။ သောတာနံ၊ ထိုကိလေသာရေယဉ်တို့ကို။ သံဝရံ၊ သမုစ္ဆေဒ ပဟာနဖြင့် တစမကြွင်း ဆို့ပိတ်ခြင်းကို။ ဗြူမိ၊ ငါဟော၏။ ဧတေ သောတာ၊ ထိုအယဉ် တို့ကို။ ပညာယ၊ မဂ်ပညာဖြင့်။ ပိဓီယရေ၊ ဝင်ပေါက်မလှပ် အလျဉ်စပ်အောင် ဆို့ပိတ်အပ်ကုန်၏။

ဤသို့လာသော ပညာသည် ဉာဏသံဝရမည်၏။ ပစ္စယပဋိသေဝနမ္ပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆတိ၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ (ပ၊ နှာ-၈)။

ခန္တိသံဝရ။ ။ခမော ဟောတိ သီတဿ ဥဏှဿ[၂] စသည်ဖြင့် လာသော အဒေါသသည် ခန္တိသံဝရ မည်၏။

ဝီရိယသံဝရ။ ။ဥပ္ပန္နံ ကာမဝိတက္ကံ နာဓိဝါသေတိ ပဇဟတိ ဝိနောဒေတိ ဗျန္တိံ ကရောတိ အနဘာဝံ ဂမေတိ[၃] စသည်ဖြင့် လာသော ဝီရိယသည် ဝီရိယသံဝရမည်၏။ အာဇီဝပါရိသုဒ္ဓိပိ ဧတ္ထေဝ သမောဓာနံ ဂစ္ဆတိ။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ (ပ၊ နှာ-၈။)

သီလ ညစ်ညူးကြောင်း။ ။ယင်း ဆိုခဲ့ပြီးသော သီလ၏ ညစ်ညူးကြောင်း သံကိလေသ ကား—

လာဘတော ယသ, ဉာတျင်္ဂ၊ ဇီဝိတေဟိ စ သတ္တမာ။
မေထုနေန စ သံယောဂါ၊ ခဏ္ဍာဒိ သံကိလေသတာ[၄]။

---

၁။ အဝီတိက္ကမ စိတ္တုပ္ပါဒ် = (ကာယကံ, ဝစီကံအားဖြင့်) မလွန်ကျူးကြောင်း ကုသိုလ် စိတ္တုပ္ပါဒ်။

၂-၃။ မူလပဏ္ဏာသ၊ နှာ-၁၃။ အင်္ဂုတ္တရ၊ ဒု၊ နှာ-၃၄၁-စသည်။

၄။ အင်္ဂုတ္တိုရ် ပါဠိတော်၊ ဒု၊ နှာ-၄၃၈-စသည်တို့၌ ဟောတော်မူသည်ကို အကျဉ်းရုံး၍ ဂါထာစီထားသည်။

**မေထုန်ငယ် ၇-ပါးစသည်။** ။လာဘတော၊ လာဘ်ဟူသော အကြောင်းကြောင့်ရှင်း။ ယသ, ဉာတိ, အင်္ဂ,ဇီဝိတေဟိ စ၊ ခြွေရံကျော်ဟိုး, ဆွေမျိုး, ခြေလက်, ကိုယ်အသက်တို့ကြောင့်ရှင်း။ သတ္တမော၊ မာတုဂါမသုံးသပ်လာသည်ကို သာယာခြင်း, တကွရယ်ဟား ကစားစံပယ်ခြင်း, စက္ခုနာ စက္ခု ဆိုင်၍[1] ကြည့်ရှုခြင်း, အသံကို နားထောင်ခြင်း, တကွရယ်မြူး ကစားဘူးသည်ကို ကြည်နူးစေ့စေ့ အောက်မေ့ခြင်း, ကာမဂုဏ် ပြည့်စုံသသူကို မြင်လျှင် ချစ်ခင်တပ်မက် နှစ်သက်သာယာခြင်း, နတ်ပြည်ကို တောင့်တ၍ ဗြဟ္မစရိယကို ကျင့်ခြင်းအားဖြင့် ခုနစ်ပါး အပြားရှိသော။ မေထုနေန၊ မေထုန်အားဖြင့်။ သံယောဂါ စ၊ တကွယှဉ်တွဲ မှီဝဲပေါင်းဖော်သည်နှင့် အလားတူသော အမူအကျင့်ကြောင့်ရှင်း။ ခဏ္ဍာဒိ၊ ခဏ္ဍ, ဆိဒ္ဒ, သဗလ, ကမ္မာသ အဖြစ်သည်။ ဝါ၊ ကျိုး, ပေါက်, ကျား, ပြောက်ခြင်းသည်။ သံကိလေသတာ၊ သီလမဖြူဖွံ့မြူရစ်ပူး ညစ်ညူးကြောင်းမည်၏။

**သီလဖြူစင်ကြောင်း။** ။ဖြူစင်ကြောင်း 'ဝေါဒါန' ကိုကား ဤသို့ သိအပ်၏။

> တဒဘာဝါ အခဏ္ဍာဒိ၊ ဝေါဒါနံ ဝုစ္စတေ ထဝါ။
> ကောဓူ'ပနာဟော မက္ခော စ၊ ပဠာသိ' ဿာ စ မစ္ဆရံ။
>
> မာယာ, သာဌေယျံ, သာရမ္ဘော၊ ထမ္ဘော, မာနောတိမာနိတာ။
> မဒေါ, ပမာဒေါတျာဒီနံ၊ ပါပါနံ အနုပ္ပတ္တိယာ။
>
> အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ၊ သလ္လေခတာတိ အာဒီနံ။
> ဥပ္ပတ္တိယာ' ပျခဏ္ဍာဒိ၊ ဝေါဒါနန္တိ ပဝုစ္စတိ[2]။

တဒဘာဝါ၊ ထိုသံကိလေသ၏ မရှိခြင်းကြောင့်။ အခဏ္ဍာဒိ၊ ကျိုး ပေါက် ကျား ပြောက် မရှိခြင်းကို။ ဝေါဒါနံ၊ ညစ်ကြေးမတင် ဖြူစင်ကြောင်းဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။ အထဝါ၊ တနည်းလည်း။ ကောဓော၊ အမျက်ထွက်ခြင်း။ ဥပနာဟော၊ ရန်ငြိုးဖွဲ့ငြိုခြင်း။ မက္ခော၊ သူ့ ကျေးဇူးကို ချေပခြင်း။ ပဠာသော။ ဖက်ပြိုင်ယှဉ်တု အဖျင်းပြုခြင်း။ ဣဿာ၊ သူ့ စည်းစိမ်ကို ရန်လိုငြူစူခြင်း။ မစ္ဆရံ၊ မိမိစည်းစိမ်ကို ဝန်တိုလျှို့ဝှက် ဖုံးဖွက်စေးနှဲခြင်း။

မာယာ၊ ထင်ရှားရှိသော မိမိအပြစ်ကို မလှစ်မလှန် ထိမ်ချန်လှည့်ပတ်ခြင်း။ သာဌေယျံ၊ မရှိဂုဏ်ဖြင့် လူပုံဟန်ကြွား စဉ်းလဲခြင်း။ သာရမ္ဘော၊ သူ့ထက် ထူးချွန် အလွန်ပြုငြား ရမ်းကားချုတ်ချယ်ခြင်း။ ထမ္ဘော၊ ခက်ထန်ကြမ်းကြုတ်ခြင်း။ မာနော၊ မာန်မူခြင်း။ အတိမာနိတာ၊ မှန်ကင်းတမ်းခွန် ပမာ

---

၁။ စက္ခုနာ စက္ခုဆိုင်၍=မျက်စိချင်းဆုံ၍ကြည့်ခြင်း။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ–၅၁, ၅၂-လာ အချက်များကို ခြုံ၍စီထားသည်။

ဝှန်သို့ အလွန်မာန်မူခြင်း။ မဒေါ၊ ဆေးခြောက်ရူးကဲ့သို့ ယစ်မူးခြင်း။ ပမာဒေါ၊ စိတ်လွတ်လေပေါ့ မေ့လျော့ဖျင်းသွတ်ခြင်း။ ဣတိအာဒီနံ၊ ဤသို့အစရှိကုန်သော။ ပါပါနံ၊ ယုတ်မာညစ်ကျု မကောင်းမှုတို့၏။ အနုပ္ပတ္တိယာ၊ မဖြစ်ခြင်းကြောင့်ရင်း။

အပ္ပိစ္ဆတာ၊ အလိုနည်းပါးခြင်း။ သန္တုဋ္ဌိတာ၊ တဆဲ့နှစ်ဝ သန္တောသ[၁]ဖြင့် စိတ်ချရောင့်ရဲခြင်း။ သလ္လေခတာ၊ ကိလေသာနစ်ငှ မှုအညစ်ကို ပါးအောင်ခြစ်ပစ်ခြင်း။ ဣတိအာဒီနံ၊ ဤသို့အစရှိသော ကျေးဇူးဂုဏ်တို့၏။ ဥပ္ပတ္တိယာပိ၊ ဖြစ်ခြင်းကြောင့်ရင်း။ အခဏ္ဍာဒိ၊ ကျိုး ပေါက် ကျား ပြောက် မရှိခြင်းကို။ ဝေါဒါနတ္တံ၊ မှုကြေးမတင် ဖြူစင် သန့်ရှင်းကြောင်းဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။

တယိဒံ ဘုဇိဿံ ဝိညူ၊ ပသတ္ထံ အပရာမသံ။
သမာဓိ သံဝတ္တနကံ၊ သီလံ နိဗ္ဗာနပါပကံ[၂]။

**ဖြူစင်သော သီလ၏အကျိုး။** ။တယိဒံ သီလံ၊ ထိုညစ်မြေးမတင် ဖြူစင်သန့်ရှင်းသော သီလသည်။ ဘုဇိဿံ၊ တဏှာ၏ ကျွန်အဖြစ်မှ တော်လှန်ခြင်းကိုပြုတတ်၏။ ဝိညူ ပသတ္ထံ၊ ပညာရှိတို့ ချီးမွမ်းအပ်၏။ အပရာမသံ၊ တဏှာဒိဋ္ဌိတို့ဖြင့် မသုံးသပ်အပ်။ သမာဓိ သံဝတ္တနကံ၊ ဥပစာနှင့် အပ္ပနာပြားရှိ သမာဓိကို ဖြစ်စေတတ်၏။ နိဗ္ဗာနပါပကံ၊ ဆင်းရဲကုန်ရာ နိဗ္ဗာန်ညာသို့ လျင်စွာ ထုတ်ချောက် ရောက်စေတတ်၏။

**သီလပျက်ခြင်း၏ အပြစ်ကို ဆင်ခြင်နည်း။** ။သီလဝိပတ္တိ၏ အပြစ် သီလသမ္ပတ္တိ၏ အကျိုးတို့ကို မြင်မှလည်း မှုကြေးမတင် ဖြူစင်အောင် စောင့်ရှောက် နိုင်မည်ဖြစ်၍ သီလပျက်ခြင်း၏ အပြစ်ကို ဤသို့ စိစစ် ဆင်ခြင်ရမည်—

ဘောဂဟာနိ့ ကိတ္တိသဒ္ဒေါ၊ မင်္ကု သံမုဠ္ဌမစ္စု စ။
အပါယဂေါတိ’မေ ပဉ္စ၊ ဒေါသာ သီလဝိပတ္တိယာ။
နေကေ ဝါ ဝိပ္ပဋိသာရာ၊ ဒယော အာဒီနဝါ’ထဝါ[၃]။

အမနာပေါ နာနုသိဋ္ဌော၊ ဒုပ္ပဿော ဒုဗ္ဗိသောဓနော။
ဆဝါလာတော စ အပ္ပဌော၊ နိစ္စု’ဗ္ဗိဂ္ဂေါ အပူဇိတော။

---

၁။ ဒီ၊ဋ္ဌ၊၁၊နှာ-၁၈၂။ မဟာနိ၊ဋ္ဌ၊နှာ-၂၈၇။

၂။ ဝိသုဒ္ဓိ ၊ဋ္ဌ၊ပ၊ နှာ-၅၁-လာ အချက်များကို ဂါထာစီထားသည်။

၃။ သုတ်မဟာဝါ ပါဠိတော်၊ နှာ-၇၃ စသည်၌ ဟောသည်ကို ဂါထာစီထားသည်။

ဒုက္ခိတော ဝိပ္ပဋိသာရီ၊ ဒုဗ္ဗဏ္ဏော စ ကဋ္ဌေဝရော။
အဘာဗ္ဗော ဝိသေသ လာဘော၊ သဒ္ဓမ္မေ စ နိရာသကော။

ပိဏ္ဍော ပိ'သာ အယော ဂုဠော၊ အယော ပဋ္ဋော ဝ စီဝရံ။
ဝိဟာရော အယော ကုမ္ဘိ'ဝ၊ သတ္တိဝေမော'ဝ အဋ္ဋလီ။

မိ ဇီဝိတံ ဒုဿီလဿ၊ အသညတဿ ပါပိနော။
ဂူထံ မဏ္ဍနဇာတာ'ဝ၊ ဝဇ္ဇေန္တိ နံ သုပေသလာ။

အမုတ္တော သဗ္ဗဘယေဟိ၊ မုတ္တော သဗ္ဗသုခေဟိ စ။
ပိဟိတသဂ္ဂဒ္ဒါရော သော၊ အာရူဠှော ပါယ'မဋ္ဋသံ။

ကရုဏာယ ဝတ္ထုဘူတော၊ နတ္ထညော ဒုက္ခလာဘတော။
ဒုဿီလေန သမောလောကေ၊ ဣတိ အာဒီနဝါ ဗဟူ[၁]။

ခုနစ်ဂါထာ

ဘောဂဟာနိ၊ စည်းစိမ်ချမ်းသာ ဆုတ်ယုတ်ခြင်း။ ကိတ္တိသဒ္ဒေါ၊ မကောင်းသတင်း ကျော်စောခြင်း။မင်္ကု၊ ပရိသတ်လယ် မျက်နှာညှိုးငယ်ခြင်း။ သံမုဠ္ဌမစ္စု စ၊ ကြောက်လန့်ထိတ်ပြာ တွေဝေစွာ သေရခြင်း။ အပါယဂေါ၊ သေခါအပါယ် လားရခြင်း။ ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ ဒေါသာ၊ အပြစ်တို့တည်း။

ဝါ၊ တနည်းကား။ ဝိပ္ပဋိသာရာဒယော၊ နှလုံးမသာယာခြင်း အစရှိကုန်သော။ သီလဝိပတ္တိယာ၊ သီလပျက်စီးခြင်း၏။ အာဒီနဝါ၊ အပြစ်တို့သည်။ အနေ-ကော၊ များစွာကုန်၏။ အထဝါ၊ တနည်းကား။

ဒုဿီလော၊ သီလမရှိသောသူသည်။ အမနာပေါ၊ မေတ္တာပြယ်သုံး နတ်လူ မုန်းသည်။ ဟောတိ၊ ဖြစ်၏။ နာနုသိဋ္ဌော၊ ကျင့်ဖော်ဆွေသင်း ဆုံးမကင်း၏။ ဒုပ္ပသော၊ ဒိဋ္ဌာနုဂတိ လိုက်ဘိသသူ ပူပန်ဆင်းရဲကြောင်းဖြစ်၍ မကောင်းသော အတွေ့ ရှိ၏။ ဒုဗ္ဗိသောဓနော၊ ကြာရှည်စုလျှင်း မစင်တွင်းကဲ့သို့ သုတ်သင် ခြင်းငှါ လွန်စွာခဲယဉ်း၏။ ဆဝါလာတော စ၊ သူကောင်ဖုတ်ငြား ထင်းကလား ကဲ့သို့ နှစ်ပါးစုံလည်း ဆုံးရှုံး၏။ အပ္ပဌော၊ ဒါနကျိုးကို မဖွံ့ ဖြိုးစေတတ်သည် ဖြစ်၍ ဖျင်းသိမ်မှိန်ညှိုး အဘိုးလည်း မထိုက်။ နိစ္စုဗ္ဗိဂ္ဂေါ၊ အခါမစဲ အမြဲထိတ်လန့် ရ၏။ အပူဇိတော၊ အကြားအမြင် များသော်လည်း သီတင်းသုံးဘော်တို့၏ အပူဇော်ကို မခံရ။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒု၊ နှာ—၄၉၅-၆-စသည်တို့နှင့် ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၅၁ မှ ၅၄-အထိပြဆိုသည့်ဂါထာ-စုဏ္ဏိယများကို မှီ၍ စီထားသည့် ဂါထာများ။

ဒုက္ခိတော၊ သီလမဲ့သူကို ကဲ့ရဲ့သံကြားက ဝမ်းပါးဝမ်းနဲ ဆင်းရဲ၏။ ဝိပ္ပဋိ-သာရီ၊ သီလဝန်အား ချိုးမွမ်းငြေးလည်း ဝမ်းပါးမပြောက် နှလုံးနောက်သည်။ ဟောတိ၊ ဖြစ်၏။ ဒုဗ္ဗဏ္ဏော စ၊ ဘန်ချည် ပုဆိုးကဲ့သို့ မှိန်ညှိုးသော ကိုယ်ရောင်, ဂုဏ်ရောင်လည်း ရှိ၏။ ကဋ္ဌေဝရော၊ လဇ္ဇီတို့ မပေါင်းသဖြင့် သူသေအလောင်း ကဲ့သို့တည်း။ ဝိသေသ လာဘော၊ တရားထူးကို ရခြင်း၌။ အဘဗ္ဗော၊ အလင်း မထင် မျက်မမြင်ဟန် မထိုက်တန်ခဲ့။ သဒ္ဓမ္မေ စ၊ ပဋိပတ္တိ, ပဋိဝေဓ သဒ္ဓမ္မနှစ် ပါး၌လည်း။ နိရာသကော၊ ဒွန်းစဏ္ဍားစစ် မင်းအဖြစ်ကဲ့သို့ စွန့်ပစ်သော အာသာရှိသည်။ ဟောတိ၊ ဖြစ်၏။

ပိဏ္ဍောပိ၊ ဒါယကာတို့ သဒ္ဓါကြည်ဖြူ ကပ်လှူသော ဆွမ်းသည်လည်း။ အဿ၊ ထိုဒုဿီလအား။ အယော ဂုဠော၊ တေဇောရဲရဲ မီးလျှံစွဲသည့် သံတွေ ခဲနှင့် တူချေ၏။ စီဝရံ၊ သင်္ကန်းသည်။ အယော ပဋ္ဋော ဣဝ၊ တေဇောကြီးမား မီး လျှံဝါးသည့် သံပြားနှင့် တူချေ၏။ ဝိဟာရော၊ အိပ်နေရာကျောင်း ညောင် စောင်းအင်းပျဉ်သည်။ အယောကုမ္ဘီဝ၊ အလျှံရှိန်ခိုး ပြည့်မောက်ဖြိုးသည့် သံအိုး, သံခုတင် သံအင်းပျဉ်ကဲ့သို့တည်း။ အဥ္ဇလိ၊ ဒါယကာတို့ သဒ္ဓါရှင်ဖြိုး လက်အုပ်မိုးခြင်း ရှိခိုးခြင်းသည်။ သတ္တိဝေဓော ဣဝ၊ လှံမြမြဖြင့် ရင်ဝကိုထိုး လျှော်ကျစ်ကြိုးဖြင့် အရိုးပြတ်အောင် ဆွဲဖြတ် ပွတ်တိုက်သည်နှင့် တူချေ၏။

အသညတဿ၊ သတိ ပညာ သဒ္ဓါချွန်း ချိတ်ဖြင့် ကိုယ်နှုတ်စိတ်ကို ငင်ချိတ် ချုပ်တည်း စောင့်စည်းခြင်း မရှိသော။ ပါပိနော၊ ယုတ်မာ ညစ်ညမ်း သော သွမ်းစွာသော။ ဒုဿီလဿ၊ သီလမရှိသော သူယုတ်၏။ ဇီဝိတံ၊ အသက်ရှည်နေ ခြင်းသည်။ မိ၊ ထို့ ဘွယ်ရှိစွ။ မဏ္ဍနဇာတာ၊ တန်းဆာဆင်လို လုလင်ပျိုတို့သည်။ ဂူထံ၊ မစင်ဘင်ပုပ်ကို။ ဝဇ္ဇေန္တိ ဣဝ၊ ရှောင်ကွင်း ကြဉ်ဖဲကုန်သကဲ့သို့။ နံ၊ ထို ဒုဿီလရဟန်းကို။ သုပေသလာ၊ အသက်တမျှ သီလချစ်ခင် သူတော်စင်တို့သည်။ ဝဇ္ဇေန္တိ၊ ရှောင်ကြဉ်ကြကုန်၏။

သော၊ ထိုသီလကုန်ခန်း ဒုဿီလရဟန်းသည်။ သဗ္ဗဘယေဟိ၊ အတ္တာနုဝါဒ[၁] စသည် သောင်းသောင်း ဘေးအပေါင်းတို့မှ။ အမုတ္တော၊ မလွတ်ရှာလေ။ သဗ္ဗသုခေဟိ စ၊ ဥပစာရဈာန်ကိုစ၍ အဓိဂမ ချမ်းသာဟူသမျှတို့မှလည်း။ မုတ္တော၊ လက်လွတ်ချေ၏။ ပိဟိတ သဂ္ဂဒွါရော၊ ပိတ်ဆို့အပ်သော နတ်ပြည်တံခါး ရှိ၏။ အပါယ အဥ္ဇသံ၊ အပါယ်လမ်းသို့။ အာရူဠှော၊ တက်လျက် ရှိနေ၏။

---

၁။ အတ္တာနုဝါဒ၊ (အတ္တ=မိမိကိုယ်။ အနု=အဖန်ဖန်။ ဝါဒ=ပြောဆိုခြင်း) မိမိကိုယ် ကိုစွပ်စွဲခြင်း။ (ငါ ဤမကောင်းမှုကို ပြုမိပြီဟု အဖန်ဖန် မြည်တမ်းပြောဆိုကာ စိတ်နှလုံး မသာယာခြင်း။)

ဒုက္ခလာဘတော၊ ကေန်မုချ ဆင်းရဲကို ရတော့မည်ကြောင့်။ ကရုဏာယ၊ သနားခြင်း၏။ ဝတ္ထုဘူတော၊ တည်ရာအာရုံ အကြောင်းဖြစ်၍ ဖြစ်သော။ ဒုဿီလေန၊ သီလမရှိသော သူယုတ်နှင့်။ သမော၊ တူသော။ အညော၊ တပါးသူသည်။ လောကေ၊ လောက၌။ နတ္ထိ၊ မရှိလေ။ ဣတိ၊ ဤသို့ စသည်ဖြင့်။ အာဒီနဝါ၊ သီလဝိပတ္တိ၏ အပြစ်ဒေါသတို့သည်။ ဗဟူ၊ များပြားလှစွာ ကုန်၏။

## သီလပြည့်စုံခြင်းအကျိုး

သီလပြည့်စုံခြင်း အကျိုး အာနိသင်ကိုလည်း ဤသို့ ဆင်ခြင်ရမည်—

ဘောဂဝုဍ္ဎိံ, ကိတ္တိသဒ္ဒေါ၊ အမံကု’မင်္ဂုမစ္စု စ။
သဂ္ဂင်္ဂမောတိ’မေ ပဉ္စ၊ သမ္ပတ္တိယာနိသံသကာ[၁]။
ဣစ္စာဒီ ဝိပရိယာယာ၊ ဉေယျာ နိသံသကာ’ထဝါ။

သာသနေ ကုလပုတ္တာနံ၊ ပတိဋ္ဌာ နတ္ထိ ယံ ဝိနာ။
အာနိသံသ ပရိစ္ဆေဒံ၊ တဿ သီလဿ ကော ဝဒေ[၂]။

န သက္ကောန္တိ ဝိသောဓေတုံ၊ နဒီ ပဉ္စပိ တံ မလံ။
ဝိသောဓယတိ သတ္တာနံ၊ ယံ ဝေ သီလဇလံ မလံ[၂]။

န တံ သဇလဇာ ဝါတာ၊ သမေန္တိ စန္ဒနာဒယော။
ယံ သမေတိ ပရိဠာဟံ၊ သီလံ အစ္စန္တသီတလံ[၂]။

သီလဂန္ဓသမော ဂန္ဓော၊ ကုတော နာမ ဘဝိဿတိ။
ယော သမံ အနုဝါတေ စ၊ ပဋိဝါတေ စ ဝါယတိ[၂]။

သဂ္ဂါရောဟဏ သောပါနံ၊ အညံ သီလသမံ ကုတော။
ဒွါရံ ဝါ ပန နိဗ္ဗာန-နဂရဿ ပဝေသနေ[၂]။

သောဘန္တေ’ဝံ န ရာဇာနော၊ မုတ္တာ မဏိဝိဘူသိတာ။
ယထာ သောဘန္တိ ယတယော၊ သီလဘူသနဘူသိတာ[၂]။

အတ္တာနုဝါဒါဒိဘယံ၊ ဝိဒ္ဓံသယတိ သဗ္ဗသော။
ဇနေတိ ကိတ္တိဟာသဉ္စ၊ သီလံ သီလဝတံ သဒါ[၂]။

---

၁။ သုတ်မဟာဝါပါဠိတော်၊ နှာ-၇၃-စသည်၌ ဟောတော်မူသည်ကို ဂါထာစီထားသည်။

၂။ အမှတ်ပါ ဂါထာတို့သည် ဝိသုဒ္ဓိမဂ်၊ ဌ၊ပ၊နှာ-၁၀-လာ ဂါထာများကို အတန်ငယ် ပြင်စီထားခြင်း ဖြစ်သည်။

တဿ ပါသာဒိကံ ဟောတိ၊ ပတ္တ စီဝရ ဓာရဏံ။
ပဗ္ဗဇ္ဇာ သဖလာ တဿ၊ ယဿ သီလံ သုနိမ္မလံ[1]။

သီလသမ္ပတ္တိယာ ဘိက္ခု၊ သောဘမာနော တပေါ ဝနေ။
ပဘာ သမ္ပတ္တိယာ စန္ဒော၊ ဂဂနေ ဝိယ သောဘတိ[1]။

ကာယဂန္ဓောပိ ပါမုဇ္ဇံ၊ သီလဝန္တဿ ဘိက္ခုနော။
ကရောတိ အပိ ဒေဝါနံ၊ သီလဂန္ဓေ ကထာဝ ကာ[1]။

သဗ္ဗေသံ ဂန္ဓဇာတာနံ၊ သမ္ပတ္တိံ အဘိဘုယျတိ။
အဝိဃာတီ ဒိသာ သဗ္ဗာ၊ သီလဂန္ဓော ပဝါယတိ[1]။

အပ္ပကာပိ ကတာ ကာရာ၊ သီလဝန္တေ မဟပ္ဖလာ။
ဟောန္တီတိ သီလဝါ ဟောတိ၊ ပူဇာသက္ကာရဘာဇနံ[1]။

သီလဝန္တံ န ဗာဓန္တိ၊ အာသဝါ ဒိဋ္ဌဓမ္မိကာ။
သမ္ပရာယိက ဒုက္ခာနံ၊ မူလံ ခနတိ သီလဝါ[1]။

ယာ မနုဿေသု သမ္ပတ္တိ၊ ယာ စ ဒေဝေသု သမ္ပဒါ။
န သာ သမ္ပန္နသီလဿ၊ ဣစ္ဆတော ဟောတိ ဒုလ္လဘာ[1]။

အစ္စန္တသန္တာ ပန ယာ၊ အယံ နိဗ္ဗာနသမ္ပဒါ။
မနော သမ္ပန္နသီလဿ၊ တမေဝ အနုဓာဝတိ[1]။

ဂုဏာနံ မူလဘူတဿ၊ ဒေါသာနံ ဗလဃာတိနော။
ဣတိ သီလဿ ဝိညေယျံ၊ အာနိသံသ ကထာမုခံ[2]။

တဆဲ့ခုနစ်ဂါထာ

**သီလပြည့်စုံခြင်းအကျိုးငါးပါး။** ။ဘောဂဝုစ္ဆို၊ လယ်ယာ မိုးမြေ ရွှေငွေ ရတနာ ဥစ္စာ စပါး ကျွဲ နွား ဆင် မြင်း သင်းပင်းခြွေရံ ပေါလောက်ငံ၍ ကုံထံရိပ်ငြိမ် စည်းစိမ် ကြွယ်ဖြိုး တက်တိုး စည်ကား ကြီးပွါးခြင်း။ ကိတ္တိသဒ္ဒေါ၊ ကောင်းသောရနံ့ မွှေးပျံ့သတင်း ကျော်စောခြင်း။ အမံကု၊ မကြောက်မထိတ် ပရိသတ်ထဲ ရဲတင်းခြင်း။ အမုဋ္ဌ-မစ္စု စ၊ ရှင်လန်းဝမ်းမြောက် မကြောက်မဝေ သေရခြင်း။ သဂ္ဂံမော၊ သေခါ နတ်ပြည်လားရခြင်း။ ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးတို့သည်။ သမ္ပတ္တိယာ၊ သီလပြည့်စုံခြင်း၏။ အာနိသံသကာ၊ အကျိုးအာနိသင်တို့တည်း။ ဣစ္စာဒိ၊ ဤသို့

၁။ ဂါထာများ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၅၅-၌ လာသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၁။

အစရှိကုန်သော။ ဝိပရိယာယာ၊ ဆိုခဲ့ပြီးသော အာဒီနဝမှ ပြန်ကုန်သော။ အာနိသံသကာ၊ အာနိသင်တို့ကို။ ဥဒယျာ၊ သိအပ်ကုန်၏—

(သံဝရော အဝိပ္ပဋိသာရတ္ထာယ၊ အဝိပ္ပဋိသာရော ပါမုဇ္ဇတ္ထာယ၊ ပါမုဇ္ဇံ ပီတတ္ထာယ၊ ပီတိ ပဿဒ္ဓတ္ထာယ၊ ပဿဒ္ဓိ သုခတ္ထာယ၊ သုခံ သမာဓတ္ထာယ၊ သမာဓိ ယထာဘူတဉာဏဒဿနတ္ထာယ၊ ယထာဘူတဉာဏဒဿနံ နိဗ္ဗိဒတ္ထာယ၊ နိဗ္ဗိဒါ ဝိရာဂတ္ထာယ၊ ဝိရာဂေါ ဝိမုတ္တတ္ထာယ၊ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါပရိနိဗ္ဗာနတ္ထာယ၊ ဧတဒတ္ထာ ကထာ၊ ဧတဒတ္ထာ မန္တနာ၊ ဧတဒတ္ထာ ဥပနိသာ၊ ဧတဒတ္ထံ သောတာဝဓာနံ၊ ယဒိဒံ အနုပါဒါ စိတ္တဿ ဝိမောက္ခော[၁]။

အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု သဗြဟ္မစာရီနံ ပိယော စဿံ မနာပေါ စ ဂရု စ ဘာဝနီယော စာတိ၊ သီလေသွေဝဿ ပရိပူရကာရီ[၂]။

စသည်ဖြင့် လာသည့်အတိုင်း ပြန်၍ယူ ဟူလိုသည်)။

အထ ဝါ၊ အာနိသင်တနည်းကား—

သာသနေ၊ လောကုတ် လောကီ ဂုဏ်ပေါင်းမှီသော အင်္ဂီရသ အဆုံးအမတော်၌။ ယံ၊ အကြင် စတုပါရိသုဒ္ဓိသီလကို။ ဝိနာ၊ ကြဉ်၍။ ကုလပုတ္တာနံ၊ အာစာရကုလပုတ္တတို့၏။ ပတိဋ္ဌာ၊ ထောက်တည်မှီခိုရာသည်။ နတ္ထိ၊ မရှိ။ တဿ သီလဿ၊ ထိုသီလ၏။ အာနိသံသ ပရိစ္ဆေဒံ၊ အကျိုးဆက် အပိုင်းအခြားကို။ ကော၊ အဘယ်သူသည်။ ဝဒေ၊ ဟောစွမ်းနိုင်ပချိမ့်နည်း။

သတ္တာနံ၊ သတ္တဝါတို့၏။ ယံမလံ၊ အကြင်ကိလေသာမြေး မှုန်ညစ်ကြေးကို။ သီလ ဇလံ၊ သီလတည်းဟူသော ရေသည်။ ဝေ၊ စင်စစ်။ ဝိသောဓယတိ၊ သုတ်သင်၏။ တံ မလံ၊ ထိုအညစ်အကြေးကို။ ပဋိပိ နဒီ၊ ယမုနာနှင့် ဂင်္ဂါ၊ စိရဝတီ၊ မဟီ၊ သရဘူ ငါးဆူသော မြစ်ကြီးတို့သော်လည်း။ ဝိသောဓေတုံ၊ သုတ်သင်ခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။

ယံ ပရိဠာဟံ၊ အကြင် ကိလေသာဟူသော အပူအအိုက်ကို။ အစ္စန္တသီတလံ၊ စင်စစ် အေးမြစွာသော။ သီလံ၊ သီလသည်။ သမေတိ၊ ငြိမ်းချမ်းစေ၏။ တံ ပရိဠာဟံ၊ ထိုအပူအအိုက်ကို။ သ ဇလဇာ၊ မိုးရေ မိုးပေါက်နှင့်တကွ ဖြစ်ကုန်သော။ ဝါတာ၊ လေတို့သည်၎င်း။ စန္ဒနာဒယော၊ စန္ဒကူးနံ့သာ၊ ပုလဲသွယ်၊ လရောင်ညွန့်တို့သည်၎င်း။ န သမေန္တိ၊ မငြိမ်းအေးစေနိုင်ကုန်။

---

၁။ ပရိဝါပါဠိတော်၊ နှာ-၂၇၇-စသည်။ ၂။ မူလပဏ္ဏာသပါဠိတော်၊ နှာ-၃၉။

ယော ဂန္ထော၊ အကြင်ပန်းနံ့ သည်။ အနုဝါတေ စ၊ လေစုန် လေကြောင်း၌ၓင်း။ ပဋိဝါတေ စ၊ လေဆန် လေညာ၌ၓင်း။ သမံ၊ အညီအနံ့ ။ ဝါယတိ၊ လှိုင်ပျံ့၏။ သီလဂန္ဓသမော၊ သီလဂုဏ်ကြောင့် စုန်ဆန် ပျံ့နံ့ ကျော်စောနံ့နှင့် တူသော။ သော ဂန္ဓော၊ ကြေညာစုန်ဆန် ပျံ့နံ့နိုင်သော ထိုသို့သဘောရှိသော ပန်းနံ့သည်။ ကုတော နာမ ဘဝိဿတိ၊ အဘယ်မှာ ရှိချေအံ့နည်း။

သီလသမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ သဂ္ဂါရောဟဏ သောပါနံ၊ နတ်ပြည်တက်ကြောင်း စောင်းတန်းလှေခါးသည်။ ကုတော၊ အဘယ်မှာ ရှိချေ အံ့နည်း။ နိဗ္ဗာန နဂရဿ၊ နိဗ္ဗာန်ပြည်မြို့သို့။ ပဝေသနေ၊ ဝင်ခြင်း၌။ သီလ-သမံ၊ သီလနှင့်တူသော။ အညံ၊ တပါးသော။ ဒွါရံ ဝါ ပန၊ တံခါးသည်လည်း။ ကုတော၊ အဘယ်မှာ ရှိချေအံ့နည်း။

သီလ ဘူသန ဘူသိတာ၊ သီလ သိက္ခာ ဒွါဒရာဖြင့် တန်းဆာ ဆင်အပ် ကုန်သော။ ယတယော၊ ရဟန်းတို့သည်။ သောဘန္တိ ယထာ၊ သုံးဘုံလောက ရှုမဝအောင် လှပတင့်တယ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ မုတ္တာ မဏိ-ဝိဘူသိတာ၊ ပုလဲ ပတ္တမြားတို့ဖြင့် ဆင်ယင်အပ်ကုန်သော။ ရာဇာနော၊ ပြည်ကြီး သနင်း မင်းတို့သော်လည်း။ န သောဘန္တိ၊ မတင့်တယ်နိုင်ကုန်။

သီလဝတံ၊ သီလရှင်တို့၏။ သီလံ၊ သီလသည်။ သဒါ၊ အခါခပ်သိမ်း။ သီလ-ဝတံ၊ သီလရှိသူတို့၏။ အတ္တာနုဝါဒါဒိဘယံ၊ အတ္တာနုဝါဒဘေး၊ ပရာနုဝါဒဘေး၊ ဒဏ္ဍဘေး၊ ဒုဂ္ဂတိဘေးကို။ သဗ္ဗသော၊ အကြွင်းမချန်။ ဝိဒ္ဓံသယတိ၊ ဖျက်ဆီး နိုင်၏။ ကိတ္တိ ဟာသဉ္စ၊ ကျော်စောပျံ့ပျူး ရွှင်မြူးခြင်းကိုလည်း။ ဇနေတိ၊ ဖြစ်စေတတ်၏။

ယဿ၊ အကြင်ရဟန်း၏။ သီလံ၊ သီလသည်။ သုနိမ္မလံ၊ လွန်စွာသန့်ရှင်း ညစ်ကြေးကင်း၏။ တဿ၊ ထိုရဟန်း၏။ ပတ္တစီဝရဓာရဏံ၊ သပိတ်သင်္ကန်းကို ဆောင်ခြင်းသည်။ ပါသာဒိကံ၊ ကြည်ညိုဘွယ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုရဟန်း၏၊ ပဗ္ဗဇ္ဇာ၊ ရဟန်းအဖြစ်သည်။ သ ဖလာ၊ အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခု၊ ရဟန်းသည်။ သီလသမ္ပတ္တိယာ၊ သီလနှင့်ပြည့်စုံခြင်းဖြင့်။ ဝါ၊ ကြောင့်။ တပေါဝနေ၊ အကျင့်ဝေမြိုင် တောဂနိုင်၌။ သောဘမာနော၊ တင့်တယ်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်းဟူမူ။ စန္ဒော၊ လသည်။ ပဘာသမ္ပတ္တိ-ယာ၊အရောင်အဆင်းနှင့် ပြည့်စုံခြင်းဖြင့်။ ဝါ၊ ကြောင့်။ ဂဂနေ၊ ဆီးနှင်း မြူ တိမ် သူရိန် မီးခိုး ညစ်မျိုးမခြယ် ကောင်းကင်လယ်၌။ သောဘတိ ဝိယ၊ တင့်တယ်၏ သို့တည်း။

သီလဝန္တဿ ဘိက္ခုနော၊ သီလရှိသောရဟန်း၏။ ကာယဂန္ဓောပိ၊ ကိုယ်အနံ့ သည်သော်လည်း။ ဒေဝါနံ အပိ၊ နတ်တို့၏သော်လည်း။ ပါမုဇ္ဇံ၊ နှစ်သက် ဝမ်းမြောက်ခြင်းကို။ ကရောတိ၊ ပြုသေး၏။ သီလဂန္ဓေ၊ သီလအနံ့၌။ ကထာဝ၊ ဆိုဘွယ်စကားသည်သာလျှင်။ ကာ၊ အဘယ်မှာ ရှိတော့မည်နည်း။

သီလဂန္ဓော၊ သီလရနံ့သည်။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ ဂန္ဓဇာတာနံ၊ နံ့သာမျိုးတို့၏။ သမ္ပတ္တိံ၊ ပြည့်စုံခြင်းကို။ အဘိဘုယျတိ၊ လွှမ်းမိုးနိုင်၏။ အဝိဃာတိ၊ ဆီးတားပိတ်ကွယ် ပျောက်ပြယ်ခြင်း မရှိသည်ဖြစ်၍။ သဗ္ဗာဒိသာ၊ ဝန်းကျင်ပတ်ချာ ဆယ်မျက်နှာတို့သို့။ ပဝါယတိ၊ သင်းကြူရနံ့ လှိုင်ပျံ့၏။

သီလဝန္တေ၊ သီလရှိသူ၌။ ကတာ၊ ပြုအပ်ကုန်သော။ ကာရာ၊ ရိုသေသမှု ကျေးဇူးပြုခြင်းတို့သည်။ အပ္ပကာပိ၊ အနည်းငယ်ပင် ဖြစ်ကုန်သော်လည်း။ မဟပ္ဖလာ၊ မြေကောင်းမှာပျိုး စိုက်သည့် မျိုးကဲ့သို့ ဖွံ့ဖြိုးသောအကျိုးရှိကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထိုကြောင့်။ သီလဝါ၊ သီလရှိသူ သည်။ ပူဇာသက္ကာရ ဘာဇနံ၊ ပူဇော်သကာ၏ တည်ရာသည်။ ဟောတိ၊ ဖြစ်၏။

ဒိဋ္ဌဓမ္မိကာ၊ မျက်မှောက်၌ဖြစ်ကုန်သော။ အာသဝါ၊ ထောင်းထုပုတ်ခတ် ခြင်းစသော ဘေးရန်တို့သည်။ သီလဝန္တံ၊ သီလရှိသူကို။ န ဗာဓန္တိ၊ မညှဉ်းဆဲ မနှိပ်စက်နိုင်ကုန်။ သီလဝါ၊ သီလရှိသူသည်။ သမ္ပရာယိကဒုက္ခာနံ၊ တမလွန်၌ ဖြစ်မည့် ဆင်းရဲဒုက္ခတို့၏။ မူလံ၊ ကြောင်းရင်းအမြစ် သီလမဲ့သောအဖြစ်ကို။ ခနတိ၊ တူးဖြို ဖျက်ဆီး၏။

မနုဿေသု၊ လူ့ဘုံတို့၌။ ယာ သမ္ပတ္တိ၊ အကြင်သေဋ္ဌေး,သူကြွယ်,ပဒေသရာဇ်, ဧကရာဇ်,စကြာ မန္ဓာတ် မင်းမြတ်တို့၏ စည်းစိမ်သည်ရှင်း။ ဒေဝေသု၊ နတ်ပြည် တို့၌။ ယာစ သမ္ပဒါ၊ အကြင်သိကြား, သုယာမ်, သန္တုဿိတ စသည်များမြတ် နတ်တို့၏ စည်းစိမ်သည်ရှင်း။ အတ္ထိ၊ ရှိ၏။ သာ၊ ထိုလူ့ရပ်နတ်ထံ ခြွေရံစည်းစိမ် ရိပ်ငြိမ်ကြွယ်ဖြိုး ကောင်းကျိုး၏ပြည့်စုံခြင်းသည်။ သမ္ပန္နသီလဿ၊ ပြည့်စုံသော သီလရှိသောရဟန်းအား။ ဣစ္ဆတော ဣစ္ဆန္တဿ၊ လိုချင်တောင့်တသည်ရှိသော်။ ဒုလ္လဘာ၊ ရခဲသည်။ န ဟောတိ၊ မဖြစ်။

အစ္စန္တသန္တာ၊ စင်စစ် ငြိမ်သက်စွာသော။ ယာ အယံ နိဗ္ဗာနသမ္ပဒါ၊ အကြင် နိဗ္ဗာန်ဟူသော ပြည့်စုံခြင်းသည်။ အတ္ထိ၊ ရှိ၏။ သမ္ပန္နသီလဿ၊ ပြည့်စုံသော သီလရှိသောရဟန်း၏။ မနော၊ စိတ်သည်။ တမေဝ၊ ထိုနိဗ္ဗာန်ဟူသောပြည့်စုံခြင်း သို့သာလျှင်။ အနုဓာဝတိ၊ အဖန်ဖန်တလဲလဲ ပြေးသွား၏။

ဣတိ ဧဝံ ဝုတ္တနယေန၊ ဤဆိုခဲ့ပြီးသောနည်းဖြင့်။ ဂုဏာနံ၊ ကျေးဇူးဟူသမျှ တို့၏။ မူလဘူတဿ၊ အရင်းအမြစ် ဖြစ်၍ ဖြစ်ထသော။ ဒေါသာနံ၊ ကိလေသာ

အညစ် အပြစ်ဟူသမျှတို့၏။ ဗလဃာတိနော၊ အဇ္ဈာစာရ စွမ်းဗလကို ပယ်ချတွန်းသတ် ဖျက်ဆီးတတ်ထသော။ သီလဿ၊ သီလ၏။ အာနိသံသကထာမုခံ၊ အာနိသံသ ဖော်ပြဟောထား စကားအမြွက်ကို။ ဝိညေယျံ၊ သိအပ်၏။

## စတုပါရိသုဒ္ဓိသီလကို သုတ်သင်ရှင်းလင်းပုံ

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော သီလသမ္ပတ္တိ, ဝိပတ္တိတို့၏ အကျိုးအပြစ်တို့ကို စိစစ်ဖွေရှာ ကောင်းစွာကျက်မှတ် ရှုတ်ဖတ်ဆင်ခြင် ထင်မြင်အောင် နှလုံးသွင်းပြီးလျှင် ကောဓ,ဥပနာဟ,မက္ခ, ပဠာသ, ဣဿာ, မစ္ဆရိယ,မာယာ, သာဌေယျ, ထမ္ဘ,သာရမ္ဘ,မာန, အတိမာန,မဒ,ပမာဒ စသော အကုသိုလ်စိတ်ညစ်ကို မဖြစ်စေပဲ အပ္ပိစ္ဆတာ,သန္တုဋ္ဌိတာ,သလ္လေခတာ, ပဝိဝေကတာ,အပစယတာ, ဝီရိယာ-ရမ္ဘတာ, သုဘရတာ, သုပေါသတာ စသော ဂုဏ်ကျေးဇူးတရားတို့ကို များစွာဖြစ်စေလျက် ဘုဇိဿ, ဝိညူပသတ္ထ, အပရာမဋ္ဌ, သမာဓိသံဝတ္တနိကဖြစ်၍ သိင်္ဂီရွှေသား ပတ္တမြားအဆင်း ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖွေးဖွေးစင်အောင် စတုပါရိသုဒ္ဓိသီလကို သုတ်သင်ရှင်လင်းရမည်—

**ပါတိမောက္ခသံဝရသီလကို သုတ်သင်နည်း။** ။ယင်းသို့ သုတ်သင် ရှင်းလင်းရမည့် စတုပါရိသုဒ္ဓိသီလတို့တွင် ပါတိမောက္ခသံဝရသီလကို ဤသို့ သုတ်သင်ရမည်။

ကိုယ်နှုတ်ဖြစ်ထ၊ အာဇီဝလျှင်၊ အဌမြောက်ပြီး၊ စိတ်၌မှီးကာ၊ ပွင့်,သီး, မှုန့်, မြေ၊ ဝါး, ပူ, ခြေနှင့်၊ ဝဇ္ဇေ အဌ၊ ဒူသန မူ၊ စာတုကမျှ၊ မုဂ္ဂသူပျာ၊ ပါရိဘဋ္ဋ၊ စသည် ထွေပြား၊ ဘုရားရှုံရှာ၊ မိစ္ဆာဇီဝ၊ နာစာရကို၊ ချေပဖြတ်ပိုင်း၊ မုတ်, ဟိုင်း, နီ, ဥက်၊ သေတင်းကုပ်, ပြည်၊ ခြောက်မည်ထွေလာ၊ ရာဇာမစ္စ၊ တိတ္ထိယနှင့်၊ သံသဌဖြစ်၊ ယုတ်ညစ်ဆိုးဝါး၊ ပါးနည်းသဒ္ဓါ၊ အိမ်သို့သာလျှင်၊ ခါခါသွားမော၊ အဂေါစရ၊ ကြဉ်ပရှောင်သွေ၊ နိဒ္ဒေသလာ၊ တနည်းမှာလည်း၊ သဃာ်လယ်စ၊ ရာဌာနဌ၊ ရိုင်းပျကိုယ်နှုတ်၊ နာစာဒုက်ကို၊ ပယ်ဆုတ်ဖျက်ချေ၊ ရိုသေပျပ်ဝပ်၊ တင့်အပ်ဝတ်စား၊ သွားလားမွေမှိန်၊ စက္ခုန်အောက်ဆိုက်၊ ယာပိုထ်ပြည့်စုံ၊ လုံခြုံဒွါရ၊ ဘောဇ္ဇနှိုင်းယှဉ်၊ သမ္ပဇဉ်သတိ၊ ဝီရိရှက်စပ်၊ နိုးချပ် လိုနဲ၊ ရှောင့်ရဲလွယ်စွာ၊ ဝတ်သိက္ခာကို၊ များစွာဖြည့်ထ၊ အာစာရတည်း၊ ဥပနိဿယ၊ အာရက္ခနှင့်၊ ဥပနိဗန်၊ သုံးတန်ဂေါစရ၊ ပြည့်စုံထ၍၊ ဝဇ္ဇဆိုမူ၊ မှုအဏုကို၊ မေရုတောင်မျှ၊ ဘယ ထင်ရောက်၊ ပါတိမောက္ခ၊ သံဝရ ဟု၊ သိက္ခာစုကို၊ ရှိမူ စောင့်စည်းရာသတည်း[၁]။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၁၇ မှ ၁၉-အထိ၌ ဤလင်္ကာနှင့် သက်ဆိုင်သည့် အဓိပ္ပါယ်များ အကျယ်ပါသည်။

ဒသကထာဝတ္ထု ဂုဏသမန္နာဂတော ကလျာဏမိတ္တော။ပ။ ဉပနိဿယ-ဂေါစရော။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ပ၊ နှာ-၁၉။

သတိသင်္ခါတော စိတ္တဿ အာရက္ခဘူတော ဝေဂေါစရော အာရက္ခ-ဂေါစရော။ ကမ္မဋ္ဌာနသင်္ခါတော စိတ္တဿ ဉပနိဗန္ဓနဋ္ဌာနဘူတော ဂေါစရော ဉပနိဗန္ဓဂေါစရော။ ။မဟာဋီကာ။ပ။နှာ-၄၄၊ (အနက်လွယ်၏)

(ရစနာဂါထာ)

အပ္ပိစ္ဆာစေ'ဝ သန္တုဋ္ဌိ၊ ပဝိဝေကာ, အသံသဂ္ဂါ။
ဝီရိယာရမ္ဘာ, သီလာဒိ၊ ကထာ'ယံ ဒသဝတ္ထုကာ[၁]။

ကထာဝတ္ထုဆယ်ပါး။ ။အပ္ပိစ္ဆာစေ၊ အလိုနည်းခြင်းနှင့် စပ်သော စကားရင်း။ သန္တုဋ္ဌိ၊ ရောင့်ရဲလွယ်ခြင်းနှင့်ယှဉ်သော စကားရင်း။ ပဝိဝေကာ၊ ကာယဝိဝေက စသည်နှင့် စပ်သောစကားရင်း။ အသံသဂ္ဂါ၊ ကာမဂုဏ်နှင့် မရောမယှက် ထွက်မြောက်လွတ်ကင်း သန့်ရှင်းသော စကားရင်း။ ဝီရိယာရမ္ဘာ၊ ဝီရိယထုတ်ခြင်း၏ ကျေးဇူးကို ဆိုသော စကားရင်း။ သီလာဒိ၊ သီလကထာ, သမာဓိကထာ, ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏဒဿန ကထာရင်း။ အယံ၊ ဤသည်ကား။ ဒသဝတ္ထုကာ၊ ဆယ်ပါးသော ဝတ္ထုရှိသော။ ကထာ၊ စကားမည်၏။

တ္တေ စ 'ပါတိမောက္ခသံဝရသံဝုတော'တိ ဧတ္တာဝတာ ပုဂ္ဂလာဓိဋ္ဌာနာယ ဒေသနာယ ပါတိမောက္ခသံဝရသီလံ ဒဿိတံ။ 'အာစာရ ဂေါစရ-သမ္ပန္နော'တိ အာဒိ ပန သဗ္ဗံ ယထာပဋိပန္နဿ တံ သီလံ သမ္ပဇ္ဇတိ။ တံ ပဋိပတ္တိံ ဒဿေတုံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ။ဝိသုဒ္ဓိမဂ်။ ဌ၊ ပ၊ နှာ-၁၉။

အယံ ပန အာစာရဂေါစရသမ္ပဒါ ကိံ ပါတိမောက္ခသီလေ ပရိယာပန္နာ၊ ဉဒါဟု အပရိယာပန္နာတိ။ ပရိယာပန္နာ။ ယဒိ ဧဝံ ကသ္မာ ပုန ဝုတ္တာတိ စောဒနံ သန္ဓာယာ'ဟ 'တ္တေ စာ'တိ အာဒိ။ (မဟာဋီကာ၊ပ၊နှာ-၄၆)

'အညတရညတရေနာ'တိ ဧတေသံ ဝါ ဝေဠုဒါနာဒီနံ ဝဇ္ဇကမ္မ, ဘဏ္ဍာ-ဂါရိကကမ္မ, ပိဏ္ဍပဋိပိဏ္ဍကမ္မ, သင်္ဃုပ္ပါဒ, စေတိယုပ္ပါဒ ပဋ္ဌပနာဒီနံ ဝါ မိစ္ဆာဇီဝေန ဇီဝိတ ကပ္ပနကကမ္မာနံ ယေနကေနစိ။ မဟာ ဋီကာ။ ပ၊ နှာ-၄၁။

အညတရညတရေနာတိ၊ ဟူသည်ကား။ ဧတေသံ ဝါ ဝေဠုဒါနာဒီနံ၊ ထို ဝါးပေးခြင်း စသည်တို့တွင်ရင်း။ ဝဇ္ဇကမ္မ။ပ။ စေတိယုပ္ပါဒပဋ္ဌပနာဒီနံ၊ ဆေးကု

---

[၁] မ၊၁၊နှာ-၁၉၉။ ရင်းမြန်၊ နှာ-၂၀၄။

ခြင်းအမှု၊ ဘဏ္ဍာကို ထိန်းသိမ်းခြင်းအမှု၊ ဆွမ်းတို့ပေးခြင်းအမှု၊ သံဃာဥစ္စာ၊ စေတီဥစ္စာတို့ကို မသင့်မတင့် စီရင်ခြင်း အစရှိကုန်သော။

(သံဃဘောဂ, စေတိယဘောဂါနံ အယောနိသော ဝိစာရဏံ သံဃုပ္ပါဒစေတိယုပ္ပါဒပဋ္ဌပနံ၊ အတ္တနော သန္တကေ ဝိယ ပဋိပဇ္ဇနန္တိ ကေစိ။ ။မူလ ဋီကာ၊၂၊နှာ-၁၇၉)

မိစ္ဆာဇီဝေန၊ မှားသော အသက်မွေးခြင်းဖြင့်။ ဇီဝိတကပ္ပနက ကမ္မာနံ ဝါ၊ အသက်မွေးခြင်းကို ပြုသောအမှုတို့တွင်၎င်း။ ယေန ကေနစိ၊ အမှတ်မဲ့ တခုခုသော။ (အကြောင်းလွယ်၏)

ပါတိမောက္ခ သံဝရသီလ ပြီး၏။

---

ဣန္ဒြိယသံဝရသီလကို သုတ်သင်နည်း။ ။ယင်း သီလ၌ တည်ပြီးသော ယောဂီသည်—

တဿာ ဒန္တဋ္ဌိကံ ဒိသွာ၊ ပုဗ္ဗသညံ'မနုဿရိ။
တတ္ထေဝ သော ဌိတော ထေရော၊ အရဟတ္တံ'မပါပုဏိ[၁]။

တဿာ၊ လင်နှင့်ရန်မင် တန်းဆာဆင်၍ မိခင်ထံလာ လမ်းမှာထေရ်ကို နှစ်လိုကြိုက်ချစ် ကြော်ဟစ်ရယ်ထ ထိုမိန်းမ၏။ ဒန္တဋ္ဌိကံ၊ သွားရိုးကို။ ဒိသွာ၊ မြင်၍။ ပုဗ္ဗသညံ၊ ရှေး ပွါးများ လေ့လာရင်းရှိသော အဋ္ဌိကသညာကို။ အနုဿရိ၊ အစဉ်လျှောက်၍ အောက်မေ့ဆင်ခြင်ပြီ။ သော ထေရော၊ ထိုမဟာ-တိဿ မထေရ်သည်။ တတ္ထေဝ၊ ထိုမြင်ရာအရပ်၌ပင်။ ဌိတော၊ ရပ်တည်လျက်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ အပါပုဏိ၊ ရောက်ပြီ။

ဤသို့ လာသည်အတိုင်း စေတိယတောင်မှ အနုရာဓမြို့သို့ ဆွမ်းခံလာရာ လမ်းခရီးအကြားတွင် မိန်းမ၏ သွားရိုးကို မြင်၍ ရဟန္တာ ဖြစ်ပြီးလျှင် နောက်ထပ် လိုက်လာသော လင်က မိန်းမ တယောက်ကို မြင်လိုက်ပါသလော မေးသော အခါ—

နာဘိဇာနာမိ ဣတ္ထီ ဝါ၊ ပုရိသော ဝါ ဣတော ဂတော။
အပိစ အဋ္ဌိသံဃာတော၊ ဂစ္ဆတေ'သ မဟာပထေ[၂]။

ဣတော၊ ဤအရပ်မှ။ ဂတော၊ နောက်သို့ သွားလေသောသူကား။ ဣတ္ထီ ဝါ၊ မိန်းမတည်းဟူ၍၎င်း။ ပုရိသော ဝါ၊ ယောကျ်ား တည်းဟူ၍၎င်း။ အဟံ၊

---

၁-၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၀-၂၁။

ငါတိဿသည်။ နာဘိဇာနာမိ၊ မသိလိုက်။ အပိစ၊ သိလိုက်သည်ကား။ မဟာ-ပထေ၊ လမ်းမ၌။ ဂစ္ဆတိ၊ သွားလေသော။ သော ဧသော၊ ထိုသူကား။ အဋ္ဌိ-သင်္ဃာတော၊ အရိုးစုတည်း။ ဝါ၊ အဋ္ဌိသင်္ဃာတော၊ အရိုးစုဖြစ်သော။ သော ဧသော၊ ဤအရိုးစုသည်။ မဟာပထေ၊ လမ်းမ၌။ ဂစ္ဆတိ၊ သွားလေ၏။

ဤသို့ဆိုသော စေတိယပဗ္ဗတဝါသီ မဟာတိဿမထေရ်ကဲ့သို့ မြို့နှင့်တူစွာ ကိုယ်ခန္ဓာငါးပါး၏ ဟံခါးအတု ခြောက်ခုသောဒွါရ၌ ရူပ,သဒ္ဒ စသည်အာရုံ ကာမဂုဏ်ခိုးသား တွေ့ကြုံမြင်ကြားလျှင် ယောကျ်ား, မိန်းမ, သုဘ, ဣဋ္ဌ, ကန္တ, မနာပ စသည်နိမိတ်, အဆိပ်ပမာ ကိလေသာအား ခါခါပွါးအောင် ထင်ရှားပြလေ လက်ခြေရယ်မော ပြောဟောကြည့်ရှု အနုဗျဉ္ဇန မယူဆပဲ ယထာဘူတ ဒိဋ္ဌမတ္တ သုတမတ္တေ တည်နေစိတ်သွား သတိထားလျက် တရား ပခြုပ် ကုသိုလ်ထုပ်ကို ထိန်းအုပ်လုံခြုံစေရာသတည်း။

ဣန္ဒြိယ သံဝရသီလ ပြီး၏။

---

**အာဇီဝပါရိသုဒ္ဓိသီလသုတ်သင်နည်း။**　။အာဇီဝပါရိသုဒ္ဓိသီလကို ဤသို့ မှတ်ရမည်—

အာဇီဝဟေတု ပညတ္တာ၊ ဆခေ ဒုဗ္ဘာသိဝဇ္ဇိတာ။
လာဘာသက္ကာရ သိလောက- နိဿိတ ပါပဣစ္ဆိနော။

လုခေသဝန် သာမန္တ-ဇပ္ပနံ ဣရိယာပထံ။
ဝတ္ထုဟိ တီဟိ ဘာကူဋ္ဌိ၊ ဝုစ္စတေ ကုဟနာဣတိ။

အာလာပနာ လပနာ စ၊ သလ္လာပနာ စ ဥလ္လပါ။
သမုလ္လပနာ ပရေသံ၊ ဥန္နာဟနာ သမုန္နဟာ။

ဥက္ကာစနာ သမုက္ကာစာ၊ အနုပ္ပိယဿ ဘာဏိတာ။
စာဋုကမျ မုဂ္ဂသူပျ၊ ပါရိဘဋျန္တိ လာပနာ။

နိမိတ္တဥ္စ ဩဘာသော၊ သာမန္တဇပ္ပနံ တထာ။
ပရိက္ကထာတိ စတ္တာရိ၊ နိမိတ္တကရဏံ မတံ။

အက္ကောသနာ ဝမ္ဘနာ စ၊ ဂရဟာ စ ဥခေပနာ။
သမုက္ခေပနာ ခိပနာ၊ သံခိပနာ စ ပါပနာ။

သံပါပနာ စ အဝဏ္ဏ-ဟာရိတာ ပရပိဋ္ဌိကာ။
မံသိကတ္တန္တိ နိပ္ပေသိ-ကတာတိ ဝုစ္စတေ အယံ။

ဣတော တတော လဒ္ဓ’ညတြ၊ ဟရိတ္ဗာ’ မိသ ဧသနာ။
ဝုစ္စတေ လာဘေန လာဘံ၊ နိဇိဂီသနတာ ဣတိ။

အင်္ဂ° နိမိတ္တံ ဥပ္ပါတံ၊ သုပိနံ လက္ခဏာဒယော။
တိရစ္ဆာနဘူတာ ဝိဇ္ဇာ၊ အာဒိသဒ္ဒေန သင်္ဂဟာ။

တေသံ ဝသေန အာဇီဝေါ၊ မိစ္ဆာဇီဝေါတိ ဝုစ္စတိ။
တမှာ သဗ္ဗသ္မာပိ ဝိရတိ၊ အာဇီဝပါရိသုဒ္ဓိတိ[၁]။

ဆယ်ဂါထာ

အာဇီဝဟေတု၊ အသက်မွေးခြင်း ဟူသော အကြောင်းကြောင့်။ ပညတ္တာ၊ ပညတ်အပ်ကုန်သော။ ဒုဗ္ဘာသိဝဇ္ဇိတာ၊ ဒုဗ္ဘာသိအာပတ်သည် ကြဉ်အပ်ကုန်သော။ ဆခ၊ ‘အဘူတာရောစန ပါရာဇိက’စသော အာပတ်ခြောက်ပုံတို့ရင်း။ လာဘသက္ကာရ သိလောက နိဿိတ ပါပ ဣစ္ဆိနော၊ လာဘ်သပ်ပူဇော် အကျော်အစောကိုမှီလျက် ပလီပစာ ယုတ်မာကောက်ကျစ် ဆိုးညစ်မည်းညို အလိုသော့သွမ်း ရဟန်းဆန်း၏—

အံ့သြအောင် ပြုမှုခြင်း ‘ကုဟနာ’ ၃-ပါး။ ။လုခသေဝန်၊ ပစ္စည်းရဖွယ် ခါခါပယ်၍ အံ့ဘွယ်သရဲ ခေါင်းပါးနွမ်းမွဲသော ပစ္စည်းကို မှီဝဲခြင်းဟူသော ပစ္စယပဋိသေဝနရင်း။ ။ သာမန္တဇပ္ပနံ၊ ကိုယ့်ကိုဝိုးဝါး အထင်မှားအောင် ဈာန်မဂ်ဖိုလ်တရားကို ပြောဆိုခြင်းရင်း။ ။ဣရိယာပထံ၊ ဈာန်မဂ်ဖိုလ်မြတ် ဓမ္မဓာတ်ကို ရလတ်သည့်နှယ် တင့်တယ်စောင့်ချုပ် ဣရိယာပုထ်ကို ပြုလုပ်ပြင်ဆင်ခြင်းရင်း။ ။ဣတိ။ ဤသို့။ တီဟိ ဝတ္ထူဟိ၊ သုံးပါးသော အကြောင်းတို့ဖြင့်။ ဘာကုဋိ၊ အမြတ်ထင်စေ ဣန္ဒြေလုပ် မျက်မှောင်ကုပ်ခြင်းကို။ ကုဟနာဣတိ၊ အံ့ဖွယ်ကို ဖြစ်စေခြင်းဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

အသက်မွေးဝမ်းကျောင်းမှုကို ငဲ့၍ပြောဆိုခြင်း ‘လပနာ’ ၁၃-ပါး။ အညေသံ၊ တပါးသော ဒါယကာတို့အား။ ။အာလပနာ၊ တကာလာက ပင့်လာကြ သလား ငါကား နောက်မှ သွားလင့်ကြဟု စ၍ပြောဆိုခြင်း။ ဝါ၊ ဒါယကာရဲ့ ငါတိဿ တဲ့ ဘဝသခင် ဘုရင် မတ်မှူး ရာထူးဘယ်ဗိုလ် လွန်ကြည်ညိုသည်ဟု ကိုယ်ကို ဆောင်ထား မြှောက်စား

၁။ ဤဆယ်ဂါထာတို့သည် ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ ၂၂-မှ၂၉-ထိ၊ စကားများကိုမှီ၍ စီကုံးထားသော ဂါထာများဖြစ်သည်။

ပြောဆိုခြင်း။ ။လပနာ၊မေး၍ထိုလို ပြောဆိုခြင်း[၁]။ ။သလ္လပနာ၊ လူနှင့် ပြိုင်ယှဉ် မဆန့်ကျင်လို လာဘ်ကိုလို၍ လူကိုခွင့်ရေး ပေးကာ ပေးကာ သာယာ ညှင်းပျောင်း ကောင်းစွာ အေးချို ပြောဆိုခြင်း။ ။ဥလ္လပါ၊ သေဌေးမင်း, သူကြွယ်ကြီး, လှေသူကြီး, အလှူကြီးရှင်, ကျောင်းတကာကြီး, ကျောင်းအမကြီး စသည်ဖြင့် မြှောက်ပင့်ခေါ်ဆိုခြင်း။ ။သမုလ္လပနာ၊ ဝန်းကျင်ထပ်ဆင့် ပျံ့ကာ လွင့်မျှ မြှောက်ပင့်ပြောဆိုခြင်း။ ။ဥန္နဟနာ၊ ဤကာလမှာ ရှေးကသာလှူ ခုမလှူဟု မလှူ,လှူကြောင်း စကားတောင်းလျက် အထက်အထက်၌ ရစ်ယှက် ဖွဲ့ချည်ခြင်း။ ဝါ၊ ခဲဘွယ်စားစရာ လက်၌ပါမူ ချိုမြိန်ပါစ မေးမြန်းခြင်း စသည်ဖြင့် ရစ်ပတ်ခြင်း။ ။သမုန္နဟာ၊ မရှောင်သာအောင် ခါခါထပ်ထပ် ရစ်ပတ်ခြင်း။ ။

ဥက္ကာစနာ၊ ရှေ့ထင်တူရှု လက်ညွှန်မူ၍ ဤသူငါ့ကိုသာ လွန်သဒ္ဓါသည်ဟု ပင့်ကာမြှောက်ပြခြင်း—

(တေလကန္ဒရိကာ၏ သမီးကို ခေါ်ကာ ရှေ့လားလျက် စကား ပြောဆိုကြသော ရဟန်းနှစ်ပါးကဲ့သို့ ဟူလို[၂])။

သမုက္ကာစာ၊ ဝန်းကျင်ထပ်ဆင့် ပျံ့ကာလွင့်မျှ ချီးမြှင့်မြှောက်ပြခြင်း။ ။ အနုပ္ပိယဘာဏိတာ၊ နိုင်းယှဉ်မှန်ကန် ငဲ့မဆန်ပဲ ဖန်ဖန်ဖယ်လှယ် ချစ်ဖွယ်ကို ပြောဆိုခြင်း။ ။စာဋုကမျံ၊ ကိုယ်ကိုဒါသ ပမာဏသို့ နှိမ့်ချသောဖြစ်ခြင်း။ ။မုဂ္ဂသူပျံ၊ အစိမ်းနည်းပါး အကျက်များသော ပဲနောက်ဟင်း အလား အမှန်နည်းပါး အမှားများသော စကားဖြင့် အသက်မွေးခြင်း။ ။ ပါရိဘဋျံ၊ ရှာသူသားငယ်ကို စမွယ်ဆင်ပြင် ရင်ခွင်ပိုက်သိမ်း စောင့်ထိန်း ချီပိုးခြင်း။ ဣတိအယံ၊ ဤတဆယ့်သုံးပါးသည်။ လပနာ၊ ဒါယကာကို မိမိကို သော် မြှောက်ဆိုပင့်ချူ လှူအောင်ပြောဆိုခြင်း မည်၏။

စောင်းမြောင်းပြောဆိုခြင်း နိမိတ္တဌေဝ၊ လက်မှာဘောဇဉ် ကိုင်လျက်မြင်သော် 'နေမိတ္တကတာ' ၄-မျိုး။ ။ဘောဇဉ်ရစ မေးမြန်းခြင်း စသည်ဖြင့် ပစ္စည်း ရကြောင်းဖြစ်သော ကာယပယောဂ, ဝစီပယောဂ ကို ပြုခြင်းငှင်း။ ။ဩဘာသော၊ဤခါငါအား သင်္ကန်းရှားသည်,ဤဆိတ်ငယ် ကား ရက်တက်ပွါးတည်း နို့စားပါမူ ကျောင်းမှာနို့ရည် ရသင့်သည် ဟု

---

၁။ မမေးပဲ- ငါဦးတိဿ, ငါ့ကို ဘယ်ဝန်ကြီးက ကိုးကွယ်တာပဲ....စသည်ဖြင့် ဂုဏ်ဖော် ပြောလျှင် "အာလပနာ" ဟုခေါ်သည်။ ဦးတိဿ ဘယ်ကိုယ်တော်လဲ....ဟု မေးမှ ဦးတိဿ ဆိုဒါ ငါပါပဲ ...ဘယ်ဝန်ကြီးကိုးကွယ်တဲ့ဘုန်းကြီးလေ-စသည်ပြောလျှင်....လပနာ—ဟု ဆိုလို သည်။ (ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ၊နှာ-၂၆)

၂။ ဝိသုဒ္ဓိမဂ် မဟာဋီ၊ ပ၊ နှာ-၅၄။ အဘိ၊ ဋ္ဌ-၂၊ နှာ-၄၆၄ (သမ္မောဟဝိနောဒနီ)

လိုသည်ဆန္ဒ လှစ်ဖော်ပြ၍ ပစ္စယပဋိသံယုတ္တကထာကို ဆိုခြင်းရင်း။ ။ တထာ၊ ထိုပုံတပါး။ သာမန္တဇပ္ပနံ၊ ဆွမ်းစားလိုသော ကုလူပကရဟန်းအသွင် လိုချင်သောပစ္စည်း၏ အနီးအပါး စကားဆိုခြင်း။ ။ပရိကထာ၊ ပစ္စည်း ရဘွယ် ပရိယာယ်ဖြင့် ဖယ်လှယ်ပြောဆိုခြင်းရင်း။ ။ဣတိစတ္တာရိ၊ ဤလေး ပါးတို့ကို။ နိမိတ္တကရဏံ၊ ပစ္စည်းရကြောင်းကိုပြုလျက် အသက်မွေးခြင်း နေမိတ္တ- ကတာဟူ၍။ မတံ၊ သိအပ်၏။

မိနှိပ်ပြောဆိုခြင်း 'နိဂ္ဂဟ' ၁၁-မျိုး။ ။အက္ကောသနာ၊ ကြောက်သဖြင့်မူလည်း လှူအောင်ဆဲရေးခြင်း။ ။ဝမ္ဘနာ၊ ထို တူ နှိပ်စက်ငေါက်ငန်းခြင်း။ ။ဂရဟာ၊ သဒ္ဓါမဲ့သည်ဟု ကဲ့ရဲ့ပြစ်တင်ခြင်း။ ။ ဥခေပနာ၊ 'ငါတို့လူကို မလှူပါတကား မဆိုမှားနှင့်'ဟု စကားဖြင့် ချီးမြှောက် ခြင်း။ တနည်းလည်း—ဥခေပနာ၊ မလှူသူကိုမြင်လျှင် 'ဩ အလှူရှင်'ဟု ခေါ် ငင်မြှောက်ပင့်ခြင်း။ ဝါ၊ ဒါယကာဒိဘာဝမှ ပယ်ချစွန့်ပစ်ခြင်း[၁]။ ။သမုက္ခေပနာ။ ဝန်းကျင်ပတ်ခွေ သက်သေအကြောင်းနှင့်တကွ ချီးမြှောက်ခြင်း။ တနည်း— သမုက္ခေပနာ၊ ဩ – အလှူကြီးရှင် ဟု အလွန်လျှင် မြှောက်ပင့်ခြင်း။ ။ခိပနာ၊ မျိုးစေ့ဟောင်းကိုသာ ထောင်းထု၍ စားသည်ဟု နှလုံးယားအောင် စကားပြက် ရယ် ပစ်ပယ်ခြင်း။ ။သံခိပနာ၊ အခါမခန်း ကတော့ဆွမ်းကို ပေးကမ်းကပ်လှူ သို့သောသူကို မလှူပလေ မဆိုပေရာဟု လွန်စွာပြက်ရယ် ပစ်ပယ်ခြင်း။ ။ ပါပနာ၊ အလှူချို့တဲ့ ကျေးဇူးမဲ့သို့ ရောက်စေခြင်း။ ။

သံပါပနာ၊ ဝန်းကျင် ပတ်ခွေ ရောက်စေခြင်း။ ။အဝဏ္ဏဟာရိတာ၊ ကြောက်၍မူလည်း လှူစေကာဟု ဟိုရွာ ဟိုအိမ် ဂုဏ်သိရ်ချီးဖွဲ့ ကျေးဇူးမဲ့ကို ဆောင်ခြင်း။ ။ပရပိဋ္ဌိက မံသိကတ္တံ၊ နောက်ကပုန်း၍ ကျောက်ကုန်းသားကို စားသည်အသွင် ရှေ့ထင်ချီသာ ကွယ်ရာကျေးဇူးမဲ့ ကဲ့ရဲ့စကားကိုဆိုခြင်း။ဣတိ အယံ၊ ဤတဆယ့်တပါးကို။ နိပ္ပေသိကတာတိ၊ နယ်ဆီနှစ်ကို ဝါးခြမ်းဖြင့်ခြစ် သကဲ့သို့ ကျေးဇူးနှစ်ကို ချေပစ်ပွတ်ထုတ်ခြင်းဟူ၍။ ဝါ၊ နံ့သာကို ကြိတ်ချေ၍ အနံ့ကို ရှာဖွေသကဲ့သို့ ဂုဏ်ကျေးဇူးကို ကြိတ်ချေ၍ လာဘ်သပ်ပကာကိုရှာဖွေ ခြင်းဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

ဣတော၊ ဤအိမ်ဤရွာမှ။ တတော၊ ထိုအိမ်ထိုရွာမှ။ လဒ္ဓံ၊ ရသောလာဘ် အနည်းငယ်ကို။ အညတြ၊ တပါးသော ထိုအိမ် ထိုရွာ ဤအိမ် ဤရွာသို့။ ဟရိတွာ၊ ယူဆောင်ပေးကမ်း၍။ အာမိသသေနာ၊ များစွာသော အာမိသကို ရှာခြင်းကို။ လာဘေနလာဘံ နိဇိဂီသနတာဣတိ။ လာဘ်အနည်းဖြင့် လာဘ် အများကိုဖြားယောင်းလှည့်ပတ်၍ ယူချင်သောအဖြစ်ဟူ၍။ ဝုစ္စတေ၊ဆိုအပ်၏။

---

၁။ ဒါယကာအဖြစ်မှ ပယ်ထုတ်ခြင်း။

အင်္ဂ°၊ လက်ခြေစသော အင်္ဂါကြီးငယ်ကို မှတ်ယူ၍ ဟောတတ်သော အတတ်။ နိမိတ္တံ၊ နိမိတ်ကျမ်းအတတ်။ ဥပ္ပါတံ၊ ဥက္ကာကျခြင်း, အရပ်ပူလောင်ခြင်း, မြေလျှင်တုန်လှုပ်ခြင်း စသည်ဖြစ်ခြင်းနှင့် စပ်သော အတတ်။ သုပိနံ၊ အိပ်မက်ကျမ်းအတတ်။ လက္ခဏာဒယော။ ဣတ္ထိပုရိသလက္ခဏာကို သိသော လက္ခဏာကျမ်းအတတ် စသည်တို့။ ဣတိ၊ ဤသို့။ တိရစ္ဆာနဘူတာ၊ မဂ်ဖိုလ်နှင့် ဖီလာ ကန့်လန့် ဆန့်ကျင်သည် ဖြစ်၍ ဖြစ်ကုန်သော။ ဝိဇ္ဇာ၊ အတတ်မျိုးတို့ကို။ ဝါ၊ အတတ်ဖြင့် အသက်မွေးခြင်းတို့ကို။ အာဒိသဒ္ဒေန၊ သုတ်၌လာသော အာဒိသဒ္ဒါဖြင့်။ သင်္ဂဟာ၊ သိမ်းယူအပ်ကုန်၏။

ဤဂါထာဝယ် 'လက္ခဏာဒယော' ၌ 'အာဒိ'သဒ္ဒါဖြင့် ကား—

မူသိကစ္ဆိန္နကံ အဂ္ဂိ-ဟောမဒ္ဗ ဒဗ္ဗိဟောမနံ။
ထုသဟောမဒ္ဗ တဒညေ၊ မိစ္ဆာဇီဝေ စ ဂဏှတိ[၁]။

တေသံ၊ ထိုဆိုခဲ့ပြီးအပ် အရပ်ရပ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ အာဇီဝေါ၊ အသက်မွေးခြင်းကို။ မိစ္ဆာဇီဝေါတိ၊ ချွတ်ချော်တိမ်းပါး လမ်းမှားသော အသက်မွေးခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဗ္ဗသ္မာပိ၊ အလုံးစုံလည်း ဖြစ်သော။ တမှာ၊ ထိုမိစ္ဆာဇီဝမှ။ ဝိရတိ၊ ရှောင်ကြဉ်ခြင်းကို။ အာဇီဝပါရိသုဒ္ဓီတိ၊ 'ပရိယေ-သနာဝါယာမ' ဟူသော သမ္မာအာဇီဝ၏ ဝဇ္ဇပယ်ရှင်း စင်ကြယ်ခြင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အာဇီဝ ပါရိသုဒ္ဓိ သီလ ပြီး၏။

---

ပစ္စယသန္နိဿိတ သီလကို သုတ်သင်နည်း။

။ပစ္စယသန္နိဿိတ သီလ၌ ဤသို့ ဝိနိစ္ဆယကို မှတ်ရမည်—

သင်္ကန်း၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ ဥဏှဿ ပဋိဃာတာယ ဍံသ, မသက, ဝါတာ'တပ, သရီ-သပ္ပ သမ္ဖဿာနံ ပဋိဃာတာယ ယာဝဒေဝ ဟိရိ ကောပိနပ္ပဋိစ္ဆာဒနတ္ထံ။

ယောနိယော၊ သင့်သော အကြောင်း အားဖြင့်။ ပဋိသင်္ခါ= ပဋိသင်္ခါယ၊ အဖန်ဖန်လျှင် ဆင်ခြင်မြင်သိ၍။ စီဝရံ၊ သင်္ကန်းဟူသမျှကို။ ပဋိသေဝါမိ၊ ဝတ်, ရုံ, ထိုင်, စင်း, မိုး, ခင်း, ရုံကာ မှီဝဲပါ၏။ သီတဿ၊ ကိုယ်တွင်းကိုယ်ရန် ခေတ်ဖောက်

၁။ သုတ်သီလက္ခန်ပါဠိတော်၊ ပြဟ္မဇာလသုတ်၊ နှာ-၇ စသည်၌ လာသည်တို့ကို ဂါထာစီ ထားသည်။

ပြန်ခြင်း ပေဟမန်ဆီးနှင်း ချမ်းအေးခြင်းကို။ ယာဝ ပဋိဃာတာယဝေ၊ ကျင်နာကင်းပျောက် စိတ်မနှောက်အောင် ပယ်ဖျောက်ရုံငှါသာလျှင်။ ဥဏှဿ၊ တောမီးစသော မီးပူကို။ ယာဝ ပဋိဃာတာယဝေ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ ဍံသ၊ တောနက်ထဲက ကိုက်ခဲ သွေးဆောင် ကြောင်သော ယင်ကောင်မှက်ရဲ။ မသက၊ နားနီးလည်၍ မြည်တတ်သော ခြင်ပုန်း။

ဒံသ၊ ကီဋ္ဌဝိသေသ ဝနမက္ခိကာ၊ ဂေါမက္ခိကာ။ ။မသက၊ ကီဋ္ဌ-ဝိသေသ၊ ဝဇိရတုဏ္ဍ၊ ရတ္တိဇာဂရဒ-ဟု လောကီအဘိဓာန် ဖွင့်၏။ ။

ဍံသ-၌ ဍရင်ကောက်, ဒထွေး နှစ်ချက်သင့်။ ။'မသက'၌လည်း 'သ'နှင့် 'က'ကို ရှေ့နောက်ပြန်၍ 'မကသ'လည်း သင့်၏-ဟု သဒ္ဒနီတိဆို၏။ လောကီကျမ်းတို့၌ကား ရှေ့ပါ၌သာ ရှိသည်။

ဝါတာတပ၊ လေ နေပူ။ သရီသပ္ပ သမ္ဖဿာနံ၊ မြွေ, ကင်းခြေများ, ပင့်ကူ, တက်တူ, ကင်းမြီးကောက်စသော ရင်ဖြင့် ရွေ့တွား သွားတတ်သော ကျောက်ရှည်မျိုးတို့၏ ဖုဋ္ဌဝိသ, ဒဋ္ဌဝိသ အတွေ့နှစ်ပါးတို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ပယ်ဖျောက်ရုံငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲ၏။

[တိဝိဓာ ဟိ သပ္ပါ ဒဋ္ဌဝိသာ, ဖုဋ္ဌဝိသာ, ဒိဋ္ဌဝိသာတိ၊ တေသု ပုရိမကာ ဒွေ ဧဝ ဂဟိတာ။ သတပဒီအာဒီနမ္ပိ တာဒိသာနံ သင်္ဂဟနတ္ထံ။ မဟာဋီကာ၊ပ၊ နှာ-၅၇။

ဟိသစ္စံ၊ မှန်၏။ သပ္ပါ၊ မြွေမျိုးတို့သည်။ ဒဋ္ဌဝိသာ၊ ကိုက်သော်တက်သောအဆိပ်ရှိသောမြွေမျိုးတို့ဖုင်း။ ဖုဋ္ဌဝိသာ၊ ထိလျှင် အဆိပ်တက်သော မြွေမျိုးတို့ဖုင်း၊ ဒိဋ္ဌဝိသာ၊ မြင်လျှင် အဆိပ်တက်သော မြွေမျိုးတို့ဖုင်း။ ဣတိ၊ ဤသို့။ တိဝိဓာ၊ သုံးပါးအပြားရှိကုန်၏။ တေသု၊ ထို ၃-ပါးတို့တွင်။ တာဒိသာနံ၊ ထိုမြွေနှင့်အလားတူကုန်သော။ သတ-ပဒီအာဒီနမ္ပိ၊ ကင်းခြေများစသည်တို့ကိုလည်း။ သင်္ဂဟနတ္ထံ၊ သိမ်းယူခြင်းအကျိုးငှါ။ ပုရိမကာ၊ ရှေ့ဖြစ်ကုန်သော။ ဒွေဝေ၊ မြွေနှစ်မျိုးတို့ကိုသာလျှင်။ ဂဟိတာ၊ ယူအပ်ကုန်ပြီ။]

ယာဝ ဟိရိ ကောပိနပ္ပဋိစ္ဆာဒနတ္ထံဝေ၊ ဟိရိဂုဏ်ကိုဖျက်ဆီးတတ်သော ကျဉ်းမြောင်းသောအရပ်ကို ဖုံးလွှမ်းရုံအကျိုးငှါသာလျှင်။ စီဝရံ၊ သင်္ကန်းကို။ ပဋိ-သေဝါမိ၊ မှီဝဲသုံးဆောင်၏။ လီလာဝိဘူသာဒိအတ္ထံ၊ တင့်တယ် စမ္ပယ်ခြင်း, တန်းဆာဆင်ခြင်း စသော အကျိုးငှါ။ န ပဋိသေဝါမိ၊ ငါ မမှီဝဲ။ ဣတိ-ယောနိသော၊ ဤသို့ သင့်သော အကြောင်းအားဖြင့်။ ဣတိ ပဋိသင်္ခါယ၊ ဤသို့ အဖန်ဖန်လျှင် ဆင်ခြင် မြင်သိ၍။ စီဝရံ၊ သင်္ကန်းကို။ ပဋိသေဝါမိ၊ မှီဝဲ သုံးဆောင်ပါ၏။

(နောက် 'ယာဝဒေဝ'ဟူသော သဒ္ဒါလွန်၏ အနက်လွန်ကို "ယာဝ-ဒေဝါတိ ပုန ဧတဿ ဝစနံ နိယတပ္ပယောဇနာဝဓိပရိစ္ဆေဒ ဒဿနတ္ထံ"ဟု အဋ္ဌကထာ (ဝိသုဒ္ဓိ၊၁၊ နှာ-၃၀) ပြ၏။ ။ယာဝဒေဝါတိ၊ ယာဝဒေဝဟူသော။ ဧတဿ၊ ထိုစကားကို။ ပုနဝစနံ၊ တဖန် ဆိုပြန်ခြင်းသည်။ နိယ-တပ္ပယောဇနာဝဓိပရိစ္ဆေဒ ဒဿနတ္ထံ၊ မြဲသော အကျိုး၏ အပိုင်းအခြားကို ပိုင်းခြားခြင်းကို ပြရခြင်း အကျိုးရှိ၏။) (သက်နံး)

---

## ဆွမ်း၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝါမိ၊ နေဝ ဒဝါယ၊ န မဒါယ၊ န မဏ္ဍနာယ၊ န ဝိဘူသနာယ၊ ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ၊ ယာပနာယ၊ ဝိဟိံသုပရတိယာ၊ ဗြဟ္မစရိယာ နုဂ္ဂဟာယ၊ ဣတိ ပုရာဏဉ္စ ဝေဒနံ ပဋိဟင်္ခါမိ၊ နဝဉ္စ ဝေဒနံ န ဥပ္ပါဒေဿာမိ၊ ယာတြာ စ မေ ဘဝိဿတိ အနဝဇ္ဇတာ စ ဖာသုဝိဟာရော စ။

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ ပဋိသင်္ခါယ၊ ပညာဖြင့် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းခံမှုဖြင့် စုရုံးရ သပိတ်၌ချအပ်သော ယံ ကိဉ္စိ အာဟာရကို။ ဝါ၊ ဆွမ်းတို့၏ အပေါင်းကို။ ပဋိသေဝါမိ၊ သုံးဆောင် မှီဝဲ စားခဲလျက် သောက်ပါ၏။ ဒဝါယ၊ ရွာသူသားငယ်တို့ကဲ့သို့ မြူးရယ် ကစားခြင်းငှါ။ နေဝ ပဋိသေဝါမိ၊ မသုံးဆောင် မမှီဝဲ မစားမခဲ မလျက် မသောက်ပါ။ မဒါယ၊ လက်ဝှေ့ လက်ပမ်းသည် စသည်တို့ကဲ့သို့ ဗလမာန်, ပုရိသမာန် ခက်ထန် ယစ်မူးခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ မဏ္ဍနာယ၊ မင်းမောင်းမ ပမာ ပြည့်တန်ဆာတို့ကဲ့သို့ အင်္ဂါကြီးငယ် တင့်တယ် ပြည့်ဖြိုး ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဝိဘူသနာယ၊ ကချေသည်အလား ဂျမ်း သမားတို့ကဲ့သို့ ရေသားသန့်စင် ကြည်လင်ခြင်းငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။

ပဌမံ ဧတ္ထ မောဟဿ၊ ဒေါသဿ ဒုတိယံ ပဒံ။
သေသဒွယန္တု ရာဂဿ၊ ဝုတ္တံ နိဿယဟာနိယာ။

အတ္တပ္ပရသံယောဇနေ ပဝတ္တိသေဓံ ဒွယံ ဒွယံ။
စတုဟိပျယုတ္တာပဋိ- ပတ္တိ ကာမသုခဇ္ဇဟံ။

ဧတ္ထ၊ ဤပဋိက္ခေပအင်္ဂါ လေးပါးတို့တွင်။ ပဌမံ၊ ပဌမ (နေဝ ဒဝါယ) ပုဒ်ကို။ မောဟဿ၊ မောဟ၏။ နိဿယဟာနိယာ၊ မှီရာအကြောင်းကို ပယ်ခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဒုတိယံ ပဒံ၊ ဒုတိယ (န မဒါယ)ပုဒ်ကို။ ဒေါသဿ၊ ဒေါသ၏။ နိဿယဟာနိယာ၊ မှီရာ

အကြောင်းကို ပယ်ခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ သေသဒွယန္တု၊ ကြွင်းနှစ်ပုဒ် (နမဏ္ဍနာယ, နဝိဘူသနာယ) ကိုကား။ ရာဂဿ၊ ရာဂ၏။ နိဿယဟာနိယာ၊ မှီရာအကြောင်းကို ပယ်ခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အပိ၊ တနည်းလည်း။ ဒွယံဒွယံ၊ ရှေ့နှစ်ပုဒ် နောက်နှစ်ပုဒ် အစုံအစုံသည်။ အတ္တပ္ပရ သံယောဇနုပ္ပတ္တိသေစ၊ မိမိ သူတပါးတို့အား ရာဂ မောဟစသော သံယောဇဉ်တို့၏ ဖြစ်ခြင်းကို တားမြစ်တတ်၏။ အပိ၊ တနည်းလည်း။ စတူဟိ၊ လေးပုဒ်လုံးတို့ဖြင့်။ အယုတ္တပ္ပဋိပတ္တိကာမသုခဇ္ဇဟံ၊ မသင့်သောအကျင့်, ကာမချမ်းသာ၌ တွယ်တာသောအကျင့်တို့ကို စွန့်ခြင်းကို။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

အဋ္ဌကထာသင်္ဂဟ (ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၁၊ နှာ-၃၁)

ဣမဿ ကာယဿ၊ မဟာဘုတ်လေးပါး၌မှီသော ဤစတုသန္တတိရုပ်အပေါင်း၏။ ယာဝဋ္ဌိတိယာ ဝေ၊ ကျားကန်ထောက်တည်း အိမ်အိုနည်းသို့ မလည်း မဖောက် ရှေ့နောက်ကလာပ် ဖွဲ့စပ်ဆက်မှီ ပဗန္ဓဋ္ဌီဖြင့် တည်ရှိမျှငှါသာလျှင်။ ယာဝ ယာပနာယ ဝေ၊ လှည်းစာထိုးလျှို ရထားအိုသို့ ထိုထိုဇီဝိန် အရှိန်မသတ် မပြတ်ဖြစ်စေရုံငှါသာလျှင်။ ဝါ၊ အာယုကပ်တိုင် မျှတနိုင်ရုံငှါသာလျှင်။

ဧတေန ဌိတိ နာမ အပတနံ၊ ယာပနာ ပဝတ္တိတိ ဒဿေတိ။ (ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပ၊ နှာ-၅ဂ)

ဧတေန၊ ဤ"ဌိတိယာတိ ပဗန္ဓဋ္ဌိတတ္ထံ၊ ယာပနာယာတိ ပဝတ္တိယာ အဝိစ္ဆေဒတ္ထံ စိရကာလဋ္ဌိတတ္ထံ ဝါ" အစရှိသော အဋ္ဌကထာပါဌ်ဖြင့်။ အပတနံ၊ မကျမလည်ခြင်းသည်။ ဌိတိနာမ၊ ဌိတိမည်၏။ ပဝတ္တိ၊ တိုး၍ဖြစ်ခြင်းသည် ယာပနာ၊ ယာပနာမည်၏။ ဣတိဣမံအတ္ထံ၊ ဤသို့သောအနက်ကို။ ဒဿေတိ၊ ပြ၏။

(တနည်းလည်း) ဌိတိယာ၊ ရုပ်ဇီဝိတိန္ဒြေကို။ ယာဝ ယာပနာယ ဝေ၊ ဖြစ်စေရုံငှါသာလျှင်။ ယာဝ ဝိဟိံသာဥပရတိယာဝေ၊ အိုင်းကို ဆေးတင်၊ ပူလျှင်အအေး အေးလျှင်အပူ ယူသည်မှာ နှိပ်စက်ကျင်နာ ငြိမ်းအေးရုံငှါသာလျှင်။ ယာဝဗြဟ္မစရိယာနုဂ္ဂဟာယ ဝေ၊ ပုတ္တမံသ ကန္တာရ၌ စားရသဖွယ်[၁], ပင်လယ်မြစ်ကြီး လှေဖောင်စီးရ ပမာပြသို့[၂] သီလအစ ယာဝမဂ္ဂါ သာသနာ မဂ္ဂ ဗြဟ္မစရိယနှစ်တန်ကို အဖန်ဖန်ယူရှီး ချီးမြှောက်ရုံငှါသာလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းတို့၏အပေါင်းကို။ ပဋိသေဝါမိ၊ မှီဝဲ

---

၁။ သံ၊၁၊နှာ-၃၂၂။ ၂။ မ၊၁၊နှာ-၁၈၈။

ပါ၏။ ဣတိ ဣမိနာ ပဋိသေဝနေန၊ ဤသို့ သုံးစွဲ မှီဝဲခြင်းဖြင့်။ ဝါ၊ မှီဝဲခြင်း ကြောင့်။ ပုရာဏံ၊ မစားသေးလေစ် ရှေးဟောင်းဖြစ်သော။ ဝေဒနဉ္စ၊ ပရမာ-ရောဂါ ဇိဃစ္ဆာအနာကိုလည်း။ ပဋိဟင်္ခါမိ၊ ယခုစင်ကင်း ယုတ်ခြင်းပယ်ပျောက် အံ့။ နဝံ၊ စားပြီးဆိုတစ် အသစ်ဖြစ်သော။ ဝေဒနဉ္စ၊ အာဟရဟတ္ထက[၁], အလံသာဋက, တတြဝဋ္ဋက, ကာကမာသက, ဘုတ္တဝမိတက ပုဏ္ဏားတို့အလား လွန်၍ စားခြင်းကြောင့်ဖြစ်သော အနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ မဖြစ်စေ အံ့။ (တနည်းလည်း) ပုရာဏံ၊ မသင့်မဆ စားထမှီပေါင်း ရှေးကံဟောင်းကြောင့် အဟောင်းဟူ၍ ဆိုအပ်သော။ ဝေဒနဉ္စ၊ ဘဝဤအခါ ဖြစ်လာလိမ့်သော အနာကိုလည်း။ ပဋိဟင်္ခါမိ၊ သင့်နိုင်း၍ စား အကြောင်းအားဖြင့် ပယ်ရှား ပျောက်လွှင့်စေအံ့။ နဝံ၊ မဆင်ခြင်ပြုန် ပါပကံကြောင့် တဖန်အသစ် ဖြစ်လတ္တံ့ သော။ ဝေဒနဉ္စ၊ ဘဝနောင်ခါ အနာဂတ်ဝေဒနာကိုလည်း။ န ဥပ္ပါဒေဿာမိ၊ ဆင်ခြင်စားထ ဉာဏ်ဗလဖြင့် မူလကိုချေ မဖြစ်စေအံ့။

ဝုတ္တော ဒွိဟိ စတူဟိ ဝါ၊ ယုတ္တဘောဂဿ သင်္ဂဟော။
အတ္တကိလမထဇ္ဇဟော၊ ဓမ္မိကဿုခအဇ္ဇဟော။

အဋ္ဌကထာသင်္ဂဟ[၂]။

ဒွိဟိ၊ နှစ်ပုဒ်တို့ဖြင့်။ ဝါ၊ တနည်းလည်း။ စတူဟိ၊ 'ဝိဟိံသုပရတိယာ' စသော လေးပုဒ်တို့ဖြင့်။ ယုတ္တဘောဂဿ၊ ရဟန်းတော်တို့နှင့် သင့်လျော် လျောက်ပတ် ကောင်းမြတ်သော သုံးဆောင်ခြင်းကို။ သင်္ဂဟော စ၊ သိမ်းရုံးခြင်းကိုရင်း။ အတ္တကိလမထဇ္ဇဟော၊ ကိုယ်ပင်ပန်းသော အယုတ် တရားကို စွန့်ခြင်းကိုရင်း။ ဓမ္မိကဿုခအဇ္ဇဟော၊ တရားလျော်စွာ ရျာန် ချမ်းသာ စသည်ကို မစွန့်ခြင်းကိုရင်း။ ဝုတ္တော၊ ဟောပြတော်မူအပ်၏။

အထ ဝါ ပုရာဏဝေဒနာ နာမ အဘုတ္တပစ္စယာ ဥပ္ပဇ္ဇနက-ဝေဒနာ၊ နဝဝေဒနာ နာမ အတိဘုတ္တပစ္စယာ ဥပ္ပဇ္ဇနကဝေဒနာ။ အထ ဝါ နဝဝေဒနာ နာမ ဘုတ္တပစ္စယေန အနုပ္ပဇ္ဇနက ဝေဒနာ။

---

၁။ အာဟရဟတ္ထက=ထမင်းစားပြီး မိမိအလိုလိုမထနိုင်၍ 'လက်ကိုဆွဲထူပါ' ဆိုရအောင် စားသောပုဏ္ဏား။

အလံသာဋက=ဝမ်းဗိုက်တင်းလွန်း၍ ပုဆိုးကိုပင် မဝတ်နိုင်အောင် စားသောပုဏ္ဏား။

တတြဝဋ္ဋက=ဗိုက်လေးလွန်းသဖြင့် မထနိုင်၍ ထို စားရာအရပ်၌ပင် (စပါးကြီးမြွေ ကဲ့သို့) လူးလှိမ့်နေရအောင်စားသောပုဏ္ဏား။

ကာက မာသက=အစာများ၍ခံတွင်းဝ ဆိုက်နေ၍ ကျီးနှိုက်၍မှီအောင်စားသောပုဏ္ဏား။

ဘုတ္တဝမိတက=ဝမ်းဗိုက်မဆန့်သဖြင့် စားပြီး လျှင် အန်ပစ်ရအောင် စားသောပုဏ္ဏား။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ၁၊ နှာ-၃၂။ စုဏ္ဏိယကို ဂါထာဖွဲ့ထားသည်။

ဝိဟိံသာ နိမိတ္တတာ စေတာသံ ဝိဟိံသာယ ဝိသေသော။

ဟူ၍လည်း တနည်း မဟာဋီကာ (နှာ-၆၀ ၌) ဖွင့်သေး၏။

အထဝါ၊ တနည်းကား။ ပုရာဏဝေဒနာနာမ၊ မစားမီရှေး၌ဖြစ်သော ဝေဒနာဟောင်းမည်သည်ကား။ အဘုတ္တပစ္စယာ၊ မစားခြင်းကြောင့်။ ဥပ္ပဇ္ဇနကဝေဒနာ၊ ဖြစ်တုန်းဆဲဆဲ ဆင်းရဲညှိုးနွမ်း ပင်ပန်းပူပန် ဇောချွေး ပြန်မျှ ကျောက်ကန် ထိုးကျင်ခြင်း စသောအနာတည်း။ ။နဝဝေဒနာနာမ၊ ဝေဒနာသစ် မည်သည်ကား။ အတိဘုတ္တပစ္စယာ၊ အလွန်အမင်း စားခြင်းကြောင့်။ ဥပ္ပဇ္ဇနက ဝေဒနာ၊ ဖြစ်သော ဝေဒနာတည်း။ အထဝါ၊ တနည်းကား။ နဝဝေဒနာနာမ၊ နဝဝေဒနာမည်သည်ကား။ ဘုတ္တပစ္စယေန၊ စားခြင်းဟူသော အကြောင်းဖြင့်။ အနုပ္ပဇ္ဇနကဝေဒနာ၊ မဖြစ်လတ္တံ့သော အင်္ဂဒါဟ,သူလ[1]စသောဝေဒနာတည်း။ဝိဟိံသာနိမိတ္တတာ စ၊ ဝိဟိံသာ[2]လျှင် အကြောင်းရှိသည့် အဖြစ်သည်လည်း။ စေတာသံ၊ ထိုဝေဒနာနှစ်ပါးတို့၏။ ဝိဟိံသာယ၊ ဝိဟိံသာမှ။ ဝိသေသော၊ အထူးတည်း။

မေ၊ ငါ၏။ ဣမဿ ကာယဿ၊ ဆေးနှင့်မကွာ မတ်တတ်နာသည့် သူနာပမာ ပစ္စယာယတ္တ ဤကာယ၏။ ယာတြာ စ၊ နိုင်းယှဉ်စားထ ယာပိုထ်မျှလျက် အသက် ရန်ဘေး ကင်းစင်ဝေး၍ မြင့်လေးကာလ မျှတခြင်း ဖြစ်ခြင်းသည်လည်းကောင်း။

ယာပျရောဂီဝိယ တပ္ပစ္စယံ။ (ဝိသုဒ္ဓိမဂ်၊၁၊ နှာ-၃၂)

ယော ရောဂေါ ယာပျော,အယာပျော စ န ဟောတိ[3]၊ သော ယာပျရောဂေါ။

ပုဗ္ဗေ 'ယာပနာယာ'တိ ဇီဝိတိန္ဒြိယယာပနာ အဓိပ္ပေတာ၊ ဣဓ ပန စတုန္နမ္ပိ ဣရိယာပထာနံ အဝိစ္ဆေဒသင်္ခါတာ ယာပနာ ယာတြာတိ အယမေတ္ထ ဝိသေသော။ ။ (မဟာဋီကာ၊၁၊ နှာ-၆၁)

ယာပျရောဂီ၊ မတ်တတ်နာ[4]ရှိသသူသည်။ တပ္ပစ္စယံ၊ ထိုအနာပျောက်ကြောင်းဆေးကို။ ပဋိသေဝတိဝိယ၊ မပြတ်သုံးစွဲ မှီဝဲရသကဲ့သို့တည်း။

---

၁။ အင်္ဂဒါဟ=ကိုယ်အင်္ဂါဘို့ပူလောင်ခြင်း။ သူလ=ကိုယ်လက်ကိုက်ခဲထိုးကျင်ခြင်း။

၂။ ဝိဟိံသာ=ဆာလောင်မွတ်သိပ်ခြင်း။

၃။ ဆဋ္ဌသံဂါယနာမူ၌ 'ယော ရောဂေါ, ယာပျော, အယာပျော စ'အစား 'ယော ရောဂေါ သာဒ္ဓေါ,အသာဒ္ဓေါ စ' ကို အတည်ပြုသည်။

၄။ ဆေးကျမ်းများ၌ ရောဂါ ၄-မျိုး ပြထားသည်၊

(၁) သာဓျရောဂါ =ဆေးကုသည်ဖြစ်စေ၊ မကုသည်ဖြစ်စေ ပျောက်ကင်းနိုင်သော ရောဂါ။

ယော ရောဂေါ၊ အကြင်ရောဂါသည်။ ယာပျော စ၊ ပျောက်ကင်း မျှတသည်ရင်း။ အယာပျော စ၊ မပျောက်တိုးပွ မမျှတသည်ရင်း။ န ဟောတိ၊ မဖြစ်။ သော ရောဂေါ၊ ထိုရောဂါသည်။ ယာပျရောဂေါ၊ မတ်တတ်နာ မည်၏။ ဝါ၊ ရပ်စောက်နာမည်၏။

နိဿေသမပ္ပတိကာရေ ဥပသမနီယေ ရောဂဘေဒေ ယာပျော။
(သဒ္ဒတ္ထောမ မဟာနိဓိ)

ယာပနာနှင့်ယာတြာအထူး။ ။ပုဗ္ဗေ၊ ရှေး၌။ ယာပနာတိ၊ ယာပနာဟူသည်ကား။ဇီဝိတိန္ဒြိယယာပနာ၊အသက်၏မျှတခြင်းကို။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ဣဓ ပန၊ ဤနောက်၌ကား။ စတုန္နမ္ပိ ဣရိယာပထာနံ၊ ဣရိယာပုထ်လေးပါးတို့၏လည်း။ အဝိစ္ဆေဒ-သင်္ခါတာ၊ မပြတ်ခြင်းဟု ဆိုအပ်သော။ ယာပနာ၊ မျှခြင်းကို။ ယာတြာတိ၊ ယာတြာဟူ၍။ အဓိပ္ပေတာ၊ အလိုရှိအပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ဧတ္ထ၊ ဤ ယာပနာ,ယာတြာနှစ်ပုဒ်၌။ ဝိသေသော၊ အထူးတည်း။

အနဝဇ္ဇတာ စ၊ မအပ်မရာ ဉာဏ်မပါသော ရှာ, ခံ, သုံးဆောင်ခြင်းကို ပယ်လျှင်း၍ အပြစ်ကင်းသောအဖြစ်သည်လည်းကောင်း။ ဖာသုဝိဟာရော စ၊ နှိုင်းယှဉ် တိုင်းထွာ သုံးဆောင်ပါ၍ ချမ်းသာစွာနေရခြင်းသည်လည်းကောင်း။ ဘဝိဿတိ၊ ဖြစ်ရလိမ့်သတည်း။ တနည်းလည်း—အနဝဇ္ဇတာ စ၊ မသင့်တောင့်တင်း သုံးဆောင်ခြင်းဖြင့် ပျင်းရိ,ငိုက်မှိန်း, စက်ဖိန်းဆန့်ကာ, မိန်ရာဂရဟာစသော အပြစ်၏မရှိခြင်းသည်ရင်း။ ဖာသုဝိဟာရော စ၊ လေးလုတ် ငါးလုတ်ယုတ်၍ ပိုင်းခြား သုံးဆောင်ငြား၍ ကိုယ်အားပြည့်တင်း ချမ်းသာစွာနေရခြင်းသည်ရင်း။ တနည်းလည်း—အနဝဇ္ဇတာ စ၊ ဝမ်းပြည့်စားထ သေယျ,ပဿ, မိဒ္ဓ ချမ်းသာ စွန့်ခွါပယ်ရှင်း အပြစ်ကင်းခြင်းသည်ရင်း။ ဖာသုဝိဟာရော စ၊ လေးငါးလုတ်ချန် ရေကိုနှံ၍ လေးတန်ယာပိုထ် လျောက်ထိုက်ဖြစ်စေ ချမ်းသာစွာနေရခြင်းသည်ရင်း။ ဘဝိဿတိ၊ ဖြစ်ရလိမ့်သတည်း။ ဣတိယောနိသော၊ ဤသို့သင့်သောအကြောင်းအားဖြင့်။ ဣတိပဋိသင်္ခါ၊ ဤသို့အဖန်ဖန်လျှင် ဆင်ခြင်၍။ ပိဏ္ဍပါတံ၊ ဆွမ်းတို့၏အပေါင်းကို။ ပဋိသေဝါမိ၊ မှီဝဲသုံးဆောင်ပါ၏။

---

(၁) အသာဓျရောဂါ=မပျောက်ကင်းနိုင်သော ရောဂါ။

(၂) ကိစ္ဆသာဓျရောဂါ=ဆေးကုမှ ပျောက်ကင်းသော ရောဂါ။

(၃) ယာပျရောဂါ =ဆေးကုနေလျှင် ရောဂါသက်သာရုံသာဖြစ်သည်၊ ရောဂါ မပျောက်ကင်းနိုင် (မတ်တတ်နာ ခေါ်သည်)။

သုံးဝိကပ်[1]လုံး၌ပင် ဖာသုဝိဟာရလက္ခဏာကို—

စတ္တာရော ပဉ္စ အာလောပေ၊ အဘုတွာ ဥဒကံ ပိဝေ။
အလံ ဖာသုဝိဟာရာယ၊ ပဟိတတ္တဿ ဘိက္ခုနော[2]။

ဟူသော ဂါထာဖြင့် သိအပ်၏။

စတ္တာရော ပဉ္စ အာလောပေ၊ လေးလုတ် ငါးလုတ်တို့ကို။ အဘုတွာ၊ မသုံးမစား လျှော့ချန်ထား၍။ ဥဒကံ၊ ရေကို။ ပိဝေ၊ သောက်ရာ၏။ (မူလဋီကာ၌ကား 'ဘုတွာဝ၊ စား၍သာလျှင်'ဟု-အနက်ပေးစေလို၏။ အပဒါန်၌လည်း ထိုအတိုင်းပင် ပါဠိရှိ၏)။ ဣဒံ၊ ဤသို့ လေး ငါးလုတ်ဟောက် ရေကိုသောက်ခြင်းသည်။ ပဟိတတ္တဿ၊ နိဗ္ဗာန်စေဘိ စိတ်ကောင်းရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ဝါ၊ ရဟန်းအား။ ဖာသုဝိဟာရာယ၊ ချမ်းသာစွာနေရခြင်းအား။ ဝါ၊ ငှါ။ အလံ၊ ထိုက်တန်လျောက်ပတ် သင့်မြတ်၏။

ဆောင်ပုဒ်။ ။ယာတြာလျှင်၊ ပယောဇဉ်၊ ဒွယင် မဇ္ဈတ်၊ ပဋိပတ်။

ဤ၌ ဘောဇနာနိသံသ ဖြစ်သော အနဝဇ္ဇတာ, ဖာသုဝိဟာရ တို့ကို ချန်ထား၍ ကြွင်းအင်္ဂါရှစ်ပါးတို့ကို ပေါင်းအပ်ကုန်၏။

'နေဝ ဒဝါယ'စသော ပဋိက္ခေပအင်္ဂါ လေးပါး။

'ဣမဿ ကာယဿ ဌိတိယာ ယာပနာယ' တပါး။

'ဝိဟိံသုပ။ပ။ နုဂ္ဂဟာယ' တပါး။

'ဣတိပုရာ။ပ။ န ဥပ္ပါဒေဿာမိ' တပါး။

'ယာတြာ စ မေ ဘဝိဿတိ'တပါး။

ဤဂဟေတဗ္ဗအင်္ဂါ လေးပါး။ ပေါင်း---ရှစ်ပါးဖြစ်၏။

မဟာသီဝထေရ်ကား ပဋိက္ခေပအင်္ဂါလေးပါးတို့ကို မယူမူ၍ ဖာသုဝိဟာရကိုလည်း ဘောဇနာနိသံသ ဟု ချန်ထား၍ ကြွင်းရှစ်ပုဒ်[3]ကို အင်္ဂါရှစ်ပါး ဟူ၏။ (ဆွမ်း)

---

၁။ ဝိကပ်=ဝိကပ္ပ=အမိပ္ပါယ် အထူးကြံဆချက်။ ၂။ထေရဂါထာ၊နှာ-၃၄၃။

၃။ ကြွင်းရှစ်ပါး=ဣမဿ ကာယဿ ဌိတိယာ, ယာပနာယ, ဝိဟိံသုပရတိယာ, ဗြဟ္မစရိယာနုဂ္ဂဟာယ, ဣတိပုရာဏဉ္စဝေဒနံ ပဋိဟင်္ခါမိ, နဝဉ္စဝေဒနံ နဥပ္ပါဒေဿာမိ, ယာတြာစ မေ ဘဝိဿတိ, အနဝဇ္ဇတာ စ။

## ကျောင်းအိပ်ရာ နေရာ ထိုင်ရာ၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော သေနာသနံ ပဋိသေဝါမိ၊ ယာဝဒေဝ သီတဿ ပဋိဃာတာယ။ပ။ ယာဝဒေဝ ဥတုပရိဿယဝိနောဒန ပဋိသလ္လာနာရာမတ္ထံ။

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ၊ အဖန်ဖန်ပညာဖြင့် ဆင်ခြင်၍။ သေနာသနံ၊ မွေ့ရာအိပ်ခင်း ထိုင်ခင်း မှီလျှောင်း ညောင်စောင်း အင်းပျဉ်, ဖျာ, သင်ဖြူး, ကျောင်း တန်ဆောင်းပြာသာဒ် တဖက်ရပ်စသော အိပ်ရာထိုင်ရာကို။ ပဋိသေဝါမိ၊ သွား,ရပ်,ထိုင်,လျောင်း လေးပါးပေါင်းဖြင့် မညောင်းမညာ မှီဝဲပါ၏။ ('သီတဿ'စသည် ရှေးနည်းတူ) ယာဝ ဥတု ပရိဿယ ဝိနောဒန-ပဋိသလ္လာနာရာမတ္ထံ ဧဝ၊ အမြဲမပြတ် နှိပ်စက်တတ်သော သီဘုဏှဥတုဟူသော ဘေးရန်ကို ပယ်ဖျောက်ရုံ၊ ဂဏ,ကိလေ နှစ်ထွေသော သင်္ဂဏိကမှဖဲ၍ တယောက်ထဲသာ ဆိတ်ငြိမ်ရာ ကောရမ္မဏသို့ဝင်လျက် ကြည်ရွှင်မွေ့လျော်ရုံငှါသာလျှင်။ ဝါ၊ အမြဲမပြတ် နှိပ်စက်တတ်သော သီတုဏှဥတု ခြင်္သေ့ သစ် ကျား စသော ပါကဋ[1]ဘေးရန်၊ ရာဂဒေါသစသော အပါကဋ[2]ဘေးရန်တို့ကို ပယ်ဖျောက်ရုံ၊ ဂဏ,ကိလေ နှစ်ထွေသော သင်္ဂဏိကမှ[3] ဖဲ၍ တယောက်ထဲသာ ဆိတ်ငြိမ်ရာ ကောရမ္မဏသို့ဝင်လျက် ကြည်ရွှင်မွေ့လျော်ရုံငှါသာလျှင်။ သေနာသနံ၊ အိပ်ရာ ထိုင်ရာကို။ ပဋိသေဝါမိ၊ မှီဝဲ၏။ လီလာဝိဘူသာဒိအတ္ထံ၊ တင့်တယ်စံပယ်ခြင်း, တန်းဆာဆင်ခြင်းစသောအကျိုးငှါ။ န ပဋိသေဝါမိ၊ မမှီဝဲပါ။ ဣတိယောနိသော၊ ဤသို့ သင့်သောအကြောင်းအားဖြင့်။ ဣတိ ပဋိသင်္ခါ၊ ဤသို့ အဖန်ဖန်လျှင် ဆင်ခြင်၍။ သေနာသနံ၊ အိပ်ရာနေရာကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

(ယာဝဒေဝ သဒ္ဒါလွန်၊ ရှေးနည်းတူ)။ (ကျောင်း)

---

## ဆေး၌ ဆင်ခြင်ပုံ

ပဋိသင်္ခါ ယောနိသော ဂိလာနပစ္စယဘေသဇ္ဇ ပရိက္ခာရံ ပဋိသေဝါမိ၊ ယာဝဒေဝ ဥပ္ပန္နာနံ ဝေယျာဗျာဓိကာနံ[4] ဝေဒနာနံ ပဋိဃာတာယ အဗျာပဇ္ဇ ပရမတာယ။

---

၁။ ပါကဋ=ထင်ရှားသော (မြင်ရုံမျှနှင့်သိနိုင်သော)။

၂။ အပါကဋ=မထင်ရှားသော (သူတပါးက ပြောကြားမှသိအပ်သော)။

၃။ ဂဏသင်္ဂဏိက=အပေါင်းအဖော်ဂိုဏ်းနှင့်ရောနှောခြင်း။
ကိလေသ သင်္ဂဏိက=ကိလေသာတို့နှင့်ရောနှောခြင်း။

၄။ ဆဋ္ဌမူ၌ ဝေယျာဗာဓိကာနံ ဟု ရှိသည်။

ယောနိသော၊ အသင့်အားဖြင့်။ ပဋိသင်္ခါ၊ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန-ပစ္စယဘေသဇ္ဇပရိက္ခာရံ၊ ဓာတုက္ခောဘလက္ခဏာရှိသော၊ ဝါ၊ တံဟေတုက ဒုက္ခဝေဒနာလက္ခဏာရှိသောရောဂါ၏ဆန့်ကျင်ဖက်ဖြစ်၍ အသက်၏ အရံအကာ တန်းဆာအဆောက်အဦ သူနာတို့နှင့် သင့်တင့်လျောက်ပတ်သော ထောပတ် ဆီဦး စသော ဆေးကို။ ပဋိသေဝါမိ၊ သောက်မျိုအုံမံ လိမ်းကျံမှီဝဲပါ၏။ ဥပ္ပန္နာနံ၊ အကြောင်းထင်ရှားရှိပြီဖြစ်၍ ဖြစ်ဆဲမည်ကုန်သော။ ဝါ၊ ဥပ္ပန္နသဒိသဖြစ်၍ ဥပ္ပန္နမည်ကုန်သော။ (ဥပ္ပန္နသဒိသာ ပန ဥပ္ပန္နာတိ ဝုစ္စန္တိ။ပ။ ယထာ သာ ဧဝ တိတ္တိရိ,တာနိယေဝ ဩသဓာနီတိ။ မဟာဋီကာ၊ ပ၊ နှာ-၆၄) ဝေယျာဗျာဓိကာနံ၊ ထူးလည်ထွေလာ လွန်စွာထိုးဆွပ် သွေးဓာတ်စသည် လှုပ်ခတ်ချောက်ချားခြင်းကြောင့် ဖြစ်ကုန်သော။ ဝေဒနာနံ၊ အကုသလဝိပါက ကာယိက ဝေဒနာတို့ကို။ ယာဝ ပဋိဃာတာယ ဧဝ၊ ကျင်နာကင်းပျောက် စိတ်မနောက် အောင် ပယ်ဖျောက်ရုံငှါသာလျှင်။ ယာဝ အဗျာပဇ္ဇ ပရမတာယ ဧဝ၊ ဆင်းရဲကင်းကွာ ချမ်းသာခြင်းရှိသောသူ၏ အဖြစ်ငှါသာလျှင်။ ဂိလာန ပစ္စယ-ဘေသဇ္ဇပရိက္ခာရံ၊ သူနာ၏ အထောက်အပံ့ အရံအတားဖြစ်သော အသုံး အဆောင်ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။ ဣတိ ယောနိသော၊ ဤသို့ သင့်သော နှလုံးသွင်းဖြင့်။ ဣတိ ပဋိသင်္ခါ၊ ဤသို့ ပညာဖြင့် ဆင်ခြင်၍။ ဂိလာန ပစ္စယ-ဘေသဇ္ဇပရိက္ခာရံ၊ သူနာ၏ အထောက်အပံ့ အရံအတားဖြစ်သော အသုံးအ ဆောင်ဆေးကို။ ပဋိသေဝါမိ၊ မှီဝဲပါ၏။

ဤ'ယာဝဒေဝ'ဟူသော ပရိစ္ဆေဒါဝဓာရဏနိပါတ်၏ နိဝတ္တေတဗ္ဗတ္ထကို အထူး မပြပြီ။ ရာဂ,ဒေါသ,မောဟ စသည် သာမညကိုသာ ကန်ရတော့မည်။ (ဆေး)

---

### ပစ္စယသန္နိဿိတသီလ-ဝါဒကွဲများ

'ပဋိသင်္ခါ ယောနိသော'တိ အာဒိ ကာမံ ပစ္စယပရိဘောဂကာလေန ဝုစ္စတိ ဓာတုဝသေန ပန ပဋိကူလဝသေန ဝါ ပစ္စဝေက္ခဏာယ ပစ္စယ-သန္နိဿိတသီလံ သုဇ္ဈတီတိ အပရေ။ ဘိဇ္ဇတီတိ ကေစိ။ ဧကေ ပန ပဌမံ ဧဝ ပရိယတ္တန္တိ ဝဒန္တိ၊ ဝီမံသိတဗ္ဗံ။ (မဟာဋီကာ။ပ။ နှာ-၅၆)

အပရေဝါဒ။ ။ပဋိသင်္ခါ ယောနိသောတိ အာဒိ၊ အစရှိသည်ကို။ ပစ္စယပရိ-ဘောဂကာလေန၊ ပစ္စည်းကို သုံးဆောင်ဆဲကာလအားဖြင့်။ ကာမံ ဝုစ္စတိ၊ အကယ်၍ကား ဆိုအပ်၏။ ပန တထာပိ၊ ထိုသို့ပင် ဆိုအပ်သော်လည်း။ ဓာတုဝသေန ဝါ၊ ဓာတ်လေးပါး၏ အစွမ်းအားဖြင့်ရင်း။ ပဋိကူလ-ဝသေန ဝါ၊ စက်ဆုပ်ရွံရှာ ထွီဘွယ်ရာ၏ အစွမ်းအားဖြင့်ရင်း။ ပစ္စဝေက္ခဏာယ၊ ကာလသုံးတန်၌ အဖန်ဖန် ဆင်ခြင်သဖြင့်။ ဝါ၊ အဖန်ဖန် ဆင်ခြင်သည်ရှိသော်။

ပစ္စယသန္နိဿိတသီလံ၊ ပစ္စယသန္နိဿိတသီလသည်။ သုဇ္ဈတိ၊ စင်ကြယ်၏။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

**ကေစိဝါဒ။** ။(ဓာတုအားဖြင့်ရှင်း, စက်ဆုပ်ဖွယ်ရာဟုရှင်း ဆင်ခြင်သော် ပစ္စယသန္နိဿိတသီလသည်) ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

**ကေဝါဒ** ။ကေ ပန၊ ကေဆရာတို့သည်ကား။ ပဌမံ ဝေ၊ ရှေးဦးစွာပင် လျှင်။ ပရိယတ္တံ၊ စွမ်းနိုင်ကျူးကြီး ပြီးစီးအောင်မြင်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ။ ဆိုကုန်၏။ (မဟာပစ္စဝေက္ခဏာထက်ပင်သာလွန်၍ ကောင်းသေးသည် ဟူလို)[၁]။ ။ဝီမံသိတဗ္ဗံ၊ စုံစမ်းဆင်ခြင်၍ ယူအပ်၏။

**ကျမ်းပြုဆရာတော်ကြီး ဆုံးဖြတ်ချက်။** ။ဆင်ခြင်သည်ရှိသော် ဓာတုသညာ, ပဋိကူလသညာတို့သည် ကမ္မဋ္ဌာန်း အသီးဖြစ်၍ ယင်း ကမ္မဋ္ဌာန်းကို စီးဖြန်းကာမျှဖြင့် ကိစ္စပြီးလျှင် ကသိုဏ်း, အသုဘစသော တပါးကမ္မဋ္ဌာန်းကို စီးဖြန်းလျှင်လည်း ပြီးသင့်သည်၊ ပြီးကား မပြီး။ထို့ကြောင့် မဟာပစ္စဝေက္ခဏာကို ဆင်ခြင်ခြင်းသာလျှင် ကောင်းမြတ်သည် ဟူလို။

ဤသို့ ပါဠိအနက်ဖြင့်သော်လည်း ဆင်ခြင်ရမည်။

---

## မဟာပစ္စဝေက္ခဏာဆင်ခြင်ပုံ လင်္ကာများ

**သင်္ကန်း၌ ဆင်ခြင်ပုံ။** ။ချမ်းပူကိုဖျက်၊ ခြင်, မှက်, လေ, နေ၊ ကင်း, မြွေ လွှဲသုန်၊ ဟိရိဂုဏ်ကို၊ ကုန်စေတတ်စွာ၊ ကိုယ်အင်္ဂါ ကို၊ လုံပါစေလို၊ ကိုယ်ကို စမွယ်၊ ဆင်ပြင်မယ်ဟု၊ စိတ်ဝယ်မတမ်း၊ ဤ သင်္ကန်းကို၊ ဖုံးလွှမ်း သုံးဆောင်ပါသတည်း။ (သင်္ကန်း)

**ဆွမ်း၌ ဆင်ခြင်ပုံ။** ။ဤသည့်စားဘွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှါ၊ မသုံးပါဘူး၊ လေးဖြာ ဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှ တန်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်း,သစ်၊ မဖြစ်စေရ၊ ယာပိုထ်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ် လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။ (ဆွမ်း)

---

၁။ ကေဆရာတို့၏ ဝါဒမှာ 'ဓာတုအားဖြင့်ရှင်း, ပဋိကူလအားဖြင့်ရှင်း ဆင်ခြင်ခဲ့ပါမူ မဟာပစ္စဝေက္ခဏာထက်ပင် သာလွန်ကောင်းမွန်သည်'ဟု ဆိုလိုသည်။

ကျောင်း၌ ဆင်ခြင်ပုံ။ ။ချမ်း,ပူကို ဖျက်၊ ခြင်,မှက်,လေ,နေ၊ ကင်း,မြွေ ဝေးမှု၊ ဥတုဘေးဘျမ်း၊ မသန်းကင်းစင်၊ စိတ်ကြည်လင်ကြောင်း၊ နေရာကျောင်းကို၊ ကိန်းအောင်း မှီခိုပါသတည်း။ (ကျောင်း)

ဆေး၌ ဆင်ခြင်ပုံ။ ။ကျင်နာခံခက်၊ နှိပ်စက်ဘိစီး၊ ဖြစ်ပြီး, ဖြစ်လာ၊ ဝေဒနာကို၊ စွန့်ခွါပယ်လျှင်း၊ ဆင်းရဲကင်း၍၊ လူမင်းမြတ်စွာ၊ သာသနာကို၊ ကြည်သာရှင်လန်း၊ ကျင့်ဖြည့်စွမ်းဘို့၊ ရည်မှန်းသုံးဆောင်ပါသတည်း။ (ဆေး)

ဤသို့ ကဗျာဖြင့်သော်လည်း ဆင်ခြင်ရမည်။

မဟာပစ္စဝေက္ခဏာ ဆင်ခြင်ပုံ ပြီး၏။

---

## ပဋိကူလသညာအားဖြင့် ဆင်ခြင်ပုံများ

ယထာပက္ကံ မဟာဂဏ္ဍံ၊ ပိလောတိကေန ဆာဒယေ။
ပဋ္ဋရံ နဝဒွါရေဟိ၊ ကာယံ ဆာဒေမိ စီဝရာ။

သက်န်း၌ ဆင်ခြင်ပုံ။ ။ပက္ကံ၊ ပြည်မှည့်ပေါက်ပြဲသော။ မဟာဂဏ္ဍံ၊ အိုင်းအမာကြီးကို။ ပိလောတိကေန၊ အဝတ်စုတ်ဖြင့်။ ဆာဒယေ ယထာ၊ ဖုံးအုပ်ရသကဲ့သို့။ တထာ၊ ထို့အတူ။ နဝဒွါရေဟိ၊ ကိုးပေါက်ဒွါရ အမာဝတို့ဖြင့်။ ပဋ္ဋရံ၊ တစိစိတစိုစို ယိုထွက်သော မစင်အညစ်အကြေးရှိသော။ ကာယံ၊ ကိုယ်ကို။ စီဝရာ စီဝရေန၊ သက်န်းဖြင့်။ ဆာဒေမိ၊ မွမ်းမံဖုံးလွှမ်းပါသတည်း။

ဆောင်ပုဒ်လင်္ကာ။ ။သွေးပြည်အိုင်းမန်း၊ တင်းကျမ်းယိုစီး၊ အနာကြီးကို၊ လွှမ်းနှီးသည့်တူ၊ အဏုမြူမျှ၊ သုံးယူမရ၊ ဒွတ္တိံသပေါင်း၊ အကောင်းကျောက်မျက်၊ ဘယ်မထွက်သည့်၊ ပေါက်ပျက်စီးယို၊ ဤကိုယ်တင်လွှမ်း၊ ဤသင်္ကန်းသည်။ ။ရိုနွမ်းညှိုးမှိန်လေအံ့သည်တကား။ (နွမ်းမှဆင်ခြင်လျှင် 'ရိုနွမ်းညှိုးမှိန်ခဲ့လေပြီတကား' ဟု ဆို။) (သင်္ကန်း)

---

မဟာရဟာမိဒံ ဘောဇ္ဇံ၊ ခိတ္တံ ဝမထု ဒေါဏိယံ။
ခေဠာဒိမထိတံ ဝံ၊ ယာဝ ဝစ္စံ ဂမိဿတိ။

ဆွမ်း၌ဆင်ခြင်ပုံ။ ။မဟာရဟံ၊ သူမြတ်တို့အားသော်လည်း လျော်ကန်ထိုက်တန်သော။ ဣဒံ ဘောဇ္ဇံ၊ ဤစားဘွယ်သည်။ ဒေါဏိယံ၊

ခွေးစားကျင်း၌။ ခိတ္တံ၊ စွန့်ပစ်အပ်သော။ ဝမထု ဝိယ၊ အံဖတ်ကဲ့သို့။ ဇဝံ-တထာ၊ ထိုအတူ။ ခေဠာဒိမထိတံ၊ တံထွေးစသည်တို့နှင့် လုံးထွေးမွှေနှောက် အပ်သည်ဖြစ်၍။ ယာဝ ဝစ္စံ၊ မစင်ဖြစ်သည်တိုင်အောင်။ ဂမိဿတိ၊ သွား လတ္တံ့။

**ဆောင်ပုဒ်လင်္ကာ။** ။ပွဲပြင်ဗွေလယ်၊ တင့်တယ်လျှောက်ပတ်၊ သူမြတ်တို့ သော်၊ ထိုက်တန်လျော်လည်း၊ စားသော် မကြာ၊ လျှာရည်တံထွေး၊ သွားမြေးညစ်မည်း၊ ထိုထို ချည်းကို၊ သိမ်းဆည်းပေါင်းစု၊ ထောင်းဆု ဝါးချေ၊ မျိုလေဆင်းသက်၊ ဓာတ်မီးချက်၍၊ ပရုပ္ပက်ဦ၊ ကျိုက် ကျိုက်ဆူပွ၊ အမြှုပ်ထကာ၊ ပိုးစာ့ လောင်မီး၊ ကျင်ကြီး့ကျင်ငယ်၊ တသွယ် သွေးသား၊ ငါးပါးကွဲလျက်၊ ခွေးစာခွက်ထဲ၊ ကျိချွဲထတ်ထတ်၊ ခွေး အံဖတ်တူ၊ အူမထက်ဖျား၊ ဆန့်ထုတ်လားသို့၊ ပ-ကား သန့်ရှင်း၊ တွင်း-ပိန္နဲခွဲ၊ ရွံဘွယ်ဘိခြင်း၊ တံစီးတွင်းနှယ်၊ သုံးဆယ်နှစ်မျိုး၊ ပိုးတို့တည်ငြိမ်၊ စသတ်အိမ်ဝယ်၊ စဉ်းငယ်နှားလျက်၊ အူခေါင်းသက်၍၊ ချက်မြစ် ကျောက် ကုန်း၊ အူအဆုံးဟု၊ ပိတုန်းပိတ်ဝယ်၊ ရွံဘွယ်စင်စစ်၊ စာဟောင်းဖြစ်သို့၊ မနစ်ရောက်လေအံ့သည်တကား။ (ညဉ့်အခါ ဆင်ခြင်မူ 'မနစ်ရောက်ခဲ့လေပြီ တကား'ဟုဆို)။ (ဆွမ်း)

---

ယထာ ဂိလာနသာလာယံ၊ ဝသေယျ ကုဋ္ဌ ရောဂိကော။
ပဋ္ဋရံ နဝဒ္ဒါရေဟိ၊ သေနာသနေ ဝသာမဟံ။

**ကျောင်း၌ ဆင်ခြင်ပုံ။** ။ကုဋ္ဌရောဂိကော၊နူနာစွဲသူသည်။ဂိလာနသာလာယံ၊ သူနာတို့တည်းခိုရာ စရပ်စုတ်၌။ ဝသေယျယထာ၊ ခိုရာ ကင်းပ ကုမရပါ နေရရှာသို့။ အဟံ၊ ငါသည်။ နဝဒ္ဒါရေဟိ၊ ၉-ခုသော ဒွါရ တို့ဖြင့်။ ပဋ္ဋရံ·ပဋ္ဋရန္တော၊ တစိစိတစိုစို မစင်ယိုလျက်။ သေနာသနေ၊ နေရာ၌။ ဝသာမိ၊ နေရချေ၏။

**ဆောင်ပုဒ်လင်္ကာ။** ။သွေးပြည် အိုင်းမန်း၊ တင်းကျမ်းစီးယို၊ နူနာစိုနှင့်၊ အိမ်အိုချဉ်းကပ်၊ နေအပ်သည့်တူ၊ အဏုမြူမျှ၊ သုံးယူ မရ၊ ဒွတ္တိံသ ပေါင်း၊ အကောင်း ကျောက်မျက်၊ ဘယ်မထွက်သည့်၊ ပေါက် ပျက်စီးယို၊ ဤကိုယ်ထိုင်လျောင်း၊ နေရာကျောင်းသည်။ ။ဆွေးဟောင်း ပျက်ပြိုလေအံ့သည်တကား။ (ဝါ၊ ဆွေးဟောင်း ပျက်ပြိုခဲ့လေပြီတကား။) (ကျောင်း)

ယထာ ပက္ကံ မဟာဂဏ္ဍံ၊ ဘေသဇ္ဇေန ဝိလိမ္ပတေ။
ပက္ကဂဏ္ဍသမံ ကာယံ၊ ပတွာ မလံ ဘဝိဿတိ။

ဆေး၌ ဆင်ခြင်ပုံ။ ။ပက္ကံ၊ ပြည်မှည့်ပေါက်ပြဲသော။ မဟာဂဏ္ဍံ၊အိုင်းအမာကြီးကို။ ဘေသဇ္ဇေန၊ ဆေးဝါးဖြင့်။ ဝိလိမ္ပတေ ယထာ၊ မွမ်းမံသုတ်လိမ်းရသကဲ့သို့။ တထာ၊ ထို့အတူ။ ဝိလိမ္ပိတံ၊ လိမ်းကျံသောက်မျိုအပ်သော ဆေးဝါးသည်။ ပက္ကဂဏ္ဍသမံ၊ ပြည်မှည့်သော အိုင်းအမာနှင့်တူသော။ ကာယံ၊ ကိုယ်သို့။ ပတွာ၊ ရောက်၍။ မလံ၊ အညစ်အကြေးသည်။ ဘဝိဿတိ၊ ဖြစ်လေအံ့သတည်း။

ဆောင်ပုဒ်လင်္ကာ။ ။သွေးပြည်အိုင်းမန်း၊ တင်းကျမ်းယိုထွက်၊ အနာပျက်ကို၊ဆေးပက်သည့်နှယ်၊အနည်းငယ်မျှ၊သုံးဘွယ် မရ၊ ဒွတ္တိံသပေါင်း၊ အကောင်းကျောက်မျက်၊ ဘယ်မထွက်သည်၊ ပေါက်ပျက်စီးယို၊ ဤကိုယ်ဆက်ပေး၊ ဤသည့်ဆေးသည်။ ။ညစ်ကြေးဖြစ်လေအံ့သည်တကား။ (ဝါ၊ ဖြစ်ခဲ့လေပြီတကား။) (ဆေး)

ပဋိကူလသညာဆင်ခြင်ပုံ ပြီး၏။

---

ဓာတုသညာအားဖြင့် ဆင်ခြင်ပုံများ

အညမညံ န ဇာနန္တိ၊ ဒါရုယန္တေ အလက်တေ။
ဓေဝံ ဝတ္ထသရီရာနိ၊ ဥဘောပိ ဓာတုမတ္တကာ။

သင်္ကန်း၌ဆင်ခြင်ပုံ။ ။ဒါရုယန္တေ၊ ကြိုးယန္တရားဖြင့် ငွါးငွါးလှုပ်သော သစ်သားရုပ်ကို။ အလက်တေ၊ တန်းဆာ ဆင်အပ်သည်ရှိသော်။ ဥဘော၊ တန်းဆာ, ရုပ်သေးနှစ်ပါးတို့သည်။ အညမညံ၊ အချင်းချင်း။ န ဇာနန္တိ ယထာ၊ မသိကြကုန်သကဲ့သို့။ ဓေဝံ၊ ဤအတူ။ ဝတ္ထသရီရာနိ၊သင်္ကန်းနှင့်ကိုယ်တို့သည်။ အညမညံ၊ အချင်းချင်း။ န ဇာနန္တိ၊ မသိကြကုန်။ ဥဘောပိ၊ သင်္ကန်းနှင့်ကိုယ် နှစ်ပါးလုံးတို့သည်လည်း။ ဓာတုမတ္တကာ၊ ငါ, သူတပါးယောကျ်ား,မိန်းမ ဇီဝမဟုတ် မဟာဘုတ် အစုတို့သာလျှင်တည်း။

ဆောင်ပုဒ်လင်္ကာ။ ။ခြူးအိုဇာပြောက်၊ လက်ကောက်ဆံကျင်၊ အလှဆင်လည်း၊ အထင်မပြု၊ ရုပ်သေးတုသို့၊ လေးခုသော ဓာတ်၊ ပေါင်းဖွဲ့လတ်၍၊သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ်လှစွာ၊ သင်္ကန်းဝါသည်၊ ငါ့မှာဖုံးလွှမ်း၊ မသိစွမ်းထ၊ သင်္ကန်းကဝယ်၊ ဆိုဘွယ်မရှိ၊ ဘုတ်ချင်းထိသည်။ ။ချင်းချင်း မသိကြလေဘူးတကား။ (သင်္ကန်း)

ဇိဏ္ဏံရထ’မဘေဒါယ၊ ဒါတဗ္ဗံ သေနဟောဒကံ။
စတုစက္က’မဘေဒါယ၊ ဘောဇ္ဇံ ဒတွာန ပေါသိတံ။

ဥဘောပေ’တေ န ဇာနန္တိ၊ အညော’ညံ ရထသေနဟာ။
ကာယော ဘောဇ္ဇံ န ဇာနန္တိ၊ ဥဘောပိ ဓာတုမတ္တကာ။

ဆွမ်း၌ ဆင်ခြင်ပုံ။ ။ဇိဏ္ဏံရထံ၊ ရထားအိုကို။ ဝါ၊ ရထားအိုအား။ ဝါ၊ ရထားအို၏။အဘေဒါယ၊မကျိုးမပဲ့စေခြင်းငှါ။ သေနဟောဒကံ၊ လှည်းစာဆီရေကို။ ဒါတဗ္ဗံ ယထာ၊ ပေးအပ်သကဲ့သို့။ တထာ၊ထို့အတူ။စတုစက္ကံ၊ ယာပိုထ်လေးရပ်၊ စက်ဘီးတပ်ဆောင်၊ ဤကိုယ်ကောင်ကို။ ဝါ၊ ဤကိုယ်ကောင်အား။ ဝါ၊ ဤကိုယ်ကောင်၏။ အဘေဒါယ၊ တိမ်းလည်းပြိုကွဲ မရှိစေခြင်းငှါ။ ဘောဇ္ဇံ၊စားဖွယ် သောက်ရန်ကို။ဒတွာန၊ပေး၍။ပေါသိတံ၊မွေးမြူအပ်သတည်း။

ဥဘောပိ၊နှစ်ပါးစုံလည်း ဖြစ်ကုန်သော။ ဧတေ ရထသေနဟာ၊ ထိုလှည်းနှင့် လှည်းစာတို့သည်။ အညောညံ၊ အချင်းချင်း။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ကာယော စ၊ကိုယ်သည်၎င်း။ဘောဇ္ဇံ စ၊စားဖွယ်သောက်ရန်သည်၎င်း။ အညောညံ၊အချင်းချင်း။ န ဇာနန္တိ၊ မသိကုန်။ ဥဘောပိ၊ နှစ်ပါးစုံတို့သည်လည်း။ ဓာတုမတ္တကာ၊ ဓာတ်လေးပါးအစုတို့သာလျှင်တည်း။

ဆောင်ပုဒ်လင်္ကာ။ ။မကျိုးစေလို၊ ရထားအိုကို၊ ထိုးလျှိ လှည်းစာ၊ ကဲ့ပမာသို့၊ ရိုယာလေးလီ၊ အမြဲမှီသား၊ ဤအိမ်ခန္ဓာ၊ ဓာတ်လေးဖြာကို၊ မပျက်ပါစိမ့်၊ ရေစာသုံးစွဲ၊ ငါမှီဝဲ၏၊ လှည်းနှင့်လှည်းစာ၊ မသိပါသို့၊ လေးဖြာသောဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝါ၊ ငါသူတပါး၊ လားလားမရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ ကောင်းမြတ်လှစွာ၊ ဤအစာသည်၊ ငါ့မှာဝင်နေ့၊ မသိလေဘူး၊ စာရေကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်သို့၊ ဝင်တုံမြိုသည်။ ။မည်သို့ မသိကြလေဘူးတကား။ (ဆွမ်း)

---

ဃရဌ္ဌေ ဒါရုယန္တမှိ၊ န တေ ဇာနန္တိ အညောညံ။
ဧဝံ သေယျာသရီရာနိ၊ ဥဘောပိ ဓာတုမတ္တကာ။

ကျောင်း၌ ဆင်ခြင်ပုံ။ ။ဒါရုယန္တမှိ၊ သစ်ရုပ်ယန္တရားသည်။ ဃရဌ္ဌေ၊ ရုပ်သေးစင်မည် အိမ်ထက်တည်လတ်သော်။ တေ၊ ထိုစင်နှင့်ရုပ်သေးတို့သည်။ အညောညံ၊ အချင်းချင်း။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သေယျာ သရီရာနိ၊ ကျောင်းနှင့် ကိုယ်တို့သည်။ အညောညံ၊ အချင်းချင်း။ န ဇာနန္တိ၊ မသိကုန်။ ဥဘောပိ၊ နှစ်ပါးစုံတို့သည်လည်း။ ဓာတုမတ္တကာ၊ ဓာတ်လေးပါးအစုတို့သာလျှင်တည်း။

ဆောင်ပုဒ်လင်္ကာ။ ။စင်အိမ်ထက်ဗွေ၊ ရုပ်သေးနေသို့၊ ရွှေငွေဖလ်မှန်၊ ခြယ်စီဖန်သည်၊ ဝေယံဘုံဖျား၊ နေလေငြားလည်း၊ လေးပါးဘုတ်ဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တဇီဝ၊ ငါသူတပါး၊ လားလား မရှိ၊ မျက်စိတလှစ်၊ လက်တဖျစ်ထဲ၊ သေးဖွဲ့သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတ ရုပ်ပေါင်း၊ မသာလောင်းက၊ ဤကျောင်းထက်ဗွေ၊ ငါတည်နေဟု၊ မသိ လေပါ၊ နေရာကဝယ်၊ ဆိုဘွယ်မဲ့ကင်း၊ ဘုတ်ချင်းဘုတ်တို့၊ နေတုံမြို သည်။ ။မည်သို့ မသိကြလေဘူးတကား။ (ကျောင်း)

---

ဇိဏ္ဏံဃရ'မပါတာယ၊ ထူဏောန ဥပထမ္ဘိတံ။
ဧဝံ ကာယမပါတာယ၊ ဘေသဇ္ဇေနုပထမ္ဘိတံ။

ဥဘာယာနိ န ဇာနန္တိ၊ အညမညံ ဃရံ ထူဏံ။
ဧဝံ ကာယော စ ဘေသဇ္ဇံ၊ ဥဘယံ ဓာတုမတ္တကံ။

ဆေး၌ ဆင်ခြင်ပုံ။ ။ဇိဏ္ဏံဃရံ၊ ဆွေးမြည့်ယိမ်းယို အိမ်ပျက်အိုကို။ အပါ-တာယ၊ မပြိုမလည်း စေခြင်းငှာ။ ထူဏောန၊ ထောက် ကျားဖြင့်။ ဥပထမ္ဘိတံ ယထာ၊ ကပ်မြှောင်ထောက်ကူအပ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ကာယံ၊ ကိုယ်ကို။ အပါတာယ၊မပြိုမကွဲ မတိမ်းမလဲစေခြင်းငှါ။ ဘေသဇ္ဇေန၊ ဆေးဖြင့်။ ဥပထမ္ဘိတံ၊ ထောက်ပံ့အပ်၏။ ဃရံ၊ အိမ်သည်ငှင်း။ ထူဏံ၊ ကျားသည်ငှင်း။ ဥဘာယာနိ၊ နှစ်ပါးစုံတို့သည်။ အညမညံ၊ အချင်းချင်း။ န ဇာနန္တိ ယထာ၊ မသိကုန်သကဲ့သို့။ ဧဝံ၊ ထိုအတူ။ ကာယော စ၊ကိုယ်သည်ငှင်း။ ဘေသဇ္ဇံ၊ ဆေးသည်ငှင်း။ အညမညံ၊ အချင်းချင်း။ န ဇာနာတိ၊ မသိတတ်။ ဥဘယံ၊ နှစ်ပါးစုံသည်။ ဓာတုမတ္တကံ၊ ဓာတ်လေးပါး အစုမျှသာလျှင်တည်း။

ဆောင်ပုဒ်လင်္ကာ။ ။ဆွေးမြည့် ယိမ်းယို၊ အိမ်ပျက် အိုကို၊ မပြို စေသား၊ ထောက်သည့် ကျားသို့၊ လေးပါး ယာပိုထ်၊ စဉ်လိုက် မကွာ၊ အိမ်ခန္ဓာကို၊ ခိုင်မာစေသား၊ မတိမ်းပါးအောင်၊ ဆေးဝါးသင့်ရာ၊ မှီဝဲပါ၏၊ ဃရာထူဏာ၊ မသိကြသို့၊ လေးဝ ရုပ်ဓာတ်၊ ပေါင်းဖွဲ့လတ်၍၊ သတ္တ ဇီဝ၊ ငါသူတပါး၊ လားလား မရှိ၊ မျက်စိတလက်၊ လျှပ်တပြက်ထဲ၊ သေးဖွဲ့ သိမ်နုပ်၊ ခါခါချုပ်သည့်၊ ဘူတရုပ်ပေါင်း၊ မသာလောင်းက၊ အကြောင်း သင့်ရာ၊ ဩသဓာသည်၊ ငါ့မှာ ရောက်လတ်၊ မသိတတ်ပါ၊ ဆေးကမှာမူ၊ ဆိုရာမဲ့ကင်း၊ ဓာတ်ချင်း ဓာတ်သို့၊ ရောက်ဘုံမြိုသည်။ ။မည်သို့ မသိကြ လေဘူးတကား။ (ဆေး)

ဓာတုသညာ ဆင်ခြင်ဟန် ပြီး၏။

အလုံးစုံကို ဆင်ခြင်ပုံ။ ။ဘိနပ်,ဆီမီး,ထီး,ဖောင်ဖေါ့ စသည်နှင့်တကွ အလုံးစုံကို ဆင်ခြင်ပုံကား—

ဘိနပ် ဆီမီး၊ ထီး တောင်ဝှေးစ၊ ဟူသမျှကို၊ အေးမြ ခြစ်ပူ၊ မြေဂူ ဆူးငြောင့်၊ မနှောင့်ဘေးဘျမ်း၊ မသမ်းကင်းစင်၊ စိတ်ကြည်လင်၍၊ အားအင်ပြည့်မာ၊ သာသနာကို၊ ကောင်းစွာ ကျင့်ဆောင်၊ ဖြည့်နိုင်အောင်ဟု။ ။သုံးဆောင် မှီဝဲပါသတည်း။ ။မဟာပစ္စဝေက္ခဏာ ဆင်ခြင်ပုံဟန်။

## ပဋိက္ကူလသညာအားဖြင့် တပေါင်းတည်း ဆင်ခြင်ပုံ

ယထာပိ ဂူထသမ္ဘူတ္ဘာ၊ သဗ္ဗေ နဿန္တိ ဘောဂိကာ။
ဧဝံ သရီရသမ္ဘူတ္ခါ၊ အဟော ဇေဂုစ္ဆိယံ ဣဒံ။

ဂူထသမ္ဘူတ္ဘာ၊ မစင်စွန်းငြိ လူးလည်း ထိကုန်သော။ သဗ္ဗေ ဘောဂိကာ၊ အလုံးစုံသော အသုံးအဆောင်တို့သည်။ နဿန္တိ ယထာ၊ ပျက်စီးကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သရီရသမ္ဘူတ္ခါ၊ ကိုယ်နှင့်စပ်ကုန်သော။ သဗ္ဗေ ဘောဂိကာ၊ အလုံးစုံသော အသုံးအဆောင်တို့သည်။ နဿန္တိ၊ ပျက်စီးကုန်၏။ ဣဒံ သရီရံ၊ ဤကိုယ်သည်။ အဟော ဇေဂုစ္ဆိယံ၊ ဩ စက်ဆုပ်ဘွယ်ကောင်းစွတကား။

ဆောင်ပုဒ်လင်္ကာ။ ။ဘင်ပုပ်စွန်းက၊ သုံးမကျသို့၊ ကာယနှင့်စပ်၊ ရပ်ရပ်ခပင်း၊ အတွင်းအပ၊ သုံးသမျှပင်၊ ခဏချက်ခြင်း၊ ယိုယွင်းပြုန်းတီး၊ ပျက်စီးလေပါ၊ ဤခန္ဓာသည်။ ။ပမာဘင်စု အလားတည်း။

ယထာ ဝါ ဝိသဌာနမှိ၊ မိလာယန္တိ မဟီရုဟာ။
ဧဝံ သရီရသမ္ဘူတ္ခါ၊ သဗ္ဗေ နဿန္တိ ဘောဂိကာ။

ဝါ၊ တနည်းကား။ ဝိသ ဋ္ဌာနမှိ၊ အဆိပ်ကျရောက်ရာအရပ်၌။ မဟီရုဟာ၊ မြက်သစ်ပင်တို့သည်။ မိလာယန္တိ ယထာ၊ ပျက်စီးညှိုးမှိန်ကြကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ သရီရသမ္ဘူတ္ခါ၊ ကိုယ်နှင့်စပ်ကုန်သော။ သဗ္ဗေ ဘောဂိကာ၊ အလုံးစုံသော အသုံးအဆောင်တို့သည်။ နဿန္တိ၊ ပျက်စီးလေကုန်၏။

ဆောင်ပုဒ်လင်္ကာ။ ။ဆပ်နံ့စွန်းထိ၊ ပင်ရှိရှိတို့၊ နွမ်းရိသေရှုပ်၊ ကိုယ်နှင့်စပ်က၊ ရပ်ရပ်ခပင်း၊ အတွင်းအပ၊ သုံးသမျှပင်၊ ခဏချက်ခြင်း၊ ယိုယွင်းပြုန်းတီး၊ ပျက်စီးလေပါ၊ ဤ ခန္ဓာသည်။ ။ပမာဆိပ်တု အလားတည်း။ (ပဋိက္ကူလသညာ ဆင်ခြင်ဟန်)

## ဓာတုသညာအားဖြင့် ပေါင်း၍ ဆင်ခြင်ဟန်

ဓာတုမတ္တကမေ’ဝေ’တံ၊ ယဒိဒံ သဗ္ဗဘောဂိကံ။
တံ သဗ္ဗံ ပရိဘုဉ္ဇန္တော၊ သတ္တောပိ ဓာတုမတ္တကော။

ယဒိဒံ ယံ ဣဒံ သဗ္ဗဘောဂိကံ၊ အကြင်အလုံးစုံသော အသုံးအဆောင်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ သဗ္ဗံ၊ ထိုအလုံးစုံသည်။ ဓာတုမတ္တကံ၊ ဓာတ်လေးပါးမျှသာတည်း။ တံ သဗ္ဗံ၊ ထိုအလုံးစုံကို။ ပရိဘုဉ္ဇန္တော၊ ခံစားသုံးဆောင်သော။ သတ္တောပိ၊ သတ္တဝါသည်လည်း။ ဓာတုမတ္တကော၊ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမ ဇီဝမဟုတ် ဓာတ်ဘုတ်အစုမျှသာတည်း။

ဆောင်ပုဒ်လင်္ကာ။ ။ဘိနပ် ဆီမီး၊ ထီး တောင်ဝှေး စ၊ သုံးသမျှပင်၊ ဇီဝကင်းလတ်၊ သုံးဆောင်တတ်ပါ၊ သတ္တဝါလည်း၊ ငါသူတပါး၊ ယောကျ်ား မိန်းမ၊ ဇီဝမဟုတ်၊ ဘုတ်နှင့် ဘုတ်ချင်း၊ သုံးဆောင်လျှင်းသည်။ ။ချင်းချင်းမသိကြလေဘူးတကား။ (ဓာတုသညာ ဆင်ခြင်ဟန်)

ပစ္စယသန္နိဿိတသီလ ပြီး၏။

---

## စတုပါရိသုဒ္ဓိသီလလေးပါး စောင့်ထိန်းပုံ

ပါတိမောက္ခသံဝရသီလ။ ။ဤ ဆိုအပ်ခဲ့ ပြီးသော စတုပါရိသုဒ္ဓိသီလတို့တွင် ပါတိမောက္ခသံဝရသီလကို သာဝကဝိသယာတီတ ဖြစ်သောကြောင့် သဒ္ဓါတရားဖြင့်—

ယထာ ကိကီ စ စမရီ၊ ပုတ္တော’ကံ နယနံပိ စ။
ဧဝံ သီလံ နုရက္ခန္တာ၊ ပေသလာ ဟောထ ဂါရဝါ[၁]။

ဋ္ဌိတစမ္မော မဟာရာဇ၊ သမုဒ္ဒေါ ဝိယ သာဝကာ။
ပညတ္တံ နာ’တိက္ကမန္တိ၊ သိက္ခံ ဇီဝိတဟေတုပိ[၂]။

ကိကီ၊ ယစ်မသည်။ အဏ္ဍံ၊ မိမိ အဥကို။ ရက္ခတိ ယထာ စ၊ စောင့်ရှောက်သကဲ့သို့ငင်း။ စမရီ၊ စာမရီမည်သော သားသည်။ ဝါလဓိံ၊ မိမိ အမြီးကို။ ရက္ခတိ ယထာ စ၊ စောင့်ရှောက်သကဲ့သို့ငင်း။ ဧကပုတ္တကော၊ သားတယောက်၏ အဖသူကြွယ်သည်။ ဧကံ ပုတ္တံ၊ ချစ်လှစွာငြား တယောက်သားကို။ ရက္ခတိ

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၃၄-လာ ဂါထာကို တမျိုးပြန်စီထားသည်။
၂။ အင်္ဂုတ္တိုရ်ပါဠိတော်၊ တ၊ နှာ-၄၁-လာ စကားကို ဂါထာစီထားသည်။

ယထာ၊ စောင့်ရှောက်သကဲ့သို့ရှင်း။ ကေ နယနော၊ မျက်စိတဖက်သာ ရှိသော သူသည်။ ကေ နယနံ၊ ယင်း တဖက်သော မျက်လုံးကို။ ရက္ခတိ ယထာပိ စ၊ စောင့်ရှောက်သကဲ့သို့ရှင်း။ ဧဝံ တထာ၊ ထိုအတူ။ သီလံ၊ ပါတိမောက္ခသီလကို။ အနုရက္ခန္တာ၊ အစဉ် စောင့်ရှောက်ကုန်လျက်။ ဂါရဝါ၊ ခြောက်ပါးသော ဂါရဝ[၁] တရားရှိကုန်သည်ဖြစ်၍။ ပေသလာ၊ သီလကို ချစ်ကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော။

မဟာရာဇ၊ မင်းမြတ်။ သမုဒ္ဒေါ၊ သမုဒ္ဒရာရေသည်။ ဌိတဓမ္မော၊ တည်တံ့သော သဘောရှိသည်ဖြစ်၍။ နာတိက္ကမတိ ဝိယ၊ ကမ်းကို မလွန်ကျူးသကဲ့သို့။ သာဝကာ၊ အရိယာသင်း တပည့်ရင်းတို့သည်။ ပညတ္တံ၊ ပညတ်အပ်သော။ သိက္ခံ၊ သိက္ခာပုဒ်တော်ကို။ ဇီဝိတဟေတုပိ၊ အသက်ဟူသောအကြောင်းကြောင့်လည်း။ နာတိက္ကမန္တိ၊ မလွန်ကျူးကြကုန်။

ဤ ပါဠိ သင်္ဂဟဂါထာ လာသည်အတိုင်း နှလုံးထား၍ မဟာဝဇိရ ဝိဥ္စျာဠိ တောအုပ်တွင် ခိုးသူတို့ နှယ်ဖြင့် ချည်တုပ်အပ်သည်ဖြစ်၍ ခုနစ်ရက်ပတ်လုံး နှယ်ကို မဖြတ်ဘဲ ဝိပဿနာကို ပွါးကာ အနာဂါမ်တည်လျက် ဗြဟ္မာ့ပြည်သို့ လားသော မထေရ်၊ သိဟိုဠ်ကျွန်းဝယ် ထိုနည်းသဖွယ် နှယ်ကို မဖြတ်ဘဲ တောမီးလောင်လတ်၍ ဇီဝိတ သမသီသီ ရဟန္တာဖြစ်လျက် နိဗ္ဗာန်ခေတ်သို့ ဝင်သော မထေရ်များတို့အနေ ငြိးစေအပ်၏။

ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေ'ဝ ဇီဝိတံ ဇဟေ။
ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။

(ဝိသုဒ္ဓိ၊ အဋ္ဌကထာနိဿယသနိ၊ ပ၊ နှာ-၃၅။)

ပါတိမောက္ခံ၊ ပါတိမောက်ကို။ ဝိသောဓေန္တော၊ စင်ကြယ်စေလိုသော ရဟန်းသည်။ ဇီဝိတံအပိ၊ အသက်ကိုသော်လည်း။ ဇဟေဝ၊ စွန့်ရာသာလျှင်ကတည်း။ လောကနာထေန၊ မြတ်စွာဘုရားသည်။ ပညတ္တံ၊ ပညတ်တော်မူအပ်သော၊ သီလသံဝရံ၊ စောင့်ထိန်းအပ်သော သီလကိုကား။ န ဘိန္ဒေ၊ မဖျက်ဆီးရာ။

ပါတိမောက္ခသံဝရ သီလ စောင့်ထိန်းပုံ ငြိး၏။

---

၁။ ဂါရဝတရား ၆-ပါး။ ။ဂါရဝခြောက်ပါး။ အင်္ဂုတ္တိုရ်၊ ဒု၊ နှာ-၄၁၈ ၌ ဂါရဝတရား ၇-ပါးဟု လာရှိသည်။ ဤကျမ်း၌ သိက္ခာဂါရဝကို ယူပြီးဖြစ်သဖြင့် ကျန် ၆-ပါးကိုသာ ဖော်ပြဟန် တူသည်။ ဂါရဝတရား ၇-ပါးတို့ကား—(၁) သတ္တုဂါရဝ၊ (၂) ဓမ္မ၊ (၃) သံဃာ၊ (၄) သိက္ခာ၊ (၅) သမာဓိ၊ (၆) အပ္ပမာဒ၊ (၇) ပဋိသန္ထာရ။

## ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့်ပြည့်စုံစေပုံ

ဣန္ဒြိယသံဝရသီလကို သတိတရားဖြင့်—

အာဒိတ္တာယ စက္ခာဒီနံ၊ ဝရံ သမ္ပလိမဋ္ဌနံ။
န တု စက္ခာဒိဒွေ ယေျသု၊ နိမိတ္တဂ္ဂဟဏံ ဝရံ [၁]။

အာဒိတ္တာယ၊ အစ အဆုံး အားလုံးအချို ရဲရဲညီသော သံချောင်းဖြင့်။ စက္ခာဒီနံ၊ မျက်စိ စသည်တို့ကို။ သမ္ပလိမဋ္ဌနံ၊ ပတ်ချာဝန်းကျင် ဆွဲငင်ထိုးဖောက်ခြင်းသည်။ ဝရံ၊ မြတ်သေး၏။ စက္ခာဒိဒွေ ယေျသု၊ ရူပါရုံ စသည်တို့၌။ နိမိတ္တဂ္ဂဟဏံ၊ သုဘနိမိတ်စသည်ကို ယူခြင်းသည်။ န တု ဝရံ၊ မမြတ်သည်သာတည်း။

ဤ ပါဠိသင်္ဂဟ ပြအပ်သည့်အတိုင်း နှလုံးထား၍ အရှင်အာနန္ဒာနှင့်အတူ ဆွမ်းခံကြွသော ရဟန်းပြုသစ်စ ဝင်္ဂီသမထေရ်၊ ကုရဏ္ဍကလိုဏ်နေ စိတ္တဂုတ္တမထေရ်၊ မဟာမိတ္တမထေရ်မြတ်တို့ အနေ ပြီးစေအပ်၏။

ပါတိမောက္ခံပျ စိရဋ္ဌိ၊ အသံဝုတန္တု ဣန္ဒြိယံ။
စောရဂေါဏောဟိ ဟညန္တိ၊ ဂါမသဿာဝ ဝေဝဋ္ဌာ။ (သင်္ဂဟ)[၂]

ယထာ အဂါရံ ဒုစ္ဆန္နံ၊ ဝုဋ္ဌိ သမတိ ဝိဇ္ဈတိ။
ဧဝံ အဘာဝိတံ စိတ္တံ၊ ရာဂေါ သမတိ ဝိဇ္ဈတိ။

(ဓမ္မပဒ၊ နှာ-၁၄)

ဣန္ဒြိယံ၊ ဣန္ဒြေခြောက်ပါးကို။ အသံဝုတန္တု၊ မစောင့်ရှောက်မူကား။ ပါတိမောက္ခမ္ပိ၊ ပါတိမောက္ခသီလသည်လည်း။ အစိရဋ္ဌိ၊ ကြာရှည်မတည်။ ဝေဝဋ္ဌာ၊ တံခါးဟင်းလင်းပွင့်ကုန်သော။ ဂါမသဿာ၊ ရွာနီးကောက်ပင်တို့ကို။ စောရဂေါဏောဟိ၊ သူခိုး, နွားဆိုးတို့သည်။ ဟညန္တိ ဣဝ၊ လုယက် ဖျက်ဆီးအပ်ကုန်သကဲ့သို့တည်း။

ဒုစ္ဆန္နံ၊ အမိုးမလုံသော။ အဂါရံ၊ အိမ်ကို။ ဝုဋ္ဌိ၊ မိုးရေမိုးပေါက်သည်။ သမတိဝိဇ္ဈတိ ယထာ၊ ထိုးဖောက်ဝန်းကျင် စိမ့်ဝင်ယိုကျသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ အဘာဝိတံ၊ လောကုတ္တရာ ဘာဝနာ ကင်းသော။ ဝါ၊ သမထဝိပဿနာ တို့ဖြင့် မထုံအပ်သော။ စိတ္တံ၊ စိတ်ကို။ ရာဂေါ၊ ရာဂသည်။ သမတိ ဝိဇ္ဈတိ၊ ထိုးဖောက်၏။

ဤ ဒေသနာကား ဥက္ကဋ္ဌတည်း။

---

၁။ သဋ္ဌာယတနဝဂ္ဂသံယုတ်ပါဠိတော်(အာဒိတ္တပရိယာယသုတ်)၊နှာ-၃၃၇ လာ စကားကိုမှီ၍ ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၅ လာ စုဏ္ဏိယကို ဂါထာစီထားသည်။

အရှင်ဝင်္ဂီသထုံး။ ။စိတ်မည်သည် လျင်မြန်သော ဖြစ်ခြင်းရှိ၏၊ ဝင်္ဂီသမထေရ်သည် ပဥ္စင်းပျိုကာလက မာတုဂါမတယောက်ကို မြင်၍ ရာဂ ဥပါဒ်လာသည်တွင်—

ကာမရာဂေန ဍယှာမိ၊ စိတ္တံ မေ ပရိဍယှတိ။
သာဓု နိဗ္ဗာပနံ ဗြူဟိ၊ အနုကမ္ပာယ ဂေါတမ။

ဂေါတမ၊ ဂေါတမနွယ်လာ အသျှင်အာနန္ဒာ။ ကာမရာဂေန၊ ကာမဂုဏ်မှီး ရာဂမီးသည်။ အဟံ၊ အကျွန်ုပ်ကို။ ဍယှာမိ၊ လောင်အပ်၏။ မေ၊ အကျွန်ုပ်၏။ စိတ္တံ၊ စိတ်ကို။ ပရိဍယှတိ၊ လောင်အပ်၏။ သာဓု၊ တောင်းပန်ပါ၏။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ နိဗ္ဗာပနံ၊ ရာဂလိုက်ဆူ မီးပူငြိမ်းကြောင်းကို။ ဗြူဟိ၊ ဟောတော်မူပါလော-ဟု လျှောက်ရာတွင်—

သညာယ ဝိပရိယေသာ၊ စိတ္တံ တေ ပရိဍယှတိ။
နိမိတ္တံ ပရိဝဇ္ဇေဟိ၊ သုဘံ ရာဂူပသဉှိတံ။
အသုဘာယ စိတ္တံ ဘာဝေဟိ၊ ဧကဂ္ဂံ သုသမာဟိတံ။

သင်္ခါရေ ပရတော ပဿ၊ ဒုက္ခတော နော စ အတ္တတော။
နိဗ္ဗာပေဟိ မဟာရာဂံ၊ မာ ဍယှိတ္ထော ပုနပ္ပုနံ[၁]။

အာဝုသော၊ ငါ့သျှင်ဝင်္ဂီသ။ သညာယ၊ မတင့်တယ်သော အသုဘအာရုံ၌ တင့်တယ်သော သုဘဟူသောအမှတ်သညာ[၂]၏။ ဝိပရိယေသာ၊ ဖောက်ပြန်ခြင်းကြောင့်။ တေ၊ သင်၏။ စိတ္တံ၊ စိတ်သည်။ ပရိဍယှတိ၊ ပူလောင်၏။ ရာဂူပသဉှိတံ၊ ရာဂဖြစ်ကြောင်းဖြစ်သော။ သုဘံ နိမိတ္တံ၊ သုဘနိမိတ်ကို။ ပရိဝဇ္ဇေဟိ၊ နှလုံးမသွင်း ပယ်ခွင်းရှောင်ကြဉ်လော။ အသုဘာယ၊ အသုဘဘာဝနာဖြင့်။ စိတ္တံ၊ စိတ်ကို။ ဧကဂ္ဂံ၊ တခုတည်းသော အာရုံရှိအောင်။ သုသမာဟိတံ၊ ကောင်းစွာ တည်ကြည်ငြိမ်သက်အောင်။ ဘာဝေဟိ၊ ပွါးပစေလော။ သင်္ခါရေ၊ တေဘူမကသင်္ခါရတို့ကို။ ပရတော၊ လိုတိုင်းမရ သူစိမ်းပြင်ပတို့ဟူ၍။ ပဿ၊ ရှုဆင်ခြင်လော။ ဒုက္ခတော၊ အတည်မမြဲ ဖြစ်ခြင်းပျက်ခြင်းဖြင့် ညှဉ်းဆဲရကား ဆင်းရဲကုန်၏ဟူ၍။ နော စ အတ္တတော၊ လိုတိုင်းပိုင်သ အစိုးရသော ကိုယ်မဟုတ်ချေတကားဟူ၍။ ပဿ၊ ရှုဆင်ခြင်လော။ မဟာရာဂံ၊ သုံးဘုံဖျက်ဆီး အရာကျယ်သည့် ရာဂမီးကို။ နိဗ္ဗာပေဟိ၊ အစဉ်လျှောက်တက် အဆုံးမဂ်ဖြင့် ဖြိုဖျက်ငြိမ်းအေးစေလော။ ပုနပ္ပုနံ၊ ခုလိုနောင်ဘဲ အဖန်တလဲလဲ။ မာ ဍယှိတ္ထော၊ မလောင်အပ်စေလင့်။

---

၁။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၊ နှာ-၁၈၉ စသည်၌လာသောဂါထာ။

၂။ အသုဘ၌ သုဘ ဟု မှတ်ထင်သောသညာ။

ဤသို့ သျှင်အာနန္ဒာ ဟောပြောသည့်အခါ ရာဂကို ပယ်ဖျောက်၍ ဆွမ်းခံသွားမြဲ သွားလေ၏။ ထိုနည်းတူစွာ ဖြစ်ပေါ်လာသော ရာဂ စသည်ကို ကြာရှည်လက်မခံပဲ 'န ပုနေဝံ ကရိဿာမိ'[၁] ဟူသော အဓိဋ္ဌာနသဒ္ဒါ အသုဘမနသိကာရ စသည်တို့ဖြင့် ပယ်လှန်လျှင်ပင် ဣန္ဒြိယသံဝရ ပြည့်စုံတော့သည်။

**စိတ္တဂုတ်ထေရ်၏ထုံး။** ။ကုရဏ္ဍက မဟာလေဏဝါသီ စိတ္တဂုတ်ထေရ်လည်း ငှင်းလိုဏ်၌ ဘုရားခုနစ်ဆူတို့ တောထွက်ခန်း အဆန်းတကြယ်ကို အနှစ်ခြောက်ဆယ်တိုင်တိုင် နေ၍မှ မမြင်ဘူးခြင်း စသော ဂုဏ-သမ္ပတ္တိကို ကြားသည်နှင့် ရှိခိုးလို၍ သုံးကြိမ်တိုင်တိုင် မင်းက ပင့်ခေါ်ပါသော်လည်း မလာနေရှိ၍ သားငယ်နို့ဖို့ရှိသော အမိတို့ သားမြတ်ကို ဖွဲ့စည်းတံဆိပ်ခတ်ခါမှ မင်းနေရာ မဟာဂါမသို့ လာ၍ မင်းဟု-မိဖုရားဟု- နှလုံးမထား ရှိခိုးလာတိုင်း 'သုခီ ဟောတု မဟာရာဇ' ဟု- မေတ္တာပို့ ဆုပေးလျက် ခုနစ်ရက်ကြာသဖြင့် ကုရဏ္ဍကမဟာလေဏသို့ ပြန်၍ ညဉ့်ယံအခါ စင်္ကြံသို့ တက်၏။ လိုဏ်ဝ ကံ့ကော်ပင်နေ ရက္ခစိုးနတ်လည်း ဆီမီးတိုင် ကိုင်၍ ရပ်၏။ ထိုနေ့ သပ္ပါယကို ရသဖြင့် ကမ္မဋ္ဌာန်း အလွန် စင်ကြယ် ထင်ရှားရကား ဝမ်းပါးရှင်ပျံ မဋ္ဌိမယာမ်၏ အခြားမဲ့၌ မြေကြီးလျှောင် တောင်အပြင်ကို ပွဲတင်သံ ထပ်စေလျက် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

တသ္မာ အညောပိ အတ္တကာမော[၂] ကုလပုတ္တော—

မက္ကဋ္ဋောဝ အရညမှိ၊ ဝနေ ဘန္တော မိဂေါ ဝိယ။
ဗာလော ဝိယ စ ဥတြဿော၊ န ဘဝေ လောလလောစနော။

အဓော ခိပေယျ စက္ခူနိ၊ ယုဂမတ္တဒသော သိယာ။
ဝနမက္ကဋ္ဋ လောလဿ၊ န စိတ္တဿ ဝသံ ဝဇေ။

ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာနုသာသနီ၊ပ၊ နှာ-၃၇။

တသ္မာ၊ ထို့ကြောင့်။ အတ္တကာမော၊ အကျိုးကိုလိုသော။ အညောပိ ကုလ-ပုတ္တော၊ တပါးသော အမျိုးကောင်းသားသည်လည်း။

အရညမှိ၊ တော၌။ မက္ကဋ္ဋော ဣဝ၊ မျောက်ကဲ့သို့ငှင်း။ ဝနေ၊ တော၌။ ဘန္တော၊ မတည်မရပ်လန့်ဖျပ်တုန်လှုပ်သော။ မိဂေါ ဝိယ၊ သမင်ကဲ့သို့ငှင်း။ ဥတြဿော၊ မျိုးဆွေနှင့်ကင်း ကြောက်ခြင်းပြင်းသော။ ဗာလော ဝိယ စ၊ သူငယ်ကဲ့သို့ငှင်း။ လောလလောစနော၊ လျှပ်ပေါ်လော်လည် မတည်ကြည်သော မျက်စိရှိသည်။ န ဘဝေ၊ မဖြစ်ရာ။

---

၁။ တဖန်-ဤသို့-မပြုတော့အံ့။ ၂။ အတ္တတ္ထကာမော-ဆဋ္ဌမူ။

စက္ခုနိ၊ မျက်စိတို့ကို။ အခေ၊ အောက်သို့။ ခိပေယျ၊ ချရာ၏။ ယုဂမတ္တ-ဒဿာ၊ လေးတောင်ပိုင်းခြား ရထားထမ်းပိုးတပြန်မျှသာ ကြည့်သည်။ သိယာ၊ ဖြစ်ရာ၏။ ဝန မက္ကဋ္ဌ လောလဿ၊ တောမျောက်ပမည် လော်လည်သော။ စိတ္တဿ၊ စိတ်၏။ ဝသံ၊ အလိုနိုင်ငံ သူ့အကြံသို့။ န ဝဇေ၊ မလိုက်ရာ။

မဟာမိတ္တထေရ်၏ထုံး။　　။မဟာမိတ္တ မထေရ်လည်း အမိအား သားမြတ်နာ ဖြစ်ကြောင်းကို နှမ ဘိက္ခုနီမ လာရောက် လျှောက်ထားရာ 'ငါ ဆေးဝါး မဖော်တတ်ချေ၊ ငါ၏ သစ္စာစကားကို ပြောဆို၍ အမိကိုယ်ကို လက်ဖြင့် သုံးသပ်လေလော'ဟု ဆို၍—

လောဘသံယုတ္တ စိတ္တေန၊ ယတော ပဗ္ဗဇိတော အဟံ။
အနောလောကိတပုဗ္ဗောဝ၊ ထိရူပံ ဘိန္နဣန္ဒြိယော [၁]။

(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၃၈)

အဟံ၊ ငါသည်။ ယတော၊ အကြင်အခါ၌။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တတော၊ ထိုအခါမှစ၍။ လောဘသံယုတ္တစိတ္တေန၊ လောဘနှင့် ယှဉ်သောစိတ်ဖြင့်။ ဘိန္နဣန္ဒြိယော၊ ဣန္ဒြေကို ဖောက်လျက်။ ထိရူပံ၊ မိန်းမအဆင်းကို။ အနောလောကိတပုဗ္ဗောဝ၊ မကြည့်စဘူးသည်သာတည်း။

ဤအဓိပ္ပါယ်ဖြင့် သစ္စာစကားကို ပေးလိုက်၏။ ထိုခဏ၌ ရေမြှုပ်ပမာ သားမြတ်နာသည် လျင်စွာ ပျောက်ကွယ်ကြေကျ ရုတ်ခြည်းထ၍—

သစေ ဓရေယျ သမ္ဗုဒ္ဓေါ၊ ကသ္မာ ပုတ္တသမဿ မေ။
ဇာလစိတြေန ဟတ္ထေန၊ သီရသံ န ပရာမသေ [၂]။

ဟု မြွက်ဟ ချီးမွမ်း၏။

သမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသခင်သည်။ သစေ ဓရေယျ၊ အကယ်၍ သက်တော်ထင်ရှား ရှိငြားအံ့။ မေ၊ ငါ၏။ ပုတ္တသမဿ၊ သားနှင့်တူသော ရဟန်းမြတ်၏။ သီရသံ၊ ဦးခေါင်းကို။ ဇာလစိတြေန၊ တရာ့ရှစ်ကွက် ရွှေကွန်ရက် သဖွယ် စက်လက္ခဏာ အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်သော။ ဟတ္ထေန၊ ရွှေလက်တော်ဖြင့်။ ကသ္မာ၊ အဘယ့်ကြောင့်။ န ပရာမသေ၊ မသုံးသပ်ပဲ ရှိချေအံ့နည်း။

---

၁။ 'အဟံ ယတော။ပ။ဩလောကိတပုဗ္ဗံ'ဟူသော စုဏ္ဏိယစကားကို မှီ၍ ဂါထာစီထားသည်။

၂။ 'သစေ။ပ။ပရာမသေယျ' စုဏ္ဏိယကို ဂါထာစီထားသည်။ (ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၈)

တသ္မာ—

ကုလပုတ္တမာနီ အညောပိ၊ ပဗ္ဗဇိတ္ဝာန သာသနေ။
မိတ္တတ္ထေရောဝ တိဋ္ဌေယျ၊ ဝရေ ဣန္ဒြိယသံဝရေ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာနုသာသနီ၊ပ၊နှာ-၃၈။

တသ္မာ၊ ထို့ကြောင့်။ ကုလပုတ္တမာနီ၊ 'ငါ အမျိုးကောင်းသားတည်း'ဟု မှတ်ထင်သော။ အညောပိ၊ တပါးသော ပုဂ္ဂိုလ်သည်လည်း။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာန၊ ရဟန်းပြုပြီး၍၊ မိတ္တတ္ထေရောဝ၊ မဟာမိတ္တထေရ် ကဲ့သို့။ ဝရေ၊ မြတ်သော။ ဣန္ဒြိယသံဝရေ၊ ဣန္ဒြိယသံဝရသီလ၌။ တိဋ္ဌေယျ၊ တည်ရာ၏။

ဣန္ဒြိယသံဝရသီလ စောင့်ထိန်းပုံ ပြီး၏။

---

အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့် ပြည့်စုံစေပုံ

အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယဖြင့်—

အနေသနာယ စိတ္တမ္ပိ၊ အဇနေတွာ ဝိစက္ခဏော။
အာဇီဝံ ပရိသောဓေယျ၊ သဒ္ဓါပဗ္ဗဇိတော ယတိ။

ဝိစက္ခဏော၊ ပညာရှိသော။ သဒ္ဓါပဗ္ဗဇိတော၊ သဒ္ဓါ၍ရဟန်းပြုသော။ ယတိ၊ ရဟန်းသည်။ အနေသနာယ၊ မသင့်မအပ် မလျော်ကပ်သော ရှာမှီးခြင်း၌။ စိတ္တမ္ပိ၊ စိတ်ကိုမျှလည်း။ အဇနေတွာ၊ မဖြစ်စေမူ၍။ အာဇီဝံ၊ အသက်မွေးခြင်းကို။ ပရိသောဓေယျ၊ ထက်ဝန်းကျင်မှ သုတ်သင် ရှင်းလင်းရာ၏။

မှီဝဲထိုက်သောပစ္စည်း။ ။ဤဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပ၊နှာ-၄၃-လာ)အနုသာသနီ စကားကို နှလုံးထား၍ ဓုတင်အား မလျော်ကပ်ဝိနည်းနှင့်မအပ်သည်ကို ပယ်ခွါ၊ ပရိသုဒ္ဓါသယဖြင့် ပြုအပ်သော ဓမ္မဒေသနာ, ဗာဟုသစ္စ,ဝတ္တပရိပူရဏ, ဣရိယာပထသမ္ပတ္တိ စသည်တို့ကြောင့် ရသော ပရိသုဒ္ဓပ္ပါဒပစ္စည်း[၁]။ ပိဏ္ဍပါတစရိယာ, မိတ္တသုဟဇ္ဇ, ပံသုကူလစရိယာစသည်တို့ ဖြင့် ရသော အတိပရိသုဒ္ဓုပ္ပါဒပစ္စည်း[၁]တို့ကို မှီဝဲကာ သာရိပုတြာမထေရ်, အမ္ဗခါဒက မဟာတိဿ မထေရ်မြတ်တို့ပုံ ပြည့်စုံစေအပ်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၈ စ၍ အကျယ်ရှုပါ။

မအပ်သော ပစ္စည်းရကြောင်း ၄ ပါး။　　။ထိုတွင် ဆွမ်း, သက်နိုး၌ နိမိတ်, ဩဘာ, ပရိယာယ်, ဝိညတ်[၁] လေးပါးလုံး မအပ်၊ ကျောင်း၌ကား ဝိညတ်သာ မအပ်။

တတ္ထ နိမိတ္တံ နာမ ဝိဟာရဘူမိသောဓနံ ကာရေကော နတ္ထီတိ ဝစနဥ္စ။ ဩဘာသော နာမ ကိံ ဘိက္ခူနံ ပါသာဒေါ န ဝဋ္ဋတီတိ ဝစနံ။ ပရိကထာ နာမ သေနာသနံ သမ္ဗာဓန္တိ ဝစနံ။

ဝိသုဒ္ဓိမဂ်၊ ဋ၊ ပ၊ နှာ-၃၉။

နိမိတ္တ ရှင်းချက်အကျယ်။　　။တတ္ထ၊ ထိုလေးပါးတို့တွင်။ နိမိတ္တံ နာမ၊ ပစ္စည်းရမှုသိကြောင်းပြုခြင်း မည်သည်ကား။ ဝိဟာရဘူမိသောဓနံ၊ ကျောင်းရာမြေ ပြင်ဆင်သုတ်သင်ခြင်းငှါ။ ကာရကော၊ ဆောက်လုပ်မည့်ဒါယကာသည်။ နတ္ထိ၊ မရှိ။ ဣတိဝစနဥ္စ၊ ဤသို့စသည်ကို ဆိုခြင်းငှါတည်း။

ဩဘာသ။　　။ဩဘာသောနာမ၊ အဖြောင့်မဆို အလိုကိုပြခြင်းမည်သည်ကား။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ပါသာဒေါ၊ ပြာသာဒ်သည်။ န ဝဋ္ဋတိ ကိံ၊ မအပ်လို့ မလှူပဲနေသလော။ ဣတိဝစနံ၊ ဤသို့သောစကားတည်း။

ပရိယာယ်။　　။ပရိကထာနာမ၊ ပရိယာယ်ဆိုခြင်းမည်သည်ကား။ သေနာသနံ၊ အိပ်ရာ နေရာကျောင်းသည်။ သမ္ဗာဓံ၊ ကျဉ်းမြောင်း၏။ ဣတိဝစနံ၊ ဤသို့စသည်ကို ဆိုခြင်းတည်း။

ဆေး၌ကား လေးပါးလုံးပင် အပ်၏။ အနာပျောက်သည့်အခါ သုံးဆောင်လျှင် အာပတ် မသင့်၊ မိစ္ဆာဇီဝကား ဖြစ်၏။

သုတ္တန္တိကာ ပန ကိဥ္စာပိ အာပတ္တိ နတ္ထိ၊ အာဇီဝံ ပန ကောပေတိ၊ တသ္မာ န ဝဋ္ဋတိစ္စေဝ ဝဒန္တိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ပ၊ နှာ-၃၉။

န ဝဋ္ဋတီတိ သလ္လေခပ္ပဋိပတ္တိယံ ဌိတဿ န ဝဋ္ဋတိ၊ သလ္လေခံ ကောပေတီတိ အဓိပ္ပါယော။ အာဇီဝံ ပန ကောပေတီတိ ဣမိနာ ဝ သေနာသနပ္ပဋိသံယုတ္တ ဓုတင်္ဂရေဿ နိမိတ္တာဒယော န ဝဋ္ဋန္တီတိ ဝဒန္တိ။ တဒညဓုတင်္ဂဓရဿာပိ န ဝဋ္ဋန္တိယေဝါတိ အပရေ။

ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ ပ၊ နှာ-၆၉။

---

၁။ ဝိညတ်=တိုက်ရိုက်အလှူခံ တောင်းဆိုခြင်း (နိမိတ်, ဩဘာသ, ပရိယာယ်တို့မှာ စကားအရိပ် နိမိတ်ပြကာ သွယ်ဝိုက်သောနည်းဖြင့် အလှူခံခြင်းတို့ဖြစ်သည်)။

သုတ္တန္တိကာ ပန၊ သုတ္တန်ဆောင်ဆရာတို့သည်ကား။ အာပတ္တိ၊ အာပတ်သည်။ ကိဥ္စာပိ နတ္ထိ၊ အကယ်၍ကား မရှိ။ ပန၊ ယင်းသို့ မရှိသော်လည်း။ အာဇီဝံ၊ သမ္မာအာဇီဝကို။ ကောပေတိ၊ ဖျက်ဆီး၏။ တသ္မာ၊ ထို့ကြောင့်။ န ဝဋ္ဋတိ၊ မအပ်။ ဣတိဝေ၊ ဤသို့သာလျှင်။ ဝဒန္တိ၊ ဆိုကြကုန်၏။

န ဝဋ္ဋတီတိ၊ ဟူသည်ကား။ သလ္လေခပဋိပတ္တိယံ၊ သလ္လေခအကျင့်၌။ ဌိတဿ၊ တည်သူအား။ န ဝဋ္ဋတိ၊ မအပ်။ သလ္လေခံ၊ ကိလေသာကို ပါးစေတတ်သော သမ္မာအာဇီဝအကျင့်ကို။ ကောပေတိ၊ ပျက်စေတတ်၏။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ သုတ္တန်ဆောင်ဆရာတို့ အလိုတည်း။

အာဇီဝံ ပန ကောပေတီတိ ဣမိနာဝ၊ ဟူသော ဆေး၌လာသော ဤစကားဖြင့်လျှင်။ သေနာသနပဋိသံယုတ္တ ဓုတင်္ဂရေဿ၊ ကျောင်းနှင့်စပ်သော ဓုတင်ငါးပါးကို ဆောင်သူအား။ နိမိတ္တာဒယော၊ နိမိတ်စသည်တို့သည်။ ဝါ၊ နိမိတ်စသည်ကိုပြု၍ ရသော ကျောင်းတို့သည်။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ တဒညဓုတင်္ဂရေဿ ပိ၊ ထိုမှအခြား ဓုတင်ရှစ်ပါးကို ဆောင်သော ပုဂ္ဂိုလ်အားလည်း။ န ဝဋ္ဋန္တိယေဝ၊ မအပ်ကုန်သည်သာတည်း။ ဣတိ၊ ဤသို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

**အာဇီဝပါရိသုဒ္ဓိသီလနှင့် အရှင်သာရိပုတြာ၏ ထုံး။** ။တခုတည်းသော ရောဂါ ပျောက်စေခြင်းငှါ ပုတိ

ဟရီဋကာ[1] စတုမဓုတို့ကို ရလျှင် စတုမဓုကို သိတင်းသုံးဘော်တို့အား လှူ၍ နွားကျင်စိမ်နှီး ဖန်ခါးသီးကိုသာ သုံးဆောင်လျက် ဘုရားခွင့်ပြုတော်မူအပ်သော နိမိတ် ဩဘာစသည်ကိုသော်လည်း မပြုပဲ အပ္ပိစ္ဆတာ စသော ကျေးဇူးကိုသာ မှီလျက် အသက်ပင် သေစေကာ ဩဘာ စသည်ကို ကြဉ်ရှောင်၍သာလျှင် စင်ကြယ်စွာဖြစ်သော ပစ္စည်းကို မှီဝဲသော ရဟန်းကိုကား သာရိပုတြာ ထေရ်မြတ်ပမာ ဥတ္တမ အရိဝံသိက[2] ပရမသလ္လေခဝုတ္တိ[3] ဟု ဆိုအပ်၏။

သာရိပုတြာထေရ်မြတ်သည် အရဟတ္တဖလ ပဋိပဿဒ္ဓိ ဝိဝေက[4] ကို ပွါးစေလျက် အသျှင်မောဂ္ဂလာန်နှင့် တကွ အရညာယတန၌ နေရာ ဝမ်းလေနာနှိပ်စက်၍ လျောင်းလျက်နေသည်ကို ထေရ်မောဂ္ဂလာန် မေးသည်နှင့် ရှေးလူစဉ်က

၁။ နွားကျင်ငယ်ရည်ဖြင့် စိမ်ထုံအပ်သည့် ဖန်ခါးသီး။

၂။ ဥတ္တမ အရိယဝံသိက= (ဥတ္တမ၊အရိယ၊ဝံသ၊ဣက) မြင့်မြတ်သော အရိယာအနွယ်ရှိသူ၊ မြင့်မြတ်သော အကျင့်ရှိသူ၊ မြင့်မြတ်သော အကျင့်၌ အမြဲယှဉ်သူ။

၃။ ပရမသလ္လေခဝုတ္တိ=အလွန်ခေါင်းပါးသော အကျင့်ရှိသူ။ (ပရမ=အလွန်။သလ္လေခ-ခေါင်းပါးသော။ ဝုတ္တိ=အကျင့်, အလေ့, အသက်မွေးခြင်း)

၄။ ပဋိပဿဒ္ဓိ=ဖိုလ် (ပဋိပဿဒ္ဓိ ဝိဝေက=ဖလသမာပတ်)။

အမိပေးအပ်သော ထောပတ် ပျားသကာ စသည်တို့နှင့် နှော၍ ရေမရောသော ကဏာ[၁] နို့ဆွမ်းဖြင့် ချမ်းသာဘူးသည်ဟု ပြောသောစကားကို စကြိုစွန်းနေ ရကုစိုးနတ်ကြား၍ ထေရုပဋ္ဌာကဇေဋ္ဌပုတ္တ[၂] ကို ပူးဝင်ကာ ကဏာနို့ဆွမ်းကို လှူဒါန်းအောင် ပြုသည်ကို မထေရ်မြတ် သိ၍ 'အပရိဘောဂါရဟော ပိဏ္ဍ-ပါတော'[၃] ဟုမိန့်လျှင် ရှင်မောဂ္ဂလာန် သွန်မှောက် မြေသို့ရောက်ခြင်း ဝမ်းလေ နာသည် လေးဆဲ့လေးဝါတိုင်အောင် နောင်တဖန် မပေါ်ပေါက် အကြွင်းမဲ့ ကွယ်ပျောက်၍ အသျှင်မောဂ္ဂလာန်ကို အကြောင်းပြန်ပြောလျက်—

ဝစီဝိညတ္တိဝိပ္ဖါရာ၊ ဥပ္ပန္နံ မဓုပါယသံ။
သစေ ဘုတ္တော ဘဝေယျာ'ဟံ၊ သာဇီဝေါ ဂရဟိတော မမ။

ယဒိပိ မေ အန္တဂုဏံ၊ နိက္ခမိတွာ ဗဟိစ္စရေ။
နေဝ ဘိန္ဒေယျံ မာဇီဝံ၊ စဇမာနောပိ ဇီဝိတံ။

အာရာဓေမိ သကံ စိတ္တံ၊ ဝိဝဇ္ဇေမိ အနေသနံ။
နာ'ဟံ ဗုဒ္ဓပဋိကုဋ္ဌံ၊ ကာဟာမိ စ အနေသနံ။

(ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၄၀)

ဟူသော ဥဒါန်း သုံးဂါထာတို့ကို မြွက်ဆိုကျူးရင့်တော်မူ၏။

အဟံ၊ ငါသည်။ ဝစီဝိညတ္တိဝိပ္ဖါရာ၊ နှုတ်မြွက်ခြင်းကြောင့်။ ဥပ္ပန္နံ၊ ရသော။ မဓုပါယာသံ၊ ချိုမြိန်လှစွာ နို့ကဏာကို။ ဘုတ္တော၊ စားမိသည်။ သစေ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ မမ၊ ငါ၏။ အာဇီဝေါ၊ အသက်မွေးခြင်း သည်။ ဂရဟိတော၊ ကဲ့ရဲ့အပ်သည်။ အဿ၊ ဖြစ်ရာတော့မည်။

မေ၊ ငါ၏။ အန္တဂုဏံ၊ အူခွေသည်။ နိက္ခမိတွာ၊ ထွက်၍။ ဗဟိ၊ ပြင်ပ၌။ ယဒိပိ စရေ၊ ကျက်စားရအောင် သွားလာလှည့်ပတ်စေကာမူ။ ဇီဝိတံ၊ အသက် ကို။ စဇမာနောပိ၊ စွန့်ရသော်လည်း။ အာဇီဝံ၊ အာဇီဝပါရိသုဒ္ဓိသီလကို။ နေဝ ဘိန္ဒေယျံ၊ မဖျက်ဆီးအံ့သည်သာ။

---

၁။ ကဏာ=နွားနက်မ (နွားနက်မ၏ နို့သည် အခြား နွားနို့များထက် ပို၍ ချို ဆိမ့်သည်ဟု ဆိုသည်။)

၂။ ထေရုပဋ္ဌာက ဇေဋ္ဌ ပုတ္တ= (ထေရ၊ ဥပဋ္ဌာက၊ ဇေဋ္ဌပုတ္တ) အရှင်သာရိပုတ္တရာထေရ် ၏ အလုပ်အကျွေးဒါယကာ၏ သားကြီး။

၃။ အပရိဘောဂါရဟ ပိဏ္ဍပါတ=(အ=မ။ ပရိဘောဂ=သုံးဆောင်သည်။ အရဟ= ထိုက်သော။ ပိဏ္ဍပါတ=ဆွမ်းအာဟာရ) မသုံးဆောင်ထိုက်သော အာဟာရ။ (ပိဏ္ဍပါတပုဒ်၏ အဖွင့်ကို ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ ၃၀-၌ ရှုပါ)။

သကံ စိတ္တံ၊ မိမိစိတ်ကို။ အာရာဓေမိ၊ အရင်းမှစ၍ အလိုဉ် ဖြစ်စေအံ့။ အနေသနံ၊ မသင့်သော ရှာမှီးခြင်းကို။ ဝိဝဇ္ဇေမိ၊ အထူးရှောင်ကြဉ်အံ့။ အဟံ၊ ငါသည်။ ဗုဒ္ဓပဋိကုဋ္ဌံ၊ ဘုရားစက်ဆုပ်တော်မူအပ်သော။ အနေသနံ၊ မသင့်သော ရှာမှီးခြင်းကို။ န ကာဟာမိ စ၊ မပြုအံ့သည်သာတည်း။

**အာဇီဝပါရိသုဒ္ဓိသီလနှင့် မဟာတိဿထေရ်၏ထုံး။** ။အမ္ဗခါဒက မဟာတိဿ ထေရ်မြတ်လည်း ခရီးလမ်း၌ ဆွမ်းပြတ် ပင်ပန်းလှ၍ ဖလိတမ္ဗရုက္ခမူလ၌ လျောင်းနေရာ တကာအိုကြီး တယောက် လာပြီးလျှင် သရက်သီးအဖျော်ကို ကပ်၍ ကျောက်ကုန်းပိုး လျက် နေရပ်သို့ ဆောင်ကြဉ်းရာ—

န ပိတာ နာပိ တေ မာတာ၊ န ဉာတိ နာပိ ဗန္ဓဝေါ။
ကရောတေ'တာဒိသံ ကိစ္စံ၊ သီလဝန္တဿ ကာရဏာ[၁]။

ဟု ကိုယ်တော်ကို ဆုံးမကာ ဝိပဿနာကို ပွါးလျက် အစဉ်အတိုင်း တက်၍ အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။

အာဇီဝပါရိသုဒ္ဓိသီလ စောင့်ထိန်းပုံ ပြီး၏။

---

## ပစ္စယသန္နိဿိတသီလကို စောင့်ထိန်းပုံ

ပစ္စယသန္နိဿိတသီလကို ဘာဂိနေယျ[၂] သံဃရက္ခိတ သာမဏေ အသွင် ပညာဖြင့်ဆင်ခြင်၍ ဓမ္မေန ပဋ္ဌပစ္စယတို့ကို သုံးဆောင်လျက် ပြီးစေရမည်။

**ကာလ ၂-ပါး။** ။ထိုသို့ ဆင်ခြင်ခြင်းသည် ပဋိလာဘကာလ, ပရိဘောဂ ကာလ[၃] အားဖြင့် နှစ်ပါး ပြား၏။ ထိုတွင်—

**ပဋိလာဘကာလ၌—**

ပဋိလာဘကာလေပိ ဟိ ဓာတုဝသေန ဝါ ပဋိကူလဝသေန ဝါ ပစ္စဝေက္ခိတွာ ဌပိတာနိ စီဝရာဒီနိ တတော ဥတ္တရိ ပရိဘုဉ္ဇန္တဿ အနဝဇ္ဇောဝ ပရိဘောဂေါ၊ ပရိဘောဂကာလေပိ။

---

၁။ ဤကျမ်း၊ဒုါစာမျက်နှာ-၃၇ ပြန်ရှုပါ။

၂။ ဘာဂိနေယျ=နှမ၏သား (သံဃရက္ခိတထေရ်၏တူ)။

၃။ ပဋိလာဘ ကာလ=ရသောကာလ။ ပရိဘောဂ ကာလ=သုံးဆောင်သောကာလ။

ဟူသောအဋ္ဌကထာ (၊ပ၊နှာ-၄၁) ဝယ် ရစ ကာလ ဆင်ခြင်က နောင် ဆင်ခြင်ဘွယ် မရှိဟု အဓိပ္ပါယ် အယူ တိမ်းတတ်သည်။

'ဓါတုဝသေန ဝါ' တိ "ယထာပစ္စယံ ဝတ္တမာနံ ဓါတုမတ္တက မေဝေတံ၊ ယဒိဒံ စီဝရာဒိ, တဒုပဘုဉ္ဇကော စ ပုဂ္ဂလော" တိ ဧဝံ ဓါတု မနသိကာရဝသေန ဝါ။ 'ပဋိကူလဝသေန ဝါ'တိ ပိဏ္ဍပါတော တာဝ အာဟာရေ ပဋိကူလသညာဝသေန၊ "သဗ္ဗာနိ ပန ဣမာနိ စီဝရာဒီနိ အဇိဂုစ္ဆနီယာနိ၊ ဣမံ ပူတိကာယံ ပတွာ အတိဝိယ ဇိဂုစ္ဆနီယာနိ ဇာယန္တိ" တိ ဧဝံ ပဋိကူလမနသိကာရဝသေန ဝါ။ 'တတော ဥတ္တရိံ နတ္ထိ ပဋိလာဘကာလတော ဥပရိ။ 'အနဝဇ္ဇော ဝ ပရိဘောဂေါ' အာဒိတော ဝ ပညာယ ပရိသောဓိတတ္တာ အဓိဋ္ဌဟိတွာ ဌပိတပတ္တစီဝရာနံ ဝိယာတိ။ ပစ္စဝေက္ခဏာယ အာဒိသုဒ္ဓိဒဿနပရ မေတံ၊ န ပရိဘောဂကာလေ ပစ္စဝေက္ခဏာ ပဋိက္ခေပပရံ။ တေနာဟ 'ပရိဘောဂကာလေပိ'တိအာဒိ[၁]။

ဤသို့ မဟာ ဋီကာ (၊ပ၊နှာ-၇၁,၂) ဖွင့်ရကား ရစ ကာလ၌သာ ဆင်ခြင်၍ သုံးဆောင်သနေ့၌ မဆင်ခြင်မူ အာဒိသုဒ္ဓိ အစွမ်းဖြင့် အပြစ်မရှိ။ ပရိဘောဂသုဒ္ဓိမရှိရကား ဣဏပရိဘောဂ မလွတ် မှတ်ရမည်။ အဋ္ဌကထာ နောက်စကားကိုလည်း ထောက်။ ဆေးပစ္စည်းကိုလည်း ထောက်။

ဟိ၊ ချဲ့ဦးအံ့။ ပဋိလာဘကာလေပိ၊ ရသောကာလ၌လည်း။ ဓါတုဝသေန ဝါ၊ ဓါတ်၏အစွမ်းဖြင့်သော်ငင်း။ ပဋိကူလဝသေန ဝါ၊ ရွံရှာစက်ဆုပ်ဖွယ် အဖြစ်ဖြင့်သော်ငင်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ဌပိတာနိ၊ ထားအပ်ကုန်သော။ စီဝရာဒီနိ၊ သင်္ကန်းစသည်တို့ကို။ တတော ဥတ္တရိံ၊ ထိုရသည်မှ နောက်၌။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်း၏။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ အနဝဇ္ဇော ဝ၊ ရှေ့ပြစ်အားဖြင့် အပြစ်မရှိသည်သာတည်း။ (နောက်ပြစ်လည်း မရှိအောင်ကား သုံးဆောင်သောအခါ ဆင်ခြင် ဟူလို)

ပရိဘောဂ ကာလေပိ၊ သုံးဆောင်သောကာလ၌လည်း။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ပရိဘုဉ္ဇန္တဿ၊ သုံးဆောင်သောရဟန်း၏။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ အနဝဇ္ဇော ဝ၊ ပရိဘောဂသုဒ္ဓိဖြစ်၍ ဣဏပရိဘောဂမဖြစ် အပြစ်မရှိသည်သာတည်း။

**ဓါတုဝသေန ဝါတိ**၊ ဟူသည်ကား။ ယထာပစ္စယံ၊ အကြောင်းအားလျော်စွာ။ ဝတ္တမာနံ၊ ဖြစ်ပေါ်လာသော။ ယဒိဒံ ယံ ဣဒံ စီဝရာဒိ၊ အကြင် သင်္ကန်းစသောဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ထိုသင်္ကန်းစသောဝတ္ထုသည်။

၁။ ဆဋ္ဌမူနှင့် အတန်ငယ်-ကွဲသည်။

ဓာတုမတ္တကံ၊ သတ္တ ဇီဝါ ငါ သူတပါး လားလား မဟုတ် ဓာတ်ရုပ် အစုမျှသာတည်း။ တဒုပ ဘူဠကော၊ ထိုသက်နီးစသည်ကို သုံးဆောင်သော။ ပုဂ္ဂလော စ၊ ပုဂ္ဂိုလ်သည်လည်း။ ဓာတုမတ္တကော၊ ဓာတ်ရုပ်အစုမျှသာတည်း။ ဣတိဝေံ၊ ဤသို့။ ဓာတုမနသိကာရဝသေန ဝါ၊ မဟာဘုတ်လေးခု ဓာတ်အစုကို နှလုံးပြုသည်၏ အစွမ်းဖြင့်သော်ရင်း။

**ပဋိကူလဝသေန** ဝါတိ၊ ဟူသည်ကား။ ပိဏ္ဍပါတော၊ ဆွမ်းကို။ တာဝ၊ ရှေးဦးစွာ။ အာဟာရေ၊ အာဟာရ၌။ ပဋိကူလသညာဝသေန၊ စက်ဆုပ်ဖွယ် ဟူသော အမှတ်သညာ၏ အစွမ်းအားဖြင့်။ သဗ္ဗာနိ ပန၊ ပစ္စည်းလေးပါးလုံးတို့ကို ကား။ ဣမာနိ စီဝရာဒီနိ၊ ဤသက်နီးစသည်တို့သည်။ အဇိဂုစ္ဆနီယာနိ၊ ပကတိ အားဖြင့် စက်ဆုပ်ဘွယ် မရှိကုန်။ ဝါ၊ မရှိကုန်သော။ ဣမာနိ စီဝရာဒီနိ၊ ဤ သက်နီးစသည်တို့သည်။ ဣမံ ပူတိကာယံ၊ ဤခန္ဓာကိုယ်ယုတ် အကောင်ပုပ်သို့။ ပတွာ၊ ရောက်သည်ရှိသော်။ ဝါ၊ ရောက်သောကြောင့်။ အတိဝိယဇိဂုစ္ဆနီယာနိ၊ အလွန်လျှင် စက်ဆုပ် ရွံရှာ ထွီဘွယ်ရာ ရှိကုန်သည်။ ဇာယန္တိ၊ ဖြစ်ချေကုန်၏ တကား။ ဣတိဝေံ၊ ဤသို့။ ပဋိကူလမနသိကာရဝသေန ဝါ၊ စက်ဆုပ် ရွံရှာ ထွီ ဘွယ်ရာအစုကို နှလုံးပြုသည်၏ အစွမ်းဖြင့်သော်ရင်း။

**တတော ဥတ္တရိန္တိ**၊ ဟူသည်ကား။ ပဋိလာဘ ကာလတော၊ ရသောကာလမှ။ ဥပရိ၊ အထက်သုံးဆောင်သည့်ကာလ၌။ အာဒိတော၀၊ ရစ ကပင်။ ပညာယ၊ ပညာဖြင့်။ ပရိသောဓိတတ္တာ၊ တဏှာမဝင်ရအောင် ထက်ဝန်းကျင် သုတ်သင် အပ်ပြီးသည်၏ အဖြစ်ကြောင့်။ အနဝဇ္ဇော၀၊ အစပြစ်အားဖြင့် အပြစ်မရှိသည် သာလျှင် ဖြစ်သော။ ပရိဘောဂေါ၊ သုံးဆောင်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်တင်၍။ ဌပိတပတ္တစီဝရာနံ၊ ထားအပ်သောသပိတ်သက်နီး တို့ကို။ ပရိဘောဂေါ ဝိယ၊ သုံးဆောင်သကဲ့သို့တည်း။ ဣတိ၊ ဤသို့။ တေံ၊ ဤ 'အနဝဇ္ဇော၀ ပရိဘောဂေါ' အဆုံးရှိသောစကားသည်။ ပစ္စဝေက္ခဏာယ၊ ပစ္စ· ဝေက္ခဏာပညာ၏။ အာဒိသုဒ္ဓိဒဿနပရံ၊ အစ စင်ကြယ်ခြင်းကို ပြခြင်းသာ ပြဓာန်းသော စကားတည်း။ ပရိဘောဂကာလေ၊ သုံးဆောင်ရာကာလ၌။ ပစ္စ- ဝေက္ခဏ ပဋိက္ခေပပရံ၊ ဆင်ခြင်ရမည်ကို ပယ်ခြင်း ပြဓာန်းသောစကားသည်။ န၊ မဟုတ်။ တေန၊ ထိုကြောင့်။ ပရိဘောဂကာလေပိတိအာဒိ°၊ ပရိဘောဂကာ- လေပိ-စသောစကားကို။ အာဟ၊ မိန့်ပြီ။

**သုံးဆောင်ခြင်း'ပရိဘောဂ' ၄-မျိုး။** ။ထို ပရိဘောဂအခါ ဆင်ခြင်ရာ၌ သန္နိ- ဋ္ဌာန်ကျ ဝိနိစ္ဆယ ကား– ပရိဘောဂ သည်—(၁) ထေယျပရိဘောဂ၊ (၂) ဣဏပရိဘောဂ၊ (၃) ဒါယဇ္ဇပရိဘောဂ၊ (၄) သာမိပရိဘောဂ အားဖြင့် လေးပါးအပြား ရှိ၏။

ထေယျပရိဘောဂ[၁]။　　။ထိုတွင် ဒုဿီလ ပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် ထေယျပရိဘောဂ မည်၏။

ဣဏပရိဘောဂ[၂]။　　။သီလဝန္တ ပုဂ္ဂိုလ်၏ ပစ္စဝေက္ခဏာ မဆင်ခြင်ပဲ သုံးဆောင်ခြင်းသည် ဣဏပရိဘောဂ မည်၏။ ထို့ကြောင့်—

စီဝရံ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ၊ ပိဏ္ဍပါတော အာလောပေ အာလောပေ၊ တထာ အသက္ကောန္တေန ပုရေဘတ္တ, ပစ္ဆာဘတ္တ,- ပုရိမယာမ, ပစ္ဆိမယာမေသု။ သစေဿ အပစ္စဝေက္ခတောဝ အရုဏံ ဥဂ္ဂစ္ဆတိ၊ ဣဏပရိဘောဂဋ္ဌာနေ တိဋ္ဌတိ။ သေနာသနမ္ပိ ပရိဘောဂေ ပရိဘောဂေ ပစ္စဝေက္ခိတဗ္ဗံ။ ဘေသဇ္ဇဿ ပဋိဂ္ဂဟဏေပိ ပရိဘောဂေပိ သတိပစ္စယတာဝ ဝဋ္ဋတိ။ ဧဝံသန္တေပိ ပဋိဂ္ဂဟဏေ သတိံ ကတွာ ပရိဘောဂေ အကရောန္တ- ဿေဝ အာပတ္တိ၊ ပဋိဂ္ဂဟဏေ ပန သတိံ အကတွာ ပရိဘောဂေ ကရောန္တဿ အနာပတ္တိ။

ဟု ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊နှာ-၄၁) လာတိုင်း ဆင်ခြင်ရမည်။

ပစ္စဝေက္ခဏာဆင်ခြင်သင့်သောအခါများ။　　။စီဝရံ၊ သင်္ကန်းကို။ ပရိဘောဂေ ပရိဘောဂေ၊ ကိုယ်က လွတ်၍[၃] ဝတ်တိုင်း,ရုံတိုင်း၌။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။ (ကာယတော မောစေတွာ ပရိဘောဂေ ပရိဘောဂေ။ မဟာဋီကာ ၊ပ၊နှာ-၇၂)

ပိဏ္ဍပါတော၊ ဆွမ်းကို။ အာလောပေ အာလောပေ၊ အလုတ်တိုင်း အလုတ်တိုင်း၌။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

တထာ၊ ထိုအခြင်းအရာဖြင့်။ အသက္ကောန္တေန၊ မစွမ်းနိုင်သူသည်။ ပုရေ- ဘတ္တ။ပ။ ပစ္ဆိမယာမေသု၊ နံနက်, ညချမ်း, ညဦး, မိုးသောက်အခါတို့၌။ ပစ္စဝေက္ခိတဗ္ဗော၊ ဆင်ခြင်အပ်၏။

(တထာ အသက္ကောန္တေန ယထာ ဝုတ္တကာလ ဝိသေသဝသေန ဧကဒိဝသေ စတုက္ခတ္တုံ တိက္ခတ္တုံ ဒွိက္ခတ္တုံ သကိံ ယေဝ ဝါ ပစ္စဝေက္ခိတဗ္ဗံ။ မဟာဋီကာ ၊ပ၊နှာ-၇၂)

---

၁။ ထေယျ ပရိဘောဂ=ခိုးယူသုံးဆောင်ခြင်း (ခိုးသူ၏ အဖြစ်ဖြင့် သုံးဆောင်ခြင်း) [ ထေယျ=ခိုးသူအဖြစ် ]။

၂။ ဣဏပရိဘောဂ=(ဣဏ=အကြွေး၊ ကြွေးမြီ) ကြွေးမြီယူ၍ သုံးဆောင်ခြင်း။

၃။ ကိုယ်ကလွတ်၍=သင်္ကန်းကို ကိုယ်နှင့်မထိအောင် ချီဖြန့်ကာ ဝတ်ရုံတိုင်း ဆင်ခြင်ရမည်ဟူလို။

ဤဋီကာပါဌ်၌ အခေါက်ကို ဆိုသည်ဟု မှတ်တတ်သည်။ အခါ အကြိမ်ကိုသာ ဆိုသည်။ အခေါက်မှာ မိမိ ရည်မှတ်သည့် အကျိုးကို တတ်အားသမျှပင် ဆင်ခြင်ရမည်။ နေ့ကာလ စသည်၌ သီတပဋိဃာတ စသည်ကို မရနိုင်သောကြောင့် တပုဒ်လုံးကို သိမ်းရုံး၍ အကုန် ဆင်ခြင် ရမည် မဟုတ်ဟူ၍ မှတ်လေ။

အဿ၊ ထိုရဟန်း၏။ အပစ္စဝေက္ခတောဝ၊ မဆင်ခြင်စဉ်သာလျှင်။ အရုဏံ၊ နေအရုဏ်သည်။ သစေ ဥဂ္ဂစ္ဆတိ၊ အကယ်၍တက်လာအံ့။ ဣဏပရိဘောဂဋ္ဌာနေ၊ ကြွေးမြီယူ၍ သုံးဆောင်သည့်အရာ၌။ တိဋ္ဌတိ၊ တည်၏။

(ဣဏဝသေန ပရိဘောဂေါ ဣဏပရိဘောဂေါ။ ပဋိဂ္ဂါဟကတော ဒက္ခိဏဝိသုဒ္ဓိယာ အဘာဝတော ဣဏံ ဂဟေတွာ ပရိဘောဂေါ ဝိယာတိ အတ္ထော။ မဟာဋီကာ၊ပ၊ နှာ-၇၂)

သေနာသနမ္ပိ၊ ကျောင်းအိပ်ရာ နေရာကိုလည်း။ ပရိဘောဂေ ပရိဘောဂေ၊ ပရိဘောဂါမိပ္ပါယဖြင့် ဝင်တိုင်း ဝင်တိုင်း။ ပစ္စဝေက္ခိတဗ္ဗံ၊ ဆင်ခြင်အပ်၏။

(ပရိဘောဂေပရိဘောဂေတိ ပဝေသေ ပဝေသေ။ မဟာဋီကာ၊ပ၊ နှာ-၇၂)။

ဘေသဇ္ဇဿ၊ ဆေးကို။ ပဋိဂ္ဂဟဏေပိ၊ အကပ်ခံခြင်း၌ရင်း။ ပရိဘောဂေပိ၊ သုံးဆောင်ခြင်း၌ရင်း။ သတိပစ္စယတာဝ၊ ဂေလညဟူသော ပစ္စဝေက္ခဏသတိ၏ အကြောင်းရှိခြင်းသာလျှင်။ ဝဋ္ဋတိ၊ အပ်၏။

**အပြစ်အဆုံးအဖြတ်။** ။ဝေံသန္တေပိ၊ ဤသို့ ကာလနှစ်ရပ်၌ ဆင်ခြင်အပ်သော်လည်း။ ပဋိဂ္ဂဟဏေ၊ ခံယူခြင်း၌။ သတိံ၊ သတိကို။ ကတွာ၊ ပြု၍။ ပရိဘောဂေ၊ သုံးဆောင်ခြင်း၌။ အကရောန္တဿေဝ၊ မပြုသူ အားသာလျှင်။ အာပတ္တိ၊ သန္နိဓိဒုက္ကဋ်၊ ဝိကာလဒုက္ကဋ် အာပတ်သည်။ ဟောတိ၊ ဖြစ်၏။ ပဋိဂ္ဂဟဏေ ပန၊ ခံယူရာ၌ကား။ သတိံ၊ သတိကို။ အကတွာ၊ မပြုမူ၍။ ပရိဘောဂေ၊ သုံးဆောင်ခြင်း၌။ ကရောန္တဿ၊ ပြုသူအား။ အနာပတ္တိ၊ အာပတ် မသင့်။

**ဒါယဇ္ဇပရိဘောဂ**[၁]။ ။သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ သုံးဆောင်ခြင်းသည် ဒါယဇ္ဇ ပရိဘောဂမည်၏။

---

၁။ ဒါယဇ္ဇ=အမွေခံ။ ပရိဘောဂ=သုံးဆောင်ခြင်း(ဘုရားသားတော်အဖြစ် သာသနာကို အစွန့်ရှည်အောင် လက်ခံသိမ်းပိုက်ထားသည့် အမွေခံအဖြစ်ဖြင့် သုံးဆောင်ခြင်း)

**သာမိပရိဘောဂ**[၁]။　။ရဟန္တာပုဂ္ဂိုလ်၏ သုံးဆောင်ခြင်းသည် သာမိပရိဘောဂ မည်၏။

ထိုလေးပါးတို့တွင် ဒါယဇ္ဇ,သာမိ ပရိဘောဂနှစ်ပါးသည် ဥပစာအားဖြင့် ပုထုဇဉ်တို့အားလည်း အပ်၏။

**သီခြားအာနဏျ**[၂]**ပရိဘောဂမည်ပုံ**။　။သီလဝန္တ, အန္ဓပုထုဇဉ်, ကလျာဏပုထုဇဉ်တို့၏ ပစ္စဝေက္ခိတ ပရိဘောဂသည် အာနဏျပရိဘောဂ မည်၏။ ဝါ၊ ဒါယဇ္ဇပရိဘောဂ၌ ဝင်၏။

> ဣဏပရိဘောဂဿ ပစ္စနီကတ္တာ အာနဏျပရိဘောဂေါ ဝါ ဟောတိ။ ဒါယဇ္ဇပရိဘောဂေယေဝ ဝါ သင်္ဂဟံ ဂစ္ဆတိ။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊ နှာ-၄၂။
>
> ပစ္စနီကတ္တာတိ ယထာ ဣဏာယိကော အတ္တနော ရုစိယာ ဣစ္ဆိတဒေသံ ဂန္တုံ န လဗ္ဘတိ၊ ဧဝံ ဣဏပရိဘောဂယုတ္တော လောကတော နိဿရိတုံ န လဗ္ဘတီတိ တပ္ပဋိပက္ခတ္တာ သီလဝတော ပစ္စဝေက္ခိတ ပရိဘောဂေါ အာနဏျပရိဘောဂေါတိ အာဟ အာနဏျပရိဘောဂေါ ဝါ'တိ။ ဧတေန နိပ္ပရိယာယတော စတုပရိဘောဂဝိနိမုတ္တော ဝိသုံယေဝါယံ ပရိဘောဂေါတိ ဒဿေတိ။ မဟာဋီကာ၊ပ၊ နှာ-၇၄။ (အနက်ထင်ပြီ)

'တထာ အသက္ကောန္တေန'စသော အစီအရင်ကို ဆွမ်း၌သာ လာသော်လည်း 'ပဋိသင်္ခါ ယောနိသော စီဝရံ ပဋိသေဝတိ'စသည်ဖြင့် ဝတ္တမာန်ဝိဘတ်ဖြင့် အတူတူချည်းသာ လာသောကြောင့် ပစ္စည်းလေးပါးလုံး၌ပင် ရသင့်၏။ ဆေးပစ္စည်း၌လည်း ရှေးနေ့ အကပ်ခံပြီးသော ဆေးကို သုံးဆောင်ဆဲအခါ မဆင်ခြင်မူ သန္နိဓိဒုက္ကဋ်, ဝိကာလဒုက္ကဋ် အာပတ် သင့်သည်ဖြစ်၍ ပါတိမောက္ခသံဝရ သီလသာ ပျက်သေးသည်၊ ပစ္စယ သန္နိဿိတသီလ မပျက်သေး။ ယင်းသီလ လုံခြုံအောင် အရဏ်မတက်ခင် 'တထာ အသက္ကောန္တေန'စသော အစီအရင်ဖြင့် ဆင်ခြင်ရဦးမည်။

> တေသွ'ဂ္ဂေါ သာမိဘောဂေါ၊ ဘိက္ခုနာ တံ တ'မိစ္ဆတာ။
> ဘုဥ္စတာ ပစ္စဝေက္ခိတွာ၊ ဟောတဗ္ဗံ ကိစ္စကာရိနာ။
>
> အဋ္ဌကထာသင်္ဂဟ[၃]။

---

၁။ သာမိ=အရှင်။ ပရိဘောဂ=သုံးဆောင်ခြင်း (တဏှာ စသော ကိလေသာတို့ကို တော်လှန်ပယ်ဖျက်၍ ကိလေသာ၏ ကျွန်ဘဝမှ လွတ်မြောက်သဖြင့် ကိလေသာတို့၏ အရှင်သခင်အဖြစ်ဖြင့် သုံးဆောင်ခြင်း)

၂။ အာနဏျ=ကြွေးမြီမတင်ခြင်း။

၃။ ဣမေသု ပန ပရိဘောဂေသု။ပ။ ကိစ္စကာရီ ဟောတိ-ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။ပ။နှာ-၄၂ လာစကားကိုမှီ၍ ဂါထာ စီထားသည်။

တေသု၊ ထိုပရိဘောဂလေးပါးတို့တွင်။ သာမိဘောဂေါ၊ သာမိပရိ-ဘောဂသည်သာလျှင်။ အဂ္ဂေါ၊ အမြတ်ဆုံးတည်း။ တံ တသ္မာ၊ ထိုကြောင့်။ တံ၊ ထိုသာမိပရိဘောဂကို။ ဣစ္ဆတာ၊ အလိုရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပစ္စဝေက္ခိတွာ၊ ဆင်ခြင်၍။ ဘုဉ္စတာ၊ သုံးဆောင်လျက်။ ကိစ္စကာရိနာ၊ ပဋိညာ-နုရူပ သင့်လျော်သောကိစ္စကို ပြုလေ့ရှိသည်။ ဟောတဗ္ဗံ၊ ဖြစ်ရာ၏။

ယင်း ကိစ္စကာရီ အဖြစ်ကို—

ပိဏ္ဍံ ဝိဟာရံ သယနာသနဉ္စ၊
အာပဉ္စ သံဃာဋိ ရဇူပဝါဟနံ။
သုတွာန ဓမ္မံ သုဂတေန ဒေသိတံ၊
သင်္ခါယ သေဝေ ဝရပညသာဝကော [၁]။

ဝါရိ ပေါက္ခရပတ္တေဝ၊ ဝဏ္ဏာလေပနရူပဟနံ။
အနုပလိတ္တော ဘုဥ္ဇေယျ၊ မတ္တညူ နိစ္စ'ပဋ္ဌိတော [၂]။

ကန္တာရေ ပုတ္တမံသံဝ၊ အက္ခဿဗ္ဘဉ္ဇနံ ယထာ။
ဧဝ'မာဟရေယျာ'ဟာရံ၊ ယာပနတ္ထမမုစ္ဆိတော [၃]။

ဟူသော သုတ်ပုဒ်ဖြင့် သိအပ်၏။

ဝရပညသာဝကော၊ မြတ်စွာဘုရားတပည့်ဖြစ်သော သေက္ခ,ပုထုဇန်သည်။ သုဂတေန၊ ဘုရားရှင်သည်။ ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ 'ပဋိသင်္ခါ ယောနိသော ပိဏ္ဍပါတံ ပဋိသေဝတိ'စသော တရားတော်ကို။ သုတွာန၊ ကြားနာ ရ၍။ ပိဏ္ဍံ၊ ဆွမ်းကိုရင်း။ ဝိဟာရံ သယနာသနဉ္စ၊ ကျောင်း, အိပ်ယာ နေရာ ကိုရင်း။ သံဃာဋိ ရဇူပဝါဟနံ၊ သင်္ကန်း၌ မြူကို ဆောင်ယူ လျော်မြောနိုင် သော။ အာပဉ္စ၊ သောက်ရေကို အဦးတပ်၍ ပြအပ်သော ဆေးပစ္စည်းကိုရင်း။ သင်္ခါယ၊ 'ယာဝဒေဝ ဣမဿ ကာယဿ ဌိတိယာ'စသည်ဖြင့် ဆင်ခြင်၍။ သေဝေ၊ မှီဝဲနိုင်စွမ်းရာ၏။

('ပိပါသာ ဂေလညဿ ဝူပသမနတော ပါနီယမ္ပိ ဂိလာနပစ္စယော'တိ အာပမုခေန ဒဿိတံ ဂိလာနပစ္စယံ။ မဟာဋီကာ ၊ပ၊နှာ ၇၄။)

ဤသို့ ကျမ်းဂန် လာသောကြောင့် ရေကိုလည်း ပစ္စဝေက္ခဏာ ဆင်ခြင်၍ သောက်ချိုးရမည် ဟူကြ၏။

---

၁-၃-တို့မှာ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၄၂,၄၃ လာ မူရင်းအတိုင်း ဖြစ်သည်။ ၂-မှာ အတန်ငယ် ပြင်၍ စီထားသည်။

ပေါက္ခရပတ္တေ၊ ကြာဖက်၌။ ဝါရိဗ္ဗ၊ ရေပေါက်ကဲ့သို့ရင်း။ ဝဏ္ဏာလေပန-ရူပဟာရိဗ္ဗ၊ အမာကို ဆေးလိမ်းကျံလျက် အသားနု တက်စေခြင်းကဲ့သို့ရင်း။ မတ္တညူ၊ ရှာခြင်း-ခံခြင်း-သုံးဆောင်ခြင်း၌ အတိုင်းအရှည်ကို သိသည်ဖြစ်၍။ နိစ္စုပဋ္ဌိတော၊ အမြဲလျှင် ထင်မြင်သော သတိရှိသည်ဖြစ်၍။ အနူပလိတ္တော၊ တဏှာမာန်ဖြင့် လိမ်းကျံပင်ငြိ မရှိပဲ။ ဘုဉ္ဇေယျ၊ သုံးဆောင်ရာ၏။

ကန္တာရေ၊ ရေစာပါးနဲ ခရီးခဲ၌။ ပုတ္တမံသံ ဗ္ဗ၊ သား၏အသားကိုကဲ့သို့ရင်း[1]။ အက္ခဿ၊ ရထားဝင်ရိုးကို။ အဗ္ဘဉ္ဇနံ ယထာ၊ ဆွတ်သောဆီကဲ့သို့ရင်း။ ဧဝံ တထာ၊ ထိုအတူ။ ယာပနတ္ထံ၊ စတုဘူတိက ကိုယ်ကာယ၏ မျှတခြင်းအကျိုးငှါ။ အမုစ္ဆိတော၊ တဏှာမှေ့၍ တွေဝေ မက်မောခြင်းမရှိပဲ။ အာဟာရံ၊ အာဟာရကို။ အာဟရေယျ၊ သုံးဆောင်ရာ၏။

**သံဃရက္ခိတ သာမဏေ၏ထုံး။**　　။ဤပစ္စယသန္နိဿိတသီလကိုဖြည့်ရာ၌—

ဥပဇ္ဈာယော မံ ဘုဉ္ဇမာနံ၊ သာလိကူရံ သုနိဗ္ဗုတံ။
မာ ဟေဝ တွံ သာမဏေရ၊ ဇိဝှံ ဈာပေသိ အသညတော။

ဥပဇ္ဈာယဿ ဝစော သုတွာ၊ သံဝေဂ'မလဘိံ တဒါ။
ဧကာသနေ နိသီဒိတွာ၊ အရဟတ္တ'မပါပုဏိံ။

သော'ဟံ ပရိပုဏ္ဏသင်္ကပ္ပေါ၊ စန္ဒော ပန္နရသော ယထာ။
သဗ္ဗာသဝပရိက္ခီဏော၊ နတ္ထိ ဒါနိ ပုနဗ္ဘဝေါ[2]။

ဟူ၍ လာသော ဘာဝိနေယျ သံဃရက္ခိတ သာမဏေ၏ ပုံစံကို နည်းခံ၍ ဖြည့်ကျင့်ရာ၏။

သုနိဗ္ဗုတံ၊ အလွန်အေးပြီးသော။ သာလိကူရံ၊ သလေးဆွမ်းကို။ ဘုဉ္ဇမာနံ၊ စား၍နေသော။ မံ၊ ငါ့ကို။ ဥပဇ္ဈာယော၊ မဟာသံဃရက္ခိတ နာမတွင်သီး ဦးရှီးဆရာသည်။ သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်။ အသညတော၊ မဆင်မခြင်စားလျက်။ ဇိဝှံ၊ လျှာကို။ မာဟေဝ ဈာပေသိ၊ မလောင်စေလင့်။ ဣတိ ဩဝဒိ၊ ဤသို့ ဆုံးမပြီ။

ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။ ဝစော၊ စကားကို။ သုတွာ၊ ကြားရ၍။ တဒါ၊ ထိုအခါ၌။ သံဝေဂံ၊ ထိတ်လန့်ခြင်းကို။ အလဘိံ၊ ရပြီ။ ဧကာသနေ၊ တနေရာတည်း၌။ နိသီဒိတွာ၊ ထိုင်၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ အပါပုဏိံ၊ ရောက်ရပေပြီ။

---

၁။ သံ၊၁၊နှာ-၁၂၂။　　၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၄၃။

သော အဟံ၊ ထိုငါသည်။ ပန္တရသော၊ တဆဲ့ငါးရက် တက်၍ထွန်းသော။ စန္ဒော ယထာ၊ လပြည့်ဝန်းကဲ့သို့။ သဗ္ဗာသဝပရိက္ခီဏော၊ အာသဝေါလုံးစုံ ကြွင်းမဲ့ကုန်သည်ဖြစ်၍။ ပရိပုဏ္ဏသင်္ကပ္ပေါ၊ ပြည့်စုံသော အကြံအစည်ရှိသည်။ အမှို၊ ဖြစ်ရပေပြီ။ ဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်၌ ဖြစ်ခြင်းသည်။ နတ္ထိ၊ မရှိပေပြီ။

တသ္မာ အညောပိ ဒုက္ခသာ၊ ပတ္ထယန္တော ပရိက္ခယံ။
ယောနိသော ပစ္စဝေက္ခိတွာ၊ ပဋိသေဝေထ ပစ္စယေ။

ဝိသုဒ္ဓိအဋ္ဌကထာနုသာသနီ၊ပ၊ နှာ-၄၃။

တသ္မာ၊ ထိုသို့ ပစ္စည်းလေးတန်ကို ဉာဏ်ဖြင့် ဆင်ခြင်၍ သုံးဆောင်လျှင် နှောင်အိမ်ညွတ်ကွင်း သံချိုင့်တွင်းက လွတ်ကင်းထွက်မြောက် နိဗ္ဗာန်ရောက်ခြင်း အကျိုးရှိသောကြောင့်။ ဒုက္ခသာ၊ ဝဋ်ဆင်းရဲ၏။ ပရိက္ခယံ၊ ကုန်ခန်းခြင်းကို။ ပတ္ထယန္တော၊ တောင့်တသော။ အညောပိ၊ သံဃရက္ခိတ သာမဏေမှ တပါးသော အမျိုးကောင်းသားသည်လည်း။ ယောနိသော၊ သင့်သော အကြောင်းအားဖြင့်။ ပစ္စဝေက္ခိတွာ၊ ပညာဖြင့် ဆင်ခြင် သိမြင်၍။ ပစ္စယေ၊ ပစ္စည်းလေးပါးတို့ကို။ ပဋိသေဝေထ၊ မှီဝဲသုံးဆောင်ရာ၏။

('ပဋိသေဝေထ'၌'ထ'ကား'သဗ္ဗိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ'ဟူသော ဓမ္မပဒ၌ကဲ့သို့ သတ္တမီ အတ္တနောပုဒ် နာမယောဂ ပထမ ပုရိသ် ဧကဝုစ်'ဧထ'ဝိဘတ်တည်း၊ ဗဟုဝုစ်'ထ'ဝိဘတ် မှတ်၍ အနက်ပေး မှားကြသည် များစွာ၏)။

သုဒ္ဓိလေးပါး။ ။ဤ ဆိုအပ်ခဲ့ပြီးသော ပါတိမောက္ခသံဝရ စသော စတုပါရိ သုဒ္ဓိသီလသည်ပင်လျှင်—

ဒေသနာသံဝရ ဧဋ္ဌိ-ပစ္စဝေက္ခဏဘေဒတော။
သုဒ္ဓိ စတုဗ္ဗိဓာ ဝုတ္တာ၊ ဗုဒ္ဓေနာ'ဒိစ္စဗန္ဓုနာ[၁]။

ဟူ၍ သုဒ္ဓိလေးပါးအဖြစ်ဖြင့် လာ၏။

ဒေသနာ, သံဝရ, ဧဋ္ဌိ, ပစ္စဝေက္ခဏဘေဒဘော၊ ဒေသနာသုဒ္ဓိ, သံဝရသုဒ္ဓိ, ပရိယေဋ္ဌိသုဒ္ဓိ, ပစ္စဝေက္ခဏသုဒ္ဓိအပြားအားဖြင့်။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းသုဒ္ဓိတို့ကို။ စတုဗ္ဗိဓာ၊ လေးပါးအပြားရှိကုန်၏ဟူ၍။ ဝါ၊ လေးပါးအပြားရှိကုန်သော။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းတို့ကို။ အာဒိစ္စဗန္ဓုနာ၊ နေမင်း၏အဆွေဖြစ်တော်မူသော။ ဝါ၊ နေနတ်နွယ်စစ် ဖြစ်တော်မူသော။ ဗုဒ္ဓေန၊ ဘုရားရှင်သည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၄၁ လာ စကားပြေကို ဂါထာစီထားသည်။

သုဇ္ဈတိ ဧတာယာတိ သုဒ္ဓိ၊ ယထာဓမ္မံ ဒေသနာဝ သုဒ္ဓိ ဒေသနာသုဒ္ဓိ။
အဓိဋ္ဌာနဝိသိဋ္ဌော သံဝရောဝ သုဒ္ဓိ သံဝရသုဒ္ဓိ။
ဓမ္မေန သမေန ပစ္စယာနံ ပရိယေဋ္ဌိ ဧဝ သုဒ္ဓိ ပရိယေဋ္ဌိသုဒ္ဓိ။
စတူသု ပစ္စယေသု ဝုတ္တဝိဓိနာ ပစ္စဝေက္ခဏာဝ သုဒ္ဓိ ပစ္စဝေက္ခဏာသုဒ္ဓိ။
ဧသ တာဝ သုဒ္ဓိသု သမာသနယော။ သုဒ္ဓိမန္တေသု ပန ဒေသနာ သုဒ္ဓိ ဧတဿာတိ ဒေသနာသုဒ္ဓိ။ ဧဝံ သေသေသုပိ။

မဟာဋီကာ၊ ပါနှာ ၇၃။

**ဒေသနာသုဒ္ဓိ။** ။ဧတာယ၊ ဤပြောဆိုခြင်းဖြင့်။ သုဇ္ဈတိ၊ အာပတ်မှ စင်ကြယ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ သုဒ္ဓိ၊ သုဒ္ဓိမည်၏။ ယထာဓမ္မံ၊ ဓမ္မဝိနယအားလျော်စွာ။ ဒေသနာဝ၊ လူထွက်ခြင်း, ဝုဋ္ဌာနပြုခြင်း, ဒေသနာပြောခြင်းသည်ပင်လျှင်။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းတည်း။ ဒေသနာသုဒ္ဓိ၊ ဒေသနာသည်ပင်လျှင် စင်ကြယ်ကြောင်း။ (စာဂေါ ယော ဘိက္ခုဘာဝဿ၊ သာ ပါရာဇိကဒေသနာ (ခုဒ္ဒသိက္ခာ) လာသည်ကို ရှု၊ ဝုဋ္ဌာနဂါမ်ကိုလည်း ဒေသနာဂါမ်၌ သင်္ဂြိုဟ်)။

**သံဝရသုဒ္ဓိ။** ။အဓိဋ္ဌာနဝိသိဋ္ဌော၊ 'န ပုနေဝံ ကရိဿာမိ'ဟု စိတ်ကို ဆောက်တည်ခြင်းဖြင့် အထူးပြုအပ်သော။ သံဝရောဝ၊ စက္ခုဒွါရစသည်ဖြင့် အကုသိုလ်စိတ်ကို ဆို့ပိတ်စောင့်စည်းခြင်း သတိသည်ပင်လျှင်။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းတည်း။ သံဝရသုဒ္ဓိ၊ သတိသည်ပင်လျှင် စင်ကြယ်ကြောင်း။

**ပရိယေဋ္ဌိသုဒ္ဓိ။** ။ဓမ္မေန၊ တရားနှင့်။ သမေန၊ ညီညွတ်သဖြင့်။ ပစ္စယာနံ၊ ပစ္စည်းလေးပါးတို့ကို။ ပရိယေဋ္ဌိဧဝ၊ ရှာဖွေခြင်း ဝီရိယသည်ပင်လျှင်။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းတည်း။ ပရိယေဋ္ဌိသုဒ္ဓိ၊ စင်ကြယ်ကြောင်းဖြစ်သော ရှာခြင်းလုံ့လ။

**ပစ္စဝေက္ခဏာသုဒ္ဓိ။** ။စတူသု ပစ္စယေသု၊ လေးပါးသော ပစ္စည်းတို့၌။ ဝုတ္တဝိဓိနာ၊ 'ပဋိသင်္ခါ ယောနိသော' စသော ဟောတော်မူတိုင်းသော အစီအရင်ဖြင့်။ ပစ္စဝေက္ခဏာဝ၊ အဖန်ဖန်သက်ဝင်၍ ဆင်ခြင်သော ပညာသည်ပင်လျှင်။ သုဒ္ဓိ၊ စင်ကြယ်ကြောင်းတည်း။ ပစ္စဝေက္ခဏာသုဒ္ဓိ၊ စင်ကြယ်ကြောင်းဖြစ်သော ဆင်ခြင်ခြင်း။

ဧသ ဧသော၊ ဤနည်းကား။ တာဝ၊ ရှေးဦးစွာသော။ သုဒ္ဓိသု၊ သုဒ္ဓိလေးပါးတို့၌။ သမာသနယော၊ သမာသ်တွဲနည်းတည်း။ သုဒ္ဓိမန္တေသု ပန၊ စတုပါရိ

သုဒ္ဓိရှိသော ပုဂ္ဂိုလ်တို့၌ကား။ တေသ၊ ထိုပုဂ္ဂိုလ်အား။ သုဒ္ဓိ၊ စင်ကြယ်ကြောင်း ဖြစ်သော။ ဒေသနာ၊ ပြောဆိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဒေသနာသုဒ္ဓိ၊ ဒေသနာသုဒ္ဓိ မည်၏။ သေသေသုပိ၊ ကြွင်းသော သုံးပုဒ်တို့၌လည်း။ ဧဝံ၊ ဤနည်းအတူတည်း။

‘သီလေ ပတိဋ္ဌာယ နရော သပညော’စသော ဂါထာ၌
‘သီလေ’ပုဒ်၏ အရ သီလဝိသုဒ္ဓိကို ပြဆိုရာ
သီလအခန်း ပြီး၏။

# ရတနာ်ပိဋကမ္မ

**သီလကိုလွန်ကဲစွာစင်ကြယ်စေမှု။** ။ဤသို့ ပြဆိုအပ်ခဲ့သော စတုပါရိသုဒ္ဓိသီလ မတ္တ၌ တည်ပြီးသော ယောဂါဝစရပုဂ္ဂိုလ်သည် ထို စတုပါရိသုဒ္ဓိသီလ၏ ပါပိစ္ဆတာ စသော ကိလေသာအညစ်အကြေး ကင်းသဖြင့် အထူးအချွန် အလွန် စင်ကြယ်ခြင်း ဓုတင်ကျင့်ဝတ်၏ ပြည့်စုံခြင်း အကျိုးငှါ—

အပ္ပိစ္ဆတာ စ သန္တုဋ္ဌိ၊ သလ္လေခေါ ပဝိဝေကတာ။
ဝီရိယာရမ္ဘာ’ပစယော၊ သုဘရတ္တ’ပ္ပကိစ္စတာ။
သလ္လဟု’စ္စာဒေါဒကေဟိ၊ ဓောတံ သီလံ သုနိမ္မလံ [၁]။

အပ္ပိစ္ဆတာ စ၊ အလိုနည်းခြင်းငှင်း။ သန္တုဋ္ဌိ၊ ကောင်းစွာပြမ်းငြိ ထင်ရှားရှိသည့် မိမိပစ္စည်းဖြင့် ရောင့်ရဲခြင်းငှင်း။ သလ္လေခေါ၊ ကိလေသာကို ကောင်းစွာ ခြစ်ဖြတ် ပါးလျှပ်အောင်ပြုခြင်းငှင်း။ ပဝိဝေကတာ၊ စိတ္တဝိဝေက၏ အကြောင်း တောကျောင်းစသော ဝိဝေကဌာန၌ နေခြင်းငှင်း။ ဝီရိယာရမ္ဘော၊ သမ္မပ္ပဓာန ဝီရိယကို နှေ့ညမယုတ် အားထုတ်ခြင်းငှင်း။ အပစယော၊ ကိလေသာကို ပယ်ခွါ ဖျက်ဆီးခြင်းငှင်း။ သုဘရတ္တံ၊ ဒါယကာတို့ ချမ်းသာကိုးကွယ် လုပ်ကျွေးလွယ် ခြင်းငှင်း။ အပ္ပ ကိစ္စတာ၊ လွင်ဗာဟိရ ကိစ္စနည်းပါးခြင်းငှင်း။ သလ္လဟု၊ မခဲ မယဉ်း ပေါ့ပါးသော အသက်မွေးခြင်း ဟူသော သလ္လဟုက ဝုတ္တိဂုဏ်ငှင်း။ ဣစ္စာဒိ ဥဒကေဟိ၊ ဤသို့စသည် ရေကြည်အထူး ဂုဏ်ကျေးဇူးတို့ဖြင့်။ ဓောတံ၊ ဆေးကြော လျှော်ဖွပ်အပ်သော။ သီလံ၊ စတုပါရိသုဒ္ဓိသီလသည်။ သုနိမ္မလံ၊ သရဒအခါ ယုန်စန္ဒာကဲ့သို့ လွန်စွာသန့်ရှင်း ညစ်ကြေးကင်းသည်။ ဟောတိ၊ ဖြစ်၏။

**အရိယဝံသ တရား ၃-ပါး ၄-ပါး။** ။ဤသို့ ကျမ်းလာ အပ္ပိစ္ဆတာ စသော ကျေးဇူး ဂုဏ်ကို လွန်စွာ ပြည့်စုံစေတတ်သော ‘စီဝရေ, ပိဏ္ဍပါတေ, သေနာသနေ သလ္လေခတာ’ [၂] ဟူသော အရိယဝံသတရား သုံးပါး၌ တည်လျက် သမထ,ဝိပဿနာ၌ မွေ့လျော်ခြင်း ‘ဘာဝနာရာမတာ’ [၃] ဟူသော စတုတ္ထအရိယဝံသတရား [၄] ကို ရကြောင်း ရောက်ကြောင်းဖြစ်သော

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ ၅၆-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားခြင်း ဖြစ်သည်။

၂။ သင်္ကန်း၌ငှင်း, ဆွမ်း၌ငှင်း, ကျောင်း၌ငှင်း ခေါင်းပါးသည့် အဖြစ်။

၃။ ဘာဝနာ၌ မွေ့လျော်ခြင်း ရှိသူ၏ အဖြစ်။

၄။ ဒီ၊၃၊နှာ-၁၈၈ (ပါထိကဝဂ်၊ သင်္ဂီတိသုတ်)။ အံ၊၁၊နှာ-၃၃၆။

ကိုယ်အသက်၌ ငဲ့ကွက်မညှာ လောကာမိသ[၁]ကိုအလေးမပြု သုံးလူ့ညွတ်ကွင်း နှောင်ချိုင့်တွင်းမှ ဆောလျင်စွာလွတ်ကင်း ထွက်မြောက်ခြင်းကိုသာ လွန်မင်းစွာလိုလား နိဗ္ဗာနာနုလောမ ပဋိပဒါ[၂]ကိုသာ လွန်စွာကြိုးစား အားထုတ်လိုကုန်သော အာစာရကုလပုတ္တ ဓမ္မဒါယာဒ ပုဂ္ဂိုလ်တို့အား ဘုရားသဗ္ဗညူ ခွင့်ပြုတော်မူအပ်သော—

## ဓုတင်မည်ပုံနှင့် လက္ခဏာစသည်

ဓုတဿ'င်္ဂါတိ ဓုတင်္ဂါ၊ ဓုတာနိ ကာရဏာနိ ဝါ။
ဉာဏံ အင်္ဂံ ယေသန္တိ ဝါ၊ တေသံ အာဒါနစေတနာ။

လောလုပ္ပ ဝိဒ္ဓံသနဋ္ဌ၊ ဝီတလောလုပ္ပတာပိ စ။
အပ္ပိစ္ဆတာဒိဓမ္မောတိ၊ ဉာတဗ္ဗာ လက္ခဏာဒယော။

(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၅၉)

ဓုတင်မည်ပုံ။ ။ဓုတဿ၊ တဏှာ'ပါဒါနိ်စ ပါပကကို တဒင်္ဂအား ပယ်ရှား တွန်းသတ် ဖျက်ဆီးတတ်သော ရဟန်း၏။ အင်္ဂါ၊ အကြောင်းတို့တည်း။ ဣတိ၊ ထို့ကြောင့်။ ဓုတင်္ဂါ၊ ဓုတင်မည်ကုန်၏။ ဝါ၊ တနည်းကား။ ဓုတာနိ၊ သီလစသော သမ္မာပဋိပတ်၏ ဆန့်ကျင်ဘက်ကို ဖျက်ဆီးတတ်ကုန်သော။ ကာရဏာနိ၊ သမ္မာပဋိပတ်၏ အကြောင်းတို့တည်း။ ဝါ၊ တနည်းကား။ ယေသံ၊ 'သမာဒါနစေတနာ' ဟူသော အကြင်ဓုတင်တို့အား။ ဉာဏံ၊ ပဗ္ဗဇ်မ-ဉာဏ်ဟူသော။ အင်္ဂံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဓုတင်္ဂါ၊ ဓုတင်မည်ကုန်၏။

ဓုတင်၏ ဓမ္မဝတ္ထာန် ၄-ပါး။ ။တေသံ၊ ထိုသမာဒါနစေတနာဟူသော ဓုတင်တို့၏။အာဒါနစေတနာ၊ဆောက်တည်ကြောင်း စေတနာဋ္ဌင်း။

(သမာဒါန စေတနာယ ဂဟဏံ တံမူလကတ္တာ ပရိဟရဏစေတနာပိ ဓုတင်္ဂမေဝ[၃]။ မဟာဋီကာ၊ပ၊ နှာ-၉၀)

၁။ လောကာမိသ= (လောက=လောက၌ အကျုံးဝင်သော တဏှာ+အာမိသ=သုံးသပ်အပ်သော)=လောက၌ အကျုံးဝင်သော တဏှာဖြင့် သုံးသပ်အပ်သော လောကီတရားများ။

၂။ နိဗ္ဗာန်ကိုရခြင်းအား လျော်သော ဘာဝနာ အကျင့်။

၃။ သမာဒါန စေတနာယ၊ဆောက်တည်မှုစေတနာကို။ဂဟဏံ၊ယူခြင်းသည်။တံမူလကတ္တာ၊ ထိုစေတနာလျှင် အကြောင်းရင်းရှိသည့် အဖြစ်ကြောင့်တည်း။ ပရိဟရဏစေတနာပိ၊ ကျင့်ဆောင်သော စေတနာသည်လည်း။ ဓုတင်္ဂမေဝ၊ ဓုတင်မည်သည်သာတည်း။

လောလုပ္ပ ဝိဒ္ဓံသနဉ္စ၊ တဏှာဟူသော လော်လည်ခြင်းကို ဖျက်ဆီးခြင်းငှာ။

ဝီတ လောလုပ္ပတာပိ စ၊ ကင်းသော လျှပ်ပေါ် လော်လည်ခြင်းရှိသော အဖြစ်ငှာ။

အပ္ပိစ္ဆတာဒိဓမ္မာ၊ အလိုနည်းခြင်းစသော အရိယဓမ္မတို့ငှာ။

ဣတိ ဣမေ လက္ခဏာဒယော၊ ဤလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို။ ဉာတဗ္ဗာ၊ အစဉ်အတိုင်း သိအပ်ကုန်၏။

**ဓုတင် ၁၃-ပါး။** ။ဤသို့သော ဝစနတ္ထ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိသော "ပံ-တိ-ပိဏ်-သပ်၊ ဧ-ပတ်-ခ-အာ၊ ရုက်-အဗ်-သာ၊ ယထာ-နေ-ဆဲ့သုံး"ဟူသော ဓုတင်တဆဲ့သုံးပါးတို့ကို စွမ်းပကားရှိသမျှ ဆောက်တည်ရာသည်။

**အဆုံးအဖြတ် ၇-မျိုး။** ။ဤဓုတင်တဆဲ့သုံးပါးတို့ကို—

သမာဒါနဉ္စ ဝိဓာနဉ္စ၊ ပဘေဒါ စာ' နိသံသတော။
ဓုတာဒိဘာဂါ သမာသာ၊ ဗျာသတော စာပိ နိစ္ဆယာ[၁]။

သမာဒါနဉ္စ၊ ဆောက်တည်ခြင်းအားဖြင့်ငှင်း။ ဝိဓာနဉ္စ၊ အစီအရင်အားဖြင့်ငှင်း။ ပဘေဒါ စ၊ ဓုတင်အပြား ပျက်ခြင်းအားဖြင့်ငှင်း။ (ပဘေဒေါ စ ဘေဒေါ စ ပဘေဒေါ ဟု ကြေသိက်ပြု) အာနိသံသတော၊ အကျိုးအားဖြင့်ငှင်း။ ဓုတာဒိဘာဂါ၊ ဓုတ, ဓုတဝါဒ, ဓုတဓမ္မ, ဓုတင်္ဂ, ဓုတင်္ဂသပ္ပါယတို့ကို ဝေဖန်သော အားဖြင့်ငှင်း။ သမာသာ၊ အကျဉ်းအားဖြင့်ငှင်း။ ဗျာသတော စာပိ၊ အကျယ်အားဖြင့်ငှင်း။ နိစ္ဆယာ၊ ဆုံးဖြတ်အပ်ကုန်၏။ ထိုခုနစ်ပါးတို့တွင်—

## ဓုတင် ၁၃-ပါး ဆောက်တည်ပုံ

သမာဒါနအားဖြင့်—

(၁) "ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ၊ ပံသုကူလိကင်္ဂံ သမာဒိယာမိ"။ ဤနှစ်ပုဒ်တွင် တပုဒ် ပုဒ်ဖြင့်ပင် ဆောက်တည်အပ်၏၊ ဣမေသု ဒွီသု ဝစနေသု အညတရေန သမာဒိန္နံ ဟောတိ။ ဝိသုဒ္ဓိ အဋ္ဌကထာ ၊ပ၊နှာ-၆၀။ (ပံ)

ထို့အတူ—

(၂) စတုတ္ထကစီဝရံ ပဋိက္ခိပါမိ၊ တေစီဝရိကင်္ဂံ သမာဒိယာမိ။ (တိ)

(၃) အတိရေက လာဘံ ပဋိက္ခိပါမိ၊ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။ (ပိဏ်)

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၅၇ လာ ဂါထာတို့ကို တမျိုးခြုံး၍ စီထားသည်။

(၄) လောလုပ္ပစာရံ ပဋိက္ခိပါမိ၊ သပဒါနစာရိကင်္ သမာဒိယာမိ။ (သပ်)

(၅) နာနာသနဘောဇနံ ပဋိက္ခိပါမိ၊ ဧကာသနိကင်္ သမာဒိယာမိ။ (ဧ)

(၆) ဒုတိယကဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ သမာဒိယာမိ။ (ပတ်)

(၇) အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ၊ ခလုပစ္ဆာဘတ္တိကင်္ သမာဒိယာမိ။ (ခ)

(၈) ဂါမန္တသေနာသနံ ပဋိက္ခိပါမိ၊ အာရညိကင်္ သမာဒိယာမိ။ (အာ)

(၉) ဆန္နံ ပဋိက္ခိပါမိ။ ရုက္ခမူလိကင်္ သမာဒိယာမိ။ (ရုက်)

(၁၀) ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ၊ အဗ္ဘောကာသိကင်္ သမာဒိယာမိ။ (အဗ်)

(၁၁) န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ သမာဒိယာမိ။ (သာ)

(၁၂) သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာသန္ထတိကင်္ သမာဒိယာမိ။ (ယထာ)

(၁၃) သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ သမာဒိယာမိ။ (နေ)

ဤသို့ ဆောက်တည်အပ်၏။

စေတီ ရုပ်ပွါး, ဆရာသမား သတင်းသုံးဘော်များထံ ဖြစ်စေ စေတီယတောင်နေ ဒေဝတာတိက မထေရ်တို့တွင် ဇေဋ္ဌဘာတုမထေရ်ကဲ့သို့ မိမိဘာသာဖြစ်စေ ဆောက်တည်ကောင်း၏။

အနက်ကား—

(၁) ပံသုကူသင်္ကန်း။ ။ဂဟပတိဒါနစီဝရံ၊ လက်ရောက်ဒါယကာ လှူလာသော သင်္ကန်းကို။ ပဋိက္ခိပါမိ၊ မသုံးမခံ ပယ်လှန်ပါ၏။

(ဒါယကဘာဝေန သမဏာပိ ဥက္ကဋ္ဌာ ဂဟပတိပက္ခံယေဝ ပဝိဋ္ဌာ[၁]။ မဟာဋီကာ၊ပ၊ နှာ-၉၁)။

---

၁။ ဒါယကဘာဝေန၊ပေးလှူတတ်သည်၏ အဖြစ်ဖြင့်။ သမဏာပိ၊ရဟန်းတို့သည်လည်း။ ဥက္ကဋ္ဌာ၊ ဥက္ကဋ္ဌစုတင်ဆောင်ရဟန်း၏။ ဂဟပတိပက္ခံယေဝ၊ အလှူဒါယကာ အဖြစ်သို့ သာလျှင်။ ပဝိဋ္ဌာ၊ အကျုံးဝင်ကုန်၏။

ပံသုကူလိကင်္ဂ၊ မြေပုံမှာလွှား, မြေမှုန့်အလားနှယ် စက်ဆုပ်ဖွယ်သို့ ရောက်သောသင်္ကန်းကို ဆောင်ခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏၊ ဆောက်တည်ပါ၏။

(၂) တိစီဝရိက်ဓုတင်။ ။စတုတ္ထကစီဝရံ၊ ဝတ်လောက် ရုံလောက် လေးထည်မြောက်သင်္ကန်းကို။ ပဋိက္ခိပါမိ၊ ပစ်ပယ်ပါ၏။

[စတုတ္ထကစီဝရန္တိ နိဝါသန ပါရုပနူပဂံ စတုတ္ထကစီဝရန္တိ အဓိပ္ပါယော၊ အံသကာသာဝဿ အပဋိက္ခိပိတဗ္ဗတော။ (မဟာဋီကာ၊ ပ၊ နှာ-၉၃၊) ဤ၌ နိဝါသန ပါရုပနူပဂံ ဟု-ဖွင့်သောကြောင့် မဝတ်မရုံလောက်မူ ဓုတင်မပျက်ဟု ထင်မှားတတ်သည်။ ဟိတ်ပါဌ်ကို ထောက်၍ အံသကိုဋ်မှတပါး အဓိဋ္ဌာန် ဝိကပ္ပနာလောက်လျှင် အပိုအမို မထားအပ်ဟု မှတ်ရမည်]။

တေစီဝရိကင်္ဂ၊ သင်္ကန်းသုံးထည်ကိုသာ ဆောင်ခြင်းအလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၃) ပိဏ္ဍပါတ်ဓုတင်။ ။အတိရေကလာဘံ၊ ပိဏ္ဍိယာလောပ[၁] ဘောဇဉ်မှ ပိုလွန်ကြွယ်ဝေး တဆယ့်လေး ဘတ်[၂]လာဘ် ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပိဏ္ဍပါတိကင်္ဂ၊ အပေါင်းအာမိသတို့၏ သပိတ်၌ကျခြင်းကို ရှာလေ့ရှိသော, ဆွမ်းအလို့ငှါ သွားခြင်း အကျင့်ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၄) အိမ်စဉ်အတိုင်း ဆွမ်းခံခြင်း။ ။လောလုပ္ပစာရံ၊ အိမ်စဉ်ကျော်၍ လျှပ်ပေါ်သော သွားခြင်း ကို။ ပဋိက္ခိ ပါမိ၊ ပယ်ပါ၏။ သပဒါနစာရိကင်္ဂ၊ အိမ်စဉ်မပြတ် ဆွမ်းရပ်ခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၅) ဧကာသနိက်။ ။နာနာသနဘောဇနံ၊ ယာပိုထ်ပြောင်းကူး အထူးထူးသောနေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ဧကာသနိကင်္ဂ၊ ယာပိုထ်မလည်း တနေရာတည်း၌ စားလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

---

၁။ ပိဏ္ဍိယာလောပ= (ပိဏ္ဍိယ=သွားလာလှည့်လည်။အာလောပ= ဆွမ်း)=ဆွမ်းခံသွားခြင်းဖြင့် ရသောဆွမ်း။

၂။ ဆွမ်း ၁၄-မျိုး (ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၆၃)။ ဤဒု-တွဲ၊နှာ-၁၁၁ လည်းရှု။

(၆) ပတ္တပိဏ်ဆွမ်း။ ။ဒုတိယကဘာဇနံ၊ နှစ်ခုမြောက်သောခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ပတ္တပိဏ္ဍိကင်္ဂ၊ တခွက်အထီးတည်း၌သာ ဆွမ်းကို ယူခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါသမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၇) တားမြစ်ပြီးမှ ဝိနည်းကံပြုပြီးနောက် တဖန် ရပြန်သော်လည်း မစားခြင်း အတိရိတ္တဘောဇနံ[၁]၊ ဂိလာန ပုဂ္ဂိုလ် ဝိနည်းမိုရ်တို့၏ ပိုလွန်ကြွင်းကျန်သော ဘောဇဉ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ခလုပစ္ဆာဘတ္တိကင်္ဂ၊ မြစ်ပယ်သည့်နောက်မှ ရသောဆွမ်းကို စားခြင်းအလေ့မရှိသော။ ဝါ၊ ခလုငှက်ပမာ နောက်၌အစာရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

[သိက္ခာပဒဿ ဝိသယော သိက္ခာပဒေနေဝ ပဋိက္ခိတ္တော။ ယော တဿ အဝိသယော၊ သော ဧဝ သမာဒါနဿ ဝိသယောတိ အာဟ 'သမာဒါန ဝသေန ပဋိက္ခိတ္တာတိရိတ္တဘောဇနဿာ'တံ နာမ'န္တိ။ (မဟာဋီကာ၊ပါနှာ-၉၀။)

သာမဏေတို့မှာ ဝိနည်းကံ မပြုရသောကြောင့် ပယ်ဘို့ရာ အတိရိတ္တဘောဇဉ် အဘယ်မှာနည်းဟူမူ— "ဘုဥ္ဇန္တဿ ယံ ဥပနီတံ၊ တဿ ပဋိက္ခေပေန တံ အတိရိတ္တံ ဘောဇနန္တိ အတိရိတ္တဘောဇနံ" ဟု-မဟာဋီကာ (၊ပါနှာ-၉၇ ၌)ဖြေ၏။

ဘုဥ္ဇန္တဿ၊ စားစဉ်။ ယံ၊ အကြင်ဘောဇဉ်ကို။ ဥပနီတံ၊ ဆောင်အပ်၏။ တဿ၊ ထိုဘောဇဉ်ကို။ ပဋိက္ခေပေန၊ ပယ်သဖြင့်။ တံ တာဒိသံ၊ ထိုသို့သဘောရှိသော နောက် ဘောဇဉ်သည်။ အတိရိတ္တံ၊ ကြွင်းကျန်ပိုလွန်သော။ ဘောဇနံ၊ ဘောဇဉ်တည်း။ ဣတိ၊ ထို့ကြောင့်။ အတိရိတ္တဘောဇနံ၊ အတိရိတ္တဘောဇဉ်မည်၏။ ဂိလာနာတိရိတ်သည်လည်း သာမဏေတို့အား အတိရိတ်ဖြစ်သင့်၏]။

---

[၁] ပယ်မြစ်ပြီးသော ဘောဇဉ်ကို အတိရိတ်ဝိနည်းကံပြု၍လည်း မသုံးဆောင်။

(အတိရိတ္တ=ပိုနေသော, ကြွင်းကျန်နေသော။ အတိရိတ်ဝိနည်းကံပြုသည်ဆိုသည်မှာ—ဝိနည်းတော်အရမှာ မိမိမစားတော့ပြီဟု တားမြစ်ပြီးသည့်နောက်၌ မည်သည့် ဆွမ်းဘောဇဉ်ကိုမျှ မဘုဉ်းပေး မသုံးဆောင် မစားရတော့ချေ။ အကယ်၍ တဖန်စားလိုစိတ်ရှိခဲ့လျှင် အခြားသဿံထံသို့ မိမိစားလိုသော ဘောဇဉ်တို့ကို လှူရသည်၊ ထိုပုဂ္ဂိုလ် စားပြီး၍ အကြွင်းအကျန်ကိုမူ စားသုံးနိုင်သည်။ ဤဝိနည်းကံကို အတိရိတ် ကံဟု ခေါ်သည်။ ဝိ၊၂၊နှာ-၁၁၁။ကခံ ါ၊ဋ္ဌ၊နှာ-၂၁၉)

(၈) အာရညကင်ဓုတင်။ ။ဂါမန္တသေနာသနံ၊ ရွာနီးကျောင်းကို။ ပဋိက္ခိ-ပါမိ၊ ပယ်ပါ၏။ အာရညိကင်္ဂ၊ တောသွ၌နေခြင်း အလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၉) ရုက္ခမူဓုတင်။ ။ဆန္နံ၊ အုပ်, ကျောက်, သစ်ရွက်, မြက်, အင်္ကတေ ငါးထွေသော အမိုးကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ရုက္ခ-မူလိကင်္ဂ၊ သစ်ပင်ရင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၁၀) အဗ္ဘောကာသိကဓုတင်။ ။ဆန္နဉ္စ၊ ငါးထွေသော အမိုးကိုရင်း။ ရုက္ခ-မူလဉ္စ၊ သစ်ပင်ရင်းကိုရင်း။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ အဗ္ဘောကာသိကင်္ဂ၊ လွင်တီးဟင်းလင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၁၁) သုသာန်ဓုတင်။ ။န သုသာနံ၊ သင်းချိုင်း မဟုတ်သော အရပ်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ သောသာနိကင်္ဂ၊ သင်းချိုင်း၌ နေလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၁၂) ယထာသန္တတိကဓုတင်။ ။သေနာသနလောလုပ္ပံ၊ ထစေတုံရှောင်း ကောင်း, မကောင်း စုံစမ်း မေးမြန်းကြည့်ရှုခြင်းဟူသော ကျောင်း၌ လျပ်ပေါ်လော်လည်ခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ယထာသန္တတိကင်္ဂ၊ ခင်းထားတိုင်းသော နေရာအလား ရွေးဖျားသွန်းပြ ချတိုင်းသောကျောင်း၌ နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါ သမာဒါန-စေတနာကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏။

(၁၃) နေသဇ္ဇိကဓုတင်။ ။သေယျံ၊ လျောင်းလည်းခြင်း ကာယပ္ပသာရဏ-သေယျ[၁]ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ နေသဇ္ဇိကင်္ဂ၊ ထိုင်၍နေခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏အကြောင်းအင်္ဂါ သမာဒါနစေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဆောက်တည်ပါ၏။

သမာဒါန ပြီး၏။

---

၁။ ကာယပ္ပသာရဏသေယျ = (ကာယ = ကိုယ်ခန္ဓာ။ ပသာရဏ = ဆန့်ခြင်း။ သေယျ=အိပ်ခြင်း) =ကိုယ်ကိုဆန့်၍လျောင်းအိပ်ခြင်း။

## ဓုတင် ၁၃-ပါး ကျင့်ပုံအစီအရင်

ဝိဓာနအားဖြင့်—

(၁) ပံသုကူဓုတင်။ ။သောသာနံ ရထိယံ တိတ္ထံ၊ သင်္ကာရံ သောတ္ထိယာ’ပဏံ။
ဂတပစ္စာဂတံ ဥစ္စံ၊ နှာနံ ဂေါ’ပစိကု’န္ဒုရံ။

ဒသာအန္တစ္ဆိန္နာ ဓဇံ၊ ထူပံ သမဏစီဝရံ။
အာဘိသေကိဒ္ဓိဇံ ဝါတံ၊ သာမုဒ္ဒံ ဒေဝ ပန္ထိကံ။
ဣတိ တေဝီသတိ ဝတ္ထုံ၊ ဘုဥ္ဇေယျ ပံသုကူလိကော[၁] ။

ပံသုကူဆိုင်ရာ ၂၃-မျိုးသောသင်္ကန်း။ ။သောသာနံ၊ သင်းချိုင်း၌ စွန့်ပစ် ကျရစ်သောအဝတ်။

ရထိယံ၊ ကောင်းမှုလိုလား လမ်း၌ စွန့်ထားသော အဝတ်။

တိတ္ထံ၊ ရေချိုးဆိပ်၌ စွန့်ထားသော အဝတ်နွမ်း။

သင်္ကာရံ၊ အမှိုက်ပုံ၌ စွန့်အပ်သော အဝတ်။

သောတ္ထိယံ၊ ကိုယ်ဝန်ညစ်ကြေးကို သုတ်ပစ်သော အဝတ်။

အာပဏံ၊ အိမ်ဈေးဝ၌ ကျသော အဝတ်။

ဂတပစ္စာဂတံ၊ သင်းချိုင်းပြန်လစ် ရေချိုး၍ စွန့်ပစ်သော အဝတ်။

ဥစ္စံ၊ တကွက်တစောင် မီးလောင်၍ စွန့်ပစ်အပ်သော အဝတ်။

နှာနံ၊ ဘုတ်, ဆေးသမားတို့ ရေချိုးပြီး၍ စွန့်သောအဝတ်။

ဂေါ၊ နွားဝါးပွတ်သော ‘ဂေါခါယိတ’အဝတ်။

ဥပစိကံ၊ ခြစားသောအဝတ်။

ဥန္ဒုရံ၊ ကြွက်ခဲသော အဝတ်။

ဒသာအန္တစ္ဆိန္နာ၊ အဆာအပြတ် ပြတ်သော အဝတ်, အစွန်အနားပြတ်သော အဝတ်တို့။

ဓဇံ၊ လှေစီး စစ်တိုက် စိုက်သောအလံ။

ထူပံ၊ တောင်ပို့ကိုပတ် ယဇ်နတ် ပသသော အဝတ်။

သမဏစီဝရံ၊ ရဟန်း၏သင်္ကန်း။

အဘိသေကံ၊ အဘိသိက်သွန်းရာ စွန့်သော သင်္ကန်း။

ဣဒ္ဓိဇံ၊ တန်းခိုးပြုသည့် ‘ဧဟိဘိက္ခု’သင်္ကန်း။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၆၀ လာ စကားပြေများကိုမှီ၍ ဂါထာစီထားသည်။

ဝါတံ၊ ဝေးရပ်သီခေါင် လေပွေဆောင်ချသော အဝတ်။

သာမုဒ္ဒံ၊ သမုဒ်လှိုင်းရေ တင်သော အဝတ်။

ဒေဝ၊ နတ်လှူဒါန်းသော'ဒေဝဒတ္တိယ'သင်္ကန်း။

ပန္ထိကံ၊ လမ်းကြား၌ ကျရစ်သော အဝတ်။

ဣတိ၊ ဤသို့။ တေဝီသတိဝတ္ထံ၊ နှစ်ဆဲ့သုံးမျိုး ပုဆိုးသင်္ကန်းကို။ ပံသုကူလိ-ကော၊ ပံသုကူဆောင်ပုဂ္ဂိုလ်သည်။ ဘုဥ္ဇေယျ၊ ကောက်ယူစပ်ဖာ သုံးဆောင်ရာ၏။ ဤသို့လျှင်—

ဆောင်ပုဒ်လင်္ကာ—သုသာန်, လမ်း, ဈေး၊ တမြက်ချေးနှင့်၊ ညစ်ကြေး ဂဗ္ဘ၊ တိတ္ထ, နှာနံ၊ သင်းချိုင်းပြန်တည့်၊ မီးထိ, နွားဝါး၊ ခြစား, ကြွက်ဖြတ်၊ ဆာပြတ်, နားပဲ့၊ စွန့်ခဲ့အလံ၊ ပတ်ရံဝမ္မိ၊ ဖေဟိဘိက္ခု၊ နတ်လှူ, လေဆောင်၊ အောင်ဘိသိက် သွန်း၊ ရဟန်းဥစ္စာ၊ လမ်းမှာကျနေ၊ လှိုင်းရေခတ်တင်၊ သင်္ချာပေါင်းစုံပံသုကူလ၊ ဖြစ်ရာပြသည်။ ။ဌာနနှစ်ဆဲ့သုံးပါးတည်း။

ဤ နှစ်ဆဲ့သုံးပါးသော သင်္ကန်းတို့တွင် ရရာ သင်္ကန်းကို ကောက်ယူဆုတ်ဖြတ် ဖာစပ်ဝတ်ရုံရသည်။

ယံ ပန သံဃဿ ဒေမာတိ ဒိန္နံ၊ စောဠကဘိက္ခာယ ဝါ စရမာနေဟိ လဒ္ဓံ၊ န တံ ပံသုကူလံ။ ဘိက္ခုဒတ္တိယေပိ ယံ ဝဿဂ္ဂေန ဂါဟေတွာ ဝါ ဒီယတိ၊ သေနာသနစီဝရံ ဝ၊ ဟောတိ၊ န တံ ပံသုကူလံ။ နော ဂါဟေတွာ ဒိန္နမေဝ ပံသုကူလံ။ တတြာပိ ယံ ဒါယကေဟိ ဘိက္ခုဿ ပါဒမူလေ နိက္ခိတ္တံ၊ တေန ပန ဘိက္ခုနာ ပံသုကူလိကဿ ဟတ္ထေ ဌပေတွာ ဒိန္နံ၊ တံ ကေတောသုဒ္ဓိကံ နာမ။ ယံ ဘိက္ခုနော ဟတ္ထေ ဌပေတွာ ဒိန္နံ၊ တေန ပန ပါဒမူလေ ဌပိတံ၊ တမ္ပိ ကေတောသုဒ္ဓိကံ။ ယံ ဘိက္ခုနောပိ ပါဒမူလေ ဌပိတံ၊ တေနာပိ တထေဝ ဒိန္နံ၊ တံ ဥဘတောသုဒ္ဓိကံ။ ယံ ဟတ္ထေ ဌပေတွာ လဒ္ဓံ၊ ဟတ္ထေယေဝ ဌပိတံ၊ တံ အနုက္ကဋ္ဌစီဝရံ နာမ။

ဝိသုဒ္ဓိ အဋ္ဌကထာ ၊ပ၊နှာ-၆၁။

လဒ္ဓကာလတော ပဋ္ဌာယ "သမဏစီဝရံ သိယာ န ခေါ နော"တိ အာသင်္ကံ နိဝတ္တေတုံ "န တံ ပံသုကူလ"န္တိ ဝုတ္တံ။ န ဟိ တံ တေဝီသတိယာ ဥပ္ပတ္တိဋ္ဌာနေသု ကတ္ထစိ ပရိယာပန္နံ။ ဣဒါနိ ဣမိနာပဝေန ယံ ဘိက္ခု-ဒတ္တိယေ လက္ခဏပတ္တံ ပံသုကူလံ။ တဿ စ ဥက္ကဋ္ဌာ'နုက္ကဋ္ဌဝိဘာဂံ ဒဿေတုံ "ဘိက္ခုဒတ္တိယေပိ"တိ အာဒိ ဝုတ္တံ။ "သေနာသန စီဝရ"န္တိ သေနာသနံ ကာရေတွာ "တေသွိံ သေနာသနေ ဝသန္တာ ပရိဘုဥ္ဇန္တူ"တိ ဒိန္နစီဝရံ။

မဟာဋီကာ၊ပ၊ နှာ-၉၁-၂။

စောဒကက ဘိက္ခာယ ဝါ၊ သင်္ကန်းလျှော်တောင်းခံခြင်းငှါမူလည်း။ ဘိက္ခုဒတ္တိ-ယေပိ၊ ရဟန်းချင်းချင်း ပေးလှူသော သင်္ကန်း၌လည်း။ နေဝ ဂါဟေတဗ္ဗာ၊ ဝါစဉ်ဖြင့် မယူစေမူ၍။ ။တတြာပိ၊ ထိုဝါစဉ်ဖြင့် မယူစေမူ၍ ပေးလှူသော ဘိက္ခုဒတ္တိယ သင်္ကန်း၌လည်း။ ။အနုက္ကဋ္ဌစီဝရံနာမ၊ မမြတ်သော ပံသုကူသင်္ကန်း မည်၏။ ။သိယာ နု ခေါ၊ ဖြစ်လေအံ့လော။ နေဝ သိယာ နု ခေါ၊ မဖြစ်လေသလော။ ဣတိ အာသင်္ကေ၊ ဤသို့ တွေးတောခြင်းကို။ (ဤကား ခက်ရာ၌ အနက်။) (ပံသုကူလ)

(၂) တိစီဝရိက်ဓုတင်။ ။သင်္ကန်းလျှော် ရ၍ အပ်ချုပ်စသည် မပြည့်စုံသေး လျှင် အဓိဋ္ဌာန်ဝိကပ္ပနာ[၁] ပြု၍ ထားကောင်း၏။

နိက္ခိတ္တပစ္စယာ ဒေါသော နတ္ထိ။ (ဝိသုဒ္ဓိ၊ အဋ္ဌကထာ၊ပ၊ နှာ-၆၂)

'ဒေါသော နတ္ထိ'တိ နိစယသန္နိဓိ ဓုတင်္ဂ သံကိလေသဒေါသော နတ္ထိ။

(မဟာဋီကာ၊ပ၊ နှာ-၉၃)

ရဇိတကာလတော ပန ပဋ္ဌာယ နိက္ခိပိတုံ န ဝဋ္ဋတိ၊ ဓုတင်္ဂစောရော နာမ ဟောတိ။ (ဝိသုဒ္ဓိအဋ္ဌကထာ၊ပ၊ နှာ-၆၂)

ရဇိတကာလတော ပန၊ ဆိုးပြီးသော ကာလမှကား။ ပဋ္ဌာယ၊ စ၍။ နိက္ခိပိတုံ၊ အဟောင်းကိုမပစ် အသစ်ကို အပိုထားခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ ဓုတင်္ဂစောရော နာမ၊ အပိုထားမူ ဓုတင်ခိုးမည်သည်။ ဟောတိ၊ ဖြစ်၏။ (တိစီဝရိက်)

(၃) ပိဏ္ဍပါတ်ဓုတင်။ ။န တေန သာဒိတဗ္ဗာနိ၊ ပိဏ္ဍပါတိက ဘိက္ခုနာ။
သံဃုဒ္ဒေသံ နိမန္တနံ၊ သလာကံ ပက္ခု'ပေါသထံ။

ဂမိ ပါဋိပဒါ'ဂန္တု၊ ဂိလာနံ တ'ဒုပဋ္ဌကံ။
ဝိဟာရံ ဓုရဝါရကံ၊ ဘတ္တာနေ'မာနိ စုဒ္ဒသ။

အဋ္ဌကထာသင်္ဂဟ[၂]

ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းအား မအပ်သော ဆွမ်း ၁၄-မျိုး — တေန ပိဏ္ဍပါတိကဘိက္ခုနာ၊ ထိုပိဏ္ဍပါတ် ဓုတင်ဆောက်တည်ပြီးသောရဟန်းသည်။ သံဃံ၊ သံဃာအားလုံးအား လှူသော ထမင်း။ ဥဒ္ဒေသံ၊ နှစ်ပါး, သုံးပါး ညွှန်းထား၍ လှူအပ်သောထမင်း။ နိမန္တနံ၊

---

၁။ ဝိကပ္ပန=(ဝိ=အထူး။ ကပ္ပ=ပြုလုပ်၊ စီရင်။ အန=ပစ္စည်း)အထူးစီရင်ထားခြင်း (သင်္ကန်းသုံးထည်ထက် ပို၍ထားအပ်အောင် အထူးစီမံပြုလုပ်သောနည်း)

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ ၆၃။

ပင့်ဖိတ်၍လှူသောဘတ်။ သလာကံ၊ စာရေးတံချ၍ လှူသောဘတ်။ ပက္ခံ၊ တပက္ခ တကြိမ် လှူသော ပက္ခိကဘတ်။ ဥပေါသထံ၊ ဥပုသ်နေ့၌ လှူသော ဥပေါသထိကဘတ်။

ဂမိ၊ ခရီးမဆုံးသေး သသူအား လှူသော ဂမိကဘတ်။ ပါဋိပဒ်၊ ဥပုသ်ထွက်နေ့ လှူသော ပါဋိပဒိကဘတ်။ အာဂန္တု၊ ခရီးဆုံးမြောက် လာရောက်ဆဲ ဧည့်သည်အား လှူသော အာဂန္တုကဘတ်။ ဂိလာနံ၊ သူနာအားလှူသော ဘတ်။ တဒုပဋ္ဌာကံ၊ ဂိလာနုပဋ္ဌာကဘတ်(သူနာပြုစုသူတို့အား လှူသောဆွမ်း)။ ဝိဟာရံ၊ ကျောင်းကိုရည်၍ လှူသောဘတ်။ ဓုရံ[၁]၊ အဦးအစ အိမ်၌ထား၍ လှူသောဘတ်။ ဝါရကံ၊ ရပ်သူရွာသားတို့ အလှည့်ကျအားဖြင့် လှူအပ်သော ဝါရဘတ်။ ဧတာနိ စုဒ္ဒသ ဘတ္တာနိ၊ ဤတဆဲ့လေးဘတ်တို့ကို။ န သာဒိတဗ္ဗာနိ၊ မသာယာအပ်ကုန်။

သစေ ပန "သံဃဘတ္တံ ဂဏှထာ"တိအာဒိနာ နယေန အဝတွာ "အမှာကံ ဂေဟေ သံဃော ဘိက္ခံ ဂဏှတု၊ တုမှေပိ ဘိက္ခံ ဂဏှထာ"တိ ဝတွာ ဒိန္နာနိ ဟောန္တိ၊ တာနိ သာဒိတုံ ဝဋ္ဋန္တိ။ သံဃတော နိရာမိသ-သလာကာပိ ဝိဟာရေ ပက္ကဘတ္တမ္ပိ ဝဋ္ဋတိယေဝ။ (ဝိသုဒ္ဓိအဋ္ဌကထာ၊ပ၊ နှာ-၆၃)

သာဒိတုံ ဝဋ္ဋတိ ဘိက္ခာပရိယာယေန ဝုတ္တတ္တာ။ ဘေသဇ္ဇာဒိ ပဋိ-သံယုတ္တာ "နိရာမိသ သလာကာ"။ ယာဝကာလိက ဝဇ္ဇာတိ စ ဝဒန္တိ။ "ဝိဟာရေ ပက္ကဘတ္တမ္ပိ"တိ ဥပါသကာ ဣမေဝ ဘတ္တံ ပစိတွာ "သဗ္ဗေသံ အယျာနံ ဒဿာမာ"တိ ဝိဟာရေယေဝ ဘတ္တံ သမ္ပာဒေန္တိ၊ တံ ပိဏ္ဍ-ပါတိကာနမ္ပိ ဝဋ္ဋတိ။ (မဟာဋီကာ၊ပ၊ နှာ-၉၄)

သံဃဘတ္တံ၊ သံဃာ့ထမင်းကို။ ဂဏှထ၊ ခံတော်မူပါကုန်။ ဣတိ အာဒိနာ နယေန၊ ဤသို့စသောနည်းဖြင့်။ အဝတွာ၊ မဆိုမူ၍။ အမှာကံ၊ တပည့်တော်တို့၏။ ဂေဟေ၊ အိမ်၌။ သံဃော၊ သံဃာသည်။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှတု၊ ခံတော်မူလော။ တုမှေပိ၊ အရှင်ဘုရားတို့သည်လည်း။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူကုန်လော။ ဣတိ ဝတွာ၊ ဤသို့ဆို၍။ ဒိန္နာနိ၊ လှူအပ်ကုန်သည်။ သစေ ပန ဟောန္တိ။ အကယ်၍ ဖြစ်ကုန်ငြားအံ့။ တာနိ၊ ထိုအပ်သော ဘိက္ခာဝေါဟာရဖြင့် ဖိတ်အပ်သော ဆွမ်းတို့ကို။ ဝါ၊ ဆွမ်းတို့သည်။ သာဒိတုံ၊ သာယာ ခံယူ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋန္တိ၊ အပ်ကုန်၏။ သံဃတော၊ သံဃာမှ။ နိရာမိသ သလာကာပိ၊ အာမိသ မဟုတ်သော စာရေးတံသည်ငှင်း။ ဝိဟာရေ၊

၁။ ဓုရဂေဟ(မဟာဋီ၊ပ၊ နှာ ၉၃)

ကျောင်း၌။ ပက္ကာဘတ္တမ္ပိ၊ ချက်အပ်သော ထမင်းသည်ရင်း။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။

ဘိက္ခုပရိယာယေန၊ ဆွမ်းဟူသော ကပ္ပိယဝေဝုစ်ဖြင့်။ ဝုတ္တတ္တာ၊ ဆိုအပ်သည့်အဖြစ်ကြောင့်။ သာဒိတုံ၊ သာယာခံယူခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဘေသဇ္ဇာဒိ ပဋိသံယုတ္တာ၊ ဆေး စသည်နှင့်စပ်သော စာရေးတံသည်။ နိရာမိသ-သလာကာ၊ အာမိသမဟုတ်သော စာရေးတံ မည်၏။ ယာဝကာလိကဝဇ္ဇာ၊ ဘောဇဉ် ခဲဘွယ်ဟူသော 'ယာဝကာလိက' [၁]မှ လွတ်သော စာရေးတံသည်။ နိရာမိသ သလာကာ၊ အာမိသမဟုတ်သော စာရေးတံ မည်၏။ ဣတိ စ၊ ဤသို့လည်း။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဝိဟာရေ ပက္ကဘတ္တမ္ပိတိ၊ ဟူသည်ကား။ ဥပါသကာ၊ သီတင်းသည်တို့သည်။ ဣဓေဝ၊ ဤကျောင်း၌သာလျှင်။ ဘတ္တံ၊ ထမင်းကို။ ပစိတွာ၊ ချက်ပြုတ်ကုန်၍။ သဗ္ဗေသံ၊ အလုံးစုံကုန်သော။ အယျာနံ၊ အရှင်ကောင်းတို့အား။ ဒဿာမ၊ လှူကုန်အံ့။ ဣတိ၊ ဤသို့ကြံစည်တိုင်ပင်ကုန်၍။ ဝိဟာရေယေဝ၊ ကျောင်း၌သာလျှင်။ ဘတ္တံ၊ ထမင်းကို။ သမ္ပာဒေန္တိ၊ ပြည့်စုံစေကုန် စီရင်ကုန်၏။ တံ၊ ထိုထမင်းသည်။ ပိဏ္ဍပါတိကာနမ္ပိ၊ ပိဏ္ဍပါတ်ဓုတင် ဆောက်တည်သောပုဂ္ဂိုလ်တို့အားလည်း။ ဝဋ္ဋတိ၊ အပ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ယခုကာလ 'ထမင်းခံပါ'ဟု မပင့်ဖိတ်၊ 'ဆွမ်း ခံကြွပါ'ဟု ပင့်ဖိတ်ကြသဖြင့် 'ကပ္ပိယဝေါဟာရ'ချည်းသာဖြစ်၍ မအပ်ဟူ၍ မရှိပြီ။ ဆွမ်းတော်ချက်များလည်း ပိဏ္ဍပါတ်မပျက်ဟု မှတ်ရမည်။ ။ (ပိဏ္ဍပါတ်)

**(၄) သပဒါနစာရိကဓုတင်။** ။သပဒါနစာရိက ပုဂ္ဂိုလ်သည် ဘေးရန်ရှိရာ ရွာ အိမ် လမ်းမ ဆွမ်းမရသော အရပ်တို့ကို လွန်ကျော်၍ သွားကောင်း၏။ ကျောင်း၌ရင်း လမ်း၌ရင်း လာ၍ သပိတ်ကို ယူ၍ လှူဒါန်းသော ဆွမ်းလည်း အပ်၏။ ခရီးသွားသော အခါလည်း ဆွမ်းခံနေကျ အချိန်၌ ရောက်သောရွာမှ စ၍ မျှလောက်အောင် အစဉ်အတိုင်း ခံရသည်။ (သပဒါန)

**(၅) ဧကာသနိကဓုတင်။** ။နေရာနှင့် စားခြင်း—နှစ်ပါးသည် ဧကာသနိက ရဟန်းကို ဓုတင်ပျက်အံ့သည်မှ စောင့်ရှောက်ရကား စားမိလျှင် ထိုဣရိယာပုထ်ကို မဖျက်ရပြီ။ ထို့ကြောင့် ထိုင်၍ စားနေစဉ်

၁။ ယာဝကာလိက=နေမွန်းတည့်တိုင်အောင် ရဟန်းတို့ စားသုံးနိုင်သော ဘောဇဉ် ၅-ပါး, ခဲဘွယ် ၁၂-ပါး။ ယာမကာလိက=တနေ့လုံးသုံးဆောင်အပ်သော အစား အစာ။

ဆရာဥပဇ္ဈာယ် လာငြားအံ့၊ ဝတ္တဘေဒဒုက္ကဋ်အာပတ်ကို ကြောက်သဖြင့် ထ၍ ဝတ်ပြုရမည်။ ထလျှင် နေရာပျက်လေပြီ ဖြစ်၍ ဓုတင်ပျက်မည်ကိုလည်း ကြောက်လျှင် ထမိသည့်နောက်၌ မစားရပြီ။ (ကောသနိက်)

(၆) ပတ္တပိဏ်ခုဘင်။ ။တေန ပန ပတ္တပိဏ္ဍိကေန ယာဂုပါနကာလေ ဘာဇနေ ဌပေတွာ ဗျဉ္ဇနေ လဒ္ဓေ ဗျဉ္ဇနံ ဝါ ပဌမံ ခါဒိတဗ္ဗံ၊ ယာဂု ဝါ ပါတဗ္ဗာ။ (ဝိသုဒ္ဓိမဂ်၊၁၊ပ၊ နှာ-၆၇)

တေန ပန ပတ္တပိဏ္ဍိကေန၊ ထိုပတ္တပိဏ် ဓုတင်ဆောက်တည်ပြီးသော ရဟန်းသည်ကား။ ယာဂုပါနကာလေ၊ ယာဂုသောက်ချိန်အခါ၌။ ဘာဇနေ၊ ခွက်တပါး၌။ ဌပေတွာ၊ တင်ထား၍လျှုအပ်သော။ ဗျဉ္ဇနေ၊ ဟင်းလျာကို။ လဒ္ဓေ၊ ရအပ်သည်ရှိသော်။ ဗျဉ္ဇနံ ဝါ၊ ဟင်းကိုမူလည်း။ ပဌမံ၊ ရှေးဦးစွာ၊ ခါဒိတဗ္ဗံ၊ စားရမည်။ ယာဂု ဝါ၊ ယာဂုကိုမူလည်း။ ပဌမံ၊ ရှေးဦးစွာ။ ပါတဗ္ဗာ၊ သောက်ရမည်။

ရောနှောလျှင် စက်ဆုပ်ဘွယ် ရှိမည် ဖြစ်၍ တခုကုန်မှ ထည့်၍ စားဟူလို။ ။ဤသို့အဋ္ဌကထာ လာသောကြောင့် ခံသောအခါ ခွက်အများအပ်၏။ စားသောအခါ၌ကား တခွက်သီးတည်း၌သာ ထည့်၍ စားရမည်။ နေရာရွှေပြောင်းလျက် အထပ်ထပ်ပင် စားကောင်း၏၊ ခွက်ကား မပြောင်းရ။ သစ်ရွက်မျှ မအပ်။

ဒုတိယကဘာဇနဿ ပန ပဋိက္ခိတ္တတ္တာ အညံ ရုက္ခပဏ္ဏမ္ပိ န ဝဋ္ဋတိ။ (ဝိသုဒ္ဓိမဂ်၊၁၊ပ၊နှာ-၆၇)

ဒုတိယကဘာဇနဿ ပန၊ နှစ်ခုမြောက်သော ခွက်ကိုကား။ ပဋိက္ခိတ္တတ္တာ၊ မြစ်ပယ်အပ်ပြီးသည်၏အဖြစ်ကြောင့်။ အညံ၊ ခွက်တပါးဖြစ်မူ။ ရုက္ခပဏ္ဏမ္ပိ၊ သစ်ရွက်သည်လည်း။ န ဝဋ္ဋတိ၊ မအပ်။

တမာရွက် စသည်ကို လက်တဖက်ဖြင့် ကိုင်၍ကား စားကောင်း၏။

တထာ ပန အကတွာ ပတ္တေယေဝ ပက္ခိပိတဗ္ဗံ။ (ဝိသုဒ္ဓိအဋ္ဌကထာ၊ပ၊ နှာ-၆၇)

ပန၊ ယင်းသို့ ကိုင်၍ စားကောင်းသော်လည်း။ တထာ၊ ထိုသို့ လက်ဝဲဖက်ဖြင့် ကိုင်၍ စားခြင်းကို။ အကတွာ၊ မပြုမူ၍။ ပတ္တေယေဝ၊ သပိတ်၌သာလျှင်။ ပက္ခိပိတဗ္ဗံ၊ ထည့်အပ်၏။ (ပတ္တပိဏ်)

(၇) ခလုပစ္ဆာဘတ္တိဓုတင်။ ။ခလုပစ္ဆာဘတ္တိက ပုဂ္ဂိုလ်သည် ဆွမ်းစားစဉ် "တန်ပြီ" ဟု ကိုယ်, နှုတ် နှစ်သွယ် မြစ်ပယ်ပြီးနောက် ဣရိယာပုထ်ပြောင်းက မစားကောင်းပြီ။ ရဟန်းတို့မှာ အတိရိတ်ဝိနည်းကံ ပြုသော်လည်း မစားရပြီ။ (ခလုပစ္ဆာ)

(ဂ) အာရညိကင်ဓုတင်။ ။အရညကင် ဓုတင် ဆောက်တည်ပြီးသော ပုဂ္ဂိုလ်သည် အရုဏ်ရှိသော ကျောင်း,ရွာ နှစ်ပါး၏ တံခါးခုံမှ, အရုံမရှိမူ အရုံထိုက်ရာ ပဌမ ခဲတကျမှ စ၍—

ဣမဿိံ ပန သုတ္တန္တိကပရိယာယေ "အာရညကံ နာမ သေနာသနံ ပဉ္စဓနုသတိကံ ပစ္ဆိမ"န္တိ ဣဒံ လက္ခဏံ။ တံ အာရောပိတေန အာစရိယဓနုနာ ပရိက္ခိတ္တဿ ဂါမဿ ဣန္ဒခီလတော အပရိက္ခိတ္တဿ ပဌမလေဍ္ဍု-ပါတတော ပဋ္ဌာယ ယာဝ ဝိဟာရပရိက္ခေပါ မိနိတွာ ဝဝတ္ထာပေတဗ္ဗံ။

သစေ ပန ဝိဟာရော အပရိက္ခိတ္တော ဟောတိ၊ ဂါမဿဝ ဥပစာရံ နီဟရိတွာ ဥဘိန္နံ လေဍ္ဍုပါတာနံ အန္တရာ မိနိတဗ္ဗံ။

ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊ နှာ-၇၀) လာသည်နှင့် ညီစွာ ကုလလေးတာ လေးတောင်တာဖြင့် လမ်းရိုးလျှောက်တာ၍ ငါးရာရှိသော အရပ်၌ အရုဏ် တက်စေရသည်။

ဣမဿိံ ပန သုတ္တန္တိက ပရိယာယေ၊ ဤ သုတ္တန်ဒေသနာနည်း၌ကား။ အာရညကံ၊ တော၌ဖြစ်သော။ သေနာသနံ နာမ၊ ကျောင်းမည်သည်။ ပစ္ဆိမံ၊ အယုတ်ဆုံး။ ပဉ္စဓနုသတိကံ၊ ကုလလေးတာ ပြန်ငါးရာရှိ၏။ ဣတိ ဣဒံ၊ ဤ အာရညက သိက္ခာပုဒ်၌ လာသော စကားသည်။ လက္ခဏံ၊ မှတ်ကြောင်းစကားတည်း။ တံ၊ ထို ကုလလေးတာ ပြန်ငါးရာကို။ အာရောပိတေန၊ ညှို့တင်ပြီးသော။ အာစရိယဓနုနာ၊ အတတ်ကိုသင်သောဆရာ၏လေးဖြင့်။ ပရိက္ခိတ္တဿ၊ ရံအပ်သော။ ဂါမဿ၊ ရွာ၏။ ဣန္ဒခီလတော၊ တံခါးခုံမှ။ အပရိက္ခိတ္တဿ၊ မရံအပ်သောရွာ၏။ ပဌမလေဍ္ဍုပါတတော၊ ရှေးဦးစွာ ခဲတကျမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ ဝိဟာရပရိက္ခေပါ၊ ကျောင်း၏ အရံတိုင်အောင်။ မိနိတွာ၊ တာ၍။ ဝဝတ္ထာပေတဗ္ဗံ၊ ပိုင်းခြားအပ်၏။

ဝိဟာရော၊ကျောင်းသည်။ အပရိက္ခိတ္တော၊ မရံအပ်သည်။သစေ ပန ဟောတိ၊ အကယ်၍ကား ဖြစ်ပြန်ငြားအံ့။ ဂါမဿ ဣဝ၊ ရွာ၏ကဲ့သို့။ ဥပစာရံ၊ ပထမ ခဲတကျ ဟူသော ဥပစာကို။ နီဟရိတွာ၊ ထုတ်၍။ ဥဘိန္နံ လေဍ္ဍုပါတာနံ၊ ကျောင်း, ရွာ နှစ်ဝ ခဲတကျစီတို့၏။ အန္တရာ၊ အကြား၌။ မိနိတဗ္ဗံ၊ တာအပ်၏။ (ဤကား အနက်)

သစေပိ အာသန္နေ ဂါမော ဟောတိ၊ ဝိဟာရေ ဌိတေဟိ မာနုဿကာနံ သဒ္ဒေါ သုယျတိ၊ ပဗ္ဗတ နဒီ အာဒီဟိ ပန အန္တရိတတ္တာ န သက္ကာ ဥဇုံ ဂန္တုံ။ ယော တဿ ပကတိမဂ္ဂေါ ဟောတိ၊ သစေပိ နာဝါယ သဉ္စရိတဗ္ဗော၊ တေန မဂ္ဂေန ပဉ္စဓနုသတိကံ ဂဟေတဗ္ဗံ။

(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၇၀)

ဝိဟာရေ၊ ကျောင်း၌။ ဌိတေဟိ၊ တည်ကုန်သော ရဟန်းတို့သည်။ မာနုဿကာနံ၊ ရွာသူလူငယ်တို့၏။ သဒ္ဒေါ၊ ဒ.သံကို။ သုယျတိ၊ ကြားအပ်လောက်အောင်ပင်။ အာသန္နေ၊ နီးသောအရပ်၌။ ဂါမော၊ ရွာသည်။ သစေပိ ဟောတိ၊ အကယ်၍ဖြစ်စေကာမူ။ ပန၊ ယင်းသို့ပင် နီးသော်လည်း။ ပဗ္ဗတ နဒီ အာဒီဟိ၊ တောင်,မြစ်စသည်တို့သည်။ အန္တရိတတ္တာ၊ ခြားဆီးအပ်ခြင်းကြောင့်။ ဥဇုံ၊ ဖြောင့်ဖြောင့်။ ဂန္တုံ၊ သွားခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ တဿ၊ ထိုရွာ၏။ ယော ပကတိမဂ္ဂေါ၊ အကြင် လူအများ သွားလာသော ပကတိလမ်းရိုးသည်။ ဟောတိ၊ ရှိ၏။ နာဝါယ၊ လှေဖြင့်။ သစေပိ သဉ္စရိတဗ္ဗော၊ အကယ်၍ သွားလာကူးသန်း အပ်စေကာမူ။ တေန မဂ္ဂေန၊ ထိုလမ်းဖြင့်။ ပဉ္စ ဓနုသတိကံ၊ ကုလလေးတာ ပြန့် ငါးရာကို။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ဤအဋ္ဌကထာဖြင့် ရေလမ်း,လှေလမ်းကိုလည်း လမ်းဟု ပြ၏။ ထို့ကြောင့် ကြည်းလမ်း, ကူးတို့လှေလမ်း ဘွေ၍ သွားဘို့ရာ မရှိ[၁]၊ ရှည်ရှည် လျှားလျှား တော,တောင်,ချောက်ကမ်းပါး, မြစ်ချောင်းခြားသော တောကျောင်းများကို နီးသော်လည်း ယုံမှား မရှိသင့်။

(‘သဉ္စရိတဗ္ဗော’၏ ကံကို ‘ယော ဂါမော’ဟု မထည့်သင့်၊ ‘ယော ပကတိ မဂ္ဂေါ’ကို လိုက်၍ အများ ကူးသန်းကြမြဲ လှေလမ်းကူးတို့ရှိမူ ထိုလှေလမ်းဖြင့်လည်း တာသင့်၏ ဟူ၍ ယူမှ ကံပုဒ်ကြိယာပုဒ် အသွားအလာဖြောင့်သည်။)

နီးသောရွာကို တောရ တာပြည့်အောင် ထိုထိုလမ်းငယ်ကို ဂိတ်ဆို့မှု ‘မဟာဂ်-စောရ’ဖြစ်၏။

မဂဓတိုင်းလာ သီဟိုဠ်အဋ္ဌကထာ ဖြစ်သောကြောင့် မဇ္ဈိမဒေသ တက္ကသိုလ်ဆရာ၏ အတတ်သင်သော လေးကို ‘အာစရိယဓနု’ယူ၍ ယခုလူတို့ ခြောက်တောင်တာဖြင့် တာငါးရာသည် ‘ပဉ္စဓနုသတိက’မည်၏ ဟု အချို့သူတို့ ယူကြကုန်၏။ သက်န်းအရာ၌ မုဋ္ဌိပဉ္စက,မုဋ္ဌိတ္တိက, အဍ္ဎတေယျဟတ္ထ ဟု သာမညလာသော်လည်း သုံးဆောင်သူ ပုဂ္ဂိုလ်၏ အတောင်အထွာဖြင့် ယူရသကဲ့သို့ အလယ်အလတ်ဖြစ်သော ဒေသတောင်တာဖြင့် ယူလျှင်ပင် ဆိပ်ငြိမ်ရာ ဝိဝေကကို ရတော့သည်။ ထို့ကြောင့် ဤမြန်မာဒေသ၌ အများသုံးဆောင်ကြသည့် ဟသ်ာတောင်,သံတောင်[၂] တို့ဖြင့် လေးတောင်တာကို ကုလလေးတာဟု ယူသင့်သည်။ (အာရညကင်)

---

၁။ အခြားသွားစရာလမ်းများမရှိမူ ကွေ့ဘောက်သွားရသော ကုန်းလမ်း လှေလမ်း အတိုင်းသာ ကျောင်းနှင့် ရွာ အကွာအဝေးကိုယူရသည် ဟု ဆိုလိုသည်။

၂။ ဟသ်ာတောင်=၁၈-လက်မ။ သံတောင်=၂၄-လက်မ။ ဆင်တိုင်းတောင်=၂၈-လက်မ။လယ်ဖွဲ့တောင်=၃၂-လက်မ။

(၉) ရုက္ခမူစုတင်။ ။ရုက္ခမူလိကပုဂ္ဂိုလ်သည် ဘေးရန်အန္တရာယ် မရှိသော ကျောင်းစွန် သစ်ပင်ကို ယူရသည်။

ဆောင်ပုဒ်လင်္ကာ— တိုင်းကျပ်,[၁] နတ်ကြီး၊ အသီး, စေးထွက်၊ ခေါင်းသက်, ကျောင်းလယ်၊ လင်းနို့တွယ်၊ ရှောင်ပယ် သတ္တ-ပါဒပ[၂]။

ဤသစ်ခုနစ်ပင်တို့ကို ဘေးရန်အန္တရာယ်ရှိ၍ သမာဓိရဖွယ် မရှိသောကြောင့် ရှားပယ်ရှောင်ကြဉ်ရသည်၊ စုတင်ကား မပျက်။ "ဆန္ဒေ ဝါသံ ကပ္ပိ-တက္ခဏေ ဓုတင်ံ ဘိဇ္ဇတိ" (ဝိသုဒ္ဓိအဋ္ဌကထာ၊ ပ၊ နှာ-၇၂)ဟူသည်ကို ထောက်။ (ရုက္ခမူ)

(၁၀) အဗ္ဘောကာသိကစုတင်။ ။အဗ္ဘောကာသိက ပုဂ္ဂိုလ်သည် တရားနာခြင်း, တရားဟောခြင်း, ဥပုသ်ပြုခြင်း, ဝတ်ကြီး ဝတ်ငယ်ပြုခြင်း, ဆွမ်းဖြင့် ဘိတ်မန်ခြင်း, ကျမ်းဂန်တက်ခြင်း,ချပို့ခြင်း, ဒုန္နိက္ခိတ္တ မဉ္စ ပီဌ စသည်ကို သိမ်းသိမ်းဆည်းခြင်းကိစ္စဖြင့် အမိုးသို့ ဝင်အပ်၏။ ဝင်စဉ် မိုးရွာမူ မိုးလင်းအောင် ခိုနေကောင်း၏။ ခရီးသွားရာ၌ မထေရ်ကြီးတို့၏ ပရိက္ခရာကို ယူဆောင်လျက် သွားစဉ် မိုးရွာမူ လမ်းလယ်မတ်မတ် စရပ်မှာ လျင်စွာသွား၍ ခိုနားကောင်း၏။ မထေရ်ကြီးတို့၏ ပရိက္ခရာ မပါလျှင် ပကတိသာ သွားဝင်၍ မိုးလင်းစင်အောင် ခိုနားကောင်း၏။ ရုက္ခမူလိကလည်း နည်းတူပင်။

ယာဝ ဝဿုပရမာ ဌတွာ ဂန္တဗ္ဗံ။ပ။ ရုက္ခမူလိကဿာပိ ဧသေဝ နယော။ (ဝိသုဒ္ဓိအဋ္ဌကထာ၊ပ၊နှာ-၇၃)

ဤ၌ 'ဝေဂေန ဂန္တုံ န ဝဋ္ဋတိ အသာရုပ္ပတ္တာ'ဟု ဋီကာ ဟိတ်ခတ်သည့်အလိုမူ မထေရ်ကြီးတို့ ပရိက္ခရာ မပါသော် မိုးခိုအံ့ဟု လျင်စွာသွားခြင်းကြောင့် လမ်းလယ်စရပ်ဖြစ်၍ စုတင် မပျက်၊ မလျောက်ပတ်သောကြောင့် သာ မအပ်ဟု အဋ္ဌကထာ မိန့်ဆိုသည် ဟူ၍ ယူလိုရိပ် ထင်၏။ (အဗ္ဘောကာသိက)

(၁၁) သုသာန်စုတင်။ ။ဈာပိတကာလတော ပန ပဋ္ဌာယ သစေပိ ဒွါဒသ ဝဿာနိ ဆဍ္ဍိတံ၊သုသာနမေဝ။(ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ၊၇၄)

ဆဝသယနံ ဟိ သုသာနန္တိ ဝုစ္စတိ။ (မဟာဋီကာ၊ပ၊နှာ-၁၀၀)

ဈာပိတ ကာလတော ပန၊ သူကောင်ကို ဖုတ်မြိုက်သော ကာလမှကား။ ပဋ္ဌာယ၊ စ၍။ ဒွါဒသ ဝဿာနိ၊ ၁၂-နှစ်တို့ပတ်လုံး။ သစေပိ ဆဍ္ဍိတံ၊ သူကောင်

---

၁။ တိုင်းကျပ်=တိုင်းပြည် နိုင်ငံနှစ်ခုအကြား နယ်ခြားမြေ(၌ရှိသော သစ်ပင်။)

၂။ ပါဒပ=သစ်ပင်။

လစ်လပ် အကယ်၍ စွန့်ပစ်အပ်စေကာမူ။ သုသာနမေဝ၊ သင်းချိုင်း မည်သည် သာလျှင်တည်း။

ဟိသစ္စံ၊ မှန်၏။ ဆ၀ သယနံ၊ သူသေကောင်အိပ်ရာ မြေရပ်ကို။ သုသာနန္တိ၊ သုသာန်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ကျမ်းဂန်လာသည်နှင့် အညီ ဘေးရန်ရှိသောအခါ သက်သေပံ့ ထောက် စောင့်ရှောက်စေခြင်းအကျိုးငှါ သံဃထေရ်ကိုသော်၎င်း ရွာထိန်း သူကြီးကိုသော်၎င်း ပန်ထားသိစေ၍ မထင်ရှားသော တောလမ်းခရီးဖြင့် သူကောင်ချဘူးရာ သုသာန်လက္ခဏာသို့ ရောက်သော သင်းချိုင်းသို့ ညဉ့်တိုင်း သွားရသည်။

ကေဒိဝသမ္ပိ သုသာနံ အာဂန္တုံ န ဝဋ္ဋတိ။ မဇ္ဈိမယာမံ သုသာနေ ခေပေတွာ ပစ္ဆိမယာမေ ပဋိက္ကမိတုံ ဝဋ္ဋတီတိ အင်္ဂုတ္တရဘာဏကာ။

(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ၊ပ၊နှာ-၇၄)

ကေဒိဝသမ္ပိ၊ တနေ့တရက်မျှလည်း။ သုသာနံ၊ သုသာန်သို့။ အဂန္တုံ၊ မသွားပဲ နေခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ မဇ္ဈိမယာမံ၊ သန်းခေါင်ယံကို။ သုသာနေ၊ သုသာန်၌။ ခေပေတွာ၊ ကုန်စေ၍။ ပစ္ဆိမယာမေ၊ ပစ္ဆိမယာမ်၌။ ပဋိက္ကမိတုံ၊ ပြန်လည်ခဲ့ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တိုရ်ဆောင် ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။

ညဉ့်အခါ မကြောက်မလန့်ရအောင် နေ့က သွား၍ တောင်ပို့ သစ်ငုတ် ချုံဖုတ် သစ်ပင် စသော အာရုံကို ပိုင်းခြားမှတ်သားရမည်။ အလွန်ကြောက် လှမူ နှစ်ပါး သုံးပါး အဖော်နှင့်ပင် သွားရ၏။ မြစ်ပယ်သော ကျမ်းဂန် မရှိ။

တစ္ဆေ မြေဘုတ်တွေ့လျှင် အဋ္ဌိခဲ လုံကန်ဖြင့် မပုတ်ခတ်ရ။ ထိုဘုတ်တို့ ကြိုက် နှစ်သက်သော ပဲဆွမ်း, နှမ်းညက်, မုံ့, ငါးချက်, အမဲ, တင်လဲ, နို့ရည်, ဆီ, ထောပတ် စသည်များကို မစားမသောက်ရ။ သင်းချိုင်းမှ ပြန်လည်ခဲ့စအခါ ဒါယကာတို့၏ အိမ်တွင်းသို့ မဝင်ရ။

ပေတခုမေန ဝါသိတတ္တာ ပိသာစာနုဗန္ဓတ္တာ စ ကုလဂေဟာဿ အဗ္ဘန္တရံ န ပဝိသိတဗ္ဗံ။ (မဟာဋီကာ၊ပ၊နှာ-၁၀၁)

ပေတဂူမေန၊ ပြိတ္တာတို့၏အခိုးအငွေ့ဖြင့်။ အခိုးအငွေ့သည်။ ဝါသိတတ္တာ စ၊ ထုံစွဲအပ်ခြင်းကြောင့်၎င်း။ ပိသာစာနုဗန္ဓတ္တာ စ၊ မြေဘုတ်ဘီလူး ကပ်ပူး၍ ပါဘတ်ခြင်းကြောင့်၎င်း။ ကုလဂေဟာဿ၊ ဒါယကာတို့အိမ်၏။ အဗ္ဘန္တရံ၊ အတွင်းသို့။ န ပဝိသိတဗ္ဗံ၊ မဝင်အပ်။ (သုသာန်)

(၁၂) ယထာသန္တတိကဓုတင်။ ။ယထာသန္တတိကပုဂ္ဂိုလ်သည် သံဃာညွှန်းချသော အိပ်ရာ နေရာကျောင်းကိုသာ ယူရသည်။ ခဏအခိုက်အတန့်ကား သူတပါးနေရာကျောင်း၌ နေကောင်း၏။ မိမိပုဂ္ဂလိက ကျောင်းကိုမူကား သံဃာညွှန်းချဖွယ်ရာ မရှိပြီ။ ကျမ်းဂန်အထူးမလာ။ (ယထာသန္တတိ)[၁]

(၁၃) နိသဇ်ဓုတင်။ ။နေသဇ္ဇိကပုဂ္ဂိုလ်သည် ဣရိယာပုထ်လေးပါးတို့တွင် လျောင်းအိပ်ခြင်း တပါးသာ မအပ် ဖြစ်၍ ညဥ့်သုံးယာမ်တွင် တယာမ်၌ ထ၍ စင်္ကြံသွားရသည်၊ နှစ်ယာမ်၌ ထိုင်ရသည်။ ငါ နိသဇ်ဓုတင် ဆောက်တည်သသူတည်းဟု ညဥ့်သုံးယာမ်ပတ်လုံး ထိုင်၍ချည်း မနေရ၊ ဣရိယာပုထ်ပြောင်းမှ နှလုံးသွင်းခြင်းငှါ ကိုယ်ခန္ဓာ ကျန်းမာခိုင်ခံ့သည်။ (နိသဇ်ဓုတင်)[၂]

ဝိဓာန ပြီး၏။

---

## ဓုတင် ၁၃-ပါးကို အယုတ်, အလတ်, အမြတ်အားဖြင့် ပိုင်းခြားဝေဖန်ပြခြင်း

**ပဘေဒအားဖြင့်—**

(၁) ပံသုကူဓုတင်။ ။သုသာနေယေဝ ဥက္ကဋ္ဌော၊ ဘိက္ခုဒ္ဒိဿမ္ပိ မဇ္ဈိမော။
မုဒုကော ပါဒမူလေပိ၊ ဂဏှာတိ ပံသုကူလိကော။

ဥက္ကဋ္ဌော၊ အမြတ်အမွန် အလွန်အကြူး အထူးဥက္ကဋ္ဌဖြစ်သော။ ပံသုကူလိကော၊ ပံသုကူဓုတင်ဆောင်သောပုဂ္ဂိုလ်သည်။ သုသာနေယေဝ၊ သင်းချိုင်း၌သာလျှင်။ ဂဏှာတိ၊ ကောက်ယူ သုံးဆောင်၏။

မဇ္ဈိမော၊ မလွန်မဆုတ် မယုတ်မမြတ် အလတ်မဇ္ဈိုဖြစ်သော။ ပံသုကူလိကော၊ ပံသုကူဓုတင်ဆောင်ပုဂ္ဂိုလ်သည်။ ဘိက္ခုဒ္ဒိဿမ္ပိ၊ ရဟန်းသာလျှင် ကောက်စေချင်၍ လမ်းတွင် ပစ်ထားသည်ကိုလည်း။ ဂဏှာတိ၊ ကောက်ယူ သုံးဆောင်၏။

မုဒုကော၊ လုံ့လသဒ္ဓါ မသန်မာ၍ တောင်ညွှာမြောက်ငဲ့ တုန့်ခွဲ့လျော့ပျင်း ညံ့ဖျင်းသေးနု မုဒုဖြစ်သော။ ပံသုကူလိကော၊ ပံသုကူဓုတင်ဆောင်ပုဂ္ဂိုလ်သည်။

---

၁။ သန္တတ=ခင်းထားသော(အခင်း,နေရာ,ကျောင်း) ၂။ နိသဇ္ဇ=ထိုင်ခြင်း။

ပါဒမူလေပိ၊ ခြေရင်း၌သော်လည်း။ ဒိန္နကံ၊ မိမိကိုသာ သဒ္ဓါကြည်ဖြူ ပေးလှူ စွန့်ပစ်အပ်သည်ကို။ ဂဏှာတိ၊ ကောက်ယူသုံးဆောင်၏။

(ပါဒမူလေ ဌပေတွာ ဒိန္နကံ သမဏေနာတိ အဓိပ္ပါယော[၁]။ ။ ဟု-ကတ္တားထည့်တော်မူသော ဋီကာရှင်ကား လက်ရောက် ကပ်လှူသည်ကို ယူလိုရိပ် ရှိ၏။ ။ပုဂ္ဂိုလ်သုံးပါး အသွားမဖြောင့် ဝိခာနစကား နှင့်လည်း နှောင့်ရှက်ရကား စဉ်းစားဆင်ခြင်သင့်သည်)။

ဓုတင်ပျက်ခြင်း။ ။လူတို့ လက်ကြပ် ကပ်လှူသည်ကို ခံယူ သာယာလျှင် ပျက်၏။ (ပံ)

(၂) တိစီဝရိက်။ ။မုဒု ဆာဒေတိ အညေသံ၊ စီဝရံ အန္တရန္တရာ။
မဇ္ဈော ရဇန ကာသာဝံ၊ သဒါ တိဏောဝ ဥက္ကဋ္ဌော။

မုဒု၊ မုဒုဖြစ်သော ပံသုကူဆောင်ပုဂ္ဂိုလ်သည်။ အညေသံ၊ တပါးသော သဘာဂရဟန်းတို့၏။ စီဝရံ၊ သင်္ကန်းကို။ အန္တရန္တရာ၊ ကြိုးကြား ကြိုးကြား။ ဆာဒေတိ၊ ဖုံးလွှမ်း ဝတ်ရုံ၏။

မဇ္ဈော၊ မဇ္ဈိမဖြစ်သော ပံသုကူဆောင်ပုဂ္ဂိုလ်သည်။ ရဇနကာသာဝံ၊ သင်္ကန်းဆိုးခါ ဝတ်ရုံဘို့ရာ လှူထားသော အများ၏ ပုံသင်္ကန်းကို။ ဆာဒေတိ၊ ဖုံးလွှမ်း ဝတ်ရုံ၏။

ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌဖြစ်သော ပံသုကူဆောင်ပုဂ္ဂိုလ်သည်။ သဒါ၊ အခါခပ်သိမ်း။ တိဏိဝေ၊ သုံးထည်တို့ကိုသာလျှင်။ ဆာဒေတိ၊ ဖုံးလွှမ်းဝတ်ရုံ၏။

သံဃာဋိံ ပန နိဝါသေတုံ န ဝဋ္ဋတိ။

တတြဋ္ဌက ပစ္စတ္ထရဏမ္ပိ တဿ ဝဋ္ဋတိ။ ပရိဟရိတုံ ပန န ဝဋ္ဋတိ။

ဓုတင်္ဂတေစီဝရိကဿ ပန စတုတ္ထံ ဝတ္တမာနံ အံသ ကာသာဝမေဝ ဝဋ္ဋတိ။ တဉ္စ ခေါ ဝိတ္ထာရတော ဝိဒတ္ထိ၊ ဒီဃတော တိဟတ္ထမေဝ ဝဋ္ဋတိ။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၆၂။

တတြဋ္ဌက ပစ္စတ္ထရဏံ နာမ အတ္တနော ပရဿ ဝါ သန္တကံ သေနာသနေ ပစ္စတ္ထရဏ ဝသေန အဓိဋ္ဌိတံ။ "အံသ ကာသာဝံပိ ပရိက္ခာရစောဠံ ဟောတိ။ ဣတိ ပစ္စတ္ထရဏံ, အံသကာသာဝန္တိ ဒွေပိ အတိရေကစီဝရဋ္ဌာနေ ဌိတာနိပိ ဓုတင်္ဂဘေဒံ န ကရောန္တီ"တိ အဋ္ဌကထာယံ ဝုတ္တတ္တာ ဝဒန္တိ။

---

၁။ မဟာဋီကာ၊ ပ၊ နှာ-၉၂။

ပရိဟရိတုံ ပန န ဝဋ္ဋတီတိ ရဇနကာလေ ဧဝ အနုညာတတ္တာ နိစ္စ-
ပရိဘောဂဝသေန န ဝဋ္ဋတိ တေစီဝရိကဿ။ ။မဟာဋီကာ၊ပ၊ နှာ-၉၃။

သံဃာဋိံ ပန၊ ဒုကုဋ် အမိဋ္ဌာန်တင်သော သင်္ကန်းကိုကား။ နိဝါသေတုံ၊
ကြွင်းနှစ်ထည်ကို ဖွပ်ဆိုးသောအခါ ဝတ်ခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ (ဥက္ကဋ္ဌ
ပုဂ္ဂိုလ်ကို ဆိုသည်)

တတြဥက္ကဋ္ဌပစ္စတ္ထရဏမှို၊ ထိုကျောင်း၌ အမြဲထားသော အိပ်ရာခင်းသင်္ကန်း
သည်လည်း။ တဿ၊ ထိုမဇ္ဈိမပုဂ္ဂိုလ်အား။ ဝဋ္ဋတိ၊ သင်္ကန်းဆိုးခိုက် ဝတ်ရုံအပ်၏။
ပရိဟရိတုံ ပန၊ အမြဲဝတ်ရုံ သုံးဆောင်ခြင်းငှါကား။ န ဝဋ္ဋတိ၊ မအပ်။

ပန၊ အဘိုတပါးကား။ ဓုတင်္ဂတေစီဝရိကဿ၊ တိစီဝရိက်ဓုတင်ဆောင်သော
ရဟန်းအား။ စတုတ္ထံ၊ လေးထည်မြောက်။ ဝတ္တမာနံ၊ ဖြစ်လာသည်ရှိသော်။
အံသကာသာဝမေဝ၊ ပခုံးတင်ချွေးခံ အံသကိုဋ္ဌသည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။
တဉ္စခေါ၊ ထိုအံသကိုဋ္ဌသည်လည်း။ ဝိတ္ထာရတော၊ အနံအားဖြင့်။ ဝိဒတ္ထိ၊
မဇ္ဈိမပုရိသတထွာသည်။ ဒီဃတော၊ အလျားအားဖြင့်။ တိဟတ္ထမေဝ၊ မဇ္ဈိမ
ပုရိသ သုံးတောင်သည်သာလျှင်။ ဝဋ္ဋတိ၊ အပ်၏။

တတြဥက္ကဋ္ဌပစ္စတ္ထရဏံနာမ၊ ထိုအရပ်၌တည်သော အိပ်ရာခင်းမည်သည်ကား။
အတ္တနော ဝါ၊ မိမိ၏သော်၎င်း။ ပရဿ ဝါ၊ သူတပါး၏သော်၎င်း။ သန္တကံ၊
ဥစ္စာဖြစ်သော။ သေနာသနေ၊ ကျောင်းအိပ်ရာနေရာ၌။ ပစ္စတ္ထရဏဝသေန၊
အိပ်ရာခင်း၏ အဖြစ်ဖြင့်။ အဓိဋ္ဌိတံ၊ ဆောက်တည်မှတ်ထားအပ်သော သင်္ကန်း
တည်း။ ဝါ၊ ဒုဓိဋ္ဌာန်တင်ထားအပ်သော သင်္ကန်းတည်း။ အံသကာသာဝမ္ပိ၊
အံသကိုဋ္ဌသည်လည်း။ ပရိက္ခာရစောဠံ၊ ပရိက္ခာရစောဠမည်သည်။ ဟောတိ၊
ဖြစ်၏။ ဣတိ၊ ဤသို့။ ပစ္စတ္ထရဏံ၊ အိပ်ရာအခင်းသည်၎င်း။ အံသကာသာဝံ၊
အံသကိုဋ္ဌသင်္ကန်းသည်၎င်း။ ဣတိ ဣမာနိ ဒွေပိ၊ ဤနှစ်ထည်သုံးတို့သည်လည်း။
အတိရေကစီဝရဋ္ဌာနေ၊ သုံးထည်ထက် ပိုလွန်သော သင်္ကန်းအရာ၌။ ဋ္ဌိတာနိ ပိ၊
တည်ကုန်သော်လည်း။ ဓုတင်္ဂဘေဒံ၊ ဓုတင်ပျက်ခြင်းကို။ န ကရောန္တိ၊ မပြု
တတ်ကုန်။ ဣတိ၊ ဤသို့။ အဋ္ဌကထာယံ၊ အဋ္ဌကထာ၌။ ဝုတ္တံ၊ ဆိုအပ်၏။
ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။

ပရိဟရိတုံ ပန န ဝဋ္ဋတီတိ၊ ဟူသည်ကား။ ရဇနကာလေ ဧဝ၊ သင်္ကန်းဆိုး
သောကာလ၌သာလျှင်။ အနုညာတတ္တာ၊ ခွင့်ပြုအပ်သည်၏ အဖြစ်ကြောင့်။
နိစ္စပရိဘောဂ ဝသေန၊ အမြဲဝတ်ရုံ သုံးဆောင်သည်၏ အစွမ်းဖြင့်။ တေစီဝရိ-
ကဿ၊ တိစီဝရိက်ဓုတင်ဆောင်ရဟန်းအား။ န ဝဋ္ဋတိ၊ မအပ်။

ပိုင်း]　ခုတင်္ဂဝိနိစ္ဆယ (ပဘေဒ-အားဖြင့် ပိုင်းခြားပြခြင်း)　၁၂၁

**ခုတင်ပျက်ခြင်း။** ။ဣမေသံ ပန တိဏ္ဏမ္ပိ စတုတ္ထကစိဝရံ သာဒိတက္ခဏေယေဝ ခုတင်္ဂံ ဘိဇ္ဇတိ[၁]။ (အဋ္ဌကထာ၊ပ၊ နှာ-၆၂) **(တိ)**

(၃) **ပိဏ္ဍပါတ်။** ။မုဒု တီဟံ ဓိဝါသေတိ၊ တဒဟံယေဝ မဇ္ဈိမော။
ဥက္ကဋ္ဌော ဂဏှာတာဟဋ္ဌံ၊ ဒွါရေ ပတ္တံ ဒဒါတိ စ[၂]။

မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ တီဟံ၊ ယနေ့, နက်ဖြန်, သံဘက် သုံးရက်တိုင်တိုင်။ အဓိဝါသေတိ၊ ကျောင်းသို့ ဆောင်ကာ ပို့လှူပါမည် လျှောက်ထားသည်ကို သာကြည်ချောင် ဆွမ်းခံမကြွ ကျောင်းဘုံကလျှင် ဆိုင်းတွသာယာ၏။ ။မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ တဒဟံယေဝ၊ ထိုတနေ့သာလျှင်။ အဓိဝါသေတိ၊ သာယာ၏။ ။ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ အာဟဋ္ဌံ၊ ဆွမ်းခံရောက်ရာ အိမ်၏ ရှေ့ နောက်အိမ်ဘို့မှ သပိတ်ကို ယူဆောင်လှူအပ်သောဆွမ်း, ဆွမ်းစားကျောင်းသို့ ဆောင်လှူအပ်သော ဆွမ်းသုံးခုကို။ ဂဏှာတိ၊ ခံယူ၏။ ဒွါရေ စ၊ ရောက်ရာအိမ်ဝ၌လည်း။ ပတ္တံ၊ သပိတ်ကို။ ဒဒါတိ၊ ဆွမ်းလှူလို၍ တောင်းယူသူတို့အား ပေး၏။

ဤ၌ ဥက္ကဋ္ဌပုဂ္ဂိုလ်တယောက်သာ အရိယဝံသ ဓမ္မကထာ ကြားနာရခြင်း စသည်ဖြင့် အပရာယတ္တသေရီဝိဟာရ[၃] ကို ရနိုင်သည်။

**ခုတင်ပျက်ခြင်း။** ။ဤသုံးယောက်တို့အား သံဃာဘတ်စသော အတိရေကလာဘ်ကို သာယာလျှင် ခုဘင်ပျက်၏။ **(ပိဏ်)**

(၄) **သပဒါနစာရိက်။** ။ဒွါရေ ပတ္တံ ဝိသဇ္ဇေတိ၊ ဥက္ကဋ္ဌော သပဒါနိကော။
မဇ္ဈော ဂဏှာတာဟဋ္ဌမ္ပိ၊ တဒဟံ ပါဂမေ မုဒု[၄]။

ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌဖြစ်သော။ သပဒါနိကော၊ သပဒါနစာရိကခုတင်ဆောင်ပုဂ္ဂိုလ်သည်။ ဒွါရေ၊ ရောက်ရာအိမ်ဝ၌။ ပတ္တံ၊ သပိတ်ကို။ ဝိသဇ္ဇေတိ၊ ဆွမ်းလှူလို၍ တောင်းယူသူဘို့အား စွန့်လွှတ်၏။ ။မဇ္ဈော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ အာဟဋ္ဌမ္ပိ၊ ရှေ့မှ,နောက်မှ, ပဋိက္ကမန[၅] သို့ ဆောင်ယူ လှူအပ်သော ဆွမ်း

---

၁။ ပန=ထိုမှတပါး၊ ဣမေသံ တိဏ္ဏမ္ပိ=ဤသုံးမျိုးသော ပုဂ္ဂိုလ်တို့၏လည်း။ စတုတ္ထကစီဝရံ= လေးထည်မြောက် သင်္ကန်းကို။ သာဒိတက္ခဏေယေဝ= သာယာသော ခဏ၌ပင်လျှင်။ ခုတင်္ဂံ=ခုတင်သည်။ ဘိဇ္ဇတိ=ပျက်၏။

၂-၄။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၆၁-၆၅ လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၃။ သူတပါးနှင့်မစပ် မိမိနှင့်သာစပ်သော နေခြင်းရှိသူ(၏ အဖြစ်ဟူသော ချမ်းသာ)။

၅။ ပဋိက္ကမန=ဆွမ်းစားကျောင်း။ (နောက်အိမ်မှ လိုက်၍ လှူသောဆွမ်း, ရှေ့အိမ်မှ ကြို၍ လှူသောဆွမ်း၊ ဆွမ်းစားကျောင်းသို့ လာပို့သောဆွမ်း)။

သုံးပါးကိုလည်း။ ဂဏှာတိ၊ ခံယူ၏။ ။ မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ တဒဟံ ပိ၊ ထိုနေ့လည်း။ အာဂမေ၊ ဆွမ်းခံမကြွ ဆိုင်းတွင့်နေ၏။

ဤမဇ္ဈိုသည် ပိဏ္ဍပါတိကဥက္ကဋ္ဌနှင့် တူ၏။ မုဒုသည် ဇင်းမဇ္ဈိုနှင့် တူ၏။

ဓုတင်ပျက်ခြင်း။ ။ဣမေသံ ပန တိဏ္ဏမ္ပိ လောလုပ္ပစာရေ ဥပ္ပန္နမတ္တေ ဓုတင်္ဂံ ဘိဇ္ဇတိ[၁]။

(ဝိသုဒ္ဓိအဋ္ဌကထာ၊ပ၊ နှာ-၆၅) (သပ်)

(၅) ကောသနိက်။ ။မုဒု ယာဝ န ဝုဋ္ဌာတိ၊ မဇ္ဈော ယာဝ န ခီယတိ။ ဂဏှိတုံ လဘတေ အညံ၊ ဥက္ကဋ္ဌော တု န ကိဉ္စနံ[၂]။

မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ န ဝုဋ္ဌာတိ၊ နေရာမှ မထ။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ အညံ၊ တပါးသော ဘောဇဉ်ခဲဘွယ်ကို။ ဂဏှိတုံ၊ ခံယူ သုံးဆောင်ခြင်းငှါ။ လဘတေ၊ ရ၏။ ။ မဇ္ဈော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ န ခီယတိ၊ သပိတ်၌မကုန်သေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။အညံ၊ တပါးသော ခဲဘွယ်ဘောဇဉ်ကို။ ဂဏှိတုံ၊ ခံယူ သုံးဆောင်ခြင်းငှါ။ လဘတေ၊ ရ၏။ ။ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား။ ကိဉ္စနံ၊ တစုံတခုကိုမျှ။ ဂဏှိတုံ၊ ခံယူသုံးဆောင်ခြင်းငှါ။ န လဘတေ၊ မရ။

"သစေပိ မနုဿာ ထေရေန န ကိဉ္စိ ဘုတ္တန္တိ သပ္ပိအာဒီနိ အာဟရန္တိ၊ ဘေသဇ္ဇတ္ထမေဝ ဝဋ္ဋန္တိ၊ န အာဟာရတ္ထံ"[၃] ဟု- ဝိသုဒ္ဓိအဋ္ဌကထာ (ပ၊နှာ-၆၆) လာသောကြောင့် နေရာမှထလျှင် ဂေလည ပိပါသကိစ္စ မရှိပဲ ဝင်စေလိုသောစိတ်ရှိ၍ သိလျက် လည်မျိုတဘက်သို့ ဝင်မှု ဆေးကွမ်းပင် မအပ်၊ ထောပတ်၊ ဖျော်ရည်စသည်ဝယ် ဆိုဖွယ် မရှိပြီ။ ဂေလည ပိပါသ အကြောင်းကိစ္စရှိမူကား ယင်းကာလိကသုံးပါး အပ်၏။

---

၁။ ဤသုံးမျိုးသော ပုဂ္ဂိုလ်တို့အား လျှပ်ပေါ်သောတဏှာဖြင့် အိမ်စဉ်ကိုကျော်လွန်၍ ဆွမ်းခံသွားခြင်းဖြစ်ကာမျှ၌ ဓုတင်ပျက်၏။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၆၆။

၃။ မနုဿာ၊ လူတို့သည်၊ လူဘို့က။ ထေရေန၊ မထေရ်သည်၊ ကိဉ္စိ၊ တစုံတရာကိုမျှ။ န ဘုတ္တန္တိ၊ မဘုဉ်းပေးဟူ၍။ သပ္ပိအာဒီနိ၊ ထောပတ်စသည်တို့ကို။ သစေအာဟရန္တိ၊အကယ်၍ ဆောင်ကပ်လာကြအံ့။ ဘေသဇ္ဇတ္ထမေဝ၊ ဆေးအတွက်သာ။ဝဋ္ဋန္တိ၊ အပ်ကုန်၏။ အာဟာရတ္ထံ၊ အာဟာရအတွက်။ န ဝဋ္ဋန္တိ၊ မအပ်ကုန်။

ဓုတင်ပျက်ခြင်း။ ။လူမေသံ ပန တိဏ္ဏမ္ပိ နာနာသနဘောဇနံ ဘုတ္တက္ခဏေ ဓုတင်ံ ဘိဇ္ဇတိ[၁]။ (အဋ္ဌကထာ၊ပါနှာ-၆၇) (ဧ)

(၆) ပတ္တပိဏ်။ ။မုဒု ဘိန္ဒေ ဒန္တေဟိပိ၊ ကေဟတ္ထေန မဇ္ဈိမော။
န ဘိန္ဒေ ဥက္ကဋ္ဌော ကိဉ္စိ၊ ဝိနာ ဥစ္ဆုံ န ဆဍ္ဍယေ[၂]။

မုဒု၊ မုဒုပုဂ္ဂိုလ်သည်၊ ဒန္တေဟိပိ၊ သွားတို့ဖြင့်လည်း။ ဘိန္ဒေ၊ မုံ့ထမင်းခဲ,ငါး, အမဲစသည်ကို ကိုက်ခဲ ဖဲ့စားရာ၏။ ။မဇ္ဈိမော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ကေဟတ္ထေန၊ လက်တဖက်တည်းဖြင့်။ ဘိန္ဒေ၊ ဖဲ့စားရာ၏။ ။ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ကိဉ္စိ၊ မုံ့ ထမင်းခဲ ငါးအမဲစသည် တစုံတခုကို။ န ဘိန္ဒေ၊ ကိုက်ဖြတ် ဖဲ့ကာ မစားရာ။ ဥစ္ဆုံ၊ ကြံဖတ်ကို။ ဝိနာ၊ကြဉ်၍။ အညံ၊ တပါးသော ငါးရိုး အမှိုက် စသည်ကို။ န ဆဍ္ဍယေ၊ သပိတ်မှဆယ် မစွန့်ပယ်။ ။ခံတွင်းသို့ရောက်မှ ပါးစောင်တဖက်က ထွေးလျက် စွန့်ပစ်ရသည် ဟူလိုသည်။ (ပတ်)

(၇) ခလုပစ္ဆာဘတ်။ ။မုဒု ယာဝ န ဝုဋ္ဌာတိ၊ မဇ္ဈော ယာဝ န ခီယတိ။
ဥက္ကဋ္ဌော ဝါရိတော သဗ္ဗံ၊ န ဘုဉ္ဇေ ခလုဘတ္တိကော[၃]။

ဝါရိတော၊ ဆွမ်းစားစဉ် ကန့်ပြီးဟု ကိုယ် နှုတ် နှစ်သွယ် မြစ်ပယ်မိလတ်သော်။ ခလုဘတ္တိကော၊ ခလုပစ္ဆာဓုတင်ဆောင်သော။ မုဒု၊ မုဒုဖြစ်သော ပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး။ န ဝုဋ္ဌာတိ၊ မထသေး။ တာဝ၊ ထိုမျှလောက် ကာလပတ်လုံး။ ဘုဉ္ဇေ၊ ရရသမျှကို စားရာ၏။ ။မဇ္ဈော။ မဇ္ဈိမ ပုဂ္ဂိုလ်သည်။ ယာဝ၊ အကြင်မျှလောက် ကာလပတ်လုံး၊ န ခီယတိ၊ သပိတ်၌ မကုန်။ တာဝ၊ ထိုမျှလောက် မကုန်မခြင်း။ ဘုဉ္ဇေ၊ ထိုဆွမ်းကို စားရာ၏။ ။ ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ သဗ္ဗံ၊ အလုံးစုံကို။ န ဘုဉ္ဇေ၊ မြစ်သည်နောက်မှ မစားရ။ ခံတွင်း၌ရှိသည်ကိုသာ မျိုရတော့သည် ဟူလိုသည်။ (ခ)

(၈) အာရညိကင်။ ။မုဒု ဂိမှေဝ ဥတုမှိ၊ ဥဋ္ဌာပေတာ’ရုဏံ ဝနေ။
မဇ္ဈိမော ဟေမန္တိကေပိ၊ ဥက္ကဋ္ဌော ပန သဗ္ဗဒါ[၄]။

မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ ဂိမှေဝ ဥတုမှိ၊ နွေဥတု၌သာလျှင်။ ဝနေ၊ တော၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေတိ၊ တက်စေ၏။ ။မဇ္ဈိမော၊ မဇ္ဈိမ ပုဂ္ဂိုလ်သည်။ ဟေမန္တိကေပိ၊ ဆောင်းဥတု၌လည်း။ (အပိ-သဒ္ဒါဖြင့် ဂိမှဥတုကို ပေါင်းသည်) ဝနေ၊ တော၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေတိ၊ တက်စေ၏။ ။ဥက္ကဋ္ဌော ပန၊

---

၁။ ဤသုံးယောက်တို့အား ပြောင်းရွှေ့၍ အသူးသူးနေရာတို့၌ အစားအစာကိုစားမှု ကား ဓုတင်ပျက်၏။

၂-၃-၄။ အဋ္ဌကထာ၊ပါနှာ ၆၇-၇၀ ကိုမှီ၍ ဂါထာစီထားသည်။

ဥက္ကဋ္ဌပုဂ္ဂိုလ်သည်ကား။ သဗ္ဗဒါ၊ ဥတုသုံးဖြာ အခါခပ်သိမ်း။ ဝနေ၊ တောဌ်။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပေတိ၊ တက်စေ၏။

ယခုကာလ မုဒုပုဂ္ဂိုလ်တို့ ဝါတွင်း မိုးလေးလ အရညကင် ဆောက်တည်ကြ သည်ကား ကျမ်းပြစကားနှင့် မညီ။ ။တောရနေပုဂ္ဂိုလ်တို့ ရွာနီးကျောင်းသို့ လာ၍ တရားနာစဉ် နာပြီး၍ ကျောင်းသို့ ပြန်စဉ် အရုဏ် တက်သော်လည်း ဓုတင် မပျက်။

သဉ္ဈာဘာဟတ္တာ[၁] (မဟာဋီကာဟိတ်၊ပ၊ နှာ-၉၇)။

ဓုတင်ပျက်ခြင်း။ ။ဓမ္မကထိက ထပြီးလျက်နှင့် အိပ်စက် ကြာဖင့် ငံ့လင့် ဆိုင်းတွနေစဉ် အရုဏ်တက်မူ ပျက်၏။

ဂိတ္တဿ သိထိလဘာဝေန ဓုတင်္ဂံ ဘိဇ္ဇတီတိ ဝုတ္တံ[၂]။ (မဟာဋီကာ ၊ပ၊နှာ-၉၇ ) (အာ)

(၉) ရုက္ခမူလိက။ ။ပက္ကောသိတွာပိ သောခေတိ၊ မုဒုကော ရုက္ခမူလိကော။ မဇ္ဈိမော သမ္ပတ္တေဟောဝ၊ ဥက္ကဋ္ဌော ပါဒဗျူဟကော[၃]။

ရုက္ခမူလိကော၊ သစ်ပင်ရင်း၌ နေခြင်း အလေ့ရှိသော။မုဒုကော၊ မုဒုကပုဂ္ဂိုလ် သည်။ ပက္ကောသိတွာပိ၊ လူသာမဏေတို့ကို ခေါ်၍သည်း။သောခေတိ၊ သဲခင်း ရံပတ် တံခါးတပ်လျက် စေ့စပ်ညီထွေ သုတ်သင်စေ၏။ ။မဇ္ဈိမော၊ မဇ္ဈိမ ပုဂ္ဂိုလ်သည်။ သမ္ပတ္တေဟိ ဧဝ၊ သစ်ပင်အောက်သို့ လာရောက်သူတို့ကိုသာလျှင်။ သောခေတိ၊ သုတ်သင်စေ၏။ ။ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌပုဂ္ဂိုလ်သည်။ ပါဒဗျူဟကော၊ သစ်ရွက်ခြောက်ကို ခြေကျောက် လှည်းပယ်၍ နေ၏။

ကျောင်းတက်, ဘုရားသွား လူစု လူဝေးများသောနေ့တို့၌ ရုက္ခမူလိကဓုတင် ဆောင်သောအဖြစ်ကို လူမသိစေရ၊ မထင်ရှား ရအောင် သစ်ပင်ရင်း၌ မနေမူ၍ သင့်လျော်လျောက်ပတ် ဆိတ်ငြိမ်ရာ အရပ်သို့ သွား၍ နေရမည်။

ပထမသေနာသန သိက္ခာပုဒ်အဖွင့်ဖြစ်သော—

အဗ္ဘောကာသိကေန ပန စီဝရကုဋိကံ ကတွာပိ ရက္ခိတဗ္ဗံ။ (ကင်္ခါအဋ္ဌကထာ၊ နှာ-၂၀၂)

---

၁။ သဉ္ဈာဘာဟတ္တာ=အားထုတ်ခြင်းနှင့်တကွဖြစ်သောကြောင့်တည်း။

၂။ စိတ္တဿ၊ စိတ်၏။ သိထိလဘာဝေန၊ လျော့ရဲသည့် အဖြစ်ကြောင့်။ ဓုတင်္ဂံ၊ဓုတင် သည်။ ဘိဇ္ဇတိ၊ပျက်၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်၏။

၃။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၇၁ လာစကားပြေကို ဂါထာစီထားသည်။

သစေ ပန စတုဂ္ဂုဏောနပိ စီဝရေန ကတာ ကုဋိ အတေမေန္တံ ရက္ခိတုံ န သက္ကောတိ သတ္တာဟ ဝဒ္ဒလိကာဒီနိ ဘဝန္တိ။ ဘိက္ခုနော ကာယာနုဂတိကတ္တာ ဝဋ္ဋတိ။ ရုက္ခမူလိကဿာပိ ဧသေဝ နယော။ (ကင်္ခါဋီကာ သစ်၊နှာ-၃၆၅)

ဟု ဋီကာတို့၌ လာရကား သင်္ကန်းမိုးသော ကုဋိသည် ရုက္ခမူလိက, အဗ္ဘောကာသိက ဓုတင်ဆောင် ပုဂ္ဂိုလ်တို့အား အပ်၏ဟု မှတ်ရာသည်။

အဗ္ဘောကာသိကေန[1]၊ အဗ္ဘောကာသိက ဓုတင်ဆောင်ပုဂ္ဂိုလ်သည်။ စီဝရကုဋိကာ၊ သင်္ကန်းကျောင်းငယ်ကို။ ကတွာပိ၊ ပြု၍သော်လည်း။ ရက္ခိတဗ္ဗံ၊ မိုးမစွတ်စေရ မဋ္ဌ ပီဌစသည်ကို စောင့်ရှောက်အပ်၏။

စတုဂ္ဂုဏောနပိ စီဝရေန၊ လေးထပ်ရှိသော သင်္ကန်းဖြင့်သော်လည်း။ ကတာ၊ ပြုအပ်သော။ ကုဋိ၊ ကျောင်းငယ်သည်။ အတေမေန္တံ၊ မိုးမစွတ်စေရန်။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှါ။ သစေ ပန န သက္ကောတိ၊ အကယ်၍ မစွမ်းနိုင်ငြားအံ့။ သတ္တာဟ ဝဒ္ဒလိကာဒီနိ၊ ခုနစ်ရက် မိုးစွေခြင်း စသည်တို့သည်။ သစေ ပန ဘဝန္တိ၊ အကယ်၍ကား ဖြစ်ကုန်ငြားအံ့။ ဘိက္ခုနော၊ ရဟန်း၏။ ကာယာနုဂတိကတ္တာ၊ ကိုယ်သို့ အစဉ်လိုက်သောကြောင့်။ ဝဋ္ဋတိ၊ အာပတ်မသင့်။ ရုက္ခမူလိကဿာပိ၊ ရုက္ခမူ ဓုတင်ဆောင် ပုဂ္ဂိုလ်အားလည်း။ ဧသော ဧဝ နယော၊ ဤနည်းသာလျှင်တည်း။　(အနက်)

ဝိသုဒ္ဓိမဂ်၌ ဥတုကလကို ပိုင်းခြား၍ မပြသော်လည်း ဝိနည်းပါဠိတော်[2]၌—

အဋ္ဌမာသေ ခေါ မယာ ဒေဝဒတ္တ ရုက္ခမူလသေနာသနံ အနုညာတံ။

ၓင်းဝိနည်း အဋ္ဌကထာ[3]၌လည်း—

စတ္တာရော ပန မာသေ ရုက္ခမူလ သေနာသနံ ပဋိက္ခိတ္တမေဝ။

ဟူ၍ လာသောကြောင့် မိုးလေးလ၌ ကျောင်းမရှိဘဲ ရုက္ခမူဓုတင် မဆောက်တည်အပ် မှတ်ရာသည်။

ဒေဝဒတ္တ၊ ချစ်သားဒေဝဒတ်။ အဋ္ဌမာသေ ခေါ၊ ရှစ်လတို့ပတ်လုံးသာလျှင်။ ဝါ၊ ရှစ်လ၌သာလျှင်။ ရုက္ခမူလ သေနာသနံ၊ သစ်ပင်ရင်းကျောင်းကို။ မယာ၊ ငါသည်။ အနုညာတံ၊ ခွင့်ပြုအပ်ပြီ။

---

၁။ အဗ္ဘောကာသိက = (အဘိ၊ ဖွင့်လှစ်ထားသော။ ဩကာသ၊ နေရာ။ ဣက၊ ရှိသူ) လွင်တီးခေါင်အမိုးမရှိသောနေရာ။ (ဓုတင်ဆောင်သူ)

၂။ ဝိ၊၄၊ (စူဠဝါ)၊နှာ-၃၅၉။　　၃။ ဝိ၊ဋ္ဌ၊၂၊ (ပါစိတ်)၊နှာ-၁၇၉။

စတ္တာရော ပန မာသေ၊ မိုးလေးလတို့ပတ်လုံးကား။ ရုက္ခမူလသေနာသနံ၊ သစ်ပင်ရင်းကျောင်းကို။ ပဋိက္ခိတ္တမေဝ၊ မြစ်ပယ်တော်မူအပ်သလျှင်ကတည်း။

န ဘိက္ခဝေ အသေနာသနိကေန ဝဿံ ဥပဂန္တဗ္ဗန္တိ ဝစနတော စတ္တာရော ပန။ပ။ ပဋိက္ခိတ္တမေဝါတိ ဝုတ္တံ။ ဣဒမေဝ ဝစနံ သန္ဓာယ ပါဠိယမ္ပိ အဗ္ဘောကာသေ ခေါ။ပ။ အနုညာတန္တိ ဝုတ္တံ။ (သာရတ္ထဋီကာ၊ ဒု၊ နှာ-၃၅၉)

ဤဋီကာဟိတ်ပါဌ်အလိုသော် အဗ္ဘောကာသိကဓုတင်လည်း မိုးတွင်း၌ ရရန်မရှိ၊ ယခင် သေနာသန သိက္ခာပုဒ် အဋ္ဌကထာ, ဋီကာတို့၌ကား 'အဗ္ဘောကာသိ-ကေန' စသည်ဖြင့် မိုးတွင်း၌ပင် ဓုတင်ဆောင်ဟန် အခြင်းအရာ လာခဲ့သည်။ ပါဠိ,အဋ္ဌကထာ,ဋီကာသုံးရပ်ကို စပ်သော်ကား သဒ္ဒါရုဗန္ဓန[၁] သေနာသနရှိလျှင် ဝါဆိုကောင်းတော့သည်၊ အမိုးသို့ မဝင်လျှင် ဓုတင် ရတော့သည်။ သုတ္တန်နည်းဖြစ်၍ မိုးတွင်းအခါ ဆောက်တည်သည်ကို အပြစ် မဆိုသာ။

ဓုတင်ပျက်ပုံ။ ။ဆန္နေ ဝါသံ ကပ္ပိတက္ခဏေ ဓုတင်္ဂံ ဘိဇ္ဇတိ၊ ဇာနိတွာ ဆန္နေ အရုဏံ ဥဋ္ဌာပိတ မတ္တေတိ အင်္ဂုတ္တရဘာဏကာ[၂]။ (ဝိသုဒ္ဓိ၊ အဋ္ဌကထာ၊ပ၊ နှာ-၇၂)

ဆန္နေ ဝါသကပ္ပနာ ဓမ္မဿဝနာဒိနမတ္ထာယပိ ဟောတိ၊ တသ္မာ 'ဇာနိတွာ အရုဏံ ဥဋ္ဌာပိတမတ္တေ'တိ ဝုတ္တံ[၃]။ (ဋီကာ၊ပ၊ နှာ-၉၉) အနက် ထင်ပြီ။ (ရုက်)

(၁၀) အဗ္ဘောကာသိက။ ။ဥက္ကဋ္ဌော ဒုဿကုဋိံ ဝ၊ မဇ္ဈော အဝေသနိဿယံ။
မုဒု အစ္ဆန္နပစ္ဆာယံ၊ လဘေ ခေတ္တကုဋိမ္ပိ စ။
လဘတေ ပီဠပဋ္ဋမ္ပိ၊ သာခါဆန္နဥ္စ မဏ္ဍပံ[၄]။

---

၁။ သဒ္ဒါရုဗန္ဓန=တံခါးဖွဲ့ထားသော၊ တံခါးရှိသော။

၂။ ဆန္နေ၊ အမိုးအောက်၌။ ဝါသံ၊ နေခြင်းကို။ ကပ္ပိတက္ခဏေ၊ ပြုသောခဏ၌။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဇာနိတွာ၊ သိပြီးမှ။ ဆန္နေ၊ အမိုး၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပိတမတ္တေ၊ တက်စေကာမျှ၌။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင်တို့က။ ဝဒန္တိ၊ ဆိုကုန်၏။

၃။ ဆန္နေ၊ အုတ်ကြွပ်စသည်ဖြင့် မိုးအပ်သော အမိုးအောက်၌၊ ဝါသကပ္ပနာ၊ နေခြင်းကို ပြုခြင်းသည်။ ဓမ္မဿဝနာဒိနံ၊ တရားနာခြင်း စသည်တို့၏။ အတ္ထာယပိ၊ အကျိုးငှါလည်း။ ဟောတိ၊ ဖြစ်သေး၏။ တသ္မာ၊ ထို့ကြောင့်။ 'ဇာနိတွာ အရုဏံ ဥဋ္ဌာပိတ-မတ္တေ'တိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပေ၏။

၄။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ပ၊ နှာ-၇၃ စကားကိုမှီ၍ ဂါထာစီထားခြင်း ဖြစ်သည်။

ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌအဗ္ဘောကာသိက ပုဂ္ဂိုလ်သည်။ ဒုဿကုဋ္ဋိံ ဝေ၊ သင်္ကန်းမိုးသော ကျောင်းကိုသာလျှင်။ လဘော၊ ရ၏။ ။မဇ္ဈော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ အဝေသနိဿယံ၊ သင်္ကန်း, သပိတ်, ပရိက္ခရာ ထဲမှာထားသို မခိုမဝင် သစ်ပင်တောင်ခေါင်း ကျောင်းကိုမှီ၍ နေခြင်းကို။ လဘော၊ ရ၏။ ။မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ အစ္ဆန္နပစ္ဆာယံ၊ အမိုးပြင်ဘက် ထွက်သော တောင်ရိပ်, ကျောင်းရိပ်ကိုရင်း။ ခေတ္တကုဋ္ဋိမ္ပိ စ၊ လယ်စောင့်တဲကိုရင်း။ လဘော၊ ရ၏။ ပိဋ္ဌပဋ္ဋမ္ပိ၊ ကစီရည်ဖျန်း ဖရောင်းစွန်းသော သင်္ကန်းမိုးကုဋ္ဋိကိုရင်း။ သာခါ ဆန္နဥ မဏ္ဍပံ၊ ကျဲရရဲ သစ်ခက်မိုးသော မဏ္ဍပ်ကိုရင်း။ လဘတေ၊ ရ၏။

အန္တော ပန ပဗ္ဘာရဿ ဝဿောဒကံ ပဝိသတိ စေ၊ အဗ္ဘောကာသ-သင်္ချေပမေဝါတိ တတ္ထ ပဝိသိတုံ ဝဋ္ဋတိ[၁]။ (ဋီကာ၊ပ၊ နှာ-၁၀၀) မိုးမလုံသမျှ ရကောင်းသည်ချည်း ဟူလို။

ဓုတင်ပျက်ခြင်း။ ။ဝါသတ္ထာယ ဆန္နဥ ရုက္ခမူလဥ ပဝိဋ္ဌက္ခဏေ ဓုတင်္ဂံ ဘိဇ္ဇတိ။ ဇာနိတွာ တတ္ထ အရုဏံ ဥဋ္ဌာပိတမတ္တေတိ အင်္ဂုတ္တရဘာဏကာ[၂]။ (ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၇၃) (အဗ)

(၁၁) သုသာန်ဓုတင်။ ။ဥက္ကဋ္ဌော ဓုဝဟာကုဏပ-ရောဒေဟိ ဓုဝယုတ္တကေ။ မဇ္ဈော ဝသေ'က ယုတ္တောပိ၊ မုဒု လက္ခဏပတ္တကေ[၃]။

ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌ သုသာန်ဆောင်ပုဂ္ဂိုလ်သည်။ ဓုဝဟာ ကုဏပ ရောဒေဟိ၊ မီးရှို့, ပုပ်နံ့, ငိုသံ သုံးပါးတို့နှင့်။ ဓုဝယုတ္တကေ၊ အမြဲယှဉ်သော သင်းချိုင်း၌။ ဝသေ၊ နေရ၏။ ။မဇ္ဈော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ ဧကယုတ္တောပိ၊ တခုခုနှင့် ယှဉ်သော သင်းချိုင်း၌လည်း။ ဝသေ၊ နေရ၏။ ။မုဒု၊ မုဒုပုဂ္ဂိုလ်သည်။ လက္ခဏပတ္တကေ၊ တကြိမ်ချပစ် ဆဲ့နှစ်နှစ်ကြာ လက္ခဏာသို့ ရောက်ကာမျှသော သင်းချိုင်း၌။ ဝသေ၊ နေရ၏။

---

၁။ ပန၊ ဆက်၍ဆိုဦးအံ့။ ပဗ္ဘာရဿ၊ တောင်ဝှမ်း၏။ အန္တော၊ အတွင်း၌။ ဝဿော-ဒကံ၊မိုးရေသည်။ စေ ပဝိသတိ၊ အကယ်၍ဝင်ငြားအံ့။ အဗ္ဘောကာသ သင်္ချေပမေဝ၊ အဗ္ဘောကာသ ဟု ရေတွက်အပ်သည်သာလျှင်တည်း။ ဣတိ၊ ထို့ကြောင့်။ တတ္ထ၊ ထိုအရပ်၌။ ပဝိသိတုံ၊ ဝင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။

၂။ ဝါသတ္ထာယ၊ နေခြင်းငှါ။ ဆန္နဥ၊ အမိုးတွင်းသို့ရင်း။ ရုက္ခမူလဥ၊ သစ်ပင်ရင်းသို့ရင်း။ ပဝိဋ္ဌက္ခဏေ၊ ဝင်စဉ်ခဏ၌။ ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။ ဇာနိတွာ၊ သိပြီး၍။ တတ္ထ၊ ထိုအမိုးအောက်, သစ်ပင်ဟူသော နေရာ၌။ အရုဏံ၊ အရုဏ်ကို။ ဥဋ္ဌာပိတမတ္တေ၊ တက်အပ်ကာမျှ၌။ (ဓုတင်္ဂံ၊ ဓုတင်သည်။ ဘိဇ္ဇတိ၊ ပျက်၏။) ဣတိ၊ ဤသို့။ အင်္ဂုတ္တရဘာဏကာ၊ အင်္ဂုတ္တရနိကာယ်ဆောင်တို့က။ ဝဒန္တိ၊ ဆိုကုန်၏။

၃။ ဝိသုဒ္ဓိ၊ဋ္ဌ။ပ။ နှာ-၇၄ လာ စကားပြေကို ဂါထာစီထားသည်။

ခုတင်ပျက်ခြင်း။ ။န သုသာနမှိ ဝါသံ ကပ္ပေနေန ခုတင်ံ ဘိဇ္ဇတိ။ သုသာနံ အဂတဒိဝသေတိ အင်္ဂုတ္တရဘာဏကာ။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၇၄၊ အနက်ထင်၏။ (သာ)

(၁၂) ယထာသန္တတိ။ ။ဒူရာသန္နသိတုဏှာဒိံ၊ မုဒု ဂန္တွာပိ ပဿတိ။ မဇ္ဈော ပုစ္ဆေ တဒါကာရံ၊ ဥက္ကဋ္ဌော န ကရေ ဒွယံ ၁။

မုဒု၊ ယထာသန္တတိ ညှိစိသော ပုဂ္ဂိုလ်သည်။ ဒူရာသန္နသိတုဏှာဒိံ၊ သံဃာညွှန်းချ၍ ရသော ကျောင်း၏ ဝေး, နီး, အေး, ပူခြင်းစသည်တို့ကို။ ဂန္တွာပိ၊ သွားချေ၍လည်း။ ပဿတိ၊ ကြည့်ရှု၏။ ။မဇ္ဈော၊ မဇ္ဈိမပုဂ္ဂိုလ်သည်။ တဒါကာရံ၊ ထိုအခြင်းအရာကို။ ပုစ္ဆေ၊ မေးရ၏။ ။ဥက္ကဋ္ဌော၊ ဥက္ကဋ္ဌဖြစ်သော ပုဂ္ဂိုလ်သည်။ ဒွယံ၊ သွား၍ကြည့်ခြင်း, မေးမြန်းခြင်း နှစ်ပါးစုံကို။န ကရေ၊ မပြုရ။

ခုတင်ပျက်ခြင်း။ ။သေနာသန လောလုပ္ပေ ဥပ္ပန္နမတ္တေ ခုတင်ံ ဘိဇ္ဇတိ။ (ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၇၅)

"သေနာသန လောလုပ္ပေ၊ ရောဂါမရှိပဲလျက် တပါးနေရာကို ယူခြင်း, သွား၍ကြည့်ရှုခြင်း, မေးမြန်းခြင်းဟူသော နေရာကျောင်း၌ လျှပ်ပေါ်ခြင်းသည်" ဟု- အနက်ပေး။

မုဒုကဿ အသတိ ရောဂေ....စသည်။ မဟာဋီကာ၊ ပ၊ နှာ ၁၀၂။ (ယထာ)

(၁၃) နေသဇ္ဇိက။ ။ဒုဿာယောဂါ အပဿေနံ၊ ဥက္ကဋ္ဌဿ န ဝဋ္ဋတိ။ မဇ္ဈဿ တီသု ဧကံ၊ သဗ္ဗံ မုဒုဿ ဝဋ္ဋတိ။ ဗိမ္ဗောဟနမ္ပိ ပဉ္စင်္ဂါ၊ သတ္တင်္ဂေါပိ စ မဉ္စကော၂။

ဥက္ကဋ္ဌဿ၊ အထွဋ်အမြတ် ဥက္ကဋ္ဌနေသဇ္ဇိက ပုဂ္ဂိုလ်အား။ ဒုဿာယောဂါ၊ သက်နန်း အာယောဂပဋ္ဋ,အာယောဂပဋ္ဋပြားတို့သည်၎င်း။ အပဿေနံ၊ နောက်မှီ တံကဲသည်၎င်း။ န ဝဋ္ဋတိ၊ မအပ်။ ။မဇ္ဈဿ၊ မဇ္ဈိမပုဂ္ဂိုလ်အား။ တီသု၊ ဒုဿပလ္လတ္ထိကာ, အာယောဂပဋ္ဋ, [၃]အပဿေန သုံးပါးတို့တွင်။ ဧကံ၊ တခုခုသည်။ ဝဋ္ဋတိ၊ အပ်၏။ ။မုဒုဿ၊ မုဒုပုဂ္ဂိုလ်အား။ သဗ္ဗံ၊ သုံးပါးလုံးသည်။ ဝဋ္ဋတိ၊ အပ်၏။ ဗိမ္ဗောဟနမ္ပိ။ ထိပ်ဝထောင့်တန်း တောင်ဆုပ်ပမာဏထက် မလွန်သော မှီအုံးသည်၎င်း။ ပဉ္စင်္ဂါပိ စ မဉ္စကော၊ ခြေလေးနောက်မှီ, အင်္ဂါငါးလီရှိသော ညောင်စောင်းသည်၎င်း။ (လေးပေါင်နောက်မှီ၊ အင်, ငါးလီ၊ ဝါဒီအပရေ)။ ။သတ္တင်္ဂေါပိ စ မဉ္စကော၊ အခြေလေးလီ နောက်မှီ,လက်တင် အင်္ဂါခုနစ်ပါးရှိသော ညောင်စောင်းသည်၎င်း။ ဝဋ္ဋတိ၊ အပ်၏။

---

၁-၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၇၅-၇၆ လာ စကားကိုမှီ၍ ဂါထာစီထားသည်။

၃။ အာယောဂပဋ္ဋ=(အာယောဂ၊ ဖွဲ့ထားအပ်သော။ ပဋ္ဋအပြား) ခါးပတ်။

ဓုတင်ပျက်ခြင်း။　။သေယျံ ကပ္ပိတ မတ္တေ ဓုတင်္ဂ ဘိဇ္ဇတိ[၁] ဟူ၍သာ အဋ္ဌကထာ (၁၊ ပ၊ နှာ-၇၆) ရှိသောကြောင့် ခရီးသွားရာ စသည်၌ပင် ဆောက်တည်သော်လည်း မအိပ်ခင် ဓုတင်ရ၏ဟု မှတ်ရမည်။ သူအချို့ကား "တေန ပန နေသဇ္ဇိကေန ရတ္တိယာ တီသု ယာမေသု ဧကံ ယာမံ ဥဋ္ဌာယ စင်္ကမိတဗ္ဗံ"[၂]ဟူသော ဝိဓာနစကားကို ကိုးကား၍ အရုဏ်တက်သည့်တိုင်အောင် တည၌ပတ်လုံး ဆောက်တည်မှ ရသည်ဟု ဆိုကြကုန်၏။ သဒ္ဒါပါး၍ အားလျော့အောင် ပြောသောစကားသာ မှတ်ရမည်။ ဝိဓာနကား တည၌လုံး ဆောက်တည်လျှင်သာ စီရင်သော စကားတည်းဟု မှတ်။　(နေ)

ပဘေဒ ပြီး၏။

---

## ဓုတင် ၁၃-ပါး၏ အကျိုးများ

အာနိသံသအားဖြင့်—

### (၁) ပံသုကူ ဓုတင်အကျိုး

နိဿယာ'နုရူပပဋိပတ္တိ-ဝံသေ ဌာနံ အဂေါပနံ။
သာရုပ္ပံ အပရာယတ္တံ၊ တဏှာဘာဝေါ စ နိဗ္ဗာယံ[၃]။

အပ္ပံ သုလဘာ'နဝဇ္ဇံ၊ ပါသာဒ'ပ္ပိစ္ဆတာဒိဇံ။
ဒိဋ္ဌာနုဂတျာ'ပါဒနံ၊ သမ္မဋ္ဌိပတ္တိပြူဟနံ[၄]။

မာရသေန ဝိဃာတာယ၊ ပံသုကူလဓရော ယတိ။
သန္နဒ္ဓကဝစော ယုဒ္ဓေ၊ ခတ္တိယော ဝိယ သောဘတိ[၅]။

ကိံ ဒိသော တံ န ဓာရေယျ၊ ယံ ဗုဒ္ဓေနာပိ ဓာရိတံ။
တသ္မိံ ယောဂါနုကူလမှိ၊ ပဋိညာနုရတော သိယာ[၅]။

---

၁။ (အိပ်ရာ၌ခေါင်းချ၍) လျောင်းခြင်းကို ပြုကာမျှ၌ ဓုတင်ပျက်၏။

၂။ (ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၇၆) ပန၊ ထိုမှတပါး။ နေသဇ္ဇိကေန၊ နိသဇ်ဓုတင်ဆောင်သော။ တေန ယောဂိနာ၊ ထိုယောဂီသည်။ ရတ္တိယာ၊ ညဉ့်၌။ တီသု ယာမေသု၊ သုံးယာမ်တို့တွင်။ ဧကံ ယာမံ၊ တခုသောယာမ်၌ (တယာမ်ပတ်လုံး)။ ဥဋ္ဌာယ၊ ထ၍။ စင်္ကမိတဗ္ဗံ၊ စင်္ကြံသွားအပ်၏။

၃။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၆၁ လာ စကားပြေကိုမှီ၍ ဂါထာစီထားခြင်းဖြစ်သည်။

၄။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ပ၊ နှာ-၆၁ လာ ဂါထာ။ (မူအတိုင်း)

၅။ ဝိသုဒ္ဓိမဂ်၊ဌ၊ ပ၊ နှာ-၆၁ လာ ၂-ဂါထာကို တဂါထာတည်းဖြင့် ခြုံး၍စီထားသည်။

နိဿယာ’ နုရူပေါ၊ ပဋ္ဌင်းခံစ ဆရာပြသည့် ဒုတိယမှီရာ[၁] အား လျော်ခြင်း သည်ရင်း။ အရိယဝံသေ၊ ‘စီဝရသန္တောသ’ ဟူသော ပထမအရိယဝံသ တရား[၂]၌။ ဌာနံ၊ တည်ခြင်းသည်ရင်း။ အဂေါပနံ၊ အလောဘနီယ အဖြစ်ကြောင့် စောင့်ရှောက်ရခြင်း ဆင်းရဲ၏ မရှိခြင်းသည်ရင်း။ သာရုပ္ပံ၊ မဂ် ဖိုလ်လိုလတ် ရဟန်းမြတ်တို့နှင့် လျောက်ပတ်ခြင်းသည်ရင်း။ အပရာယတ္တံ၊ ဒါယကာတို့နှင့် မစပ်မယှက် အသက်မွေးရခြင်းသည်ရင်း။ တဏှာဘာဝေါ စ၊ သုံးဆောင်ရာ၌ တဏှာမဖြစ်ခြင်းသည်ရင်း။ နိဗ္ဘယံ၊ ခိုးသူဘေးဖြင့် ဘေးမရှိခြင်းသည်ရင်း။

အပ္ပံ၊ အဘိုးနည်းပါးခြင်းသည်ရင်း။ သုလဘံ၊ တထည်စုတ်ခါ တထည်ရှာ၍ ရလွယ်ခြင်းသည်ရင်း။ အနဝဇ္ဇံ၊ အပြစ်မရှိခြင်းသည်ရင်း။ ပါသာဒံ၊ ကြည်ညို ဘွယ်ကို ဆောင်ခြင်းသည်ရင်း။ အပ္ပိစ္ဆတာဒိဇံ၊ အပ္ပိစ္ဆတာ စသော ဂုဏ်တို့၏ အကျိုးဖြစ်လာခြင်းသည်ရင်း။ ဒိဋ္ဌာနုဂတိ အာပါဒနံ၊ နောင်လာအများ တပည့်သားတို့ကို မြင်အပ်သော အလားသို့ ရောက်စေခြင်းသည်ရင်း (အတု ယူစေခြင်းသည်ရင်း)။ သမ္မုဋ္ဌိပတ္တိဗြူဟနံ၊ သမထဝိပဿနာ သမ္မာပဋိပတ်ကို ပွါးစေတတ်ခြင်းသည်ရင်း။ အာနိသံသော၊ ပံသုကူ ဓုတင်ဆောင်အကျိုးတည်း။

မာရသေနဝိဃာတာယ၊ မာရ်မင်းစစ်မက် ရန်အမျက်ကို တိုက်ဖျက်ခြင်းငှါ။ ပံသုကူလဓရော၊ စစ်ဝတ်အတူ ပံသုကူသင်္ကန်းကိုဆောင်သော။ ယတိ၊ ရဟန်း သည်။ ယုဒ္ဓေ၊ စစ်ပွဲ၌။ သန္နဒ္ဓ ကဝစော၊ ချပ်ဝတ်တန်းဆာ ဖွဲ့ဆင်သော။ ခတ္တိယော ဝိယ၊ မင်းကဲ့သို့။ သောဘတိ၊ တင့်တယ်၏။

ယံ၊ အကြင် ပံသုကူသင်္ကန်းကို။ ဗုဒ္ဓေနာပိ၊ လာဘ်သပ်ပေါများ သုံးလူ့ ဖျားသည်သော်လည်း။ဓာရိတံ၊ ဆောင်တော်မူအပ်၏။တံ၊ ထိုပံသုကူသင်္ကန်းကို။ ကိံ ဒိသော၊ အသို့သဘောရှိသောသူသည်။ န ဓာရေယျ၊ မဆောင်နိုင်ပဲ ရှိရာ အံ့နည်း။ ယောဂါနုကူလမ္ပိ၊ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ခြင်းနှင့် လျောက်ပတ်သော။ တသ္မိံ၊ ထိုပံသုကူသင်္ကန်း၌။ ပဋိညာနုရတော၊ ပဋ္ဌင်းခံစ ရဲစွာချသည့် အာမဝတ္တံ ပဋိညံနှင့် လျော်ကန်အောင် မွေ့လျော်သည်။ သိယာ၊ ဖြစ်သင့်ရာ၏။ (ပံ)

---

၁။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့သည် ရဟန်းတို့၏ မှီရာ‘နိဿယ’တရား ၄-ပါး ဖြစ်သည်။ ဒုတိယမှီရာဆိုသည်မှာ သင်္ကန်းပင်တည်း။ (မဟာဋီကာ၊ ပ၊ နှာ-၉၂)

၂။ အရိယဝံသတရား ၄-ပါးကား-သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ဘာဝနာ၌ မွေ့လျော်ခြင်း ဖြစ်သည်။(နိဿယ ၄-ပါးနှင့် အရိယဝံသတရား၄-ပါးတို့၏ အစီအစဉ်ကိုသတိပြုပါ။) (ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၅၅။မဟာဋီကာ၊ပ၊နှာ-ဂဂ) (ဤကျမ်း ဒုတွဲ၊ နှာ-၁၀၁ လည်းရှု။)

## (၂) တိစီဝရိက် ဓုတင်အကျိုး

ကာယဟာရေန သန္တောသော၊ သလ္လဟုက’ ပ္ပကိစ္စတာ။
ပက္ခီနော’ဝ သမာဒါဂေါ၊ ဝတ္တသန္ဒိမိဝဇ္ဇနံ [၁]။

အတိရေကေ အလောလုပ္ပံ၊ ကပ္ပိယေ မတ္တကာရိတာ။
အပ္ပိစ္ဆတာဒီန ဖလ-နိပ္ဖတ္တာဒိ သမိဇ္ဈတိ [၁]။

ကာယဟာရေန၊ ချမ်း ပူ လုံခြုံ ကိုယ်ကို ဆောင်ရုံမျှသော သင်္ကန်းဖြင့်။ သန္တောသော၊ ရောင့်ရဲခြင်းသည်ရင်း။ သလ္လဟုက အပ္ပကိစ္စတာ၊ ပေါ့ပါးသော အသက်မွေးခြင်း, ကိစ္စနည်းပါးခြင်းသည်ရင်း။ ပက္ခီနော ဣဝ၊ ခြေနှင့် အတောင ယူဆောင်ပျံသွား ငှက်၏အလားကဲ့သို့။ သမာဒါဂေါ၊ ယူဆောင်၍ သွားနိုင်ခြင်း သည်ရင်း။ ဝတ္တသန္ဒိမိဝဇ္ဇနံ၊ အဝတ်သင်္ကန်း သိုမှီးခြင်းကို ကြဉ်ခြင်းသည်ရင်း။

အတိရေကေ၊ အပိုအမိုသင်္ကန်း၌။ အလောလုပ္ပံ၊ လျှပ်ပေါ် လေ်လည် မရှိ ခြင်းသည်ရင်း။ ကပ္ပိယေ၊ နိသီဒိုင်, ပရိက္ခာရစောဠ စသည်အများ ဝိနည်း အားဖြင့် အပ်သည်၌။ မတ္တကာရိတာ၊ တိစီဝရမတ္တ နှိုင်းဆ၍ပြုလေ့ရှိသော အားဖြင့် ခေါင်းပါးစွာ ကျင့်ခြင်းသည်ရင်း။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းသော အဖြစ် စသောတရားတို့၏။ ဖလနိပ္ဖတ္တာဒိ၊ အကျိုး၏ပြီးခြင်းစသော များစွာ သော ဂုဏ်အပေါင်းသည်ရင်း။ သမိဇ္ဈတိ၊ ပြည့်စုံလာ၏။　(တိ)

## (၃) ပိဏ္ဍပါတ် ဓုတင်အကျိုး

နိဿယာနုရူပေါ’ရိယ-ဝံသေ ဌာနံ အကောသဇ္ဇံ။
သုဒ္ဓါဇီဝေါ’ပရာယတ္တ၊ သေခိယ ပရိပူရဏံ [၂]။

အပ္ပံ သုလဘာ’နဝဇ္ဇံ၊ နာ’ညပေါသ’မနုဂ္ဂဟော။
တဏှာမာနပ္ပဟာနဥ္စ၊ တိဟာ’နာပတ္တိတာပိ စ။
ပစ္စာ’နုကမ္ပာပြုဟာနံ၊ အပ္ပိစ္ဆာဒျ’နုလောမတာ [၂]။

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ ဟောတိ စာတုဒ္ဒိသော ယတိ။
ဒေဝါပိ နံ ပိဟာယန္တိ၊ နော စေ သိလောကနိဿိတော [၂]။

နိဿယာနုရူပေါ၊ ပဉ္စင်းခံစ ဆရာပြသည့် ပထမမှီရာအား လျော်ခြင်းသည် ရင်း။ အရိယဝံသေ၊ ‘ပိဏ္ဍပါတေ သလ္လေခဘာ’ဟူသော ဒုတိယအရိယဝံသ

၁။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၊ပ၊ နှာ- ၆၃-လာ စုဏ္ဏိယနှင့် ဂါထာများကိုမှီ၍ ဂါထာသစ် စီထားခြင်းဖြစ်သည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊နှာ-၆၄-လာ စုဏ္ဏိယနှင့် ဂါထာများကိုမှီ၍ ဂါထာသစ်စီထားခြင်း ဖြစ်သည်။

တရား၌။ ဌာနံ၊ တည်ခြင်းငှာ။ အကောသဇ္ဇံ၊ သလုံးစွမ်းရှိ ဆွမ်းရှာဘိ၍ မပျင်းရိနိုင်ခြင်းသည်ငှာ။ သုဒ္ဓါဇီဝေါ၊ ပန်းရက်ယူသုံး ပျားပိတုန်းနှယ် စင်ကြယ်သော အသက်မွေးခြင်းသည်ငှာ။ အပရာယတ္တံ၊ တပါးသူနှင့် မစပ် ယှက်ပဲ အသက်မွေးရခြင်းသည်ငှာ။ သေဝိယ ပရိပူရဏံ၊သုပ္ပဋိစ္ဆန္နစသည်သိက္ခာ ပြည့်စုံလာခြင်းသည်ငှာ။

အပ္ပံ၊ အဘိုးနည်းပါးခြင်းသည်ငှာ။ သုလဘံ၊ ရလွယ်ခြင်းသည်ငှာ။ အနဝဇ္ဇံ၊ အပြစ်မရှိခြင်းသည်ငှာ။ နာညပေါသံ၊ ခံခါနိုင်းသိ, ရောပြွမ်းခြင်း မရှိရကား သူတပါး မမွေးမြူအပ်ခြင်းသည်ငှာ၊ အနုဂ္ဂဟော၊ အိမ်တိုင်းစေ့င ချီးမြှင့်ရခြင်းသည်ငှာ။ တဏှာမာနပ္ပဟာနဥ္စ၊ မိဿကဘတ္တ, အန္တဇီဝိက[၁]ဖြစ်၍ တဏှာ,မာနကို ပယ်ရခြင်းသည်ငှာ။ တီဟိ၊ ဂဏှ,ပရံပရ,စာရိတ္တဟု သိက္ခာပုဒ် သုံးခု[၂]တို့ဖြင့်။ အနာပတ္တိတာပိ စ၊ အာပတ်မသင့်ခြင်းသည်ငှာ။

ပစ္စာနုကမ္ပာ၊ နောင်လာအများ တပည့်သားတို့ကို သနားငဲ့ကွက်ခြင်းသည် ငှာ။ ဗြူဟနံ၊ အထက် သမထ ဝိပဿနာ သမ္မာပဋိပတ်ကို ပွါးစေတတ်ခြင်း သည်ငှာ။ အပ္ပိစ္ဆာဒိအနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့်လျော် ခြင်းသည်ငှာ။ အာနိသံသော၊ ပိဏ္ဍပါတ်ဓုတင်ဆောင်အကျိုးတည်း။

ပိဏ္ဍိယာလောပသန္တုဋ္ဌော၊ သလုံးကိုမှီး ရင်းနှီးပန်းနွမ်း ရသောဆွမ်းဖြင့် ရောင့်ရဲသော။ ယတိ၊ ရဟန်းသည်။ စာတုဒ္ဒိသော၊ အရပ်လေးမျက်နှာတွင် ပိတ်ပင်ဆီးတားမရှိ သွားလာနိုင်သည်။ ဟောတိ၊ဖြစ်၏။ သိလောက နိဿိတော၊ လာဘ်သပ် ပူဇော် အကျော် အစောကို ငဲ့မှီတောင့်တသည်။ နော စေ ဟောတိ၊ အကယ်၍ မဖြစ်အံ့။ နံ၊ ထိုလာဘ်မငဲ့ကွက် ငြိမ်သက်စွာဘိ ပညာ သတိရှိသော ပိဏ္ဍပါတိကရဟန်းကို။ ဒေဝါပိ၊ သိကြားစသော နတ်တို့သည် သော်လည်း။ ပိဟယန္တိ၊ သဒ္ဓါစုံမက် နှစ်သက်မြတ်နိုး မြှော်ကိုးတောင့်တ ရှိသေကြကုန်၏။ (ပိဏ်)

## (၄) သပဒါနစာရိကဓုတင်အကျိုး

စန္ဒူပမော နိစ္စနဝေါ၊ ကုလေသု ဝီတမစ္ဆရော။
အကုလူပဂါဒိနဝေါ၊ သမာန'မနုကမ္ပကော[၃]။

နတ္ထိကော ဘတ္တာဘိဟာရံ၊ အဝှါနံ နာဘိနန္ဒတိ။
သေရိစာရီ အပ္ပိစ္ဆတာ-ဒီနံ' နုလောမ ဝုတ္တိကော[၃]။

---

၁-၂။ နောက်ဆက်တွဲကြည့်။

၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၆၅-၆၆ လာ စုဏ္ဏိယနှင့် ဂါထာများကိုမှီ၍ ဂါထာသစ်စီထား သည်။

သပဒါနိုကော၊ သပဒါနစာရီ ခုတင်ဆောင် ရဟန်းသည်။ စန္ဒူပမော၊ ကပ်ငြိမတင် ချမ်းကြည်လင်၍ လ-လျှင် ဥပမာရှိသည်။ ဟောတိ၊ ဖြစ်၏။ ကုလေ-သု၊ ဒါယကာတို့၌။ နိစ္စနဝေါ၊ မပြတ်ကပ်ချဉ်း လေ့လာခြင်းမဖြစ် အမြဲသစ်သည်ငင်း။ ဝီတမစ္ဆရော၊ ကုလမစ္ဆေရကင်းသည်ငင်း။ အကုလူပဂါဒီနဝေါ၊ လူကိုချီးမြှောက် ရောယှက်ခြင်း စသော အပြစ် မရှိသည်ငင်း။ သမာနံ၊ ထပ်တူညီမျှ။ အနုကမ္ပကော၊ သနားချီးမြှောက် စောင့်ရှောက်သည်ငင်း။ ဟောတိ၊ ဖြစ်၏။

ဘတ္တာဘိဟာရံ၊ ရှေးရှုဆောင်ခဲ့သောဆွမ်းကို။ ဝါ၊ ဆွမ်းဖြင့်။ နတ္ထိကော၊ အလိုမရှိ။ အဘွါနံ၊ ဘိတ်မန်ပင့်ခေါ်ခြင်းကို။ နာဘိနန္ဒတိ၊ မနှစ်သက် လက်မခံ။ သေရီစာရီ၊ အလိုအတိုင်း သွားလာ လှည့်ပတ်ရခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ အပ္ပိစ္ဆတာဒီနံ၊ အလိုနည်းပါးခြင်းစသော တရားတို့အား။ အနုလောမဝုတ္တိကော၊ လျော်စွာဖြစ်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ (သပ်)

## (၅) ကောသနိက်ခုတင်အကျိုး

အပ္ပါဗာဓံ အပ္ပါတင်္ကံ၊ လဟုဋ္ဌာနံ ဗလံပိ စ။
ဖာသု နာပတ္တိ နိတ္တဏှံ၊ အပ္ပိစ္ဆာဒျနုလောမတာ[၁]။

အပ္ပါဗာဓံ၊ နှိပ်စက်တတ်စွာ ရောဂါမရှိခြင်းသည်ငင်း။ အပ္ပါတင်္ကံ၊ သက်မွေး မခဲ ကိုယ်မဆင်းရဲခြင်းသည်ငင်း။ လဟုဋ္ဌာနံ၊ လျင်မြန်စွာ ထကြွနိုင်ခြင်းသည်ငင်း။ ဗလံပိ စ၊ ကိုယ်အားရှိခြင်းသည်ငင်း။ ဖာသု၊ ချမ်းသာအေးမြ နေရခြင်းသည်ငင်း။ အနာပတ္တိ၊ ပထမ ပဝါရဏာသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်းသည်ငင်း။ နိတ္တဏှံ၊ ရသတဏှာ မရှိခြင်းသည်ငင်း။ အပ္ပိစ္ဆာဒိအနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့် လျော်ခြင်းသည်ငင်း။ အာနိသံသော၊ ကောသနိက် ခုတင်ဆောင်အကျိုးတည်း။ (ဧ)

## (၆) ပတ္တပိဏ်ခုတင်အကျိုး

အတြိစ္ဆတာယ ပဟာနံ၊ နာနာတဏှာ ဝိနောဒနံ။
ထာလကာဒိ ဟာရဘာဝေါ၊ အာဟာရေ အတ္တဒဿိတာ။
အဝိက္ခိတ္တဘောဇိတာ စ၊ အပ္ပိစ္ဆာဒျနုလောမတာ[၂]။

နာနာဘာဇန ဝိက္ခေပံ၊ ဟိတွာ ဩက္ခိတ္တလောစနော။
ခနန္တော ဝိယ မူလာနိ၊ ရသတဏှာယ သုဗ္ဗတော[၃]။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၆၇ လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။
၂။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၆၈-လာစုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။
၃။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၆၈-လာရင်း ဂါထာများဖြစ်သည်။

သရူပံ ဝိယ သန္တုဋ္ဌိ၊ ဓာရယန္တော သုမာနသော။
ပရိဘုဉ္ဇေယျ အာဟာရံ၊ ကော အညော ပတ္တပိဏ္ဍိကာ[၁]။

အတြိစ္ဆတာယ၊ ထိုထိုခွက်တွင်း ထိုထိုဟင်း၌ တပ်မက်ခြင်းတဏှာကို။ ပဟာနံ၊ ပယ်ခြင်းသည်ရှင်း။ နာနာတဏှာ ဝိနောဒနံ၊ အထူးထူးသော ရသ-တဏှာကို စွန့်ခွါပယ်ဖျောက်ရခြင်းသည်ရှင်း။ ထာလကာဒိ ဟရာဘာဝေါ၊ ပန်းကန်, ဗျပ်, ခွက် စသည်ကို ဆောင်ရွက်ရခြင်း ဟူသော ဆင်းရဲ၏ မရှိခြင်းသည်ရှင်း။ အာဟာရေ၊ အံ့ဖတ်ပမာ ရောနှောသောအစာ၌။ အတ္ထဒဿိတာ၊ 'ကာယဋ္ဌိတိ ယာပနာ' အစရှိသော အကျိုးမျှကို မြင်ခြင်းသည်ရှင်း။ အဝိက္ခိတ္တ-ဘောဇိတာ စ၊ ထိုထိုခွက်တွင်း ထိုထိုဟင်း၌ နှလုံးသွင်း မပျံ့ခြင်းသည်ရှင်း။ အပ္ပိစ္ဆာဒိအနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့်လျော်ခြင်းသည်ရှင်း။ အာနိသံသော၊ ပတ္တပိဏ် ဓုတင်ဆောင်အကျိုးတည်း။

နာနာဘာဇန ဝိက္ခေပံ၊ ခွက်အထူးထူး၌ စိတ်မြူးပျံ့လွင့်ခြင်းကို။ ဟိတွာ၊ ပယ်စွန့်၍။ ဩက္ခိတ္တလောစနော၊ သပိတ်ကိုရှု အောက်သို့ပြုသော မျက်စိရှိသည် ဖြစ်၍။ ရသတဏှာယ၊ ရသတဏှာ၏။ မူလာနိ၊ မြစ်မ, မြစ်သေးတို့ကို။ ခနန္တော ဝိယ၊ တူးဖြို ဖျက်ဆီးသကဲ့သို့။ သုဗ္ဗတော၊ ကောင်းသောအကျင့်ရှိသည်ဖြစ်၍။ သန္တုဋ္ဌိ၊ ရောင့်ရဲခြင်းအထူး သန္တုဋ္ဌိကျေးဇူးကို။ သရူပံ ဝိယ၊ သရုပ်သကောင် ယူဆောင်ဆင်နွဲ လည်ဆွဲတန်းဆာစသည်ကိုကဲ့သို့။ ဓာရယန္တော၊ ဆောင်လျက်။ သုမာနသော၊ ကောင်းမြတ်သော စိတ်နှလုံးရှိသည်ဖြစ်၍။ ပတ္တပိဏ္ဍိကာ၊ ပတ္တ-ပိဏ်ဓုတင်ဆောင်ပုဂ္ဂိုလ်မှ။ အညော၊ တပါးသော။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ အာဟာရံ၊ အာဟာရကို။ ပရိဘုဉ္ဇေယျ၊ သုံးဆောင် စွမ်းနိုင်အံ့နည်း။ ။ 'ပတ္တပိဏ္ဍိကော ယေဝ ပရိဘုဉ္ဇေယျ' ဟူလိုသည်။ (ပတ်)

## (၄) ခလုပစ္ဆာဘတ္တိက ဓုတင်အကျိုး

နာပတ္တိ နောဒရိကတ္တံ၊ အပုနပ္ပရိယေသနာ။
နိရာမိသသန္နိဓိတာ၊ အပ္ပိစ္ဆာဒျနုလောမတာ[၂]။

မုနိပ္ပသဋ္ဌံ သန္တောသ-ဂုဏာဒိ ဝုဍ္ဎိသဉ္ဇနံ။
ဒေါသေ ဝိဓုနိတုံ ကာမော၊ ဘဇေယျ ပဏ္ဍိတော[၂]။

နာပတ္တိ၊ 'အနတိရိတ္တဘောဇနာပတ္တိ'မရှိ ဝေးကွာခြင်းသည်ရှင်း။ နောဒရိကတ္တံ၊ ဝမ်းကိုချင့်တွက် အပြည့်အနှက် စားခြင်း၏ မရှိခြင်းသည်ရှင်း။ (ဩဒရိကတ္တံ ဥဒရဿ မိတဘာဝေါ ကုစ္ဆိပူရကတာ။ မဟာဋီကာ၊ ပ၊ နှာ-၉၆)

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ နှာ-၆၇-လာရင်းဂါထာဖြစ်သည်။
၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၆၉-လာ စုဏ္ဏိယနှင့် ဂါထာများကို မှီ၍ စီထားသည်။

အပုနပ္ပဝိယေသနာ၊ တဖန်ရှာရခြင်း ဆင်းရဲ၏မရှိခြင်းသည်ငှင်း။ နိရာမိသ သန္နိ-ဓိတာ၊ အာမိသကို သိုမှီးခြင်း၏ ကင်းခြင်းသည်ငှင်း။ အပ္ပိစ္ဆာဒိအနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့်လျော်ခြင်းသည်ငှင်း။ အာနိသံသော၊ ခလုပစ္ဆာ ဓုတင်ဆောင်အကျိုးတည်း။

**တိုက်တွန်းချက်။**　။ဒေါသေ၊ လောဘ ့ဒေါသ စသည်အပြစ် မြူအညစ်တို့ကို။ ဝိဓုနိတုံ ကာမော၊ ခါတွက်ဖျက်ဆီးခြင်းငှါ အလိုရှိသော။ ပဏ္ဍိတော၊ ပညာရှိသည်။ မုနိပ္ပသတ္ထံ၊ ဘုရားရှင် ချီးမွမ်းတော်မူအပ်သော။ သန္တောသ ဂုဏာဒိဝုဍ္ဎိသဉ္စနံ၊ လွန်စွာခေါင်းပါး သန္တောသ စသော ကျေးဇူးတရား၏ ကြီးပွါးခြင်းကို ဖြစ်စေတတ်သော။ ဣဒံ၊ ဤခလုပစ္ဆာဓုတင်ကို။ ဘဇေယျ၊ ဆည်းကပ်မှီဝဲရာ၏။　(ခ)

## (ဂ) အာရညိကင် ဓုတင်အကျိုးများ

လဒ္ဓါ ဝနသည ဘဗ္ဗော၊ မိတိံ လဒ္ဓုံ စ ရက္ခိတုံ။
အာရာဓေတိ သတ္ထု စိတ္တံ၊ နာ’သပ္ပါယေဟိ ခိပိတံ[၁]။

သန္တာသော ဝိဂတော ဟောတိ၊ ဇဟာဇီဝနိကန္တိကော။
ဝိဝေကသုခံ သာဒေတိ၊ သေသမ္ဘူတာနုရူပကော[၁]။

ပဝိဝိတ္တော အသံသဋ္ဌော၊ ပန္တသေနာသနေ ရတော။
အာရာဓယန္တော နာထဿ၊ ဝနဝါသေန မာနသံ[၂]။

ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဣန္ဒကာ[၂]။

ပံသုကူလ ကဝစော သော၊ အဝသေသ ဓုတာယုဓော။
သမတ္တော န စိရဿေဝ၊ ဇေတုံ မာရံ သဝါဟနံ။
တသ္မာ အရညဝါသမှိ၊ ရတိံ ကယိရာထ ပဏ္ဍိတော[၁]။

အာရညိကော၊ တောနေရဟန်းသည်။ ဝနသည၊ တောဟူသော အမှတ်သညာကို။ လဒ္ဓါ၊ ရ၍။ ဝါ၊ ရသောကြောင့်။ မိတိံ၊ မရသေးသော သမာဓိကို။ လဒ္ဓုံ စ၊ ရခြင်းငှါငှင်း။ မိတိံ၊ ရပြီးသောသမာဓိကို။ ရက္ခိတုံ စ၊ စောင့်ရှောက်ခြင်းငှါငှင်း။ ဘဗ္ဗော၊ ထိုက်၏။ သတ္ထု၊ မြတ်စွာဘုရား၏။ စိတ္တံ၊ စိတ်တော်ကို။ အာရာဓေတိ၊ နှစ်သက်စေ၏။ (တေနာ’ဟံ နာဂိတ တဿ ဘိက္ခုနော အတ္တမနော ဟောမိ အရညဝိဟာရေန။ အင်္ဂုတ္တိုရ် ပါဠိတော်၊ ဒု၊ နှာ — ၃၀၁-စသည်)

---

၁။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၇၁-လာ စကားပြေများကိုမှီ၍ ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ၊ ၇၁-၌ လာရင်း ဂါထာများ။

အသပ္ပါယေဟိ၊ မလျော်ကပ်ပတ်တုံ ရှုပါရုံစသည်တို့သည်။ စိတ္တံ၊ မိမိစိတ်ကို။ န ခီပိတံ၊ မပစ်လွှင့်အပ်နိုင်။

သန္တာသော၊ ကြောက်ရွံထိတ်လန့်ခြင်းသည်။ ဝိဂတော၊ ပျောက်ကင်းသည်။ ဟောတိ၊ ဖြစ်၏။ ဇဟဇီဝနိကန္တိကော၊ ကိုယ်အသက်၌ တပ်မက်ခြင်းကို စွန့်သည်။ ဟောတိ၊ ဖြစ်၏။ ဝိဝေကသုခံ၊ လူမရောပြွမ်း ကျောင်းသခ်မ်း၌ ဆိတ်ငြိမ်းမွေ့စွာ အရသာကို။ သာဒေတိ၊သုံးဆောင်ခံစားရ၏။ သေသဓုတာနု-ရူပကော၊ ပံသုကူစသော ကြွင်းဓုတင်တို့နှင့် လျော်ကပ်သည်။ ဟောတိ၊ ဖြစ်၏။

တိုက်တွန်းချက်။ ။ပဝိဝိတ္တော၊ ဆိတ်ငြိမ်ထသော။ အသံသဋ္ဌော၊ လူတို့နှင့် မရောမရှက် ထသော။ ပန္တသေနာသနေ၊ ဆိတ်ငြိမ်ရာ တောကျောင်း၌။ ရတော၊ မွေ့လျော်ထသော။ ဝနဝါသေန၊ တော၌နေခြင်း ဖြင့်။ နာထဿ၊ မြတ်စွာဘုရား၏။ မာနသံ၊ စိတ်တော်ကို။ အာရာဓယန္တော၊ နှစ်သက်စေလျက်။

ဓကော၊ တယောက်ထီးတည်း။ အရညေ၊ လူသူမနီး ရှိုကြီးပိတ်ပေါင်း တောရကျောင်း၌။ နိဝသံ နိဝသန္တော၊ နေသော။ ယတိ၊ ရဟန်းသည်။ ယံ သုခံ၊ အကြင်ပဝိဝေကချမ်းသာကို။ လဘတေ၊ ရ၏။ တဿ၊ ထိုတောနေ ရဟန်း၏။ တံ ရသံ၊ ထို ပဝိဝေက သုခရသာကို။ သ ဣန္ဒကာ၊ သိကြားနှင့်တကွကုန်သော။ ဒေဝါ အပိ၊ နတ်တို့ပင်သော်လည်း။ န ဝိန္ဒန္တိ၊ မရနိုင်ကုန်။

ပံသုကူလ ကဝစော၊ ပံသုကူသင်္ကန်း ချပ်ပန်း မိန့်ညို ဆောင်ထသော။ အဝသေသ ဓုတာယုဓော၊ ကြွင်းသောဓုတင် စစ်အင်လက်နက် ရဲမက်ဗိုလ်ထု ရှိထသော။သော၊ထိုတောနေရဟန်းသည်။ နစိရဿဝ၊မကြာမြင့်ခင်သာလျှင်။ သဝါဟနံ၊ ရဲမက်ဗိုလ်စုနှင့်တကွသော။ မာရံ၊ မာရ်နတ်မင်းကို။ ဇေတုံ၊ အောင် မြင်ခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်၏။ တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာ ရှိသည်။ အရညဝါသမ္ပိ၊ မြရိပ်စိမ်းဝေ ချောက်ကမ်းရေနှင့် သဲငွေသောင်လယ် ပျော်ဘွယ်ရာကောင်း တောရကျောင်း၌။ ရတိံ၊ မွေ့လျော်ပျော်နေခြင်းကို။ ကယိရာထ၊ ပြုရာ၏။ (အ၁)

## (၉) ရုက္ခမူဓုတင်အကျိုး

နိဿယာနုရူပေါ'ရိယ-ဝံသေ ဌာနဋ္ဌ အပ္ပကံ။
သုလဘံ အနဝဇ္ဇဉ္စ၊ ဒေဝတာသဟဝါသိတာ။
ကမ္မာရာမတာယာ'ဘာဝေါ၊ အပ္ပိစ္ဆာဒျ'နုလောမတာ^၁။

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပါ၊ နှာ-၇၂ ကိုမှီ၍ ဂါထာစီထားသည်။

အာဝါသမဇ္ဈေရဟာရေ၊ ဒေဝတာ ပရိပါလိတေ။
ပဝိဝိတ္တေ ဝသန္တော သော၊ ရုက္ခမူလမှိ သုဗ္ဗတော[1]။

အဘိရတ္တာနိ နီလာနိ၊ ပဏ္ဍူနိ ပတိတာနိ စ။
ပဿန္တော တရုပဏ္ဏာနိ၊ နိစ္စသညံ ပနူဒတိ[1]။

တသ္မာ ဟိ ဗုဒ္ဓဒါယဇ္ဇံ၊ ဘာဝနာဘိရတာ' လယံ။
ဝိဝိတ္တံ နာတိမညေယျ၊ ရုက္ခမူလံ ဝိစက္ခဏော[1]။

နိဿယာနုရူပေ၊ ပဉ္စင်းခံစ ဆရာပြသည့် တတိယမှီရာအား လျော်ခြင်းသည် ၎င်း။ အရိယဝံသေ၊ 'သေနာသနေ သလ္လေခတာ' ဟူသော တတိယအရိယဝံသ တရား၌။ ဌာနဥ္စ၊ တည်ခြင်းသည်၎င်း။ အပ္ပကံ၊ အဘိုးနည်းပါးခြင်းသည်၎င်း။ သုလဘံ၊ ရလွယ်ခြင်းသည်၎င်း။ အနဝဇ္ဇဥ္စ၊ အပြစ်မရှိခြင်းသည်၎င်း။ ဒေဝတာ သဟဝါသိတာ၊ သစ်နန်းစံမျိုး ရုက္ခစိုးနတ် စောင့်ရှောက်လတ်၍ နတ်တို့နှင့် အတူနေရခြင်းသည်၎င်း။ ကမ္မာရာမတာယ၊ နဝကမ္မ၌ မွေ့လျော်သောအဖြစ်၏။ အဘာဝေါ၊ မရှိခြင်းသည်၎င်း။ အပ္ပိစ္ဆာဒိအနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့် လျော်ခြင်းသည်၎င်း။ အာနိသံသော၊ ရုက္ခမူဓုတင်ဆောင်အကျိုး တည်း။

**တိုက်တွန်းချက်။** ။အာဝါသ မဇ္ဈေရဟာရေ၊ နေရာထိုင်ခင်း၌ ဝန်တိုခြင်းကို ပယ်ခွင်းတတ်ထသော။ ဒေဝတာပရိပါလိတေ၊ နတ်များ ဝန်းပတ် စောင့်ရှောက်အပ်ထသော။ ပဝိဝိတ္တေ၊ ဆိတ်ငြိမ်ထသော။ ရုက္ခမူလမှိ၊ သစ်ပင်ရင်း၌။ ဝသန္တော၊ နေသော။ သုဗ္ဗတော၊ ကောင်းသောအကျင့်ရှိသော။ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။

အဘိရတ္တာနိ၊ နုသစ်နီမြန်းကုန်သော။ တရုပဏ္ဏာနိ စ၊ သစ်ရွက်တို့ကို၎င်း။ နီလာနိ၊ ရင့်မာစိမ်းညိုကုန်သော။ တရုပဏ္ဏာနိ စ၊ သစ်ရွက်တို့ကို၎င်း။ ပဏ္ဍူနိ၊ အိုမင်းမှည့်ရော်ကုန်သော။ တရုပဏ္ဏာနိ စ၊ သစ်ရွက်တို့ကို၎င်း။ ပတိတာနိ၊ ညှိုးရော်ကြွေကျကုန်သော၊ တရုပဏ္ဏာနိ စ၊ သစ်ရွက်တို့ကို၎င်း။ ပဿန္တော၊ အစဉ် သဖြင့် မြင်ရသည်ဖြစ်၍။ နိစ္စသညံ၊ မြဲ၏ ဟူသော အမှတ်သညာကို။ ပနူဒတိ၊ ပယ်စွန့်နိုင်၏။

တသ္မာ ဟိ၊ ထို့ကြောင့်သာလျှင်။ ဝိစက္ခဏော၊ ပညာရှိသောအမျိုးသား သည်။ ဗုဒ္ဓဒါယဇ္ဇံ၊ တောမှာဖွားမြင် တောတွင်ပွင့်လျက် ဓမ္မစကြာ တောမှာ

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၇၂-လာရင်းအတိုင်း ဖြစ်သည်။ (ဆဋ္ဌမူ၌ 'သော' အစား 'ဟိ'ဟုရှိသည်။)

နိဗ္ဗု စံတော်မူသည့် ဘုန်းလူစောနှစ် မွေတော်ဖြစ်ထသော။ ဘာဝနာဘိရတာ-လယံ၊ ဘာဝနာမွေ့လျော် များသူတော်တို့၏ ပျော်နေရာဖြစ်ထသော။ ဝိဝိတ္တံ၊ ဆိတ်ငြိမ်သော။ ရုက္ခမူလံ၊ သစ်ပင်ရင်းကို။ နာတိမညေယျ၊ မထီမဲ့မြင် မပြုသင့်ရာ။ (ရုက်)

## (၁၀) အဗ္ဘောကာသိကဝုတင်အကျိုး

ပလိဗောဓသ္မု ပစ္ဆေဒေါ၊ နိဿဂ်အနိကေတတာ။
စာတုဒ္ဒိသော အပ္ပိစ္ဆတာ-ဒီနံ နုလောမဝုတ္တိတာ[၁]။

. အနာဂါရိယဘာဝဿ၊ အနုရူပေ အဒုလ္လဘေ။
တာရာမဏိဝိတာနမှိ၊ စန္ဒဒီပပ္ပဘာသိတေ [၂]။

အဗ္ဘောကာသေ ဝသံ ဘိက္ခု၊ မိဂဘူတေန စေတသာ။
ထိနမိဒ္ဓံ ဝိနောဒေတွာ၊ ဘာဝနာရာမတံ သိတော[၂]။

ပဝိဝေက ရသဿာဒံ၊ န စိရဿေဝ ဝိန္ဒတိ။
ယသ္မာ တသ္မာ ဟိ သပ္ပညော၊ အဗ္ဘောကာသေ ရတော သိယာ[၂]။

ပလိဗောဓသ္မ၊ အာဝါသ ပလိဗောဓကို။ ဉပစ္ဆေဒေါ၊ ဖြတ်ရခြင်းသည်ငှင်း။ နိဿဂ် အနိကေတတာ၊ တွယ်တာကပ်ငြိ မရှိခြင်း, နေရာကုဋိမရှိခြင်းသည်ငှင်း။ စာတုဒ္ဒိသော၊ လေးရပ်ခွင်၌ ပိတ်ပင်မရှိခြင်းသည်ငှင်း။ အပ္ပိစ္ဆတာဒီနံ၊ အပ္ပိစ္ဆတာ စသည်တို့အား။ အနုလောမဝုတ္တိတာ၊ လျော်စွာဖြစ်သည့် အဖြစ်သည်ငှင်း။ အာနိသံသော၊ အဗ္ဘောကာသိကဝုတင်ဆောင်အကျိုးတည်း။

တိုက်တွန်းချက်။ ။အနာဂါရိယဘာဝဿ၊ အိမ်ထောင်စီးပွါး ပယ်ရှားစွန့်ပစ် ရဟန်းအဖြစ်အား။ အနုရူပေ၊ လျောက်ပတ်ထသော။ အဒုလ္လဘေ၊ လွန်စွာ ရလွယ်ထသော။ တာရာမဏိ ဝိတာနမှိ၊ ကြယ်ရောင်ထိန်လက် ပတ္တမြားမျက်နှာကြက်ရှိထသော။ စန္ဒဒီပပ္ပဘာသိတေ၊ လမင်းတန်ဆောင် ဆီမီးရောင်ဖြင့် ပြောင်ပြောင် ထွန်းလင်းထသော။ အဗ္ဘောကာသေ၊ လွင်တီး ခေါင်၌။ မိဂဘူတေန၊ သိမ်းဆည်းမတွယ် သမင်သဖွယ်ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ထိနမိဒ္ဓံ၊ ထိနမိဒ္ဓကို။ ဝိနောဒေတွာ၊ ပယ်ဖျောက်၍။ ဘာဝနာရာမတံ၊ ဘာဝနာ၌မွေ့လျော်ခြင်းကို။ သိတော၊ မှီလျက်။ ဝသံ ဝသန္တော၊ နေသော။ ဘိက္ခု၊ ရဟန်းသည်။ ယသ္မာ၊ အကြင့်ကြောင့်။ န စိရဿေဝ၊ မကြာမြင့်ခင်

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၇၃ ၌လာသော စုဏ္ဏိယကို ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၇၃ ၌လာရင်း ဂါထာများ။

သာလျှင်။ ပဝိဝေက ရသဿာဒံ၊ ဝိဝေကချမ်းသာ ရသာမြတ်ခေါင် သုံးဆောင် ခံစားရခြင်းကို။ ဝိန္ဒတိ၊ ရ၏။ တသ္မာ ဟိ၊ ထိုကြောင့်သာလျှင်။ သပ္ပညော၊ ပညာရှိသည်။ အဗ္ဘောကာသေ။ လွင်တီးခေါင်၌။ ရတော၊ မွေ့လျော်သည်။ သိယာ၊ ဖြစ်ရာ၏။ (အဗ်)

## (၁၁) သုသာန်ဓုတင်အကျိုး

လာဘော မရဏာဿတိယာ၊ အပ္ပမာဒ ဝိဟာရိတာ။
နိမိတ္တဿ အဓိဂမော၊ ကာမရာဂ ဝိနောဒနံ[၁]။

သံဝေဂေါ ကာယသဘာဝ- ဒဿနံ မဒစ္ဆေနံ။
ဘူတပူဇာ ဘယသဟော၊ အပ္ပိစ္ဆာဒျနုလောမတာ[၁]။

မရဏာဿတိယာ၊ မရဏာဿတိကို။ လာဘော၊ ရခြင်းသည်ငှင်း။ အပ္ပမာဒ ဝိဟာရိတာ၊ မမေ့မလျော့ နေလေ့ရှိခြင်းသည်ငှင်း။ နိမိတ္တဿ၊ ဥဒ္ဓုမာတက စသည်ကြောင်းဟိတ် အသုဘနိမိတ်ကို။ အဓိဂမော၊ ရခြင်းသည်ငှင်း။ ကာမရာဂ ဝိနောဒနံ၊ ကာမဂုဏ်၌ တပ်မက်မှုကို ပယ်ဖျောက်နိုင်ခြင်းသည်ငှင်း။ သံဝေဂေါ၊ များစွာထိတ်လန့်ခြင်းသည်ငှင်း။ ကာယသဘာဝ ဒဿနံ၊ အသုစိ, ဒုဂ္ဂန္ဓ, ဇေဂုစ္ဆ စသော ကိုယ် သဘောကို နှစ်နှောကုန်စင် မပြတ်မြင်ရခြင်းသည် ငှင်း။ မဒ စဇ္ဇနံ၊ အာရောဂျမာန်, ယောဗ္ဗနမာန်, ဇီဝိတမာန်တို့ကို ပယ်လှန် စွန့်ပစ်ရခြင်းသည်ငှင်း။ ဘူတပူဇာ၊ နတ်တို့လေးမြတ် ပူဇော်အပ်ခြင်းသည်ငှင်း။ ဘယသဟော၊ ဘေးယေ် ဘေးကြီးကို သည်းခံနိုင်ခြင်းသည်ငှင်း။ အပ္ပိစ္ဆာဒိ- အနုလောမတာ၊ အပ္ပိစ္ဆတာ စသော တရားနှင့်လျော်ခြင်းသည်ငှင်း။ အာနိသံ- သော၊ သုသာန်ဓုတင်ဆောင်အကျိုးတည်း။ (သာ)

## (၁၂) ယထာသန္ထတိဓုတင်အကျိုး

ဝုတ္တောဝါဒဿ ကရဏံ၊ သဟာယာနံ ဟိတေသိတာ။
ဝိကပ္ပဿ ပရိစ္စာဂေါ၊ အတြိစ္ဆာ ဒွါရသံဝရော။
ဟီနာနုရောစ ဝိရောဓော၊ အပ္ပိစ္ဆာဒျနုလောမတာ[၂]။

ယံ လဒ္ဓံ တေန သန္တုဋ္ဌော၊ ယထာသန္ထတိကော ယတိ။
နိဗ္ဗိကပ္ပေါ သုခံ သေတိ၊ တိဏာသန္ထရဏေသုပိ[၃]။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၇၄-၇၅ လာဂါထာ,စုဏ္ဏိယတို့ကို မှီ၍ ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ- ၇၅ လာ စုဏ္ဏိယများကို မှီ၍ ဂါထာစီထားသည်။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၇၆ ၌ လာရင်း ဂါထာ။ (အနက် နှာ--၁၄၀ မှတ်ချက်ကြည့်)

န သော ရဇ္ဇတိ သေဋ္ဌမှိ၊ ဟီနံ လဒ္ဓါ န ကုပ္ပတိ။
သပြဟ္မစာရိနဝကေ၊ ဟိတေန အနုကမ္ပတိ [၁]။

တသ္မာ အရိယသတာစိဏ္ဏံ၊ မုနိပုင်္ဂဝ ဝဏ္ဏိတံ။
အနုယုဉ္ဇေထ မေဓာဝီ၊ ယထာသန္တတရာမတံ [၂]။

ဝုတ္တောဝါဒဿ၊ 'ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ' [၃] ဟူ၍ (ပါဠိတ်ပါဠိတော်၊ နှာ-၃၄၀ ၌) ဟောတော်မူအပ်သော ဩဝါဒကို။ ကရဏံ၊ ပြုကျင့်လိုက်နာခြင်းသည်ရင်း။ သဟာယာနံ၊ သီတင်းသုံးဖော်တို့၏။ ဟိတေသိတာ၊ စီးပွါးရှာလျက် ကရုဏာ-ဝိဟာရအား လျော်ခြင်း သည်ရင်း။ ဝိကပ္ပဿ၊ ဆိုးကောင်း ယုတ်မြတ်ကို ကြံစည်ခြင်းကို။ ပရိစ္စာဂေါ၊ စွန့်ပစ်ဘိ၍ တာဒိကျေးဇူးအား လျော်ခြင်း သည်ရင်း။ အတြိစ္ဆာဒ္ဒါရသံဝရော၊ ထိုထိုဥစ္စာ လိုတတ်စွာသော အတြိစ္ဆာ တဏှာဝင်ပေါက်ကို ပိတ်ဆို့ခြင်းသည်ရင်း။ ဟီနာဒိုရောမ ဝိရောဓော၊ ကောင်း မကောင်းသည်၌ ချစ်ခြင်း မုန်းခြင်းကို ပယ်ခြင်းသည်ရင်း။ အပ္ပိစ္ဆာဒိအနု-လောမတာ၊ အပ္ပိစ္ဆတာစသော တရားနှင့်လျော်ခြင်းသည်ရင်း။ အာနိသံသော၊ ယထာသန္တတိ ဓုတင်ဆောင်အကျိုးတည်း။

(နောက်ဂါထာစု အနက် ထင်ပြီ)ယထာသန္တတရာမတံ၊ သံဃာညွှန်းချတိုင်း သောကျောင်း၌ မွေ့လျော်သည်၏ အပြစ်ကို။ (အနက်ပေး၊ (ယထာ)

---

တိုက်ဂွန်းချက်။ ။ယံ၊ အကြင်ပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုပစ္စည်း ဖြင့်သာ။ သန္တုဋ္ဌော၊ နှစ်သက်သော။ ယထာသန္တတိကော၊ ယထာသန္တတိ ဓုတင်ဆောင် သော။ ယတိ၊ ရဟန်းသည်။ နိဗ္ဗိကပ္ပေါ၊ (ကောင်းသည်, မကောင်းဘူးဟု နှစ်ချိုး) ကြံခြင်း ကင်းသည်ဖြစ်၍။ တိဏသန္ထရဏောသုပိ၊ မြက် သစ်ရွက် အခင်းတို့၌သော်လည်း။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ အိပ်ရ နေရပေ၏။

၁။ သော၊ ထိုရဟန်းသည်။ သေဋ္ဌမှိ၊ မြတ်သောနေရာ၌လည်း။ န ရဇ္ဇတိ၊ မတပ်မက်။ ဟီနံ၊ ယုတ်ညံ့သည်ကို။ လဒ္ဓါ၊ ရ၍ (ရသော်လည်း)။ န ကုပ္ပတိ၊ အချက်မထွက်။ သပြဟ္မစာရိနဝကေ၊ သီတင်းသုံးဖော်ငယ်တို့ကို။ ဟိတေန၊ အကျိုးစီးပွါးဖြင့်။ အနုကမ္ပတိ၊ အစဉ်သနား စောင့်ရှောက်သည်မည်၏။

၂။ တသ္မာ၊ ထို့ကြောင့်။ အရိယသတာစိဏ္ဏံ၊ အရိယာသူမြတ်တို့သည် အမြဲမပြတ် လေ့ကျင့်အပ်သော။ မုနိပုင်္ဂဝ ဝဏ္ဏိတံ၊ မုနိတို့ ရှေ့သွားခေါင်းဆောင်ကြီးဖြစ်သော ဘုရား သခင်သည် ချီးမွမ်းတော်မူအပ်သော။ ယထာသန္တတရာမတံ၊ သံဃာညွှန်းချအပ်တိုင်းသော ကျောင်း၌မွေ့လျော်သည့်အဖြစ်ကို။ မေဓာဝီ၊ ပညာရှိသည်။ အနုယုဉ္ဇေထ၊ အားထုတ်ရာ၏။

၃။ ယံ၊ အကြင်ပစ္စည်းကို။ လဒ္ဓံ၊ ရအပ်၏။ တေန၊ ထိုပစ္စည်းဖြင့်။ တုဋ္ဌဗ္ဗံ၊ နှစ်သက် ရောင့်ရဲအပ်၏။

## (၁၃) နေသဇ္ဇိကဓုတင်အကျိုး

ကမ္မဋ္ဌာနသပ္ပါယတာ၊ စေတော နိဗန္ဓဆေဒနံ။
ပါသာဒိကံ အနုဂ္ဂါရမ္ဘံ၊ သမ္ပုဒ္ဓိပတ္တိပြုဟနံ[၁]၊

အာဘုဇိတွာန ပလ္လင်္ကံ၊ ပဏိဓာယ ဥဇုံ တနုံ။
နိသီဒန္တော ဝိကမ္ပေတိ၊ မာရဿ ဟဒယံ ယတိ[၂]။

သေယျပဿ မိဒ္ဓသုခံ၊ ဟိတွာ အာရဒ္ဓဝီရိယော။
နိသဇ္ဇာဘိရတော ဘိက္ခု၊ သောဘယန္တော တပေါဝနံ[၃]။

နိရာမိသံ ပီတိသုခံ၊ ယသ္မာ သမဓိဂစ္ဆတိ။
တသ္မာ သမနုယုဉ္ဇေယျ၊ ဓီရော နေသဇ္ဇိကံ ဝတံ[၃]။

ကမ္မဋ္ဌာနသပ္ပါယတာ၊ ကမ္မဋ္ဌာန်း ဟူသမျှနှင့် လျော်ကပ်သည့် အဖြစ် သည်ရှင်း။ စေတောနိဗန္ဓဆေဒနံ၊ 'သေယျ,ပဿ,မိဒ္ဓသုခ'ကို[၄] အားထုတ်ခြင်း ဟူသော 'စေတောဝိနိဗန္ဓ'[၅] တရားကို ဖြတ်ခြင်းသည်ရှင်း။ ပါသာဒိကံ၊ ကြည်ညိုဘွယ်ရှိခြင်းသည်ရှင်း။ အနုဂ္ဂါရမ္ဘံ၊ အားထုတ်ခြင်း ဝီရိယအား လျော်ခြင်းသည်ရှင်း။ သမ္ပုဒ္ဓိပတ္တိ ပြုဟနံ၊ အထက် သမထ ဝိပဿနာ သမ္မာပဋိပတ်ကို ပွါးစေတတ်ခြင်းသည်ရှင်း။ အာနိသံသော၊ နိသဇ်ဓုတင်ဆောင်အကျိုးတည်း။

**တိုက်တွန်းချက်။** ။ပလ္လင်္ကံ၊ တင်ပျဉ်ကို။ အာဘုဇိတွာန၊ ဖွဲ့ခွေ၍။ တနုံ၊ အထက်ကိုယ်ကို။ ဥဇုံ၊ ဖြောင့်မတ်စွာ။ ပဏိဓာယ၊ ထား၍။ နိသီဒန္တော၊ ထိုင်နေသော။ ယတိ၊ ရဟန်းသည်။ မာရဿ၊ မာရ်နတ်၏။ ဟဒယံ၊ နှလုံးကို။ ဝိကမ္ပေတိ၊ တုန်လှုပ်စေ၏။

သေယျ ပဿ မိဒ္ဓ သုခံ၊ အိပ်စက် ညာဘယ် ပြောင်းလှယ်ငိုက်မျဉ်းရသော ချမ်းသာကို။ ဟိတွာ၊ ပယ်၍။ အာရဒ္ဓဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိ ထသော။ နိသဇ္ဇာဘိရတော၊ ထိုင်နေခြင်း၌ မွေ့လျော်ထသော။ ဘိက္ခု၊ ရဟန်း သည်။ တပေါဝနံ၊ စိမ်းစိုဝေမြိုင် ဂနိုင်သာမော အကျင့်တောကို။ သောဘ- ယန္တော၊ တင့်တယ်စေလျက်။ ယသ္မာ၊ အကြင့်ကြောင့်။ နိရာမိသံ၊ အာမိသနှင့်

---

၁။ ဝိသုဒ္ဓိမဂ်၊ ဌ၊ပါ၊နှာ-၇၆-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။
၂၊ ဝိသုဒ္ဓိမဂ်၊ ဌ၊ပါ၊နှာ-၇၆-၌ လာရင်းဂါထာ။
၃။ ဝိသုဒ္ဓိမဂ်၊ ဌ၊ပါ၊နှာ-၇၇-၌ လာရင်းဂါထာ (ဆဋ္ဌမူ၌ 'ပဿ'အစား 'သုခံ'ဟု ရှိသည်)။
၄။ သေယျသုခ=ပက်လက်အိပ်ခြင်း ချမ်းသာ။
ပဿ သုခ = တစောင်းအိပ်ခြင်း ချမ်းသာ။
မိဒ္ဓသုခ=အိပ်ငိုက်ခြင်း ချမ်းသာ။ ။ဒီ၊ ၃၊ ၁၉၉။ ပါထိကဝဂ်၊ မြန်၊ ၂၂၁။
၅။ စေတောဝိနိဗန္ဓ=စိတ်၏အနှောင်အဖွဲ့။

မစပ်သော။ ပီတိသုခံ၊ နှစ်သက်ချမ်းသာခြင်းကို။ သမဓိဂစ္ဆတိ၊ ကောင်းစွာရ၏။ တသ္မာ၊ ထို့ကြောင့်။ ဓီရော၊ ပညာရှိသည်။ နေသဇ္ဇိကံ ဝတံ၊ နိသဇ်ဓုတင်အကျင့်ကို။ သမနုယုဉ္ဇေယျ၊ ကောင်းစွာ အားထုတ်ရာ၏။ (နိ)

အာနိသင် ပြီး၏။

---

## အထွေထွေဝေဖန်ရှင်းလင်းချက်များ

**ဓုတာဒိဝိဘာဂအားဖြင့်—**

ဓုတ၊ ဓုတဝါဒ၊ ဓုတဓမ္မ၊ ဓုတင်၊ ဓုတင်သပ္ပါယ၊ ဤငါးပါးတို့ကို ခွဲခြား ဝေဖန်အပ်၏။

**ဓုတအဓိပ္ပါယ်။** ။ထိုတွင် ဓုတင်ဖြင့် ကိလေသာကို ခါတွက်ပြီးသော ရဟန္တာ ပုဂ္ဂိုလ်၊ အရိယမဂ် (အထူးအားဖြင့် အရဟတ္တမဂ်)၊ ပရိယာယ် အားဖြင့် ဝိပဿနာဉာဏ်စသည်။ အောက်ထစ်အားဖြင့် ဓုတင်စေတနာ သမ္ပယုတ္တဉာဏ်တို့သည် 'ဓုတ' မည်၏။

**ဓုတဝါဒအဓိပ္ပါယ်။** ။ဓုတင်ဖြင့် ဆုံးမ ပြောဟော တတ်သော ပုဂ္ဂိုလ်သည် 'ဓုတဝါဒ' မည်၏။

ဤနှစ်ပုဒ်ကို စပ်လျက် ဓုတ နဓုတဝါဒပုဂ္ဂိုလ်, နဓုတ ဓုတဝါဒပုဂ္ဂိုလ်, နေဝဓုတ နဓုတဝါဒပုဂ္ဂိုလ်, ဓုတ ဓုတဝါဒပုဂ္ဂိုလ်ဟု စတုက္က ဖြစ်သင့်၏။ အစဉ်အတိုင်း ဗာကုလ, ဥပနန္ဒ, လာလုဒါယီ, သာရိပုတြာမထေရ်တို့ကဲ့သို့သော ပုဂ္ဂိုလ်တို့ကို ယူအပ်၏။

**ဓုတဓမ္မအဓိပ္ပါယ်။** ။ဓုတင်စေတနာအား ကျေးဇူးများသော အပ္ပိစ္ဆတာ, သန္တုဋ္ဌိတာ, သလ္လေခတာ, ပဝိဝေကတာ, ဣဒမတ္ထိတာ[၁] ဟူသော ပရိဝါရကတရား[၂] ငါးပါးသည် 'ဓုတဓမ္မ' မည်၏။

**ဓုတဓမ္မတရားကိုယ်။** ။ထိုတွင် ရှေးနှစ်ပါးသည် အလောဘ, နောက်ဆုံး တပါးသည် အမောဟ, အလယ်နှစ်ပါးသည် အလောဘ, အမောဟ။ ဤသို့တရားကိုယ်အားဖြင့် နှစ်ပါးတည်း။ ထိုနှစ်ပါးတို့တွင် အလောဘ ဖြင့် ဂဟပတိစီဝရစသော ပဋိက္ခေပဝတ္ထုတို့၌ လောဘတဏှာ ကာမသုခလ္လိကာ· နုယောဂတို့ကို ခါတွက်သည်။ အမောဟဖြင့် ထိုပဋိက္ခေပဝတ္ထုတို့၌ အာရက္ခ-

---

၁။ ဣဒမတ္ထိတာ=(ဣဒံ၊ အတ္ထိ၊ တာ) ဤဓုတင်ဆောင်လျှင် အကျိုးရှိသည်ဟု သိသည်၏ အဖြစ်=ပညာ။

၂။ ပရိဝါရက=ဓုတင်၏အခြံအရံ-ဓုတင်စေတနာအား ကျေးဇူးများသောတရား ၅-ပါး။

ဒုက္ခ, ပရာဓိနဝုတ္တိ, စောရဘယ-စသော အပြစ်ဒေါသ အာဒီနဝကို ဖုံးလွှမ်းတတ်သော မောဟ အတ္တကိလမထာနုယောဂတို့ကို ခါတွက်သည်။ ယင်းနှစ်ပါးဖြင့် မဇ္ဈိမပဋိပဒ်လမ်းသို့ ဖြောင့်တန်းစွာ သွားသည်။

**ဓုတင်အဓိပ္ပါယ်။** ။သမာဒါနစေတနာ တဆယ့်သုံးပါးသည် 'ဓုတင်'မည်၏။

**ဓုတင်သပ္ပါယအဓိပ္ပါယ်။** ။ဓုတင်အကျင့်၏ ဒုက္ခပဋိပဒါဖြစ်၍ ရာဂစရိတ ပုဂ္ဂိုလ်အား လျော်ကပ်၏။ သလ္လေခဝိဟာရ ဖြစ်၍ မောဟစရိတ ပုဂ္ဂိုလ်အား လျော်ကပ်၏။ တနည်းလည်း— အရညကင်, ရုက္ခမူဓုတင် နှစ်ပါးသည် ဒေါသစရိတပုဂ္ဂိုလ်အားလည်း လျော်ကပ်သေး၏။

**သမာသ[၁] အားဖြင့်—**

သင့်လျော်မကင်း မခဲယဉ်းသော ဓုတင်တပါး, နှစ်ပါး, နှစ်ပါး။ ပေါင်း ငါးပါးတို့ကို သင်္ဂြိုဟ်နိုင်ခြင်းကြောင့် သပဒါန, ကောသနိက်, အဗ္ဘောကာသိက[၂] သုံးပါတို့သည် သီသင်္ဂ[၃]မည်၏။ 'ပံ, တိ, အာ, သာ, နိ' ဤငါးပါးတို့သည် မရောရှက်သောကြောင့် အသမ္ဘိန္နင်္ဂ[၄]မည်၏။ ဤသို့ အကျဉ်း ရှစ်ပါးတည်း။

တနည်းလည်း—'ပံ,တိ' နှစ်ပါးသည် သက်န်းနှင့်၊ 'ပိဏ်, သပ်, ဧ, ပတ်, ခ' ငါးပါးတို့သည် ဆွမ်းနှင့်၊ 'အာ, ရုက်, အဗ်, သာ, ယထာ' ငါးပါးတို့သည် ကျောင်းနှင့်၊ နိသဇ်တပါးသည် ဝီရိယနှင့် စပ်၏။ ဤသို့ ပဋိသံယုတ္တအားဖြင့် လေးပါးတည်း။

တနည်းလည်း—နိသဇ်သည် ဝီရိယနိဿိတ၊ ကြွင်း တဆယ့်နှစ်ပါးသည် ပစ္စယ နိဿိတ။ ဤသို့ မှီရာ နိဿယအားဖြင့် နှစ်ပါးတည်း။

---

၁။ သမာသ=အကျဉ်းချုပ်။ ဓုတင် ၁၃-ပါးကို အကျဉ်းချုပ်အားဖြင့် ဝေဖန်လျှင် အင်္ဂါ ၂-ပါး၊ ပဋိသံယုတ္တ ၄-ပါး၊ နိဿယ ၂-ပါး၊ သေဝိတဗ္ဗ ၂-ပါး၊ သမာဒါန စေတနာအားဖြင့် ၁-ပါးဖြစ်သည်။

၂။ သပဒါနဓုတင်၌ ပိဏ္ဍပါတ်ဓုတင်ကို ထည့်သွင်းရေတွက်သည်။ ကောသနိက် ဓုတင်၌ ပတ္တပိဏ်ဓုတင်နှင့် ခလုပစ္ဆာဘတ္တိကဓုတင်-ဤ ၂-ပါးကို ထည့်သွင်းရေတွက်သည်။ အဗ္ဘောကာသိကဓုတင်၌ ရုက္ခမူဓုတင်နှင့် ယထာသန္ထတိက ဓုတင်- ဤ၂-ပါးကို ထည့်သွင်းရေတွက်သည်။

၃။ သီသင်္ဂ= (သီသ = ဦးခေါင်း၊ အင်္ဂ = အဘို့) ခေါင်းဆောင်ဖြစ်သောအင်္ဂါ (သပဒါန ဓုတင်ဆောင် ပုဂ္ဂိုလ်သည် ပိဏ္ဍပါတ်ဓုတင်ဆောင်ရန် မခဲယဉ်းတော့ချေ။ ဤ ၂-ပါးတွင် သပဒါန ဓုတင်သည် ခေါင်းဆောင်ဖြစ်၍ 'သီသင်္ဂ' ဖြစ်သည်။)

၄။ အသမ္ဘိန္နင်္ဂ=အခြားတပါးနှင့် မရောသော သီးခြားအင်္ဂါ။

ကမ္မဋ္ဌာန်းတိုးပွါးလျှင်မှိဝဲအပ်၏၊ ဆုတ်ယုတ်လျှင် မမှိဝဲအပ်။ ဤသို့ သေဝိတဗ္ဗာ' သေဝိတဗ္ဗအားဖြင့်လည်း နှစ်ပါးတည်း။

သမာဒါနစေတနာအားဖြင့်ကား တပါးသာတည်း။

ဗျာသအားဖြင့်—

ရဟန်းတို့အား—ပံ့,တိ,ပိဏ္ဍ,သပ်၊ ၆,ပတ်,ခ,အာ၊
ရုက်,အဗ်,သာ၊ ယထာ, နိ ဟု၊ ဆယ့်သုံးခု။

ဘိက္ခုနီမှာ—ရုက်,အဗ်,သာ,ခ၊ အာ-ပယ်ချ၊ ၀ုတ ရှစ်ပါးရ။

အာရညိကင်္ဂံ ဂဏမှာ ဩဟီယနသိက္ခာပဒေန ပဋိက္ခိတ္တံ။ ခလုပစ္ဆာဘတ္တိကင်္ဂံ အနတိရိတ္တဘောဇနသိက္ခာပဒေန။ ပဝါရိတာယ ဟိ ဘိက္ခုနိယာ အတိရိတ္တံ ကတွာ ဘုဉ္ဇိတုံ န လဗ္ဘတိ[၁]။

အဋ္ဌေဝ ဟောန္တိ ဘိက္ခုနိယာ သံကစ္စိကစိဝရာဒိဟိ သဒ္ဓိံ ပဉ္စပိ တိစီဝရသခ်မေဝ ဂစ္ဆန္တီတိ ကတွာ[၂]။ (မဟာဋီကာ၊ပ၊ နှာ-၁၀၆) အနက်ထင်ပြီ။

ဤင်းနှစ်ရပ်၌ တိစီဝရိက်ကို ပယ်၍ သာမဏေမှာ တဆယ့်နှစ်ပါး၊ သိက္ခမာန်, သာမဏေရီတို့မှာ ခုနစ်ပါး ရ၏။ လူတို့မှာ ဧကာသနိက်, ပတ္တပိဏ္ဍ နှစ်ပါး ရ၏၊ ဤသို့ ငါးရပ်ပေါင်း၍ အကျယ်အားဖြင့် လေးဆယ့်နှစ်ပါး ဖြစ်၏။

ဇာတ် အဋ္ဌကထာ[၃]၌ကား— ဘုရားလောင်း ကဿပဘုရှင်ရသေ့ ဓုတင်တေရသ ဆောင်သည်ဟု လာ၏။ ဣသိပဗ္ဗဇ္ဇာဖြစ်၍ သာမဏေနှင့်အတူသာ ရသင့်လျက်

---

၁။ အာရညိကင်္ဂံ၊ အာရညိကင် ဓုတင်ကို။ ဂဏမှာ ဩဟီယနသိက္ခာပဒေန၊ (ပါစိတ်ပါဠိတော်၊ နှာ-၂၉၆ လာ)ဂဏမှာ ဩဟီယနသိက္ခာပုဒ်ဖြင့်။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ ခလုပစ္ဆာဘတ္တိကင်္ဂံ၊ ခလုပစ္ဆာ ဘတ္တိကဓုတင်ကို။ အနတိရိတ္တဘောဇန သိက္ခာပဒေန၊ (ပါစိတ်ပါဠိတော်၊ နှာ-၁၁၁ လာ) အနတိရိတ္တ ဘောဇန သိက္ခာပုဒ်ဖြင့်။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ (မဟာဋီကာ၊ ပ၊ နှာ-၁၀၆)

ဟိ၊ မှန်၏။ ပဝါရိတာယ၊ တန်ပြီဟုတားမြစ်ပြီးသော။ ဘိက္ခုနိယာ၊ ဘိက္ခုနီမသည်။ အတိရိတ္တံ၊ အတိရိတ်ဝိနည်းကံကို။ ကတွာ၊ ပြု၍။ ဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ န လဗ္ဘတိ၊ မရအပ်။

၂။ ဘိက္ခုနိယာ၊ ဘိက္ခုနီမအား။ သံကစ္စိက စီဝရာဒိဟိ၊ ရင်လွှမ်းသင်္ကန်းစသည်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စပိ၊ ငါးထည်တို့သည်လည်း၊ တိစီဝရသခ်မေဝ၊ တိစီဝရိက်ဟူသော ရေတွက်ခြင်းသို့သာလျှင်။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ ဣတိကတွာ၊ ဤသို့ ပြု၍။အဋ္ဌေဝ၊ ရှစ်ပါးတို့သာ။ ဟောန္တိ၊ ဖြစ်ကုန်၏။

၃။ ဇာ၊ ဋ္ဌ၊ ၄၊ နှာ-၈။

တိစီဝရိက်ကို ထည့်၍ တေရသဟု ဆိုခြင်းသည် သုတ္တန်နည်းဖြစ်၍ စွမ်းနိုင်တိုင်း ဆောင်ကောင်းသည် သာဟု ပြရိပ်ရှိ၏။ ဝိသုဒ္ဓိမဂ်၌ ပုဂ္ဂိုလ် ငါးယောက် [1] ဝေဖန်၍ ပြခြင်းသည် စွမ်းနိုင်လောက်ရာ သာရုပ္ပကိုသာ ပြသည်ဟု ယူရန်ရှိ၏။ သို့မှ အဋ္ဌကထာ နှစ်ရပ် စပ်ဟပ် နီးနှောမည်။

ဤ၌ တေရသော လှင်တီးခေါင် သင်းချိုင်းဖြစ်လျှင် ဓုတင်တဆယ့်သုံးပါး လုံးကိုပင် ရဟန်းယောကျ်ားတို့ တပြိုင်နက် သုံးဆောင်နိုင်ကောင်း၏။ အမိုးသို့ ဝင်မှ ရုက္ခမူပျက်သည် မှတ်ရမည်။

ဓုတင်အခန်း နိဋ္ဌိတံ။

---

၁။ ပုဂ္ဂိုလ် ၅-ယောက်မှာ—(၁) ဘိက္ခု=ရဟန်းယောကျ်ား။ (၂) ဘိက္ခုနီ=ရဟန်းမိန်းမ။ (၃) သာမဏေရ=သာမဏေယောကျ်ား။ (၄) သိက္ခမာန သာမဏေရီ= သိက္ခမာန်နှင့် သာမဏေမိန်းမ။ (၅) ဂဟဋ္ဌ=ဥပါသကာ, ဥပါသိကာ ဖြစ်သော လူပုဂ္ဂိုလ် (သိက္ခမာန်နှင့် သာမဏေမိန်းမ တို့ကို ဓုတင် ၇-ပါးစီ ရချင်းတူသော ကြောင့် ပုဂ္ဂိုလ်တယောက်တည်းအဖြစ် ယူထားသည်)။

[**သိက္ခမာန်**။ ။ကျင့်နေဆဲဖြစ်သော ကျင့်၍မပြီးသေးသော ရဟန်းလောင်းဖြစ်သူ။] မိန်းမတို့သည်၊ ၁-ပထမ သာမဏေရီ ပြုလုပ်ရ၏။ ၂-ထို့နောက် အသက်ပြည့်သော်လည်း ရဟန်းမပြုရသေးပဲ သိက္ခမာန် ဘဝ၌ ၂-နှစ်လုံးလုံး သိက္ခာပုဒ် ၆-ပါးကို ထိန်းသိမ်းနေရ၏။ သိက္ခာပုဒ် ၆-ပါးကား—ပါဏာတိပါတ, အဒိန္နာဒါန, အဗြဟ္မစရိယ, မုသာဝါဒ, သုရာမေရယ, ဝိကာလဘောဇနတို့မှ ရှောင်ကြဉ်ရမှုများတည်း။

ထိုသို့ သိက္ခမာန်ဖြစ်ဘို့ရန်လည်း (ရဟန်းခံသလို) ဘိက္ခုနီ သံဃာက ဉတ်ကမ္မဝါစာဖြင့် သိက္ခာသမ္မုတိ ပေးရလေသည်၊ ရိုးရိုးသာမဏေရီများလည်း ထို ၆-ပါးမက ၁၀-ပါးလုံးပင် ထိန်းရပါ၏၊ သို့သော် ရိုးရိုးထိန်းမှုကား သိက္ခာပုဒ်ပျက်လျှင် ဆိုင်ရာဒဏ်ကို ထမ်းရုံ,လူဝတ်လဲ၍ သိက္ခာပုဒ်များကို နောက်ထပ် ဆောက်တည်ရုံမျှဖြင့် ပြီးနိုင်၏၊ သိက္ခမာန် အဖြစ်ဖြင့် ကျင့်နေသူအား သိက္ခာပုဒ် ၆-ပါးတွင် တပါးပါးပျက်လျှင် အစမှစ၍ ပြန်ပြီး ဆောက်တည်ရ၏၊ ဥပမာ ၂-နှစ်ပြည့်ခါနီးမှ သိက္ခာပုဒ် တပါးပျက်သွားလျှင် ပထမ ရက်က ပြန်၍ ထိန်းရ၏၊ "၂-နှစ်နီးပါး ထိန်းပြီးသားရက်တွေ အလကားဖြစ်သွားကြလေသည်"ဟူလို၊ ဤသို့ ၂-နှစ်တိတိ သိက္ခာပုဒ် ၆-ပါးကို မပျက်စီးအောင် ထိန်းပြီးသူ ဖြစ်မှသာ တဆင့်တက်၍ ရဟန်းပြုပေးရလေသည်။ ဤသို့ သိက္ခာ ၆-ပါးကို မကျိုးပေါက်ရအောင် ကျင့်နေသည့် သာမဏေမိန်းမကို သိက္ခမာန်ဟု ခေါ်သည်။

# သမာဓိ နိဒ္ဒေသ

## သမာဓိအမျိုးမျိုးကိုဝေဖန်၍ပြခြင်း

ဤသို့ ဓုတင်ဆောင်ကာ အပ္ပိစ္ဆတာ စသော ဂုဏ်တို့ဖြင့် ထုံမွမ်းခြယ်ဆင်အပ်သည်ဖြစ်၍ အလွန်စင်ကြယ်သော စတုပါရိသုဒ္ဓိသီလ၌ တည်ပြီးသော ယောဂီ အာစာရကုလပုတ္တ အမျိုးကောင်းသားသည် 'စိတ္တံ ပညဉ္စ ဘာဝယံ'၌ 'စိတ္တံ' ၏အရ အရင်းစက ဝစနတ္ထ, လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် ဝေဖန်၍ ပြခဲ့သော ကုသလစိတ္တေကဂ္ဂတာ လောကီဘာဝနာသမာဓိ[1] ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများရာသည်။

**သမာဓိ ၁ ပါး။** ။ထို သမာဓိသည် အဝိက္ခေပလက္ခဏာ[2] သာမညအားဖြင့် တပါးသာတည်း။

**သမာဓိ ၂-ပါး ၄-လီပြားပုံ။** ။ဝိသေသ လက္ခဏာကိုစွဲ၍ ခွဲသည်ရှိသော်ကား ဥပစာ[3], အပ္ပနာ[4] အားဖြင့်ရင်း၊ လောကီ, လောကုတ္တရာ၊ သပ္ပီတိက, နိပ္ပီတိက၊ သုခသဟဂုတ်, ဥပေက္ခာသဟဂုတ်အားဖြင့်ရင်း နှစ်ပါး ပြား၏။

**၃-ပါး ၄-လီ ပြားပုံ။** ။ပရိတ္တဟိနမဇ္ဈိမပဏီတ[5], နာတိသုဘာဝိတ[6], သုဘာဝိတ ဝသိပ္ပတ္တ[7] ဖြစ်၍၊ ဝါ·ဥဠာရပုညဖလ[8], လောကိယာဘိညာသမ္ပဒါ[9],

---

၁။ ဘေဒနီ ဒု-တွဲ၊ နှာ-၂၊ သမာဓိအဖွင့် ကြည့်ပါ။

၂။ အဝိက္ခေပ လက္ခဏာ = မပြန့်လွင့်ခြင်း၊ သမ္ပယုတ်တရားတို့ကို မပြန့်လွင့်စေခြင်း သဘော။

၃။ ဥပစာ=ဥပစာရသမာဓိ=အပ္ပနာဈာန်၏အနီး၌ဖြစ်သော သမာဓိ။

၄။ အပ္ပနာ=အပ္ပနာသမာဓိ=ခိုင်မြဲသော သမာဓိ၊ ဂေါတြဘူ၏ အခြားမဲ့၌ ဖြစ်သော ဧကဂ္ဂတာသည် အပ္ပနာ သမာဓိမည်၏၊ မဟဂ္ဂုတ်စိတ်, လောကုတ္တရာစိတ်၌ ရှိသော သမာဓိ။

၅။ ပရိတ္တဟိနမဇ္ဈိမပဏီတ=ရကာမျှ ရကာစဖြစ်သော သမာဓိ၊ (အညံ့စားသမာဓိ)။

၆။ နာတိသုဘာဝိတ=လွန်စွာ မပွါးရသေးသော အလယ်အလတ်ဖြစ်သော သမာဓိ။

၇။ သုဘာဝိတ ဝသိပ္ပတ္တ=လွန်စွာပွါးအပ်ပြီး၍ ဝသီဘော်သို့ ရောက်သော သမာဓိ။

၈။ ဥဠာရ ပုညဖလ=ကြီးကျယ်များပြားပြန့်ပြောသောကောင်းမှု၏အကျိုး(ကို အလိုရှိသည်၏ အစွမ်းဖြင့် ဖြစ်စေအပ်သော သမာဓိ ဟု ဆိုလိုသည်)။

၉။ လောကိယာ ဘိညာ သမ္ပဒါ=လောကီအဘိညာဉ်တို့ကို ပြည့်စုံစေခြင်း၄ါ (ဖြစ်စေအပ်သော သမာဓိ)။

ဝိဝေက[၁]တို့ကို အလိုရှိ၍ ဖြစ်စေအပ်ရကား။ ဝါ-ဘဝသမ္ပတ္တိ[၂], အလောဘဇ္ဈာသယ[၃], ပရဟိတ[၄] အလို့ငှါ ဖြစ်စေအပ်သောကြောင့်။ ဝါ-ဝဋ္ဋဇ္ဈာသယ[၅], ဝိဝေကဇ္ဈာသယ[၆], ဝိဝဋ္ဋဇ္ဈာသယ[၇]ဖြင့် ဖြစ်စေအပ်ရကား အစဉ်အတိုင်း ဟီန, မဇ္ဈိမ, ပဏီတအားဖြင့်ရင်း၊ သဝိတက္ကသဝိစာရ, အဝိတက္ကဝိစာရမတ္တ, အဝိတက္ကအဝိစာရအားဖြင့်ရင်း၊ ပီတိ, သုခ, ဥပေက္ခာသဟဂုတ်အားဖြင့်ရင်း၊ ပရိတ္တ,မဟဂ္ဂတ,အပ္ပမာဏ[၈] အားဖြင့်ရင်း သုံးပါးပြား၏။

**ပဋိပဒါနှင့် အဘိညာ။** ။ပထဝီ, ပထဝီစသည်ဖြင့် စီးဖြန်းအားထုတ်သည်မှ စ၍ နီဝရဏ,ဝိတက်, ဝိစာရစသော ပစ္စနီကတရား[၉]၌ တပ်ခြင်း 'နိကန္တိ'[၁၀] ငြိမ်းသည်တိုင်အောင်သော သမာဓိဘာဝနာသည် 'ပဋိပဒါ'[၁၁] မည်၏။ ထို နိကန္တိ ငြိမ်းသည်မှ စ၍ အပ္ပနာတိုင်အောင်သော ပညာသည် 'အဘိညာ' မည်၏။

'ယာဝ အပ္ပနာ'တိ ဣမိနာ ပုဗ္ဗာဘာဂပညာယ ဧဝ အဘိညာဘာဝေါ ဝုတ္တော ဝိယ ဒိဿတီတိ ဝဒန္တိ။ အပ္ပနာပညာပိ ပန အဘိညာဝ။ ယဒဂ္ဂေန

၁။ ဝိဝေက=ကိလေသာမှ ကင်းဆိတ်ခြင်း(ကို အလိုရှိသည့်အဖြစ်ဖြင့် ဖြစ်စေအပ်သော သမာဓိ)။

၂။ ဘဝသမ္ပတ္တိ=လူဘဝ,နတ်ဘဝ စသော သုဂတိဘဝနှင့် ပြည့်စုံခြင်း အကျိုးငှါ ဖြစ်စေအပ်သော သမာဓိ။

၃။ အလောဘဇ္ဈာသယ=လောဘကင်းသော အလိုဖြင့် ဖြစ်စေအပ်သော သမာဓိ။

၄။ ပရဟိတ=သူတပါး၏ အကျိုးငှါ ဖြစ်စေအပ်သော သမာဓိ။

၅။ ဝဋ္ဋဇ္ဈာသယ=ဝဋ်ချမ်းသာကို လိုလားသဖြင့် ဖြစ်စေအပ်သော သမာဓိ။

၆။ ဝိဝေက ဇ္ဈာသယ=ကိလေသာ ကင်းဆိတ်လိုသဖြင့် ဖြစ်စေအပ်သော သမာဓိ။

၇။ ဝိဝဋ္ဋဇ္ဈာသယ=ဝဋ်ကင်းရာကို အလိုရှိသဖြင့် ဖြစ်စေအပ်သော သမာဓိ။

(ဤတွင် ပဋိလဒ္ဓမတ္တ, ဥဋ္ဌာရပုညဖလ, ဘဝသမ္ပတ္တိ, ဝဋ္ဋဇ္ဈာသယတို့သည် ဟီန။ နာတိသုဘာဝိတ, လောကိယာဘိညာသမ္ပဒါ, အလောဘဇ္ဈာသယ, ဝိဝေကဇ္ဈာသယတို့သည် မဇ္ဈိမ။ သုဘာဝိတ ဝသိပ္ပတ္တ, ဝိဝေက, ပရဟိတ, ဝိဝဋ္ဋဇ္ဈာသယတို့သည် ပဏီတ ဖြစ်ကုန်၏။)

၈။ ပရိတ္တ=အားနည်းသော။ ကာမာဝစရတရားကို ပရိတ္တဟု ခေါ်သည်၊ ကာမာဝစရစိတ်၌ ယှဉ်သော သမာဓိကို ပရိတ္တသမာဓိဟု ခေါ်သည်။
မဟဂ္ဂတ သမာဓိ=ရူပဈာန်စိတ်, အရူပဈာန်စိတ်တို့၌ ယှဉ်သော သမာဓိ။
အပ္ပမာဏ သမာဓိ=လောကုတ္တရာစိတ်၌ယှဉ်သော သမာဓိ။

၉။ ပစ္စနီကတရား=ဆန့်ကျင်ဘက်တရား။

၁၀။ နိကန္တိ=နှစ်သက်ကပ်ငြိမှု။

၁၁။ ပဋိပဒါ=အကျင့် (ဈာန်သို့ ရောက်ကြောင်းအကျင့်။)
(အပ္ပနာ, အဘိညာတို့၏ အဓိပ္ပါယ်ကို နောက်၌အကျယ်ပြလတံ့။)

ဟိ ပုဗ္ဗဘာဂပညာယ ဒန္ဓသိဃတာ၊ တဒဂ္ဂေန အပ္ပနာ ပညာယပိတိ။ ဝိသုဒ္ဓိမဂ်ဋီကာ၊ (ပ၊ နှာ-၁၁၁-၁၁၂) အနက် ထင်ရှားပြီ။

**ဒုက္ခပဋိပဒါဖြစ်ကြောင်း ဖြ-ပါး။** ။ထိုပဋိပဒါသည် အသပ္ပါယ ခုနစ်ပါး[၂]ကို မှီဝဲခြင်း, ပလိဗောဓဆယ်ပါး[၃]ကို မဖြတ်ခြင်း, ရာဂစရိုက်ထူပြောခြင်း, ရှေးဘဝက သမထ၌ မလေ့မလာဘူးခြင်း, ကာမစ္ဆန္ဒ စသော ကိလေသာအားကြီးခြင်း, သဒ္ဓါစသော ဣန္ဒြေနုနယ် ပျော့ညံ့ခြင်းတို့ ကြောင့် ဒုက္ခပဋိပဒါ ဖြစ်တတ်သည်။

**သုခပဋိပဒါဖြစ်ကြောင်း ဖြ-ပါး။** ။ထိုမှ ပြန်သောအားဖြင့် သုခပဋိပဒါ ဖြစ်တတ်သည်။

**ဒန္ဓာဘိညာဖြစ်ကြောင်း ဖြ-ပါး။** ။ထို့အတူ အဘိညာသည်လည်း အသပ္ပါယ ခုနစ်ပါးကို မှီဝဲခြင်း, အပ္ပနာကောသလ္လ ဆယ်ပါး[၄]တို့ကို မပြည့်စုံစေခြင်း, မောဟစရိုက်ထူပြောခြင်း, ရှေးဘဝအခါ ဝိပဿနာ၌ မလေ့မလာဘူးခြင်း, ကာမစ္ဆန္ဒစသော ကိလေသာ အားကြီးခြင်း, သဒ္ဓါစသော ဣန္ဒြေ ပျော့ညံ့ခြင်းတို့ကြောင့် ဒန္ဓာဘိညာ ဖြစ်တတ်သည်။

**ခိပ္ပါဘိညာဖြစ်ကြောင်း ဖြ-ပါး။** ။ထိုမှ ပြန်သောအားဖြင့် ခိပ္ပါဘိညာ ဖြစ်တတ်သည်။

**သမာဓိ ၄-ပါး ဖြ-လီပြားပုံ။** ။ထိုပဋိပဒါ[၅], အဘိညာတို့ဖြင့် ရောက်အပ်သော သမာဓိသည်—ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ[၆]၊ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ[၇]၊ သုခပဋိပဒါ ဒန္ဓာဘိညာ[၈]၊ သုခပဋိပဒါ ခိပ္ပါဘိညာ[၉] အားဖြင့် လေးပါးပြား၏။

---

၁။ မဟာဋီကာ-နိဿယ၊ ပ၊ နှာ-၂၅၆-ကြည့်။

၂။ အသပ္ပါယ ခုနစ်ပါး=မသင့်လျော် မလျောက်ပတ်သော အရာ ၇-ပါး (နောက်တွင် ပြလတ့ံ။)

၃။ ပလိဗောဓ ၁၀-ပါး=အနှောင့်အယှက် ၁၀-ပါး(ဤကျမ်း၊ နှာ-၁၅၀ ကြည့်။)

၄။ အပ္ပနာ ကောသလ္လ ဆယ်ပါး=အပ္ပနာ၌ ကျွမ်းကျင်လိမ္မာခြင်း(နောက်တွင်ပြလတ့ံ။)

၅။ ပဋိပဒါ၊ အကျင့် ၄-ပါး။

၆။ ဒုက္ခပဋိပဒါ ဒန္ဓာဘိညာ=ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ အသိနုံ့နှေးခြင်း။

၇။ ဒုက္ခပဋိပဒါ ခိပ္ပါဘိညာ=ဆင်းရဲငြိုငြင်စွာ ကျင့်ရ၍ အသိလျင်မြန်ခြင်း။

၈။ သုခပဋိပဒါ ဒန္ဓာဘိညာ=လွယ်ကူချမ်းသာစွာ ကျင့်ရ၍ အသိနုံ့နှေးခြင်း။

၉။ သုခပဋိပဒါ ခိပ္ပါဘိညာ=လွယ်ကူချမ်းသာစွာ ကျင့်ရ၍ အသိလျင်မြန်ခြင်း။ (ဒန္ဓ=နုံ့နှေး။ ခိပ္ပ=လျင်မြန်။ အဘိညာ=အထူးထိုးထွင်းသိမှု။)

**ပရိတ္တနှင့်အပ္ပမာဏ။** ။မလေ့မလာ ဝသိတာမရ အထက်စျာန်၏ အခြေပါဒ ပစ္စယ မဖြစ်သော သမာဓိသည် 'ပရိတ္တ'မည်၏၊ ဖြစ်သော သမာဓိသည် 'အပ္ပမာဏ'မည်၏၊ လက်တသစ် နှစ်သစ်မျှ မပွါးအပ်သော အာရုံဥဖြစ်သော သမာဓိသည် 'ပရိတ္တာရမ္မဏ'မည်၏။ (ကောင်္ဂုလမတ္တမ္ပိ ဟိ ဝဍ္ဎိတံ အပ္ပမာဏမေဝါတိ ဝဒန္တိ။[၁] ဋီကာ)။ ပွါးအပ်သော အာရုံဥဖြစ်သည်ကား 'အပ္ပမာဏာရမ္မဏ'မည်၏။

ထို့ကြောင့် ပရိတ္တ ပရိတ္တာရမ္မဏ၊ ပရိတ္တ အပ္ပမာဏာရမ္မဏ၊ အပ္ပမာဏ ပရိတ္တာရမ္မဏ၊ အပ္ပမာဏ အပ္ပမာဏာရမ္မဏ ဟူ၍လည်း လေးပါးပြား၏[၂]။

**အခြားနည်းတို့ဖြင့်သမာဓိစတုက္ကယူပုံများ။** ။စတုက္ကစျာန်နည်းအားဖြင့်၄င်း။

ဟာန, ဌိတိ, ဝိသေသ, နိဗ္ဗေဓဘာဂိယအားဖြင့်၄င်း[၃]။

ကာမာဝစရ, ရူပါဝစရ, အရူပါဝစရ, လောကုတ္တရအားဖြင့်၄င်း။

ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသာဓိပတိ အားဖြင့်၄င်း လေးပါး အပြားရှိ၏။

**သမာဓိ ၅-ပါး ၁-လီပြားပုံ။** ။ပဉ္စကစျာန်နည်းအားဖြင့် ငါးပါး အပြားရှိ၏။

**ပလိဗောဓ ၁၀-ပါး။** ။ဤသို့လျှင် တပါး, နှစ်ပါး, သုံးပါး, လေးပါး, ငါးပါး ပြားသော သမာဓိတို့တွင် လောကီဖြစ်သော ကုသလ စိတ္တေကဂ္ဂတာ ဘာဝနာသမာဓိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများရာသည်။ ပွါးများဟန်ကား—

---

၁။ ဟိ=မှန်ပါပေ၏၊ ကောင်္ဂုလမတ္တမ္ပိ=လက်တသစ်ခန့်မျှသော်လည်း၊ ဝဍ္ဎိတံ=ပွါးစေအပ်ပြီးသော အာရုံသည်။ အပ္ပမာဏမေဝ၊ အပ္ပမာဏ မည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ (မဟာဋီကာ၊ ပ၊ နှာ-၁၁၃)

၂။ (၁) ပရိတ္တ ပရိတ္တာရမ္မဏ = နည်းသောအာနုဘော်ရှိပြီးလျှင် မကြီးပွါးစေအပ်သော (ကျဉ်းသော)အာရုံရှိသော သမာဓိ၊ (၂) ပရိတ္တ အပ္ပမာဏာရမ္မဏ=နည်းသော အာနုဘော်ရှိပြီးလျှင် ကြီးပွါးစေအပ်သော (ကျယ်သော) အာရုံရှိသော သမာဓိ၊ (၃) အပ္ပမာဏ ပရိတ္တာရမ္မဏ=ကြီးမားသော အာနုဘော်ရှိပြီးလျှင် နည်းသော (ကျဉ်းသော) အာရုံရှိသော သမာဓိ၊ (၄) အပ္ပမာဏ အပ္ပမာဏာရမ္မဏ= ကြီးသော အာနုဘော်ရှိပြီးလျှင် ကြီးသောအာရုံရှိသော သမာဓိ။

၃။ ဟာနဘာဂိယ=ဆုတ်ယုတ်ခြင်းအဖို့ရှိသော သမာဓိ။ ဌိတိဘာဂိယ=တည်တံ့ခြင်း အဖို့ရှိသော သမာဓိ။ ဝိသေသဘာဂိယ=အထက်စျာန်ဟူသော တရားအထူး အဖို့ရှိသော သမာဓိ။ နိဗ္ဗေဓဘာဂိယ=သစ္စာလေးတန် တရားမှန်ကို ဖောက်ထွင်းသိမြင်နိုင်သည့် အဖို့ရှိသော သမာဓိ။

အာဝါသော စ ကုလံ, လာဘော၊ ဂဏော, ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ, ဉာတိ, အာဗာဓော၊ ဂန္ထော, ဣဒ္ဓိတိ တေ ဒသ[၁]။

အာဝါသော စ၊ ခန်းတိုက် ပရိဝုဏ် အလုံးစုံသော အရာမ်ငှင်း။ ကုလံ၊ အလုပ် အကျွေး အဆွေအမျိုးဟူသော အိမ်နေလူငှင်း။ လာဘော၊ ပစ္စည်းလေးရပ် လာဘ်သပ်ပကာငှင်း။ ဂဏော၊ သုတ္တန္တိက စသော အန္တေဝါသိက အပေါင်း ငှင်း။ ပဉ္စမံ၊ ငါးခုမြောက်သော။ ကမ္မဉ္စ၊ နဝကမ္မငှင်း။ အဒ္ဓါနံ၊ ခရီးသွား ခြင်းငှင်း။ ဉာတိ၊ သာသနာမျိုးဆွေ အိမ်မျိုးဆွေငှင်း။ အာဗာဓော၊ ကျင်နာ ခံခက် နှိပ်စက်သောအနာငှင်း။ ဂန္ထော၊ ဆောင်ရွက် သင်ကြားအပ်သော ကျမ်းဂန်ငှင်း။ ဣဒ္ဓိ၊ ဝိပဿနာကို နှောင့်ရှက်တတ်သော ကောက်နု သူငယ်ကဲ့သို့ ပျက်စီးလွယ်သော ပုထုဇဉ်တန်းခိုးငှင်း။ ဣတိ၊ ဤသို့။ တေ၊ ထိုပလိဗောဓတို့ သည်။ ဒသ၊ ဆယ်ပါးတို့တည်း။

**ပလိဗောဓမည်ပုံ။** ။ကမ္မဋ္ဌာနဘာဝနံ ပရိဗုန္ဓေတိ ဥပရောဓေတိ ပဝတ္တိတုံ န ဒေတီတိ ပလိဗောဓော၊ ရ-ကာရဿ လ-ကာရံ ကတွာ၊ ပရိဗန္ဓောတိ အတ္ထော[၂]။

ဤသို့ ဋီကာ(ပ၊နှာ-၁၁၆)လာသည့်အတိုင်း ကမ္မဋ္ဌာနဘာဝနာကို ကွယ်ကာ တားဆီးတတ်သော ပလိဗောဓကြီး ဆယ်ပါးတို့တွင်—

## ပလိဗောဓဖြတ်ပုံများ[၃]

(၁) **အာဝါသ ပလိဗောဓ** ကို အနုရာဓမြို့သား ထေရ်နှစ်ပါးတွင် ထူပါရုံ ကျောင်းတိုက်၌ နေရစ်သော ဂါမဝါသီမထေရ်ကဲ့သို့ ဖြတ်ရမည်။

(၂) **ကုလ ပလိဗောဓ** ကို ကောရဏ္ဍကဝိဟာရဝါသီ မထေရ်၏ တူဖြစ်သော ကောရဏ္ဍကရွာမှ ရောဟဏတိုင်းသို့ စာသင်သွားသော ပဉ္စင်းငယ်ကဲ့သို့ ဖြတ်ရ မည်။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၈၆။

၂။ ကမ္မဋ္ဌာန ဘာဝနံ၊ ကမ္မဋ္ဌာန်း ဘာဝနာကို။ ပရိဗုန္ဓေတိ၊ ထက်ဝန်းကျင် နှိပ်စက် တတ်၏။ ဝါ၊ ထက်ဝန်းကျင် နှောင်ဖွဲ့တတ်၏။ ဥပရောဓေတိ၊ ကပ်၍ နှောင့်ရှက် တတ်၏။ ပဝတ္တိတုံ၊ ဖြစ်ခြင်းငှါ။ န ဒေတိ၊ အခွင့်မပေး။ ဣတိ၊ ထို့ကြောင့်။ ရကာရဿ၊ ရ အက္ခရာ၏။ ဝါ၊ ရ အက္ခရာကို။ လ ကာရံ၊ လ အက္ခရာကို။ ကတွာ၊ ပြု၍။ ပလိဗောဓော၊ ပလိဗောဓ မည်၏။

ပရိဗန္ဓော၊ ကမ္မဋ္ဌာန်း၏ နှောင့်ယှက်ဘေးရန်တည်း။ ဣတိ၊ ဤကား။ အတ္ထော၊ ပလိဗောဓ သဒ္ဒါ၏အနက်တည်း။

၃။ ဝိသုဒ္ဓိ၊ ပ၊ နှာ ၈၇-၉၃။ ဝိသုဒ္ဓိ၊ မြန်၊ ပ၊ နှာ-၁၇၃-၁၈၆။

(၃) လာဘ ပလိဗောဓ ကို မသိမကျွမ်းရာအရပ်သို့ သွား၍ ဖြတ်ရမည်။

(၄) ဂဏ ပလိဗောဓ ကို စာပေကျမ်းဂန် အနည်းငယ်ကျန်လျှင် ဆုံးအောင် ပို့ချ၍ ဖြတ်ရမည်၊ အများကျန်ကြွင်းမူ တယူဇနာအတွင်းရှိ တပါးဂိုဏ်းဆရာထံ အပ်နှံ၍ ဖြတ်ရမည်၊ ဂိုဏ်းဆရာမရှိမူ ဂိုဏ်းကို စွန့်ပစ်ခဲ့၍ ဖြတ်ရမည်။

(၅) နဝကမ္မ ပလိဗောဓ ကိုလည်း အများကြွင်းသေးလျှင် သင့်ရာအပ်နှင်းခဲ့၍ ဖြတ်ရမည်။

(၆) အဒ္ဓါန ပလိဗောဓ ကို မသွားပဲနေ၍ သည်းခံနိုင်လျှင် မသွားမူ၍ ဖြတ်ရမည်။

(၇) ဉပဇ္ဈာယ်, သဒ္ဓိဝိဟာရိက, အမိအဘ စသော ဉာတိ ပလိဗောဓ ကို နာဖျားမကျန်းရှိခါ အနာမှထမြောက်အောင် ဝိနည်းနှင့်ညီစွာ ကုသလုပ်ကျွေး၍ ဖြတ်ရမည်။

(၈) မိမိ၏အနာဟူသော အာဗာဓ ပလိဗောဓ ကို နှစ်ရက်,သုံးရက် ကုသ၍ မထမမြောက် မပျောက်ခဲ့လျှင်—

နာဟံ ဒါသော ဘဋော တုယှံ၊ နာဟံ ပေါသေမိ ဒါနိ တံ။
တွမေဝ ပေါသေန္တော ဒုက္ခံ၊ ပတ္တော ဝဋ္ဋေ အနပ္ပကံ [၁]။

အဟံ၊ ငါသည်။ တုယှံ၊ သင်၏။ န ဒါသော၊ ကျေးကျွန်လည်း မဟုတ်။ န ဘဋော၊ သူခစား စာရင်းငှါးလည်း မဟုတ်။ ဒါနိ၊ ယထာဘူတ သင်၏ သဘာဝကို ဟုတ်မှန်တိုင်းသိရသော ယခုအခါ၌။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ န ပေါသေမိ၊ မလုပ်ကျွေး မမွေးမြူတော့အံ့။ တွံဧဝ၊ သင်ခန္ဓာနုပ် သူကောင်ပုပ်ကိုသာလျှင်။ ပေါသေန္တော၊ လုပ်ကျွေးမွေးမြူရသည်ဖြစ်၍။ ဝဋ္ဋေ၊ သံသရာဝဋ်ဆင်းရဲ၌။ အနပ္ပကံ၊ မနည်းသော။ ဝါ၊ ဤမျှ ဤမျှ ဂဏန်းချ၍ မရခြားပိုင်း အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲခြင်းသို့။ ပတ္တော၊ ရောက်ရဘူးလေပြီ။

ဤသို့ အတ္တဘောကို ကဲ့ရဲ့ မငဲ့မကွက်မူ၍ ဖြတ်ရမည်။

(၉) ဂန္ထ ပလိဗောဓ ကို မလယဝါသီ ရေဝတမထေရ်ထံ သွား၍ ကမ္မဋ္ဌာန်းတောင်းယူစီးဖြန်း အနှစ် နှစ်ဆယ်ရှိမှ ရဟန္တာဖြစ်သော မဇ္ဈိမဘာဏက ရေဝတမထေရ်၊ တဆဲ့ရှစ်နှစ်ကြာအောင် လွှတ်ထားပြီးမှ တပည့်ရဟန်းတို့အား ပဥ္စာတခုမျှ မတိမ်းပါးစေရ ဓာတုကထာကို ပို့ချသော ကုရုဋ္ဌိယ ဂိရိဝါသီ

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၉၁·၉၂။

နာဂမထေရ်၊ မဟာဝိဟာရ၌ အဋ္ဌကထာကို မနာမယူပဲ ပိဋကတ်သုံးပုံကို ဖွင့်မည်ဟု ရွေစည်ကို တီးသော တိပိဋကစူဠာဘယမထေရ်၏ ဓမ္မာစရိယ ဂင်္ဂါတဘက် ရောဟဏတိုင်း တုလာဓာရ တောင်ကျောင်း၌ နေသော ဒီဃ, မဇ္ဈိမမှ ကြွင်းသော နိကာယ်သုံးကျမ်းကို အနှစ်သုံးဆယ်တိုင်တိုင် လွှတ်ထားပြီးမှ ယင်း တိပိဋကစူဠာဘယမထေရ်အား ပြောဟောပြီး၍ ယင်း သောတာပန် အဘယ မထေရ်ထံ ကမ္မဋ္ဌာန်းတောင်းယူ စီးဖြန်း ရဟန္တာစင် နိဗ္ဗာန်ဝင်သော အရှင်မဟာ ဓမ္မရက္ခိတ မထေရ်တို့ကဲ့သို့ လက်လွှတ်စွန့်ထား၍ ဖြတ်ရမည်။

(၁၀) ကောက်နှံ့ သူငယ်ကဲ့သို့ ဆောင်ခက် ပျက်လွယ်သော ပုထုဇ္ဇနဣဒ္ဓိ သည်သာ သမထယာနိက ဝိပဿနာကိုသာ နှောင့်ရှက်တတ်ရကား ဤ သမထ အရာ၌ ဣဒ္ဓိ ပလိဗောဓ ကို ဖြတ်ဖွယ် မရှိသေးပြီ။

**ကမ္မဋ္ဌာန်းပေးမည့် ကမ္မဋ္ဌာနာစရိယ ရွေးချယ်ပုံ။** ။ဤသို့ ကိုးပါးသော ပလိဗောဓကြီးကို ဖြတ်တောက်ပြီးခါ ကမ္မဋ္ဌာန ဒါယက ဘုရားဟူသော ကလျာဏမိတ္တအထံ၌....၊ ဘုရားမရှိလျှင် အသီတိ မဟာသာဝကတို့တွင် တပါးပါးအထံ၌....၊ ယင်း မဟာသာဝက မရှိလျှင်—

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နော စာဋ္ဌာနေ နိယောဇယေ။

**ဆည်းကပ်အပ်သော ကမ္မဋ္ဌာန်းဆရာ၏ အင်္ဂါ ၇-ပါး**

ပိယော၊ သီလရှိသည်ဖြစ်၍ ချစ်အပ်သည်ရင်း။ ဂရု၊ ကျောက်ထီးအတူ အလေးမူ အပ် သည် ရင်း။ ဘာဝနီယော၊ ချီးမွမ်းထိုက်သည်ရင်း။ ဝတ္တာ စ၊ ကဲ့ရဲ့ပြစ်တင် ဆိုဆုံးမချင်တတ်သည်ရင်း။ ဝစနက္ခမော၊ ပြစ်တင်ကဲ့ရဲ့ သူဆုံးမခဲ့သော်လည်း မရွံ့မစောင်း ကောင်းကောင်း သည်းခံနိုင်သည်ရင်း။ ဂမ္ဘီရဉ္စ ကထံ၊ သုတပြည့်စုံသဖြင့် သစ္စာ,ပဋိစ္စ သမုပ္ပါဒ် စသည်နှင့်စပ်သော နက်နဲသော တရားစကားကို။ ကတ္တာ၊ ပြောဟော တတ်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ အဋ္ဌာနေ၊ စီးပွါးမရှိသည်၌။ နော စ နိယောဇယေ၊ သဒ္ဓါ,စာဂ,ဝီရိယ,မိတ္တိ,သတိ,ပညာတို့နှင့် ပြည့်စုံသည်ဖြစ်၍ မယှဉ် စေတတ်။ ဤဝိသုဒ္ဓိအဋ္ဌကထာ (ပ၊ နှာ-၉၄) လာ အင်္ဂါခုနစ်ပါးနှင့်ရင်း—

သဒ္ဓါ,သီလံ,သုတံ,စာဂေါ၊ သတိ,ပညာ,သမာဓိ စ။
ဝီရိယန္တိ အဋ္ဌဓမ္မာ၊ ပိယဘာဝါဒိကာရကာ[၁]။

၁။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ပ၊နှာ-၁၁၉-၌ လာသော စုဏ္ဏိယကို ဂါထာစီထားခြင်း ဖြစ်သည်။

တနည်း အင်္ဂါ ၈ ပါး။ ။သဒ္ဓါ၊ တထာဂတဗောဓိ ကမ္မဖလတို့ကို ယုံကြည်ခြင်း သဒ္ဓါတရားရင်း။ သီလံ၊ ပိယော, ဂရု, ဘာဝနီယော, ဝတ္တာ, ဝစနက္ခမော ငါးပါးသော ဂုဏ်တို့၏အကြောင်း စတုပါရိသုဒ္ဓိသီလရင်း။ သုတံ၊ များသောအကြားအမြင်ရင်း။ စာဂေါ၊ ဝေငှပေးကမ်း လှူဒါန်းရက်ခြား ကိုယ်အသက်ကို စွန့်စားခြင်းရင်း။ သတိ၊ ကုသိုလ်, အကုသိုလ်တရားတို့၏ အလားအနေကို ရှာဖွေအောက်မေ့ခြင်း သတိရင်း။ ပညာ၊ မဖောက်မပြန် အမှန်ကိုသိသော ပညာရင်း။ သမာဓိ စ၊ တည်ကြည်ခြင်းရင်း။ ဝီရိယံ၊ မိမိ သူတပါး နှစ်ဦးသားတို့၏ စီးပွါးကြောင်း၌ အားထုတ်ခြင်းလုံ့လရင်း။ ဣတိ ဣမေ အဋ္ဌ ဓမ္မာ၊ ဤရှစ်ပါးကုန်သော တရားတို့သည်။ ပိယဘာဝါဒိကာရကာ၊ ပိယဘော ဂုဏ်စသော ကလျာဏမိတ္တအင်္ဂါကို ပြုတတ်ကုန်၏။

ဤ ဋီကာ (ပ၊နှာ-၁၁၉) ဖော်ကြား တရား ရှစ်ပါးနှင့်ရင်း ပြည့်စုံသော မိမိ သင်လိုသော ကမ္မဋ္ဌာန်းဖြင့် ရဟန္တာဖြစ်သော ဆရာအထံ၌၊ ယင်းဆရာမရှိလျှင် အနာဂါမ်၊ သကဒါဂါမ်၊ သောတာပန်၊ ဈာန်ရပုထုဇ္ဇဉ်၊ တိပိဋကရေ၊ ဒွိပိဋကဓရ၊ ဧက ပိဋကဓရ၊ အဋ္ဌကထာနှင့်တကွ ဧကသင်္ဂီတိဓရ[၁] ဗဟုဿုတ, လဇ္ဇီ, ကုက္ကုစ္စက, သိက္ခာကာမ, ကလျာဏမိတ္တ အထံ၌ ဝတ်ကြီးဝတ်ငယ်ပြု၍ ကမ္မဋ္ဌာန်း ကို သင်ယူအပ်၏။

ဆရာ၌ပြုရမည့်ဝတ်။ ။တကျောင်းတည်း၌ ယင်းသို့သော ဆရာကို မရလျှင် ရရာအရပ်သို့ သလ္လဟုကပရိက္ခာရ[၂] ပရမသလ္လေခ ဝုတ္တိ[၃] ရှိသည်ဖြစ်၍ တယောက်ထီးချည်း သပိတ်သင်္ကန်းကို ထမ်းယူ လမ်းကပင် ဒန်ပူ ပြုလျက် တပါးပရိဝုဏ်သို့ မဝင်မကပ် ဆရာနေရာအရပ်သို့ ဖြောင့်တန်းစွာ ချဉ်းကပ်သွားလေ၍ ခြေဆေးခြင်း, နယ်ဆီလိမ်းကျံခြင်း စသည်တို့၌ ရှိသေ လျောက်ပတ် သင့်မြတ်အောင်ပြုကျင့်၊ အခွင့်ရလျှင် ပါး, လတ်, အထူ ဒန်ပူ သုံးချောင်းကပ်ခြင်း ရေပူ, ရေချမ်း ကမ်းလှမ်းခြင်း စသော ခန္ဓကဥ်လာသော သမ္မာဝတ်တို့ကို မချွတ်အောင် ပြုကျင့်လျက်—

ကိုယ်ကိုစွန့်လှူအပ်နှင်းခြင်း။ ။"အရှင်ဘုရားအား စီးပွါးရှိလိမ့်မည်ဆိုမူ အသူ တရာနက်သော ချောက်တွင်းသို့ ခုန်ဆင်းဝံ့ပါ၏။ ခြေဖနှောင့်မှစ၍ တကိုယ်လုံးကုန်အောင် ကျောက်ဖျာ၌ အပွတ်အသွေး ခံဝံ့ပါ၏။ ထွက်သက် ဝင်သက်ကို ပိတ်ချုပ်၍ သေဝံ့ပါ၏"ဟု လျှောက်ကြသော

---

၁။ ဧကသင်္ဂီတိဓရ=တခုသောနိကာယ်ကို ဆောင်သူ။

၂။ သလ္လဟုက ပရိက္ခာရ=ပေါ့ပါးသော ပရိက္ခရာ ရှိခြင်း။

၃။ ပရမ သလ္လေခ ဝုတ္တိ=အလွန်ခေါင်းပါးသော အသက်မွေးမှု ရှိခြင်း။

ရှုဋ္ဌပိဏ္ဍပါတိကတိဿမထေရ်၏ တပည့်သုံးယောက်ိတို့ကဲ့သို့ မြတ်စွာဘုရားအား သော်၎င်း, ဆရာအားသော်၎င်း—

ဣမာဟံ ဘဂဝါ။ ဣမာဟံ ဘန္တေ အတ္တဘာဝံ တုမှာကံ ပရိစ္စဇာမိ[၂]။ ဟု-မိမိကိုယ်ကို အပ်နှင်းစွန့်လှူအပ်၏။

အပ်နှင်းစွန့်လှူကျိုးကား—

> ယထာပိ ကာသိကံ ဝတ္ထံ၊ သစေ ဒဒေယျ ဘိက္ခုနော။
> သောမနဿံ ဇာယေယျ၊ ဒိသွာပိ ခဏ္ဍာခဏ္ဍိကံ။
>
> ဧဝံ နိယျာတိတတ္တဿ၊ အာပါတေ ဘယဘေရဝေ။
> ဘယံ တဿ နုပ္ပဇ္ဇတိ၊ နနု နိယျာတိတော ဣတိ[၃]။

**အဋ္ဌကထာ သင်္ဂဟ**

ယထာပိ၊ ဥပမာကား။ ကာသိကံ ဝတ္ထံ၊ အမြတ်အထွဋ် ကာသိတိုင်းဖြစ် အဝတ်ကို။ ဘိက္ခုနော၊ သက်န်းမရှိသော ရဟန်းအား။ သစေ ဒဒေယျ၊ အာသာမတွယ် အကယ်ပေးလှူငြားအံ့။ ခဏ္ဍာခဏ္ဍိကံ၊ သက်န်းစပ်အတိုင်း အပိုင်းပိုင်းအပြတ်ပြတ် ပြုသည်ကို။ ဒိသွာပိ၊ မြင်သော်လည်း။ သောမနဿံ ဝေ၊ နှမြောမှုကင်း ဝမ်းမြောက်ခြင်းသည်သာလျှင်။ ဇာယေယျ၊ ဖြစ်ရာ၏။

ဧဝံ၊ ဤနည်းအတူ။ နိယျာတိတတ္တဿ၊ ဆရာသမား မြတ်ဘုရားအား စွန့်ထားအပ်နှင်းပြီးသော ကိုယ်ရှိသော။ တဿ၊ ထိုယောဂီ ပုဂ္ဂိုလ်အား။ ဘယဘေရဝေ၊ ကြောက်မက်စဖွယ် ဘေးယော်, ဘေးကြီးသည်။ အာပါတေ၊ ထင်ရောက်လာလတ်သော်။ နိယျာတိတော နနု၊ ဆရာသမား မြတ်ဘုရား၌ စွန့်ထားအပ်နှင်းပြီး မဟုတ်လော။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ဘယံ၊ ကြောက်လန့်ခြင်းသည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။

ဤသို့ မိမိကိုယ်ကို အပ်နှင်းပြီး၍—

ဆ အဇ္ဈာသယာ ဗောဓိသတ္တာနံ ဗောဓိပရိပါကာယ သံဝတ္တန္တိ။ အလောဘဇ္ဈာသယာ စ ဗောဓိသတ္တာ လောဘေ ဒေါသဒဿာဝိနော။ အဒေါ-

---

၁-၂။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင်-ရှင်ပင်မြတ်စွာဘုရား။ အဟံ၊ တပည့်တော်သည်။ ဣမံ-အတ္တဘာဝံ၊ ဤအတ္တဘောကို။ တုမှာကံ၊ ရှင်ပင်ဘုရားတို့အား။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ဤကား-ဘုရားရှင်ထံ စွန့်လှူပုံ။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ ပ။ ပရိစ္စဇာမိ၊ စွန့်လှူပါ၏။ ဤကား ဆရာထံစွန့်လှူပုံ။ ဝိသုဒ္ဓိ၊ အဋ္ဌကထာ၊ ပ၊ နှာ-၁၁၁, ၁၁၂-တို့၌ လာသည်။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ ၁၁၁-၌ လာသော စုဏ္ဏိယများကို ဂါထာစီထားသည်။

သဇ္ဈာသယာ စ ဗောဓိသတ္တာ ဒေါသေ ဒေါသဒဿာဝိနော။ အမောဟဇ္ဈာ-သယာ စ ဗောဓိသတ္တာ မောဟေ ဒေါသဒဿာဝိနော။ နေက္ခမ္မဇ္ဈာသယာ စ ဗောဓိသတ္တာ ဃရာဝါသေ ဒေါသဒဿာဝိနော။ ပဝိဝေကဇ္ဈာသယာ စ ဗောဓိသတ္တာ သင်္ဂဏိကာယ ဒေါသဒဿာဝိနော။ နိဿရဏဇ္ဈာသယာ စ ဗောဓိသတ္တာ သဗ္ဗဘဝဂတီသု ဒေါသဒဿာဝိနော။ ယေ ဟိ ကေဟိစိ အတီ-တာနာဂတပစ္စုပ္ပန္နာ သောတာပန္န, သကဒါဂါမိ, အနာဂါမိ, ခီဏာသဝ, ပစ္စေကဗုဒ္ဓ, သမ္မာသမ္ဗုဒ္ဓါ။ တေ သဗ္ဗေ ဣမေဟေဝ ဆဟာကာရေဟိ အတ္တနာ အတ္တနာ ပတ္တဗ္ဗံ ဝိသေသံ ပတ္တာ။ တသ္မာ ဣမေဟိ ဆဟာကာ-ရေဟိ သမ္ပန္နဇ္ဈာသယေန ဘဝိတဗ္ဗန္တိ[၁]။

**အဇ္ဈာသယ ၆-ပါး။** ။ဆ အဇ္ဈာသယာ၊ ခြောက်ပါးသော အလိုဆန္ဒတို့သည်။ ဗောဓိသတ္တာနံ၊ အလောင်းတော်မြတ်တို့အား။ ဗောဓိ-ပရိပါကာယ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ် ရင့်သန်စေခြင်း အကျိုးငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

**အလောဘဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်မြတ်တို့သည်။ လောဘေ၊ နှစ်သက်ခင်တွယ်တတ်သော လောဘတရား၌။ ဒေါသဒဿာဝိနော၊ အပါယ်လားကြောင်း မကောင်းသော တရားဟု အပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ အလောဘဇ္ဈာသယာ စ၊ လောဘ ပျောက်ကင်း လွတ်မြောက်ခြင်းကို အလိုရှိကြကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အဒေါသဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်တို့သည်။ ဒေါသေ၊ ခက်ထန်ကြမ်းကြုတ်သော ဒေါသတရား၌။ဒေါသဒဿာ-ဝိနော၊ အပါယ်လားကြောင်း မကောင်းသော တရားဟု ထင်ရှားသောအပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ အဒေါသဇ္ဈာသယာ စ၊ ဒေါသပျောက်ကင်း လွတ်မြောက်ခြင်းကို အလိုရှိကြကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**အမောဟဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်တို့သည်။ မောဟေ၊ မိုက်မဲတွေဝေတတ်သော မောဟတရား၌။ ဒေါသဒဿာ-ဝိနော၊ အပါယ်လားကြောင်း မကောင်းသော တရားဟု ထင်ရှားသောအပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ အမောဟဇ္ဈာသယာ စ၊ မောဟပျောက်ကင်း လွတ်မြောက်ခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**နေက္ခမ္မဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်တို့သည်။ ဃရာဝါသေ၊ အိမ်ရာတည်ထောင် လူ့ဘောင်၌။ ဒေါသ ဒဿာဝိနော၊

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၁၂။

အပါယ်လားကြောင်း မကောင်းသော နေခြင်းပါတကားဟု ထင်ရှားသော အပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ နေက္ခမ္မဇ္ဈာသယာ စ၊ သံယောဇဉ်မဖက် တောထွက်ခြင်းကို အလိုရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ဝိဝေကဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်တို့သည်။ သင်္ဂဏိကာယ၊ အပေါင်းအဖော်နှင့် မွေ့လျော်ခြင်း၌။ ဒေါသဒဿာဝိနော၊ အပါယ်လားကြောင်း မကောင်းသော နေခြင်းပါတကားဟု ထင်ရှားသော အပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ ပဝိဝေကဇ္ဈာသယာ စ၊ အဖော်ကင်းကွာ ဆိတ်ငြိမ်ရာသို့သာ ချဉ်းကပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

**နိဿရဏဇ္ဈာသယ။** ။ဗောဓိသတ္တာ၊ အလောင်းတော်တို့သည်။ သဗ္ဗဘဝဂတီသု၊ အလုံးစုံသော ဘဝ,ဂတိတို့၌။ ဒေါသဒဿာဝိနော၊ မီးပုံအသွင် တံကျင်မခြား နှောင်အိမ်အလားကဲ့သို့ ထင်ရှားသော အပြစ်ကို မြင်လေ့ရှိကုန်သည်ဖြစ်၍။ နိဿရဏဇ္ဈာသယာ စ၊ ဘုံသုံးပါးမှ ထွက်သွားလိုသောစိတ် ရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ ဤသို့။ ယေဟိ ကေဟိစိ၊ ဂဏန်းတွက်ကျုံး ရေမဆုံးနိုင်ကုန်သော။ အတီတာနာဂတပစ္စုပ္ပန္နာ၊ ဖြစ်ပြီး, ဖြစ်လတ္တံ့, ဖြစ်ဆဲ ဖြစ်ကုန်သော။ သောတာပန္န သကဒါဂါမိ အနာဂါမိ ခီဏာသဝ ပစ္စေကဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓါ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ, ပစ္စေကဗုဒ္ဓါဘုရား, သမ္မာသမ္ဗုဒ္ဓဘုရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေ သဗ္ဗေ၊ ထိုအလုံးစုံသော အရိယာအပေါင်း သူတော်ကောင်းတို့သည်။ ဣမေဟေဝ ဆဟာကာရေဟိ၊ ဤခြောက်ပါးသော အခြင်းအရာတို့ဖြင့်သာလျှင်။ အတ္တနာ-အတ္တနာ၊ မိမိ မိမိသည်။ ပတ္တဗ္ဗံ၊ ဆုယူပံ့ထောက် ကြံတိုင်းမြောက်သော။ ဝိသေသံ၊ ဈာန်မဂ်ဖိုလ်အထူးသို့။ ပတ္တာ၊ ရောက်တော်မူကြလေကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ဣမေဟိ ဆဟာကာရေဟိ၊ ဤသို့ အဇ္ဈာသယခြောက်ပါးတည်းဟူသော အခြင်းအရာတို့နှင့်သာလျှင်။ သမ္ပန္နဇ္ဈာသယေန၊ ကောင်းမြတ်သော နှလုံးသွင်းခြင်းနှင့် ပြည့်စုံသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိ၊ ဤကား ပါဠိတော်မြတ် အပြီး သတ်တည်း။

**စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းတောင်းခံအပ်ခြင်း။** ။ဤသို့လာသော အရိယာပုဂ္ဂိုလ်အပေါင်း သုံးပါးသောဗောဓိလောင်းတို့၏ သွားရာလမ်းကြောင်း ကောင်းမြတ်သော အဇ္ဈာသယခြောက်ပါးနှင့်ပြည့်စုံစွာ သမာဓိသို့ညွတ်ကိုင်း နိဗ္ဗာန်သို့ရှိုင်းသော စိတ်ရှိသည်ဖြစ်လျက် ဆယ်ရက် ဆဲ့ငါးရက်ကြာ၍မှ ဆရာက လာခဲ့ကြောင်းကို မမေးမမြန်းလျှင် မေးမြန်းအောင် ပြုကျင့်ခွင့်တောင်း လာခဲ့ကြောင်းကို လျှောက်ထား၍ စရိုက်

အားလျော်သော လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် တပါးပါးသော ကမ္မဋ္ဌာန်းကို တောင်းရမ်းသင်ယူရာ၏။ ထိုစရိုက်သည်—

**စရိုက် ၆-ပါး။** ။ရာဂစရိတာ, ဒေါသစရိတာ, မောဟစရိတာ, သဒ္ဓါစရိတာ, ဗုဒ္ဓိစရိတာ, ဝိတက္ကစရိတာ စေတိ ဆဗ္ဗိဓေနေ စရိတသင်္ဂဟော။
သင်္ဂြိုဟ်

ရာဂေါ ဝ စရိတာ စရိယာ ပကတီတိ ရာဂစရိတာ။ ဧဝံ ဒေါသစရိတာ-ဒယောပိ[1]။ စရိတ သင်္ဂဟောတိ မူလစရိတဝသေန ပုဂ္ဂလသင်္ဂဟော။
ဋီကာကျော် (နှာ-၂၅၆)

စရိယာ, ပကတိ, ဥဿန္နတာတိ အတ္ထတော ဧကံ[2]။ ဝိသုဒ္ဓိမဂ်(ဋ္ဌ၊ပ၊ နှာ-၉၈)

သန္တာနေ ရာဂဿ ဥဿန္နဘာဝေန စရဏံ ပဝတ္တိ ရာဂစရိယာ။ သာ သဿိတာသယာဒယော ဝိယ ဒဋ္ဌဗ္ဗာ။ တထာ ဒေါသစရိယာဒယော[3]။
မဟာဋီကာ (၊ပ၊နှာ-၁၂၁)

ဤသို့ ကျမ်းဂန်လာသည်နှင့်အညီ အကျဉ်းအားဖြင့် မူလစရိုက် ခြောက်ပါးတည်း။

**ရာဂနှင့်သဒ္ဓါစရိုက်တူပုံ။** ။ထိုတွင် ရာဂနှင့်သဒ္ဓါသည် အကုသိုလ်အဘို့, ကုသိုလ်အဘို့တို့၌ နူးညံ့ခြင်း၊ ဝတ္ထုကာမဂုဏ်, သီလာဒိဂုဏ်တို့ကို ရှာဖွေခြင်း၊ အဟိတ, ဟိတတို့ကို မစွန့်မလွှတ်ခြင်းဟူသော သိနေဟ, ပရိယေသန, အပရိစ္စဇန[4]အားဖြင့် သဘောတူ၏။

---

၁။ ရာဂေါ ဝ=ရာဂသည်ပင်၊ စရိတာ=စရိယာ=ပကတိ၊ (မိမိသန္တာန်၌ မပြတ်မလတ်ဖြစ်သော) ပင်ကိုယ်ပြကတေ့ သဘောတရားပေတည်း။ ဣတိ၊ ထို့ကြောင့်။ ရာဂ-စရိတာ၊ ရာဂစရိုက်မည်၏။ ဒေါသစရိတာဒယောပိ၊ ဒေါသစရိုက် စသည်တို့ကိုလည်း။ ဧဝံ၊ ဤအတူ။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

၂။ စရိယာ၊ စရိယာသဒ္ဒါငြင်း။ ပကတိ၊ ပကတိသဒ္ဒါငြင်း။ ဥဿန္နတာ၊ ဥဿန္နတာသဒ္ဒါငြင်း။ ဣတိ=ဣမေ၊ ဤသဒ္ဒါတို့သည်။ အတ္ထတော၊ အနက်သဘောအားဖြင့်။ ဧကံ=ဧကာ၊ တူကုန်၏။

၃။ သန္တာနေ၊ သန္တာန်အစဉ်၌။ ရာဂဿ၊ ရာဂ၏။ ဥဿန္နဘာဝေန၊ များသည်၏ အဖြစ်ဖြင့်။ စရဏံ=ပဝတ္တိ၊ ဖြစ်ခြင်းသည်။ ရာဂစရိယာ၊ ရာဂစရိုက်မည်၏။ သာ၊ ထိုရာဂစရိုက်ကို။ သဿိတာ သယာဒယော၊ သဿတ အယူဟူသော စိတ်၏ ကိန်းရာအာသယ စသည်တို့ကဲ့သို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။ ဒေါသစရိယာဒယော၊ ဒေါသစရိုက်စသည်တို့သည်။ တထာ၊ ထိုရာဂစရိုက်နည်းတူတည်း။

၄။ အပရိစ္စဇန=(အ+ပရိစ္စဇန)မစွန့်ပစ်ခြင်း။

**ဒေါသနှင့် ပညာစရိုက်တို့ တူညီပုံ**　ဒေါသနှင့်ပညာလည်း အာရုံကို မကပ်မငြိခြင်း၊ အဘူတဒေါသ, ဘူတဂုဏ[1] တို့ကို ရှာခြင်း၊ သတ္တဝါသခါရတို့ကို ရှောင်ကြဉ်ခြင်းဟူသော အနလ္လီယန,ပရိယေသန, ပရိဝဇ္ဇန[2]အားဖြင့် သဘောတူ၏။

**မောဟနှင့်ဝိတက်တူပုံ။**　။မောဟနှင့်ဝိတက်လည်း မရပ်မတည်ခြင်း, တုန်လှုပ်ခြင်းဟူသော အနဝဋ္ဌာန, စဉ္စလ လက္ခဏာအားဖြင့် သဘောတူ၏။

ထို့ကြောင့် ရာဂစရိတပုဂ္ဂိုလ်အား ကုသိုလ်ဖြစ်သော အရာ၌ သဒ္ဓါထက်သန်တတ်သည်။ သဒ္ဓါစရိတ ပုဂ္ဂိုလ်အားလည်း အကုသိုလ်ဖြစ်သော အရာ၌ တဏှာရာဂ အားကြီးတတ်သည်။ အကြွင်းနည်းတူ။

**စရိုက်၆-ပါးဖြစ်ကြောင်း။**　။ထိုစရိုက်တို့၏ ဖြစ်ကြောင်းနိဒါန်းကား— လောဘာဒီသု အညတရညတရပရိဝါရံ ပဋိသန္ဓိဇနကံ ကမ္မံ စရိယာနံ နိဒါနန္တိ ဝေဒိတဗ္ဗံ"[3] ဟု·ဝိသုဒ္ဓိမဂ်(ဋ္ဌ၊ပ၊ နှာ-၁၀၁)လာတိုင်း ရှေးဘဝ၌ ရာဂစသည် ခြံရံအပ်သော ဇနကကံ သည် နိဒါန်းတည်း။

**ကုသိုလ်တရား ပွါးများအားထုတ်ရန် တိုက်တွန်းခြင်း**　ထို့ကြောင့် ရှေးအကြောင်းအားလျော်စွာ ဤဘဝ၌ ထူပြောအားကြီး ဖြစ်လာပြီးသော ရာဂ, ဒေါသ, မောဟ, ဝိတက်တို့ကိုကား ဖျောက်ဖျက်ပြင်ဆင်၍ ကုန်စင်အောင် မရနိုင် မတတ်နိုင်ပြီ။ သံဝေဂရှိ သတိရရ နောက်နောက်ဘဝတို့၌ ထူပြောအားကြီးစွာ မဖြစ်စေရအောင် ဤယခုဘဝ ဒါန, သီလစသော ကောင်းမှုတို့ကို ပြုကြသောအခါ သဒ္ဓါ, ပညာပြခန်းသော စိတ်ဖြင့် နိဗ္ဗာန်လမ်း ဖြောင့်မတ်အောင် လူ့နတ်တို့၏ စည်းစိမ်ကို မတောင့်တ, ကျော်စောခြင်း 'ကိတ္တိသဒ္ဒပကာသန'ကို ဆံခြမ်းမျှ မလိုပဲ ဘုံသုံးပါးကို နှောင်အိမ်ပုံ၊ သုံးဘုံသူတို့ကို ရာဇဝတ်ကောင် ထောင်သား၊ ကာမဂုဏ် ငါးပါးတို့ကို အဆိပ်အသွင် စိတ်မှာထင်၍ မရှင်မှိုင်တွေး ထိုင်ကာငေးမျှ ပူဆွေးငြီးငွေ့သော သံဝေဂဖြင့် ဒါန, သီလ, သမထ, ဝိပဿနာ ဟု-ဆိုအပ်သော ကုသိုလ်တရားတို့ကို ပွါးများအားထုတ်ကုန်ရာသည်။

---

၁။ အဘူတဒေါသ=မဟုတ်မမှန်သောအပြစ်။ ဘူတဂုဏ=ဟုတ်မှန်သောဂုဏ်။

၂။ အနလ္လီယန= (န+အလ္လီယန) မကပ်ငြိခြင်း။ ပရိဝဇ္ဇန=ရှောင်ကြဉ်ခြင်း။

၃။ လောဘာဒီသု၊ လောဘစသည်တို့တွင်။ အညတရညတရ ပရိဝါရံ၊ တပါးပါးလျှင် အခြံအရံရှိသော။ ပဋိသန္ဓိဇနကံ၊ ပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်သော၊ ကမ္မံ၊ ကံကို။ စရိယာနံ၊ စရိုက်တို့၏။ နိဒါနန္တိ၊ နိဒါန်း(အခကြောင်းရင်း)ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

## ဆုတောင်း

ဣမိနာ မေ ရာဂါဒဲယာ၊ တန္ဒူ ဟောန္တု ဘဝါဘဝေ။
ဟောမိ'ဟံ သီလဝါ သဒ္ဓေါ၊ ပညဝါ သုသမာဟိတော။

မေ၊ ငါ၏။ ဣမိနာ၊ ဤကောင်းမှုကြောင့်။ မေ၊ ငါ့အား။ ဘဝါဘဝေ၊ ကြီးငယ်ဘဝ ဖြစ်သမျှ၌။ ရာဂါဒယော၊ ဒိဋ္ဌိ,မာန စသည်ဝန်းရွေ ရံခြွေနှင့် တကွ ဖြစ်ကုန်သော ရာဂ, ဒေါသ, မောဟ, ဝိတက် တရားပျက်တို့သည်။ တန္ဒူ၊ ယင်တောင် ပုစဉ်းတောင်အလား ခေါင်းပါးကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အဟံ၊ ငါသည်။ ဣမိနာ၊ ဤကောင်းမှုကြောင့်။ သီလဝါ၊ ပကတူပ အထုံရ၍ သီလနှင့်ပြည့်စုံသည်။ ဟောမိ၊ ဖြစ်ရလို၏။ သဒ္ဓေါ၊ ရတနာ သုံးတန် ကံ,ကံ၏အကျိုးကို ယုံကြည်ခြင်း သဒ္ဓါရှိသည်။ ဟောမိ၊ ဖြစ်ရလို၏။ ပညဝါ၊ ဆုတ်ဆိုင်းမရှိ ဟုတ်တိုင်းသိသောပညာနှင့် ပြည့်စုံသည်။ ဟောမိ၊ ဖြစ်ရလို၏။ သုသမာဟိတော၊ လွန်စွာကြံခိုင် ယိမ်းယိုင်မရှိ တည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံသည်။ ဟောမိ၊ ဖြစ်ရလို၏။

ဤသို့လည်း ဆုတောင်းပတ္ထနာ ပြုကုန်ရာသည်။

**စရိုက်ထူပြောသည်ကို အကဲဖြတ်ပုံ'စရိယာဝိဘာဝန' ၅-ပါး။** ။စရိုက်ယုတ်မာ
စရိုက်ကြမ်း
စရိုက် ဆိုးကြီးကို ရမိက ချေးမြီးကောက်ကိုကျည်တောက်စွပ်၍ ဖြောင့်မတ်အောင် ဆုံးမရမည်ထက် ခက်သေးသည်။ စရိုက်၏ သဘောကား မပြတ်မပြတ်လည်း ဖြစ်တတ်သည်၊ လျောက်ပတ်သော အာရုံကို ရ၍ ဖြစ်မိလျှင်လည်း မိုးမမြင် လေမမြင် အဆင်အခြင် မရှိ ဖိစီးလွှမ်းမိုး စုတ်ထိုးမရ 'နွားငတ်ရေကျ' ဖြစ်တတ်သည်။ ထိုစရိုက်ထူပြောသော ပုဂ္ဂိုလ်ကိုကား—

ဣရိယာပထတော ကိစ္စာ၊ ဘောဇနာ ဒဿနာဒိတော။
ဓမ္မပ္ပဝတ္တိတော စေဝ၊ စရိယာယော ဝိဘာဝယေ။

ဟူသော(ဝိသုဒ္ဓိမဂ်)အဋ္ဌကထာ (ပ၊ နှာ-၁၀၁) လာ အခြင်းအရာ ငါးပါးတို့ဖြင့် ဆ၍ သိအပ်၏။

ဣရိယာပထတော၊ဣရိယာပုထ်အားဖြင့်၎င်း။ ကိစ္စာ၊ပြုမှုခြင်းအားဖြင့်၎င်း။ ဘောဇနာ၊ ကြိုက်သော အစာအားဖြင့်၎င်း။ ဒဿနာဒိတော၊ ကြည့်ရှုခြင်း စသော အားဖြင့်၎င်း။ ဓမ္မပ္ပဝတ္တိတော စေဝ၊ မာယာ,သာဌေယျ စသော တရားတို့၏ များစွာဖြစ်သောအားဖြင့်၎င်း။ စရိယာယော၊ စရိုက်တို့ကို။ ဝိဘာဝယေ။ ထင်စွာပြရာ၏။

## ရာဂစရိုက်ပုဂ္ဂိုလ် စသည်ကို ဣရိယာပုထ်, ကိစ္စ, ဘောဇဉ်, ဒဿနဖြင့် ဝေဖန်ပြခြင်း

**ရာဂစရိုက်များသူ၏ လက္ခဏာ။** ။ထိုငါးပါးတို့တွင် ရာဂစရိတပုဂ္ဂိုလ်သည် ဆေးခြောက်မူးသော သူရူးကဲ့သို့ သိမ်မွေ့ယဉ်ကျေး ဖြေးညှင်းတင့်တယ် စမွယ်လျောက်ပတ် သင့်မြတ်သေကွေ့ ရှိသေပျပ်ဝပ် တင့်အပ်သော ဣရိယာပုထ် ရှိ၏။ ထိုကဲ့သို့သော တံမြက်လှည်းခြင်း, သင်္ကန်းဖွပ်ဆိုးခြင်း, ဝတ်ရုံခြင်းစသော ကိစ္စရှိ၏၊ ဆိမ့်, ချို, မွှေးပျံ့ နူးညံ့သော ဘောဇဉ် ခဲဘွယ်ကို ကြိုက်တတ်၏၊ အတန်ငယ် ဣဋ္ဌဖြစ်သော ရူပ, သဒ္ဒ စသည် အာရုံ တွေ့ကြုံရလျှင် လွန်မင်ခင်မက် မခွါရက်အောင် ဖြစ်တတ်သည်။

**ဒေါသစရိုက်များသူ၏ လက္ခဏာ။** ။ဒေါသစရိတပုဂ္ဂိုလ်သည် နွားရူး စူးထိုး နဖားကြိုးတင်းသည့်ပုံဟန် လျင်မြန် ရှုံးရှား ခြေပျားဖြင့်နင်း ရှန့်ရင်းကြမ်းတမ်း သန်စွမ်းရိုင်းပျ မလှမဖွယ် မတင့်တယ်သော ဣရိယာပုထ် ရှိ၏၊ မတင့်တယ်သောကိစ္စ ရှိ၏၊ ချဉ်, ငန်, ခါး, စပ် ကြိုက်တတ်၏၊ စဉ်းငယ်အနိဋ္ဌဖြစ်သော ရူပ, သဒ္ဒ စသည်အာရုံ ပေါင်းဆုံကြုံတွေ့လျှင် စေ့စေ့ငုငု မရှုမကြည့် ပြန်လှည့်မငဲ့ ကဲ့ရဲ့ပြစ်တင် ခွါကြဉ်ဖဲသွားတတ်၏။

**မောဟစရိုက်များသူ၏လက္ခဏာ။** ။မောဟစရိတပုဂ္ဂိုလ်သည် ပဒိုင်းသီးကျွေး အပ်သော ဖွတ်, ပဒတ်, ပုတ်သင်တို့ကဲ့သို့ ရှုံ့တုံ့ရှုံ့တင် မယဉ်မကျေး မှိုင်ငေးပေါ့ပျက် နှောင့်ရှက်ဗျာဝဲ မမြဲလျော့လျည်း မသိမ်းဆည်းသော ဣရိယာပုထ်ရှိ၏၊ မသိမ်းဆည်းသော ကိစ္စရှိ၏၊ ကြိုက်သော ဘောဇဉ်ဟု အမြဲမရှိ၊ သူတပါးတို့၏ အရိပ်အခြည်ကို ကြည့်ရှု၍ သူတပါးအတု ချီးမွမ်းခြင်း, ကဲ့ရဲ့ခြင်းကို ပြုတတ်၏။ မိမိကား အဆန်း, အရိုး, အဆိုး, အကောင်း မသိတတ်။

ရတ္တော ဥက္ကုဋိကံ ဟောတိ၊ ဒုဋ္ဌော အနုကဍ္ဎိတံ။
မူဠ္ဟော ပန သဟသာ-နုပီဠိတံ ဘဝေ ပဒံ[၁]။

ပါဠိသင်္ဂဟ

ရတ္တဿ၊ ရာဂပြောထူ တပ်သူ၏။ ပဒံ၊ ခြေရာသည်။ ဥက္ကုဋိကံ၊ ဆွံ့သည့်အသွင် အလယ်မထင်သည်။ ဟောတိ၊ ဖြစ်၏။

---

၁။ သုတ္တနိပါတ် အဋ္ဌကထာ၊ ဒု၊ နှာ-၂၅၇ (မာဂဏ္ဍိယသုတ်) လာ ဂါထာကို တဖန် အကျဉ်းရုံး၍ စီထားသည်။

ဒုဋ္ဌဿ၊ ဒေါသပြောထူ ပြစ်မှားသူ၏။ ပဒံ၊ ခြေရာသည်။ အနုကစ္စိတံ၊ ပေါက်၍ချသဖြင့် နောက်ကဆွဲငင် အရာထင်သည်။ ဟောတိ၊ ဖြစ်၏။

မူဠ္ဟဿ ပန၊ မောဟပြောထူ မိုက်သသူ၏ကား။ ပဒံ၊ ခြေရာသည်။ သဟ-သာနုပိဋ္ဌိတံ၊ ခြေနှောင့်ခြေဖျား မြဲထားမရှိ လျှင်စွာနင်းဘိသည်။ ဘဝေ၊ ဖြစ်၏။

**သဒ္ဓါစရိတ စသည်တို့လည်း သဘာဂဖြစ်၍ နည်းတူပင်။**

**ဓမ္မပ္ပဝတ္တိအားဖြင့် စရိုက် ၆-ပါးကို ဝေဖန်ပြခြင်း**

ဓမ္မပ္ပဝတ္တိအားဖြင့်ကား—

ရတ္တဿ မာယာ သာဌေယျံ၊ မာနော ပါပမဟိစ္ဆတာ။
အတုဋ္ဌိ သိင်္ဂံ စာပလျံ၊ နောတ္တပ္ပံ'ဟိရိကံ မဒေါ။
ပမာဒေါစ္စာဒယော ဓမ္မာ၊ ဗဟုလံ သမ္ပဝတ္တရေ။

ဒုဋ္ဌဿ ကောဓု'ပနာဟော၊ မက္ခေရံ ဒေါဝစဿတာ။
မက္ခော ပဠာသိ'ဿာ ပါပ-မိတ္တတိ'စ္စေဝ'မာဒယော။

ထိန မိဒ္ဓဉ္စ ဥဒ္ဓစ္စံ၊ ကုက္ကုစ္စံ ဝိစိကိစ္ဆိတာ။
အာဓာနဂါဟော ဒုပ္ပဋိ-နိဿဂ္ဂေါ မုဋ္ဌသစ္စတာ။
အသမ္ပဇညံ မုဠ္ဟဿ၊ ဓမ္မာ ဣစ္စေဝ'မာဒယော။

သဒ္ဓဿ တု မုတ္တစာဂေါ၊ အရိယာနံ ဒဿနကာမတာ။
ပါမောဇ္ဇဗဟုလတာ စ၊ သဒ္ဓမ္မံ သောတုကာမတာ။
အသဌတ္တာ မာယာဝိတာ၊ ပသာဒေါ'စ္စေဝ'မာဒယော။

သောဝစဿတာ ဗုဒ္ဓိနော၊ မတ္တညုတာ စ ဘောဇနေ။
ကလျာဏမိတ္တတာ သတိ၊ သမ္ပဇညဉ္စ ဇာဂရော။
ဌာနေ သံဝေဂေါ ယောနိသော၊ ပဓာနတာ'တိအာဒယော။

တက္ကိနော ဘဿ ဗဟုလံ၊ အနဝဋ္ဌိတ ကိစ္စတာ။
ဂဏာရာမော ပုညာရတိ၊ ရတ္တိံ ဓူမာယနာ ဒိဝါ။
ပဇ္ဇာလနာ ဟုရာဟုရံ၊ ဓာဝနိ'စ္စေဝ'မာဒယော။

အဋ္ဌကထာ, ဋီကာသင်္ဂဟ [၁]

၁။ ဝိသုဒ္ဓိ၊ ဌ၊ ပ၊ နှာ-၁၀၃။ ယင်းဋီကာ၊ ပ၊ နှာ-၁၂၈-စသည်တို့မှ ယူ၍ ဂါထာစီကုံးထားသည်။

**ရာဂများသူ။** ။ရတ္တဿ၊ ရာဂပြောသသူအား။ မာယာ၊ အပြစ်ရှိကို ဖုံးဖိလှည့်ပတ်ခြင်း။ သာဌေယျံ၊ ဂုဏ်မရှိပဲ ဂုဏ်ရှိဟန်ပ ဖော်ပြစဉ်းလဲခြင်း။ မာနော၊ တလူလူ ထောင်လွှားခြင်း။ ပါပိစ္ဆတာ၊ အသန္တဂုဏ်သမ္ဘာဝနံမုခ ပဋိဂ္ဂဟ[၁]၌ နိုင်းဆမသိ အလိုဆိုးရှိခြင်း။ မဟိစ္ဆတာ၊ ထင်ရှားရှိဂုဏ် သမ္ဘာဝနံမုခ ပဋိဂ္ဂဟ၌ နိုင်းဆမမှီး အလိုကြီးခြင်း။ အတုဋ္ဌိ၊ မိမိလာဘ်ဖြင့်မရောင့်ရဲခြင်း။ သိင်္ဂံ၊ ဦးချိုအသွင် စူးဝင်တတ်သော ပြည်ကြီးသူသဖွယ်စမွယ်ယဉ်ကျူးခြင်း။ စာပလျံ၊ မိမိကိုယ် မိမိပရိက္ခရာတို့ကို တန်းဆာဆင်ကာလေ်ာမာတုန်လှုပ်ခြင်း။ အနောတ္တပ္ပံ၊ ပိုးဖလံမိုက်ကဲ့သို့ ဒုစရိုက်ကို မကြောက်ခြင်း။ အဟိရိကံ၊ ရွာသူတို့ ဝက်ကဲ့သို့ ဒုစရိုက်မှ မရှက်ခြင်း။ မဒေါ၊ အမုန်ယစ်သောက် ဘောဆင်ပေါက်ပမာ ကိလေသာယစ်ခြင်း။ ပမာဒေါ၊ ရေတွေ့သောဖား ငါး ကဲ့သို့ ကစားပျော်မွေ့ ကုသိုလ်မှု၌မေ့ခြင်း။ ဣစ္စာဒယော၊ ဤသို့ အစရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဗဟုလံ၊ ကြိမ်ဖန်များစွာ။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

**ဒေါသများသူ။** ။ဒုဋ္ဌဿ၊ ဒေါသထူသသူအား။ ကောဓော၊ အမျက်ထွက်ခြင်း။ ဥပနာဟော၊ ရန်ငြိုးဖွဲ့ခြင်း။ မက္ခော၊ ကိုယ့်စည်းစိမ်ကိုဝန်တိုလျှို့ဝှက်ခြင်း။ ဒေါဝစဿတာ၊ ဆိုဆုံးမခက်ခြင်း။ မက္ခော၊ သူ့ ကျေးဇူးကိုချေဖျက်ခြင်း။ ပဠာသော၊ ဖက်ပြိုင်ခြင်း။ ဣဿာ၊ သူ့ စည်းစိမ်ကို မနာလိုဟုငြူစူခြင်း။ ပါပမိတ္တတာ၊ အဆွေခင်ပွန်းယုတ်ရှိခြင်း။ ဣစ္စေဝမာဒယော၊ ဤသို့အစရှိကုန်သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဗဟုလံ၊ များစွာ။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

**မောဟများသူ။** ။မုဠှဿ၊ မောဟများသသူအား။ ထိနံ၊ စိတ်၏ညှိုးနွမ်းခြင်း။ မိဒ္ဓံ၊ စေတသိက်တို့၏ ပင်ပန်းခြင်း။ ဥဒ္ဓစ္စံ၊ စိတ်မငြိမ်သက်ပျံ့တက်လွင့်ပါးခြင်း။ ကုက္ကုစ္စံ၊ နောင်တ တဖန်ပူပန်ခြင်း။ ဝိစိကိစ္ဆတာ၊ ယုံမှားရှိခြင်း။ အာဓာနဂါဟော၊ မသင့်ပဲနှင့် မြဲစွာယူခြင်း။ ဒုပ္ပဋိနိဿဂ္ဂေါ၊ မိစ္ဆာဂါဟယူမိကမူ ပယ်ချ ဖြေဖြည်ခက်ခြင်း။ မုဋ္ဌသစ္စတာ၊ သတိ လွတ်ကင်းခြင်း။ အသမ္ပဇညံ၊ ပညာအဆင်အခြင် မရှိခြင်း။ ဣစ္စေဝမာဒယော ဓမ္မာ၊ ဤသို့ အစရှိကုန်သော အကုသိုလ်တရားတို့သည်။ ဗဟုလံ၊ များစွာ။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

**သဒ္ဓါစရိုက်ထူပြောသူ။** ။သဒ္ဓဿ တု၊ သဒ္ဓါပြောထူ များသသူအားကား။ မုတ္တစာဂေါ၊ လွှတ်လွှတ်စွန့်ခြင်း။ အရိယာနံ၊ သူတော်

၁။ အသန္တ၊ ထင်ရှား မရှိသော။ သမ္ဘာဝန၊ ချီးမွမ်းခြင်း။ မုခ၊ အကြောင်း။ ပဋိဂ္ဂဟ၊ ခံယူခြင်း (ထင်ရှား မရှိသော ဂုဏ်ကို ချီးမွမ်းခြင်းကို အကြောင်းရင်းပြု၍ ခံယူခြင်း)။

ကောင်းတို့ကို။ ဒဋ္ဌုကာမတာ၊ တွေ့မြင်လိုခြင်း။ (ယထာ မာယာဒယော တထာပဝတ္တာ အကုသလက္ခန္ဓာ၊ တထာ အရိယာနံ ဒဿနကာမတာဒယော တထာပဝတ္တာ ကုသလက္ခန္ဓာ ဝေဒိတဗ္ဗာ[၁]။ မဟာဋီကာ၊ ပ၊ နှာ-၁၂၈) ပါမောဇ္ဇဗဟုလတာ စ၊ ဝမ်းမြောက်ခြင်း များသောအဖြစ်။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ သောတုကာမတာ၊ နာလိုခြင်း။ အသဌတ္တံ၊ မစဉ်းလဲခြင်း။ အမာယာဝိတာ၊ မလှည့်ပတ်ခြင်း။ ပသာဒေါ၊ ကြည်ညိုသင့်သောအရာ ရတနာသုံးပါး၌ ကြည်ညိုခြင်း။ ဣစ္စေဝမာဒယော ဓမ္မာ၊ဤသို့ အစရှိကုန်သော ကုသိုလ်တရားတို့သည်။ ဗဟုလံ၊ များစွာ။ သမ္ဘဝတ္တရေ၊ ဖြစ်ကုန်၏။

**ဗုဒ္ဓိစရိုက် ထူပြောသူ။** ။ဗုဒ္ဓိနော၊ ပညာပြောထူ များသသူအား။ သောဝစဿတာ၊ ဆိုဆုံးမလွယ်သော စကားရှိခြင်း။ ဘောဇနေ၊ ဘောဇဉ်၌။ မတ္တညုတာ စ၊ အတိုင်းအရှည်ကို သိခြင်း။ ကလျာဏမိတ္တတာ၊ မိတ်ဆွေခင်ပွန်းကောင်းရှိခြင်း။ သတိ၊ ကုသိုလ်ပျော်မွေ့ အောက်မေ့ခြင်း။ သမ္ပဇညဉ္စ၊ ဆင်ခြင်ခြင်း။ ဇာဂရော၊ နိုးကြားခြင်း။ ဌာနေ၊ ဇာတိ,ဇရာ, ရုဇာ, ကာလ, ပါယ, နောက် ရှေ့ တွေ့သည့်ဒုက္ခ, အာဟာရဟု သံဝေဇနီယဋ္ဌာန ရှစ်ပါး၌[၂]။ သံဝေဂေါ၊ ထိတ်လန့် ကြောက်ရွံ့ခြင်း။ ယောနိသော၊ သင့်သောအားဖြင့်။ ပဓာနတာ၊ အားထုတ်ခြင်း။ ဣတိအာဒယော ဓမ္မာ၊ ဤသို့ အစရှိကုန်သော ကုသိုလ်တရားတို့သည်။ ဗဟုလံ၊ များစွာ။ သမ္ဘဝတ္တရေ၊ ဖြစ်ကုန်၏။

**ဝိတက်စရိုက် ထူပြောသူ။** ။တက္ကိနော၊ ဝိတက်ပြောထူ ရှိသသူအား။ ဘဿဗဟုလံ၊ စကားများခြင်း။ အနဝဋ္ဌိတ ကိစ္စတာ၊ မရပ်မတည်သော ကိစ္စရှိခြင်း။ ဂဏာရာမော၊ အပေါင်းအဖော်၌ မွေ့လျော်

---

၁။ မာယာဒယော၊ မာယာစသည်တို့ကို။ တထာ ပဝတ္တာ၊ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော။ အကုသလက္ခန္ဓာ၊ အကုသိုလ်အစုတို့ဟူ၍။ ဝေဒိတဗ္ဗာ ယထာ၊ သိအပ်ကုန်သကဲ့သို့။ တထာ၊ ထို့အတူ။ အရိယာနံ၊ အရိယာတို့ကို။ ဒဿနကာမတာဒယော၊ ဖူးမြင်ရန်အလိုရှိသည့်အဖြစ် စသည်တို့ကို။ တထာ ပဝတ္တာ၊ ထိုသို့သော အခြင်းအရာအားဖြင့် ဖြစ်ကုန်သော။ ကုသလက္ခန္ဓာ၊ ကုသိုလ်အစုတို့ဟူ၍။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ (နိဿယ ၊ပ၊ နှာ-၂၀၉)

၂။ သံဝေဇနီယဋ္ဌာန (သံဝေဂဝတ္ထု) ၈-ပါး—

(၁) ဇာတိ=ပဋိသန္ဓေနေခြင်း။ (၂) ဇရာ=အိုမင်းရခြင်း။ (၃) ဗျာဓိ(=ရုဇာ) နာဖျားရခြင်း။ (၄) မရဏ (=ကာလ)=သေကျေပျက်စီးရခြင်း။ (၅)အပါယဒုက္ခ= အပါယ်ဆင်းရဲ။ (၆) အတီတဝဋ္ဋမူလကဒုက္ခ=အတိတ်၌ဝဋ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ။ (၇) အနာဂတဝဋ္ဋ မူလကဒုက္ခ=အနာဂတ်၌ ဝဋ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ။ (၈) ပစ္စုပ္ပန္န အာဟာရ ပရိယေသန မူလကဒုက္ခ=ပစ္စုပ္ပန်၌ အာဟာရကို ရှာမှီးခြင်းလျှင် အကြောင်းရင်းရှိသော ဆင်းရဲ။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၁၃၁။ သံ၊ဋ္ဌ၊ ၃၊ နှာ-၂၀၀။

ခြင်း။ ပုညအရတိ၊ ကောင်းမှု၌ မပျော်မမွေ့ခြင်း။ ရတ္တိ[1] ဓူမာယနာ၊ ဤမှုဤမှု နက်ဖြန်ပြုမည်ဟု ရှေးရှုစိတ်စိုက် ညဉ့်၌ အခိုးထွက်ခြင်း[1]။ ဒိဝါပဇ္ဇလနာ၊ ကြံကြံ သမျှ ထကြွပြုကာ နေ့ခါ အလျှံထခြင်း[1]။ ဟုရာဟုရံ ဓာဝနာ၊ ထိုထိုအာရုံ စိတ်ဟုန်မသတ် ရောက်ကပ်ပြေးသွားခြင်း။ ဣစ္စေဝမာဒယော၊ ဤသို့အစရှိကုန် သော။ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ဗဟုလံ၊ များစွာ။ သမ္ပဝတ္တရေ၊ ဖြစ်ကုန်၏။

'ဟုရာဟုရံ ဓာဝနာ' တိ ဣတော စိတော စ တတ္ထ တတ္ထ အာရမ္မဏေ စိတ္တ ဝေါသဂ္ဂေါ။ တေနေဝါဟ— ''ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ၊ ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခ''န္တိ၊ ''စိတ္တမဿ ဝိဓာဝတီ''တိ စ[2]။

မဟာဋီကာ၊ (ပ၊ နှာ-၁၂၈)

မှတ်ချက်။ ။ဝိဘာဝနဝိဓာနေဒံ၊ သဗ္ဗာကာရေန နာဂတံ။
အာစေရမတိယာ ဝုတ္တံ၊ န ပစ္စေတဗ္ဗံ သာရတော[3]။

အဋ္ဌကထာသင်္ဂဟ

ဤ ''စရိယာဝိဘာဝန'' အစီအရင်သည် သဗ္ဗာကာရ အားဖြင့်သာလျှင် ပါဠိအဋ္ဌကထာတို့၌ မလာ။ အာစရိယမတာနုသာရ အားဖြင့် ဆိုအပ်၏။ အပ္ပမာဒ ဝိဟာရီပုဂ္ဂိုလ်တို့လည်း ဣရိယာပုထ်စသည်တို့ကို ပြင်ဆင်၍ပြုလျှင် မသိသာ နိုင်ရာ၊ သံသဋ္ဌစရိတပုဂ္ဂိုလ်အားလည်း ပြားသော လက္ခဏာရှိသော ဣရိယာပုထ် စသည် မသင့်နိုင်။ ထို့ကြောင့် 'သာရ' အားဖြင့် မမှတ်အပ်။

---

၁။ မူလပဏ္ဏာသ၊ နှာ-၁၉၇၊ (ဝမ္မိကသုတ်)။

၂။ ဟုရာဟုရံ ဓာဝနာတိ၊ ဟုရာဟုရံ ဓာဝနာဟူသည်ကား။ ဣတော စိတော စ၊ ဤမှ ထိုမှရင်း။ တတ္ထ တတ္ထ အာရမ္မဏေ၊ ထိုထိုအာရုံ၌။ စိတ္တ ဝေါသဂ္ဂေါ၊ စိတ်ကို စွန့်လွှတ်ခြင်းတည်း။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ''ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ပုရေ၊ ရှေး၌။ ယေနိစ္ဆကံ၊ အလိုရှိရာ အရပ်ဖြင့်။ ယတ္ထ ကာမံ၊ အလိုရှိရာ အရပ်သို့။ ယထာ သုခံ၊ ချမ်းသာသည့်အလျောက်။ ဝါ၊ စိတ်ချမ်းသာသလို။ စာရိကံ၊ လှည့် လည်ခြင်းကို။ အစာရိ၊ လှည့်လည်ခဲ့လေပြီ။'' ဣတိစ၊ ဤသို့ရင်း။ ''အဿ၊ ထို ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဝိဓာဝတိ၊ ပြေးသွား၏။'' ဣတိစ၊ ဤသို့ရင်း။ အာဟ၊ မိန့်တော်မူပေ၏။

၃။ ဣဒံ ဝိဘာဝန ဝိဓာနံ၊ ဤစရိုက်ကို ထင်ရှားစွာပြသော အစီအရင်သည်။ သဗ္ဗာကာရေန၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ နာဂတံ=န အာဂတံ ပါဠိတော် အဋ္ဌကထာတို့၌ လာခြင်းမဟုတ်။ အာစေရ မတိယာ၊ ဆရာစဉ်ဆက် အယူမျိုးလောက်ဖြင့်။ ဝုတ္တံ၊ ပြဆိုအပ်ပေ၏။ သာရတော၊ အနှစ်သာရအားဖြင့်။ န ပစ္စေတဗ္ဗံ၊ မယုံကြည်အပ် သည်သာတည်း။ (ဝိသုဒ္ဓိ အဋ္ဌကထာ၊ ပ၊ နှာ-၁၀၄- လာ စကားပြေကို ခြုံ့ထားသည်)

**အဋ္ဌကထာလာတိုင်း မှတ်အပ်ခြင်း။** ။စင်စစ်သော်ကား— "စေတောပရိယာယဉာဏဿ လာဘီ အာစရိယော စရိယံ ဉတွာ ကမ္မဋ္ဌာနံ ကထေဿတိ၊ ဣတရေန အန္တေဝါသိကော ပုစ္ဆိတဗ္ဗော"[၁] ဟူ၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ( ၊ပ၊ နှာ-၁၀၄) လာသည့်အတိုင်းမှသာ အမှန်ကို သိရသည် ဟူလို။

**စရိုက်နှင့် လျော်ကပ်သော အာရုံ။** ။ထိုစရိုက်တို့တွင် အကုသိုလ်စရိုက်တို့ကို နှိပ်နင်း ဖျက်ဆီးကြောင်း, ကုသိုလ်စရိုက်တို့၏ ပွါးများတိုးတက်ကြောင်း သပ္ပါယကိုကား ဤသို့ သိအပ်၏။

**ရာဂစရိုက်။** ။ရာဂစရိတပုဂ္ဂိုလ်အား နံစော်ညှီဟောက် သိုးအောက်ညစ်ပတ် ကျိုးပြတ်ပျက်ပြား ဆိုးရွားရုံရွံ့ စုတ်ပဲ့အိုချာ မြင်လျှင်ပင် အံချင်ဖွယ်ရာ ရွံစရာကောင်းသော ကျောင်း, အိပ်ရာ, နေရာ, သပိတ်, သင်္ကန်း, ဆွမ်း, ဆွမ်းခံလမ်း, ဆွမ်းခံရွာ, ဒါယကာ ဒါယိကာမ၊ ထခြင်း, သွားခြင်း ဣရိယာပုထ်၊ အပရိသုဒ္ဓဝဏ္ဏကသိုဏ်းဟူသောအာရုံ လျော်ကပ်၏။

**ဒေါသစရိုက်။** ။ဒေါသစရိတပုဂ္ဂိုလ်အား ယဉ်ကျေးတင့်တယ် ရှုဖွယ်ဘနန်း ထူးဆန်းလှိုင်ပျံ့ ရနံ့ထုံသင်း ရောင်ဆင်းသစ်သစ် ပြေပြစ် မွေးညက်မြင်လျှင်ပင် နှစ်သက်ဖွယ်ကောင်းသော ကျောင်း,အိပ်ရာ,နေရာ,သပိတ် သင်္ကန်း,ဆွမ်း,ဆွမ်းခံလမ်း, ဆွမ်းခံရွာ,ဒါယကာ ဒါယိကာမ၊ အိပ်ခြင်း ထိုင်ခြင်း ဣရိယာပုထ်၊ သုပရိသုဒ္ဓဝဏ္ဏကသိုဏ်းဟူသောအာရုံ လျော်ကပ်၏။

**မောဟစရိုက်။** ။မောဟစရိတပုဂ္ဂိုလ်အား ဒိသာပွင့်လင်း ကျယ်ဝင်းသော ကျောင်း, အိပ်ရာ, နေရာ၊ သွားခြင်းဣရိယာပုထ်၊ ကြီးပြန့်သောအာရုံ လျော်ကပ်၏၊ အကြွင်းမှာ ဒေါသစရိတနှင့် နည်းတူပင်။

**သဒ္ဓါစရိုက်။** ။သဒ္ဓါစရိတပုဂ္ဂိုလ်အားလည်း အလုံးစုံ ဒေါသစရိတနှင့် နည်းတူပင်တည်း။ အနုဿတိဋ္ဌာနလည်း သင့်သေး၏။

**ဗုဒ္ဓိစရိုက်။** ။ဗုဒ္ဓိစရိတပုဂ္ဂိုလ်အားကား မလျော်ကပ်သော မည်သည် မရှိ။ လျော်ကပ်သည်ချည်းတည်း။

---

၁။ စေတောပရိယာယဉာဏဿ၊ စေတောပရိယအဘိညာဏ်ကို။ လာဘီ၊ ရသော။ အာစရိယော၊ ဆရာသည်။ စရိယံ၊ လွန်ကဲသော စရိုက်ကို။ ဉတွာ၊ သိ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထေဿတိ၊ ဟောလိမ့်မည်။ ဣတရေန၊ (စေတောပရိယအဘိညာဏ်ကို ရသော ဆရာမှ) တပါးသော ဆရာသည်။ အန္တေဝါသိကော၊ (မိမိကမ္မဋ္ဌာန်းပေးမည့်) တပည့်ကို။ ပုစ္ဆိတဗ္ဗော၊ မေးသင့်၏။

**ဝိတက်စရိုက်။** ။ဝိတက္ကစရိတပုဂ္ဂိုလ်အား ချောက်, လျှို, ဂူလိုဏ် ဂနိုင်, ပိတ်ပေါင်း ကျဉ်းမြောင်းဖုံးအုပ် တောရှုပ် တောင်ကွယ် ငယ်စွာသော ကျောင်း, အိပ်ရာ, နေရာ, ငယ်စွာသောအာရုံ လျောက်ပတ်၏။ အကြွင်းမှာ ရာဂစရိတနှင့် နည်းတူ၏။

ဤကား အကျဉ်းမူလစရိုက်ခြောက်ပါး၌ မှတ်ဖွယ်တည်း။

**စရိုက်အကျယ် ၆၃။** ။အကျယ်အားဖြင့်ကား—

သံသဂ္ဂဝသေန ပန တေသဋ္ဌိစရိတာ ဟောန္တိ။ ဝုတ္တံ ဟိ—

ရာဂါဒိကေ တိကေ သတ္တ၊ သတ္တ သဒ္ဓါဒိကေ တိကေ။
ကေဒ္ဒိတ္တိကမူလမှိ၊ မိဿတော သတ္တသတ္တကန္တိ။

ဟု-ဋီကာကျော် (နှာ-၂၅၆-၌) ဖွင့်ပြအပ်သည်နှင့်အညီ ခြောက်ဆဲ့သုံးပါးတည်း။

သံသဂ္ဂဝသေန ပန၊ ရောယှက် ဖက်တွဲသည်၏ အစွမ်းဖြင့်ကား။ တေသဋ္ဌိစရိတာ၊ ခြောက်ဆဲ့သုံးပါးသော စရိုက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဟိ၊ သာဓက ကား။ ရာဂါဒိကေ။ပ။ သတ္တကန္တိ၊ ဟူ၍။ ဝုတ္တံ၊ ဆရာဓမ္မပါလ မြွက်ဟအပ်ပြီ။

ရာဂါဒိကေ တိကေ၊ ရာဂစသော သုံးပါး၌။ သတ္တ၊ ကေက-သုံး, ဒုက-သုံး, တိက-တစ် အားဖြင့် ခုနစ်ပါးတို့ရင်း။ သဒ္ဓါဒိကေ တိကေ၊ သဒ္ဓါစသောသုံးပါး၌။ သတ္တ၊ ခုနစ်ပါးတို့ရင်း။ မိဿတော၊ ရှေ့သတ္တက နောက်သတ္တက နှစ်ရပ်ကို ရောစပ်သောအားဖြင့်။ ကေဒ္ဒိတ္တိကမူလမှိ၊ ကေမူ ဒွိမူ တိမူ၌။ သတ္တသတ္တကံ၊ လေးဆဲ့ကိုးပါးရင်း။ ဣတိ၊ ဤသို့။ တေသဋ္ဌိ၊ ခြောက်ဆဲ့သုံးပါးတို့တည်း[၁]။

**ကမ္မဋ္ဌာန်းဆုံးဖြတ်ပုံ အခြင်းအရာ ၁၀-ပါး။** ။ဤဆိုအပ်ခဲ့ပြီးသော မူလစရိုက်ခြောက်ပါးအား လျော်စွာ သင်ကြားရသော သမထကမ္မဋ္ဌာန်း လေးဆယ်တို့၌—

သင်္ခါတ နိဒ္ဒေသတော စာ-ဝဟာ ဘေဒါ အတိက္ကမာ။
ဝဍ္ဍနာ,ဝဍ္ဍနတော စ၊ အာလမ္ဗနာ စ ဘူမိတော။

ဂဟဏာ ပစ္စယတော စ၊ စရိယာနံ နုကူလတော။
ဧဝံ ဒသဟိ ဝိညေယျော၊ ကမ္မဋ္ဌာနဝိနိစ္ဆယော[၂]။

ဤဆယ်ပါးသော အဆုံးအဖြတ်ကို မှတ်အပ်၏။

---

၁။ နောက်ဆက်တွဲကြည့်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၁၀၆ လာ စုဏ္ဏိယကို ဂါထာစီထားခြင်းဖြစ်သည်။

သင်္ဂါတ နိဒ္ဒေသ[1]တော စ၊ လေးဆယ်ဟု အကျဉ်းသင်္ချာမျှ ပြပြီးသော ကမ္မဋ္ဌာန်းတို့၏ အကျယ်သရုပ်ကို ဖော်ထုတ်ညွှန်းပြသောအားဖြင့်၎င်း။ အာဝဟာ[2]၊ ဥပစာရာဝဟ, အပ္ပနာဝဟအားဖြင့်၎င်း။ ဘေဒါ၊ ဧကဇ္ဈာနိက, တိကဇ္ဈာနိက, စတုက္ကဇ္ဈာနိက, သကလဇ္ဈာနိကဟူသော ဈာန်အပြားအားဖြင့်၎င်း။ အတိက္ကမာ၊ အင်္ဂသမတိက္ကမ, အာရမ္မဏသမတိက္ကမအားဖြင့်၎င်း။ ဝဍ္ဎနာဝဍ္ဎနတော စ၊ ပွါးကောင်း, မပွါးကောင်းအားဖြင့်၎င်း။ အာလမ္ဗနာ စ၊ သဘာဝဓမ္မ, နိမိတ္တ, စလိတာ စလိတအစွမ်းအားဖြင့် အာရုံကို ဝေဖန်သောအားဖြင့်၎င်း။ ဘူမိတော၊ ကာမာဝစရ စသော ဘုံကို ဝေဖန်သောအားဖြင့်၎င်း။

ဂဟဏာ၊ ဒိဋ္ဌစသည်ဖြင့် ဥဂ္ဂဟနိမိတ်အာရုံယူခြင်းကို ဝေဖန်သောအားဖြင့်၎င်း။ ပစ္စယတော စ၊ အာရုပ္ပစသည်တို့၏ အကြောင်းအားဖြင့်၎င်း။ စရိယာနံ၊ ရာဂစရိုက်စသည်တို့အား။ အနုကူလတော၊ လျော်သောအားဖြင့်၎င်း။ ဝေ၊ ဤသို့။ ဒသဟိ၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ကမ္မဋ္ဌာန ဝိနိစ္ဆယော၊ ကမ္မဋ္ဌာန်းအဆုံးအဖြတ်ကို။ ဝိညေယျော၊ သိအပ်၏။

## သင်္ဂါတနိဒ္ဒေသ – ကမ္မဋ္ဌာန်း-၄၀

**ကသိုဏ်း ၁၀-ပါး။** ။ထို ဆယ်ပါးဘွဲ့တွင် သင်္ဂါတနိဒ္ဒေသအားဖြင့်—ပထဝီကသိဏံ, အာပေါကသိဏံ, တေဇောကသိဏံ, ဝါယောကသိဏံ, နီလကသိဏံ, ပီတကသိဏံ, လောဟိတကသိဏံ, ဩဒါတကသိဏံ, အာကာသကသိဏံ, အာလောကကသိဏဉ္စေတိ ဣမာနိ ဒသ ကသိဏာနိ နာမ။

**အသုဘ ၁၀-ပါး။** ။ဥဒ္ဓုမာတကံ ဝိနီလကံ ဝိပုဗ္ဗကံ ဝိစ္ဆိဒ္ဒကံ ဝိက္ခာယိတကံ ဝိက္ခိတ္တကံ ဟတဝိက္ခိတ္တကံ လောဟိတကံ ပုဠုဝကံ အဋ္ဌိကဉ္စေတိ ဣမေ ဒသ အသုဘာ နာမ။

**အနုဿတိ ၁၀-ပါး။** ။ဗုဒ္ဓါနုဿတိ ဓမ္မာနုဿတိ သံဃာနုဿတိ သီလာနုဿတိ စာဂါနုဿတိ ဒေဝတာနုဿတိ ဥပသမာနုဿတိ မရဏာနုဿတိ ကာယဂတာသတိ အာနာပါနဿတိ စေတိ ဣမာ ဒသ အနုဿတိယော နာမ။

---

၁။ သင်္ဂါတ၊ အကျဉ်းချုံး၍ ရေတွက်ခြင်း။ နိဒ္ဒေသ၊ အကျယ်ညွှန်ပြခြင်း။ (အကျဉ်း အရေအတွက်ကို အကျယ်ညွှန်ပြခြင်း)

၂။ အာဝဟ=ရွက်ဆောင်ခြင်း။

**အပ္ပမညာ ၄-ပါး။** ။မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ စေတိ ဣမာ စတဿော အပ္ပမညာယော နာမ၊ ဗြဟ္မဝိဟာရောတိ စ ပဝုစ္စတိ။

**သညာ ၁-ပါး။** ။အာဟာရေ ပဋိကူလသညာ ဧကာ သညာ နာမ။

**ဓာတုဝဝတ္ထာန် ၁-ပါး။** ။စတုဓာတု ဝဝတ္ထာနံ ဧကံ ဝဝတ္ထာနံ နာမ။

**အာရုပ္ပ ၄-ပါး။** ။အာကာသာနဉ္စာယတနာဒယော စတ္တာရော အာရုပ္ပါ နာမာတိ သဗ္ဗထာပိ သမထကမ္မဋ္ဌာနနိဒ္ဒေသေ စတ္တာလီသ ကမ္မဋ္ဌာနာနိ ဘဝန္တိ။

ဟု သင်္ဂြိုဟ်ကျမ်း၌ ပြည့်နှမ်းအပ်သည့်အတိုင်း—

**ဆောင်ပုဒ်။** ။ကသိုဏ်း ဆယ်ဝ၊ ဒသ အသုဘာ၊ ဒသာနုဿတိ၊ လေးရှိဗြဟ္မ၊ ဧကသညာ၊ ဧကာ ဝဝတ္ထာန်၊ လေးတန် အာရုပ္ပ၊ သန်ျာရကို၊ ရောက လေးဆယ် ပြည့်သတည်း။

ဟူ၍ သမထကမ္မဋ္ဌာန်းသည် လေးဆယ် အပြားရှိ၏။

**အာဝဟအားဖြင့်**— ဗုဒ္ဓါနုဿတိအာဒီသု အဋ္ဌသု သညာ ဝဝတ္ထာနေသု စာတိ ဒသသု ကမ္မဋ္ဌာနေသု ဥပစာရဘာဝနာဝ သမ္ပဇ္ဇတိ၊ နတ္ထိ အပ္ပနာ။

သေသေသု ပန သမတိံသ ကမ္မဋ္ဌာနေသု အပ္ပနာဘာဝနာပိ သမ္ပဇ္ဇတိ။

ဟု သင်္ဂြိုဟ် လာသည့်အတိုင်း ဥပစာရာဝဟ ကမ္မဋ္ဌာန်းဆယ်ပါး၊ အပ္ပနာဝဟ ကမ္မဋ္ဌာန်း သုံးဆယ်တည်း။

ပဘေဒအားဖြင့်—ဒသ ကသိဏာနိ အာနာပါနဉ္စ ပဉ္စကဇ္ဈာနိကာ။

ဒသ အသုဘာ ကာယဂတာသတိ စ ပဌမဇ္ဈာနိကာ။

မေတ္တာဒယော တယော စတုက္ကဇ္ဈာနိကာ။

ဥပေက္ခာ ပဉ္စမဇ္ဈာနိကာတိ ဆဗ္ဗီသတိ ရူပါဝစရဇ္ဈာနိက ကမ္မဋ္ဌာနာနိ။

စတ္တာရော ပန အာရုပ္ပါ အာရုပ္ပဇ္ဈာနိကာ။

သင်္ဂြိုဟ်လာတိုင်း "ဧက, စတုက္က၊ ပဉ္စက, သောဠ၊ တိ, ဧက် ဒသ်"ဟူ၍ ဧကဇ္ဈာနိက တဆဲ့ခြောက်၊ စတုက္ကဇ္ဈာနိက သုံး၊ ပဉ္စကဇ္ဈာနိက တဆဲ့တစ် အားဖြင့် သုံးဆယ်သော အပ္ပနာဝဟကမ္မဋ္ဌာန်း အပြားကို မှတ်အပ်၏။

**အတိက္ကမအားဖြင့်**—ကသိုဏ်း, အာနာပါန, အပ္ပမညာ၊ ဤတဆဲ့ငါးပါးတို့၌ အင်္ဂါတိက္ကမ ဖြစ်၏။ ဝိတက်စသည်ကို လွန်ခြင်းကြောင့်တည်း။

အာရုပ္ပကမ္မဋ္ဌာန်းလေးပါးတို့၌ အာရမ္မဏာတိက္ကမ ဖြစ်၏။ ကသိုဏ်းကိုးပါး စသည်ကို လွန်ခြင်းကြောင့်တည်း။ ကြွင်း နှစ်ဆဲ့တပါးသော ကမ္မဋ္ဌာန်းတို့၌ သမတိက္ကမ မရှိ။

**ဝဍ္ဎနာဝဍ္ဎနအားဖြင့်**—ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ စေတောပရိယာယ အဘိညာ အား ကျေးဇူးများသောကြောင့် ကသိုဏ်းဆယ်ပါးကိုသာ ပွါးစေကောင်း၏။

ကြွင်းကမ္မဋ္ဌာန်းသုံးဆယ်တို့တွင်—အသုဘ, ကာယဂတာ, အာနာပါနဿတိ၊ ဤ တဆဲ့နှစ်ပါးတို့ကို ဩကာသပရိစ္ဆိန္န, အာနိသံသာဘာဝကြောင့် မပွါး စေကောင်း[၁]၊ ဗြဟ္မဝိဟာရလေးပါးတို့ကို အာနိသံမရှိ ပဋိဘာဂနိမိတ်လည်း မရှိ သောကြောင့် မပွါးစေကောင်း၊ အာရုပ္ပ လေးပါးတို့တွင် အာကာသကို ကသိ ဏုဂ္ဃါဋိမ၏ အဖြစ်ကြောင့် မပွါးစေကောင်း၊ နတ္ထိဘာဝပညတ်ကို အဘာဝမတ္တ ကြောင့် မပွါးစေကောင်း၊ ကြွင်း ဒုတိယ, စတုတ္ထကို ပရမတ္ထသဘာဝဓမ္မ ဖြစ် သောကြောင့် မပွါးစေကောင်း၊ ကြွင်း ဆယ်ပါးတို့ကို ပဋိဘာဂနိမိတ် မဟုတ် သောကြောင့် မပွါးစေကောင်း။

> **အာရမ္မဏအားဖြင့်**—ပရိကမ္မနိမိတ္တံ ဥဂ္ဂဟနိမိတ္တဉ္စ သဗ္ဗတ္ထာပိ ယထာရဟံ ပရိယာယေန လဗ္ဘန္တေဝ။ ပဋိဘာဂနိမိတ္တံ ပန ကသိဏာသုဘ, ကော- ဋ္ဌာသ, အာနာပါနေသွေဝ လဗ္ဘတိ။ (သင်္ဂြိုဟ်)
>
> ကဿစိ အာရမ္မဏဿ, အပရိဗျတ္တတာယ 'ပရိယာယေနာ'တိ ဝုတ္တံ။ ကသိဏာသုဘ, ကောဋ္ဌာသာနာပါနဿတီသွေဝ ဟိ ပရိဗျတ္တသမ္ဘဝေါ တိ။ (ဋီကာကျော်၊ နှာ-၂၆၂)

ကဿစိ အာရမ္မဏဿ၊ အချို့အာရုံ၏။ အပရိဗျတ္တတာယ၊ မထင်မရှားသည်၏ အဖြစ်ကြောင့်။ ပရိယာယေနာတိ၊ ပရိယာယေန ဟူ၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၀၇-၁၀၉။

မပွါးစေကောင်း ဟူရာ၌ ချဲ့ထွင် ကျယ်ပြန့်အောင် မလုပ်ရဟု ဆိုလိုသည်။ (ဥပမာ ဆိုသော်-အာလောက ကသိုဏ်းကိုမူ အနန္တ စကြာဝဠာအထိ ချဲ့နိုင်သည်။ အလင်း ရောင်သည် 'ဒိဗ္ဗစက္ခု အဘိညာဉ်'၏ မြင်မှု၌ အကျိုးများသောကြောင့်တည်း။ သို့ရာတွင် အာနာပါန စသည်တို့၌ ထွက်သက် ဝင်သက်လေဖြင့်ထိပြီး သိနေရမည့် နှာသီးဖျားဌာနကို ပိုင်းခြားသတ်မှတ်မှု ဩကာသပရိစ္ဆိန္နရှိသဖြင့် ထိုသတ်မှတ် ပိုင်းခြားထားသည်ထက် ကျယ်ပြန့်အောင်လုပ်လျှင်လည်း အကျိုးမရှိဟု ဆိုလိုသည်)

ဟိသစ္စံ၊ မှန်၏။ ကသိဏာသုဘ ကောဋ္ဌာသာနာပါနဿတိသုဝေ၊ ကသိုဏ်း ဆယ်ဖြာ အသုဘာနှင့် ကာယာ,အာန ဗာဝီသတို့၌သာလျှင်။ ပရိဗျတ္တသမ္ဘဝေါ၊ ထင်ရှားစွာ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ဝါ၊ တနည်းကား။ ဟိယသ္မာ၊ အကြင့်ကြောင့်။ ကသိဏာသုဘ ကောဋ္ဌာသာနာပါနဿတီသုဝေ၊ ကသိုဏ်း ဆယ်ဖြာ အသုဘာနှင့် ကာယာ,အာန ဗာဝီသတို့၌ သာလျှင်။ ပရိဗျတ္တသမ္ဘဝေါ၊ ထင်ရှားစွာဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထိုကြောင့်။ ကဿစိ အာရမ္မဏဿ၊ အချို့သောအာရုံ၏။ အပရိဗျတ္တတာ၊ မထင်ရှားသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ကျမ်းဂန်လာသည့်အတိုင်း နှစ်ဆဲ့နှစ်ပါးသာ ပဋိဘာဂ နိမိတ်[၁]ဖြစ်၏။ ကြွင်း တဆဲ့ရှစ်ပါးကား မဖြစ်။

အာရုံ ၃-မျိုး။ ။ဥပစာရာဝဟဆယ်ပါး[၂] ဝိညာ,နေဝါ နှစ်-ဤတဆဲ့နှစ်ပါးတို့သည် သဘာဝဓမ္မာရမ္မဏတည်း။ ယခင် နှစ်ဆဲ့နှစ်ပါးသည် ပဋိဘာဂနိမိတ္တာရမ္မဏတည်း။ အပ္ပမညာ, အာကာ, အာကိဉ်-ခြောက်ပါးသည် သဘာဝ,ပဋိဘာဂဟူ၍ မဆိုရသော နဝတ္တဗ္ဗာရမ္မဏတည်း။

## ကမ္မဋ္ဌာန်း ၂-မျိုး

အာပေါ, တေဇော, ဝါယာ'လောကော၊ ဝိပုဗ္ဗံ, လောဟိတံ, ပုဠု။
အာနာပါနန္တိ အဋ္ဌေ'တေ၊ စလိတာ'ရမ္မဏာ မတာ[၃]။

ဤ ရှစ်ပါးတို့သည် ပရိကမ္မ, ဥဂ္ဂဟနိမိတ် အခိုက်၌ စလနာကာရအားဖြင့် ထင်သောကြောင့် စလိတကမ္မဋ္ဌာန်း မည်ကုန်၏။

ပဋိဘာဂနိမိတ္တံ ပန သန္နိသိန္နမေဝ[၄]။ (အဋ္ဌကထာ၊ ပ၊ နှာ-၁၀၉)

ကြွင်း သုံးဆဲ့သုံးပါးတို့သည် အစလိတတည်း။

---

၁။ နောက်ဆက်တွဲကြည့်။

၂။ အာနာပါနဿတိ ကာယဂတာသတိ ကြဉ် အနုဿတိ ၈-ပါး, အာဟာရေ ပဋိကူလ သညာ, စတုဓာတုဝဝတ္ထာန်၊ ပေါင်း ၁၀-ပါး။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၀၉-၌လာသော စုဏ္ဏိယကို ဂါထာစီထားသည်။

၄။ ပဋိဘာဂ နိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည်ကား။ သန္နိ သိန္နမေဝ၊ မတုန်မလှုပ် ငြိမ်သက်သည်သာလျှင်တည်း။

ယဉ္စ အာလောက ကသိဏေ သူရိယာဒီနံ ဩဘာသမဏ္ဍလာရမ္မဏံ [၁]။

ဟု အဋ္ဌကထာ (၁၊ နှာ-၁၀၉) မိန့်သောကြောင့် အာလောက ကသိုဏ်းကို စလိတ, စလိတ နှစ်ပါး ယူသင့်သည်၊ ထို့ကြောင့် ကြွင်း သုံးဆဲ့သုံးပါးဟု ဆိုလိုက်သည်။

**ဘုံအားဖြင့်**—"အသုဘ နှင့်၊ ကာယဂတာ၊ သညာ ဒွါဒသ်၊ နတ်၌ မရ၊ ပြဟ္မ ပြည်မှာ၊ အာနာပါန၊ လည်း မရတည်း။ အရူပဝယ်၊ လေးသွယ် သာ ရ၊ ဘုံကာမ မှာ၊ မရမရှိ-ရချည်းတည်း"။

**ဂဟဏအားဖြင့်**—ဝါယောကသိုဏ်းကို ဒိဋ္ဌ,ဖုဋ္ဌဝတ္ထုဖြင့် ဥဂ္ဂဟနိမိတ်ယူရသည်။ ကြွင်း ကသိုဏ်း, အသုဘ, တစပဉ္စကတို့ကို ဒိဋ္ဌဝတ္ထုဖြင့် ဥဂ္ဂဟနိမိတ် ယူရသည်။ အာနာပါနကို ဖုဋ္ဌဝတ္ထုဖြင့် ဥဂ္ဂဟနိမိတ် ယူရသည်။ ကြွင်း ၁ဆဲ့ကိုးပါးတို့ကို သုတဝတ္ထုဖြင့် ဥဂ္ဂဟနိမိတ်ယူရသည်။

ဒိဋ္ဌေန ဂဟေတဗ္ဗာနိ၊ ပုဗ္ဗဘာဂေ စက္ခုနာ ဩလောကေတွာ ဩလောကေတွာ နိမိတ္တံ နေသံ ဂဟေတဗ္ဗန္တိ အတ္ထော [၂]။ (အဋ္ဌကထာ၊ ၁၊ နှာ-၁၁၀)

ဂဟေတဗ္ဗာနီတိ ဥဂ္ဂဟေတဗ္ဗာနိ၊ ဥပ္ပါဒေတဗ္ဗ ဥဂ္ဂဟနိမိတ္တာနီတိ အတ္ထော။ တေနာဟ-'ပုဗ္ဗဘာဂေ' တိအာဒိ [၃]။ (မဟာဋီကာ၊ ၁၊ နှာ-၁၃၂)

**သင်္ဂဟ သံပေါက်**

ကောဋ္ဌာ ဒိဋ္ဌ်, သု၊ ဝါယု ဒိဋ္ဌ်, ဖုဋ္ဌ်၊ ဖုဋ္ဌ အာနာ။
ဒိဋ္ဌာ နေဒသ်၊ သု ဋ္ဌာရသ်၊ ယူမှတ် နိမိတ္တာ။

---

၁။ အာလောက ကသိဏေ၊ အာလောက ကသိုဏ်း၌။ သူရိယာဒီနံ၊ နေစသည်တို့၏။ ယဉ္စ ဩဘာသ မဏ္ဍလာရမ္မဏံ၊ အကြင်(ပြူတင်းပေါက် စသည်တို့မှ ဝင်လာသော) အလင်းရောင်ဝန်းလျှင် အာရုံရှိသည်။ ဟောတိ၊ ဖြစ်၏။

၂။ ဒိဋ္ဌေန၊ အမြင်ဖြင့်။ ဂဟေတဗ္ဗာနိ၊ မှတ်ယူအပ်ကုန်၏။ ပုဗ္ဗဘာဂေ၊ ဥဂ္ဂဟနိမိတ် မထင်မီ ရှေးအဖို့၌။ စက္ခုနာ၊ မျက်စိဖြင့်။ ဩလောကေတွာ ဩလောကေတွာ၊ အဖန်ဖန် ကြည့်၍ကြည့်၍။ နေသံ၊ ထို ၁၉-ပါးသော ကမ္မဋ္ဌာန်းတို့၏။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ဂဟေတဗ္ဗံ၊ (မြင်သည့်အတိုင်းထင်အောင် မနောဒွါရဖြင့်) မှတ်ယူအပ်၏။ ဣတိ-အတ္ထော၊ ဤကား အနက်တည်း။

၃။ ဂဟေတဗ္ဗာနီတိ၊ ဂဟေတဗ္ဗာနိ ဟူသည်ကား။ ဥဂ္ဂဟေတဗ္ဗာနိ၊ ဥဂ္ဂဟနိမိတ်အဖြစ် ယူအပ်ကုန်၏။ ဥပ္ပါဒေတဗ္ဗ ဥဂ္ဂဟနိမိတ္တာနိ၊ ဖြစ်စေအပ်သော ဥဂ္ဂဟနိမိတ်ရှိကုန်၏။ ဣတိ အတ္ထော၊ ဤကား အနက်။ တေန၊ ထို့ကြောင့်။ ပုဗ္ဗဘာဂေတိ အာဒိ၊ ပုဗ္ဗဘာဂေ ဤသို့ အစရှိသောစကားကို။ အာဟ၊ မိန့်ဆို၏။

## အာဒိကမ္မိကပုဂ္ဂိုလ် မပွါးအပ်သော ကမ္မဋ္ဌာန်း

အရူပ, ပေက္ခါ၊ အာဒိက်၊ ငါးတန် မပွါးရာ။
သုံးဆဲ့ငါးထွေ၊ ကြွင်း သေသေ၊ ပွါးလေ အာဒိကာ။

**ပစ္စယအားဖြင့်**—ကသိုဏ်းဆယ်ပါးတို့သည် အဘိညာတို့၏ အကြောင်းတည်း။

အာကာသကြဉ်သော ကြွင်း ကိုးပါးတို့သည် အာရုပ္ပတို့၏ အကြောင်းတည်း။

ရှေ့ အပ္ပမညာသုံးပါးတို့သည် ဥပေက္ခာ ဗြဟ္မဝိဟာရ၏ အကြောင်းတည်း။

အောက်အောက် အာရုပ္ပသည် အထက်အထက် အာရုပ္ပ၏ အကြောင်းတည်း။

နေဝသညာသည် နိရောဓ သမာပတ်၏ အကြောင်းတည်း။

အလုံးစုံသော ကမ္မဋ္ဌာန်း လေးဆယ်တို့သည် ဒိဋ္ဌဓမ္မသုခဝိဟာရ, ဝိပဿနာ, ဘဝသမ္ပတ္တိတို့၏ အကြောင်းတည်း။

**စရိယာနုကူလအားဖြင့်**—စရိတာသု ပန ဒသ အသုဘာ ကာယဂတာသတိ-
သခ်ါတာ ကောဋ္ဌာသဘာဝနာ စ ရာဂစရိတဿ သပ္ပါယာ။

စတဿော အပ္ပမညာယော နီလာဒီနိ စ စတ္တာရိ ကသိဏာနိ ဒေါသ-စရိတဿ။

အာနာပါနံ မောဟစရိတဿ ဝိတက္ကစရိတဿ စ။

ဗုဒ္ဓါနုဿတိအာဒယော ဆ သဒ္ဓါစရိတဿ။

မရဏ, ဥပသမ, သညာ ဝဝတ္ထာနာနိ ဗုဒ္ဓိစရိတဿ။

သေသာနိ ပန သဗ္ဗာနိပိ ကမ္မဋ္ဌာနာနိ သဗ္ဗေသမ္ပိ သပ္ပါယာနိ။

တတ္ထာပိ ကသိဏေသု ပုထုလံ မောဟစရိတဿ၊ ခုဒ္ဒကံ ဝိတက္ကစရိ-တဿေဝ။ ဟူ၍ သင်္ဂြိုဟ်လာတိုင်း **စရိယာနုကူလကမ္မဋ္ဌာန်း**[၁] ကို မှတ်ရာ၏။

ဥဇု ဝိပစ္စနီကတော စေဝ အတိသပ္ပါယတာယ စေတံ ဝုတ္တံ။ ရာဂါဒီနံ ပန အဝိက္ခမ္ဘကာ, သဒ္ဓါဒီနံ ဝါ အနုပကာရိကာ ကသိဏာဒိဘာဝနာ နာမ နတ္ထိ။ (ဋီကာကျော်၊ နှာ-၂၆၀) (အနက် ထင်ရှား၏)

---

၁။ စရိယာနုကူလကမ္မဋ္ဌာန်း=(စရိယ+အနုကူလ+ကမ္မဋ္ဌာန်း)စရိုက်အားလျော်သော ကမ္မဋ္ဌာန်း။

ကမ္မဋ္ဌာန်းဆရာ သင်ပြရမည့် အခြင်းအရာ ၉-ပါး။ ။ဤဆိုခဲ့အပ် အခြင်းအရာ ဆယ်ရပ်တို့ဖြင့် ဆုံးဖြတ်အပ်သော စရိယာနုကူလဖြစ်သော—

"နိစ္စံ ပရိဟရိတဗ္ဗတ္တာ ဥပရိမဿ ဥပရိမဿ စ ဘာဝနာကမ္မဿ ပဒဋ္ဌာနတ္တာ ပါရိဟာရိယ ကမ္မဋ္ဌာနန္တိ ဝုစ္စတိ"[၁] ဟူသော အဋ္ဌကထာ (ပ၊ နှာ-၉၄)

"နိစ္စံ ပရိဟရိတဗ္ဗတ္တာတိ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ ဝိယ ကေဒါဝ အနနုယုဉ္ဇိတွာ သဗ္ဗကာလံ ပရိဟရဏီယတ္တာ အနုယုဉ္ဇိတဗ္ဗတ္တာ"[၂]—

ဟူသော ဋီကာ(ပ၊ နှာ-၁၁၉)တို့နှင့်အညီ ပါရိဟာရိယကမ္မဋ္ဌာန်းမည်သော သမထ ကမ္မဋ္ဌာန်း လေးဆယ်တို့တွင် ရှေးဦးစွာသော ပထဝီကသိုဏ်း၌—

စတ္တာရော ကသိဏဒေါသာ၊ ကရဏံ ဘာဝနာနယော။
သတ္တ သပ္ပါယာ' သပ္ပါယာ၊ ဒွေ နိမိတ္တာ သမာဓယော။

ဒသ အပ္ပနာကောသလ္လံ၊ ဝီရိယသမတာပိ စ။
အပ္ပနာဝိဓာနန္တိ'မေ၊ နဝါ'ကာရာ ကထေတဗ္ဗာ[၃]။

ဤ အခြင်းအရာ ကိုးပါးတို့ကို ပဒ, ပဒတ္ထ, အဓိပ္ပါယ်, ဥပမာ စသည်ဘို့ဖြင့် သေချာပိုင်းဖြတ် ကမ်းခပ်အောင် ခဲရာခက်ဆစ်မရှိ သိအောင် ဆရာက ဟောပြ သင်ကြားအပ်ကုန်၏။

စတ္တာရော ကသိဏဒေါသာ၊ ပထဝီကသိုဏ်း၏ အပြစ်လေးပါးတို့ငှါ။ ကရဏံ၊ သံဟာရိမ, အသံဟာရိမကသိုဏ်း ပြုလုပ်ခြင်းငှါ။ ဘာဝနာနယော၊ ပြုလုပ်ပြီးသော ကသိုဏ်းကို စီးဖြန်းပွါးများနည်းငှါ။ သတ္တ သပ္ပါယာ'သပ္ပါယာ၊ သပ္ပါယခုနစ်ပါး အသပ္ပါယခုနစ်ပါး တို့ငှါ။ ဒွေ နိမိတ္တာ၊ ဥဂ္ဂဟ,ပဋိဘာဂနိမိတ် နှစ်ပါးတို့ငှါ။ ဒွေ သမာဓယော၊ ဥပစာရ, အပ္ပနာ သမာဓိ နှစ်ပါးတို့ငှါ။

---

၁။ နိစ္စံ၊ အမြဲ။ ပရိဟရိတဗ္ဗတ္တာ၊ ဆောင်ထားအပ်, အားထုတ်အပ်သည်၏ အဖြစ်ကြောင့်ငှါ။ ဥပရိမဿ ဥပရိမဿ၊ အထက်အထက်၌ဖြစ်သော။ ဘာဝနာကမ္မဿ၊ ဘာဝနာအမှု၏။ ပဒဋ္ဌာနတ္တာ စ၊ နီးသောအကြောင်း၏ အဖြစ်ကြောင့်ငှါ။ ပါရိဟာရိယ ကမ္မဋ္ဌာနန္တိ၊ ပါရိ ဟာရိယ ကမ္မဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

၂။ နိစ္စံ ပရိဟရိတဗ္ဗတ္တာတိ၊ 'နိစ္စံ ပရိဟရိတဗ္ဗတ္တာ' ဟူသည်ကား။ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ ဝိယ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကဲ့သို့။ ကေဒါဝ၊ တံရံတခါ၌သာလျှင်။ အနနုယုဉ္ဇိတွာ၊ အားမထုတ်မူ၍။ သဗ္ဗကာလံ၊ အခါခပ်သိမ်း။ ပရိဟရဏီယတ္တာ၊ ဆောင်အပ်သည်၏ အဖြစ်ကြောင့်။ အနုယုဉ္ဇိတဗ္ဗတ္တာ၊ အားထုတ်အပ်သည်၏ အဖြစ်ကြောင့်။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၁၃-လာ စုဏ္ဏိယကို ဂါထာစီထားသည်။

ဒသ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ လိမ္မာကြောင်း ဆယ်ပါးရင်း။ ဝီရိယသမတာ-ယောဇနာ၊ သမာဓိနှင့်ဝီရိယ ညီမျှခြင်းရင်း။ အပ္ပနာဝိဓာနံ၊ အပ္ပနာ အစီအရင်ရင်း။ ဣတိ ဣမေ နဝ အာကာရာ၊ ဤ အခြင်းအရာ ကိုးပါးတို့ကို။ ကထေတဗ္ဗာ၊ သင်ပြော ဟောပြအပ်ကုန်၏။

ကြွင်းသော ကမ္မဋ္ဌာန်းတို့၌လည်း ထိုက်သည်အားလျော်စွာ ဤအခြင်းအရာ ကိုးပါးတို့ကို သင်ပြော ဟောပြအပ်ကုန်၏။ ဤအလုံးစုံသည် အထက်ဘာဝနာဝိဓာန၌ ထင်ရှားလတ္တံ့။

**မလျှောက်ပတ်သော ကျောင်း၁၈-မျိုး။** ။ဤသို့လျှင် စရိယာနုကူလ တခုခုသော ပါရိဟာရိယ ကမ္မဋ္ဌာန်းကို သင်ကြားပြီး၍ ဆရာနေရာကျောင်း၌ သပ္ပါယကို မရလျှင် ဂါဝုတ် ယူဇနာအတွင်း သင့်လျော်ရာ အရပ်သို့ သွား၍ ထို၌ပင် သပ္ပါယကို မရပြန်သေးလျှင် ဝေးသောအရပ်သို့ သွား၍—

မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဉ္စ ပန္ထနိံ။
သောဏ္ဍိံ ပဏ္ဏဉ္စ ပုပ္ဖဉ္စ၊ ဖလံ ပတ္ထိတမေဝ စ။

နဂရံ ဒါရုနာ ခေတ္တံ၊ ဝိသဘာဂေန ပဋ္ဋနံ။
ပစ္စန္တသီမာသပ္ပါယံ၊ ယတ္ထ မိတ္တော န လဗ္ဘတိ။

အဋ္ဌာရသေ'တာနိ ဌာနာနိ၊ ဣတိ ဝိညာယ ပဏ္ဍိတော။
အာရကာ ပရိဝဇ္ဇေယျ၊ မဂ္ဂံ သပ္ပဋိဘယံ ယထာ[၁]။

မဟာဝါသံ၊ နာနစ္ဆန္ဒ ဝိဝါဒများ စကားဆူလှောင်းသော ကျောင်းတိုက်ကြီးကိုရင်း။ နဝါဝါသံ၊ များနဝကံ မပြုပြန်ခဲ့ ကဲ့ရဲ့ရှုပ်ပစ် ကျောင်းတိုက်သစ်ကိုရင်း။ ဇရာဝါသဉ္စ၊ ပြင်ဖွယ်များတောင်း ကျောင်းတိုက်ဟောင်းကိုရင်း။ ပန္ထနိံ၊ ညှော်သည်ခိုမှီး လမ်းကြီးနီးရပ် ဆောက်လုပ်အပ်သော ကျောင်းကိုရင်း။သောဏ္ဍိံ၊ ရှင်လူရဟန်း ရေပြွမ်းစုဆိုင် ကျောက်ရေအိုင်နီးသော ကျောင်းကိုရင်း။ ပဏ္ဏဉ္စ၊ သီချင်းဆူကြွက် ရွာသူသက်သည့် ဟင်းရွက်တောနီးသော ကျောင်းကိုရင်း။ ပုပ္ဖဉ္စ၊ ပန်းတော ကျောင်းကိုရင်း။ ဖလံ၊ သစ်သီးရှိသော ကျောင်းကိုရင်း။ ပတ္ထိတမေဝ စ၊ တောင့်တချီးမွမ်း လူစုံပြွမ်းသည့် သခ်မ်းကျောင်းသာကိုရင်း။

နဂရံ၊ မာတုဂါမ စသည်ဆူလှောင်း မြို့နီးကျောင်းကိုရင်း။ ဒါရုနာ၊ သစ်ဝါးထင်းတော မှီသော ကျောင်းနှင့်တကွ။ ခေတ္တံ၊ လယ်တိုက်နီးဘိ ကျောင်း

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၁၁၈ လာ ဂါထာများ။

လယ်ရှိသော ကျောင်းကိုရင်း။ ဝိသဘာဂေန၊ ရဟန်းရန်သူ ချင်းချင်းတို့ နေရာ ကျောင်းနှင့်တကွ။ ပန္နနံ၊ ကုန်သည်လာအိပ်, ရေဆိပ်, ကုန်းဆိပ် နီးသော ကျောင်းကိုရင်း။ ပစ္စန္တသီမာသပ္ပါယံ၊ သဒ္ဒါနည်းပါး တိုင်းစွန်ပြည်နား ရွာကို မှီသော ကျောင်း, မင်းဘေးနီးစပ် တိုင်းကျပ်ရွာကို မှီသောကျောင်း, မာတုဂါမ ယက္ခဘေးဘျမ်း ရောပြွမ်းနေလတ် မလျောက်ပတ်သော ကျောင်းသုံးပါးကို ရင်း။ ယတ္ထ၊ အကြင်ကျောင်း၌။ မိတ္တော၊ ကလျာဍ္ဍေပေါင်း မိတ်ဆွေ ကောင်းကို။ န လဗ္ဘတိ၊ မရအပ်။ တမ္ပိ၊ ထိုမိတ်ကောင်းမနီး အပြစ်ကြီးတောင်း နေရာကျောင်းကိုရင်း။

ဧတာနိ အဋ္ဌာရသဋ္ဌာနာနိ၊ ဤတဆဲ့ရှစ်ရပ်တို့ကို။ ဉတိဝိညာယ၊ဘာဝနာနှင့် မသင့်လျော်ဘိ ဤသို့သိ၍။ ပဏ္ဍိတော၊ ပညာရှိသည်။ သပ္ပဋိဘယံ၊ သားရဲ ဘီလူး ခိုးမှုးပြွမ်းဘိ ဘေးဘျမ်းရှိသော။ မဂ္ဂံ ယထာ၊ ခရီးလမ်းကိုကဲ့သို့။ အာရကာ၊ အဝေးက။ ပရိဝဇ္ဇေယျ၊ ရှောင်ကွင်းရာ၏။ ။ဤသို့ အဋ္ဌကထာ လာသည်နှင့်အညီ—

**ဆောင်ပုဒ်။** ။ကြီး,သစ်,အို,လမ်း၊ ချီးမွမ်း,ထုံး, ပွင့်၊ သီးနှင့်,လယ်,ဟင်း၊ မြို့, ထင်း,ဆိပ်,ရန်၊ ကျပ်, စွန်, ဘေး, ကင်း၊ ဆဲ့ရှစ်ခင်း၊ ရှောင်ကွင်း ဝေးဝေးခွါ။

ဟူသော တဆဲ့ရှစ်ပါးတို့တွင် ဟပါးပါးသော အပြစ် ရှိ၍ သမာဓိဘာဝနာ အား မလျောက်ပတ်သော ကျောင်းကို ရှောင်ကြဉ်၍—

### လျောက်ပတ်သော ကျောင်းအင်္ဂါ ၅-ပါး

ကထဉ္စ ဘိက္ခဝေ သေနာသနံ ပဉ္စင်္ဂသမန္နာဂတံ ဟောတိ။ ဣဓ ဘိက္ခဝေ သေနာသနံ နာတိဒူရံ ဟောတိ နစ္စာသန္နံ ဂမနာဂမနသမ္ပန္နံ။ ဒိဝါ အပ္ပါကိဏ္ဏံ ရတ္တိံ အပ္ပသဒ္ဒံ အပ္ပနိဂ္ဃောသံ။ အပ္ပဍံသ, မကသ, ဝါတာ,-တပ, သရီသပသမ္ဖဿံ ဟောတိ။

တသ္မိံ ခေါ ပန သေနာသနေ ဝိဟရန္တဿ အပ္ပကသိရေနေဝ ဥပ္ပဇ္ဇန္တိ စီဝရပိဏ္ဍပါတ သေနာသန ဂိလာနပစ္စယ ဘေသဇ္ဇ ပရိက္ခာရာ။

တသ္မိံ ခေါ ပန သေနာသနေ ထေရာ ဘိက္ခူ ဝိဟရန္တိ ဗဟုဿုတာ အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ မာတိကာဓရာ၊ တေ ကာလေနကာလံ ဥပသင်္ကမိတွာ ပရိပုစ္ဆတိ ပရိပဉှတိ 'ဣဒံ ဘန္တေ ကထံ၊ ဣမဿ ကော အတ္ထော'တိ၊ တဿ တေ အာယသ္မန္တော အဝိဝဋဉ္စေဝ ဝိဝရန္တိ၊ အနုတ္တာ-နီကတဉ္စ ဥတ္တာနီ ကရောန္တိ၊ အနေကဝိဟိတေသု စ ကင်္ခါဌာနိယေသု

ဓမ္မေသု ကင်္ခံ ပဋိဝိနောဒေန္တိ။ ဇဝံ ခေါ ဘိက္ခဝေ သေနာသနံ ပဉ္စင်္ဂ-
သမန္နာဂတံ ဟောတိ။ ပါဠိတော်¹

---

၁။ အင်္ဂုတ္တိုရ် ပါဠိတော်၊တ၊နှာ-၂၆ဂ။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထဉ္စ၊ အဘယ်သို့လျှင်။ သေနာသနံ၊ ကျောင်းနေရာသည်။ ပဉ္စင်္ဂ သမန္နာဂတံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်သနည်း။

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ သေနာသနံ၊ ကျောင်းသည်။ နာတိဒူရံ၊ မဝေးလွန်းသည်။ ဟောတိ၊ ဖြစ်၏။ နစ္စာသန္နံ၊ မနီးလွန်းသည်။ ဂမနာဂမနသမ္ပန္နံ၊ သွားရန် လာရန် လျှောက်ပတ်သည်။ ဟောတိ၊ ဖြစ်၏။

၂။ ဒိဝါ၊ နေ့အခါ၌။ အပ္ပါကိဏ္ဏံ၊ လူတို့နှင့် မပြွမ်းသည်။ ရတ္တိံ၊ ညဉ့်အခါ၌။ အပ္ပသဒ္ဒံ၊ လူသံ တိတ်ဆိတ်သည်။ အပ္ပနိဂ္ဃောသံ၊ ကြွေးကြော်သံ တိတ်ဆိတ်သည်။ ဟောတိ၊ ဖြစ်၏။

၃။ အပ္ပ ဍံသ, မကသ, ဝါတာတပ, သရီသပသမ္ဖဿံ၊ မှက်, ခြင်, လေ, နေပူ, မြွေ, ကင်း, သန်း တို့၏ (ကိုက်ခြင်း-ထိပါးခြင်း ဟူသော) အတွေ့ကင်းသည်။ ဟောတိ၊ ဖြစ်၏။

၄။ ခေါ ပန၊ စင်စစ်။ တသ္မိံ သေနာသနေ၊ ထိုကျောင်း၌။ ဝိဟရန္တဿ၊ နေသူအား။ အပ္ပကသိရေနေဝ၊ ဆင်းရဲခြင်း ကသီကရိကင်း သဖြင့်သာလျှင်။ စီဝရ ပိဏ္ဍပါတ သေနာ-သနဂိလာန ပစ္စယ ဘေသဇ္ဇ ပရိက္ခာရာ၊ သင်္ကန်း, ဆွမ်း, ကျောင်း, သူနာတို့၏ အထောက်-အပံ့ အသက်၏ အရံအတား ဖြစ်သော ဆေးပစ္စည်းတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

၅။ ပန၊ ထို့မှတပါး။ ခေါ၊ စင်စစ်။ တသ္မိံ သေနာသနေ၊ ထိုကျောင်း၌။ ဗဟုဿုတာ၊ အကြားအမြင် များစွာရှိကုန်သော။ အာဂတာဂမာ၊ ပရိယတ္တိဓမ္မကို နှုတ်တက်ရရှိ အာဂုံ ဆောင်နိုင်ကြကုန်သော။ ဓမ္မဓရာ၊ သုတ်အဘိဓမ္မာကို ဆောင်ကုန်ထသော။ ဝိနယဓရာ၊ ဝိနည်းကိုဆောင်ကုန်ထသော။ မာတိကာဓရာ၊ (ပိဋက ၃-ပုံ၏) မာတိကာကို ဆောင်ကုန် ထသော။ ထေရာ၊ မထေရ်ကြီး ဖြစ်ကုန်ထသော (မြဲ မြံသော သီလစသော ဂုဏ်ထူးရှိကုန် ထသော)။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တေ၊ ထိုမထေရ်ရဟန်းတို့ကို။ ကာလေနကာလံ၊အခါအားလျော်စွာ။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ “ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤပုဒ်ကို။ ကထံ၊ ဘယ်ပုံ။ ဒဋ္ဌဗ္ဗံ၊ မှတ်ယူသင့်ပါသနည်း။ ဣမဿ၊ ဤပုဒ်၏။ ကော၊ အဘယ်သို့သော။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်ယူထိုက်ပါသနည်း။ ဣတိ၊ ဤသို့။ ပရိပုစ္ဆတိ၊ ပါဠိကို စိစစ်မေးမြန်း၏။ ပရိပဉ္ဇတိ၊ အနက်ကို စိစစ်မေးမြန်း၏။ တေ အာ-ယသ္မန္တော၊ ထိုအရှင်မြတ်တို့သည်။ တဿ၊ ထိုအမေးပြုသော ယောဂီအား။ အဝိဝဋဉ္စေဝ၊ မပွင့်လင်းသော ပါဠိ၏အနက်ကိုလည်း။ ဝိဝရန္တိ၊ ဖွင့်ပြကုန်၏။ အနုတ္တာနီကတဉ္စ၊ ပေါ်လွင် အောင် မပြုရသေးသည်ကိုလည်း။ ဥတ္တာနီကရောန္တိ၊ ပေါ်လွင်အောင်ပြုကုန်၏။ အနေက-ဝိဟိတေသု၊ တပါးမက များသော အပြားရှိကုန်သော။ ကင်္ခါဌာနိယေသု ဓမ္မေသု၊ သံသယ ဖြစ်ခြင်း၏ အကြောင်းဖြစ်ကုန်သော ပါဠိရပ်တို့၌။ ကင်္ခံ၊ စ၊ ယုံမှားချက်ကိုလည်း။ ပဋိဝိနော-ဒေန္တိ၊ ဖျောက်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇဝံ ခေါ၊ ဤသို့လျှင်။ သေနာသနံ၊ ကျောင်း (အိပ်ရာနေရာ) သည်။ ပဉ္စင်္ဂ သမန္နာဂတံ၊ အင်္ဂါငါးပါးနှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

'နာတိဒူရ'န္တိ ဂေါစရဋ္ဌာနတော အစ္စုဂါဝုတတော ဩရဘာဂတာယ န အတိဒူရံ။

'နစ္စာသန္န'န္တိ ပစ္ဆိမေန ပမာဏေန ဂေါစရဋ္ဌာနတော ပဥ္စဓနုသတိ-ကတာယ န အတိအာသန္နံ။

ဒိဝသဘာဂေ မဟာဇနေ သံကိဏ္ဏတာဘာဝေန 'ဒိဝါ အပ္ပါကိဏ္ဏံ'။ အဘာဝတ္ထော ဟိ အယံ အပ္ပ-သဒ္ဒေါ 'အပ္ပိစ္ဆော'တိအာဒီသုဝိယ။

ရတ္တိယံ ဇနာလာပသဒ္ဒါဘာဝေန 'ရတ္တိံ အပ္ပသဒ္ဒံ'။

သဗ္ဗဒါပိ ဇနသန္နိပါတနိဃောသာဘာဝေန 'အပ္ပနိဃောသံ'။

သုတ္တဂေယျာဒိ ဗဟုံ သုတံ ဧတေသန္တိ 'ဗဟုဿုတာ'။

ဝါစုဂ္ဂတကရဏေန သမ္မဒေဝ ဂရူနံ သန္တိကေ အာဂမိတဘာဝေန အာ-ဂတော ပရိယတ္တိ ဓမ္မသင်္ခါတော အာဂမော ဧတေသန္တိ 'အာဂတာဂမာ'[၁]။

---

၁။ နာတိဒူရန္တိ၊ 'မဝေးလွန်း' ဟူသည်ကား။ ဂေါစရဋ္ဌာနတော၊ ဆွမ်းခံရွာ အရပ်မှ။ အစ္စုဂါဝုတတော၊ တဂါဝုတ်၏ ထက်ဝက်မှ။ ဩရဘာဂတာယ၊ အတွင်းပိုင်း ကျသည်၏ အဖြစ်ကြောင့်။ န အတိဒူရံ၊ မဝေးလွန်းသည်။ ဟောတိ၊ ဖြစ်၏။

နစ္စာသန္နန္တိ၊ 'မနီးလွန်း'ဟူသည်ကား။ ပစ္ဆိမေန၊ အနည်းဆုံးဖြစ်သော။ ပမာဏေန၊ အတိုင်းအရှည်ဖြင့်။ ဂေါဇရဋ္ဌာနတော၊ ဆွမ်းခံရွာမှ။ ပဥ္စဓနုသတိကတာယ၊ ကုလလေးတာ အပြန်ငါးရာ ရှိသည်၏ ဖြစ်ကြောင့်။ န အတိအာသန္နံ၊ မနီးလွန်းသည်။ ဟောတိ၊ ဖြစ်၏။

ဒိဝသဘာဂေ၊ နေ့အဖို့၌။ မဟာဇနေ သံကိဏ္ဏတာ ဘာဝေန၊ များစွာသော လူ အပေါင်းနှင့် ရောယှက်မှု မရှိသည်၏ အဖြစ်ကြောင့်။ ဒိဝါ၊ နေ့၌။ အပ္ပါကိဏ္ဏံ၊ ကင်းသော ရောယှက်ပြိုးပြွမ်း ခြင်းရှိ၏။ ဟိ၊ မှန်၏။ အယံ အပ္ပသဒ္ဒေါ၊ ဤ အပ္ပသဒ္ဒါသည်။ အပ္ပိစ္ဆောတိ အာဒီသုဝိယ၊ အပ္ပိစ္ဆောစသော ပုဒ်တို့မှာကဲ့သို့။ အဘာဝတ္ထော၊ အဘာဝ အနက်ရှိ၏။

ရတ္တိယံ၊ ညဉ့်၌။ ဇနာလာပ သဒ္ဒါဘာဝေန၊ လူတို့၏ ပြောဆိုသံ မရှိခြင်းကြောင့်။ ရတ္တိံ၊ ညဉ့်၌။ အပ္ပသဒ္ဒံ၊ နည်းသော အသံရှိ၏။ ဝါ၊ ကင်းသော အသံရှိ၏။

သဗ္ဗဒါပိ၊ အခါခပ်သိမ်းလည်း။ ဇနသန္နိပါတနိဃောသာဘာဝေန၊ လူစုလူဝေး၏ ကြွေးကြော်သံ မရှိခြင်းကြောင့်။ အပ္ပနိဃောသံ၊ နည်းသော (ဝါ-ကင်းသော) ကြွေးကြော်သံ ရှိ၏။

ဧတေသံ၊ ဤရဟန်းတို့အား။ သုတ္တဂေယျာဒိ၊ သုတ္တ,ဂေယျ စသော။ ဗဟုံ၊ များစွာ သော။ သုတံ၊ အကြားအမြင် ပညာသည်။ (အတ္ထိ၊ ရှိ၏။) ဣတိ၊ ထို့ကြောင့်။ ဗဟုဿုတာ၊ ဗဟုဿုတမည်ကုန်၏။ ဧတေသံ၊ ဤ ရဟန်းတို့အား။ ဝါစုဂ္ဂတ ကရဏေန၊ နှုတ်တက်သည်ကို ပြုခြင်းဖြင့်၎င်း။ သမ္မဒေဝ၊ ကောင်းစွာသာလျှင်။ ဂရူနံ၊ ဆရာတို့၏။ သန္တိကေ၊ အထံ၌။ အာဂမိတဘာဝေန၊ လာစေအပ်သည်၏ အဖြစ်ကြောင့်၎င်း။ အာဂတော၊ နှုတ်တက်လာ သော။ ဝါ၊ လာစေ အပ်သော။ ပရိယတ္တိဓမ္မသင်္ခါတော၊ ပရိယတ် ပါဠိဟုဆိုအပ်သော။

တေသံ ယေဝ ဓမ္မ ဝိနယာနံ မာတိကာယ ဓာရဏေန 'မာတိကာဓရာ'။

တတ္ထ တတ္ထ ဓမ္မပရိပုစ္ဆာယ 'ပရိပုစ္ဆတိ'။

အတ္ထပရိပုစ္ဆာယ 'ပရိပဉ္ဆတိ' ဝိမံသတိ ဝိစာရေတိ[၁]။ အနက် မထင်ရာ၌ မဟာဋီကာ၊ (ပ၊ နှာ-၁၄၀)။ ဤသို့ ကျမ်းဂန်လာသည့်အတိုင်း—

**ဆောင်ပုဒ်။** ။မဝေး နီးမော၊ မရော လူ ရှင်၊ မှက်ခြင် ပါးနည်း၊ ပစ္စည်း၊ မိတ်ဆွေ၊ ရလွယ်လေ၊ ငါးထွေ ကျောင်းအင်္ဂါ။

ဟူသော အင်္ဂါငါးပါးနှင့် ပြည့်စုံ၍ သမာဓိဘာဝနာအား လျောက်ပတ်သင့်လျော်သော ကျောင်း၌ နေလျက်—

ပဉ္စပ္ပဓာနိယင်္ဂါနိ၊ သဒ္ဓါစေဝ အရောဂိတာ။
အသာဌေယျဉ္စ အာရမ္ဘော၊ ပညာ စ ဉဒယတ္ထဂါ။ (အံ၊ ၂၊ နှာ-၅၇)

**ကမ္မဋ္ဌာန်းအားထုတ်သူ၏ အင်္ဂါ ၅-ပါး။** ။သဒ္ဓါစေဝ၊ ယုံကြည် တတ်သော သဒ္ဓါတရားရှင်း။

အရောဂိတာ စ၊ ခန္ဓာကိုယ်ကျန်းမာ အနာကင်းခြင်းသည်ရှင်း။

အသာဌေယျဉ္စ၊ မကောက်ကျစ် မစဉ်းလဲခြင်းရှင်း။

အာရမ္ဘော စ၊ လုံ့လကြိုးကုတ် အားထုတ်ခြင်းရှင်း။

ဉဒယတ္ထဂါ၊ ရုပ်နာမ်နှစ်ပါးတို့၏ ဖြစ်ပွါးပျက်မှုကို အမှီလိုက်စွမ်းနိုင်သော။ ပညာ စ၊ ပညာသည်ရှင်း။

ဣတိ၊ ဤသို့။ ပဓာနိယင်္ဂါနိ၊ ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်၏ အင်္ဂါတို့သည်ကား။ ပဉ္စ၊ ငါးပါးတို့တည်း။

ဤသို့ လာသော ပဓာနိယင်္ဂါငါးပါးတို့နှင့် မိမိက ပြည့်စုံစေ၍—

**ပလိဗောဓငယ်။** ။ကေသ လောမ နခစ္ဆေဒေါ၊ စီဝရေ ရဇနာဒိ စ။
ပတ္တပါကော စ မဋ္ဌာဒိ- သောဓနံ ခုဒ္ဒကာ ဣမေ။
အဋ္ဌကထာသင်္ဂဟ ( ဝိသုဒ္ဓိမဂ်၊ ၄ပ၊ နှာ-၁၁၉ )

---

အာဂမော၊ အာဂုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ အာဂတာဂမာ၊ အာဂတာဂမ မည်ကုန်၏။

၁။ တေသံယေဝ ဓမ္မဝိနယာနံ၊ ထိုဓမ္မဝိနယတို့၏သာလျှင်။ မာတိကာယ၊ မာတိကာကို။ ဓာရဏေန၊ ဆောင်ခြင်းကြောင့်။ မာတိကာဓရာ၊ မာတိကာဓရမည်ကုန်၏။

တတ္ထ တတ္ထ၊ ထိုထိုအရာ၌။ ဓမ္မပရိပုစ္ဆာယ၊ ပါဠိကို မေးမြန်းခြင်းဖြင့်။ ပရိပုစ္ဆတိ၊ မေးမြန်း၏။ အတ္ထပရိပုစ္ဆာယ၊ အနက်ကို မေးမြန်းခြင်းဖြင့်။ ပရိပဉ္ဆတိ၊ စုံစမ်း၏။ ဝိမံသတိ၊ စိစစ်၏။ ဝိစာရေတိ၊ သုံးသပ်၏။

**ခုဒ္ဒကပလိဗောဓများ။** ။ကေသ လောမ နခစ္ဆေဒေါ၊ ဆံပင်, အမွေး, လက်သည်း ခြေသည်းတို့ကို ဖြတ်ခြင်းငှင်း။ စီဝရေ၊ သင်္ကန်း၌။ ဝါ၊ သင်္ကန်းတို့ကို။ ရဇနာဒိ စ၊ ဆိုးဖွပ် ချုပ်ဖာခြင်းငှင်း။ ပတ္တပါကော စ၊ ချေးတက်သော သပိတ်ကို ဖုတ်ခြင်းငှင်း။ မဉ္စာဒိသောဓနံ၊ ညောင်စောင်း စသည်တို့ကို သုတ်သင်ခြင်းငှင်း။ ဣမေ၊ ဤသည်တို့သည်။ ခုဒ္ဒကာ၊ ငယ်သော ပလိဗောဓတို့တည်း။ ဝါ၊ ပလိဗောဓကို ဖြတ်ခြင်းတို့တည်း။

## သဗ္ဗတ္ထက ကမ္မဋ္ဌာန်း ၃-ပါး

**၁။ မေတ္တာပွါးခြင်း။** ။ဤသို့ လာသော ပလိဗောဓငယ်တို့ကို ငြိတွယ် မနှောက်ဖြတ်တောက်ပယ်ရှားပြီး၍ ဆွမ်းစားပြီးသည်ရှိသော်ဆွမ်းကြောင့်ဖြစ်သော ဆို့တစ် အင့်အယ် နှင့်ကယ်ညှိုးနွမ်း ပင်ပန်းမူးဝေခြင်းဟူသော ဆွမ်းဆိပ် ယစ်ခြင်းကို စကြံသွားခြင်း, ရေချိုးခြင်း, အတန်ငယ် ဆိုင်းငံ့ခြင်း စသည်ဖြင့် ပယ်ဖျောက် ငြိမ်းအေးစေ၍ ဆိတ်ငြိမ်ရာအရပ်၌"သုခနိသိန္နေနာတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ နိသဇ္ဇာယ သုခနိသိန္နေန"ဟု ဋီကာ (၁၊ နှာ-၁၄၂) ဖွင့်သည့်အတိုင်း တင်ပျဉ်ဖွဲ့ခွေ ထိုင်နေလျက်—

ဣမသ္မိံ ဝိဟာရေ သဗ္ဗေ သပြဟ္မစာရိနော သုခိတာ ဟောန္တု အဗျာပဇ္ဇာ။

သီမဋ္ဌက ဒေဝတာ သုခိတာ ဟောန္တု အဗျာပဇ္ဇာ။

ဂေါစရဂါမေ ဣဿရဇနော သုခိတော ဟောတု အဗျာပဇ္ဇော။

ဂေါစရဂါမေ မနုဿာ သုခိတာ ဟောန္တု အဗျာပဇ္ဇာ။

သဗ္ဗဒိသာသု သဗ္ဗေ သတ္တာ သုခိတာ ဟောန္တု အဗျာပဇ္ဇာ။

ဣမသ္မိံဝိဟာရေ၊ ဤကျောင်းတိုက်၌။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သပြဟ္မစာရိနော၊ သီတင်းသုံးဖော် သံဃာတော်တို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဇာ၊ ကြောင့်ကြဗျာပါရ မရှိကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

သီမဋ္ဌက ဒေဝတာ၊ ကျောင်းတိုက် အပိုင်းအခြားအတွင်း၌ တည်ကုန်သော နတ်တို့သည်။ သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်း မရှိကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ ဣဿရဇနော၊ စိုးရပိုင်ချုပ်မင်းလုပ်သသူသည်။ သုခိတော၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသည်။ အဗျာပဇ္ဇော၊ ကြောင့်ကြမရှိသည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းသည်။ ဟောတု၊ ဖြစ်ပါစေသတည်း။

ဂေါစရဂါမေ၊ ဆွမ်းခံရွာ၌။ မနုဿာ၊ လူတို့သည်။ သုခိတာ၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်း မရှိ ကုန်သည်။ ဝါ၊ အမျက်ဒေါသ ဗျာပါဒ ကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါ စေကုန်သတည်း။

သဗ္ဗဒိသာသု၊ ဝန်းကျင်ပတ်ချာ ဆယ်မျက်နှာတို့၌။ သဗ္ဗေ သတ္တာ၊ ကြီးငယ် ပုန္န သတ္တဝါဟူသမျှတို့သည်။ သုခိတာ၊ ကိုယ်စိတ် နှစ်ဖြာ ချမ်းသာခြင်းသို့ ရောက်ကုန်သည်။ အဗျာပဇ္ဇာ၊ ကြောင့်ကြခြင်း မရှိကုန်သည်။ ဝါ၊ အမျက် ဒေါသ ဗျာပါဒကင်းကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်သတည်း။

ဤသို့ သုခသံဝါသ, သုသံဝိဟိတာရက္ခ, သုရက္ခိတပရိက္ခာရ, အပရိဘူတ, သဗ္ဗတ္ထအပ္ပဋိဟတစာရ[၁] အကျိုးရှိသော မေတ္တာငါးပါးကိုင်း—

၂။ မရဏဿတိပွါးခြင်း။　။မရဏံ မေ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ၊ အဝဿံ မယာ မရိတဗ္ဗံ။

မေ၊ ငါ၏။ ဝါ၊ ငါ့အား။ မရဏံ၊ ခန္ဓာပျက်ကြွေ သေရခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ချေလတ္တံ့။ မေ၊ ငါ၏။ ဇီဝိတိန္ဒြိယံ၊ အသက်သမုတ် ဇီဝရုပ်သည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ချုပ်ပြတ်ချေလတ္တံ့။ အဝဿံ၊ မချွတ်ကေန် အမှန်မုချ။ မယာ၊ ငါသည်။ မရိတဗ္ဗံ၊ သေရချေမည်။

ဤသို့ အနေသနကို ပယ်ရှား အဆင့်ဆင့် သံဝေဂတိုးပွါး ဝီရိယ တက်ကြွား ကာ သမ္မာပဋိပတ် ကောင်းမြတ်သော အကျင့်၌ မတွန့်တို မဆုတ်နစ်ခြင်း အကျိုးရှိသော မရဏဿတိကိုင်း—

---

၁။ သုခ သံဝါသ = ကျောင်းတွင်း သံဃာကို မေတ္တာပို့လျှင် သီတင်းသုံးဖော်တို့နှင့် ချမ်းသာစွာ ပေါင်းဖော်ရခြင်း။

သုသံဝိဟိတာရက္ခ= (သု+သံဝိဟိတ+အာရက္ခ) ကျောင်း (အိမ်) တွင်း နတ်များကို မေတ္တာပို့လျှင် နတ်တို့ကောင်းစွာ စီရင်ထားအပ်သော အစောင့်အရှောက်ရှိခြင်း (နတ်တို့၏ ကောင်းစွာ စောင့်ရှောက်မှုကိုရခြင်း)။

သုရက္ခိတ ပရိက္ခာရ=မိမိနေထိုင်ရာ မြို့ရွာနယ်ပယ်ရှိ အစိုးရသည့် မင်းများကို မေတ္တာ ပို့လျှင် အစိုးရမင်းတို့ ကောင်းစွာ စောင့်ရှောက်ထားအပ်သော အသုံးအဆောင် ပစ္စည်း ပရိက္ခရာရှိခြင်း (ပစ္စည်းပရိက္ခရာတို့ကို အစိုးရမင်းတို့က ကောင်းစွာ စောင့်ရှောက်ပေးခြင်း)။

အပရိဘူတ= (ပရိဘူတ=ညှဉ်းဆဲခြင်း) မိမိနေထိုင်ရာမြို့ရွာနယ်ပယ်ရှိ လူများကို မေတ္တာ ပို့လျှင် မေတ္တာပို့သူကို ထိုလူများ မနှိပ်စက် မညှဉ်းဆဲခြင်း။

သဗ္ဗတ္ထ အပ္ပဋိဟတစာရ = သတ္တဝါအားလုံးအား မေတ္တာပို့လျှင် အရပ် ဆယ်မျက်နှာ၌ အပိတ်အပင် အထိအခိုက် နှောင့်ရှက်မှုမရှိခြင်း၊ ယင်း အကျိုးတရားများကို ရသည်။

၃။ အသုဘပွါးခြင်း။ ။ကေဝါဒ[၁]အားဖြင့် နတ်ဌ်ဖြစ်သော အာရုံနှင့်ပင် တွေ့ကြုံလေ ငြားသော်လည်း လောဘအစွမ်းအားဖြင့် မတုန်လှုပ်ခြင်း အကျိုးရှိသော အသုဘ သညာကိုရှင်း—

သဗ္ဗတ္ထကမည်ပုံ။ ။သဗ္ဗတ္ထ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗန္တိ စ အဓိပ္ပေတဿ ယောဂါနုယောဂကမ္မဿ ဌာနတ္တာ စာတိ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ။

သဗ္ဗတ္ထ၊ အလုံးစုံသော ရဟန်းကိစ္စ၌။ ဝါ၊ ကမ္မဋ္ဌာနာနုယောဂ၌။ အတ္ထယိတဗ္ဗံ ဣစ္ဆိတဗ္ဗံ၊ ပုဗ္ဗဘာဝနအစွမ်းဖြင့် အလိုရှိအပ်၏။ ဣတိ စ၊ ထို့ကြောင့်ရှင်း။ အဓိပ္ပေတဿ၊ လိုအပ်သော။ ယောဂါနုယောဂကမ္မဿ၊ ဘာဝနာကို အခါခါ အားထုတ်ခြင်းအမှု၏။ ဌာနံ၊ ပြီးကြောင်းတည်း။ ဣတိ စ၊ ထို့ကြောင့်ရှင်း။ ဣတိ ဣမိနာ ဝစနတ္ထေန၊ ဤနှစ်ပါးသော ဝစနတ္ထကြောင့်။ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ၊ သဗ္ဗတ္ထက ကမ္မဋ္ဌာန်းမည်၏။

ဤသို့ အဋ္ဌကထာ (ပ၊ နှာ-၉၄) လာသည်နှင့်အညီ သဗ္ဗတ္ထကမည်သော ဤကမ္မဋ္ဌာန်း သုံးပါးတို့ကို သံဝေဂများ ဝီရိယ တက်ကြွား လောက်အောင် အတန်ငယ် ပွါးရမည်။ စရင်းပကတိ ရံခါရံခါ စီးဖြန်းရင်းရှိ၍ ဝီရိယတက်ကြွား သံဝေဂများသောသူ ဖြစ်မူ ယခုပွါးဘွယ် မရှိပြီ။

## ကသိုဏ်း ၁၀-ပါး

## ပထဝီကသိုဏ်း

**စတင်စီးဖြန်းပုံ။** ။ဤသို့ သဗ္ဗတ္ထက ကမ္မဋ္ဌာန်း သုံးပါးတို့ကိုပွါးစေ၍ သံဝေဂ များ ဝီရိယတက်ကြွားသည်ရှိသော် အနီးဖြစ်သော ရှေး ဘဝ၌ ပထဝီကသိုဏ်စျာန်ကို ရဘူးသည်သူဖြစ်လျှင် မလ္လကမထေရ်[၂]အသွင် မပြုပြင် အပ်သော ကောက်နယ်တလင်း လယ်ကျင်းခွက်မြေ၌ပင် ပထဝီ, ပထဝီ စသည်ဖြင့် စီးဖြန်းလျှင် ဥဂ္ဂဟနိမိတ် ထင်၏။

**ကသိုဏ်းဝန်းလုပ်နည်း။** ။အနီးဖြစ်သော ရှေးဘဝ၌ မလေ့လာခဲ့ဘူးသည်သူ ဖြစ်မူ ဖြူ-နီ-ညို-ရွှေ လေးထွေသော ပထဝီကသိုဏ်း ၏ အပြစ်ဒေါသ မထင်ရအောင် သီဟိုဠ်ကျွန်း ရောဝနဂင်္ဂါမြစ်ကမ်းပါးမြေကဲ့သို့ အရုဏ်ရောင် အဆင်းရှိသော မဝင်း-မဝါလွန်းသော နုန်းမြေစေးကို ညက်ညက် ဆင့်လျက် ရေကျင်းဖျော်ကာ "ဝိဒတ္ထိစတုရင်္ဂုလဝိတ္ထာရံ ဝဋ္ဋံ ကာတဗ္ဗံ"[၃] ဟူ

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၉၄။ ၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၁၂၀။

၃။ ဝိဒတ္ထိစတုရင်္ဂုလဝိတ္ထာရံ=အချင်းအားဖြင့် တထွာ လက်လေးသစ်အတိုင်း အရှည် ရှိသော။ ဝဋ္ဋံ=အဝန်းပုံကို။ ကာတဗ္ဗံ=ပြုအပ်၏။

သော အင်္ဂုတ္တရ (ပါ၊ နှာ-၁၂၂) နှင့် ညီစွာ တထွာနှင့် လက်လေးသစ်ခန့်မျှ ပျဉ်ချပ်, သားရေ, အဝတ်စသည်တို့ဖြင့် ဝန်းဝန်းဝိုင်းဝိုင်း သုတ်လိမ်းကာ "ဇဝံ ဝုတ္တပ္ပမာဏံ ဝါ ကသိဏမဏ္ဍလံ ဝိသဘာဂဝဏ္ဏေန ပရိစ္ဆေဒံ ကတွာ"[၁] ဟူသော ဋီကာ (ပါ၊ နှာ-၁၄၄) နှင့် ညီစွာ အနားရေးဝန်းကျင်ပတ်ချာ မဲနည့်,ဆေးဒါန်း မြင်းသီလာ စသော အဆင်းဖြင့် ပိုင်းခြားမင်သတ်လျက် စည်မျက်နှာမသေ့ ပြေပြစ်ချောမွေ့စွာ ရွှေပြောင်း၍ ရ,မရ သံဟာရိမ,တတြဋ္ဌက[၂] ကသိုဏ်း နှစ်ပါးတို့တွင် တပါးပါးသော ကသိုဏ်းကို ကျောင်းစွန်,ကျောင်းမြိတ် လူရှင် ဆိတ်ငြိမ်ရာ တောင်ခေါင်း သစ်ရွက်ကျောင်းတို့၌ ပြုလုပ်လျက် တံမြက်လှည်းခတ် ကသိုဏ်း၏ နှစ်တောင်ထွာ ဟတ္ထပါသ်အတွင်း တထွာ လက်လေးသစ် အမြေ ရှိသော အင်းပျဉ်ကိုခင်း၍ အင်းပျဉ်ထက်တွင် တင်ပျဉ်ဖွဲ့ခွေ ထိုင်နေကာ—

**ကာမဂုဏ်၏ အပြစ်များကို ရှုခြင်း။** ॥အပ္ပဿာဒါကာမာ ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီနဝေါ ဧတ္ထ ဘိယျော။

အဋ္ဌိကင်္ကလူပမာ ကာမာ အပ္ပဿာဒဋ္ဌေန။

မံသပေသူပမာ ကာမာ ဗဟုသာဓာရဏဋ္ဌေန။

တိဏုက္ကူပမာ ကာမာ အနုဒဟနဋ္ဌေန။

အင်္ဂါရကာသူပမာ ကာမာ မဟာဘိတာပနဋ္ဌေန။

သုပိနကူပမာ ကာမာ ဣတ္တရပစ္စုပဋ္ဌာနဋ္ဌေန။

ယာစိတကူပမာ ကာမာ တာဝကာလိကဋ္ဌေန။

ရုက္ခဖလူပမာ ကာမာ သဗ္ဗင်္ဂပစ္စင်္ဂပလိဘဉ္ဇနဋ္ဌေန။

အသိသူနူပမာ ကာမာ အဓိကုဋ္ဋနဋ္ဌေန။

သတ္တိသူလူပမာ ကာမာ ဝိနိဝိဇ္ဈနဋ္ဌေန။

သပ္ပသိရူပမာ ကာမာ သာသင်္က သပ္ပဋိဘယဋ္ဌေန ဗဟုဒုက္ခာ ဗဟုပါယာသာ၊ အာဒီနဝေါ ဧတ္ထ ဘိယျော။

---

၁။ ဝါ=တနည်းကား။ ဇဝံ၊ ဤသို့။ ဝုတ္တပ္ပမာဏံ၊ ဆိုအပ်ပြီးသော ပမာဏရှိသော။ ကသိဏမဏ္ဍလံ၊ ကသိုဏ်းဝန်းကို၊ ဝိသဘာဂ ဝဏ္ဏေန၊ သဘောမတူသော အဆင်းဖြင့်။ ပရိစ္ဆေဒံ၊ အပိုင်းအခြားကို။ ကတွာ၊ ပြု၍။

၂။ သံဟာရိမ=ပြောင်းရွှေ့ (ယူဆောင်) ၍ သွားစ ကောင်းသော ကသိုဏ်း။ တတြဋ္ဌက=ထိုအရပ်၌သာအမြဲတည်သောကသိုဏ်း၊ ပြောင်းရွှေ့မရသောကသိုဏ်း။

ကာမသုခဥ္စ နာမေ’တံ ဗဟုပရိဿယံ သာသင်္က သဘယံ သံကိလိဋ္ဌံ မိဠ္ဌပရိဘောဂသဒိသံ ဟီနံ ဂမ္မံ ပေါထုဇ္ဇနိကံ အနရိယံ အနတ္ထသံဟိတံ[၁]။

ကာမာ၊ ဝတ္ထု,ကိလေ နှစ်ထွေသော ကာမတို့သည်။ အပ္ပဿာဒါ၊ အနည်းငယ်မျှသာလျှင် သာယာအပ်သော သဘောရှိကုန်၏။ ဗဟုဒုက္ခာ၊ ဆင်းရဲခြင်းကား များစွာရှိကုန်၏။ ဗဟုပါယာသာ၊ များစွာ ပင်ပန်းခြင်းရှိကုန်၏။ ဧတ္ထ၊ ဤ ဝတ္ထု,ကိလေ နှစ်ထွေသော ကာမတို့၌။ အာဒီနဝေါ၊ အပြစ်ဒေါသသည်။ ဘိယျော၊ လွန်စွာများပြား၏။

ကာမာ၊ ကာမတို့သည်။ အပ္ပဿာဒဋ္ဌေန၊ အနည်းငယ်မျှ သာယာအပ်သော အနက်သဘောကြောင့်။ အဋ္ဌိကင်္ကလဉပမာ၊ အသားမစပ် ညှီစော်ကပ်၍ ခွေးငတ် မလွှတ်ရက်သော အရိုးနှင့် တူကုန်၏။ [ဝိဂတမံသာယ ဟိ အဋ္ဌိသင်္ခလိကာယ ကေဋ္ဌိမှိ ဝါ ကင်္ကလသဒ္ဒေါ နိရူဠှော။ တေရသကဏ္ဍဋီကာ (=သာရတ္ထဋီ၊တ၊နှာ-၈၇)]။

ကာမာ၊ ကာမတို့သည်။ ဗဟုသာဓာရဏဋ္ဌေန၊ အများနှင့်ဆက်ဆံခြင်းကြောင့်။ မံသပေသိ ဉပမာ၊ ကျီးများဘောင်တွင် တကောင်ရလစ် ဝိုင်းအော်ဟစ်သည့် သားတစ်နှင့်ပမာ တူကုန်၏။

ကာမာ၊ ကာမတို့သည်။ အနုဒဟနဋ္ဌေန၊ မလျော်ကျင့်မြောက် ငရဲရောက်အောင် လျှောက်၍ လောင်တတ်သော သဘောကြောင့်။ တိဏုက္ကူပမာ၊ လေတင်လှည့်ဆောင် လက်ထိလောင်သည့် တန်ဆောင်မြက်မီးရှူးနှင့် တူကုန်၏။

ကာမာ၊ ကာမတို့သည်။ မဟာဘိတာပနဋ္ဌေန၊ မရပ်မတည်နိုင်အောင် ပူလောင်ပြင်းပြ ကြီးမားလှသည်၏ အဖြစ်ကြောင့်။ အင်္ဂါရကာသု ဉပမာ၊ မီးကျီးပုံ မီးကျီးတွင်းနှင့် ပမာတူကုန်၏။

ကာမာ၊ ကာမတို့သည်။ ဣတ္တရပစ္စုပဋ္ဌာနဋ္ဌေန၊ တမုဟုတ်မျှ ပြုကျင့်ခံစားရသည်၏ အဖြစ်ကြောင့်။ သုပိနက ဉပမာ၊ စားရယောင်ယောင် သောက်ရယောင်ယောင် နတ်လှည့်ဆောင်သည့် သန်းခေါင်အိပ်မက်နှင့် တူကုန်၏။

ကာမာ၊ ကာမတို့သည်။ တာဝ ကာလိကဋ္ဌေန၊ သူကနိုင်ခါ သူ့လက်ပါ၍ ကိုယ့်ဟာမမှတ်ရ အခိုက်အတန့်မျှ သုံးဆောင်ရသောသဘောကြောင့်။ ယာစိတက ဉပမာ၊ ငှါးရမ်းယူငင် ပွဲသဘင်၌ ဝတ်ဆင်ခဏ သုံးဆောင်ရသော ဉစ္စာနှင့် တူကုန်၏။

၁။ မူလပဏ္ဏာသ၊ ဋ္ဌ၊ ဒု၊ နှာ-၁၀။ ပါစိတျာဒိ၊ ဋ္ဌ၊ နှာ ၁၃၉-စသည်၊ (ပါစိတ်ပါဠိတော် နှာ-၁၇၅၊ မူလပဏ္ဏာသ ပါဠိတော် နှာ-၁၈၂၊ မဟာနိဒ္ဒေသ၊ နှာ-၅ စသည်၌ အချိုပါသည်)။

ကာမာ၊ ကာမတို့သည်။ သဗ္ဗင် ပစ္စင် ပလိဘဉ္ဇနဋ္ဌေန၊ သူပုန်လူဆိုး အလုံးစုံသော အင်္ဂါကြီးငယ်ကို ရိုက်ချိုး လုယူအပ်သော အနက်သဘောကြောင့်။ ရုက္ခဖလ ဥပမာ၊ အခက်အရွက် ထွားထွားညက်အောင် ချိုးဖျက်ဆွတ်ယူအပ်သော သရက်သီးစသည်နှင့် တူကုန်၏။

ကာမာ၊ ကာမတို့သည်။ အဓိကုဋ္ဋနဋ္ဌေန၊ မနာလိုသူ လူတို့လာညှဥ်း နုပ်နုပ်စဉ်းရာ သဘောကြောင့်။ အသိသူနဥပမာ၊ အမဲသားညှင်း တင်၍မွှင်းသည့် စဉ်းတီတုံးနှင့် တူကုန်၏။

ကာမာ၊ ကာမတို့သည်။ ဝိနိဝိဇ္ဈနဋ္ဌေန၊ ပြည့်ဝမထင် အတွင်းဝင်လျက် ကိုယ်တွင်လေသာ အကျိ အခဲရောက်အောင် ထိုးဖောက်စူးဝင်တတ်သည်၏ အဖြစ်ကြောင့်။ သတ္တိ သူလ ဥပမာ၊ လှံမ တံကျင်တို့နှင့် တူကုန်၏။

ကာမာ၊ ကာမတို့သည်။ သာသင်္က သပ္ပဋိ ဘယဋ္ဌေန၊ ဒိဋ္ဌ, သမ္ပရာ နှစ်ဖြာသော အနတ္ထ၏ အကြောင်းဖြစ်၍ တွေးတောဖွယ်နှင့်တကွ ကြောက်ရွံ့ဖွယ်နှင့်တကွ ဖြစ်သော အနက်ကြောင့်။ သပ္ပသိရ ဥပမာ၊ အဆိပ်ထန်သော မြွေ၏ဦးခေါင်းနှင့် တူကုန်၏။ ဗဟုဒုက္ခာ၊ များသော ဆင်းရဲခြင်း ရှိကုန်၏။ ဗဟုပါယာသာ၊ များသော ပင်ပန်းခြင်းရှိကုန်၏။ ဧတ္ထ၊ ဤဝတ္ထု,ကိလေ နှစ်ထွေသော ကာမတို့၌။ အာဒီနဝေါ၊ အပြစ်ဒေါသသည်။ ဘိယျော၊ လွန်စွာများပြား၏။

ဧတံ ကာမသုခဋ္ဌ နာမ၊ ဤ ကာမ ချမ်းသာ မည်သည်လည်း။ ဗဟုပရိဿယံ၊ များသောရန်ရှိ၏။ သာသင်္ကံ၊ ခိုးသားရန်သူနှင့် အတူနေရသည့်နှယ် တွေးတောဖွယ်နှင့် တကွ ဖြစ်၏။ သဘယံ၊ ကြောက်မက်ဖွယ်ဘေးနှင့် တကွ ဖြစ်၏။ သံကိလိဋ္ဌံ၊ ညစ်ညူးစုတ်ပဲ့၏။ မိဠ္ဌ ပရိဘောဂ သဒိသံ၊ မစင်ကို သုံးဆောင်ရသည်နှင့် တူ၏။ ဟီနံ၊ ယုတ်ညံ့စွာ၏။ ဂမ္မံ၊ ရွာနေသူတို့အကျင့်တည်း။ ပေါထုဇ္ဇနိကံ၊ ကိလေသာထူ နတ်လူတို့အကျင့်တည်း။ အနရိယံ၊ ဆင်းရဲရာ၌ ဖြစ်တတ်သော လူညစ်လူနု လူမသူတို့၏ အကျင့်တည်း။ အနတ္ထသံဟိတံ၊ အကျိုးမဲ့နှင့်စပ်၏။

**ရတနာသုံးပါး၏ဂုဏ်ကိုအောက်မေ့ခြင်း။** ။ဤသို့ စသည်ဖြင့် ကာမဂုဏ်တို့၌ အပြစ်ဒေါသ ကာမေသု အာဒီနဝကို ဆင်ခြင်စဉ်းစား နှလုံးထား၍ မဂ္ဂဖလ၏ အခြေပါဒကဖြစ်၍ သဗ္ဗဒုက္ခသမတိက္ကမ၏ အကြောင်း ဥပါယ ဖြစ်သော ကာမနိဿရဏ နေက္ခမ္မ ဘွဲ့မည်ခံသော ပထမစျာန်၌ ပြင်းထန်စွာသော အာသာဆန္ဒဖြင့်—အဝိပရီတ ဒေသနာရှိရကား မြတ်စွာဘုရားသည် ‘သမ္မာသမ္ဗုဒ္ဓ’စင်စစ် ဖြစ်တော်မူပေသည်။ နေယျာနိက ဖြစ်ရကား တရားတော်လည်း ‘သွာချာတ’စင်စစ် မှန်ပေသည်။ ယထာနုသိဋ္ဌ ဆုံးမတော်မူသမျှကို ကျင့်သောကြောင့် အရိယသံဃာတော်လည်း ‘သုပ္ပဋိပန္န’ စင်စစ် ဖြစ်ပေသည်။

သမ္မာသမ္ဗုဒ္ဓေါ ဝဏ္ဏ သော ဘဂဝါ အဝိပရိတ ဓမ္မဒေသနတ္ထာ။
သွာချာတော ဝတ ဓမ္မော ကေန္တနိယျာနိကတ္ထာ။ သုပ္ပဋိပန္နော ဝတ သံဃော ယထာနုသိဋ္ဌံ ပဋိပဇ္ဇနတော[1]—

ဟု-အောက်မေ့ဆင်ခြင်ကာ ရတနာသုံးပါးဂုဏ်လျှင် အာရုံရှိသော ပီတိ ပါမောဇ္ဇ အစွမ်းဖြင့် စိတ်ကိုထုံမွန်း ဆီထိသည့်ဂွမ်းကဲ့သို့ ရွှင်လန်း ပွင့်လင်း စေလျက် 'ဤ ယခု ငါကျင့်မည့် အကျင့်သည် ခပ်သိမ်းကုန်သော ဘုရား, ပစ္စေက ဗုဒ္ဓါ, အရိယာသာဝကအပေါင်း သူတော်ကောင်းတို့၏ သွားရာ လမ်းကြောင်း ပေတည်း'။

## နေက္ခမ္မနှင့် ဘာဝနာ ပဋိပဒါ

ပဗ္ဗဇ္ဇာ ပဌမံ ဈာနံ၊ နိဗ္ဗာနဉ္စ ဝိပဿနာ။
သဗ္ဗေပိ ကုသလာ ဓမ္မာ၊ နေက္ခမ္မန္တိ ပဝုစ္စရေ[2]။

**နေက္ခမ္မ။** ။ပဗ္ဗဇ္ဇာ၊ ရဟန်း အဖြစ်ကိုရင်း။ ပဌမံ ဈာနံ၊ ပဌမဈာန်ကိုရင်း။ နိဗ္ဗာနံ စ၊ နိဗ္ဗာန်ကိုရင်း။ ဝိပဿနာ စ၊ ဝိပဿနာကိုရင်း။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရား တို့ကိုရင်း။ နေက္ခမ္မန္တိ၊ နေက္ခမ္မဟူ၍။ ပဝုစ္စရေ၊ ဆိုအပ်ကုန်၏။

"ဤသို့သော နေက္ခမ္မကို ရကြောင်း ရောက်ကြောင်း အကျင့် ပဋိပဒါ ပေတည်း"ဟု ယင်း ပထဝီ ကသိဏ ဘာဝနာ ပဋိပဒါ၌ လွန်စွာ ရှိသေလေးမြတ် ရွှေ, ငွေ, ပုလဲ,မျက်ရွဲ,နီလာ ရတနာလောက်မက ထင်မှတ်၍—

**အားထုတ်ခြင်း။** ။အဒ္ဓါ ဣမာယ ပဋိပဒါယ ပဝိဝေကသုခရသဿ ဘာဂီ ဘဝိဿာမိ[3]၊ အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

အဒ္ဓါ၊ စင်စစ်။ ဣမာယ ပဋိပဒါယ၊ ဤ ကသိဏဘာဝနာပဋိပဒါ အကျင့်ဖြင့်။ ဝါ၊ အကျင့်ကြောင့်။ ပဝိဝေက သုခရသဿ၊ စိတ္တဝိဝေက စသည်၌ (ဝါ၊ စသည်ကြောင့်)ဖြစ်သော ချမ်းသာအရသာ၏။ ဘာဂီ၊ အဖို့ရှိသည်။ ဘဝိဿာမိ၊ ဖြစ်ပေလတ္တံ့။ အဒ္ဓါ၊ စင်စစ်ကေန် အမှန်မချွတ်။ ဣမာယ ပဋိပဒါယ၊ ဤ ကသိဏ ဘာဝနာပဋိပဒါ အကျင့်ကြောင့်။ ဇရာ မရဏမှာ၊ အိုခြင်း, သေခြင်း ဟူသော ဆင်းရဲမှ။ ပရိမုစ္စိဿာမိ၊ လွတ်ရပေတော့အံ့။ ဤသို့ အားထုတ်ခြင်း ဥဿာဟကို ဖြစ်စေလျက်—

---

၁။ ဝိသုဒ္ဓိ၊ဋီ၊ပ၊နှာ-၁၄၄-၅ ပါဠိမြန်မာ ဆရာတော်ကြီးကိုယ်တိုင် အဆက်၌ ဘာသာပြန်ထားသည့်အတိုင်း ဖြစ်သည်။

၂။ ဣတိဝုတ်၊ဋ္ဌ၊နှာ-၃၃၁။

၃။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၂၁။

**ကသိုဏ်းကိုကြည့်နည်းနှင့်စိတ်ထားပုံ။** ။အာဒါသ မည်တွင် ကြေးမုံ ပြင်မှာ မျက်နှာရိပ်ကို ကြည့်ရှုဆင်ခြင်သည့် ပမာ ညီညွတ်စွာ မဖွင့်လွန်း, မမှိတ်လွန်းပဲ ကြည့်ရှု၍—

န ဝဏ္ဏော ပစ္စဝေက္ခိတဗ္ဗော၊ န လက္ခဏံ မနသိကာတဗ္ဗံ။ အပိစ ဝဏ္ဏံ အမုဉ္စိတွာ နိဿယသဝဏ္ဏံ ကတွာ ဥဿဒဝသေန ပဏ္ဏတ္တိဓမ္မေ စိတ္တံ ဌပေတွာ မနသိ ကာတဗ္ဗံ[၁]။

ဝဏ္ဏော၊ အဆင်းကို။ န ပစ္စဝေက္ခိတဗ္ဗော၊ မဆင်ခြင်အပ်။ လက္ခဏံ၊ လက္ခဏာကို။ န မနသိကာတဗ္ဗံ၊ နှလုံးမသွင်းအပ်။ အပိစ၊ စင်စစ်မူကား။ ဝဏ္ဏံ၊ အဆင်းကို။ အမုဉ္စိတွာ၊ မလွတ်မူ၍။ နိဿယသဝဏ္ဏံ၊ မှီရာဒြပ်နှင့် တူမျှသော အခြင်းအရာ တူမျှသော အလားရှိသည်ကို။ ကတွာ၊ ပြု၍။ ဥဿဒဝသေန၊ များသောအစွမ်းအားဖြင့်။ ပဏ္ဏတ္တိဓမ္မေ၊ မြေဟူသော သသမ္ဘာရ အတ္ထပညတ် ကသိုဏ်းဒြဗ်၌။ စိတ္တံ၊ ဘာဝနာစိတ်ကို။ ဌပေတွာ၊ ထား၍။ မနသိကာတဗ္ဗံ၊ နှလုံးပြုအပ်၏။

ဤသို့ အဋ္ဌကထာ (ပ၊နှာ-၁၂၁) လာသည့်အတိုင်း အရုဏ်ရောင်အဆင်းကို လည်း မဆင်ခြင်ပဲ ပထဝီဓာတ်၏ ခက်ထန်ခြင်း ထဒ္ဓလက္ခဏာကိုလည်း နှလုံး မသွင်းပဲ အဆင်းကိုမှီရာ မြေဒြပ်နှင့် တစပ်တည်း ထင်စေ၍ မြေဟူသော သသမ္ဘာရအတ္ထပညတ် ပထဝီကသိုဏ်းဒြဗ်၌ စိတ်ကို ထား၍—

**စီးဖြန်းပုံ။** ။ဝသုန္ဓရာ, ဆမာ, ဘူမိ၊ ပထဝီ, မေဒနီ, မဟီ။
ဥဗ္ဗီ, ဝသုမတီ, ဂေါ်, ကု၊ ဝသုဓာ, ဓရဏီ, ဓရာ။

စသော မြေ၏အမည်များတို့တွင် နှုတ်တက်ခလွလာ စိတ်မှာထင်မြင်ရာ သညာနုကူလ အမည်ကို ယူ၍—

ပထဝီနာမေသု ယမိစ္ဆတိ၊ ယဒဿ သညာနုကူလံ ဟောတိ၊ တံ ဝတ္တဗ္ဗံ။ အပိစ ပထဝီတိ ဧတဒေဝ နာမံ ပါကဋံ၊ တသ္မာ ပါကဋဝသေနေဝ ပထဝီ, ပထဝီတိ ဘာဝေတဗ္ဗံ[၂]။ အဋ္ဌကထာ (၊ပ၊နှာ-၁၂၂)

---

၁။ ဝိသုဒ္ဓိ၊ ဌ၊ ပ၊ နှာ-၁၂၁။

၂။ ပထဝီနာမေသု၊ ပထဝီ၏ အမည်တို့တွင်။ ယံ၊ အကြင်အမည်ကို။ ဝတ္တုံ၊ဆိုခြင်းငှါ။ ဣစ္ဆတိ၊ အလိုရှိ၏။ ယံ နာမံ၊ အကြင်အမည်သည်။ အဿ၊ ထိုယောဂီအား။ သညာနုကူလံ၊ မှတ်ခဲ့ဘူးသော အမှတ်သညာအား လျော်သည်။ဟောတိ၊ ဖြစ်၏။ တံနာမံ၊ ထိုအမည်ကိုသာ။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ အပိစ၊ စင်စစ်သော်ကား။ ပထဝီတိ ဧတဒေဝ နာမံ၊ ပထဝီဟူသော ဤ အမည်သည်သာ။ ပါကဋံ၊ ထင်ရှားပေ၏။ တသ္မာ၊ ထို့ကြောင့်။ ပါကဋဝသေနေဝ၊ ထင်ရှားသောအမည်၏အစွမ်းဖြင့်သာလျှင်။ ပထဝီ,ပထဝီတိ၊ ပထဝီ,ပထဝီဟူ၍။ဘာဝေတဗ္ဗံ၊ ပွါးများအပ်၏။

ဝတ္တဗ္ဗန္တိ စ ပဌမ သမန္နာဟာရေ ကသိဏံ ဝဝိဘေဒေါပိ ဟောတီတိ ကတွာ ဝုတ္တံ။ အာစရိယေန ဝါ ဝတ္တဗ္ဗတံ သန္ဓာယ။ ကိံ ဝါ ဗဟုနာ၊ ပါကဋဘာဝေါယေဝေတ္ထ ပမာဏန္တိ ဒဿေတုံ 'အပိစာ'တိအာဒိ ဝုတ္တံ[၁]။ ဋီကာ (၂၊နှာ-၁၄၆)

ဟု လာသည့်အတိုင်း အာဒိကမ္မိကဖြစ်ရကား ပထဝီ, ပထဝီဟု နှုတ်ဖြင့် ရွတ်၍ သော်၎င်း, နှုတ်ဖြင့် မရွတ်ပဲ စိတ်ဖြင့် ကြံဆင်ခြင်၍သော်၎င်း အဖန်ဖန် ပွါးများ အားထုတ်ရာ၏။

**ဋီကာစကား စဉ်းစားဘွယ်။** ။ဤ၌ 'ဥဿဒဝသေန ပဏ္ဏတ္တိဓမ္မေ'တိ ပထဝီဓာတုယာ ဥဿန္နဘာဝေန သတ္တိတော အဓိကဘာဝေန သသမ္ဘာရပထဝိယံ 'ပထဝီ'တိ ယော လောကဝေါဟာရော၊ တသ္မိံ ပဏ္ဏတ္တိဓမ္မေ ဓိတ္တံ ဌပေတွာ 'ပထဝီ ပထဝီ'တိ မနသိ ကာတဗ္ဗံ[၂]။

ဟု ဋီကာရှင် (၂၊နှာ-၁၄၆-၌) ဖွင့်တော်မူ၏။

နာမပညတ်ကို စီးဖြန်းရသော ကမ္မဋ္ဌာန်းဟူသည် မရှိ။ နာမပညတ်၌ စိတ်ကို ထားလျှင်လည်း ဘူတဝိပရိဏာမာကာရကိုစွဲ၍ သမုတ်အပ်သော အတ္ထပညတ် မြေဒြပ်၏ အတုဖြစ်သော ဥဂ္ဂဟနိမိတ်ပင် မထင်နိုင်ရာသောကြောင့် ဋီကာရှင် ဖွင့်တော်မူသော ယင်းစကားကို စဉ်းစားဆင်ခြင်သင့်သည်။

**ဥဂ္ဂဟနိမိတ်ပေါ်အောင် အားထုတ်ပုံ။** ။ရံခါ မျက်စိကို ဖွင့်၍ ကသိဏ်းဝန်းကို ကြည့်၊ ရံခါ မှိတ်၍ ဆင်ခြင်၊ မြင်သောအတိုင်း နှလုံးသွင်းရမည်။ ဥဂ္ဂဟနိမိတ် မထင်သမျှ ကာလပတ်လုံး နေရာ

---

၁။ ဝတ္တဗ္ဗန္တိ၊ ဝတ္တဗ္ဗံ ဟူသောပုဒ်ကို။ ပဌမသမန္နာဟာရေ၊ ရှေးဦးစွာ နှလုံးသွင်းသော အခါ၌။ ကသိဏံ၊ အချိုးသောယောဂီအား။ ဝဝိဘေဒေါပိ၊ နှုတ်မြွက်ခြင်း သည်လည်း။ ဟောတိ၊ ဖြစ်သေး၏။ ဣတိကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ဝါ၊ တနည်းကား။ အာစရိယေန၊ ဆရာသည်။ ဝတ္တဗ္ဗတံ၊ ပြောကြားအပ်သည့် အဖြစ်ကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။ ဝါ၊ တနည်းကား။ ဗဟုနာ၊ များစွာဆိုသဖြင့်။ ကိံ၊ ဘယ်အကျိုး ရှိမည်နည်း။ ပါကဋဘာဝေါယေဝ၊ ထင်ရှားသည့် အဖြစ်ကသာလျှင်။ ဧတ္ထ၊ ဤအရာ၌။ ပမာဏံ၊ ပမာဏပေတည်း။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ အပိစာတိအာဒိ၊ အပိစ စသောစကားကို။ ဝုတ္တံ၊ မိန့်တော်မူအပ်၏။

၂။ ဥဿဒဝသေန ပဏ္ဏတ္တိ ဓမ္မေတိ၊.... ဓမ္မေ ဟူသည်ကား။ ပထဝီ ဓာတုယာ၊ ပထဝီ ဓာတ်၏။ ဥဿန္နဘာဝေန၊ များသည်၏ အဖြစ်ဖြင့်။ သတ္တိတော၊ အစွမ်းသတ္တိ အားဖြင့်။ အဓိကဘာဝေန၊ လွန်ကဲသည့် အဖြစ်ကြောင့်။ သသမ္ဘာရ ပထဝိယံ၊ သသမ္ဘာရ ပထဝီ၌။ ယော လောက ဝေါဟာရော၊ အကြင်လောက ဝေါဟာရသည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ ပဏ္ဏတ္တိ ဓမ္မေ၊ ထိုလောက ဝေါဟာရဟူသော ပညတ်တရား၌။ စိတ္တံ၊ စိတ်ကို။ ဌပေတွာ၊ ထား၍။ ပထဝီ, ပထဝီတိ၊ မြေကြီး, မြေကြီး ဟူ၍။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

နွေးအောင်ထိုင်ခြင်း အရာ, အထောင်, အသောင်း, အသိန်း, အသန်းပင် ကြာသော်လည်း ဤနည်းချည်းသာ ပွါးများအပ်၏။ အကြင်အခါ ဖွင့်၍ ကြည့်သောကာလ၌ကဲ့သို့ မှိတ်၍ ဆင်ခြင်သောအခါ မနောဒွါရိကဇောစိတ်မှာ ကသိုဏ်းဝန်း ထင်ရှားလာ၏။ ထိုအခါ ဥဂ္ဂဟနိမိတ် ဖြစ်သည်မည်၏။

**ပဋိဘာဂနိမိတ်ဖြစ်ပေါ်အောင် အားထုတ်ပုံ။** ။ထို ဥဂ္ဂဟနိမိတ်ထင်သောအခါ ပဋိဘာဂနိမိတ် ထင်လာခြင်းအကျိုးငှါ ထိုကသိုဏ်းဝန်းရှိရာအရပ်၌ မနေမူ၍ တောင်ဝှေးကိုင်ကာ လွှာ ဘိနပ်ဖြင့် နေရပ်တိုက်ခန်းသို့သွား၍ ပထဝီ,ပထဝီစသည်ဖြင့် ပွါးမြဲတိုင်းပင် ပွါးအပ်၏။

နိသဇ္ဇဘာဝါယ ကေပဋ္ဌလိကူပါဟနဂ္ဂဟဏံ၊ ပရိဿယဝိနောဒနတ္ထံ ကတ္တရဒဏ္ဍဂ္ဂဟဏံ[၁]။ ဋီကာ (ပ၊နှာ-၁၄၆)

ဆိုလတ္တံ့သော အသပ္ပါယတို့တွင် တစုံတရာ အသပ္ပါယကြောင့် နုလှသော တရုဏသမာဓိ၊ ရသစ်စ ဖြစ်သော ဥဂ္ဂဟနိမိတ် ပျောက်ကွယ် ခဲ့သည်ရှိသော် တောင်ဝှေးကိုင်ကာ လွှာဘိနပ်နှင့် ကသိုဏ်းဝန်းရှိရာ အရပ်သို့ သွား၍ ဥဂ္ဂဟနိမိတ်ကို ယူကာပြန်လာခဲ့၍ ချမ်းမြေ့စွာ ထိုင်နေကာ အဖန်ဖန် အခါခါ ပွါးများအပ်၏။

**ပဋိဘာဂနိမိတ်ဖြစ်ပေါ်ပုံ။** ။ဤသို့ အဖန်ဖန် ပွါးများအပ်သည်ရှိသော် အကြင်အခါ ကိလေသာမှုအနည်ကျ၍ နီဝရဏငြိမ်းစဲသဖြင့် ပုလဲစစ်အနှစ်, ခရုသင်းပွတ်သစ်, အအိမ်မှထုတ်သစ်စ ကြေးမုံ, တိမ်ပုံမှ ထွက်သစ်စသောလ, မိုးတိမ်ညိုဝ၌ ပျံလေသော ဗျိုင်းဖြူပမာ လက်ရာအရေးအကြောင်းစသော ကသိဏဒေါသနှင့်တကွ ရှေးထင်လေပြီးသော ဥဂ္ဂဟနိမိတ်ကို ခွဲ၍ ထွက်လာသကဲ့သို့ ဥဂ္ဂဟနိမိတ်ထက် အဆထောင်ရာ အလွန်စင်ကြယ်စွာ ထင်လာ၏။ ထိုအခါ ပဋိဘာဂနိမိတ်ဖြစ်၏။

**ဥပစာရသမာဓိ။** ။ပရိကမ္မဘာဝနာ ပရိကမ္မ သမာဓိကို လွန်မြောက်၍ ဥပစာရဘာဝနာ, ဥပစာရသမာဓိသို့ ရောက်၏မှတ်။

တဿ ခေါ ပဋိဘာဂနိမိတ္တံ နေဝ ဝဏ္ဏဝန္တံ န သဏ္ဌာနဝန္တံ အပရမတ္ထသဘာဝတ္တာ[၂]။ ဋီကာ (၊ပ၊နှာ-၁၄၇)

---

၁။ နိသဇ္ဇဘာဝါယ၊ အသံကင်းသည်၏ အဖြစ် အလို့ငှါ(အသံမမြည်ခြင်းအကျိုးငှါ)။ ကေပဋ္ဌလိကူပါဟနဂ္ဂဟဏံ၊ လွှာချင်းဘိနပ်ကို ယူခြင်း (ကို ဆိုခြင်း)သည်။ ဟောတိ၊ ဖြစ်၏။ ပရိဿယ ဝိနောဒနတ္ထံ၊ ဘေးရန်ကိုပယ်ဖျောက်ခြင်းအကျိုးငှါ။ ကတ္တရဒဏ္ဍဂ္ဂဟဏံ၊ တောင်ဝှေးကို ယူခြင်း(ကို ဆိုခြင်း)သည်။ ဟောတိ၊ ဖြစ်၏။

၂။ တဿ ခေါ ပဋိဘာဂနိမိတ္တံ၊ ထိုပဋိဘာဂနိမိတ်သည်လည်း။ အပရမတ္ထ သဘာဝတ္တာ၊ ပရမတ္ထသဘောမဟုတ်သည်၏ဖြစ်ကြောင့်၊ ဝဏ္ဏဝန္တံ၊ အဆင်းရှိသည်။ နေဝ (ဟောတိ)၊ မဖြစ်။ သဏ္ဌာနဝန္တံ၊ ပုံပန်းရှိသည်။ န (ဟောတိ)၊ မဖြစ်။

ကေဝလဉ္စိ သမာဓိလာဘိနော ဥပဋ္ဌာနာကာရမတ္တံ သညဇမေတံ[၁]။ အဋ္ဌကထာ (ပ၊ နှာ-၁၂၂)

'သညဇ'န္တိ ဘာဝနာသညာယ ဇနိတံ ဘာဝနာသညာယ သဉ္ဇာတမတ္တံ။ န ဟိ အသဘာဝဿ ကုတောစိ သမုဋ္ဌာနံ အတ္ထိ။ တေနာ'ဟ—'ဥပဋ္ဌာနာကာရမတ္တ'န္တိ[၂]။ (ဋီကာ၊ပ၊နှာ-၁၄၇)

ဥပ္ပန္နကာလတော စ ပနဿ ပဋ္ဌာယ နီဝရဏာနိ ဝိက္ခမ္ဘိတာနေဝ ဟောန္တိ၊ ကိလေသာ သန္နိသိန္နာဝ၊ ဥပစာရသမာဓိနာ စိတ္တံ သမာဟိတမေဝ[၃]။ အဋ္ဌကထာ(ပ၊ နှာ-၁၂၂)

ဝိက္ခမ္ဘိတာနေဝ သန္နိသိန္နာဝ၊ န ပန တဒင်္ဂံ ဉဿာဟော ကာတဗ္ဗောတိ အဓိပ္ပါယော[၄]။ ဋီကာ (၊ပ၊နှာ-၁၄၇) အနက် ထင်ရှားပြီ။

**ရပြီးနိမိတ်တို့ကိုစောင့်ခြင်း။** ။ယင်း ဥပစာရသမာဓိနှင့်တကွ ယင်းပဋိဘာဂနိမိတ်ကို ဖြစ်စေခြင်းသည် လွန်စွာခဲယဉ်းရကား ယင်းပဋိဘာဂနိမိတ်ကို ရလျှင်ရခြင်း ထိုနေရာ၌ပင် နိမိတ်ကို တိုးပွါးစေလျက် အပ္ပနာစျာန်သို့ တက်အောင် ဆောင်ရွက် အားထုတ်ရာသည်။ ထိုသို့ မစွမ်းနိုင်မူ—

---

၁။ ဟိ၊ အကြင့်ကြောင့်။ ကေဝလံ၊ သက်သက်။ တံ၊ ဤပဋိဘာဂနိမိတ်သည်။ သမာဓိလာဘိနော၊ ဥပစာရသမာဓိကိုရသော ယောဂီအား။ ဥပဋ္ဌာနာကာရမတ္တံ၊ ထင်သော အခြင်းအရာမျှဖြစ်၍။ သညဇံ၊ ဘာဝနာသညာသည် ဖြစ်စေအပ်၏။

၂။ သညဇန္တိ၊ သညဇံဟူသည်ကား။ ဘာဝနာသညာဇနိတံ၊ ဘာဝနာသညာက ဖြစ်စေအပ်သောအာရုံပေတည်း။ ဘာဝနာသညာယ၊ ဘာဝနာသညာကြောင့်။ သဉ္ဇာတမတ္တံ၊ ဖြစ်သောအာရုံမျှသာတည်း။ ဟိ၊ မှန်၏။ အသဘာဝဿ၊ ပရမတ္ထ သဘော မဟုတ်သော တရား၏။ ကုတောစိ၊ တစုံတခုသော။ သမုဋ္ဌာနံ၊ သမုဋ္ဌာန်သည် (ဖြစ်ကြောင်းသည်)။ န အတ္ထိ၊ မရှိ။ တေန၊ထို့ကြောင့်။ ဥပဋ္ဌာနာကာရမတ္တန္တိ၊ ဥပဋ္ဌာနာကာရမတ္တံဟူ၍။ အာဟ၊ မိန့်တော်မူ၏။

၃။ ပန၊ အကျိုးကို ဆိုပါဦးအံ့။ အဿ၊ထိုပဋိဘာဂနိမိတ်၏။ ဥပ္ပန္နကာလတော စ၊ဖြစ်ရာကာလမှသာလျှင်။ ပဋ္ဌာယ၊စ၍။ နီဝရဏာနိ၊ နီဝရဏတို့သည်။ ဝိက္ခမ္ဘိတာနေဝ၊ ခွါအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကိလေသာ၊ ကိလေသာတို့သည်။ သန္နိသိန္နာဝ၊ငြိမ်ဝပ်စွာနေကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပစာရသမာဓိနာ၊ ဥပစာရသမာဓိသည်။ စိတ္တံ၊ စိတ်ကို၊ သမာဟိတမေဝ၊ ကောင်းစွာထားအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

၄။ ဝိက္ခမ္ဘိတာနေဝ၊ ကွာကုန်သည်သာလျှင်။ သန္နိသိန္နာဝ၊ ကောင်းစွာငြိမ်သက်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒင်္ဂံ ပန၊ ထိုနီဝရဏ ကွာခြင်း အကျိုးငှါကား။ ဉဿာဟော၊ အားထုတ်ခြင်းကို။ န ကာတဗ္ဗော၊ မပြုအပ်။ ဣတိ အဓိပ္ပါယော၊ ဤကား လိုအပ်သော အဓိပ္ပါယ်တည်း။ (ဥပစာရသမာဓိရခဲ့လျှင် နီဝရဏ တရား ကွာစေခြင်းငှါ ထပ်၍ အားထုတ်ဖွယ် မရှိပြီဟု ဆိုလိုသည်။)

နိမိတ္တံ ရက္ခတော လဒ္ဓ-ပရိဟာနိ န ဝိဇ္ဇတိ။
အာရက္ခမှိ အသန္တမှိ၊ လဒ္ဓံ လဒ္ဓံ ဝိနဿတိ။

အဋ္ဌကထာ၊ပ၊ နှာ-၁၂၃။

နိမိတ္တံ၊ ရပြီးသောပဋိဘာဂနိမိတ်ကို။ ရက္ခတော၊ စကြဝတေးလောင်း ကိုယ်ဝန်ကဲ့သို့ ကောင်းမွန်စွာ စောင့်ရှောက်သော ယောဂီအား။ လဒ္ဓပရိဟာနိ၊ ရပြီးသောဥပစာရစျာန်၏ ဆုတ်ယုတ်ပျက်စီးခြင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။ အာရက္ခမှိ၊ အာရုံနိမိတ်ကို စောင့်ရှောက်ခြင်းသည်။ အသန္တမှိ၊ မရှိခဲ့လတ်သော်။ လဒ္ဓံ လဒ္ဓံ၊ ရတိုင်းရတိုင်းသော တဒါယတ္တဝုတ္တိ အာရမ္မဏိကဖြစ်သော ဥပစာရ စျာန်သည်။ ဝိနဿတိ၊ ပျောက်ကွယ် တိမ်ကော လျော့ကျလေ၏။

ဤသို့ စောင့်ရှောက်လျှင် အကျိုး၊ မစောင့်ရှောက်လျှင် အပြစ် ရှိသော ကြောင့်—

## သပ္ပါယ ၇-ပါး,အသပ္ပါယ ၇-ပါး

အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေ'တေ၊ အသပ္ပါယေ ဝိဝဇ္ဇယေ။

သပ္ပါယေ သတ္တ သေဝေထ၊ ဧဝဉ္ဟိ ပဋိပဇ္ဇတော။
န စိရေနေဝ ကာလေန၊ ဟောတိ ကဿစိ အပ္ပနာ[၁]။

**အသပ္ပါယ ၇-ပါး။** ။အာဝါသော၊ ကျောင်းအိပ်ရာနေရာရင်း။ ဂေါစရော၊ ဆွမ်းခံရွာရင်း။ ဘဿံ၊ ပြောဟောအပ်သောစကားရင်း။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ရင်း။ ဘောဇနံ၊ ချို, ချဉ်, စပ်, ဖန်စသော အစားရင်း။ ဥတု၊ အေး အပူဟူသော ဥတုရင်း။ ဣရိယာပထော၊ သွား, ရပ်, ထိုင်, လျောင်းခြင်း ဟူသော ဣရိယာပုထ်ရင်း။ ဣတိ၊ ဤသို့။ အသပ္ပါယေ၊ သမာဓိ ဘာဝနာ အား မလျော်ကပ်ကုန်သော။ ဧတေ သတ္တ၊ ဤခုနစ်ပါးတို့ကို။ ဝိဝဇ္ဇယေ၊ ဝေးစွာရှောင်ကြဉ်ရာ၏။

**သပ္ပါယ ၇-ပါး။** ။သပ္ပါယေ၊ သမာဓိဘာဝနာအား လျော်ကပ်ကုန်သော။ သတ္တ၊ အာဝါသစသော ခုနစ်ပါးတို့ကို။ သေဝေထ၊ မှီဝဲရာ၏။

ဟိ၊ အကျိုးကား။ ဧဝံ၊ ဤသို့ မသင့်သည်ကို ကြဉ်ဖဲ သင့်သည်ကို မှီဝဲလျက်။ ပဋိပဇ္ဇတော၊ ကျင့်ကြံအားထုတ်သော။ ကဿစိ၊ အချို့သော နာတိတိက္ခယောဂီအား။ န စိရေနေဝ ကာလေန၊ မကြာမမြင့် ကာလဖြင့်သာလျှင်။ အပ္ပနာ၊ အပ္ပနာစျာန်သည်။ ဟောတိ၊ ဖြစ်ပေါ်လာ၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ—၁၂၃ လာ နှစ်ဂါထာ။

ဤသို့ လာသည့်အတိုင်း အသပ္ပါယခုနစ်ပါးတို့ကို ပယ်ရှဲ၍, သပ္ပါယ ခုနစ်ပါးတို့ကို မှီဝဲလျက် စကြဝတေးလောင်း ကိုယ်ဝန်ကိုကဲ့သို့ ကောင်းမွန်စွာ ပဋိဘာဂနိမိတ်ကို စောင့်ရှောက်အပ်၏။

**အာဝါသ။** ။ထိုတွင် သတိ, ပညာ, သမာဓိ,ဝီရိယတို့ကို ပွါးစေတတ်သော ကျောင်းသည် **သပ္ပါယ** (အာဝါသ)မည်၏။ မသိနိုင်မူ—

"ယသ္မိံ ဝိဟာရေ ဗဟူ အာဝါသာ ဟောန္တိ။ တတ္ထ ကေမေကသ္မိံ တီဏိ တီဏိ ဒိဝသာနိ ဝသိတွာ ယတ္ထဿ စိတ္တံ ဧကဂ္ဂံ ဟောတိ၊ တတ္ထ ဝသိတဗ္ဗံ။ အဋ္ဌကထာ (ပ၊ နှာ-၁၂၄) လာသည့်အတိုင်း သုံးရက် သုံးရက် စမ်းအပ်၏။

**ဂေါစရ။** ။သဟာဿမနုပ္ပမာဏံ ဒိယဍ္ဎကောသံ။

သဟာဿမနုပ္ပမာဏံ၊ ကုလလေးတာ တထောင်ပမာဏသည်။ ဒိယဍ္ဎကောသံ၊ အခွဲနှင့်တကွ နှစ်ကောသမည်၏။ ဝါ၊ တကောသခွဲမည်၏။

ဤသို့ ဋီကာ (၊ပ၊ နှာ-၁၄၀)လာတိုင်း တကောသခွဲ အတွင်း၌ ရှိသော အသွား, အပြန် မျက်နှာကို နေလုံ့ မထိအောင် တောင်မြောက် စူးစူး အထူး ပြည့်စုံသော ဆွမ်းခံရွာသည် **သပ္ပါယဂေါစရ** မည်၏။ ထိုမှပြန်သော ဆွမ်းခံရွာသည် **အသပ္ပါယဂေါစရ** မည်၏။

**ဘဿကထာ။** ။ပါဠိယံ သရူပတော အနာဂတာပိ အရည ပဗ္ဗတ နဒီ ဒီပကထာ ဣတိသဒ္ဒေ သင်္ဂဟေတွာ သဂ္ဂမောက္ခာနံ တိရစ္ဆာနဘာဝတော 'ဒွတ္တိံသတိရစ္ဆာနကထာ'တိ ဝုတ္တာ[1]။

မဟာဋီကာ (ပ၊ နှာ-၁၄၀) လာသည်အတိုင်း အရည, ပဗ္ဗတ, နဒီ, ဒီပ ကထာနှင့်တကွ ရာဇကထာ, စောရကထာ စသော သုံးဆဲ့နှစ်ပါး[2]သည် နိမိတ်ကို ကွယ်ပျောက်စေတတ်သောကြောင့် **အသပ္ပါယကထာ** မည်၏။

အပ္ပိစ္ဆတာ စ သန္တုဋ္ဌိ၊ ပဝိဝေကာ အသံသဂ္ဂ။
ဝီရိယာရမ္ဘသီလာဒိ၊ ကထာယံ ဒသဝတ္ထုကာ[3]။

---

၁။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ပ၊နှာ-၁၄၀။

၂။ ဒီ၊၁၊ နှာ-၇။ မ၊၂၊ နှာ-၁၈၁။ သံ၊၃၊ နှာ-၃၆၀။ အံ၊၃၊ နှာ-၃၅၀။ ဝိ၊၂၊ နှာ-၂၁၃။

၃။ ကထာဝတ္ထု ဆယ်ပါးအတွက်ကို မူလပဏ္ဏာသ၊ ဩပမ္မဝဂ်၊ ရထဝိနီတသုတ်၊ ပါဠိ နှာ-၁၉၉။ ၎င်း အဋ္ဌကထာ၊ ဒု၊ နှာ-၄၄-တို့၌ အကျယ်ရှုပါ။

**သပ္ပါယကထာဝတ္ထု ၁၀-ပါး။** ။အပ္ပိစ္ဆတာ စ၊ အလို နည်းခြင်းနှင့် စပ်သော စကားရင်း။ သန္တုဋ္ဌိ၊ ရောင့်ရဲ လွယ်ခြင်းနှင့် စပ်သော စကားရင်း။ ပဝိဝေကာ၊ ကာယဝိဝေကစသော ဆိတ်ငြိမ်ခြင်းနှင့် စပ်သော စကားရင်း။ အသံသဂ္ဂါ၊ ကာမဂုဏ်နှင့် မရောမယှက် ဒဿနသံသဂ္ဂ စသည် ကင်းသောစကားရင်း။ ဝီရိယာရမ္ဘာ၊ လုံ့လအားထုတ်ခြင်းနှင့်စပ်သော စကားရင်း။ သီလာဒိ၊ သီလကထာ, သမာဓိကထာ, ပညာကထာ, ဝိမုတ္တိကထာ, ဝိမုတ္တိဉာဏ ဒဿနကထာ ငါးပါးရင်း။ အယံ၊ ဤဆယ်ပါးသော စကားသည်။ ဒသဝတ္ထုကာ၊ ဆယ်ပါးသော ကထာဝတ္ထုဥ္ဒှိမှီသော။ ကထာ၊ စကားကောင်း မည်၏။

ဤ ကထာဆယ်ပါးသည် သပ္ပါယဘဿ မည်၏။

တမ္ပိ မတ္တာယ ဘာသိတဗ္ဗံ[၁]။ အဋ္ဌကထာ (၁၀၊ နှာ-၁၂၄)

**ပုဂ္ဂလ။** ။ကိုယ်တသသ **ကာယဒဠှီဗဟုလ** တိရစ္ဆာန ကထိက ပုဂ္ဂိုလ်သည် အသပ္ပါယပုဂ္ဂိုလ် မည်၏။ မရသေးသော သမာဓိကို ရအောင် ရပြီးသော သမာဓိကို ခိုင်ခံ့စွာ ထာဝရ တည်အောင် ပြောဟောတတ်သော အတိရစ္ဆာနကထိက သီလာဒိဂုဏသမ္ပန္န သမာဓိကမ္မဋ္ဌာနိက သမာဓိကမ္မဋ္ဌာန ပါရပ္ပတ္တ ပုဂ္ဂိုလ်သည် **သပ္ပါယပုဂ္ဂိုလ်** မည်၏။

**ဘောဇဉ်, ဥတု။** ။သမာဓိဖြစ်ပွါးကြောင်း ဘောဇဉ်, ဥတုသည် **သပ္ပါယ-ဘောဇဉ် ဥတု** မည်၏။

**ဣရိယာပထ။** ။သမာဓိဖြစ်ပွါးရာ သွားခြင်း, ရပ်ခြင်း စသော ဣရိယာ ပုထ်သည် **သပ္ပါယဣရိယာပုထ်** မည်၏။ မသိသာမူ အာဝါသ ကဲ့သို့ သုံးရက် သုံးရက် စုံစမ်းရမည်။

**အပ္ပနာကောသလ္လ ၁၀-ပါး။** ။ဤသို့ အသပ္ပါယ ခုနစ်ပါးကို ပယ်ရှဲ သပ္ပါယ ခုနစ်ပါးကို မှီဝဲ၍ အဖန်တလဲလဲ ပွါးများစီးဖြန်း သည်ရှိသော် အချို့သော နာတိတိက္ခပုဂ္ဂိုလ်အား 'အပ္ပနာစျာန်' ဖြစ်ပေါ် လာ၏။ သို့မှ 'အပ္ပနာစျာန်' မဖြစ်ပေါ် လာသေးမူ —

---

၁။ တမ္ပိ၊ ထိုသပ္ပါယကထာ ၁၀-ပါး ကိုသော်လည်း။ မတ္တာယ၊ အတိုင်းအရှည်ဖြင့်။ ဘာသိတဗ္ဗံ၊ပြောဆိုအပ်၏။ (ဤ ၁၀-ပါးကိုချည်း အချိန်ရှိသမျှ ပြောဟောနေလျှင် ပဋိပတ္တိ အလုပ်စခန်း ပျက်တတ်သည်-ဟု ဆိုလိုသည်။)

ဝတ္ထုဝိသဒေါ ဣန္ဒြိယ-သမတ္တပ္ပဋိပါဒနံ။
နိမိတ္တကောသလ္လံ စိတ္တ-ပဂ္ဂဟော စိတ္တနိဂ္ဂဟော။

သမ္ပဟံသော အဇ္ဈုပေက္ခာ၊ အသမာဟိတဝဇ္ဇနာ။
သမာဟိတပုဂ္ဂလသေဝါ၊ သေဝေါ တဒဓိမုတ္တတာ[၁]။

၁။ ဝတ္ထုဝိသဒေါ၊ သရီရ,သရီရ ပဋိဗဒ္ဓစီဝရ စသော အဇ္ဈတ္တ,ဗဟိဒ္ဓဝတ္ထုကို သန့်ရှင်းစင်ကြယ်အောင် ပြုခြင်းငှင်း။

နနု စာ,ယံ နယော ခုဒ္ဒက ပလိဗောဓုပစ္ဆေဒေန သင်္ဂဟိတော၊ ပုန ကသ္မာ ဝုတ္တောတိ၊ သစ္စံ သင်္ဂဟိတော၊ သော စ ခေါ ဘာဝနာယ အာရမ္ဘကာလေ။ ဣဓ ပန အာရဒ္ဓ ကမ္မဋ္ဌာနဿ ဉပစာရဇ္ဈာနေ ဌတွာ အပ္ပနာပရိဝါသံ ဝသန္တဿ ကာလန္တရေ ဇာတေ တထာပဋိပတ္တိ အပ္ပနာကောသလ္လာယ ဝုတ္တာ။ (ဋီကာ၊ ပ၊ နှာ-၁၅၀)

၂။ ဣန္ဒြိယသမတ္တပဋိပါဒနံ၊ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကို ညီမျှအောင် ပြုခြင်းငှင်း။

ဝိသေသတော ပနေ'တ္ထ သဒ္ဓါ,ပညာနံ သမာဓိ,ဝီရိယာနဉ္စ သမတံ ပသံသန္တိ။ ဗလဝသဒ္ဓေါ ဟိ မန္ဒပ္ပညော မုဒ္ဓပ္ပသန္နော ဟောတိ၊ အဝတ္ထုသ္မိံ ပသီဒတိ။ ဗလဝပ္ပညော မန္ဒသဒ္ဓေါ ကေရာဋိကပက္ခံ ဘဇတိ။ ဘေသဇ္ဇ-သမုဋ္ဌိတော ဝိယ ရောဂေါ အတေကိစ္ဆော ဟောတိ၊....ဗလဝသမာဓိံ ပန မန္ဒဝီရိယံ သမာဓိဿ ကောသဇ္ဇပက္ခတ္တာ ကောသဇ္ဇံ အဘိဘဝတိ။ ဗလဝ-ဝီရိယံ မန္ဒသမာဓိံ ဝီရိယဿ ဉဒ္ဓစ္စပက္ခတ္တာ ဉဒ္ဓစ္စ'မဘိဘဝတိ[၂]။

---

၁။ အဋ္ဌကထာ၊ ပ၊ နှာ-၁၂၅-၌ လာသည်ကို ဂါထာ စီထားသည်။

၂။ ပန၊ ထူးခြားသည့် အချက်ကို ဆိုဦးအံ့။ ဝိသေသတော၊ အထူးအားဖြင့်။ ဧတ္ထ၊ ဤဣန္ဒြေ ၅-ပါးတို့တွင်။ သဒ္ဓါပညာနဉ္စ၊ သဒ္ဓါနှင့် ပညာတို့၏ငှင်း။ သမာဓိ ဝီရိယာနဉ္စ၊ သမာဓိနှင့်ဝီရိယတို့၏ငှင်း။ သမတံ၊ မလွန်မယုတ် ညီမျှသည့်အဖြစ်ကို။ ပသံသန္တိ၊ ဘုရား စသော သူတော်ကောင်းတို့ ချီးမွမ်းကုန်၏။

ဟိ၊ ချဲ့ဦးအံ့။ ယော၊ အကြင်သူသည်။ ဗလဝသဒ္ဓေါ၊ အားကြီးလွန်ကဲသော သဒ္ဓါရှိ၏။ မန္ဒပ္ပညော၊ နံ့သော မထက်သော ပညာရှိ၏။ သော၊ ထိုသူသည်။ မုဒ္ဓပ္ပသန္နော၊ မိုက်မိုက် ကန်းကန်း မဆင်မခြင် ကြည်ညိုတတ်သည်။ ဟောတိ၊ ဖြစ်၏။ (အခဝစ္စ ပသန္နော၊ ဉာဏ် ဖြင့် သက်ဝင် စဉ်းစား၍ ကြည်ညိုသည်။ န ဟောတိ၊ မဟုတ်။) အ ဝတ္ထုသ္မိံ၊ ကြည်ညိုဖွယ် မဟုတ်သော အစေလက တက္ကတွန်း စသည်၌။ ပသီဒတိ၊ တိတ္ထိယ သာဝကတို့လို ကြည်ညို မြတ်နိုးတတ်၏။

ဗလဝပ္ပညော၊ လွန်ကဲအားကြီးသော ပညာနှင့် ပြည့်စုံသော။ မန္ဒသဒ္ဓေါ၊ မထက်သန် သော သဒ္ဓါတရားရှိသူသည်။ ကေရာဋိက ပက္ခံ၊ စဉ်းလဲသောအဘို့ ကောက်ကျစ်သည့်အပိုင်း

အပိစ သမာဓိ ကမ္မိကဿ ဗလဝတီပိ သဒ္ဓါ ဝဋ္ဋတိ။....သမာဓိပညာသု ပန သမာဓိကမ္မိကဿ ဧကဂ္ဂတာ ဗလဝတီ ဝဋ္ဋတိ။....ဝိပဿနာကမ္မိကဿ ပညာ ဗလဝတီ ဝဋ္ဋတိ။.... သတိ ပန သဗ္ဗတ္ထ ဗလဝတီ ဝဋ္ဋတိ။.... သာ လောဏဓူပနံ ဝိယ သဗ္ဗဗျဉ္ဇနေသု သဗ္ဗကမ္မိက အမစ္စော ဝိယ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ။ တေနာ'ဟ—"သတိ စ ပန သဗ္ဗတ္ထိကာ ဝုတ္တာ ဘဂဝတာ။ ကိံ ကာရဏာ၊ စိတ္တဉှိ သတိပဋိသရဏံ၊ အာရက္ခပစ္စုပဋ္ဌာနာ စ သတိ၊ န ဝိနာ သတိယာ စိတ္တဿ ပဂ္ဂဟနိဂ္ဂဟော ဟောတီ"တိ။

အဋ္ဌကထာ (ပ၊ နှာ-၁၂၆)

---

သို့။ ဘဇတိ၊ ရောက်တတ်၏။ ဘေသဇ္ဇသမုဋ္ဌိတော၊ ဆေးကြောင့်ဖြစ်သော။ ရောဂေါဝိယ ရောဂါကဲ့သို့။ အတေကိစ္ဆော၊ အကုစားခက်သည်။ ဟောတိ၊ ဖြစ်၏။ (ဥဘိန္နံ၊ သဒ္ဓါနှင့် ပညာ ၂-ပါးတို့၏။ သမတာယ၊ ထမ်းပိုးထမ်း ညီနေသည့် အဖြစ်ကြောင့်။ ဝတ္ထုသ္မိံယေဝ၊ ကြည်ညိုသင့်သော အရာဝတ္ထု၌သာလျှင်။ ပသီဒတိ၊ ကြည်ညို၏။)

ပန၊ ထိုမှတပါး။ ဗလဝသမာဓိံ၊ အားကြီးလွန်ကဲသော သမာဓိရှိသော။ မန္ဒဝီရိယံ၊ နုံ့သော မထက်သန်သော လုံ့လရှိသောသူကို။ သမာဓိဿ၊သမာဓိ၏။ ကောသဇ္ဇပက္ခတ္တာ၊ ပျင်းရိခြင်းအဖို့ရှိသည့် အဖြစ်ကြောင့် ပျင်းပိုင်းသို့ ရောက်နေသည့် အဖြစ်ကြောင့်။ ကောသဇ္ဇံ၊ ပျင်းရိမှုသည်။ အဘိဘဝတိ၊ လွှမ်းမိုးနှိပ်စက်၏။

ဗလဝ ဝီရိယံ၊ အားကြီးလွန်ကဲသော လုံ့လဝီရိယရှိသော။ မန္ဒသမာဓိံ၊နုံ့သော သမာဓိရှိသူကို။ ဝီရိယဿ၊ ဝီရိယ၏။ ဥဒ္ဓစ္စပက္ခတ္တာ၊ ဥဒ္ဓစ္စအဖို့ရှိသည့် အဖြစ်ကြောင့်, ဥဒ္ဓစ္စဘက်သို့ ရောက်နေသည့် အဖြစ်ကြောင့်။ ဥဒ္ဓစ္စံ၊ ဥဒ္ဓစ္စသည်။ အဘိဘဝတိ၊ လွှမ်းမိုးနှိပ်စက်၏။

(သဒ္ဓါလွန်သော်-ကွန့်၊ ပညာလွန်သော်-ဆွံ၊သမာဓိလွန်သော်-တွန့်၊ ဝီရိယလွန်သော်-ပျံ့)

၁။ အပိစ၊ တနည်းကား။ သမာဓိကမ္မိကဿ၊ သမထ ကမ္မဋ္ဌာန်းရှိသူအား။ သဒ္ဓါ၊ သဒ္ဓါတရားသည်။ ဗလဝတီပိ၊ အားရှိခြင်းသည်လည်း။ ဝဋ္ဋတိ၊ သင့်၏။

သမာဓိပညာသု ပန၊ သမာဓိ,ပညာတို့တွင်ကား။ သမာဓိ ကမ္မိကဿ၊ သမထ ကမ္မဋ္ဌာန်း ရှိသူအား။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာသည်။ ဗလဝတီ၊ အားရှိပါမူ။ ဝဋ္ဋတိ၊ သင့်၏။

ဝိပဿနာ ကမ္မိကဿ၊ ဝိပဿနာ ကမ္မဋ္ဌာန်းရှိသော ယောဂီအား။ ပညာ၊ ပညာသည်။ ဗလဝတီ၊ အားရှိပါမူ။ ဝဋ္ဋတိ၊ သင့်၏။

သတိ ပန၊ သတိတရားသည်ကား။ သဗ္ဗတ္ထ၊ အလုံးစုံသော သမထ ဝိပဿနာ ကမ္မဋ္ဌာန်း တို့၌။ ဝါ၊ အလုံးစုံသော လီန ဥဒ္ဓစ္စအဘို့တို့၌။ ဗလဝတီ၊ အားရှိ အားကောင်းပါမူ။ ဝဋ္ဋတိ၊ သင့်၏။

သာ၊ ထိုသတိတရားကို။ သဗ္ဗဗျဉ္ဇနေသု၊ ဟင်းလျာအားလုံးတို့၌။ လောဏဓူပနံ၊ ဆားခပ်ခြင်းကို။ ဣစ္ဆိတဗ္ဗံဝိယ၊ အလိုရှိအပ်သကဲ့သို့ရင်း။ သဗ္ဗရာဇကိစ္စေသု၊ အားလုံးသော မင်းမှုကိစ္စတို့၌။ သဗ္ဗကမ္မိကအမစ္စော၊ မင်းမှုကိစ္စအားလုံးတို့၌ သင့်လျော်သော အမတ်ကြီး မျိုးကို။ ဣစ္ဆိတဗ္ဗောဝိယ၊ အလိုရှိအပ်သကဲ့သို့ရင်း။ သဗ္ဗတ္ထ၊ အလုံးစုံသော သမထ, ဝိပဿနာကမ္မဋ္ဌာန်းတို့၌။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။

တေန၊ ထိုကြောင့်။ သတိစ၊ သတိကိုသာလျှင်။ သဗ္ဗတ္ထိကာ၊ အလုံးစုံ၌ ယှဉ်၏ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ကိံ ကာရဏာ၊ အဘယ်

ဣမေ ဒုဝိဓေန သဒ္ဓိန္ဒြိယဿ ဗလဝဘာဝေါ၊ အတ္တနော ဝါ ပစ္စယဝိသေ-သတော ကိစ္စုတ္တရိယေန, ဝီရိယာဒီနံ ဝါ မန္ဒကိစ္စတာယ။ ဋီကာ (ပါနှာ-၁၅၁)

မုဒ္ဓပ္ပသန္နော၊ ဂုဏ်သို့မစူး ဉာဏ်မပူးပဲ မိုက်မိုက်ရူးရူး ကြည်ညိုတတ်သည်။ ဟောတိ၊ ဖြစ်၏။ အဝတ္ထုသ္မိံ၊ ကြည်ညိုဘွယ်မဟုတ်သော အစေလက တက္ကတွန်း စသည်၌။ ပသီဒတိ၊ တိတ္ထိယသာဝကတို့လို ကြည်ညိုမြတ်နိုးတတ်၏။ ကေရာ-ဋိကပက္ခံ=သာဌေယျပက္ခံ၊ စဉ်းလဲသောအဘို့သို့။ ဘဇတိ၊ ရောက်၏။

သာ၊ ထိုသတိကို။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော ဟင်းလျာတို့၌။ လောဏဓူပနံ၊ ဆားထုံခြင်း ခပ်ခြင်းကို။ ဣစ္ဆိတဗ္ဗံ ဝိယ၊ အလိုရှိအပ်သကဲ့သို့။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော လီနုဒ္ဓစ္စအဖို့တို့၌။ ဣစ္ဆိတဗ္ဗာ၊ အလိုရှိအပ်၏။ ။ ဤသို့ အနက်ပေးလေ။

၃။ နိမိတ္တကောသလ္လံ၊ ကသိုဏ်းနိမိတ်၌ လိမ္မာခြင်း။ ဝါ၊ စိတ္တေကဂ္ဂတာဟူသောနိမိတ်၌ လိမ္မာခြင်းငှင်း။

(ကရဏကောသလ္လ, ဘာဝနာကောသလ္လ, ရက္ခဏကောသလ္လ သုံးပါး တို့တွင် ရှေ့နှစ်ပါး ရှေး၌ ပြီးပြီးရကား ရက္ခဏကောသလ္လကို ဤ၌ နိမိတ္တကုသလတာ ဆိုသည်)။

၄။ စိတ္တပဂ္ဂဟော၊ အတိသိထိလဝီရိယ အပမောဒန, အသံဝေဒန[၁]တို့ကြောင့် တွန့်တို ဆုတ်နစ်သောစိတ်ကို ဓမ္မဝိစယ,ဝီရိယ, ပီတိ သမ္ဗောဇ္ဈင် သုံးပါး တို့ကို ပွါးစေလျက် ချီးမြှင့် တက်ကြွားစေခြင်းငှင်း။

၅။ စိတ္တနိဂ္ဂဟော၊ အစ္စာရဒ္ဓဝီရိယ, သံဝေဒန[၂],ပမောဒန တို့ကြောင့် ပျံ့လွင့်သော စိတ်ကို ပဿဒ္ဓိ, သမာဓိ,ဥပေက္ခာသမ္ဗောဇ္ဈင် သုံးပါးတို့ကို ပွါးစေလျက် နှိပ်စက်ခြင်းငှင်း။

---

အကြောင်းကြောင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ပါသနည်း။ ဟိ၊ အကြင့်ကြောင့်။ စိတ္တံ၊ ကုသိုလ်စိတ်သည်။ သတိ ပဋိသရဏံ၊ သတိလျှင် ကိုးကွယ် လည်းလျောင်း ရာရှိ၏။

သတိစ၊ သတိသည်ကား။ အာရက္ခပစ္စုပဋ္ဌာနာ၊ စောင့်ရှောက်တတ်သည်၏ အဖြစ်ဖြင့် ရှေးရှုထင်တတ်၏။ သတိယာ၊ သတိနှင့်။ ဝိနာ၊ ကင်း၍။ စိတ္တဿ၊ စိတ်အား။ ဝါ၊ စိတ်ကို။ ပဂ္ဂဟ နိဂ္ဂဟော၊ ချီးမြှင့်ခြင်း, နှိပ်ချခြင်းသည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ သတိ စ၊ သတိသည်သာလျှင်။သဗ္ဗတ္ထိကာ၊ အလုံးစုံသော သမထ,ဝိပဿနာ ကမ္မဋ္ဌာန်းတို့၌ ယှဉ်၏ ဟူ၍။ ဝုတ္တာ၊ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူ၏။

၁-၂။ သံဝေဒန (သီဟိုဠ်၊ အချို့မြန်မာမူ)၊ သံဝေဇန (ဆဋ္ဌမူ)၊ ထိတ်လန့်စေခြင်း။ (မဟာဋီကာ၊ပါနှာ-၁၅၄)

၆။ သမ္ပဟံသော၊ ပညာ ပယောဂ ညှိ့သောကြောင့်၎င်း– ပုဗ္ဗေနာ’ပရ ဝိသေသာ’ဝဟ မဖြစ်သဖြင့် ဉပသမသုခကို မရသောကြောင့်၎င်း— အနဘိသင်္ခတာဟာရကဲ့သို့ မမြိန်မရှက် မသက်မသာသော စိတ်ကို ဇာတိ,ဇရာ, ဗျာဓိ, မရဏ, အပါယဒုက္ခ, အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ, အာဟာရပရိယေဋ္ဌိမူလကဒုက္ခ ဟူသော သံဝေဂဝတ္ထု ရှစ်ပါးတို့ကို ဆင်ခြင်သဖြင့် ထိတ်လန့်စေခြင်း, ရတနာသုံးပါးဂုဏ်ကို အောက်မေ့သဖြင့် ကြည်လင်ရွှင်လန်း စေခြင်း၎င်း။

ဇာတိ, ဇရာ, ဗျာဓိ, မရဏာနိ ယထာရဟံ သုဂတိယံ ဒုဂ္ဂတိယဉ္စ ဟောန္တီတိ တဒညမေဝ ပဉ္စဝိဓဗန္ဓနာဒိ ခုပ္ပိပါသာဒိ အညမညဝိဗာဓနာဒိဟေတုကံ အပါယဒုက္ခံ ဒဋ္ဌဗ္ဗံ။ တယိဒံ သဗ္ဗံ တေသံ တေသံ သတ္တာနံ ပစ္စုပ္ပန္နဘဝနိဿိတံ ဂဟိတန္တိ အတီတေ, အနာဂတေ စ ကာလေ ဝဋ္ဋမူလကဒုက္ခာနိ ဝိသုံ ဂဟိတာနိ။ မဟာဋီကာ (ပ၊နှာ-၁၅၉) အနက်ထင်၏။

၇။ အဇ္ဈုပေက္ခာ၊ မဆုတ်မတက် မြိန်ရှက်သက်သာ ရွှင်လန်းစွာသော စိတ်ကို လျစ်လျူရှုခြင်း၎င်း။

၈။ အသမာဟိတဝဇ္ဇနာ၊ မူလေ ပွေနှောက် စိတ်ရောက် ကိုယ်ပါ နေကွမ္မ ပဋိပဒါသို့ မတက်ဘူးသော ပုဂ္ဂိုလ်ကို ဝေးစွာရှောင်ကြဉ်ခြင်း၎င်း။

၉။ သမာဟိတပုဂ္ဂလသေဝ၊ ငြိမ်သက်တည်ကြည် သမာဓိလာဘီပုဂ္ဂိုလ်ကို။ သေဝေါ၊ ရှေးရှုမပြတ် ဆည်းကပ်မှီဝဲခြင်း၎င်း။

၁၀။ တဒဓိမုတ္တတာ၊ ထိုသမာဓိသို့ ညွတ်-ကိုင်း-ရှိုင်း-ဝှမ်းခြင်း၎င်း။

ဤဒံ၊ဤသည်ကား။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ အပ္ပနာကောသလ္လံ၊ အပ္ပနာ၌ လိမ္မာကြောင်းတည်း။

ဤ ‘ဝတ္ထုဝိသဒကြိယာ’စသော အပ္ပနာကောသလ္လ ဆယ်ပါးတို့ကို ပြည့်စုံစေရာ၏။

**ဗောဇ္ဈင် ၇-ပါး ပွါးကြောင်း။** ။သတိသမ္ဗောဇ္ဈင်နှင့်တကွ ယခင် (ဘေဒနီ၊ပ၊ ၂၆ဂ-နှာ)၌ ဆိုခဲ့ပြီးသော ဗောဇ္ဈင် ခုနစ်ပါး ပွါးကြောင်းကား—

(၁) **သတိ။** ။သတိသမ္ပဇဉ်၊ အမြဲယှဉ်၍၊ ကြဉ်လေမုဋ္ဌ၊ မှီရသတိမာ၊ ဓိမုတ္တာဟု၊ လေးဖြာသတိ ပွါးကြောင်းတည်း။

(၂) **ဓမ္မဝိစယ။** ။ဖန်ဖန်မေးမှု၊ ဝတ္ထုစင်စေ၊ ဣန္ဒြေညီမျှ၊ ဒုပ္ပညကြဉ်၊ ဉာဏ်ရှိယှဉ်တည်း၊ ဆင်ခြင်နက်လှ၊ ဓိမုတ္တဟု၊ ဉာဏ ပွါးကြောင်း ခုနစ်တည်း။

(၃) **ဝီရိယ။** ။ဘေးကိုဆင်ခြင်၊ သိမြင်အကျိုး၊ လမ်းရိုးလိုက်ရာ၊ ပိဏ္ဍာပစယ၊ ဒါယဇ္ဇဟု၊ သတ္ထုမဟတ္တ၊ သမ္ဗ္ဗဓာန်၊ ပယ်လှန်ငိုက်ခြင်း၊ ပျင်းသူကိုကြဉ်၊ ယှဉ်အာရဒ္ဓ၊ ဓိမုတ္တဟု၊ လုံ့လပွါးကြောင်း ဆဲ့တစ်တည်း။

(၄) **ပီတိ။** ။အနုဿတိ၊ အာဒိသတ္တ၊ လူခ[1]ကို ကြဉ်၊ ယှဉ်သိနိဒ္ဓ၊ ပသာဒသုတ်၊ အဓိမုတ်ဟု၊ မယုတ်ပီတိ ပွါးကြောင်း ဆဲ့တစ်တည်း။

(၅) **ပဿဒ္ဓိ။** ။ဥတု,ဘောဇန၊ ယာပထ ကောင်းမြတ်၊ မဇ္ဈတ် ပယောဂ၊ သာရဒ္ဓ[2]ကြဉ်၊ ယှဉ်အသာရဒ်၊ ဓိမုတ်မှတ်၊ ပဿဒ်ပွါးကြောင်း ခုနစ်တည်း။

(၆) **သမာဓိ။** ။အပ္ပနာကောသလ်၊ ပြားဆယ်တန်တွင်၊ ဈာန်ဝိမောက္ခ၊ ဆင်ခြင်ထ၊ ရောက သမာဓိပွါးကြောင်း ဆဲ့တစ်တည်း။

(၇) **ဥပေက္ခာ။** ။ကမ္မသက၊ နိသတ္တဖြင့်၊သတ္တမဇ္ဈာ၊ အဿာမိက၊အနတ္တဖြင့်၊ သင်္ခါရမဇ္ဈာ၊ သင်္ခါရ, သတ်၊ ချစ်တတ်သူကြဉ်၊ ယှဉ်မဇ္ဈတ္တာ၊ ဓိမုတ္တာဟု၊ ပေက္ခာပွါးကြောင်း ငါးပါးတည်း[3]။

ဤကား ဗောဇ္ဈင်ခုနစ်ပါး ပွါးကြောင်းတည်း။

**ဝီရိယသာ ပဓာန။** ။ဤသို့ အပ္ပနာကောသလ္လ ဆယ်ပါးကို ပြည့်စုံစေလျက် သက်တစ္ဆန့် ကြိုးစား၍ ပွါးများ အားထုတ်ပါလျက်နှင့် အပ္ပနာဈာန်ကို မရခဲ့သော်လည်း—

ဝေမ္ဘိ ပဋ္ဌိပန္နဿ၊ သစေ သာ နပ္ပဝတ္တတိ။
တထာပိ န ဇဟေ ယောဂံ၊ ဝါယမေထေဝ ပဏ္ဍိတော။

---

၁။ လူခ=ကြမ်းတမ်းခြောက်သွေ့ခြင်း၊ ရတနာသုံးပါး၌ ကြည်ညိုစိတ်ကင်းခြောက်သူ။

၂။ သာရဒ္ဓ=ပူပန်ခြင်း၊ ကိုယ်စိတ်ပူပန်ခြင်းရှိသူ။

၃။ ဆရာတော်ဦးဗုဓ်၏ မဟာသတိပဋ္ဌာန်သုတ် နိဿယ၌ လာသည်တို့ကို အတန်ငယ် ပြင်ဆင်ထားသော ဆောင်ပုဒ်များ ဖြစ်သည်။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၂၈-၁၃၁။ အဘိ၊ ဋ္ဌ၊ ၂၊ နှာ-၂၆၃-၂၇၂။

ဟိတွာ ဟိ သမ္မာဝါယာမံ၊ ဝိသေသံ နာမ မာဂဏဝေါ။
အဓိဂန္တွေ ပရိတ္တမ္ပိ၊ ဌာန'မေတံ န ဝိဇ္ဇတိ။

စိတ္တပ္ပဝတ္တိအာကာရံ၊ တသ္မာ သလ္လက္ခယံ ဗုဓော။
သမတံ ဝီရိယဿေဝ၊ ယောဇယေထ ပုနပ္ပုနံ။

ဤသကမ္ပိ လယံ ယန္တံ၊ ပဂ္ဂဏှေထေ'ဝ မာနသံ။
အစ္စာရဒ္ဓံ နိသေဓေတွာ၊ သမ'မေဝ ပဝတ္တယေ။

ရေဏုမှိ ဥပ္ပလဒလေ၊ သုတ္တေ နာဝါယ နာဠိယာ။
ယထာ မဓုကရာဒီနံ၊ ပဝတ္တိ သမ္မဝဏ္ဏိတာ။

လီန ဥဒ္ဓတဘာဝေဟိ၊ မောစယိတွာန သဗ္ဗသော။
ဧဝံ နိမိတ္တာ'ဘိမုခံ၊ မာနသံ ပဋိပါဒယေ[၁]။

ဧဝံ၊ ဤဆိုခဲ့ပြီးတိုင်း။ ပဋိပန္နဿပိ၊ ကျင့်ပါသော်လည်း။ သာ၊ ထိုအပ္ပနာသည်။ သစေ နပ္ပဝတ္တတိ၊ အကယ်၍ မဖြစ်လာအံ့။ တထာပိ၊ ထိုသို့ပင် မဖြစ်လာငြားသော်လည်း။ ပဏ္ဍိတော၊ ပညာရှိသည်။ ယောဂံ၊ လုံ့လကို။ န ဇဟေ၊ မစွန့်မလွှတ်ရာ။ ဝါယမေထ ဧဝ၊ အားထုတ်ရာသလျှင်ကတည်း။

ဟိ၊ တိုက်တွန်းသင့်စွ။ ဝါ၊ ဟိ ယသ္မာ၊ အကြင်အကြောင်းကြောင့်။ မာဂဏဝေါ၊ သတ္တဝါသည်။ သမ္မာဝါယာမံ၊ သင့်သော လုံ့လကို။ ဟိတွာ၊ ပစ်စွန့်၍။ ပရိတ္တမ္ပိ၊ အနည်းငယ်မျှလည်းဖြစ်သော။ ဝိသေသံ နာမ၊ တရားထူးမည်သည်ကို။ ယေန၊ အကြင်အကြောင်းကြောင့်၊ ဝါ၊ အကြင် အကြောင်းဖြင့်။ အဓိဂန္တွေ၊ ရရာ၏။ ဧတံ ဌာနံ၊ ဤအကြောင်းသည်။ န ဝိဇ္ဇတိ၊ မရှိ။

တသ္မာ၊ ထိုကြောင့်။ ဗုဓော၊ ပညာရှိသည်။ စိတ္တပ္ပဝတ္တိအာကာရံ၊ လီနုဒ္ဓတစသည်သနစ် စိတ်ဖြစ်ဟန်ကို။ သလ္လက္ခယံ၊ ကောင်းစွာ မှတ်ယူ စုံစမ်းလျက်။ ဝီရိယဿ၊ ဝီရိယ၏။ သမတံ ဧဝ၊ သမာဓိနှင့် တူမျှသောကိစ္စရှိသည်၏ အဖြစ်ကိုသာလျှင်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ယောဇယေထ၊ ယှဉ်စေရာ၏။ (‘ဝီရိယဿေဝံ’ဟု·ပါဌ် အချို့ ရှိ၏။ ‘ဧဝံ၊ ဤဆိုလတံ့သောနည်းဖြင့်’ဟု·ပေး)။

ကထံ၊ အသို့ ယှဉ်စေရာသနည်း (ထည့်)။ ဤသကမ္ပိ၊ စဉ်းငယ်မျှလည်း။ လယံ၊ တွန့်တိုခြင်းသို့။ ယန္တံ၊ ရောက်သော။ မာနသံ၊ စိတ်ကို။ ပဂ္ဂဏှေထေဝ၊ ချီးမြှောက်ရာသလျှင်ကတည်း။ အစ္စာရဒ္ဓံ၊ အလွန် တင်းလွန်းသော စိတ်ကို။ နိသေဓေတွာ၊ တားမြစ်၍။ သမမေဝ၊ အညီအမျှသာလျှင်။ ပဝတ္တယေ၊ ဖြစ်စေရာ၏။

၁။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ ၁၃၂-လာ ဂါထာများ။

ကထံ၊ အသို့ဖြစ်စေရာသနည်း (ထည့်)။ ရေဏုမှို၊ ပန်းဝတ်ရက်၌ငှင်း။ ဥပ္ပလဒလေ၊ကြာရွက်၌ငှင်း။ သုတ္တေ၊ ပင့်ကူချည်မျှင်၌ငှင်း။နာဝါယ၊ လှေ၌ငှင်း။ နာဠိယာ၊ ဆီကျည်တောက်၌ငှင်း။ မဓုကရာဒီနံ၊ ပျားကောင် စသည်တို့၏။ ပဝတ္တိ၊ ဖြစ်ခြင်းကို။ သမ္မဝဏ္ဏိတာ ယထာ၊ ဥပမာအဖြစ်ဖြင့် အဋ္ဌကထာဟောင်းတို့၌ ကောင်းစွာ ဖွင့်ပြအပ်သကဲ့သို့။

ဧဝံတထာ၊ ထိုအတူ။ လီန ဥဒ္ဓတ ဘာဝေဟိ၊ တွန့်တိုခြင်း ပျံ့လွင့်ခြင်းတို့မှ။ သမ္ဘသော၊ အချင်းခပ်သိမ်း။ မောစယိတွာန၊ ကင်းလွတ်စေ၍။ နိမိတ္တာဘိမုခံ၊ ပဋိဘာဂ နိမိတ်သို့ရှေးရှု။ မာနသံ၊ ဘာဝနာစိတ်ကို။ ပဋိပါဒယေ၊ ပြီးစေ-ပြည့်စုံစေရာ၏။

ဤသို့ အဋ္ဌကထာဆရာမြတ် ဆုံးမတော် မူအပ်သည့်အတိုင်း ပန်းဝတ်ရက်ယူအံ့ဟု ပျံသွားလေသော ပျား၊ ရေအပြင်ကြာရွက်၌ သွေးကြောဖြတ်သင်သော ဆေးသမား၊ အသပြာ လေးထောင်ကို လို၍ ပင့်ကူချည်မျှင် လေးလံရအောင် တုတ်ဖြင့် ရစ်ယူသော ယောကျ်ား၊ လေကြမ်းလျှင် ခါးလယ်ကိုစည်း၍ လေညံ့လျှင် ရွက်ကုန်ဖြန့်၍ ရွက်တိုက်သော လှေသမား၊ အပေါက်ကျဉ်းလှသော ဆီကျည်တောက်၌ မဖိတ်စေရအောင် ဆီသွတ်သော ယောကျ်ားတို့ကဲ့သို့ မဆုတ်မနစ် မတက်မကြွားစေရ၊ စိတ်သွားကို စဉ်းစားဆင်ခြင်၍ ယခင် အပ္ပနာ-ကောသလ္လ ဆယ်ပါးတို့ကိုပင် ပြည့်စုံစေလျက် မြင်းမိုရ်တောင်ကို တူးဖြိုအံ့သော ယောကျ်ား၏ လုံ့လကဲ့သို့ငှင်း၊ ပပဋကောဇာ မြေဆီလွှာကို လှန်ခွါတူးယူအံ့သော ယောကျ်ား၏ လုံ့လကဲ့သို့ငှင်း၊ မဟာသမုဒြာ၏ ထိုမှာ ဘက်ကမ်းသို့ ကူးသန်းအံ့သော ယောကျ်ား၏ လုံ့လကဲ့သို့ငှင်း၊ စကြာမင်း စည်းစိမ်ကို ယူအံ့သော ယောကျ်ား၏ အာသာဆန္ဒ ကဲ့သို့ငှင်း သက်တစ္ဆန္ဒကြိုးစား၍ ပွါးများအားထုတ်ရာသည်[၁]။

ဤ သမထအရာသည် ဝိပဿနာ မဂ်ဖိုလ်တို့ကဲ့သို့ ပါရမီကို ငဲ့သည်မဟုတ်၊ တိဟိတ်မှန်က ဝီရိယ သာ ပဓာနဖြစ်သည်။

ရှေးသောအခါ ယောကျ်ားနှစ်ဦးသားတို့ တောစခန်း ခရီးလမ်းကြား၌ ရှားနှစ်ကို တွေ့၍ 'ဤရှားနှစ်ကို မီးပွတ်သော် မီးရမည်လော' တယောက်က ဆိုလျှင် 'မစင်ပါအောင် ပွတ်သော်လည်း မီးမရ'ဟု တယောက်က ဆိုသော စကားကို မခံချင်လှ၍ 'ငါ မစင်ပါအောင် ပွတ်မည်'ဟု အားကြိုး၍ အခိုးထလေလေ နှိပ်လေလေ ပွတ်သဖြင့် မစင်လည်း ဖျစ်ကနဲ ပါ၊ မီးလည်း ရလာသည်ဟု စဉ်လာဥဒါန်း စကားအတိုင်း မီးပွတ်သော ယောကျ်ား၏ အာသာဆန္ဒ လုံ့လ ပယောဂ လောက်မျှ မရှိ၊ အပ္ပနာ ဈာန်သို့ ရောက်မည်ကို

၁။ ဝိသုဒ္ဓိမဂ်၊ ဋ၊ ပ၊ နှာ-၁၃၂-၄။

သက်နှိန်း, သပိတ်, ပရိက္ခရာ ရမည်လောက်မျှ ဝမ်းမမြောက်၊ ဆွမ်းဖြူတအုပ်လောက်မျှ မခင်မင်ကြသော ပုထုဇဉ်ပေတိုး ပိတ်ဖျင်ကိုသာ ဖြန့်းကြသော ခေါင်းတုံးတို့ တတွေမှာ မြေ ကောင်းကင်အလား မွန်မြတ်သည့် ဤတရားနှင့် ဝေးခြားနိုင်မျှ။

## ပဉ္စကနည်းအားဖြင့် ဈာန်ရပုံ

**ပဌမဈာန်။** ။ဤသို့ သက်တစွန့် ကြိုးစား၍ ပွါးများအားထုတ်လတ်သော် ခပေါင်းရေကြည်စေ့ ခပ်အပ်သော ရေသည် ခဏချက်ခြင်း စိမ်းမြဖြူစင် ကြည်လင်တောက်ပသည့်အတူ၊ တခုတည်းသော ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်တည်းဟူသော အာရုံကိုသာ ယူသော သမာဓိနှင့်ယှဉ်ရသဖြင့် ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် လွန်စွာကြည်လင်တောက်ပသည်ဖြစ်၍ ဝိထိ-သင်္ဂဟ (ဤကျမ်း၊ပ-တွဲ၊ နှာ-ဂဂ )၌ ပြခဲ့သည့်အတိုင်း ရူပါဝစရ ပဌမဈာန အာဒိကမ္မိကဝီထိဖြစ်၏။

သော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပထမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၁]။

ဧဝမနေန ပဉ္စင်္ဂဝိပ္ပဟီနံ ပဉ္စင်္ဂသမန္နာဂတံ တိဝိဓကလျာဏံ ဒသလက္ခဏ-သမ္ပန္နံ ပထမံ ဈာနမဓိဂတံ ဟောတိ ပထဝီကသိဏံ။

ဟူ၍ ဝိသုဒ္ဓိ(ဠ၊ပ၊နှာ-၁၃၅)၌ လာသော ပကတိ ကာမာဝစရစိတ်တို့ထက် ဘာဝနာဗလဖြင့် ပဋ္ဌုတရ ဘာဝပ္ပတ္တိ[၂]ကြောင့် အားရှိလွန်မြတ်သော ပရိကံ၊ ထို့ထက် အားရှိသော ဥပစာ၊ ထို့ထက် အားရှိသော အနုလုံ၊ ထို့ထက် အားရှိသော ဂေါတြဘူ၊ ထို့ထက် အဆဆ အားရှိသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော သမန္နာဂတအင်္ဂါငါးပါး၊ နီဝရဏဟူသော ဝိပ္ပဟီနအင်္ဂါငါးပါးရှိသော တိဝိဓကလျာဏ ဒသလက္ခဏသမ္ပန္န ရူပါဝစရ ပဌမဈာန်ကို ရ၏။

သော၊ ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ ကာမေဟိ၊ ဝတ္ထုကာမတို့မှ။ ဝိဝိစ္စဧဝ၊ ကာယဝိဝေကဖြင့် အသီးဖြစ်၍သာလျှင်။ ကာမေဟိ၊ ကိလေသကာမတို့မှ။ ဝိဝိစ္စ=ဝိသုံ ဟုတွာ ဧဝ၊ စိတ္တဝိဝေက, ဝိက္ခမ္ဘနဝိဝေကဖြင့် အသီးဖြစ်၍သာလျှင်။ အကုသလေဟိ ဓမ္မေဟိ၊ ကိလေသကာမတို့မှ။ ဝါ၊ အလုံးစုံသော အကုသိုလ်တရားတို့မှ။ ဝိဝိစ္စဧဝ၊ ကင်းဆိတ်၍သာလျှင်, အသီးဖြစ်၍သာလျှင်။ (ဤဖြင့် ပဟာနင်္ဂါကို ပြသည်။) သဝိတက္ကံ၊ ဝိတက်နှင့်တကွ

၁။ ဓမ္မသင်္ဂဏီ၊ နှာ-၄၄။ ဒီ ၁၊ နှာ-၆၉ စသည်၌ လာသောပါဠိ။

၂။ ပဋ္ဌုတရ+ဘာဝ+ပတ္တိ=သာလွန်မြတ်သော+သဘောသို့+ရောက်ခြင်း။

ဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်တကွဖြစ်သော။ ဝိဝေကဇံ၊ နီဝရဏကင်းဆိတ်ခြင်းကြောင့်။ဝါ၊ နီဝရဏကင်းဆိတ်သော စျာနသမ္ပယုတ္တ ဓမ္မအစု၌ဖြစ်သော။ ပီတိသုခံ၊ ဖရဏာပီတိ စေတသိကသုခရှိသော။ ဝါ-ဝိဝေကဇံ ပီတိသုခံ၊ ဝိဝေကကြောင့် ဖြစ်သော ဝိဝေက၌ဖြစ်သော ပီတိသုခ ရှိသော။ ပဌမံ၊ ဂဏနာနုပုဗ္ဗ, ပထမုပ္ပန္နကြောင့် ပဌမမည်သော။ ဈာနံ၊ အာရမ္မဏူပနိဇ္ဈာန ပစ္စနီကဈာပန ဈာန်သို့။ ဝါ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝါ၊ ပြီးစေ၍။ ဝိဟရတိ= ဝိစ္ဆိန္ဒိတွာ ဟရတိ၊ ဧကိရိယာပထ ဗာဓနကို ဣရိယာပထန္တရဖြင့် ဖြတ်၍ အတ္တဘောကို ဆောင်၏၊ ဖြစ်စေ၏။

ဥပသမ္ပဇ္ဇာတိ ဧတ္ထ ဥပ-သံ-သဒ္ဒါ ဥပလဒ္ဓတိ, သံဘုဋ္ဌတိတိအာဒီသုဝိယ နိရတ္ထကာတိ ဒဿေတုံ ဥပဂန္တွာတိအာဒိံ ဝတွာ ပုန တေသံ သတ္ထကဘာဝံ ဒဿေတုံ ဥပသမ္ပာဒယိတွာတိအာဒိ ဝုတ္တံ။ ဋီကာ (၊ပ၊နှာ-၁၆၉)။ အနက် ထင်၏။

ဧဝံဝိဟရတာ၊ ဤသို့ ဣရိယာပထ ဝိဟာရဖြင့် နေသော။ အနေန၊ ဤ ယောဂီပုဂ္ဂိုလ်သည်။ ပဉ္စင်္ဂဝိပ္ပဟီနံ၊ ပယ်အပ်သော အင်္ဂါငါးပါးရှိသော။ ပဉ္စင်္ဂ-သမန္နာဂတံ၊ ပြည့်စုံသော အင်္ဂါငါးပါးရှိသော။ တိဝိဓကလျာဏံ၊ သုံးပါးပြားသော ကောင်းခြင်းရှိသော။ ဒသလက္ခဏသမ္ပန္နံ၊ ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းဝန်း၏ အတုဖြစ်သော ပဋိဘာဂ နိမိတ်လျှင် အာရုံရှိသောကြောင့် ပထဝီကသိဏမည်သော။ ပဌမံ ဈာနံ၊ ပဌမ ဈာန်ကို။ အဓိဂတံ၊ ရအပ်သည်။ ဟောတိ၊ ဖြစ်၏။

ယင်း ပဌမဈာန်အပ္ပနာသည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ ဖြစ်၏။

**ဇောအကြိမ်စသည် မည်မျှဟု ပုံသေ ပိုင်းခြား သတ်မှတ်၍မရအပ်သော ဌာန ၇-ခု**

သာ စ ပန ကေစိတ္တက္ခဏိကာယေဝ။ သတ္တသု ဟိ ဌာနေသု အဒ္ဓါနပရိစ္ဆေဒေါ နာမ နတ္ထိ ပထမပ္ပနာယံ, လောကိယာဘိညာသု, စတူသု မဂ္ဂေသု, မဂ္ဂါနန္တရေ ဖလေ, ရူပါရူပဘဝေသု ဘဝင်္ဂဇ္ဈာနေ, နိရောဓဿ ပစ္စယေ နေဝသညာ နာသညာယတနေ, နိရောဓာ ဝုဋ္ဌဟန္တဿ ဖလသမာပတ္တိယန္တိ။ ဧတ္ထ မဂ္ဂါနန္တရဖလံ တိဏ္ဏံ ဥပရိ န ဟောတိ။ နိရောဓ-ပစ္စယံ[1] နေဝသညာနာသညာယတနံ ဒွိန္နမုပရိ န ဟောတိ။ ရူပါရူပဘဝေသု ဘဝင်္ဂဿ ပရိမာဏံ နတ္ထိ၊ သေသဋ္ဌာနေသု ဧကမေဝ စိတ္တန္တိ[2]။

အဋ္ဌကထာ (၊ပ၊နှာ ၁၃၅)

---

၁။ ဆဋ္ဌမူ၌ 'နိရောဓပစ္စယော' ဟုရှိသည်။

၂။ (၁) ပဌမဆုံးဖြစ်သော အာဒိကမ္မိက ဈာန်ဇောစိတ်သည် ၁-ကြိမ်သာ ဖြစ်၏။ (၂) အဘိညာဉ် ဇောစိတ်သည် ၁-ကြိမ်သာ ဖြစ်၏။ (၃) မဂ်ဇောစိတ်သည်

အဒ္ဓါနပရိစ္ဆေဒေါတိ ကာလပရိစ္ဆေဒေါ။ သော ပနေတ္ထ သတ္တသု ဌာနေသု ကတ္တစိ အပရိမာဏစိတ္တက္ခဏတာယ ကတ္တစိ အတိဣတ္တရခဏတာယ နတ္ထီတိ ဝုတ္တော။ န ဟေတ္ထ သမ္ပုဏ္ဏဇဝနဝီထိ အဒ္ဓါ လဗ္ဘတိ။ ဋီကာ (ပ၊ နှာ-၁၆၃) အနက်ထင်၏။

တိဝိဓကလျာဏ ဒသလက္ခဏဟူသည်ကား—

**ပထမစျာန်၏ကောင်းခြင်း ၃-ဖြာနှင့် လက္ခဏာ ၁၀-ပါး** ပဌမဿ စျာနဿ ပဋိပဒါဝိသုဒ္ဓိ အာဒိ၊ ဥပေက္ခာနုဗြူဟနာ မဇ္ဈေ၊ သမ္ပဟံသနာ ပရိယောသာနံ။

အာဒိဿ တီဏိ လက္ခဏာနိ။ ယော တဿ ပရိဗန္ဓော၊ တတော စိတ္တံ ဝိသုဇ္ဈတိ၊ ဝိသုဒ္ဓတ္တာ စိတ္တံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိ၊ ပဋိပန္နတ္တာ တတ္ထ စိတ္တံ ပက္ခန္ဒတိ။

မဇ္ဈဿ တီဏိ လက္ခဏာနိ။ ဝိသုဒ္ဓံ စိတ္တံ အဇ္ဈုပေက္ခတိ၊ သမထပ္ပဋိပန္နံ အဇ္ဈုပေက္ခတိ၊ ဧကတ္တုပဋ္ဌာန'မဇ္ဈုပေက္ခတိ။

ပရိယောသာနဿ စတ္တာရိ လက္ခဏာနိ။ တတ္ထ ဇာတာနံ ဓမ္မာနံ အနတိဝတ္တနဋ္ဌေန သမ္ပဟံသနာ၊ ဣန္ဒြိယာနံ ဧကရသဋ္ဌေန သမ္ပဟံသနာ၊ တဒုပဂဝီရိယဝါဟနဋ္ဌေန သမ္ပဟံသနာ၊ အာသေဝနဋ္ဌေန သမ္ပဟံသနာ။ ...တေန ဝုစ္စတိ ပဌမံ စျာနံ တိဝိဓကလျာဏဉ္စေဝ ဟောတိ ဒသလက္ခဏ-သမ္ပန္နဉ္စ။ (ပဋိသံ နှာ-၁၆၇။ ဝိသုဒ္ဓိ-၁၊ပ၊ နှာ-၁၄၃)

**ပထမစျာန်၏ ကောင်းခြင်း ၃-ဖြာ။** ။ပဌမဿ စျာနဿ၊ ပဌမစျာန်၏။ ပဋိပဒါဝိသုဒ္ဓိ၊ ဂေါတြဘူ အဆုံးရှိသော သ သမ္ဘာရ ပုဗ္ဗဘာဂိယ ဘာဝနာပဋိပဒါ၏ နီဝရဏဘေးရန်မှ စင်ကြယ်ခြင်းသည်။ အာဒိ၊ အစတည်း။ ဝါ၊ ဥပါဒ်၏ဂုဏ်တည်း။

သာ ပနာယံ ယသ္မာ စျာနဿ ဥပ္ပါဒက္ခဏေ လဗ္ဘတိ၊ တသ္မာ ဝုတ္တံ 'ပဋိပဒါဝိသုဒ္ဓိအာဒီ'တိ။ ဋီကာ (ပ၊ နှာ-၁၇၁)

---

၁-ကြိမ်သာ ဖြစ်၏။ (၄) မဂ်နောင် ဖိုလ်စိတ်သည် တိက္ခပုဂ္ဂိုလ်၌ ၃-ကြိမ်, မန္ဒ ပုဂ္ဂိုလ်၌ ၂-ကြိမ် ဖြစ်၏။ (၅) ရူပ, အရူပဘုံသားတို့၌ ဘဝင်စိတ် အကြိမ်များစွာ ဖြစ်၏။ (၆) နိရောဓသမာပတ် အခြေခံ နေဝသညာနာသညာယတန စိတ်သည် ၂-ကြိမ်သာ ဖြစ်၏။ (၇) နိရောဓသမာပတ်မှထသောအခါ အနာဂါမိဖိုလ်စိတ်နှင့် အရဟတ္တဖိုလ်စိတ်သည် ၁-ကြိမ်သာ ဖြစ်၏။

ဤသို့ အဋ္ဌကထာလာတိုင်း ၇-ဌာနဖြစ်၏။ (ဤ၌....ကာမစိတ်များနှင့် သမာပတ္တိအခါ မဟဂ္ဂုတ်ဇော, ဖိုလ်ဇောများကို-ယူလိုရိပ်မထင်၊အကြောင်းကို ရှာကြံလေဦး။)

ဥပေက္ခာနုဗြူဟနာ၊ သုတ်သင်ဘွယ်ရာမရှိ၍ ဗျာပါရကင်း စျာနပရိယာပန္န တတြမဇ္ဈတ္တုပေက္ခာ၏ ကိစ္စနိပ္ဖတ္တိအားဖြင့် ပွါးခြင်း သမ္ပယုတ်တရားတို့ကို ပွါးစေခြင်းသည်။ မဇ္ဈေ၊ (အလယ်တည်း။ ဝါ၊) ဌီ၏ဂုဏ်တည်း။

သာ ပနာယံ ဝိသောဓေတဗ္ဗာဘာဝတော စျာနဿ ဌိတိကိစ္စဿ လဗ္ဘတိ။ တေန ဝုတ္တံ 'ဥပေက္ခာနုဗြူဟနာ မဇ္ဈေ'တိ။ ဋီကာ (ပ၊ နှာ-၁၇၁)

သမ္ပဟံသနာ၊ သမ္ပယုတ်တရားတို့၏ တပါးသည် တပါးကို မလွန်ခြင်း စသည်ကို ပြီးစေတတ်သော ပရိယောဒါပကဉာဏ်၏ ကိစ္စနိပ္ဖတ္တိအစွမ်းဖြင့် ရွှင်လန်းခြင်းသည်။ ပရိယောသာနံ၊ အဆုံးတည်း။ ဝါ၊ ဘင်၏ဂုဏ်တည်း။

သာ ပန ယသ္မာ စျာနဿ ဩသာနကိစ္စဿ ပါကဋာ ဟောတိ။ တသ္မာ ဝုတ္တံ 'သမ္ပဟံသနာ ပရိယောသာန'န္တိ။ ဋီကာ (ပ၊ နှာ-၁၇၁)

**ပထမစျာန်၏အစ ပဋိပဒါ ဝိသုဒ္ဓိ၏ လက္ခဏာ ၃-ပါး**

အာဒိဿ၊အစဖြစ်သော ပဋိပဒါဝိသုဒ္ဓိ၏။ လက္ခဏာနိ၊ အပ္ပနာပတ္တိ လက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။

တဿ၊ထိုပထမစျာန်၏။ ယော ပရိဗန္ဓော၊အကြင်တားမြစ် ဖိဆန်တတ်သော ဘေးရန်သည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုတားမြစ် ဖိဆန် နီဝရဏဘေးရန်မှ။ စိတ္တံ၊ စျာန်စိတ်သည်။ ဝိသုဇ္ဈတိ၊ စင်ကြယ်၏။

ဝိသုဒ္ဓတ္တာ၊ စင်ကြယ်ခြင်းကြောင့်။ စိတ္တံ၊ စျာန်စိတ်သည်။ မဇ္ဈိမံ၊ မဆုတ်မတက် မနိမ့်မမြင့် အသင့်အလတ်ဖြစ်သော။ သမထနိမိတ္တံ၊ သဝိသေသ ပစ္စနီကဓမ္မတို့ကို ငြိမ်းစေတတ်သော ယောဂီ၏ သုခဝိသေသ၏ အကြောင်းဖြစ်သော သမပ္ပဝတ္တ အပ္ပနာသမာဓိသို့။ ပဋိပဇ္ဇတိ၊ ရောက်၏။ ဝါ၊ ယှဉ်၏။

တဒနန္တရံ ပန ပုရိမစိတ္တမေကသန္တတိ ပရိဏာမ နယေန တထတ္တမုပဂစ္ဆမာနံ မဇ္ဈိမံ သမထနိမိတ္တံ ပဋိပဇ္ဇတိနာမ။ အဋ္ဌကထာ (ပ၊ နှာ-၁၄၄)

'တဒနန္တရံ ပုရိမစိတ္တ'န္တိ တဿ အပ္ပနာစိတ္တဿ အနန္တရပစ္စယဘူတံ ပုရိမံ စိတ္တံ၊ 'ဂေါတြဘုစိတ္တ'န္တိ အတ္ထော။....တထတ္တန္တိ တထဘာဝံ အပ္ပနာသမာဓိဝသေန သမာဟိတဘာဝံ။ ဋီကာ (ပ၊ နှာ-၁၇၃)

ပဋိပန္နတ္တာ၊ ရောက်သည် ယှဉ်သည်၏ အဖြစ်ကြောင့်။ တတ္ထ၊ ထို မဆုတ်မတက် မနိမ့်မမြင့် သင့်သော အပ္ပနာသမာဓိ နိမိတ်၌။ ပက္ခန္ဒတိ၊ ဝင်ဆန့်၏။

ဣတိ၊ ဤသည်လျှင် အစဖြစ်သော ပဋိပဒါဝိသုဒ္ဓိ၏ အပ္ပနာပတ္တိလက္ခဏာ သုံးပါးတို့တည်း။

ဧဝံ တာဝ ပုရိမစိတ္တေ ဝိဇ္ဇမာနာကာရနိပ္ဖါဒိကာ ပဌမဿ ဈာနဿ ဥပ္ပါဒက္ခဏေယေဝ အာဂမနဝသေန ပဋိပဒါဝိသုဒ္ဓိ ဝေဒိတဗ္ဗာ။ အဋ္ဌကထာ (ပ၊ နှာ-၁၄၄)

'ပုရိမစိတ္တေ'တိ အပ္ပနာစိတ္တဿ ပုရိမသ္မိံ စိတ္တေ ဂေါတြဘုစိတ္တေ။ 'ဝိဇ္ဇမာနာကာရ နိပ္ဖါဒိကာ'တိ ဝိဇ္ဇမာနာနံ ပရိပန္ထဝိသုဒ္ဓါဒိအာကာရာနံ နိပ္ဖါဒိကာ၊ တေနာကာရေန နိပ္ဖဇ္ဇမာနာတိ အတ္ထော။ တေယေဝ ဟိ အာကာရာ ပစ္စယဝိသေသတော ဈာနက္ခဏေ နိပ္ဖဇ္ဇမာနာ 'ပဋိပဒါဝိသုဒ္ဓီ'တိ လဒ္ဓသမညာ ဈာနဿ တံ ဝိသေသံ နိပ္ဖါဒေန္တာ ဝိယ ဝုတ္တာ။ ဋီကာ (ပ၊ နှာ-၁၇၃)

**အလယ်ဥပေက္ခာနုဗြူဟနာ၏လက္ခဏာ သုံးပါး။** ။မဇ္ဈဿ၊ အလယ်ဖြစ်သော ဥပေက္ခာနုဗြူဟနာ၏။ လက္ခဏာနိ၊ အပ္ပနာပတ္တိလက္ခဏာတို့သည်။ တီဏိ၊ သုံးပါးတို့တည်း။

ဝိသုဒ္ဓံ၊ စင်ကြယ်ပြီးသော။ စိတ္တံ၊ ဈာန်စိတ်ကို။ အဇ္ဈုပေက္ခတိ၊ ဝိသောဓနန၌ ဗျာပါရမပြု လျစ်လျူရှု၏။ သမထပ္ပဋိပန္နံ၊ အပ္ပနာသမာဓိသို့ရောက်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ သမာဓာန၌ ဗျာပါရမပြု လျစ်လျူရှု၏။ ဧကတ္တုပဋ္ဌာနံ၊ ကိလေသ သံသဂ္ဂကင်းစင် တခုတည်းအဖြစ်ဖြင့် ထင်သော။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ ဧကတ္တုပဋ္ဌာန၌ ဗျာပါရမပြု လျစ်လျူရှု၏။ ဣတိ၊ ဤသည်လျှင် အလယ်ဖြစ်သော ဥပေက္ခာနုဗြူဟနာ၏ အပ္ပနာပတ္တိလက္ခဏာသုံးပါးတို့တည်း။

ဧဝံ တတြမဇ္ဈတ္တုပေက္ခာယ ကိစ္စဝသေန ဥပေက္ခာနုဗြူဟနာ ဝေဒိတဗ္ဗာ။ အဋ္ဌကထာ (ပ၊ နှာ-၁၄၄)

**အဆုံးသမ္ပဟံသနာ၏ လက္ခဏာ ၄-ပါး။** ။ပရိယောသာနဿ၊ အဆုံးဖြစ်သော သမ္ပဟံသနာ၏။ လက္ခဏာနိ၊ အပ္ပနာပတ္တိလက္ခဏာတို့သည်။ စတ္တာရိ၊ လေးပါးတို့တည်း။ တတ္ထ၊ ထိုပဌမဈာန်၌။ ဇာတာနံ၊ ဖြစ်ကုန်သော။ ဓမ္မာနံ၊ သမာဓိ,ပညာဟူသော ယုဂနန္ဓတရားတို့၏။ အနတိဝတ္တနဋ္ဌေန၊ တပါးသည် တပါးကို မလွန်ခြင်း သဘောဖြင့်။ သမ္ပဟံသနာ၊ သုတ်သင်ခြင်း,ဖြူစင်စေခြင်း,ရှင်လန်းခြင်းငှင်း။

ဝိသောဓနံ ဟေတ္ထ သမ္ပဟံသနံ။ ဋီကာ (ပ၊ နှာ-၁၇၄)

ဣန္ဒြိယာနံ၊ သဒ္ဓါစသော ဣန္ဒြေတို့၏။ ဧကရသဋ္ဌေန၊ အထူးထူးသော ကိလေသာတို့မှ လွတ်ခြင်းဟူသော ဝိမုတ္တိရသဖြင့် တူသောကိစ္စ တူသော ပြည့်စုံခြင်း ရှိခြင်းသဘောအားဖြင့်။ သမ္ပဟံသနာ၊ သုတ်သင်ခြင်း,ဖြူစင်စေခြင်း,

ရှင်လန်းခြင်းငှါ။ တဒုပဂဝီရိယဝါဟနဋ္ဌေန၊ ထို အညမည နာတိဝတ္တန,ကေရသတို့နှင့် သင့်လျော်သော ဝီရိယကို ဖြစ်စေခြင်း သဘောအားဖြင့်။ သမ္ပဟံသနာ၊ သုတ်သင်ခြင်း, ဖြူစင်စေခြင်း, ရှင်လန်းခြင်းငှါ။ အာသေဝနဋ္ဌေန၊ အဖန်တလဲလဲ မှီဝဲထုံခြင်း သဘောအားဖြင့်။ သမ္ပဟံသနာ၊ သုတ်သင်ခြင်း, ဖြူစင်စေခြင်း, ရှင်လန်းခြင်းငှါ။

> ဥပ္ပါဒက္ခဏေ အတီတေ ဟိ ဌိတိက္ခဏတော ပဋ္ဌာယ အာသေဝနာ ပဝတ္တတိ နာမ။ ဋီကာ (ပါနှာ-၁၇၄)

ဣတိ၊ ဤသည်လျှင် အဆုံးဖြစ်သော သမ္ပဟံသနာ၏ အပ္ပနာပတ္တိလက္ခဏာ လေးပါးတို့တည်း။

> တတ္ထ ဥပေက္ခာဝသေန ဉာဏံ ပါကဋံ ဟောတိ။....တသ္မာ ဉာဏ-ကိစ္စဘူတာ သမ္ပဟံသနာ ပရိယောသာနန္တိ ဝုတ္တာ။ အဋ္ဌကထာ (ပါနှာ-၁၄၅)

တေန၊ ထို့ကြောင့်။ ပဌမံ ဈာနံ၊ ပဌမဈာန်သည်။ တိဝိဓ ကလျာဏတ္တဝ၊ သုံးပါးပြားသော ကောင်းခြင်းရှိသည်လည်း။ ဟောတိ၊ ဖြစ်၏ဟူ၍။ ဒသ-လက္ခဏသမ္ပန္နဉ္စ၊ ဆယ်ပါးသော အပ္ပနာပတ္တိလက္ခဏာနှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

> ဧဝံ တိဝိဓာယ ပဋိပဒါဝိသုဒ္ဓိယာ လဒ္ဓဝိသေသာယ တိဝိဓာယ ဥပေက္ခာ-နုဗြူဟနာယ သာတိသယံ ပညိန္ဒြိယဿ အဓိမတ္တဘာဝေန စတုဗ္ဗိဓာပိ သမ္ပဟံသနာ သိဇ္ဈတီတိ အာဂမနုပေက္ခာ ဉာဏကိစ္စဝသေန ဒသပိ အာကာရာ ဈာနေ ဧဝ ဝေဒိတဗ္ဗာ။ ဋီကာ (ပါနှာ-၁၇၅) အနက်ထင်ရှားသည်ချည်း။

**ဈာန်ရသောနေ့၌ အဖြစ်အပျက်အားလုံးကို မှတ်သားထားအပ်ကြောင်း**

ဤသို့ ပဋိပဒါနင်္ဂ, ပဋိ-သမန္နာဂတင်္ဂ, တိဝိဓကလျာ, ဒသလက္ခဏာ တို့နှင့် ပြည့်စုံသော ပထမဈာန်ကို ရပြီးသော ဈာနလာဘီ ယောဂီပုဂ္ဂိုလ်သည် ဝါလဝေဓိမည်သော လေးသမား, လိမ္မာလှစွာသော စားတော်ကဲတို့ အလားကဲ့သို့ ဈာန်ရသောနေ့၌ စားသော ဘောဇဉ်, မှီဝဲသော ပုဂ္ဂိုလ်, နေရာ, ကျောင်း, ဣရိယာပုထ်, ဥတု, ဘာဝနာနိမိတ် စသော အခြင်းအရာတို့ကို ကောင်းစွာ မှတ်သား ပိုင်းခြားအပ်ကုန်၏။ သို့မှ ဈာန်လျှောကျသော်ငြားငြား, ဈာန်မလေ့လာသော်ငြင်း ထို အခြင်းအရာတို့ကို ပြည့်စုံစေ၍ လျှောကျသော ဈာန်ကိုလည်း ဖြစ်စေနိုင်သည်။ မလေ့လာသေးသော ဈာန်ကိုလည်း ဝသီဘော်ငါးပါးတို့ဖြင့် ဝင်စားလေ့လာနိုင်သည်။

**ရပြီးဈာန်တည်တံ့အောင်လုပ်ပုံ။** ။ယင်း ရပြီးသော အပ္ပနာကို မြင့်ရှည်စွာ တည်စေခြင်းငှါ ကာမာဒီနဝပစ္စဝေက္ခဏာ, အသုဘမနသိကာရ စသည်တို့ဖြင့်ရင်း၊ ကာမပဋိပက္ခ နေက္ခမ္မာနိသံသကို ဆင်ခြင်ခြင်း စသည်တို့ဖြင့်ရင်း ကာမစ္ဆန္ဒစသော နီဝရဏ, မဒမာန် အစရှိကုန်သော သမာဓိ၏ ဘေးရန် ပရိဗန္ဓတရားတို့ကို ဥပစာကထက် လွန်စွာ သန့်ရှင်းအောင် ပယ်ခွင်း သုတ်သင်အပ်ကုန်၏၊ သို့မဟုတ်က မသုတ်မသင် ရန်မစင်သော ဥယျာဉ်သို့ဝင်သောမင်း, ဝါးလုံးခေါင်းတွင်းသို့ ဝင်သော ပိတုန်းတို့ကဲ့သို့ မကြာမတင် အလျင်အမြန် ဈာန်မှ ထရသည်။

ပေါရာဏသင်္ဂဟ

ဝိနောဒေ ကာမစ္ဆန္ဒာဒိံ၊ ပါမုဇ္ဇကရစေတသာ။
သုဒ္ဓန္တဂတရာဇာဝ၊ ဒိနမ္ပိ သ တဟိံ ရမေါ။

ပါမုဇ္ဇကရစေတသာ၊ဝိဝေကပါမုဇ္ဇကို ပြုတတ်သောစိတ်ဖြင့်။ ကာမစ္ဆန္ဒာဒိံ၊ ကာမစ္ဆန္ဒနီဝရဏ စသည်ကို။ ဝိနောဒေ၊ အထူး ပယ်ဖျောက်ရာ၏။ သ=သော၊ ထိုယောဂီသည်။ သုဒ္ဓန္တဂတရာဇာဝ၊ စွန်ကွေ့မလပ် သုတ်သင်အပ်ပြီး ဥယျာဉ်ကြီးသို့ဝင်သော ပြည့်ရှင်မင်းကဲ့သို့။ ဒိနမ္ပိ၊ တနေ့ပတ်လုံးလည်း။ တဟိံ၊ ထိုဈာန်၌။ ရမေ၊ မွေ့လျော်၏။

**ကသိုဏ်းနိမိတ်ကို ခွဲ၍ပွါးများပုံ။** ။ယထာလဒ္ဓ ပဋိဘာဂနိမိတ်ကို ဥပစာက မပွါးခဲ့ရသေးမူ ပတ္တဝဍ္ဍန, ပူဝဝဍ္ဍန, ဘတ္တဝဍ္ဍန, လတာဝဍ္ဍန, ဒုဿဝဍ္ဍနနည်း[၂] တို့ဖြင့် မပိုင်းမခြားပဲ မပွါးမူ၍ ကဿကဝဍ္ဍနနည်း, သီမာဗန္ဓနနည်း[၃] တို့ဖြင့် လက် တသစ်, နှစ်သစ်, သုံးသစ်, လေးသစ်ခန့်မျှ အစဉ်အတိုင်း ပိုင်းခြား၍ ပွါးစေအပ်၏။ ထို့နောင် တထွာ, တတောင်, ခန်းဦး, ပရိဝုဏ်, ဥပစာရသိမ်, ရွာ, နိဂုမ်း, တိုင်းပြည်, သမုဒ္ဒရာ, စကြဝဠာ အနားရစ်တိုင်အောင်ရင်း၊ ထို့ထက် အလွန်ပင်သော်ရင်း ပိုင်းခြား၍ ပိုင်းခြား၍ ပွါးစေအပ်၏။ နေ့,လ အဟုန်ကို မှီအောင် ပျံတက်လိုက်သွားနိုင်သော ဇဝနဟံသာငှက်ယ်တို့ အသားကဲ့သို့ လေ့လာဖန်များသဖြင့် စကြဝဠာ အနားရစ်တိုင်အောင်ရင်း တို့ဆက် အလွန်သော်ရင်း ပွါးစေနိုင်၏။ ထိုပွါးစေအပ်ပြီးသော နိမိတ်သည် ဝဍ္ဍိတဝဍ္ဍိတဠာနဌ် ဥက္ကုလ, ဝိကူလ

---

၁-၂-၃။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၁၄၇-၌ ပြဆိုသည် ပေါရာဏဂါထာကို ထပ်၍ အကျဉ်းရိုးကာ စီထားသည်။

၂-၃။ နောက်ဆက်တွဲကြည့်။

နဒီဝိဒုဂ္ဂ, ပဗ္ဗတဝိသမ[၁] အရပ်တို့၌ တံသင်းအရာတို့ဖြင့် နှက်၍ ကြက်အပ်သော နွားရေကဲ့သို့ ဖြစ်၏။

စိတ္တဘာဝနာဝေပုလ္လတ္ထဉ္စ ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗံ။ တဿ ဒွေ ဝဍ္ဎနဘူမိယော ဥပစာရံ ဝါ အပ္ပနံ ဝါ။ ဥပစာရံ ပတွာပိ ဟိ တံ ဝဍ္ဎေတုံ ဝဋ္ဋတိ အပ္ပနံ ပတွာပိ။ ကေသုစိ ပန ဌာနေ အဝဿံ ဝဍ္ဎေတဗ္ဗံ။ တေန ဝုတ္တံ 'ယထာလဒ္ဓံ ပဋိဘာဂနိမိတ္တံ ဝဍ္ဎေတဗ္ဗ'န္တိ။ ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊ နှာ-၁၄၇)အနက် ထင်၏။

**ဈာန်ရပုဂ္ဂိုလ်သည် ဈာန်ဝင်စားမှုသာ များစေရခြင်း**

ထိုနိမိတ်၌ ပထမဈာန်ကို ရပြီးသော အာဒိကမ္မိကပုဂ္ဂိုလ်သည် ထိုဈာန်ကို ဝင်စားခြင်း များစေရာ၏၊ ဆင်ခြင်ခြင်း မများစေရာ။ ပထမဈာန် မလေ့လာခင် ဆင်ခြင်ခြင်း များချေလျှင် ဈာန်အင်္ဂါ ရုန့်ရင်းအားနည်းသည်ထင် အပြစ်မြင်၍ အထက်ဒုတိယဈာန်၏ အကြောင်းလည်း မဖြစ်၊ ယင်းပထမဈာန်မှလည်း ဆုတ်ယုတ်လျှောကျရကား တောင်ထိပ်၌ ကျက်စား မလိမ္မာသော နွားမမိုက်ပုံ[၂] နှစ်ပါးစုံ လျှောကျ၍ ဥဘတောဘဋ္ဌ, ဥဘတောပရိဟီန ဖြစ်တတ်သည်။

**ဒုတိယဈာန်သို့ တက်ပုံ။**

။ထို့ကြောင့် "ဝသန် ဝသီ။ ယထာရုစိပဝတ္တိယောတိ အတ္ထော"ဟူသော အာဝဇ္ဇန, သမာပဇ္ဇန, အဓိဋ္ဌာန, ဝုဋ္ဌာန, ပစ္စဝေက္ခဏဝသီ ငါးလီသော အခြင်းအရာတို့ဖြင့် ထို ပထမဈာန်ကို လွန်စွာ လေ့လာအပ်၏။ ယင်း ဝသီငါးပါးတို့၌ လေ့လာကျေပွန်သောအခါ ယင်း ပထမဈာန်မှ ထ၍—

'ငါရသော ဤဈာန်သည် နီဝရဏ ဟူသော ဘေးရန် နီး၏၊ ရုန့်ရင်း လှစွာ အကာသဖွယ် ဖျက်ဆီးလွယ်သော ဝိတက် ပါခြင်းကြောင့် ဈာန်အင်္ဂါငါးပါးလုံး အားနည်း၏'—

ဟု ပထမဈာန်၌ အပြစ်ဒေါသကို ရှုမြင်၍ အင်္ဂါလေးတန် ဒုတိယဈာန် တရားကို ငြိမ်သက်သော အားဖြင့် နှလုံးသွင်း၍ ပထမဈာန်၌ တပ်ခြင်းကို ကုန်စေ၍ ရုန့်ရင်းသောဈာန်အင်္ဂါကို ပယ်ခြင်းငှါ သိမ်မွေ့သော ဈာန်အင်္ဂါကို ရခြင်းငှါ ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ 'ပထဝီ,ပထဝီ'ဟု အဖန်တလဲလဲ မှီဝဲပွါးများ နှလုံးထားပြန်သည်ရှိသော် "အဝိတက္ကံ ဝိစာရမတ္တံ သမာဓိဇံ

၁။ ဥက္ကူလ=မြင့်ရာဌာန။ ဝိက္ကူလ=နိမ့်ဝှမ်းရာဌာန။
နဒီဝိဒုဂ္ဂ=မြစ်ရေအယဉ်တိုက်ဖျက်စားသော မညီမညွတ်အသွား ခက်သည့် ချောက်ကြီး။ ပဗ္ဗတဝိသမ=မညီမညွတ်နိမ့်မြင့်ဖြစ်သော တောင်တန်းများ။

၂။ အံ ၃၊နှာ-၂၁၆။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၁၄၈။

ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ”[၁] ဟူ၍ လာသော ကောင်္ဂဝိပ္ပဟီန စတုရင်္ဂသမန္နာဂတ တိဝိဓကလျာဏ ဒသလက္ခဏသမ္ပန္န ဒုတိယဈာန်ကို ရ၏။

အဝိတက္ကံ၊ ဝိတက်မရှိသော။ ဝိစာရမတ္တံ၊ ဝိစာရမျှသာ ရှိသော။ သမာဓိဇံ၊ ပထမဈာန် သမာဓိကြောင့် ဖြစ်သော။ ဝါ၊ ဝိတက် မပုတ် မတုန်လှုပ်သော သမ္ပယုတ်သမာဓိဖြင့် ဖြစ်သော။ ပီတိသုခံ၊ ဖရဏာပီတိစေတသိက သုခရှိသော။ ပထဝီကသိဏံ၊ ပထဝီကသိုဏ်းဝန်း၏ အတုဖြစ်သော ပဋိဘာဂနိမိတ်လျှင် အာရုံ ရှိသောကြောင့် ပထဝီကသိဏ မည်သော။ ဒုတိယံ ဈာနံ၊ ဂဏနာနုပုဗ္ဗ, ဒုတိယုပ္ပန္န ကြောင့် ဒုတိယမည်သော အာရမ္မဏူပနိဇ္ဈာန ပစ္စနီကဈာပန ဈာန်သို့။ ဝါ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍ ပြည့်စုံစေ၍။ ဝိဟရတိ= ဝိစ္ဆိန္ဒိတွာ ဟရတိ၊ ဣရိယာပထဗာဓနကို ဣရိယာပထန္တရဖြင့် ဖြတ်၍ အတ္တဘောကို ဆောင်၏၊ ဖြစ်စေ၏။

ဝေမနေန ကောင်္ဂဝိပ္ပဟီနံ စတုရင်္ဂသမန္နာဂတံ တိဝိဓကလျာဏံ ဒသ-
လက္ခဏသမ္ပန္နံ ဒုတိယံ ဈာနမဓိဂတံ ဟောတိ ပထဝီ ကသိဏံ[၂]—

ဟူရာ၌ ကောင်္ဂ ဝိပ္ပဟီန စသည်ကား ရှေး (ဤကျမ်း ဒုတွဲ၊ နှာ-၂၀၁၌) ဆိုခဲ့ပြီးသော နည်းအားဖြင့် ထင်ရှားသိသာလှပြီ။

ပဥ္စကနည်းနှင့် စတုက္ကနည်းညှိပုံ။ ။တွေ စ ပဥ္စကနယေ ဒုတိယဇ္ဈာနံ စတုက္ကနယေ ဒုတိယဈာနပက္ခိကံ
ကတွာ ဝိဘတ္တံ“ယသ္မိံ သမယေ ရူပူပပတ္တိယာ မဂ္ဂံ ဘာဝေတိ အဝိတက္ကံ ဝိစာရမတ္တံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ”တိ။ ကသ္မာ၊ ကေတ္တကာယ နာနာတ္တသည် သတ္တာဝါသဖလတာယ ဒုတိယဇ္ဈာနေန သမာန-ဖလတ္တာ ပထမဇ္ဈာနသမာဓိတော ဇာတတ္တာ စ။

စ၊ ဆက်ဦးအံ့။ တွေ ပဥ္စကနယေ၊ ဤပဥ္စကနည်း၌။ ဒုတိယဇ္ဈာနံ၊ ဒုတိယ ဈာန်ကို။ စတုက္ကနယေ၊ စတုက္ကနည်း၌။ ဒုတိယဈာနပက္ခိကံ၊ ဒုတိယဈာန်၏ အဘို့၌ ဖြစ်သည်ကို။ ကတွာ၊ ပြု၍။ ယသ္မိံ သမယေ။ပ။ ဝိဟရတီတိ၊ ....ဟူ၍။ ဝိဘတ္တံ၊ ဝေဘန်တော်မူအပ်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ အကြင် အပေါင်း၌။ အကြင်အကြောင်းသည်။ အကြင် အခွင့်သည်။ အကြင်အကြောင်း ညီညွတ်ခြင်းသည်။ သတိ၊ ရှိသော်။ ရူပူပပတ္တိယာ၊ ရူပဘုံ၌ ဖြစ်ခြင်းငှါ။ ဝါ၊ ဖြစ်ခြင်း၏။ မဂ္ဂံ၊ အကြောင်းဖြစ်သော ဈာန်ကို။ ဘာဝေတိ၊ ပွါးစေ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ထိုအကြောင်းသည်။ သတိ၊ ရှိသော် [ထည့်]။ အဝိတက္ကံ၊ ဝိတက်မရှိသော။ပ။ ဝိဟရတိ=ဝိစ္ဆိန္ဒိတွာ ဟရတိ၊ အတ္တဘောကို

---

၁။ အဘိ ၁၊ နှာ-၄၇။ ၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၁၅၁။

ဆောင်၏–ဖြစ်စေ၏။ ကသ္မာ၊ အဘယ့်ကြောင့် စတုက္ကနယ ဒုတိယစျာန် အတူ ဝေဘန်တော်မူအပ်သနည်း။ ဧကတ္တကာယ နာနာတ္တသညီ သတ္တာဝါသဖလ-တာယ၊ ကိုယ်သဏ္ဍာန်တူ၍ ပဋိသန္ဓေဝိညာဉ် မူပြားသော ဒုတိယစျာန်ဘုံ၌ အကျိုးပေးသည်၏ အဖြစ်ဖြင့်။ ဒုတိယဇ္ဈာနေန၊ စတုက္ကနည်း၌ ဒုတိယစျာန်နှင့်။ သမာနဖလတ္တာ စ၊ တူသော အကျိုး ရှိသည်၏ အဖြစ်ကြောင့်၎င်း။ ပထမ-ဇ္ဈာန သမာဓိတော၊ ပထမစျာန် သမာဓိကြောင့်။ ဇာတတ္တာ စ၊ ဖြစ်သည်၏ အဖြစ်ကြောင့် ၎င်းတည်း။

ဤသို့ ဋီကာ (၁၊ပ၊နှာ-၁၉၃)လာသည့် အတိုင်း ဤပဉ္စကနယ၌ ဒုတိယဇ္ဈာန ပါဠိကို စတုက္ကနယ ဒုတိယစျာန် ပါဠိအတိုင်း မှတ်အပ်၏။

**တတိယစျာန်သို့တက်ပုံ။** ။ဤသို့ ဒုတိယစျာန်ကို ရပြီး၍ ရှေးနည်းတူစွာ ဝသီ ငါးဖြာတို့၌ လေ့လာ ကျေပွန်သော အခါ ယင်း ဒုတိယစျာန်မှ ထ၍—

“ငါရသော ဤသမာပတ်သည် ဝိတက် ဟူသော နီးသော ဘေးရန် ရှိ၏၊ ရုန့်ရင်းလှစွာ အကာသဖွယ် ဖျက်ဆီးလွယ်သော ဝိစာရပါခြင်း ကြောင့် စျာန်အင်္ဂါလေးပါးလုံး အားနည်း၏”—

ဟု ဒုတိယစျာန်၌ အပြစ်ဒေါသကို ရှုမြင်၍ အင်္ဂါသုံးတန် တတိယ စျာန် တရားကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ဒုတိယစျာန်၌ တပ်ခြင်း, ငဲ့ကွက်ခြင်းကို စွန့်ခွါ၍ ရုန့်ရင်းသော စျာန်အင်္ဂါကို ပယ်ခြင်းငှါ သိမ်မွေ့သော စျာန်အင်္ဂါကို ရခြင်းငှါ ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ‘ပထဝီ, ပထဝီ’ဟု အဖန်တလဲလဲ မှိဝဲပွါးများ နှလုံးထားပြန်သည်ရှိသော်—

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကော-ဒိဘာဝံ အဝိတက္ကမဝိစာရံ သမာဓိဇံ ပီတိသုခံ တတိယံ စျာနမုပသမ္ပဇ္ဇ ဝိဟရတိ[၁]—

ဟူ၍ လာသော ဧကင်္ဂဝိပ္ပဟီန,တိဝင်္ဂသမန္နာဂတ, တိဝိဓကလျာဏ, ဒသလက္ခဏာ-သမ္ပန္န တတိယစျာန်ကို ရ၏။ အနက်ထင်ပြီ။

ဧဝမနေန ဧကင်္ဂဝိပ္ပဟီနံ တိဝင်္ဂသမန္နာဂတံ တိဝိဓကလျာဏံ ဒသ-လက္ခဏာသမ္ပန္နံ တတိယစျာနမဓိဂတံ ဟောတိ ပထဝီကသိဏံ[၂] ဟူရာ၌ ‘ဝိတက္ကဝိစာရာနံ ဝူပသမာ’ဟု တွဲဖက်၍လာခဲ့သော်လည်း ဝိစာရကိုသာ ပဟာနင်္ဂါဟု မှတ်အပ်၏။ ‘တဿ ဝိစာရမတ္တမေဝ ပဟာနင်္ဂံ’’ ဝိသုဒ္ဓိမဂ် (၄၊ပ၊နှာ-၁၆၄)။

---

၁။ အဘိ၊ ၁၊ နှာ-၄၇။

၂။ ဝိသုဒ္ဓိ၊ ၄၊ ပ၊ နှာ-၁၅၄။

ပဉ္စကနယနိဒ္ဒေသေ ဒုတိယေ ဝူပသန္တေပိ ဝိတက္ကော သဟာယ-ဘူတဝိစာရာဝူပသမေန န သမ္မာ ဝူပသန္တောတိ ဝိတက္က,ဝိစာရဒွယ ရဟိတေဝိယ ဝိစာရဝူပသမေနေဝ တဒုပသမံ, သေသဓမ္မသမာနတဉ္စ ဒဿေန္တေန "ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိ–ဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ တတိယံ ဈာနံ ဉပသမ္ပဇ္ဇ ဝိဟရတိ"တိ တတိယံ စတုက္ကနယေ ဒုတိယေန နိဗ္ဗိသေသံ ဝိဘတ္တံ။

ဋီကာ (ပ၊ နှာ-၁၉၄)

ယံ စတုက္ကနယေ ဒုတိယံ၊ တံ ဒွိဓာ ဘိန္ဒိတွာ ပဉ္စကနယေ ဒုတိ-ယဉ္စေဝ တတိယဉ္စ ဟောတိ။ ဝိသုဒ္ဓိမဂ် (၎ပ၊ နှာ-၁၆၄)

ပဉ္စကနယေ ဒုတိယ တတိယ ဈာနာနိ ဒုတိယဇ္ဈာနမေဝ ဘဇန္တိ ဝိတက္ကဝူပသမာ ဝိစာရဝူပသမာ အဝိတက္ကတ္တာ, အဝိစာရတ္တာ စ။ ၎င်း ဋီကာ (ပ၊ နှာ-၁၉၃)

တဿ၊ ထိုယောဂီ၏ တဘိယဈာန်၏။ ဝိစာရမတ္တမေဝ၊ ဝိစာရမျှသည်သာလျှင်။ ပဟာနင်္ဂ၊ ပယ်အပ်သော အင်္ဂါတည်း။

**ပဉ္စကနည်းနှင့် စတုက္ကနည်းညှိပုံ။** ။ပဉ္စကနယနိဒ္ဒေသေ၊ ပဉ္စကနယနိဒ္ဒေသ၌။ ဒုတိယေ၊ ဒုတိယဈာန်၌။ ဝူပသန္တေပိ၊ ငြိမ်းလေပြီးသော်လည်း။ ဝိတက္ကော၊ ဝိတက်သည်။ သဟာယဘူတဝိစာရာ-ဝူပသမေန၊ အဖော်ဝိစာရ မငြိမ်းရသေးသဖြင့်။ ဝါ၊ မငြိမ်းရသေးသောကြောင့်။ န သမ္မာ ဝူပသန္တော၊ ကောင်းကောင်းကြီး မငြိမ်းသေး။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိဘက္ကဝိစာရ ဒွယရဟိတေ ဝိယ၊ ဝိတက်,ဝိစာ နှစ်ဖြာကင်းပ စတုက္ကနယ ဒုတိယဈာန်၌ကဲ့သို့။ ဝိစာရဝူပသမေနေဝ၊ ဝိစာရငြိမ်းခြင်းဖြင့်သာလျှင်။ တဒုပသမံ၊ ထိုအဖော် ဝိတက်၏ ချုပ်ခြင်းကိုရင်း။ သေသ-ဓမ္မသမာနတဉ္စ၊ ကြွင်းသော သဒ္ဓါ,သမာဓိ အစရှိသော တရား မထူးခြားသော အဖြစ်ကိုရင်း။ ဒဿေန္တေန၊ ပြလျက်။ ပြလိုသော ဘုရားမြတ်သည်။ ဝိတက္က ဝိစာရာနံ ဝူပသမာ။ပ။ ဝိဟရတီတိ၊....ဝိဟရတိဟူ၍။ တတိယံ၊ တတိယဈာန်ကို။ စတုက္ကနယေ၊ စတုက္ကနယ၌။ ဒုတိယေန၊ ဒုတိယနယနှင့်။ နိဗ္ဗိ-သေသံ၊ အထူးအခြား မရှိ။ ဝိဘတ္တံ၊ ဝေဘန်တော်မူအပ်၏။

**ဈာန်စိတ်ရေတွက်ပုံ။** ။သို့ ပါဠိ,အဋ္ဌကထာ,ဋီကာ လာသောကြောင့် စတုက္ကနည်း၌ ပဉ္စကနည်းကို ပေါင်း၍ ရေတွက်လိုလျှင် ပထမဈာန်ဇော တဆယ်၊ ဒုတိယဈာန်ဇော နှစ်ဆယ် စသည်ဖြင့် ရေတွက်သင့်သည်။ နည်းနှစ်ပါးကို မရောပဲသော်လည်း စတုက္ကနည်းအားဖြင့် ပထမ

ဈာန်ဇော တဆယ်၊ ဒုတိယ, တတိယဈာန်ဇော တဆယ်၊ စတုတ္ထဈာန်ဇော တဆဲ့ရှစ်ခု။ ပဉ္စကနည်းအားဖြင့် ပထမဈာန်ဇော တဆယ်၊ ဒုတိယ, တတိယ, စတုတ္ထဈာန်ဇော တဆယ်၊ ပဉ္စမဈာန်ဇော တဆဲ့ရှစ်ခု။ ဤသို့ ရေတွက်သင့်သည်။

သခ်ါရ ယမိုက်ကောက်[1] ဆရာကား—ပထမဈာန်ဇော နှစ်ဆယ်၊ ဒုတိယဈာန်ဇော တဆယ် စသည်ဖြင့် ကောက်ပြီးလျှင် 'ဤ၌ ပထမဈာန်ဇော နှစ်ဆယ်ဟူသော်ကား–စတုက္ကနည်းအားဖြင့် ပဉ္စကနည်း၌ ပထမဈာန်,ဒုတိယဈာန် နှစ်ပါးကို တပေါင်းတည်းယူ၍ နှစ်ဆယ်ဖြစ်သတည်း။ ဤသို့ ဆရာမြတ်တို့ ယူတော်မူကုန်၏'ဟု မှာတော်မူ၏။

'တပါးသော ဆရာမြတ်တို့ကား–ခိပ္ပါဘိညပုဂ္ဂိုလ်အား ပထမဈာန်၌ဝိတက်, ဝိစာရ၊ ဤအင်္ဂါနှစ်ပါးကို လွန်၍ ပီတိ,သုခ,ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါ သုံးပါးနှင့်တကွ ပထမဈာန် နောင် ရသော ဒုတိယဈာန်၊ ပဉ္စကနည်း၌ရသော ဒုတိယဈာန်,တတိယဈာန်တို့ကို ဒုတိယဈာန်ဟု ယူ၍ ပထမဈာန်ဇော တဆယ်သာ ဖြစ်၏ဟု မိန့်တော်မူကုန်၏။ ဤနည်း နှစ်ပါးကို စုံစမ်းဆင်ခြင်၍ ကြိုက်နှစ်သက်ရာ ကောက်ကြလေ'။ ဤသို့လည်း မှာထားတော်မူ၏။

တိဝိဓကလျာဏ ဒသလက္ခဏတို့ကား ရှေးနည်းတူ။ (ဤကျမ်း ဒုတွဲ၊နှာ-၂၁၁)

**စတုတ္ထဈာန်သို့တက်ပုံ။** ။ဤသို့ တတိယဈာန်ကို ရပြီး၍ ရှေးနည်းတူစွာ ဝသီငါးဖြာတို့၌ လေ့လာကျေပွန်သောအခါ ယင်း **တတိယဈာန်မှ ထ၍—**

"ငါရသော ဤသမာပတ်သည် ဝိစာရဟူသော နီးသော ဘေးရန်ရှိ၏၊ ရုန့်ရင်းလှစွာ အကာသဖွယ် ဖျက်ဆီးလွယ်သော ပီတိ ပါခြင်းကြောင့် ဈာန်အင်္ဂါသုံးပါးလုံး အားနည်း၏"—

ဟု တတိယဈာန်၌ အပြစ်ဒေါသကို ရှုမြင်၍ အင်္ဂါနှစ်တန် စတုတ္ထဈာန်ကို ငြိမ်သက်၏ဟု နှလုံးပြု၍ တတိယဈာန်ဝယ် တွယ်တပ်ငဲ့ကွက်ခြင်းကို စွန့်ခွါ၍ ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်း သိမ်မွေ့သော ဈာန်အင်္ဂါကို ရခြင်းငှါ ထိုပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ပထဝီ,ပထဝီဟု အဖန်တလဲလဲ မှိဝဲပွါးများနှလုံးသားပြန်သည်ရှိသော်—

ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ၊ သတော စ သမ္ပဇာနော သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ၊ စတုတ္ထံ ဈာန'မုပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ[2]။

---

၁။ ယမိုက်အာရကောက်၊နှာ-၃၁၃။ ၂။ အဘိ၊၁၊နှာ-၄၅ ၄၈။

ဟူ၍ လာသော ကေင်္ဂဝိပ္ပဟီန, ဒုဝင်္ဂသမန္နာဂတ, တိဝိဓကလျာဏ, ဒသ-လက္ခဏသမ္ပန္န စတုတ္ထဈာန်ကို ရ၏။

ပီတိယာ၊ ပီတိကို။ ဝိရာဂါ စ၊ စက်ဆုပ်ခြင်းကြောင့်ရင်း။ ဝါ၊ လွန်မြောက်ခြင်းကြောင့်ရင်း။ ဝူပသမာ စ၊ ငြိမ်းခြင်းကြောင့်ရင်း။ ဝါ- ပီတိယာ စ၊ ပီတိကိုရင်း။ ဝိတက္ကဝိစာရာနဉ္စ၊ ဝိတက်, ဝိစာရတို့ကိုရင်း။ ဝိရာဂါ၊ ချုပ်ငြိမ်းလွန်မြောက်ခြင်းကြောင့်။ ဥပေက္ခကော စ၊ ဗြဟ္မ,ဆဋ္ဌင်၊ ဗောဇ္ဈင်,ဈာန်၊ သခ်ါ,ဝေဒတ်၊ ဝိပဿ်, တတြ၊ ဈာန, ပါရိ၊ ပြားဘိဆယ်ဖြာ ဥပေက္ခာတွင် ဈာနုပေက္ခာဖြင့် လျစ်လျူရှုလျက်လည်း။ဝိဟရတိ၊ နေ၏။

ဥပေက္ခာ ၁၀-ပါး၏ တရားကိုယ်။ ။ဆယ် ဥပေက္ခာ၊ ပြားရာ သရူပ၊ ဝေဒ, ဈာန်ဟာ၊ အသီးသာတည်း၊
သခ်ါ ဝိပဿ်၊ နှစ်ရပ် ဉာဏ်သာ၊ သေသာ ဆကား၊ တတြမဇ္ဈတ်၊ စွဲမှတ်ယူဆို၊
တရားကိုယ်၊ ပြားထို စတုဓာ။

သတော စ၊ သုခ မခင် ထင်မြင်သော သတိရှိသည်ဖြစ်၍လည်း။ သမ္ပဇာနော၊ သုခမမက် ထင်ပြက်သော ပညာရှိသည်ဖြစ်၍လည်း။ သုခဉ္စ၊ ဈာန်ချမ်းသာကိုလည်း။ ဝါ၊ ကာယိကသုခကိုလည်း။ ကာယေန၊ နာမကာယဖြင့်။ ဝါ၊ ရူပကာယဖြင့်။ ပဋိသံဝေဒေတိ၊ ခံစား၏။ ယံ=ယသ္မာ ဈာနဟေတု၊ အကြင် စတုတ္ထဈာန်ဟူသော အကြောင်းကြောင့်။တံ=ဈာနသမင်္ဂိ၊ထိုစတုတ္ထဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို။ အရိယာ၊ ဘုရားစသော သူတော်ကောင်းတို့သည်။ အာစိက္ခန္တိ၊ ဟောပြောပြဋ္ဌန်း ချီးမွမ်းကုန်၏။ ကိန္တိ၊အဘယ်သို့ချီးမွမ်းကုန်သနည်း။ ဥပေက္ခကော၊ ချမ်းသာမယစ် လျစ်လျူရှုနိုင်ပေ၏။ သတိမာ၊ မဖြစ်ပီတိ သတိရှိပေ၏။ သုခဝိဟာရီ၊ အရိယကန္တ သုခမှိဘိ နေလေ့ရှိပေ၏။ ဣတိ၊ ဤသို့။ အာစိက္ခန္တိ၊ ဟောပြောပြဋ္ဌန်း ချီးမွမ်းကုန်၏။ တာဒိသံ၊ ထိုသို့ သဘော ရှိသော (ထည့်)။ ပထဝီကသိဏံ၊ ပထဝီကသိဏမည်သော။ စတုတ္ထံ၊ လေးဆင့် မြောက်ဖြစ်သော။ ဈာနံ၊ ဈာန်သို့။ ဝါ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရတိ၊ နေ၏။

**ပဉ္စမဈာန်သို့တက်ပုံ။** ။ထိုနည်းအတူ ပီတိကို ရန်သူ၊ သုခကို ရန့်ရင်း ကြမ်းတမ်းသည် ထင်၍ ပွါးများပြန်သည်ရှိသော်—

သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿ-ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ ပဉ္စမံ ဈာနမုပသမ္ပဇ္ဇ ဝိဟရတိ ပထဝီကသိဏံ[၁]—

၁။ အဘိ၊၁၊နှာ-၄၉။

ဟူ၍ လာသော ကောဂ်ဝိပ္ပဟီန, ဒုဝဂ်သမန္နာဂတ, တိဝိဓကလျာဏ, ဒသ-လက္ခဏသမ္ပန္န ပဥ္စမဈာန်ကို ရ၏။

ပုဗ္ဗေ ဝေ၊ ရှေးဖြစ်သော တတိယဈာန်, ပထမဈာန်တို့၏ နာနာဝဇ္ဇန ဥပစာဌ္ဌသာလျှင်။သုခဿ စ၊ကာယိကသုခကိုလည်း။ပဟာနာ၊ပယ်ခြင်းကြောင့်။ ဒုက္ခဿ စ၊ ကာယိကဒုက္ခကိုလည်း။ ပဟာနာ၊ ပယ်ခြင်းကြောင့်။ ပုဗ္ဗေဝေ၊ ရှေးဖြစ်သော စတုတ္ထဈာန် ဒုတိယဈာန်တို့၏ နာနာဝဇ္ဇန ဥပစာဌ္ဌသာလျှင်။ (စတုက္ကနည်း၌ ပေါင်း၍ယူ) သောမနဿ ဒေါမနဿာနံ၊ သောမနဿ, ဒေါ-မနဿတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ပျောက်ခြင်းကြောင့်။ အဒုက္ခမသုခံ၊ ဒုက္ခ, သုခ တို့၏ ဆန့်ကျင်ဖက် ဖြစ်သော။ ဥပေက္ခာသတိပါရိသုဒ္ဓိံ၊ ဆန့်ကျင်ဖက်ပ အဖော်ရသော တတြ မဇ္ဈတ္တုပေက္ခာသည် ဖြစ်စေအပ်သော သတိ၏စင်ကြယ် ခြင်းရှိသော။ ဝါ၊ သတိသိသ သမ္ပယုတ္တဓမ္မတို့၏ စင်ကြယ်ခြင်းရှိသော။ ပထဝီကသိဏံ၊ ပထဝီကသိဏမည်သော။ ပဥ္စမံ၊ ငါးခုမြောက်ဖြစ်သော။ ဈာနံ၊ ဈာန်သို့။ ဝါ၊ ဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာရတိ၊ နေ၏။

ဤကား ပဥ္စကနည်းအားဖြင့် ရူပဈာန် ငါးပါးတည်း။

### စတုက္ကနည်းအားဖြင့် ဈာန်ရပုံ

စတုက္ကနည်းအားဖြင့်ကား ခိပ္ပါဘိညပုဂ္ဂိုလ်သည် လေ့လာပြီးသော ပထမ ဈာန်မှ ထ၍—

"ငါရသော ဤသမာပတ် ဈာန်သည် နီဝရဏဟူသော ဘေးရန် နီး၏၊ ရုန့်ရင်းလှစွာ အကာသဖွယ် ဖျက်ဆီးလွယ်သော ဝိတက်, ဝိစာရ နှစ်ပါးရှိခြင်းကြောင့် ဈာန်အင်္ဂါငါးပါးလုံး အားနည်း၏"—

ဟု ပထမဈာန်၌ အပြစ်ဒေါသကို ရှုမြင်၍ အင်္ဂါသုံးတန် ဒုတိယဈာန် တရားကို ငြိမ်သက်သောအားဖြင့် နှလုံးသွင်း၍ ပထမဈာန်၌ တပ်ခြင်းကို စွန့်၍ ရုန့်ရင်းသော ဈာန်အင်္ဂါကို ပယ်ခြင်းငှါ သိမ်မွေ့သော ဈာန်အင်္ဂါကို ရခြင်းငှါ ထို ပဋိဘာဂနိမိတ်ကိုပင် အာရုံပြု၍ ပထဝီ, ပထဝီ-ဟု အဖန်တလဲလဲ မှိဝဲပွါးများ နှလုံးထားပြန်သည်ရှိသော်—

ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကော-ဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနမုပသမ္ပဇ္ဇ ဝိဟာရတိ ပထဝီကသိဏံ[၁]—

---

၁။ ဓမ္မသင်္ဂဏီ၊နှာ-၄၄။

စသည်ဖြင့် လာသော ဒွင်္ဂဝိပ္ပဟီန တိဝင်္ဂသမန္နာဂတ တိဝိဓကလျာဏ ဒသလက္ခဏသမ္ပန္န ဒုတိယဈာန်ကို ရ၏။ ဤသို့ စသည်ဖြင့် ရှေးနည်းတူ ပွါးများ၍ ရူပါဝစရဈာန်လေးပါးကို ရ၏။ ဤကား စတုက္ကနည်းအားဖြင့် ရူပဈာန်လေးပါးတည်း။

ပထဝီကသိုဏ်း ပြီး၏။

---

## အာပေါ ကသိုဏ်း

အာပေါကသိုဏ်းကို ပွါးလိုသော ပုဂ္ဂိုလ်သည်လည်း ရှေးဘဝက ကတာဓိကာရ[၁]ရှိလျှင် လာဘသက္ကာရကို စွန့်ခွါ၍ ဇမ္ဗူဒိပ်သို့ ကူးလာစဉ် သမုဒ္ဒရာရေကို မြင်၍နိမိတ်ထင်သော သီဟိုဠ်-စူဠသီဝထေရ် အရှင်ကဲ့သို့[၂]မပြုမပြင်သောရေကန်, သမုဒ္ဒရာ, မီအိုင်[၃]တို့မှာပင် စီးဖြန်းရ၏။

အကတာဓိကာရ ပုဂ္ဂိုလ်ကား—ကသိဏဒေါသ လေးပါး[၄]မထင် ကြည်လင် စင်ကြယ်သော ရေကို အဝ တထွာနှင့် လက်လေးသစ် အောက်ထစ်ကျယ်လျက် အစောက်နက်သော အိုးခွက်သပိတ်စသည်၌ ထည့်၍ ဆိတ်ငြိမ်ရာအရပ် လေ မခတ်ရာ၌ ထား၍—

> အာပေါ,ပယော,ဇလံ,ဝါရိ၊ ကံ,ဒကံ,ဥဒကံ,ဝနံ။
> အဏ္ဏော,တောယံ,ဝါလံ,အမ္ဗု၊ ပါနီယံ,သလိလံ,နီရံ။

စသော ရေ၏ အမည်အများတို့တွင် နှုတ်တက် လေ့လာ စိတ်မှာ ထင်မြင်ရာ သညာနုကူလ[၅]အမည်ကို ယူ၍ 'အာပေါ, အာပေါ'ဟု အဖန်ဖန်ပွါးများ နှလုံး ထား၍ အားထုတ်အပ်၏။

မငြိမ်လှုပ်လှုပ် ရေမြှုပ်စသော ကသိဏဒေါသနှင့်တကွ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂနိမိတ်ကား မလှုပ်မရှား ကောင်းကင်၌ ထားသော ပတ္တမြားယပ်ဝန်း ကဲ့သို့ ထင်၏။

---

၁။ ကတာဓိကာရ=ကတ+အဓိကာရ= (ကတ၊ ပြုလုပ်အပ်ဘူးသော။ အဓိကာရ၊ အလေ့အကျင့်။) အားထုတ်လေ့ကျင့်ခဲ့ဘူးခြင်း။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ၊ နှာ-၁၆၅။

၃။ မီအိုင်-ရှေးအခေါ်=ဒီအိုင် ယခုအခေါ်။ သမုဒ္ဒရာမှ ဒီရေ တက်လာပြီး ကျသွားသော အခါ အိုင်ဖြစ်၍ ကျန်နေသည်ကို ဒီအိုင်ဟုဆိုသည်။

၄။ ကသိုဏ်းအပြစ် ၄-ပါး=ညို,ရွှေ,နီ,ဖြူ အရောင်အဆင်း (ရှိသောရေ)။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၁၆၅။

၅။ သညာနုကူလ=အမှတ်သညာအားလျော်စွာ။

## တေဇော ကသိုဏ်း

တေဇောကသိုဏ်းကို ပွါးလိုသော ပုဂ္ဂိုလ်သည်လည်း ကတာဓိကာရဖြစ်မူ တရားနာသောနေ့၌ ဥပုသ်အိမ်သို့ဝင်ရာ ဆီမီးလျှံကို ရှုမြင်၍ နိမိတ်ထင်သော စိတ္တဂုတ္တထေရ်အရှင်ကဲ့သို့ မပြုမပြင်သော ဆီမီး, ချက်ပြုတ်သောမီး, တောမီး စသည်၌ပင် စီးဖြန်းရ၏။

အကတာဓိကာရ ပုဂ္ဂိုလ်ကား—အနှစ်ပြည့်မာသော ထင်းကို ဖြတ်ပိုင်း ခွဲစိတ် သပိတ်ဖုတ်သည့်အသွင် စုပုံမီးတင်၍ တထွာနှင့် လက်လေးသစ်ခန့် ဖောက်ထားသော သားရေ,ဖျာ,ရိုင်,အဝတ်တို့ကို ရှေ့ထား၍—

ဇာတဝေဒေါ,သိခီ,ဇောတိ၊ ပါဝကော,ဒဟနော’နလော။
ဟုတာဝဟော’စ္စိမာ,ဓူမ-ကေတွ’ဂ္ဂိ,ဂိန္နိ,ဘာဏုမာ။

တေဇော,ဓူမသိခေါ,ဝါယု-သခေါ,စ ကဏှဝတ္တနီ။
ဝေဿာနရော,ဟုတာသောတိ၊ အဂ္ဂိနာမာနိ နေကဓာ။

စသော မီး၏အမည်အများတို့တွင် နှုတ်တက်လေ့လာ စိတ်မှာထင်မြင်ရာ သညာနုကူလအမည်ကို ယူ၍ ‘တေဇော,တေဇော’ဟု အဖန်တလဲလဲ မှိဝဲပွါးများ အားထုတ်အပ်၏။

မီးလျှံ ပြတ်၍ပြတ်၍ ကျသကဲ့သို့ မီးစ မီးကျီး မီးခိုး စသော ကသိဏ ဒေါသနှင့်တကွ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂနိမိတ်ကား မလှုပ်ငြိမ်စွာ ကမ္ဗလာနီပြတ် ရွှေယပ်ဝန်း ရွှေသည်တိုင်ကဲ့သို့ ထင်၏။

## ဝါယော ကသိုဏ်း

ဝါယောကသိုဏ်းကို ပွါးလိုသော ပုဂ္ဂိုလ်သည်လည်း လေတဖျတ်ဖျတ် ခတ်၍ လှုပ်ရှား အရွက်များသော ဃနပတ္တသမသီသဋ္ဌိတ[၂] ကြံပင်ဖျား ဝါးရုံပင်ဖျား သစ်ပင်ဖျား, လက်လေးသစ်ခန့်မျှ ဆံပင်ရှိသော ဦးခေါင်းများကို ကြည့်ရှု၍ သော်၎င်း, မိမိကိုယ်မှာ လေထိခတ်ရာအရပ်၌ နှလုံးထား၍သော်၎င်း—

မာလုတော,ပဝနော,ဝါယု၊ ဝါတော’,နိလ,သမီရဏာ။
ဂန္ဓဝါဟော,တထာ ဝါယော,၊ သမီရော,စ သဒါဂတိ။

---

၁။ ဝိသုဒ္ဓိ၊ ဌ၊ ပ၊ နှာ-၁၆၆။

၂။ ဃနပတ္တ သမသီသဋ္ဌိတ=(ဃန+ပတ္တ=ထူပိတ်သော+အရွက်ရှိသော။သမသီသ+ ဋ္ဌိတ=အမြင့်ဦးခေါင်းနှင့်အမျှ+တည်ရှိနေသော)အရွက်ထူပိတ်များပြား၍ အမြင့် ဦးခေါင်းလောက် တည်ရှိသော (အပင်)။

စသော လေ၏ အမည်အများတို့တွင် နှုတ်တက်လေ့လာ စိတ်မှာထင်မြင်ရာ သညာနုကူလအမည်ကို ယူ၍ 'ဝါယော, ဝါယော'ဟု အဖန်တလဲလဲ မှိုဝ်ပွါးများ အားထုတ်အပ်၏။

မီးဖိုခွင်မှ ချခါစ ကဏ္ဍာထမင်းမှ အလိပ် အလိပ် ထသော အငွေ့အသွင် လှုပ်ရှားစွာ ဥဂ္ဂဟနိမိတ် ထင်၏။ မလှုပ်မယှက် ငြိမ်သက်စွာ ပဋိဘာဂနိမိတ် ထင်၏။

ပဋိဘာဂနိမိတ္တံ သန္နိသိန္နံ ဟောတိ နိစ္စလံ[၁]။ ဝိသုဒ္ဓိမဂ် (၊၁၅၊ ပါရာ-၁၆၇)

'နိစ္စလ'န္တိ ဣမိနာ နိစ္စလဘာဝေါယေဝ ဥဂ္ဂဟနိမိတ္တတော ဣမဿ ဝိသေသောတိ ပဋိဘာဂနိမိတ္တဿာပိ ဥသုမဝဋ္ဋိသဒိသတာဝ ဝိဘာဝိတာ ဟောတိ[၂]။ ဋီကာ (ပါရာ-၁၉၆) အနက်ထင်၏။

## နီလ ကသိုဏ်း

နီလကသိုဏ်းကို စီးဖြန်းလိုသော ပုဂ္ဂိုလ်သည်လည်း ကတာဓိကာရ ဖြစ်အံ့၊ ညိုသော ပန်းခြုံ ပန်းမွေ့ရာအခင်း ပုဆိုးညို ပတ္တမြားညို စသည်၌ပင် နိမိတ် ထင်၏။

အကတာဓိကာရဖြစ်မူ–ကြာညိုပန်း, အောက်မည်းညိုပန်း စသည်ကို ရိုးတံ ဝတ်ဆံ မထင်စေရ၊ ဝန်းဝိုင်းသော ပန်းတောင်းကြုတ်ဖုံးတို့၌ အပြည့် ထည့်၍ ပုဆိုးညိုဖြင့်သော်လည်း တောင်းဝ သပိတ်ဖုံး စသည်ကို ဖွဲ့စည်း၍ ပုဆိုး, ပျဉ်ချပ်, နံရံ စသည်၌မူလည်း ကြေးညို, သစ်ရွက်ရည်, မျက်စဉ်းညို, မဲနယ်စသည် ရေး၍ ဝိသဘာဂအဆင်းဖြင့် ပိုင်းခြားရှေ့တူရူ၌ထားပြီးလျှင် 'နီလံ, နီလံ'အညိုအညို ဟု အဖန်တလဲလဲ မှိုဝ်ပွါးများ နှလုံးထားအပ်၏။

ဥဂ္ဂဟနိမိတ်၌ ဝတ်ဆံရိုးတံ ပွင့်ချပ်ကြား စသော ကသိဏဒေါသ ထင်၏။ ပဋိဘာဂနိမိတ်ကား ကသိုဏ်းဝန်းမှ လွတ်၍ ကောင်းကင်၌ ငြိမ်သက်စွာ ထားသော ပတ္တမြားညိုယပ်ဝန်းကဲ့သို့ ထင်၏။

---

၁။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂ နိမိတ်သည်။ သန္နိသိန္နံ၊ ငြိမ်သက်သော အနေအထား ရှိသည်။ နိစ္စလံ၊ မတုန်လှုပ်သည်။ ဟောတိ၊ ဖြစ်၏။

၂။ နိစ္စလန္တိဣမိနာ၊ နိစ္စလံ ဟူသော ဤပါဌ်ဖြင့်။ နိစ္စလ ဘာဝေါယေဝ၊ လှုပ်ရှားခြင်း မရှိသည့်အဖြစ်သည်သာလျှင်။ ဥဂ္ဂဟနိမိတ္တတော၊ ဥဂ္ဂဟနိမိတ်မှ။ ဣမဿ၊ ဤ ပဋိဘာဂနိမိတ်၏။ ဝိသေသော၊ အထူးသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာဂနိမိတ္တဿာပိ၊ ပဋိဘာဂနိမိတ်၏လည်း။ ဥသုမဝဋ္ဋိ သဒိသတာဝ၊ အခိုး အငွေ့လုံးနှင့် တူသည့်အဖြစ်ကိုသာလျှင်။ ဝိဘာဝိတာ၊ ပြအပ်သည်။ ဟောတိ၊ ဖြစ်၏။

## ပီတ ကသိုဏ်း စသော ၃-ပါး

ပီတ,လောဟိတ,ဩဒါတကသိုဏ်း တို့ကိုလည်း နီလကသိုဏ်းနှင့် နည်းတူ ဝါ,နီ,ဖြူသော ပန်းခြုံ ပန်းမွေ့ရာ အခင်းစသည်၌သော်၎င်း၊ ဝါ,နီ,ဖြူသောပန်းပွင့် စသည်ဖြင့် တထွာ့လက်လေးသစ်ခန့် ဝန်းဝန်းဝိုင်းဝိုင်း ကသိုဏ်းပြုလုပ်၍ သော် ၎င်း 'ပီတကံ, ပီတကံ'၊ 'လောဟိတကံ,လောဟိတကံ'၊ 'ဩဒါတံ, ဩဒါတံ' အဝါ အဝါ၊ အနီ အနီ၊ အဖြူ အဖြူ ဟု-ပွါးအပ်၏။

## အာလောက ကသိုဏ်း

အာလောက ကသိုဏ်းကိုလည်း နံရံပေါက်, သံကောက်ပေါက်, သစ်ခက်ကြား မဏ္ဍပ်အမိုးပေါက်များက ဝင်၍ မြေကြီး, နံရံစသည်၌ ထင်သော နေရောင်, လရောင် အလင်းကို၎င်း၊ အိုးပေါက်အတွင်း၌ ဆီမီးထွန်းပြီးလျှင် အိုးပေါက်မှ ထွက်၍ နံရံတွင် ထင်သော မီးရောင်အလင်းကို၎င်း ကြည့်၍ 'ဩဘာသော, ဩဘာသော'၊ 'အာလောကော,အာလောကော'၊ အရောင် အရောင်၊ အလင်း အလင်း ဟု–ပွါးအပ် စီးဖြန်းအပ်၏။

မြေနံရံတို့၌ထင်သော ပကတိအရောင်ဝန်း အတိုင်းသာ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂနိမိတ်ကား တွေခဲ၍တည် ကြည်လင်သောအရောင်ပုံ အလင်းစုကဲ့သို့ ထင်၏။

## အာကာသ ကသိုဏ်း

ပရိစ္ဆိန္နာကာသ ကသိုဏ်းကိုလည်း ကတာဝကာရပုဂ္ဂိုလ်ဖြစ်အံ့—နံရံပေါက်, သံကောက်ပေါက်,ပြူတင်းပေါက် စသည်ကိုကြည့်၍ 'အာကာသော, အာကာ-သော' ကောင်းကင်-ကောင်းကင် ဟု စီးဖြန်းအပ်၏။

အကတာဝကာရဖြစ်အံ့—ဖျာ,သင်ဖြူး,သားရေစသည်တို့၏ တထွာ့ လက်လေးသစ်ခန့်ရှိသော အပေါက်ကို၎င်း, ယခင် နံရံပေါက်စသည်ကို၎င်း ကြည့်၍ 'အာကာသော, အာကာသော' ကောင်းကင်,ကောင်းကင် ဟု–စီးဖြန်းအပ်၏၊

နံရံစွန်းစသည်နှင့် တကွ အပေါက်နှင့်တူစွာ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂ နိမိတ်ကား နံရံစွန်းစသော ကသိဏဒေါသ မထင် ကောင်းကင်ဝန်းသာ ထင်၏။

**ပဋိဘာဂနိမိတ်ကိုသာ ပွါးရခြင်း။** ။ဤဆိုအပ်ခဲ့ပြီးသော ကသိုဏ်းဆယ်ပါးတို့ကို ကျယ်ပြန့်အောင် ပွါးရာသောအခါကား ဥပစာ, အပ္ပနာအားဖြင့် နှစ်ပါးတည်း။ ဥဂ္ဂဟ နိမိတ်ကိုကား ဘာဝနာအား နည်းသေးသောကြောင့် ပွါး၍မဖြစ်။ ပဋိဘာဂနိမိတ်ကိုသာ ပွါးရသည်။

သဗ္ဗမ္ပိ ဟိ ဥဂ္ဂဟနိမိတ္တံ ဝဍ္ဎိယမာနံ န ဝဍ္ဎတိယေဝ။ သတိပိ စ ဝဍ္ဎေတုကာမတာယံ ဝဍ္ဎနာ န သမ္ဘဝတိ ဘာဝနာယ ပရိဒုဗ္ဗလတ္တာ။ ဘာဝနာဝသေန ဟိ နိမိတ္တဝဍ္ဎနာ။ ပဋိဘာဂနိမိတ္တံ ပန တသ္မိံ ဥပ္ပန္နေ ဘာဝနာ ထိရာတိ ကတွာ ဝဍ္ဎိယမာနံ ဝဍ္ဎတီတိ ဝုတ္တံ။ မဟာဋီကာ (ပ၊ နှာ-၁၉၇)

ဟိ ယုတ္တံ၊ ထိုစကား သင့်စွ။ သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဝဍ္ဎိယမာနံ၊ ပွါးစေအပ်သည်ရှိသော်။ န ဝဍ္ဎတိယေဝ၊ မကျယ်မစန့် မပြန့်မပွါးသည်သာတည်း။ ဝဍ္ဎေတုကာမတာယံ၊ ပွါးစေလိုသည်၏ အဖြစ်သည်။ သတိပိစ၊ ရှိသော်လည်း။ ဘာဝနာယ၊ ဘာဝနာ၏။ ပရိဒုဗ္ဗလတ္တာ၊ ထက်ဝန်းကျင် အားနည်းသေးသည်၏ အဖြစ်ကြောင့်။ ဝဍ္ဎနာ၊ ပြန့်ပွါးခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်သင့်။ ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဘာဝနာဝသေန၊ အာရမ္မဏိကဘာဝနာ၏အစွမ်းဖြင့်။ နိမိတ္တဝဍ္ဎနာ၊ အာရုံနိမိတ်၏ ပွါးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည် ကား။ တသ္မိံ၊ ထိုပဋိဘာဂနိမိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လာသည်ရှိသော်။ ဘာဝနာ၊ အာရမ္မဏိက ဘာဝနာစိတ်သည်။ ထိရာ၊ ခိုင်ခံ့၏။ ဣတိကတွာ၊ ဤအကြောင်းကြောင့်။ ဝါ၊ ဤသို့ နှလုံးပြု၍။ ဝဍ္ဎိယမာနံ၊ ပွါးစေအပ်သည် ရှိသော်။ ဝဍ္ဎတိ၊ ကျယ်ပြန့် တိုးပွါး၏။ ဣတိ၊ ဤသို့သော စကားကို။ ဝုတ္တံ၊ အဋ္ဌကထာ ဆရာမြတ် မိန့်အပ်၏။

## ကသိုဏ်း ၁၀-ပါး ပြိုးပြွမ်းစကား သိမှတ်ဖွယ်များ

ဤကသိုဏ်းဆယ်ပါးတို့၌ ပကိဏ္ဏကစကားကို ဤသို့ သိမှတ်အပ်၏။

## ကသိုဏ်း ၁၀-ပါး အစွမ်းသတ္တိများ

ပထဝီကသိဏ၊ စွမ်းဗလကြောင့်၊ ဧက ဗဟု၊ဗဟု ဧက၊စသည်ဖြစ်ချင်၊ ကောင်းကင် ရေတွင်း၊ မြေ ဖန်ဆင်း၍၊ သွားခြင်း ထိုင်လျှောင်း၊ ရကောင်း အဘိဘာ[၁]၊ စဍ္ဍ သဘော၊ ပြီးကြောင်း ဟော၏။

အာပေါစွမ်းအင်၊မြေတွင် ပေါ် လျှိုး၊မိုး သမုဒ်မြစ်၊ဖြစ်စေ ဖောင်ဖောင်၊ မြေ တောင် ပြာသာဒ်၊ လှုပ်လတ် စေမော၊ ရေလျှံ ပြော၏။

တေဇောလျှံ ခိုး၊ မီးကျီးမိုးတည့်၊ သူ့တန်းခိုးကို၊ နှိမ်ချိုးနိုင်လေ၊ ဝတ္ထု တွေတွင်၊ လောင်စေချင်ရာ၊ ဒိဗ္ဗာစက္ခု၊ အလင်းပြုလတ်၊ တေဇောဓာတ် လောင်၊ မိုက်မှောင် ပယ်လျော။

---

၁။ အဘိဘာယတန=နိုင်နိုင်နင်းနင်း ပွါး၍ ရသော ဈာန်။

**ဝါယောစွမ်းမှာ**၊ လျင်စွာ လေမျှ၊ မုန်တိုင်း ထစေ၊ ရောက်လေလိုရာ။

**နီလာကသိုဏ်း**၊ ညိုမှိုင်း အဆင်း၊ မိုက်စေခြင်းတိ၊ အဘိဘာယတန၊ သုဘာဝိမောက္ခာ၊ ရလေရာ၏။

**ပီတာ**ရွှေဆင်း၊ ရွှေဖန်ဆင်း၏၊ ရလျှင်း အဘိဘာ၊ သုဘာဝိမောက္ခ။

**လောဟိတ**စွမ်းအင်၊ နီလွင် ဖန်ဆင်း၊ ရခြင်း အဘိဘာ၊ သုဘာ ဝိမောက္ခ။

**ဩဒါတ**မူ၊ ဖြူရောင်ဖန်ဆင်း၊ ကင်းဝေးမျည်းငိုက်၊ မှောင်မိုက်ဖျောက်ထ၊ ဒိဗ္ဗစက္ခု၊ ရှုဘို့အလင်း၊ ပြုခြင်းစွမ်းထ။

**အာလောက**လည်း၊ တောက်ပရောင်ဆင်း၊ ကင်းဝေးမျည်းငိုက်၊မှောင်မိုက်ဖျောက်ထ၊ ဒိဗ္ဗစက္ခု၊ ရှုဘို့အလင်း၊ ပြုခြင်းစွမ်းထ။

**အာကာသ**ဝယ်၊ ပိတ်ကွယ်ခွါဟင်း၊ ရေမြေတွင်း၌၊ ဖန်ဆင်းကောင်းကင်၊ ပြုပြင်ယာပိုက်၊ မခိုက်မငြိ၊ တိရောကုဋ္ဋ[1]၊ စသည်ကွယ်ခြား၊ သွားနိုင်ငြားသည်၊ ဆယ်ပါးကသိုဏ်း သတ္တိတည်း။

ဤကား အသာဓာရဏ[2]တည်း။

သာဓာရဏအားဖြင့်ကား——

သဗ္ဗာနေဝ ဥဒ္ဓံ အဓော တိရိယံ အဒ္ဒယံ အပ္ပမာဏန္တိ ဣမံ ပဘေဒံ လဘန္တိ။ ဝိသုဒ္ဓိမဂ် (ဌ၊ ပ၊ နှာ-၁၇၁)

သဗ္ဗာနိ ဧဝ၊ အလုံးစုံသော ကသိုဏ်းပဋိဘာဂ နိမိတ်ဆယ်ပါးတို့သည် ပင်လျှင်။ ဥဒ္ဓံ၊ အထက် ကောင်းကင်သို့ ရှေးရှုပွါးခြင်း။ အဓော၊ အောက်မြေ အပြင်သို့ ရှေးရှုပွါးခြင်း။ တိရိယံ၊ လယ်ကျင်းကွက်သွင် ဝန်းကျင်ပတ်ချာ ဖီလာကန့်လန့် လိုရာဆန့်၍ ပွါးခြင်း။ အဒ္ဒယံ၊ ရေငုပ်သူလျှင် ရေသာထင်သို့ ဝန်းကျင်ပတ်ချာ နှစ်ဖြာရောဆိုင် အပြိုင်ကသိုဏ်း မရှိခြင်း။ အပ္ပမာဏံ၊ ဘာဝနာစိတ်ဖြင့် တစိတ်တဒေသ၌ မသက်ပဲ တပြိုင်နက်နှံ့သဖြင့် အခန့်ပမာဏ အစ,အလယ်,အဆုံး မရှိခြင်း။ ဣတိ ဣမံ ပဘေဒံ၊ဤအလုံးစုံသော အပြားကို။ လဘန္တိ၊ ရကြကုန်သည်ချည်းတည်း။

---

၁။ တိရောကုဋ္ဋ= (တိရော=တဖက်။ ကုဋ္ဋ=နံရံ) နံရံခြားထားသောတဖက်။

၂။ အသာဓာရဏ=မဆက်ဆံသော (ဤဖော်ပြချက်တို့ကား ကသိုဏ်းအသီးသီးတို့၏ သီးခြားမူပိုင် သတ္တိများဖြစ်သည် ဟုဆိုလိုသည်)။

## စျာန်မဂ်ဖိုလ် မရထိုက်သောပုဂ္ဂိုလ်နှင့် တိုက်တွန်းချက်

ကမ္မက္လေသဝိပါကေဟိ၊ ပုဏ္ဏာ အာဝရဏေဟိ ယေ။
အသဒ္ဓါစ္ဆန္ဒာ ဒုပ္ပညာ၊ အဘဗ္ဗာ ဉြက္ကမေတဝေ။
သဗ္ဗကမ္မဋ္ဌာနေသွေ သံ၊ န ဣဇ္ဈတေဝ ဘာဝနာ။

တသ္မာ ဝဇ္ဇိယ ဝဇ္ဇေယျေ၊ သဒ္ဓမ္မဿဝနာဒိဟိ။
သဒ္ဓါဒိကေ ဝဍ္ဎေတွာန၊ ကမ္မဋ္ဌာနံ နုယုဉ္ဇတု။

အဋ္ဌကထာသင်္ဂဟ[၁]

ယေ၊ အကြင်သူတို့သည်။ အာဝရဏေဟိ၊ စျာန်မဂ်ဖိုလ်ကို မလိုဟန့်ဖြတ် ပိတ်ဆီးတတ်ကုန်သော။ကမ္မက္လေသဝိပါကေဟိ၊အနန္တရိယကံဟူသောကမ္မန္တရာယ်၊ နိယတမိစ္ဆာဒိဋ္ဌိ, ဉဘတောဗျည်း, ပဏ္ဍုက်အဖြစ်ဟူသော ကိလေသန္တရာယ်၊ အဟိတ်,ဒွိဟိတ် ပဋိသန္ဓေဟူသော ဝိပါကန္တရာယ်တို့နှင့်။ ပုဏ္ဏာ၊ ပြည့်စုံကုန်၏။ အသဒ္ဓါ၊ ဘုရားစသည်၌ ယုံကြည်ခြင်း သဒ္ဓါတရား မရှိကုန်။ အစ္ဆန္ဒာ၊ စျာန် မဂ်ဖိုလ်ရကြောင်း ကောင်းသောအမှုကို ပြုလိုသော ဆန္ဒမရှိကုန်။ ဒုပ္ပညာ၊ လောကီ, လောကုတ္တရာ ပညာကင်းကုန်၏။ ဉြက္ကမေတဝေ၊ သမ္မတ္တနိယာမ ဟူသော အရိယာမဂ်သို့ သက်ရောက်ခြင်းငှါ။ အဘဗ္ဗာ၊ မထိုက်ကုန်။ သေံ၊ ထိုသူတို့အား။ သဗ္ဗကမ္မဋ္ဌာနေသု၊ အလုံးစုံသော ကမ္မဋ္ဌာန်းတို့၌။ ဘာဝနာ၊ အပ္ပနာတိုင်အောင်သော ဘာဝနာသည်။ န ဣဇ္ဈတိ ဧဝ၊ မပြည့်စုံနိုင်သည် သာလျှင်တည်း။

ဤ၌ မြောက်ကျွန်းသူတို့သည် အစ္ဆန္ဒိကအရာသို့ ဝင်ကုန်၏။

ဉတ္တရကုရုကာပိ မနုဿာ မာရာဒယော ဝိယ အစ္ဆန္ဒိကဋ္ဌာနံ ပဝိဋ္ဌာ နိဗ္ဗုတိဆန္ဒရဟိတတ္တာ။ ဋီကာ (မဟာ၊ပ၊နှာ-၂၀၀)

အန္တရာယ်သုံးပါးကိုသာ ယူခြင်းသည်လည်း ကြွင်းသော ပညတ္တိ ဝီတိက္က- မန္တရာယ်, အရိယူပဝါဒန္တရာယ်နှစ်ပါးမှာ သပ္ပဋိကာရ ကုစား၍ ရကောင်း သောကြောင့်တည်း။ ဝါ၊ ကမ္မန္တရာယ်၌ ဝင်သောကြောင့်တည်း။

တိဏ္ဏမေဝ စေ’တ္ထ အန္တရာယာနံ ဂဟဏံ ဣတရဿ သပ္ပဋိကာရတ္တာ, ကမ္မန္တရာယ ပက္ခိကတ္တာ ဝါတိ ဒဋ္ဌဗ္ဗံ။ ဋီကာ (မဟာ၊ပ၊နှာ-၂၀၀)

တသ္မာ၊ ထိုသို့ ကမ္မန္တရာယ်စသည်တို့၏ ဆုံးရှုံးခြင်းကို ပြုတတ်သည်၏ အဖြစ်ကြောင့်။ ဝဇ္ဇေယျေ၊ ကြဉ်နိုင်ကောင်းစွာ ကံ ကိလေသာဝရဏတို့ကို။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၇၁ လာ စုံဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။

ဝဇ္ဇိယ၊ ဝေးစွာ ရှောင်ကြဉ်၍။ သဒ္ဓမ္မဿဝနာဒီဟိ၊ သူတော်ကောင်းတရား စကားကို ကြားနာခြင်း စသည်တို့ဖြင့်။ သဒ္ဓါဒိကေ၊ သဒ္ဓါ,ဆန္ဒ,ပညာတို့ကို။ ဝဍ္ဎေတွာန၊ တိုးပွါးစေ၍။ ကမ္မဋ္ဌာနံ၊ သမထ,ဝိပဿနာ ဘာဝနာ ကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇတု၊ နေ့ရောညဉ့်ပါ အခါမစဲ အဖန်တလဲလဲ အားထုတ်စေသတည်း။

ကသိုဏ်းဆယ်ပါး ပြီး၏။

---

## အသုဘ ၁၀-ပါး

အသုဘဆယ်ပါး ပွါးများစီးဖြန်းပုံ အဆုံးအဖြတ်ကား—

(၁) ဥဒ္ဓုမာတကံ၊ သေသည်မှ နှစ်ရက်,သုံးရက်ကြူး၍ ဖူးဖူးရောင်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၂) ဝိနီလကံ၊ အသားများးရာ၌–နီ၊ ပြည်စုရာ၌–ဖြူ၊ ယေဘုယျအားဖြင့် ညိုမည်းဟောင်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၃) ဝိပုဗ္ဗကံ၊ ပေါက်ပြတ်ကွဲအက် ယိုထွက်ပြည်ပုပ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၄) ဝိစ္ဆိဒ္ဒကံ၊ နှစ်ပိုင်းဖြတ်ခုတ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၅) ဝိက္ခာယိတကံ၊ ခွေး,ကျီး,လင်းတ,သစ်,ကျားစသည် ထိုမှဤလဲ ကိုက်ခဲဆိတ်ကုတ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၆) ဝိက္ခိတ္တကံ၊ ခြေ,လက်,ခေါင်း,ကိုယ် ဖရိုဖရဲ တကွဲတပြား တခြားစီ ပစ်ပယ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၇) ဟတဝိက္ခိတ္တကံ၊ ကျီးခြေမယွင်း ဓားဖြင့်မြှင်းလျက် ခြေ,လက်,ခေါင်း ကိုယ် ဖရိုဖရဲ တကွဲတပြား တခြားစီပစ်ပယ် စက်ဆုပ်ဖွယ်သော သူကောင်ရှင်း။

(၈) လောဟိတကံ၊ ထိုထိုဤဤ နီနီတွေးတွေး သွေးယို လိမ်းကျံသော သူကောင်ရှင်း။

(၉) ပုဠုဝကံ၊ ပိုးလောက်ဝင်ထွက် ကျိကျိဘက်ပြွမ်းသောသူကောင်ရှင်း။

(၁၀) အဋ္ဌိကဋ္ဌံ၊ တချောင်းလည်းကောင်း ပေါင်းလည်းစပ်တွယ် စက်ဆုပ်ဖွယ်သော အရိုးရှင်း။

ဣတိဣမေ၊ ဤ ဆယ်ပါးတို့သည်။ ဒသ အသုဘာနာမ၊ အသက်ကုန်ပျောက် ခန္ဓာဖောက်က ရောက်မြဲအသင့် မတင့်မတယ် ရွံဖွယ်ဆယ်ပါးတို့မည်ကုန်၏။

ဤအနက်ကို နှုတ်တက် ရွက်ဆောင်ရမည်။ ဤဆယ်ပါးတို့ကို ပွါးများ စီးဖြန်း၍ရသော ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ် တို့သည်၎င်း၊ ပဋိဘာဂနိမိတ်တို့၌ ရအပ်သော ဈာန်တို့သည်၎င်း၊ ဥဒ္ဓုမာတက စသည် မည်ကုန်သည် ချည်းတည်း။

## ဥဒ္ဓုမာတက အသုဘကမ္မဋ္ဌာန်း စီးဖြန်းပုံ

ထိုဆယ်ပါးတို့တွင် ဥဒ္ဓုမာတကသူကောင်၌ ဥဒ္ဓုမာတက နိမိတ်ကို ဖြစ်စေ၍ ဥဒ္ဓုမာတကဈာန်ကို ပွါးများစီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည်—

### အဆုံးအဖြတ် ငါးပါး

ဂမနဗ္ဗိဓိ သမန္တာ၊ နိမိတ္တာသု'ပလက္ခဏံ။
ကောဒသဟိ နိမိတ္တ-ဂ္ဂါဟော မဂ္ဂပ္ပဋိက္ခဏာ။
အပ္ပနာဝိဓာနဥ္စေတိ၊ ဥဂ္ဂဏှေ ပဉ္စ သာဓုကံ[၁]။

ဂမနဗ္ဗိဓိ၊ အသုဘကောင်ရှိရာအရပ်သို့ သွားအပ်သော အစီအရင်၎င်း။

သမန္တာ၊ သူကောင်ဝန်းကျင် နီးချဉ်းတင်၌။ နိမိတ္တာသု၊ သစ်ပင်ချုံဖုတ် သစ်ငုတ် စသောအာရုံကို။ ဥပလက္ခဏံ၊ပူးယှဉ်မှတ်သား ပိုင်းခြားခြင်း၎င်း။

ကောဒသဟိ၊ ဝဏ္ဏ,လိင် စသည်အပြား ဆဲ့တပါးတို့ဖြင့်။ နိမိတ္တဂ္ဂါဟော၊ ဥဂ္ဂဟနိမိတ်ယူခြင်း၎င်း။

မဂ္ဂပ္ပဋိက္ခဏာ၊ ဂတာဂတံ အသွားအပြန်လမ်းကို တဖန်ဆင်ခြင်ခြင်း၎င်း။

အပ္ပနာဝိဓာနဥ္စ၊ ဥဂ္ဂဟနိမိတ်ထင်သည့်နောက် အပ္ပနာရောက်အောင်သော အစီအရင်၎င်း။

ဣတိ ဣမေ ပဉ္စ၊ ဤငါးပါးသော အဆုံးအဖြတ်တို့ကို။ သာဓုကံ၊ ကောင်းမွန်သေချာ ထင်မြင်စွာသိအောင်။ ဥဂ္ဂဏှေ၊ ဆရာ့ထံပါး သင်ကြားနာယူရာ၏။

ဤ သင်္ဂဟဂါထာနှင့်အညီ ဤငါးပါးတို့ကို အောက် (ဤကျမ်း ဒု၊ နှာ-၁၅၃)၌ပြခဲ့သော ကလျာဏမိတ္တထံပါး၌ ပိုင်းခြားထင်ထင် သိအောင် သင်အပ်၏။

**သွားနည်းအစီအရင်။** ။ထိုငါးပါးတို့တွင် ဂမနဝိဓိ ဟူသည်ကား—

**ဆောင်ပုဒ်လင်္ကာ။** ။ဥဒ္ဓုမာတက၊ ဘယ်မှာ ရအံ့၊ သုတ စကား၊ နား တစွင့်စွင့်၊ ငံ့လင့်ရှာပါ၊ ကြားသောခါလည်း၊ ဘယာ'ဘယ၊ သဘာ

---

[၁]။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၇၄-လာ စုဏ္ဏိယကို ဂါထာစီထားသည်။

ဂကို၊ ဘောက်ဆ စုံစမ်း၊ ဘေးဘျမ်း ရောဂါ၊ ကြုံသောခါ၌၊ကူငြာ ပွံထောက်၊ စောင့်ရှောက်စေလို၊ ထေရ်ကို ပန်ကြား၊ ဝမ်းပါး ရှင်ပျ၊ ရွှေအိုး ရမည့်နှယ်၊ မူလကမ္မဋ္ဌာန်း၊ စီးဖြန်းသိမ်းဆည်း၊ တယောက်ထီးသာ၊ တုတ်ကိုင်ကာ လျှင်၊ ထွက်ရာတံခါး၊ သွားလေ လမ်းရှောက်၊ကျွေကောက် လိမ်တင်၊ သစ်ပင် ချုံဖုတ်၊သစ်ငုတ်စသား၊မှတ်ခဲ့ထား၍၊ သွားရလေညာ၊နေရာတကျ၊ အသုဘ ကို၊ လှလှမြင်လောက်၊ လေ့အောက် လေညာ၊ စွန့်ခွါ ထိုင်ရေး၊ မဝေး မချဉ်း၊ ခြေရင်း မကျ၊ ခေါင်း မကျပဲ၊ ချက်မလယ်ဗွေ၊ ငြိမ်သက်နေသည်။ ။သွား လေ မူလကျင့်ခန်းတည်း။

'မူလကမ္မဋ္ဌာန'န္တိ ပကတိယာ အတ္တနာ ကာလေန ကာလံ ပရိဟရိယ-မာနံ ဗုဒ္ဓါနုဿတိအာဒိ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ[၁]။ ဝိသုဒ္ဓိမဂ်ဋီကာ (ပ၊နှာ-၂၀၃)

**ဝန်းကျင်နိမိတ် မှတ်သားခြင်း။** ။သမန္တာ နိမိတ္တုပလက္ခဏာ[၂]ဟူသည်ကား—

နေကာ ငြိမ်သက်၊ တက်ကြွ ကိုယ်စိတ်၊ နိမိတ် ရှုတွင်း၊ မျက်မြင် ကွင်းမှာ၊ ကပ်ချဉ်း နီးတွယ်၊ သစ်နွယ် ချုံဖုတ်၊ ကျောက် သစ်ငုတ်ဟု၊ တခုခုကို၊ စေ့ငု ပုံဟန်၊သဏ္ဍာန် နာမ၊ပမာဏဖြင့်၊ ဤမှုသစ်ပင်၊ဤတွင် အသုဘ၊ ဤက အသု ဘာ၊ ဤမှာ သစ်ပင်၊ ပူးကာ ယှဉ်၍။ ။ဆင်ခြင် ပိုင်းခြားရာသတည်း။

**ထက်ဝန်းကျင်ကိုပိုင်းခြားမှတ်သားခြင်းအကျိုး။** ။သမန္တာ နိမိတ္တု'ပလက္ခဏာ အသမ္မောဟတ္ထာ အသမ္မော-ဟာ'နိသံသာ။ အဋ္ဌကထာ (ပ၊နှာ-၁၇၆)

သမန္တာ၊နီးပါးချဉ်းတင် ထက်ဝန်းကျင်၌။နိမိတ္တုပလက္ခဏာ၊သစ်နွယ်ချုံဖုတ် ကျောက်သစ်ငုတ် စသော အာရုံကို စေ့စုံစွာမှတ်သား ပိုင်းခြားခြင်းသည်။ အသမ္မောဟတ္ထာ၊ မတွေ့မဝေခြင်း အကျိုး ရှိ၏။ အသမ္မောဟာနိသံသာ၊ ကြောက်လန့် ပျောက်ကင်း မတွေ့ဝေခြင်း အာနိသင် ရှိ၏။

ပါဠိတော်၌ ပြအပ်သော အာရုံ သုံးဆဲ့ရှစ်ပါး[၃]တို့တွင် ဤအသုဘအာရုံထက် ကြောက်မက်ဖွယ်သောကမ္မဋ္ဌာန်း မရှိ။ ထို့ကြောင့် အချိန်မဟုတ် မိုးချုပ်ဆည်း ဆာ တယောက်ထီးသာ သွား၍ ပွါးများစီးဖြန်းရာ ဥဂ္ဂဟနိမိတ်ထင်သောအခါ

---

၁။ မူလကမ္မဋ္ဌာနန္တိ၊ မူလကမ္မဋ္ဌာနံဟူသည်ကား။ ပကတိယာ၊ပကတိအားဖြင့်။ အတ္တနာ၊ မိမိသည်။ ကာလေနကာလံ၊ ရံခါရံခါ၌ (အခါအားလျော်စွာ)။ ပရိဟရိယမာနံ၊ ဆောင်အပ်သော။ ဗုဒ္ဓါနုဿတိအာဒိ သဗ္ဗတ္ထက ကမ္မဋ္ဌာနံ၊ ဗုဒ္ဓါနုဿတိ စသော သဗ္ဗတ္ထက ကမ္မဋ္ဌာန်းကို။

၂။ သမန္တာ၊ ထက်ဝန်းကျင်မှ။ နိမိတ္တဿ၊ နိမိတ်ကို။ ဥပလက္ခဏာ၊ မှတ်သားခြင်း။

၃။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၁၈၁။

ထိုသူသေကောင် ထ၍ ဖိစီးလွှမ်းမိုး၍ အစဉ်လိုက်၍ လာသကဲ့သို့ ထင်တတ်သည်။ ထိုအခါ တုန်လှုပ်ကြောက်လန့် စိတ်ပျံ့ရှူးသွပ် မဖြစ်စေပဲ—

ယထာ'ယံ ရုက္ခော နာ'ဂစ္ဆတိ၊ သရီရမ္ပိ တထေဝိ'ဒံ။
အယံ ပန တုယှံ ဥပ-ဋ္ဌာနာကာရော'ဝ သညဇော။
မာ ဘာယိ ဘိက္ခု တေ အဇ္ဇ၊ ကမ္မဋ္ဌာနံ ဥပဋ္ဌိတံ[၁]။

အယံ ရုက္ခော၊ အနီးချဉ်းတင် ဤသစ်ပင်သည်။ န အာဂစ္ဆတိ ယထာ၊ မလာတတ်သကဲ့သို့။ တထာဧဝ၊ ထို့အတူသာလျှင်။ ဣဒံ သရီရမ္ပိ၊ ဤဖူးဖူး ပုပ်ရောင် သူသေကောင်သည်လည်း။ နာဂစ္ဆတိ၊ ထ၍မလိုက်လာတတ်။

မတသရီရံ ဥဋ္ဌဟိတွာ အနုဗန္ဓနကံ နာမ နတ္ထိ အသတိ တာဒိသေ မန္တပ္ပယောဂေ။ သောပိ ဥဒ္ဒုမာတကာဒိဘာဝမပ္ပတ္တေ အဝိနဋ္ဌရူပေဧဝ ဣဇ္ဈတိ။ တထာ ဒေဝတာဓိဂ္ဂဟော။ န ဝေရူပေတိ အဓိပ္ပါယော။ ဋီကာ (မဟာ၊ပ၊နှာ-၂၀၈)

အယံ ပန၊ ဤထ၍လိုက်လာသကဲ့သို့ ဖြစ်ခြင်းသည်ကား။ တုယှံ၊ သင်၏။ သညဇော၊ ဘာဝနာပရိကမ္မသညာကြောင့် ဖြစ်သော။ ဥပဋ္ဌာနာကာရောဝ၊ မဟုတ်ပဲနှင့် စိတ်ထဲတွင်သာ ထင်သော အခြင်းအရာသာလျှင်တည်း။ ဘိက္ခု၊ ရဟန်း။ မာ ဘာယိ၊ မကြောက်လင့်။ တေ၊ သင်အား။ ဝါ၊ သင်၏။ ကမ္မဋ္ဌာနံ၊ သုခဝိသေသ ကာရဏ ယောဂ ကမ္မသည်။ ဝါ၊ ယောဂကမ္မ၏ အကြောင်း တည်ရာအာရုံ အသုဘဥဒ္ဒုမာတကနိမိတ်သည်။ အဇ္ဇ၊ ယခုနေ့၌။ ဥပဋ္ဌိတံ၊ ထင်ရှား၏။ ဝါ၊ စိတ်မှာကပ်၍ တည်၏။

ဤသို့ ဆုံးမနှိုပ်နင်း ကြောက်ခြင်းကို ပယ်ဖျောက်၍ ဝမ်းမြောက်ရွှင်ပျ ထိုဥဂ္ဂဟနိမိတ်၌ ဘာဝနာစိတ်ကို ဖြစ်စေသည်ရှိသော် တရားထူးကို ရ၍ အသမွှောဟ အကျိုးအာနိသင် ရှိသည် ဟူလို။

## ဥဒ္ဒုမာတက၌ ဥဂ္ဂဟနိမိတ်ယူပုံ ၁၁-မျိုး

**ကောဒသနိမိတ္တဂ္ဂါဟ။**　　။'ကောဒသဟိ နိမိတ္တဂ္ဂါဟော'ဟူသည်ကား—

**ဥဂ္ဂဟနိမိတ်ယူပုံ ၆-မျိုး တနည်း။**　　။ပိုင်းခြား ဆင်ခြင်၊ ပြီးလျှင် စူးစူး၊ ဖူးဖူး ရောင်ပွ၊ အသုဘကို၊ ရှင်က ရေ့ဆင်း၊
ယင်းရွယ် လိင်၊ ခေါင်း့လည်စသည်၊ ရောင်ထ သဏ္ဌာန်၊ ချက်ဌာန် ထက်,

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၇၁-စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။

အောက်၊ ဝါ-ရှေ့နောက်နှင့်၊ တောင် မြောက်ဒိသာ၊ ဤမှာ လက်,ခြေ၊ မဇ္ဈေကိုယ်,ခေါင်း၊ တကြောင်း မှတ်ပိုက်၊ ဤရပ်၌ငါ၊ ဤမှာ အသုဘ၊ ဩကာသတည်း၊ ပါဒ ကေသာ၊ ဖီလာ အရေ၊ အဗ္ဘန္တေမှာ၊ ပြည့်လေ ကုဏပ[1]၊ ဒွတ္တိံသဟု၊ မှတ်ထ ပိုင်းခြား၊ နည်းတပါးမူ၊ ဤကား ဟတ္ထ၊ ပါဒ, သီသေ၊ မဇ္ဈေ ကာယ၊ ပိုင်းခြား ရ၏၊ ဝါ-တနည်းမှာ၊ လိုရာ ဌာန၊ တစိတ်မျှကို၊ ရောင်ပွရှုလေ၊ ပရိစ္ဆေဒ၊ ဤခြောက်ဝဖြင့်။ ။ဥဂ္ဂဟနိမိတ် ယူလေတည်း။

အဓိပ္ပါယ်ကား — ရှေးရှေး ရှင်တော်ဘုရားတို့ ထံပါး၌ ပွါးများလေ့လာခဲ့ဘူးသော အသုဘကမ္မဋ္ဌာန်း၊ ကြိုးပမ်းဆောင်ရွက်ခဲ့ဘူးသော ဓုတင်၊ ဆင်ခြင် နှိပ်နယ်ခဲ့ဘူးသော မဟာဘုတ်၊ အားထုတ်သိမ်းဆည်းခဲ့ဘူးသော သင်္ခါရတရား၊ ပိုင်းခြားခဲ့ဘူးသော ရုပ်နာမ်၊ ခွါလှန်ဖွင့်လှစ်ခဲ့ဘူးသော သတ္တဇီဝသညာ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတိုင်အောင် ကျင့်ဆောင် အားထုတ်ခဲ့ဘူးသော ရဟန်းတရား၊ ပွါးများပြည့်စုံ ထုံခဲ့ဘူးသော ကုသိုလ်ဝါသနာရှိသော ဝိဝဋ္ဋူပနိဿယ ကုသိုလ်မျိုးစေ့ မာသန် ဉာဏ်လွန်ကဲစွာ ကိလေသာနည်းပါးသော အမျိုးကောင်းသမီး, သားတို့မှာ အာရုံ, ကာလ, ပဒေသဝိသေသကို မငဲ့မဆိုင်း မချင့်နိုင်းပဲ ကြည့်လေတိုင်း အလုံးစုံ ရှုလေတိုင်း အသုဘအာရုံတို့ ၌ပင်လျှင် ပဋိဘာဂနိမိတ် ထင်လာသည်။

ထိုကဲ့သို့ မထင်လာသော ပါရမီဘုန်းကံ ဉာဏ်သမ္ဘာသိမ်သေး ပညာနုန့်နှေးသော ပုဂ္ဂိုလ်တို့သည်ကား ဝဏ္ဏ,လိင်,သဏ္ဌာန,ဒိသာ,ဩကာသ,ပရိစ္ဆေဒ[2]၊ ဤခြောက်ပါးသော အပြားဖြင့် ဥဂ္ဂဟနိမိတ် ယူအပ်၏။ ဥဂ္ဂဟနိမိတ် ထင်၏ ဟူလိုသည်။

တနည်း ဥဂ္ဂဟနိမိတ်ယူပုံ ၅-မျိုး။ ။သို့မှ နုန့်နှေး၊ မထင်သေးမူ၊ လက်ရေး ခြေစပ်၊ လည်,ခါးစပ်ဟု၊ စုဒွိသ် သန္ဓိ၊ ဝိဝရဟူပေ၊ လက်ခြေ,ဝမ်း,နား၊ နှာပေါက်ကြားဟု၊ ပေါက်ကြားစသည်၊ နိန္နမျက်ကွင်း၊ ခံတွင်း,လည်မျို၊ ထိုထိုနိမ့်ရာ၊ ငါနိမ့်ရာက၊ ထလနဖူး၊ ရင်,ဒူး မောက်ရာ၊ ငါမောက်ရာက၊ ပတ်ချာ သရီရ၊ သမန္တအား၊ ဤငါးပါးဖြင့်၊ ပိုင်းခြား နိမိတ် ယူလေတည်း။

---

၁။ ကုဏပ=သူသေကောင်ပုပ်။

၂။ ဝဏ္ဏ၊အရေအဆင်း။ လိင်၊ပဋ္ဌမရွယ်၌ တည်သူ၏ကိုယ် စသောအသွင်။ သဏ္ဌာန၊ ရှည်, တိုစသော ပုံသဏ္ဌာန်။ ဒိသာ၊ အရပ်ဒေသ။ ဩကာသ၊ တည်ရာ။ ပရိစ္ဆေဒ၊ အပိုင်းအခြား။ (ဝိသုဒ္ဓိ၊ အဋ္ဌကထာ၊ပ၊နှာ ၁၇၈-၌၊ အကျယ်ရှု၊ လက်ာ၌လည်း ဖော်ပြထားသည်)။

ယခင် ခြောက်ပါးသော အပြားဖြင့် ပွါးများပါသော်လည်း နိမိတ်မထင်လာ သေးလျှင် သန္ဓိ, ဝိဝရ, နိန္န, ထလ, သမန္တ[၁]၊ ဤငါးပါးသော အပြားဖြင့် ပွါးများနိမိတ် ယူအပ်၏ ဟူလိုသည်။ ပေါင်း ဆဲ့တပါးဖြစ်၏။

'သမန္တတော'တိ သဗ္ဗ သရီရံ သမန္တတော ဝဝတ္ထပေတဗ္ဗံ။ သကလ-သရီရေ ဉာဏံ စာရေတွာ ယံ ဌာနံ ဝိဘူတံ ဟုတွာ ဥပဋ္ဌာတိ၊ တတ္ထ 'ဥဒ္ဓုမာတကံ, ဥဒ္ဓုမာတက'န္တိ စိတ္တံ ဌပေတဗ္ဗံ။ သစေ ဧဝမ္ပိ န ဥပဋ္ဌာတိ ဥဒရပရိယောသာနံ အတိရေကမုဒ္ဓု'မာတကံ ဟောတိ၊ တတ္ထ ဥဒ္ဓု-မာတကံ ဥဒ္ဓုမာတကန္တိ စိတ္တံ ဌပေတဗ္ဗံ။ ဝိသုဒ္ဓိမဂ်(၁၊ ပ၊ နှာ-၁၇၀)

'သမန္တတော'တိ ဧဝံ သန္ဓိအာဒိတော ဥဒ္ဓုမာတကံ ဝဝတ္ထပေန္တဿ စေ နိမိတ္တံ ဥပတိဋ္ဌတိ။ ဣစ္စေတံ ကုသလံ။ နော စေ။ သမန္တတော ဝဝတ္ထပေတဗ္ဗန္တိ ဝဝတ္ထာပနဝိဓိံ ဒဿေတုံ သကလသရီရေတိအာဒိ ဝုတ္တံ။ ....ဥဒရပရိယောသာနံ ဥပရိမသရီရံ။ ဋီကာ (မဟာ၊ ပ၊ နှာ-၂၀၇)

သမန္တတောတိ၊ သမန္တတောဟူသည်ကား။ သဗ္ဗံ သရီရံ၊ တကိုယ်လုံးကို။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြားအပ်၏။ သကလ-သရီရေ၊ တကိုယ်လုံး၌။ ဉာဏံ၊ ဘာဝနာဉာဏ်ကို။ စာရေတွာ၊ ဖြစ်စေ၍။ ယံ ဌာနံ၊ အကြင်အရပ်သည်။ ဝိဘူတံ၊ ထင်ရှားသည်။ ဟုတွာ၊ ဖြစ်၍။ ဥပ-ဋ္ဌာတိ၊ ထင်၏။ တတ္ထ၊ ထိုအရပ်၌။ ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကန္တိ၊ ဖူးဖူးရောင်သော သူကောင်,ဖူးဖူးရောင်သော သူကောင်ဟူ၍။စိတ္တံ၊ ဘာဝနာစိတ်ကို။ ဌပေတဗ္ဗံ၊ ထားအပ်၏။ ဧဝမ္ပိ၊ ဤသို့ စိတ်ကိုထားပါသော်လည်း။ သစေ န ဥပဋ္ဌာတိ၊ အကယ်၍ မထင်သည်ဖြစ်အံ့။ ဥဒရ ပရိယောသာနံ၊ ဝမ်းဗိုက်အဆုံး

၁။ သန္ဓိ=အစပ်အဆက် (အဆက်ကြီး ၁၄-ရှိသည်)။ ဝိဝရ=အကြား,အပေါက်(လက်ချောင်းများအကြား စသည်)။ နိန္န=နိမ့်ရာဌာန။ ထလ=မြင့်(မောက်)ရာဌာန။ သမန္တ=ထက်ဝန်းကျင်။ (ဝိသုဒ္ဓိ၊၁၊ပ၊ နှာ-၁၇၀-၌ အကျယ်ရှု)

**အစပ် ၁၄-ပါး**

လက်ျာလက်၌ (၁) ပခုံး။ (၂) တတောင်ဆစ်။ (၃) လက်ကောက်ဝတ်အားဖြင့်အစပ် ၃-ပါး။

ထိုအတူ လက်ဝဲလက်၌ အစပ် ၃-ပါး။

လက်ျာခြေ၌။ (၁) ခါး။ (၂) ပေါင်ဆစ်၊ ဒူးဆစ်။ (၃) ခြေဖမျက်(ခြေချင်းဝတ်အဆစ်)အားဖြင့်အစပ် ၃-ပါး။

ထိုအတူ လက်ဝဲခြေ၌ အစပ် ၃-ပါး။

လည်ပင်း၌ အစပ် ၁-ပါး။ ခါးနှင့်ကျောရိုး အစပ် ၁-ပါး အားဖြင့် အစပ်ပေါင်း ၁၄-ပါး ဖြစ်သည်။

သည်။ (ဋီကာ အလိုအားဖြင့်) ဝမ်းဗိုက်အဆုံးရှိသော အထက်ကိုယ်သည်။ အတိရေကံ၊ အလွန်အကဲ။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သည်။ ဟောတိ၊ ဖြစ်၏။ ဝါ- အတိရေကံ ဥဒ္ဓုမာတကံ၊ အလွန်ရောင်သည်ကား။ ဥဒရပရိယောသာ-နံ၊ ဝမ်းဗိုက်လျှင် အဆုံးစွန်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ၊ ထိုဝမ်းဗိုက်၌။ ဝါ၊ ဝမ်းဗိုက်အဆုံးရှိသော အထက်ကိုယ်၌။ ဥဒ္ဓုမာတကံ ဥဒ္ဓုမာတကန္တိ၊ ဖူးဖူးရောင်သောကိုယ်, ဖူးဖူးရောင်သော ကိုယ်ဟူ၍။ စိတ္တံ၊ စိတ်ကို။ ဋ္ဌပေတဗ္ဗံ၊ ထားအပ်၏။ အဋ္ဌကထာနက်။

သမန္တတောတိ၊ သမန္တတော ဟူသည်ကား။ ဧဝံ၊ ဤဆိုခဲ့ပြီးသည့်အတိုင်း။ သန္ဓိအာဒိတော၊ သန္ဓိ, ဝိဝရ, နိန္န, ထလ ဟူသော လေးပါးသော အပြားဖြင့်။ ဥဒ္ဓုမာတကံ၊ ဖူးဖူးရောင်သော အာရုံကို။ ဝဝတ္ထပေန္တဿ၊ ပိုင်းခြားသော ယောဂီအား။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ စေ ဥပတိဋ္ဌတိ၊ အကယ်၍ ထင်သည် ဖြစ်အံ့။ ဣစ္စေတံ၊ ဤသို့ ထင်ခြင်းသည်။ ကုသလံ၊ ကောင်းလှပြီ။ နောစေ ဥပတိဋ္ဌတိ၊ အကယ်၍ မထင်သည်ဖြစ်အံ့။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ဝဝတ္ထပေတဗ္ဗံ၊ ပိုင်းခြား မှတ်သားအပ်၏။ ဣတိ၊ ဤသို့။ ဝဝတ္ထာပနဝိဓိံ၊ ပိုင်းခြားပုံ အစီအရင်ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ သကလသရီရေတိအာဒိ၊ သကလသရီရေ စသောစကားကို။ ငုတ္တံ၊ မိန့်တော်မူအပ်၏။....ဥဒရပရိယော-သာနံ၊ ဥဒရပရိယောသာန ဟူသည်ကား။ ဥပရိမ သရီရံ၊ အထက်ကိုယ်တည်း။ ဋီကာနက်။

ဤ၌ 'ဥဒရပရိယောသာနံ' ပုဒ်ကို 'ဥပရိမသရီရံ'ဟု ဋီကာရှင် ဗဟုဗ္ဗီဟိ-သမာသ် ဖွင့်တော်မူ၏။ ယခင် အနက်သမ္ဗန်ခဲ့သည့်အတိုင်း တပ္ပုရိသမာသ်, ကမ္မဓာရယ်သမာသ် သာ လွန်၍ သင့်အံ့ထင်သည်။

ကိုယ်အင်္ဂါဟူသမျှတွင် ဝမ်းဗိုက်သာ လွန်၍ အရောင်ဆုံး ဖြစ်ရကား ဝမ်းဗိုက်ကိုရှု ဆိုလိုသည်။

**ပွါးများစီးဖြန်းရကျိုး။** ။ဤတဆဲ့တပါးသော အပြားအားဖြင့် ပွါးများစီး ဖြန်းရကျိုးကား—

ဧကာဒသဝိဓေန နိမိတ္တဂ္ဂါဟော ဥပနိဗန္ဓနတ္ထော ဥပနိဗန္ဓနာနိသံသော။
အဋ္ဌကထာ (ဝိသုဒ္ဓိမဂ်၊ ပ၊ နှာ-၁၇၆။)

ဧကာဒသဝိဓေန၊ ၁၁-ပါး အပြားဖြင့်။ နိမိတ္တဂ္ဂါဟော၊ ဥဂ္ဂဟနိမိတ်ကို ယူခြင်းသည်။ ဥပနိဗန္ဓနတ္ထော၊ အသုဘအာရုံ၌ စိတ်ကို ဖွဲ့စပ်၍ အရဟတ္တဖိုလ် တိုင်အောင်သော အကျိုးရှိ၏။ ဥပနိဗန္ဓနာနိသံသော၊ အသုဘအာရုံ၌ စိတ်ကို ဖွဲ့စပ် အစဉ်အတိုင်း တက်ကပ်၍ အရဟတ္တဖိုလ် တိုင်အောင်သော အာနိသင်ရှိ၏။

ဥဒ္ဒုမာတကအာရုံကို မျက်စိဖြင့် ကြည့်၍ ဥဂ္ဂဟနိမိတ် ထင်သည်၊ ထို၌ စိတ်ကို ဖြစ်စေ၍ ပဋိဘာဂနိမိတ် ထင်သည်၊ ထို၌ စိတ်ကို ဖြစ်စေ၍ အပ္ပနာ ဈာန်ကို ရသည်၊ ထို၌ တည်၍ ဝိပဿနာကို ပွါးစေလျက် အရဟတ္တမဂ်ဖိုလ်ကို မျက်မှောက်ပြုရသည် ဟူလိုသည်။

**ဥဂ္ဂဟနိမိတ်ထင်ပြီးသော ကမ္မဋ္ဌာန်းကိုပင် စီးဖြန်းရခြင်း**

ဤသို့လျှင် မျက်စိဖွင့်၍ ကြည့်သော အခါကဲ့သို့ မျက်စိမှိတ်၍ ဆင်ခြင် သောအခါ မထူးမခြား ထင်သဖြင့် ကောင်းစွာ ဥဂ္ဂဟနိမိတ်ကို ယူပြီးသည်ရှိသော် ထိုသူကောင်ရှိရာ အရပ်၌ အရဟတ္တဖိုလ် ပြီးဆုံးသည်တိုင်အောင် မစွမ်းဆောင်နိုင်သေးလျှင် ကျောင်းမှ သုသာန်သို့ လာစဉ်အခါက ကဲ့သို့ သေချာစွာ လမ်းကို မှတ်သားဝေခြမ်းလျက် ဥဂ္ဂဟနိမိတ် ထင်ပြီးသော ထိုကမ္မဋ္ဌာန်းကိုပင် စီးဖြန်းသိမ်းပိုက် စိုက်စိုက် ကျောင်းသို့ ပြန်လည်လာရောက်၍ စင်္ကြံသွားရာ ထိုင်နေရာတို့၌ ထိုအသုဘ ကောင်ရှိသော အရပ်မျက်နှာ ထိုအသုဘအခြင်းအရာကိုသာ ကောင်းစွာ စိတ်တမ်း၍ ကြိုးပမ်းပွါးများ အားထုတ်ဆင်ခြင်အပ်၏။

**အသွားအပြန်လမ်းကို ဆင်ခြင်ခြင်း။**

။မဂ္ဂပ္ပဋိက္ခဏာ[1] ဟူသည်ကား— ဂတာဂတမဂ္ဂပစ္စဝေက္ခဏာကို ဆိုလို သည်။ သူကောင်ရှိရာက ရခဲ့သော တရုဏနိမိတ်သည် နေ့ ပုစ္ဆာ ပြဿနာမေး သည်ကို ဖြေရခြင်း၊ ပဋိသန္ထာရ,စေတိယင်္ဂဏ ဝတ် စသည်ကို ပြုရခြင်းတို့ကြောင့် ပျောက်ကွယ် မေ့လျော့ခဲ့သည်ရှိသော် ဘီလူး သားရဲ ရှိတတ်သောကြောင့်ရင်း၊ တရက်,နှစ်ရက်ရှိက ဥဒ္ဒုမာတက ကွယ်ပျောက် ဝိနီလကစသည်အဖြစ်သို့ ရောက် နိုင်သောကြောင့်ရင်း၊ ကသိုဏ်းကဲ့သို့ ပြန်၍ယူဘိုရာ ခဲယဉ်း ပျောက်လွင့် မရှိနိုင် ရကား သုသာန်သို့ သွားသည်မှစ၍ နိမိတ်ယူ၍ ပြန်ခဲ့သဖြင့် ဤယခု ထိုင်နေရာ တိုင်အောင် အလုံးစုံအကုန်အစင် ဂတာဂတမဂ္ဂကို ဆင်ခြင်အပ်၏ ဟူလိုသည်။

ထိုအခါ ကာမဝိတက် အားကြီးလှ၍ ဦးရီးမထေရ်ကို ယပ်တောင်ဖြင့် ခုတ်မိသော ဘာဂိနေယျ သံဃရက္ခိတ ပဥ္စင်းငယ်အားကဲ့သို့[2] ဝိတက်၏အစွမ်း အားဖြင့်ပင် ရှေ့တွင် သူကောင်ချထားသကဲ့သို့ ထင်ရှားလာ၏။ ရှေးအတိုင်း ကမ္မဋ္ဌာန်းဖြောင့်တန်း လမ်းမှန်၏။ ထို့ကြောင့်—

"ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ ဝီထိသမ္ပဋိပါဒနတ္ထာ ဝီထိသမ္ပဋိပါဒနာ· နိသံသာ"—

ဟု အဋ္ဌကထာ[3] မိန့်သည်။

---

၁။ မဂ္ဂပ္ပဋိက္ခဏာ၊ အသွားအပြန်လမ်းကို ဆင်ခြင်ခြင်း (မဂ္ဂ=လမ်း။ ပဋိ=တဖန်။ ဣက္ခဏာ=ရှုဆင်ခြင်ခြင်း)။

၂။ ဓမ္မပဒ၊ဋ္ဌ၊ပ၊နှာ-၁၉၁။

၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၇၉။

**အသွားအပြန်လမ်းကိုဆင်ခြင်ရကျိုး။** ။ဂတာဂတမဂ္ဂပစ္စဝေက္ခဏာ၊ အသွား အပြန်လမ်းကို တမ်းမှန်းကုန်စင် အဖန် ဖန်သက်ဝင်၍ ဆင်ခြင်ခြင်းသည်။ ဝီထိ သမ္ပဋိပါဒနတ္ထာ ဝီထိ သမ္ပဋိပါဒနာနိသံ-သာ၊ ကမ္မဋ္ဌာန်းလမ်းကို ဖြောင့်တန်းစွာ ပြီးစေခြင်း အကျိုးအာနိသင် ရှိ၏။

ဤသို့ ပွါးများဆင်ခြင်၍ ထင်လာသော ဥဂ္ဂဟနိမိတ်ကို စတုခေတ္တ,အာနာ-ပါန, ကသိဏစသော အခြားကမ္မဋ္ဌာန်းနှင့် မတူပဲ အလွန်ရခဲသော ကမ္မဋ္ဌာန်း ဖြစ်၍ ဒုဂ္ဂတပုရိသသည် မဟာဃမဏိရတနာကို ရသကဲ့သို့ ရတနာလောက် ထင်မှတ် လေးမြတ်စုံမက် နှစ်သက်စွာ စောင့်ရှောက်၍ နေ့နေ့ ညည 'ဥဒ္ဓုမာတက ပဋိကူလံ, ဥဒ္ဓုမာတက ပဋိကူလံ'ဟု စီးဖြန်းဆင်ခြင် စိတ်တွင်ဖွဲ့ထား ပွါးများကြံစည် အဖန်ဖန် ပြုသည်ရှိသော် ပဋိဘာဂနိမိတ် ဖြစ်လာ၏။

## ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်ထူးခြားပုံ

နိမိတ်နှစ်ပါး အထူးကား—

> တတြိဒံ နိမိတ္တဒွယဿ နာနာကရဏံ၊ ဥဂ္ဂဟနိမိတ္တံ ဝိရူပံ ဝိဂစ္ဆံ ဘေ-ရဝဒဿနံ ဟုတွာ ဥပဋ္ဌာတိ။ ပဋိဘာဂနိမိတ္တံ ပန ယာဝဒတ္ထံ ဘုဉ္ဇိတွာ နိပ္ပန္နော ထူလင်္ဂပစ္စင်္ဂပုရိသောဝိယ။ ဝိသုဒ္ဓိမဂ်(၁ဌပါ၊နှာ-၁၇၃)

တတြဝစနေ၊ ထိုစကားရပ်၌။ ဣဒံ၊ ဤဆိုလိမ့်သည်ကား။ နိမိတ္တဒွယဿ၊ နိမိတ်နှစ်ပါး၏။ နာနာကရဏံ၊ ကွဲပြားသည်ကို ပြုကြောင်းအထူးတည်း။

ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်သည်။ ဝိရူပံ၊ ဖောက်ပြန်မှိန်ညှိုး အဆင်းဆိုးသည်။ ဝိဂစ္ဆံ၊ မသပ်မပယ် မတင့်တယ်သည်။ ဘေရဝ ဒဿနံ၊ ကြောက်မက်ဖွယ်သော အမြင်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။

> မနသိကာရဿ အနုဋ္ဌာရတာယ,အနုပသန္တတာယ စ အာရမ္မဏဿ။
> မဟာဋီကာ(၁ပါ၊နှာ-၂၃၀)

ပဋိဘာဂနိမိတ္တံ ပန၊ ပဋိဘာဂနိမိတ်သည်ကား။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ဘုဉ္ဇိတွာ၊ စား၍။ နိပ္ပန္နော၊ လျောင်းစက်အိပ်နေသော။ ထူလင်္ဂပစ္စင်္ဂပုရိသော ဝိယ၊ ဆူဖြိုးဝလင် ကိုယ်အင်္ဂါကြီးငယ်ရှိသော ယောကျ်ားကဲ့သို့။ ဥပဋ္ဌာတိ၊ ထင်၏။

**နီဝရဏငါးပါး ပျောက်ကွာခြင်း။** ။ယင်း ပဋိဘာဂနိမိတ်ကို အတိဣဋ္ဌာရုံဟု ဆိုသင့်သည်။ ထို့ကြောင့် ပရိကံ,ဥပစာ, အနုလုံ,ဂေါတြဘူကိစ္စတပ်သော မဟာကြိယာဉာဏသမ္ပယုတ် သောမနဿသဟ-ဂုတ်ဇော အာရုံပြုနိုင်သည်။ ယင်း ပဋိဘာဂနိမိတ် ထင်သည်နှင့် တပြိုင်နက်

ဝိက္ခမ္ဘနပဟာန်အားဖြင့် နီဝရဏငါးပါး ပျောက်ကွာ၍ ဈာန်အင်္ဂါငါးပါး ထင်ရှားစွာ ဖြစ်လာ၏။ ပထမဈာန်၏ အဆင်အတု ဥပစာရဈာန်ကိုရ၏။

တဿ ပဋိဘာဂနိမိတ္တုပ္ပတ္တိသမကာလမေဝ ဗဟိဒ္ဓါ ကာမာနံ အမနသိကာရာ ဝိက္ခမ္ဘနဝသေန ကာမစ္ဆန္ဒော ပဟီယတိ။ပ။ ဝိစိကိစ္ဆာ ပဟီယတိတိ ပဉ္စ နီဝရဏာနိ ပဟီယန္တိ။ တသ္မိံယေဝ စ နိမိတ္တေ စေတသော အဘိနိရောပနလက္ခဏော ဝိတက္ကော။ပ။ ဧကဂ္ဂတာ စာတိ ဈာနင်္ဂါနိ ပါတုဘဝန္တိ။ ဧဝမဿ ပထမဈာနပဋိဗိမ္ဗဘူတ’မုပစာရဈာနမ္ပိ တင်္ခဏညေဝ နိဗ္ဗတ္တတိ။ ဝိသုဒ္ဓိ(၁၌၊ပ၊နှာ-၁၈၄)

ပဋိဘာဂနိမိတ္တာရမ္မဏတာယ ဟိ အသုဘသညာယ သဒ္ဓိံ ဗလပ္ပတ္တော သမာဓိ ဥပ္ပဇ္ဇမာနော ကာမစ္ဆန္ဒံ ဝိက္ခမ္ဘေတိ။ ၎င်းဋီကာ(၊ပ၊နှာ-၂၁၁) အနက်ထင်ပြီ။

အပ္ပနာဝိဓာန။ ။အပ္ပနာဝိဓာန ဟူသည်ကား—ယင်းပဋိဘာဂနိမိတ် ထင်သည်မှ စ၍ အပ္ပနာဈာန်ကို ရသည်တိုင်အောင် ပွါးများအားထုတ်ခြင်းသည် ပထဝီကသိုဏ်းနှင့်တူပြီ။ (ဤကျမ်း၊ဒု၊နှာ-၁၈၉ ကြည့်ပါ)

ဥဒ္ဓုမာတက ပြီး၏။

---

## ကြွင်းသော အသုဘကမ္မဋ္ဌာန်း ၉-ပါး ပွါးများပုံ

ဝိနီလကစသော နောက်ကိုးပါးတို့ကိုလည်း ဥဒ္ဓုမာတကနှင့် တူစွာ ပွါးအပ်ကုန်၏။ အထူးကား—

ဝိနီလက၌ ‘ဝိနီလက ပဋိကူလံ, ဝိနီလက ပဋိကူလံ’ဟု စီးဖြန်းသည်ရှိသော် ပြောက်ပြောက် ကျားကျား ထင်၏။ ပဋိဘာဂနိမိတ်ကား နီ, ဖြူ,ညို-သုံးပါးတွင် များရာ ထင်၏။

ဝိပုဗ္ဗက၌ ‘ဝိပုဗ္ဗက ပဋိကူလံ,ဝိပုဗ္ဗက ပဋိကူလံ’ဟု စီးဖြန်းသည်ရှိသော် ယိုစီး၍ကျသကဲ့သို့ ဥဂ္ဂဟနိမိတ်ထင်၏။ ပဋိဘာဂနိမိတ်ကား မလှုပ်ငြိမ်သက် စုဝေးလျက်ထင်၏။

ဝိစ္ဆိဒ္ဒက၌ နှစ်ပိုင်းဝေးခြား၍ တသားတည်း တခါတကြိမ်တည်း တအာ-ဝဇ္ဇန်းတည်း မထင်လာနိုင်မူ သုဘရာဇာအသွင် အကျွမ်းဝင်တတ်သည် ဖြစ်၍ မိမိကိုယ်တိုင် လက်ဖြင့် မကိုင်ပဲ သူတပါးကို စေခိုင်း၍သော်၎င်း တုတ် လှံဒဏ် တောင်ဝှေးဖြင့် ကော်ယူ၍သော်၎င်း လက်တသစ်ခန့် ကွာခြားအောင် ပူးယှဉ်

စပ်ဆက်၍ ထားပြီးလျှင် ‘ဝိစ္ဆိဒ္ဒက ပဋိကူလံ, ဝိစ္ဆိဒ္ဒက ပဋိကူလံ’ဟု စီးဖြန်းဆင်ခြင်သည် ရှိသော် အလယ်၌ ပြတ်သကဲ့သို့ အကြားအပြတ်နှင့်တကွ ဥဂ္ဂဟနိမိတ်ထင်၏။ ပဋိဘာဂနိမိတ်ကား အကြားအပြတ်မရှိ ပြည့်ဖြိုးသည် ဖြစ်၍ထင်၏။

ဝိက္ခာယိတကဉ် ‘ဝိက္ခာယိတက ပဋိကူလံ, ဝိက္ခာယိတက ပဋိကူလံ’ဟု စီးဖြန်းဆင်ခြင်လတ်သော် ကိုက်ခဲ ဆိတ်ကုတ်ရာနှင့်တကွ ဥဂ္ဂဟနိမိတ်ထင်၏။ ပဋိဘာဂ-နိမိတ်ကား အနာအဆာမရှိ ပြည့်ပြည့် ဖြိုးဖြိုး ထင်၏။

ဝိက္ခိတ္တက, ဟတဝိက္ခိတ္တကတို့ကား ဝိစ္ဆိဒ္ဒကနှင့် နည်းတူကုန်၏။ ‘ဝိက္ခိတ္တက-ပဋိကူလံ, ဟတဝိက္ခိတ္တက ပဋိကူလံ’ဟု စီးဖြန်းပုံသာ ထူးပြားကုန်သည်။

လောဟိတကဉ် ‘လောဟိတက ပဋိကူလံ, လောဟိတက ပဋိကူလံ’ဟု စီးဖြန်းဆင်ခြင်သည်ရှိသော် လေတဖျတ်ဖျတ် ခတ်၍တုန်လှုပ်သော ကုပ်ကားနီအလားလှုပ်ရှားသော အခြင်းအရာဖြင့် ထင်၏။ ပဋိဘာဂနိမိတ်ကား ငြိမ်ငြိမ်သက်သက်ထင်၏။

ပုဠုဝကဉ် ပုပ်သည်မှနောက် နှစ်ရက် သုံးရက်မြောက်၍ ဒွါရကိုးပေါက်တို့မှ ပိုးလောက်ကျိကျိ တက်သော လူသေကောင်၌ ဖြစ်စေ, ဒီဃဝါပီ ရေကန်တွင်ဆင်သေကောင်၌ နိမိတ်ထင်သော စူဠပိဏ္ဍပါတိက တိဿမထေရ်[၁] ကဲ့သို့ တိရစ္ဆာန်သေကောင်၌ ဖြစ်စေ, အိမ်သာသို့ဝင်ရာ ပိုးလောက်ဝန်းအုံ မစင်ပုံကိုမြင်၍ ဈာန်ရသော ရာဇဂြိုဟ်မြို့အဝင် ကျုံးအပြင်တွင် ဘုရားမြင်တော်မူသော ဝက်ငယ်မအလောင်း မိဖုရားကဲ့သို့[၂] မစင်ပုံစသည်၌ဖြစ်စေ ပိုးလောက်အစုကို အာရုံပြု၍ ‘ပုဠုဝက ပဋိကူလံ, ပုဠုဝက ပဋိကူလံ’ ဟု စီးဖြန်းသည် ရှိသော် လှုပ်ရှားသကဲ့သို့ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂနိမိတ်ကား သလေး ထမင်းခဲကဲ့သို့ ငြိမ်သက်စွာ ထင်၏။

အဋ္ဌိကဉ် သတိပဋ္ဌာန်[၃]တွင် ဝေဖန်ဟောပြတော်မူအပ်သော အရိုးငါးပါး[၄]တွင် တပါးပါးကို ရှုအပ်၏။

ဝဏ္ဏ။ ။‘ကောဒသဟိ နိမိတ္တဂ္ဂါဟော’ဟူရာ၌ အရိုး၏ဖြူသောအဆင်းသည် ဩဒါတကသိုဏ်း ရောနှောစပ်ရှက်ခြင်းကြောင့် စက်ဆုပ်ဖွယ်သော ပဋိကူလအဆင်းကိုသာ ဝဏ္ဏဟု မှတ်အပ်၏။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၈၅။ ၂။ ဓမ္မပဒဋ္ဌ၊ ဒု၊ နှာ-၃၃၂။

၃။ ဒီ၊ ၂၊ နှာ-၂၃၅။ မ၊ ၃၊ နှာ-၁၃၄။ မ၊ ၁၊ နှာ-၇၃။

၄။ အသားအသွေးရှိ၍ အကြောနှင့်စပ်သောအရိုး စသည် ငါးမျိုး။ (နှာ-၂၃၅ ကြည့်)

**လိင်္ဂ။** ။အဆက်ပြတ်ပြီးသော အရိုး၌ အရွယ်မထင်ရှားခြင်းကြောင့် လက်ရိုး, ခြေရိုးစသော အမည်ကို လိင်္ဂဟု–မှတ်အပ်၏။ အဆက်မပြတ်သေးမူကား အရွယ်ကို သိနိုင်ကောင်း၏။ မနှံ့သောကြောင့် မယူသည်ဟုဋီကာ[၁]မိန့်၏။

**သဏ္ဌာန။** ။ကြီး,ငယ်,တို,ရှည်,လုံးပြား သည်ကို သဏ္ဌာန်ဟု-မှတ်အပ်၏။

**ပရိစ္ဆေဒ။** ။ထိုထိုအရိုး၏ အဆုံးကို ပရိစ္ဆေဒဟု-မှတ်အပ်၏။

**သန္ဓိ။** ။သန္ဓိကိုကား အရိုးဆက်၌သာ ရ၏။ အရိုးတချောင်းတည်း၌ မရအပ်။

အဋ္ဌိကသင်္ခလိကာယံ သန္ဓိတော ဝဝတ္ထာပနံ လဗ္ဘတိ။ အဋ္ဌိကေ ပန န လဗ္ဘတိ။ ဋီကာ[၁]။

အကြွင်း ယထာရဟ ဥဒ္ဓုမာတကနှင့် နည်းတူ၏။ ရှေး ပုဠုဝကစသည်တို့၌လည်း ရသင့်သမျှကို ယူအပ်၏။

ယထာ စေတ္ထ၊ ဧဝမိမံ ကောဒသဝိဓေန နိမိတ္တဂ္ဂဟဏံ ဣတော ပုရိမေသု ပုဠုဝကာဒီသုပိ ယုဇ္ဇမာနဝသေန သလ္လက္ခေတဗ္ဗံ။ဝိသုဒ္ဓိမဂ် (ဌ၊ပ၊နှာ-၁၈၆)

ဤသို့လျှင် အရိုးတချောင်းတည်း၌ပင် ဖြစ်သော်လည်း တဆဲ့တပါးသော အပြားဖြင့် 'အဋ္ဌိက ပဋိကူလံ,အဋ္ဌိက ပဋိကူလံ'ဟု စီးဖြန်းသည်ရှိသော် အဋ္ဌိသင်္ခလိက၌ အဆက်အစပ် အကြားအပေါက်နှင့်တကွ ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂ နိမိတ်ကား ပြည့်ပြည့်ဖြိုးဖြိုး ထင်၏၊ အရိုးတချောင်းတည်း၌ကား မတင့်မတယ် ကြောက်မက်ဖွယ် ဥဂ္ဂဟနိမိတ် ထင်၏။ ပဋိဘာဂနိမိတ်ကား ချောမွေ့ပြေပြစ် ပီတိသောမနဿဖြစ်ဖွယ် ထင်၏။

## အသုဘ ၁၀-ပါး မှတ်သားဖွယ်

**ကိုးပါး-ဆယ်ပါး-ပိုင်းခြားပုံ။** ။ဤ အသုဘဆယ်ပါးတို့၌ ပကိဏ္ဏကစကားကို ဤသို့ မှတ်အပ်၏။ ထိုဆယ်ပါးတို့တွင် တပါးပါး၌ပင် ဈာန်ကိုရသော ယောဂီသည် ရဟန္တာကဲ့သို့ ရာဂကင်း လျပ်ပေါ်လေ၁်လည်ခြင်း မရှိရကား တပါးပါးကို ဟောလျှင်ပင် အကျိုးပြီးတော့သည်။ သို့သော်လည်း ခန္ဓာကိုယ် သေ့ဖောက်လျှင် ရောက်မြဲ သဘောအားဖြင့်ငှင်း, ရာဂစရိုက် အပြားအားဖြင့်ငှင်း တွေ့ရှိ ရမိရာရာ သင့်လျော် လျောက်ပတ်ရာရာ စီးဖြန်းပါစေခြင်းငှါ ဆယ်ပါးလုံးကိုပင် ဟောတော်မူသည်။ မဟာသတိပဋ္ဌာန

---

၁။ မဟာဋီကာ၊ပ၊နှာ-၂၁၃။

သုတ်[၁]စသည်တို့၌ကား အလိုလိုဖောက်ပြန်သည်ကိုသာယူ၍ အသုဘကိုးပါး[၂]သာ ဟောတော်မူသည်။

ယဒိ သရီရသဘာဝပ္ပတ္တိဝသေန အယံ အသုဘပ္ပဘေဒေါ ဝုတ္တော။ မဟာသတိပဋ္ဌာနာဒီသု ကထံ နဝပ္ပဘေဒေါတိ၊ သော သရသတော ဧဝ သဘာဝပ္ပတ္တိဝသေန ဝုတ္တော။ အယံ ပနေ’သ ပရူပက္កမေနာပိ။ တတ္ထ စ ဣမာဂတေသု ဒသသု အသုဘေသု ကေစ္စာနေဝ ဂဟိတာနိ။ အဋ္ဌိကဉ္စ ပဉ္စမာ ဝိဘတ္တံ။ တာနိ စ ဝိပဿနာဝသေန။ ဣမာနိ သမထ-ဝသေနာတိ ပါကဋ္ဌော’ယံ ဘေဒေါတိ။ မဟာဋီကာ (ပ၊ နှာ-၂၁၅)

သရီရ သဘာဝပ္ပတ္တိဝသေန၊ ကိုယ်၏မိမိသဘောသို့ ရောက်မြဲ၏အစွမ်းဖြင့်။ အယံ အသုဘပ္ပဘေဒေါ၊ ဤအသုဘအပြားကို။ ယဒိ ဝုတ္တော၊ အကယ်၍မိန့်ဆို ငြားအံ့။ ဧဝံသတိ၊ ဤသို့ မိန့်ဆိုခဲ့သည်ရှိသော်။ မဟာသတိပဋ္ဌာနာဒီသု၊ မဟာသတိပဋ္ဌာန်သုတ် စသည်တို့၌။ ကထံ၊ အဘယ်အခြင်းအရာကြောင့်။ နဝပ္ပဘေဒေါ၊ ၉-ပါးသော အပြားကို။ ဝုတ္တော၊ ဟောတော်မူအပ်ပါသနည်း။ ဣတိ၊ ဤကား စောဒနာတည်း။

သော၊ ထို ကိုးပါးအပြားကို။ သရသတော ဧဝ၊ မိမိအလိုလိုအားဖြင့်သာလျှင်။ သဘာဝပ္ပတ္တိဝသေန၊ မိမိသဘောသို့ ရောက်သည်၏ အစွမ်းဖြင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ (ဤ၌ မဟာ သတိပဋ္ဌာန်မှာ ‘ကာကေဟိ ဝါ ခဇ္ဇမာနံ’ စသည် ပါသောကြောင့်‘သရသတောဧဝ’ကို ဆင်ခြင်ရန် ရှိ၏။) အယံ ပန သေ ဧသော၊ ဤဆယ်ပါးအပြားကိုကား။ ပရူပက္ကမေနာပိ၊ သူတပါးလုံ့လဖြင့်လည်း။ သဘာဝပ္ပတ္တိဝသေန၊ သဘာဝသို့ရောက်မြဲ၏အစွမ်းဖြင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။ စ၊ ဆက်ဦးအံ့။ တတ္ထ၊ ထိုမဟာသတိပဋ္ဌာနသုတ်စသည်တို့၌။ ဣမာဂတေသု၊ ဤ၌ လာကုန်သော။ ဒသသု အသုဘေသု၊ ၁၀-ပါးသော အသုဘတို့တွင်။ ကေစ္စာနိဧဝ၊ ဥဒ္ဓုမာတက, ဝိနီလက, ဝိပုဗ္ဗက, ဝိက္ခာယိတက, ပုဠုဝက,အဋ္ဌိကဟု-ဆိုအပ်သော အချို့တို့ကိုသာလျှင်။ ဂဟိတာနိ၊ ယူအပ်

---

၁။ ဒီ၊ ၂၊ နှာ-၂၃၁။ မ၊ ၁၊ နှာ-၇၀။

၂။ အသုဘကိုးပါးရှင်းချက်—ကာယာနုပဿနာ၌ ပါဝင်သော နဝ သိဝထိက ဟူသော သုသာန်၌ စွန့်ပစ်ထားသော သူသေကောင် ၉-မျိုးကို ဆိုလိုသည်။ ဤကျမ်း၌ပြထားသော အသုဘများကို ဆိုလိုသည်မဟုတ်၊ ဥဒ္ဓုမာတက စသော အသုဘ ၁၀-ပါးတွင် ဥဒ္ဓုမာတက,ဝိနီလက,ဝိပုဗ္ဗက,ဝိက္ခာယိတက,ပုဠုဝက, အဋ္ဌိက ဟူသော အသုဘ ၆-ပါး တို့ကိုသာ နဝ သိဝထိက ၉-ပါး၌ ရသည်။

၉-ပါးသရုပ်မှာ=ဥဒ္ဓုမာတက, ဝိနီလက,ဝိပုဗ္ဗက ၃-ပါးကို ၁-မျိုးယူ၊ ဝိက္ခာယိတက, ပုဠုဝက ၂-ပါးကို ၁-မျိုးယူ၊ အဋ္ဌိက ၇-မျိုး၊ ပေါင်း အသုဘ ၉-မျိုး ဖြစ်သည်။

ကုန်၏။ အင်္ဂုတ္တိုရ်ကဋ္ဌ၊ အင်္ဂုတ္တိုရ်ကကိုလည်း။ ပဥ္စဓာ၊ ငါးပါးအပြားဖြင့်။ ဝိဘတ္တံ၊ ဝေဘန်အပ်၏။

အင်္ဂုတ္တိုရ် ၇-မျိုး[၁]။ ။(၁) သမံသ လောဟိတ နှာရုသမ္ဗန္ဓ။ (၂)နိမံသ လောဟိတမက္ခိတနှာရုသမ္ဗန္ဓ။ (၃) အပဂတမံသလောဟိတနှာရုသမ္ဗန္ဓ။ (၄)အပဂတနှာရုသမ္ဗန္ဓဒိသာဝိဒိသာဝိက္ခိတ္တ။ (၅)သေတသင်္ခ ဝဏ္ဏပဋိဘာဂ။ ဤငါးပါးကိုယူ။

ဤ ဋီကာ[၂]၌ (၁) ပူတိကတ တေရောဝဿိက။ (၂) စုဏ္ဏကဇာတ အဋ္ဌိ။ ဤနှစ်ပါး ကျန်သည်ကို ဆင်ခြင်ရန် ရှိ၏။

အဋ္ဌကထာ[၃]၌ကား—

အဋ္ဌိကံ သော ပဿေယျ သရီရံ သိဝထိကာယ ဆဍ္ဍိတံ အဋ္ဌိသင်္ခလိကံ သမံသလောဟိတံ နှာရုသမ္ဗန္ဓန္တိ အာဒိနာ နယေန နာနပ္ပကာရတော ဝုတ္တံ ဟု—

သာမညလာရကား ခုနစ်ပါးလုံးပင် ဝင်နိုင်၏။ ယင်း ခုနစ်ပါးတွင် အစနှစ်ပါးမှာ သမံသလောဟိတရင်း, လောဟိတမက္ခိတရင်း ဖြစ်၍ အရိုးအဆင်း မထင်ရှားရကား ယင်းနှစ်ပါးကို ပယ်ကြဉ်ထား၍ နောက် ငါးပါးကို ရည်၍ 'အင်္ဂုတ္တိုရ်ကဋ္ဌ ပဥ္စဓာ ဝိဘတ္တံ'ဆိုသည် ဟူ၍သော်လည်း ကြံသင့်၏၊ အဋ္ဌကထာနှင့်ကား မညီ။

စ၊ အထူးသည်သာ မကသေး။ တာနိ၊ ထို သတိပဋ္ဌာန်၌ လာသော ဥဒ္ဓုမာတက စသည်တို့ကို။ ဝိပဿနာဝသေန၊ ဝိပဿနာ၏အစွမ်းဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဣမာနိ၊ ဤဆယ်ပါးတို့ကို။ သမထဝသေန၊ သမထ၏ အစွမ်းဖြင့်။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ ဤသို့သော နည်းဖြင့်။ အယံ ဘေဒေါ၊ ဤ အထူးသည်။ ပါကဋော၊ ထင်ရှား၏။ ဣတိ၊ ဤကား ဝိသဇ္ဇနာတည်း။ ဋီကာအနက်။

၁။ အင်္ဂုတ္တိုရ်ကအရိုး ၇-မျိုး။ (၁) အသားအသွေးရှိ၍ အကြောနှင့်စပ်သောအရိုး။
(၂) အသားမရှိမူ၍ သွေးရှိပြီး အကြောနှင့်စပ်သောအရိုး။
(၃) အသားအသွေးမရှိ၍ အကြောနှင့်စပ်သောအရိုး။
(၄) အသားအသွေးမရှိ၍ အကြောနှင့်မစပ်သောအရိုး။
(၅) ခရုသင်းအဆင်းနှင့်တူသော ဖြူဖွေးသောအရိုးစု။
(၆) ပူတိကတ တေရောဝဿိက=နှစ်လွန်၍ စုပုံနေသောအရိုးဟောင်း။
(၇) ပူတိနိ စုဏ္ဏကဇာတအဋ္ဌိ= ဆွေးမြေ့ပြီး ကြေမွ၍ အမှုန့်ဖြစ်နေသော ဖရိုဖရဲဖြစ်နေသည့်အရိုး။

၂။ မဟာဋီကာ၊၁၊နှာ-၂၁၅။ ၃။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၁၇၆။

**စရိုက်ကိုလိုက်၍ စီးဖြန်းသင့်ပုံ။** ။ဤအသုဘဆယ်ပါးတို့သည် အစဉ်အတိုင်း ကိုယ်သဏ္ဌာန်[၁], ကိုယ်အဆင်း[၂], ကိုယ်အနံ့, တခဲနက်သောအဖြစ်, သားမြတ်စသော အသားပုံ, အင်္ဂါကြီးငယ်တို့၏ တင့်တယ်စမွယ်ခြင်း, အင်္ဂါကြီးငယ် အပေါင်းအဖွဲ့၏ ပြည့်စုံခြင်း, တန်းဆာပလာကြောင့်ဖြစ်သော တင့်တယ်ခြင်း, 'ငါ၏ကိုယ်'ဟု မြတ်နိုးတနာပြုခြင်း, သွား၏ပြည့်စုံခြင်းတို့၌ တပ်မက်မောသော ရာဂရှိကုန်သော သဏ္ဌာနရာဂီပုဂ္ဂိုလ်[၁], သရီရဝဏ္ဏရာဂီ[၂], မာလာဂန္ဓာဒိသမုဋ္ဌာပိတ သရီရဂန္ဓရာဂီ, သရီရဃနဘာဝရာဂီ, ထနာဒိမံသုပစယရာဂီ, အင်္ဂပစ္စင်္ဂလီလာရာဂီ, သရီရသင်္ဃာတသမ္ပတ္တိရာဂီ, အလင်္ကာရ ဇနိတ သောဘာရာဂီ, ကာယေ မမတ္တရာဂီ, ဒန္တသမ္ပတ္တိ ရာဂီပုဂ္ဂိုလ်တို့အား အထူးအားဖြင့် လျောက်ပတ်ကုန်၏။ ထို့ကြောင့် မိမိစရိုက်ကို ထောက်ချင့်၍ သင့်လျော်သော အသုဘကို စီးဖြန်းအပ်၏။

**သက်ရှိလူ၌လည်း အသုဘပွါးသင့်ပုံ။** ။ယင်းအသုဘ ဆယ်ပါးတို့ကို လူသေကောင်၌သာ ရအပ်သည် မဟုတ်။

အသက်ရှင်သော လူ၌လည်း ရအပ်ကြောင်းကို—

> တဒေတံ ဣမိနာ လက္ခဏေန န ကေဝလံ မတသရီရေ။ ဒန္တဋ္ဌိကဒဿာ, ဝိနေ၁ ပန စေတိယ ပဗ္ဗတဝါသိနော မဟာတိဿတ္ထေရဿ ဝိယ- ဟတ္ထိက္ခန္ဓဂတံ ရာဇာနံ ဉလ္လောကေန္တဿ သံဃရက္ခိတတ္ထေရူပဋ္ဌာကသာ- မဏေရဿ ဝိယ စ ဇီဝမာနကသရီရေပိ ဉပဋ္ဌာတိ—

ဟု-ဝိသုဒ္ဓိမဂ်(ဋ္ဌ၊ပ၊နှာ-၁၈၈)၌ လာ၏။

တဒေတံ၊ ထိုအသုဘနိမိတ်ဆယ်ပါးသည်။ ဣမိနာ လက္ခဏေန၊ ဤအသုဘ ဒုဂ္ဂန္ဓ ဇေဂုစ္ဆ ပဋိကူလ အဖြစ်ဟူသော လက္ခဏာဖြင့်။ ကေဝလံ မတသရီရေ၊ သူသေကိုယ် သက်သက်၌သာလျှင်။ န ဉပဋ္ဌာတိ၊ ထင်သည် မဟုတ်သေး။ ပန၊ စင်စစ်သော်ကား။ ဒန္တဋ္ဌိကဒဿာဝိနော၊ သွားရိုးကို ရှုသော။ စေတိယပဗ္ဗတ- ဝါသိနော၊ စေတိယ တောင်၌နေသော။ မဟာတိဿတ္ထေရဿ ဝိယ စ၊ မဟာ တိဿထေရ်အားကဲ့သို့ရင်း။ ဟတ္ထိက္ခန္ဓဂတံ၊ ဆင်ကျောက်ကုန်း၌ တည်သော။ ရာဇာနံ၊ မင်းကို။ ဉလ္လောကေန္တဿ၊ မော်၍ကြည့်သော။ သံဃရက္ခိတတ္ထေ- ရူပဋ္ဌာကသာမဏေရဿဝိယစ၊ သံဃရက္ခိတမထေရ်၏ အလုပ်အကျွေး သာမဏေ အားကဲ့သို့ရင်း။ ဇီဝမာနက သရီရေပိ၊ အသက်ရှင်သော ကိုယ်၌လည်း။ ဉပ- ဋ္ဌာတိ၊ ထင်၏။

---

၁-၂။ သဏ္ဌာနရာဂီပုဂ္ဂိုလ်=ကိုယ်သဏ္ဌာန်၌ တပ်မက်မောသော ရာဂရှိသောပုဂ္ဂိုလ်။ သရီရဝဏ္ဏရာဂီ=ကိုယ်အဆင်း၌ တပ်မက်မောသော ရာဂရှိသောပုဂ္ဂိုလ်ဟု ဂဏန်း အစဉ်အတိုင်း စသည်ဟပ်၍ ယူပါလေ။

ဤ၌'ဇီဝမာနက သရီရေပိ ဥပဋ္ဌာတိ'ဟု လာရှိသောကြောင့် နှောင်သေသော အခါ ဖြစ်လတ္တံ့သည်ကို အသက်ရှင်စဉ်၌ တင်စားနှလုံးထား၍ ပွါးများတမ်းမှန်း စီးဖြန်းရမည်ဟု ထင်မှားတတ်သည်၊ မထင်မှားသင့်။ အသုဘဆယ်ပါး၏ ဒိဋ္ဌကမ္မဋ္ဌာန်းချည်းဖြစ်သောကြောင့်ရင်း, ဒန္တဋ္ဌိကဒဿာဝီ မဟာတိဿထေရ် ဝတ္ထုကို ပုံပြု၍ ပြသောကြောင့်ရင်း—

တသ္မာ ဒဗ္ဗဇာတိကေန ဘိက္ခုနာ ဇီဝမာနသရီရံ ဝါ ဟောတု မတသရီရံ ဝါ။ ယတ္ထ ယတ္ထ အသုဘာကာရော ပညာယတိ။ တတ္ထ တတ္ထေဝ နိမိတ္တံ ဂဟေတွာ ကမ္မဋ္ဌာနံ အပ္ပနံ ပါပေတဗ္ဗံ[၁]။

တသ္မာ၊ ထိုသို့ အသက်ရှင်သော ကိုယ်သည်လည်း အသက်သေသော ကိုယ်ကဲ့သို့ အသုဘဖြစ်ခြင်းကြောင့်။ ဒဗ္ဗဇာတိကေန၊ တရားအမျိုး ရထိုက်သော ပညာရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဇီဝမာနသရီရံ ဝါ၊ အသက်ရှင်သော ကိုယ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ။ မတသရီရံ ဝါ၊ သေသောကိုယ်သည် မူလည်း။ ဟောတု၊ ဖြစ်စေ။ ယတ္ထ ယတ္ထ၊ အကြင် အကြင်ကိုယ်၌။ ဝါ၊ ကိုယ်၏ အစိတ်အဘို့၌။ အသုဘာကာရော၊ ဥဒ္ဓုမာတက စသော အသုဘ အခြင်းအရာ သည်။ ပညာယတိ၊ထင်၏။ တတ္ထ တတ္ထေဝ၊ ထိုထင်သော အခြင်းအရာ၌သာလျှင်။ နိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ဂဟေတွာ၊ ယူ၍။ ကမ္မဋ္ဌာနံ၊ သုခဝိသေသ၏ တည်ရာ အသုဘဘာဝနာကံကို။ အပ္ပနံ၊ ပဌမဈာန်သို့။ ပါပေတဗ္ဗံ၊ ရောက်စေအပ်၏။

ဤသို့ နောက်၌ အဋ္ဌကထာလာသောကြောင့်ရင်း အသက်ရှင်သော သူမှာ လေဖြန်း၍ ဖောရောင်သောအခါ, အိုင်းအနာမှ ပြည်ယိုသော အခါ, သွေးထွက်သောအခါ, သွားရိုးပေါ်သောအခါ စသည်တို့၌သာ ရထိုက် သည်ဟု မှတ်အပ်၏။ သူသေကောင်၌ပင် ဝိနီလကစသည်အဖြစ်သို့ ရောက်သော အခါ ဥဒ္ဓုမာတကစသည်ကို မစီးဖြန်းရပြီဟု လာသော အဋ္ဌကထာ[၂]စကားကို လည်း ထောက်အပ်၏၊ ထောက်လေ။

အဘယ့်ကြောင့် သူရှင်၌ အသုဘနိမိတ် ထင်သနည်းဟူမူ—သူသေကဲ့သို့ပင် သူရှင်လည်း အသုဘဖြစ်သောကြောင့်တည်း။

အသုဘအဖြစ် ထင်ရှားအောင် ဆင်ခြင်ပုံ။ ။အသုဘအဖြစ် ထင်ရှားအောင် ဤသို့ စဉ်းစား ဆင်ခြင်အပ်၏။

ယထေဝ မတသရီရံ၊ ဇီဝမ္ပိ အသုဘံ တထာ။
အာဂန္တုကာလင်္ကာရေန၊ ဆန္နတ္တာ တံ န ပါကဋံ။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပါဠိ-၁၉၀။　　၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပါဠိ-၁၈၂။

ပကတျာ တု သရီရိဒံ၊ မံသနှာရုဋ္ဌိသဉ္စယံ။
အလ္လစမ္မေန ဩနဒ္ဓံ၊ ဆဝိယာ ပဋိစ္ဆာဒိတံ။

ဆိဒ္ဒါဝဆိဒ္ဒံ မေဒက-ထာလိကာ ဝိယ ပဂ္ဃရံ။
ကိမိဂါရံ ရောဂါကရံ၊ ဒုက္ခဝတ္ထု ဝဏာယကံ။

နဝဟော’တဿ သောတေဟိ၊ အသုစိ သဝတေ သဒါ။
အက္ခိမှာ အက္ခိဂူထကော၊ ကဏ္ဏမှာ ကဏ္ဏဂူထကော။

သိင်္ဃာဏိကာ စ နာသာတော၊ မုခေန ဝမတေ’ကဒါ။
ပိတ္တံ သေမှံ စ ဝမန္တိ၊ အာဟာရရုဓိရာနိ စ။

အဓော ဥစ္စာရပဿာဝါ၊ ကာယမှာ သေဒဇလ္လိကာ။
တေနေတံ ပရိဝါရေန္တိ၊ နီလမက္ခိကအာဒယော။

ဒန္တကဋ္ဌာဒိနာ ဟေတံ၊ သစေ အပ္ပဋိဇဂ္ဂိတံ။
ယထာ ဇာတံ ဝိစာရေယျ၊ န ဝိသေသေယျ ကောစိပိ။

ရာဇာ စေဝ စဏ္ဍာလော စ၊ ပေါသော ဣတ္ထီ စ ကေဝလာ။
နိဗ္ဗိသေသာ ပဋိကူလာ၊ ကာယော’ယံ နတ္ထိ ဝေသမံ။

ဝိသုဒ္ဓိမဂ္ဂသင်္ဂဟာ[1]။

ယထာပိ ပုပ္ဖိတံ ဒိသွာ၊ သိင်္ဂါလော ကိံသုကံ ဝနေ။
မံသရုက္ခော မယာ လဒ္ဓေါ၊ ဣတိ ဂန္တွာန ဝေဂသာ။

ပတိတံ ပတိတံ ပုပ္ဖံ၊ ဍံသိတွာ အတိလောလုပေါ။
နယိဒံ မံသံ အဒုံ မံသံ၊ ယံ ရုက္ခသ္မိန္တိ ဂဏှတိ။

ကောဋ္ဌာသံ ပတိတံယေဝ၊ အသုဘန္တိ တထာ ဗုဓော။
အဂ္ဂဟေတွာန ဂဏှေယျ၊ သရီရဋ္ဌမ္ပိ နံ တထာ။

ဣမံ ဟိ သုဘတော ကာယံ၊ ဂဟေတွာ တတ္ထ မုစ္ဆိတာ။
ဗာလာ ကရောန္တာ ပါပါနိ၊ ဒုက္ခာ န ပရိမုစ္စရေ။

တသ္မာ ပဿေယျ မေဓာဝီ၊ ဇီဝတော ဝါ မတဿ ဝါ။
သဘာဝံ ပူတိကာယဿ၊ သုဘဘာဝေန ဝဇ္ဇိတံ။

ဒုဂ္ဂန္ဓော အသုစိ ကာယော၊ ကုဏပေါ ဥက္ကရူပမော။
နိန္ဒိတော စက္ခုဘူတေဟိ၊ ကာယော ဗာလာဘိနန္ဒိတော။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၈၉-လာ စုဏ္ဏိယများကို မှီ၍ ဂါထာတို့ကို စီထားသည်။

အလ္လစမ္မပဋိစ္ဆန္နော၊ နဝဒွါရော မဟာဝဏော။
သမန္တတော ပဃရတိ၊ အသုစိ ပူတိဂန္ဓိယော။

သစေ ဣမဿ ကာယဿ၊ အန္တော ဗာဟိရကော သိယာ။
ဒဏ္ဍံ နူန ဂဟေတွာန၊ ကာကေ သောနေ နိဝါရယေ။
ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊နှာ-၁၉၀)

မတာသရီရံ၊ သူသေကောင်သည်။ အသုဘံ ယထေဝ၊ မတင့်တယ်သကဲ့သို့ သာလျှင်။ တထာ၊ ထိုအတူ။ ဇီဝမ္ပိ၊ အသက်ရှင်သောကိုယ်သည်လည်း။ အသုဘံ၊ မတင့်တယ်။ အာဂန္တုကာလင်္ကာရေန၊ ရှင်းလင်း သုတ်သင် အင်္ဂါဆင်သော တန်းဆာဖြင့်။ ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်။ တံ၊ ထိုအသုဘ အဖြစ်သည်။ န ပါကဋံ၊ မထင်ရှားခဲ့။

ပကတျာ တု၊ ပင်ကိုယ်ရင်းရှိ ပကတိသဘောအားဖြင့်ကား။ ဣဒံ သရီရံ၊ ဤကိုယ်သည်။ အလ္လစမ္မေန၊ စိုစွတ်သောအရေထူသည်။ ဩနဒ္ဓံ၊ မြှေးယှက် အပ်သော။ ဆဝိယာ၊ အရေပါးသည်။ ပဋိဆာဒိတံ၊ ဖုံးလွှမ်းအပ်သော။ မံသ နှာရုဋ္ဌိသင်္ဃာယံ၊ အသား,အကြော, အရိုးတို့၏အပေါင်းအစုသာလျှင်တည်း။

ဆိဒ္ဒါဝဆိဒ္ဒံ၊ ငယ်ငယ် ကြီးကြီးသော အပေါက်ရှိ၏။ မေဒကထာလိကာ ဝိယ၊ သားဆီထည့်လှောင်သော မြေအိုးကဲ့သို့။ ပဃရံ၊ မပြတ်အောက်ထက် ဘရပွက် ယိုစီး၏။ ကိမိအာဂါရံ၊ ပိုးမျိုးရှစ်ဆယ်တို့၏ နေရာအိမ်တည်း။ ရောဂအာကရံ၊ အနာရောဂါဟူသမျှတို့၏ တည်ရာတည်း။ ဒုက္ခဝတ္ထု၊ ဆင်းရဲဟူသမျှတို့၏ ခိုမှီရာ တည်း။ ဝဏာယကံ၊ ပြည်မှည့် ပြီးသည့် အိုင်းကြီးပမာ ကိုးဖြာဒွါရ အမာဝတို့ဖြင့် နေ့ညတစိုစို ယိုချ၏။　(ဝဏော ဝိယ အာစရတီတိ ဝဏာယကံ ပြု။)

တေဿ၊ ထိုကိုယ်၏။ နဝဟိ သောတေဟိ၊ မစင်မိုးမိုး စီးထွက်ရာ ဒွါရကိုးပေါက် တို့မှ။ သဒါ၊ အခါခပ်သိမ်း။ အသုစိ၊ မစင်မကြယ် စက်ဆုပ်ဖွယ်သည်။ သဝတေ၊ ယိုထွက်စီးကျ၏။ အက္ခိမှာ၊ မျက်စိနှစ်ဘက်မှ။ အက္ခိဂူထကော။ မျက်ဝတ် မျက်ချေးသည်။ သဝတေ၊ ယိုထွက်စီးကျ၏။ ကဏ္ဏမှာ၊ နားတွင်းနှစ်ဖက်မှ။ ကဏ္ဏဂူထကော၊ နဖာချေးသည်။ သဝတေ၊ ယိုထွက်စီးကျ၏။

နာသာတော၊ နှာခေါင်းမှ။ သိင်္ဃာဏိကာ၊ နှပ်သည်။ သဝတေ၊ ယိုထွက် စီးကျ၏။ ကေဒါ၊ တရံတခါ။ မုခေန၊ ခံတွင်းပေါက်ဖြင့်။ ဝမတိ၊ အန်ထွက်၏။ ပိတ္တံ၊ သည်းခြေသည်၎င်း။ သေမှံ စ၊ သလိပ်သည်၎င်း။ အာဟာရရုဓိရာနိ စ၊ အစာ သွေးတို့သည်၎င်း။ မုခေန၊ ခံတွင်းဖြင့်။ ဝမန္တိ၊ အန်ထွက်ကုန်၏။

အဓော၊ အောက်ဒွါရနှစ်ပေါက်တို့ဖြင့်။ ဉစ္စာရပဿာဝါ၊ ကျင်ကြီးကျင်ငယ် တို့သည်။ သဝန္တိ၊ ယိုစီးကုန်၏။ ကာယမှာ၊ တကိုယ်လုံးမှ။သေဒဇလ္လိကာ၊ ချွေး,

ဆား, အရေလှာ, မြူ အညစ်အကြေးသည်။ သဝတိ၊ ယိုထွက်၏။ တေန၊ ထို ကြောင့်။ ဧတံ၊ ထိုကိုယ်ကို။ နီလမက္ခိက အာဒယော၊ ယင်မမဲရိုင်း စသည်တို့ သည်။ ပရိဝါရေန္တိ၊ ဝိုင်းအုံ ဝန်းရံကုန်၏။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဧတံ၊ ထိုကိုယ်ကို။ ဒန္တကဋ္ဌာဒိနာ၊ဒန်ပူအစရှိသည် ဖြင့်။ အပ္ပဋိဇဂ္ဂိတံ၊ မသုတ်မသင် မပြုပြင်ပဲ။ ယထာဇာတံ၊ ဖြစ်မြဲအတိုင်း။ သစေ ဝိစာရေယျ၊ အကယ်၍ သွားလာလှည့်လည်သည်ဖြစ်အံ့။ ကောဝိပိ၊ တစုံ တယောက်သော သူသည်မျှလည်း။ န ဝိသေသေယျ၊ အသည်, ဆင်းရဲသား,မင်း, ပုန်ကားဟု မထူးမခြားခွဲရာ။

ရာဇာ စေဝ၊ ရေမြေသနင်း မင်းသည်၎င်း။စဏ္ဍာလော စ၊ အိမ်စဉ်ပတ်လယ် အိတ်လွယ်တောင်းစား ဒွန်းစဏ္ဍားသည်၎င်း။ ပေါ်သော ဠတ္တိ စ၊ ယောကျ်ား မိန်းမ သမုတ်ရသည့် ဘာဝနှစ်ပါး ကွဲပြားသသူသည်၎င်း။ ကေဝလာ၊ ခပ်သိမ်း ဥဿုံ အလုံးစုံသောသူတို့သည်။ နိဗ္ဗိသေသာ၊ ကွဲလွဲထူးခြား အပြားမရှိကုန်ရာ။ ပဋိကူလာ၊ စက်ဆုပ်ရွံရှာ ထွီဘွယ်ရာသာ ရှိကုန်၏။ သော၊ ထိုမင်း,ဒွန်းစဏ္ဍား, ယောကျ်ား, မိန်းမတို့၏။ ကာယော၊ ကိုယ်၌။ ဝေသမံ၊ မတူ ထူးခြား ကွဲပြား သော အဖြစ်သည်။ နတ္ထိ၊ မရှိ။

သိင်္ဂါလော၊ မြေခွေးအိုသည်။ ဝနေ၊ တောအုပ်၌။ ပုပ္ဖိတံ၊ ပွင့်သော။ ကိံသုကံ၊ ကသစ်ပင်ကို။ ဝါ၊ ပေါက်ပင်, လက်ပံပင်ကို။ (ကိံသုကန္တိ ပါလိဘဒ္ဒကံ။ ပလာသောတိ ကေစိ။ သိပ္ပလီတိ အပရေ။ ဋီကာ၊ပါနှာ ၂၁၇။) ဒိသွာ၊ မြင်၍။ မယာ၊ ငါသည်။ မံသရုက္ခော၊ အမဲပင်ကို။ လဒ္ဓေါ၊ ရအပ်ပြီ။ ဣတိ၊ ဤသို့ ဝမ်းမြောက် ဝမ်းသာ။ ဝေဂသာ၊ လျင်စွာသော အဟုန်ဖြင့်။ ဂန္တွာန၊ ပြေး သွား၍။

ပတိတံ ပတိတံ ပုပ္ဖံ၊ ကြွေကျတိုင်း ကြွေကျတိုင်းသော အပွင့်ကို။အတိလော- လုပေါ၊ အလွန်လျှပ်ပေါ်လော်လည် မတည်ကြည်စွာ ကဗျာကရာ။ ဍံသိတွာ၊ ကိုက်ခဲစမ်းသပ်၍။ ဣဒံ၊ ဤကျလာသော နီနီသည်။ န မံသံ၊ အမဲမဟုတ်သေး။ ရုက္ခသ္မိံ၊ သစ်ပင်ထက်၌။ ယံ၊ အကြင် နီနီရဲရဲသည်။ အတ္ထိ၊ ရှိရစ်သေး၏။ အဒုံ၊ ထိုသစ်ပင်ထက်ယံ ရှိကျန်ဖွဲ့တွဲ နီနီရဲရဲသည်သာလျှင်။ မံသံ၊ ရသာရွှဲရွှဲ စားကိုက် ခဲရန်ဘို့ အမဲစင်စစ်တည်း။ ဣတိ၊ဤသို့။ ဂဏှတိ ယထာ၊ မခွါနိုင်ပဲ, ယူစွဲထင် ရောက် သစ်ပင်အောက်၌ သေပျောက် ပျက်ပြား ဆုံးပါးရှာလေသကဲ့သို့။

တထာ၊ ပမာနှိုင်းဆို တောခွေးအိုသို့။ ပတိတံ၊ ကိုယ်မှလွတ်ကျသော။ ကောဋ္ဌာသံယေဝ၊ မစင် တံထွေး ဆံချည်ထွေးဟု နှပ်စေးကျင်ငယ်စသော ကောဋ္ဌာသကိုသာလျှင်။ အသုဘန္တိ၊ မတင့်မတယ် ရွံစဘွယ်ဟု။ အဂ္ဂဟေတွာန၊ မယူမူ၍။ သရီရဋ္ဌံ၊ မကျသေးသည် ကိုယ်၌ တည်သော။ နမ္ပိ၊ ထိုမစင်တံတွေး

နှပ်စေး ဆံပင် ကျင်ငယ်စသော ကောဋ္ဌာသကိုလည်း။ တထာ၊ ထိုကိုယ်မှ လွတ်ကျ ကောဋ္ဌာသအတူ။ အသုဘန္တိ၊ မတင့်မတယ် ရွံစဘွယ်ဟူ၍။ ဗုဓော၊ ပညာရှိသည်။ ဂဏှေယျ၊ ဉာဏ်ဖြင့်စဉ်းစား သတိထား၍ မှတ်သားစွဲယူရာ၏။

ဟိ၊ မယူချေက ရသောအပြစ်ဒေါသကား။ ဣမံ ကာယံ၊ ရွံဘွယ်စက်ဆုပ် ဤကိုယ်ပုပ်ကို။ သုဘတော၊ လှပတင့်တယ် နှစ်သက်ဘွယ်ဟု။ ဂဟေတွာ၊ စွဲယူ ထင်မှတ်ကုန်၍။ တတ္ထ၊ ထိုမစင်ပြည့်လှောင် အပုပ်ကောင်၌။ မုစ္ဆိတာ၊ သာယာ စုံမက် နှစ်သက်မိန်းမောကုန်လျက်။ ဗာလာ၊ မလိမ္မာသူ လူမိုက်တို့သည်။ ပါပါ-နိ၊ မိစ္ဆာစာရ စသည်ညစ်ကျူ မကောင်းမှုတို့ကို။ ကရောန္တာ၊ ပြုကုန်သည် ဖြစ်၍။ ဒုက္ခာ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, နာခြင်း, သေခြင်း မစဲ သံသရာဝဋ် ဆင်းရဲမှ။ န ပရိမုစ္စရေ၊ မလွတ်နိုင်ကြကုန်။

တသ္မာ၊ ထို့ကြောင့်။ မေဓာဝီ၊ ပညာရှိသော အမျိုးသားသည်။ ဇီဝတော ဝါ၊ အသက်ရှင်သည်လည်း ဖြစ်သော။ မတဿ ဝါ၊ သေသည်လည်း ဖြစ်သော။ ပူတိကာယဿ၊ ရွံဘွယ်စက်ဆုပ် ကိုယ်ကောင်ပုပ်၏။ သုဘဘာဝေန၊ တင့်တယ်သောအဖြစ်မှ။ ဝဇ္ဇိတံ၊ ကင်းသော။ ဝါ၊ (သုဘဘာဝေန၊ တင့်တယ်သော) အဖြစ်သည်။ ဝဇ္ဇိတံ၊ ကြဉ်အပ်သော။ သဘာဝံ၊ မတင့်မတယ် စက်ဆုပ်ဘွယ်သော အသုဘသဘောကို။ ပဿေယျ၊ ရှုရာ၏။

ကာယော၊ ကိုယ်သည်။ ဒုဂ္ဂန္ဓော၊ နံစော် ညှီလှောင်း မကောင်းသော အနံ့ရှိ၏။ အသုစိ၊ မစင်ကြယ်။ ကုဏပေါ၊ အပုပ်အတိပြီး၏။ ဥက္ကရူပမော၊ ကျင်ကြီး ကျင်ငယ် စွန့်ရာအရပ်နှင့်တူ၏။ ဝါ၊ ကျင်ကြီးတွင်းနှင့် တူ၏။ ကာယော၊ အနံ့မဖွယ် မစင်ကြယ်၍ ပြည့်ကြွယ်ပုပ်ခြင်း မစင်တွင်းနှင့် တူသောကိုယ်ကို။ စက္ခုဘူတေဟိ၊ ပညာမျက်စိသို့ ရောက်ကုန်သော။ ဝါ၊ လူအများ၏ မျက်စိအလားဖြစ်ကုန်သော ပညာရှိတို့သည်။ နိန္ဒိတော၊ ကဲ့ရဲ့အပ်၏။ ဗာလာဘိနန္ဒိ-တော၊ သူမိုက်တို့သာ လွန်စွာ နှစ်သက်အပ်၏။

အလ္လစမ္မပဋိစ္ဆန္နော၊ အရေစိုသည် ဖုံးလွှမ်းအပ်သော။ နဝဒွါရော၊ ကိုးပေါက်ဒွါရ အမာဝရှိသော။ မဟာဝဏော၊ ပြည်မှည့်ပြီးသည့် အိုင်းကြီးပမာ ကိုယ်ခန္ဓာသည်။ ပူတိဂန္ဓိယော၊ ပုပ်နံ့ညှီလှောင်း မကောင်းသော အနံ့ရှိကုန်သော။ အသုစီ၊ မစင်မကြယ် စက်ဆုပ်ဖွယ်တို့ကို။ သမန္တတော၊ ထက်ဝန်းကျင်မှ။ ပဂ္ဃရတိ၊ ယိုချတတ်၏။

ဣမဿ ကာယဿ၊ ဤကိုယ်၏။ အန္တော၊ အတွင်းသားသည်။ ဗာဟိရ-ကော၊ အပလှန်ထားသည်။ သစေ သိယာ၊ အကယ်၍ ဖြစ်ငြားအံ့။ ဒဏ္ဍံ၊

ဘာဒနီ ၂-၁၆—ပ-မ-ဗ-သ-စ

တုတ်ကို။ ဂဟေတွာန၊ ကိုင်စွဲ၍။ ကာကေ စ၊ ကျီးတို့ကိုင်း။ သောနေ စ၊ ခွေးတို့ကိုင်း။ နိဝါရယေ နုန၊ ခြိမ်းမောင်းတားမြစ် အော်ဟစ်ချောက်ခြမ်း ရရာ၏။ ဤကား အနက်။

အသုဘဆယ်ပါး ပြီး၏။

---

## အနုဿတိ ၁၀-ပါး

**အနုဿတိ မည်ပုံ။** ။''သရဏံ သတိ၊ အနု အနု သတိ အနုဿတိ၊ ပဝတ္တိတဗ္ဗဋ္ဌာနမှိယေဝ ဝါ ပဝတ္တတ္တာ သဒ္ဓါပဗ္ဗဇိတဿ ကုလပုတ္တဿ အနုရူပါ သတိ အနုဿတိ''[၁] ဟူသော ဝစနတ္ထကြောင့် အနုဿတိ မည်သော ကမ္မဋ္ဌာန်းဆယ်ပါးတို့တွင် ဗုဒ္ဓါနုဿတိ ဟူသည်ကား—

**ဗုဒ္ဓါနုဿတိ။** ။ဗုဒ္ဓံ အာရဗ္ဘ ဥပ္ပန္နာ အနုဿတိ ဗုဒ္ဓါနုဿတိ။ ဗုဒ္ဓံ၊ ဘုရားဂုဏ်တော်ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဥပ္ပန္နာ၊ ဖြစ်သော။ အနုဿတိ၊ အဖန်ဖန်အောက်မေ့ခြင်းတည်း။ ဗုဒ္ဓါနုဿတိ၊ ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော အနုဿတိ-ဟူသော ဝစနတ္ထနှင့် အညီ ဘုရားဂုဏ်ကို အာရုံပြု၍ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း, သဒ္ဓါပဗ္ဗဇိတအား လျော်သော အောက်မေ့ခြင်း သတိစေတသိက်သည် ဗုဒ္ဓါနုဿတိ မည်၏။

'ဗုဒ္ဓ'န္တိ ယေ ဂုဏေ ဥပါဒါယ ဘဂဝတိ 'ဗုဒ္ဓေါ'တိ ပညတ္တိ၊ တေ ဂုဏေ ကေဇ္ဈံ ဂဟေတွာ ဝုတ္တံ။ မဟာဋီကာ (ပ၊ နှာ-၂၁၇)

ဓမ္မာနုဿတိစသည်လည်း နည်းတူ။

**ဓမ္မာနုဿတိ။** ။ထိုတွင် 'ဓမ္မ'အရကို—

'ဓမ္မ'န္တိ ပရိယတ္တိဓမ္မေန သဒ္ဓိံ နဝဝိဓမ္ပိ လောကုတ္တရဓမ္မံ။ နနု စ နိဗ္ဗာနံ ဝိသုံ ကမ္မဋ္ဌာနဘာဝေန ဝက္ခတီတိ၊ ကိဉ္စာပိ ဝက္ခတိ၊ ဓမ္မဘာဝသာမညေန ပန မဂ္ဂဖလေဟိ သဒ္ဓိံ ဣဓ ပါဠိယာ သင်္ဂဟိတတ္တာ တဿာပိ ဓမ္မာနုဿတိ-

---

၁။ သရဏံ၊ အောက်မေ့ခြင်း။ သတိ၊ အောက်မေ့ခြင်း။ အနု အနု၊ အဖန်တလဲလဲ။ သတိ၊ အောက်မေ့ခြင်း။ အနုဿတိ၊ အဖန်တလဲလဲ အောက်မေ့ခြင်း။ ဝါ၊ တနည်းကား။ ပဝတ္တိတဗ္ဗဋ္ဌာနမှိယေဝ၊ ကမ္မဋ္ဌာန်း ဖြစ်စေခြင်းငှါ သင့်လျော်သော အရာဌာသာလျှင်။ ပဝတ္တတ္တာ၊ ဖြစ်သည်၏ အဖြစ်ကြောင့်။ သဒ္ဓါပဗ္ဗဇိတဿ၊ သာသနာတော်ကို နိယျာနိကဟု ယုံကြည်၍ ရဟန်းပြုသော။ ကုလပုတ္တဿ၊ အမျိုးကောင်းသားအား။ အနုရူပါ၊ သင့်လျော် လျောက်ပတ်သော။ သတိ၊ အောက်မေ့ခြင်းသည်။ အနုဿတိ၊ အနုဿတိ မည်၏။

ကမ္မဋ္ဌာနေ ဂဟာဏံ ဒဠှံ့၊ အသင်္ခတာ’မတာဒိဘာဝေန ပန မဂ္ဂဖလေဟိ ဝိသိဋ္ဌတာယ တဿ ဝိသုံ ကမ္မဋ္ဌာနဘာဝေန ဂဟာဏံ ကတံ[၁]—

ဟူသော မဟာဋီကာ (ပ၊ နှာ-၂၁၈) နှင့်အညီ နိဗ္ဗာန်, ပရိယတ်နှင့်တကွ ဓမ္မ-ဆယ်ပါးလုံးကို ယူအပ်၏။

**သီလာနုဿတိစသော သုံးပါး။** ။သီလာနုဿတိစသော သုံးပါးကိုကား—

ယောဂါဝစရဿ အတ္တနော ဧဝ သီလဿ, စာဂဿ, သဒ္ဓါဒီနဉ္စ အနုဿတိဋ္ဌာနဘာဝေန ဂဟေတဗ္ဗတ္တာ။

ဋီကာဟိတ် (ပ၊ နှာ-၂၁၈) အတိုင်း အသီးအခြား ယူအပ်၏။

ဒေဝတာ၊ သဒ္ဓါစသည့်ဂုဏ်နှင့် ပြည့်စုံ၍ နတ်၏အဖြစ်သို့ ရောက်ကုန်သော နတ်တို့ကို။ အာရဗ္ဘ၊ ရှေးဦးစွာ အာရုံပြုပြီး၍။ ဥပ္ပန္နာ၊ ဆင့်၍ဖြစ်သော။ အနုဿတိ၊ နတ်တို့ဂုဏ်ပမာ မိမိသဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းသည်။ ဒေဝတာနုဿတိ၊ **ဒေဝတာနုဿတိ** မည်၏။

**မရဏာနုဿတိ။** ။မရဏံ၊ ဇီဝိတိန္ဒြိယုပစ္ဆေဒ မရဏဟူသော သေခြင်းကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဤသို့ အနက်ပေး။

**ကာယဂတာသတိ။** ။**ကာယဂတာသတိ**ဟူသည်ကား—ကေသာဒိဘေဒံ ရူပ-ကာယံ ဂတာ၊ ကာယေ ဝါ ဂတာတိ ကာယဂတာ၊

ကာယဂတာ စ သာ သတိ စာတိ ကာယဂတာသတီတိ ဝတ္တဗ္ဗေ ရဿံ အကတွာ ကာယဂတာသတီတိ ဝုတ္တာ—

ဝိသုဒ္ဓိမဂ်(ဌ၊ ပ၊ နှာ-၁၉၁) လာသည်နှင့်ညီစွာ ဆံပင်စသော ကောဋ္ဌာသနိမိတ်ကို အာရုံပြု၍။ ဝါ၊ ကောဋ္ဌာသနိမိတ်၌ ဖြစ်သော သတိစေတသိက်သည် ကာယ-ဂတာ သတိမည်၏။

**အာနာပါနဿတိ။** ။ထွက်သက်,ဝင်သက် လေ ဟူသော အဿာသ ပဿာသ နိမိတ်တို့ကို အာရုံပြု၍ ဖြစ်သော သတိသည် အာနာ-ပါနဿတိ မည်၏။

---

၁။ နိဗ္ဗာန်သည် အနုဿတိ ၂-မျိုး၌ဖြစ်ပုံ။ နိဗ္ဗာန်ကို ဥပသမာနုဿတိ ကမ္မဋ္ဌာန်း အဖြစ်ဖြင့် သီးခြားဆိုထားသော်လည်း နိဗ္ဗာန်၏ ဓမ္မအဖြစ်ဖြင့် တူသောကြောင့် ။ဝါ၊နိဗ္ဗာန် သည်ပင် သာမညအားဖြင့် ဓမ္မဖြစ်သောကြောင့် ဓမ္မာနုဿတိ၌ ဓမ္မအရ နိဗ္ဗာန်ကိုပါ ထည့်သွင်းယူနိုင်သည်၊ (နိဗ္ဗာန်ကို ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းအဖြစ်ဖြင့် ဆိုထားသည်)။

နိဗ္ဗာန်သည် အသင်္ခတ,အမတ အစရှိသည့် အဖြစ်ဖြင့် မဂ်ဖိုလ်တို့မှ ထူးကဲသည်၏ အဖြစ် ကြောင့် နိဗ္ဗာန်ကို ဥပသမာနုဿတိ ကမ္မဋ္ဌာန်း အဖြစ်ဖြင့်လည်း သီးခြားဆိုထားပြန်သည်။

ဥပသမာနုဿတိ။ ။သခါရခပ်သိမ်း ကုန်ငြိမ်းရာ နိဗ္ဗာန်ကို အာရုံပြု၍ ဖြစ်သော အဖန်တလဲလဲ အောက်မေ့ခြင်း သတိသည် ဥပသမာနုဿတိ မည်၏။

## ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

ဤဆယ်ပါးသော အနုဿတိတို့တွင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများဟန်ကား—

> အဝေစ္စ ဗုဒ္ဓဂုဏေ ယာထာဝတော ဥ တွာ ဥပ္ပန္နော ပသာဒေါ အဝေစ္စပ္ပသာဒေါ၊ အရိယမဂ္ဂေန အာဂတပ္ပသာဒေါ၊ တံ သဒ္ဓိသောပိ ဝါ၊ ယော ဒိဋ္ဌိဂတဝါတေဟိ အစလော အသမ္ပကမ္ပိယော—

ဟူသော မဟာဋီကာ (ပ၊ နှာ-၂၁၉) နှင့်ညီစွာ အစလသဒ္ဓါနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ပထဝီကသိုဏ်း (ဤကျမ်း၊ ဒု၊ တွဲ၊ နှာ-၁၇၅) ၌ ဆိုအပ်ခဲ့ပြီးသည် အတိုင်း ဆိတ်ငြိမ်ရာ အရပ်သို့ ချဉ်းကပ်၍—

ဂုဏ်တော် ၉-ပါး။ ။"သော ဘဂဝါ ဣတိပိ အရဟံ၊ ဣတိပိ သမ္မာသမ္ဗုဒ္ဓေါ။ပ။ ဣတိပိ ဘဂဝါ"။

ဤသို့ ဘုရားရှင် ဂုဏ်တော်တို့ကို ဆင်ခြင် အောက်မေ့အပ်ကုန်၏။

အရဟံ။ ။အနက်ကား— အပရိမေယျေသု၊ ဤ၍ဤမျှ ဂဏန်းချ၍ နှိုင်းဆခြင်းငှါ မတတ်ရာကုန်သော။ ဝါ၊ နှိုင်းဆချင့်ပေါင်း မတတ်ကောင်းကုန်သော။ ဝါ၊ နှိုင်းဆပိုင်ပိုင် မတတ်နိုင်ကုန်သော။ ဝါ၊ နှိုင်းဆပိုင်းခြား မတတ်အားကုန်သော။ အတ္တဘာဝေသု၊ ကိုယ်တော်မြတ်အဖြစ်တို့၌။ သမတ္တိံသပါရမိယော၊ အမျှသုံးဆယ် များကျယ်အညီ ပါရမီတော်တို့ကို။ ပူရေတွာ၊ မဆုတ်မနစ် သစ်သစ်ပွါးဆင့် ဖြည့်ကျင့်တော်မူပြီး၍။ သဗ္ဗကိလေသေ၊ ပဥ္စသတ္တရိ နာမ်ႇလက်ႇနီ-ကို သန့်ကိမြှောက်ပွါး ငါးရာ့တထောင် များမြောင်ပြောဟုံ အလုံးစုံသော ကိလေသာတို့ကို။ ဘဥ္စိတွာ၊ လေးတန်ဉာဏ်မင်္ဂ စိန်သန်လျက်ဖြင့် ချိုးဖျက် ခုတ်ဖြတ်တော်မူပြီး၍။ ဒသသဟဿိလောကဓာတုံ၊ ဝန်းကျင်တိုက်ပေါင်း တသောင်းပညတ် လောကဓာတ်ကို။ ကမ္ပေန္တော၊ သံဟည်းရိုက်နှက် သိမ့်သိမ့်တက်အောင် အောက်ထက်ဝှန်ဝေ တုန်လှုပ်စေလျက်။ အနုတ္တရံ၊ မည်သည့်တရား မနှုန်းအား၍ မြတ်ဖျားခေါင်ထိ တုမရှိသော။ သမ္မာသမ္ဗောဓိံ၊ မဖောက်မပြန် အမှန်ကိုယ်တိုင် သိစွမ်းနိုင်သော မဏ္ဍိုင်ဥက္ကဋ္ဌ မဂ်ဉာဏ်မြတ်ကို။ အဘိသမ္ဗုဒ္ဓေါ၊ ပစ္စဝေက္ခဏာ ဇောခြားကာဖြင့် မကြာခဏ ရတော်မူပြီ။

ဒေဝါနံ၊ သန္တုသိတ စသည်ထင်ရှား နတ်အများတို့ထက်။ အတိဒေဝေါ၊ ဒိဗ္ဗဝိဟာရ စသည်ရောင်မြူး ဂုဏ်ကျေးဇူးဖြင့် ချီးကျူးလွန်ကဲသော နတ်မြတ်ဖြစ်တော်မူထသော။

သက္ကာနံ၊ ဆိုးစမရှိ များဘိလောကဓာတ် ဗိမာန်မြတ်ဝယ် ပျော်လတ်စံစား နတ်,သိကြားတို့ထက်။ အတိသက္ကော၊ အောင်တမ်းခွန်ဖြင့် ကျော်ဝှန်ခြိမ့်သဲ လွန်ကဲထူးမြတ်သော သိကြားမင်း ဖြစ်တော်မူထသော။

ဗြဟ္မာနံ၊ ဈာန်ဟုန်ရောင်ဖြင့် တောက်လောင်ဘနန်း ချီးမွမ်းကျော်သောင်း ဗြဟ္မာအပေါင်းတို့ထက်။ အတိဗြဟ္မာ၊ ရူပ,နာမ ဂုဏ်နှစ်ဝဖြင့် ဆဆလွန်ကျူး ထူးမြတ်သော ဗြဟ္မာမင်း ဖြစ်တော်မူထသော။

လောကနာထော၊ လူ,နတ်,ဗြဟ္မာ,သတ္တဝါတို့၏ ပူဇာညွှတ်လျှိုး ခိုကိုးရာ ဖြစ်တော်မူထသော။

သဒေဝကေ၊ နတ်နှင့်တကွသော။ လောကေ၊ ကာမရူပ အရူပ-ဟု လောက သုံးတည် ဘုံသုံးမည်၌။ ပတ္ထဋကိတ္တိသဒ္ဒေါ၊ ဘာဂျဝန္တ စသည်ချီးအံ့ နယ်မဆန့်အောင် ပျံ့နှံ့ကျော်စောသော အသံရှိတော်မူထသော။ ယော ဘဂဝါ၊ အကြင်သဗ္ဗညုမြတ်စွာဘုရားသည်။ အတ္ထိ ဝိဇ္ဇတိ၊ ထင်ရှား ရှိတော်မူ၏။

သော ဘဂဝါ၊ ထို သဗ္ဗညု မြတ်စွာဘုရားသည်။ ဣတိပိ ဣမိနာ စ ကာရဏေန၊ လောဘ, ဒေါသ, မောဟ, ကင်္ခါ, မိစ္ဆာဒိဋ္ဌိ, အဟိရိက, နောတ္တပ္ပနှင့် ထိန, မာန, ဥဒ္ဓစ္စ-ဟု ဒသကိလေ ရန်ညစ်တေကို လေးထွေမဂ်ပေါင်း လက်နက်ကောင်းဖြင့် ထောင်းထောင်းဖျက်ဖြုန်း သတ်ဖြတ်မှုန်း၍ ပတ်ကုံးရန်သူ မပြုဝံ့ရှောင်း ဤအကြောင်းကြောင့်လည်း။ အရဟံ၊ အရဟ မည်တော်မူ၏။

ဤကား—

ယသ္မာ ရာဂါဒိသင်္ခါတာ၊ သဗ္ဗေပိ အရယော ဟတာ။
ပညာသတ္တေန နာထေန၊ တသ္မာပိ အရဟံ မတော[1]။

ဖွင့်အပ်သောအတိုင်း အနက်တည်း။

၎င်းနှင့်တကွ အရဟံပုဒ်၏ ရသင့်တိုင်း အနက်ကား—

အာရကတ္တာ ဟတတ္တာ စ၊ ကိလေသာရီန သော မုနိ။
ဟတသံသာရစက္ကာရော၊ ပစ္စယာဒီန စာရဟော။
န ရဟော ကရောတိ ပါပါနိ၊ အရဟံ တေန ဝုစ္စတိ။

ဝိသုဒ္ဓိမဂ်၊ (ဋ္ဌ၊ပ၊နှာ-၁၉၅)

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၁၉၂။

အာရကတ္တာ စ၊ သဝါသနာ ကိလေသာမှ လေးဖြာမြိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်မလူ ဝေးတော်မူသည်၏ အဖြစ်ကြောင့်ရှင်း—

သော တတော အာရကာ နာမ၊ ယဿ ယေနာသမင်္ဂိတာ။
အသမင်္ဂီ စ ဒေါသေဟိ၊ နာထော တေနာ'ရဟံ မတော[၁]။
ဟူသော ဂါထာအတိုင်း အနက်။

ကိလေသာရိနံ၊ လောဘ, ဒေါသ, မောဟ, ကင်္ခါ, မိစ္ဆာဒိဋ္ဌိ, အဟိရိက, နောတ္တပ္ပနှင့် ထိန, မာန, ဥဒ္ဓစ္စ-ဟု ဒသကိလေ ရန်ညစ်တေတို့ကို။ ဟတတ္တာ စ၊ လေးထွေသောမဂ် ဉာဏ်လက်နက်ဖြင့် တက်တက်ပျက်ပြုန်း သတ်ဖျက်ဖြုန်း၍ ပတ်ကုံးရန်သူ မပြူဝံ့ရှောင်း ဤအကြောင်းကြောင့်ရှင်း။ သော မုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟ မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ယော မုနိ၊ အကြင် မြတ်စွာဘုရားသည်။ ဟတသံသာရစက္ကာရော၊ အဝိဇ္ဇာနှင့် တဏှာပုံတောင်း အပေါင်းသုံးတန် အကန့်သင်္ခါရာ[၂] ဇရာမရဏ အကွပ်ပြသား အာသဝဝင်ရိုး လျှို့ထိုးယှဉ်စပ် ဘဝသုံးပါး ဝဋ်ရထား၌ ရှည်လျားတပ်သည့် ရဟတ်သံသာ ဝဋ်စကြာ၏ ပုညာဒိက သင်္ခါရကို ဝီရိယခြေ သီလမြေထက် သဒ္ဓါလက်ဖြင့် ကမ္မက္ခယိန် ဉာဏ်ပုဆိန်ကို ရွယ်ချိန်မိုးလျက် ချိုးဖျက်တော်မူပြီ။

ခန္ဓာနဉ္စ ပဋိပါဋိ၊ ဓာတုအာယတနာန စ။
အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတီတိ—
ဇေံ ဝုတ္တသံသာရော၀ သံသာရစက္ကံ။ ဋီကာ (၊ပ၊နှာ-၂၂၁)

တနည်းကား—ဟတ သံသာရစက္ကာရော၊ ပုံတောင်းအဝိဇ္ဇာ ဇရာမရဏာံ အကွပ်ရံ၍ ဆယ်တန်မဇ္ဈ အကန့်ပြသား အလွှားလေးလွှာ ခွန့်သုံးဖြာနှင့် ခြင်းရာနှစ်ဆယ် သုံးသွယ်အစပ် သမုပ္ပါဒ်-ဟု ရဟတ်စက်ကန့် လယ်ဆယ်တန့်ကို ချိုးဟန့်ဖျက်ဆီးတော်မူပြီ။

အရာ သံသာရစက္ကဿ၊ ဟတာ ဉာဏာသိနာ ယတော။
လောကနာထေန တေနေ'သ၊ အရဟန္တိ ပဝုစ္စတိ[၃]။
ဟူသည်နှင့် အညီတည်း။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၉၂။

၂။ ပုညာဘိသင်္ခါရ,အပုညာဘိသင်္ခါရ,အာနေဉ္ဇာဘိသင်္ခါရ။

၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၉၄။

ပစ္စယာဒီနဉ္စ၊ ပစ္စည်းလေးထွေ မဟောသက္ခ လှူနတ်သသည့် ပူဇာဝိသေသ တို့ကိုလည်း။ အရဟော၊ အလှူခံမြတ်ဖြစ်၍ စင်စစ်ခံတော်မူထိုက်၏။

ရဟော၊ ပညာရှိယောင် လူမိုက်ခေါင်တို့ လူဘောင်မလှ အရှက်ရမည်ကြောင့် ကွယ်ပညစ်ကျူ မကောင်းမှုကို ပြုကြပမာ ဆိတ်ကွယ်ရာ၌။ ပါပါနို၊ ယုတ်မာ ညစ်ကျူ မကောင်းမှုတို့ကို။ န ကရောတိ၊ ဗောဓိရင်းကပင် ပယ်ရှင်းဟောတု ဘယ်တခုကိုမျှ ကျင့်ပြုတော်မမူ။

ယသ္မာ နတ္ထိ ရဟော နာမ၊ ပါပကမ္မေသု တာဒိနော။
ရဟာဘာဝေန တေနေ’သ၊ အရဟံ ဣတိ ဝိဿုတော။

ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ ပ၊ နှာ-၁၉၅) ဟူသည်နှင့် အညီတည်း။

တေန ကာရဏေန၊ စက်ကန့်ဖွဲ့ချီး, လှူမျိုးခံထိုက်, ကွယ်၌ညစ်ကျူ မပြုတို့ ရှောင်း ထိုအကြောင်းကြောင့်လည်း။ သောမုနိ၊ ထိုမြတ်စွာဘုရားကို။ အရဟံ၊ အရဟမည်၏ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ။ဤသို့ ပါဠိအနက်ကို ရွတ်လျက် မူလည်း ဆင်ခြင်အပ်၏။

တနည်းလည်း —

အာရကာ မန္ဒဗုဒ္ဓိနံ၊ အာရကာ စ ဝိဇာနတံ။
ရဟာနံ သုပ္ပဟီနတ္တာ၊ ဝိဒူန’မရဟေယျတော။
ဘဝေသု စ ရဟာဘာဝါ၊ ပါသံသာ အရဟံ ဇိနော။

ဋီကာ (ပ၊နှာ-၂၂၈)

မန္ဒဗုဒ္ဓိနံ၊ ကိလေပြောထူ ဉာဏ်နုန့်သူတို့မှ။ အာရကာ၊ သက်နီးစွန်း၌ ကိုင်၍ လိုက်သော်လည်း သောင်းတိုက်စက္ကဝါ ပမာမပြား ဝေးခြားတော်မူသည်၏ အဖြစ်ကြောင့်ငှင်း။

သမ္မာ န ပဋိပဇ္ဇန္တိ၊ ယေ နိဟီနာသယာ နရာ။
အာရကာ တေဟိ ဘဂဝါ၊ ဒူရေ တေနာ’ရဟံ မတော။

(မဟာဋီကာ၊ပ၊နှာ-၂၂၅) ဟူသည်နှင့် အညီတည်း။

ဝိဇာနတံ=ဝိဇာနန္တာနံ၊ ဟုတ်မှန်သဖြင့် အကြံသင့်၍ အကျင့်ပြောထူ ဉာဏ် ရှိသူတို့နှင့်။ အာရကာ စ၊ အစွန့်တရာ ယူဇနာဝယ် ကွယ်ကာဝေးရပ် နီးမစပ် သော်လည်း ချဉ်းကပ်နီးနားတော်မူသည်၏ အဖြစ်ကြောင့်ငှင်း။

ယေ သမ္မာ ပဋိပဇ္ဇန္တိ၊ သုပ္ပဏီတာဓိမုတ္တိကာ။
အာရကာ တေဟိ အာသန္နေ၊ တေနာပိ အရဟံ ဇိနော။

(မဟာဋီကာ၊ပ၊နှာ-၂၂၆)ဟူသည်နှင့် အညီတည်း။

ရဟာနံ၊ စီးပွါးနှစ်ဆူ ဖြည့်ကျင့်သူတို့ မယူဝေးရပ် စွန့်ပစ်အပ်ကုန်သော မကောင်းမှုတို့ကို။ သုပ္ပဟီနတ္တာ၊ ဗောဓိညောင်ရွှေ ဗုဒ္ဓဟေပင်မင်း အောင်မြေကွင်း၌ အကြွင်းမချန် မဂ်လေးတန်ဖြင့် ပယ်လှန်တွန်းသတ် ဖြတ်တော်မူပြီးသည်၏ အဖြစ်ကြောင့်ရှင်း။

ပါပဓမ္မာ ရဟာ နာမ၊ သာဓူဟိ ရဟိတဗ္ဗတော။
တေသံ သုဋ္ဌု ပဟီနတ္တာ၊ ဘဂဝါ အရဟံ မတော။

(မဟာဋီကာ၊ပ၊နှာ-၂၂၆)ဟူသည်နှင့် အညီတည်း။

ဝိဒူနံ၊ သေက္ခာသေက္ခ ကလျာဏပုထုဇန် သူမွန်ဇာတိ ပညာရှိတို့သည်။ အရဟေယျတော၊ ကိုယ်စိတ်ညွတ်လျော သဒ္ဓါစော၍ နေ့ရောညဉ့်ပါ အခါမလပ် မစွန့်အပ်သည်၏အဖြစ်ကြောင့်ရှင်း။

ယေ သစ္စိကတသဒ္ဓမ္မာ၊ အရိယာ သုဒ္ဓဂေါစရာ။
န တေဟိ ရဟိတော ဟောတိ၊ နာထော တေနာ'ရဟံ မတော။

(မဟာဋီကာ၊ပ၊နှာ-၂၂၇)ဟူသည်နှင့် အညီတည်း။

ဘဝေသု၊ ဘဝသံသရာ နာနာဂတိတို့၌။ ရဟာဘာဝါ စ၊ မြရိပ်ဝေဝေ အောင်မြေသာချက် ပလ္လင်ထက်က ကမ္မက္ခယန် မဂ်လေးတန်ဖြင့် သသမ္ဘာရတ် ကမ္မဝဋ်ကို ပယ်ဖြတ်ဖျက်ဆီး အောင်ပြီးရကား သွားလာဖြစ်ပြန်ခြင်း မရှိသည်၏ အဖြစ်ကြောင့်ရှင်း။

ရဟော ဝါ ဂမနံ ယဿ၊ သံသာရေ နတ္ထိ သဗ္ဗသော။
ပဟီန ဇာတိ မရဏော၊ အရဟံ သုဂတော မတော။

(မဟာဋီကာ၊ပ၊နှာ-၂၂၈)ဟူသည်နှင့် အညီတည်း။

ပါသံသာ၊ သူတပါးထက် ထူးခြားကဲလွန် ဟုတ်မှန်ထင်ပေါ် ကျေးဇူးတော်ဖြင့် ကော်ရော်ကြွေးရိုက် ချီးမွမ်းထိုက်သည်၏ အဖြစ်ကြောင့်ရှင်း။

ဂုဏေဟိ သဒိသော နတ္ထိ၊ ယသ္မာ လောကေ သဒေဝကေ။
တသ္မာ ပသံသိယတ္တာပိ၊ အရဟံ ဒွိပဒုတ္တမော။

ဟူသော ဋီကာ (၊ပ၊နှာ-၂၂၈)နှင့် အညီတည်း။

ဇိနော၊ ဒေဝပုတ္တ စသည်များဖြင့် မာရ်ငါးအင်ကို အောင်မြင်တော်မူပြီးသော ဘုရားမြတ်သည်။ အရဟံ၊ အရဟမည်တော်မူ၏။

သမ္မာသမ္ဗုဒ္ဓ။ ။ဉ္ဉတိပိ ဉ္ဉမိနာ စ ကာရဏေန၊ အဘိညေယျာ ပရိညာနှင့် ပဟာတဗ္ဗ သစ္ဆိကဟု မဂ္ဂဘာဝနာ လေးသစ္စာကို ဆရာမဆို

အလိုလိုလျှင် ဟိတ်ဖိုလ်နိုင်းထောက် မဖောက်မပြန် မှန်စွာသိရှောင်း ဤ
အကြောင်းကြောင့်လည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူ၏။

တသ္မာ ဗုဒ္ဓေါသ္မိတိ ယသ္မာ စတ္တာရိ သစ္စာနိ မယာ ဗုဒ္ဓါနိ၊ သစ္စဝိနိမုတ္တံ
စ ကိဉ္စိ ဉေယ်ံ နတ္ထိ၊ တသ္မာ သဗ္ဗမ္ပိ ဉေယ်ံ ဗုဒ္ဓေါသ္မိ၊ အဗ္ဘညာသိန္တိ
အတ္ထော—

ဟူသော ဋီကာ(၊ပ၊နှာ-၂၂၉)နှင့် အညီတည်း။

တနည်းလည်း—ဣတိပိ ဣမိနာ စ ကာရဏေန၊ ဆအဇ္ဈတ္တာ၊ ဆဗာဟိရတနံ၊
ဝိညာဏ်,ဖဿာ၊ ဝေဒနာတည်း၊ သညာ, စေတနာ၊ တဏှာ,ဝိတက္က၊ ဝိစာရနှင့်၊
ခန္ဓ, ကသိ၊ နုဿတိ, အသုဘ၊ ကောဋ္ဌာသ, အာ၊ ဓာတ်, ဘဝကိုး၊ လေးမျိုး
ဈာနာ၊ပမညာ, အရူပ၊ ပဋိစ္စဟု၊ကေကပုဒ်၊ထုတ်၍ဝေဘန်၊လေးသစ္စံကို၊မကျန်
ကိုယ်တိုင်၊သိနိုင်ပေတတ်၊ဤသကတ်ကြောင့်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ
မည်တော်မူ၏။

ဝိဇ္ဇာစရဏသမ္ပန္န။　။ဣတိပိ ဣမိနာ စ ကာရဏေန၊ သုံးပါးဝိဇ္ဇာ၊ ပု–ဒိ–အာ
နှင့်၊ ဝိဇ္ဇာအဋ္ဌ၊ ဝိ–မ–စေ–ဒိ၊ ပု–ဒိ–ဣဒ်–အာ၊ ရောင်ဝါ
တေဇိန်၊ သီ–ဣန်–ဘော–ဇာ၊ သဒ္ဓမ္မာ ခွန်၊ ရူပဈာန်ဟု၊ ငါးတန်စွန်းကယ်၊
ဆယ်စရဏ၊ မြတ်ဓမ္မနှင့်၊ တကွညီသုံ၊ ပြည့်စုံတတ်ရှောင်း၊ ဤအကြောင်းကြောင့်
လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

သတ္တ သဒ္ဓမ္မာ နာမ သဒ္ဓါ, ဟိရီ, ဩတ္တပ္ပံ, ဗာဟုသစ္စံ, ဝီရိယံ, သတိ,
ပညာ စ။ ဋီကာ (ပ၊နှာ-၂၃၃)

တတ္ထ ဝိဇ္ဇာသမ္ပဒါ ဘဂဝတော သဗ္ဗညုတံ ပူရေတွာ ဌိတာ။ စရဏသမ္ပဒါ
မဟာကာရုဏိကတံ။ အဋ္ဌကထာ (ဝိသုဒ္ဓိမဂ်၊ပ၊ နှာ-၁၉၇)

သုဂတ။　။ဣတိပိ ဣမိနာ စ ကာရဏေန၊ ဒီပင်္ကရာ ထွဋ်ရှင်ချာ သေဌ်နင်း ခြေ
တော်ရင်းမှ မှန်ကင်းသိရိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်
ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွါး ကျင့်သောအား
ဖြင့် မိုက်မှားအယုတ် သဿတုစ္ဆေဒ ကာမသုခ’တ္တ ကိလမထဟူ မိစ္ဆာဃူကို
ဆံမျှတစိ မကပ်ငြိပဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗဉ်ဉာဏ်တော် ရကြောင်း
ရော်၍ လာတော်မူရှောင်း ဤအကြောင်းကြောင့်လည်း။ သုဂတော၊ သုဂတ
မည်တော်မူ၏။

တနည်းလည်း—

သောဘနံ ဂမနတ္တာ စ၊ ဂတတ္တာ သုန္ဒရံ ပဒံ။
သမ္မာ ဂတတ္တာ ဂဒတ္တာ၊ သုဂတောတိ ပဝုစ္စတိ[၁]—

ဟူ၍လည်း အောက်မေ့အပ်၏။

သောဘနံ ဂမနတ္တာ စ၊ မြေငြိမ်းချမ်း ဘေးဘျမ်းမစပ် နိဗ္ဗာန်ရပ်သို့ ငြိကပ်မတွယ် တင့်တယ်သာညှင်း အရိယမဂ်ဟူသောသွားခြင်း ရှိသည်၏အဖြစ်ကြောင့်ငင်း။ သုန္ဒရံပဒံ၊ မကောင်းဒုက္ခ သခါရကင်း ကောင်းခြင်းအစွန်[၂] မုချမှန်သောနိဗ္ဗာန်ဌာနသို့။ ဂတတ္တာစ၊ မသွေမဖောက် ကွန်းမထောက်ပဲ ကြွရောက်တော်မူသည်၏ အဖြစ်ကြောင့်ငင်း။ သမ္မာ၊ ထိုထိုမဂ်ဖြင့် ပယ်ဖျက်တွန်းလှန် ကိလေရန်ကို မပြန်စေပဲ မြဲမြဲကောင်းမွန်စွာ။ ဂတတ္တာ စ၊ ကြွသွားတော်မူတတ်သည်၏ အဖြစ်ကြောင့်ငင်း။ ဝါ၊ သမ္မာ အာဂတတ္တာ စ၊ ဒီပင်္ကရာ ထွဋ်ချာသေဋ္ဌ်နင်းခြေတော်ရင်းမှ မှန်ကင်းသိရှိ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင် ဆယ်ခိုင်ပါရမီ စုံပြည့်ညီလျက် သုံးလီဘဝ မျှားသတ္တ၏ သုခစီးပွါး ကျင့်သောအားဖြင့် မိုက်မှားအယုတ် သဿတုစ္ဆေဒ ကာမသုခတ္တ ကိလမထဟူ မိစ္ဆာယူကို ဆံမျှတစိမကပ်ငြိပဲ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် သဗ္ဗညုဉာဏ်တော် ရကြောင်းရော်၍ လာတော်မူတတ်သည်၏ အဖြစ်ကြောင့်ငင်း။

ဣဒဉ္စ သိခါပ္ပတ္တံ သမ္မာဂမနံ၊ ယာယ အာဂမနီယ ပဋိပဒါယ သိဒ္ဓံ၊ သာပိ သမ္မာဂမနမေဝါတိ ဝေမ္ပိ ဘဂဝါ သုဂတောတိ ဒဿေတုံ 'သမ္မာ ဝါ ဂတော'တိအာဒိ ဝုတ္တံ—

ဟူသော ဋီကာ (ပါ၊နှာ-၂၃၄-၅) နှင့် အညီ ပထမအနက်အတိုင်းပင်။

'သဿတံ,ဥစ္ဆေဒန္တိ ဣမေ အန္တေ အနုပဂစ္ဆန္တော'ဖြင့် ပဋိစ္စသမုပ္ပါဒဂတိကို ပြ၏။ 'ကာမသုခံ အတ္တကိလမထန္တိ ဣမေ အနုပဂစ္ဆန္တော'ဖြင့် အရိယမဂ္ဂဂတိကို ပြ၏—မှတ်။

သမ္မာဂဒတ္တာ စ၊ ကျိုးရှိ, ဟုတ်မှန် သူနာခံလို မနာလို အားဖြင့် နှစ်ခွန်းသော စကားကိုသာ ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်ငင်း။ သုဂတောတိ၊ သုဂတဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ယင်း သုဂတဂုဏ်တော် လေးပါးတို့တွင် သမ္မာဂဒဂုဏ်တော်၌—

---

၁။ ဝိသုဒ္ဓိ ဋ္ဌ၊ ပါ၊ နှာ ၁၉၇-၌ လာသောစုဏ္ဏိယတို့ကို ဂါထာစီထားသည်။

၂။ အစွန်=အစ္စန္တ=သေခြင်း တည်းဟူသော အစွန်းကို လွန်မြောက်ခြင်း, စုတိကို လွန်မြောက်ခြင်း၊ နိဗ္ဗာန်။

ပရပ္ပိယံ အပ္ပိယံ ဝါ၊ ဘူတံဝ အတ္တသဉ္ဇိတံ။
နာထော ဘာသတိ ဒွေ ဝါစံ၊ န ပနညံ့ စတုဗ္ဗိဓံ[၁]—

ဟူသော သင်္ဂဟဂါထာကိုလည်း ရွတ်ဖတ်ဆင်ခြင်ရာ၏။ 'ဒွေဝါစံ' ကား 'ဒွေမာတိကံ ပဂုဏံ ကတွာ'စသည်ကဲ့သို့ သမာသ်။

**လောကဝိဒူ။**　။ဣတိပိ ဣမိနာ စ ကာရဏေန၊ သတ္တော' ကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာလျှင် အာသယာနုသယ စရိတ,ဓိမုတ် မြတ်·ယုတ်နှစ်ခု မုဒု·တိက္ခ စသည်ထွေထွေ လေ-ရေ-မြေ-ထု မေရု စက္ကဝါ သီဒါပတ်ခြံ တောင်ရံခုနစ် လှည့်ရစ်နေ,လ ဒီပ လေးတန် ခြောက်တန်နတ်ရွာ ဗြဟ္မာနှစ်ဆယ် သွယ်သွယ်များလှ ဝေဖန် ပြလျက် လက္ခဏာ,ရသ ကိစ္စစေ့ငု ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့် ရုပ်နာမ်ဝေခြား ခပ်သိမ်း အားဖြင့် ထွေပြားကုန်စင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ လောကဝိဒူ၊ လောကဝိဒူ မည်တော်မူ၏။

သဘာဝတော သမုဒယာ၊ နိရောဓာ တ'ဒုပါယတော။
သဗ္ဗထာ လောက'မဝေဒီ၊ လောကဝိဒူတိ တေန သော[၂]—

ဟူ၍လည်း ဆင်ခြင်အပ်၏။

သဘာဝတော၊ ပဋိပါဒါနုက္ခန္ဓဒုက္ခသဘောအားဖြင့်ငှင်း။ သမုဒယာ၊တဏှာ စသည် မူလဖြစ်ကြောင်းအားဖြင့်ငှင်း။ နိရောဓာ၊ ဒုက္ခ,သမုဒ နှစ်ခုချုပ်ရာ ဝိသင်္ခါရအားဖြင့်ငှင်း။ တဒုပါယတော၊ ထိုနိဗ္ဗာန်သို့ ကေန်မစောင်း ရောက်ကြောင်း အစီအရင် အင်္ဂါရှစ်ပါး အရိယ မဂ်အားဖြင့်ငှင်း။ သဗ္ဗထာ၊ ခပ်သိမ်း ဥဿုံ အကုန် လေးပါး အခြင်းအရာအားဖြင့်။ လောကံ၊ ခန္ဓာစသော သင်္ခါရ လောကကို။ အဝေဒီ၊ ပိုင်းခြား တိတိ သိတော်မူပြီ။ တေန၊ ထို့ကြောင့်။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ လောကဝိဒူတိ လောကဝိဒူနာမ၊ လောကဝိဒူ မည်တော်မူ၏။

သတ္တော'ကာသ,သင်္ခါရ **လောကသုံးပါးတို့၏ အထူးကား**—

တတ္ထ ဣန္ဒြိယဗဒ္ဓါနံ ခန္ဓာနံ သမူဟော, သန္တာနော စ သတ္တလောကော....။ အနိန္ဒြိယဗဒ္ဓါနံ ရူပါဒီနံ သမူဟော သန္တာနော စ ဩကာသလောကော....။ ဉဘယေပိ ခန္ဓာ သင်္ခါရလောကော။ မဟာဋီကာ (ပ၊ နှာ-၂၃၇) အနက် လွယ်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၁၉၇ လာ စကားပြေကို အကျဉ်းချုံး၍ ဂါထာစီထားသည်။
၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၁၉၈ လာ စကားပြေကို ဂါထာစီထားသည်။

ဤလောကဝိဒူ ဂုဏ်တော်ဖွင့်ကား အထူး ကြည်ညို အံ့ဩဘွယ် အလွန် ကျယ်ဝန်းလှ၏။ ထိုထို အဋ္ဌအထာ,ဋီကာတို့ကို ရှုလေဦး။

**အနုတ္တရော။** ။ဣတိပိ ဣမိနာ စ ကာရဏေန၊ သညာကေတ် နာနတ် ထွေလာ အဖြာဖြာလျှင် သတ္တာဝါသ ဘုံကိုးဝဠ် သီလခေါင် ထိ သမာဓိနှင့် ဘူရိမေဓာ ပညာဝိမုတ် ဝိမုတ်ဒဿန ကြီးစွမျှားဟုံ ကျေးဇူး ဂုဏ်ကြောင့် စံပုံနိုင်းထောက် တယောက်မမျှ အသမဟု မြတ်လှထွဋ်ဖျား ဤကြောင်းလျှားကြောင့်လည်း။ အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။

**ပုရိသဒမ္မသာရထိ။** ။ဣတိပိ ဣမိနာ စ ကာရဏေန၊ ဆုံးမခြင်းငှါ လျောက် ပတ်စွာသည် အပလာလ, စူဠသိခေါ်, စူဠောဒရ, မဟော-ဒရ-တည့်, အဂ္ဂိသိခ, အရဝါဠ, သစ္စက က, အမ္ဗဋ္ဌတွင် လုလင်မာဏဝ, ပေါက္ခရနှင့် သောဏဒဏ္ဍ, ကုဋဒဏ္ဍ, အာဠဝက, ခရလောမိ, သုစိလောမာ, ဗြဟ္မာ သက္က ဤသို့စသည် ရိုင်းပျခက်မာ သတ္တဝါကို သုံးဖြာသရဏဂုမ် ငါးစုံသီလာ တည်စေကာလျှင် မြူစွာတရား တည်သူအားလည်း ထက်ဖျားစျာန်မဂ် ဖိုလ် သို့တက်အောင် အချက်ကျကျ နည်းစုံပြလျက် ဆုံးမတတ်စွာ ဤကြောင်း ခြာကြောင့်လည်း။ ပုရိသဒမ္မသာရထိ၊ ပုရိသဒမ္မသာရထိမည်တော်မူ၏။

ဤသို့ အနုတ္တရနှင့် ပုရိသဒမ္မသာရထိကို ခွဲ၍ ယူသော် ဂုဏ်တော်ဆယ်ပါး ဖြစ်၏။ ပေါင်းသော် ကိုးပါး ဖြစ်ဟန်ကား——

ဣတိပိ ဣမိနာ စ ကာရဏေန၊ တထက်ဝယ်ဖြင့် ရှစ်သွယ်အရပ် သမာ ပတ်သို့ ငြိကပ်မရှိ ပြေးစွမ်းဘိအောင် ကြဉ်းဆောင်နည်းပြ ဆုံးမတော်မူ အတူ မဲ့ကင်း ဤကြောင်းခြင်းကြောင့်လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မသာရထိ မည်တော်မူ၏။

**သတ္ထာ ဒေဝမနုဿာနံ။** ။ဣတိပိ ဣမိနာ စ ကာရဏေန၊ သတ္တဝါဟော် ယာဉ်မှူးကျော်လျှင် ဖော်လှော်ငယ်သား နောက်ပါ များကို ရေရှားဘေးခ ကန္တာရမှ ခေမမြေဝူ ထုတ်ကယ်ယူသို့ ထို့တူတစိ ခဲယဉ်းဘိသည် ဇာတိဇရာ မရဏာဟု ကန္တာရကြမ်း ခရီးလမ်းမှ ဧဒ္ဓနန်းမြေဝူ ပြည်နိဗ္ဗူသို့ နတ်လူဗြဟ္မာ သတ္တဝါကို ဆောင်ကာယူတတ် ဤသကတ်ကြောင့် လည်း။ ဒေဝမနုဿာနံ၊ ဦးမည်းဦးဖြူ နတ်နှင့်လူတို့၏။ သတ္ထာ၊ ဆရာ ဖြစ်တော်မူ၏။ ဝါ–သတ္ထာ ဒေဝ မနုဿာနံ၊ သတ္ထာ ဒေဝ မနုဿာနံ မည်တော် မူ၏။

ဒိဋ္ဌဓမ္မိကသမ္ပရာ-ယိကေဟိ ပရမတ္ထေန။
ယထာရဟံ နုသာသတိ၊ တေနာပိ ဝုစ္စတေ သတ္ထာ[1]။

ဟူ၍လည်း ရှုအပ်၏။

ဒိဋ္ဌဓမ္မိက သမ္ပရာယိကေဟိ၊ မျက်မှောက်အမြင် ဤကိုယ်တွင်ဝယ် ယှဥ်သော ပစ္စုပ္ပန်ကျိုး, ကံ ကိလေသာ အစွမ်းဖြင့် ကူးသန်းသွားထိုက် နောင်ဘဝ၌ယှဥ်သော တမလွန်ကျိုးတို့ဖြင့်၎င်း။ ပရမတ္ထေန၊ အမြတ်ထူးချွန် သာကဲလွန်သည့် နိဗ္ဗာန်ဟူသော အကျိုးဖြင့်၎င်း။ ယထာရဟံ၊ ထိုထို အကျိုးတို့၌ ထိုက်သောသတ္တဝါအားလျော်စွာ။ အနုသာသတိ၊ ဆုံးမပဲ့ပြင် သွန်သင်ဆောင်ယူ တည်စေတော်မူတတ်၏။ တေနာပိ၊ ထိုအကြောင်းကြောင့်လည်း။ သတ္ထာ၊ သတ္ထာဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

ဗုဒ္ဓ။ ။ဉာတိပိ ဉာမိနာ စ ကာရဏေန၊ ဝိမောက္ခန္တိက ဉာဏ်တေဇဖြင့် ဥ ယျငါးဖြာ မဟာသမုဒ္ဒ ကြွင်းရမထင် ထဲလင်းစင်အောင် သိမြင်တတ်ရှောင်း ဤအကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

**ဝိမောက္ခန္တိကဉာဏ်အရကောက်ပြပုံ။** ။သဗ္ဗသော ပဋိပက္ခေဟိ ဝိမုစ္စတီတိ ဝိမောက္ခော၊ အဂ္ဂမဂ္ဂေါ။ တဿ အန္တော အဂ္ဂဖလံ၊ တတ္ထ ဘဝံ တသ္မိံ လဒ္ဓေ လဒ္ဓဗ္ဗတောတိ ဝိမောက္ခန္တိက-ဉာဏံ၊ သဗ္ဗညုတဉာဏေန သဒ္ဓိံ သဗ္ဗမ္ပိ ဗုဒ္ဓဉာဏံ[2]။ ဋီကာ(ပ၊ နှာ-၂၄၉) အနက် ထင်ရှား၏။

နာထော စတ္တာရိ သစ္စာနိ၊ အတ္တနာပိ စ ဗုဇ္ဈတိ။
အညေပိ သတ္တေ ဗောဓေတိ၊ ဗုဒ္ဓေါတိ တေန ဝုစ္စတိ[?]။

ဟူ၍လည်း ဆင်ခြင်အပ်၏။ အနက် ထင်၏။

**သမ္မာသမ္ဗုဒ္ဓဂုဏ်တော်, ဗုဒ္ဓဂုဏ်တော်နှစ်ပါး အထူးကား—**

သမ္မာသမ္ဗုဒ္ဓေါတိ ဉာမိနာ သဒေ်ပတော ဝိတ္ထာရတော စ သတ္တု စတုသစ္စာဘိသမ္ဗောဓော ဝုတ္တော။

ဗုဒ္ဓေါတိ ပန ဉာမိနာ တဒညဿာပိ ဥ ယျဿာဝဗောဓော။

---

၁-၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၂၀၂၊ ၂၀၃-လာ စကားပြေကို ဂါထာစီထားသည်။

၂။ ဝိမောက္ခ=ဆန့်ကျင်ဘက် ကိလေသာ အားလုံးမှ လွတ်သော အရဟတ္တမဂ်။
ဝိမောက္ခန္တ=(ဝိမောက္ခ+အန္တ=အရဟတ္တမဂ်၏+အဆုံး ဖြစ်သော) အရဟတ္တမဂ် နောင်ဖြစ်သောအရဟတ္တဖိုလ်။
ဝိမောက္ခန္တိက=(ဝိမောက္ခန္တ+ဣက=အရဟတ္တဖိုလ်၌+ဖြစ်သော) အရဟတ္တဖိုလ် ရပြီးမှ ရအပ်သော သဗ္ဗညုတဉာဏ်နှင့်အလုံးစုံသော ဗုဒ္ဓဉာဏ်။

ပုရိမေန ဝါ သတ္ထု ပဋိဝေဓဉာဏာနုဘာဝေါ၊ ပစ္ဆိမေန ဒေသနာဉာဏာနုဘာဝေါပိ[၁]။ ဋီကာ (ပ၊နှာ-၂၄၉) အနက် ထင်၏။

**ဘဂဝါ**။ ။ဣတိပိ ဣမိနာ စ ကာရဏေန၊ လောဘ, ဒေါသ, မောဟ, ဝိပရီ, အဟိရိက, နောတ္တပ္ပနှင့် ကောဓ, ဥပနာ, မက္ခ, ပဠာသ, ဣဿာ စသည် ရေဆတွက်ကိန်း အသိန်းမက များလှတံ့စွာ ကိလေသာကို လေးဖြာ မိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ဖြတ် ဤသကတ်ကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်းလည်း—

ဘဂီ ဘဇီ ဘာဂိ ဝိဘတ္တဝါ ဣတိ၊
အကာသိ ဘဂ္ဂန္တိ ဂရူတိ ဘာဂျဝါ။
ဗဟူဟိ ဉာယေဟိ သုဘာဝိတတ္တနော၊
ဘဝန္တဂေါ သော ဘဂဝါတိ ဝုစ္စတိ။

မဟာနိဒ္ဒေသပါဠိတော် (နှာ-၁၆၂-စသည်။)

ယော ဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ ဘဂီ၊ ဣဿရိယ စသည်အပြား ဘုန်းခြောက်ပါး ရှိတော်မူ၏။ ဘဇီ၊ မဂ်ဖိုလ်စသည့် ဓမ္မရတနာ အရိယာကို ထင်စွာပိုင်းခြား အဘို့အားဖြင့် ဟောထား ဝေဖန်တော် မူပေတတ်၏။ ဝါ၊ ရှက်ဟောင်းကျကြွေ ရှက်သစ်ဝေသည် အောင်မြေရဂုမ် တောင်ရိပ်မှုံကို နိတုံအမြဲ မှီဝဲ ဆည်းကပ်တော်မူပေတတ်၏။ ဘာဂီ၊ မရေတွက်နိုင် ဖြိုင်ဖြိုင် မီးမီး မြစ်ရေစီးသို့ ကြီးများသော ပစ္စည်းလေးရပ် လာဘ်သပ်ပကာအဖို့ ရှိတော်မူ၏။ ဝါ၊ အတ္ထရသ ဓမ္မရသ စသည်သောင်းသောင်း တရားပေါင်းသို့ ကောင်းစွာဆည်းကပ်လေ့ ရှိတော်မူ၏။ ဝိဘတ္တဝါ၊ အတ္ထရသ ဓမ္မရသ စသည်

---

၁။ သမ္မာသမ္ဗုဒ္ဓေါတိ ဣမိနာ၊ သမ္မာသမ္ဗုဒ္ဓေါ ဟူသော ဤပါဌ်ဖြင့်။ သခေ်ပတော စ၊ အကျဉ်းအားဖြင့်၎င်း။ ဝိတ္ထာရတော စ၊ အကျယ်အားဖြင့်၎င်း။ စတုသစ္စာဘိ သမ္ဗောဓော၊ သစ္စာ ၄-ပါးကို သိခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။

ဗုဒ္ဓေါတိ ပန ဣမိနာ၊ ဗုဒ္ဓေါ ဟူသော ဤပုဒ်ဖြင့် မူကား။ တဒညဿာပိ၊ ထိုသစ္စာ ၄-ပါးမှ တပါးလည်းဖြစ်သော။ ဉေယျဿ၊ သိအပ်သော တရားကို။ အဝဗောဓော၊ ထိုးထွင်း၍ သိခြင်းကို။ ဝုတ္တော၊ ဆိုအပ်၏။

ဝါ၊ တနည်းကား။ ပုရိမေန၊ သမ္မာသမ္ဗုဒ္ဓေါ ဟူသော ရှေးပုဒ်ဖြင့်။ သတ္ထု၊ မြတ်စွာဘုရား၏။ ပဋိဝေဓဉာဏာနုဘာဝေါ၊ ပဋိဝေဓဉာဏ်၏ အာနုဘော်ကို။ ဝုတ္တော၊ ဆိုအပ်၏။

ပစ္ဆိမေန၊ ဗုဒ္ဓေါဟူသော နောက်ပုဒ်ဖြင့်။ ဒေသနာဉာဏာနုဘာဝေါပိ၊ ဒေသနာဉာဏ်၏ အာနုဘော်ကိုလည်း။ ဝါ၊ ဟောကြားထုတ်ဖော် ပြဿနာအမျိုးမျိုးကို ရှင်းလင်း ဖြေဆိုတော်မူနိုင်စွမ်းရှိသော အာနုဘော်ကိုလည်း။ ဝုတ္တော၊ ဆိုအပ်၏။

သောင်းသောင်း တရားပေါင်းကို ကောင်းစွာပိုင်းခြား ခွဲပြားမချန် ဝေဘန်တော်မူတတ်၏။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်ရင်း။ ဘဂ္ဂံ၊ ရာဂ, ဒေါသ, မောဟ, ဒိဋ္ဌိ အစရှိကို သိသိညက်ညက် ချိုးဖျက်ခြင်းကို။ အကာသိ၊ ပြုတော်မူပြီ။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်ရင်း။ ဂရု၊ ကျောက်ထီးအတူ အလေးမူအပ်၏။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်ရင်း။ ဘာဂျဝါ၊ လောကီ, လောကုတ် ပစ္စုပ်, သံသရာ ချမ်းသာပြီးကြောင်း ကောင်းမှုပါရမီ ရှိတော်မူ၏။ ဗဟူဟိ ဉာယေဟိ၊ ကာယသီလ စိတ္တပညာ ဘာဝနာ-ဟု များစွာသော ဘာဝနာအစဉ်တို့ဖြင့်။ သုဘာဝိတတ္တနော=သုဘာဝိတတ္တာ၊ ကောင်းစွာပွါးအပ်ပြီးသော သဘောရှိတော်မူ၏။ ဘဝန္တဂေါ၊ ဘဝသုံး၏ ကုန်ဆုံးရိပ်မြုံ နိဗ္ဗာန်ဘုံသို့ အာရုံပြီးမြောက် ရောက်တော်မူ၏။ ဣတိပိ ဣမိနာ စ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်ရင်း။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားကို။ ဘဂဝါတိ၊ ဘဂဝါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

တနည်းလည်း—

> ဘာဂျဝါ ဘဂ္ဂဝါ ယုတ္တော၊ ဘဂေဟိ စ ဝိဘတ္တဝါ။
> ဘတ္တဝါ ဝန္တဂမနော၊ ဘဝေသု ဘဂဝါ တတော။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၊ပ၊နှာ-၂၀၄)

ယော နာထော၊ အကြင်မြတ်စွာဘုရားသည်။ ယတော=ယသ္မာ ကာရဏာ၊ အကြင် အကြောင်းကြောင့်။ ဘာဂျဝါ၊ လောကီ, လောကုတ် ပစ္စုပ်, သံသရာ ချမ်းသာပြီးကြောင်း ကောင်းမှုပါရမီ ရှိတော်မူ၏။

> ဒါနသီလာဒိသမ္ဘိတံ၊ ယသ္မာ ဘာဂျံ အသေသတော။
> ယဿ ဝိဇ္ဇတိ သော တေန၊ ဘဂဝါ ဣတိ ဝုစ္စတိ[၁]။

ဟူသည်နှင့် အညီတည်း။

ဘဂ္ဂဝါ၊ လောဘ, ဒေါသ, မောဟ, ဝိပရီတ မနသိကာရ၊ အဟိရိက အနောတ္တပ္ပ, ကောဓု’ပနာဟ, မက္ခ ပဠာသ, ဣဿာ မစ္ဆေရ, မာယာ သာဌေယျ, ထမ္ဘ, သာရမ္ဘ, မာနာ’တိမာန, မဒ ပမာဒ, တဏှာ အဝိဇ္ဇာ၊ တိဝိဓာ’ကုသလမူလ, ဒုစ္စရိတ, သံကိလေသ, မလ, ဝိသမ, သညာ, ဝိတက္က, ပပဉ္စ၊ စတုဗ္ဗိဓ ဝိပရိယေသာ’-သဝ, ဂန္ထော’ဃ, ယောဂါ’ဂတိ, တဏှု’ပ္ပါဒ၊ ပဉ္စစေတောခိလ, ဝိနိဗန္ဓ, နီဝရဏာ’-ဘိနန္ဒန၊ ဆ ဝိဝါဒမူလ, တဏှာကာယ၊ သတ္တာနုသယ၊ အဋ္ဌ မိစ္ဆတ္တ၊ နဝ တဏှာမူလက၊ ဒသာကုသလကမ္မပထ၊ ဒွါသဋ္ဌိဒိဋ္ဌိဂတ၊ အဋ္ဌသတတဏှာ-

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၀၄ လာ စကားပြေကို ဂါထာစီထားသည်။

ဝိစရိတ၊ သိန်းမကသည် ကိလေသအပူ။ အကျဉ်းမူကား—မာရ်ငါးပါးတို့ကို လေးပါးမြိုက်မဂ် စိန်သန်လျက်ဖြင့် ချိုးဖျက်ခုတ်ဖြတ်တော်မူပြီ။

ယသ္မာ နေကသဟဿေ စ၊ ကိလေသေ ပဉ္စမာရကေ။
အဘဉ္ဇိ သုဂတော တေန၊ ဘဂဝါ ဣတိ ဝိဿုတော[၁]—

ဟူသည်နှင့် အညီတည်း။ ထို့ကြောင့်—

ဘဂ္ဂရာဂေါ၊ ဘဂ္ဂဒေါသော၊ ဘဂ္ဂမောဟော အနာသဝေါ။
ဘဂ္ဂါဿ ပါပကာ ဓမ္မာ၊ ဘဂဝါ တေန ဝုစ္စတိ—

ဟု(အဋ္ဌကထာ၊ပ၊ နှာ-၂၀၄)၌ မိန့်အပ်၏။

**စေတောခိလ ၅-ပါး။** ။ဤ၌ 'ပဉ္စစေတောခိလ'ဟူသည်ကား—

ဗုဒ္ဓေ ဓမ္မေ စ သံဃေ စ၊ သိက္ခာယမ္ပိ စ ကင်္ခနာ။
ကောဓော,သဗြဟ္မစာရီသု၊ ပဉ္စ စေတောခိလာ ဣမေ—

ဟူသည်တည်း[၂]။

**ဝိနိဗန္ဓ ၅-ပါး။** ။'ပဉ္စဝိနိဗန္ဓ'ဟူသည်ကား—

ကာမေ အဝီတရာဂေါ။ ကာယေ။ ရူပေ။ ယာဝဒတ္ထံ ဥဒရာဝဒေဟကံ ဘုဉ္ဇိတွာ သေယျပဿမိဒ္ဓသုခံ အနုယုတ္တော ဝိဟရတိ။ အညတရံ ဒေဝနိကာယံ ပဏိဓာယ ဗြဟ္မစရိယံ စရတိ—တည်း[၃]။

သင်္ဂဟဂါထာ

ကာမေ ကာယေ ရူပေ ရာဂေါ၊ သေယျာဒိ သုခယုဉ္ဇနံ။
ဒေဝတ္တပဏိဓာနဉ္စ၊ ပဉ္စိမေ ဝိနိဗန္ဓကာ[၃]။

**ဝိဝါဒမူလ ၆-ပါး။** ။'ဆဝိဝါဒမူလ'ဟူသည်ကား—

ကောဓော မက္ခော စ ဣဿာ စ၊ သာဌေယျံ ပါပဣစ္ဆတာ။
သံဒိဋ္ဌိပရာမာသောတိ၊ ဆမေ ဝိဝါဒမူလကာ။

ဟူသည်တည်း[၄]။

**တဏှာမူလက ၉-ပါး။** ။'နဝ တဏှာမူလက'ဟူသည်ကား—

တဏှံ ပဋိစ္စ ပရိယေသနာ။ လာဘော။ ဝိနိစ္ဆယော။ ဆန္ဒရာဂေါ။ အဇ္ဈော-သာနံ။ ပရိဂ္ဂဟော။ မစ္ဆရိယံ။ မစ္ဆရိယံ ပဋိစ္စ အာရက္ခာ။ အာရက္ခာဓိကရဏံ ဒဏ္ဍာဒါနာဒယောတည်း[၅]။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊၊ပ၊ နှာ-၂၀၄-လာ စုဏ္ဏိယ ကို ဂါထာစီထားသည်။
၂။ ၃။ ၄။၅-တို့ကို ဝိသုဒ္ဓိမဂ်မဟာဋီကာ၊ပ၊နှာ-၂၅၃-၄-၌ရှုပါ။

ဒိဋ္ဌိ ၆၂-ပါး။ ။'ဒွါသဋ္ဌိ ဒိဋ္ဌိဂတ'ဟူသည်ကား—

စတ္တာရော သဿတဝါဒါ၊ တထာ ဧကစ္စသဿတဝါဒါ၊ အန္တာနန္တိကာ၊ အမရာဝိက္ခေပိကာ၊ ဒွေအဓိစ္စသမုပ္ပန္နိကာ၊ သောဠသ သညီဝါဒါ၊ အဋ္ဌ အသညီဝါဒါ၊ တထာ နေဝသညီနာသညီဝါဒါ၊ သတ္တ ဥစ္ဆေဒဝါဒါ၊ ပဉ္စ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါတည်း[၁]။

ဘဂေဟိ စ၊ ဣဿရိယ,ဓမ္မ,ယသ, သိရီ,ကာမ, ပယတ္တအား ဘုန်းခြောက်ပါး[၂] တို့နှင့်လည်း။ ယုတ္တော၊ ယှဉ်တော်မူ၏။

ထိုတွင် ပရမသကစိတ္တိဿရိယသည်ရင်း။

အဏိမာ လဃိမာ ပတ္တိ၊ ပါကမ္မံ မဟိမာ တထာ။
ဤသိတာ စ ဝသိတာ စ၊ ယတ္ထကာမာဝသာယိတာ[၃]။

ဟူသော လောကီ တန်းခိုး ရှစ်ပါး[၄] သည်ရင်း ဣဿရိယ ဘုန်းမည်၏။

ဝိဘတ္တဝါ၊ တရားဉဿုံ အလုံးစုံကို ကုသိုလ်စသား တိက်ဒုက်ပြားဖြင့် တရား ကုသိုလ် စသည်ကိုလည်း ထိုထိုခန္ဓာ ဒိဘေဒါဖြင့် သစ္စာလေးချက် ဆဲ့ခြောက် နက်ဖြင့် ပြက်ပြက်ထင်ရှား ဟောထားဝေဘန်တော်မူပြီ။ ဘတ္တဝါ၊ ဒိဗ္ဗ, ဗြဟ္မ, အရိယ ဟု ဝိဟာရသုံးထွေ သုံးဝိဝေက ဝိမောက္ခတြိ ဥတ္တရိ မနုဿ ဓမ္မဟူအပ် တရားမြတ်ကို ဆည်းကပ်မှီဝဲ တလဲလဲပြုတော်မူပြီ။

---

၁။ မဟာဋီကာ၊ ပ၊ နှာ-၂၅၃-၌ရင်း၊ သီလက္ခန္ဓဝဂ္ဂ-ဗြဟ္မဇာလသုတ်၌ရင်း ရှုပါ။

၂။ (၁) ဣဿရိယ=မိမိစိတ်ကို လွန်စွာအစိုးရခြင်းနှင့် လောကီတန်းခိုး ၈-ပါး။ (၂) ဓမ္မ=လောကုတ္တရာတရား ၉-ပါး။ (၃) ယသ=လောက ၃-ပါးလုံး ပျံ့နှံ့သော အလွန်စင်ကြယ်သော ကျော်စောသံ။ (၄) သိရီ=လက္ခဏာကြီးငယ် အသွယ်သွယ်နှင့် ပြည့်စုံခြင်း တင့်တယ်ခြင်း အသရေ။ (၅) ကာမ=အလိုရှိအပ် တောင့်တအပ်သော မိမိအကျိုး, သူတပါးအကျိုးကိုအလိုရှိတိုင်း တောင့်တတိုင်း ပြီးစေခြင်း။ (၆) ပယတ္တ=အားလုံးသော သတ္တလောက၏ ဆရာဖြစ်ကြောင်း ဖြစ်သော ဝီရိယပါရမီ သမ္မာဝါယာမ မဂ္ဂင်။ (ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၀၅)

၃။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ပ၊နှာ-၂၅၆။

၄။ လောကီတန်းခိုး ၈-ပါး။ (၁) အဏိမာ= ကိုယ်တော်ကို အဏုမြူအနေ သေးငယ် အောင်ပြုခြင်း။ (၂) လဃိမာ=ကောင်းကင်၌ ခြေဖြင့် သွားနိုင်ရန် ပေါ့ပါး အောင်ပြုခြင်း။ (၃) ပတ္တိ=လိုရာဒေသသို့ ရောက်နိုင်ခြင်း။ (၄) ပါကမ္မ=အဓိဋ္ဌာန် စွမ်းဖြင့်လိုအပ်သော အမှုပြီးအောင်ပြုနိုင် ခြင်း။ (၅) မဟိမာ= စကြဝဠာကို ကိုယ်ဖြင့် ဖုံးနိုင်အောင် ကြီးမားသည့် အဖြစ်ပြုခြင်း။ (၆) ဤသိတာ=မိမိအလိုသို့ လိုက်စေနိုင်သော အစိုးရခြင်း။ (၇) ဝသိတာ=ရေမီးအစုံဖန်ဆင်းရာ၌ လိုတိုင်း ရသော လျှင်မြန်သော ဝသီဘော်။ (၈) ယတ္ထကာမာ ဝသာယိတာ=အရာရာ ပြုလိုတိုင်း၌ အလိုစွမ်းဖြင့် ပြီးစေနိုင်ခြင်း။

ဒိဗ္ဗဗြဟ္မဝိဟာရာဒိ၊ ဝိမောက္ခေ သုညတာဒိကေ။
ဝိဝေကေ စ ယတော နာထော၊ ဘဇိတော ဘဂဝါ တတော[၁]။

ဟူသည်နှင့် အညီတည်း။

ဘဝေသု၊ကာမ ရူပ အရူပအား ဘုံသုံးပါးတို့၌။ ဝန္တဂမနော၊ မဂ်ခံတွင်းဖြင့် အကြွင်းမချန် ထွေးအန်စွန့်လျှင်း တဏှာဟူသော သွားခြင်းရှိတော်မူ၏။ တတော တသ္မာ ကာရဏာ၊ ထိုအကြောင်းကြောင့်။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

တနည်းလည်း—

ဘာဂဝါ ဘတဝါ ဘာဂေ၊ ဘဂေ စ ဝနိ ဘတ္တဝါ။
ဘဂေ ဝမိ တထာ ဘာဂေ၊ ဝမီတိ ဘဂဝါ ဇိနော။

မဟာဋီကာ (၊ပ၊နှာ-၂၅၈)

ဘာဂဝါ[၂]၊ သူတပါးနှင့်ခြား မဆက်ဆန် မတူတန်သော ကဲလွန်သီလ ဉာဏ, သမာဓိ,ဝိမုတ္တိ နှင့် ဝိမုတ္တိဒဿ, ဟိရောတ္တပ္ပ, သဒ္ဓါ, ဝီရိယ, သတိ စသည် ရေဆ ချင့်နိုင်း အတိုင်းမသိ ဆုံးမရှိသည့် နိရတိသယ ဂုဏဘာဂါ ကြေညာထင်ပေါ် ကျေးဇူးတော်အဘို့ အစု ရှိတော်မူ၏။

ယသ္မာ သီလာဒယော သဗ္ဗေ၊ ဂုဏဘာဂါ အသေသတော။
ဝိဇ္ဇန္တိ သုဂတေ တသ္မာ၊ ဘဂဝါတိ ပဝုစ္စတိ—

ဟူသော မဟာဋီကာ (၊ပ၊ နှာ-၂၅၉) နှင့်အညီတည်း။

ဘတဝါ[၃]၊ နိယတဗျာ ခံယူခါမှ စ၍အထူး ဆည်းပူးစုအပ် ဆယ်ရပ်ပါရမီ ငါးလီစာဂ သင်္ဂဟဝတ္ထု လေးခုအဓိဋ္ဌာ သုံးဖြာစရိယ စသည်အပြား ဘုရား ဖြစ်ကြောင်း တရားပေါင်း ရှိတော်မူ၏။

သမ္ဗောသမ္ဗောဓိယာ သဗ္ဗေ၊ ဒါနပါရမိအာဒိကေ။
သမ္ဘာရေ ဘတဝါ နာထော၊ တသ္မာပိ ဘဂဝါ မတော—

ဟူသော ဋီကာ(၊ပ၊နှာ-၂၆၀) နှင့် အညီတည်း။

---

၁။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊ နှာ- ၂၀၅။ မဟာဋီကာ၊ပ၊နှာ-၂၅၇ လာသည်တို့ကို ဂါထာစီ ထားသည်။

၂။ ဘာဂဝါ=(ဘာဂ=အဘို့၊ အစု+ဝါ=ဝန္တု=ရှိခြင်း)ဂုဏ်ကျေးဇူး အစုရှိခြင်း။

၃။ ဘတဝါ= (ဘတ=ဆည်းပူးခြင်း+ဝါ=ဝန္တု) ဆည်းပူးအပ်သည့် တရားရှိတော် မူခြင်း။

ဘာဂေ [၁]၊ မပြတ်နေ့ရေ ဝင်စားပေသော ကုဋေဂဏန်း နှစ်သန်းလေးသိန်း တွက်ကိန်းများမြတ် သမာပတ် အဘို့တို့ကို။ ဝါ၊ စကြုစဝွာ ဇရာမရဏ အဆုံး ကျလေ ပရိညေယျာ ပ႑ာဘာဗ္ဗ သစ္စိကနှင့် မဂ္ဂဘာဝနာ လေးဖြာသော အဘို့ ရှိသော တရားတို့ကို။ ဝနိ ဘဇိ သေဝိ၊ မပြတ်အမြဲ မှီဝဲတော်မူပြီ။ ဝါ၊ ဂေါစရ, ဘာဝနာ သေဝနာဖြင့် ထိုက်စွာ မှီဝဲတော်မူပြီ။

တနည်းကား—

ဘာဂေ [၂]၊ ဆက်ဆံသာဝက သီလစသည့် ဓမ္မအစုတို့ကို။ ဝနိ အဘိပတ္ထယိ၊ ဘယ်သို့ပြုက ဝေနေယျဝယ် တည်ပါ့မည်နည်း သနားသည်း၍ အားကြည်း တောင့်တတော်မူပြီ။

ယသ္မာ ဉေယျသမာပတ္တိ၊ ဂုဏဘာဂေ တထာဂတော။
ဘဇိ ပတ္ထယိ သတ္တာနံ၊ ဟိတာယ ဘဂဝါ တတော—

ဟူသော ဋီကာ (၊ပ၊ နှာ-၂၆၀) နှင့် အညီတည်း။

ဘဂေ၊ လောကီလောကုတ် ပရမုက္ကဋ္ဌ အလွန်မြတ်သော သမ္ပတ္တိတို့ကို။ ဝနိ ဘဇိ သေဝိ၊ မပြတ်အမြဲ မှီဝဲတော်မူပြီ။

ယာ တာ သမ္ပတ္တိယော လောကေ၊ ယာ စ လောကုတ္တရာ ပုထု။
သဗ္ဗာ တာ ဘဇိ သမ္ဗုဒ္ဓေါ၊ တသ္မာပိ ဘဂဝါ မတော—

ဟူသော ဋီကာ(၊ပ၊ နှာ-၂၆၁)နှင့် အညီတည်း။

ဘတ္တဝါ၊ မြဲမြံလေးမြတ် ဆည်းကပ်တတ်သော လူနတ် ပြဟ္မာ သတ္တဝါ ဝေနေယျ သာဝကရှိတော်မူ၏။

ဂုဏာတိသယယုတ္တဿ၊ ယသ္မာ လောကဟိတေသိနော။
သမ္ဘတ္တာ ဗဟဝေါ သတ္တာ၊ ဘဂဝါ တေန ဝုစ္စတိ—

ဟူသော ဋီကာ(၊ပ၊ နှာ-၂၆၂)နှင့် အညီတည်း။

ဘဂေ၊ ထိုထိုသောဇာတ် ဗောဓိသတ်ကပင် လွန်မြတ်စုံစီ သိရီ,ဣဿရ, ယသ သုံးပါး ဘဂတရားတို့ကို။ ဝါ၊ နက္ခတ်နှင့်တကွ မြင်းမိုရ်စသည့် ဘာဇနမှီတင်း တင့်တယ်ခြင်းတို့ကို။ ဝမိ၊ နံစော်ညှီဟောက် တံထွေးပေါက်ဟန် ထွေးအန်တော်မူပြီ။ ဝါ၊ လွန်မြောက်ပယ်လှစ် စွန့်ပစ်တော်မူပြီ။

---

၁။ ဘာဂဝါ= (ဘာဂ=သမာပတ် အစု+ဝါ=ဝန=မှီဝဲခြင်း) သမာပတ် အစုကို မပြတ် မှီဝဲခြင်း။

၂။ ဘာဂဝါ= (ဘာဂ=သီလစသည် အစု+ဝါ=ဝန=တောင့်တခြင်း) သီလစသည့် အစုကို သတ္တဝါတို့တည်စေကြောင်း တောင့်တလိုလားတော်မူခြင်း။

စက္ကဝတ္တိသိရိံ ယသ္မာ၊ ယသံ ဂ္လဿရိယံ သုခံ။
ပဟာသိ လောကစိတ္တညူ၊ သုဂတော ဘဂဝါ တတော—
ဟူသော ဋီကာ(၊ပ၊ နှာ-၂၆၂)နှင့် အညီတည်း။

တထာ၊ ထို့အတူ။ ဘာဂေ၊ ခန္ဓာ အာယတန စသည်ဘို့ပြု တရားစုတို့ကို။ ဝါ၊ ကုသလာကုသလ သာဝဇ္ဇာနဝဇ္ဇ စသည်အပြား တရားအဘို့တို့ကို။ ဝမိ၊ ထွေးအန်စွန့်ပစ်တော်မူပြီ။ တသ္မာ၊ ထို့ကြောင့်။ ဇိနော၊ မြတ်စွာဘုရားသည်။ ဘဂဝါ၊ ဘဂဝါမည်တော်မူ၏။

ခန္ဓာယတနဓာတာဒိ၊ ဓမ္မဘေဒါ မဟေသိနာ။
ကဏှာ သုက္ကာ ယတော ဝန္တာ၊ တတောပိ ဘဂဝါ မတော—
ဟူသော ဋီကာ(၊ပ၊ နှာ-၂၆၃)နှင့် အညီတည်း။

**တနည်း သမ္ပဒါလေးပါး[1]ဖြင့် ဆင်ခြင်ပုံများ။** ။ဤအရာ၌ အကျဉ်းအားဖြင့် အတ္တဟိတသမ္ပတ္တိ, ပရဟိတပဋိပတ္တိဟု ဘုရားဂုဏ်တော် နှစ်ပါးတည်း။ ထိုတွင် အတ္တဟိတသမ္ပတ္တိသည် ပဟာနသမ္ပဒါ, ဉာဏသမ္ပဒါ နှစ်ပါးတည်း။ ပရဟိတပဋိပတ္တိလည်း ပယောဂါ'သယ နှစ်ပါးတည်း။

ထိုတွင် အရဟံ-ပုဒ်ဖြင့် ပဟာနသမ္ပဒါကို ပြ၏။

သမ္မာသမ္ဗုဒ္ဓ,လောကဝိဒူ နှစ်ပုဒ်တို့ဖြင့် ဉာဏသမ္ပဒါကို ပြ၏။

'သမ္မာသမ္ဗုဒ္ဓေါ'တိဣမိနာ သဗ္ဗညုတဉာဏာနုဘာဝေါ ဝိဘာဝိတော။ 'လောကဝိဒူ'တိ ပန ဣမိနာ အာသယာ'နုသယဉာဏာဒိနမ္ပိ။ ဋီကာ (၊ပ၊ နှာ-၂၆၄)

ဝိဇ္ဇာစရဏသမ္ပန္န-ပုဒ်ဖြင့် အတ္တဟိတ သမ္ပတ္တိ နှစ်ပါးလုံးကို ပြ၏။

သုဂတ ဖြင့် အလုံးစုံကို ပြ၏။

အနုတ္တရ ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ-ပုဒ်တို့ဖြင့် ပရဟိတပဋိပတ္တိကို ပြ၏။

ဗုဒ္ဓ-ဖြင့် အလုံးစုံကို ပြ၏။

ဧတ္ထ ကတ္တာ သမ္မာသမ္ဗုဒ္ဓေါတိ ဝတွာ ဗုဒ္ဓေါတိ ဝစနံ သမတ္ထိတံ ဟောတိ။ ဋီကာ ( ၊ပ၊နှာ-၂၆၄ )

ဘဂဝါ-ပုဒ်ဖြင့်လည်း အလုံးစုံကို ပြ၏။

---

၁။ သမ္ပဒါလေးပါး—(၁) ပဟာနသမ္ပဒါ (၂) ဉာဏသမ္ပဒါ (၃) ပယောဂသမ္ပဒါ (၄) အာသယသမ္ပဒါ (=သတ္တဝါ အားလုံး၏ အကျိုးကို အလိုရှိတော်မူခြင်း)။

ဂုဏ်တော်အကျဉ်း ၃-ပါး။　　။တနည်းလည်း— ဟေတု, ဖလ, သတ္တုပကာရ[၁] အားဖြင့် ဘုရားဂုဏ်တော် အကျဉ်းသုံးပါးတည်း။

ထိုတွင် အရဟံ,သမ္မာသမ္ဗုဒ္ဓ, ဝိဇ္ဇာစရဏသမ္ပန္န, လောကဝိဒူ-လေးပုဒ်တို့ဖြင့် ဖလဂုဏ်ကို၊ အနုတ္တရ ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ-ပုဒ်တို့ဖြင့် သတ္တုပကာရ ဂုဏ်ကို၊ ဗုဒ္ဓပုဒ်ဖြင့် ဖလ,သတ္တုပကာရ ဂုဏ်နှစ်ပါးကို။ သုဂတ, ဘဂဝါ-နှစ်ပုဒ်တို့ဖြင့် ဂုဏ်တော်သုံးပါးလုံးတို့ကို ပြ၏။ ဤသို့လည်း အောက်မေ့ ဆင်ခြင်အပ်၏။

ဘုရားရှိခိုးသော အရာဖြစ်မှုကား—

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမှိ ကိတ္တိဗျာပိတံ။
အတုလံ ဓမ္မရာဇာနံ၊ ဝန္ဒာမိ တီဟိ အာဒရံ။

ဤဂါထာကိုဆက်။ အနက်ကား—

ဧဝံ နဝဟိ ဂုဏေဟိ၊ ဤအရဟတာ အစလာသည့် ကိုးဖြာသောဂုဏ် တော်ပေါင်းတို့ဖြင့်။ လောကမှိ၊ ဘဝဂ်ဆုံးအောင် ဘုံသုံးဆောင်၌။ ကိတ္တိ-ဗျာပိတံ၊ သိမ့်သိမ့်တုန်ခတ် ပဲ့တင်ထပ်မျှ နှံ့စပ်ကျော်စောခြင်း ရှိတော်မူသော။ အတုလံ၊ အသာခေရဏ သီလစသည် အနန္တဟူ သတင်းကြူ၍ ပြိုင်တူသူ ရှိတော်မမူသော။ ဓမ္မရာဇာနံ၊ တရားသဖြင့် ထွန်းဖျားစင်စစ် မင်းဆုံး ဖြစ်တော် မူသော မြတ်စွာဘုရားကို။ တီဟိ၊ ကာယညွတ်ချီ ဝစီ,မန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ဘယ,လာဘ, ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးရည်မြော် ကျေးဇူးတော်ကို ချီငေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

ဤဆိုအပ်ပြီးသည်အတိုင်း အောက်မေ့ဆင်ခြင်သော ယောဂီပုဂ္ဂိုလ်အား ဘုရားဂုဏ်တော်သို့ ညွတ်ကိုင်းရှိုင်းဝှမ်းသော ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂ-တာ ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ဥပစာရ ဈာန် ဖြစ်လာ၏။ ဂုဏ်တော် တို့၏ ပရမတ္ထ ဓမ္မဂမ္ဘီရအဖြစ်,နာနပ္ပကာရဂုဏာ နုဿရဏာဓိမုတ္တ အဖြစ်ကြောင့် အပ္ပနာသို့မရောက်နိုင်မူ၍ ဥပစာရဈာန်တွင်၍ ပြည့်စုံသည်။

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းအကျိုး။　　။ဤဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းအကျိုးကား—

န ကိလေသာ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
ဗုဒ္ဓေ သဂါရဝေါ ဟောတိ၊ သဒ္ဓါဒိဝိပုလော ဘဝေ။

---

၁။ သတ္တုပကာရ= (သတ္တ=သတ္တဝါ + ဥပကာရ=ကျေးဇူးပြုခြင်း) သတ္တဝါတို့ကို ကျေးဇူးပြုတော်မူခြင်း။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ ဒုက္ခံ သဟတိ ဘေရဝံ။
စေတိယဃရ သဒိသော၊ သဟ ဝါသေ၀ သတ္ထုနာ။
ဟိရောတ္တပ္ပ'မုပဋ္ဌာတိ၊ နမတေ ဗုဒ္ဓဘူမိယံ။
ဥဒ္ဓ'မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။
တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာ၀ါယ၊ ဗုဒ္ဓါနုဿတိယာ သဒါ[၁]။

ဝိသုဒ္ဓိမဂ္ဂသင်္ဂဟ။

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာ ဟူ ခိုးသူရပ်ခွင် ဝန်းကျင်ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင့်အပ်သော။ စိတ္တံ ၊စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကံဧဝ၊ ကာယဝင်္က မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန်သည်သာလျှင်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓေ၊ ဘုရားရှင်၌။ သဂါရဝေါ၊ ရိုသေကျိုးနွံခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါဒိဝိပုလော၊ သဒ္ဓါ သတိ ပညာ ပုည ပြန့်ပြောလှသည်။ ဘဝေ၊ ဖြစ်၏။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက် ဝမ်းမြောက်ခြင်းများသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲခြင်းကိုငင်း။ ဘေရဝံ၊ ကြောက်မက်ဘွယ်သောဘေးကိုငင်း။ သဟတိ၊ သည်းခံနိုင်၏။ စေတိယဃရ သဒိသော၊ စေတီအိမ်အတူ အပူဇော်ခံထိုက်၏။ သတ္ထုနာ၊ ဘုရားရှင်နှင့်။ သဟဝါသော ဣ၀၊ အတူမကွေ နေရသည့်သွင် မှတ်ထင်၏။

ဟိရောတ္တပ္ပံ၊ မြတ်စွာဘုရား ရှေ့တော်ပါး၌သို့ တရားညစ်ကျူ မကောင်းမှုကို ပြုရမည်မှ ရှက်ကြောက်ခြင်း ဟိရိဩတ္တပ္ပတရားသည်။ ဥပဋ္ဌာတိ၊ အမြဲထက်ကြပ် ကပ်၍တည်၏။ ဗုဒ္ဓဘူမိယံ၊ ဘုရားအရာ၌။ နမတေ၊ စိတ်ညွတ်၏။ သော၊ ထို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများသော ယောဂီသည်။ ဥဒ္ဓံ၊ သစ္စာလေးချက် အထက်တရားတို့ကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်သေးသည်ရှိသော်။ သုဂတိပရာယဏော၊ လူ့ဘုံနတ်ရပ် မြတ်သောသုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာ၀ါယ၊ ကြီးသော အာနုဘော်ရှိသော။ ဗုဒ္ဓါ-နုဿတိယာ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ စီးဖြန်းအားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

ဗုဒ္ဓါနုဿတိ ပြီး၏။

---

၁။ ဝိသုဒ္ဓိမဂ် ၊ဋ္ဌ၊ပ၊နှာ-၂၀၆-လာ စုဏ္ဏိယများကို ဂါထာစီထားသည်။
နောက်ဆုံးဂါထာကား ဝိသုဒ္ဓိမဂ်လာရင်းဖြစ်သည်။

## ဓမ္မာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

ဓမ္မာနုဿတိကို ပွါးလိုသော ယောဂီသည် ဆိတ်ငြိမ်ရာသို့ ကပ်လျက်—

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော အကာလိကော ဧဟိပဿိကော ဩပနေယျိကော ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ—

ဤသို့ တရားတော်၏ ဂုဏ်တော်တို့ကို ဆင်ခြင်အောက်မေ့အပ်ကုန်၏။

သွာက္ခာတ။ ။အနက်ကား—ဘဂဝတာ၊ ဣဿရိယ စသည်ခြောက်ဖော် ရှေဘုန်းတော်သခင် ဘုရားရှင်သည်။ ဓမ္မော၊ ပရိယတ်နှင့်တကွ ဆယ်ပါးသော တရားတော်မြတ်ကို။ သွာက္ခာတော၊ စ, လယ်, ဆုံးအား သုံးပါးကောင်းလုံ ပြည့်စုံပုဒ်,နက် လောင်းစွက်,ပယ်ဖွယ် မိပ္ပါယ်နက်ကင်း သန့်ရှင်းပြည့်ဖြိုး (ပရိယတ်ကိုယူ)။ ကြောင်း, ကျိုး ဖြောင့်မှန် နိဗ္ဗာန်ပဋိပဒ် စပ်ဟပ်သင့်ရှောင်း တည့်မစောင်းပေ(မဂ် နိဗ္ဗာန်ကိုယူ)။ မဇ္ဈေပဋိပဒ် ပဿဒ်ကိလေသာ သဿတာမတ[၁] ဟုတ်မှန်လှ၍ (မဂ် ဖိုလ် နိဗ္ဗာန်ကိုယူ)။ ရွေးမျှ သွေလှန် မဖောက်ပြန်ပဲ ကောင်းမွန်စွာ ဟောတော်မူအပ်၏။

သန္ဒိဋ္ဌိက။ ။ဓမ္မော၊ လောကုတ္တရာ တရားကိုးပါးသည်။ သန္ဒိဋ္ဌိကော၊ ရာဂါဒိကာ ကိလေသာကို ပယ်ခွါတွန်းလှန် မဂ္ဂဉ်နှင့် ရှစ်တန်အရိယာ ကိုယ်တိုင်သာလျှင် သဒ္ဓါယုံမှတ် ရှုမြင်အပ်၏။

သယံ ဒဋ္ဌဗ္ဗောတိ သန္ဒိဋ္ဌိ။ သန္ဒိဋ္ဌိ ဧဝ သန္ဒိဋ္ဌိကော-ပြု။

ရှေ့ရပ်သံပုဒ် ပသတ်ထုတ်၍ သမ္ပယုတ္တ ကာရကဉာဏ်နှင့် ဝိသယဝါ[၂] ဉာဏ်ပညာဖြင့် ကိလေသာမာရ် ကိုယ်တွင်းရန်ကို တွန်းလှန်နှိမ်နင်း ပယ်ခွင်းအောင်မြင်။

ပသတ္ထာယ ဒိဋ္ဌိယာ ဇယတီတိ သန္ဒိဋ္ဌိကော-ပြု။

---

၁။ မဇ္ဈေပဋိပဒ်=အရိယမဂ်သည် အစွန်း ၂-ဘက်သို့ မရောက်စေပဲ၊ အလယ် အလတ်ကျင့်အပ်သော တရားဖြစ်သည်။

ပဿဒ်+ကိလေသာ=ပဿဒ္ဓိ+ကိလေသ=ဖိုလ်သည် ငြိမ်းပြီးသော + ကိလေသာရှိသော တရားဖြစ်သည်။

သဿတာမတ=သဿတ+အမတ=နိဗ္ဗာန်သည် အမြဲတည်သော သဘော, သေခြင်းကင်းသော သဘောတရား ဖြစ်သည်။

၂။ သမ္ပယုတ္တ=မဂ်နှင့်ယှဉ်သော။ ကာရကဉာ=ဖိုလ်၏ အကြောင်း ဖြစ်သော (မဂ်နှင့်ယှဉ်သော)။

ဝိသယ+ဝါ= (ဝိသယ+ဝန္တု=နိဗ္ဗာန်ဟူသော အာရုံ+ရှိသော) နိဗ္ဗာန်ကို အာရုံပြုသော, နိဗ္ဗာန်၏ အာရမ္မဏိကဖြစ်သော (မဂ်နှင့်ယှဉ်သော)။

ရှုမြင်မှုသာ ဝင့်နှစ်ရာ၍ ဘာဝနာ သစ္စိက ဘိသမယ[၁]ဟု ဉာဏ်နှစ်ခုဖြင့် ရှုခြင်းကို ထိုက်ပေ၏။

ဒဿနံ အရဟတီတိ သန္ဒိဋ္ဌိကော-ပြု။

**အကာလိက။** ။ဓမ္မော၊ မဂ်လေးပါးတရားသည်။ အကာလိကော၊ ငါးရက်, ခုနစ်ရက် စသည်တက်၍ ငံ့လျက်ရှည်ဝေး ကျိုးပေးမငံ့ အခြားမဲ့လျှင်း ယှဉ်စပ်ချဉ်း၍ အကျိုးပေးခြင်း ကာလရှိ၏။

**ဧဟိပဿိက။** ။ဓမ္မော၊ လောကုတ္တရာ တရားကိုးပါးသည်။ ဧဟိပဿိကော၊ ဝေဟာတက်ထွန်း ယုဂန်စွန်း၌ လဝန်းအလား ပတ္တမြား သဖွယ်ဖြစ်၍ စင်ကြယ်ထင်ရှား ဤတရားကို လာလားရှုလိုက် စီရင်ခြင်းကို ထိုက်ပေ၏။

**ဩပနေယျိက။** ။ဓမ္မော၊လောကုတ္တရာ တရားကိုးပါးသည်။ ဩပနေယျိကော၊ ပုဆိုးဥသျှောင် မီးလောင်ရဲရဲ မသတ်ပဲလည်း စိတ်ထဲဆောင်လင့် ဖြစ်စေသင့်၏ (သခ်တကိုယူ)။ စိတ်ဖြင့်ဆောင်ထိုက် (အသခ်တကိုယူ)။ သိမ်းပိုက်ထိုက်သူ များဖိုလ်လူကို နိဗ္ဗူဆောင်တတ် (မဂ်ကိုယူ)။ သစ္စိကတ်သို့ ဆောင်အပ် ဆောင်သင့်ပေ၏ (ဖိုလ်,နိဗ္ဗာန်ကိုယူ)။

**ပစ္စတ္တံ ဝေဒိတဗ္ဗော။** ။ဓမ္မော၊ ကိုးပါးသော လောကုတ္တရာ တရားကို။ ဝါ၊ တရားသည်။ ဝိညူဟိ၊ ဥဃ္ဃဋိတညူ, ဝိပဉ္စိတညူ, နေယျ လေးသစ္စကို ကျွန်မြင်သိ ပညာရှိတို့သည်။ ပစ္စတ္တံ၊ အသီးအသီး မိမိစိတ်၌။ ဝေဒိတဗ္ဗော၊ သိအပ် ရှုအပ် ခံစားအပ်၏။ ဝါ၊ ခံစားအပ်သော တရားပေတည်း။

တနည်းလည်း—

သ္ဝာက္ခာတတာဒယော ဟောန္တိ၊ သန္ဒိဋ္ဌိကာဒိဟေတုတော။
ဧဟိပဿိကော ယော စာပိ၊ သော နာမ ဩပနေယျိကော[၂]။

သန္ဒိဋ္ဌိကာဒိ ဟေတုတော၊ သန္ဒိဋ္ဌိက, အကာလိက, ဧဟိပဿိက ဟူသော နောက်နောက်သော အကြောင်းကြောင့်။ သွာက္ခာတတာဒယော၊ သွာက္ခာတ, သန္ဒိဋ္ဌိက, အကာလိက ဟူသော ရှေးရှေးသော ဂုဏ်တော်တို့သည်။ ဝါ၊ ဂုဏ်တော်နှင့် ပြည့်စုံကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ယော စာပိ၊ အကြင်

---

၁။ အဘိသမယ=ထိုးထွင်း၍သိခြင်း၊ အဘိသမယ ၂-မျိုးရှိသည်။

(၁) ဘာဝနာ အဘိသမယ=ပွါးများ၍ထိုးထွင်းသိခြင်း (မဂ်,ဖိုလ်)။

(၂) သစ္စိကအဘိသမယ=မျက်မှောက်ပြု၍ထိုးထွင်းသိခြင်း (နိဗ္ဗာန်)။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ၊နှာ-၂၁၁။

တရားသည်လည်း။ ဧဟိပဿိကော၊ ဝေဟာတက်ထွန်း ယုဂန်စွန်း၌ လဝန်း အလား ပတ္တမြားသဖွယ်ဖြစ်၍ စင်ကြယ်ထင်ရှား ဤတရားကို လာလားရှု လိုက် စီရင်ခြင်းကို ထိုက်၏။ သော နာမ ဓမ္မော၊ ထို ဧဟိပဿိက မည်သော တရားသည်။ ဩပနေယျိကော၊ ပုဆိုးဥသျှောင် မီးလောင်ရဲရဲ မသတ်ပဲလည်း စိတ်ထဲ ဆောင်လင့် ဖြစ်စေသင့်၏။ စိတ်ဖြင့် ဆောင်ထိုက် သိမ်းပိုက်ထိုက်သူ များဗိုလ်လူကို နိဗ္ဗူဆောင်တတ် သစ္စိကတ်သို့ ဆောင်အပ် စင်စစ်ပေတည်း။ ဤသို့လည်း အောက်မေ့အပ်၏။

တရားတော်ကို ရှိခိုးသောအခါဖြစ်မူ—

> ဠစ္စေဝံ ဆဟိ ဂုဏေဟိ၊ ပါကဋံ ဇိနပူဇိတံ။
> သမ္ပတ္တိဒါယကံ ဓမ္မံ၊ နမာမိ တီဟိ အာဒရံ။

ဤဂါထာကိုဆက်။ အနက်ကား—

ဠစ္စေဝံ၊ ဤသို့။ ဆဟိ ဂုဏေဟိ၊ သွာက္ခာတတာ အစလာသည် ခြောက်ဖြာ သော ဂုဏ်တော်ပေါင်းတို့ဖြင့်။ ပါကဋံ၊ နေ့လ အလား လူသုံးပါး၌ ထင်ရှား ပေါ်လွင်ထသော။ ဇိနပူဇိတံ၊ ပဌမာရဇိန် ငါးမာရ်နှိမ်သည့် မုနိန်သကျာ စောမြတ်စွာသည် သေဝနာမြဲ နည်းနှစ်ကွဲဖြင့် မှီဝဲ ပူဇော်အပ်ထသော။ သမ္ပတ္တိဒါယကံ၊ လူ့နတ်နိဗ္ဗာန် သုံးတန်ကြီးမား စည်းစိမ်အားကို မြှောက်စား လက်ရ ပေးတတ်ထသော။ ဓမ္မံ၊ မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်အား ဆယ်တရားကို။ တီဟိ၊ ကာယည္တတ်ချီ ဝစီ့မန သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ နမာမိ၊ ဘယ လာဘ ကုလကြဉ်ဝေး သံသာဘေးမှ လွတ်ရေးရည်မြော် ကျေးဇူး တော်ကို ချီငေါ်မြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

ဤသို့ အောက်မေ့ဆင်ခြင်သော ယောဂီသည် ရှေးအတိုင်း (ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း အတိုင်း) ဥပစာရစျာန်ကို ရ၏။

ဓမ္မာနုဿတိကမ္မဋ္ဌာန်း၏အကျိုး။　　။အကျိုးအာနိသင်ကား—

> န ကိလေသပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
> ဗုဒ္ဓေ ဓမ္မေ သဂါရဝေါ၊ သဒ္ဓါဒိဝိပုလော ဘဝေ။
>
> ပီတိ ပါမောဇ္ဇ ဗဟုလော၊ ဒုက္ခံ သဟာတိ ဘေရဝံ။
> စေတီယ ဃရ သဒိသော၊ ဓမ္မေန သဟဝါသိဝါ။
>
> ဟိရောတ္တပ္ပ'မုပဋ္ဌာတိ၊ နမတေ သိဝလာဘယာ။
> ဥဒ္ဒ'မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဓမ္မာနုဿတိယာ သဒါ᳐။

'သဟာဝါသိဝါ'ကို 'သဟာဝါသော + ဣဝ' ဟု၊ 'သိဝလာဘာယာ'ကို 'သိဝ လာဘာယ'ဟု ပုဒ်ဖြတ်။ ·

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာဟူ ခိုးသူရပ်ခွင် ထက်ဝန်းကျင် ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကံ ဧဝ၊ ကာယဝင်္က မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန်သည် သာလျှင်ဖြစ်သော၊' စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဗုဒ္ဓေ၊ ဘုရား၌၎င်း။ ဓမ္မေ၊ တရား၌၎င်း။ သဂါရဝေါ၊ ရိုသေကျိုးနွံခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါဒိ ဝိပုလော၊ သဒ္ဓါ သတိ ပညာ ပုည ပြန့်ပြောလှသည်။ ဘဝေ၊ ဖြစ်၏။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ဝမ်းမြောက်ခြင်းများသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲခြင်းကို၎င်း။ ဘေရဝံ၊ ကြောက်မက်ဖွယ်သော ဘေးကို၎င်း။ သဟတိ၊ သည်းခံနိုင်၏။ စေတိယ ဃရ သဒိသော၊ စေတီအိမ်အတူ အပူဇော် ခံထိုက်၏။ ဓမ္မေန၊ တရားနှင့်။ သဟာဝါသိဝါ=သဟာဝါသော ဣဝ၊ အတူမကွေ နေရသည်သွင် မှတ်ထင်၏။

ဟိရောတ္တပ္ပံ၊ မြတ်စွာဘုရား ရှေ့တော်ပါး၌သို့ တရားညစ်ကျူ မကောင်းမှုကို ပြုရမည်မှ ရှက်ကြောက်ခြင်း ဟိရီ,ဩတ္တပ္ပတရားသည်။ ဥပဋ္ဌာတိ၊ အမြဲ ထက်ကြပ် ကပ်၍တည်၏။ သိဝလာဘာယာ=သိဝ လာဘာယ၊နိဗ္ဗာန်ကို ရခြင်း၌။ နမတေ၊ စိတ်ညွှတ်၏။ သော၊ ထိုဓမ္မာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ ဥဒ္ဓံ၊ သစ္စာလေးချက် အထက်တရားတို့ကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိ အတွင်း မထွင်းမဖောက် မရောက်သေးသည် ရှိသော်။ သုဂတိပရာယဏော၊ လူ့,ဘုံ နတ်ရပ် မြတ်သောသုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးသောအာနုဘော်ရှိသော။ ဓမ္မာနုဿတိယာ၊ ဓမ္မာနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ စီးဖြန်းအားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

(ဓမ္မာနုဿတိ ပြီး၏။)

---

၁။ နောက်ဆုံးဂါထာ ဝိသုဒ္ဓိမဂ်၌ လာရင်းဖြစ်သည်၊ ကြွင်းဂါထာများ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၂၁၁-လာ စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။

## သံဃာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

သံဃာနုဿတိကို ပွါးလိုသော ယောဂီသည်လည်း ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက်—

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော။ပ။ ဉာယပ္ပဋိပန္နော, သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ၊ ဧသ ဘဂဝတော သာဝက-သံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိ-ကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဤသို့ သံဃာတော်၏ ဂုဏ်တော်တို့ကို အောက်မေ့ ဆင်ခြင်အပ်၏။

အနက်ကား— ဘဂဝတော၊ ဤဿရိယ စသည် ခြောက်ဘော် ရှေ့ဘုန်းတော်သခင် ဘုရားရှင်၏။ သာဝကသံဃော၊ ဆုံးမသံကို ကျိုးနွံတုပ်ဝပ် နာခံ တတ်စွာ အရိယာရှစ်ယောက်တို့၏ အပေါင်းသည်။

တေန အရိယာ ဧဝ နိပ္ပရိယာယတော သတ္ထု သာဝကာ နာမာတိ ဒဿေတိ။ ဋီကာ(၊ပ၊နှာ-၂၇၀)

သုပ္ပဋိပန္နော၊ မဖောက်မပြန် ဆုတ်လှန်မနစ် လျော်စွာဖြစ်သော စင်စစ် လျောက်ပတ် ဗျူပွတ်အလာ သကတ္တာကြောင့် သမ္မာသုဋ္ဌု ဥဇု ဉာယ သာမိစ ဖြစ်သင့် မဂ်အကျင့်ကို ကောင်းစွာ ကျင့်တော်မူပေတတ်၏။

မဂ္ဂဋ္ဌ-သာလျှင် သုပ္ပဋိပန္န မုချ၊ ဖလဋ္ဌ-သည်ကား ဘူတပုဗ္ဗဂတိက။

ဝတ္တမာနတ္ထော ဟိ အယံ ပဋိပန္န-သဒ္ဒေါ။ ယထာ 'သောတာပတ္တိဖလ-သစ္ဆိကိရိယာယ ပဋိပန္နော'တိ။ ဋီကာ (၊ပ၊နှာ-၂၇၉)

ဥဇုပ္ပဋိပန္နော၊ မာယာ,သာဌေယျ စသည်အကောက် ပယ်ဖြတ်တောက်၍ မကောက်ဖြောင့်မတ် ကျင့်တော်မူတတ်ပေ၏။

ဉာယပ္ပဋိပန္နော၊ မဆန့်သင့်တန် မြိုက်နိဗ္ဗာန်နှင့် လျော်ကန်စွာ ကျင့်တော် မူတတ်ပေ၏။

သာမိစိပ္ပဋိပန္နော၊ လျောက်ပတ်စွာ ကျင့်တော်မူတတ်ပေ၏။ ဤသုံးပုဒ်ကား သုပ္ပဋိပန္နပုဒ်၏ အဖွင့်။

ဧတေန ပဌမပဒဿ ပပဉ္စနိဒ္ဒေသော၊ ဣတရာနိ တီဏိ ပဒါနီတိ ဒဿေတိ။ ဋီကာ (၊ပ၊နှာ-၂၇၀)

တနည်း—မရောယှက် အသီးအသီး အနက်ကား—

သုပ္ပဋိပန္နော၊ ဆိုးမတိုင်းသာ ကောင်းစွာမချွတ် ကျင့်တော်မူပေတတ်၏။

ဥဇုပ္ပဋိပန္နော၊ အန္တဒွယ ပါပကသို့ မကျမကပ် ကောက်သုံးရပ်[၁]နှင့် မစပ် မတွယ် အလယ်အလတ် ဖြောင့်မတ်စွာ ကျင့်တော်မူပေတတ်၏။

ဉာယပ္ပဋိပန္နော၊ ပုဆိုး ဥဿျောင် မီးလောင်ရဲရဲ မသတ်ပဲလည်း ခဲထိုက်ကေန် ငြိမ်းရာမှန်သော နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူတတ်ပေ၏။

ဉာယော[၂] နာမ ယုတ္တာပတ္တပ္ပဋိပတ္တိ။ပ။ နိဗ္ဗာယနကြိယာမုခေန စေတ္တ နိဗ္ဗာနံ ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ မဂ္ဂဉာဏာဒီဟိ ဝါ ဉာယတိ ပဋိဝိဇ္ဈိယတိ သစ္ဆိကရီယတိ စာတိ ဉာယော နိဗ္ဗာနံ။ ဋီကာ(၊ပါနှာ-၂၇၉-၂၈၀)

သာမိစိပ္ပဋိပန္နော၊ ချီးမွမ်းသမှု သူတို့ပြုသည့် ပစ္စုဋ္ဌာန[၃] စသည်ပြားဘိ သာမိစိကံ လျော်ထိုက်တန်အောင် ကျင့်ဆောင်တော် မူတတ်ပေ၏။

စတ္တာရိ၊ လေးပါးကုန်သော။ ယဒိဒံ ယာနိ ဣမာနိ ပုရိသယုဂါနိ၊ အကြင် ပုဂ္ဂိုလ်အစုံတို့သည်။ အဋ္ဌ၊ ရှစ်ယောက်ကုန်သော။ ယဒိဒံ ယေ ဣမေ ပုရိသ-ပုဂ္ဂလာ၊ အကြင် အသီးအသီးသော ပုဂ္ဂိုလ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဘဂဝတော၊ ဣဿရိယ စသည်ခြောက်ဖော် ရွှေဘုန်းတော်သခင် ဘုရားရှင်၏။ ဧသ ဧသော သာဝကသံဃော၊ ဤအစုံအားဖြင့် လေးပါး အသီးအားဖြင့် ရှစ်ပါးသော တပည့်သား သံဃာတော်မြတ်သည်—

အာဟုနေယျော၊ အဝေးမှ ယူဆောင်ရှိမူလည်း ကြည်ဖြူလေးမြတ် ပူဇော် အပ်သော ပစ္စည်း လေးရပ်ကို ခံထိုက်ပေ၏။

ဒူရတောပိ စ အာဂန္ဒွာ၊ သဗ္ဗံ'မေတ္ထ ဟုနီယတေ။
သက္ကာဒီနံ' ပျာ'ဟဝနံ၊ အရဟော အာဟုနေယျကော။

ဟူ၍လည်း အောက်မေ့အပ်၏။ (ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပါနှာ-၂၁၃)

ဒူရတောပိစ၊ တနယ်တကျေး တရပ်ဝေးကသော်လည်း။ အာဂန္ဒွာ၊ လာ လတ်၍။ သဗ္ဗံ၊ ကြွင်းမဲ့ဉဿုံ အလုံးစုံရေစစ် ဥစ္စာနှစ်ကို။ ဧတ္ထ၊ ဤမျှားစွာဖွဲ့ဖြိုး

---

၁။ (၁) ကာယကံဟူသော နွားကျင်ကောက်။ (၂) ဝစီကံဟူသော လ-ရေးကောက်။ (၃) မနောကံဟူသော ထွန်ကိုင်းကောက်။

၂။ သခ်တ တရားတို့၏ ငြိမ်းရာဖြစ်ခြင်းကြောင့် နိဗ္ဗာန်ကို ဉာယဟု ခေါ်သည်။ မဂ်ဉာဏ်စသည်တို့ဖြင့် မျက်မှောက်ပြုအပ် ထိုးထွင်း သိအပ်သောကြောင့်လည်း နိဗ္ဗာန်ကို ဉာယဟု ခေါ်သည်။

၃။ ပစ္စုဋ္ဌာန=(ပဋိ+ဥဋ္ဌာန=ကြိုတင်+ထကြွပြုခြင်း) ခရီးဦးကြိုဆိုခြင်း။

အကျိုးပေးတတ် သဃ်ာမြတ်၌။ ဟုနီယတေ၊ ကြည်ဖြူလေးမြတ် ပူဇော်အပ်၏။ သက္ကာဒီနမ္ပိ၊ နတ်များသေင်္ခနင်း သိကြားမင်း စသည်တို့၏သော်လည်း။ အာဟာဝနံ၊ ရှိသေကော်ရော် ပူဇော်ခြင်းကို။ အရဟော၊ ခံတော်မူထိုက်၏။ တသ္မာ၊ ထိုကြောင့်။ အာဟုနေယျကော၊ အာဟုနေယျ မည်တော်မူ၏။

ပါဟုနေယျော၊ ဝေးရပ်ဒိသာ ဆိုက်ရောက်လာသည့် ဉာတကာဗန္ဓု အာဂန္တု အား ရည်၍ထားသော ထူးပြားကောင်းမြတ် ဒါနဝတ်ကို ပယ်လတ်ထို့သူ ပေးလှူသင့်ပေ ခံသင့်ပေ၏။

သဗ္ဗပ္ပထမံ'မာနေတွာ၊ အဂ္ဂံ'မေတ္တ ဟုနီယတေ။
ပကာရေန အာဟာဝနံ၊ အရဟော ပါဟုနေယျကော ၁။

ဟူ၍လည်း ဆင်ခြင်အပ်၏။

သဗ္ဗပ္ပထမံ၊ သူခပ်သိမ်းတို့၏ ရှေးဦးစွာ။ အာနေတွာ၊ ဆောင်ယူ၍။ အဂ္ဂံ၊ အဦးအဖျားကို။ ဧတ္ထ၊ ဤမျှားစွာဖွံ့ဖြိုး အကျိုးပေးတတ် သဃ်ာမြတ်၌။ ဟုနီယတေ၊ ကြည်ဖြူလေးမြတ် ပူဇော်အပ်၏။ ပကာရေန၊ ရှိသေသမှု ကောင်းစွာ ပြုခြင်း စသော အပြားအားဖြင့်။ အာဟာဝနံ၊ ပူဇော်ခြင်းကို။ အရဟော၊ ခံတော်မူထိုက်ပေ၏။ တသ္မာ၊ ထိုကြောင့်။ ပါဟုနေယျကော၊ ပါဟု· နေယျ မည်တော်မူ၏။

ဒက္ခိဏေယျော၊ သတ္တဝါတို့ ချမ်းသာ ပွါးကြောင်း ကောင်းစွာ ကြည်ဖြူ ကပ်သော အလှူကို ခံတော်မူထိုက်ပေ၏။

အဉ္ဇလိကရဏီယော၊ ကောင်းကျိုးလိုလျက် လက်နှစ်ဖက်ကို ထိပ်ထက်ချီမိုး ရှိခိုးခြင်း၏ တည်ရာပေတည်း။

လောကဿ၊ ဗြဟ္မာနတ်လူ သုံးဘုံသူ၏။ အနုတ္တရံ၊ အတုမရှိ မြတ်ခေါင် ထိသော။ ပုညက္ခေတ္တံ၊ ကောင်းမှုမျိုး၏ စိုက်ပျိုးပေါက်ပွါး ဖွံ့ထွားစည်ပင်ရာ လယ်တာမြေကောင်းအတူ ဖြစ်တော်မူ၏။

ရှိခိုးသောအရာဖြစ်မှု—

ဧဝံ နဝဟိ ဂုဏေဟိ၊ လောကမ္ဘိ ဝိဿုတံ ဂဏံ။
အနေကဂုဏသမ္ဗန္ဓံ၊ ဝန္ဒာမိ တီဟိ အာဒရံ။

ဤဂါထာကိုဆက်။ အနက်ကား—

ဧဝံ၊ ဤသို့။ နဝဟိ ဂုဏေဟိ၊ သုပ္ပဋိပန္န စသည် အပြား ဂုဏ်ကိုးပါးတို့ဖြင့်။ လောကမ္ဘိ၊ လောက၌။ ဝိဿုတံ၊ ကြေညာထင်ရှားထသော။ အနေကဂုဏ-

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၂၁၃။

သမ္ပန္နံ၊ လေးရပ်သမ္ဘိ ခြောက်လီအဘိညာ ရှစ်ဖြာသမာပတ်စသော များသော ကျေးဇူးနှင့် ပြည့်စုံထသော။ ဂဏံ၊ ရှစ်ပါး အရိယာ သံဃာတော်မြတ် အပေါင်းကို။ တီဟိ၊ သုံးဒွါရတို့ဖြင့်။ အာဒရံ၊ ရိုသေစွာ။ ဝန္ဒာမိ၊ ရှိခိုးပါ၏ ဘုရား။

ဤသို့ ဆင်ခြင်ဖန်များသော ယောဂီအား ရှေးအတိုင်း ဥပစာရစျာန်ဖြစ်လာ၏။

**သံဃာနုဿတိကမ္မဋ္ဌာန်း၏အကျိုး။** ။အာနိသင်ကား—

န ကိလေသ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
သံဃေ သဂါရဝေါ ဟောတိ၊ သဒ္ဓါဒိဝိပုလော ဘဝေ။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ ဒုက္ခံ သဟတိ ဘေရဝံ။
စေတီယဃရသဒိသော၊ သံဃေန သဟဝါသိဝါ။

ဟိရောတ္တပ္ပ'မုပဋ္ဌာတိ၊ နမတေ တံဂုဏတ္ထယာ။
ဥဒ္ဓ'မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ သံဃာနုဿတိယာ သဒါ[၁]။

'တံဂုဏတ္ထယာ' ကို 'တံ ဂုဏတ္ထာယ' ဟု-ပုဒ်ဖြတ်။

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာဟူ ခိုးသူရပ်ခွင် ထက်ဝန်းကျင်ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကံဧဝ၊ ကာယဝင်္က မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန်သည်သာ လျှင်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ သံဃာတော်မြတ်၌။ သဂါရဝေါ၊ ရိုသေကျိုးနွံခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါဒိဝိပုလော၊ သဒ္ဓါ,သတိ, ပညာ,ပုည ပွါးပြောလှသည်။ ဘဝေ၊ ဖြစ်၏။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ဝမ်းမြောက်ခြင်းများသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခံ၊ ဆင်းရဲခြင်းကိုရင်း။ ဘေရဝံ၊ ကြောက်မက်ဘွယ်ဘေးကိုရင်း။ သဟတိ၊ သည်းခံနိုင်၏။ စေတိယ ဃရ သဒိသော၊ စေတီအိမ်အတူ အပူဇော်ခံထိုက်၏။ သံဃေန၊ သံဃာတော်မြတ်နှင့်။ သဟဝါသိဝါ–သဟဝါသော ဣဝ၊ အတူမကွေ နေရသည်သွင် မှတ်ထင်၏။

ဟိရောတ္တပ္ပံ၊ မြတ်စွာဘုရား ရှေ့ဘော်ပါး၌သို့ တရားညစ်ကျူ မကောင်းမှုကို ပြုရမည်မှ ရှက်ကြောက်ခြင်း ဟိရီဩတ္တပ္ပတရားသည်။ ဥပဋ္ဌာတိ၊ အမြဲ

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌပ၊ နှာ-၂၁၄ လာ စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။ နောက်ဆုံးဂါထာ လာရင်းဖြစ်သည်။

ထက်ကြပ် ကပ်၍တည်၏။ တံဂုဏတ္ထယာ-တံဂုဏတ္ထာယ၊ ထိုသင်္ဃာတော်၏ ဂုဏ်ကို ရခြင်းအကျိုးငှါ။ နမတော၊ စိတ်ညွတ်၏။ သော၊ ထိုသံဃာနုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ ဥဒ္ဓံ၊ သစ္စာလေးချက် အထက် တရားတို့ကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်သေးသည် ရှိသော်။ သုဂတိ ပရာယဏော၊ လူ့ဘုံ နတ်ရပ် မြတ်သောသုဂတိဘဝသို့ လားရ သည်။ ဟောတိ၊ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးသောအာနုဘော်ရှိသော။ သံဃာနုဿတိ- ယာ၊ သံဃာနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါ ခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့ မလျော့ စီးဖြန်းအားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

(သံဃာနုဿတိ ပြီး၏။)

---

## သီလာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

သီလာနုဿဘိကို ပွါးလိုသော ယောဂီသူမြတ်သည်လည်း ဆိတ်ငြိမ်ရာသို့ ကပ်လျက်—

အဟော ဝတ မေ သီလာနိ အခဏ္ဍာနိ အစ္ဆိဒ္ဒါနိ အသဗလာနိ အကမ္မာ- သာနိ ဘုဇိဿာနိ ဝိညူပသဋ္ဌာနိ အပရာမဋ္ဌာနိ သမာဓိသံဝတ္တနကာနိ[၁]။

ဟူ၍ မိမိ၏ ငါးပါးသီလစသော ဂဟဋ္ဌ, ပဗ္ဗဇိတသီလ စေတနာကို ဆင်ခြင် အပ်၏။ သူတပါး၏ သီလကား မေတ္တာ၏ အကြောင်းသာတည်း။

မေ၊ ငါ၏။ သီလာနိ၊သီလတို့သည်။ အဟော အခဏ္ဍာနိ ဝတ၊ စွန်နားမြိတ် စ မကျိုးမပြတ် ပေကုန်စွတကား။ အဟော အစ္ဆိဒ္ဒါနိ ဝတ၊ လယ်ချာဗွေကွင်း အပျက် ကင်း၍ မဖောက်မထွင်းပေကုန် စွတကား။ အဟော အသဗလာနိ ဝတ၊ နွားမကျားကဲ့သို့ နှစ်ပါး သုံးပါး မပျက်ပြား၍ မကျားမကွက် ပေကုန်စွ တကား။ အဟော အကမ္မာသာနိ ဝတ၊ နွားမပြောက်ကဲ့သို့ ကြိုးကြား ပြိုး ပြောက် မပျက်ပေါက်၍ မပြောက်မကျား ပေကုန်စွတကား။

တနည်းလည်း—မေ၊ ငါ၏။ သီလာနိ၊ သတ္တဝိဓ မေထုန်[၂]နှင့် ကောဓုပ- ပနာဟ စသည်ညစ်ကျုု မကောင်းမှုတို့ တခုမတွယ် စင်ကြယ်သော သီလ တို့သည်။ အဟော ဝတ၊ ဩ-ကောင်းလှပေစွတကား။ အခဏ္ဍာနိ၊ မကျိုးမပဲ့ ပေကုန်။ အစ္ဆိဒ္ဒါနိ၊ မပေါက်မပြတ်ပေကုန်။ အသဗလာနိ၊ မကျားမကွက်ပေ

---

၁။ အံ၊ ၂၊ နှာ-၂၅၃။　　၂။ မေထုန်ငယ် ၇-မျိုး၊ ဤကျမ်း ဒု-တွဲ၊ နှာ-၄၇။

ကုန်။ အကမ္မာသာနိ၊ မပြောက်ပေကုန်။ ဤသို့ သမ္မန်။ မေ၊ ငါ၏။ သီလာနိ၊ ကျိုးပေါက်,ကျားပြောက်မရှိကုန်သော သီလတို့သည်။ အဟော– ဘုဇိဿာနိ ဝတ၊ ဝိဝဋ္ဋူပနိဿယ ဘာဝါပါဒနာကြောင့် တဏှာ၏ကျွန် ဖြစ်ကို လွန်၍ တော်လှန်စေတတ် ပေကုန်စွတကား။ အဟော ဝိညူပသဋ္ဌာနိ ဝတ၊ ဘုရားစသော ပညာရှိတို့ ချီးမွမ်းထိုက်ပေကုန်စွ တကား။ အဟော အပရာမ-ဋ္ဌာနိ ဝတ၊ ဤသီလကြောင့် ဒေဝ,ဒေဝညတရ ဖြစ်ရချင်လို ထို၌မြဲရာစင်ကြယ် ရာ၏ဟု တဏှာဒိဋ္ဌိ စွန်းမငြိပေ လေးထွေဝိပတ် သူချဉ်းကပ်၍ မစွဲစွပ် မသုံးသပ်ထိုက်ပေကုန်စွ တကား။ အဟော သမာဓိ သံဝတ္တနကာနိ ဝတ၊ ဥပစာ နှင့် အပ္ပနာသမာဓိ မင်ဖိုလ်ထိအောင် သမာဓိကို ဖြစ်စေတတ်ပေကုန်စွ တကား။

ဤသို့ အခဏ္ဍတာ စသော ဂုဏ်အားဖြင့် မိမိသီလကို ဆင်ခြင်ဖန်များသော ယောဂီ ပုဂ္ဂိုလ်အား ရှေးနည်းတူစွာ ဥပစာရစျာန် ဖြစ်လာ၏။

**သီလာနုဿတိကမ္မဋ္ဌာန်း၏အကျိုး။** ။အာနိသင်ကား—

န ကိလေသ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
သိက္ခာယ စ သဂါရဝေါ၊ သဒ္ဓါဒိဝိပုလော ဘဝေ။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ သဘာဂေါ ဘယဒဿိတာ။
နတ္တာ'နုဝါဒါဒိဘယံ၊ သန္တာရေ အပ္ပမတ္တကော။
ဥဒ္ဒံ'မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ သီလာနုဿတိယာ သဒါ[၁]။

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာဟူ ခိုးသူရုပ်ခွင် ထက်ဝန်းကျင်ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကမေဝ၊ ကာယဝင် မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန် သည်သာလျှင်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သိက္ခာယ စ၊ သိက္ခာ၌လည်း။ သဂါရဝေါ၊ ရိုသေကျိုးနွံခြင်း ရှိသည်။ ဘဝေ၊ ဖြစ်၏။ သဒ္ဓါဒိဝိပုလော၊ သဒ္ဓါ သတိ ပညာ,ပုည ပြန့်ပြောလှသည်။ ဘဝေ၊ ဖြစ်၏။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက် ဝမ်းမြောက်ခြင်းများသည်။ ဘဝေ၊ ဖြစ်၏။ သဘာဂေါ၊ အခြားသူမှန် သီလဝန်တို့နှင့် ဆက်ဆံတူမျှသော ဖြစ်ခြင်းရှိ၏။ ဝါ၊ ထိုသီလနှင့် တူမျှသော သဘောရှိ၏။ ဘယဒဿိတာ၊

၁။ နောက်ဆုံးဂါထာ ဝိသုဒ္ဓိမဂ်လာရင်း၊ကျန်ဂါထာများ ဝိသုဒ္ဓိမဂ် ဋ္ဌ၊ပါ၊နှာ ၂၁၅-၆-လာ စုဏ္ဏိယ များကို မှီ၍ ဂါထာစီထားသည်။

ပရမာဏု အပြစ်စုကို မေရှုတရှိ ဘေးဟု–ရှုလေ့ရှိ၏။ အနုဝါဒါဒိဘယံ၊ အတ္တာ-နုဝါဒ, ပရာနုဝါဒ, ဒဏ္ဍ, ဒုဂ္ဂတိ[1] အစရှိသော ဘေးသည်။ နတ္ထိ၊ မရောက်မထိ မရှိနိုင်လေ။ သန္တာရေ၊ သူတပါးနှင့် ပေါက်ကြားတစိ မရှိစေရာ ထေးဖာစေ့စပ် ပြုခြင်းဟူသော အာမိသ, ဓမ္မ ပဋိသန္ထာရ အမှု၌။ အပ္ပမတ္တကော၊ သိက္ခာ ဂါရဝ-ဖြစ်၍ မမေ့မလျော့။ ဥဒ္ဒိ၊ သစ္စာလေးချက် အထက်တရားကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်သေးသည်ရှိသော်။ သော၊ ထို သီလာ-နုဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ သုဂတိ ပရာယဏော၊ လူ့ ဘုံနတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးသော အာနုဘော်ရှိသော။ သီလာနုဿတိယာ၊ သီလာနုဿတိ ကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ စီးဖြန်းအားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

(သီလာနုဿတိ ပြီး၏။)

---

## စာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

စာဂါနုဿတိကို ပွါးလိုသော ပုဂ္ဂိုလ်သည်ကား—ပြကတေ့ကပင် ဝေဖန် ခွဲခြမ်း ပေးကမ်းလှူဒါန်းလေ့ရှိသည် ဖြစ်၍သော်ငှင်း၊ ယခုနေ့မှစ၍ အလှူခံ ပုဂ္ဂိုလ်ရှိက နည်းစွအယုတ် ဆွမ်းတလုတ်စာမျှကိုမူလည်း မလှူမဒါန်း မပေး ကမ်းပဲ မသုံးစွဲအံ့ဟု ဆောက်တည်၍သော်ငှင်း၊ ကမ္မဋ္ဌာန်းစ၍ စီးဖြန်းအံ့သော နေ့၌ စွမ်းနိုင်သမျှ ဂုဏဝိသိဋ္ဌပုဂ္ဂိုလ်တို့၌ နှစ်ခြိုက်ကြည်ဖြူ ပေးလှူဝေဖန်ပြီး၍ ပရိစ္စာဂ စေတနာ၏ ဖြစ်ဟန် အခြင်းအရာ အမူ နိမိတ်ကို ယူ၍ ဆိတ်ငြိမ်ရာသို့ ကပ်လျက်—

> လာဘာ ဝတ မေ သုလဒ္ဓံ ဝတ မေ၊ ယောʼဟံ မစ္ဆေရမလပရိ-ယုဋ္ဌိတာယ ပဇာယ ဝိဂတမလမစ္ဆေရေန စေတသာ ဝိဟရာမိ မုတ္တစာဂေါ ပယတပါဏိ ဝေါသဂ္ဂရတော ယာစယောဂ္ဂေါ ဒါနသံဝိဘာဂရတော[2]—

ဟု မိမိ၏ ပရိစ္စာဂ စေတနာကို ဆင်ခြင်အပ်၏။

---

၁။ မိမိပြုသောအပြစ်၌ ဖြစ်သော ဘေး ၄-ပါး—(၁) အတ္တာနုဝါဒ=(အတ္တ+အနု+ဝါဒ) မိမိကိုယ်ကို စွပ်စွဲခြင်း (အပြစ်တင်မိနေခြင်း)။ (၂) ပရာနုဝါဒ=သူတပါးတို့က စွပ်စွဲပြစ်တင်ခြင်း။ (၃) ဒဏ္ဍ=ပြစ်ဒဏ်ပေးခြင်း။ (၄) ဒုဂ္ဂတိ=အပါယ်လားခြင်း။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပါဠိ၊နှာ-၂၁၆။

ယော အဟံ၊ အကြင် ငါသည်။ မစ္ဆေရမလ ပရိယုဋ္ဌိတာယ၊ မပေးလှူလို ဝန်တိုမစ္ဆေး ညစ်ကြေးရပ်ခွင် ဝန်းကျင်ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင် အပ်သော။ ပဇာယ၊ သတ္တဝါအပေါင်းတွင်။ ဝိဂတ မလ မစ္ဆေရေန၊ ကင်း သောဝန်တို မလှူလိုမစ္ဆေး ရာဂစသော အညစ်အကြေးရှိသော။ စေတသာ၊ စိတ်ဖြင့်။ မုတ္တစာဂေါ၊ လွတ်လွတ်စွန့်ကြဲခြင်း ရှိသည်ဖြစ်၍။ ပယတပါဏိ၊ ရိုသေလက်ကိုင် ကိုယ်တိုင်သဒ္ဓါ လှူအံ့ငှါ-ဟု အခါမပြတ် ဆေးကြောအပ်လျက် စင်ကြယ်သော လက်ရှိသည်ဖြစ်၍။ ဝေါသဂ္ဂရတော၊ စွန့်ကြဲခြင်း၌ မပြတ် အားထုတ်သဖြင့် မွေ့လျော်သည်ဖြစ်၍။ ယာစယောဂေါ၊ တောင်းတိုင်း ပေးစွန့် မတိုတွန့်သဖြင့် မရှုံ့ရဲတင်း တောင်းခြင်းငှါ ခံ့သည်ဖြစ်၍။ ဒါနသံ-ဝိဘာဂရတော၊ စွန့်နိုင်သမျှ လှူချစွန့်ကြဲ စားဘို့ထဲက ပုံခွဲဝေခြမ်း ပေးကမ်း ခြင်း၌ မွေ့လျော်သည်ဖြစ်၍။ ဝိဟရာမိ၊ နေရပေ၏။ တသ္မာ၊ ထို့ကြောင့်။ တဿ မေ၊ ထိုငါသည်။ လာဘာ ဝတ၊ အာယု, ဝဏ္ဏ, သုခ, ဗလံ, ပဋိဘာန်နှင့် ပိယံအစ ဂုဏ်လာဘတို့ကို ရထိုက်ကုန်စွတကား။ တဿ မေ၊ ထိုငါသည်။ သုလဒ္ဓံ ဝတ၊ သာသနာနှစ် လူအဖြစ်နှင့် ထင်လစ်ဣန္ဒြေ သိထွေကမ္မဿက ပညာစသည်ကို ရအပ်ပေစွတကား။

ယခုဘဝလည်း အံ့ဘွယ်ရှစ်ဖြာ သာသနာကိုရင်း၊ အမျိုးကောင်းစစ် လူ အဖြစ်ကိုရင်း၊ သဒ္ဓါစသော ဣန္ဒြေထက်သန် ကမ္မဿကတာဉာဏ်ကိုရင်း ငါရ သည်၊ ရတော်ပေစွ။ နောက်နောက် ဘဝတို့၌လည်း "အာယုံ ခေါ ပန ဒတွာ အာယုဿ ဘာဂီ ဟောတိ ဒိဗ္ဗဿ ဝါ မာနုသဿ ဝါ"[၁]ဟူ၍ရင်း၊ "ဒဒံ ပိယော ဟောတိ ဘဇန္တိ နံ ဗဟူ"[၂]ဟူ၍ရင်း၊ "ဒဒမာနော ပိယော ဟောတိ၊ သတံ ဓမ္မမနုက္ကမံ"[၃]ဟူ၍ရင်း ဟောတော်မူအပ် ချီးမွမ်းအပ်သော အာယု, ဝဏ္ဏ, သုခ, ဗလ, ပဋိဘာန, ပိယ, မနာပတ္တ စသည်များဖြင့် အာနိသင်ကို အလှူရှင်ငါ ရရာတော့မည် ဟု ကြံစည်စဉ်းစား ပွါးများ စီးဖြန်းရာသည် ဟူလိုသည်။

ဤသို့လျှင် ဝိဂတမလမစ္ဆေရတာ စသော ဂုဏ်အားဖြင့် မိမိ၏ စာဂစေ-တနာကို ဆင်ခြင်ဖန်များသောသူအား ရှေးနည်းတူ ဥပစာရဈာန် ဖြစ်လာ၏။

**စာဂါနုဿတိကမ္မဋ္ဌာန်းအကျိုး။** ။အာနိသင်ကား—

န ကိလေသ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
စာဂနိန္နော အလောဘဇ္ဈာ– သယော မေတ္တာနုလောမကော။
ပီတိ ပါမောဇ္ဇ ဗဟုလော၊ သဗ္ဗတ္ထေဝ ဝိသာရဒေါ။
ဥဒ္ဓံ မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော[၄]။

၁-၂-၃။ အင်္ဂုတ္တိုရ်ပါဠိတော်၊ဒု၊နှာ-၃၄-၃၅။ ၄။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၂၁၇-ဂ။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ စာဂါနုဿတိယာ သဒါ[၁]။

ကိလေသ ပရိယုဋ္ဌာ၊ ကိလေသာဟူ ခိုးသူရပ်ခွင် ဝန်းကျင်ထလျက် နှိပ်စက်ကိုက်ဆွပ် ထိုးကျင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကမေဝ၊ ကာယဝင်္က မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ စာဂနိန္နော၊ ပေးလှူစွန့်ကြဲခြင်း၌ လွန်ကဲစွာညွတ်သည်။ ဟောတိ၊ ဖြစ်၏။ အလောဘဇ္ဈာသယော၊ ရူပ, သဒ္ဒ စသည်အာရုံ တစုံတရာ၌ ငြိကပ်သောစိတ်မရှိ။ မေတ္တာနုလောမကော၊ မေတ္တာဘာဝနာနှင့် လျော်စွာ ပြုတတ်၏။

ပီတိ ပါမောဇ္ဇ ဗဟုလော၊ နှစ်သက်ဝမ်းမြောက်ခြင်းများသည်။ ဟောတိ၊ ဖြစ်၏။ သဗ္ဗတ္ထ ဧဝ၊ အရာခပ်သိမ်း၌ပင်။ ဝိသာရဒေါ၊ ကြည်လင်သန့်ရှင်း ကြောက်ရွံ့ကင်း၍ ရဲတင်းလွှမ်းမိုးနိုင်၏။ ဥဒ္ဓံ၊ သစ္စာလေးချက် အထက်တရားတို့ကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်ရသေးသည် ရှိသော်။ သော၊ ထိုစာဂါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများသော ယောဂီပုဂ္ဂိုလ်သည်။ သုဂတိပရာယဏော၊ လူ့ဘုံ နတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ကောင်းသော ပညာရှိသည်။ ဧဝံ မဟာနုဘာဝါယ၊ သို့စင်ကြီးဘိ အာနုဘော် ရှိသော။ စာဂါနုဿတိယာ၊ ပေးကမ်းစွန့်ကြဲခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်း သတိ၌။ သဒါ၊ နေ့ရောညဉ့်ပါ အခါမပြတ်။ အပ္ပမာဒံ၊ မေ့လျော့မနေ ရှိသေစွာ အားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုသင့်ရာ၏။

(စာဂါနုဿတိ ပြီး၏။)

---

## ဒေဝတာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

ဒေဝတာနုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်သည် မဂ်ဖြင့် လာသော သဒ္ဓါစသောဂုဏ်နှင့် ပြည့်စုံသည်ဖြစ်၍ ဆိတ်ငြိမ်ရာသို့ ကပ်လျက်—

သန္တိ ဒေဝါ စာတုမဟာရာဇိကာ၊ သန္တိ ဒေဝါ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိနော၊ ပရနိမ္မိတ ဝသဝတ္တိနော၊ သန္တိ ဒေဝါ ဗြဟ္မကာယိကာ၊ သန္တိ ဒေဝါ တတုတ္တရိ၊ ယထာ ရူပါယ သဒ္ဓါယ သမန္နာဂတာ

---

၁။ ဝိသုဒ္ဓိ၊ ဌ၊ ပ၊ နှာ-၂၁၀။

တာ ဒေဝတာ ဠတော စုတာ တတ္ထ ဥပ္ပန္နာ၊ မယှမ္ပိ တထာရူပါ သဒ္ဓါ သံဝိဇ္ဇတိ။ ယထာ ရူပေန သီလေန။ သုတေန။ စာဂေန။ ပညာယ သမန္နာဂတာ တာ ဒေဝတာ ဠတော စုတာ တတ္ထ ဥပ္ပန္နာ။ မယှမ္ပိ တထာရူပါ ပညာ သံဝိဇ္ဇတိ[၁]။

ဟု–နတ်တို့ကို သက်သေထား၍ မိမိ၏ သဒ္ဓါစသောဂုဏ်ကို အောက်မေ့အပ်၏။

စာတုမဟာရာဇိကာ၊ နတ်မင်းကြီး လေးယောက်ရှိကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တာဝတိံသာ၊ သုံးကျိပ်သုံးပါး သိကြားနေရာ ဝတိံသာ၌ ဖြစ်ကုန်သော။ ယာမာ၊ ဆင်းရဲကင်းကွာကုန်သော။ တုသိတာ၊ နှစ်သက်ခြင်းပီတိဖြင့် ကပ်ကုန်သော။ နိမ္မာနရတိနော၊စည်းစိမ်ကိုဖန်ဆန်းခြင်း၌ မွေ့လျော်ခြင်းရှိကုန်သော။ ပရနိမ္မိတ ဝသဝတ္တိနော၊ သူဖန်ဆင်းဘိ သမ္ပတ္တိတို့၌ မိမိအလိုကို ဖြစ်စေတတ်ကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သန္တိ၊ ရှိကုန်၏။

ဗြဟ္မကာယိကာ၊ ရှေးဦးစွာသော ဗြဟ္မာအပေါင်း၌ ဖြစ်ကုန်သော။ ဒေဝါ၊ ပထမစျာန် ဗြဟ္မာတို့သည်။ သန္တိ၊ ရှိကုန်၏။တတော၊ ထိုပထမစျာန် ဗြဟ္မာတို့မှ။ ဥတ္တရိ၊ အထက်ဖြစ်ကုန်သော။ ဒေဝါ၊ ပရိတ္တာဘာစသော ဗြဟ္မာတို့သည်။ သန္တိ၊ ရှိကုန်၏။

ယထာရူပါယ၊ အကြင်သို့သော သဘောရှိသော။ သဒ္ဓါယ၊ မဂ္ဂါဂတ သဒ္ဓါခြင်းနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သည်ဖြစ်၍။ တာ ဒေဝတာ၊ ထိုနတ်ဗြဟ္မာတို့သည်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေသေလွန်ကုန်သည်ရှိသော်။ တတ္ထ၊ ထိုနတ်ပြည် ဗြဟ္မာပြည်တို့၌။ ဥပ္ပန္နာ၊ဖြစ်ကြကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ၊ ထိုသို့သဘောရှိသော။ သဒ္ဓါ၊ မဂ္ဂါဂတ သဒ္ဓါတရားသည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ယထာရူပေန၊ အကြင်သို့ သဘောရှိသော။ သီလေန၊ မဂ္ဂါဂတသီလနှင့်။ သုတေန၊ အကြား အမြင်နှင့်။ စာဂေန၊ စွန့်ကြဲခြင်းနှင့်။ ပညာယ၊ မဂ်ဖြင့် လာသော ပညာနှင့်။ သမန္နာဂတာ၊ ပြည့်စုံကုန်သည်ဖြစ်၍။ တာ ဒေဝတာ၊ ထိုနတ်ဗြဟ္မာတို့သည်။ ဣတော၊ ဤလူ့ပြည်မှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ တတ္ထ၊ ထိုနတ်ဗြဟ္မာပြည်တို့၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်၏။ မယှမ္ပိ၊ ငါ့အားလည်း။ တထာရူပါ၊ ထိုသို့သဘောရှိသော။ ပညာ၊ မဂ်ဖြင့်လာသောပညာသည်။ သံဝိဇ္ဇတိ၊ ရှိ၏။

ဤ၌—

ဒေဝတာနုဿတိံ ဘာဝေတုကာမေန ပန အရိယမဂ္ဂဝသေန သမုဒါဂတေဟိ သဒ္ဓါဒီဟိ ဂုဏေဟိ သမန္နာဂတေန ဘဝိတဗ္ဗံ။

---

၁။ အံ၊၂၊နှာ-၂၅၄။ ဆဋ္ဌမူနှင့် အတန်ငယ်ကွဲသည်။

ဟူသော အဋ္ဌကထာ (ပါနှာ-၂၁၈) စကားကို ဤကမ္မဋ္ဌာန်း၏ ဝဍ္ဎသမ္ပတ္တိသို့ ညွတ်လွယ်သော ကမ္မဋ္ဌာန်း၏ အဖြစ်ကြောင့် စီးဖြန်းခက်ရကား ဝဋ္ဋတရား၌ ငြီးငွေ့ပြီးသော အရိယာ ပုဂ္ဂိုလ်တို့မှာသာ ဝိဝဋ္ဋနိဿိတ ဖြစ်အောင် စွမ်းနိုင်ရာ သည်ဟု နှလုံးပြု၍ အထူးမိန့်ဆိုသည် ဖြစ်မည်။

တနည်းကား—ဗုဒ္ဓါနုဿတိ၌လည်း "အဝေစ္စပ္ပသာဒ သမန္နာဂတေန" ဟု လာသောကြောင့် မိဂပဒဝဠဉ္ဇနနည်း ယူ၍ ခြောက်ပါးလုံးပင် အရိယာပုဂ္ဂိုလ် တို့အားသာ လွယ်စွာ ပြည့်စုံနိုင်သည်ဟု မှတ်သင့်သည်။ ထို့ကြောင့်—

ဣမာ ပန ဆ အနုဿတိယော အရိယသာဝကာနညေဝ ဣဇ္ဈန္တိ ဟု–အဋ္ဌကထာ (ပါနှာ-၂၂၀)မိန့်သည်။

ဧဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိဂုဏာ သမန္နာဂတေန ပုထုဇ္ဇနေနာပိ မနသိကာတဗ္ဗာ။ အဋ္ဌကထာ (ပါနှာ-၂၂၁)

ဧဝံ သန္တေပိ ပရိသုဒ္ဓသီလာဒိဂုဏာသမန္နာဂတာနံ ပုထုဇ္ဇနာနမ္ပိ ဣဇ္ဈန္တိ။.... အရိယသာဝကာနံ ပန သုခေန ဣဇ္ဈန္တိ—

ဟု ဋီကာ (မဟာ၊ပါနှာ-၂၆၇)လာရှိသေးရကား စေတီပြင်ကို တံမြက်လှည်း ၍နေရာ နွားအိုးယောင်, မျောက်ယောင်, သူဆင်းယောင် ဖန်ဆင်း၍ နှောင့်ရှက်လာ သော မာရ်နတ်ကိုဘုရားအသွင်ဖန်ဆင်းစေ၍ မာရ်နတ်ဖန်ဆင်းသော ဘုရားဆင်း တုတော်ကို ရှုမျှော်ဆင်ခြင်လျက် အရဟတ္တမဂ် ဖိုလ်ရသော ကဋ္ဌအန္ဓကာရဝါသီ ဖုဿဒေဝမထေရ်အလား[၁] ကျေးဇူးများသောကြောင့် ပရိသုဒ္ဓသီလာဒိဂုဏ်နှင့် ပြည့်စုံသောပုထုဇဉ်တို့လည်း ပွါးများသင့်သည်ဟု မှတ်အပ်၏။

**ဒေဝတာနုဿတိကမ္မဋ္ဌာန်းအကျိုး။**　။အာနိသင်ကား—

န ကိလေသ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
ဒေဝါနံ ပိယော သဒ္ဓါဒိ၊ ဝိပုလော ဗဟုမောဒနော။
ဥဒ္ဓံ'မပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ ဒေဝတာနုဿတိယာ သဒါ[၂]။

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာဟူ ခိုးသူရပ်ခွင် ထက်ဝန်းကျင်ထလျက် နှိပ်စက်ဆိတ်ဆွပ် ထိုးကျင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပါ၊ နှာ-၂၂၁။

၂။ အဆုံးဂါထာကား ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပါ၊ နှာ-၂၁၉ လာ ရင်း၊ ကြွင်းသောဂါထာကား ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပါ၊နှာ-၂၁၈-၉ လာ စကားပြေကိုမှီ၍ ဂါထာစီထားသည်။

ဥဇုကံဝေ၊ ကာယဝင် မာယာစသည် ကင်းပတုံလတ် ဖြောင့်မတ်လမ်းမှန်သည် သာလျှင်ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ ဒေဝါနံ၊ နတ်တို့၏။ ပိယော၊ ချစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သဒ္ဓါဒိဝိပုလော၊ သဒ္ဓါ သတိ ပညာ ပုည ပြန့်ပြောခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗဟုမောဒနော၊ များသော ဝမ်းမြောက်ခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဥဒ္ဓံ၊ သစ္စာလေးချက် အထက် တရားကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်သေးသည် ရှိသော်။ သော၊ ထိုဒေဝတာနုဿတိကို စီးဖြန်းသော ယောဂီပုဂ္ဂိုလ်သည်။ သုဂတိ ပရာယဏော၊ လူ့ဘုံ နတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထို့ကြောင့်။ သုမေဓသော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးသော အာနုဘော်ရှိသော။ ဒေဝတာ-နုဿတိယာ၊ ဒေဝတာနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ စီးဖြန်း အားထုတ်ခြင်းကို။ ဟဝေ၊စင်စစ်။ ကယိရာထ၊ ပြုရာ၏။

(ဒေဝတာနုဿတိ ပြီး၏။)

ဆ အနုဿတိ[၁] ပြီး၏။

---

## ဥပသမာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

**နိဗ္ဗာန်၏ဂုဏ်တို့ကို အောက်မေ့ပွါးများပုံ။** ။ဥပသမာနုဿတိကို ပွါးလိုသော သူမြတ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက်—

ယာဝတာ ဓမ္မာ သင်္ခတာ ဝါ အသင်္ခတာ ဝါ ဝိရာဂေါ တေသံ ဓမ္မာနံ အဂ္ဂမက္ခာယတိ၊ ယဒိဒံ မဒနိမ္မဒနော ပိပါသဝိနယော အာလယ-သမုဂ္ဃါတော ဝဋ္ဋုပစ္ဆေဒေါ တဏှက္ခယော ဝိရာဂေါ နိရောဓော နိဗ္ဗာနံ[၂]။

ဤသို့ သဗ္ဗဒုက္ခုပသမံ နိဗ္ဗာန်၏ဂုဏ်တို့ကို အောက်မေ့အပ်ကုန်၏။

ယာဝတာ=ယတ္တကာ၊ အကြင်မျှလောက်ကုန်သော။ သင်္ခတာ ဝါ၊ အကြောင်းတရားတို့သည် ပေါင်း၍ ပြုအပ်သည်လည်း ဖြစ်ကုန်သော။ အသင်္ခတာ ဝါ၊ အကြောင်းတရားတို့သည် ပေါင်း၍ မပြုအပ်သည်လည်း ဖြစ်ကုန်သော။

---

၁။ ဆ အနုဿတိ ဟု အနုဿတိ ၆-ပါးကို သီးခြားပြဆိုခြင်း အကြောင်းကို ဤကျမ်း ဒု-တွဲ၊နှာ-၂၇၇ ၌ရှု။

၂။ အံ၊ ၁၊ နှာ-၃၄၃။ ခုဒ္ဒကပါဌ၊ နှာ-၂၅၄။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၂၈၄။

ဓမ္မာ=သဘာဝါ၊ တရားသဘောတို့သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။ တေသံ ဓမ္မာနံ၊ ထိုမျှလောက်ကုန်သော ပရမတ္ထသဘောတရားတို့တွင်။ ယဒိဒံ ယံ ဣဒံ=ယော ယာဒိသော၊အကြင်သို့သော သဘောရှိသော။မဒနိမ္မဒနော၊ မဒမာန်,ပုရိသမာန်, ဇာတိမာန် စသော မာန်တကာတို့၏ ပျောက်ပျက်ရာသည်။ ပိပါသဝိနယော၊ ကာမတို့ကို သုံးဆောင်လိုလျှင်း မွတ်သိပ်ခြင်း၏ ချုပ်ကင်းရာသည်။ အာလယ-သမုဂ္ဃါတော၊ သတ္တဝါတို့၏ တွယ်တာငြိကပ်ရာ ကာမဂုဏ်ဟူသော အာလယ တို့ကို အကြွင်းမဲ့ခွါရာသည်။ ဝဋ္ဋုပစ္ဆေဒေါ၊ ဘုံသုံးတန်၌ ကံ,ကိလေသ,ဝိပါက-အား ဝဋ်သုံးပါး၏ ကင်းပြတ်ရာသည်။ တဏှက္ခယော၊ တဏှာခပ်သိမ်း ကုန်ငြိမ်း ရာသည်။ ဝိရာဂေါ၊ ရာဂကင်းလွတ်ရာသည်။ နိရောဓော၊ တဏှာ၏ ချုပ်ပျောက် ရာသည်။ နိဗ္ဗာနံ၊ ယောနိ,ဂတိ,ဌိတိ,နိဝါသတို့ကို ထိုမှ ဤထို ဖြစ်စေလို၍ ထိုး လျှိုထုံးတတ် ချုပ်စပ်တတ်စွာ တဏှာဟူသော ဝါနမှ ထွက်မြောက်လွတ်ကြဉ် မယှဉ်သောနိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တာဒိသော၊ ထိုသို့သဘောရှိသော။ ဝိရာဂေါ၊ နိဗ္ဗာန်ကို။ အဂ္ဂံ=အဂ္ဂေါ၊ အမြတ်ဆုံးဟူ၍။ အက္ခာယတိ၊ ဆိုအပ်၏။

နိဗ္ဗာန်ထက် ဘုရားမြတ်ခြင်း။　　။'ဒွိပဒါနဥ္စ စက္ခုမာ'၌ 'စ' သဒ္ဒါဖြင့် 'ဓမ္မာနံ'ကို အဘိဓာန်ဋီကာ ဆည်း၏။ ရှင်ဘုရင့် ဥသျှောင် သရဖူကဲ့သို့ ဘုရားအသုံးအဆောင်ဖြစ်၍ နိဗ္ဗာန်ထက် ဘုရားမြတ်၏ ဟူလိုသည်။

ထိုမှတပါးလည်း —

### နိဗ္ဗာန်၏ဂုဏ်များ

ဓုဝါ ဇရံ နိပ္ပပဥ္စံ၊ သစ္စံ ပါရံ သုဒုဒ္ဒသံ။
သိဝါ'မတံ ခေမ'ဗ္ဘုတံ၊ အဗျာဗဇ္ဈ'မနီတိကံ။
တာဏံ လေဏဥ္စ ဒီပဥ္စ၊ ဝိသုဒ္ဓိတျာဒိ'နေကဓာ[၁]။

ဟူ၍၎င်း၊

မောက္ခော နိရောဓော နိဗ္ဗာနံ၊ ဒီပေါ တဏှက္ခယော ဝရံ—

စသော အဘိဓာန် လာ ဂါထာဖြင့်၎င်း အောက်မေ့ ဆင်ခြင်အပ်သည်သာ တည်း။

ဓုဝံ၊ ခိုင်ခံ့၏။ အဇရံ၊ အိုခြင်းမရှိ။ နိပ္ပပဥ္စံ၊ ဝဋ်သံသရာ ချဲ့တတ်စွာသည့် တဏှာ,မာန,ဒိဋ္ဌိဟူသော ပပဥ္စတရားမရှိ။ သစ္စံ၊ သန္တိဧကန် မဖောက်ပြန်၍ မှန် ကန်၏။ ပါရံ၊ သံသရာ၏ ထိုမှာဘက်ကမ်းတည်း။ သုဒုဒ္ဒသံ၊ အလွန်အကဲ သိမ် မွေ့နက်နဲသည်ဖြစ်၍ ဉာဏ်နုန့်သူတို့ အလွန်မြင်နိုင်ခဲ၏။ သိဝံ၊ ပူပန်စေသည့် ကိလေကင်းဝေး ချမ်း၏။ အမတံ၊ မသေရာတည်း။ ခေမံ၊ ယောဂလေး

[၁]။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ပ၊ နှာ-၂၇၅-လာ စကားပြေများကို မှီ၍ ဂါထာစီထားသည်။

ချက် မနှိပ်စက်၍ ငြိမ်သက်ငြိမ်းချမ်း၏။ အဗ္ဗုတံ၊ သခါရကင်းကွယ် အံ့ဘွယ်သရဲ မဖြစ်ဘူးမြဲဖြစ်၏။ အဗျာဗဇ္ဈံ၊ ဆင်းရဲမရှိ။ အနီတိကံ၊ ကျိုးမဲ့ဟူဘိ ဤတိမရှိ။ တာဏံ၊ ဝဋ္ဋဆင်းရဲမှ စောင့်ရှောက်တတ်၏။ လေဏံ၊ ဘေးရန်လွတ်ရှောင်းပုန်းအောင်းရာတည်း။ ဒီပံ၊ သြဃမလွှမ်းသော ကျွန်းတည်း။ ဝိသုဒ္ဓိ၊ ကိလေကြေးညစ် စင်စစ် စင်ကြယ်၏။ ဣတျာဒိနေကဓာ၊ ဤသို့စသား နိဗ္ဗာန်၏ဂုဏ်များ၏။

ဤသို့ နိဗ္ဗာန်၏ဂုဏ်ကို အာရုံစိတ်စွဲ တလဲလဲအောက်မေ့သော ယောဂီအား ဥပစာရစျာန်ဖြစ်လာ၏။

ဤ ဥပသမာနုဿတိကိုလည်း ရှေး ဆအနုဿတိ ကဲ့သို့ပင် ပုထုဇဉ်တို့လည်း ပွါးသင့်ကြောင်းကို—

ဆ အနုဿတိယော ဝိယ စ အယမ္ပိ အရိယသာဝကဿေဝ ဣဇ္ဈတိ၊ ဧဝံ သန္တေပိ ဥပသမဂရုကေန ပုထုဇ္ဇနေနာပိ မနသိကာတဗ္ဗာ။ သုတဝသေနာပိ ဟိ ဥပသမေ စိတ္တံ ပသီဒတိ။ ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ ပ၊ နှာ-၂၈၆) မိန့်သည်။

**ဥပသမာနုဿတိ ကမ္မဋ္ဌာန်းအကျိုး။** ။အာနိသံကား—

န ကိလေသ ပရိယုဋ္ဌံ၊ စိတ္တံ ဥဇုကမေဝ စ။
သန္တိန္ဒြိယော ဟိရောတ္တပ္ပေါ၊ သုခံ သုပတိ ဗုဇ္ဈတိ။

ပါသာဒိကော ပဏီတာဓိ–မုတ္တိကော ဂရုဘာဝိယော။
ဥဒ္ဒမပ္ပဋိဝိဇ္ဈန္တော၊ သော သုဂ္ဂတိပရာယဏော။

တသ္မာ ဟဝေ အပ္ပမတ္တော၊ ဘာဝယေထ ဝိစက္ခဏော။
ဧဝံ အနေကာနိသံသံ၊ အရိယေ ဥပသမေ သတိံ[၁]။

ဝိသုဒ္ဓိမဂ္ဂသင်္ဂဟ

ကိလေသ ပရိယုဋ္ဌံ၊ ကိလေသာထိုးကျင်အပ်သော။ စိတ္တံ၊ စိတ်သည်။ န ဟောတိ၊ မဖြစ်။ ဥဇုကံ ဧဝ၊ ဖြောင့်မတ်သည်သာဖြစ်သော။ စိတ္တံ၊ စိတ်သည်။ ဟောတိ၊ ဖြစ်၏။ သန္တိန္ဒြိယော၊ ငြိမ်သက်သော ဣန္ဒြေရှိ၏။ ဟိရောတ္တပ္ပေါ၊ မကောင်းမှုမှ ရှက်ကြောက်ခြင်းရှိ၏။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ပျော်ရ၏။ ဗုဇ္ဈတိ၊ နိုးရ၏။ ပါသာဒိကော၊ ကြည်ညိုဘွယ်ရှိ၏။ ပဏီတာဓိ မုတ္တိကော၊ မြတ်သော နိဗ္ဗာန်သို့ ညွတ်ကိုင်း၏။ ဂရုဘာဝိယော၊ သီတင်းသုံးဖော်တို့ ကော်ရော်လေးမြတ် ချီးမွမ်းအပ်၏။ သော၊ ထိုဥပသမာနုဿတိ ကမ္မဋ္ဌာန်း

---

၁။ နောက်ဆုံးဂါထာ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၈၆ လာရင်း၊ ကျန်ဂါထာများ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၈၆-လာ စကားပြေကို မှီ၍ ဂါထာစီထားသည်။

စီးဖြန်းပွါးများသော ယောဂီသည်။ ဥဒ္ဒိ၊ သစ္စာလေးချက် အထက်တရားတို့ကို။ အပ္ပဋိဝိဇ္ဈန္တော၊ စုတိအတွင်း မထွင်းမဖောက် မရောက်ရသေးသည် ရှိသော်။ သုဂတိပရာယဏော၊ လူ့ဘုံ နတ်ရပ် မြတ်သော သုဂတိဘဝသို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထိုကြောင့်၊ ဟဝေ၊ စင်စစ်။ အပ္ပမတ္တော၊ မမေ့မလျော့သော။ ဝိစက္ခဏော၊ ပညာရှိသည်။ ဇဝံ အနေကာနိသံသံ၊ ဤသို့စင် များသောအကျိုး အာနိသင်ရှိသော။ အရိယေ၊ ဖြူစင်ကောင်းမြတ်သော။ ဥပသမေ၊ နိဗ္ဗာန်၌။ သတိံ၊ အောက်မေ့ခြင်း သတိကို။ ဘာဝယေထ၊ ပွါးစေရာ၏။

(ဥပသမာနုဿတိ ပြီး၏။)

---

## မရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

**မရဏ ၄-မျိုး။**　။'မရဏာနုဿတိ' ဟူရာ၌—

(၁) ကောဘာဝပရိယာပန္န ဇီဝိတိန္ဒြေအစဉ်၏ ပြတ်ခြင်း ဟူသော ဇီဝိတိန္ဒြိယုပစ္ဆေဒ မရဏ။

(၂) ရဟန္တာတို့၏ ဝဋ္ဋဒုက္ခပြတ်ခြင်း ဟူသော သမုစ္ဆေဒ မရဏ။

(၃) သင်္ခါရတို့၏ ခဏဘင် ဟူသော ခဏိက မရဏ။

(၄) သစ်ပင်သေသည်, ပြဒါးသေသည်, သံသေသည် ဟူသော သမ္မုတိမရဏ။

**ပွါးများသင့်သော မရဏ။**　။ဤ မရဏလေးပါးတို့တွင် အာယုက္ခယ, ကမ္မက္ခယ, ဥဘယက္ခယ ဟူသော ကာလမရဏ၊ ဥပစ္ဆေဒက ဟူသော အကာလမရဏအားဖြင့် နှစ်ပါးပြားသော ဇီဝိတိန္ဒြိယုပစ္ဆေဒမရဏကို လိုအပ်၏။

အကြွင်းသုံးပါးကို မလိုအပ်။ အကြောင်းကား—

အဗ္ဗာဟုလ္လတော, အနုပဋ္ဌာနတော, အသံဝေဂဝတ္ထုတော စာတိ အဓိပ္ပါယော[၁]။ မဟာဋီကာ (၊ပ၊နှာ-၂၇၇)

---

၁။ များစွာဖြစ်ခြင်း မရှိသောကြောင့် သမုစ္ဆေဒမရဏကို မလိုအပ်၊ မထင်ရှားခြင်း ကြောင့် ခဏိကမရဏကို မလိုအပ်၊ သံဝေဂ၏အကြောင်း ဝတ္ထုမဟုတ်သော ကြောင့် သမ္မုတိမရဏကို မလိုအပ်။

ပွါးပုံ။ ။ထို လိုအပ်သော ဇီဝိတိန္ဒြိယဥပစ္ဆေဒမရဏကို အာရုံပြု၍ အဖန် တလဲလဲ အောက်မေ့ခြင်း ဟူသော မရဏာနုဿတိကို ပွါးလိုသော ယောဂီသည် ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ်လျက် သူသေကောင်ကို ကြည့်၍ ရှေး၌ မြင်ဘူးသောသူတို့၏ သေသည်ကို ကြံစည်အောက်မေ့၍—

မရဏံ ဘဝိဿတိ၊ ဇီဝိတိန္ဒြိယံ ဥပစ္ဆိဇ္ဇိဿတိ။

မရဏံ၊ သေခြင်းသည်။ ဘဝိဿတိ၊ မချွတ်ဖြစ်ချေလတ္တံ့သတည်း။ ဇီဝိ-တိန္ဒြိယံ၊ အသက် ဇီဝိန်သည်။ ဥပစ္ဆိဇ္ဇိဿတိ၊ ပြတ်ချေလတ္တံ့ သတည်း။ ဟူ၍ရှင်း—

"မရဏံ, မရဏံ၊ သေရခြင်းသဘော, သေရခြင်းသဘော"၊ "သေရချေမည်, သေရချေမည်"၊"သေကြရဆဲ,သေကြရပြီ,သေကြရလတ္တံ့"ဟူ၍ရှင်း–အဖန်ဖန် သတိဉာဏ် သံဝေဂဖြင့် အသင့်နှလုံးထားအပ်၏။ သတိဉာဏ် သံဝေဂ ရှေ့မသွားပဲ မသင့်မတရား နှလုံးထားမှု ချစ်သောသူ, မုန်းသောသူ, အလယ် အလတ် မဇ္ဈတ္တ ဖြစ်သောသူ, မိမိကိုယ်၊ ဤသူတို့ သေသည်ကို အောက်မေ့ရာ၌ သောက, ပါမောဇ္ဇ, မဇ္ဈတ္တ, သန္တာသ ဟူသော စိုးရိမ်ခြင်း, ဝမ်းမြောက်ခြင်း, သံဝေဂ မပေါ်လာခြင်း, ကြောက်လန့်ခြင်း ဖြစ်တတ်သည်။ မဖြစ်စေလင့် ဟူလို။

ဤသို့ ပွါးကာမျှဖြင့်ပင် အချို့သော တိက္ခိန္ဒြိယ ဉာဏုတ္တရ ပုဂ္ဂိုလ်တို့မှာ နီဝရဏကင်းကွာ ဥပစာရစျာန် ဖြစ်လာ၏။ မြင်မြင်သမျှ သတ္တဝါစုကို ယခုပင် သေရတော့မည်ကဲ့သို့ချည်း ထင်၏။ ကုသိုလ်တရား၌ လွန်စွာ ဝီရိယတက်ကြွား သံဝေဂများ၏။

ပွါးပုံအခြင်းအရာ ၈-မျိုး။ ။သို့မှ မထင်သေးမူ—

သင်္ဂဟဂါထာ

ဝဓကတော စ သမ္ပတ္တိ၊ ဝိပတ္တိတော'ပသံဟရာ။
သာဓာရဏာ ဒုဗ္ဗလာ စ၊ အနိမိတ္တာ စ အဒ္ဓတော။
ပရိတ္တာတျ'ဋ္ဌာကာရေဟိ၊ မရဏံ တ'မနုဿရေ[၁]။

ဝဓကတော စ၊ သူသတ်ပမည် ရှေးရှုတည်ခြင်း ဝဓကပစ္စုပဋ္ဌာန အား ဖြင့်ရှင်း။ သမ္ပတ္တိ ဝိပတ္တိတော စ၊ သမ္ပာရောဂျ စသည်အတူ အသက်ဟူသော ပြည့်စုံခြင်း၏ ပျက်စီးခြင်းအားဖြင့်ရှင်း။ ဥပသံဟရာ စ၊ သူတပါးတို့၏ သေခြင်းကို ပြ၍ မိမိသေခြင်းကို အနီးသို့ဆောင်သော အားဖြင့်ရှင်း။ သာဓာရဏာ စ၊ ရှစ်ဆယ်ကိမိ စရှိုတန်တန် များဘေးရန်နှင့် ဆက်ဆံခြင်း

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပါ၊နှာ-၂၂၃ လာ ခေါင်းစဉ်ကိုမှီ၍ ဂါထာစီထားသည်။

ကာယဗဟုသာဓာရဏ အားဖြင့်၎င်း။ ဒုဗ္ဗလာ စ၊ အသက်ဇီဝိန် ဖျင်းသိမ်နုပ်ဖွဲ့ အားနဲခြင်း အာယုဒုဗ္ဗလ အားဖြင့်၎င်း။ အနိမိတ္တာ စ၊ သေမည့်ပိုင်းကို ချင့်နှိုင်း သိကောင်း အကြောင်းအမှတ်မရှိသော အားဖြင့်၎င်း။ အဒ္ဓတော စ၊ ကာလ ပိုင်းခြား အဒ္ဓါနပရိစ္ဆေဒ အားဖြင့်၎င်း။ ပရိတ္တာ စ၊ အသက်ရှည်ရ ခဏနည်းပါး ခဏပရိတ္တ အားဖြင့်၎င်း။ ဣတိ၊ ဤသို့။ အဋ္ဌ အာကာရေဟိ၊ ၈-ပါးသော အခြင်းအရာတို့ဖြင့်။ တံ မရဏံ၊ ထိုသေခြင်းကို။ အနုဿရေ၊ အဖန်တလဲလဲ အောက်မေ့ရာ၏။

သို့လာသော အခြင်းအရာရှစ်ပါးတို့ဖြင့် စဉ်းစားဆင်ခြင်ရာ၏။

### ၁-သေခြင်းကို သူသတ်သမားဟု ရှေးရှု ထင်မြင်ပွါးများပုံ

ထိုတွင် ဝဓက ပစ္စုပဋ္ဌာန[1] အားဖြင့် ဆင်ခြင်ဟန်ကား—

သီသံ တေ ဆိန္ဒိဿန္တုသိံ၊ ဂယှ ဂီဝါယ စာရယံ။
ဝဓကော'ဝ မတံ ပစ္စု-ပဋ္ဌိတံယေဝ ဇန္တုနော။
သဟာဇာတိယာ'ဂတတ္တာ၊ ဟာရဏာ ဇီဝိတဿ စ[2]။

ယ'မေကရတ္တိံ ပဌမံ၊ ဂဗ္ဘေ ဝသတိ မာဏဝေါ။
အဗ္ဘုဋ္ဌိတောဝ သော ယာတိ၊ သ ဂစ္ဆံ န နိဝတ္တတိ[3]။
အတ္ထာ'ဘိမုခေါ သူရိယော၊ ပဗ္ဗတေယျာ နဒီ ယထာ[2]။

အစ္စယန္တိ အဟောရတ္တာ၊ ဇီဝိတံ ဥပရုဇ္ဈတိ။
အာယု ခီယတိ မစ္စာနံ၊ ကုန္နဒီနံဝ ဩဒကံ[4]။

ဖလာန'မိဝ ပက္ကာနံ၊ ပါတော ပပတတော ဘယံ။
ဧဝံ ဇာတာန မစ္စာနံ၊ နိစ္စံ မရဏတော ဘယံ။

ယထာပိ ကုမ္ဘကာရဿ၊ ကတံ မတ္တိကဘာဇနံ။
ခုဒ္ဒကဉ္စ မဟန္တဉ္စ၊ ယံ ပက္ကံ ယဉ္စ အာမကံ။
သဗ္ဗံ ဘေဒနပရိယန္တံ၊ ဧဝံ မစ္စာန ဇီဝိတံ[5]။

ဥဿာဝေါ'ဝ တိဏ'ဂ္ဂမှိ၊ သူရိယု'ဂ္ဂမနံ ပတိ။
ဧဝ'မာယု မနုဿာနံ၊ ဝိဒ္ဓံသတေ'ဝ သီဃသော[6]။

ဤသို့ ဆင်ခြင်အပ်၏။

---

၁။ ဝဓက ပစ္စုပဋ္ဌာန=(ဝဓက=သူသတ်သမား။ ပစ္စုပဋ္ဌာန=ထင်မြင်ခြင်း)သေခြင်းကို သူသတ်သမားသဖွယ် ရှေးရှု ထင်မြင်ခြင်း။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၂၂၃-လာ စုဏ္ဏိယကို ဂါထာစီထားသည်။　၃။ ဇာ၊ ၁၊ နှာ-၃၅၃။

၄။ သံ၊ ၁၊ နှာ-၁၁၀။　၅။ ခု၊ ၁၊ နှာ-၃၇၁။　၆။ ဇာ၊ ၁၊ နှာ-၂၃၆။

တော၊ သင်၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိဿံ၊ ဖြတ်အံ့။ ဣတိ၊ ဤသို့။ အသိံ၊ သန်လျက်ကို။ ဂယှ၊ အံသွားကြိတ်ခဲ ယူကိုင်စွဲ၍။ ဂီဝါယ၊ လည်ပင်း၌။ စာရယံ= စာရယန္တော=အာဂုရေန္တော=ပဟရဏာကာရံ ကရောန္တော၊ တကယ်စိတ်ဆိုး လက်ကုန်ထိုး၍ ချီမိုးပုတ်ခတ် သတ်အံ့သော အခြင်းအရာကိုပြုလျက်။ ဝဓကော၊ သူသတ်ပါးကွက်သည်။ ပစ္စုပဋ္ဌိတော ဣဝ၊ ချဉ်းကပ်နီးစွာ တည်ရပ်လာသကဲ့သို့။ မတံ၊ သေခြင်းသဘောသည်။ ဧန္တုနော၊ သတ္တဝါအား။ ပစ္စုပဋ္ဌိတံယေဝ၊ ရှေးရှုတည် သလျှင် ကတည်း။ ကသ္မာ၊ အဘဲ့ကြောင့်နည်းဟူမူ။ ဇာတိယာ၊ ပဋိသန္ဓေစိတ်နှင့်။ သဟအာဂတတ္တာ စ၊ မှိုငုံပေါ် ထွက် မြေကိုရွက်သို့ တကွနက် ပါလာသည်၏ အဖြစ်ကြောင့်ရင်း။ ဇီဝိတဿ၊အသက်ကို။ ဟရဏာ စ၊ ဆောင်ယူ တတ်ခြင်းကြောင့်ရင်းတည်း။

မာဏဝေါ၊ သတ္တဝါသည်။ ယံ ဧက ရတ္တိံ၊ အကြင်တခုသော ညဉ့်၌။ ဝါ၊ ညဉ့်ပတ်လုံး။ ပဌမံ၊ ရှေးဦးစွာ။ ဂဗ္ဘေ၊ အမိဝမ်းတိုက်၌။ ဝသတိ၊ ပဋိသန္ဓေ ယူနေ ဝင်အောင်း၏။

ယေဘုယျေန သတ္တာ ရတ္တိယံ ပဋိသန္ဓိံ ဂဏှန္တီတိ ရတ္တိဂ္ဂဟဏံ။
ဋီကာ(၊ပ၊နှာ-၂၀၉)

တတော၊ ထိုညဉ့်မှ။ ပဋ္ဌာယ၊ စ၍။ သော မာဏဝေါ၊ ထိုသတ္တဝါသည်။ အဗ္ဘုဋ္ဌိတောဣဝ၊ တက်သော တိမ်တောင် တိမ်တိုက်ကဲ့သို့။ ဝါ၊ ဥဋ္ဌိတော၊ တက်သော။ အဗ္ဘော၊ တိမ်တိုက်သည်။ ယာတိဣဝ၊ နောက်သို့ တဖန် မပြန်မနစ် သွားသကဲ့သို့။ ယာတိ၊ စုတိထံပါး ရှေးရှုသွား၏။ ဝါ၊ အဘိ ဥဋ္ဌိတော ဧဝ၊ သေခြင်းသို့ ရှေးရှုတည်လျက် သာလျှင်။ ယာတိ၊ သွား၏။ ဂစ္ဆံ=ဂစ္ဆန္တော၊ သွားသော။ သ=သော မာဏဝေါ၊ ထိုသတ္တဝါသည်။ န နိဝတ္တတိ၊ နုနယ်ပျိုမျစ် အရွယ်သစ်သို့ မနစ်မပြန်ခဲ့။ ကိမိဝ၊ အဘယ် ကဲ့သို့နည်းဟူမူ။ အတ္ထာဘိမုခေါ၊ နောက်ရပ်သီခေါင် နေဝင်တောင်သို့ ရှေးရှု သွားသော။ သူရိယော ယထာ၊ နေကဲ့သို့ရင်း။ ပဗ္ဗတေယျာ၊ တောင်ထိပ်မှ စီးကျသော။ နဒီ ယထာ၊ မြစ်ကဲ့သို့ရင်းတည်း။

အဟော ရတ္တာ၊နေ့ညဉ့်တို့သည်။ အစ္စယန္တိ၊ကုန်ခန်းလွန်သွားကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဇီဝိတံ၊ ဇီဝိတိန္ဒြေသည်။ ဥပရုဇ္ဈတိ၊ ခဏတိုင်း ခဏတိုင်း ချုပ်၏။ တသ္မာ၊ ထိုသို့ချုပ်သောကြောင့်။ ကုန္နဒီနံ၊ တောင်မှကျရောက် ချောင်းပေါက် မြစ်ငယ်တို့၏။ သြဒကံဣဝ၊ ရေကဲ့သို့။ ဝါ၊ ရေယဉ်ကဲ့သို့။ မစ္စာနံ၊ သတ္တဝါတို့၏။ အာယု၊ အသက်သည်။ ခီယတိ၊ ကုန်ခန်း၏။

ပက္ကာနံ၊ လေ–နေပူနှင့် ဇရာသင့်၍ မှည့်ရင့်ရှမ်းရော်ကုန်သော။ ဖလာနံ၊ သစ်သီးတို့၏။ ပါတော၊ နံနက်စောစော၌။ ပပတတော၊ ညှာစပ်အရင်း သစ်ရည်

ဆင်း၍ ကြွေခြင်းဟူသော အကြောင်းကြောင့်။ ဘယံ၊ သစ်ပင်ရှင်တို့ လုပ်ခွင် တပါး ပျက်ပြားခြင်းဘေးသည်။ ဝါ၊ သီးရှိပင်အောက် ဝင်လာရောက်သူတို့ ကျပေါက် နာကျင်ခြင်းဘေးသည်။ ဇာယတေဏ္ဍဝ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဇာတာနံ၊ လူတွင်တယောက် ပေါ်ပေါက် ဖြစ်လာကုန်သော။ မစ္စာနံ၊ သတ္တဝါ တို့အား။ နိစ္စံမရဏတော၊ မချွတ်မလွဲ အမြဲစုတေ သေရခြင်းကြောင့်။ ဘယံ၊ ဘေးသည်။ ဇာယတေ၊ ဖြစ်၏။

ပပတတောတိ ပပတနတော။ ဘယံ သာမိကာနံ ရုက္ခေ ဌပေတွာ ကမ္မေ ဝိနိယုဉ္ဇိတုကာမာနံ၊ ဟေဋ္ဌာ ပဝိဋ္ဌာနံ ဝါ။ ဝိသုဒ္ဓိမဂ်ဋီကာ (၊ပ၊နှာ-၂၉၀။)

တနည်းလည်း—

သူရိယာတပေ တပ္ပမာနေဝ ဝဏ္ဏမူလေ ပရိဋ္ဌာဟော ဥပ္ပဇ္ဇတိ။ တေန တာနိ ဖလာနိ ပါတော ပါတော နိစ္စကာလံ ပတန္တီတိ နေသံ ပါတောဝ ပတနတော ဘယံ ဟောတီတိ အတ္ထော။ ဧဝံ ဇာတာနံ မစ္စာနံ နိစ္စံ မရဏတော ဘယံ ပက္ကဖလသဒိသတ္တာ—

ဟု–သုတ္တ နိပါတ် အဋ္ဌကထာ (၊ဒု၊နှာ-၁၇၀)[၁]ဖွင့်သည့်အတိုင်း နံနက် စောစောအခါ ကြွေကျရခြင်းကြောင့် မှည့်ရှမ်းလေပြီးသောသစ်သီးတို့အား ဘေးကြီး တွေ့ရသကဲ့သို့ သစ်သီးပမာ ဖြစ်ပေါ်လာသော သတ္တဝါတို့အား အမြဲ သေရခြင်းကြောင့် ရှောင်ကွင်းမလွတ် မချွတ်မုချ ဘေးကြီး တွေ့ကြုံရ ချေသည်ဟု အဓိပ္ပါယ်ယူလျက် အနက်သမွန်။ မှည့်ရှမ်းသည် ဟူသော စကားလည်း ယေဘုယျ, ဥပလက္ခဏ, နိဒဿန မျှသာတည်း။အစိမ်းအကျက် အကြီး,အငယ် အရွယ်မရွေး ကြွေတတ်သည်ပင်။

ယထာပိ၊ ဥပမာ တနည်းလည်း။ ကုမ္ဘကာရဿ၊ အိုးထိန်းသည်၏။ ဝါ၊ အိုးထိန်းသည်သည်။ကတံ၊ပြုလုပ်အပ်သော။ ခုဒ္ဒကဉ္စ၊ငယ်သည်လည်းဖြစ်သော။ မဟန္တဉ္စ၊ ကြီးသည်လည်းဖြစ်သော။ ပက္ကဉ္စ၊ ဖုတ်အပ်ပြီးသည်လည်းဖြစ်သော။ ယံ မတ္တိကဘာဇနံ၊ အကြင်မြေအိုးမြေခွက်သည်။ အာမကဉ္စ၊ မဖုတ်သေးလစ် အစိမ်းလည်းဖြစ်သော။ ယံ မတ္တိကဘာဇနံ၊ အကြင်မြေအိုးမြေခွက်သည်။အတ္ထိ၊ ရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ မတ္တိကဘာဇနံ၊ ထိုမြေအိုး မြေခွက်ဟူသမျှသည်။ ဘေဒနပရိယန္တံ ယထာ၊ ထိုထိုလက်၌ ကွဲပျက်ခြင်းအဆုံးရှိသကဲ့သို့။ ဧဝံ တထာ၊ ဤအိုးခွက်အတူ။ မစ္စာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ မရဏပရိယန္တံ၊ သေခြင်းသာလျှင် အဆုံး ရှိချေ၏။

တိဏဂ္ဂမှိ၊ မြက်ပင်ဖျား၌။ ဥဿာဝေါ၊ ဆီးနှင်းပေါက်သည်။ သူရိယုဂ္ဂမနံ၊ နေထွက်ခြင်းကို။ ပတိ၊ စွဲ၍။ သီဃသော၊ ဆောဆောလျှင်မြန်။ ဝိဒ္ဒံသတိ ဣဝ၊

[၁] ဆဋ္ဌမူနှင့် အတန်ငယ်ကွာသည်၊ လိုရာကိုသာ ဖြတ်တောက် ကိုးကား ထားခြင်း ဖြစ်သည်။

ပျက်စီးကွယ်ပျောက် သွေ့ခြောက်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်သည်။ သီဃသော၊ အဆောလျင်မြန်။ ဝိဒ္ဓံသတိဧဝ၊ သေပျောက်ဆုံးပါး ပျက်ပြားသလျှင်ကတည်း။ ဤကား အနက်။

ဤသို့ ဝဓက ပစ္စုပဋ္ဌာနအားဖြင့် ဆင်ခြင်လျှင်လည်း ဥပစာရစျာန်ကို ရ၏။

## ၂-ဖြစ်လျှင် ပျက်မြဲဟု ရှေးရှုထင်မြင်ပွါးများပုံ

**သမ္ပတ္တိ ဝိပတ္တိအားဖြင့် ဆင်ခြင်ဟန်ကား—**

တာဝ သောဘတိ သမ္ပတ္တိ၊ ဝိပတ္တိ ယာဝနာဂတာ။
ယာ ဝိပတ္တိ'မတိက္ကမ္မ၊ တိဋ္ဌေယျ နတ္ထိ သာစိ'ခ[၁]။

သကလံ ဟိ မဟိံ ဘုတ္ဝာ၊ ဒတ္ဝာ ကောဋိသတံ သုခီ။
အဍ္ဎာမလကမတ္တဿ၊ အန္တေ ဣဿရတံ ဂတော[၂]။

တေနေဝ ဒေဟဗန္ဓေန၊ ပုညမှိ ခယ'မာဂတေ။
မရဏာဘိမုခေါ သောပိ၊ အသောကော သောက'မာဂတော[၃]။

ယထာ အာရောဂျံ ယောဗ္ဗနံ၊ ဗျာဓိ ဇရာ ပရောသိတံ။
တထေဝ ဇီဝိတံ သဗ္ဗံ၊ မရဏပ္ပရိယောသိတံ[၁]။

ဇာတိယာ လောကော ဇရာယ၊ ဗျာဓိနာ မရဏေန စ။
အနုဂ္ဂတော အနုသဋ္ဌော၊ အဘိဘူတော အဘာဟတော[၁]။

ယထာပိ သေလာ ဝိပုလာ၊ နဘံ အာဟစ္စ ပဗ္ဗတာ။
သမန္တာ'နုပရိယေယျုံ၊ နိပ္ပေါထေန္တာ စတုဒ္ဒိသာ[၃]။

ဧဝံ ဇရာ စ မစ္စု စ၊ အဓိဝတ္တန္တိ ပါဏိနေ။
ခတ္တိယေ ဗြာဟ္မဏေ ဝေဿ၊ သုဒ္ဒေ စဏ္ဍာလပုက္ကုသေ။
န ကိဉ္စိ ပရိဝဇ္ဇေတိ၊ သဗ္ဗမေဝါ'ဘိမဒ္ဒတိ[၃]။

န တတ္ထ ဟတ္ထီနံ ဘူမိ၊ န ရထာနံ န ပတ္တိယာ။
န စာပိ မန္တယုဒ္ဓေန၊ သက္ကာ ဇေတုံ ဓနေန ဝါ[၃]။

ဤသို့ ဆင်ခြင်အပ်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၂၂၄-၅ လာ စကားပြေကို ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၂၄။ သကလံ မေဒနိံ ဘုတွာ (ဆဋ္ဌမူ)။

၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၂၄-၅။ (ရှိရင်းဂါထာများ)

ယာဝ၊ အကြင်မျှသော ကာလတိုင်အောင်။ ဝိပတ္တိ၊ ဖောက်ပြန်ယိုယွင်း ပျက်စီးခြင်းသည်။ နာဂတာ၊ မဖိစီး မဆိုက်ရောက်လာသေး။ တာဝ၊ ထိုဝိပတ္တိ မဆိုက်ဘီခင်မျှ ကာလတွင်ရွေသာလျှင်။ သမ္ပတ္တိ၊ ပြည့်စုံခြင်းမည်သည်။ သော-ဘတိ၊ တင့်တယ်၏—တင့်တယ်သကဲ့သို့ထင်ရ၏။ ယာ သမ္ပတ္တိ၊ အကြင်ပြည့်စုံခြင်းသည်။ ဝိပတ္တိံ၊ ဖောက်ပြန် ယိုယွင်း ပျက်စီးခြင်းကို။ အတိက္ကမ္မ၊ လွန်မြောက်၍။ တိဋ္ဌေယျ၊ တည်ရာ၏။ သာ ဧ သမ္ပတ္တိ၊ ထိုဝိပတ္တိကို လွန်မြောက်နိုင်သောသမ္ပတ္တိ မည်သည်လည်း။ ဣဓ၊ ဤလောကဓာတ်၌။ နတ္ထိ၊ မရှိခဲ့။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ အသောကော၊ ဓမ္မာသောကမင်းသည်။ သကလံ မဟိံ၊ ဇမ္ဗူသောင်းခွင် မြေပြင်အလုံးကို။ ဘုတ္တွာ၊ စိုးအုပ်သုံးဆောင်၍။ ကောဋိ-သတံ၊ ကုဋေအရာမက မျှားလှစွာသောဥစ္စာကို။ ဒတွာ၊ ပေးလှူစွန့်ကြဲ၍။ သုခီ၊ နတ်သို့တမျှ စိုးရရိပ်ငြိမ် စည်းစိမ်ချမ်းသာ ကြီးမားပါလျက်။ အန္တေ၊ သေခါနီးသောအဆုံး၌။ အဍ္ဍာမလက မတ္တဿ၊ လက်၌ကိုင်ဆဲ မှီဝ် သုံးစား သျှစ်သျှားသီး တခြမ်းမျှကို။ ဣဿရတံ၊ အစိုးရသော အဖြစ်သို့။ ဂတော၊ ရောက်ရှာလေပြီ။

တေနေဝ ဒေဟဗန္ဓေန၊ စည်းစိမ်းခံလင့် ထိုကိုယ်ဖြင့်သာလျှင်။ ပုညမှိ၊ ကောင်းမှုကံသည်။ ခယံ၊ ကုန်ခြင်းသို့။ အာဂတေ၊ ရောက်လတ်သည် ရှိသော်။ မရဏာဘိမုခေါ၊ သေခြင်းသို့ ရှေးရှုသည်ဖြစ်၍။ သောပိ အသောကော၊ ထို စိုးရိမ် ကင်းလတ် အသောကမင်းမြတ်သည်လည်း။ သောကံ၊ စိုးရိမ်ထန်ပြင်း ကြောင့်ကြခြင်းသို့။ အာဂတော၊ ရောက်ရလေပြီ။

အာရောဂျံ၊ အနာရောဂါကင်းခြင်းသည်ရင်း။ ယောဗ္ဗနံ၊ အရွယ်အဆင်း ပြည့်စုံခြင်းသည်ရင်း။ ဗျာဓိ ဇရာ ပရိဿိတံ ယထာ၊ နာကျင်,အိုမင်းခြင်း အဆုံးရှိသကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။သဗ္ဗံ ဇီဝိတံ၊ အလုံးစုံသော အသက် ရှင်ခြင်းသည်။ မရဏ ပရိယောသိတံ၊ သေခြင်းသာလျှင် အဆုံးရှိချေ၏။

လောကော၊ သတ္တလောက သတ္တဝါဟူသမျှကို။ ဇာတိယာ၊ ပဋိသန္ဓေနေ ရခြင်းဘေးသည်။ အနုဂတော၊ ရန်သူပမာ မကွာထက်ကြပ် လိုက်အပ်ချေ၏။ ဇရာယ၊ အိုရခြင်းဘေးသည်။ အနုသဋ္ဌော။ အဆိပ်အသွင် အတွင်းဝင်လျက် အစဉ်ပျံ့နှံ့အပ်ချေ၏။ ဗျာဓိနာ၊ အနာရောဂါဘေးသည်။ အဘိဘူတော၊ အမုန်ယစ်သည်း ဆင်ပြောင်ကြီးကဲ့သို့ ဖိစီး နှိပ်စက်အပ်ချေ၏။ မရဏေန၊ သေရခြင်း ဘေးသည်။ အဘိအာဟတော၊ ပမာဘီလူး ဖမ်းပူးစွဲကပ် ပုတ်ခတ် အပ်ချေ၏။

ယထာပိ၊ ဥပမာလည်း။ သေလာ၊ ကျောက်အတိပြီးကုန်သော။ ဝိပုလာ၊ အစောက်နံလျှား မျှားယူဇနာ ကြီးမားစွာကုန်သော။ နဘံ၊ ကောင်းကင်ကို။

အာဟစ္စ၊ ဆိုက်ထိပြန့်နှံ့၍။ ဌိတာ၊ တည်ကုန်သော။ ပဗ္ဗတာ၊ တောင်ကြီး တို့သည်။ နိပ္ပေါထေန္တာ၊ သတ္တဝါသခ်ါရ ရှိသမျှကို မွမွညက်ကြေ ကြိတ်ချေ ကုန်လျက်။ သမန္တာ၊ ထက်ဝန်းကျင်မှ။ စတုဒ္ဒိသာ၊ အရပ်လေးမျက်နှာတို့သို့။ အနုပရိယေယျုံယထာ၊ ရွေရွေငွါးငွါး သွားလာလှည့်လည်ကုန်ရာသကဲ့သို့။

ဧဝံတထာ၊ ထိုနည်းတူ။ ဇရာ စ၊ အိုခြင်းသည်ရင်း။ မစ္စု စ၊ သေခြင်း သည်ရင်း။ ခတ္တိယေ၊ မင်းမျိုးတို့ကိုရင်း။ ဗြာဟ္မဏေ၊ ပုဏ္ဏားမျိုးတို့ကိုရင်း။ ဝေဿေ၊ ကုန်သည်မျိုးတို့ကိုရင်း။ သုဒ္ဒေ၊ သူဆင်းရဲမျိုးတို့ကိုရင်း။ စဏ္ဍာလ-ပုက္ကုသေ၊ ဒွန်းစဏ္ဍား ပန်းမှိုက်သွန်မျိုးတို့ကိုရင်း။ ပါဏိနေ၊ သတ္တဝါ ဟူသမျှတို့ကို။ အဓိဝတ္တန္တိ၊ နှိပ်စက်ကုန်၏။ ကိဉ္စိ၊ မြတ်ယုတ်အကုန် တစုံ တယောက်ကိုမျှ။ န ပရိဝဇ္ဇေတိ၊ မရှောင်ကွင်းချေ။ သဗ္ဗမေဝ၊ မြတ်ယုတ်မဟူ ခပ်သိမ်းသူကိုပင်လျှင်။ အဘိမဒ္ဒတိ၊ နှိပ်နင်းချေ၏။

တတ္ထ၊ ထိုသေရခြင်းအရာ၌။ ဟတ္ထီနံ၊ ဆင်စစ်သည်တို့၏။ ဘူမိ၊ အောင်ရာ မြေရပ်သည်။ န၊ မရှိချေ။ ရထာနံ၊ ရထားစစ်သည်တို့၏။ ဘူမိ၊ အောင်ရာ မြေရပ်သည်။ န၊ မရှိချေ။ ပတ္တိယာ၊ ခြေသည်သူရဲ၏။ ဘူမိ၊ အောင်ရာ မြေရပ်သည်။ န၊ မရှိချေ။ မန္တယုဒ္ဓေန စာပိ၊ အာထဗ္ဗဏဗေဒင် ဖန်စီရင် သော ပညာစစ်ဖြင့်ရင်း။ ဓနေန ဝါ၊ ရွှေငွေဥစ္စာ အသပြာကို များစွာပေး သဖြင့်ရင်း။ ဇေတုံ၊ အောင်မြင်ခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်ကောင်းချေ။ ဤကား အနက်။

အာထဗ္ဗဏာနံ၊ အထဗ္ဗေန မုနိနာ ဒိဋ္ဌော ဝေဒေါ—ဟူသော လောကီ ကျမ်းကို ထောက်၍ ဒန္တဇ ဒုတိယ ထ,သြဋ္ဌဇ တတိယ-ဗ္ဗ ဒွေဘော်တို့နှင့် ရေးသားဖတ်ရွတ်။

ဤသို့ သမ္ဘတ္တိ ဝိပတ္တိအားဖြင့် ဆင်ခြင်လျှင်လည်း ဥပစာရစျာန်ကို ရ၏။

၃-သူတပါးသေခြင်းကို ဥပမာဆောင်၍ မိမိသေရမည်ဟု ဆင်ခြင်ပုံ

ဥပသံဟရဏအားဖြင့် ဆင်ခြင်ဟန်ကား—

ပုည ထာမ ယသိဒ္ဓီနံ၊ ပညာယ စ မဟတ္တတော။
ပစ္စေက သဗ္ဗညုတောတိ၊ သတ္တဓာ ဥပသံဟရေ[၁]။

မဟာပုညာတိ လောကသ္မိံ၊ ဝိဿုတာ ဇောတိကာဒယော။
သဗ္ဗေ မရဏမာပန္နာ၊ မာဒိသေသု ကထာဝ ကာ[၁]။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၂၅-၆လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ဝါသုဒေဝါဒယော ထာမ–ဗလူပေတာတိ ဝိဿုတာ။
တေပိ မရဏံ ယာတာ၊ မာဒိသေသု ကထာဝ ကာ[၁]။

မဟာယသာ ရာဇဝရာ၊ မဟာသမ္မတအာဒယော။
တေပိ မစ္စုဝသံ ပတ္တာ၊ မာဒိသေသု ကထာဝ ကာ[၁]။

ပါဒင်္ဂုဋ္ဌက မတ္တေန၊ ဝေဇယန္တ'မကမ္ပယိ။
ယော နာမိဒ္ဓိမတံ သေဋ္ဌော၊ ဒုတိယော အဂ္ဂသာဝကော[၁]။

သောပိ မစ္စုမုခံ ဃောရံ၊ မိဂေါ သီဟမုခံ ယထာ။
ပဝိဋ္ဌော သဟ ဣဒ္ဓီဟိ၊ မာဒိသေသု ကထာဝ ကာ[၁]။

လောကနာထံ ဌပေတွာန၊ ယေ အညေ သန္တိ ပါဏိနော။
ပညာယ သာရိပုတ္တဿ၊ ကလံ နာဂ္ဃတိ သောဠသိံ[၁]။

ဧဝံ နာမ မဟာပညော၊ ပဌမော အဂ္ဂသာဝကော။
မရဏဿ ဝသံ ပတ္တော၊ မာဒိသေသု ကထာဝ ကာ[၁]။

တံ တံ နိမိတ္တ'မာဂမ္မ၊ ဝီမံသန္တာ မဟေသယော။
သယမ္ဘုဉာဏတေဇေန၊ ယေ ပတ္တာ အာသဝက္ခယံ[၁]။

ကေစ္စရိယနိဝါသေန၊ ခဂ္ဂသိင်္ဂသမူပမာ။
တေပိ နာတိဂတာ မစ္စုံ၊ မာဒိသေသု ကထာဝ ကာ[၁]။

ပရိပုဏ္ဏ ရူပ ဓမ္မော၊ မဟာပုညာဒိပါရဂေါ။
ဇိနော မစ္စု နိပါတေန၊ အဂ္ဂိက္ခန္ဓောဝ သမ္မတိ[၂]။

ဧဝံ မဟာနုဘာဝဿ၊ ယံ နာမေ'တံ မဟေသိနော။
န ဘယေန န လဇ္ဇာယ၊ မရဏံဝ သမာဂတံ[၁]။

နိလ္လဇ္ဇံ ဝီတသာရဇ္ဇံ၊ သဗ္ဗသတ္တာဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ ကထံ နာဘိဘဝိဿတိ[၁]။

ဤသို့ ဆင်ခြင်အပ်၏။

ကြီးကျယ်မြင့်မြတ်သူ ၇-ဦးတို့၏ သေခြင်းကို ဆင်ခြင်ပုံ

ကြီးကျယ်မြင့်မြတ်သူ ၇-မျိုး။ ။ပုည ထာမ ယသိဒ္ဓိနံ၊ ဘုန်းတန်း, အားအန် ခြေရံ,တန်းခိုးတို့၏။မဟတ္တတောစ၊ကြီးကျယ်သည်၏ အဖြစ်အားဖြင့်ရင်း။ ပညာယ၊ ဉာဏ်ပညာ၏။ မဟတ္တတော စ၊

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ–၂၂၅-၆–၇ လာရင်းဖြစ်သည်။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊ နှာ–၂၂၇–လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်၊

ကြီးကျယ်ခြင်းအားဖြင့်ရင်း။ ပစ္စေကာ စ၊ ပစ္စေကဗုဒ္ဓါအားဖြင့်ရင်း။ သဗ္ဗညု-တော စ၊ သဗ္ဗညုဘုရားအားဖြင့်ရင်း။ ဣတိ၊ ဤသို့။ သတ္တဓာ၊ ခုနစ်ပါး အပြားအားဖြင့်။ ဥပသံဟရေ၊ အနီးသို့ ဆောင်ရာ၏။

ပုညမဟတ္တာ။ ။မဟာပုညာတိ၊ ဘုန်းကံကြီးမားကုန်၏ဟူ၍။ လောကသ္မိံ၊ လူ့ရွာ၌။ ဝိဿုတာ၊ ကြေညာထင်ရှားကုန်သော။ ဇောတိကာ-ဒယော၊ ဇောတိက, ဇဋိလ, မေဏ္ဍက, ပုဏ္ဏ[၁], ဥဂ္ဂ[၂] အစရှိကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော သူတို့သည်။ မရဏံ၊ သေပျောက်ခြင်းသို့။ အာပန္နာ၊ ရောက်ရလေကုန်ပြီ။ မာဒိသေသု၊ ဘုန်းကံချာချူ ငါသို့သောသူတို့၌။ ကထာဝ၊ ဆိုဖွယ် စကားသည်ပင်လျှင်။ ကာ၊ အတိမှာ ရှိပချိမ့်နည်း။

ထာမ မဟတ္တာ။ ။ထာမ ဗလူပေတာတိ၊ လုံ့လစွမ်းပကား ခွန်အားဗလနှင့် ပြည့်စုံကုန်၏ ဟူ၍။ လောကသ္မိံ၊ လောက၌။ ဝိဿုတာ၊ ကြေညာထင်ရှားကုန်သော။ ဝါသုဒေဝါဒယော၊ ဝါသုဒေဝ, ဗလဒေဝ, ဘီမသေန, ယုဓိဋ္ဌိလ[၃], စာနုရောယ အစရှိကုန်သော။ တေပိ၊ ထိုမာန်စွယ်ငေါင်းငေါင်း သူရဲကောင်းတို့သည်လည်း။ မရဏံ၊ သေကျေပျက်စီးခြင်းသို့။ ယာတာ၊ ရောက်ရချေကုန်သေး၏။ မာဒိသေသု၊ အားစွမ်းချာချူ ငါသို့သောသူတို့၌။ ကထာဝ၊ ဆိုဖွယ်ရာစကားသည်ပင်လျှင်။ ကာ၊ အဘယ်မှာ ရှိချေအံ့နည်း။

ယသ မဟတ္တာ။ ။မဟာယသာ၊ ခြွေရံစည်းစိမ်များကုန်သော။ မဟာသမ္မတ-အာဒယော၊ မဟာသမ္မတ မင်း အစရှိကုန်သော။ ယေ ရာဇဝရာ၊ အကြင် မင်းမြတ်တို့သည်။ သန္တိ၊ ရှိကုန်၏။ တေပိ၊ ထိုမင်းတို့သည်လည်း။ မစ္စုဝသံ၊ သေမင်းနိုင်ငံသို့။ ပတ္တာ၊ ရောက်ရကုန်သေး၏။ မာဒိသေသု၊ ခြွေရံစည်းစိမ် ဖျင်းသိမ်ချာချူ ငါသို့သောသူတို့၌။ ကထာဝ၊ ဆိုဖွယ်ရာစကား သည်ပင်လျှင်။ ကာ၊ အဘယ်မှာ ရှိအံ့နည်း။

ဣဒ္ဓိ မဟတ္တာ။ ။ဣဒ္ဓိမတံ၊ တန်းခိုးရှိကုန်သောသူတို့တွင်၊ သူတို့ထက်။ သေဋ္ဌော၊ မြတ်တော်မူသော။ ဒုတိယော၊ နှစ်ဆူမြောက်ဌာန် ရာထူးခံ၍ လက်ဝဲရံဖြစ်တော်မူသော။ ယော နာမ အဂ္ဂသာဝကော၊ အကြင်မောဂ္ဂလာန်-ဟု ကျော်ဝှန်သည်းလတ် တပည့်မြတ်သည်။ ပါဒင်္ဂုဋ္ဌကမတ္တေန၊ ခြေမတော်ဖြင့်။ ဝေဇယန္တံ၊ ယူဇနာထောင် မြင့်ခေါင်ကြီးမား သိကြားဝေဇယန် နန်းဗိမာန်ကို။

---

၁။ ဓမ္မပဒ၊ ဋ္ဌ၊ ပ၊ နှာ-၂၄၃-၂၆၄။

၂။ ဓမ္မပဒ၊ ဋ္ဌ၊ ဒု၊ နှာ-၂၉၁။

၃။ ယုဓိဋ္ဌိရ-ဟုလည်း ရှိသင့်သည်၊ မဟာဘာရတ၌လည်း ရ-နှင့်ပင် ရှိသည်။ ရ-နှင့်လ အလဲအလှယ်ဖြစ်ခွင့်ရှိသည်။ ယုဒ္ဓိတ္ထိရ=စစ်တိုက်ရာ၌မြဲမြံသူ-ဟုဆိုလိုလည်း။

အကမ္ပယိ၊ တုန်လှုပ်စေပြီ။ သောပိ၊ ထိုမဟာမောဂ္ဂလာန် ထေရ်မြတ်သည် သော်လည်း။ မိဂေါ၊ သားသမင်သည်။ သီဟမုခံ၊ ခြင်္သေ့ခံတွင်းသို့။ ပဝိသတိ ယထာ၊ ဝင်ရသကဲ့သို့။ ဂ္ဂဒ္ဒိဟိ၊ တန်းခိုးတို့နှင့်။ သဟ၊ တကွ။ ဃောရံ၊ ပြင်းထန် ကြမ်းတမ်းလှစွာသော။ မစ္စုမုခံ၊ သေမင်းခံတွင်းသို့။ ပဝိဋ္ဌော၊ ဝင်တော်မူရချေသေး၏။ မာဒိသေသု၊ တန်းခိုးမဲ့၍ နော်နဲ့ချာချူ ငါသို့သော သူတို့၌။ ကထာဝ၊ ဆိုဖွယ်ရာ စကားသည်ပင်လျှင်။ ကာ၊ အဘယ်မှာ ရှိအံ့နည်း။

**ပညာ မဟတ္တ။** ။လောကနာထံ၊ မြတ်စွာဘုရားကို။ ဌပေတွာန၊ ချန်ထား၍။ အညေ၊ ဘုရားမှတပါးကုန်သော။ ယေ ပါဏိနော၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တေသံ၊ ထိုရှိမဲ့ဥဿုံ အလုံးစုံသော သတ္တဝါတို့၏။ ပညာ၊ ရှိသမျှပညာသည်။ သာရိပုတ္တဿ၊ သာရိပုတြာ ကြေညာထင်ပေါ် မထေရ်ကျော်၏။ပညာယ၊ ပညာ၏။ သောဠသိံ၊ တဆဲ့ခြောက်ခုမြောက်သော အဘို့တို့ကို တဆဲ့ခြောက်ဘို့ စိတ်ပြန်အပ်သော။ ကလံ၊ တစိတ်သောအဘို့တို့ကို။ န အဂ္ဃတိ၊ မမှီမထိုက်။ (နှစ်ရာ့ငါးဆဲ့ခြောက်စိတ် စိတ်၍ တစိတ်ကိုမျှ မမှီနိုင် ဟူလိုသည်)။

ဧဝံ နာမ မဟာပညော၊ ဤသို့စင် ပညာတော်ကြီးလှသော။ ပဌမော၊ ရှေးဦးရပ်ဌာန် ရာထူးခံ၍ လက်ျာရံဖြစ်တော်မူသော။ အဂ္ဂသာဝကော၊ သာရိပုတြာ ကြေညာထင်ပေါ် ပညာကျော်လတ် တပည့်မြတ်သော်လည်း။ မရဏဿ၊ သေမင်း၏။ ဝသံ၊ အလိုနိုင်ငံသို့။ ပတ္တော၊ ရောက်တော်မူရချေသေး၏။ မာဒိသေသု၊ ဉာဏ်နုန့်မြေးထူ ငါသို့သောသူတို့၌။ ကထာဝ၊ ဆိုဖွယ်ရာ စကားသည်ပင်လျှင်။ ကာ၊ အဘယ်မှာ ရှိအံ့နည်း။

**ပစ္စေကဗုဒ္ဓါ။** ။မဟေသယော၊ သီလက္ခန္ဓ စသည်များလွှေ ဂုဏ်အပွေ့ကို ရှာလေ့ ရှိတော်မူပြီးကုန်သော။ ယေ ပစ္စေကဗုဒ္ဓါ၊ အကြင် အသီးအခြား ဘုရား ပစ္စေကဗုဒ္ဓါတို့သည်။ တံ တံ နိမိတ္တံ၊ ထိုထိုလက်ကောက် နှစ်ဆင့် ထိခိုက်ခြင်း, ဝါးမျစ်၏ မထစ်မငြိပေါက်ခြင်း[၁] စသော အကြောင်းကို။ အာဂမ္မ၊ စွဲ၍၊ ဝီမံသန္တာ၊ ဖြစ်,နစ် ပဝတ္တိ နိဝတ္တိတို့ကို နှိုင်းညှိ စုံစမ်းကုန်လျက်။ သယမ္ဘုဉာဏတေဇေန၊ ပရတောဃောသ မကူ သယမ္ဘူ ဉာဏ်စွမ်းဖြင့်။ အာသဝက္ခယံ၊ အာသဝေါကင်း ကုန်ခန်းခြင်းသို့။ ပတ္တာ၊ ရောက်တော်မူကြလေကုန်ပြီ။

ဧကစရိယနိဝါသေန၊ တယောက်အထီးတည်း နေခြင်းဖြင့်။ ခဂ္ဂသိင်္ဂသမူပမာ၊ ကြံ့ချိုတမူ တူသော ဥပမာရှိကုန်၏။ တေပိ၊ ထိုပစ္စေကဗုဒ္ဓါတို့သည်လည်း။ မစ္စုံ၊ သေခြင်းကို။ နာတိဂတာ၊ လွန်တော် မမူနိုင်ကြကုန်။ မာဒိသေသု၊

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပါနှာ-၂၂၆။ ဝိသုဒ္ဓိမဟာဋီကာ၊ ပါနှာ-၂၉၁။

ပစ္စေကသံ ဗောဓိဉာဏ်နှင့် ဝေးလံချာချူ ငါသို့သောသူတို့ဌါ။ ကထာ၀၊ ဆိုဖွယ်ရာ စကားသည်ပင်လျှင်။ ကာ၊ အဘယ်မှာ ရှိအံ့နည်း။

**သမ္မာသမ္ဗုဒ္ဓေ။** ။ပရိပုဏ္ဏရူပဓမ္မော၊ တမ္ဗနခ သုပ္ပတိဋ္ဌိတပါဒ စသည်သွယ်သွယ် လက္ခဏာတော်ကြီးငယ်တို့ဖြင့် ဆန်းကြယ်သော ရူပကာယ, သီလက္ခန္ဓ စသည်များစွာ ဂုဏ်ရတနာတို့နှင့် ပြည့်စုံသော ဓမ္မကာယ ရှိသည်ဖြစ်၍ ဝန်းကျင်ပတ်ခြုံ ပြည့်စုံသော ရူပကာယ, ဓမ္မကာယ ရှိတော်မူထသော။ မဟာပုညာဒိ ပါရဂေါ၊ ပုညမဟတ္တ စသည်တို့၏ ကမ်းတဖက်သို့ ရောက်တော်မူထသော။ ဇိနော၊ ငါးမာရ်လွှင့်ခြေ အစိန္တေယျော် သုံးလူ့မော်သည်။ မစ္စုနိပါတေန၊ သေခြင်းဟူထ မိုးရေပေါက်ကျသဖြင့်။ အဂ္ဂိက္ခန္ဓော ဣဝ၊ မီးပုံကြီးသို့။ သမ္မသိ=ဝူပသမိ၊ နိဗ္ဗူယူသိမ်း ငြိမ်းတော်မူရလေပြီ။

ယံ နာမ မရဏံ၊ အကြင်သေခြင်း တရားမည်သည်။ ဧဝံမဟာနုဘာဝဿ၊ သို့စင်ကြီးမော် အာနုဘော်ရှိတော်မူသော။ မဟေသိနော၊ ဘုရားရှင်၏။ ဝသံ၊ အလိုနိုင်ငံသို့။ ဘယေန၊ ကြောက်သဖြင့်မူလည်း။ န အာဂတံ၊ မလိုက်ပလေ။ လဇ္ဇာယ၊ ရှက်သဖြင့်မူလည်း။ န အာဂတံ၊ မလိုက်ပလေ။

နိလ္လဇ္ဇံ၊ ရှက်ရွံ့ခြင်းမရှိသော။ ဝီတသာရဇ္ဇံ၊ ကြောက်လန့်ခြင်း ကင်းသော။ သဗ္ဗသတ္တာဘိမဒ္ဒနံ၊ လူနတ်ပြဟ္မာ သတ္တဝါခပင်းကို နှိမ်နင်းတတ်သော။ တယိဒံ=တံမရဏံ၊ ထိုသေမင်းသည် (ဣဒံ အနက် မရှိ)။ မာဒိသံ သတ္တံ၊ ငါသို့ချူချာသတ္တဝါကို။ ကထံ နာဘိဘဝိဿတိ၊ ဘယ်ကြောင်း ဘယ်ဟာ ဘယ်ခြင်းရာဖြင့် ရှောင်ခွါသွေလွှဲ မနှိပ်စက်ပဲ နေလိမ့်မည်နည်း။ အဘိဘဝိဿတိဧဝ၊ နှိပ်စက်လွှမ်းမိုးလတ္တံ့သည်သာလျှင်တည်း။ ဤကား အနက်။

ဤသို့ ဥပသံဟရဏအားဖြင့် ဆင်ခြင်လျှင်လည်း ဥပစာရစျာန်ကို ရ၏။

### ၄-ဘေးအန္တရာယ်တို့နှင့်ဆက်ဆံသောကိုယ်ဟု ရှုဆင်ခြင်ပုံ

**ကာယဗဟုသာဓာရဏအားဖြင့် ဆင်ခြင်ပုံကား—**

အသီတိ ကိမိကုလာနံ၊ ရောဂါနန္တရဗာဟိရံ။
သာဓာရဏော ဝသာ တေသံ၊ ကာယော မစ္စုံ နိဂစ္ဆတိ[၁]။

ယထာ ဟိ သရာဒယော လက္ခေ၊ ကာယေပိ သဗ္ဗုပဒ္ဒဝါ။
သ္မာ’ယံ တေသမ္ပိ ပါတေန၊ ကာယော မစ္စုံ နိဂစ္ဆတိ[၂]။

ဟူ၍ ဆင်ခြင်အပ်၏။

၁-၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပါ၊နှာ-၂၂၇ လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ကာယော၊ ကိုယ်သည်။ အသီတိ ကိမိကုလာနံ၊ အရေထူ,ပါး အသား ကြောရိုး ရိုးတွင်းခြင်ဆီ ကပ်မှီစားသောက် သေပျောက်မွေးဖွား နာဖျား ကြီးငယ် ကျင်စွန့်ပယ်သည့် ရှစ်ဆယ်များတောင်း ပိုးမျိုးပေါင်းတို့နှင့်လည်း။ သာဓာရဏော၊ ဆက်ဆံချေ၏။ တေသံ၊ ထိုပိုးမျိုး ရှစ်ဆယ်တို့၏။ ဝသာ၊ ပျက်ခြင်းဟူသော အစွမ်းဖြင့်လည်း။ ကာယော၊ ကိုယ်သည်။ မစ္စုံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်တတ်ချေ၏။ အန္တရဗာဟိရံ=အန္တရဗာဟိရာနံ၊ ကိုယ်တွင်း ကိုယ်ပ၌ ဖြစ်ကုန်သော။ ရောဂါနံ=ရောဂဘယာနံ၊ စက္ခုရောဂါစသော အရာ မကသောအနာ၊ မြွေ,ကင်း,သန်း စသော အရာမကသော ဘေးတို့နှင့်လည်း။ သာဓာရဏော၊ ဆက်ဆံချေ၏။ တေသံ၊ ထိုရောဂါ,ဘေးတို့၏။ ဝသာ၊ အစွမ်း ဖြင့်လည်း။ ကာယော၊ ကိုယ်သည်။ မစ္စုံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်တတ် ချေ၏။

ဟိ၊ ဥပမာဖြင့် ထင်စွာချဲ့ပြဦးအံ့။ လက္ခေ၊ လမ်းလေးဆုံချက် မှတ်တိုင်စက်၌။ သရာဒယော၊မြား,လှံ,ခက်ရင်း စသော လက်နက်တို့သည်။ပတန္တိ ယထာ၊ ကျကုန် သကဲ့သို့။ ကာယေပိ၊ ကိုယ်၌လည်း။ သဗ္ဗုပဒ္ဒဝါ၊ အလုံးစုံသော ဘေးဒဏ်ဥပါဒ် တို့သည်။ ပတန္တိ၊ ကျရောက်ကုန်၏။ သွာယံ ကာယော၊ ထိုကိုယ်သည်။ တေသမ္ပိ၊ ထို ဘေးဒဏ် ဥပါဒ်တို့၏လည်း။ ပါတေန၊ ကျရောက်ခြင်းကြောင့်။ မစ္စုံ၊ သေခြင်းသို့။ နိဂစ္ဆတိ၊ ရောက်ရချေ၏။

## ၅-အသက်၏ မခိုင်ခံ့ခြင်းကို ဆင်ခြင်ပွါးများပုံ

အာယုဒုဗ္ဗလအားဖြင့် ဆင်ခြင်ဟန်ကား—

သီတုဏှ ဘူတ အာဟာရ-အာနာပါနိရိယာပထ။
နိဗန္ဓံ ဇီဝိတံ တေန၊ တေသံ ဝသေန ဒုဗ္ဗလံ[၁]။

ဟု ဆင်ခြင်အပ်၏။

ဇီဝိတံ၊ အသက်မည်သည်။ သီတုဏှ ဘူတ အာဟာရ အာနာပါနိရိယာပထ-နိဗန္ဓံ၊ ညီမျှသောအေး အပူ, ညီမျှသော မဟာဘုတ် လေးပါး, သင့်လျော်သော အစာအာဟာရ, အလှည့်စီ အညီအမျှ ဖြစ်သော ထွက်သက် ဝင်သက်လေ,အညီ အမျှ ဖြစ်သော ဣရိယာပုထ်လေးပါးတို့နှင့် စပ်၏။ တေန၊ ထိုကြောင့်။ တေသံ၊ ထိုအချမ်းအပူ မဟာဘူတ အာဟာရနှင့် အာနာပါန ဣရိယာပုထ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဒုဗ္ဗလံ၊ ကမ်းနားသစ်ပင် ပမာသွင်သို့ အလွန်လျှင် အားနည်းလှ ချေ၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၂၈-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

## ၆-မည်သည့်အချိန် မည်သည့်ရောဂါ စသည်ဖြင့် သေရမည့် အကြောင်း ပိုင်းခြားမသိနိုင်ပုံ

အနိမိတ္တအားဖြင့် ဆင်ခြင်ဟန်ကား—

ဇီဝိတံ,ဗျာဓိ,ကာလော စ၊ ဒေဟနိက္ခေပနံ,ဂတိ။
ပဉ္စေ'တေ ဇီဝလောကသ္မိံ၊ အနိမိတ္တာ န နာယရေ[၁]။

ဇီဝိတံ စ၊ အသက်ကိုလည်း။ အနိမိတ္တံ၊ ကလလရေကြည် စသည် ခြားပိုင်း အတိုင်းအစေ့ ဤရွေ့ချင့်ပေါင်း ရှည်စကောင်း၏ဟု သိကြောင်းအမှတ် မရှိသည် ဖြစ်၍။ န နာယတေ၊ မသိအပ်နိုင်ချေ။ ဗျာဓိ စ၊ အနာရောဂါကိုလည်း။ အနိမိတ္တော၊ စက္ခုရောဂ စသည်ထွေလည် မည်သည်ဖြင့်သာ သေကောင်းရာဟု သိဖွယ်ရာ အကြောင်းအမှတ် မရှိသည်ဖြစ်၍။ န နာယတေ၊ မသိအပ်နိုင်ချေ။ ကာလော စ၊ နံနက် နေ့ ည စသော သေရာကာလကိုလည်း။ အနိမိတ္တော၊ သိကြောင်းအမှတ်မရှိသည်ဖြစ်၍။ န နာယတေ၊ မသိအပ်နိုင်ချေ။ ဒေဟနိက္ခေပနံ စ၊ တော, ရွာ, ကြည်း, ရေ သေရာအရပ်ကိုလည်း။ အနိမိတ္တံ၊ သိကြောင်းသိရာ သညာ မှတ်သား အပိုင်းအခြား မရှိသည်ဖြစ်၍။ န နာယတေ၊ မသိအပ်နိုင်ချေ။ ဂတိ စ၊ ဒေဝ,မနုဿ, နိရယနှင့် ပေတ, တိရစ္ဆာန် ငါးတန်သော ဂတိကိုလည်း။ အနိမိတ္တာ၊ ဘယ်ကစုတိ ဘယ်ဂတိသာ လားကောင်းရာဟု သညာမှတ်သား အပိုင်းအခြား မရှိသည်ဖြစ်၍။ န နာယတေ၊ မသိအပ်နိုင်ချေ။ ဇီဝလောကသ္မိံ၊ သတ္တလောက၌။ ဧတေ ပဉ္စ၊ ဤငါးပါးတို့ကို။ အနိမိတ္တာ၊ သိကြောင်းခြင်းရာ သညာ အမှတ်အသား အပိုင်းအခြား မရှိကုန်သည်ဖြစ်၍။ န နာယရေ၊ ဘယ်ရှယ်, ဘယ်နာ, ဘယ်အခါ, ဘူမိ, ဘယ်ဂတိဟု မသိအပ်နိုင်ချေကုန်။

## ၇-အသက်အပိုင်းအခြားအားဖြင့် သေမည့်အခါကိုမသိနိုင်ပုံ

အဒ္ဓါနပရိစ္ဆေဒအားဖြင့် ဆင်ခြင်ဟန်ကား—

အပ္ပ'မိဒံ မနုဿာနံ အာယု၊ ဂမနီယော သမ္ပရာယော၊ ကတ္တဗ္ဗံ ကုသလံ၊ စရိတဗ္ဗံ ဗြဟ္မစရိယံ၊ နတ္ထိ ဇာတဿ အမရဏံ။ ယော စိရံ ဇီဝတိ၊ သော ဝဿသတံ အပ္ပံ ဝါ ဘိယျော[၂]။

အပ္ပမာယု မနုဿာနံ၊ ဟီဠေယျ နံ သုပေါရိသော။
စရေယျာ'ဒိတ္တသီသောဝ၊ နတ္ထိ မစ္စုဿ နာဂမော[၂]။

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ပ၊ နှာ-၂၂၈။
၂။ သံ၊၁၊ နှာ-၁၀၉။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊ နှာ-၂၂၉။

မနုဿာနံ၊ လူတို့၏။ ဣဒံ အာယု၊ ဤအသက်တမ်းသည်။ အပ္ပံ၊ နည်းပါးလှစွာ၏။ သမ္ပရာယော၊ တမလွန်ဘဝသို့။ ဂမနီယော၊ သန္ဓေအားဖြင့် သွားထိုက်ချေ၏။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ မသေခင်ခါ ပြုသင့်စွာ၏။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရိတဗ္ဗံ၊ ဆောတလျင်သာ ကျင့်ထိုက်စွာ၏။ ဇာတဿ၊ သတ္တဝါတစ် ပေါ် ဖြစ်လာသောသူအား။ ဝါ၊ သူ၏။ အမရဏံ၊ မသေပျောက်ပဲ အမြဲနေရခြင်းမည်သည်။ နတ္ထိ၊ မရှိနိုင်ချေ။ ယော၊ အကြင် သူသည်။ စိရံ၊ ကြာရှည်စွာ။ ဇီဝတိ၊ အသက်ရှည်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ အနှစ်တရာသော်ရင်း။ အပ္ပံ ဝါ ဘိယျော၊ တရာထက်အနည်းငယ်မျှ အလွန်သော်ရင်း။ ဇီဝတိ၊ အသက်ရှင်၍ နေရ၏။

မနုဿာနံ၊ ယခုလိုလူ ဆုတ်ကပ်သူတို့၏။ အာယု၊ အသက်တမ်းသည်။ အပ္ပံ၊ နည်းလှချေ၏။ သုပေါရိသော၊ သိမြင်ကျိုးကြောင်း သူတော်ကောင်းသည်။ နံ၊ ထိုအသက်ကို။ ဟီဠေယျ၊ ရှုတ်ချကဲ့ရဲ့ရာ၏။ အာဒိတ္တ သီသော ဣဝ၊ ဦးခေါင်း ဥဿျောင် မီးလောင်သော သူကဲ့သို့။ စရေယျ၊ သုစရိုက်ကို တန့်ခိုက်မနား အားထုတ်ကျင့်သုံးရာ၏။ မစ္စုဿ၊ သေမင်း၏။ န အာဂမော၊ မရောက်မလာရာ သတ္တဝါမည်သည်။ နတ္ထိ၊ မရှိချေခဲ့။

**မရဏာနုဿတိလင်္ကာ။**　　။ရေဌ် တုတ်ရေး၊ တူသွေး ရေပွက်၊ တောင်ထက် မြစ်တူ၊ အားရှိသူထွေး၊ တံထွေး သားတစ်၊ သံအိုး ချစ်၌၊ ချပစ်အလား၊ သတ်မည့် နွားနှင့်၊ မြက်ဖျားမှာ နှင်း၊ ပုံမယွင်းခဲ့၊ နည်းမင်း အာယု၊ ကောင်းသည့်မှုကို၊ ပြုသင့်လက်ငင်း၊ ခုချက်ခြင်း[၁]။

**ပမာဒပုဂ္ဂိုလ် ၆-ဦးနှင့် အပ္ပမာဒ ၂-ဦး။**　　။ညဥ့်နေ့ တနေ့၊ ထက်ဝက်နေ့တည်း၊ တကြိမ် ရွှေစား၊ ထက်ဝက်စားနှင့် လေးငါးလုတ်တွင်း၊ မသေလျှင်းဟူ၊ ခြောက်ယောက်လူကို၊ မေ့သူဟော ထား၊ တလုတ်စားတွင်း၊ ရှုရှိုက်တွင်းမှာ၊ မသေပါမူ၊ မြတ်စွာဘုရား၊ ဟောတရားကို၊ အားထုတ်အံ့ဟူ၊ နှစ်ယောက်သူသာ။　　။အပ္ပထက်စွာ ပွါးသတည်း[၂]။

အဟော ဝတာဟံ ဇီဝေယျံ၊ ဧကော’လောပဿ ဘောဇနံ။
အဿာသန ပဿသနံ၊ ကရေယျံ သတ္ထုသာသနံ[၂]။

---

၁။ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဒုအရကသုတ်၊ နှာ-၅၀၂-လာ ဥပမာ ခုနစ်မျိုးဖြစ်သည်။

၂။ အံ၊၃ နှာ-၁၃၅-ဂ။ ဝိသုဒ္ဓိမဂ်၊ ဌ၊ပ၊ နှာ-၂၂၉-၂၃၀ လာ စကားပြေကို လင်္ကာနှင့် ဂါထာစီထားသည်။

အပ္ပမာဒပုဂ္ဂိုလ် ၂-ဦး။ ။အဟံ၊ ငါသည်။ ကောလောပဿ၊ တမင်းတလုတ်ကို။ ဘောဇနံ၊ ကောင်းစွာဝါး၍ စားသောက်မျိုပြီးသည် တိုင်အောင်။ ဇီဝေယျံ၊ အသက်ရှင်ရမူကား။ အဟော ဝတ၊ ကောင်းလေစွ။ သတ္ထုသာသနံ၊ ထက်ဖိုလ်ဆုံးတိုင် ရွက်ဆောင်နိုင်ထ ဘုရား အဆုံးအမတော်ကို။ ကရေယျံ၊ လိုက်နာကျင့်သုံး နှလုံးပြုအံ့။ အဟံ၊ ငါသည်။ အဿာသန ပဿာသနံ၊ ရှူသည်ကကို ရှိုက်သည်တိုင်အောင် ရှိုက်သည်ကကိုမူလည်း ရှူသည်တိုင်အောင်။ ဇီဝေယျံ၊ အသက်မသေ နေရမူကား။ အဟော ဝတ၊ ရဟန်းတရား ကိုယ့်စီးပွါးကို မျှားစွာလို့လ အားထုတ်ရသဖြင့် ကောင်းမြတ်လေစွ။ သတ္ထုသာသနံ၊ ဘုရားရှင်၏ အဆုံးအမတော်ကို။ ကရေယျံ၊ ပြုရပေအံ့။

ဤသို့ အဒ္ဓါနပရိစ္ဆေဒအားဖြင့် ပွါးများဆင်ခြင်လျှင်လည်း ဥပစာရစျာန်ကို ရ၏။

ဂ-အသက်တမ်းအားနည်း တိုတောင်းပုံကို ဆင်ခြင်ပွါးများခြင်း

ခဏပရိတ္တအားဖြင့် ဆင်ခြင်ဟန်ကား—

ပရမတ္ထတော သတ္တာနံ၊ ပရိတ္တော ဇီဝိတက္ခဏော။
ကေနေမိပ္ပဒေသေန၊ ရထစက္က[၁]ံဝ ဝတ္တတိ[၁]။

ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ကေစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။

ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိယာ။

အနိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ[၂]။

သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတက္ခဏော၊ အသက်ဝိညာဉ် ရှင်သောကာလ သည်။ ပရမတ္ထတော၊ အစဉ်ပဗန် တည်ဟန်မချပ် ဆတ်ဆတ်သော ပရမတ္ထအား ဖြင့်။ ပရိတ္တော၊ စိတ္တက္ခဏတချက်သာ ဖြစ်၍ စင်စစ် နည်းငယ်လှစွာ၏။ ရထစက္ကံ၊ ရထားလှည်းဘီးစက်သည်။ ကေနေမိပ္ပဒေသေန၊ လေးသစ်တဝါး အနားအကွပ် တစိတ်ဖြင့်။ ဝတ္တတိ ဣဝ၊ မြေခွဲနင်းကာ သွားလာရပ်တည် ဖြစ်သည် ပမာကဲ့သို့တည်း။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊နှာ-၂၃၀ လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

၂။ ဤ ၃-ဂါထာလုံး မဟာနိဒ္ဒေသပါဠိတော်၊နှာ-၃၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ၊နှာ-၂၃၀-၁။

ဇီဝိတံ၊ ဇီဝိတိန္ဒြေသည်ငှင်း။ အတ္တဘာဝေါ စ၊ ဝေဒနာ,ဇီဝိတ စိတ်မှ ကြွင်းသော အတ္တဘောသည်ငှင်း။ သုခဒုက္ခာ စ၊ ဆင်းရဲ,ချမ်းသာ ဝေဒနာတို့သည်ငှင်း။ ကေဝလာ၊ မြဲသောဟူသည် ကိုယ်ဟူသည်နှင့် ဆံခြည်ခြမ်းမျှ မရောမယှက် သက်သက်ဖြစ်ကုန်သော ဝေဒနာ,ဇီဝေါ အတ္တဘောတို့သည်။ ဧက-စိတ္တသမာယုတ္တာ၊ တချက်တချက်သော စိတ္တက္ခဏနှင့်တကွ ယှဉ်စပ်ကုန်၏။ ခဏော၊ စိတ်ဘချက်နှင့်သာ ယှဉ်လျက်ဖြစ်သော ဝေဒနာ,ဇီဝေါ အတ္တဘောတို့၏ ခဏသည်။ လဟုသော၊ တိုဆော လျင်မြန်သည်ဖြစ်၍။ ဝတ္တတေ၊ ဖြစ်၏။

မရန္တဿ၊ သေသောသူ၏။ နိရုဒ္ဓါ၊ စုတိရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေ ခန္ဓာ ဝါ၊အကြင် ခန္ဓာငါးပါးတို့သည်ငှင်း။ ဣဓ၊ဤပဝတ္တိအခါ၌။ တိဋ္ဌမာနဿ၊ ထင်ရှားတည်ရှိသော သူ၏။ နိရုဒ္ဓါ၊ ဘင်သို့ရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေ ခန္ဓာ ဝါ၊ အကြင် ခန္ဓာတို့သည်ငှင်း။ သဗ္ဗေ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ ခန္ဓာ၊ ထိုချုပ်ပျောက်လေကုန်သော သေသူ,ရှင်သူ နှစ်ပါးတို့၏ ခန္ဓာတို့သည်။ သဒိသာ၊ စင်စစ်တူမျှကုန်၏။ အပ္ပဋိသန္ဓိယာ၊ တဖန်ပြန်နှစ် ပေါ်ဖြစ် စေ့စပ်ခြင်း မရှိကုန်ပဲ။ ဂတာ၊ ကင်းပျောက်ကွယ်ရှား ချုပ်သွားကုန်၏။

အနိဗ္ဗတ္တေန၊ ဖြစ်ဆဲမဟုတ်သော အတိတ်အနာဂတ်စိတ်ဖြင့်။ န ဇာတော၊ သတ္တဝါဖြစ်သည် မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ ဇီဝတိ၊ အသက်ရှင်သည် မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက်ခြင်းကြောင့်။ လောကော၊ သတ္တလောကသည်။ မတော၊ ခါခါ ထပ်ထပ် ဆတ်ဆတ်သေသည် မည်၏။ ဧဝံ သန္တေပိ၊ သို့ပင် ပုံသေ သေ၍ နေသော်လည်း။ပညတ္တိ၊ တည်ဆဲတည်ဆဲ စိတ်ကိုစွဲလျက် အသက်ရှင်၏ ဟူသောစကား ဖြစ်ခြင်း၏ အရာသန္တာန ပညတ်သည်။ ပရမတ္ထိယာ=ပရမတ္ထဘူတာ၊ 'နာမ ဂေါတ္တံ န ဇီရတိ' ဆိုဘိသည့်နှဲ အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍ နေ၏။

ဤသို့ ခဏပရိတ္တအားဖြင့် သေခြင်း တရားကို အောက်မေ့ ဆင်ခြင်အပ်၏။

**ဥပစာရရျာန်ရခြင်း။** ။ဤသို့လျှင် ဝဓကေ ပစ္စုပဋ္ဌာနစသော ရှစ်ပါးသော အခြင်းအရာတို့တွင် တပါးပါးဖြင့် သေခြင်း တရားကို အဖန်ဖန် ကြံစည်စဉ်းစား ပွါးများသော ယောဂီအား ဘာဝနာစိတ် အထုံ ရသဖြင့် တခုတည်းသော မရဏတရား၌ စိတ်တည်လျက် နီဝရဏငါးပါးကင်းကွာ ဈာန်အင်္ဂါငါးပါး ဖြစ်ပေါ်လာ၍ ဥပစာရဈာန်ကို ရ၏။

**အပ္ပနာမရောက်နိုင်ပုံ။** ။အာရုံ၏ သဘာဝဓမ္မဘေဒဖြစ်၍ သဘာဝဓမ္မ ဂတိက ဖြစ်ရကား သဘာဝဓမ္မ ဖြစ်သောကြောင့်ငှင်း၊ ဘုတ်

လေးပါးတို့၏ မဟာဝိကာရ အဖြစ်ကဲ့သို့ သံဝေဇနိယ ဖြစ်သောကြောင့်ရင်း အပ္ပနာသို့ မရောက်နိုင်။

ဒုတိယ,စတုတ္ထာရုပ္ပဈာန် လောကုတ္တရာဈာန်တို့သည်ကား အာရမ္မဏာ-တိက္ကမဘာဝနာ ဝိသုဒ္ဓိဘာဝနာနုက္ကမ ဟူသော ဘာဝနာဝိသေသကြောင့် အပ္ပနာသို့ ရောက်နိုင်ကုန်၏။

**မရဏာနုဿတိ ကမ္မဋ္ဌာန်းအကျိုး။** ။ဤ မရဏဿတိ၏ အာနိသံကား—

သင်္ဂဟဂါထာ[၁]

အပ္ပမတ္တော သဒါ ဟောတိ၊ လဘတေ အနဘိရတိံ။
ဇီဝေ နိကန္တိံ ဇဟတိ၊ ပါပံ သော ဂရဟီ ဘဝေ။

အသန္နိဓိ ဗဟုလော စ၊ ပရိက္ခာရေသု’မစ္ဆရော။
အနိစ္စသညာ ပရိစယဂါ၊ သေသာ စဿူပတိဋ္ဌတိ။

အဘယော အသမ္မူဠ္ဟော၀၊ သန္တော ကာလံ ကရောတိ သော။
အမတံ စေ နာဓိဂတော၊ သော သုဂ္ဂတိ ပရာယဏော။

တသ္မာ ဟဝေ အပ္ပမာဒံ၊ ကယိရာထ သုမေဓသော။
ဧဝံ မဟာနုဘာဝါယ၊ မရဏာနုဿတိယာ သဒါ[၁]။

သော၊ ထိုမရဏာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီသည်။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမတ္တော၊ ထိတ်လန့်သံဝေ စိတ်နေငြိုးငွေ့ မမေ့မလျော့သည်။ ဟောတိ၊ ဖြစ်၏။ အနဘိရတိံ၊ ဘုံသုံးပါးဝယ် မမွေ့လျော်ဘွယ် ဟူသော အနဘိရတိ သညာကို။ လဘတေ၊ ရ၏။ ဇီဝေ၊ အသက်၌။ နိကန္တိံ၊ တွယ်တာနှစ်သက်ခြင်းကို။ ဇဟတိ၊ စွန့်ပစ်၏။ ပါပံ၊ မကောင်းမှုကိုသာ။ ဂရဟီ၊ ကဲ့ရဲ့လေ့ရှိသည်။ ဘဝေ၊ ဖြစ်၏။

အသန္နိဓိဗဟုလော စ၊ ဥစ္စာသိုမှီး သိမ်းဆည်းခြင်းလည်း နည်းပါး၏။ ပရိက္ခာရေသု၊ ပစ္စည်းပရိက္ခရာတို့၌။ အမစ္ဆရော၊ ဝန်တိုမက်မော နှမြောခြင်း မရှိ။ အဿ၊ ထိုမရဏာနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီအား။ အနိစ္စ-သညာ၊ မမြဲဟူသော အမှတ်သည်။ ပရိစယဂါ၊ အလိုလိုသာ လေ့လာခြင်းသို့ ရောက်၏။ သေသာ စ၊ ကြွင်းသော ဒုက္ခ’နတ္တသညာသည်လည်း။ ဥပတိဋ္ဌတိ၊ အစဉ်လျှောက်၍ ကပ်ရောက် ထင်မြင်လာ၏။

---

၁။ နောက်ဆုံးဂါထာ ဝိသုဒ္ဓိမဂ် လာရင်း၊ ကျန်ဂါထာများမှာ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၃၁-လာ စကားပြေများကို မှီ၍ စီထားခြင်းဖြစ်သည်။

သော၊ထိုမရဏာနုဿတိကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီသည်။အဘယော၀၊ မကြောက်မရွံ့ ရဲဝံ့စွာသာလျှင်။ အသံမူဠ္ဟော၀၊ မတွေမဝေသာလျှင်။ သန္တော၊ တည်ကြည် ငြိမ်သက်သည်ဖြစ်၍။ ကာလံ၊ သေခြင်းကို။ ကရောတိ၊ ပြုရ၏။ သော၊ ထိုယောဂီသည်။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ စေ န အဓိဂတော၊ ယခု ဘ၀ အကယ်၍ မရသေးသည်ဖြစ်အံ့။ သုဂတိပရာယဏော၊ သုဂတိသို့လားရာ ရှိသည်။ ဟောတိ၊ ဖြစ်၏။

တသ္မာ၊ ထိုကြောင့်။ သုမေဓသော၊ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ မဟာနုဘာဝါယ၊ ကြီးသောအာနုဘော်ရှိသော။မရဏာနုဿတိယာ၊ မရဏာနုဿတိကမ္မဋ္ဌာန်း၌။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမာဒံ၊ မမေ့မလျော့ စီးဖြန်းအားထုတ်ခြင်းကို။ ဟဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

မရဏာနုဿတိ ပြီး၏။

---

## ကာယဂတာသတိကမ္မဋ္ဌာန်း စီးဖြန်းပွါးများပုံ

သုံးလူ့သင်းကျစ် ဘုရားဖြစ်မှ စင်စစ်ပေါ်ရှိ တိတ္ထိတို့နှင့် မထိုက်မရာ သံဝေဂါယ အတ္တာယနှင့် ယောဂခေမိ သတိသမ္ဗောဇ္ဈင် ဉာဏ်အမြင်ရောက် မျက်မှောက်ချမ်းသာ ဝိဇ္ဇာ, ဝိမုတ္တိ သစ္ဆိကိရိယ အမတအကျိုးငှါ ဖြစ်ပေါ်လာသော အာနာပါနပဗ္ဗ,ဣရိယာပထပဗ္ဗ,သမ္ပဇညပဗ္ဗ,ပဋိကူလမနသိကာရပဗ္ဗ, ဓာတုမနသိကာရပဗ္ဗ ဟူ၍ ငါးပါး။မတ, ပါဏက ခဇ္ဇ, သမ်သဋ္ဌိ, သလောဟိတဋ္ဌိ, သန္ဟာရုဋ္ဌိ, ဝိက္ခိတ္တဋ္ဌိ, သေတဋ္ဌိ, ပုဉ္စကိတဋ္ဌိ, စုဏ္ဏကဇာတဋ္ဌိ[1] ဟူ၍ သိဝထိကပဗ္ဗ ကိုးပါးအားဖြင့် တဆဲ့လေးပါး ပိုင်းခြားညွှန်ပြအပ်သော ကာယဂတာသတိ ကမ္မဋ္ဌာန်းတို့တွင် ဣ, သမ်, ဓာတု ဤသုံးခုမှာ ဝိပဿနာတည်း။ နဝသိဝထိက-ပဗ္ဗလည်း ငါးခုမြောက်[2]သော အာဒီနဝါနုပဿနာတည်း။ သမာဓိဘာဝနာ ပြည့်စုံရသော ဥဒ္ဓုမာတကစသော အချို့သိဝထိကလည်း အသုဘ၌ ဝင်လေပြီ။ အာနာပါနလည်း ကမ္မဋ္ဌာန်းအသီးတည်း။

**ကာယဂတာသတိ၏ တရားကိုယ်။** ။ထိုကြောင့်—

ပုန စပရံ ဘိက္ခဝေ ဘိက္ခု ဣမမေဝ ကာယံ ဥဒ္ဓံ ပါဒတလာ အဓော ကေသမတ္ထကာ တစပရိယန္တံ ပူရံ နာနပ္ပကာရဿ အသုစိနော ပစ္စဝေက္ခတိ။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ, လောမာ။ပ။ မုတ္တန္တိ[3]။

---

၁။ ဤ သိဝထိက ၉-ပါးတို့၏ အနက်အဓိပ္ပါယ်များ ဤကျမ်း ဒု၊ နှာ-၂၃၄-၅ တွင် ကြည့်။ဒီ၊၂၊နှာ-၂၃၅။ မ၊၁၊နှာ-၇၃-၅။

၂။ ဉာဏ်စဉ် ၁၀-ပါးတွင် ၅-ခုမြောက်သော အာဒီနဝဉာဏ်ကို ဆိုလိုသည်။

၃။ မ၊၁၊နှာ-၇၂။မ၊၃၊နှာ-၁၃၂။

ဟူ၍ ပဋိကူလမနသိကာရအားဖြင့် ဟောထားတော်မူအပ်သော ဒွတ္တိံ-သာကာရကမ္မဋ္ဌာန်းကို ဤအရာ၌ ကာယဂတာသတိကမ္မဋ္ဌာန်းဟူ၍ ဆိုအပ်၏။

ဘိက္ခဝေ၊ ဘေးကိုရှု၍ ဘိက္ခုမည်ကောင်း သူအပေါင်းတို့။ ပုန စ၊ တဖန် လည်း။ အပရံ၊ တပါးတုံ။ ဘိက္ခု၊ ဘေးကိုရှုတတ် ယောဂီမြတ်သည်။ ပါဒတလာ၊ ခြေဘဝါးအပြင်မှ။ ဥဒ္ဓံ၊ အထက်ဆံဖျားတိုင်အောင်။ ကေသမတ္ထကာ၊ ဆံဖျားမှ။ အဓော၊ အောက် ခြေဘဝါးတိုင်အောင်။ တစ ပရိယန္တံ၊ ဖီလာ ဝန်းကျင် အရေလျှင် အပိုင်းအခြားရှိသော။ နာနပ္ပကာရဿ၊ အထူးထူး အပြားပြားသော။ အသုစိနော၊ ကေသာ, လောမ စသည်များဖြင့် မစင် အပေါင်းဖြင့်။ ပူရံ၊ ပြည့်လျှံဖြိုးဝေသော။ ဣမမေဝ ကာယံ၊ လေးပါးဘုတ်မှီ ပုပ်နံ့ညှီသည့် ဤကိုယ်အစုကိုသာလျှင်။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ။ပ။ မုတ္တန္တိ၊....မုတ္တံဟူ၍။ ပစ္စဝေက္ခတိ၊ အဖန်ဖန် ဉာဏ်ဖြင့် သက်ဝင်၍ ဆင်ခြင်ကြည့်ရှု၏။ ဤကား အနက်။

ဤ ကာယဂတာသတိကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ပုဂ္ဂိုလ်ယောဂီ အာဒိ-ကမ္မိက ကုလပုတ္တသည် (ဤကျမ်း၊ဒု၊နှာ)-၁၅၃ ၌ ဆိုခဲ့ပြီးသော ဆွေခင်ပွန်း ကောင်း ဆရာသမားထံ ယင်းကိုယ်ကို အပ်နှင်းပြီးလျှင် ဥဂ္ဂဟ ကောသလ္လ ခုနစ်ပါး, မနသိကာရ ကောသလ္လ ဆယ်ပါးတို့ကို ပိုင်းခြားတိတိ ထင်းထင်း သိအောင် သင်အပ်၏။

နိမိတ်ယူရာလိမ္မာကြောင်း ဥဂ္ဂဟကောသလ္လ ၇-ပါး။ ။ထိုတွင် ဥဂ္ဂဟကောသလ္လ ခုနစ်ပါး ဟူသည်ကား—

ဝါစာ စေဝ မနော ဝဏ္ဏော၊ သဏ္ဌာနဉ္စ ဒိသော' ကာသော။
ပရိစ္ဆေဒေါတိ သတ္တေ'တေ၊ ဥေယျာ ဥဂ္ဂဟကောသလ္လာ[၁]။

ဝါစာ စေဝ၊ နှုတ်ဖြင့် ရွတ်ခြင်းငှင်း။ မနော၊ စိတ်ဖြင့် ကြံစည်ခြင်းငှင်း။ ဝဏ္ဏော၊ ကောဋ္ဌာသတို့၏ အဆင်းငှင်း။ သဏ္ဌာနဉ္စ၊ ပုံဟန်သဏ္ဌာန်ငှင်း။ ဒိသာ၊ ချက်မှ အထက်,အောက် အရပ်ငှင်း။ ဩကာသော၊ တည်ရာဌာနငှင်း။ ပရိစ္ဆေဒေါ၊ သဘာဂ,ဝိသဘာဂ အပိုင်းအခြားငှင်း။ ဣတိ၊ ဤသို့။ ဧတေ သတ္တ၊ ဤခုနစ်ပါးတို့ကို။ ဥဂ္ဂဟကောသလ္လာ၊ နိမိတ်ယူရာ လိမ္မာကြောင်း အစီအရင် လိမ္မာကြောင်းဉာဏ်တို့ဟူ၍။ ဥေယျာ၊ သိအပ်ကုန်၏။

နှုတ်ဖြင့် ရွတ်ဆိုစီးဖြန်းခြင်း။ ။ထိုတွင် 'ဝါစာ' ဟူသည်ကား—

တစ ပဉ္စက။ ။ကေသာ, လောမာ, နခါ, ဒန္တာ, တစော၊ တစော, ဒန္တာ, နခါ, လောမာ, ကေသာ။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၃၃ လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ဝက္က ပဉ္စက။　။မံသံ, နှာရူ, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ၊ ဝက္ကံ, အဋ္ဌိမိဉ္ဇံ, အဋ္ဌိ, နှာရူ, မံသံ,တစော, ဒန္တာ, နခါ, လောမာ, ကေသာ။

ပပ္ဖါသ ပဉ္စက။　။ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖါသံ၊ ပပ္ဖါသံ, ပိဟကံ။ပ။ ကေသာ။

မတ္ထလုင်္ဂ ပဉ္စက။　။အန္တံ, အန္တဂုဏံ, ဥဒရိယံ,ကရီသံ, မတ္ထလုင်္ဂံ[၁]၊ မတ္ထလုင်္ဂံ, ကရီသံ။ပ။ ကေသာ။

မေဒ ဆက္က။　။ပိတ္တံ, သေမှံ, ပုဗ္ဗော, လောဟိတံ, သေဒေါ, မေဒေါ၊ မေဒေါ, သေဒေါ။ပ။ ကေသာ။

မုတ္တ ဆက္က။　။အဿု, ဝသာ, ခေဠော,သိင်္ဃာဏိကာ, လသိကာ,မုတ္တံ၊ မုတ္တံ, လသိကာ, သိင်္ဃာဏိကာ, ခေဠော, ဝသာ, အဿု၊ မေဒေါ, သေဒေါ, လောဟိတံ, ပုဗ္ဗော,သေမှံ, ပိတ္တံ၊ မတ္ထလုင်္ဂံ, ကရီသံ, ဥဒရိယံ, အန္တဂုဏံ, အန္တံ၊ ပပ္ဖါသံ,ပိဟကံ, ကိလောမကံ,ယကနံ,ဟဒယံ၊ ဝက္ကံ,အဋ္ဌိမိဉ္ဇံ,အဋ္ဌိ,နှာရူ, မံသံ၊ တစော,ဒန္တာ,နခါ,လောမာ,ကေသာ။

ဤသို့ နှုတ်တက်အောင် သင်ခြင်း၊ နှောင် စီးဖြန်းသောအခါ မလယဝါသီ မဟာရေဝမထေရ်[၂]အထံ ကမ္မဋ္ဌာန်းယူ၍ လေးလပတ်လုံး ဤဒွတ္တိံသာကာရ ပါဠိကို သရဇ္ဈာယ်လျက်ပင် သောတာပန်တည်သော ဒွေ့တယောနိကာယ ဆောင် မထေရ်နှစ်ပါး[၃]တို့ကဲ့သို့ ဉာဏ်အားလျော်စွာ သုံးလ,လေးလ စသည် နှုတ်ဖြင့် ရွတ်ခြင်း, နေရာငွေးအောင် ထိုင်သောကာလ အရာအထောင် အသောင်း အသိန်း ကြာအောင်ပင် နှုတ်ဖြင့် ရွတ်ခြင်းသည် ဝါစာမည်၏။

ဝက္ကပဉ္စက စသည်တို့၌ ပဋိလောမကို ကေသာတိုင်အောင် ပြန်၍ပြန်၍ ချသော ဤသရဇ္ဈာယ်နည်းသည် သမ္မောဟဝိနောဒနီ အဋ္ဌကထာ နှာ-၂၂၇-၌—

တစပဉ္စက၌ အနုလုံ ငါးရက်၊ ပဋိလုံ ငါးရက်၊ အနုလုံပဋိလုံ ငါးရက်၊ ပေါင်း တဆဲ့ငါးရက်။

ထို့အတူ ဝက္ကပဉ္စက၌ တဆဲ့ငါးရက်။

ရှေ့ပဉ္စကနှင့် ရော၍ နှစ်ပဉ္စက၌ တဆဲ့ငါးရက်။

ပပ္ဖါသ ပဉ္စက၌ တဆဲ့ငါးရက်။

ရှေးနှင့်ရော၍ သုံးပဉ္စက၌ ဆဲ့ငါးရက်။

မတ္ထလုင်္ဂ ပဉ္စက၌ ဆဲ့ငါးရက်။

---

၁။ ဆဋ္ဌမူ၌ 'မတ္ထလုင်္ဂံ'' ဟု ရှိသည်။　　၂-၃။ ဝိသုဒ္ဓိဋ္ဌ၊ပ၊နှာ-၂၃၃-၄။

ရှေးနှင့်ရှေ၍ လေးပဥ္စကဌ် ဆဲ့ငါးရက်။

မေဒ ဆက္ကဋ္ဌ ဆဲ့ငါးရက်။

ရှေးနှင့်ရှေ၍ ဆဲ့ငါးရက်။

မုတ္တ ဆက္ကဋ္ဌ ဆဲ့ငါးရက်။

ရှေးနှင့်ရှေ၍ ဆဲ့ငါးရက်။

ဤသို့ ငါးလခွဲရွတ်မှ ဒွတ္တိံသာကာရ ပြည့်စုံသည်ဟု ပြသော ရွတ်နည်း တို့တွင် အစနှင့်အဆုံး နှစ်နည်း နှစ်နည်းကိုသာ ယူ၍ မိဂပဒဝဠဉ္ဇန နည်းအားဖြင့် ပြသော ရွတ်နည်းတည်း။

တနည်းလည်း ရွတ်ပုံ အသီးအခြား နည်းတပါးဟူ၍ မှတ်အပ်၏ဟု-ဋီကာ[၁] မိန့်၏။

**မြန်မာဘာသာဖြင့် ရွတ်ဆိုခြင်း။** ။မြန်မာလူမျိုးတို့မှာ ပါဠိမူလ မာဂဓဘာသာကို ရွတ်သည်ထက်—

ဆံပင်,အမွေး,ခြေသည်း လက်သည်း, သွား, အရေ၊အသား,အကြော,အရိုး, ခြင်ဆီ, အညှို (ကျောက်ကပ်)၊ နှလုံး, အသည်း, အမြှေး, အပြင် (အဖျဉ်း), အဆုတ်, အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊ သည်းခြေ, သလိပ်,ပြည်, သွေး, ချွေး, အဆီခဲ၊ မျက်ရည်, ဆီကြည်, တံထွေး, နှပ်, အစေး, ကျင်ငယ်။ အနုလုံ။

ကျင်ငယ်, အစေး, နှပ်, တံထွေး, ဆီကြည်, မျက်ရေ၊ အဆီခဲ, ချွေး, သွေး, ပြည်, သလိပ်, သည်းခြေ၊ ဦးနှောက်, အစာဟောင်း, အစာသစ်, အူသိမ်, အူမ,၊ အဆုတ်၊ အပြင်(အဖျဉ်း), အမြှေး, အသည်း, နှလုံး၊ အညှို (ကျောက်ကပ်), ခြင်ဆီ, အရိုး, အကြော, အသား၊ အရေ, သွား, လက်သည်း, ခြေသည်း, အမွေး, ဆံပင်၊ ပဋိလုံ။

ဤသို့ မြန်မာဘာသာဖြင့် ယခင်ပါဠိအတိုင်း ဆစ်ပိုင်း ပြန်လှန်၍ ရွတ်အံစီးဖြန်းရလျှင် အလေ့အလာများသော ဘာသာဖြစ်ရကား သာလွန်၍ထင်လွယ်အံ့သည်။

**မာဂဓဘာသာကိုကြားလျှင် ၁၀-ဝီထိကျပြီးမှ အနက်, ဒြပ်, ဘာဝတ္ထကို သိရခြင်း** မာဂဓဘာသာကိုမြန်မာလူမျိုးတို့ကြားလျှင်—

---

၁။ မဟာဋီကာ၊၀၊ နှာ-၃၀၀။

သဒ္ဒံ ပဌမစိတ္တေနာ-တီတံ ဒုတိယစေတသာ။
နာမံ တတိယစိတ္တေန၊ အတ္ထံ စတုတ္ထစေတသာ[၁]။

ဟု ဂါထာလာသည်အတိုင်း 'ကေသာ'ဟူသော ပုဒ်၌ 'ကေ'ဟူသော ပစ္စုပ္ပန် သဒ္ဒကိုရင်း, အတိတ်သဒ္ဒကိုရင်း, 'သာ'ဟူသော ပစ္စုပ္ပန်သဒ္ဒကိုရင်း, အတိတ် သဒ္ဒကိုရင်း, ထိုနှစ်ခု၏ပေါင်းစုသော အခြင်းအရာ သမူဟာကာရပညတ်ကိုရင်း, ထို 'ကေသာ'ဟူသော သဒ္ဒပညတ်ကိုရင်း အာရုံပြု၍ သောတဒွါရဝီထိ နှစ်၊ တဒနုဝတ္တကမနောဒွါရဝီထိ နှစ်၊ သဒ္ဒမနောဒွါရဝီထိ နှစ်၊ ဤသို့ ခြောက်ဝီထိ ကျပြီး၍ 'ဆံ' ကိုရင်း၊ 'ပင်' ကိုရင်း၊ သမူဟာကာရပညတ်ကိုရင်း၊ 'ဆံပင်' ဟူသော သဒ္ဒပညတ်ကိုရင်း အာရုံပြု၍ မနောဒွါရ လေးဝီထိကျပြီးမှ ဆံပင် ဒြပ်ဟူသော ဘာဝတ္ထကို သိရသည်ဖြစ်၍ စိတ်သွား ရှုပ်ထွေး အသိဉာဏ် လေးသည်။

**မှာထားချက်။**　။မာဂဓဘာသာသည် 'သဒ္ဒါ'မည်၏၊ မြန်မာဘာသာသည် 'ဝေါဟာရတ္ထ'မည်၏၊ ပိဏ္ဍာဒြပ်သည် 'ဘာဝတ္ထ'မည်၏ ဟု မှတ်။

ရှမ်း, ယိုးဒယား, ကုလား, ကချင်, ကရင်, ချင်း စသော လူမျိုးတို့ ကြားရာ ၌လည်း နည်းတူပင်။ ရှမ်းဘာသာ စသည်ကို ဝေါဟာရတ္ထယူ၍ ဝီထိချလေ။

ဤသို့ သာလွန်၍ ထင်လွယ်ငြားသော်လည်း စကားသွားသန့်ရှင်း စာသား ကျဉ်းအောင် အရင်းမူလ မာဂဓဘာသာအက္ခရာဖြင့်သာလျှင် ရေးစီရင်လတ္တံ့။

**စိတ်ဖြင့်ကြံစည်ဆင်ခြင်စီးဖြန်းခြင်း။**　။'မနော'ဟူသည်ကား ဝစသာသဇ္ဈာယ ဖြင့် နှုတ်တက်လတ်သော် စိတ်မပျံ့လွင့် လတ်သော် ကောဋ္ဌာသတို့သည် ရွှံလုံးတန်း, စောင်ရန်းခြေအစဉ်, လက်ကောက် အစဉ်ကဲ့သို့ ထင်ရှားလတ်သော် နှုတ်ရွတ်ကို ရပ်ဆိုင်း၍ ထင်တိုင်းသောအစဉ်ကို လျှောက်လျက် စိတ်ဖြင့် အောက်မေ့ ဆင်ခြင်အပ်၏။ သို့မှ ကောဋ္ဌာသတို့၏ လက္ခဏာကို ထိုးထွင်း၍ သိနိုင်သည်။

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ။ မနသာ သဇ္ဈာယော လက္ခဏပ္ပဋိဝေဓဿ ပစ္စယော ဟောတိ။ ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊နှာ-၂၃၅)

ဟိ သစ္စံ၊ မှန်၏။ ဝစသာသဇ္ဈာယော၊ နှုတ်ဖြင့်ရွတ်ခြင်းသည်။ မနသာသဇ္ဈာ-ယဿ၊ စိတ်ဖြင့် ကောင်းစွာကြံခြင်း၏။ ပစ္စယော၊ အကြောင်း အခြေသည်။ ဟောတိ၊ ဖြစ်၏။ မနသာသဇ္ဈာယော၊ စိတ်ဖြင့် ကောင်းစွာ ကြံခြင်းသည်။

---

၁။ ဤကျမ်း ပ-တွဲ၊နှာ-၅၆,၁၉၅,၄၀၅။ မဏိမဉ္ဇူ၊ ဒု၊ နှာ-၄၇၂။

လက္ခဏပစ္စုပ္ပဋ္ဌာနရှိဝေသော၊ အသုဘ ပဋိကူလလက္ခဏာကို ထိုးထွင်း၍ သိမှတ်ခြင်း၏။ ပစ္စယော၊ အကြောင်းအခြေသည်။ ဟောတိ၊ ဖြစ်၏။

ကြာရှည်စွာ ရွတ်လျက် နှုတ်တက်ပြီးသော ကောဋ္ဌာသအစဉ်ကို စိတ်ဖြင့် ဆင်ခြင်လတ်သော် အစ မှ အဆုံးတိုင်အောင် မထစ်မငြိ အခြားမရှိ ထင်မြင်၍ အစဉ်လျှောက်လျက် အနက်လက္ခဏာ သဘောတရား ထင်ရှားလာ၏ ဟူလိုသည်။

**အဆင်းစသည်ဖြင့်ပိုင်းခြားမှတ်သားခြင်း။** ။'ဝဏ္ဏ,သဏ္ဌာန,ဒိသာ,သြကာသ, ပရိစ္ဆေဒ' ဟူရာ၌ ဆံပင်သည် အဆင်း မည်းနက်၏၊ အိုသောသူအား ဖြူ၏၊ ချိန်ခွင်ရိုးသဏ္ဌာန် ပုံဟန် ရှည်ရှည် လုံးလုံးရှိ၏၊ ချက်မှ အထက်အရပ်၌ ဖြစ်၏၊ စိုစွတ်သောဦးခေါင်းရေ၌တည်၏။ သဘာဂပရိစ္ဆေဒအားဖြင့် ဝဲ, ယာ, ရှေ့, နောက် အထက်, အောက်ဟူသော မိမိ အဘို့ဖြင့် ပိုင်းခြားအပ်၏။ ဝိသဘာဂပရိစ္ဆေဒအားဖြင့် ဆံပင်သည် အမွေး မဟုတ်၊ အမွေးသည် ဆံပင် မဟုတ်။ပ။ ဆံပင်သည် ကျင်ငယ် မဟုတ်၊ ကျင်ငယ်သည်ဆံပင် မဟုတ်။ ဤသို့ ကောဋ္ဌာသ တပါးနှင့် ပိုင်းခြားအပ်၏။

အသဘာဂေါ ဟိ ဣဓ ဝိသဘာဂေါတိ အဓိပ္ပေတော။ န ဝိရုဒ္ဓသဘာဂေါ။ ဋီကာ (ပ၊ နှာ-၃၀၀)

**ကမ္မဋ္ဌာန်း ၂-မျိုး။** ။ဤနည်းတူ 'တစပဉ္စက'ကို မျက်စိဖြင့် ကြည့်၍ မှတ်သား ပိုင်းခြားအပ်၏။ ကြွင်းသော ကောဋ္ဌာသတို့ကို ဆရာ သမား သူတပါးတို့ ပြောကြားသည်အတိုင်း မှတ်သားပိုင်းခြားအပ်၏။ ထို့ကြောင့် 'တစပဉ္စက'သည် ဒိဋ္ဌကမ္မဋ္ဌာန်းမည်၏။ ကြွင်းသော ပဉ္စက,ဆက္ကသည် သုတကမ္မဋ္ဌာန်းမည်၏ဟု မှတ်အပ်၏။

**၃၂-ကောဋ္ဌာသအနက်။** ။ဤဝဏ္ဏ,သဏ္ဌာန,ဒိသော'ကာသ,ပရိစ္ဆေဒ-ငါးပါးတို့ကို ပိုင်းပိုင်းခြားခြား ကွဲပြား စေခြင်းငှါ အသာ လွယ်ကူ ဆောင်ယူဘို့ရာ မထင်ရာ၌ မြန်မာအနက် အကျဉ်းအားဖြင့် မြွက်ဆိုအံ့သတည်း။

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ, လောမာ,နခါ, ဒန္တာ, တစော၊ မံသံ, နှာရု, အဋ္ဌိ, အဋ္ဌိမိဉ္ဇံ, ဝက္ကံ၊ ဟဒယံ, ယကနံ, ကိလောမကံ, ပိဟကံ, ပပ္ဖာသံ၊ အန္တံ, အန္တဂုဏံ, ဥဒရိယံ, ကရီသံ,မတ္ထလုင်္ဂံ[၁]၊ ပိတ္တံ,သေမှံ,ပုဗ္ဗော,လောဟိတံ, သေဒေါ,မေဒေါ၊ အဿု,ဝသာ, ခေဠော, သိင်္ဃာဏိကာ, လသိကာ, မုတ္တံ။ ပါဠိ။

၁။ ဆဋ္ဌမူ၌ 'မတ္ထလုင်္ဂံ' ဟု ရှိသည်။

ဣမသ္မိံ ကာယေ၊ တွင်း, ပ ဝန်းကျင် မစင်ပြည့်မှမ်း အရေလွှမ်းထ ဤကာယ၌—

**ကေသာ**၊ အဆင်းမည်းဖြူ ချိန်တူ သဏ္ဍာန် ချက်ဌာန် ဥပရိ ဦးမှာရှိသား ဒွိပရိစ္ဆေ နှစ်ကုဋေငါးသန်း ဂဏန်းမျှားဖြင် ဆံပင်အစုတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

**လောမာ**၊ စဉ်းငယ်မည်းနက် ထန်းမြစ်သက်သို့ အောက်ထက် ကိုယ်ရေ အနှံ့နေသော တွက်ရေ ကိုးသောင်း ကိုးထောင်ပေါင်းဟု အမွေးအစုတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

**နခါ**၊ ဖြူရောင်အဆင်း ငါးကြင်းကြေးနှယ် နှစ်ဆယ်သော လက်သည်း ခြေသည်းတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

**ဒန္တာ**၊ အလယ်လေးစုံ ဗူးစေ့ပုံသို့ ပန်းငုံထိုပြင် ထိုပြင်ယာဥ်ထောက်ခွ ဒွေတြ ဖျား, မြစ် လေးမြစ်လေးဖျား နှစ်ပါးစီပေါင်း နှစ်ချောင်း စွန်းကယ် သုံးဆယ်သော သွားအစုတို့သည်။ အတ္ထိ သံဝိဇ္ဇန္တိ၊ ရှိချေကုန်၏။

**တစော**၊ ကိုယ်လုံးပတ်ခြုံ ကိုယ့်ပုံဟန်တူ အဆင်းဖြူသော အရေထူအစုသည်။ အတ္ထိ သံဝိဇ္ဇတိ၊ ရှိချေ၏။

အပေါ်ယံ အရေပါးကား စမ္မမည်၏၊ အမည်း, အညို, အဝါစသော အားဖြင့် အဆင်းများ၏၊ တကိုယ်လုံးမှ ခွါ၍ လုံးသည်ရှိသော် ဗဒရဋ္ဌိ= ဆီးစေ့ ခန့်မျှ ပမာဏ ရှိ၏။ ဤ၌ အကျယ်အားဖြင့် ခြေချောင်းရေတို့သည် ပိုးကောင်၏ အိမ်သဏ္ဌာန်ရှိကုန်၏၊ ခြေဖမိုးရေသည် ဖမိုးဖုံးတပ်သော ဘိနပ်သဏ္ဌာန် တူ၏၊ မြင်းခေါင်းရေသည် ထမင်းထုပ်သော ထန်းရွက် ဖောင်းကားနှင့် တူ၏၊ ပေါင်ရေသည် ဆန်ပြည့်သော ဆန်စလွယ်သဏ္ဌာန်။ တင်သားရေသည် ရေပြည့်သော ပုဝါရေစစ်သဏ္ဌာန်။ ကျောက်ကုန်းရေ သည် ပျဉ်ချပ်ကိုကြက်သော သားရေသဏ္ဌာန်။ ဝမ်းဗိုက်ရေသည် စောင်း ခွက်ကို ကြက်သော သားရေ သဏ္ဌာန်။ ရင်ဘတ်ရေသည် ယေဘုယျအား ဖြင့် လေးထောင့်သဏ္ဌာန်။ မောင်းရင်းမောင်းဖျားရေသည် မြားတောင့်ကို ရစ်ပတ်သော သားရေသဏ္ဌာန်။ လက်ဖမိုးရေသည် သင်တုန်းအိမ် သဏ္ဌာန် ရှိ၏။ ဖြီး[၁]အိမ်သဏ္ဌာန်လည်း ဟူ၏။ လက်ချောင်းရေသည် သံကောက်အိမ် နှင့် တူ၏။ လည်ပင်းရေသည် အင်္ကျီလည်ခွံနှင့် တူ၏၊ မျက်နှာရေသည်

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၂၄၄။ (ဆံပင်ဖြီးသည့်ဘီးကို ဆရာတော်ကြီးတို့ခေတ်က ဖြီးဟုလည်း ခေါ်ဟန် ရှိသည်။)

အပေါက်ပေါက် အထွင်းထွင်း ရှိ၏၊ ပိုးကောင်အသိုက် အိမ်နှင့် တူ၏။ ဦးခေါင်းရေသည် သပိတ်အိတ်သဏ္ဍာန် ရှိ၏။

သိမ်းဆည်းသည့်အခါ သပိတ်အိတ်ကြားသို့ လက်ကိုလျှို၍ ချုတ်သကဲ့သို့ အထက် နှုတ်ခမ်းက စ၍ ဉာဏ်ကို စေလွှတ်ပိုင်းခြား ထင်ရှားရုန်းရင်းသော အရေကို သိမ်းဆည်းက သိမ်မွေ့သော အရေလည်း ထင်ရှားလာ၏။ ဤသို့ အစိတ်စိတ်ကိုလည်း ဆင်ခြင်မှ အပေါင်းသဏ္ဍာန် ထင်ရှားမည်။

မံသံ၊ အဆင်းနီရင့် ကသစ်ပွင့်ဟန် သဏ္ဍာန် ထွေလာ ကိုးရာသော သားတစ်သည်။ အတ္ထိ သံဝိဇ္ဇတိ၊ ရှိချေ၏။

သလုံးသားသည် ထန်းရွက်ဖောင်းကားဖြင့် ထုပ်သော ထမင်းသဏ္ဍာန် ရှိ၏။ ပေါင်သားသည် ဆေးကြိတ် ကျောက်သား သဏ္ဍာန်။ တင်သားသည် ခုံလှော့ကစ်စွန်းသဏ္ဍာန်။ ကျောက်သားသည် ထန်းသီးမှုံ့ အပျဉ် အပြားသဏ္ဍာန်။ နံနှစ်ချပ်သားသည် ကလားနံရံ၌ ပါးပါးလိမ်းကျံသော မြေညက်သဏ္ဍာန်။ သားမြတ်သားသည် လုံး၍ပစ်ချအပ်သော မြေညက် သဏ္ဍာန်။ မောင်းနှစ်ခုသားသည် နှစ်ခေါက်ချိုးခွေ အရေမရှိသော ကြွက် သေကြီးသဏ္ဍာန် ရှိ၏ ဟူလို။ ဤသို့ ရုန်းရင်းသော အသားကို သိမ်း ဆည်းလျှင် သိမ်မွေ့သော အသားလည်း ထင်တော့သည်။

နှာရု၊ အဆင်းဖြူစွာ လည်ဂိဝါမှ ဝဲ,ယာ,ရှေ့,နောက် ရှေ့နောက်ခြေလက် ငါးစီသက်၍ တွယ်ခက်ရစ်ရံ ခတ္တာငံလို ကိုယ်ကိုဆောင်တွယ် ခြောက်ဆယ် ကြောမ စသည်များစွာ ကွန်ရက်ဖြာသို့ ကိုးရာသော အကြောသည်။ အတ္ထိ သံဝိဇ္ဇတိ၊ ရှိချေ၏။

'စသည်များစွာ' ဟူရာ၌ 'ကဏ္ဍရ' မည်သော ကြောမ ခြောက်ဆယ်မှ တပါး ထိုထိုအရပ်ကို လွှမ်းမိုး၍ တည်ကုန်သော အကြောငယ်တို့သည် ချည်ကြိုးသဏ္ဍာန်။ ထိုအောက်ငယ်သော အကြောတို့သည် ဆင်သမန္ဒယ် သဏ္ဍာန်။ ထိုအောက် စောင်းညှို့ကြိုးသဏ္ဍာန်။ ထိုအောက် ငယ်ကုန် သော ကြောသေးတို့သည် ချည်မျှင်သဏ္ဍာန် ရှိကုန်၏။ လက်ဖမိုး,ခြေဖမိုး တို့၌ အကြောတို့သည် ငှက်ခြေသဏ္ဍာန်။ ဦးခေါင်း၌ အကြောတို့သည် သူငယ်တို့၏ ဥက္ကျာသဏ္ဍာန်[၁]။ ကျောက်ကုန်း၌ အကြောတို့သည် နေပူ၌ ဖြန့်လှန်းသော ကွန်ရက်စိုသဏ္ဍာန် ရှိကုန်၏။ ထိုထို အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော ကြွင်းသော အကြောတို့သည် ကိုယ်၌ စွပ်သော ကွန်ရက်သင်တိုင်းသဏ္ဍာန် ရှိကုန်၏ ဟူလိုသည်။

---

၁။ သီသဇာလ=ဦးခေါင်း၌ စွပ်အပ်သောကွန်ရက်။

အဋ္ဌိ၊ အဆင်းဖြူစွာ နှာ,နှလုံး,ဦး နဖူးတပါး မျက်,နား,မေးရိုး ညှပ်ရိုး, ပခုံး လက်ရိုး,ပေါင်,ခါး ဒူးအား,ခြေနောက် ရောက်သည်နှစ်ချက် ဖမျက်, မြင်းခေါင်း မောင်းဖျားလေးမည် လည်ခုနစ်ရိုး ခေါင်းခွံကိုးတည့် ရင်ရိုးစုဒ္ဒသ် ဌာရသ်ကျောက်မှန် နံနှစ်ဆဲ့လေး ခြောက်ဆဲ့လေးတွေ လက်,ခြေ,ရိုးနု သုံးရာ သော အရိုးစုသည်။ အတ္ထိ သံဝိဇ္ဇတိ၊ ရှိချေ၏။

## အရိုးသုံးရာ

နာသံ ဟဒယမုဒ္ဓါနိ၊ နလာဋေ့'က'ဝ အက္ခိ တု။
ကဏ္ဏံ ဟန္ဒ'က္ခက' ကောဋ္ဌံ၊ ဗာဟု'ရူ,ကဋိ,ဇဏ္ဏုကံ။

ပဏှိ ဒွေ ဂေါပ္ဖကံ,ဇင်္ဃံ၊ ဗာဟ'ဂ္ဂံ စတု သတ္တဓာ။
ဂီဝံ နဝ သီသဋ္ဌိနိ၊ စုဒ္ဒသု'ရာနိ ပိဋ္ဌိကာ။

အဌာရသ စတုဗ္ဗီသ၊ ပါသုကာ စတုသဋ္ဌိ တု။
ဟတ္ထပါဒ မံသ'ဌာနိ၊ ဣစ္စဋ္ဌိ တိသတံ ဘဝေ။

အရိုးသုံးရာ သင်္ဂဟဂါထာပါဠိ[၁]။

နာသံ၊ နှာခေါင်းတွင်းရိုးသည်ငှင်း။ ဟဒယမုဒ္ဓါနိ၊ နှလုံးရိုး,ဦးထိပ်ရိုး တို့သည်ငှင်း။ နလာဋံ၊ နဖူးရိုးသည်ငှင်း။ ဧကံဝ၊ တချောင်းစီသာတည်း။

တု၊ ထိုမှတပါး။ အက္ခိ၊ မျက်ကွင်းရိုးသည်ငှင်း။ ကဏ္ဏံ၊ နားရိုးသည်ငှင်း။ ဟနု၊ အထက်,အောက် မေးရိုးသည်ငှင်း။ အက္ခကံ၊ညှပ်ရိုးသည်ငှင်း။ ကောဋ္ဌံ၊ ကျောက်ကပ်ရိုး။ ဝါ၊ လက်ပြင်ရိုး။ ဝါ၊ ပခုံးစွန်းရိုးသည်ငှင်း။ ဗာဟံ၊ မောင်းရင်းရိုးသည်ငှင်း။ ဦရု၊ ပေါင်ရိုးသည်ငှင်း။ ကဋိ၊ ခါးရိုးသည်ငှင်း။ ဇဏ္ဏုကံ၊ ဒူးဆစ်ရိုးသည်ငှင်း။ ပဏှိ၊ ခြေဖနှောင့်ရိုးသည်ငှင်း။ ဒွေ၊ နှစ် ချောင်းစီတို့တည်း။

ဂေါပ္ဖကံ၊ ခြေမျက်စိရိုးသည်ငှင်း။ ဇင်္ဃံ၊ မြင်းခေါင်းရိုးသည်ငှင်း။ ဗာဟဂ္ဂံ၊ မောင်းဖျားရိုးသည်ငှင်း။ စတု၊ လေးချောင်းစီတို့တည်း။

ဂီဝံ၊ လည်ရိုးသည်။ သတ္တဓာ၊ ခုနစ်ချောင်း အပြားရှိ၏။

သီသဋ္ဌိနိ၊ ဦးခွံရိုးတို့သည်။ နဝ၊ ကိုးခုတို့တည်း။

ဥရာနိ၊ ရင်ရိုးတို့သည်။ စုဒ္ဒသ၊ တဆဲ့လေးချောင်းတို့တည်း။

---

၁။ ဆရာတော် ဦးဗုဓ်သည် မဟာသတိပဋ္ဌာနသုတ် နိဿယနှင့် ကာယဝိစ္ဆိန္ဒနိကသုတ် နိဿယတို့၌ အဋ္ဌကထာကို မှီ၍ စီထားသော ဂါထာနှင့် အတန်ငယ် တူသည်။ ဝိသုဒ္ဓိ၊ဋ္ဌ၊ ပ၊ နှာ-၂၄၅-၇ လာ စုဏ္ဏိယကို ဂါထာစီထားသည်။

ပိင်္ဂလကာ၊ ကျောက်ကုန်းရိုးတို့သည်။ အဋ္ဌာရသ၊ တဆဲ့ရှစ်ချောင်းတို့တည်း။

ပါသုကာ၊ နံရိုးတို့သည်။ စတုဗ္ဗီသ၊ နှစ်ဆဲ့လေးချောင်းတို့တည်း။

တု၊ ထိုမှတပါး။ ဟတ္ထပါဒမံသဋ္ဌာနိ၊ လက်ချောင်းရိုး, ခြေချောင်းရိုး, အသားဥ္စတည်သော အရိုးနုတို့သည်။ စတုသဋ္ဌိ၊ ခြောက်ဆဲ့လေးချောင်းစီတို့တည်း။

ဣတိ၊ ဤသို့သော အပြားဖြင့်။ အဋ္ဌိ၊ အရိုးသည်။ တိသတံ၊ သုံးရာရှိသည်။ ဘဝေ၊ ဖြစ်၏။

သွားရိုးကား ကောဋ္ဌာသ အသီးအခြားဖြစ်၍ မထည့်ပဲ ရေတွက်သည်။ တင်ပါးရိုးစသည်လည်း ကြွင်းကျန်သေး၏။

ဧဝံ တိမတ္တာနိ အဋ္ဌိသတာနိ။ အဋ္ဌကထာ (ပ၊ နှာ-၂၄၆)

'ဧဝံ တိမတ္တာနိ'တိ ဧဝံ မတ္တာသဒ္ဒေဟိ အာနိသဒ္ဒဋ္ဌိ အာဒိနိ ဣမ အဝုတ္တာနိပိ ဒဿေတီတိ ဝေဒိတဗ္ဗံ။ ဝေဠ ကတွာ 'အတိရေကတိသတ-အဋ္ဌိက သမုဿယ'န္တိ ဣဒဠ ဝစနံ သမတ္ထိတံ ဟောတိ။ (ဋီကာ၊ ပ၊ နှာ-၃၀၆)

ထိုအရိုးသုံးရာတို့တွင် နှာခေါင်းတွင်းရိုးသည် အဆန်ထွင်ပြီး ထန်းသီးစေ့နှင့် တူ၏။ နှလုံးရိုးသည် ယောင်းမရွက်နှင့် တူ၏။ ဦးထိပ်ရိုးသည် မျက်နှာလိုး ဖောက်အုန်းသီးစေ့ကောက်နှင့်တူ၏။ နဖူးရိုးသည် မှောက်၍ထားသော ခရုသင်း ခွက်ကွဲနှင့် တူ၏။

မျက်ကွင်းရိုးတို့သည် ယခင် ထန်းသီးစေ့နှင့်။ နားပန်းရိုးတို့သည် ဆေတ္တာ သည်တို့ သင်တုန်းအိမ်နှင့်။ အောက်မေးရိုးသည် ကိုက်နှင့်။ ဝါ၊ ပန်းပဲတို့၏ သံတူ၌ ဖွဲ့သော ကြိုးလွန်နှင့်။ အထက်မေးရိုးသည် ကြံခွံသင်သော ဓားငယ်နှင့်။ ဝါ–ရွှေဘော်သွားနှင့်။ ညှပ်ရိုးတို့သည် ကော့ညွတ်သော ပဲခွပ်ငယ်ရိုးနှင့်။ ပခုံးစွန်းရိုးတို့သည် တစောင်တခြမ်းတိုသော သီဟိုဠ်ပေါက်တူးနှင့်။ မောင်းရင်းရိုးတို့သည် ကြေးမုံတံနှင့်။ ပေါင်ရိုးတို့သည် တစောင်းလိမ်ရွှေ အရွေမညီသော ပုဆိန်ရိုးနှင့်။ ခါးရိုးနှစ်ခုစပ်သည် အိုးထိန်းသည်တို့ ခံလှော်ကနှင့်။ တခုစီခွဲမူကား ပန်းပဲတို့၏ တူ၌ ဖွဲ့သော ကြိုးလွန်နှင့်။ ဒူးဆစ်ရိုးတို့သည် တဖက်တခြမ်း သေးသော ရေမြှုပ်ခဲနှင့်။ ခြေဖနှောင့်ရိုးတို့သည် ထန်းသီးစေ့ကောက်နှင့် သဏ္ဍာန်တူကုန်၏။

ဖမျက်ရိုးတို့သည် ကြိုးဖောက်သီတပ် ချင်းချင်းခတ်၍ ကစားသော ဂျင်လုံးနှင့်။ မြင်းခေါင်းရိုးတို့သည် အငယ်ကား လေးကိုင်းနှင့်။ အကြီးကား

ပိန်ချုံးသော မြွေ၏ ကျောက်ကုန်းနှင့်။ မောင်းဖျားရိုးတို့သည် ထန်းပင်ငယ်ဥ နှစ်ခုအစုံနှင့် သဏ္ဌာန် တူကုန်၏။

လည် ခုနစ်ရိုးတို့သည် တစိုက်၌ စီထိုး၍ထားသော ဝါးညှောက်မျစ်ကွင်းနှင့်။ ခေါင်းခွံကိုးရိုးတို့သည် ချုပ်တွဲအပ်သော ဗူးကွဲနှင့်။ ရင်ရိုး တဆဲ့လေးတို့သည် ဆွေးမြွေ့ဟောင်းမြင်းသော သန်လျင်းအိမ်ချိုင့်နှင့်။ ကျောက်ကုန်းရိုး တဆဲ့ရှစ်တို့သည် အတွင်း၌ ဖောက်သီဆင့်ထား ခဲပြားနှင့်။ အပကား ဝင်ရိုး၌ ထိုးသီထားသော ဗူးထားအစဉ်နှင့်။ နံရိုး နှစ်ဆဲ့လေးတို့သည် အစိတ်ကား တံစဉ်ကြီးငယ်နှင့်။ အပေါင်းကား ဖြန့်သော ကြက်ဖြူတောင်နှင့်။ ခြေ၌ အဖျားဆစ်တို့သည် ခပေါင်းရေကြည်စေ့နှင့်။ အလယ်ဆစ်တို့သည် ပိန္နဲစေ့နှင့်။ အရင်းဆစ်တို့သည် ထက်စည်နှင့်။ ဖမိုးရိုးတို့သည် တောက်တောက်စဉ်းဖြတ်သော ခတ္တာဝင့် ပတိုင်းငုံ စုနှင့် သဏ္ဌာန်တူကုန်၏။

လက်ရိုးတို့သည် ခြေရိုးတို့ထက် စဉ်းငယ် သေးသွယ် ရှည်လျားကုန်၏။ လက်ကောက်ဝတ်ရိုးတို့ကား တဖက်တွယ်ကပ်၍ထားသော သလွဲပြားလိပ်ခွေနှင့် တူကုန်၏။ မံသနိဿိတ အရိုးနုကား ထွေပြားသော သဏ္ဌာန်ရှိရာ၏။ အစွန်း အဖျား၌တည်သော တင်ရိုးသည် အောက်သို့ ရှေးရှု ကိုင်ထားသော မြွေ ပါးပျဉ်းနှင့် တူ၏။ ခုနစ်ခု ရှစ်ခုသော အရပ်တို့၌ အပေါက်ပေါက် အထွင်းထွင်း ရှိ၏။ ဤသို့ အစိတ်သဏ္ဌာန်ကို အသေအချာမှတ်၍ အပေါင်းသဏ္ဌာန်ကို ဆင်ခြင်အပ်၏။

အဋ္ဌိမိဉ္ဇ၊ ဖြူရောင်အဆင်း ဝါးဆစ်တွင်း၌ မီးသင်းပျောင်းညှံ့ ကြိမ်ညွန့်တူပြီ ခြင်ဆီအစုသည်။ အတ္တိ သံဝိဇ္ဇတိ၊ ရှိချေ၏။

ဝက္ကံ၊ ကသစ်စေ့နှယ် စဉ်းငယ်နီမှု တန္တုတည္ဘ နှစ်မြွာသရက် လည်မှ သက်သည့် အချက်နှစ်ခု ကြောဖွဲ့ပြုလျက် ဝတ္ထုပတ်လည် ရံ၍တည်သော အညှို(ကျောက်ကပ်)နှစ်ခုသည်။ အတ္ထိ၊ ရှိ၏။

ဟဒယံ၊ ဆင်းရွက်ပဒုံ ကျောပြင်ပုံတည်း ကြာငုံအောက်ရှု ဉာဏ်ရှိသူဝယ် စဉ်းငယ်ပွင့်တုံ စုံမန္ဒ အပသန့်ရှင်း တွင်းသပွတ်ဉီ နှစ်ဆူခေါတ်မှီ[၁], နီသည်-ရာဂ, ဒေါသ-မည်းငြား, သားဆေးရည်-မောဟ, တဏှာ-ပဲရည်, ဝါသည်-သဒ္ဓါ, ပညာပြိုးပြက် ဇောတမျက်သွင် ဖြူစင်လွန်ကဲ, လက်ဆုံခွဲမျ လောဟိတသည် ပုန္နာဂဋ္ဌိ[၂] တွင်းမှာရှိလတ် သားမြတ်လယ်ဗွေ ရင်မှာနေသော နှလုံးသားသည်။ အတ္ထိ၊ ရှိ၏။

---

၁။ နှစ်ဆူခေါတ်မှီ=နှလုံးသား ဟဒယဝတ္ထု၌ မနောဓာတ်နှင့် မနောဝိညာဏဓာတ်၊ ဤ ၂-ပါးတို့မှီသည်။

၂။ ပုန္နာဂဋ္ဌိ=(ပုန္နာဂ=ပုန်းညက်ပင်+အဋ္ဌိ=အစေ့)ပုန်းညက်စေ့။

**ယကနံ**၊ ကုမုဒြာ ကြာချပ်ကျောက်နှယ် စဉ်းငယ်နီလျက် ကသစ်ရွက်သဏ္ဌာန် ညာဏ်မဲ့ကြီးကြီး တခုတည်းသာ ပညာရှိဝယ် နှစ်သုံးငယ်လတ် ထနဗ္ဘန္တရေ[၁] ညာမှာနေသော အသည်းသည်။ အတ္ထိ၊ ရှိ၏။

**ကိလောမကံ**၊ ဆင်းဘွဲ့ဖြူသို့ နှလုံး ညှိုကို ဖုံးဆို့ကန့်နေ, အရေအသား အကြားမှာတည် နှစ်မည်သော ပဋိစ္ဆန္နာပဋိစ္ဆန္န အမြှေးသည်။ အတ္ထိ၊ ရှိ၏။

**ပိဟကံ**၊ ကြောင်ပန်းပွင့်သွင် ညိုရောင်ထင်သော သတ္တင်္ဂုလာ[၂] နွားလျှာပုံတု ဝတ္ထုဝဲဘက် သရက်ရွက် ဝမ်းလျှာ ဘေသညာတွင်သော အပြင် (အဖျဉ်း) အစုသည်။ အတ္ထိ၊ ရှိ၏။ လက်နက်ထိခတ်၍ ယင်းအပြင် အပသို့ ထွက်လတ်သော် သေ၏။

**ပပ္ဖါသံ**၊ ရွှမ်းမှည့်သဖန်း နီမြန်းဆင်းဟန် သဏ္ဌာန်စုတ်ပဲ့ မှုံရှက်ကဲ့နှုန်း သည်းနှလုံးကို အုပ်ဖုံးတွဲရရွဲ အစာနဲက ထန်သဲတေဇာ ပူလောင်လာ၍ ညြဇာမကပ် နွားဝါးဖတ်နှယ် သုံးဆယ်နှင့်နှစ် အသားတစ်ဟူသော အဆုတ် အစုသည်။ အတ္ထိ၊ ရှိ၏။

**အန္တံ**၊ ယောကျ်ားဒွတ္တိံ မိန်းမဋ္ဌဝီ အတောင်ရှည်သား ဖြူသည်အဆင်း ကတေအင်းသို့ သွေးကျင်းမှာခွေ ခေါင်းပြတ်မြွေလို လည်မျို့ဝစ္စ ပဒေသဝယ် နှစ်ဆယ့်တတွန့် လိမ်တွန့်ရစ်နေသော အူမခွေအစုသည်။ အတ္ထိ၊ ရှိ၏။

**အန္တဂုဏံ**၊ ကြာသိမ်မြစ်ဟန် ဆင်းသဏ္ဌာန်နေ အူမခွေကို နေရာတကျ မလျှောရအောင် ဖွဲ့နှောင်လျှိုထိုး ခြေသုတ်ကြိုးဝယ် ကြိုးငယ်အလား အူကြား မှာတည်သော အူသိမ် အူနုသည်။ အတ္ထိ၊ ရှိ၏။

**ဥဒရိယံ**၊ စားသည်အစာ သွင်လျှာရူပ အူမထက်ဖျား ဆန်ထုပ်လားသို့ ပ,ကား သန့်ရှင်း တွင်း,ပိန္နဲခံ့ ရွံဘွယ်ဘိခြင်း တံစီးတွင်းနှယ် သုံးဆယ်နှစ်မျိုး ပိုးတို့နေရာ အူထုံးမှာဝယ် လျှာရည်တံထွေး သွားမြေးအာစေး ထိုထိုကြေးကို သိမ်းထွေးပေါင်းစု ထောင်းထု ဝါးချေ မျိုလေဆင်းသက် ဓာတ်မီးချက်၍ ပရပ္ပက်ဉီကျိုက်ကျိုက်ဆူပွ အမြှုပ်ထကာ "ပိုးစာ,လောင်မီး,ကျင်ကြီး,ကျင်ငယ်, တသွယ်သေ့သား ငါးပါး"ကွဲလျက် ခွေးစာခွက်ဝယ် ထွေးဟက်စွန့်လတ် ခွေးအန်ဖတ်အတု အစာသစ်အစုသည်။ အတ္ထိ၊ ရှိ၏။

**ကရီသံ**၊ ယေဘုယျအား အစာလားတည်း အလျားရှစ်သစ် ဝါးကျည်ဆစ်သို့ ချက်မြစ်ကျောက်ကုန်း အူအဆုံး၌ သုံးစားသမျှ မွမွကြေညက် အူခေါင်းသက်၍

---

၁။ ထနဗ္ဘန္တရ=သားမြတ်နှစ်ခုအကြား(နေရာ)။

၂။ သတ္တင်္ဂုလ=ခုနစ်လက်သစ်(ရှည်သောနွားလျှာ)။

လျှောလျက်စုနေ ဖြော့တော့သော မြေညက်အတု အစာဟောင်းအစုသည်။ အတ္ထိ၊ ရှိ၏။

မတ္တလုင်္ဂံ၊ ဦးခွံထဲချောင် မှိုခဲလှောင်သို့ ဆင်းရောင်ဖြူစွာ ဦးချာလေးဆက် လေးပုံဝက်တည့် မှုံညက်စိုင်အတု ဦးနှောက်အစုသည်။ အတ္ထိ၊ ရှိ၏။

ပိတ္တံ၊ ဆုတ်နှလုံးကြား အသည်းနား၌ ထွားထွားကြီးကြီး သပွတ်သီးနှယ် အအိမ်ဝယ်တည် မည်စည်ဆိတ်ကဲ့ အိမ်ဖွဲ့သည်းခြေ စိုလေရာရာ ရေမှာဆီဆမ်း ပမာ လွှမ်းသား ညှိုးနွမ်းပျဉ်းပွင့် ကစော့ပွင့် တောင်ကြာ ပန်းဆင်းဝါသို့ အိမ်မှာမနေ နှစ်ပါးသော ဗဒ္ဓါ'ဗဒ္ဓသည်းခြေသည်။ အတ္ထိ၊ ရှိ၏။

သည်းခြေနှစ်ပါး ပျက်ပုံအထူးကား—

> အတေကိစ္ဆော၀ ဉမ္မာဒေါ၊ ကုပိတေ ဗဒ္ဓပိတ္တကေ။
> အဗဒ္ဓေ တု ပီတက္ခာဒိ၊ ကဏ္ဍုယံ ဂတ္တကမ္ပနံ[၁]။

သင်္ဂဟဂါထာ[၁]

ဗဒ္ဓပိတ္တကေ၊ ဗဒ္ဓသည်းခြေသည်။ ကုပိတေ၊ ပျက်သည်ရှိသော်။ အတေ-ကိစ္ဆော၀၊ ဆေးကုသ၍ မရအောင်သာလျှင်။ ဉမ္မာဒေါ၊ ရှက်ကြောက်လွတ်ကင်း ရူးသွပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ အဗဒ္ဓေ တု၊ အဗဒ္ဓ သည်းခြေ သည်ကား။ ကုပိတေ၊ပျက်သည်ရှိသော်။ပီတက္ခာဒိ၊မျက်စိဝါခြင်း (မူး) လည်ခြင်းသည်ရှင်း။ ကဏ္ဍုယံ၊ ယားယံခြင်းသည်ရှင်း။ ဂတ္တကမ္ပနံ၊ ကိုယ်တုန်လှုပ်ခြင်းသည်ရှင်း။ ဟောတိ၊ ဖြစ်၏။

သေမှံ၊ ဝက်ချေးဘနဲ[၂] ပြစ်ချွဲရွှဲရည် ပုံပမည်သို့ ဖြူသည်အဆင်း တခွက် ခင်းမျှ အူတွင်းစာထက် စာနံ့သက်ကို ဆို့လျက်ဖုံးပိတ်သော သလိပ်အစုသည်။ အတ္ထိ၊ ရှိ၏။

ပုဗ္ဗော၊ဆူးငြောင့်ခလုတ် အိုင်းမန်းဟုတ်၍ သွေးပုပ်စုပျော် ရှက်ရော်အဆင်း သူသေတွင်းမူ ထမင်းချိုးရောင် ပုပ်ဟောင် နံညှီသော ပြည်အစုသည်။ အတ္ထိ၊ ရှိ၏။

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ၂၊ ပါ၊ နှာ-၂၅၂ လာ စုဏ္ဏိယကို မှီ၍ ဂါထာ စီထားသည်။ (ဗဒ္ဓသည်းခြေဟူသည်ကား အအိမ်ဖြင့် သီးခြားတည်နေသည်။အဗဒ္ဓသည်းခြေမှာမူ တကိုယ်လုံး၌ ပြန့်နှံ့နေသည်။ ဗဒ္ဓ=ဖွဲ့ခြင်း၊အအိမ်ဖွဲ့ခြင်း)

၂။ ဝက်ချေးပနဲပင်။

**လောဟိတံ၊** ချိပ်ရည်ပြစ်ဆင်း တခွက်ခင်းမျှ ရင်တွင်းဆုပ်ညှို နှလုံးတို့ထက် တစက်စက်ကျ ယကနအောက်နေ ဤလေးထွေကို စိုစေလျက် စုဝေးသော သွေး, ကျဲသောချိပ်ရည် ပမည်ပိုက်ကျုံး ကိုယ်လုံးနှံ့ရောက် အကြောလျှောက်သော သွေးအားဖြင့် နှစ်ပါးသော သန္နိစိတ,သံသရဏသွေးသည်။ အတ္ထိ၊ ရှိ၏။

**သေဒေါ၊** ဓာတ်ဝိပရိ ပူမည်ဖြီ၍ နှမ်းဆီအဆင်း ဆံမွေးတွင်းမှ သက်ဆင်း ယိုကျသော ချွေးသည်။ အတ္ထိ၊ ရှိ၏။

နိမိတ်ယူသောအခါ ဆံမွေးတွင်းတို့ကို ပြည့်စေ၍ တည်သောချွေးကို နှလုံးသွင်းအပ်၏။

**မေဒေါ၊** ထက်ခြမ်းခွဲသည့် နနွင်းခဲအတူ ဆူသောသူအား ရေသားကြား၌ ကြုံသူအားမှာ ဆူရာရာမှီသော အဆီခဲအစုသည်။ အတ္ထိ၊ ရှိ၏။

**အဿု၊** မီးခိုးမှူဝင် ရယ်ရွှင်ငိုကြွေး စပ်ပူရေးကြောင့် ချွေးသို့အဆင်း မျက်စိတွင်းမှ သက်ဆင်းယိုကျသော မျက်ရည်သည်။ အတ္ထိ၊ ရှိ၏။

နိမိတ်ယူသောအခါ မျက်ကွင်းတို့ကို ပြည့်စေလျက် တည်သော မျက်ရည်ကို ဆင်ခြင်အပ်၏။

**ဝသာ၊** သဘောမတူ ရှိန်ပူဆာလျှင်း နှိပ်စက်ခြင်းကြောင့် အဆင်းအုန်းဆီ ရေပေါ်ဆီသဏ္ဌာန် ပြန့်ဟန်မသေ့ လက်ခြေနှာစွန်း ပခုံးစွန်းမှီ ခြင်ဆီအစုသည်။ အတ္ထိ၊ ရှိ၏။

**ခေဠော၊** ချဉ်,ငန်,စပ်,ခါး မြင်စားကြံမိ စိုးစိစက်ဆုပ် နှလုံးလှုပ်၍ ရေမြှုပ်မယှင်း ပါးမှဆင်းလျက် လျှာရင်းပြစ်ချွဲ လျှာဖျားကျဲသည် လျှာ၌တည်သော တံထွေးသည်။ အတ္ထိ၊ ရှိ၏။

**သိင်္ဃာဏိကာ၊** ငိုယိုသောက်စား ဓာတ်ချောက်ချား၍ ဖောက်ထားသိမ်းအုပ် ကြာရွက်ထုပ်မှ နို့ဓမ်းကျသို့ နှလှုထန်းဆန် ဆင်းဟန်မယုတ် သလိပ်ပုပ်အဖြစ် စင်စစ်ဖြစ်မြောက် ဦးနှောက်ရည်လျှင်း ဦးခေါင်းတွင်းမှ သက်ဆင်းအာစောက် အထက်ပေါက်ဖြင့် လျှောလျှောက်နှာပု တည်ယိုစုသော နှပ်အစုသည်။ အတ္ထိ၊ ရှိ၏။

နိမိတ်ယူသောအခါ နှာခေါင်းပုတို့ကို ပြည့်စေ၍တည်သော နှပ်အားဖြင့် နှလုံးပြုအပ်၏။

**လသိကာ၊** မဟာလှေကား စေးလားသဖွယ် ရှ္ဘရှစ်ဆယ်ဆက် အရိုးဆက်၌ ဆွတ်လျက်တည်နှဲ့ ချွဲပြစ်သောအစေးပုပ်သည်။ အတ္ထိ၊ ရှိ၏။

**အစေး၏အကျိုး သင်္ဂဟဂါထာ**[၁]

ဝါယော ကုပ္ပတိ ဒုက္ခန္တိ၊ လသိကာ ယဿ အပ္ပကာ။
ယဿ သာ ဗဟုကာ တဿ၊ န ကဋ္ဌာယန္တိ အဋ္ဌိနိ။

ယဿ၊ အကြင်သူအား။ လသိကာ၊ အစေးသည်။ အပ္ပကာ၊ နည်းပါး၏။ တဿ၊ ထိုသူ၏။ ဝါယော၊ ဝါယောဓာတ်သည်။ ကုပ္ပတိ၊ တယူဇနာနှစ်ယူဇနာ သွားခါလှုပ်လှုပ်ပျက်၏။ ဂတ္တာနိ၊ ကိုယ်တို့သည်။ ဒုက္ခန္တိ၊ ဆင်းရဲကုန်၏။ ယဿ၊ အကြင်သူအား။ သာ၊ ထိုအစေးသည်။ ဗဟုကာ၊ များ၏။ တဿ၊ ထိုသူ၏။ အဋ္ဌိနိ၊ အရိုးစပ်တို့သည်။ န ကဋ္ဌာယန္တိ၊ တဖျစ်ဖျစ် တဆတ်ဆတ် မမည်ကုန်။ (ရှေ့နောက်လိုက်၍ ပြည့်စုံအောင်ယူ။)

မုတ္တံ၊ ပဲပြာရည်ဆင်း ဆီးစတွင်း၌ သက်ဆင်းကိုယ်မှ မရဝင်ပေါက် ထွက်ပေါက်သာထင် စိမ့်၍ဝင်သော ကျင်ငယ်အစုသည်။ အတ္ထိ၊ ရှိချေ၏။

ဤဆိုခဲ့ပြီးသော ဒွတ္တိံသာကာရ အနက်ကို နှုတ်တက် အာဂုံ ဆောင်အပ်၏။ သဘော ကျအောင်လည်း ကြံစည်ဆင်ခြင်အပ်၏။ သို့မှ အဆင်း, သဏ္ဌာန်,အရပ်,တည်ရာ, အပိုင်းအခြားဟူသော ဝဏ္ဏ,သဏ္ဌာန,ဒိသ,ဩကာသ, ပရိစ္ဆေဒ ငါးပါးတို့ဖြင့် ကောဋ္ဌာသ ကွဲပြားအောင် ထင်နိုင်မြင်နိုင်မည်။

**နှလုံးသွင်းရန် လိမ္မာရေး ၁၀-ပါး။**　　။ဤသို့ နိမိတ်ယူရာ၌ လိမ္မာကြောင်းဖြစ်သောဥဂ္ဂဟကောသလ္လခုနစ်ပါးတို့ကို ပိုင်းခြားတိတိ သိမြင်အောင် သင်ကြားပြီးသော ယောဂီ အာစာရ ကုလပုတ္တ အမျိုးကောင်းသားသည် ရှေးဦးစွာ လေးလ တန်သည် ငါးလတန်သည် ကြာအောင် ဝဏ္ဏ,သဏ္ဌာန, ဒိသော ကာသ, ပရိစ္ဆေဒ ငါးပါးတို့ကို စဉ်းစားစုံစမ်း ရှေးရှုစိတ်တမ်းလျက် မမောမပန်းရအောင် တိုးတိုးသက်သာ ဖြည်းညှင်းစွာ နှုတ်ဖြင့် ရွတ်၍ စီးဖြန်းအပ်၏။ ထိုသို့ စီးဖြန်းရာ၌—

နှလုံးသွင်းခြင်း၌ လိမ္မာကြောင်းအစီအရင် မနသိကာရကောသလ္လဆယ်ပါး

အနုပုဗ္ဗံ နာတိသီဃံ၊ သဏိကံ ခေပဗာဟနံ။
ပဏ္ဏတ္တိတိက္ကမံ မုဉ္စံ၊ အပ္ပနာ စ တိသုတ္တကံ။

သင်္ဂဟဂါထာ[၂]။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၅၆-၌ လာသော စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၂။ ဆရာတော် ဦးဗုဓ်က ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၂၃၆၊၂၅၆ ကို မှီ၍ ဂါထာ ၂-ပုဒ် စီခဲ့ရာ ဆရာတော်ကြီးက တဖန် တဂါထာတည်းဖြင့် ပြီးအောင် စီထားသည်။

အနုပုဗ္ဗံ၊ အနုလုံ ပဋိလုံ အစဉ်အတိုင်း ပွါးများခြင်း။

**နာတိ သီဃံ**၊ မလျင်,မမြန်လွန်းစေရခြင်း။

**နာတိ သဏိကံ**၊ မနှေး မလေးလွန်းစေရခြင်း။

**ခေပဗာဟနံ**၊ ပျံ့လွင့်သည်ကို ပယ်ရှားတားမြစ်ခြင်း။

**ပဏ္ဏတ္တိ** တိက္ကမံ၊ အလွန်ထင်မြင်သောအခါ ကေသာ စသော ဆံပင် စသော နာမ ပညတ်ကို လွန်မြောက်ခြင်း။

မုဥ္စံ၊ ဉာဏ်၌မထင်ရှားသော ကောဋ္ဌာသကို ပယ်ချလွှတ်ထားခြင်း။

အပ္ပနာ၊ အထင်အရှားဆုံး ကောဋ္ဌာသတခု၌ အပ္ပနာစျာန်ကိုရအောင် စီးဖြန်းခြင်း။

**တိသုတ္တကံ**၊ အဓိစိတ္တသုတ်, သီတိဘာဝသုတ်, ဗောဇ္ဈင်္ဂကောသလ္လသုတ် အားဖြင့် သုံးပါးသောသုတ်ကို လေ့လာဆင်ခြင်ခြင်း။

ဣဒံ၊ ဤဆယ်ပါးသည်။ မနသိကာရကောသလ္လံ၊ နှလုံးသွင်းခြင်း၌ လိမ္မာကြောင်း အစီအရင် လိမ္မာကြောင်း ဉာဏ်မည်၏။

**အနုပုဗ္ဗစသည် ၄-ပါးဖြင့် ၃၂-ကောဋ္ဌာသကို ပွါးများပုံ။** ။ဤသို့ လာသော အပ္ပနာစျာန်ကို ရအောင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်း၌ လိမ္မာကြောင်း ဖြစ်သော မနသိကာရ ကောသလ္လ ဆယ်ပါးတို့တွင်—

ကေန္တရိက,ဒွန္တရိက တခုကျော်-နှစ်ခုကျော်-ခုန်ကျော်-ခုန်ကျော် မရှိစေရပဲ ဆိုခဲ့ပြီးသော အနုလုံ ပဋိလုံ အစဉ်အတိုင်း ဆစ်ပိုင်းပြန်လှန်၍ ပွါးများစေခြင်း ဟူသော အနုပုဗ္ဗ အားဖြင့်ရင်း—

မလျင်မြန်လွန်းစေရခြင်းဟူသော **နာတိသီဃ** အားဖြင့်ရင်း--

မနှေးလွန်းစေရခြင်းဟူသော **နာတိသဏိက** အားဖြင့်ရင်း---

ဘဝအဆက်ဆက် အနမတဂ် ကပင် လောက်လက်မွေ့တတ် လေခတ်သည့် ဖွဲပြာလို ထိုထိုအာရုံ၌ လွင့်ပါးရောက်ပေါက် တတ်သော ဥဒ္ဓစ္စပေါင်းဖက် ထိုထို ဝိတက်ကို ချိုးဖျက်ပယ်ရှားခြင်းဟူသော ဝိက္ခေပ ပဋိဗာဟန အားဖြင့်ရင်း—

နှုတ်မတက်ခင် ပဉ္စက,ဆက္က တခုတခု၌ အသွား အပြန် အဖန်ဖန်ရွတ်လျက် အစဉ်အတိုင်း တက်၍ ပွါးများအပ်၏။ တလခန့် နှစ်လခန့် ကြာ၍ နှုတ်တက် သော ကာလ၌ အစမှသည် အဆုံးတိုင်အောင်,အဆုံးမှသည် အစတိုင်အောင် သာ ရွတ်ရတော့သည်။ မဆစ်မပိုင်းရပြီ။ လေးလ,ငါးလကြာ၍ လွန်စွာနှုတ်

တက်လတ်သော် စိတ်ပျံ့လွင့်ခြင်း ကင်းလတ်သော် နှုတ်ဖြင့် ရွတ်သော အစဉ် အတိုင်း အစမှ အဆုံးတိုင်အောင်, အဆုံးမှ အစတိုင်အောင် စိတ်ဖြင့်သာလျှင် ဆင်ခြင်အောက်မေ့အပ်၏။

ဝဏ္ဏ, သဏ္ဌာန, ဂန္ဓ, အာသယ, ဩကာသ-ဟူသော အဆင်း, သဏ္ဌာန်, အနံ့, ဖြစ်ကြောင်း, တည်ရာ ငါးပါးတို့ဖြင့် ဇေဂုစ္ဆပဋိကူလအဖြစ် စင်စစ်ရှိဖွယ် စက်ဆုပ် ဖွယ်ကိုလည်း ဉာဏ်ဝယ်စဉ်းစား သတိထား၍ ပွါးများဆင်ခြင်အပ်၏။

ဂန္ဓ။　။ထိုငါးပါးတို့တွင်— ဆံပင်စသည်တို့၏ ပကတိအားဖြင့် စိမ်းစို ညှီ ဟောက် သိုးအောက် နံစော်သောအနံ့၊ မီးဋ္ဌထည့်သော် ခြစ်ညှော် တူးခါးသော အနံ့သည် ဂန္ဓမည်၏။

အာသယ။　။သလိပ်, သည်းခြေ, သွေး, ပြည်, ကျင်ငယ်, ကျင်ကြီး အစရှိသော စွတ်စွတ် စိုစို ထိုထိုဖြစ်ကြောင်း ပွါးစည်ကြောင်းသည် အာသယ မည်၏။

ဝဏ္ဏ, သဏ္ဌာန, ဩကာသ သုံးပါးတို့ကို ရှေးအနက်၌ ပြအပ်ပြီ။

**ပဏ္ဏတ္တိ သမတိက္ကမအားဖြင့်ဆင်ခြင်ပုံ။**　။ဤသို့ စက်ဆုပ်ဘွယ်ကို ဉာဏ်ဝယ် စဉ်းစား သတိထား၍ အနုလုံ ပဋိလုံ အားဖြင့် အပြန်ပြန် အလှန်လှန် အဖန်ဖန် ကြံစည်ပွါးများသော ယောဂီပုဂ္ဂိုလ် အား ရှုလုံးတန်း စောင်းရန်းခြေအစဉ် လက်ကောက် အစဉ်ကဲ့သို့ ကောဋ္ဌာသ အစဉ်အားဖြင့် ထင်ရှားလတ်သည်ရှိသော် စည်းဝေးသော သဿကို ရေတွက် ရာ၌ မည်သူမည်ဝါဟု အမည်သညာကို မမှတ်ပဲ ဒြဗ်လူကောင်ကိုသာ ရေတွက် သကဲ့သို့ရှင်း, တောမကျွမ်းကျင် သစ်ပင်အမည်သညာကို မသိသောယောကျ်ား သည် တောအရပ်သို့ ရောက်ပေါက်သွား လာသည်ရှိသော် ဤကား မည်သည့် သစ်ပင်ဟု အမည်သညာ, သုံးပင်, လေးပင် စသော သချာတို့ကို မမှတ်ပဲ သစ် ပင်၏ အခြင်းအရာ ပုံဟန်သဏ္ဌာန် ဒြဗ်ကိုသာ မှတ်၍ သွားသကဲ့သို့ရှင်း, ကေသာ စသော ဆံပင် စသော နာမပညတ်ကို မသုံးသပ် မမှတ်သားပဲ "ဤကား စက်ဆုပ်ဖွယ်၊ ဤကား စက်ဆုပ်ဖွယ်"ဟု–ပဏ္ဏတ္တိ သမတိက္ကမအားဖြင့် အနုလုံ ပဋိလုံ အစုံ,အဆန် အသွား,အပြန် ဉာဏ်ဖြင့် စဉ်းစားဆင်ခြင် အစဉ်အတိုင်း ရှုအပ်၏။ ရေရှားပါးသောအရပ်၌ ရေအိုင်ရေထွက် တွေ့မြင်လျှင် မထင်ရှား ခင်သာ ပန်းတုံးတိုင် ထိုးစိုက်မှတ်ထားရသည်။ သွားလာဖန်များ၍ လမ်း ထင်ရှားသည့်အခါ ပန်းတုံးတိုင် အသုံးမကျသကဲ့သို့ ကောဋ္ဌာသဒြဗ် ထင်ရှား သည့် အခါ နာမပညတ် အသုံးမကျပြီဖြစ်၍ လွန်မြောက် စွန့်လွှတ်ရသည် ဟူလိုသည်။

**သတ္တသညာ ဇီဝသညာပျောက်ခြင်း။** ။ဤသို့ပဏ္ဏတ္တိသမတိက္ကမအားဖြင့်ရှုဆင်ခြင်၍ မိမိသန္တာန်၌ ပုဂ္ဂိုလ်သတ္တဝါဟူသော အမှတ်သညာ ကင်းစင်သဖြင့် ကောဋ္ဌာသအစုသာ ထင်သည်ရှိသော် ကသိုဏ်းပဋိဘာဂနိမိတ်ကို ပွါးစေသကဲ့သို့ သူတပါးသန္တာန်၌ ရှုဆင်ခြင်လျှင် လှည့်လည်သွားလာကုန်သော လူ, ဆင်, မြင်း, ကျွဲ, နွား, ခွေး, ဝက်စသော သတ္တဝါများတို့သည် ကောဋ္ဌာသအစုသာ ထင်ကုန်၏။ ထို သတ္တဝါတို့စားသောက်အပ်သမျှကိုလည်း သစ်ခေါင်း,ဝါးလုံးခေါင်းသို့ ထည့်သွတ်အပ်သော အမှိုက်သလဲကဲ့သို့ ထင်၏။ သတ္တသညာ, ဇီဝသညာ ပျောက်၏။

**အနုပုဗ္ဗမုဋ္ဌနအားဖြင့် ဆင်ခြင်ပုံ။** ။ဤသို့ ရှုဆင်ခြင်ဖန်များသဖြင့် ကွက်ကြားကွက်ကြား အထူးအားဖြင့် ခြားနား၍ ထင်လာ၏။ ထိုအခါ မထင်ရာ,မထင်ရာ ကောဋ္ဌာသကို ချ၍,ချ၍ လွှတ်၍, လွှတ်၍ ဉာဏ်တွင် ထင်ရှားသော ကောဋ္ဌာသ၌သာ နှလုံးထား၍ ကောဋ္ဌာသတပါးတည်း ကျန်သည့်တိုင်အောင် ထန်းသုံးဆဲ့နှစ်ပင်ရှိသော ထန်းတော၌ မူဆိုး လိုက်၍ ပစ်ခတ်အပ်သော တောမျောက်[၁]၏ အလားကဲ့သို့ အနုပုဗ္ဗမုဋ္ဌနအားဖြင့် 'ပဋိကူလာ,ပဋိကူလာ'ဟု အဖန်တလဲလဲ ပွါးများ ဆင်ခြင်အပ်၏။

**အပ္ပနာစျာန်ရအောင် စီးဖြန်းပုံ။** ။ဤသို့ ဆင်ခြင်ပွါးများ၍ အထူးအားဖြင့် ထင်လာသော ထိုတခုတည်းသော ကောဋ္ဌာသကို ဘိ၍ နာနာ အခါခါ အဖန်ဖန် ပွါးများပြန်သည် ရှိသော် ခပေါင်းရေကြည်စေ့ ခပ်အပ်သော ရေသည် ခဏချက်ခြင်း စိမ်းမြဖြူစင် ကြည်လင်တောက်ပသည်အတူ တခုတည်းသော အာရုံကို ယူရသော သမာဓိနှင့် ယှဉ်သဖြင့် ယောဂီပုဂ္ဂိုလ်၏ စိတ်အစဉ်သည် လွန်စွာဖြူစင် ကြည်လင်တောက်ပသည်ဖြစ်၍ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါငါးပါးတို့နှင့် ပြည့်စုံသော အပ္ပနာစျာန်ကို ရ၏။

**ပထမစျာန်သာ ရခြင်း။** ။အသုဘတို့၌ကဲ့သို့ ပထမစျာန်ကိုသာ ရ၏။ ထိုကောဋ္ဌာသတခု၌ ပထမစျာန်ကိုရလျှင် ကြွင်းသော ကောဋ္ဌာသ သုံးဆဲ့တပါးတို့၌လည်း မခဲယဉ်းသောအားဖြင့် မလ္လက မထေရ်[၂] အလားကဲ့သို့ အပ္ပနာစျာန်ကို ဝင်စားနိုင်တော့သည်။

---

၁။ အဘိ၊ ဋ္ဌ၊ ၂၊ ( သမ္မောဟဝိနောဒနီ ) နှာ-၂၄၇။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၃၇-၈။ (ထန်း ၃၂-ပင်=၃၂-ကောဋ္ဌာသ။ မျောက်=စိတ်။ မူဆိုး=ယောဂီပုဂ္ဂိုလ်)။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၂၅၇။

## နိမိတ်သုံးပါး ထင်ပုံ

**ပရိကမ္မနိမိတ်။** ။ဤ၌ ပရိကမ္မဘာဝနာ၏ အာရုံဖြစ်သော ပကတိသော ဆံပင် အမွေးစသောဒြပ် အတ္ထပညတ်သည် ပရိကမ္မနိမိတ် မည်၏။

**ဥဂ္ဂဟနိမိတ်။** ။အိပ်မက်၌ အိပ်မပျော်တပျော်တွင် မြင်မက်သော တစ္ဆေ မြေဘုတ် ဘီလူးရုပ်အသွင် ဝဏ္ဏ,သဏ္ဌာနစသည်ဖြင့် မနော-ဒွါရတွင် ထင်သော ထိုအတ္ထပညတ်သည် ဥဂ္ဂဟနိမိတ် မည်၏။

**ပဋိဘာဂနိမိတ်။** ။ဥပစာရဘာဝနာ, အပ္ပနာဘာဝနာ နှစ်ပါး၏ အာရုံဖြစ်သော ဝဏ္ဏ သဏ္ဌာနစသော ငါးပါးသော အခြင်းအရာဖြင့် လွန်စွာ စက်ဆုပ်ဖွယ်ထင်သော ထိုအတ္ထပညတ်သည် ပဋိဘာဂနိမိတ် မည်၏။

သဗ္ဗာကာရတော ပဋိကူလဝသေန ဥပဋ္ဌာနံ ပဋိဘာဂနိမိတ္တံ။
အဋ္ဌကထာ (ပ၊ နှာ-၂၅၇)

သဗ္ဗာကာရတောတိ ဝဏ္ဏာဒိဝသေန ပဥ္စဓာပိ။
ဋီကာ (မဟာ၊ပ၊နှာ-၃၁၀)

ဤ၌ ရာဂ၏ ဥဇုပဋိပက္ခဖြစ်သောကြောင့်သာလျှင် 'သဗ္ဗာကာရတော ပဋိ-ကူလဝသေန'ဟု ဆိုသည်ဖြစ်မည်။ စင်စစ်မူကား–အသုဘ ဆယ်ပါး၌ ဆိုခဲ့ပြီးသော နည်းအားဖြင့် ပဋိဘာဂနိမိတ်သည် အတိဣဋ္ဌာရုံ ဖြစ်သင့်မည်။

**အဓိစိတ္တသုတ်စသောနည်းဖြင့် စီးဖြန်းပုံ။** ။ဤဆိုခဲ့ပြီးသော ဘာဝနာ အစီအရင်များဖြင့် စျာန်ကို မရသေးလျှင် ထိုထင်လာပြီးသော ဥဂ္ဂဟနိမိတ်,ပဋိဘာဂနိမိတ် တို့ကို ပထဝီကသိုဏ်း(ဤကျမ်း ဒု-နှာ-၁၉၁)၌ ဆိုခဲ့ပြီးသော နည်း၏ အစွမ်းဖြင့် အသပ္ပါယ ခုနစ်ပါးကို ပယ်ရှ၊ သပ္ပါယခုနစ်ပါးကို မှီဝဲလျက် စကြဝတေးလောင်း ကိုယ်ဝန်ကိုကဲ့သို့ ကောင်း မွန်စွာ စောင့်ရှောက်လျက် အဓိစိတ္တသုတ်[၁], သီတိဘာဝသုတ်[၂] ဗောဇ္ဈင်္ဂကော-သလ္လသုတ် ဤသုံးသုတ်တို့၌ ဟောတော်မူအပ်သော နည်းဖြင့် ဝီရိယနှင့် သမာဓိကို ညီမျှစေလျက် ပွါးများစီးဖြန်းအပ်၏။

---

၁။ အင်္ဂုတ္တိုရ် ပါဠိတော်၊ နိမိတ္တသုတ်၊ပ၊နှာ-၂၅၈။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ပ၊ နှာ-၂၃၉-၂၄၀။

၂။ သီတိဘာဝသုတ်-ဟု ဆင့်မူရှိသည်။

အမိစိတ္တသုတ်။ ။ထိုသုံးသုတ်တို့တွင် အမိစိတ္တသုတ်ဟူသည်ကား—

## အမိစိတ္တသုတ်ပါဠိ

အမိစိတ္တမနုယုတ္တေန ဘိက္ခဝေ ဘိက္ခုနာ တီဏိ နိမိတ္တာနိ ကာလေန ကာလံ မနသိ ကာတဗ္ဗာနိ။ ကာလေန ကာလံ သမာဓိနိမိတ္တံ မနသိ ကာ-တဗ္ဗံ၊ ကာလေန ကာလံ ပဂ္ဂဟနိမိတ္တံ မနသိ ကာတဗ္ဗံ၊ ကာလေန ကာလံ ဥပေက္ခာနိမိတ္တံ မနသိကာတဗ္ဗံ။

သစေ ဘိက္ခဝေ အမိစိတ္တမနုယုတ္တော ဘိက္ခု ဧကန္တံ သမာဓိနိမိတ္တ-ညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ ကောသဇ္ဇာယ သံဝတ္တေယျ။ သစေ ဘိက္ခဝေ အမိစိတ္တမနုယုတ္တော ဘိက္ခု ဧကန္တံ ပဂ္ဂဟနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တေယျ။ သစေ ဘိက္ခဝေ အမိစိတ္တမနုယုတ္တော ဘိက္ခု ဧကန္တံ ဥပေက္ခာနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ န သမ္မာ သမာဓိယေယျ အာသဝါနံ ခယာယ။

ယတော စ ခေါ ဘိက္ခဝေ အမိစိတ္တမနုယုတ္တော ဘိက္ခု ကာလေန ကာလံ သမာဓိနိမိတ္တံ ပဂ္ဂဟနိမိတ္တံ ဥပေက္ခာနိမိတ္တံ မနသိကရောတိ။ တံ ဟောတိ စိတ္တံ မုဒုဉ္စ ကမ္မညဉ္စ ပဘဿရဉ္စ၊ န စ ပဘင်္ဂုံ၊ သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။

သေယျထာပိ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ ဥက္ကံ ဗန္ဓတိ၊ ဥက္ကံ ဗန္ဓိတွာ ဥက္ကာမုခံ အာလိမ္ပတိ၊ ဥက္ကာမုခံ အာလိမ္ပိတွာ သဏ္ဍာသေန ဇာတရူပံ ဂဟေတွာ ဥက္ကာမုခေ ပက္ခိပိတွာ ကာလေန ကာလံ အဘိဓမတိ၊ ကာလေန ကာလံ ဥဒကေန ပရိပ္ဖောသေတိ၊ ကာလေန ကာလံ အဇ္ဈုပေက္ခတိ။

သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ အဘိဓမေယျ။ ဌာနံ တံ ဇာတရူပံ ဍဟေယျ။ သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ ဥဒကေန ပရိပ္ဖောသေယျ၊ ဌာနံ တံ ဇာတရူပံ နိဗ္ဗာယေယျ။ သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ အဇ္ဈုပေက္ခေယျ၊ ဌာနံ တံ ဇာတရူပံ န သမ္မာ ပရိပါကံ ဂစ္ဆေယျ။

ယတော စ ခေါ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ကာလေန ကာလံ အဘိဓမတိ၊ ဥဒကေန ပရိပ္ဖောသေတိ၊ အဇ္ဈုပေက္ခတိ၊ တံ ဟောတိ ဇာတရူပံ မုဒုဉ္စ ကမ္မညဉ္စ ပဘဿရဉ္စ၊ န စ ပဘင်္ဂုံ၊ သမ္မာ ဥပေတိ ကမ္မာယ။ ယဿာ ယဿာ စ ပိဠန္ဓနဝိကတိယာ

အာကာင်္ခတိ ယဒိ ပဋိကာယ ယဒိ ကုဏ္ဍလာယ ယဒိ ဂီဝေယျကေ ယဒိ သုဝဏ္ဏမာလာယ၊ တဥ္စဿ အတ္ထံ အနုဘောတိ။

ဧဝမေဝ ခေါ ဘိက္ခဝေ အဓိစိတ္တမနုယုတ္တေန။ပ။ သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။ ယဿ ယဿ စ အဘိညာ သစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ အဘိညာ သစ္ဆိကိရိယာယ၊ တတြတတြေဝ သက္ခိဘဗ္ဗတံ ပါပုဏာတိ သတိ သတိ အာယတနေ။

## အဓိစိတ္တသုတ်အနက်

**နိမိတ် ၃-ပါး။**　။ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တေန၊ အဖန်တလဲလဲ အားထုတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ တီဏိ၊ သုံးပါးကုန်သော။ နိမိတ္တာနိ၊ မှတ်အပ်သော အခြင်းအရာ ဟူသော သမာဓိစသည်တို့ကို။ ဝါ၊ သမာဓိစသည်တို့၏ အကြောင်းဖြစ်သော အာရုံတို့ကို။ ကာလေန ကာလံ၊သင့်လျော်သော အခါအခါ၌။မနသိကာတဗ္ဗာနိ၊ စိတ်၌ပြုအပ် ဖြစ်စေအပ်ကုန်၏။ ဝါ၊ ဆင်ခြင်အပ်ကုန်၏။ ကာလေန ကာလံ၊ သင့်လျော်သော အခါအခါ၌။ **သမာဓိနိမိတ္တံ၊** မှတ်အပ်သော အခြင်းအရာ ဟူသော သမာဓိကို။ဝါ၊သမာဓိ၏ အကြောင်းဖြစ်သော အာရုံကို။မနသိကာတဗ္ဗံ၊ စိတ်၌ ပြုအပ် ဖြစ်စေအပ်၏။ ဝါ၊ ဆင်ခြင်အပ်၏။ ကာလေန ကာလံ၊ သင့်လျော်သောအခါအခါ၌။ **ပဂ္ဂဟနိမိတ္တံ၊** ဝီရိယကို။ ဝါ၊ ဝီရိယ၏အကြောင်း ဖြစ်သောအာရုံကို။ မနသိကာတဗ္ဗံ၊ စိတ်၌ ပြုအပ် ဖြစ်စေအပ်၏။ ဝါ၊ ဆင်ခြင် အပ်၏။ ကာလေန ကာလံ၊ သင့်လျော်သော အခါအခါ၌။ **ဥပေက္ခာနိမိတ္တံ၊** ဥပေက္ခာကို။ ဝါ၊ ဥပေက္ခာ၏အကြောင်းဖြစ်သော အာရုံကို။ မနသိကာတဗ္ဗံ၊ စိတ်၌ ပြုအပ် ဖြစ်စေအပ်၏။ ဝါ၊ ဆင်ခြင်အပ်၏။

**သမာဓိလွန်သော် ကောသဇ္ဇ။**　။ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထ-ဝိပဿနာ စိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ အားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။ သမာဓိ-နိမိတ္တံ ဧဝ၊ မှတ်အပ်သော အခြင်းအရာဟူသော သမာဓိကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ စိတ်၌ ပြုအပ် ဖြစ်စေအပ်ငြားအံ့။ တံ စိတ္တံ၊ ထိုစိတ်သည်။ ကောသဇ္ဇာယ၊ ဆုတ်နစ်ပျင်းရိခြင်းငှါ။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ ဌာနံ၊ ထိုဖြစ်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

**ဝီရိယလွန်သော် ဥဒ္ဓစ္စ။**　။ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထဝိပဿနာ စိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ အားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။ ပဂ္ဂဟနိမိတ္တံ ဧဝ၊ ဝီရိယ၏ အကြောင်းဖြစ်သော အာရုံကိုသာလျှင်။ သစေ မနသိကရေယျ၊ စိတ်၌ ပြုအပ်

ဖြစ်စေအပ်ငြားအံ့။ တံ စိတ္တံ၊ ထိုစိတ်သည်။ ဥဒ္ဓစ္စာယ၊ ပျံ့လွင့်ခြင်းငှါ။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ တေသာ၊ ထိုဖြစ်ခြင်း၏။ ဌာနံ၊အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲအားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ကေဝလံ၊ စင်စစ်။ ဥပေက္ခာနိမိတ္တံ ဧဝ၊ ဥပေက္ခာနိမိတ်ကိုသာလျှင်။ သစေ မနသိကရေယျ၊ စိတ်၌ ပြုအပ် ဖြစ်စေအပ်ငြားအံ့။ တံ စိတ္တံ။ ထိုစိတ်သည်။ အာသဝါနံ၊ အာသဝေါ တရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ န သမာဓိယေယျ၊ မတည်ကြည်ရာ။ တေသာ၊ ထိုမတည်ကြည်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ ခေါ၊ အကြင်အကြောင်းကြောင့်လျှင်။ အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်ဖန်အားထုတ်သော။ ဘိက္ခု၊ ရဟန်းသည်။ ကာလေန ကာလံ၊ သင့်လျော်သော အခါအခါ၌။ သမာဓိနိမိတ္တံ၊ မှတ်အပ်သော အခြင်းအရာဟူသော သမာဓိကို။ ဝါ၊ သမာဓိ၏ အကြောင်းဖြစ်သော အာရုံကို။ ပဂ္ဂဟနိမိတ္တံ ....ဝီရိယကို။ ဥပေက္ခာနိမိတ္တံ .... ဥပေက္ခာကို။ မနသိ ကရောတိ၊ နှလုံးသွင်း၏။ တတော၊ ထိုကြောင့်။ တံ စိတ္တံ၊ ထိုသမထ ဝိပဿနာစိတ်သည်။ မုဒု စ၊ နူးညံ့လေ့လာသည်ငှင်း။ ကမ္မညဉ္စ၊ အမှု၌ကောင်းသည်ငှင်း။ ပဘဿရဉ္စ၊ စင်ကြယ်တောက်ပသည်ငှင်း။ ဟောတိ၊ ဖြစ်၏။ န စ ပဘင်္ဂု၊ ပျက်စီးခြင်းသဘောလည်း မရှိ။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည်ကြည်၏။

ဘိက္ခဝေ၊ရဟန်းတို့။သေယျထာပိ၊ဥပမာမည်သည်ကား။သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်သည်သည်ငှင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်သည်၏ တပည့်သည်ငှင်း။ ဥက္ကံ၊ မိုက်ခွက်ကို။ ဗန္ဓတိ၊ ဖွဲ့လုပ်စီရင်၏။ ဥက္ကံ၊ မိုက်ခွက်ကို။ ဗန္ဓိတွာ၊ ဖွဲ့လုပ်စီရင်၍။ ဥက္ကာမုခံ၊ မိုက်ခွက်မျက်နှာဝကို။ အာလိမ္ပတိ၊ မီးဖြင့် လိမ်းကျံ အလျှံတောက်ပ ထစေ၏။ ဥက္ကာမုခံ၊ မိုက်ခွက် မျက်နှာဝကို။ အာလိမ္ပိတွာ၊ မီးဖြင့် လိမ်းကျံ အလျှံတောက်ပစေ၍။ သဏ္ဍာသေန၊ ညှပ်ဖြင့်။ ဇာတရူပံ၊ ရွှေကို။ ဂဟေတွာ၊ ကိုင်ညှပ်၍။ ဥက္ကာမုခေ၊ မိုက်ခွက်မျက်နှာဝ၌။ ပက္ခိပိတွာ၊ ထည့်၍။ ကာလေန ကာလံ။ သင့်လျော်သော အခါအခါ၌။ အဘိဓမတိ၊ လေမှုတ်၏။ ကာလေန ကာလံ၊ သင့်လျော်သော အခါအခါ၌။ ဥဒကေန၊ ရေဖြင့်။ ပရိပ္ဖောသေတိ၊ ဖျန်းဆွတ်၏။ ကာလေန ကာလံ၊ သင့်လျော်သော အခါအခါ၌။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှုကာ အသာနေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်သည်သည်ငှင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်သည်၏တပည့်သည်ငှင်း။ တံ ဇာတရူပံ၊

ထိုရွှေကို။ ကေန္တိ၊ စင်စစ်။ သစေ အဘိဓမေယျ၊ အကယ်၍ လေမှုတ်အံ့။ တံ ဇာတရူပံ၊ ထိုရွှေသည်။ ဉဟေယျ၊ မီးလောင်ကျွမ်းရာ၏။ တေသ၊ ထိုလောင်ကျွမ်းခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်သည်သည်ရင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်သည်၏တပည့်သည်ရင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကေန္တိ၊ စင်စစ်။ ဉဒကေန၊ ရေဖြင့်။ သစေ ပရိပ္ဖေါသေယျ၊ အကယ်၍ ဖျန်းဆွတ်အံ့။ တံ ဇာတရူပံ၊ ထိုရွှေသည်။ နိဗ္ဗာယေယျ၊ ငြိမ်းရာ၏။ တေသ၊ ထိုငြိမ်းခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်သည် သည်ရင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ၊ ရွှေပန်းထိမ်သည်၏တပည့်သည်ရင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကေန္တိ၊ စင်စစ်။ သစေ အဇ္ဈုပေက္ခေယျ၊ အကယ်၍ လျစ်လျူရှုကာ အသာနေငြားအံ့။ တံ ဇာတရူပံ၊ ထိုရွှေသည်။ သမ္မာပရိပါကံ၊ ကောင်းစွာ ကျက်ကြည်ခြင်းသို့။ န ဂစ္ဆေယျ၊ မရောက်ရာ။ တေသ၊ ထိုမကျက်မကြည်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ယတော စ ခေါ၊ အကြင်အခါ၌လျှင်။ သုဝဏ္ဏကာရော ဝါ၊ ရွှေပန်းထိမ်သည်သည်ရင်း။ သုဝဏ္ဏကာရန္တေဝါသီ ဝါ။ ရွှေပန်းထိမ်သည်၏ တပည့်သည်ရင်း။ တံ ဇာတရူပံ၊ ထိုရွှေကို။ ကာလေနကာလံ၊ သင့်လျော်သော အခါအခါ၌။ အဘိဓမတိ၊ မှုတ်၏။ ဉဒကေန၊ ရေဖြင့်။ ပရိပ္ဖေါသေတိ၊ ဖျန်းဆွတ်၏။ အဇ္ဈုပေက္ခတိ၊ လျစ်လျူ ရှုကာ အသာနေ၏။ တဒါ၊ ထိုအခါ၌။ တံ ဇာတရူပံ၊ ထိုရွှေသည်။ မုဒု စ၊ နူးညံ့သည်ရင်း။ ကမ္မညဉ္စ၊ လက်ကောက် စသည် လုပ်ခြင်းအမှု၌ ခံ့သည်ရင်း။ ပဘဿရဉ္စ၊ ပြိုးပြိုးပြက် အရောင်ထွက် သည်ရင်း။ ဟောတိ၊ ဖြစ်၏။ န စ ပဘင်္ဂု၊ ပျက်စီးခြင်း သဘောလည်း မရှိ။ ကမ္မာယ၊ အထူးထူးသော အမှုအလို့ငှါ။ သမ္မာ၊ ကောင်းစွာ။ ဉပေတိ၊ ကပ်ရောက်၏။ ယဿာ ယဿာ စ ပိဠန္ဓနဝိကတိယာ၊ အကြင် အကြင် တန်းဆာထူး အလို့ငှါ၊ အာကင်္ခတိ၊ ပြုလို၏။ ပဋ္ဋိကာယ၊ သင်းကျစ်ပြား အလို့ငှါ။ ယဒိ အာကင်္ခတိ၊ အကယ်၍ ပြုလိုအံ့။ ကုဏ္ဍလာယ၊ နားဒေါင်း အလို့ငှါ။ ယဒိ အာကင်္ခတိ၊ အကယ်၍ပြုလိုအံ့။ ဂီဝေယျကေ၊ လည်ဆွဲ တန်းဆာ အလို့ငှါ။ ယဒိ အာကင်္ခတိ၊ အကယ်၍ပြုလိုအံ့။ သုဝဏ္ဏမာလာယ၊ ရွှေပန်းအလို့ငှါ။ ယဒိ အာကင်္ခတိ၊ အကယ်၍ပြုလိုအံ့။ တဿာ တဿာ ကမ္မာယ၊ ထိုထို အမှုအလို့ငှါ။ သမ္မာ၊ ကောင်းစွာ။ ဉပေတိ၊ ကပ်ရောက်၏။ အဿ၊ ထို ရွှေပန်းထိမ်သည်၏။ တဉ္စ အတ္ထံ၊ ထိုပုတီး လက်ကောက် ဖြစ်ခြင်း စသော အကျိုးကိုလည်း။ အနုဘောတိ၊ ရွှေသည် ပြီးစေ၏။ ဝါ၊ အဿ၊ ထိုရွှေ၏။

တဥ္စ အတ္တံ၊ ထိုတန်းဆာထူးဟူသော အကျိုးကိုလည်း။ အနုဘောတိ၊ သုံးဆောင်ခံစားရ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤ အတူသာလျှင်။ အဓိစိတ္တံ၊ သမထဝိပဿနာ စိတ်ကို။ အနုယုတ္တေန၊ အဖန်တလဲလဲ အားထုတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ ပ။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည်ကြည်၏။ အဘိညာသစ္ဆိကရဏီယဿ၊ ဣဒ္ဓိဝိဓ စသော ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သော။ ယဿ ယဿ စ ဓမ္မဿ၊ အကြင်အကြင် တန်းခိုး ဖန်ဆင်းခြင်း သဘောကိုလည်း။ အဘိညာ သစ္ဆိကိရိယာယ၊ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းငှါ။ စိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သတိ၊ ထင်ရှားရှိသော။ အာယတနေ၊ အဘိညာကို ရကြောင်း ကောင်းမှု ပုဗ္ဗဟေတု စသည်သည်။ သတိ၊ ရှိလတ်သော်။ တတြ တတြေဝ၊ ထိုထို တန်းခိုး ဖန်ဆင်းခြင်း သဘော၌ပင်လျှင်။ သက္ခိဘဗ္ဗတံ၊ သက်သေထိုက်သည်၏ အဖြစ်သို့။ ဝါ၊ မျက်မှောက်ပြုခြင်းရှိသောသူ၏ ဖြစ်ခြင်းသို့။ ဝါ၊ ထိုက်၍ မျက်မှောက်ပြုခြင်းရှိသည်၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ ဤကား အနက်။

## သီတိဘာဝသုတ် ပါဠိ အနက်

သီတိဘာဝသုတ်[၁] ဟူသည်ကား—

ဆဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော အနုတ္တရံ သီတိဘာဝံ သစ္ဆိကာတုံ။ ကတမေဟိ ဆဟိ—ဣဓ ဘိက္ခဝေ ဘိက္ခု ယသ္မိံ သမယေ စိတ္တံ နိဂ္ဂဟေတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ နိဂ္ဂဏှာတိ။

ယသ္မိံ သမယေ စိတ္တံ ပဂ္ဂဟေတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ ပဂ္ဂဏှာတိ။

ယသ္မိံ သမယေ စိတ္တံ သမ္ပဟံသေတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ သမ္ပဟံသေတိ။

ယသ္မိံ သမယေ စိတ္တံ အဇ္ဈုပေက္ခိတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ အဇ္ဈုပေက္ခတိ။

ပဏီတာဓိမုတ္တိကော စ ဟောတိ။

နိဗ္ဗာနာဘိရတော။

ဣမေဟိ ခေါ ဘိက္ခဝေ ဆဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော အနုတ္တရံ သီတိဘာဝံ သစ္ဆိကာတုံ။

---

၁။ အင်္ဂုတ္တိုရ် ပါဠိတော်၊ဒုနှာ-၃၇၉။သီတိဘာဝ (သီတ=ငြိမ်းအေးခြင်း+ဘာဝ=အဖြစ်)

**နိဗ္ဗာန်ရောက်ကြောင်း တရား ၆-ပါး။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဆဟိ ဓမ္မေဟိ၊ ခြောက်ပါး ကုန်သော တရားတို့နှင့်။

သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ အနုတ္တရံ၊ အတူမရှိသော။ သီတိဘာဝံ၊ ချမ်းေးသည် ဖြစ်သော နိဗ္ဗာန်ကို။ ဝါ၊ ကိလေသာဟူသော အပူ ငြိမ်းချမ်းခြင်းကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။

ကတမေဟိ ဆဟိ၊ အဘယ် ခြောက်ပါးတို့နှင့်နည်း ဟူမူ—

**ပျံ့လွင့်သောစိတ်ကို ဖိနှိပ်ခြင်း'နိဂ္ဂဟ'။** ။ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။

ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ ပျံ့လွင့်သောစိတ်ကို။ နိဂ္ဂဟေတဗ္ဗံ၊ နှိပ်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဏှာတိ၊ ဥဒ္ဓစ္စသို့ကျ မည်မှ စောင့်သဖြင့် နှိပ်၏။

**ပျင်းရိသောစိတ်ကို လုံ့ဆော်ချီးပင့်ခြင်း'ပဂ္ဂဟ'။** ။ယသ္မိံ သမယေ၊ အကြင် အခါ၌။ စိတ္တံ၊ တွန့်တို

သောစိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ချီးပင့်သင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ ပျင်းရိတွန့်တိုသောစိတ်ကို။ ပဂ္ဂဏှာတိ၊ ကောသဇ္ဇသို့ ကျမည်မှ စောင့်သဖြင့် ချီးပင့်၏။

**ဘာဝနာစိတ်ကို ရွှင်လန်းထက်မြက်စေခြင်း။** ။ယသ္မိံ သမယေ၊ အကြင် အခါ၌။ စိတ္တံ၊ သမပ္ပဝတ္တ-

စိတ်[၁]ကို။ သမ္ပဟံသေတဗ္ဗံ၊ ရွှင်လန်းနှစ်သက် ထက်စေသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ (အညီအညွတ်ဖြစ်သော) သမပ္ပဝတ္တစိတ်ကို။ သမ္ပဟံသေတိ၊ ထိုသို့ အမျှဖြစ်ခြင်းကြောင့် ပညာဖြင့် ရွှင်လန်းနှစ်သက် ထက်စေ၏။ ဝါ- စိတ္တံ၊ ဘာဝနာသို့ မဝင် မတက် မသက်မသာသော စိတ်ကို။ သမ္ပဟံသေတိ၊ သံဝေဂဝတ္ထုတို့ကို ဆင်ခြင်လျက် ထက်မြက်စေ၏။

**ဘာဝနာသို့သက်ဝင်သောစိတ်ကို လျစ်လျူရှုခြင်း။** ။ယသ္မိံ သမယေ၊ အကြင် အခါ၌။ စိတ္တံ၊ အလီနာနုဒ္ဓတ[၂]

ဖြစ်၍ ဘာဝနာလမ်းသို့ ဖြောင့်တန်းစွာသက်သော စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊ ပဂ္ဂဟ စသည်၌ လုံ့လမပြု လျစ်လျူ ရှုသင့်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ် ကို။ အဇ္ဈုပေက္ခတိ၊ လုံ့လမပြု လျစ်လျူ ရှု၏။

---

၁။ သမပ္ပဝတ္တစိတ်=ပျံ့လွင့် တွန့်တိုပျင်းရိခြင်း မရှိသောစိတ်၊ အညီအညွတ်ဖြစ်သော စိတ်။

၂။ အလီန=မတွန့်တို့မဆုတ်နစ်။ အနုဒ္ဓတ=မပျံ့လွင့်။

မဂ်ဖိုလ်၌စိတ်ညွတ်ခြင်း။ ။ပဏီတာဓိမုတ္တိကော စ၊ မြတ်သောမဂ်ဖိုလ်၌ ညွတ်ကိုင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

နိဗ္ဗာန်၌ မွေ့လျော်ခြင်း။ ။နိဗ္ဗာနာဘိရတော၊ နိဗ္ဗာန်၌ မွေ့လျော်သည်လည်း။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့၊ ခေါ၊ စင်စစ်။ ဣမေဟိ ဆဟိ ဓမ္မေဟိ၊ ဤတရားခြောက်ပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ အနုတ္တရံ၊ အတုမရှိသော။ သီတိဘာဝံ၊ ချမ်းသေည်ဖြစ်သောနိဗ္ဗာန်ကို။ ဝါ၊ ကိလေသာဟူသော အပူငြိမ်းခြင်းကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။ ဤကား အနက်။

## ဗောဇ္ဈင်္ဂကောသလ္လသုတ်

ဗောဇ္ဈင်္ဂ ကောသလ္လသုတ်[၁]ကိုကား ဤသို့သော သင်္ဂဟဂါထာဖြင့် မှတ်အပ်၏—

ပရိတ္တဂ္ဂိံ မုဇ္ဇာလေတုံ၊ သုက္ခာနိ တတ္ထ ပက္ခိပေ။
မုခဝါတဉ္စ ဒဒေယျ၊ ဧဝံ သော ဇလတေ ဂိနိ။

ဧဝံ ယဒါ လီနံ စိတ္တံ၊ ဝိစယံ ပီတိ, ဝီရိယံ။
တယော ဗောဇ္ဈင်္ဂေ ဘာဝေယျ၊ တေဟိ သုဋ္ဌာပယံ ဟိ တံ။

မဟန္တဂ္ဂိံ နိဗ္ဗာပေတုံ၊ အလ္လာနိ တတ္ထ ပက္ခိပေ။
ပံသုကေန စောကိရေယျ၊ ဧဝံ နိဗ္ဗာယတေ ဟိ သော။

ဧဝံ ယုဒ္ဓတံ စိတ္တံ၊ ပဿဒ္ဓိဉ္စ သမာဓိကံ။
ဥပေက္ခံ စ တဒါ ဘာဝေ၊ သုနိဗ္ဗာပယ'မေဟိ တံ။

ပါဠိသင်္ဂဟ။

ပရိတ္တဂ္ဂိံ၊ အနည်းငယ်သောမီးကို။ ဥဇ္ဇာလေတုံ၊ တောက်စေခြင်းငှါ။ တတ္ထ၊ ထိုမီး၌။ သုက္ခာနိ၊ ခြောက်ကုန်သောမြက်, သစ်ရွက်, နွားချေး, ထင်းတို့ကို။ ပက္ခိပေ၊ ထည့်ရာ၏။ မုခ ဝါတဉ္စ၊ ခံတွင်းလေကိုလည်း။ ဒဒေယျ၊ ပေးရာ၏။ ဧဝံ၊ ဤသို့ပြုသဖြင့်။ သော ဂိနိ၊ ထိုမီးသည်။ ဇလတေ၊ တောက်ပ၏။

ဧဝံတထာ၊ ထို့အတူ။ ယဒါ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်တို၏။ တဒါ၊ ထိုအခါ၌။ ဝိစယံ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကိုငှင်း။ ပီတိ, ဝီရိယံ၊

---

၁။ သံယုတ်ပါဠိတော်၊တ၊ နှာ-၉၉ လာ စုံဏ္ဏိယကို ဂါထာဖြင့် ချုံးထားသည်။(ဆင္ဆမူ၌ 'ဗောဇ္ဈင်သံယုတ်-အဂ္ဂိသုတ်'ဟု အမည်ပေးထားသည်)

ပီတိ သမ္ဗောဇ္ဈင်,ဝီရိယ သမ္ဗောဇ္ဈင်ကိုရင်း။ တယော ဗောဇ္ဈင်္ဂေ၊ ဤသုံးပါးသော ဗောဇ္ဈင်တို့ကို။ ဘာဝေယျ၊ ပွါးစေရာ၏။ ဟိ သစ္စံ၊ မှန်၏။ တံ၊ ထိုတွန့်တိုသော စိတ်ကို။ တေဟိ၊ ထိုဗောဇ္ဈင်သုံးပါးတို့ဖြင့်။ သုဋ္ဌာပယံ၊ ဖြစ်စေလွယ်၏။

မဟာန္တဂ္ဂိံ၊ မီးပုံကြီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ။ တတ္ထ၊ ထိုမီးပုံကြီး၌။ အလ္လာနိ၊ စိုကုန်သော မြက် သစ်ရွက် နွားချေး ထင်းတို့ကို။ ပက္ခိပေ၊ ထည့်ရာ၏။ ပံသုကေန စ၊ မြေမှုန့်ဖြင့်လည်း။ ဩကိရေယျ၊ ဖြူးကြဲရာ၏။ ဟိ သစ္စံ၊ မှန်၏။ဧဝံ၊ ဤသို့ပြုသဖြင့်။ သော၊ ထိုမီးသည်။ နိဗ္ဗာယတေ၊ ငြိမ်းနေ၏။

ဧဝံတထာ၊ ထို့အတူ။ ယဒါ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်၏။ တဒါ၊ ထိုအခါ၌။ ပဿဒ္ဓိဥ္စ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကိုရင်း။ သမာဓိကံ၊ သမာဓိသမ္ဗောဇ္ဈင်ကိုရင်း။ ဥပေက္ခံ စ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကိုရင်း။ ဘာဝေ၊ ပွါးစေရာ၏။ တံ၊ ထိုပျံ့လွင့်သောစိတ်ကို။ ဧဟိ၊ ဤဗောဇ္ဈင် သုံးပါးတို့ဖြင့်။ သုနိဗ္ဗာပယံ၊ ငြိမ်းစေလွယ်၏။

ဤသုံးသုတ်လုံးဝယ် အဓိပ္ပါယ်အကျဉ်းကား—ကောင်းမြတ်သော အကြံဖြင့်နိဗ္ဗာန်ကိုလွန်စွာ လိုလားသခါရတရားတို့၌ငြီးငွေ့လျက် စိတ်၏ဖြစ်ဟန်အခြင်းအရာကို အခါမပြတ် ရှုမှတ်ဆင်ခြင်၍ ရှေ့ပန်းထိမ်သည် အလား, မီးမွှေးသော ယောကျ်ားတို့ကဲ့သို့ တွန့်တိုလျှင် မြှောက်, ပျံ့လွင့်လျှင်·နှိပ်၊ ကမ္မဋ္ဌာန်းသို့ ဖြောင့်တန်းထင်မြင်စွာ မသက်မဝင်တည့်လျှင် ဇာတိစသော သံဝေဂဝတ္ထု ရှစ်ပါးတို့ဖြင့် တက်ကြွားရွှင်လန်းစေလျက်, မနိမ့်မမြင့် အသင့်ဖြစ်မှု လျစ်လျူရှုလျက် သဒ္ဓါနှင့် ပညာ, ဝီရိယနှင့်သမာဓိကို စောင်းကြိုးညှိသည့်ပမာ လွန်စွာညီမျှစေလျက် သတိဋြေကိုမူကား "သတိဥ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမိ"[1] လာရှိသည်နှင့်ညီစွာ အခါခပ်သိမ်း လွန်စွာ ထက်မြက်စေလျက် ပွါးများအားထုတ်ရမည် ဟုလိုသည်။

**ကာယဂတာသတိကမ္မဋ္ဌာန်းအကျိုး။** ။ဤကာယ ဂတာသတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများ ရခြင်း၏ အကျိုး အာနိသင်ကား—

ရတာရတိံ ဘယံ သီတံ၊ သဟတေ ဥဏှအာဒိကံ။
လာဘီ စတုန္နံ ဈာနာနံ၊ ဆဠဘိညာ ပဋိဝိဇ္ဈတိ[2]။

---

၁။ ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊ စင်စစ်။ သတိဥ္စ၊ သတိတရားကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ အလုံးစုံသော အရာဟူသမျှ၌ အသုံးကျ၏ ဟူ၍။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ (သံ၊ ၃၊နှာ-၁၀၀)။ ၂။ မ၊၃၊နှာ-၁၃၉။

တသ္မာ ဟဝေ အပ္ပမတ္တော၊ အနုယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊ လမ္ဘံ ကာယဂတာသတိံ[၁]။

ရတိ အရတိံ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်း, သမထ ဝိပဿနာဆိတ်ငြိမ်ရာတို့၌ မမွေ့လျော်ခြင်းကိုရင်း။ ဘယံ၊ သစ်,ကျား,ခြင်္သေ့ စသော ဘေးကိုရင်း။ သီတံ၊ အချမ်းအစကိုရင်း။ ဉဏှာဒိကံ၊ မီးပူ မှက် ယင် ခြင် လေ နေ စာရေဆာလောင် သေအောင်ကျင်နာ ရောဂါဆင်းရဲကိုရင်း။ သဟတေ၊ သည်းခံနိုင်၏။ စတုန္န ဈာနာနံ၊ ဆံပင်စသည်တို့၏ အဆင်းပြားသဖြင့် လေးပါးသော ဝဏ္ဏ ကသိဏဈာန်တို့ကို။ လာဘီ၊ ရ၏။ ဆ အဘိညာ၊ ခြောက်ပါးသော အဘိညာတို့ကို။ ပဋိဝိဇ္ဈတိ၊ ဖောက်ထွင်းနိုင်၏။

တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ အနေကာနိသံသံ၊ တပါးမက များသော အာနိသင်ရှိသော။ လမ္ဘံ ကာယဂတာသတိံ၊ ဤကာယဂတာသတိကို။ ဟဝေ၊ စင်စစ်။ အပ္ပမတ္တော၊ မမေ့မလျော့။ အနုယုဉ္ဇေထ၊ အားထုတ်ရာ၏။ ဤကား အနက်။

ဤ ဆိုခဲ့ပြီးသည်အတိုင်း ပွါးများစီးဖြန်း၍ ရပြီးသောဈာန်ကို ဟာနဘာဂိယ, ဌိတိဘာဂိယ, ဝိသေသဘာဂိယ ဝဋ္ဋနိဿိတ[၂]၌ မကျစေရ၊ နိဗ္ဗေဓဘာဂိယ ဝိဝဋ္ဋနိဿိတ ဖြစ်စေခြင်းငှါ ဝိပဿနာသို့ တက်၍ မဂ်ဖိုလ်သို့ရောက်အောင် လှမ်းရာ၏။

**ဝိပဿနာသို့ တက်ပုံ ၂-မျိုး။** ။ငင်းဝိပဿနာသို့ ဈာန်မရမီ ဥပစာကလည်း တက်ရ၏။ ပထမဈာန်စသည်မှလည်း တက်ရ၏။ သမထ သည် စက္ကူကား အခံနှင့် တူ၏။ ဝိပဿနာသည် ဆေးမင်နှင့် တူ၏။ စက္ကူကား အခံမရှိလျှင် ဆေးမင် မတည်နိုင်သကဲ့သို့ ယုတ်စွအဆုံး ခဏိက သမာဓိကိုမျှ မရလျှင် ဝိပဿနာ မထင်မြင်နိုင်။ ထို့ကြောင့် ထမင်းကို စားလို၍ လယ်ကို ထွန်ကြဲ စိုက်ပျိုးရသကဲ့သို့ ဝိပဿနာမဂ်ဖိုလ်တို့၏ အခြေမူလ ပကတူပ ဖြစ်၍ သာ သမထကို ရှေးဦးစွာ အားထုတ်ရသည်။ သမထ လိုရင်း မဟုတ်။ သမထတွင်ရွှေ တင်းတိမ်အားရ၍ မနေသင့် မနေရာ မနေကောင်း မှတ်လေ။

ကာယဂတာသတိ ပြီး၏။

---

၁။ ဝိသုဒ္ဓိ၊ဌ၊ပါနှာ-၂၅၇-ဂ။

၂။ ဈာန်ကို ယုတ်လျော့အောင်'ဟာနဘာဂိယ'၊ တည်တံ့နေအောင် 'ဌိတိဘာဂိယ'၊ အထက်သို့ တက်အောင်'ဝိသေသဘာဂိယ'မျှသာ ပြုလုပ်နေက ဝဋ္ဋနိဿိတမျှသာဖြစ်သည်၊ ဈာန်ကိုအခြေပြု၍ လောကုတ္တရာ တရားရအောင် အားထုတ်ရမည်ဟု ဆိုလိုသည်။

## အာနာပါနဿတိ ကမ္မဋ္ဌာန်းစီးဖြန်းပွါးများပုံ

**သောဠသ ဝတ္ထုက။**　။အာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများလိုသော ပုဂ္ဂိုလ်သည်—

ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာ-ဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌာပေတွာ၊ သော သတောဝ အဿသတိ၊ သတော ပဿသတိ—

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ။

ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

သဗ္ဗကာယပ္ပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပ္ပဋိသံ-ဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ပဿမ္ဘယံ ကာယသင်္ခါရံ။ပ။
ပီတိပ္ပဋိသံဝေဒီ။
သုခပ္ပဋိသံဝေဒီ။
စိတ္တသင်္ခါရပ္ပဋိသံဝေဒီ။
ပဿမ္ဘယံ စိတ္တသင်္ခါရံ။
စိတ္တပ္ပဋိသံဝေဒီ။
အဘိပ္ပမောဒယံ စိတ္တံ။
သမာဒဟံ စိတ္တံ။
ဝိမောစယံ စိတ္တံ။
အနိစ္စာနုပဿီ။
ဝိရာဂါနုပဿီ။
နိရောဓာနုပဿီ။

ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊ ပဋိနိဿဂ္ဂါနုပဿီ ပဿ-သိဿာမီတိ သိက္ခတိ[၁]။

---

၁။ မ၊၃၊နှာ-၁၂၄-၅။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၁၇၃-၄။

ဟူ၍ ညွှန်းပြတော်မူအပ်သော သောဠသဝတ္ထုက ဒေသနာကို အစဉ်မှီး၍ ပွါးများအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤ ငါဘုရားသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ အရညဂတော ဝါ၊တောရပ်သို့ ကပ်သည်ဖြစ်၍ရင်း။ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ချဉ်းကပ်သည်ဖြစ်၍ရင်း။ သုညာဂါရဂတော ဝါ၊ ဆိတ်ငြိမ်ရာကျောင်း၌ ကိန်းအောင်းသည်ဖြစ်၍ရင်း။ ပလ္လင်္က၊ ထက်ဝယ်တင်ပျဉ်။ အာဘုဇိတွာ၊ ဖွဲ့ခွေ၍။ ကာယံ၊ အထက်ကိုယ်ကို။ ဥဇုံ၊ ဖြောင့်စွာ။ ပဏိဓာယ၊ ထား၍။ ပရိမုခံ၊ ကမ္မဋ္ဌာန်းသို့ ရှေးရှု။ သတိံ၊ သတိကို။ ဝါ-ပရိမုခံ သတိံ၊ သိမ်းဆည်းအပ်သော ဆန့်ကျင်ဖက်မှ ထွက်သော သတိကို။ ဥပဋ္ဌာပေတွာ။ ထား၍။ ဝါ၊ ပြု၍။ နိသီဒတိ၊ ထိုင်၏။

သော၊ ထို ထိုင်ပြီးသော ရဟန်းသည်။ သတော ဧဝ၊သတိရှိသည် ဖြစ်၍သာလျှင်။ အဿသတိ၊ ထွက်သက်ရှူ၏။ သတော ဧဝ၊ သတိရှိသည်ဖြစ်၍သာလျှင်။ ပဿသတိ၊ ဝင်သက်ရှိုက်၏။ သုတ္တန် အဋ္ဌကထာတို့၌ကား ဝင်သက်ကို **အဿာသ၊ ထွက်သက်ကို ပဿာသဟူ၏။**

**အာနာပါန ပဌမ စတုက္က။** ။ဒီဃံ ဝါ၊ရှည်ရှည်မူလည်း။ အဿသန္တော၊ ရှူသည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ အဿသာမိ၊ ရှူ၏။ ပဇာနာတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။ ဒီဃံ ဝါ၊ ရှည်ရှည်မူလည်း။ ပဿသန္တော၊ ရှိုက်သည်ရှိသော်။ ဒီဃံ၊ ရှည်စွာ။ ပဿသာမိ၊ ရှိုက်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ သိ၏။

ရဿံ ဝါ၊ တိုတိုမူလည်း။ အဿသန္တော ပဿသန္တော၊ ရှူ-ရှိုက်သော်။ ရဿံ၊ တိုစွာ။ အဿသာမိ ပဿသာမိ ဣတိ ပဇာနာတိ၊ ရှူ-ရှိုက်၏ဟူ၍ သိ၏။

သဗ္ဗကာယပဋိသံဝေဒီ၊ ထွက်သက်-ဝင်သက် လေ၏ အစ၊ အလယ်၊ အဆုံး အလုံးစုံကို ထင်စွာပြုလျက်။ အဿသိဿာမိ၊ ရှူလအံ့။ ပဿသိဿာမိ၊ ရှိုက်လအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ စေ့ဆော်ကြိုးကုတ် အားထုတ်၏။ ဝါ၊ ထိုအာရုံ၌ ထိုခဏရအပ်သော သိက္ခာသုံးပါးကို ပွါးများကျင့်ကြံ ကြိမ်ဖန် လေ့လာ ပြု၏။

ကာယ သင်္ခါရံ၊ထွက်သက်လေ၊ဝင်သက်လေ အပေါင်းကို။ ပဿမ္ဘယံ၊ပဿမ္ဘယန္တော၊ သိမ်မွေ့ ချုပ်ငြိမ်းစေလျက်။ အဿသိဿာမိ ပဿသိဿာမိ ဣတိ သိက္ခတိ၊ ရှူရှိုက်အံ့ဟူ၍ ကျင့်၏။

ပဌမစတုက္ကတည်း။ ကာယာနုပဿနာစတုက္က, သမထစတုက္က, အာဒိကမ္မိကစတုက္ကလည်း ဟူသင့်၏။

ကြွင်းသော ဒုတိယ, တတိယ, စတုတ္ထစတုက္ကတို့ကား ဈာန်ရပြီးသော ပုဂ္ဂိုလ်၏ ဝေဒနာ, စိတ္တ, ဓမ္မတို့ကို ရှုသော ဝိပဿနာ စတုက္ကတို့တည်း။

**အာနာပါန ဒုတိယစတုက္က။** ။ပီတိပ္ပဋိသံဝေဒီ၊ သပ္ပီတိကဈာန်သုံးပါး၌ရှိသော ပီတိကို သမာပဇ္ဇနအခါ အာရုံအားဖြင့်, ဝိပဿနာအခါ အသမ္မောဟအားဖြင့် ထင်ရှားအောင် ပြုလျက်။ ။သုခပ္ပဋိသံဝေဒီ၊ ဈာန်လေးပါး၌ရှိသော သုခကို ထိအတူ ထင်စွာပြုလျက်။ ။စိတ္တသင်္ခါရပ္ပဋိသံဝေဒီ၊ ဈာန်ငါးပါး၌ရှိသော ဝေဒနာ,သညာဟူသော စိတ္တသင်္ခါရကို ထို့အတူ ထင်စွာပြုလျက်။ ။စိတ္တသင်္ခါရံ၊ စိတ္တသင်္ခါရကို။ ပဿမ္ဘယံ ပဿမ္ဘယန္တော၊ သိမ်မွေ့ချုပ်ငြိမ်းစေလျက်—အဿသိဿာမိ ပဿသိဿာမိ ဣတိ သိက္ခတိ၊ ရှူရှိုက်အံ့ဟူ၍ ကျင့်၏။

ပီတိပဒေ ပီတိသီသေန ဝေဒနာ ဝုတ္တာ။ သုခပဒေ သရူပေနေဝ ဝေဒနာ။ ဒွီသု စိတ္တသင်္ခါရပဒေသု သညာသမ္ပယုတ္တာ ဝေဒနာတိ ဧဝံ ဝေဒနာနုပဿနာနယေန ဣဒံ စတုက္ကံ ဘာသိတန္တိ ဝေဒိတဗ္ဗံ။ ။ ဝိသုဒ္ဓိမဂ်၊ (ဋ္ဌ၊ပ၊နှာ-၂၇၀) ဒုတိယစတုက္က[၁]။

**အာနာပါန တတိယစတုက္က။** ။စိတ္တပ္ပဋိသံဝေဒီ၊ ငါးပါးသော ဈာန်စိတ်ကို ထို့အတူ ထင်စွာပြုလျက်။ ။စိတ္တံ၊ သပ္ပီတိကဈာန်စိတ် ဝိပဿနာစိတ်ကို။ အဘိပ္ပမောဒယံ=အဘိပ္ပမောဒယန္တော၊ သမာဓိ ဝိပဿနာ အစွမ်းဖြင့် ရွှင်လန်းဝမ်းမြောက်စေလျက်။ ။စိတ္တံ၊ ဈာန်စိတ်, ဝိပဿနာစိတ်ကို။ သမာဒဟံ=သမာဒဟန္တော၊ ညီညွတ်စွာ အာရုံ၌ ထားလျက်။ ။စိတ္တံ၊ စိတ်ကို။ ဝိမောစယံ=ဝိမောစယန္တော၊ နီဝရဏ, ဝိတက်, ဝိစာရ, နိစ္စသညာ, သုခသညာ စသည်မှ လွတ်စေလျက်—အဿသိဿာမိ ပဿသိဿာမိ ဣတိ သိက္ခတိ၊ ရှူအံ့,ရှိုက်အံ့ဟူ၍ အားထုတ်၏–ကျင့်၏။ ။ (တတိယစတုက္က)[၂]

**အာနာပါန စတုတ္ထစတုက္က။** ။အနိစ္စာနုပဿီ၊ ခန္ဓာငါးပါးကို အနိစ္စဟု ရှုလျက်။ ဝါ၊မမြဲသော ခန္ဓာငါးပါးကို ရှုလျက်။ ။ဝိရာဂါနုပဿီ၊ သင်္ခါရတို့၏ ခဏဘင်ဟူသော ခယဝိရာဂ,နိဗ္ဗာန်ဟူသော အစ္စန္တဝိရာဂကို ရှုသော ဝိပဿနာမဂ်တို့နှင့် ပြည့်စုံသည်ဖြစ်၍။ ။နိရောဓာနုပဿီ၊ သင်္ခါရတို့၏ ခဏ ဘင်ဟူသော ခယနိရောဓ, နိဗ္ဗာန် ဟူသော အစ္စန္တနိရောဓကို ရှုသော ဝိပဿနာမဂ်တို့နှင့် ပြည့်စုံသည်ဖြစ်၍။ ။ပဋိနိဿဂ္ဂါနုပဿီ၊ ခန္ဓာဘိသင်္ခါရနှင့်

---

၁။ ဒုတိယစတုက္ကသည် ဝေဒနာနုပဿနာစတုက္ကတည်း။

၂။ တတိယစတုက္ကသည် စိတ္တာနုပဿနာစတုက္ကဖြစ်သည်။

တကွ ကိလေသမာရ်ကို တဒင်္ဂ, သမုစ္ဆေဒ ပဟာန်အားဖြင့် ပယ်စွန့်သောကြောင့် 'ပရိစ္စာဂပဋိနိဿဂ္ဂ'၊ နိဗ္ဗာန်သို့ လွတ်လွတ် ပြေးဝင်သောကြောင့် 'ပက္ခန္ဒနပဋိနိဿဂ္ဂ'၊ ရှေးရှေးဉာဏ်တို့၏ နောက်နောက်၌ ရှုမြင်သောကြောင့် 'အနုပဿနာ' အမည်ရသော ဝိပဿနာမဂ်တို့နှင့် ပြည့်စုံသည်ဖြစ်၍။ အဿသိဿာမိ၊ ရှုပေအံ့။ ပဿသိဿာမိ၊ ရှိုက်ပေအံ့။ ဣတိ၊ ဤသို့။ သိက္ခတိ၊ အားထုတ်၏-ကျင့်၏။

စတုတ္ထစတုက္က[၁]။ ။ဣဒံ စတုတ္ထ စတုက္ကံ သုဒ္ဓဝိပဿနာဝသေနေဝ ဝုတ္တံ။ ပုရိမာနိ တီဏိ သမထဝိပဿနာဝသေန။ ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ပ၊နှာ-၃၈၂)

အခြင်းအရာ ၃၂-ပါး။ ။ဤ စတုက္က လေးပါးကို ပေါင်းသည် ရှိသော် သောဠသဝတ္ထုက=တဆဲ့ခြောက်ပါးသော ဌာန ရှိ၏။ တပါးတပါး၌ အဿာသ, ပဿာသ နှစ်ပါးစီ ရသောကြောင့် သုံးဆယ့်နှစ်ပါးသော အခြင်းအရာ ဖြစ်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော် (နှာ-၁၇၄)၌—

ဗာတ္တိံသာယ အာကာရေဟိ သတောကာရီ ဟောတိ။ ဒီဃံ အဿာသဝသေန စိတ္တဿ ဧကဂ္ဂတံ အဝိက္ခေပံ ပဇာနတော သတိ ဥပဋ္ဌိတာ ဟောတိ။ တာယ သတိယာ တေန ဉာဏေန သတော ကာရီ ဟောတိ။ ဒီဃံ ပဿာသ ဝသေန။ပ။ ပဋိနိဿဂ္ဂါနုပဿီ အဿာသ ဝသေန။ ပဋိနိဿဂ္ဂါနုပဿီ ပဿာသ ဝသေန စိတ္တဿ ဧကဂ္ဂတံ အဝိက္ခေပံ ပဇာနတော သတိ ဥပဋ္ဌိတာ ဟောတိ။ တာယ သတိယာ တေန ဉာဏေန သတော ကာရီ ဟောတိ။

ဟူ၍ ဟောတော်မူသည်။

အာနာပါနကမ္မဋ္ဌာန်း၏ အဆစ်အပိုင်း ၅-ပါး ။ ။ဤ သောဠသဝတ္ထုက ဒေသနာကို အစဉ်မှီး၍ အဘယ်သို့ ပွါးများ စီးဖြန်း အပ်သနည်း ဟူမူကား—ဤအာနာပါနဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးများ၍ အာနာပါန စတုက္ကဈာန်လျှင် အခြေရှိသော ဝိပဿနာဖြင့် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လိုသော အာဒိကမ္မိက အာစာရကုလပုတ္တသည် ပထဝီကသိုဏ်း (ဤကျမ်း ဒုတွဲ၊နှာ-၁၅၃) ၌ ဆိုခဲ့ပြီးသောနည်းဖြင့် သီလကို သုတ်သင်ခြင်းစသော ကိစ္စအလုံးစုံကို ကုန်စင်အောင်ပြု ပြီး၍ ဆိုခဲ့ပြီးသော အင်္ဂါနှင့် ပြည့်စုံသော ဆရာသမားအထံ၌—

---

၁။ စတုတ္ထစတုက္ကသည် ဓမ္မာနုပဿနာ စတုက္ကဖြစ်သည်။

ဥဂ္ဂဟော, ပရိပုစ္ဆာ စ၊ ဥပဋ္ဌာနဉ္စ, အပ္ပနာ။
လက္ခဏန္တိ ကမ္မဋ္ဌာနံ၊ ဥဂ္ဂဏှေ ပဉ္စသန္ဓိကံ[1]။

ဟူသော သင်္ဂဟဂါထာအတိုင်း ငါးပါးသော အစပ်အဆက် အဆစ်အပိုင်း ရှိသော ကမ္မဋ္ဌာန်းကို သင်အပ်၏။

ဥဂ္ဂဟော၊ ကမ္မဋ္ဌာန်းပါဌ်ကို အနက်ကို သင်ခြင်း။

ပရိပုစ္ဆာ၊ အနက်ကို သံသယကို မေးမြန်းခြင်း။

ဥပဋ္ဌာနံ၊ နိမိတ်ထင်ဟန်ကို စုံစမ်းခြင်း။

အပ္ပနာ၊ ဈာန်ဝင်စားဟန်ကို စုံစမ်းခြင်း။

လက္ခဏံ၊ အစမှသည် အဆုံးတိုင်အောင် ကမ္မဋ္ဌာန်း၏ သဘောကိုမှတ်ခြင်း။

ဣတိ၊ ဤသို့။ ပဉ္စသန္ဓိကံ၊ ငါးပါးသော အစပ်အဆက် အဆစ်အပိုင်း ရှိသော။ ကမ္မဋ္ဌာနံ၊ အာနာပါနကမ္မဋ္ဌာန်းကို။ ဥဂ္ဂဏှေ၊ သင်ရာ၏။

ထိုငါးပါးတို့တွင်—

တတ္ထ ဥဂ္ဂဟော နာမ ကမ္မဋ္ဌာနဿ ဥဂ္ဂဏှနံ။ ပရိပုစ္ဆာ နာမ ကမ္မဋ္ဌာနဿ ပရိပုစ္ဆနာ။ ဥပဋ္ဌာနံ နာမ ကမ္မဋ္ဌာနဿ ဥပဋ္ဌာနံ။ အပ္ပနာ နာမ ကမ္မဋ္ဌာနဿ အပ္ပနာ။ လက္ခဏံ နာမ ကမ္မဋ္ဌာနဿ လက္ခဏံ။ "ဧဝံ လက္ခဏမိဒံ ကမ္မဋ္ဌာန"န္တိ ကမ္မဋ္ဌာနသဘာဝူပဓာရဏန္တိ ဝုတ္တံ ဟောတိ။

ဟူသော ဝိသုဒ္ဓိမဂ်(၁။ပါ၊နှာ-၂၇၀)

ကမ္မဋ္ဌာနဿ ဥဂ္ဂဏှနန္တိ ကမ္မဋ္ဌာနဂန္ထဿ ဥဂ္ဂဏှနံ။ တဒတ္ထ ပရိပုစ္ဆာ ကမ္မဋ္ဌာန ပရိပုစ္ဆနာ။ အထ ဝါ ဂန္ထတော စ အတ္ထတော စ ကမ္မဋ္ဌာနဿ ဥဂ္ဂဏှနံ ဥဂ္ဂဟော။ တတ္ထ သံသယပရိပုစ္ဆနာ ပရိပုစ္ဆာ။ ကမ္မဋ္ဌာနဿ ဥပဋ္ဌာနန္တိ နိမိတ္တုပဋ္ဌာနံ။ ဧဝံ ဘာဝနမနုယုဥ္ဇန္တဿ "ဧဝမိဓ နိမိတ္တံ ဥပဋ္ဌာတီ"တိ ဥပဓာရဏံ။ တထာ ကမ္မဋ္ဌာနပ္ပနာ "ဧဝံ ဈာနမပ္ပေတီ"တိ။ ကမ္မဋ္ဌာနဿ လက္ခဏန္တိ ဂဏနာနုဗန္ဓနာ ဖုသနာနံ ဝသေန ဘာဝနံ ဥဿုက္ကာပေတွာ ဌပနာ သမ္ပတ္တိ။ တတော ပရမ္ပိ ဝါ သလ္လက္ခဏာဒိဝသေန မတ္တကပ္ပတ္တီတိ ကမ္မဋ္ဌာနသဘာဝဿ သလ္လက္ခဏံ။

ဟူသော ဋီကာ(၁။ပါ၊နှာ-၃၂၇)တို့နှင့်အညီ—

---

၁။ ဝိသုဒ္ဓိမဂ်၊၁။ပါ၊နှာ-၂၇၀ ၌ လာသည်ကို ဂါထာစီထားသည်။

ဥဂ္ဂဟ။ ။ယခင် ပြခဲ့ပြီးသော ပါဠိအစဉ်ကို။ ဝါ၊ ပါဠ်အနက်ကို သင်ယူခြင်းသည် ဥဂ္ဂဟ မည်၏။

ပရိပုစ္ဆာ။ ။ပါဠိ၏အနက်ကို။ ဝါ၊ ထို့ဠ်ဖြစ်သော ယုံမှားသံသယကို မေးမြန်းခြင်းသည် ပရိပုစ္ဆာ မည်၏။

ဥပဋ္ဌာန။ ။ဤသို့ အားထုတ်လျှင် ဤသို့ နိမိတ်ထင်၏ဟု မှတ်သားခြင်းသည် ဥပဋ္ဌာနမည်၏။

အပ္ပနာ။ ။ဤသို့ ဈာန်ကိုဝင်စားရသည်ဟုမှတ်သားခြင်းသည် အပ္ပနာမည်၏။

လက္ခဏာ။ ။ဂဏနာ, အနုဗန္ဓနာ, ဖုသနာတို့၏ အစွမ်းဖြင့် အားထုတ်လျှင် ဈာန်ကို ရ၏။ ထိုမှ အထက်ဝိပဿနာ စသည်တို့၏ အစွမ်းဖြင့် တက်သည်ရှိသော် အထက်မဂ်ဖိုလ် အပြီးအဆုံးသို့ ရောက်၏ဟု ကမ္မဋ္ဌာန်းသဘောကိုအစမှ အဆုံးတိုင်အောင်သေချာပိုင်းခြားမှတ်သားခြင်းသည်လက္ခဏာ မည်၏။

အနုသာသနီသင်္ဂဟဂါထာ

ကမ္မဋ္ဌာန'မုဂ္ဂဏှန္တော၊ ဧဝံ တံ ပဉ္စသန္ဓိကံ။
သယမ္ပိ န ကိလမတိ၊ ဂုရုမ္ပိ န ဝိဟေသတိ။
တသ္မာ ထောက'မုဒ္ဒေသေတွာ၊ သဇ္ဈာယေယျ စိရံ ဗုဓော[၁]။

ဧဝံ ပဉ္စသန္ဓိကံ၊ ဤသို့ ငါးပါးသော အစပ်အဆက် အဆစ်အပိုင်း ရှိသော။ တံ ကမ္မဋ္ဌာနံ၊ ထို အာနာပါနကမ္မဋ္ဌာန်းကို။ ဥဂ္ဂဏှန္တော၊ သင်ယူသော တပည့်သည်။ သယမ္ပိ၊ မိမိသည်လည်း။ န ကိလမတိ၊ မပင်ပန်း။ ဂုရုမ္ပိ၊ ဆရာကိုလည်း။ န ဝိဟေသတိ၊ မညှဉ်းဆဲ။ တသ္မာ၊ ထို့ကြောင့်။ ထောကံ၊ အနည်းငယ်မျှ။ ဥဒ္ဒေသေတွာ၊ တက်ယူ သင်ကြား၍။ စိရံ၊ ကြာမြင့်စွာ။ ဗုဓော၊ ပညာရှိသော ယောဂီသည်။ သဇ္ဈာယေယျ၊ ရွတ်အံသရဇ္ဈာယ်ရာ၏။

မနသိကာရ ဝိဓိ ၈-ပါး။ ။ဤသို့ အစပ်အဘို့ ငါးပါးရှိသော အာနာပါနကမ္မဋ္ဌာန်းကို သင်ကြားမှတ်သားပြီး၍ (ဤကျမ်း ဒု-တွဲ၊နှာ-၁၇၅၌) ဆိုအပ်ခဲ့ပြီးသော အပြစ်ဒေါသရှိသော ကျောင်းကို ရှောင်ကြဉ်၊ အင်္ဂါငါးပါးရှိသော ကျောင်းဝယ်၊ ငယ်သော ပလိဗောဓ ဘတ္တသမ္မဒတို့ကို ပယ်ဖြတ်၊ ရတနတ္တယဂုဏ်ကို အောက်မေ့ဆင်ခြင်သဖြင့် စိတ်ကို ရွှင်လန်းစေကာ ဆရာထံပါးမှ သင်ကြားခဲ့သည်ကို တဘို့တစုမျှ မမေ့မလျော့စေမူ၍—

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၇၀-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ဂဏနာ စာ'နုဗန္ဓနာ၊ ဖုသနာ,ဌပနာပိ စ။
သလ္လက္ခဏာ,ဝိဝဋ္ဋနာ၊ ပါရိသုဒ္ဓိ စ ပဿနာ[၁]။

ဟူသော မနသိကာရ ဝိဓိ ရှစ်ပါးတို့တွင်—

**ဂဏနာနည်း။** ။ရှေးဦးစွာ နှေးသော ဓညမာပကဂဏနာနည်း[၂]ဖြင့် ထင်ရှားစွာ ထွက်ဝင်သော လေကိုသာ ရှု၍ တစ်–နှစ်–သုံး–လေး–ငါး, တစ်–နှစ်–သုံး–လေး–ငါး ဟူ၍သော်၎င်း၊ ဆယ်ခုတိုင်အောင်သော်၎င်း၊ ငါးခု, ဆယ်ခုတို့၏ အတွင်း၌ နှစ်သက်ရာ ဂဏန်းသချ်ာကို ယူ၍ ဖြည်းညှင်းသက်သာစွာ ရေတွက်အပ်၏။

ထိုသို့ ရေတွက်သဖြင့် ထွက်တိုင်း,ဝင်တိုင်းသော လေတို့သည် ထင်ရှားလတ်ကုန်သည်ရှိသော် နှေးသော ဓညမာပကဂဏနာနည်းကို လွှတ်၍ လျင်မြန်သော ဂေါပါလကဂဏနာနည်း[၃]ဖြင့် တစ်–နှစ်–သုံး–လေး–ငါး,တစ်–နှစ်–သုံး–လေး- ငါး စသည်ဖြင့် လျင်လျင်စွာ ရေတွက်အပ်၏။ အတွင်းသို့ ဝင်သောလေ အပသို့ ထွက်သွားသော လေတို့ကို လိုက်၍ မသိမ်းဆည်း မဆင်ခြင်ပဲ နှာခေါင်း ရှည်သော သူမှာ နှာခေါင်းဖျား၊ နှာခေါင်းတိုသောသူမှာ အထက်နှုတ်ခမ်း ဟူသော လေထိခတ်ရာ ဖုဋ္ဌောကာသ၌သာ သတိထားလျက် လျင်စွာ ရေတွက်အပ်၏။

ဤဂဏနာနည်း၌—

ဧကော, ဒွေ, တီဏိ, စတ္တာရိ, ပဉ္စ၊ ဧကော, ဒွေ, တီဏိ, စတ္တာရိ, ပဉ္စ, ဆ၊ ဧကော,ဒွေ, တီဏိ, စတ္တာရိ, ပဉ္စ,ဆ, သတ္တ။ပ။ အဋ္ဌ, နဝ, ဒသာတိ သီဃံ သီဃံ ဂဏေတဗ္ဗမေဝ။

ဟူသောအဋ္ဌကထာ (၊ပ၊နှာ-၂၇၁)စကား၌ တခုတခု တိုး၍ တိုး၍ ရေတွက်ရမည်ဟု အထင်အမှတ် မှားတတ်၏။ ထိုသို့ တိုး၍ တိုး၍ မရေတွက်အပ်၊ ပဋိစ္ဆန္န-

---

၁။ ဝိသုဒ္ဓိမဂ်ဋ္ဌ၊ပ၊နှာ-၂၇၀-လာ ဂါထာကို တမျိုးချုံး၍ ပြန်စီထားသည်။

ဂဏနာစ၊ ထွက်သက်ဝင်သက်လေကို ၁,၂,၃ စသည်ဖြင့် ရေတွက်ခြင်း၎င်း။ အနုဗန္ဓနာ၊ အစဉ်လိုက်၍မှတ်ခြင်း၎င်း။ ဝါ၊ထွက်သက်ဝင်သက်လေသို့ အစဉ်လိုက်၍မှတ်ခြင်း၎င်း။ ဖုသနာ၊နှာသီးဖျား စသော၌ာနကို ထွက်သက်ဝင်သက်လေတို့ ထိပါးခြင်း၎င်း။ ဌပနာပိစ၊ စိတ်ကိုအာရုံ၌ ကောင်းစွာထားခြင်း၎င်း။ သလ္လက္ခဏာ၊ မမြဲခြင်း စသည်ကို ကောင်းစွာမှတ်ခြင်း ဝိပဿနာ၎င်း။ ဝိဝဋ္ဋနာ၊ ဝဋ္ဋမှကင်းစေသော မဂ်၎င်း။ ပါရိသုဒ္ဓိစ၊ ကိလေသာ ငြိမ်းအေးသဖြင့် ထက်ဝန်းကျင် စင်ကြယ်ခြင်း ဖိုလ်၎င်း။ ပဿနာ၊ မဂ်,ဖိုလ် တို့ကို ရှုခြင်း ပစ္စဝေက္ခဏာ၎င်းတည်း။ (ဝိဓိ=အစီအရင်။ စီရင်ပုံ)

၂။ ဓည=စပါး။ မာပက=ခြင်သည်။ စပါးခြင်သကဲ့သို့ နှေးနှေးမှန်မှန် ရေတွက်နည်း။

၃။ ဂေါပါလက ဂဏနာနည်း=နွားတွေစုပြုံဝင်လာရာ၌ နွားကျောင်းသားသည်အမြန် ရေတွက်ရသကဲ့သို့ ရေတွက်နည်း။

ပရိဝါသ်အရာ၌ 'ကောဟပ္ပဋိစ္ဆန္နာယော, ဒွိဟပ္ပဋိစ္ဆန္နာယော။ပ။ သဋ္ဌိသံဝစ္ဆ-ရပ္ပဋိစ္ဆန္နာယော' ဟူသော စကားကဲ့သို့ လိုသောသင်္ချာကို နုတ်ယူပွါးများစေခြင်းငှါ တခုစီတခုစီ အသီးအခြား ပြည့်စုံအောင် ပြသောစကားဟု မှတ်အပ်၏။

သို့မဟုတ်က —

ဂဏနာနိဿိတောဝ စိတ္တုပ္ပါဒေါ ဟောတိ။ န ကမ္မဋ္ဌာနနိဿိတော ဟု–အဋ္ဌ-ကထာ(ပ၊နှာ-၂၇၀),ဋီကာ(မဟာ၊ပ၊နှာ-၃၂၈)ပြသော ဒေါသ မလွတ်နိုင်ပြီ။

ဂဏနာနည်း ပြီး၏။

---

အနုဗန္ဓနာနည်း။ ။ရေတွက်ခြင်း ဂဏန်းသင်္ချာနှင့် ကင်းလျက် အခြား အာရုံသို့ စိတ်မထွက်ပဲ ပြင်ပသို့ ပျံ့လွင့်သော ဝိတက် မရှိ၊ ထွက်သက်,ဝင်သက် အာရုံ၌ သတိ တည်နိုင်သောအခါ ဂဏနာနည်းကို လွတ်၍ ဖုဋ္ဌောကာသ ဌါပင် သတိထားလျက် 'ဤကား ထွက်သက်လေ, ဤကား ဝင်သက်လေ'ဟု ထွက်တိုင်း,ဝင်တိုင်းလေသို့ အစဉ်လိုက်၍ 'အနုဗန္ဓနာနည်း'ဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏။ ချက်,နှလုံး၏ အထက်အဘို့, နှာခေါင်းတို့သည် ထွက်သက်လေ၏ အစ, အလယ်, အဆုံး မည်ကုန်၏။ နှာခေါင်းဖျား, နှလုံး၏ အထက်,ချက်တို့သည် ဝင်သက်လေ၏ အစ,အလယ်,အဆုံး မည်ကုန်၏။ ထို အာဒိ,မဇ္ဈ,ပရိယောသာနသို့ အစဉ် မလိုက်အပ်၊ ထွက်တိုင်း,ဝင်တိုင်း မလွတ်စေမူ၍ ဖုဋ္ဌဋ္ဌာန က နေလျက် အာရုံပြုသည်ကို အနုဗန္ဓနာ ဆိုသည်။

အနုဗန္ဓနာနည်း ပြီး၏။

---

ဖုသနာနည်း။ ။ဖုသနာနည်းကား အသီး မရှိ၊ ရှေးနည်းနှစ်ပါး၌ ဝင်လေပြီ။ လေထိခတ်ရာ ဖုဋ္ဌ ဖုဋ္ဌဋ္ဌာန၌ သတိထားလျက် ရေတွက်ခြင်း အစဉ်လိုက်ခြင်းကိုပင် 'ဖုသနာ'ဆိုသည်။ ဖုသနာနည်းနှင့် ကင်းသော ဂဏနာ, အနုဗန္ဓနာဟူ၍ မရှိ။ ဤ အနက်ကို ယောဉ်ပခက်လွှဲသောသူဆွံ့ ဟူသော ပင်္ဂုဠောပမာ,ဒေါဝါရိကောပမာ,ကကစူပမာ[၁]တို့ဖြင့် သိအပ်၏။

ဆွံ့အသူ ဥပမာ။ ။ထိုတွင် ပင်္ဂုဠော[၁]ပမာဟူသည်ကား–ယောဉ်၌ ကစား သော မိသားနှစ်ယောက်တို့၏ ယောဉ်ကို တိုင်ရင်း၌ ထိုင်၍ လွှဲသော သူဆွံ့ယောကျ်ားသည် အားမထုတ်ပဲ ထိုင်ရာကပင် ယောဉ် ပခက်၏ အစွန်းနှစ်ဖက် အလယ်ချက်တို့ကို အလိုလို မြင်ရသကဲ့သို့ ဖုဋ္ဌ ဖုဋ္ဌ-

---

၁။ ဝိသုဒ္ဓိ ဋ္ဌ၊ ပ၊ နှာ-၂၇၂-၃။ ပင်္ဂုဠ=ဆွံ့အသူ။

ဌာနန္တိပင် သတိဖြင့် နေလျက် ထွက်သက်,ဝင်သက်၏ အာဒိ, မဇ္ဈ, ပရိယော-သာနကို အလိုလို မြင်သည်။

**တံခါးစောင့် ဥပမာ။**　　။ဒေါဝါရိကောပမာ[၁] ဟူသည်ကား–တံခါးစောင့်ယောကျ်ားသည် မြို့တွင်း,မြို့ပတို့၌ မစုံထောက်မူ၍ တံခါးပေါက်သို့ ရောက်လာ ရောက်လာသသူကိုသာ စုံစမ်းသကဲ့သို့ ဖုဿ-ဖုဿဌာနသို့ ရောက်သောလေကိုသာ အာရုံပြုသည်။

**လွှသမား ဥပမာ။**　　။ကကစူပမာ[၂]ဟူသည်ကား—

နိမိတ္တံ အဿာသ ပဿာသာ၊ အနာရမ္မဏ’မေကစိတ္တဿ။
အဇာနတော စ တယော ဓမ္မေ၊ ဘာဝနာ န’ုပလဗ္ဘတိ။

နိမိတ္တံ အဿာသ ပဿာသာ၊ အနာရမ္မဏ’မေကစိတ္တဿ။
ဇာနတောဝ တယော ဓမ္မေ၊ ဘာဝနာ ဥပလဗ္ဘတိ[၃]။

နိမိတ္တံ၊ ဖုဿဌာနသည်၎င်း။ အဿာသ ပဿာသာ၊ ထွက်သက်,ဝင်သက်လေတို့သည်၎င်း။ ဧကစိတ္တဿ၊ တခုတည်းသောစိတ်၏။ အနာရမ္မဏံ၊ အာရုံမဖြစ်နိုင်။ စ၊ ယင်းသို့ မဖြစ်နိုင်သည်ရှိသော်။ တယော ဓမ္မေ၊ သုံးပါးကုန်သော ထို တရားတို့ကို။ အဇာနတော၊ မသိသောသူသည်။ ဝါ၊ မသိသောသူအား။ ဘာဝနာ၊ အာနာပါနဿတိ သမာဓိဘာဝနာကို။ ဝါ၊ သမာဓိဘာဝနာသည်။ န ဥပလဗ္ဘတိ၊ မရအပ်သည် မဟုတ်လော။ ဝါ၊ မပြီးသည်မဟုတ်လော။

နိမိတ္တံ၊ ဖုဿဌာနသည်၎င်း။ အဿာသ ပဿာသာ၊ ထွက်သက်,ဝင်သက်လေတို့သည်၎င်း။ ဧကစိတ္တဿ၊ တခုတည်းသောစိတ်၏။ အနာရမ္မဏံ၊ အာရုံမဖြစ်နိုင်။ တယော ဓမ္မေ၊ သုံးပါးကုန်သော တရားတို့ကို။ ဇာနတောဝ၊ သိသောသူသည်သာလျှင်။ ဝါ၊ သိသောသူအားသာလျှင်။ ဘာဝနာ၊ အာနာပါနဿတိ သမာဓိ-ဘာဝနာကို။ ဝါ၊ သမာဓိဘာဝနာသည်။ ဥပလဗ္ဘတိ၊ ရအပ်၏။ ဝါ၊ ပြီး၏။

ဤဂါထာနှင့် အညီ သစ်တုံးကို လွှဖြင့် ဖြတ်ခွဲသော ယောကျ်ားသည် သစ်တုံး၌ ထိခိုက်သော လွှသွားတွင်ရှေးသော အာရုံပြု၏။ သို့သော်လည်း လာတိုင်း, သွားတိုင်းသော လွှသွား ထင်ရှား၏။ သစ်ကို ဖြတ်သည့် ဝီရိယ ဟူသော ပဓာနလည်း ထင်၏။ ဖြတ်ခြင်း ကြိယာ ဟူသော ပယောဂကိုလည်း ပြီးစေ၏။ အစိတ်အစိတ် ကွဲပြတ်ခြင်း,ထိုဖြင့် စရပ်,တန်ဆောင်း,အိမ်,ကျောင်း

---

၁။ ဒေါဝါရိက=တံခါးစောင့်။　　၂။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၁၇၀။ ကကစ=လွှ။
၃။ ပဋိသမ္ဘိဒါမဂ်၊နှာ-၁၆၉။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၂၇၃။

ဆောက်ရခြင်း အကျိုးထူး ဝိသေသကိုလည်း ရ၏။ ထိုအတူ နာသိကဂ္ဂ–မုခနိမိတ္တ ဟူသော 'ဥပနိဗန္ဓနာနိမိတ် သစ်တုံး'၌ ထိခိုက်သော 'အဿာသ-ပဿာသ လှသွား'ကိုသာ အာရုံပြုသော်လည်း လာတိုင်း, သွားတိုင်းသော လေ ထင်ရှား၏။ ဘာဝနာကမ္မက္ခမ၏ အကြောင်း ဝီရိယ ဟူသော ပဓာနလည်း ထင်၏။ ဈာနာဓိဂမဟေတု ကမ္မဋ္ဌာနာနုယောဂ ဟူသော ပယောဂကိုလည်း ပြီးစေ၏။ သံယောဇဉ်ပျောက်ပ အနုသယကုန်ခန်းခြင်း ဝိသေသကိုလည်း ရ၏။

အာနာပါနဿတိ ယဿ၊ ပရိပုဏ္ဏာ သုဘာဝိတာ။
အနုပုဗ္ဗံ ပရိစိတာ၊ ယထာ ဗုဒ္ဓေန ဒေသိတာ။
သော ဣမံ လောကံ ပဘာသေတိ၊ အဗ္ဘာ မုတ္တောဝ စန္ဒိမာ[၁]။

ယဿ၊ အကြင်ပုဂ္ဂိုလ်သည်။ အာနာပါနဿတိ၊ အာနာပါနဿတိကို။ ယထာ၊ အကြင် အခြင်းအရာဖြင့်။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဒေသိတာ၊ ဟောတော်မူအပ်၏။ တထာ၊ ထို ဟောတော်မူတိုင်း။ ပရိပုဏ္ဏာ၊ တဆဲ့ခြောက်ခု ဝတ္ထုပြည့်စုံစွာ။ သုဘာဝိတာ၊ ကောင်းစွာပွါးအပ်၏။ အနုပုဗ္ဗံ၊ ဒီဃ,ရဿ စသော အစီအရင်ဖြင့် အစဉ်အတိုင်း။ ပရိစိတာ၊ လေ့လာအပ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမံ လောကံ၊ ဤမိမိ၏ခန္ဓာစသော လောကကို။ အဗ္ဘာ၊ တိမ်တိုက်မှ။ မုတ္တော၊ လွတ်သော။ စန္ဒိမာ ဣဝ၊ လကဲ့သို့။ ပဘာသေတိ။ ပညာရောင်ဖြင့် တောက်လောင် ထွန်းလင်းစေနိုင်၏။

ဌပနာနည်း။ ။ဌပနာနည်းလည်း အသီးအခြား မရှိ၊ ပဋိဘာဂနိမိတ် ထင်ပြီးသည့်နောက် အပ္ပနာဖြစ်ပေါ်လာအောင် စိတ်ကို ထားခြင်း တည်ကြည်စေခြင်းကိုပင် ဌပနာ ဆိုသည်။

တိက္ခပုဂ္ဂိုလ်၌နိမိတ်ထင်ပုံများ။ ။ဤ ဆိုအပ်ခဲ့ပြီးသည်အတိုင်း စီးဖြန်း ပွါးများသည်ရှိသော် အချို့သော တိက္ခပညာ ပုဂ္ဂိုလ်အား မကြာမတင် နိမိတ်ထင်၏၊ ဝိစာရစသော ဈာန်အင်္ဂါတို့ဖြင့် တန်းဆာဆင်အပ်သော ဝိတက်,ကေဂ္ဂတာဟူသော အပ္ပနာဈာန် ဖြစ်ပေါ် လာ၏။

နာတိတိက္ခပုဂ္ဂိုလ်၌ နိမိတ်ထင်ပုံ။ ။အချို့သော နာတိတိက္ခပုဂ္ဂိုလ်အားကား ခေါင်းလောင်း, ကြေးခွက်ကို တီးနှက်သောအခါ ကြာလေ ကြာလေ အသံသိမ်မွေ့ကွယ်ပျောက်သကဲ့သို့ ဤ အာနာ-ပါနကမ္မဋ္ဌာန်းသည် တပါးသော ကမ္မဋ္ဌာန်းနှင့် မတူ၊ ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာ

---

၁။ ပဋိသမ္ဘိဒါမဂ်၊ ပါဠိတော်၊ နှာ-၁၇၀။

သူမြတ် ဥဒါတ္တပုဂ္ဂိုလ်[၁] တို့၏အရာ လွန်စွာဝန်လေး ခဲယဉ်းသော ကမ္မဋ္ဌာန်းဖြစ်ရကား ဂဏနာနည်းမှစ၍ စီးဖြန်းတိုင်း စီးဖြန်းတိုင်း ကိုယ်စိတ် ပေါ့ပါး ခုန်လွှားပျံတက်အံ့မည်လို။ ထိုထိုရှန်းရင်းသော အဿာသပဿာသ ချုပ်ပျောက်လေ၍ အစဉ်အတိုင်း သိမ်မွေ့၍ လာသဖြင့် မထင်နိုင် ရှိတတ်သည်၊ ထိုအခါ နေရာမှ ထ၍ မသွားပဲ—

**အသက်မရှူရှိုက်သူ ၇-ယောက်။** ။အမိဝမ်းဖြစ်၊ ရေနစ်ငုပ်ပါ၊ ဖြဟ္မာဟူသမျှ၊ နိရောဓဝင်၊ ပဉ္စမဈာန်နေ၊ တွေဝေသောသူ၊ သေသောသူ-ဟု၊ ခုနစ်ခုတွင်၊ သင်မဝင်ခဲ့၊ သတိပညာ၊ နည်းသည်တကြောင့်၊ သင့်မှာ မထင် ရှိခဲ့သည်။ သင်သို့သူကိုပင် ရည်မှတ်၍—

နာဟံ ဘိက္ခဝေ မုဋ္ဌဿတိဿ အသမ္ပဇာနဿ အာနာပါနဿတိ ဘာဝနံ ဝဒါမိ[၂]—

ဟူသောစကားကို ဘုရားဟောတော်မူအပ်သည် မဟုတ်လော—

ဟု-ကိုယ်ကို ကိုယ်ရှင် အပြစ်တင်လျက် ထွက်ပြေးပျောက်ရှလေသော နွားကို ရေချဆိပ်မှ စောင့်နေ၍ ဖမ်းဆီးချည်နှောင် လယ်ထွန်သော လယ်ထွန်သမားလိမ္မာသော ယောကျ်ားကဲ့သို့ ရှေးစီးဖြန်းနေကျ နာသိကဂ္ဂ မုခနိမိတ္တဟူသော ပကတိဖုဋ္ဌောကာသ၌သာ စိတ်ကို ထားလျက် ဒေသအားဖြင့် ဆောင်အပ်၏။ မကြာခင် ထင်လာ၏။

ထိုသို့ ထင်လာသောအခါ အဿာသပဿာသ ဟူသော နွားကို ဖုဋ္ဌောကာသဟူသော ထမ်းပိုး၌ သတိဟူသော ကြိုးလွန်ဖြင့် ချည်ကကာ ပညာဟူသော နှင်တံတံပြာဖြင့် ရိုက်ခတ်ထိုး၍ ဟိုးဟိုးချင်းစပ်အောင် မောင်း၍ ထွန်ရမည်။ မကြာခင် နိမိတ်ထင်လာ၏။

## နိမိတ်ထင်ပုံ အမျိုးမျိုး

**ဥဂ္ဂဟနိမိတ်။** ။ထိုထင်လာသော ဥဂ္ဂဟနိမိတ်သည် လဲဂွမ်း, ဝါဂွမ်း, လေအယဉ်, ကြယ်ရောင်, ပတ္တမြားလုံး, ပုလဲလုံး, ဝါစေ့, သစ်သားနှစ်တံကျင်, ရှည်သောဆောက်လုံးကြိုး[၃] ပန်းကုံး, မီးခိုးညွန့်, ပြန့်သောပင့်ကူချည်, တိမ်တိုက်, ကြာပွင့်, လှည်းဘီးစက်, လဝန်း, နေဝန်း တို့ကဲ့သို့ လှုပ်ရှားသော အခြင်းအရာဖြင့် သညာအားလျော်စွာ ထင်၏။

---

၁။ ဥဒါတ္တ=(ဥ=ဖြစ်ခြင်း၊ အတ္ထ=ပျက်ခြင်း)ခန္ဓာ ၅-ပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ပိုင်းခြားသိမြင်သူ။=(ဥဒ=ပြန့်ပြောခြင်း။ အတ္ထ=ပညာ)မြတ်သော ပညာရှိသူ။

၂။ ဥပရိပဏ္ဏာသ ပါဠိတော်၊ အာနာပါနဿတိသုတ်၊ နှာ-၁၂၇။ သံ၊ ၃၊ နှာ-၂၆၄။

၃။ ဆောက်လုံးကြိုး=စလွယ်,သွယ်ပြောင်း။

**ပဋိဘာဂနိမိတ်။** ။ပဋိဘာဂနိမိတ်ကား ကြယ်ရောင်, ပတ္တမြားလုံးစသည်ကဲ့သို့ ငြိမ်သက်စွာ ထင်၏။

တထာ ဟိ တူလပိစုအာဒိ ဥပမတ္တယံ ဥဂ္ဂဟေ ယုဇ္ဇတိ။ သေသံ ဥဘယတ္ထ။ ဋီကာ(ပ၊ နှာ-၃၃၅)

သင်္ဂဟဂါထာ[၁]

တူလ,ကပ္ပါသ,ပိစူဝ၊ ဝါတဓာရာဝ ခါယတိ။
မုတ္တာ,မဏိ,ဂုဠိကာဝ၊ နိမိတ္တ'မုပတိဋ္ဌတိ။

ကပ္ပါသဋ္ဌိ,သာရသုစိ၊ ပါမင်္ဂ,ပုပ္ဖဒါမကံ။
ဓူမသိခါ,မက္ကဋ္ဌကံ၊ သုတ္တဗ္ဗုပဋ္ဌလံ ဝိယ။
ပဒုမံ,ရထစက္ကံဝ၊ စန္ဒ,သူရိယမဏ္ဍလံ။

တခုတည်းသော သုတ်သည်ပင် သညာအားလျော်စွာ ရေတံခွန် မြစ်၊ တော အရေး, ချမ်းလေ့စွာ သာခါပတ္တ ပုပ္ဖဖလနှင့် ပြည့်စုံသော သစ်ပင်ကြီးတို့အသွင် ထင်သကဲ့သို့ နိမိတ်တခုတည်းပင် သညဇဖြစ်၍ သညာအားလျော်စွာ ထင်လေသည်။

ဤသို့ ပဋိဘာဂနိမိတ် ထင်၍ ဥပစာရဈာန်ကို ရပြီးသည် ရှိသော်—

နိမိတ္တေ ဌပယံ စိတ္တံ၊ နာနာကာရံ ဝိဘာဝယံ။
ဓီရော အဿာသပဿာသေ၊ သကံ စိတ္တံ နိဗန္ဓတိ[၂]။

ဓီရော၊ပညာ,သမာဓိရှိသော ယောဂီသည်။အဿာသ ပဿာသေ၊ထွက်သက် ဝင်သက်နှစ်ပါး၌။ နာနာကာရံ၊ ဒီဃ,ရဿအားဖြင့် နှစ်ပါးစီဖြစ်သော အခြင်း အရာလေးပါးကို။ ဝိဘာဝယံ၊ စွန့်လွှတ် ပယ်ဖျောက်လျက်။ နိမိတ္တေ၊ ခြင်းရာ လေးပါး ထင်ရှားမရ ပဋိဘာဂနိမိတ်၌။ စိတ္တံ၊ စိတ်ကို။ ဌပယံ၊ ထားလျက်။ သကံ စိတ္တံ၊ မိမိစိတ်ကို။ နိဗန္ဓတိ၊ အပ္ပနာဖြင့် ဖွဲ့၏။ ဝါ၊ ဈာန်စိတ်ဖြစ်စေ ဝင်စားစေ၏။

**ဌပနာဖြင့်သာ အပ္ပနာသို့ရောက်ခြင်း။** ။ဤ ပေါရာဏိကဂါထာနှင့်ညီစွာ ထို ပဋိဘာဂနိမိတ်၌ စိတ်ကို ထား၍ အပ္ပနာဖြစ်ပေါ်လာအောင် ဌပနာနည်း တခုတည်းဖြင့်သာ ပွါးအပ်၏။

**အခြင်းအရာ ၄-ပါး။** ။အခြင်းအရာလေးပါးကို—

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၇၆,၂၇၇ လာ စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။
၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၇၈-၌ ပေါရာဏဂါထာအဖြစ် ပြထားသည်။

ဒီဃော,ရဿော စ အဿာသော၊ ပဿာသောပိ စ တာဒိသော။
စတ္တာရော ဝဏ္ဏာ ဝတ္တန္တိ၊ နာသိကဂ္ဂေ ဝ ဘိက္ခုနော[၁]။
ဟူသော အဋ္ဌကထာ(၂ပါ၊နှာ-၂၆၅)ဖြင့် သိအပ်၏။

စတ္တာရော ဝဏ္ဏာ၊ လေးပါးကုန်သော အခြင်းအရာတို့သည်။ ဘိက္ခုနော၊ ရဟန်း၏။ နာသိကဂ္ဂေ ဝ=နာသိကဂ္ဂေ ဝါ၊ နှာသီးဖျားဌ်သော်၄င်း။ ပေး။ (အာ-ကို ရဿ ပြုသည်၊ ထို ဝါ-ဖြင့်'ဥတ္တရောဋ္ဌေ ဝါ'ဟု-ဆည်းသည်)။

ဤဌ်—

ဂဏနာနုဗန္ဓနာဝသေန ဝိယ ဟိ ဖုသနာဌပနာဝသေန ဝိသုံ မနသိ-ကာရော နတ္ထိ။ ဖုဋ္ဌဖုဋ္ဌဋ္ဌာနေယေဝ ပန ဂဏေန္တော ဂဏနာယ စ ဖုသနာယ စ မနသိ ကရောတိ။ တတ္ထေဝ ဂဏနံ ပဋိသံဟရိတွာ တေ သတိယာ အနု-ဗန္ဓန္တော အပ္ပနာဝသေန စ စိတ္တံ ဌပေန္တော အနုဗန္ဓနာယ စ ဖုသနာယ စ ဌပနာယ စ မနသိ ကရောတီတိ ဝုစ္စတိ။ အဋ္ဌကထာ (၂ပါ၊ နှာ-၂၇၂)

ဣတော ပဘုတိ ဌပနာဝသေန ဘာဝနာ ဟောတိ။ အဋ္ဌကထာ (၂ပါ၊နှာ-၂၇၈)

'ဣတော ပဘုတီ'တိ ဣတော ပဋိဘာဂနိမိတ္တုပ္ပတ္တိတော ပဋ္ဌာယ။ ပုဗ္ဗေ ယံ ဝုတ္တံ 'အနုဗန္ဓနာယ စ ဖုသနာယ စ ဌပနာယ စ မနသိကရောတီ'တိ၊ တတ္ထ အနုဗန္ဓနံ ဖုသနဉ္စ ဝိဿဇ္ဇေတွာ ဌပနာဝသေန ဘာဝနာ ဟောတီတိ ဌပနာဝသေန ဘာဝေတဗ္ဗန္တိ အတ္ထော။ ဋီကာ (၂ပါ၊ နှာ-၃၃၆)

ဤ အဋ္ဌကထာ,ဋီကာ ရှေ့နောက်စကားရပ်တို့ကို စပ်၍ ဤသို့သော အဆုံးအဖြတ်ကို မှတ်အပ်၏။

**ဂဏနာစသည် အဆုံးအဖြတ်။** ။ပဋိဘာဂနိမိတ် မထင်မီ ဂဏနာ အခိုက်၌ ဂဏနာ,ဖုသနာ နှစ်ပါးရ၏။ ဂဏန်းသင်္ချာကို လွှတ်၍ အစဉ်လိုက်သောအခါ အနုဗန္ဓနာ, ဖုသနာ နှစ်ပါးရ၏။

ပဋိဘာဂနိမိတ် ထင်သည်မှ စ၍ အာနာပါနနှစ်ပါး တသားတည်းကဲ့သို့ မတုန်မလှုပ်ထင်သောကြောင့် အစဉ်လိုက်ဖွယ်,ထိရာ ဖုဋ္ဌော'ကာသ၌ သတိထားဖွယ် မရှိ၊ ထိုနိမိတ်၌ စိတ်ကို တည်ကြည်စွာ ထားလျှင်ပင် အပ္ပနာ ဖြစ်ပေါ်လာရကား ဌပနာနည်း တပါးသာ ရ၏ မှတ်လေ။

ဤပဋိဘာဂနိမိတ် ထင်သောအခါ ထိုနေရာ၌ အပ္ပနာစျာန်သို့ မရောက်သေးမူ ပထဝီကသိုဏ်း (ဤကျမ်း ဒု၊ တွဲ၊ နှာ-၁၉၀) ၌ ဆိုခဲ့ပြီးသည်အတိုင်း

---

၁။ ရှည့်,တို-ထွက်သက်၊ ရှည့်,တို-ဝင်သက်၊ ပေါင်း ၄-ပါး။ ဝိ၊ ဋ္ဌ၊ ၂၊ နှာ-၁၆။

ထိုနိမိတ်ကို စကြဝတေးလောင်း ကိုယ်ဝန်ကိုကဲ့သို့ လွန်စွာ စောင့်ရှောက်လျက် စတုက္က, ပဉ္စကစျာန်သို့ ရောက်အောင် ပွါးများစီးဖြန်းအပ်၏။

## သလ္လက္ခဏာစသည် ၄-ပါး

**သလ္လက္ခဏာ**။ ။ဝိပဿနာသည် သလ္လက္ခဏာမည်၏။

**ဝိဝဋ္ဋနာ**။ ။မဂ်သည် ဝိဝဋ္ဋနာ မည်၏။

**ပါရိသုဒ္ဓိ**။ ။ဖိုလ်သည် ပါရိသုဒ္ဓိ မည်၏။

**ပဋိပဿနာ**။ ။ပစ္စဝေက္ခဏာသည် ပဋိပဿနာ မည်၏[၁]။

**ဝိပဿနာသို့ တက်ရောက် ပွါးများပုံ**။ ။ထိုလေးပါးကို ရလိုသော ပုဂ္ဂိုလ်သည် ရပြီးသော အာနာပါနစျာန်ကို ဝသီဘော် ငါးတန်တို့ဖြင့် အဖန်ဖန်လေ့လာ၍ သမာပတ်မှ ထပြီးလျှင် ပန်းပဲဖို၌ ရွှတ်တီး[၂]ကိုင်ရင်း,ထိုးခြင်းလှုံလကိုင်ရင်း စွဲ၍ လေဖြစ်သကဲ့သို့ ကရဇ ကာယ ကိုင်ရင်း, စိတ်ကိုင်ရင်း စွဲ၍ ထွက်သက်ဝင်သက်လေ ဖြစ်၏။ ထို ထွက်သက် ဝင်သက် လေ, ကရဇ ကာယ တို့သည် ရုပ်တည်း။ သမ္ပယုတ်တရားနှင့် တကွသော စိတ်သည် နာမ်တည်း။ ဤသို့စ သည်ဖြင့် နာမ်ရုပ်ကို ပိုင်းခြားပြီး၍ နာမ်ရုပ်၏ အကြောင်းကို ဖွေရှာသိမြင်[၃] ကခါစင်၍ သမ္မသနဉာဏ်ဖြင့် တိလက္ခဏာသို့ တင်၍ ဥဒယဗ္ဗယ ဉာဏ် အစဉ်ဖြစ်သော ဝိပဿနုပက္ကိလေသတို့ကို ပယ်၍ ဥပက္ကိလေသမှ လွတ်သော ပဋိပဒါဉာဏ်သည် လမ်းမှန်တည်းဟု ပိုင်းခြား၍ အဖြစ်ကို လွတ်လျက် အပျက်ကိုသာ ရှု၍ (ဘင်ဉာဏ်ဖြင့်[၄]) အပျက်ချည်းသာဟု ထင်ကုန်သော သင်္ခါရ တရားတို့၌ ဘယဉာဏ်, အာဒီနဝဉာဏ် ရှေ့သွားရှိသော နိဗ္ဗိန္ဒဉာဏ်ဖြင့် ငြီးငွေ့ လျက် မုဉ္စိတုကမျတာ, ပဋိသင်္ခါ, သင်္ခါရုပေက္ခာ, အနုလောမဉာဏ် တို့၏ အဆုံး ဂေါတြဘူဉာဏ် ၏ အခြားမဲ့၌ဖြစ်သော မဂ်ဉာဏ်ဖြင့် တပ်ခြင်း ကင်းလွတ်,

---

၁။ သလ္လက္ခဏာ=အနိစ္စလက္ခဏာစသည်ကို မှတ်၍ ကောင်းစွာရှုခြင်း။
ဝိဝဋ္ဋနာ=ဝဋ်မှကင်းလွတ်စေခြင်း။
ပါရိသုဒ္ဓိ=ကိလေသာအလုံးစုံမှ စင်ကြယ်ခြင်း။
ပဋိပဿနာ=တဖန်ထပ်၍ ရှုဆင်ခြင်ခြင်း။ (ပဋိ+ပဿနာ)

၂။ ရွှတ်တီး=လေမှုတ်ထုတ်သော ဖားဖို။

၃။ ဝိပဿနာအခြေခံ ဉာဏ် ၂-ပါး။ (၁) နာမရူပပရိစ္ဆေဒဉာဏ်=ရုပ်နာမ်တို့ကို ပိုင်း ခြားသိသောဉာဏ်။ (၂) ပစ္စယပရိဂ္ဂဟဉာဏ်=နာမ်ရုပ်တို့၏အကြောင်းကို သိမြင် သောဉာဏ်။

၄။ ဖတ်ရှုသူများ ဝိပဿနာ ဉာဏ်စဉ် ၁၀-ပါးကို အဆက်မပြတ်စေရန် 'ဘင်ဉာဏ်'ကို ဤ စာတည်းအဖွဲ့က ထည့်သွင်းလိုက်ပါသည်။

ကွာမြောက် မဂ်လေးပါးသို့ရောက်လျက် အရဟတ္တဖိုလ်ဟူသော ထီးဖြူအောက်၌ တည်၍ ကေဝူနဝီသတိဘေဒ ပစ္စေကဗောဓိဉာဏ်[၁] အဆုံးသို့ ရောက်တော်မူ၍ နတ်လူတို့၏ ပူဇော်သကာကို ခံရသော အဂ္ဂဒက္ခိဏေယျ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်လေသည်[၂]။

ဤကား အာဒိကမ္မိကပုဂ္ဂိုလ်အား ရကောင်းသော ပထမ စတုက္က၌ ပွါးပုံ ကာယာနုပဿနာ သတိပဋ္ဌာနဘာဝနာတည်း။

ကြွင်းသော စတုက္ကသုံးပါးတို့ကား ပွါးပုံ အသီး ကမ္မဋ္ဌာန်းနည်း မရှိပြီ။

## အာနာပါနကမ္မဋ္ဌာန်းပွါးခြင်းအကျိုး

ဤအာနာပါနဿတိ၏ အကျိုးအာနိသင်ကား—

သင်္ဂဟဂါထာ [၃]

သောဋ္ဌသဗ္ဗတ္ထုကာ သော၊ သန္တာ စ ပဏီတာပိ စ။
အသေစနကာ သုခါ စ၊ ဌာနသော ပါပဟာယိကာ။

ဝိတက္ကစ္ဆေဒသမတ္ထာ၊ ဝိဇ္ဇာ, ဝိမုတ္တိမူလကာ။
စရိမကာ စ အဿာသ–ပဿာသာ အဿ ပါကဋာ။

တသ္မာ ဟဝေ အပ္ပမတ္တော၊ အနုယုဉ္ဇေထ ပဏ္ဍိတော။
ဧဝံ အနေကာနိသံသံ၊ အာနာပါနဿတိံ သဒါ။

သောဠသဝတ္ထုကာ၊ တဆဲ့ခြောက်ပါးသော ဌာနရှိသော။ သော၊ ဤအာနာပါနဿတိဘာဝနာသည်။ သန္တာ စ၊ ငြိမ်လည်း ငြိမ်သက်ငြိမ်းချမ်း၏။ ပဏီ-တာပိ စ၊ မရောင့်ရဲစေတတ် မြတ်လည်း မြတ်၏။ အသေစနကာ စ၊ ပရိကမ္မဥပစာဖြင့် ထေးဖာ လောင်းစွက် ရောယှက်မရှိ ပကတိရင်း ငြိမ်သက်ခြင်းလည်း ရှိ၏။ သုခါ စ၊ ဝင်စားတိုင်း ကိုယ်စိတ်နှစ်ဖြာကို ချမ်းသာစေတတ်၏။ ဌာနသော၊ ခဏချက်ခြင်း။ ပါပဟာယိကာ၊ မကောင်းမှုကို ခွဲထုခါတွက် ပယ်ဖျက်တတ်၏။

ဝိတက္ကစ္ဆေဒသမတ္ထာ၊ မိစ္ဆာဝိတက်ကို ပယ်ဖျက် ဖြတ်စွမ်းနိုင်၏။ ဝိဇ္ဇာ–ဝိမုတ္တိမူလကာ၊ မဂ်ဖိုလ်တို့၏ အကြောင်းရင်းမူလ အခြေပါဒကဖြစ်၏။ စရိ-

၁။ မဂ်,ဖိုလ်,နိဗ္ဗာန်,ပယ်ပြီးကိလေသာ,မပယ်ရသေးသော (ကြွင်းသော) ကိလေသာတို့ကို ဆင်ခြင်သောအားဖြင့် ပစ္စေကဗောဓိဉာဏ် တခုယုတ်နှစ်ဆယ်(၁၉-ခု) ရှိသည်။

၂။ ဤစကားရပ်တို့၏ အကျယ်ကို ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၇၇-စသည်၌ ရှုပါ။

၃။ ပ-ဒု-ဂါထာများမှာ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ၂၇၂-၃ လာ စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားခြင်း ဖြစ်သည်၊ တတိယဂါထာမှာ အဋ္ဌကထာလာရင်း။

မကာ၊ စုတိ စရိမက ဖြစ်၍ အဆုံးစွန်ဖြစ်ကုန်သော။ အဿာသ ပဿာသာ စ၊ ထွက်သက်, ဝင်သက် တို့သည်လည်း။ အဿ၊ ထို ယောဂီအား။ ပါကဋ္ဌာ၊ ထင်ရှားကုန်၏။

တသ္မာ၊ ထို့ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသော အမျိုးကောင်းသားသည်။ ဧဝံ၊ ဤသို့။ အနေကာနိသံသံ၊ များသော အာနိသင်ရှိသော။ အာနာ-ပါနဿတိံ၊ အာနာပါနဿတိကို။ သဒါ၊ အခါခပ်သိမ်း။ အပ္ပမတ္တော၊ မမေ့မလျော့။ ဟာဝေ၊ စင်စစ်။ ကယိရာထ၊ ပြုရာ၏။

စရိမက[၁] ၃-မျိုး။ ။နိရောဓ ဝသေန တယော စရိမကာ ဘဝစရိမကာ, ဈာန-စရိမကာ, စုတိစရိမကာတိ။ ဘဝေသု ဟိ ကာမဘဝေ အဿာသ ပဿာသာ ပဝတ္တန္တိ၊ ရူပါရူပဘဝေသု နပ္ပဝတ္တန္တိ၊ တသ္မာ တေ ဘဝစရိမကာ။ ဈာနေသု ပုရိမေ ဈာနတ္တယေ ပဝတ္တန္တိ၊ စတုတ္ထေ နပ္ပဝတ္တန္တိ၊ တသ္မာ တေ ဈာနစရိမကာ။ ယေ ပန စုတိစိတ္တဿ ပုရတော သောဠသမေန စိတ္တေန သဒ္ဓိံ ဥပ္ပဇ္ဇိတွာ စုတိစိတ္တေန သဟ နိရုဇ္ဈန္တိ၊ ဣမေ စုတိစရိမကာ နာမ။ ဣမေ ဣဓ စရိမကာတိ အဓိပ္ပေတာ။

ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ ပ၊ နှာ-၂၇၃။)

'နိရောဓ ဝသေနာ'တိ နိရုဇ္ဈနဝသေန။ 'ဘဝစရိမကာ'တိ ဘဝ ဝသေန စရိမကာ ဟီနဘဝေ ပဝတ္တိနော။ တထာ ဈာနစရိမကာ ဝေဒိတဗ္ဗာ။ 'စုတိစရိမကာ'တိ စုတိယာ စရိမကာ စုတိက္ခဏပ္ပဝတ္တိနော သဗ္ဗပရိယော-သာနကာ။ 'တသ္မာ'တိ တီသု ဘဝေသု နိဟီနေ ကာမဘဝေ ပဝတ္တနတော။ ဋီကာ (၊ပ၊ နှာ-၃၄၆။) အနက် ထင်ရှားပြီ။

စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် တစ္ဆတ္တိံသမ စိတ်၏ အနန္တရ၌ အဿာသ ပဿာသ ဆုံးသည်ဟု ယမိုက်အကောက် (နှာ-၃၂၃)၌ ဆိုသည်ကား ဤ အဋ္ဌကထာနှင့် မညီလေ။

စင်္ကြံသွားရင်း အရေးသို့ရောက်လျှင် ရောက်ခြင်း ပရိနိဗ္ဗာန်ပြုသော စိတ္တလ ပဗ္ဗတဝိဟာရဝါသီ ဒွေဘာတိကမထေရ် စသည်တို့ကဲ့သို့ အာယုသခ်ါရ အဆုံးကို

---

၁။ စရိမက= (စရိမ=အညွှတ်ဆုံး၊ နောက်ပိတ်ဆုံး။ က=ဖြစ်) အညွှတ်ဆုံး ဖြစ်သော နောက်ဆုံးဖြစ်သော ထွက်သက် ဝင်သက်။

ဘဝစရိမက=ယုတ်ညံ့သော ကာမဘုံ၌ ဖြစ်သော ထွက်သက်, ဝင်သက်, (စရိမ= ယုတ်ညံ့ အောက်ကျ-နောက်ဆုံး-ဖြစ်သော)။

ဈာန စရိမက=အောက်ဈာန် ၃-ပါး၌ဖြစ်သော ထွက်သက်,ဝင်သက်။

စုတိ စရိမက=နောက်ဆုံး စုတိစိတ်နှင့်အတူချုပ်သော ထွက်သက်,ဝင်သက်။

သိ၍ အလုံးစုံသော သရီရပဋိဇဂ္ဂနဝိဓါသနပါရုပန စသော ကိစ္စတို့ကို မိမိဓမ္မတာ အားဖြင့်သာလျှင် ပြု၍ ပရိနိဗ္ဗုစံယူရသည် ဟူလို[၁]။

ဣတော အညံ ကမ္မဋ္ဌာနံ ဘာဝေတွာ အရဟတ္တံ ပတ္တဿ ဘိက္ခုနော ဟိ အာယုအန္တရံ ပရိစ္ဆိန္နံ ဝါ ဟောတိ အပရိစ္ဆိန္နံ ဝါ။ ဣမံ ပန သောဠသ-ဝတ္ထုကံ အာနာပါနဿတိံ ဘာဝေတွာ အရဟတ္တံ ပတ္တဿ အာယုအန္တရံ ပရိစ္ဆိန္နမေဝ ဟောတိ။ အဋ္ဌကထာ (ပ၊ နှာ-၂၇၃)

အာယုအန္တရံ နာမ ဇီဝိတန္တရံ ဇီဝနက္ခဏာဝဓိ။ ဋီကာ (ပ၊ နှာ-၃၄၆) အနက် ထင်ပြီ။

(အာနာပါနဿတိ ပြီး၏။)

အနုဿတိ ဆယ်ပါး ပြီး၏။

---

## ဗြဟ္မဝိဟာရ ပွါးများနည်း

**မေတ္တာ ဗြဟ္မဝိဟာရ ပွါးများပုံ။** ။ဗြဟ္မဝိဟာရတရား လေးပါးတို့တွင် မေတ္တာ-ဗြဟ္မဝိဟာရ တရားကို ပွါးများလိုသော ပုဂ္ဂိုလ်ယောဂီသည် ရှေးနည်းတူစွာ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ ရှေးဦးစွာ ဒေါသ၏ အပြစ်, ခန္တီ၏ အာနိသင်တို့ကို ဆင်ခြင်အပ်၏။ ဆင်ခြင်ဟန်ကား—

ဒုဋ္ဌော အတ္ထံ န ဇာနာတိ၊ ဒုဋ္ဌော ဓမ္မံ န ပဿတိ[၂]။
ဒုဋ္ဌော ဒေါသေနာ'ဘိဘူတော၊ ကရော ပါဏဝဓာဒိကံ[၃]။

ခန္တီ ပရမံ တပေါ တိတိက္ခာ[၄]၊ ခန္တီဗလံ ဗလာဏီကံ[၅]။
ဗြဝီတိ ဗြာဟ္မဏံ နာထော၊ ခန္တျာဘိယျော န ဝိဇ္ဇတိ[၆]။

**ဒေါသ၏အပြစ်။** ။ဒုဋ္ဌော၊ အမျက်ထွက်သသူသည်။ အတ္ထံ၊ အကျိုးကို။ န ဇာနာတိ၊ မသိတတ်။ ဒုဋ္ဌော၊ အမျက်ထွက်သသူသည်။ ဓမ္မံ၊ အကြောင်းကို။ န ပဿတိ၊ မမြင်တတ်။ ဒုဋ္ဌော၊ အမျက်ထွက်သသူသည်။ ဒေါသေနာဘိဘူတော၊ အမျက်နှိပ်စက်အပ်သည်ဖြစ်၍။ ပါဏ ဝဓာဒိကံ၊ သူ့အသက်ကို သတ်ခြင်းစသော မကောင်းမှုကို။ ကရော၊ ပြုဖြစ်နိုင်၏။

---

၁။ ဤဝတ္ထုများ ဝိသုဒ္ဓိ အဋ္ဌကထာ၊ ပ၊ နှာ၊ ၂၇၄-၌ ရှု။

၂။ ခု၊ ၁၊ နှာ-၂၅၂(ဣတိဝုတ်)။ ၃။ အံ၊ ၁၊ နှာ-၂၁၇။ ၄။ ဒီ၊ ၂၊ နှာ-၄၁။

၅။ ခု၊ ၁၊ နှာ-၇၀(ဓမ္မပဒ)။ ၆။ သံ၊ ၁၊ နှာ- ၊ ၂၃။

**ခန္တီ၏အာနိသင်။** ။တိတိက္ခာ၊ သူတပါး၏ ပြစ်မှားပြုကြံ ပါပကံကို သည်းခံခြင်း လက္ခဏာရှိသော။ ခန္တီ၊ သည်းခံခြင်းသည်။ ပရမံ တပေါ၊ ပြုသင့်သည်ကို ပြုခြင်း, မပြုသင့်သည်ကို ပယ်ခြင်း လက္ခဏာရှိသော သမ္မာပဋိပတ်၏ အကြောင်းရင်း မူလဖြစ်၍ မြတ်သော အကျင့်မည်၏။ ခန္တီဗလံ၊ မင်္ဂလာမြတ်ဖျား သည်းခံခြင်း ခွန်အားရှိသော။ ဗလာဏီကံ၊ ဒေါသစသော ဆန့်ကျင်ဖက်ကို ပယ်ဖျက် ကာဆီးနိုင်သော ခန္တီဗလနှင့် ပြည့်စုံသသူကို။ ဗြာဟ္မဏံ၊ မကောင်းမှုကို မျှောပြီးသော ရဟန္တာဟူ၍။ နာထော၊ ဘုရားရှင်သည်။ ဗြူမိတိ၊ ဟောတော်မူ၏။ ခန္တျာ၊ သည်းခံခြင်း တရားထက်။ ဘိယျော၊ လွန်ကဲသော ကိုးစားဘို့ရာ အတ္တာဝဟ အနတ္ထပဋိဗာဟန[1] တရားသည်။ န ဝိဇ္ဇတိ၊ မရှိ။

**မေတ္တာစတင်၍မပွါးထိုက်သူ ၆-ယောက်။** ။ဤသို့ဆင်ခြင်ပြီး၍ ရှေးဦးစွာမပွါးထိုက်သော (၁) အတ္တာကာရက အပ္ပိယ[2]၊ (၂) အတိပ္ပိယ၊ (၃) မဇ္ဈတ္တ၊ (၄) အနတ္ထကာရကဝေရီ[3] လေးလီသော ပုဂ္ဂိုလ်၊ (၅) မိမိမယားကို မေတ္တာပွါး၍ တညဉ့်လုံး နံရံကို ထိုးသတ်ဖောက်ဖျက်သော အမတ်သားကဲ့သို့ တဏှာရာဂ ဖြစ်ပွါးတတ်သောကြောင့် အသီးအခြား မပွါးသင့်သော လိင်္ဂဝိသဘာဂပုဂ္ဂိုလ်၊ (၆) (သေလွန်သော) ဆရာကို အာရုံပြု၍ ပွါးသော ပဋ္ဌင်းငယ်အလား ဈာန်မဝင်စားနိုင်ရာ, မေတ္တာ၏ အာရုံမဟုတ်သောကြောင့် အချင်း ခပ်သိမ်း မပွါးထိုက်သော သူသေ[4]။ ဤခြောက်ထွေသော ပုဂ္ဂလဒေါသကို သိပြီး၍ မိမိကိုယ်၌ ပွါးရာ အပ္ပနာဈာန် မဖြစ်သော်လည်း—

ယထေဝါဟံ သုခကာမော၊ ဒုက္ခ္ခ ပဋိကူလကော။
ဇီဝိတ္တော အမရိတုကာမော၊ ဧဝံ မညေပိ သတ္တကာ[5]။

**ကိုယ်ချင်းစာမှု။** ။အဟံ၊ ငါသည်။ သုခကာမော။ ချမ်းသာကို အလိုရှိသည်။ ဒုက္ခ္ခ၊ ဆင်းရဲကိုလည်း။ ပဋိကူလကော၊ စက်ဆုပ်သည်။ ဇီဝိတ္တော၊ အသက်ရှည်လိုသည်။ အမရိတုကာမော၊ မသေလိုသည်။ ယောမိ ယထေဝ၊ ဖြစ်သကဲ့သို့သာလျှင်။ ဧဝံ တထာ၊ ထို့အတူ။ သတ္တကာ၊ အလုံးစုံကုန်သော။ အညေပိ၊ ငါမှတပါး သတ္တဝါအများတို့သည်လည်း။ သုခကာမာ၊

1။ အတ္တာဝဟ=အကျိုးဆောင်ခြင်း။ အနတ္ထပဋိဗာဟန=အကျိုးမဲ့ကိုတားမြစ်ခြင်း။

2။ အတ္တာကာရက အပ္ပိယ=(အတ္တ+အကာရက+အ+ပိယ) အကျိုးမပြုသည့် မချစ်အပ်သောသူ။ 3။ အနတ္ထကာရက ဝေရီ=အကျိုးမဲ့ကို ပြုသော ရန်သူ။

4။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၂၈၈။

5။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၂၈၉-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ချမ်းသာကို အလိုရှိကြကုန်သည်။ ဒုက္ခ၌၊ ဆင်းရဲကိုလည်း။ ပဋိကူလကာ၊ စက်ဆုပ်ကြကုန်သည်။ ဇီဝိတ္ထာ၊ အသက်ရှည်လိုကြကုန်သည်။ အမစ္စုကာမာ၊ မသေလိုကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**မိမိကိုယ်ကိုစ၍ပွါးပုံ။** ။ဤသို့ သက်သေပြုခြင်းငှါ ရှေးဦးစွာ—

"အဟံ သုခိတော ဟောမိ"ဟူ၍သော်၎င်း—

"နိဒ္ဒုက္ခော ဟောမိ" ဟူ၍သော်၎င်း—

"အဝေရော ဟောမိ, အဗျာပဇ္ဇော ဟောမိ, အနီဃော ဟောမိ, သုခီ အတ္တာနံ ပရိဟရာမိ" ဟူ၍သော်၎င်း အဖန်ဖန်ပွါးအပ်၏။

အဟံ၊ ငါသည်။ သုခိတော၊ ချမ်းသာသည်။ ဟောမိ၊ ဖြစ်လို၏။ ဖြစ်ချင်၏၊ ဖြစ်စေသတည်း။ နိဒ္ဒုက္ခော၊ စိတ်ဒုက္ခ မရှိသည်။ အဝေရော၊ ပါဏာတိပ စသည်အဇ္ဈ ပြင်ပရန်သူ မပြုကင်းဝေးသည်။ အဗျာပဇ္ဇော၊ ဒေါမနဿကင်းသည်။ အနီဃော၊ ဆင်းရဲငြိုငြင် ပင်ပန်းခြင်းမရှိသည်။ ဟောမိ၊ ဖြစ်လို၏၊ ဖြစ်စေသတည်း။ သုခီ၊ ကိုယ်ချမ်းသာခြင်း ရှိသည်ဖြစ်၍။ အတ္တာနံ၊ အတ္တဘောကို။ ပရိဟရာမိ၊ ရွက်ဆောင်ဖြစ်စေ မျှတစေနိုင်လို၏၊ မျှတစေနိုင်ချင်၏၊ မျှတနိုင်စေသတည်း။ ဤကား အနက်။

**ပိယပုဂ္ဂိုလ်၌ မေတ္တာပွါးခြင်း။** ။ဤသို့ မိမိကိုယ်၌အဖန်ဖန်ပွါးပြီးလျှင် မေတ္တာဖြစ်လွယ် စေခြင်းငှါ ပိယ, မနာပ, ဂရု, ဘာဝနီယ ဖြစ်၍ ချစ်အပ် နှလုံးကို ပွါးစေတတ် အလေးပြုအပ် ချီးမွမ်းအပ်သော အာစရိယ, အာစရိယမတ္တ၊ ဥပဇ္ဈာယ, ဥပဇ္ဈာယမတ္တ ပုဂ္ဂိုလ်၌ ထို ပိယဝစန အတ္ထစရိယာ သီလ,သုတ,ပညာစသော ဂုဏ်ကျေးဇူးတို့ကို အောက်မေ့၍—

> ဧသော သပ္ပုရိသော သုခိတော ဟောတု၊ နိဒ္ဒုက္ခော ဟောတု၊ အဝေရော ဟောတု၊ အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု—

ဟူ၍ အဖန်ဖန် ပွါးအပ်၏။

**သီမသမ္ဘေဒ။** ။ဤ ပုဂ္ဂိုလ်တပါးတည်း၌ပင် အပ္ပနာစျာန်ကို ရ၏။ သို့ရသော်လည်း ဤမျှဖြင့် မရောင့်ရဲမူ၍ သီမသံဘေဒ[၁] မရိယာဒါပနယန အတ္တ,ပိယ,မဇ္ဈတ္တ,ဝေရီတိ ဝိဘာဂါကရဏ ဟူသော ပုဂ္ဂိုလ် အထူးအခြားမရှိ တသားတည်း ရောစပ်ခြင်းကို ပြုလိုသေးမူ အတိပ္ပိယသဟာယ ပုဂ္ဂိုလ်၌ မုဒုကမ္မနိယစိတ်ဖြစ်အောင် ဆောင်အပ်၏။ ထို့နောင် မဇ္ဈတ္တပုဂ္ဂိုလ်၌

---

၁။ သီမ=အပိုင်းအခြား။ သံဘေဒ=ပျက်စီးခြင်း၊ ပယ်ရှားခြင်း၊ ဖျက်ဆီးခြင်း။

ထိုအတူ ဆောင်အပ်၏။ ထိုနောင် ဝေရီရှိမူ ဝေရီပုဂ္ဂိုလ်၌ ရှေးနည်းတူ ဆောင်အပ်၏။

ရန်ငြိုးဖျောက်နည်း၁၁-မျိုး[၁]။ ။ဝေရီပုဂ္ဂိုလ်၌ဆောင်ပါသော်လည်း အာဃာတ အားကြီးသဖြင့် မေတ္တာရေမစီး ပဋိဃဖိစီး၍ ရပြီးသောစျာန်မှ လျှောကျခဲ့သည်ရှိသော် ထို ဝေရီပုဂ္ဂိုလ်ကို အာရုံမပြုမူ၍ ရှေ့သုံးယောက်တွင်[၂] တယောက်ယောက်၌ မေတ္တာစျာန်ကို ဝင်စားပြီး ထပြီး၍ အဖန်ဖန် ထို ဝေရီကို မေတ္တာပြုလျက် အမျက်ဒေါသ ပဋိဃကို ဖျောက် အပ်၏။

သို့မှ မပျောက်မငြိမ်းလျှင်—

ဥဘတောဒဏ္ဍကေန စေပိ ဘိက္ခဝေ ကကစေန စောရာ ဩစရကာ အင်္ဂမင်္ဂါနိ ဩကန္တေယျုံ။ တတြာပိ ယော မနောပဒေါသေယျ။ န မေ သော တေန သာသနံ ကရောတိ[၃]။

တသ္မေဝ တေန ပါပိယော၊ ယော ကုဒ္ဓံ ပဋိကုဇ္ဈတိ။
ကုဒ္ဓံ မပ္ပဋိကုဇ္ဈန္တော၊ သင်္ဂါမံ ဇေတိ ဒုဇ္ဇယံ။

ဥဘိန္နမတ္ထံ စရတိ၊ အတ္တနော စ ပရဿ စ။
ပရံ သံကုပိတံ ဉတွာ၊ ယော သတော ဥပသမ္မတိ[၄]။

---

၁။ ရန်ငြိုးဖျောက်နည်း ၁၁-မျိုး။
(၁) မေတ္တာစျာန်ဝင်စား၍ ရန်ငြိုးဖျောက်ခြင်း။
(၂) ဒေါသ၏အပြစ်ကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း။
(၃) ရန်သူ၏အကျင့်ကောင်းတို့ကို အောက်မေ့၍ ရန်ငြိုးဖျောက်ခြင်း။
(၄) ကရုဏာဖြင့် ရန်ငြိုးဖျောက်ခြင်း။
(၅) ဘုရား၏ ဩဝါဒ အမျိုးမျိုးကို ဆင်ခြင်ပြီးလျှင် မိမိကိုယ်ကိုဆုံးမ၍ ရန်ငြိုး ဖျောက်ခြင်း။
(၆) ကမ္မဿကတာဉာဏ်ဖြင့် ရန်ငြိုးဖျောက်ခြင်း။
(၇) သည်းခံပုံ ဇာတ်တော်လာ နည်းများဖြင့် ရန်ငြိုးဖျောက်ခြင်း။
(၈) သံသရာတလျှောက်၌ ဆွေမျိုးမတော်ခဲ့ဘူးသူ မရှိဟု ဆင်ခြင်သောနည်းဖြင့် ရန်ငြိုးဖျောက်ခြင်း။
(၉) မေတ္တာအကျိုးကိုဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း။
(၁၀) ဓာတ်ခွဲ၍ ရန်ငြိုးဖျောက်ခြင်း။
(၁၁) ဥစ္စာပေး,ယူသောအားဖြင့် ရန်ငြိုးဖျောက်ခြင်း။
၂။ ပိယ, အတိပိယ, မဇ္ဈတ္တ, ဝေရီ (=ပုဂ္ဂိုလ် ၄-ယောက်) မဟာဋီကာ၊ပ၊နှာ-၃၄၅။
၃။ မူလပဏ္ဏာသပါဠိတော်၊နှာ-၁၁၁။ ၄။ သံယုတ်ပါဠိတော်၊ပ၊နှာ-၁၆၄။

သတ္တိ'မေ ဘိက္ခဝေ ဓမ္မာ သပတ္တကန္တာ သပတ္တကရဏာ ကောဓနံ အာဂစ္ဆန္တိ ဣတ္ထိံ ဝါ ပုရိသံ ဝါ။ ကတမေ သတ္တ—

ကောဓနော ကောဓာဘိဘူတော၊ ဒုဗ္ဗဏ္ဏော ဒုက္ခပသာနေ၊
ဟီနဒ္ဒနဘောဂယသော၊ အမိတ္တော ဒုဂ္ဂတိံ ဂတော။
သတ္တိမေ နံ အာဂစ္ဆန္တိ၊ ကောဓနံ ဝေရိပတ္ထိတာ။

ဥဘတော ပဒိတ္တံ ဆဝါ-လာတံ မဇ္ဈေ စ ဂူထဂံ။
ဂါမေ ဝနေ န ကဋ္ဌတ္ထံ၊ တထူပမော'ဝ ကောဓနော။

န တံ့ သာသနိကော ကုဇ္ဈိ၊ ဒုဇ္ဇယံ စ န ဇေဿသိ။
အတ္တာ ကာဟိသိ ဝေရိဋ္ဌံ၊ ဆဝါလာတောဝ ဟောဿသိ[၁]။

ဟု–ကိုယ့်ရှင်ကိုယ် ဆုံးမ၍ ဖျောက်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဩစရကာ၊ ယုတ်မာမှုကို ပြုကျင့် တတ်ကုန်သော။ စောရာ၊ ခိုးသူတို့သည်။ ဥဘတောဒဏ္ဍကေန၊ နှစ်ဖက်အရိုးတပ်သော။ကကစေန၊ လွှကြီးဖြင့်။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ စေပိ ဩကန္တေယျုံ၊ အကယ်၍ တိုက်ဖြတ်ကုန်စေကာမူ။ တတြာပိ၊ ထိုတိုက်ဖြတ်သူတို့၌လည်း။ ယော၊ အကြင် သူသည်။ မနော၊ စိတ်ကို။ ပဒေါသေယျ၊ ဖျက်ဆီးငြားအံ့။ မနောပဒေါသေယျ၊ စိတ်ဖြင့် ပြစ်မှားငြားအံ့။ သော၊ ထိုသူသည်။ တေန၊ ထိုအမျက်ထွက်ခြင်းဖြင့်။ မေ၊ ငါ၏။ သာသနံ၊ အဆုံးအမကို။ န ကရောတိ၊ လိုက်နာသည် မမည်။

သဗ္ဗပါပဿ အကရဏံ ဟိ သာသနံ[၂]။ ဋီကာ (၊ပ၊နှာ-၃၅၅)

ယော၊ အကြင်သူသည်။ ကုဒ္ဓံ၊ မျက်မာန်လိုက်ဆူ ရန်မူလာသော သူတပါးကို။ ပဋိကုဇ္ဈတိ၊ ရန်တုံ့မူလျက် မျက်ပြန်ထွက်၏။ သော၊ ထိုသူသည်။ တေန၊ ထိုမျက် ပြန် ထွက်ခြင်းကြောင့်။ တဿေဝ၊ ထိုသူထက်ပင်လည်း။ ပါပိယော၊ ယုတ်မာ လွန်သည်။ ဟောတိ၊ ဖြစ်၏။

သာရမ္ဘာဒိကဿ ကိလေသာနုဗန္ဓဿ ဝတ္ထုဘာဝတော ကောဓဿ သာဝဇ္ဇတံ ဥတ္တာပိ ကုဇ္ဈနတော။ ဋီကာ(၊ပ၊နှာ-၃၅၅)

---

၁။ အစ စုဏ္ဏိယမှာ အင်္ဂုတ္တိုရ်ပါဠိတော်၊ဒု၊ကောဓနသုတ်၊နှာ-၄၆၉-အတိုင်း ဖြစ်သည်။ ဂါထာများမှာ ယင်းသုတ်ကိုမှီ၍ ဝှင်း,ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၂၉၁-ကို မှီ၍ဝှင်း စီထား ခြင်း ဖြစ်သည်။

၂။ ဟိ၊ မှန်၏။ သဗ္ဗပါပဿ၊ အလုံးစုံသော မကောင်းမှုကို။ အကရဏံ၊ မပြုခြင်းသည်။ သာသနံ၊ မြတ်စွာဘုရား၏ အဆုံးအမတည်း။

ကုဒ္ဓံ၊ အမျက်ထွက်လာသူကို။ အပ္ပဋိကုဇ္ဈန္တော၊ ရန်တုံ့မဖက် မျက်ပြန်မထွက်သော သူသည်ကား။ ဒုဇ္ဇယံ၊ အောင်နိုင်ခဲသော။ သင်္ဂါမံ၊ စစ်ပွဲကို။ ဇေတိ၊ အောင်သည်မည်၏။

ယော၊ အကြင်သူသည်။ ပရံ၊ သူတပါးကို။ သံကုပိတံ၊ ခြောင်းခြောင်းအမျက်ထွက်သည်ကို။ ဉတွာ၊ သိ၍။ သတော၊ သတိဖြင့်တည်း စောင့်စည်းထိန်းသိမ်းလျက်။ ဥပသမ္မတိ၊ ငြိမ်သက်စွာနေ၏။ သော၊ ထိုသူသည်။ အတ္တနော စ၊ မိမိ၏၎င်း။ ပရဿ စ၊ သူတပါး၏၎င်း။ ဥဘိန္နံ၊ နှစ်ဦးသားတို့၏၊ အတ္ထံ၊ ပစ္စုပ်တမလွန် နှစ်တန်သော အကျိုးကို။ စရတိ၊ ကျင့်ရာကျ၏။

အမျက်ကြီးသူ၏ အပြစ် ၇-ပါး။ ။ဘိက္ခဝေ၊ ရဟန်းတို့။ သပတ္တကန္တာ၊ ရန်သူတို့သည် နှစ်လိုအပ်ကုန်သော။ သပတ္တကရဏာ၊ ရန်သူတို့သည် ပြုထိုက်ကုန်သော။ ဣမေ သတ္တဓမ္မာ၊ ဤတရား ခုနစ်ပါးတို့သည်။ ကောဓနံ၊ အမျက်ကြီးသော။ ဣတ္ထိံ ဝါ၊ မိန်းမသို့၎င်း။ ပုရိသံ ဝါ၊ ယောကျ်ားသို့၎င်း။ အာဂစ္ဆန္တိ၊ ရောက်လာကုန်၏။ ကတမေ သတ္တ၊ အဘယ်ခုနစ်ပါးတို့နည်း ဟူမူကား—

ကောဓနော၊ အမျက်ကြီးသောသူသည်။ ကောဓာဘိဘူတော၊ အမျက်ဖိစီးအပ်ရကား။ ဒုဗ္ဗဏ္ဏော၊ခုရော နောင်ပါ ရုပ်ဝါမလှသည်။ ဟောတိ၊ ဖြစ်၏။

ဒုက္ခံ ပဿနော၊ ခုရော နောင်လဲ ဆင်းရဲ တွေ့မြင်ရသည်။ ဟောတိ၊ ဖြစ်၏။

ဟီနဒ္ဓနဘောဂ ယသော၊ ဥစ္စာ, အသုံး အဆောင်, အကျော် အစော ရှေ့လျော ယုတ်လျော့သည်။ ဟောတိ၊ ဖြစ်၏။

အမိတ္တော၊ မိတ်ဆွေဖော်လှော် မရှိသည်။ ဟောတိ၊ ဖြစ်၏။

ဒုဂ္ဂတိံ ဂတော၊ အပါယ်လားရသည်။ ဟောတိ၊ ဖြစ်၏။

ဝေရိပတ္ထိတာ၊ ရန်သူတို့သည် တောင့်တအပ်ကုန်သော။ ဣမေ သတ္တ ဓမ္မာ၊ ဤ ခုနစ်ပါးကုန်သော သဘောအပြစ်တို့သည်။ နံ ကောဓနံ၊ ထိုအမျက်ကြီးသောသူသို့။ အာဂစ္ဆန္တိ၊ ဆိုက်ရောက်လာကုန်၏။

ဥဘတောပဒိတ္တံ၊ နှစ်ဖက်အစွန်း မီးလောင် ကျွမ်းသော။ မဇ္ဈေ စ ဂူထဂံ၊ အလယ်၌လည်း မစင်လူးသော။ ဆဝါလာတံ၊ သူကောင်ဖုတ်သောထင်းစ သည်။ ဂါမေ၊ ရွာ၌၎င်း။ ဝနေ၊ တော၌၎င်း။ ကဋ္ဌတ္တံ၊ ထင်းကိစ္စကို။ န ဖရတိ၊ မပြီးစေတတ်။ ကောဓနော၊အမျက်ကြီးသူသည်။ တထူပမော ဝေ၊ ထိုထင်းကုလားနှင့် အလားတူသည်သာလျှင်တည်း။

တွံ၊ သင်သည်။ ကုဇ္ဈံ=ကုဇ္ဈန္တော၊ အမျက်ထွက်သည်ရှိသော်။ န သာသနိ ကော၊ ကကစူပမ စသော ဩဝါဒကို မလိုက်နာရာကျလတ္တံ့။ ဒုဇ္ဇယံ စ၊ အောင်နိုင်ခဲသော စစ်မက်ကိုလည်း။ န ဇေဿသိ၊ မအောင်လတ္တံ့။ ဝေရိဏ္ဍံ၊ ရန်သူလိုဆု အပြစ်စုကို။ အတ္တာ၊ ကိုယ့်ရှင်ကိုယ်သည်ပင်။ ကာဟိသိ၊ ပြုရလျက်ရှိလတ္တံ့။ ဆဝါလာ-တော ဣဝ၊ ရွာ့ တော မသုံး ထင်းကုလားတုံးကဲ့သို့။ ဟေဿသိ၊ ဖြစ်ရလတ္တံ့။ ဤကား အနက်။

သို့ အောက်မေ့ဆုံးမ၍မှလည်း ဒေါသ မပြေငြိမ်းသေးလျှင် ထိုပုဂ္ဂိုလ်၏ မကြည်ညိုဖွယ်ကို မကြံမစည်မူ၍ ကြည်ညိုဖွယ်သော ကာယ, ဝစီ, မနော သမာစာရကိုသာ အောက်မေ့၍ ဖျောက်အပ်၏။

ကြည်ညိုဘို့ရာ တစုံတခုမျှ မရှိလျှင်—

ကိစ္ဆာပိ ဒါနိ မနုဿော၊ ကတိပါဟစ္စယေန သော။
အဠ္ဌ သောဌ္ဌသ နိ်ရယေ၊ ပရိပူရော ဘဝိဿတိ[၁]။

သော၊ ဤပုဂ္ဂိုလ်သည်။ ဒါနိ၊ ယခုဘဝ၌။ ကိစ္ဆာပိ မနုဿော၊ လူတို ဘောင်ဝယ် တောင်လယ် မြောက်သွား အကယ်၍ လူဖြစ်လင့်ကစား။ ကတိပါ-ဟစ္စယေန၊ အသက်ကုန်ပျောက် ဘေးရောက်သည့်ခါ အတန်ကြာသဖြင့်။ အဠ္ဌသောဌ္ဌသနိရယေ၊ ငရဲကြီးရှစ်သွယ် ငရဲငယ် တဆဲ့ခြောက်လုံးတို့ကို။ ပရိပူရော၊ ပြည့်စေသည်။ ဘဝိဿတိ၊ ဖြစ်ရှာလိမ့်တကား။

သဉ္ဇီဝါဒယော အဠ္ဌ မဟာနိရယာ၊ အဝီစိမဟာနိရယဿ စတုဒ္ဒွါရေ စတ္တာရော စတ္တာရော ကတွာ ကုက္ကုဠာဒယော သောဠ္ဌသ ဥဿဒနိရယာ။

ဋီကာ (၂ပ၊နှာ-၃၅၇)

ဤသို့ ကရုဏာကို ဖြစ်စေ၍ ဖျောက်အပ်၏။

သို့မှ မပျောက်သေးမူ—

အတ္တနော ဝိသယေ ဒုက္ခံ၊ ကတံ တေ ယဒိ ဝေရိနာ။
ကိံ တဿာ ဝိသယေ ဒုက္ခံ၊ သစိတ္တေ ကတ္တု'မိစ္ဆသိ။

ဗဟူပကာရံ ဟိတွာန၊ ဉာတိဝဂ္ဂံ ရုဒံ မုခံ။
မဟာနတ္ထကရံ ကောဓံ၊ သပတ္တံ န ဇဟာသိ ကိံ။

ယာနိ ရက္ခသိ သီလာနိ၊ တေသံ မူလနိကန္တနံ။
ကောဓံ နာမုပလာလေသိ၊ ကော တယာ သဒိသော ဇဠော။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ၂၉၂-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ကတံ အနုရိယံ ကမ္မံ၊ ပရေန ဋ္ဌတိ ကုဇ္ဈသိ။
ကိန္နု တွံ တာဒိသံယေဝ၊ ယော သယံ ကတ္တုမိစ္ဆသိ။

ဒေါသေတုကာမော ယဒိ တံ၊ အမနာပံ ပရော ကရိ။
ဒေါသုပ္ပါဒေန တဿေ’ဝ၊ ကိံ ပူရေသိ မနောရထံ။

ဒုက္ခံ တဿ စ နာမ တွံ၊ ကုဒ္ဓေါ ကာဟသိ ဝါ န ဝါ။
အတ္တာနံ ပနိ’ဒါနေဝ၊ ကောဓဒုက္ခေန ဗာဓသိ။

ကောဓံ ဝါ အဟိတံ မဂ္ဂံ၊ အာရူဠှာ ယဒိ ဝေရိနော။
ကသ္မာ တုဝမ္ပိ ကုဇ္ဈန္တော၊ တေသံယေဝါ’ နုသိက္ခသိ။

ယံ ဒေါသံ တဝ နိဿာယ၊ သတ္တုနာ အပ္ပိယံ ကတံ။
တမေ’ဝ ဒေါသံ ဆိန္ဒဿု၊ ကိ’မဋ္ဌာနေ ဝိဟညသိ။

ခဏိကတ္တာ စ ဓမ္မာနံ၊ ယေဟိ ခန္ဓေဟိ တေ ကတံ။
အမနာပံ နိရုဒ္ဓါ တေ၊ ကဿ ဒါနိ’ဓ ကုဇ္ဈသိ။

ဒုက္ခံ ကရောတိ ယော ယဿ၊ တံ ဝိနာ ကဿ သော ကရေ။
သယမ္ပိ ဒုက္ခဟေတု တွံ၊ ဣတိ ကိံ တဿ ကုဇ္ဈသိ။

ဟု-မိမိကိုယ်ကို ဆုံးမ၍ ဖျောက်အပ်၏။ ဆယ်ဂါထာ[၁]။

ဝေရိနာ၊ ရန်သူသည်။ အတ္တနော ဝိသယေ၊ မိမိစွမ်းနိုင်ရာ ရူပကာယ၌။ တေ၊ သင်အား။ ဒုက္ခံ၊ ကာယိကဒုက္ခကို။ ယဒိကတံ၊ အကယ်၍ပြုစေကာ။ တဿ၊ ထိုရန်သူ၏။ အဝိသယေ၊ မစွမ်းနိုင်ရာဖြစ်သော။ သစိတ္တေ၊ မိမိစိတ်၌။ ဒုက္ခံ၊ စေတသိက ဒုက္ခကို။ ကတ္တုံ၊ ပြုခြင်းငှါ။ ကိံ ဣစ္ဆသိ၊ အဘယ့်ကြောင့် အလိုရှိသနည်း။

ဗဟူပကာရံ၊ များသော ကျေးဇူးရှိသော။ ရုဒံ မုခံ၊ မျက်ရည်စက်လက် မျက်နှာရှိသော။ ဉာတိဝဂ္ဂံ၊ ဆွေပုံမျိုးပေါင်းကို။ ဟိတွာန၊ စွန့်ပစ်နိုင်ထပြီးလျက်။ မဟာနတ္ထကရံ၊ မျက်မှောက်တမလွန် နိဗ္ဗာန်ကျိုးကြီး ပျက်စီးအောင်ပြုတတ်သော။ သပတ္တံ၊ ရက်ခိုက်ဘီလူးကဲ့သို့ ပူးဝင်ကျရောက်တတ်သော။ ကောဓံ၊ အမျက်ဒေါသကို။ ကိံ နဇဟာသိ၊ ဘယ့်ကြောင့် မစွန့်နိုင်ရှိဘိသနည်း။

တွံ၊ သင်သည်။ ယာနိ သီလာနိ၊ အကြင်သီလဘို့ကို။ ရက္ခသိ၊ စောင့်ထိန်း၏။ တေသံ၊ ထိုသီလတို့၏။ မူလနိကန္တနံ၊ ဟိရော’တ္တပ္ပ ခန္တိ, မေတ္တာ’နုဒယာ ဟူသော အရင်းအမြစ်ကို ရစ်ဖြတ်တတ်သော။ ကောဓံ နာမ၊ အမျက်မည်သည်

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ ပါနှာ-၂၉၃-လာ ဂါထာများ။

ကို။ ဥပလာလေသိ၊ မိမိကိုယ်ဝယ် စမွယ်စေဘိ၏။ တယာ၊ သင်နှင့်။ သဒိသော၊ တူသော။ ဇဋ္ဌော၊ ငမိုက်ကာဏ်းသည်။ ကော၊ ဘယ်သူရှိသေးသနည်း။

ပရေန၊ ရန်သူသည်။ အနရိယံ ကမ္မံ၊ ယုတ်မာသောအမှုကို။ ကတံ၊ ငါ့အား ပြုလာ၏။ ဣတိ၊ ဤသို့။ ယော တွံ၊ အကြင်သင်သည်။ ကုဇ္ဈသိ၊ အမျက်ထွက်၏။ သော တွံ၊ ထိုသင်သည်။ တာဒိသံယေဝ၊ ထိုကဲ့သို့သော အမှုကိုပင်လျှင်။ သယံ ကတ္တုံ၊ ကိုယ်ကပြုခြင်းငှါ။ ဣစ္ဆသိ ကိန္နု၊ အလိုရှိပြန်သလော။

ပရော၊ ရန်သူသည်။ တံ၊ သင့်ကို။ ဒေါသေတုကာမော၊ စိတ်ဆိုးစေလို၍။ အမနာပံ၊ နှလုံးမပွါးစေမှု မနှစ်လိုမှုကို။ ယဒိ ကရိ၊ အကယ်၍ပြုအံ့။ ဒေါသုပ္ပါ-ဒေန၊ အမျက်ကိုဖြစ်စေသဖြင့်။ တဿေဝ၊ ထိုရန်သူ၏သာလျှင်။ မနောရထံ၊ စိတ်အလိုကို။ ပူရေသိ ကိံ၊ ပြည့်စေရာ မရောက်လော။ ဝါ- ကိံ ပူရေသိ၊ ဘယ့်ကြောင့် ပြည့်စေဘိသနည်း။

ကုဒ္ဓေါ၊ အမျက်ထွက်လိုသည့်။ တွံ နာမ၊ သင်မည်သည်။ တဿ၊ ထိုရန်သူ၏။ ဒုက္ခံ၊ ဆင်းရဲကို။ ကာဟသိ ဝါ၊ ပြုနိုင်သည်လည်း ရှိလတ္တံ့။ န ဝါ၊ မပြုနိုင်သည်လည်း ရှိလတ္တံ့။ အတ္တာနံ ပန၊ မိမိကိုယ်ကိုကား။ ကောဓနေဝ၊ ယခုကပင်။ ကောဓ ဒုက္ခေန၊ စေတသိကဒုက္ခဖြင့်။ ဗာဓသိ၊ နှိပ်စက်နှင့်ပြီ။

ဝေရိနော၊ ရန်သူတို့သည်။ အဟိတံ၊ စီးပွါးမဲ့ကိုဆောင်တတ်သော။ ကောဓံ မဂ္ဂံ၊ အမျက်ဟူသော ဒုဂ္ဂတိလမ်းသို့။ ယဒိ အာရူဠှာ၊ အကယ်၍ တက်ကုန်သည် ဖြစ်အံ့။ ကသ္မာ၊ အဘယ့်ကြောင့်။ တုဝမ္ပိ၊ သင်သည်လည်း။ ကုဇ္ဈန္တော၊ အမျက်ထွက်သည်ဖြစ်၍။ တေသံယေဝ၊ ထိုအပါယ်လမ်းလိုက် ရန်သူမိုက်တို့သို့သာလျှင်။ အနုသိက္ခသိ၊ အတုလိုက်၍ ကျင့်ဘိသနည်း။

တဝ၊ သင်၏။ ယံ ဒေါသံ၊ အကြင်အပြစ်ကို။ နိဿာယ၊ မှီ၍။ သတ္တုနာ၊ ရန်သူသည်။ တဝ၊ သင်၏။ အပ္ပိယံ၊ မချစ်မနှစ်သက်ဖွယ်ကို။ ကတံ၊ ပြုအပ်၏။ တမေဝ ဒေါသံ၊ မူလရင်းမြစ် ထိုအပြစ်ကိုသာလျှင်။ ဆိန္ဒဿု၊ ဖြတ်တောက်လော။ အဋ္ဌာနေ၊ စေခိုင်းသည့်ကျွန် တိုက်ထွန်သည့်နွား လက်ဖျားရန်သူ အရာမဟုတ်သူ၌။ ကိံ ဝိဟညသိ၊ အဘယ့်ကြောင့် အပန်းရှာဘိသနည်း။

စ၊ တနည်းလည်း။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ ခဏိကတ္တာ၊ ခဏချက်ဖြုတ် တမဟုတ်မျှတည်ခြင်းကြောင့်။ ယေဟိ ခန္ဓေဟိ၊ အကြင်ခန္ဓာတို့သည်။ တေ၊ သင်၏။ အမနာပံ၊ မနှစ်လိုဖွယ်ကို။ ကတံ၊ ပြုအပ်၏။ တေ ခန္ဓာ၊ ထိုခန္ဓာတို့သည်။ နိရုဒ္ဓါ၊ ချုပ်ပျောက်လွန်ဘိ မရှိလေကုန်ပြီ။ ဒါနိ၊ ယခု။ ဣဓ၊ ဤရန်သူ၌။ ကဿ၊ အဘယ်ခန္ဓာအား။ ကုဇ္ဈသိ၊ အမျက်ထွက်၍ နေဘိသေးသနည်း။ 'ခုတ်ရာတပါး ရှရာတခြား' ဟူလိုသည်။

ယော၊ အကြင်သူသည်။ ယဿ၊ အကြင်သူအား။ ဒုက္ခံ၊ ဆင်းရဲကို။ ကရောတိ၊ ပြု၏။ သော၊ ထိုပြုတတ်သူသည်။ တံ၊ ထိုပြုအပ်သူကို။ ဝိနာ၊ ကြဉ်၍။ ကဿ၊ ဘယ်သူအား။ ကရေ၊ ပြုနိုင်ရာအံ့နည်း။ ဣတိ၊ ဤသို့။ သယမ္ပိ၊ ကိုယ်တိုင်သည်လည်း။ ဒုက္ခဟေတု၊ ဆင်းရဲ၏ အကြောင်းဖြစ်ပါလျက်။ တံ့၊ သင်သည်။ တဿ၊ ထိုသူတယောက်အားသာလျှင်။ ကိံကုဇ္ဈသိ၊ ဘယ့်ကြောင့် စိတ်ထွက်ပေဘိသနည်း။ မီးခတ်နှင့် ကျောက် နှစ်ခုကြောင့် မီးဖြစ်၍ လောင်ခါ မီးခတ်ကိုသာ အပြစ်မဆိုသင့် ဟူလိုသည်။ ဤကား အနက်။

သို့မှ ပဋိဃ မငြိမ်းနိုင်မူ—

သဗ္ဗေ ကမ္မဿကာ သတ္တာ၊ ကမ္မံ သတ္တေ ဝိဘဇ္ဇတိ။
ဟီနပ္ပဏီတ ဘာဝါယ၊ န စိန္တာယ သမိဒ္ဓိနော[၁]။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကမ္မဿကာ၊ ကံသာလျှင် ဥစ္စာရှိကုန်၏။ ဟီနပ္ပဏီတ ဘာဝါယ၊ ယုတ်သော မြတ်သော ဖြစ်ခြင်းငှါ။ သတ္တေ၊ သတ္တဝါတို့ကို။ ကမ္မံ၊ ကံသည်။ ဝိဘဇ္ဇတိ၊ ဝေဖန်၏။ စိန္တာယ၊ လိုတိုင်းသော အကြံဖြင့်။ န သမိဒ္ဓိနော၊ မပြည့်စုံနိုင်ကုန်။

ဤသို့ စသည်ဖြင့် ကမ္မဿကတာကို ဆင်ခြင်၍ ဖျောက်အပ်၏။

သို့မှ မငြိမ်းနိုင်မူ—မိဖုရားကို ပြစ်မှားသော အမတ်ယုတ် ဆောင်ကြဉ်းခဲ့သော ရန်သူမင်းသည် ယူဇနာ သုံးရာရှိသော တိုင်းပြည်ကြီးကို ယူပြီးလျှင် အမတ် သူရဲတထောင်နှင့်တကွ အာမကသုသာန်၌ လည်ပင်းထိ မြေမြှုပ်ခံရသော်လည်း စိတ္တပ္ပဒေါသကိုမျှ မပြုမူ၍ တောခွေး ဘီလူးတို့ကို မှီလျက် အသက်စည်းစိမ်ကို ရ၍—

အာသီသေထေဝ ပုရိသော၊ န နိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ၊ ယထာ ဣစ္ဆိံ တထာ အဟု[၂]။

ပုရိသော၊ ယောကျ်ားသည်။ အာသီသေထေဝ၊ အာသာရှိရာသလျှင်က တည်း။ ပဏ္ဍိတော၊ ပညာရှိသည်။ န နိဗ္ဗိန္ဒေယျ၊ အာသာရှိခြင်း၌ မငြီးငွေ့ရာ။ ယထာ၊ အကြင်အခြင်းဖြင့်။ ဣစ္ဆိံ၊ အလိုရှိ၏။ တထာ၊ ထိုအခြင်းဖြင့်။ အဟု၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ အဟံ၊ ငါသည်။ အတ္ထံ၊ အကျိုးစီးပွါးသို့။ ပတ္တံ၊ ရောက်သော။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဿာမိ၊ မြင်၏။

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ပ၊ နှာ-၃၁၁။

၂။ ဇာတက၊ ပ၊ မဟာသီလဝဇာတက၊ နှာ-၁၃။

ဤသို့ ရွတ်ဆိုဟောထားသော ဘုရားအလောင်းတော် သီလဝမင်းဇာတ်။

ထိုမှတပါးလည်း ခန္တိဝါဒီဇာတ်[၁] စူဠဓမ္မပါလဇာတ်[၂] ဆဒ္ဒန္တဇာတ်[၃] မဟာကပိဇာတ်[၄] ဘူရိဒတ်ဇာတ်[၅] စမ္မေယျဇာတ်[၆] သခ်ပါလဇာတ်[၇] မာတုပေါသကဇာတ်[၈] စသော များစွာသော ဇာတ်တော်တို့၌ ကျင့်ကြံသည်းခံတော်မူခဲ့ဘူးသော ဘုရားလောင်း၏ ပုဗ္ဗစရိယ ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်၍—

တံ တံ ဇာတိျု ခမိတ္တာန၊ ဒါနိ သဗ္ဗညုတံ ဂတံ။
အပဒိဿတော သတ္ထာရံ၊ အယုတ္တံ ကောပ ကာတဝေ[၉]။

တံ တံ ဇာတိျု၊ ထိုထိုအဖြစ်၌။ ခမိတ္တာန၊ သူတပါး၏ ပြစ်မှားလတ်ပြုညှဥ်းဆဲမှုကို စိတ်ခုမကြံ သည်းခံတော်မူခဲ့၍။ ဒါနိ၊ ယခု။ သဗ္ဗညုတံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ ဂတံ၊ ရောက်သော။ သတ္ထာရံ၊ ဆရာဘုရားကို။ အပဒိဿတော၊ ရည်ညွှန်းရှေးရှု ရဟန်းပြုသော သင်အား။ ဝါ၊ သင်သည်။ ကောပံ၊ အမျက်ကို။ ကာတဝေ၊ ပြုခြင်းငှါ။ အယုတ္တံ၊ မသင့်လွန်း တကား။

ဤသို့ ကိုယ်ကို ဆုံးမ၍ ဖျောက်အပ်၏။

သို့မှလည်း မငြိမ်းနိုင်သေးလျှင် —

န သော ဘိက္ခဝေ သတ္တော သုလဘရူပေါ။ ယော န မာတာဘူတပုဗ္ဗော။ ယော န ပိတာဘူတပုဗ္ဗော။ ယော န ဘာတာဘူတပုဗ္ဗော။ ယော န ဘဂိနီဘူတပုဗ္ဗော။ ယော န ပုတ္တော ဘူတပုဗ္ဗော။ ယော န ဓီတာ ဘူတပုဗ္ဗော။

အစရှိသော အနမတဂ္ဂိယသုတ်[၁၀] ဒေသနာ လာသည့်အတိုင်း သက်စွန့်ရှုစူးပြုခဲ့ဘူးသော ကျေးဇူးဥပကာရတို့ကို ဆင်ခြင်၍ ဖျောက်အပ်၏။

သို့မှ မငြိမ်းစေနိုင်လျှင်—

သင်္ဂဟ ဂါထာ[၁၁]

သုဘာဝိတာယ မေတ္တာယ၊ သုခံ သုပတိ ဗုဇ္ဈတိ။
န ပဿေ ပါပသုပိနံ၊ ပိဟာယန္တိ နရာ မရူ။

---

၁-၂-၃-၄-၆-၈။ ဇာတက၊ ပ၊ နှာ-၉၉။ ၁၂၅။ ၃၇၁။၃၈၀။၃၃၈။၂၂၆။
၅-၇။ ဇာတက၊ ဒု၊ နှာ-၂၂၁၊၁၆။
၉။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၂၉၈-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။
၁၀။ သံယုတ်ပါဠိတော်၊ ပ၊ နှာ-၃၉၅။
၁၁။ အင်္ဂုတ္တိုရ် ပါဠိတော်၊ တ၊ ကောဒသကနိပါတ်၊ နှာ-၃၄၂-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ဒေဝါ ရက္ခန္တိ နဂ္ဂါဒိ၊ ကမေ ခိပ္ပံ သမာဓိယေ။
ပသီဒတိ မုခဝဏ္ဏော၊ ကာလက်ရော အမူဠ္ဌကော။

ဥဒ္ဓံ'မပ္ပဋိဝိဇ္ဈန္တော၊ ဗြဟ္မလောကူပဂေါ ဣတိ။
ကောဒသ အာနိသံသာ၊ ပါဠိကခ်ါ အသံသယာ။

မေတ္တာ အကျိုး ၁၁-ပါး။ ။မေတ္တာယ၊ မေတ္တာစေတောဝိမုတ္တိစျာန်ကို။ သုဘာဝိတာယ၊ ကောင်းစွာ ပွါးစေအပ်သည်ရှိသော်။ သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။ သုခံ၊ ချမ်းသာစွာ။ ပုဗ္ဗုဇ္ဈတိ၊ နိုးရ၏။ ပါပသုပိနံ၊ မကောင်းသော အိပ်မက်ကို။ န ပဿေ၊ မမြင်မက်။ နရာ၊ လူတို့သည်။ ပိယာယန္တိ၊ ချစ်ကုန်၏။ မရူ၊ နတ်တို့သည်။ ပိယာယန္တိ၊ ချစ်ကုန်၏။

ဒေဝါ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင့်ကုန်၏။ အဂ္ဂါဒိ၊ မီး,အဆိပ် လက်နက်တို့သည်။ န ကမေ၊ မလောင် မတက် မဝင်။ ခိပ္ပံ၊ လျင်စွာ။ သမာဓိယေ၊ တည်ကြည်၏။ မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။ အမူဠ္ဌကော၊ မတွေမဝေ။ ကာလက်ရော၊ စုတေရ၏။

ဥဒ္ဓံ၊အထက်မဂ်,ဖိုလ်ကို။အပ္ပဋိဝိဇ္ဈန္တော၊ထိုးထွင်း၍ မသိရသေးသည်ရှိသော်။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မပြည်သို့လားရ၏။ ဣတိ၊ ဤသို့။ကောဒသအာနိသံသာ၊ တဆဲ့တပါးသောအကျိုး အာနိသင်တို့ကို။ပါဠိကခ်ါ၊ လိုအပ်ကုန်၏။ အသံသယာ၊ ယုံမှား မရှိရကုန်။

ဤမေတ္တာနိသံသ တဆဲ့တပါးတို့ကို စဉ်းစားဆင်ခြင်၍—

နိဗ္ဗာပေဿသိ နေသ စေ တွံ၊ ပဒုဋ္ဌံ ဒုမ္မနံ ဣဒံ။
ကောဒသာနိသံသေဟိ၊ ဗာဟိရော သော ဘဝိဿသိ[1]။

သော တွံ၊ ထိုသင်သည်။ ပဒုဋ္ဌံ၊ ပြစ်မှားသော။ ဣဒံ ဒုမ္မနံ၊ ဤစိတ်ပျက်ကို။ နေသ စေ နိဗ္ဗာပေဿသိ၊ အကယ်၍ မငြိမ်းစေအံ့။ ကောဒသာနိသံသေဟိ၊ တဆဲ့တပါးသောအကျိုး အာနိသင်တို့မှ။ ဗာဟိရော၊ လွှင့်စင်သည်။ ဘဝိဿသိ၊ ဖြစ်ရပေလတ္တံ့။

ဤသို့ ဆုံးမ၍ ဖျောက်အပ်၏။

သို့မှ မတတ်နိုင်လျှင်—

တေ ဘော ကုဇ္ဈမာနော တွံ၊ ကံသု တေဿ ကုဇ္ဈသိ။
ကေသာဒိ ပထဗျာဒိ ဝါ၊ ရူပက္ခန္ဓာဒိကမ္ပိ ဝါ[2]။

---

၁။ ဝိသုဒ္ဓိ အဋ္ဌကထာ၊ ပ၊ နှာ-၂၉၉-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။
၂။ ဝိသုဒ္ဓိ အဋ္ဌကထာ၊ ပ၊ နှာ-၂၉၉-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ဘော၊ အို-ရဟန်း။ တေ၊ ထိုရန်သူကို။ ကုဇ္ဈမာနော၊ အမျက်ထွက်နေသော။ တွံ၊ သင်သည်။ တဿ၊ ထိုရန်သူ၏။ ကံသု၊ အဘယ်ဘုရားကိုလျှင်။ ကုဇ္ဈသိ၊ အမျက်ထွက်နေဘိသနည်း။ ကေသာဒိ ဝါ၊ ဆံစသည်ကိုတည်း။ ကုဇ္ဈသိ၊ အမျက်ထွက်နေသလော။ ပထဗျာဒိ ဝါ၊ ပထဝီဓာတ်စသည်ကိုတည်း။ ကုဇ္ဈသိ၊ အမျက်ထွက်နေသလော။ ရူပက္ခန္ဓာဒိကမ္ပိ ဝါ၊ ရုပ်တရားအစု စသည်ကိုသော်တည်း။ ကုဇ္ဈသိ၊ အမျက်ထွက်နေသလော။

ဤသို့ ဓာတုဝိနိဗ္ဘောဂကို ပွါး၍ ဖျောက်လျှင် အာရဂ္ဂေ သာသပ, အာကာသေ စိတ္တကမ္မံကဲ့သို့ အမျက်ဘည်ရာမရ ပျောက်၏။

ဓာတုဝိနိဗ္ဘောဂကို မပွါးတတ်လျှင် ဒါနသံဝိဘာဂကို ပွါးအပ်၏။ မိမိဥစ္စာကို ပေးလှူ၊ ထိုသူဥစ္စာကို ယူရမည်။

> သစေ ပန ပရော ဘိန္နာဇီဝေါ ဟောတိ အပရိဘောဂါရဟပရိက္ခာရော၊ အတ္တနော သန္တကမေဝ ဒါတဗ္ဗံ၊ တဿေဝံ ကရောတော ဧကန္တေနေဝ တသ္မိံ ပုဂ္ဂလေ အာဃာတော ဝူပသမ္မတိ။

အဋ္ဌကထာ(ဝိသုဒ္ဓိ၊ပ၊နှာ-၂၉၉)နှင့်ညီစွာ ထိုသူမှာ စင်ကြယ်သော ပစ္စည်းမရှိလျှင် မိမိကသာ ပေးလှူအပ်၏။အလဇ္ဇီပင်ဖြစ်သော်လည်း စင်ကြယ်သောပစ္စည်းရှိက အဂတိဂမန စိတ်မပါ မေတ္တာဘာဝနာ ပြည့်စုံစေခြင်းငှါ ဓမ္မာနုဂ္ဂဟအားဖြင့် ခံယူ သုံးဆောင်အပ်၏။ "ဘိန္နာဇီဝေါ အပရိဘောဂါရဟ ပရိက္ခာရော"ကို ထောက်။ ဝိနည်းဋီကာတို့ကိုလည်း ရှု။

ဤသို့ ဒါနသံဝိဘာဂကို ပွါးက ဘဝအဆက်ဆက်က ပါသော အာဃာတပင် သော်လည်း နှစ်ဦးနှစ်ဝပျောက်ကြ၏။စိတ္တလတောင်ပေါ် ကျောင်း၌ ပိဏ္ဍပါတိက မထေရ်၏ ရှစ်ကျပ်တန် သပိတ်ကို ရသော မထေရ်ကြီးအားကဲ့သို့တည်း[၂]။

ထို့ကြောင့်—

> အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
> ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ[၃]။

ဟု–ဟောတော်မူသည်။

ဒါနံ၊ ပေးလှူခြင်းသည်။ အဒန္တဒမနံ၊ မယဉ်ကျေးသသူကို ဆုံးမကြောင်းတည်း။ ဒါနံ၊ ပေးလှူခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ အတ္တ,ပရ, ဒိဋ္ဌ,သမ္ပရာ

၁။ အာရဂ္ဂေ သာသပ= (အာရဂ္ဂ=ဆောက်ဖျား+သာသပ=မုန်ညင်းစေ့) ဆောက်ဖျား၌ မုန်ညင်းစေ့ကဲ့သို့ မတည်နိုင်။အာကာသေ စိတ္တကမ္မ=ကောင်းကင်၌ ပန်းချီဆေးရေး (သကဲ့သို့ ပျောက်ပျက်သည်)။

၂-၃။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၂၉၉။၃၀၀။

စစ္စာသောင်းသောင်း အကျိုးပေါင်းကို ပြီးစေနိုင်၏။ ဒါနေန၊ ပေးလှူခြင်းကြောင့်ရင်း။ ပိယဝါစာယ၊ ချစ်ဖွယ်စကားကြောင့်ရင်း။ ဥန္နမန္တိ၊ ပစ္စည်းဝန်ပုပ် သိမ်မြုပ်ပဲ လက်ဆုပ်ဖြေဆန့် ချီးဖြန့်ကြည်လင် ပစ္စည်းရှင်တို့ မျက်ရှင်လန်းပွင့် ကြီးမြင့်ကုန်၏။ နမန္တိ စ၊ လှူခံပုဂ္ဂိုလ် များထိုထိုလည်း မြက်ချိစားချင် တောသမင်^၁ သို့ ထံခွင်ညွတ်ကိုင်း လာရကုန်၏။

ပဋိဃပျောက်အောင် ကိုယ့်ကို ဆုံးမသော ဩဝါဒနည်းအစဉ် မာတိကာကား—

သမာပတ္တိ ကကစာဒိ၊ ပါသာဒိကာ ဈ စိန္တနံ။
ကရုဏာ စ နာနောဝါဒေါ၊ ကမ္မဿကတ္တ ဇာတကံ။

နာမတဂ္ဂိယာနိသံသာ၊ ဝိနိဗ္ဘောဂေါ စ ဓာတုနံ။
ဒါနန္တိ ကောဒသဓာ၊ အတ္တောဝဒနမာတိကာ^၂။

ရှေး အကျယ်ကိုရှု၍ အနက်ပေး။

**သီမသမ္ဘေဒ လက္ခဏာ။** ။ဤသို့လျှင် ဝေရီပုဂ္ဂိုလ်၌ ငြိမ်းပြီးသော ပဋိဃရှိသော ယောဂီသည် ထိုဝေရီ၌ အဖန်ဖန် မေတ္တာပွါးပြီးလျှင်

---

၁။ ဝါတမိဂသမင်ဇာတ်။ ဇာ၊ဋ္ဌ၊ ၁၊ နှာ-၁၇၂။

၂။ (၁) သမာပတ္တိ၊ မေတ္တာစျာန် ဝင်စား၍ အမျက် ဖျောက်ခြင်းရင်း။ (၂) ကကစာဒိ၊ မိမိ၏ အင်္ဂါကြီးငယ်ကို လွှဖြင့် တိုက်ဖြတ်သူကို အမျက်မထွက်ပဲ သည်းခံသည့် ထုံးပုံ စသည်တို့ကို ဆင်ခြင်၍ သည်းခံခြင်းဖြင့် အမျက်ဖျောက်ခြင်းရင်း။ (၃) ပါသာဒိကာ ဈ စိန္တနံ၊ ရန်သူ၏ ကြည်ညိုနှစ်သက်ဖွယ်သော အကျင့်ကောင်းကို ကြံစည်အောက်မေ့၍ အမျက်ဖျောက်ခြင်းရင်း။ (၄) ကရုဏာ စ၊ ငရဲခံရမည့် ရန်သူကို သနားခြင်းဖြင့် အမျက်ဖျောက်ခြင်းရင်း။ (၅) နာနောဝါဒေါ၊ ဘုရားရှင်၏ ဩဝါဒ အမျိုးမျိုးဖြင့် မိမိကိုယ်ကို ဆုံးမ၍ အမျက်ဖျောက်ခြင်းရင်း။ (၆-၇) ကမ္မဿကတ္တ ဇာတကံ၊ သတ္တဝါတို့သည် ကံသာလျှင် ဥစ္စာရှိကြကုန်၏ ဟု ဆင်ခြင်၍ အမျက်ဖျောက်ခြင်း,ဇာတ်တော်လာနည်းဖြင့် အမျက် ဖျောက်ခြင်းရင်း။ (၈-၉) နာမတဂ္ဂိယာနိသံသာ၊ အနမတဂ္ဂသံယုတ်-မာတုသုတ် စသည်တို့၌ ဟောကြားထားသည့်အတိုင်း ဘဝသံသရာ၌ မိမိနှင့် မိဘဆွေမျိုးသားချင်း မတော်စပ်ခဲ့ဘူးသသူ မရှိဟု ဆင်ခြင်၍ အမျက်ဖျောက်ခြင်း, မေတ္တာအကျိုး ၁၁-မျိုးကို ဆင်ခြင်၍ အမျက်ဖျောက်ခြင်းတို့ရင်း။ (၁၀) ဓာတူနံ ဝိနိဗ္ဘောဂေါ စ၊ပထဝီဓာတ် စသည်ကို အမျက် ထွက်သလော စသည်ဖြင့် ပထဝီဓာတ် စသည်ကို အသီးသီး ခွဲထုတ်၍ အမျက်ဖျောက်ခြင်းရင်း။ (၁၁) ဒါနံ=ဒါန,အာဒါနံ၊ ဥစ္စာပေး,ယူသော အားဖြင့် အမျက်ဖျောက်ခြင်းရင်း။ ဣတိ၊ ဤသို့။ အတ္တော ဝဒန မာတိကာ၊ မိမိကိုယ်ကို ဆုံးမခြင်း မာတိကာတို့သည်။ ကောဒသဓာ၊ ၁၁-ပါး အပြားရှိကုန်၏။

အတ္တ,ပိယ,မဇ္ဈ,ဝေရီ လေးလီသောပုဂ္ဂိုလ်တို့၌ ညီမျှသောစိတ်ကို ဖြစ်စေလျက် သီမသမ္ဘေဒ[၁]ကို ပြုအပ်၏။

ယင်း သီမသမ္ဘေဒ၏ လက္ခဏာကား—လေးယောက် အတူနေကြရာ ခိုးသူ လာ၍ လည်ချောင်းသွေးဖြင့် ယဇ်နတ်ပူဇော်ရန် ရဟန်းတပါးကို ပေးပါ လော-ဟု တောင်းလာသောအခါ 'ငါ့ကို ယူစေတော့'ဟူ၍ စိတ်ဖြစ်လျှင်ပင် မေတ္တာမမျှ သီမသမ္ဘေဒ မဖြစ်၊ လေးယောက်သားတွင် တယောက်ကိုမျှပင် ပေးဘို့ရာ မမြင်မှ အတ္တ,ပိယ,မဇ္ဈ,ဝေရီ လေးလီပိုင်းခြား ကွဲပြားမရှိ သီမသမ္ဘေဒ ဖြစ်၏။ ထို့ကြောင့်—

အတ္တနိ ဟိတမဇ္ဈတ္တေ၊ အဟိတေ စ စတုဗ္ဗိဓေ။
ယဒါ ပဿတိ နာနတ္တံ၊ ဟိတစိတ္တောဝ ပါဏိနံ။
န နိကာမလာဘီ မေတ္တာယ၊ ကုသလီတိ ပဝုစ္စတိ။

ယဒါ စတဿော သီမာယော၊ သမ္ဘိန္နာ ဟောန္တိ ဘိက္ခုနော။
သမံ ဖရတိ မေတ္တာယ၊ သဗ္ဗလောကံ သဒေဝကံ။
မဟာဝိသေသော ပုရိမေန၊ ယဿ သီမာ န နာယတိ[၂]။

ဟု—ပေါရာဏဆရာတို့ မိန့်သည်။

**နာနတ္တဒဿီပုဂ္ဂိုလ်[၃]။** ။အတ္တနိ၊ မိမိ၌၎င်း။ ဟိတမဇ္ဈတ္တေ၊ ပိယပုဂ္ဂိုလ်, မဇ္ဈတ္တပုဂ္ဂိုလ်၌၎င်း။ အဟိတေ စ၊ ဝေရီပုဂ္ဂိုလ်၌၎င်း။ စတုဗ္ဗိဓေ၊ လေးပါးပြားသော ပုဂ္ဂိုလ်၌။ နာနတ္တံ၊ အထူးကို။ ယဒါ၊ အကြင် အခါ၌။ ပဿတိ၊ ရှုမြင်နေသေး၏။ တဒါ၊ ထိုအခါ၌။ သော၊ ထိုယောဂီကို။ ပါဏိနံ၊ သတ္တဝါတို့၏။ ဟိတစိတ္တော ဧဝ၊ အစီးအပွါးကို လိုလားသောစိတ် ရှိသသူဟူ၍မျှသာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

**န နိကာမလာဘီပုဂ္ဂိုလ်။** ။မေတ္တာယ၊ မေတ္တာ၌။ နိကာမ လာဘီ[၄]တိ၊ လိုတိုင်း ရသသူ ဟူ၍၎င်း။ ကုသလီတိ၊ အလွန်လိမ္မာခြင်း ရှိသသူဟူ၍၎င်း။ န ပဝုစ္စတိ၊ မဆိုထိုက်ချေ။

---

၁။ သီမသမ္ဘေဒ=(သီမ=အပိုင်းအခြား။ သမ္ဘေဒ=သံ+ဘေဒ=ဖျက်ဆီး) အပိုင်း အခြားကို ဖျက်ဆီးခြင်း (=တသားတည်းဖြစ်စေခြင်း)။

၂။ ဝိသုဒ္ဓိမဂ်၊ ဌ၊ပ၊နှာ-၃၀၀-၌ ညွှန်ပြသော ပေါရာဏဂါထာများ။

၃။ နာနတ္တဒဿီပုဂ္ဂိုလ်=န နိကာမလာဘီပုဂ္ဂိုလ်။

၄။ နိကာမ လာဘီပုဂ္ဂိုလ်=ကုသလီပုဂ္ဂိုလ်=သီမသမ္ဘေဒပုဂ္ဂိုလ်။

တနည်းလည်း—

ယဒါ ယတော၊ အကြင်ကြောင့်။ နာနတ္တံ၊ (ချစ်သူ,ရန်သူဟူ၍)ထူးခြားချက်ကို။ ပဿတိ၊ ရှုမြင်နေသေး၏။ တတော၊ ထိုကြောင့်။ မေတ္တာယ၊ မေတ္တာ၌။ နိကာမ လာဘီတိ၊ လိုတိုင်း ရသသူဟူ၍။ န ပဝုစ္စတိ၊ မဆိုအပ်။ ယဒါ ယတော၊ အကြင်ကြောင့်။ ပါဏိနံ၊ သတ္တဝါတို့၏။ ဟိတစိတ္တော ဝေ၊ အကျိုးစီးပွါးကို လိုလားစိတ် ရှိပေသလျှင်ကတည်း။ တတော၊ ထိုကြောင့်။ ကုသလီတိ၊ ကုသိုလ်ရှိသသူဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

**သီမသမ္ဘေဒပုဂ္ဂိုလ်။** ။ယဒါ၊ အကြင်အခါ၌။ ဘိက္ခုနော၊ ရဟန်း၏။ စတဿော သီမာယော၊ သိမ်လေးလုံး[၁]တို့သည်။ သမ္ဘိန္နာ၊ ပျက်ကုန် ရောစပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သဒေဝကံ၊ နတ်နှင့်တကွသော။ သဗ္ဗလောကံ၊ တလောကလုံးကို။ သမံ၊ အညီအမျှ။ မေတ္တာယ၊ မေတ္တာရေချမ်းဖြင့်။ ဖရတိ၊ အနှံ့မလွတ် ဖျန်းဆွတ်၏။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်းအား။ သီမာ၊ အပိုင်းအခြားကို။ န နာယတိ၊ မသိအပ်။ တဒါ၊ ထိုအခါ၌။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ပုရိမေန၊ ရှေး နာနတ္တဒဿီ, န နိကာမလာဘီ ပုဂ္ဂိုလ်ထက်။ မဟာဝိသေသော၊ ကြီးကျယ် လွန်ကျူး ထူးသော ပုဂ္ဂိုလ်ဖြစ်၏။

ဤသို့ သီမသမ္ဘေဒ ဖြစ်သည်နှင့် တပြိုင်နက် ကသိုဏ်းနိမိတ် စသည်နှင့် အလားတူသော သမထနိမိတ်ကိုလည်း ရ၏။ ဥပစာရစျာန်သို့လည်း ရောက်၏။ ထိုနိမိတ်ကို အဖန်တလဲလဲ မှီဝဲပွါးများလျှင် မငြိုမငြင်သာ အပ္ပနာသို့ ရောက်၏။ စတုတ္ထစျာန်တိုင်အောင် ရနိုင်၏။

**အနောဝိ,ဩဓိ။** ။ဤသို့ အပ္ပနာသို့ ရောက်ပြီးသော ယောဂီအားသာလျှင် မြင်းခင်း၌ မြင်းကို စိုင်းနှင်သကဲ့သို့—

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ။ တထာ တတိယံ။ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓ'မဓော တိရိယံ။

ဟူသည်အတိုင်း ဩဓိ[၂]အားဖြင့်ရင်း—

သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဈေန ဖရိတွာ ဝိဟရတိ။

---

၁။ သိမ်လေးလုံး=(သီမ=အပိုင်းအခြား)=ရန်သူ, ချစ်သူ, မချစ်မမုန်းသူ, မိမိကိုယ် ဤ ၄-ယောက်တို့ကို ဆိုလိုသည်။

၂။ ဩဓိ=အဝဓိ=(အရှေ့အနောက် စသည်ဖြင့်) ပိုင်းခြားခြင်း။

ဟူသည့်အတိုင်း အနောဓိ[၁]အားဖြင့်ရှင်း စမွယ်ကွန့်မြူး အထူးထူး အပြားပြား ပြုခြင်း ဝိကုဗ္ဗန[၂] ပြည့်စုံသည်။

**ဩဓိမေတ္တာ။** ။မေတ္တာသဟဂတေန၊ မေတ္တာနှင့်တကွ ဖြစ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ၊ ရှေးဦးပွါးအပ် တခုသော အရပ်မျက်နှာ သတ္တဝါကို။ ဖရိတွာ၊ ပြန့်နှံ့၍။ ဝိဟရတိ၊ နေ၏။ တထာ၊ ထိုအတူ။ ဒုတိယံ၊ ဒုတိယ အရပ်မျက်နှာ သတ္တဝါကို။ တတိယံ၊ တတိယ အရပ်မျက်နှာ သတ္တဝါကို။ စတုတ္ထံ၊ စတုတ္ထ အရပ်မျက်နှာ သတ္တဝါကို။ ဣတိ၊ ဤသို့သော နည်းဖြင့်။ ဥဒ္ဓံ၊ အထက်အရပ်မျက်နှာ သတ္တဝါကို။ အဓော၊ အောက်အရပ်သတ္တဝါကို။ တိရိယံ၊ အထောင့်အရပ် သတ္တဝါကို။ ဖရိတွာ၊ ပြန့်နှံ့၍။ ဝိဟရတိ၊ နေ၏။

**အနောဓိမေတ္တာ။** ။သဗ္ဗဓိ၊ ဆယ်ရပ်မျက်နှာ၌။ သဗ္ဗာဝန္တံ၊ အလုံးစုံသော သတ္တဝါအစိတ်ရှိသော။ လောကံ၊ သတ္တလောကကို။ သဗ္ဗတ္တတာယ၊ သတ္တဝါအလုံးစုံတို့၌ မိမိကိုယ်လို အဖြစ်ဖြင့်။ ဝါ၊ အလုံးစုံသော စိတ်အဘို့ဖြင့်။ ဝိပုလေန၊ ပြန့်ပြောသော။ မဟဂ္ဂတေန၊ မဟဂ္ဂုတ်ဖြစ်သော။ အပ္ပမာဏေန၊ အတိုင်းအရှည် မရှိသော။ အဝေရေန၊ ဗျာပါဒရန် မရှိသော။ အဗျာပဇ္ဇေန၊ ဒေါမနဿ ကင်းသော။ မေတ္တာသဟဂတေန စေတသာ၊ မေတ္တာနှင့်တကွ ဖြစ်သော စိတ်ဖြင့်။ ဖရိတွာ၊ ပြန့်နှံ့၍။ ဝိဟရတိ၊ နေ၏။ ဤကား အနက်။

**အနောဓိဖရဏာမေတ္တာ။** ။ထိုအတူ—

သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု, အဗျာပဇ္ဇာ ဟောန္တု, အနီဃာ ဟောန္တု, သုခီ အတ္တာနံ ပရိဟရန္တု။ သဗ္ဗေ ပါဏာ။ သဗ္ဗေ ဘူတာ။ သဗ္ဗေ ပုဂ္ဂလာ။ သဗ္ဗေ အတ္တဘာဝပရိယာပန္နာ အဝေရာ။ပ။ ပရိဟရန္တု။ အနောဓိဖရဏာ မေတ္တာ နှစ်ဆယ်။

**ဩဓိဖရဏာမေတ္တာ။** ။သဗ္ဗာ ဣတ္ထိယော အဝေရာ။ပ။ ပရိဟရန္တု။ သဗ္ဗေ ပုရိသာ။ သဗ္ဗေ အရိယာ။ သဗ္ဗေ အနရိယာ။ သဗ္ဗေ ဒေဝါ။ သဗ္ဗေ မနုဿာ။ သဗ္ဗေ ဝိနိပါတိကာ အဝေရာ။ပ။ ပရိဟရန္တု။ ဩဓိဖရဏာမေတ္တာ နှစ်ဆဲ့ရှစ်။

**ဒိသာဖရဏာမေတ္တာ။** ။သဗ္ဗေ ပုရတ္ထိမာယ ဒိသာယ သတ္တာ အဝေရာ။ပ။ ပရိဟရန္တု။ သဗ္ဗေ ပစ္ဆိမာယ။ ဥတ္တရာယ။ ဒက္ခိဏာယ။

---

၁။ အနောဓိ=န အဝဓိ=(အရပ်ကို) မပိုင်းခြားသော၊ အပိုင်းအခြားမရှိသော။

၂။ ဝိကုဗ္ဗန=(ဝိ+ကရ+ယု)အထူးထူးပြုခြင်း၊ ဈာန်၏ကွန့်မြူးစံပယ်ခြင်း။

ပုရတ္ထိမာယ အနုဒိသာယ။ ပစ္ဆိမာယ။ ဥတ္တရာယ။ ဒက္ခိဏာယ အနုဒိသာယ။ ဟေဋ္ဌိမာယ။ ဥပရိမာယ ဒိသာယ သတ္တာ အဝေရာ။ပ။ ပရိဟရန္တု။

သဗ္ဗေ ပုရတ္ထိမာယ။ ပစ္ဆိမာယ။ပ။ ဥပရိမာယ ဒိသာယ ပါဏာ။ ဘူတာ။ ပုဂ္ဂလာ။ အတ္တဘာဝ ပရိယာပန္နာ။ ဣတ္ထိယော။ ပုရိသာ။ အရိယာ။ အနရိယာ။ ဒေဝါ။ မနုဿာ။ ဝိနိပါတိကာ အဝေရာ။ပ။ ပရိဟရန္တု။ ဒိသာဖရဏမေတ္တာ လေးရာ့ရှစ်ဆယ်။

ဤသို့ ပဋိသမ္ဘိဒါမဂ်၌ လာသော—

### ၅၂၈-မေတ္တာယှဉ်ပုံ သံပေါက်

နောဓိ ပဉ္စ၊ ဩဓိ သတ္တ၊ ဒ္ဒိဒ ပုဂ္ဂလာ။
အပ္ပနာ ဟု၊ ဆိုကြ လေးခု၊ မြောက်မှု ဋ္ဌာနတ္တာ။
လေးရာ့ရှစ်ဆယ်၊ ဂဏန်းချယ်၊ မြောက်ဆယ် ရပ်မျက်နှာ။
ငါးရာ့နှစ်ဆယ်၊ ရှစ်ခုကယ်၊ များကျယ် ပေါင်းမေတ္တာ။

ဟူသော ငါးရာ့နှစ်ဆယ် ရှစ်သွယ်သော အခြင်းအရာတို့တွင် တပါးပါး သည်လည်း အပ္ပနာပတ္တစိတ်ရှိသော စျာနလာဘီ ပုဂ္ဂိုလ်အားသာ ပြည့်စုံနိုင် သည်။

အပ္ပနာပတ္တစိတ္တဿေဝ သမ္ပဇ္ဇတီတိ ဝေဒိတဗ္ဗံ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ပ၊နှာ-၃၀၂)

ခက်ဆစ်အနက်နှင့်ရှင်းလင်းချက်များ။ ။သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ ခန္ဓာငါးရပ်၌ ငြိကပ်သသူတို့သည်။

ရုဠ္ဌိသဒ္ဒေန ပန ဝီတရာဂေသုပိ အယံ ဝေါဟာရော ဝတ္တတိယေဝ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ပ၊နှာ-၃၀၃)

ပါဏာ၊ ရှူတတ်၊ ရှိုက်တတ်သသူတို့သည်။ ဘူတာ၊ ကံ ကိလေသာတို့ကြောင့် ဖြစ်တတ် သသူတို့သည်။ ပုဂ္ဂလာ၊ ငရဲ၌ ဖြစ်တတ်သသူတို့သည်။ ဝါ၊ ထိုထို သတ္တနိကာယကို ပြည့်စေတတ်, သဗ္ဗာဝတ္ထ[၁]မှ လျှောကျတတ် သသူတို့သည်။ အတ္တဘာဝပရိယာပန္နာ၊ ခန္ဓာငါးရပ် အတ္တဘော၌ ပိုင်းခြားအပ်သသူ အတွင်း ဝင်သ သူတို့သည်။

၁။ သဗ္ဗာဝတ္ထ=(သဗ္ဗ၊ အလုံးစုံ။ အဝတ္ထ၊ အခိုက်အတန့်။) ကလလရေကြည် အခိုက် အတန့် စသော အလုံးစုံသော အခိုက်အတန့်။ (ပျက်စီးရွေ့လျှောတတ်သော သဘောရှိသူ)

ယထာ စ သတ္တာတိ ဝစနံ၊ ဧဝံ သေသာနိပိ ရူဋ္ဌီဝသေန အာရောပေတွာ သဗ္ဗာနေတာနိ သဗ္ဗသတ္တဝေဝစနာနီတိ ဝေဒိတဗ္ဗာနိ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ပ၊နှာ-၃၀၄)

ဣတ္ထိယော၊ မိန်းမတို့သည်။ ပုရိသာ၊ ယောကျ်ားတို့သည်။ အရိယာ၊ အရိယာတို့သည်။ အနရိယာ၊ ပုထုဇဉ်တို့သည်။ ဒေဝါ၊ နတ်တို့သည်။ မနုဿာ၊ လူတို့သည်။ ဝိနိပါတိကာ၊ ဖရိုဖရဲ ကြွေ၍ကျကုန်သော အပါယ်ဘုံသားတို့သည်။ အဝေရာ၊ ပါဏာတိပ စသည် အဇ္ဈ ပြင်ပရန်သူ မပြုကင်းဝေးကုန်သည်။ အဗျာပဇ္ဇာ၊ ဒေါမနဿ မရှိကုန်သည်။ အနီဃာ၊ ဆင်းရဲမရှိကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ သုခီ၊ ကိုယ်ချမ်းသာခြင်းရှိကုန်သည်ဖြစ်၍။ အတ္တာနံ၊ အတ္တဘောကို။ ပရိဟရန္တု၊ ရွက်ဆောင် သည်ပိုးနိုင်စေကုန်သတည်း။ ဤကား အနက်။

အကျိုးရပုံ အဆုံးအဖြတ်။　॥ဤသို့လျှင် ငါးရာ့နှစ်ဆယ်ရှစ်သွယ်သော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာဖြင့် မေတ္တာစျာန်ကို ပွါးများသော ယောဂီသည် ဆိုခဲ့ပြီးသော အာနိသင်ဆဲ့တပါးတို့ကို အကြွင်းမဲ့ ရ၏။

ဣမေ အာနိသံသာ ပြဟ္မဝိဟာရလာဘိနော အနဝသေသာ လဗ္ဘန္တိ။

ဋီကာ(မဟာ၊ပ၊နှာ-၃၇၀)

သားငယ်ကို နို့တိုက်စဉ် မူဆိုးလုံ့နှင့် ထိုးလေသော် ထန်းရွက်မသွေ့ လုံ့သွားခွေရသော မေနုဝတ္ထု[၁]——

သာ တဿာ သရီရံ အာဟစ္စ တာလပဏ္ဏံ ဝိယ ပဝဋ္ဋမာနာ ဂတာ၊ နေဝ ဥပစာရဗလေန၊ န အပ္ပနာဗလေန၊ ကေဝလံ ဝစ္ဆကေ ဗလဝပ္ပိယစိတ္တတာယ။

ဟု-အဋ္ဌကထာ (၊ပ၊နှာ-၃၀၇) မိန့်သေးရကား ဥပစာ, အပ္ပနာသို့ မရောက်သော်လည်း မေတ္တာဘာဝနာကို လေ့လာပွါးများလျှင် ဤအာနိသင်များကို ထိုက်သည်အားလျော်စွာ ရသင့်၏ဟု မှတ်ရာသည်။

သုခံ သုပန္တိ မုနယော၊ အဇ္ဈတ္တံ သုသမာဟိတာ။
သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာသတိ[၂]။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၀၇။　　　　၂။ ခု၊၁၊ (ဓမ္မပဒ)နှာ-၅၅။

စသည်ဖြင့် ဟောတော်မူသောကြောင့် တပါးသော ကမ္မဋ္ဌာန်းဖြင့် ဈာန်ရသော ပုဂ္ဂိုလ်တို့အားလည်း 'သုခ သုပန' စသော ဤအာနိသင်တို့ကို ယထာ-ရဟ ရကောင်းသေး၏ မှတ်လေ။

ကိဉ္စာပိ ဣတော အညကမ္မဋ္ဌာနဝသေန အဓိဂတဈာနာနမ္ပိ သုခသုပနာ-ဒယော အာနိသံသာ လဗ္ဘန္တိ။....တထာပိမေ အာနိသံသာ ဗြဟ္မဝိဟာရ-လာဘိနော အနဝသေသာ လဗ္ဘန္တိ ဗျာပါဒါဒီနံ ဉဇုဝိပစ္စနီကဘာဝတော ဗြဟ္မဝိဟာရာနံ။ ဋီကာ (မဟာ၊ပ၊နှာ-၃၇၀)

မေတ္တာ ပြီး၏။

---

## ကရုဏာပွါးနည်း

ကရုဏာကို ပွါးလိုသောပုဂ္ဂိုလ်သည်—

ဣဓေ'ကစ္စော ဝိဟေသေန္တော၊ အလာဘော လဒ္ဓဇာနိယော။
ကိတ္တိမာ မက်ု သံမူဋ္ဌော၊ ကာလက်တော အပါယဂေါ။

ဒုဇ္ဇစ္စော သုဂတိယမ္ပိ၊ ဗဟ္ဝာဗာဓော ဒုဒဿိကော။
ဒုဂ္ဂတော အပ္ပါယုကောတိ၊ နေကာနတ္ထာနုဗန္ဓိတော။
တဒဿော တု ကာရုဏိကော၊ အနေကတ္ထာနုဗန္ဓိတော[၁]။

**ကရုဏာခေါင်းပါးခြင်းအပြစ်။** ။ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သူ သည်။ ဝါ၊ အချို့သူကို။ ဝိဟေသေန္တော၊ ကရုဏာနဲ ညှဉ်းဆဲတတ်သည် ဖြစ်၍။ အလာဘော၊ လာဘ်ရှားပါး၏။ လဒ္ဓဇာနိယော၊ လာဘ်ရပြီးလည်း ပျက်စီးဆုံးရှုံး၏။ ကိတ္တိမာ၊ မကောင်း သတင်း ကျော်စောခြင်း ရှိ၏။ မက်ု၊ ပရိသတ်ထဲ မရဲထိတ်လန့်၏။ သံမူဋ္ဌော ကာလက်တော၊ တွေတွေဝေဝေ သေရ၏။ အပါယဂေါ၊ သေခါ အပါယ် လားရ၏။

သုဂတိယမ္ပိ၊ လူ့ပြည်၌လည်း။ ဒုဇ္ဇစ္စော၊ အမျိုးယုတ်ဖြစ်ရ၏။ ဗဟ္ဝာဗာဓော၊ အနာများ၏။ ဒုဒဿိကော၊ အဆင်းဆိုး၏။ ဒုဂ္ဂတော၊ ဆင်းရဲနွမ်းပါး အစာရှား၏၊ အပ္ပါယုကော၊ အသက်တို၏။ ဣတိ၊ ဤသို့။ နေကာနတ္ထာနုဗန္ဓိတော၊ များစွာသော အကျိုးမဲ့တို့သည် အစဉ်ဖွဲ့အပ်၏။

---

၁။ ဝိသုဒ္ဓိမဂ် မဟာဋီကာ၊ပ၊နှာ-၃၇၀-၁ လာ စုဏ္ဏိယကိုမှီ၍ ဂါထာများကိုစီထားသည်။

**ကရုဏာ၏ အကျိုး။** ။တဒဥ္ဇော၊ ထိုမှ တပါးသော။ ကာရုဏိကော တု၊ ကရုဏာရှိသူကိုကား။ အနေကတ္တာနုဗန္ဓိတော၊ ထိုမှ ပြန်သား အကျိုးစီးပွါးတို့ သွားလေတိုင်း၌ အစဉ်လိုက်အပ်၏။

**ဆင်းရဲသူကို ရှေးဦးစွာပွါးခြင်း။** ။ဤသို့ ဝိပဟသာ၏ အပြစ် ကရုဏာ၏ အကျိုးတို့ကို ဆင်ခြင်၍ ရှေးဦးစွာ အလွန်ဆင်းရဲ ကျင်နာလှသော ဒုက္ခိတ သတ္တဝါကို ကြည့်ရှု၍—

ကိစ္ဆံ ဝတာယံ သတ္တော အာပန္နော၊ အပ္ပေဝ နာမ ဣမမှာ ဒုက္ခာ မုစ္စေယျ။

အယံ သတ္တော၊ ဤသတ္တဝါသည်။ ကိစ္ဆံ၊ ငြိုငြင်ပင်ပန်းခြင်းသို့။ အာပန္နော ဝတ၊ ရောက်ရှာပါသည်တကား။ ဣမမှာ ဒုက္ခာ၊ ဤဆင်းရဲမှ။ မုစ္စေယျ၊ လွတ်ပါလေမူကား။ အပ္ပေဝ နာမ သာဓု၊ ကောင်းလေစွ ဟု–အဖန်ဖန် ပွါးအပ်၏။

**ချမ်းသာသောလူမိုက်ကို ပွါးခြင်း။** ။ထိုကဲ့သို့သော ဒုက္ခိတကို မရမတွေ့လျှင် ပါပကာရီ သုခိတကိုပင် ရာဇဝတ်မင်းဒဏ်သင့်၍ သတ်အံ့ဟု သင်းချိုင်းသို့ ထုတ်ဆောင်အပ်သော ခိုးသူနှင့်ပုံပြု၍—

ဘောဂေ ဘုဉ္ဇတိ ကိဉ္စာပိ၊ ဝရာကော'ယံ သုသဇ္ဇိတော။
ကတတ္တာ ပန ပါပါနံ၊ ဒုက္ခံ ဃောတိ န'ပ္ပကံ။

ကိဉ္စာပိ ဒါနိ မနုဿော၊ ကတိပါဟစ္စယေန သော။
အဋ္ဌ သောဌသနိရယေ၊ ပရိပူရော ဘဝိဿတိ[၁]။

အယံ ဝရာကော၊ ဤသူယုတ်သည်။ သုသဇ္ဇိတော၊ ချမ်းသာကို ခံစားခြင်း၌ ဖွံ့ငြိုသည်ဖြစ်၍။ ဝါ၊ ချမ်းသာဖြင့် တန်းဆာဆင်အပ်သည်ဖြစ်၍။ ဘောဂေ၊ စည်းစိမ်ချမ်းသာတို့ကို။ ကိဉ္စာပိ ဘုဉ္ဇတိ၊ အကယ်၍ ယခုဘဝ သုံးဆောင်ရ၏။ ပန တထာပိ၊ ယင်းသို့ သုံးဆောင်ရသော်လည်း။ ပါပါနံ၊ မကောင်းမှုတို့ကို။ ကတတ္တာ၊ ပြုသည်၏အဖြစ်ကြောင့်။ အနပ္ပကံ၊ ဤ၍ဤမျှ ဂဏန်းချ၍ မရခြားပိုင်း အတိုင်းမသိသော။ ဒုက္ခံ၊ ဆင်းရဲသို့။ ဃောတိ၊ ရောက်ရှာရချေလတ္တံ့။

'ဝရာက'ပုဒ်၏အနက် ဂဏ္ဌိ,နိဿယတို့၌ နေရာလှလှ မကျ၊သဒ္ဒတ္ထမုတ္တာဝလိ,ထောပနီမိ အဘိဓာန်တို့၌ လာတိုင်း သူယုတ်သည်,စိုးရိမ်ထိုက်သော သူသည် ဟူသော နှစ်နက် သင့်အံ့သည်။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဌ၊ ပ၊ နှာ-၃၀၀-လာ စကားပြေကို ဂါထာစီထားသည်။

ဧသော၊ ဤပုဂ္ဂိုလ်သည်။ ဒါနိ၊ ယခုဘဝ၌။ ကိဉ္စာပိ မနုသော၊ လူတို့ ဘောင်ဝယ် တောင်လယ်ပြောက်သွား အကယ်၍ လူဖြစ်လင့်ကစား။ ကတိ-ပါပဟစ္စယေန၊ အသက် ကုန်ပျောက် ဘေးရောက်သည့်အခါ အတန်ကြာသဖြင့်။ အဌသောဌသနိရယေ၊ ငရဲကြီးရှစ်သွယ် ငရဲငယ် တဆဲ့ခြောက်လုံးတို့ကို။ ပရိ-ပူရော၊ ပြည့်စေသည်။ ဘဝိဿတိ၊ ဖြစ်ရှာလိမ့်သတည်း။

ဤသို့ သနား အပ်၏။

ချစ်သူစသည်ကိုပွါးခြင်း။ ။ထို့နောင် ပိယ, မဇ္ဈ, ဝေရီ ပုဂ္ဂိုလ်တို့ကို အစဉ်အတိုင်းပွါးအပ်၏။ ဝေရီ၌ ရန်ငြိုးမပျောက်လျှင် မေတ္တာ၌ ဆိုခဲ့ပြီးသောနည်းဖြင့် ဖျောက်အပ်၏။ ထိုသူတို့တွင် ကုသိုလ်များသော သူကိုလည်း မြင်အပ်,ကြားအပ်သော ဉာတိဗျသန, ရောဂဗျသန, ဘောဂဗျသန စသည်တို့ကိုရင်း၊ မလွန်နိုင်သော ဝဋ္ဋဒုက္ခကိုရင်း အောက်မေ့ ပွါးများပြီး၍ အတ္တ,ပိယ,မဇ္ဈ,ဝေရီ လေးလီသော ပုဂ္ဂိုလ်တို့၌ သီမသမ္ဘေဒကို ပြု၍ စတုတ္ထ ဈာန်တိုင်အောင် ပွါးအပ်၏။

### ကရုဏာ ၁၃၂-ပါး သံပေါက်

နောဓိ ပဉ္စ၊ ဩ သတ္တ၊ ဒွိဒ ပုဂ္ဂလာ။
ဒိသာ ဒသ၊ မြှောက်ပွါးက၊ တရာ့နှစ်ဆယ်သာ။
တရာ့သုံးဆယ်၊ နှစ်ခုကယ်၊ များကျယ် ကရုဏာ။

ဆိုခဲ့ပြီးသည်မှ ကြွင်းသမျှကား မေတ္တာနှင့် တူပြီ။

(ကရုဏာ ပြီး၏။)

---

### မုဒိတာ ပွါးနည်း

မုဒိတာကို ပွါးများအားထုတ်လိုသော ယောဂီသည်—သုခသမပ္ပိတ[1], နိစ္စသမ္ပဟံသိတမုခ[2], မိဟိတပုဗ္ဗင်္ဂမ[3], ပုဗ္ဗဘာသိဘ[4], သုခသံဘာသ[5], သခိလ[6],

---

၁။ သုခ သမပ္ပိတ=(သုခ+သံ+အပ္ပိတ) ချမ်းသာခြင်းသို့ ကောင်းစွာ ရောက်သော (ချမ်းသာနှင့် ပြည့်စုံသော)။

၂။ နိစ္စ သမ္ပဟံသိတမုခ= (နိစ္စ+သမ္ပဟံသိတ+မုခ) အမြဲပြုံးရွှင်သော မျက်နှာရှိသော။

၃။ မိဟိတ ပုဗ္ဗင်္ဂမ=(မိဟိတ+ပုဗ္ဗင်္ဂမ=)ပြုံးခြင်း—ရှေ့သွားရှိသော၊ (အရင်ပြုံးသော)။

၄။ ပုဗ္ဗ ဘာသိတ=(ပုဗ္ဗ+ဘာသိတ=)ရှေးဦးစွာ—နှုတ်ဆက် ပြောဆိုတတ်သော။

၅။ သုခ သမ္ဘာသ= (သုခ+သံဘာသ=) ချမ်းသာသော နားဝင်ချိုသော—ကောင်းသော စကားကို ဆိုတတ်သော။

၆။ သခိလ=ပြေပြစ် ချောမောသော စကားရှိသော။

သမ္မောဒက[၁]ဖြစ်သော အတိပ္ပိယ သောဏ္ဍသဟာယ[၂]ကိုသော်၎င်း–သုခိတ[၃], သုသဇ္ဇိတ[၄], မောဒမာန[၅] ဖြစ်သော ပိယပုဂ္ဂိုလ်ကိုသော်၎င်း–မြင်၍သော်၎င်း, ကြား၍သော်၎င်း—

မောဒတိ ဝတာ'ယံ သတ္တော အဟော သာဓု အဟော သုဋ္ဌု။

အယံ သတ္တော၊ဤသတ္တဝါသည်။ မောဒတိ ဝတ၊ချမ်းသာရိပ်ငြိမ် စည်းစိမ်ခံလျက် နှစ်သက် ဝမ်းမြောက်ရပေစွ တကား။ အဟော သာဓု၊ ကောင်းပေစွ။ အဟော သုဋ္ဌု၊ မွန်မြတ်ပေစွ–ဟု အဖန်ဖန် ပွါးအပ်၏။

ယခု ဆင်းရဲမူ ယခုဘဝ ရှေ့နောက် ကာလတို၌ ရဘူး ရလတ္တံ့သော သုခကိုသာ အာရုံပြု၍ ပွါးအပ်၏။ ထိုနောင် မဇ္ဈတ္တ,ဝေရီတို၌ ပွါး၍ သီမသမ္ဘေဒကို ပြုလျက် စတုတ္ထစျာန်သို့ တက်အပ်၏။ အကြွင်း ရှေးနည်းတူ။

(မုဒိတာ ပြီး၏။)

---

## ဥပေက္ခာ ပွါးနည်း

ဥပေက္ခာဘာဝနာကို ပွါးလိုသော ယောဂီသည်ကား––မေတ္တာ,ကရုဏာ, မုဒိတာ သုံးပါးတို့တွင် တပါးပါး၌ စတုတ္ထစျာန်ကို အဖန်ဖန် လေ့လာဝင်စားပွါးများပြီးမှ—

မေတ္တာဒယော ဩဠာရိကာ၊ သတ္တကေလာယနေန စ။
ယုတ္တာ သမိပစာရိကာ၊ ပဋိဃာနုနယာန စ။

ဥပေက္ခာ တု သန္တဘာဝါ၊ သုခုမာ ပဏီတာပိ စ။
ကိလေသေဟိ စ ဝိဒူရာ၊ သုဝေပုလ္လဖလာ တထာ[၆]။

---

၁။ သမ္မောဒက=ဝမ်းမြောက်စေသော။

၂။ သောဏ္ဍသဟာယ=အပျော်အပါး လိုက်စားဖက် အဖော် အပေါင်းအသင်း။

၃။ သုခိတ=(သုခ+ဣတ) ချမ်းသာခြင်းသို့ ရောက်သော။

၄။ သုသဇ္ဇိတ=(သု=ကောင်းစွာ။ သဇ္ဇိတ=ငြိကပ် ဖွဲ့အပ်သော)ချမ်းသာကို ခံစားခြင်း၌ ကောင်းစွာ ငြိကပ်ဖွဲ့အပ်သော။

၅။ မောဒမာန=ဝမ်းမြောက် ဝမ်းသာစေသော။

၆။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၃၁၀-လာ စကားပြေကို ဂါထာစီထားသည်။

**မေတ္တာ ကရုဏာ မုဒိတာ တို့၏အပြစ်။** ။မေတ္တာဒယော၊ မေတ္တာ, ကရုဏာ, မုဒိတာ သုံးပါးတို့သည်။ သြဋ္ဌာရိကာ၊ သောမနဿနှင့် ယှဉ်သည်ဖြစ်၍ လျှပ်ပေါ်လေော်လည်ခြင်းကြောင့် ရုန့်ရင်းကြမ်းတမ်းကုန်၏။ သတ္တကေလာယနေနစ၊ သတ္တဝါတို့၌ မြတ်နိုးတနာပြုခြင်းနှင့်လည်း။ ယုတ္တာ၊ ယှဉ်ကုန်၏။ ပဋိဃာနုနယာနံ စ၊ ဒေါမနဿ ဟူသောမုန်းခြင်း, ရာဂ သောမနဿ ဟူသော ချစ်ခြင်းတို့၏လည်း။ ဝါ၊ 'အဝေရာ ဟောန္တု ဒုက္ခာ မုစ္စန္တု မောဒန္တု'ဟု တောင့်တခြင်း အနုနယ, ထိုမှ ပြန်သော ပဋိဃတို့၏လည်း။ သမီပစာရိကာ၊ အနီးအပါး၌ ကျင်လည်ကုန်၏။

**ဥပေက္ခာ၏ အကျိုး။** ။ဥပေက္ခာ တု၊ ဥပေက္ခာသည်ကား။ သန္တဘာဝါ၊ ငြိမ်သက်သော ဖြစ်ခြင်း သဘော ရှိ၏။ သုခုမာ၊ သိမ်မွေ့၏။ ပဏီတာပိ စ၊ မြတ်လည်း မွန်မြတ်၏။ ကိလေသေဟိ စ၊ ကိလေသာတို့မှလည်း။ ဝိဒူရာ၊ အလွန်ဝေး၏။ တထာ၊ ထိုမှတပါး။ သုဝေပုလ္လဖလာ၊ အလွန်ပြန့်ပြောသော အကျိုးလည်း ရှိ၏။

**မဇ္ဈတ္တပုဂ္ဂိုလ်ကို ဦးစွာပွါးခြင်း။** ။ဤသို့ ရှေ့သုံးပါး၌ အပြစ်, ဥပေက္ခာ၌ အကျိုးတို့ကိုဆင်ခြင်၍ ရှေးဦးစွာ ပကတိ-မဇ္ဈတ္တပုဂ္ဂိုလ်ကို အာရုံပြုလျက်—

အတ္တနာ ကတကမ္မေန၊ အာဂတော'ယံ စ ဂစ္ဆတိ။
အတ္တနာ ကတကမ္မေန၊ အာဂတော တွံ စ ဂစ္ဆသိ။

န တဿ တဝ ယောဂေန၊ လဗ္ဘာ ကိဉ္စိ သုခံ ဒုခံ။
ဥပနေတုံ အပနေတုံ၊ ကမ္မဿကော ဟိ'ယံ ဇနော[၁]။

အတ္တနာ၊ မိမိသည်။ ကတ ကမ္မေန၊ ပြုခဲ့သည့်ကံဖြင့်။ အယံ၊ ဤသူသည်။ အာဂတော စ၊ ရှေးဘဝမှလည်း လာခဲ့ရ၏။ ဂစ္ဆတိ စ၊ နောက်ဘဝသို့လည်း လားရ၏။ တွံ စ၊ သင်သည်လည်း။ အတ္တနာ ကတကမ္မေန၊ မိမိပြုခဲ့သည့်ကံဖြင့်။ အာဂတော၊ ရှေးဘဝမှလည်း လာခဲ့ရ၏။ ဂစ္ဆသိ၊ နောက်ဘဝသို့လည်း လားရ၏။

တဝ၊ သင်၏။ ယောဂေန၊ အဝေရာ ဟောန္တု လို့လပြုသဖြင့်။ တဿ၊ ထိုသူ၏၊ ကိဉ္စိ၊ တစုံတခုသော။ သုခံ ဝါ၊ ချမ်းသာကိုလည်း။ ဥပနေတုံ၊ ဆောင်ခြင်းငှါ။ ဒုက္ခံ ဝါ၊ ဆင်းရဲကိုလည်း။ အပနေတုံ၊ ပယ်ခြင်းငှါ။ န လဗ္ဘာ၊ မရနိုင်ကောင်းချေ။ ဟိ သစ္စံ၊ မှန်၏။ အယံ ဇနော၊ ဤသူသည်။ ကမ္မဿကော၊ ကံသည်သာလျှင် မိမိဥစ္စာရှိချေ၏။

---

၁။ ဝိသုဒ္ဓိ၊မဟာဋီကာ၊ပ၊နှာ-၃၇၅ လာ စုဏ္ဏိယကို ဂါထာစီထားသည်။

ဟု အဖန်ဖန် ပွါးများအပ်၏။ ထိုနောင် ပိယပုဂ္ဂိုလ်, သောဏ္ဍသဟာယ (=အတိပ္ပိယ), ဝေရီပုဂ္ဂိုလ်တို့၌ အစဉ် အတိုင်း ပွါး၍ အတ္တ, ပိယ, မဇ္ဈ, ဝေရီ လေးလီသော ပုဂ္ဂိုလ်တို့၌ သီမသမ္ဘေဒကို ပြုလျက် ပဥ္စမဈာန်သို့ တက်အပ်၏။ အကြွင်း ရှေးနည်းတူပြီ။

(ဥပေက္ခာ ပြီး၏။)

---

## ဗြဟ္မဝိဟာရ ပကိဏ္ဏကကထာ

ဤဗြဟ္မဝိဟာရ လေးပါးတို့၌ ပကိဏ္ဏက ကထာကား—

**သိမှတ်စရာ မာတိကာ ၁၆-ပါးလင်္ကာ။** ။ဝစနတ္ထာ၊ လက္ခဏာဒိ၊ သမ္ပတ္တိနှင့်၊ ဝိပတ္တိတော၊ပယောဇနတ်၊ပစ္စတ္ထိကာ၊ အာရမ္မဏာ၊ အစ,လယ်,ဆုံး၊ ထုံး ဝဍ္ဎနု၊ နိဿန္ဒဟု၊ ဗြဟ္မဝိဟာ၊ တာဝတ္တာနှင့်၊ ပမညာ,ကမ၊ ပရမတည်း၊ ဒါန စထွေ၊ ကလျာဏောကို၊ ပြည့်စေတတ်ငြား၊ ဆဲ့ခြောက်ပါးကို၊ ပိုင်းခြား သိမှတ်ရာသတည်း။

**ဝစနတ္ထ။** ။'မိဇ္ဇတိ၊ မိတ္တေ ဝါ ဘဝါ၊ မိတ္တဿ ဝါ ဧသာ မေတ္တာ' စသည်ဖြင့် ဝစနတ္ထပြု။

**လက္ခဏ။** ။ဟိတာကာရပ္ပဝတ္တိ[၁]၊ ဒုက္ခာပနယနာကာရပ္ပဝတ္တိ[၂]၊ သတ္တေသု ပမောဒ[၃]၊ သတ္တေသု မဇ္ဈတ္တာကာရပ္ပဝတ္တိ[၄] လက္ခဏာ ရှိကုန်၏။

---

၁။ မေတ္တာ၏ လက္ခဏာစသော ဓမ္မဝတ္တာန် ၄-ပါး

(၁) ဟိတာကာရပ္ပဝတ္တိလက္ခဏာ=(ဟိတ=အကျိုး။အာကာရ=အခြင်းအရာ။ပဝတ္တိ= ဖြစ်ခြင်း) သတ္တဝါတို့၏ အကျိုးစီးပွါးကို ကျင့်သောအခြင်းအရာအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။

(၂) ဟိတူပသံဟာရရသာ=(ဟိတ=အကျိုး။ဥပသံဟာရ=ကပ်၍ဆောင်ခြင်း)သတ္တဝါ တို့၏ အကျိုးစီးပွါးကို ဆောင်ရွက်ခြင်းကိစ္စ ရှိ၏။

(၃) အာဃာတ ဝိနယ ပစ္စုပဋ္ဌာနာ=(အာဃာတ=အမျက်ဒေါသ,ရန်ငြိုး။ ဝိ-ကင်း+ နယ=ဆောင်။ ဝိနယ=ပယ်ဖျောက်ခြင်း)ရန်ငြိုးကိုဖျောက်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) မနာပဘာဝဒဿနပဒဋ္ဌာနာ= (မနာပ=နှလုံးပွါးစေခြင်း, နှစ်လိုခြင်း။ ဘာဝ- ဒဿန=အဖြစ်ကိုရှုမြင်ခြင်း) နှလုံးပွါးစေသည်၏ အဖြစ်ကို ရှုမြင်ရခြင်းလျှင် ပဒဋ္ဌာန်ရှိ၏။

ရသ။ ။ဟိတူပသံဟာရ[၁]၊ ပရဒုက္ခာသဟန[၂]၊ အနိဿာယန[၃]၊ သမဘာဝ-ဒဿန[၄]ကိစ္စ ရှိကုန်၏။

ပစ္စုပဋ္ဌာန်။ ။အာဃာတ ဝိနယန[၁]၊ အဝိဟိံသာ[၂]၊ အရတိ ဝိဃာတ[၃]၊ ပဋိဃာနုနယ ဝူပသမ[၄]ပစ္စုပဋ္ဌာန် ရှိကုန်၏။

ပဒဋ္ဌာန်။ ။မနာပ ဘာဝဒဿန[၁]၊ အနာထ ဘာဝဒဿန[၂]၊ သမ္ပတ္တိဒဿန[၃]၊ ကမ္မဿကတာဒဿန[၄]ပဒဋ္ဌာန် ရှိကုန်၏။

---

၂။ ကရုဏာ၏လက္ခဏာ စသော ဓမ္မဝတ္ထာန် ၄-ပါး

(၁) ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ=သူတပါးတို့၏ ဆင်းရဲဒုက္ခကို ပယ်ရှားလိုသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။(အပ နယန=အပ=အပြင်။နယန= ဆောင်ခြင်း။ အပြင်သို့ဆောင်ခြင်း ပယ်ရှားခြင်း)
(၂) ပရဒုက္ခာသဟနရသာ= (ပရ=သူတပါး။ ဒုက္ခ=ဆင်းရဲ။ အ=မ။ သဟန=သည်းခံခြင်း) သူတပါးတို့၏ ဆင်းရဲဒုက္ခကို သည်းမခံနိုင်ခြင်း မကြည့်ရက်နိုင်ခြင်းကိစ္စ ရှိ၏။
(၃) အဝိဟိံသာပစ္စုပဋ္ဌာနာ=သတ္တဝါတို့ကို မညှဉ်းဆဲခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) အနာထဘာဝ ဒဿန ပဒဋ္ဌာနာ=ကိုးကွယ်ရာမရှိသည့် အဖြစ်ကို ရှုခြင်း ပဒဋ္ဌာန် ရှိ၏။

၃။ မုဒိတာ၏ လက္ခဏာစသော ဓမ္မဝတ္ထာန် ၄-ပါး

(၁) သတ္တေသု ပမောဒနလက္ခဏာ=(မောဒန=ဝမ်းမြောက်ခြင်း။ ပမောဒန=အလွန် ဝမ်းမြောက်ခြင်း။) သတ္တဝါတို့၏ စည်းစိမ်ချမ်းသာကို ဝမ်းမြောက် နှစ်သက်ခြင်း လက္ခဏာရှိ၏။
(၂) အနိဿာယနရသာ=(န+ဣဿာယန)မငြူစူ မစောင်းမြောင်းခြင်းကိစ္စ ရှိ၏။
(၃) အရတိ ဝိဃာတ ပစ္စုပဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်၌ မမွေ့လျော်ခြင်းကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
(၄) သမ္ပတ္တိဒဿန ပဒဋ္ဌာနာ=သူတပါးတို့၏ စည်းစိမ်ချမ်းသာကို ရှုမြင်ခြင်း ပဒဋ္ဌာန် ရှိ၏။

၄။ ဥပေက္ခာ၏ လက္ခဏာစသော ဓမ္မဝတ္ထာန် ၄-ပါး

(၁) သတ္တေသု မဇ္ဈတ္တာကာရပ္ပဝတ္တိလက္ခဏာ=သတ္တဝါတို့၌ အလယ်အလတ် သဘော ရှိသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းလက္ခဏာ ရှိ၏။
(၂) သမဘာဝ ဒဿနရသာ=ညီမျှသည်အဖြစ်ကိုသာ ရှုခြင်းကိစ္စ ရှိ၏။
(၃) ပဋိဃာနုနယဝူပသမ ပစ္စုပဋ္ဌာနာ= (ပဋိဃ=အမျက်ထွက်ခြင်း။ အနုနယ= တပ်မက်ခြင်း။ ဝူပသမ=ငြိမ်းခြင်း)သတ္တဝါတို့၌ မုန်းခြင်း ချစ်ခြင်းကို ငြိမ်းစေခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ကမ္မဿကတာ ဒဿန ပဒဋ္ဌာနာ= (ကမ္မ+သက+တာ) ကံသာလျှင် မိမိဥစ္စာ ရှိသည့်အဖြစ်ကို ရှုခြင်း ပဒဋ္ဌာန် ရှိ၏။

**သမ္ပတ္တိ။** ။ဗျာပါဒ, ဝိဟိံသာ, အရတိ, ပဋိဃာနုနယ[၁]တို့၏ ငြိမ်းခြင်းသည် သမ္ပတ္တိ မည်၏။

**ဝိပတ္တိ။** ။သိနေဟ, သောက, ပဟာသ, အညာဏုပေက္ခာ[၂] တို့၏ ဖြစ်လာခြင်းသည် ဝိပတ္တိ မည်၏။

**ဗြဟ္မဝိဟာရ ၄-ပါး၏ အကျိုး ‘ပယောဇန’။** ။ဝိပဿနာသုခ, ဘဝသမ္ပတ္တိ, ဒိဋ္ဌဓမ္မသုခဝိဟာရ, ကောဓသာနိသံသ တို့သည် သာဓာရဏအကျိုးတည်း။

**ဗြဟ္မဝိဟာရ ၄-ပါးတို့၏ သီးခြား ‘အာဝေနိက’အကျိုး။** ။ဗျာပါဒ,ဝိဟိံသာ, အရတိ, ရာဂတို့၏ ပျောက်ခြင်းသည် အာဝေနိက အကျိုးတည်း။

**ရန်သူ‘ပစ္စတ္ထိက’။** ။ရာဂ,သောက, ပဟာသ,အညာဏုပေက္ခာတို့သည်နီးသောရန်သူတည်း။ ဗျာပါဒ, ဝိဟိံသာ, အရတိ, ပဋိဃာနုနယတို့သည် ဝေးသောရန်သူ တည်း။

**အာရမ္မဏ။** ။ကေ,အနေကသတ္တဝါပညတ်သည် အာရုံ မည်၏။

**စ,လယ်,အဆုံး။** ။ကတ္တုကမျတာဆန္ဒသည် အာဒိ, နီဝရဏာဒိဝိက္ခမ္ဘနသည် မဇ္ဈ, အပ္ပနာသည် ပရိယောသာန မည်၏။

**တိုးပွါးမှု‘ဝဍ္ဎန’။** ။သီမသမ္ဘေဒ ပြီးကောင်းရာ ဉပစာ, အပ္ပနာ နှစ်ပါးသည် အာရမ္မဏဝဍ္ဎနဘုံတည်း။ ပွါးပုံ ဝဍ္ဎက္ကမကား — ကောဝါသ-ဒ္ဓိ–တိ–စတု–ပဉ္စ–ဆ–သတ္တ–အဋ္ဌ – နဝ – ဒသာဝါသ – ကေရစ္ဆာ–ဥပစာဂါမ – ဂါမ–ဇနပဒ – ရဇ္ဇ – ကေဒိသာ – ကေစက္ကဝါဠ–အနေကစက္ကဝါဠတို့ကို ဉာဏ်ဖြင့်ပိုင်းခြား၍ တခုတခု သတ္တဝါအစုဌ် မုဒုကမ္မနိယစိတ်ကို ပြုလျက် ကသိုဏ်းအလားပွါးရသည်။

**အကျိုးဆက် ‘နိဿန္ဒ’။** ။အရူပသည် ကသိုဏ်း၏ နိဿန္ဒအကျိုးဆက်။ နေဝသညာ နာသညာယတနသည် သမာဓိတို့၏အကျိုးဆက်။ ဖလ သမာပတ်သည် ဝိပဿနာ၏ အကျိုးဆက်။ နိရောဓသမာပတ်သည် သမထဝိပဿနာနှစ်ပါး၏ အကျိုးဆက် ဖြစ်သကဲ့သို့ ဥပေက္ခာ ဗြဟ္မဝိဟာရသည် ရှေ့ ဗြဟ္မဝိဟာရသုံးပါး၏ နိဿန္ဒ အကျိုးဆက်တည်း။

---

၁။ ဗျာပါဒ=အမျက်ထွက်ခြင်း စိတ်ဆိုးခြင်း။ ဝိဟိံသာ=ညှဉ်းဆဲခြင်း။ အရတိ=မမွေ့မလျော် မနှစ်သက်ခြင်း။ ပဋိဃ,အနုနယ=မုန်းခြင်း ချစ်ခြင်း။

၂။ သိနေဟ=ချစ်ခြင်း။ သောက=စိုးရိမ်ခြင်း။ ပဟာသ=ရွှင်လန်းခြင်း။ အညာဏုပေက္ခာ=ဉာဏ်ကင်းသော လျစ်လျူရှုခြင်း။

ဘာဒနိ ၂-၂၄-မ-ဗ-သ-စ

**ဗြဟ္မဝိဟာရ မည်ပုံ။** ။သေဋ္ဌ[1]၊ နိဒ္ဒေါသဘာဝ[2]ကြောင့် ဗြဟ္မဝိဟာရဟု ဆိုအပ်၏။

**ဗြဟ္မဝိဟာရ ၄-ပါးမျှသာ ပိုင်းခြားထားပုံ။** ။ဗျာပါဒ၊ဝိဟေသာ၊အရတိ၊ရာဂ များသော သူ လေးဦးတို့၏ စင်ကြယ်ကြောင်းဖြစ်၍၎င်း၊ ဟိတူပသံဟာရ၊ အဟိတာပနယန၊ သမ္ပတ္တိမောဒန၊ အနာဘောဂ[3]အားဖြင့် လေးပါးသာ သတ္တဝါတို့၌ မနသိကာရ ရှိသောကြောင့်၎င်း၊ အမိသည် ဒဟရ၊ ဂိလာန၊ ယောဗ္ဗနပ္ပတ္တ၊ သကိစ္စပ္ပသုတ[4] သား လေးယောက်တို့၌ ဖြစ်ခြင်းကဲ့သို့ သတ္တဝါတို့၌ မေတ္တာ စသည်တို့၏ အစွမ်းဖြင့် ဖြစ်သင့်သောကြောင့်၎င်း လေးပါးသာ ဖြစ်၏။

**အပ္ပမညာမည်ပုံ။** ။သတ္တဝါ တယောက်တည်း၌ သော်လည်း ဥဒ္ဒိဿတက စသည်၌ကဲ့သို့ တစိတ်ကို မယူမူ၍ အလုံးစုံ နှံ့သော အားဖြင့် အာရုံပြုသောကြောင့် 'အပ္ပမာဏေ ဂေါစရေ ဘဝါ အပ္ပမညာ'မည်၏။

**စဉ်ပုံ'ကမ'။** ။ယေဘုယျအားဖြင့် ဟိတာကာရ စသည်[5]အစဉ်အတိုင်း ဖြစ်၏။

အယံ ဣမာသံ အပ္ပမညာနံ ယေဘုယျေန ပဝတ္တိက္ကမော။....မေတ္တာဒီနံ ဟိ တိဿန္နံ ဘာဝနာနံ ကမနိယမော နတ္ထိ။ ယံ ဝါ တံ ဝါ ပဌမံ ဘာဝေတုံ လဗ္ဘာ။ ဒေသနာက္ကမဝသေန ဝါ ဝေဝံ ဝုတ္တံ[6]။ ဋီကာ (မဟာ၊ပ၊နှာ-၃၇၅။)

---

၁။ သေဋ္ဌ=မြတ်သောသဘော။

၂။ နိဒ္ဒေါသ ဘာဝ=အပြစ်ကင်းသောသဘော။

၃။ ဟိတူပ သံဟာရ=(ဟိတ=အကျိုး။ ဥပ=ကပ်၍။ သံဟာရ=ကောင်းစွာဆောင်ခြင်း) သတ္တဝါ၏ အကျိုးကို ကောင်းစွာဆောင်ခြင်း။
အဟိတာပနယန=(အဟိတ=အကျိုးမဲ့။ အပ နယန=ပယ်ခြင်း) သူတပါး၏ အကျိုးမဲ့ကို ပယ်ခြင်း။
သမ္ပတ္တိမောဒန=သူတပါးတို့ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်း၌ ဝမ်းမြောက်ခြင်း။
အနာဘောဂ =(န+အာဘောဂ) နှလုံးမသွင်းခြင်း, လျစ်လျူရှုခြင်း။

၄။ ဒဟရ=ငယ်ရွယ်သူ။ ဂိလာန=မကျန်းမာသူ။ ယောဗ္ဗနပတ္တ=အရွယ်ရောက်သူ။ သကိစ္စပ္ပသုတ=မိမိအလုပ်၌ ကျွမ်းကျင်သူ။

၅။ ဤကျမ်း၊ ဒု၊ တွဲ၊ နှာ-၃၆၇-ရှု။

၆။ မေတ္တာစသော ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း ၄-ပါးတို့တွင် အလိုရှိရာ, ကြိုက်နှစ်သက်ရာ ကမ္မဋ္ဌာန်းကို စ၍ ပွါးနိုင်သည်။ မေတ္တာမှစ၍ ဟောထားခြင်းမှာ ဒေသနာက္ကမသာ ဖြစ်သည်။

သုဘ,အာကာသ,ဝိညာဏ–အာကိဉ္စာနုပနိဿယာ။
တတောပရံ န ဟောန္တီတိ၊ သုဘာဒိပရမာ ဣမာ[၁]။

**ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန်း၏ အမြင့်ဆုံး အကျိုးပေး။** ။ဣမာ၊ ဤအပ္ပမညာ လေးပါး တို့သည်။ သုဘ အာကာသ ဝိညာဏ အာကိဉ္စာနံ၊ သုဘဝိမောက္ခ, အောက် အရူပ သုံးပါး တို့၏။ ဥပနိဿယာ၊ မှီရာအကြောင်းတို့တည်း။ တတောပရံ၊ ထိုထက် အလွန်။ န ဟောန္တိ၊ မဖြစ်နိုင်ကုန်။ ဣတိ၊ ထို့ကြောင့်။ သုဘာဒိပရမာ၊ သုဘဝိမောက္ခ စသည်လျှင် အလွန်အကဲ အမြတ်အထွတ် အညွန့် ရှိကုန်၏။

တောသံ အာနုဘာဝေန၊ ဒါနံ သီလဉ္စ နိက္ခမံ။
ပညာ ဝီရိယ ခန္တိ စ၊ သစ္စာဓိဋ္ဌာနမေတ္တိယော။
ဥပေက္ခမ္ပိ စ ပူရေတွာ၊ လဘန္တိ သဗ္ဗသောဘနေ[၂]။

**ဗြဟ္မဝိဟာရ ၄-ပါးအကျိုးများ။** ။မဟာသတ္တာ၊ အလောင်းတော်မြတ် ဗောဓိသတ်တို့သည်။ တောသံ၊ ထိုအပ္ပမညာ လေးပါးတို့၏။ အာနုဘာဝေန၊ တန်းခိုးရှိန်စော် အာနုဘော်ကြောင့်။ ဒါနဉ္စ၊ ဒါနပါရမီကိုငင်း။ သီလဉ္စ၊ သီလပါရမီကိုငင်း။ နိက္ခမဉ္စ၊ နိက္ခမပါရမီကိုငင်း။ ပညာ ဝီရိယ ခန္တိ စ၊ ပညာပါရမီ,ဝီရိယပါရမီ ခန္တိပါရမီ တို့ကိုငင်း။သစ္စာဓိဋ္ဌာန-မေတ္တိယော၊ သစ္စာပါရမီ,အဓိဋ္ဌာန်ပါရမီ,မေတ္တာပါရမီ တို့ကိုငင်း။ ဥပေက္ခမ္ပိ စ၊ ဥပေက္ခာပါရမီကိုငင်း။ ပူရေတွာ၊ ဖြည့်ကုန်၍။ သဗ္ဗသောဘနေ၊ ဒသဗလ စသည်လုံးစုံ တင့်တယ်သော ဂုဏ်တို့ကို။ လဘန္တိ၊ ရတော်မူကြကုန်၏။

ဗြဟ္မဝိဟာရလေးပါး ပြီး၏။

---

## အာဟာရေပဋိကူလသညာပွါးနည်း

**အာဟာရ၌ ဘေး ၄-ပါး။** ။'အာဟာရေ ပဋိကူလသညာ'ဟူရာ၌ အစဉ်အတိုင်း အစာ၌ တပ်သော နိကန္တိတဏှာဘေး, အာရုံသို့ ကပ်ခြင်း ဥပဂမနဘေး, ထိုထိုဘဝ၌ ဖြစ်ကြောင်း ဖြစ်ခြင်း ပစ်ချခြင်း ဥပပတ္တိဘေး, ဘဝန္တရ စသည်နှင့် စပ်ခြင်း ပဋိသန္ဓိဘေး, ဤသို့ ဘေး လေးပါးရှိသော ကြောင့်–ပုတ္တမံသူပမာ[၃], နိစ္စမ္မဂါဝူပမာ[၄], အင်္ဂါရကာသူပမာ[၅], သတ္တိသူလူပမာ[၆]

---

၁။ သံ၊၃၊နှာ-၁၀၄-၅။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၁၇-၃၁၈-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။ (အကျယ်-နောက်ဆက်တွဲကြည့်)

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၁၈-၃၁၉-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၃-၄-၅-၆။ သံ၊ ၁၊ နှာ-၃၂၂-၃၂၄။ (အကျယ်-နောက်ဆက်တွဲကြည့်)

ဟူသော ဩဝါဒ လေးပါးဖြင့် ပြအပ်သော ဩဇဋ္ဌမကရုပ်, ဝေဒနာသုံးပါး, ပဋိသန္ဓေ, နာမ်ရုပ်တို့ကို ဆောင်တတ်သော ကဗဠီကာရာဟာရ, ဖဿာဟာရ, မနောသဥ္စေတနာဟာရ, ဝိညာဏာဟာရ ဟူသော အာဟာရ လေးပါးတို့တွင် အသိတ, ပီတ, ခါယိတ, သာယိတ အပြားရှိသော ကဗဠီကာရာဟာရ ကိုသာ ယူအပ်၏[၁]။

**ဆင်ခြင်ပုံခြင်းရာ ၁၀-ပါး မာတိကာ။** ။ထိုအာဟာရ၌ ပဋိကူလာကာရ အားဖြင့် ဖြစ်သော သမထ, သမထပရိကမ် ဟူသော သညာကို ပွါးလိုသော ယောဂီသည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက်—

သင်္ဂဟဂါထာ

ဂမနာ ဧသနာ ဘောဂါ၊ အာသယာ စ နိဓာနတော။
အပက္ကာ စ ပက္ကာ ဖလာ၊ နိဿန္ဒတော စ မက္ခနာ။
ဧဝံ ဒသဟာကာရေဟိ၊ ဣက္ခေယျ ပဋိကူလတာ[၂]။

ဂမနာ၊ ဆွမ်းခံသွားရခြင်းဖြင့်၎င်း။ ဧသနာ၊ ရှာရခြင်းဖြင့်၎င်း။ ဘောဂါ၊ သုံးဆောင်ခြင်းဖြင့်၎င်း။ အာသယာ စ၊ အခြားစီ ဖြစ်တတ်သော သလိပ်, သည်းခြေ, သွေး, ပြည် အားဖြင့်၎င်း။ နိဓာနတော၊ စု၍တည်နေရာ အစာသစ်အိမ် အားဖြင့်၎င်း။ အပက္ကာ စ၊ မကျက်မကြေသေးသော အားဖြင့်၎င်း။ ပက္ကာ၊ ကြေကျက်ပြီး အားဖြင့်၎င်း။ ဖလာ၊ အကျိုးရင်း အားဖြင့်၎င်း။ နိဿန္ဒတော စ၊ ထိုမှ၍မှ ယိုစီးစိမ့်ထွက်သော အကျိုးဆက် အားဖြင့်၎င်း။ မက္ခနာ၊ လူးလည်းခြင်းဖြင့်၎င်း။ ဧဝံ၊ ဤသို့။ ဒသဟိ အာကာရေဟိ၊ ဆယ်ပါးသော အခြင်းအရာတို့ဖြင့်။ ပဋိကူလတာ၊ စက်ဆုပ်ရွံရှာ ထွိဘွယ်ရာအဖြစ်ကို။ ဣက္ခေယျ၊ ရှုဆင်ခြင်အပ်၏။

## (၁) ဆွမ်းခံသွားရခြင်း 'ဂမန'အားဖြင့် ဆင်ခြင်ပုံလင်္ကာ

ဤဆယ်ပါးသော အခြင်းအရာတို့တွင် ဂမန အားဖြင့် ဆင်ခြင်ဟန်ကား—

မဟာနုဘော်၊ ရဟန်းတော်တို့၊ ရှင်ပျော်ညဥ့်လုံး၊ ကျင့်သုံးဓမ္မ၊ စောစောထ၍၊ စေတီယင်္ဂဏ၊ စသည်ဝတ်ဝတ်၊ မချွတ်ပြုကာ၊ ချိန်ခါလင့်ထ၊ အာသနဉ္စ၊ ဝီသတိ သာ၊ ဝါရာ ပတ်လုံး၊ ပိုက်ကျုံးစီးဖြန်း၊ သက်နှ်း သပိတ်၊ ပရိက္ခရာ၊ ယူဆောင်ကာလျင်၊ သာယာပျော်ပျူး၊ ဆန်းထူးစိမ့်စို၊ ရဂုံမြိုင်ဝ၊

၁။ အာဟာရ လေးပါးတွင် ကမ္မဋ္ဌာန်းအတွက် စားဘွယ်, သောက်ဘွယ်, ခဲဘွယ်, လျက်ဘွယ်ဖြစ်သော ကဗဠီကာရ အာဟာရကိုသာ ယူရမည်ဟုလိုသည်။

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၃၆-လာ စုံဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ဝိဝေကကို၊ အာဟာရတွက်၊ မင့်ကွက်ပဲ၊ စားမက်ရှာရေး၊ သုသာန် ပြေးသည့်၊ တောခွေး အလား၊ ရွာသို့သွားသော်၊ စဉ်အား ရောက်အောင်၊ ကွင်းမရှောင်ရ၊ အိမ်မြှောင် ကြွက်ချေး၊ လင်းနို့ချေးနှင့်၊ ခိုချေး ရှင်ချေး၊ လူချေးရွံ့ပွက်၊ ချောက်နက် သစ်ငုတ်၊ အကောင်ပုပ်ပြွမ်း၊ ဆွမ်းခံလမ်းသို့၊ ကြိုးပမ်းချီရ၊ တံခါးဝက၊ မျှားလှုဘေးဘျမ်း၊ ခွေးကြမ်း နွားဆိုး၊ ဆင်မြင်းဆိုးကြောင့်၊ ငုံ့လျှိုးမျက်လွှာ၊ မနေသာခဲ့၊ မျှော်ကာကြည့်ရ၊ ပြန်ကာလလည်း၊ သေနယော၊ အာဟာရောသည်။ ။အဟော စက်ဆုပ်ဖွယ်တကား။

အာသန္နံ မာရဗ္ဘ ဝိသတိံသဝါရေ ကမ္မဋ္ဌာနံ မနသိကရိတွာ။
ဝိသုဒ္ဓိမဂ်အဋ္ဌကထာ (၊ပ၊နှာ-၃၃၇။)

'ဝိသတိံသဝါရေ'တိ ဧတ္ထ သန္တတိပစ္စုပ္ပန္နဝသေန ဝါရပရိစ္ဆေဒေါတိ ကေစိ။အပရေ ပန ဥဏှာသနေနာတိ ဝဒန္တိ။ ...ဝိသတိံသဂ္ဂဟဏံ ပန ယထာသလ္လက္ခိတ ဘိက္ခာစာရ ဝေလာဝသေန။အထ ဝါ ဂမနတော ယာဝ သမ္မက္ခနာ မနသိကာရော ကော ဝါရော၊ ဧဝံ ဝိသတိံသဝါရေ ကမ္မဋ္ဌာနံ မနသိကရိတွာ။ မဟာ ဋီကာ (၊ပ၊နှာ-၄၁၈။)

## (၂) ရှာမှီးရခြင်း'ပရိယေသန'အားဖြင့် ဆင်ခြင်ပုံလင်္ကာ

ပရိယေသနအားဖြင့် ဆင်ခြင်ဟန်ကား—

အိုးတိုလက်စွဲ၊ ဘုန်းစားနဲ့သို့၊ ရှင်မွဲရောင်ခြောက်၊ အိမ်စဉ်လျှောက်၍၊ ညှိုးအောက်မျက်နှာ၊ ခွါရာရွှံ့ပွက်၊ တင်ရောက်တက်သား၊ တဖက်ဖြင့်ကြွ၊ တဖက်မတည်း၊ ကာလနွှေမူ၊ လေဆောင်ယူသည့်၊ ဖုံမှုန့်မြက်မှိုက်၊ ကိုယ်၌ရစ်ဝိုင်း၊ အိမ်ဝတိုင်း၌၊ ယင်ရိုင်းသဲသဲ၊ ငါးမဲ ပုပ်စပ်၊ ချွဲ, နှပ်, တံထွေး၊ လူ့သေး ခွေးဘင်၊ နွားမစင်က၊ စသည် မျှားစွာ၊ ရွံ့ဖွယ်ရာကို၊ မှိတ်ကာချဉ်းကပ်၊ မှိုင်ကာရပ်လည်း၊ ပုပ် စပ် ကျန်ကြွင်း၊ ထမင်း မုံ့ဟောင်း၊ ကောင်း မကောင်းကို၊ မလောင်း တချို့၊ လောင်း တချို့နှင့်၊ တချို့က ဆဲ၊ ဦးပြဲရဟန်း၊ ဖိုချောင်ခန်းမှာ၊ ကျီးကန်းသဘော၊ ရှာရမောသည်။ ။အဟော စက်ဆုပ်ဖွယ်တကား။

## (၃,၄,၅) သုံးဆောင်ခြင်း 'ပရိဘောဂ'စသည်ဖြင့် ဆင်ခြင်ပုံလင်္ကာ

ပရိဘောဂ,အာသယ,နိဓာန သုံးပါးတို့ဖြင့် ဆင်ခြင်ဟန်ကား—

စားမည်စိတ်ရှိ၊ လက်နှိုက်မိမူ၊ မြတ်ဘိသူကို၊ ဖိတ်လှူမတာင့်၊ ပူရှိန်သင့်၍၊ ချေးနှင့်စို့ရွဲ၊ လက်ဆုပ်ထဲမှ၊ ချေးခွဲတတန်၊ အာသို့ နှံသော်၊ ညှီနံ တံထွေး၊ ကြေးညစ်မြေးကို၊ လုံးထွေး ပေါင်းစု ၊ထောင်းထု ဝါးလျှင်း၊ ခွေးစာကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊ မမြင်ရလို့၊ မြိန်ကြနိုင်ပါ–မျိုသောခါလည်း၊

ဝင်ကာ ဆင်းလျှောက်၊ စာအိမ်ပေါက်သို့၊ မရောက်ခင်သေး၊ ပြည် သွေး သည်းခြေ၊ သလိပ်တွေဟု၊ လေးထွေ အာသယ၊ ရောထဆင်ကဲ့—မွေးက တဲက၊ အနဲငယ်မျှ၊ မဆေးရဘူး၊ လဲလူး ရွံဘွယ်၊ အိမ်ဝယ် တည်မော၊ အာဟာရေသည်။ ။အဟော စက်ဆုပ်ဖွယ်တကား။

ဗုဒ္ဓ ပစ္စေကဗုဒ္ဓါနမ္ပိ ရညောပိ စက္ကဝတ္တိဿ ပိတ္တ,သေမှ,ပုဗ္ဗ,လောဟိတာ-သယေသု စတူသု အညတရေ အာသယော ဟောတိယေဝ။ မန္ဒပုညာနံ[၁] ပန စတ္တာရောပိ အာသယာ ဟောန္တိ။

အဋ္ဌကထာ (၂၊ ပ၊ နှာ-၃၃၉။)

နိဓာနမန္ဒုပဂတော အာမာသယံ အပ္ပတွာယေဝ အာဟာရော ပိတ္တာ-ဒိဟိ မိဿိတော[၂] ဟောတိ။ ဋီကာ (၁ပ၊ နှာ-၄၂၀။)

(၆,၇,၈) အစာမကြေစသည် သုံးမျိုးဖြင့် ဆင်ခြင်ပုံလင်္ကာ

အပရိပက္က,ပရိပက္က,ဖလ သုံးပါးဖြင့် ဆင်ခြင်ဟန်ကား—

ရွာဒွန်းစဏ္ဍား၊ တံခါးအထွက်၊ တံစိပွက်သို့၊ စက်ဆုပ်ဖွယ်ရာ၊ မိုက်မဲစွာ သား၊ အစာအိမ်ထဲ၊ဟိုလဲ ဤနှေ့၊ စားသရွေကို၊ ပေါင်းပွေစုလျက်၊ ခေတ် မီးချက်၍၊ ပရပွက်အူ၊ ကျိုက်ကျိုက် ဆူပွ၊ အမြှုပ်ထလျက်— အူခေါင်း သက်၍၊ ချက်မြစ် ကျောက်ကုန်း၊ အူအဆုံးဟု၊ ပတုန်းပိတ်ဝယ်၊ ကျင်ငယ် ကျင်ကြီး၊ ဖြစ်ထပြီးလေ—ကောင်းစွာကြေက၊ ကေသာ လောမ၊ စသည် ရောယူ၊ အပုပ်စုကို၊ ပြီးမှုစေပါ၊ မကြေခါမူ၊ နူနာစိုရွှဲ၊ ပွေးဝဲအစ၊ ရာမကသည့်၊ ဖလရောဂါ၊ ဖြစ်စေသောကြောင့်။ ။အဟော စက်ဆုပ်ဖွယ်တကား။

(၉) ယိုစီးထွက်သောအကျိုးဆက်အားဖြင့် ဆင်ခြင်ပုံလင်္ကာ

နိဿန္ဒအားဖြင့် ဆင်ခြင်ဟန်ကား—

ဝမ်းမြောက်ရွှင်ပြယ်၊ လူပုံလယ်မှာ၊ တင့်တယ်ဘိခြင်း၊ တခံတွင်းက၊ သွင်းသည့်အစာ၊ တည္ဋဳကြာလျှင်၊ မျက်နှာညှိုးမှိုတ်၊ နှာခေါင်းပိတ်လျက်၊ လူဆိတ်ကွယ်ရာ၊ စွန့်ရရှာသည်၊ ကြည့်ကာ တောင်မြောက်၊ ကိုးပေါက်ဒွါရ၊ အမာဝမှ၊ ယိုကျဖျင်းဖျင်း၊ ဆံမွေးတွင်းက၊ သက်ဆင်း ကျလျှော၊ အာ-ဟာရေသည်။ ။အဟော စက်ဆုပ်ဖွယ်တကား။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကဒွါရေန ပဝိသိတွာ၊ နဝဟိ ဒွါရေဟိ သန္ဒတိ။

---

၁။ ဆဋ္ဌမူ၌ 'မန္ဒပုညာနံ'ဟု ရှိသည်။ ၂။ ဆဋ္ဌမူ၌ 'ဝိမိဿိတော'ဟု ရှိသည်။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတေ သပရိဝါရော၊ နိက္ခာမေန္တော နိလီယတိ။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဘုဉ္ဇတေ အဘိနန္ဒန္တော၊ နိက္ခာမေန္တော ဇိဂုစ္ဆတိ။

အန္နံ ပါနံ ခါဒနီယံ၊ ဘောဇနဉ္စ မဟာရဟံ။
ဧကရတ္တိပရိဝါသာ၊ သဗ္ဗံ ဘဝတိ ပူတိကံ။

ပေါရာဏဂါထာ[၁]

မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းသည်၎င်း။ ပါနဉ္စ၊ အဖျော်သည်၎င်း။ ခါဒနီယဉ္စ၊ ခဲဘွယ်သည်၎င်း။ ဘောဇနဉ္စ၊ ဘောဇဉ်သည်၎င်း။ ဧကဒွါရေန၊ တပေါက်သော ဒွါရဖြင့်။ ပဝိသတိ၊ ဝင်၏။ နဝဟိ ဒွါရေဟိ၊ ကိုးခုသော ဒွါရတို့ဖြင့်။ သန္ဒတိ၊ ယိုစီး၏။

မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းကို၎င်း။ ပါနဉ္စ၊ အဖျော်ကို၎င်း။ ခါဒနီယဉ္စ၊ ခဲဘွယ်ကို၎င်း။ ဘောဇနဉ္စ၊ စားဘွယ်ကို၎င်း။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ ဘုဉ္ဇတိ၊ စားသုံး၏။ နိက္ခာမေန္တော၊ စွန့်ထုတ်ထွက်စေသည်ရှိသော်။ နိလီယတိ။ ပုန်းကွယ်လျှိုဝှက်ရ၏။

မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းကို၎င်း။ ပါနဉ္စ၊ အဖျော်ကို၎င်း။ ခါဒနီယဉ္စ၊ ခဲဘွယ်ကို၎င်း။ ဘောဇနဉ္စ၊ စားဘွယ်ကို၎င်း။ အဘိနန္ဒန္တော၊ အလွန် နှစ်သက်သည်ဖြစ်၍။ ဘုဉ္ဇတော၊ စား၏။ နိက္ခာမေန္တော၊ ထွက်သည်ရှိသော်။ ဇိဂုစ္ဆတိ၊ စက်ဆုပ်၏။

မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းသည်၎င်း။ ပါနဉ္စ၊ အဖျော်သည်၎င်း။ ခါဒနီယဉ္စ၊ ခဲဘွယ်သည်၎င်း။ ဘောဇနဉ္စ၊ စားဘွယ်သည်၎င်း။ သဗ္ဗံ၊ အလုံးစုံသော အစာသည်။ ဧကရတ္တိပရိဝါသာ၊ ဝမ်းတွင်းအစာအိမ်၌ တညဉ့်မျှ သိပ်သဖြင့်။ ပူတိကံ၊ ပုပ်သိုးသည်။ ဘဝတိ၊ ဖြစ်၏။

## (၁၀) ပေကျံခြင်းအားဖြင့် ဆင်ခြင်ပုံလက်ာ

သမ္မက္ခနအားဖြင့် ဆင်ခြင်ဟန်ကား—

စားသောအခါ၊ ခံတွင်းမှာတည်း၊ ရှိရာမသိ၊ ထွက်ပြန်ဘိလည်း၊ တံစိ ပွက်တွင်း၊ ချက်ထမင်းမှ၊ အမြုပ်ထ၍၊ ဝါဌ[၂]နှုတ်ခမ်း၊ အိုးနှုတ်ခမ်းမှာ၊

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၃၄၁-၌ ပြဆိုသည့် ပေါရာဏ ဂါထာများ။

၂။ ဝါဋ္ဌ=အာဝါဋ္ဌ=တွင်း။

လူးလည်းပါသို့၊ ကိုးဒွါရပေါက်၊ ဆံမွေးပေါက်မှ၊ စီးလျှောက်ယိုကျ၊ ခေဠ[၁] မျက်ချေး၊ နှပ်စေး နဖာ၊ သွားမှာ သွားမြေး၊ ညစ်ကြေးမစင်၊ ကျင်ငယ် ဘင်တို့၊ ဝန်းကျင်လိမ်းကပ်၊ ရေသုံးသပ်လည်း၊ ကြပ်ကြပ်မပြယ်၊ ထို့ဘွယ် သဘော၊ အာဟာရေသည်။ ။အဟော စက်ဆုပ်ဘွယ်တကား။

ဥပစာရသမာဓိရခြင်း။ ။ဤသို့လျှင် ဆယ်ပါးသော အခြင်းအရာတို့တွင် တပါး ပါးဖြင့် အဖန်များစွာ ဆင်ခြင်သော ယောဂီအား စက်ဆုပ်ဖွယ်သော အခြင်းအရာဖြင့် အာဟာရနိမိတ်ထင်၏။ ထိုနိမိတ်ကို အဖန်တလဲလဲ မှီဝဲပွါးများသော ယောဂီသည် နီဝရဏ ကင်းကွာသဖြင့် ဥပစာရ ဈာန်သမာဓိကို ရ၏။

ကဗဠီကာရာဟာရဿ သဘာဝဓမ္မတာယ ဂမ္ဘီရတ္တာ အပ္ပနံ အပ္ပတ္တေန ဥပစာရသမာဓိနာ စိတ္တံ သမာဓိယတိ။ အဋ္ဌကထာ (၁၊ နှာ-၃၄၂။)

နိမိတ္တန္တိ....ပဋိကူလာကာရဝသေန ဥပဋ္ဌိတံ ကဗဠီကာရာဟာရသညိတံ ဘာဝနာယ နိမိတ္တံ အာရမ္မဏံ၊ န ဥဂ္ဂဟ,ပဋိဘာဂနိမိတ္တံ။ ယဒိ ဟိ တတ္ထ ဥဂ္ဂဟနိမိတ္တံ ဥပ္ပဇ္ဇေယျ၊ ပဋိဘာဂနိမိတ္တေနာပိ ဘဝိတဗ္ဗံ။ တထာ စ သတိ အပ္ပနာပတ္တေန ဈာနေန ဘဝိတဗ္ဗံ၊ န စ ဘဝတိ။ ဋီကာ၊ (ပ၊ နှာ-၄၂၃။)

အာဟာရေပဋိကူလသညာ ကမ္မဋ္ဌာန်းအကျိုး။ ။အကျိုးအာနိသင်ကား—

အာဟာရေ စဇတေ တဏှံ၊ ပုတ္တမံသံဝ ဘုဉ္ဇတိ။
တံမုခါ ကာမဂုဏိက—ရာဂေါပိ ပရိဇာနိယော။

ပရိဇာနေ ရူပက္ခန္ဓံ၊ ကာယေ သတိ စ ပူရတိ။
အသုဘသညာနုလောမံ၊ ပဋိပဒမ္ပိ ပဇ္ဇတိ။
အမတံ ဠမ အပ္ပတ္တော၊ သော သုဂ္ဂတိပရာယဏော။

သင်္ဂဟ ဂါထာ[၂]

သော၊ ထို အာဟာရေ ပဋိကူလသညာကမ္မဋ္ဌာန်း စီးဖြန်းသော ယောဂီ သည်။ အာဟာရေ၊ ချို,ချဉ်,စပ်,ငန်,အဖန်,အခါး ရသာပြားသော အစာ၌။ တဏှံ၊ ရသတဏှာကို။ စဇတေ၊ စွန့်ခွါ၏။ ပုတ္တမံသံ ဣဝ၊ ကန္တာရကြား သား၏ အသားကိုကဲ့သို့။ ဘုဉ္ဇတိ၊ တဏှာမဖက် ဝဋ်မှထွက်အောင် သုံးဆောင် စားသောက်၏။ တံမုခါ၊ ထိုအာဟာရကို သိခြင်းကို အရင်းပြုသဖြင့်။ ကာမ-

---

၁။ ခေဠ=တံထွေး။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ ၃၄၂-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ဂုဏိက ရာဂေါပိ၊ ရူပ သဒ္ဒ စသည်အာရုံ ကာမဂုဏ်၌ မှီသောရာဂကိုလည်း။ ပရိဇာနိယော၊ သိမြင်ပိုင်းဖြတ် လွန်မြောက်အပ်၏။

တံမှခါ၊ ထိုကာမဂုဏ်ငါးပါးကို ပိုင်းခြားခြင်းကို အရင်းပြုသဖြင့် (လိုက်)။ ရူပက္ခန္ဓံ၊ ရုပ်အစုကို။ ပရိဇာနေ၊ ပိုင်းခြား၍ သိ၏။ ကာယေ သတိ စ၊ ကာယဂတာသတိသည်လည်း။ ပူရတိ၊ အလိုလိုပါ ပြည့်စုံလာ၏။ အသုဘာ-သညာနုလောမံ၊ အဝိညာဏက အသုဘသညာ အားလျော်သော။ ပဋိပဒမ္ပိ၊ အကျင့်ကိုလည်း။ ပဇ္ဇတိ=ပဋိပဇ္ဇတိ၊ ကျင့်၏။ ဣမ၊ ဤဘဝ၌။ အမတံ၊ အမြိုက် နိဗ္ဗာန်သို့။ အပ္ပတ္တော၊ မရောက်ရ နိုင်သေးမူကား။ သုဂတိပရာယဏော၊ သုဂတိလျှင် လားရာရှိသည်။ ဟောတိ၊ ဖြစ်၏။

ကောသညာ ပြီး၏။

---

## စတုဓာတုဝဝတ္ထာန်ပွါးနည်း ၁၉-ပါး[၁]

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို စီးဖြန်းလိုသော ယောဂီသည် တိက္ခပညပုဂ္ဂိုလ်ဖြစ်အံ့— အကျဉ်းအားဖြင့် ပွါးအပ်၏။ နာတိတိက္ခပည ပုဂ္ဂိုလ်ဖြစ်အံ့— အကျယ်အားဖြင့် ပွါးအပ်၏။

## တိက္ခပညပုဂ္ဂိုလ် ပွါးများနည်း ၂-ပါး

**နွားသတ်ယောကျ်ား ဥပမာ။**　။ပွါးဟန်ကား— တိက္ခပည ပုဂ္ဂိုလ်သည် ဆိတ်ငြိမ်ရာအရပ်သို့ ကပ်လျက် "သေယျထာပိ

---

၁။ စတုဓာတုဝဝတ္ထာန်ပွါးနည်း ၁၉-ပါး
(၁) နွားသတ်ယောကျ်ားပမာ ဆင်ခြင်ပွါးများခြင်း။
(၂) အိမ်၏ အစိတ်အပိုင်းအသွင် ဆင်ခြင် ပွါးများခြင်း။ (ယင်း ၂-ပါးမှာ တိက္ခပည ပုဂ္ဂိုလ်၏ ပွါးနည်း ဖြစ်သည်)
(၃) လွန်ကဲ များပြား ထင်ရှားသော ဓာတ်ဖြင့် ၄၂-ကောဋ္ဌာသကို အကျဉ်း (သသမ္ဘာရသင်္ခေပ) နည်းဖြင့် ဆင်ခြင်ပွါးများခြင်း။
(၄) လွန်ကဲများပြား ထင်ရှားသောဓာတ်ဖြင့် ၄၂-ကောဋ္ဌာသကို အကျယ်ခွဲဝေသော (သသမ္ဘာရဝိဘတ္တိ) နည်းဖြင့် ဆင်ခြင်ပွါးများခြင်း။
(၅) ဓာတ် ၄-ပါးလုံးဖြင့် ၄၂-ကောဋ္ဌာသကို အကျဉ်း(သလက္ခဏသင်္ခေပ) နည်းဖြင့် ဆင်ခြင် ပွါးများခြင်း။
(၆) ဓာတ် ၄-ပါးလုံးဖြင့် ၄၂-ကောဋ္ဌာသကို အကျယ်ခွဲဝေသော (သလက္ခဏ-ဝိဘတ္တိ) နည်းဖြင့် ဆင်ခြင် ပွါးများခြင်း။ (ယင်း ၄-ပါးမှာ နာတိတိက္ခပည ပုဂ္ဂိုလ်၏ ပွါးနည်း ဖြစ်သည်)
(၇-၁၉) ဝစနတ္ထစသော အခြင်းအရာ ၁၃-ပါးဖြင့် ဆင်ခြင် ပွါးများခြင်း။

ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ ဂေါဃာတကန္တေဝါသီ ဝါ” စသည်ဖြင့် မဟာသတိပဋ္ဌာနသုတ်[၁]၌ ဟောတော်မူသည့်အတိုင်း မိမိရူပကာယအလုံးကို ဆင်ခြင်၍—

**ဓာတ်ကြီး ၄-ပါး သဘောလက္ခဏာ။** ။ယော ဣမသ္မိံ ကာယေ ထဒ္ဓဘာဝေါ ဝါ ခရဘာဝေါ ဝါ၊ အယံ ပထဝီဓာတု။

ယော အာဗန္ဓနဘာဝေါ ဝါ ဒြဝဘာဝေါ ဝါ၊ အယံ အာပေါဓာတု။ ယော ပရိပါစနဘာဝေါ ဝါ ဥဏှဘာဝေါ ဝါ၊ အယံ တေဇောဓာတု။ ယော ဝိတ္ထမ္ဘနဘာဝေါ ဝါ သမုဒီရဏဘာဝေါ ဝါ၊ အယံ ဝါယောဓာတု[၂]။

**ပထဝီဓာတ်သဘော။** ။ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ယော ထဒ္ဓဘာဝေါ ဝါ၊ အကြင် ခိုင်မာခြင်း သဘောလက္ခဏာသည်၎င်း။ ယော ခရဘာဝေါ ဝါ၊ အကြင် ကြမ်းတမ်းသော အခြင်းအရာ ကိစ္စသည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤခိုင်မာ ကြမ်းတမ်းခြင်း သဘောသည်။ ပထဝီဓာတု၊ ပထဝီဓာတ်တည်း။

**အာပေါဓာတ်သဘော။** ။ယော အာဗန္ဓနဘာဝေါ ဝါ၊ အကြင်စေးဖွဲ့သော အခြင်းအရာကိစ္စသည်၎င်း။ယော ဒြဝဘာဝေါ ဝါ၊ အကြင် ယိုတွဲ ရှိချဲ ပြောင်းအိသော သဘော လက္ခဏာသည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ စေးဖွဲ့ ယိုတွဲ ရှိချဲ ပြောင်းအိခြင်း သဘောသည်။ အာပေါဓာတု၊ အာပေါဓာတ်တည်း။

**တေဇောဓာတ်သဘော။** ။ယော ပရိပါစနဘာဝေါ ဝါ၊ အကြင်လှုပတင့်တယ် အရွယ်အိုမင်း အရေ တွန့်လိပ်ခြင်း စသည်ဖြင့် ရင့်ကျက်စေခြင်း ကိစ္စသည်၎င်း။ယော ဥဏှဘာဝေါ ဝါ၊ အကြင် ခိုးရှိန် ပူခြင်း သဘော လက္ခဏာသည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤလှုပတင့်တယ် အရွယ်အိုမင်း အရေတွန့်လိပ်ခြင်း စသည်ဖြင့် ရင့်ကျက်စေတတ်သော ခိုးရှိန် ပူသော သဘောသည်။ တေဇောဓာတု၊ တေဇောဓာတ်တည်း။

**ဝါယောဓာတ်သဘော။** ။ယော ဝိတ္ထမ္ဘနဘာဝေါ ဝါ၊ အကြင် သွားရပ် ထိုင် လျောင်းခြင်း စသည်၌ တောင့်တင်းခိုင်ခံ့ ထောက်ပံ့ခြင်းသဘော လက္ခဏာသည်၎င်း။ ယော သမုဒီရဏဘာဝေါ ဝါ၊ အကြင် ရွေ့တွား လှုပ်ရှားခြင်း ကိစ္စသည်၎င်း။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤ တောင့်တင်း ခိုင်ခံ့ ထောက်ပံ့ ရွေ့တွား လှုပ်ရှားခြင်း သဘောသည်။ ဝါယောဓာတု၊ ဝါယောဓာတ်တည်း။

---

၁။ ဒီ၊၂၊နှာ-၂၃၄။ ၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၄၆။

ဤသို့ အစိတ်ကို အဖန်ဖန် သိမ်းဆည်းပြီး၍—

ဣတိ အယံ ကာယော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ဓာတုသမူဟောယေဝ။

ဣတိ၊ ဤသို့။ အယံ ကာယော၊ ဤကရဇရူပကာယသည်။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ ပုဂ္ဂိုလ်သတ္တဝါဟု–မဆိုအပ်သော အဗျာကတ တရားတည်း။ သုညော၊ ပုဂ္ဂိုလ်သတ္တဝါ ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်။ ဓာတုသမူဟောယေဝ၊ ခိုင်မာကြမ်းတမ်းသော မြေဓာတ်သဘော, စေးဖွဲ့ယိုတွဲ ရှိချဲ ပြောင်းအိသော ရေဓာတ်သဘော, လှုပတင့်တယ် အရွယ်အိုမင်း အရေတွန့်လိပ်ခြင်း စသည်ဖြင့် ရင့်ကျက်စေတတ်သော ခိုးရှိန်ပူသော မီးဓာတ်သဘော, သွားရပ် ထိုင်လျောင်းခြင်း စသည်၌ တောင့်တင်းခိုင်ခံ့ ထောက်ပံ့ရွေ့တွား လှုပ်ရှားသော လေဓာတ်သဘော အားဖြင့် ဓာတ်လေးပါး အစုသာလျှင်တည်း။

ဤသို့ အဖန်ဖန်ဆင်ခြင်ပွါးများ နှလုံးထားအပ်၏။

**ဥပစာရသမာဓိရခြင်း။** ။ထိုအခါ နွားကိုသတ်လျက် လမ်းလေးခွ အဆုံအချက်၌ လေးဖက်ခုတ်လှီး ချပြီးသောအခါ ဂေါဃာတက ယောကျ်ားအား နွားဟူသော ဂါဝီသညာ ပျောက်၍ အမဲဟူသော မံသသညာ ရောက်လာသကဲ့သို့ ဣရိယာပုထ် လေးရပ်တို့၌ သတ္တ ဇီဝသညာကို ပယ်ခွါခဲ့ထုံ၍ ဓာတ်အစုသာ ထင်၏။ ဥပစာရသမာဓိကို ရ၏။

**အိမ်၏အစိတ်အပိုင်းဥပမာ။** ။တနည်းလည်း—

ကဋ္ဌံ ဝလ္လိဥ္စ တိဏဉ္စ၊ မတ္တိကံ စတုကံ ပတိ။
ပရိဝါရိတော အာကာသော၊ သင်္ချံ ဂေဟန္တိ ဂစ္ဆတိ။

အဋ္ဌိံ နှာရုံ စ မံသဥ္စ၊ စမ္မဥ္စ စတုကံ ပတိ။
ပရိဝါရိတော အာကာသော၊ သင်္ချံ ရူပန္တိ ဂစ္ဆတိ[၁]။

ကဋ္ဌဉ္စ၊ သစ်သားကိုရင်း။ ဝလ္လိဉ္စ၊ ကြိမ်နွယ်ကိုရင်း။ တိဏဉ္စ၊ မြက်သက်ကယ်ကိုရင်း။ မတ္တိကဉ္စ၊ မြေသရွတ်ကိုရင်း။ စတုကံ၊ လေးပါး အပေါင်းကို။ ပတိ၊ စွဲ၍။ ပရိဝါရိတော၊ ခြံရံအပ်သော။ အာကာသော၊ ကောင်းကင်သည် (အပိုင်းအခြားသည်)။ ဂေဟန္တိ၊ အိမ်ဟူ၍။ သင်္ချံ၊ ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၄၇။

အဋ္ဌိဉ္စ၊ အရိုးကိုင်း။ နှာရုံစ၊ အကြောကိုင်း။ မံသဉ္စ၊ အသားကိုင်း။ စမ္မဉ္စ၊ အရေကိုင်း။ စတုက္ကံ၊ လေးပါး အပေါင်းကို။ ပတိ၊ စွဲ၍။ ပရိဝါရိတော၊ ခြံရံ အပ်သော။ အာကာသော၊ ကောင်းကင်သည်(အပိုင်းအခြားသည်)။ ရူပန္တိ၊ ရုပ် ဟူ၍။ သင်္ချံ၊ ခေါ်ဝေါ်ရေတွက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

ဟူသော သင်္ဂဟ ဂါထာနှင့်အညီ အိမ်ဟူ၍ ထင်ရှား မရှိပဲလျက် သစ်သား ကြိမ်နွယ် သက်ကယ် မြေကျုံ သရွတ်တို့ကို စွဲ၍ အတွင်းအပ ထက်ဝန်းကျင် ခြံရံ၍ တည်သော ကောင်းကင်ကိုပင် အိမ်ဟူ၍ ဆိုအပ် ခေါ်ဝေါ်အပ်သကဲ့သို့ ဤကိုယ်၌ အလွန်ထင်ရှား အများဆုံး မူလအထည်ကိုယ်ဖြစ်သော ကောဋ္ဌာသလေးခုကို စွဲ၍ အတွင်းအပ ထက်ဝန်းကျင် ခြံရံ၍ တည်သော ကောင်းကင်ကို ကိုယ်ဟူ၍ ခေါ်ဝေါ်အပ်၏။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ အရိုး, အကြော, အသား, အရေ—အရေ, အသား, အကြော, အရိုး လေးမျိုးသော ကောဋ္ဌာသအစုသာတည်းဟု–ကောဋ္ဌာသလေးခုကို အပေါင်း အစု မရှိစေပဲ အဖန်တလဲလဲ စိတ်ခွဲဝေဘန် ဉာဏ်ဖြင့် ခွဲထုအာရုံပြုပြီးလျှင်—

ယော စေတသု စတူသု ကောဋ္ဌာသေသု ထဒ္ဓဘာဝေါ ဝါ ခရဘာဝေါ ဝါ၊ အယံ ပထဝီဓာတု။

စသည်ဖြင့် ရှေးနည်းတူ ပွါးများ သိမ်းဆည်းအပ်၏။ ။ဤကား တိက္ခပညပုဂ္ဂိုလ်တို့ ပွါးရသောနည်းတည်း။

## နာတိတိက္ခပညပုဂ္ဂိုလ်ပွါးများနည်း ၄-ပါး

နာတိတိက္ခပုဂ္ဂိုလ်တို့ ပွါးရသောနည်းကား—

သသမ္ဘာရ လက္ခဏာနံ၊ သင်္ခေပေန ဝိဘတ္တိတော။
ဘာဝေ ဓာတုကမ္မဋ္ဌာနံ၊ စတုဓာ နာတိတိက္ခကော[၁]။

နာတိတိက္ခကော၊ မထက်လွန်း မညံ့လွန်းသောပုဂ္ဂိုလ်သည်။ သသမ္ဘာရလက္ခဏာနံ၊ ဗုဒ္ဓိဝေါဟာရတို့ကို ဆောင်တတ်သော ယေဘုယျ ပါကဋ ဓာတ်ဟူသောသမ္ဘာရ၊ ဗုဒ္ဓိဝေါဟာရတို့ကို မှတ်ကြောင်းဖြစ်သော ယေဘုယျ,အပ္ပက, ပါကဋာပါကဋဓာတ်ဟူသော လက္ခဏာတို့နှင့် တကွ ဖြစ်ကုန်သော ကေသ, လောမစသော လေးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၏။ ဝါ၊ ကောဋ္ဌာသတို့ကို။ သင်္ခေပေန၊ အကျဉ်းအားဖြင့်ရင်း။ ဝါ၊ ချုံချဉ်းသောအားဖြင့်ရင်း။ ဝိဘတ္တိ-

[၁]။ ဝိသုဒ္ဓိ၊ ၁၊ နှာ-၃၄၇။

တော၊ အကျယ်အားဖြင့်၎င်း။ ဝါ၊ ဝေဖန်သောအားဖြင့်၎င်း။ စတုဓာ၊ လေးပါးအပြားဖြင့်။ ဓာတုကမ္မဋ္ဌာန်၊ ဓာတ်ကမ္မဋ္ဌာန်းကို။ ဘာဝေ၊ ပွါးများရာ၏။

**သသမ္ဘာရသင်္ခေပနည်း ပွါးများပုံ။** ။ဤသင်္ဂဟဂါထာနှင့်အညီ—

ဠမသို့ ကာယေ ကေသာ ပထဝီဓာတု။ပ။ မတ္တလုင်္ဂံ ပထဝီဓာတု။

ပိတ္တံ အာပေါဓာတု။ပ။ မုတ္တံ အာပေါဓာတု။

သန္တပ္ပနာ တေဇောဓာတု။ ဇီရဏာ, ပရိဒဟနာ, ပရိပါစိကာ တေဇောဓာတု။

ဥဒ္ဓင်္ဂမာဝါတာ ဝါယောဓာတု၊ အဓောဂမာ ဝါတာ, ကုစ္ဆိသယာ ဝါတာ, ကောဋ္ဌာသယာ ဝါတာ, အင်္ဂမင်္ဂါနုသာရိနော ဝါတာ, အဿာသပဿာသာ ဝါတာ ဝါယောဓာတု။

ဟု-ပထဝီကောဋ္ဌာသ နှစ်ဆယ်။ အာပေါ ကောဋ္ဌာသ တဆဲ့နှစ်ပါး။ တေဇော ကောဋ္ဌာသ လေးပါး။ ဝါယော ကောဋ္ဌာသ ခြောက်ပါး အားဖြင့် လေးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၌ တခုတခုစီသော ဓာတ်လွန်လေးပါးတို့ကို ပိုင်းခြားအပ်၏။ ဓာတ်လေးပါး ထင်ရှားလိမ့်မည်။ ထိုကို အဖန်တလဲလဲ နှလုံးပြုလျှင် ဥပစာရစျာန်ကို ရ၏။ ဤကား သသမ္ဘာရသင်္ခေပနည်းတည်း။

**သသမ္ဘာရဝိဘတ္တိနည်းဖြင့်ပွါးများပုံ။** ။သို့မှ မထင်သေးမူ သသမ္ဘာရဝိဘတ္တိနည်းအားဖြင့် ပွါးအပ်၏။ ပွါးဟန်ကား—"ဝါစာ စေဝ မနော ဝဏ္ဏော" စသည်ဖြင့် အောက် ကာယဂတာသတိ (ဤကျမ်း၊ ဒု၊ နှာ-၃၀၀) တွင် စီရင်ခဲ့သည်အတိုင်း ဆစ်ပိုင်းပြန်လှန်၍ အဖန်ဖန် ပွါးများ သရဇ္ဈာယ်သည်၏ အဆုံး အဆုံး၌—

**ပထဝီဓာတ် ၂၀။** ။ကေသာ နာမ ဣမသို့ သရီရေ ပါဠိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။ပ။

**အာပေါဓာတ် ၁၂-ပါး။** ။ပိတ္တံ နာမ ဣမသို့ သရီရေ ပါဠိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ယူသဘူတော အာဗန္ဓနာကာရော အာပေါဓာတု။ပ။

**တေဇောဓာတ် ၄-ပါး။** ။ယေန သန္တပ္ပတိ၊ အယံ ဣမသို့ သရီရေ ပါဠိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ပရိပါစနာကာရော တေဇောဓာတု။

ယေန ဇီရတိ[1]။ ယေန ပရိဍယှတိ။ ယေန အသိတပီတခါယိတသာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိ၊ အယံ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ပရိပါစနာ-ကာရော တေဇောဓာတု။

**ဝါယောဓာတ် ၆-ပါး။** ။ဥဒ္ဓင်္ဂမာ ဝါတာ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ဝိတ္ထမ္ဘနာကာရော ဝါယောဓာတု။ အဓော-ဂမာ ဝါတာ နာမ။ ကုစ္ဆိသယာ ဝါတာ နာမ။ ကောဋ္ဌာသယာ ဝါတာ နာမ။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ နာမ။ အဿာသပဿာသာ ဝါတာ နာမ ဣမ-သ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ဝိတ္ထမ္ဘနာကာရော ဝါယောဓာတု။

ဤသို့ ပွါးအပ်၏။

**ပထဝီဓာတု။** ။ကေသာနာမ၊ ဆံပင်တို့မည်သည်။ ဣမသ္မိံသရီရေ၊ ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီးအခြားဖြစ်သော။ ကောဋ္ဌာသော၊ အပုံအစုတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ အဗျာကတ တရားတည်း။ သုညော၊ ကိုယ်ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်။ ထဒ္ဓေါ၊ ခိုင်မာကြမ်းတမ်းခြင်း သဘောသာ တည်း။ ပထဝီဓာတု၊ မြေဓာတ် သဘောသာတည်း။ပ။

**အာပေါဓာတု။** ။ပိတ္တံနာမ၊ သည်းခြေမည်သည်။ ဣမသ္မိံသရီရေ၊ ဤကိုယ် ၌။ ပါဋိယေက္ကော၊ အသီးအခြား ဖြစ်သော။ ကောဋ္ဌာ-သော၊ အပုံအစုတည်း။ အ စေတနော၊ စိတ်မရှိ။ အ ဗျာကတော၊ အ ဗျာကတ တရားတည်း။ သုညော၊ ကိုယ်ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်။ ယူသဘူတော၊ အရည်ဖြစ်၍ ဖြစ်သော။ အာဗန္ဓနာကာရော၊ စေးဖွဲ့ယိုတွဲ ရှိချဲပြောင်းအိသော သဘောသာတည်း။ အာပေါဓာတု၊ ရေဓာတ်သဘော သာတည်း။ပ။

**တေဇောဓာတု။** ။ယေန၊ အကြင်ပျက်၍ထသောသန္တပ္ပနမီးဖြင့်။ ကာယော၊ ကိုယ်သည်။ သန္တပ္ပတိ၊ တရက်ချန် ဖျားခြင်း စသည်ဖြင့် နွေးနွေးပူ၏။ အယံ၊ ဤ တရက်ချန် ဖျားခြင်း စသည်ဖြင့် နွေးနွေးပူခြင်းသည်။ ဣမသ္မိံသရီရေ၊ ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီးသော။ ကောဋ္ဌာသော၊ အပုံအစုတည်း။ အ စေတနော၊ စိတ်မရှိ။ အ ဗျာကတော၊ အ ဗျာကတ တရား

---

၁။ ဇီရိယတိ (ဆဋ္ဌမူ)

တည်း။ သုညော၊ ကိုယ်ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်။ ပရိပါစနာကာရော၊ ရင့်ကျက်စေတတ်သော အခြင်းအရာ သာတည်း။ တေဇောဓာတု၊ မီးဓာတ်သဘော သာတည်း။

ယေန၊ အကြင်ပကတိသော ကိုယ်ငွေ့ဖြင့်။ ကာယော၊ ကိုယ်သည်။ ဇီရတိ၊ ရင့်ရော်ယိုယွင်း အိုမင်း၏။

ယေန၊ အကြင်ပျက်၍ ပြင်းစွာထသော ပရိဒယှနမီးဖြင့်။ ကာယော၊ ကိုယ်သည်။ ပရိဒယှတိ၊ ပြင်းပြစွာ ပူလောင်၏။

ယေန၊ အကြင်ပါစက ကမ္မဇတေဇောဖြင့်။ အသိတ, ပီတ, ခါယိတ, သာယိတံ၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်သော အစာသည်။ သမ္မာ၊ ကောင်းမွန် ညီညွတ်စွာ။ ပရိဏာမံ၊ နပ်နော ကြေညက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ အယံ၊ ဤပရိပါစက မီးသည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီး အခြား ဖြစ်သော။ ကောဋ္ဌာသော၊ အပုံအစုတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ အဗျာကတ တရားတည်း။ သုညော၊ ကိုယ်ဟူသည်မှဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသေတည်း။ ပရိပါစနာကာရော၊ ရင့်ကျက်စေတတ်သော အခြင်းအရာ သာတည်း။ တေဇောဓာတု၊ မီးဓာတ်သဘော သာတည်း။

ဝါယောဓာတ်။ ။ဥဒ္ဓင်္ဂမာ ဝါတာ နာမ၊ အထက်သို့ ကြို့အန် တက်ဆန်သော လေတို့မည်သည်။ဣမသ္မိံ သရီရေ၊ဤကိုယ်၌။ပါဋိယေက္ကော၊ အသီးသော။ ကောဋ္ဌာသော၊ အပုံအစုတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ အဗျာကတ တရားတည်း။ သုညော၊ ကိုယ်ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသက်ဝိညာဉ် အရှင်မဟုတ်။ ဝိတ္ထမ္ဘနာကာရော၊ တောင့်တင်းခိုင်ခံ့ ထောက်ပံ့ရွေ့ရှားတွား လှုပ်ရှားသော အခြင်းအရာ သာတည်း။ ဝါယော ဓာတု၊ လေဓာတ်သဘော သာတည်း။ ။အဓောဂမာ ဝါတာနာမ၊ ကျင်ကြီး, ကျင်ငယ် အောက်သို့ လယ်အောင် တွန်းဖယ်နှင်ကုန်စုန်သောလေတို့ မည်သည်....။ ကုစ္ဆိသယာ ဝါတာနာမ၊ ဝမ်းတွင်းအူပြင်ပ၌ နေကုန်သော လေတို့မည်သည်....။ ကောဋ္ဌာသယာ ဝါတာနာမ၊ အူတွင်း၌ တည်ကုန်သော လေတို့မည်သည်....။ အင်္ဂမင်္ဂါနုသာရိနော ဝါတာနာမ၊ အင်္ဂါကြီးငယ်သို့ လျှောက်သော လေတို့မည်သည်....။ အဿာသ ပဿာသာ ဝါတာ နာမ၊ ထွက်သက်, ဝင်သက် လေတို့ မည်သည်။ ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ပါဋိယေက္ကော၊ အသီးဖြစ်သော။ ကောဋ္ဌာသော၊ အပုံအစုတည်း။ အစေတနော၊ စိတ်မရှိ။ အဗျာကတော၊ အဗျာကတ တရားတည်း။ သုညော၊ ကိုယ်ဟူသည်မှ ဆိတ်၏။ နိဿတ္တော၊ သတ္တဝါမဟုတ်။ နိဇ္ဇီဝေါ၊ အသေသာတည်း။ ဝိတ္ထမ္ဘနာ-

ကာရော၊ တောင့်တင်း ခိုင်ခံ့ ထောက်ပံ့ရွေ့တွား လှုပ်ရှားသော အခြင်း အရာ သာတည်း။ ဝါယောဓာတု၊ လေဓာတ်သဘော သာတည်း။ ဤကား အနက်။

ဤသို့ အဖန်ဖန် ပွါးများသည်ရှိသော် သတ္တ ဇီဝသညာ ကင်းပြတ်၍ ဓာတ်လေးပါး အစုသာ ထင်၏။ ဥပစာရစျာန်ကို ရ၏။

**သလက္ခဏ သခေ်ပနည်းအားဖြင့် ပွါးများပုံ။** ။သို့မှလည်း ကမ္မဋ္ဌာန်း မပြည့်စုံ သေးလျှင် သလက္ခဏ သခေ်ပ အားဖြင့် ပွါးအပ်၏။ ပွါးဟန်ကား — ရှေး သသမ္ဘာရ သခေ်ပနှင့် နည်းတူပင်။

> ဣမသ္မိံ ကာယေ ကေသာ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု။ပ။ အဿာသ ပဿာသာဝါတာ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု။

ဟု — တခု — တခုသော ကောဋ္ဌာသ၌ ယေဘုယျ, အပ္ပက ပါကဋ, အပါကဋ ရှိသမျှ ဓာတ်လေးပါးတို့ကို ပိုင်းခြားရသည်သာ ထူးပြား၏။

**သလက္ခဏဝိဘတ္တိနည်းအားဖြင့် ပွါးများပုံ။** ။သို့ပွါး၍မှ ကမ္မဋ္ဌာန်း မပြည့်စုံ သေးလျှင် သလက္ခဏ ဝိဘတ္တိ အားဖြင့် ပွါးအပ်၏။ ပွါးဟန်ကား — ရှေး သသမ္ဘာရ ဝိဘတ္တိနှင့် နည်းတူပင်။

> ကေသာ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။ ယူသဂ္ဂတော အာဗန္ဓနာကာရော အာပေါဓာတု။ ပရိပါစနာကာရော တေဇောဓာတု။ ဝိတ္ထမ္ဘနာကာရော ဝါယောဓာတု။ပ။
>
> အဿာသပဿာသာ ဝါတာ နာမ ဣမသ္မိံ သရီရေ ပါဋိယေက္ကော ကောဋ္ဌာသော အစေတနော အဗျာကတော သုညော နိဿတ္တော နိဇ္ဇီဝေါ ထဒ္ဓေါ ပထဝီဓာတု။ ယူသဂ္ဂတော အာဗန္ဓနာကာရော အာပေါဓာတု။ ပရိပါစနာကာရော တေဇောဓာတု။ ဝိတ္ထမ္ဘနာကာရော ဝါယောဓာတု။

ဟု — တခုတခုသော ကောဋ္ဌာသ၌ ယေဘုယျ, အပ္ပက ပါကဋ'ပါကဋ ရှိသမျှ ဓာတ်လေးပါးတို့ကို ပိုင်းခြားရခြင်းသာ ထူးပြားသည်။ ဤသလက္ခဏဝိဘတ္တိ၌ ကောဋ္ဌာသ လေးဆဲ့နှစ်ကို ဓာတ်လေးပါးနှင့် မြှောက်၍ ဓာတ်ပေါင်း တရာ့ခြောက်ဆဲ့ရှစ်ပါးကို သိမ်းဆည်း၏။

**ဝစနတ္ထစသော အာကာရအားဖြင့် ဆင်ခြင်ပုံ ၁၃-ပါး။** ။တနည်းလည်း —

> ဝစနတ္ထ, ကလာပေဟိ၊ စုဏ္ဏတော, လက္ခဏာဒိတော။
> သမုဋ္ဌာနာ စ နာနတ္တေ — ကတ္တတော ဝိနိဘောဂတော။

သဘာဂ,ဝိသဘာဂါ စ၊ အဇ္ဈတ္တ,ဗာဟျဘေဒတော။
သင်္ဂဟာ ပစ္စယာ,နာဘောဂါ၊ ပစ္စယာနံ ဝိဘာဂတော။
ဣတိ တေရသာကာရေဟိ၊ မနေ ကရေယျ ဓာတုယော[၁]။

ဝစနတ္ထကလာပေဟိ၊ ဝိဂ္ဂိုဟ်,ကလာပ်စည်းတို့ဖြင့်ရင်း။

စုဏ္ဏတော၊ အမှုန့်အားဖြင့်ရင်း။

လက္ခဏာဒိတော၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်အားဖြင့်ရင်း။

သမုဋ္ဌာနာ စ၊ ဖြစ်ကြောင်းအားဖြင့်ရင်း။

နာနတ္တေကတ္တတော၊ ထူးပြားသည့် အဖြစ်, တူသည့် အဖြစ်အားဖြင့်ရင်း။

ဝိနိဗ္ဘောဂတော၊ ကွဲပြား, မကွဲပြားခြင်းဟူသော ဝိနိဗ္ဘောဂါ'ဝိနိဗ္ဘောဂ အားဖြင့်ရင်း။

သဘာဂ,ဝိသဘာဂါ စ၊ သဘောတူ, မတူအားဖြင့်ရင်း။

အဇ္ဈတ္တ, ဗာဟျဘေဒတော၊ သဝိညာဏက, အဝိညာဏကဓာတ်တို့၏ အထူး အားဖြင့်ရင်း။

သင်္ဂဟာ၊ သမုဋ္ဌာန်တူခြင်း သင်္ဂြိုဟ်ပေါင်းစုသော အားဖြင့်ရင်း။

ပစ္စယာ၊ အချင်းချင်း ကျေးဇူးပြုသော အားဖြင့်ရင်း။

အနာဘောဂါ၊ နှလုံးမသွင်းတတ်သော အားဖြင့်ရင်း။

ပစ္စယာနံ၊ ပစ္စည်းတို့ကို။ ဝိဘာဂတော၊ ဝေဘန်သော အားဖြင့်ရင်း။

ဣတိ၊ ဤသို့။ တေရသာကာရေဟိ၊ ၁၃-ပါးသော အခြင်းအရာတို့ဖြင့်။ ဓာတုယော၊ ဓာတ်တို့ကို။ မနေ၊ စိတ်၌။ ကရေယျ၊ သွတ်သွင်း ပြုထားရာ၏။

ဤ သင်္ဂဟဂါထာနှင့် ညီစွာ တဆဲ့သုံးပါးသော အခြင်းအရာတို့ဖြင့် နှလုံး သွင်းအပ်၏။

**ဝစနတ္ထအားဖြင့် ဆင်ခြင်ပုံ။** ။ထိုတွင် **ဝစနတ္ထ** အားဖြင့် ဆင်ခြင်ဟန်ကား—

ပုထုတ္တာ ပတ္ထနဋ္ဌေန ဝါ ပထဝီ။ အပ္ပေါတိ အပ္ပီယတိ အပ္ပါယတီတိ ဝါ အာပေါ။ တေဇတီတိ တေဇော။ ဝါယတီတိ ဝါယော။

ပုထုတ္တာ၊ ကြီးပြန့်ခြင်းကြောင့်။ ဝါ၊ တနည်းကား။ ပတ္ထနဋ္ဌေန၊ တည်ရာ ဖြစ်ခြင်းကြောင့်။ ပထဝီ၊ ပထဝီမည်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၃၆၀-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

အပေ့ါတိ၊ ယိုစီးသွားရောက်တတ်၏။ ဝါ၊ တနည်းကား။ အပ္ပီယတိ၊ သွေ့ခြောက်စေအပ် သောက်အပ်၏။ ဝါ၊ တနည်းကား။ အပ္ပါယတိ၊ ပွါးစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ အာပေါ၊ အာပေါမည်၏။

တေဇတိ၊ သွေးတတ်, ထက်စေတတ်၏။ ဣတိ၊ ထို့ကြောင့်။ တေဇော၊ တေဇောမည်၏။

ဝါယတိ၊ လှုပ်ရှားတတ်, ရွှေစေတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝါယော၊ ဝါယောမည်၏။

ဓာတုသဒ္ဒါ၏ ဝစနတ္ထကို သမုစ္စည်းပိုင်း (ဤကျမ်း ပ-တွဲ၊နှာ-၂၇၃) က ပြခဲ့ပြီ။

**ကလာပ်အားဖြင့် ဆင်ခြင်ပုံ။** ။ကလာပ်အားဖြင့် ဆင်ခြင်ဟန်ကား—

ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ၊ စတဿော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာဒိသမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာဒိသမ္မုတိ[၁]။

ဝဏ္ဏော၊ ရူပါရုံငင်း။ ဂန္ဓော၊ ဂန္ဓာရုံငင်း။ ရသော၊ ရသာရုံငင်း။ ဩဇာ၊ အာဟာရရုပ်ငင်း။ စတဿော စာပိ ဓာတုယော၊ ဓာတ်လေးပါးတို့ငင်း။ အဋ္ဌဓမ္မသမောဓာနာ၊ ရှစ်ပါးသော သဘော တရားတို့၏ ပေါင်းဆုံမိခြင်းကြောင့်။ ကေသာဒိသမ္မုတိ၊ ဆံပင်စသော အမည်ပညတ်သည်။ ဟောတိ၊ ဖြစ်၏။ တေသံယေဝ၊ ထိုရှစ်ပါးကုန်သော သဘောတရား တို့ကိုသာလျှင်။ ဝိနိဗ္ဘောဂါ၊ အသီးအသီး ခွဲခြမ်းစိတ်ဖြာ ဝေဘန်ခြင်းကြောင့်။ ကေသာဒိသမ္မုတိ၊ ဆံပင်စသော အမည်ပညတ်သည်။ နတ္ထိ၊ မရှိ။

ကမ္မဇရုပ် ရကောင်းရာတို့၌ ဇီဝိတိန္ဒြိယနဝက, ဘာဝဒသက ကလာပ်များလည်း ရသေး၏။

ဤ ဓာတ်လေးပါးအစွမ်းဖြင့် ကွဲပြားသော ကောဋ္ဌာသ လေးဆဲ့နှစ်ပါးတို့၌ ရသင့်တိုင်းသော စတုဇကလာပ်ရုပ်တို့ကို သိမ်းအုပ်ဝေဘန်မှုကား—

စတုန္နမ္ပိ စ ဓာတူနံ၊ အဓိကံ'သ ဝသေန်'ဓ။
ရူပဘေဒေါ'သ ဝိညေယျော၊ ကမ္မစိတ္တာ'နလ'န္နဇော။

ကေသာဒိမတ္တလုင်္ဂန္တာ၊ ပထဝံသာ ဟိ ဝီသတိ။
ပိတ္တာဒိ မုတ္တကန္တာ တေ၊ ဇလံသာ ဒွါဒသီ'ရိတာ။

[၁] ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၆၁။

ယေန သန္တပ္ပနံ ယေန၊ ဇီရဏံ ဒဟနံ တထာ။
ယေနာ’သိတာဒိပါကော စ၊ စတုရံ’သာ’နလာဓိကာ။

ဥဒ္ဓါ’ဓောဂမ ကုစ္ဆိဋ္ဌာ၊ ကောဋ္ဌာသယ’င်္ဂသာရိ စ။
အဿာသောတိ စ ဝိညေယျာ၊ ဆဋ္ဌံသာ ဝါယု နိဿိတာ။

ပုဗ္ဗော မုတ္တံ ကရီသဉ္စ-ဒရိယံ စတုရော’တုဇာ။
ကမ္မာ ပါစ’ဂ္ဂိ စိတ္တမှာ-’ဿာသောတိ ဆပိ ကေဇာ။

သေဒသိင်္ဃာဏိက’ဿု စ၊ ခေဠော စိတ္တော’တု သမ္ဘဝါ။
ဒွိဇာ ဒွတ္တိံသကောဋ္ဌာသာ၊ သေသာ ဝေ စတုဗ္ဘဝါ။

ကေဇေသွာ’ဒိစတူသု၊ ဥတုဇာ စတုရဋ္ဌကာ။
ဇီဝိတနဝကော ပါစေ-ဿာသေ စိတ္တဘဝဋ္ဌကော။

ဒွိဇေသု မနတေဇေဟိ၊ ဒွေ ဒွေ ဟောန္တိ ပန’ဋ္ဌကာ။
သေသတေဇာနိလံသေသု၊ ဧကေကမှိ တယော တယော။

အဋ္ဌကော’ဇမန’ဂ္ဂိဟိ၊ ဟောန္တိ အဋ္ဌသု ကမ္မတော။
အဋ္ဌာ’ယု နဝကာ ဧဝံ၊ ဠမေ အဋ္ဌ စတုဗ္ဘဝါ။

စတုဝီသေသု သေသေသု၊ စတုဇေသွ’ဋ္ဌကာ တယော။
ဧကေကမှိ စ ဝိညေယျာ၊ ပိဏ္ဍာ စိတ္တာ’နလန္နဇာ။

ကမ္မဇာ ကာယဘာဝဝှါ၊ ဒသကာပိ သိယုံ တဟိံ။
စတုဝီသေသု အံသေသု၊ ဧကေကမှိ ဒုဝေ ဒုဝေ။

ပဉ္စာပိ စက္ခုသောတာဒိ၊ ပဒေသဒသကာ ပုန။
နဝကာ သဒ္ဒသင်္ခါတာ၊ ဒွေတိ စေ’ဝံ ကလာပတော။

တေပညာသ ဒသေ’ကဉ္စ၊ နဝုတ္တရသတာနိ စ။
ဒသကာ နဝကာ စေဝ၊ အဋ္ဌကာ စ သိယုံ ကမာ။

သေ’ကပဉ္စသတံ ကာယေ၊ သဟဿံ တံ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော။

သစ္စသံခိပ်-တဆဲ့လေးဂါထာ[1]

**ကောဋ္ဌာသ ၄၂-ပါး။** ။စတုန္နမ္ပိ စ ဓာတူနံ၊ လေးပါးကုန်သော ဓာတ်တို့၏ လည်း။ အဓိက အံသ ဝသေန၊ အသီးအသီး လွန်သော

---

၁။ သစ္စသံခိပ်၊ နှာ ၄-၅။

လေးဆဲ့နှစ်ကောဋ္ဌာသတို့၏ အစွမ်းဖြင့်။ ဣဓ၊ ဤအရာ၌။ ကမ္မစိတ္တအနုလအနူ-ဇော၊ ကံ, စိတ်, ဥတု, အာဟာရကြောင့်ဖြစ်သော။ သေ သေသော ရူပဘေဒေ၊ ဤဆိုလိမ့်သော ရုပ်အပြားကို။ ဝိညေယျော၊ သိအပ်၏။

**ပထဝီလွန်ကဲသော ကောဋ္ဌာသ ၂၀-ပါး။** ။ဟိ ကထံ ဝိညေယျော၊ အဘယ်ပုံ သိအပ်သနည်း ဟူမူကား။ ကေ-သာဒိမတ္တလုင်္ဂန္တာ၊ ဆံအစ ဦးနှောက် အဆုံးရှိကုန်သော။ ဝီသတိ၊ နှစ်ဆယ်သည်။ ပထဝံသာ၊ ပထဝီဓာတ်လွန်သော ကောဋ္ဌာသမည်ကုန်၏။

**အာပေါလွန်ကဲသော ကောဋ္ဌာသ ၁၂-ပါး။** ။ပိတ္တာဒိ မုတ္တကန္တာ၊ သည်းခြေအစ ကျင်ငယ်အဆုံးရှိကုန်သော။ တေ ဒွါဒသ၊ ထိုဘဆဲ့နှစ်ပါးတို့ကို။ ဇလံသာ၊အာပေါကောဋ္ဌာသတို့ဟူ၍။ ဤရိ-တာ၊ ဆိုအပ်ကုန်၏။

**တေဇောလွန်ကဲသော ကောဋ္ဌာသ ၄-ပါး။** ။ယေန၊ အကြင်မီးဖြင့်။ သန္တပ္ပနံ၊ နွေးနွေး ပူခြင်းသည်။ ယေန၊ အကြင်မီးဖြင့်။ ဇီရဏံ၊ ရင့်ကျက်ခြင်းသည်။ တထာ၊ ထိုမှတပါး။ ဒဟနံ၊ပူလောင်ခြင်းသည်။ ယေန၊ အကြင်မီးဖြင့်။ အသိတာဒိပါကော၊ စားအပ်သော အစာစသည်၏ ကြေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ စတုရော၊ လေးပါးကုန်သော။ ဣမေ အံသာ၊ ဤကောဋ္ဌာသတို့သည်။ အနလာဓိကာ၊တေဇောဓာတ်လွန်သော ကောဋ္ဌာသတို့တည်း။

**ဝါယောလွန်ကဲသော ကောဋ္ဌာသ ၆-ပါး။** ။ဥဒ္ဓါဓောဂမကုစ္ဆိဋ္ဌာ၊ ဥဒ္ဓင်္ဂမလေ, အဓောဂမလေ, ကုစ္ဆိဋ္ဌလေတို့ ၎င်း။ ကောဋ္ဌာသယော၊ ကောဋ္ဌာသယလေ၎င်း။ အင်္ဂသာရိစ၊ အင်္ဂမင်္ဂါနုသာရီလေ၎င်း။ အဿာသော စ၊ထွက်သက်ဝင်သက်လေ၎င်း။ ဣတိ ဣမေ ဆ အံသာ၊ ဤ ၆-ပါးသော ကောဋ္ဌာသတို့ကို။ ဝါယုနိဿိတာ၊လေဓာတ်ကို မှီကုန်၏ ဟူ၍။ ဝိညေယျာ၊ သိအပ်ကုန်၏။

**ကေဇ ကောဋ္ဌာသ ၆-ပါး။** ။ပုဗ္ဗော စ၊ ပြည်သည်၎င်း။ မုတ္တံ စ၊ ကျင်ငယ်သည်၎င်း။ ကရီသဉ္စ၊ ကျင်ကြီးသည်၎င်း။ ဥဒရိ-ယဉ္စ၊ အစာသစ်သည်၎င်း။ စတုရော၊ လေးပါးတို့သည်။ ဥတုဇာ၊ ဥတုကြောင့်ဖြစ်ကုန်၏။ ပါစဂ္ဂိ၊ ဝမ်းမီးသည်။ ကမ္မဇာ၊ ကံကြောင့်။ ဇာယတိ၊ ဖြစ်၏။ အဿာ-သော၊ ထွက်သက် ဝင်သက်သည်။ စိတ္တဇာ၊ စိတ်ကြောင့်။ ဇာယတိ၊ ဖြစ်၏။ ဣတိ ဣမေ ဆပိ၊ဤခြောက်ပါးတို့သည်လည်း။ ကေဇာ၊ကေဇကောဋ္ဌာသမည်ကုန်၏။

**ဒွိဇ ကောဋ္ဌာသ ၄-ပါး။** ။သေဒ, သိဃာဏိကာသု စ၊ ချွေး, နှပ်စေး,မျက်ရည်တို့သည်ရှင်း။ ခေဠော၊ တံတွေးသည်ရှင်း။ ဣမေ စတုရော၊ ဤလေး ကောဋ္ဌာသတို့သည်။ စိတ္တောတုသမုဋ္ဌာဝါ၊ စိတ်, ဥတုကြောင့် ဖြစ်ကုန်၍။ ဒွိဇာ၊ ဒွိဇမည်ကုန်၏။

**စတုဇ ကောဋ္ဌာသ ၃၂-ပါး။** ။သေသာ၊ ဤဆယ်ခုမှကြွင်းကုန်သော။ ဒွတ္တိံသကောဋ္ဌာသာ၊၃၂-ပါးသော ကောဋ္ဌာသတို့သည်။ စတုဗ္ဘဝါ ဝေ၊ ကံ, စိတ်,ဥတု,အာဟာရ အကြောင်း လေးဝကြောင့် ဖြစ်ကုန်သလျှင်ကတည်း။

**ကေဇ ကောဋ္ဌာသ၌ ရသောရုပ်ကလာပ်များ[၁]။** ။ကေဇေသု၊ ကေဇကောဋ္ဌာသတို့တွင်။ အာဒိစတူသု၊ အစလေးကောဋ္ဌာသတို့၌။ ဥတုဇာ၊ ဥတုကြောင့်ဖြစ်ကုန်သော။ စတုရော အဋ္ဌကာ၊လေးခုသော အဋ္ဌကလာပ်တို့သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ ပါဧ၊ ဝမ်းမီး၌။ ဇီဝိတ နဝကော၊ ဇီဝိတ နဝက ကလာပ်သည်။ ဟောတိ၊ ဖြစ်၏။ အဿာသေ၊ ထွက်သက် ဝင်သက်လေ၌။ စိတ္တဘဝဋ္ဌကော၊ စိတ္တဇအဋ္ဌက ကလာပ်တစည်းသည်။ ဟောတိ၊ ဖြစ်၏။

**ဒွိဇ ကောဋ္ဌာသ၌ ရသော ရုပ်ကလာပ်များ။** ။ဒွိဇေသု ပန၊ ဒွိဇကောဋ္ဌာသလေးပါးတို့၌ကား။ မနတေဇေဟိ၊ စိတ်,ဥတုတို့ကြောင့်။ဒွေ ဒွေအဋ္ဌကာ၊နှစ်ခု နှစ်ခုစီသော အဋ္ဌက ကလာပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**စတုဇ ကောဋ္ဌာသ၌ ရသောရုပ်ကလာပ်များ။** ။အဥ္ဌသု သေသ တေဇာနိလံ- သေသု၊ ကြွင်းသော တေဇောကောဋ္ဌာသသုံးခု, ဝါယောကောဋ္ဌာသငါးခုအားဖြင့် ရှစ်ပါးသော ကော- ဋ္ဌာသတို့၌။ ဧကေကမို၊ တခုတခု၌။ ဩဇမနဂ္ဂိဟိ၊ အာဟာရ, စိတ်, ဥတုတို့ကြောင့်။ တယော တယော အဋ္ဌကာ၊သုံးစည်းသုံးစည်းစီသော အဋ္ဌက ကလာပ်တို့သည်ရှင်း။ ကမ္မတော၊ကံကြောင့်။ အဋ္ဌ အာယုနဝကာ စ၊ဇီဝိတနဝကကလာပ်ရှစ်စည်းတို့သည်ရှင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့။ ဣမေ အဋ္ဌ၊ ဤရှစ်ကောဋ္ဌာသတို့သည်။ စတုဗ္ဘဝါ၊ အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်၏။

သေသေသု၊ ဤရှစ်ပါးမှ ကြွင်းကုန်သော။ စတုဝီသေသု၊ ၂၄-ပါးကုန်သော။ စတုဇေသု၊ စတုဇကောဋ္ဌာသတို့၌။ ဧကေကမို၊ တခုတခုသော ကောဋ္ဌာသ၌။ စိတ္တာနလန္နဇာ၊ စိတ်, ဥတု, အာဟာရတို့ကြောင့် ဖြစ်ကုန်သော။ တယော၊

---

၁။ ရုပ်ကလာပ်ဖွဲ့ပုံကို ဝိသုဒ္ဓိမဟာဋီကာ၊ နိဿယ၊ ဒု၊နှာ-၅၀၈ ကြည့်ပါ။

သုံးခု သုံးခုကုန်သော။ အဋ္ဌကာ ပိဏ္ဍာ၊ အဋ္ဌက ကလာပ်တို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏။

တဟိ ံ စတုဝီသေသု အံသေသု၊ ထို ၂၄-ပါးသော ကောဋ္ဌာသတို့၌။ ဧကေကမှိ၊ တခုတခုသော ကောဋ္ဌာသ၌။ ဒွေ ဒွေ၊ နှစ်ပါး နှစ်ပါးကုန်သော။ ကမ္မဇာ၊ ကံကြောင့်ဖြစ်ကုန်သော။ ကာယ ဘာဝဝှါ၊ ကာယဒသက, ဘာဝဒသက အမည်ရှိကုန်သော။ ဒသကာပိ၊ဒသက ကလာပ် တို့သည်လည်း။ သိယုံ၊ရှိကုန်၏။

**မံသ ကောဋ္ဌာသ၌ ရသော ကလာပ်။** ။ပဉ္စပိ၊ ငါးပါးလည်းဖြစ်ကုန်သော။ စက္ခု သောတာဒိပဒေသ ဒသကာ၊ တစိတ်၌ဖြစ်သော စက္ခု,သောတ,ဃာန,ဇိဝှါ,ဝတ္ထုဒသက ကလာပ်တို့သည်ငှင်း။ ပုန၊ တဖန်။ ဒွေ၊ နှစ်ပါးကုန်သော။ သဒ္ဒသခ်ါတာ နဝကာ၊ စိတ္တဇ, ဥတုဇ သဒ္ဒနဝက ကလာပ်တို့သည်ငှင်း။ ဣတိ ဣမေ စ၊ ဤပဒေသ ဝုတ္တိက ကလာပ် ခုနစ်စည်းတို့သည်လည်း။ ဟောန္တိ၊ သင့်ရာဒေသ မံသကောဋ္ဌာသ၌ ဖြစ်ကုန်၏။

စက္ခာဒိသညိတေသု မံသကောဋ္ဌာသေသု[၁]။ ဝိသုဒ္ဓိမဂ်ဋီကာ (၂ပ၊နှာ-၄၄၆)

**ကလာပ်ပေါင်း ၁၇၃။** ။ဧဝံ၊ ဤသို့။ ကလာပတော၊ ကလာပ်တို့အားဖြင့်။ ဒသကာ စ၊ ဒသက ကလာပ်တို့သည်ငှင်း။ နဝကာ စ၊ နဝက ကလာပ်တို့သည်ငှင်း။ အဋ္ဌကာ စ၊ အဋ္ဌက ကလာပ် တို့သည်ငှင်း။ ကမာ၊ အစဉ်အတိုင်း။ တေပညာသ၊ ငါးဆဲ့သုံးစည်း တို့သည်ငှင်း။ ဒသကေဉ္စ၊ တဆဲ့တစည်းတို့သည်ငှင်း။ နဝုတ္တရသတာနိ စ၊ တရာ့ကိုးစည်းတို့သည်ငှင်း။ သိယုံ၊ ဖြစ်ကုန်၏။

**နိပ္ဖန္နရုပ်ပေါင်း။** ။တံ နိပ္ဖန္နံ ရူပံ၊ထို ဆိုခဲ့ပြီးသောနိပ္ဖန္နရုပ်သည်။ ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်စုံသော ဣန္ဒြေရှိသော။ ကာယေ၊ ကိုယ်၌။ ဓာတု-ဘေဒတော၊ဓာတ်အပြားအားဖြင့်။ သေကပဉ္စသတံ၊ငါးရာ့တခုနှင့် တကွသော။ သဟဿံ၊ တထောင်သည်။ ပဝတ္တတိ၊ ဖြစ်၏။ ဤကား အနက်။

**ဆောင်ပုဒ်။** ။တရာ့ခုနစ်ဆယ်၊ သုံးခုကယ်၊ ကိုယ်ဝယ် ကလာပ်ပေါင်း။

တထောင့်ငါးရာ၊ တခုသာ၊ ရုပ်မှာ ရစကောင်း။

သစ္စာသံခိပ်၊ ဝေဘန်စိတ်၊ ကျိပ်လိပ် သချာတောင်း။

ဤမျှလောက်သော အရေအတွက်သည်လည်း "နိပ္ဖန္နံ ဓာတုဘေဒတော" ဟူရကား ဝိညတ်စသော အနိပ္ဖန္နရုပ်တို့ကို မယူခြင်းကြောင့် ဖြစ်၏။ ယူမူကား ကလာပ်ပေါင်း ရုပ်ပေါင်း အလွန်များပြား၏။

---

၁။ နောက်ဆက်တွဲကြည့်။

**အမှုန့်'စုဏ္ဏ'အားဖြင့် ဆင်ခြင်ပုံ။** ။စုဏ္ဏ[၁]အားဖြင့် ဆင်ခြင်ဟန်ကား—

လုံးရပ်မကြီးမငယ် အလယ်အလတ်ဖြစ်သော လူ၏ကိုယ်၌ ဒိဗ္ဗစက္ခုဖြင့်သာ မြင်ကောင်းရာသော ပရမာဏုမြူ တခု၌ပင် ရှေ့နောက် အစဉ်မပြတ် ထပ်၍ ထပ်၍ ဖြစ်ပွါးသော ရုပ်ကလာပ်ပေါင်း ငါးဆယ်ခန့်မျှ[၂]လောက် စုမိရကား သေးသိမ်နုပ်ဖွဲ့လှစွာ ပရမာဏုမြူမျှလောက်မှ မရှိ၊ မြူမှုန့်စုဖြစ်သော ပထဝီဓာတ်သည် တစိတ်မျှလောက် ရှိ၏။ အာပေါဓာတ်သည် ထက်ဝက်မျှ ပမာဏရှိ၏။ တေဇော, ဝါယော နှစ်ပါးမှာ ပမာဏ မရကောင်းဟု—

> ယာဒိသော ပန ဃနဘာဝေါ ပထဝီ,အာပေါဓာတူသု လဗ္ဘတိ။ န တာဒိသော တေဇော,ဝါယု ဓာတူသု လဗ္ဘတီတိ မေယျဘာဝါဘာဝတော တတ္ထ စုဏ္ဏဘေဒေါ န ဥဒ္ဓတော။ တထာ ဟိ သသမ္ဘာရ တေဇော,ဝါယူသုပိ မေယျဘာဝေါ န လဗ္ဘတေ။

ဟု မဟာဋီကာ (၊ပ၊ နှာ-၄၄၇) မိန့်သည်။

**ဒေါဏ (တစိတ်) အဆုံး အဖြတ်။** ။ဣမသ္မိံ သရီရေ မဇ္ဈိမေန ပမာဏေန ပရိဂ္ဂယှမာနာ ပရမာဏုဘေဒ သဉ္စုဏ္ဏာ

> သုခုမရဇဘူတာ ပထဝီဓာတု ဒေါဏမတ္တာ သိယာ။ သာ တတော ဥပဍ္ဎပ္ပမာဏာယ အာပေါဓာတုယာ သင်္ဂဟိတာ တေဇောဓာတုယာ အနုပါလိတာ ဝါယောဓာတုယာ ဝိတ္ထမ္ဘိတာ န ဝိကိရိယတိ န ဝိဒ္ဓံသိယတိ။

ဟူသော ဝိသုဒ္ဓိမဂ် (ပ၊ နှာ-၃၆၁) ၌ 'ဒေါဏ' ဟူသည်ကို—

'ဒေါဏမတ္တာ သိယာ'တိ သောဠသနာဠိမတ္တာ။ ဣဓာပိ'မဇ္ဈိမေန ပမာဏေ-နာ'တိ အာနေတွာ သမ္ဗန္ဓိတဗ္ဗံ။ တေန ပကတိယာ စတုမုဋ္ဌိကံ ကုဍုဝံ။ စတုကုဍုဝံ နာဠိ။ တာယ နာဠိယာ သောဠသနာဠိယော ဒေါဏံ။ တံ ပန မဂဓနာဠိယာ ဒွါဒသနာဠိယော ဟောန္တီတိ ဝဒန္တိ။

ဟု–ဋီကာ (ပ၊ နှာ-၄၄၇) လာတိုင်း လေးဆုပ်ကို တလက်ဖက်၊ လေးလက်ဖက်ကို တစလယ်၊ တဆဲ့ခြောက်စလယ်ကို တစိတ်ဟု-မှတ်အပ်၏။

## ပရမာဏုမြူ၏ အရွယ်ပမာဏ

ပရမာဏု ဟူသည်ကိုလည်း—

> ဆတ္တိံသ ပရမာဏူန–မေကောဏု စ ဆတိံသ တေ။
> တဇ္ဇာရီတာ စ ဆတ္တိံသ၊ ရထရေဏု ဆတိံသ တေ။

---

၁။ စုဏ္ဏ=အမှုန့်။ ၂။ ပရမာဏုမြူတခု၌ ရုပ်ကလာပ်ပေါင်း ၅၀-ခန့် ဖြစ်သည်။

လိက္ခာ တာ သတ္တ ဉကာ တာ၊ ဧညမာသောပိ သတ္တ တေ။
သတ္တင်္ဂုလမမုဋ္ဌိဿ၊ ဝိဒတ္ထိ တာ ဒုဝေ သိယုံ။

ရတနံ တာနိ သတ္တေဝ၊ ယဋ္ဌိ တာ ဝီသတူ’သဘံ။
ဂါဝုတ’မုသဘာသီတိ၊ ယောဇနံ စတုဂါဝုတံ။

အဘိဓာန်။ (ဂါထာနံပါတ် ၁၉၄-၆)

အင်္ဂုလဿ အဋ္ဌမော ဘာဂေါ ယဝေါ၊ ယဝဿ။ပ။ ဉကာ၊....လိက္ခာ၊.... ရထရေဏု....၊ တဇ္ဇာရီ....၊ အဏု....၊ ဧဝံ အဏုနော အဋ္ဌမော ဘာဂေါ ပရမာဏု နာမာတိ ကေစိ။ အဋ္ဌကထာယံ ပန သတ္တ ဧညမာသပ္ပမာဏံ ဧကံ အင်္ဂုလံ။ပ။ ဆတ္တိံသ ရထရေဏုပ္ပမာဏာ ဧကာ လိက္ခာ။ပ။ ဆတ္တိံသ ပရမာဏုပ္ပမာဏော ဧကော အဏူတိ ဝုတ္တံ။ တသ္မာ အဏုနော ဆတ္တိံသတိမ-ဘာဂမတ္တော ပရမာဏု နာမ အာကာသကောဋ္ဌာသိကော မံသစက္ခုဿ အဂေါစရော ဒိဗ္ဗစက္ခုဿေဝ ဂေါစရဘူတောတိ သန္ဓာယာဟ—‘ပရမာဏု-ဘေဒသဉ္စုဏ္ဏာ’တိ။

ဝိသုဒ္ဓိမဂ် ဋီကာ (ပ၊ နှာ-၄၄၆-၇) တို့ လာသည့်အတိုင်း။

**ပရမာဏုမြူအရွယ်တွက်ယူပုံ။** ။လက်တသစ်ကို ငါးဆဲ့ခုနစ်ကုဋေ လေးသန်း တသိန်း ရှစ်ထောင် နှစ်ရာ့ ရှစ်ဆဲ့ရှစ်စိတ် စိတ်၍ တစိတ်ပမာဏကို ပရမာဏုမြူ ဟု မှတ်အပ်၏။

ယင်းသို့ သိမ်မွေ့လှစွာသော ပရမာဏုမြူသည် မိုးပေါ် မြေပြင် ကောင်းကင် အရပ်ရပ် ရပ်ကလာပ်ကြားတို့၌ပင် သွားလာတည်နေ၏။ ထိုထိုအရပ်တို့၌ ရှပ်လပ်သော အကွက် မရှိ။ ရှုန့်ရင်းသည် သိမ်မွေ့သည်သာ ထူး၏။ ထိုအနက်ကို သိလိုလျှင် အဝကျဉ်းသော ရေဗူးကို ရေကန်, မြစ်ချောင်းတို့၌ ဗူးပေါက် မြုပ်အောင် နှစ်၍ ရေသွတ်သည်ကို ရှုအပ်၏။ အာပါဓိက ရုပ်ဖြစ်၍ လေးလံ ကြမ်းတမ်းသော ရေတခွက်ခန့်မျှလောက် ဝင်လျှင် ဝါတာဓိကရုပ်ဖြစ်၍ ပေါ့ပါးသိမ်မွေ့လှသော ပရမာဏုဘေဒ သဉ္စုဏ္ဏ လေသည် ထိုမျှလောက်ပင် ထွက်သည်။ လေအကုန်ထွက်မှပင် ရေအပြည့် ဝင်နိုင်သည်။ အထက်ပေါက်ကို ပိတ်၍ နှစ်သော ကြေးရေစစ်မှာ လေခါတ် မထွက်နိုင်သောကြောင့် ရေခါတ် မဝင်နိုင်။ အထက်ပေါက်ကိုဖွင့်၍ လေရုပ်ထွက်မှ ရေရုပ် ဝင်နိုင်လေသည် မှတ်လေ။

**မဟာဘုတ် ၄-ပါးတို့သဘော။** ။ထိုဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် ကြွင်းဓာတ်သုံးပါး၏ တည်ရာဖြစ်၍ ဝူတ္တိ-ပုရိသစသော လိင်္ဂဝိဘာဂ,အဏု,ထူလ,ဒီဃ,ရဿ,ထိရ,ကထိနစသော အဖြစ်ကို

ပြတတ်၏။ အာပေါဓာတ်သည် ကြွင်းဓာတ်သုံးခုကို ပေါင်းစုရုံးစည်းလျက် မယိုကျပဲ ပြည့်ဖြိုးပွါးစီးသောအဖြစ်ကို ပြတတ်၏။ တေဇောဓာတ်သည် ကြွင်းဓာတ်သုံးပါးကို မပုပ်မပျက်ရအောင် စောင့်ရှောက် ရင့်ကျက်စေလျက် အရွယ်၏ ပြည့်စုံလှပခြင်း, အိုမင်းရွတ်တွခြင်း စသည်ကို ပြတတ်၏။ ဝါယောဓာတ်သည် ကြွင်းသုံးဓာတ်တို့ကို ဖြောင့်မတ် တောင့်တင်းစွာ တည်စေလျက် သွားခြင်း, လာခြင်း, ကွေးခြင်း, ဆန့်ခြင်းကို ပြတတ်၏။

သင်္ဂဟဂါထာ[၁]

ဧဝံ စုဏ္ဏကဇာတမ္ပိ၊ ဓာတုယန္တံ မဟာဇနံ။
မာယာရူပံဝ ဝဉ္စေတိ၊ ဣတ္ထာ'ယံ ပုရိသောတိ ဝါ။

ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ စုဏ္ဏက ဇာတမ္ပိ၊ မှုန့်မှုန့်ညက်ညက်ဖြစ်၍ နေငြားသော်လည်း။ ဓာတုယန္တံ၊ အသေမယုတ် စင်စစ်ဟုတ်သော ဓာတ်ရုပ်ယန္တရားသည်။ မာယာရူပံ ဣဝ၊ မျက်လှည့်ရုပ်ကဲ့သို့။ အယံ၊ ဤသူကား။ ဣတ္ထိ၊ မိန်းမတည်း။ ဣတိ ဝါ၊ ဤသို့ငှင်း။ အယံ၊ ဤသူကား။ ပုရိသော၊ ယောကျ်ားတည်း။ ဣတိ ဝါ၊ ဤသို့ငှင်း။ မဟာဇနံ၊ လူအပေါင်းကို။ ဝဉ္စေတိ၊ လှည့်ပတ်တတ်၏။

**လက္ခဏာစသည်ဖြင့် ဆင်ခြင်ပုံ။** ။လက္ခဏာဒိကား အထက် နာမရူပပရိစ္ဆေဒ၌ ထင်ရှားလတ္တံ့။

**ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် ဆင်ခြင်ပုံ။** ။သမုဋ္ဌာန်အားဖြင့် ဒွါစတ္တာလီသကောဋ္ဌာသတို့၏ ဧကဇ, ဒွိဇ, တိဇ, စတုဇအဖြစ်ကို ကလာပ်(ဤကျမ်း ဒု၊ တွဲ၊ နှာ-၃ဂဂ·၉)၌ ပြခဲ့ပြီ။

**ထူးခြားပုံ,တူပုံအားဖြင့်ဆင်ခြင်ပုံ။** ။နာနတ္တေကတ္တ[၂] အားဖြင့် ဆင်ခြင်ဟန်ကား—ဓာတ်လေးပါးတို့သည် လက္ခဏာစသည်, မုဒု သဏှ ဖရုသဘာဝ စသည်, ကမ္မသမုဋ္ဌာန် စသည် တို့၏ အစွမ်းဖြင့် ထူးပြားကုန်သော်လည်း ရူပ, မဟာဘူတ, ဓာတု, ဓမ္မ, အနိစ္စ စသောအားဖြင့် တူကုန်၏။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ၂၊ နှာ ၃၆၁-လာ စကားပြေကိုမှီ၍ ဂါထာစီထားသည်။

၂။ နာနတ္တေကတ္တ= (နာနတ္တ=ထူးသောအဖြစ်, ကွဲပြားခြင်း + ဧကတ္တ = တူသောအဖြစ်) ကွဲပြားပုံ, တူပုံ။

## မဟာဘုတ်မည်ခြင်းအကြောင်း ၅-မျိုး

ထိုတွင် မဟာဘူတဟူရာ၌—

မဟန္တပါတုဘာဝတ္တာ၊ မဟာဘူတသမာနတော။
မဟာပရိဟာရတော စ၊ မဟာဝိကာရတောပိ စ။
မဟန္တတ္တာ စ ဘူတတ္တာ၊ မဟာဘူတာတိ ဝုစ္စရေ[၁]။

ဟူသောအနက်ကို မှတ်အပ်၏။

မဟန္တပါတုဘာဝတ္တာ၊ မြေကြီးမြင်းမိုရ် ထိုထိုလိပ်,ငါး စသောအားဖြင့် ကြီးမားသည်ဖြစ်၍ ထင်ရှားဖြစ်ခြင်းကြောင့်ငင်း။ မဟာဘူတသမာနတော၊ အနီလာဒိ ဖြစ်တုံဘိလျက် နီလာဒိကာ ဥပါဒါကို ထင်စွာဖော်ပြ, တွင်းပ မရှိ မှိုကြဘိသား, မိမိလက္ခဏာ ကွယ်ကာဖုံးဘိ ဖြားယောင်းဘိ၍ သတ္တိသုံးဖြာ ကြောင်းခြင်းရာကြောင့် ကြီးကျယ်လှစွာ သတ္တဝါတန် မမှန်များကျယ် အံ့ဘွယ်ရှိနှစ်မည် မျက်လှည့်သည်နှင့်, ပူးသည်တကြောင်း, ဖြားယောင်းတဝ ဘုတ်ဖိုမတို့နှင့် တူမျှခြင်းကြောင့်ငင်း။ မဟာပရိဟာရတော စ၊ နေ့ရေမချွတ် အဝတ်အစား များပြားပစ္စည်း ဖွံ့တည်း ဆောင်အပ်,ဖြစ်တတ် သောကြောင့်ငင်း။ မဟာဝိကာရတောပိ စ၊ အကြီးတကျယ် ကြောက်မက်ဖွယ် ဖောက်ပြန်တတ် ခြင်းကြောင့်ငင်း။ မဟန္တတ္တာ ဘူတတ္တာ စ၊ မသိမ်းဆည်းလွယ် ကြီးကျယ် သည်၏အဖြစ်, ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ငင်း။ မဟာဘူတာတိ၊ မဟာ ဘုတ်တို့ဟူ၍။ ဝုစ္စရေ၊ ဆိုအပ်ကုန်၏။

မဟာဝိကာရအဓိပ္ပါယ်။ ။ထိုငါးပါးသော အနက်တို့တွင် မဟာဝိကာရဟူရာ၌—

ဘူမိတော ဝုဋ္ဌိတာ ယာဝ၊ ဗြဟ္မလောကာ ဝိဓာဝတိ။
အစ္စိ အစ္စိမတော လောကေ၊ ဒယှမာနမှိ တေဇသာ[၂]။

ကောဋိသတသဟဿေ’ကံ၊ စက္ကဝါဠံ ဝိလီယတိ။
ကုပိတေန ယဒါ လောကော၊ သလိလေန ဝိနဿတိ[၃]။

ကောဋိသတသဟဿေ’ကံ၊ စက္ကဝါဠံ ဝိကီရတိ။
ဝါယောဓာတုပ္ပကောပေန၊ ယဒါ လောကော ဝိနဿတိ[၄]။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပ၊နှာ-၃၆၂-၃-စသည်ကိုမှီ၍ ဂါထာစီထားသည်။

၂-၃-၄။ အဋ္ဌသာလိနီ၊ ဋ္ဌ၊ နှာ-၃၃၀၊ ၃၃၉။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ပ၊ နှာ-၃၆၄။ ငင်းဂါထာတို့ အနက်ကား —

(၂) တေဇသာ၊ မီးသည်။ လောကေ၊ ဩကာသလောကကို။ ဒယှမာနမှိ၊ လောင်အပ် သည် ရှိသော်။ အစ္စိမတော၊ မီး၏။ အစ္စိ၊ အလျှံသည်။ ဘူမိတော၊ မြေမှ။ ဝုဋ္ဌိတာ၊ ထလတ်၍။

သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေ ဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယု ဝရော သိယာ[၁]။

အဂ္ဂိနာ'ဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ[၂]။

ဤကား အနုပါဒိန္နဘုတ်[၃]ပျက်ပုံတည်း။

## မဟာဘုတ်လေးပါးနှင့် မြေကြီး ၄-ကောင် တူပုံ

ပတ္ထဒ္ဓေါ ဘဝတိ ကာယော၊ ဒဋ္ဌော ကဋ္ဌမုခေန ဝါ။
ပထဝီဓာတုပ္ပကောပေန၊ ဟောတိ ကဋ္ဌမုခေဝ သော[၄]။

ပူတိကော ဘဝတိ ကာယော၊ ဒဋ္ဌော ပူတိမုခေန ဝါ။
အာပေါဓာတုပ္ပကောပေန၊ ဟောတိ ပူတိမုခေဝ သော[၅]။

သန္တတ္တော ဘဝတိ ကာယော၊ ဒဋ္ဌော အဂ္ဂိမုခေန ဝါ။
တေဇောဓာတုပ္ပကောပေန၊ ဟောတိ အဂ္ဂိမုခေဝ သော[၆]။

သဉ္ဆိန္နော ဘဝတိ ကာယော၊ ဒဋ္ဌော သတ္ထမုခေန ဝါ။
ဝါယောဓာတုပ္ပကောပေန၊ ဟောတိ သတ္ထမုခေဝ သော[၇]။

---

ယာဝ ဗြဟ္မလောကာ၊ ပထမစျာန်ဘုံဖြစ်သော မဟာဗြဟ္မာ့ဘုံတိုင်အောင်။ ဝိဓာဝတိ၊ တက်ပြေး၏။

(၃) ယဒါ၊ အကြင်အခါ၌။ ကုပိတေန၊ ချောက်ချား ဖျက်ဆီးတတ်သော။သလိလေန၊ ရေဖြင့်။ လောကော၊ လောကသည်။ ဝိနဿတိ၊ ပျက်၏။ တဒါ၊ ထိုအခါ၌။ ကောဋိသတသဟဿံ၊ ကုဋေတသိန်းသော။ ဧကံ စက္ကဝါဠံ၊ တခုသော အာဏာခေတ်ဖြစ်သော စကြဝဠာသည်။ ဝိလီယတိ၊ ဆားခဲကဲ့သို့ မြည့်မြည့်ကြေ၏။ (ဒုတိယစျာန်ဘုံအထိ ရေဖျက်သည်။)

(၄) ယဒါ၊ အကြင်အခါ၌။ လောကော၊ လောကသည်။ ဝါယော ဓာတုပ္ပကောပေန၊ ဝါယောဓာတ် ပျက်ခြင်းကြောင့်။ ဝိနဿတိ၊ ပျက်၏။ တဒါ၊ ထိုအခါ၌။ ကောဋိသတသဟဿံ၊ ကုဋေတသိန်းသော။ ဧကံ စက္ကဝါဠံ၊ တခုသော အာဏာခေတ်ဖြစ်သော စကြဝဠာသည်။ ဝိကီရတိ၊ ကြေပျက် လွင့်ပျောက်၏။ (တတိယစျာန် ဗြဟ္မာ့ဘုံအထိ လေဖျက်သည်။)

ကျန် ၂-ဂါထာ၏ အနက်များကို ဤကျမ်း ပ-တွဲ နှာ-၁၂၄ ၌ရှုပါ။

၁-၂။ ဋီကာကျော်၊နှာ-၁၆၇-၁၆၈။(ဘေဒနီ၊ ပ-တွဲ၊ နှာ-၂၂၄ ရှု။)

၃။ အနုပါဒိန္နဘုတ်=ကံမှဇရုပ် မဟုတ်သော မဟာဘုတ်ရုပ်။ (ဥပါဒိန္န=ကံကြောင့်ဖြစ်သော ကမ္မဇရုပ်။)

၄-၅-၆-၇။ အဋ္ဌသာလိနီ၊ဋ္ဌ၊နှာ-၃၃၉။ ဝိသုဒ္ဓိမဂ်-ဋ္ဌ၊ပ၊နှာ-၃၆၄။

ကဋ္ဌမုခေနှ၊ ကဋ္ဌမုခမြေသည်။ ဥဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ ပတ္ထဒ္ဓေါ၊ ခက်မာတင်းကျပ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ (ဝါ-သဒ္ဒါ ဉပမတ္ထ) ပထဝီဓာတုပ္ပကောပေန၊ ပထဝီဓာတ်ပျက်ခြင်းကြောင့်။ သော ကာယော၊ ထိုကိုယ်သည်။ ကဋ္ဌမုခေ ဝ၊ ကဋ္ဌမုခမြေ၏ ခံတွင်း၌ ကျ၏သို့။ ပတ္ထဒ္ဓေါ၊ ခက်မာတင်းကျပ်သည်။ ဟောတိ၊ ဖြစ်၏။ (တနည်းလည်း) ဘဝတိ ဝါ၊ ဖြစ်သည်လည်း ရှိ၏၊ မဖြစ်သည်လည်းရှိ၏။ (ဝါ-သဒ္ဒါ အနိယမတ္ထ) ပထဝီဓာတုပ္ပကောပေန ပန၊ ပထဝီဓာတ် ပျက်ခြင်းကြောင့်ကား။ သော ကာယော၊ ထိုကိုယ်သည်။ ကဋ္ဌမုခေ ဝ၊ ကဋ္ဌမုခမြေ၏ခံတွင်း၌ ကျသကဲ့သို့။ ပတ္ထဒ္ဓေါ၊ ခက်မာတင်းကျပ်သည်။ ဟောတိ ဧဝ၊ ဖြစ်သည်သာလျှင်တည်း။ (တနည်းလည်း) ကဋ္ဌမုခေနှ၊ ကဋ္ဌမုခမြေသည်။ ဥဋ္ဌော၊ ကိုက်အပ်သော။ ကာယောပိ၊ ကိုယ်သည်လည်း။ ပထဝီဓာတုပ္ပကောပေန ဝါ၊ ပထဝီဓာတ်ပျက်ခြင်းကြောင့် သာလျှင်။ (ဝါ-သဒ္ဒါ အဝဓာရဏ) ပတ္ထဒ္ဓေါ၊ ခက်မာတင်းကျပ်သည်။ ဘဝတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သော ကာယော၊ ပထဝီဓာတ်နှင့် မကင်းနိုင်သော ထိုကိုယ်သည်။ သဒါ၊ အခါခပ်သိမ်း။ ကဋ္ဌမုခေ ဝ၊ ကဋ္ဌမုခမြေ၏ ခံတွင်း၌ နေရသကဲ့သို့။ ဟောတိ၊ ဖြစ်၏။

ပူတိမုခေနှ၊ ပူတိမုခမြေသည်။ ဥဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ ပူတိကော၊ ပုပ်ရိုညှီနံသော ကိုယ်ရှိသည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ အာပေါဓာတုပ္ပကောပေန၊ အာပေါဓာတ်ပျက်ခြင်းကြောင့်။ သော ကာယော၊ ထိုကိုယ်သည်။ ပူတိမုခေ ဝ၊ ပူတိမုခမြေ၏ခံတွင်း၌ကျ၏သို့။ ပူတိကော၊ ပုပ်ရိုညှီနံသည်။ ဟောတိ၊ ဖြစ်၏။

အဂ္ဂိမုခေနှ၊ အဂ္ဂိမုခမြေသည်။ ဥဋ္ဌော၊ ကိုက်အပ်သော။ ကာယော၊ ကိုယ်သည်။ သန္တတ္တော၊ ပူလောင်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ တေဇောဓာတုပ္ပကောပေန၊ တေဇောဓာတ် ပျက်ခြင်းကြောင့်။ သော၊ ထိုကိုယ်သည်။ အဂ္ဂိမုခေ ဝ၊ အဂ္ဂိမုခမြေ၏ ခံတွင်း၌ ကျ၏သို့။ သန္တတ္တော၊ ပူလောင်သည်။ ဟောတိ၊ ဖြစ်၏။

သတ္ထမုခေနှ၊ သတ္ထမုခမြေသည်။ ဥဋ္ဌော၊ ကိုက်အပ်သော၊ ကာယော၊ ကိုယ်သည်။ သဉ္ဆိန္နော၊ ပြတ်သည်။ ဘဝတိ ဝါ၊ ဖြစ်သကဲ့သို့။ ဝါယောဓာတုပ္ပကောပေန၊ ဝါယောဓာတ်ပျက်ခြင်းကြောင့်။ သော ကာယော၊ ထိုကိုယ်သည်။ သတ္ထမုခေဝ၊ သတ္ထမုခ မြေ၏ခံတွင်း၌ ကျ၏သို့။ သဉ္ဆိန္နော၊ ပြတ်သည်။ ဟောတိ၊ ဖြစ်၏။

ဤကား ဉပါဒိန္နဘုတ် ပျက်ပုံတည်း။

**ဓာတ် ၄-ပါးတို့ကွဲပြား,မကွဲပြားသောအားဖြင့် ဆင်ခြင်ပုံ** ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂ အားဖြင့် "ဝိသုံ ဝိသုံ အနိဒ္ဒိသိတဗ္ဗဌာန-တာယ"။ ဋီကာ (ပါနှာ-၄၅၃) လာသည်အတိုင်း တခုတခုသော ကလာပ်၌ ဓာတ်လေးပါးတို့သည် အသီး အခြား မကွဲပြားကောင်းသော်လည်း ကက္ခဠ စသော လက္ခဏာ အားဖြင့် ကွဲပြား၏။

**သဘောတူ,မတူအားဖြင့် ဆင်ခြင်ပုံ။** ။သဘာဂ,ဝိသဘာဂအားဖြင့် ရှေ့ နှစ်ပါး ဂရုက၊နောက်နှစ်ပါး လဟုကတည်း။

**အဇ္ဈတ္တိက ဗာဟိရအားဖြင့် ဆင်ခြင်ပုံ။** ။အဇ္ဈတ္တိက ဗာဟိရဓာတ် အထူးကား ထင်ရှား၏။

**သင်္ဂဟအားဖြင့် ဆင်ခြင်ပုံ။** ။သင်္ဂဟအားဖြင့် သမုဋ္ဌာန်တူချင်း သင်္ဂြိုဟ်ပေါင်း စုအပ်၏။

**အချင်းချင်း ကျေးဇူးပြုခြင်းကို ဆင်ခြင်ပုံ။** ။ပစ္စယအားဖြင့် ဓာတ်လေးပါး တို့သည် အသီးအသီး ကြွင်းသော ဓာတ်သုံးပါးတို့မှ အထောက်အပံ့ကို ရ၍ ယင်း သုံးပါး သုံးပါး တို့အား အသီးအသီး တည်ရာ,ဖွဲ့စည်းတတ်,ရင့်ကျက်စေတတ်,ခိုင်ခံ့ရွေ့ရှားစေတတ်သည် ဖြစ်၍ ကျေးဇူးပြုကြကုန်၏။

**အနုဘောဂအားဖြင့် ဆင်ခြင်ပုံ။** ။အနုဘောဂအားဖြင့် ယင်းသို့ကျေးဇူး ပြုတတ် ပြုအပ်သည်ကို မသိကြဟု ဆင်ခြင် အပ်၏။

**ပစ္စယဝိဘာဂအားဖြင့် ဆင်ခြင်ပုံ။** ။ပစ္စယဝိဘာဂအားဖြင့် ကံ, စိတ်, ဥတု, အာဟာရ လေးပါးတို့သည် အသီးအသီး မိမိတို့ကြောင့် ဖြစ်ကုန်သော ဓာတ်တို့၏ ဇနကပစ္စည်းတည်း၊ ကြွင်းသော ဓာတ်တို့၏ ယထာရဟ ဥပနိဿယ,ပစ္ဆာဇာတ,အာဟာရ,အတ္ထိ,အဝိဂတ ပစ္စည်း တည်း။ ကမ္မဇစသော ကလာပ်တူ ဓာတ်လေးပါးတို့တွင် တပါးတပါးသည် သုံးပါး-သုံးပါးအား,သုံးပါး-သုံးပါးသည် တပါး-တပါးအား,နှစ်ပါး-နှစ်ပါးသည် နှစ်ပါး-နှစ်ပါးအား သဟဇာတ, အညမည, နိဿယ, အတ္ထိ, အဝိဂတ သတ္တိ ငါးပါးတို့ဖြင့် ကျေးဇူးပြု၏။ ကြွင်းသောကလာပ်ပြား တိသန္တတိမဟာဘုတ် တို့အား နိဿယ, အတ္ထိ, အဝိဂတ သတ္တိသုံးပါးဖြင့် ကျေးဇူးပြု၏။

ဣတရေသံ တိသန္တတိမဟာဘူတာနံ နိဿယ, အတ္ထိ, အဝိဂတဝသေန ပစ္စယော ဟောတိ။ ဝိသုဒ္ဓိမဂ်(ဌ၊ပါနှာ-၃၆၆)၌သတ္တိသုံးပါးကိုဋီကာမဖွင့်။

ပဋ္ဌာနေ အရူပါနံ့ယေဝ ဥပနိဿယပစ္စယဿ အာဂတတ္တာ နိပ္ပရိယာ-ယေန ရူပဓမ္မာနံ့ ဥပနိဿယပစ္စယော နတ္ထိ။ သုတ္တေ ပန ပဂ္ဂလံ ဥပနိဿာယ ဝနသဏ္ဍံ ဥပနိဿာယာတိ ဝစနတော သုတ္တန္တိကပရိယာယေန ဝိနာ အဘာဝေါ ဥပနိဿယပစ္စယော ဝေဒိတဗ္ဗော။

ဟု-ဋီကာ (မဟာ၊ပ၊နှာ-၄၅၆) အောက်က ပြခဲ့သောနည်းဖြင့် သုတ္တန်နည်း ယူသော် သင့်လျော်ရာ၏။

ခြေတလှမ်း၌ ဆင်ခြင်ပုံ။ ။ဥဒ္ဓရဏ, အတိဟရဏ, ဝီတိဟရဏ, အဝက္ခိပန, ပတိဋ္ဌာပန, ဥပ္ပိဋ္ဌနဟု–ခြေတလှမ်းကို ခြောက်ခြမ်းခွဲ၍[၁] တေဇောဓာတ်သည် ခြေကြွခြင်း ဥဒ္ဓရဏ၏ အကြောင်းတည်း။ ဝါယော ဓာတ်သည် ရှေ့သို့ ဆောင်ခြင်း အတိဟရဏ, လွှဲ၍ဆောင်ခြင်း ဝီတိဟရဏတို့၏ အကြောင်းတည်း။ အာပေါဓာတ်သည် အောက်သို့ချခြင်း အဝက္ခိပန၏ အကြောင်းတည်း။ ပထဝီဓာတ်သည် ခြေကိုထားခြင်း ပတိဋ္ဌာပန, ဖိ၍နှိပ်ခြင်း ဥပ္ပိဋ္ဌနတို့၏ အကြောင်းတည်းဟု နှလုံးပြုအပ်၏။

ဤသို့လျှင် 'ဝစနတ္ထကလာပေဟိ'စသော တဆဲ့သုံးပါးသော အခြင်းအရာတို့တွင် တပါးပါးသော အခြင်းအရာဖြင့် ရှုဆင်ခြင်သော နာတိတိက္ခ ပုဂ္ဂိုလ် အား မြင်မြင်သမျှ သဝိညာဏက, အဝိညာဏကဝတ္ထုသည် ဓာတ်လေးပါးအစု သာတည်းဟု ထင်၏။ ဥပစာရဈာန်ကို ရ၏။

စတုဓာတုဝဝတ္ထာန်အကျိုး။ ။အကျိုးအာနိသင်ကား—

ဝဝတ္ထာန'မနုယုတ္တော၊ သုညတံ အဝဂါဟတိ။
ဥဂ္ဃါဋေတိ သတ္တသညံ၊ သဟတေ ဘယဘေရဝံ[၂]။

ဤဋ္ဌာနိဋ္ဌေသု ဥဂ္ဃါတံ၊ နိဂ္ဃါတဉ္စ န ပါပုဏာ။
ရတာရတိဥ္စ သဟတိ၊ ပညော သုခိ'ဓ ဝါ ပရေ[၃]။

ဧဝံ မဟာနုဘာဝံ၊ ယောဂီ ဝရသတသဟဿ ဝိက္ကီဠိတံ။
စတုဓာတုဝဝတ္ထာနံ၊ နိစ္စံ သေဝေထ မေဓာဝီ[၄]။

ဝဝတ္ထာန်၊ စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ အားထုတ် သော ယောဂီသည်။ သုညတံ၊ ကိုယ်ဟူသည်မှ ဆိတ်သောအဖြစ်သို့။ အဝ-ဂါဟတိ၊ သက်ဝင်၏။ သတ္တသညံ၊ ပုဂ္ဂိုလ်သတ္တဝါဟူသော အမှတ်ကို။ ဥဂ္ဃါ-

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၆၇။
၂-၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ ၃၆၇-လာ စုဏ္ဏိယများကို မှီ၍ ဂါထာစီထားသည်။
၄။ ဝိသုဒ္ဓိမဂ် ၊ဋ္ဌ၊ပ၊နှာ-၃၆၇ လာရင်းဂါထာ။ (ဆဋ္ဌမူ၌ 'ကီဠိတံ ဇေတ်' ဟု ရှိသည်)။

ဋ္ဌေတိ၊ နုတ်ခွါပယ်ဖြတ် ဖွင့်လှပ်၏။ ဘယဘေရဝံ၊ ဘေးငယ်, ဘေးကြီးကို။ သဟတေ၊ သည်းခံနိုင်၏။

ဣဋ္ဌာနိဋ္ဌေသု၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံ တို့၌။ ဥဋ္ဌပိတံ၊ ဝမ်းသာပြုံးရွှင် ပေါ်လွင်ခြင်းသို့ငှါး။ နိဋ္ဌပိတဥ္စ၊ မကြည်မသာ မျက်နှာရှုံ့မဲ့ တွန့်ရှုံ့ခြင်းသို့ငှါး။ န ပါပုဏေ၊ မရောက်။ ရတိ အရတိဥ္စ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်း, သမထ ဝိပဿနာ ဆိတ်ငြိမ်ရာတို့၌ မမွေ့လျော်နိုင်ခြင်းကိုလည်း။ သဟတိ၊နှိပ်နင်းနိုင်၏။ ပညော၊ ကြီးကျယ်သော ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣမဝ ဝါ၊ ဤပစ္စုပ္ပန်ဘဝ၌မူလည်း။ သုခီ၊ နိဗ္ဗာန်ချမ်းသာကို ရသည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ ယခုဘဝ မရမူ။ ပရေ၊ တမလွန်ဘဝ၌။ သုခီ၊ သုဂတိသို့လားရ၍ ချမ်းသာသည်။ ဟောတိ၊ ဖြစ်၏။

ဧဝံမဟာနုဘာဝံ၊ သို့စင်ကြီးဘိ အာနုဘော်ရှိသော။ ယောဂီဝရ သတ-သဟဿ ဝိက္ကီဋိတံ၊ အသိန်းမကသော ယောဂီ လူထူးတို့၏ ကွန့်မြူးမွေ့လျော်ရာဖြစ်သော။ စတုဓာတုဝဝတ္ထာနံ၊ တခုယုတ်ပယ် နှစ်ဆယ်သော ဘာဝနာနည်းတို့ဖြင့် တန်းဆာဆင်အပ်သော စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို။ မေဓာဝီ၊ ပညာရှိသည်။ နိစ္စံ၊ အမြဲ။ သေဝေထ၊ မှီဝဲရာ၏။

ကေဝဝတ္ထာန် ပြီး၏။

---

## အရူပစျာန်ပွါးနည်း

**အာကာသာနဉ္စာယတနသို့ရောက်ပုံ။** ။'စတ္တာရော အာရုပ္ပါ'ဟူရာ၌ အာကာ-သာနဉ္စာယတန စျာန်ကို ရလိုသော ပုဂ္ဂိုလ်သည်—အာကာသကြဉ်သော ကသိုဏ်းကိုးပါးတို့တွင် တပါးပါး၌ ရူပ-ပဥ္စမစျာန်ကို ဝသီဘော်ငါးတန်တို့ဖြင့် အဖန်ဖန် လေ့လာပြီး၍ ဤကရဇရုပ်ရှိခြင်းကြောင့်သာလျှင် ဒဏ္ဍာဒါန,သတ္ထာဒါန,ကလဟ,ဝိဂ္ဂဟ,ဝိဝါဒ,စက္ခုရောဂါ စသော အထောင်မကသော အာဗာဓတို့သည် ဖြစ်ကုန်၏။ ရုပ်မရှိသော် မဖြစ်ကုန်ဟု ကရဇရုပ်၌ အပြစ်ဒေါသကိုမြင်၍ ဘီလူး တစ္ဆေ မြွေရန်သူ အနှိပ်အစက်ကို ခံရဘူးသော ကြောက်တတ်သောသူသည် အတူအဆင်ကို တွေ့မြင်လျှင်ပင် သေချင်မတတ် လန့်ဖျပ်ကြောက်ရွံ့ တုန်လှုပ်သကဲ့သို့ ထိုကရဇရုပ်နှင့်တူသော ကသိုဏ်းပဋိဘာဂနိမိတ်ကို ငြီးငွေ့ရွံကြောက်သဖြင့် လွန်မြောက်ခြင်းအကျိုးငှါ—

"ဤငါရပြီးသော ပဥ္စမစျာန်သည် ငါငြီးငွေ့သော ကသိုဏ်းရုပ်ကို အာရုံပြု၏။ သောမနဿဟူသော နီးသော ဘေးရန် ရှိ၏။ အထက်သမာပတ်အောက် ရုန်းရင်း၏"—

ဟု ပဥ္စမစျာန်၌ အပြစ်ကို ရှု၍ တပ်ခြင်းကို ကုန်စေ၍ အာကာသာနဥ္စာ-ယတနစျာန်ကို ငြိမ်သက်၏ဟု နှလုံးပြု၍ ရှေးအလိုရှိတိုင်း ပွါးစေအပ်ပြီးသော ကသိုဏ်းပဋိဘာဂနိမိတ်ကို အာရုံမပြုမူ၍ နိမိတ်၏ တွေ့ထိပြန့်နှံ့ရာ ကောင်းကင် အရပ်ကိုသာ အာရုံပြု၍—

"အာကာသော, အာကာသော" ဟူ၍သော်၎င်း၊ "အနန္တော အာ-ကာသော, အနန္တော အာကာသော" ဟူ၍သော်၎င်း—

အဖန်တလဲလဲ စီးဖြန်းလျက် ယင်းကသိုဏ်းပဋိဘာဂနိမိတ်ကို ခွါအပ်၏။

ကသိဏံ ဥဂ္ဃါဋေန္တော သော၊ န ကိလိဉ္ဇံ ပူပံဝ။
ကေဝလံ တံ မနာဝဇ္ဇံ၊ အာကာသောတ္တိ ဣက္ခတိ[၁]။

သင်္ဂဟဂါထာ

**ကသိုဏ်းခွါပုံ။** ။သော၊ ထိုယောဂီသည်။ ကသိဏံ၊ ကသိုဏ်းကို။ ဥဂ္ဃါဋေန္တော၊ ခွါသည် ရှိသော်။ ကိလိဉ္ဇံ ဣဝ စ၊ ဖျာကဲ့သို့၎င်း။ ပူပံ ဣဝစ၊ မုံ့ရှက်ကိုကဲ့သို့၎င်း။ န ဥဂ္ဃါဋေတိ၊ ခေါက်လိပ်ထုတ်ဆယ်၍ ခွါသည် မဟုတ်။ ကေဝလံ၊ သက်သက်။ တံ၊ ထိုကသိုဏ်းနိမိတ်ကို။ အနာဝဇ္ဇံ၊ မဆင်ခြင်ပဲ။ အာကာသော ဣတိ၊ အာကာသ ဟူ၍။ ဣက္ခတိ၊ ရှု၏၊ ဆင်ခြင်၏။

ထိုသို့ ရှုဆင်ခြင်၍ ကသိုဏ်းနိမိတ် ကွာသောအခါ အိုးဝကို ပုဝါပိတ်၍ ကြည့်ရှုနေစဉ် လေခတ်သဖြင့် ရုတ်ခြည်း ပွင့်လပ်သည့် အခါကဲ့သို့ အာကာသ အပြင် ကောင်းကင်ကွက်သာ ထင်၏။ ထိုအာကာသနိမိတ်ကို 'အာကာသော, အာကာသော'ဟု အဖန်တလဲလဲ မှိဝ်စီးဖြန်းသော ယောဂီသည်—

သဗ္ဗသော ရူပသညာနံ သမတိက္ကမာ ပဋိဃသညာနံ အတ္ထင်္ဂမာ နာနတ္တသညာနံ အမနသိကာရာ 'အနန္တော အာကာသော'တိ အာကာသာ-နဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၂]—

ဟူ၍ လာသော ပထမာရုပ္ပစျာန်ကို ရ၏။

သဗ္ဗသော၊ ခပ်သိမ်းသောအခြင်းအရာအားဖြင့်။ ဝါ–သဗ္ဗသော သဗ္ဗာသံ၊ ခပ်သိမ်းကုန်သော။ ရူပသညာနံ၊ ရူပစျာန် ကသိုဏ်းရုပ်တို့ကို။ ဝါ၊ ရူပစျာန် ကသိုဏ်းရုပ်တို့၏။ သမတိက္ကမာ၊ စက်ဆုပ်ခြင်း လွန်မြောက်ခြင်းကြောင့်။ ပဋိဃ သညာနံ၊ ပဉ္စဝိညာဏ် သညာတို့၏။ အတ္ထင်္ဂမာ၊ ချုပ်ခြင်းကြောင့်။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ပ၊နှာ-၃၂၂။ ဋီကာကျော်၊နှာ-၂၆၄။ (ကိလဥ္ဇ-ဆင်မှု)

၂။ ဝိဘင်း၊နှာ-၂၅၄။ ဒီ၊၂၊နှာ-၆၀။

နာနတ္တသညာနှံ၊ အထူးထူးသော မနောဓာတ်, မနောဝိညာဏဓာတ်သညာ လေးဆဲ့လေးပါးတို့ကို[၁]။ အမနသိကာရာ၊ နှလုံးမသွင်းခြင်းကြောင့်။ အနန္တော အာကာသောတိ၊ အဆုံးခြားပြတ် ဥပါဒ်နှင့်ဘင် အပိုင်းအခြားမထင်သော ကောင်းကင်ဟု စီးဖြန်း၍။ အာကာသာနဉ္စာယတနံ၊ အဆုံးမရှိသော ကသိဏုဂ္ဃါဋိမ ကောင်းကင်ပညတ်လျှင် တည်ရာအာရုံရှိသော သသမ္ပယုတ္တ ပထမာရုပ္ပစျာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍, ဖြစ်စေ၍။ ဝိဟရတိ၊ နေ၏။

**အာကာသ ၃-မျိုး။** ။'အာကာသော'ဟူရာ၌ အဇဋာကာသ, ပရိစ္ဆိန္နာကာသ, ကသိဏုဂ္ဃါဋိမာကာသ သုံးပါးတို့တွင် ကသိဏုဂ္ဃါဋိမာကာသ[၂]ကို ယူအပ်၏။

အိုးတွင်း ပြူတင်းပေါက် စသည်သည် ပရိစ္ဆိန္နာကာသ မည်၏။ ထိုမှ ပြင်ပကောင်းကင်သည် အဇဋာကာသ မည်၏။

မဟာဗောဓိ စတုတ္ထသတ္တာဟ တွင် ရောင်ခြည်တော်ပျံသည်ကို ဆိုရာ အဋ္ဌကထာ (အဋ္ဌသာလိနီ၊ နှာ-၁၅) ၌ ဥဒကသန္ဓာရက-လေ နေဝသညာနာသညာယတနဘုံတို့မှ ပြင်ပကိုသာ 'ဥပရိ အဇဋာကာသံ ပက္ခန္ဒိ' သုံဟု ဆိုသောကြောင့် ထိုလေ, ထိုဘုံတို့၏ အတွင်းသည် ပရိစ္ဆိန္နာကာသ၊ ပြင်ပ အောက်, အထက်သည် အဇဋာကာသဟူ၍လည်း ဆိုကြကုန်၏။

**ဝိညာဏဉ္စာယတနစျာန်ရပုံ။** ။ဝိညာဏဉ္စာယတနစျာန်ကို ရလိုသောယောဂီသည် ပထမာရုပ္ပစျာန်ကို ဝသီဘော်ငါးတန်တို့ဖြင့် အဖန်ဖန် လေ့လာပြီးမှ—

'ဤငါရသော အာကာသာနဉ္စာယတန သမာပတ်သည် ရူပါဝစရစျာန် ဟူသော ရန်သူ နီး၏၊ အထက်စျာန်အောက် ရှန်းရင်း၏'—

ဟု-ပထမာရုပ္ပစျာန်၌ အပြစ်ကို ရှု၍ တပ်ခြင်းကို စွန့်၍ ဒုတိယာရုပ္ပစျာန်ကို ငြိမ်သက်၏-ဟု နှလုံးပြုလျက် အာကာသဖုဋ္ဌ ပထမာရုပ္ပ ကုသိုလ် ကြိယာ ဝိညာဏ်ကို 'ဝိညာဏံ, ဝိညာဏံ' ဟူ၍သော်၎င်း၊ 'အနန္တံ ဝိညာဏံ, အနန္တံ ဝိညာဏံ' ဟူ၍သော်၎င်း၊ အဖန်တလဲလဲ မှိဝဲစီးဖြန်းသည်ရှိသော်—

---

၁။ ဒွေပဉ္စဝိညာဉ်ကြဉ်သော ကာမစိတ် ၄၄-ပါးကို ဆိုလိုသည်။

၂။ ကသိဏ=ကသိုဏ်း။ ဥဂ္ဃါဋ=ခွါခြင်း(နှလုံးမသွင်း)။ ဣမ=ရအပ်သော,ရှိသော။ အာကာသ=ကောင်းကင်။ ကသိဏုဂ္ဃါဋိမာကာသ=ကသိုဏ်းကို ခွါ၍ ရအပ်သော ကောင်းကင်နိမိတ်။

> သဗ္ဗသော အာကာသာနဉ္စာယတနံ သမတိက္ကမ္မ အနန္တံ ဝိညာဏန္တိ ဝိညာဏဉ္စာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၁]—

ဟူ၍ လာသော ဒုတိယာရုပ္ပဈာန်ကို ရ၏။

သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ဝါ–သဗ္ဗသော သဗ္ဗံ၊ ခပ်သိမ်းသော။ အာကာသာနဉ္စာယတနံ၊ အာကာသာနဉ္စာယတနဈာန်, အာရုံ-ဤ နှစ်ပါးကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ အနန္တံ ဝိညာဏန္တိ၊ အပိုင်းအခြား မရှိသော ဝိညာဏ်ဟု စီးဖြန်း၍။ ဝိညာဏဉ္စာယတနံ၊ အဆုံးမရှိသော ပထမာရုပ္ပဝိညာဏ်လျှင် တည်ရာအာရုံရှိသော သသမ္ပယုတ္တ ဒုတိယာရုပ္ပဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။

**အာကိဉ္စညာယတနဈာန်ကိုရပုံ။** ။အာကိဉ္စညာယတနဈာန် ကို ရလိုသော ယောဂီသည် ဒုတိယာရုပ္ပဈာန်ကို လေ့လာပြီး အပြစ်ရှုပြီး၍ ယင်း ဒုတိယာရုပ္ပဈာန်၏ အာရုံဖြစ်သော အာကာသဖုဋ္ဌ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း 'နတ္ထိဘာဝပညတ်'ဟု ဆိုအပ်သော သဘာဝမတ္တကိုသာ အာရုံပြု၍ 'နတ္ထိ,နတ္ထိ။ သုညံ,သုညံ။ ဝိဝိတ္တံ,ဝိဝိတ္တံ' ဟူ၍သော်၎င်း အဖန်တလဲလဲ မှိဝဲ စီးဖြန်းသည်ရှိသော်—

> သဗ္ဗသော ဝိညာဏဉ္စာယတနံ သမတိက္ကမ္မ နတ္ထိ ကိဉ္စီတိ အာကိဉ္စညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၁]—

ဟူ၍ လာသော တတိယာရုပ္ပဈာန်ကို ရ၏။

သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဗ္ဗသော သဗ္ဗံ၊ ခပ်သိမ်းသော။ ဝိညာဏဉ္စာယတနံ၊ဝိညာဏဉ္စာယတနဈာန်,အာရုံ-ဤနှစ်ပါးကို။ သမတိက္ကမ္မ၊ လွန်မြောက်၍။ နတ္ထိ ကိဉ္စီတိ၊ နည်းငယ်စိုးစဉ်း ဘင်မျှအကြွင်းမရှိဟု စီးဖြန်း၍။အာကိဉ္စညာယတနံ၊စိုးစဉ်းမျှ အကြွင်းမရှိသော ပထမာရုပ္ပဝိညာဏ်၏ အဖြစ်တည်းဟူသော နတ္ထိဘာဝပညတ်လျှင် တည်ရာအာရုံရှိသော သသမ္ပယုတ္တ တတိယာရုပ္ပဈာန်ကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။

သံဃာအစည်းအဝေးကို မြင်ပြီး၍ တပိုတပါး ခဏသွားစဉ် အစည်းအဝေး ကွဲပြား, ထသွားကြ, နောက်မှ ရောက်လာ၍ မရှိသည်ကိုသာ မြင်ရသကဲ့သို့ ပထမာရုပ္ပဝိညာဏ်၏ မရှိခြင်း 'အဘာဝ'ကိုသာ အာရုံပြု၍ အာကိဉ္စညာယတန ဈာန် ဖြစ်၏ ဟူလိုသည်။

**နေဝသညာနာသညာယတနဈာန်ရပုံ။** ။နေဝသညာနာသညာယတနဈာန်ကို ရလိုသော ယောဂီသည် တတိယာ-

---

၁။ ဝိဘင်း၊နှာ-၂၅၄။ ဒီ၊၂၊နှာ-၆၀။

ရူပစျာန်ကို လေ့လာပြီး၍ ရှေးနည်းသော်ငြား၊ 'သညာ ရောဂေါ, သညာ ဂဏ္ဍော, သညာ သလ္လံ၊ ဧတံ သန္တံ ဧတံ ပဏီတံ ယဒိဒံ နေဝသညာနာသညာ'ဟူ၍ သော်ငြား အပြစ်ရှု၍ တပ်ခြင်းကို စွန့်၍ စတုတ္ထာရူပစျာန်ကို ငြိမ်သက်၏ဟု-နှလုံးပြုလျက် အဘာဝါရမ္မဏ တတိယာရူပသမာပတ်ကို 'သန္တာ, သန္တာ'= 'ငြိမ်သက်စွ, ငြိမ်သက်စွ'ဟု အဖန်တလဲလဲ မှီဝဲဆင်ခြင်သည်ရှိသော်—

သဗ္ဗသော အာကိဉ္စညာယတနံ သမတိက္ကမ္မ နေဝသညာနာသညာယတနံ ဥပသမ္ပဇ္ဇ ဝိဟရတိ[၁]—

ဟူ၍လာသော စတုတ္ထာရူပစျာန်ကို ရ၏။

သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ သဗ္ဗသော သဗ္ဗံ၊ ခပ်သိမ်းသော။ အာကိဉ္စညာယတနံ၊ အာကိဉ္စညာယတနစျာန်, အာရုံ-ဤနှစ်ပါးကို[၂]။ သမတိက္ကမ္မ၊ လွန်၍။ နေဝသညာနာသညာယတနံ၊ ရုန့်ရင်းသော သညာလည်း မရှိ, သိမ်မွေ့သော သညာ မရှိသည်လည်း မဟုတ်သော မနာယတန ဓမ္မာယ-တန၌ အကျုံးဝင်သော သသမ္ပယုတ္တ စတုတ္ထာရူပစျာန်ကို။ ဝါ၊ ရုန့်ရင်းသော သညာလည်း မဟုတ်, သိမ်မွေ့သော သညာ မဟုတ်သည်လည်း မဟုတ်သော သမ္ပယုတ်တရားတို့၏ တည်ရာ စတုတ္ထာရူပသညာကို။ ဥပသမ္ပဇ္ဇ၊ ရောက်၍။ ဝိဟရတိ၊ နေ၏။

## အရူပစျာန်တို့၌ သိမှတ်ဖွယ်ရာများ

**အာရုံကိုလွန်မြောက်သဖြင့်အထက်စျာန်ရခြင်း။** ။ဤ အရူပကမ္မဋ္ဌာန်းလေးပါး တို့၌ ပကိဏ္ဏက အဆုံးအဖြတ် ကား—

အာလမ္ဗနာတိက္ကမတော၊ စတဿောပိ ဘဝန္တိမာ။
အင်္ဂါတိက္ကမ'မေတာသံ၊ န ဣစ္ဆန္တိ ဝိဘာဝိနော[၃]။

ဣမာ စတဿောပိ၊ ဤ လေးပါးကုန်သော သမာပတ်တို့ သည်လည်း။ အာလမ္ဗနာတိက္ကမတော၊ ကသိုဏ်း, အာကာသ, ဝိညာဏ်, နတ္ထိဘာဝ ဟူသော အာရုံလေးပါးကို လွန်သောအားဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဧတာသံ၊ ယင်း အရူပစိတ်လေးပါးတို့၏။ အင်္ဂါတိက္ကမံ၊ စျာန်အင်္ဂါကို လွန်ခြင်းကို။ ဝိဘာဝိနော၊ ပညာရှိတို့သည်။ န ဣစ္ဆန္တိ၊ အလိုမရှိကုန်။

---

၁။ ဝိဘင်း၊နှာ-၂၅၄။ ဒီ၊၂၊နှာ-၆၀။
၂။ အာကိဉ္စညာယတနစျာန်နှင့် ယင်း စျာန်ယူသော အာရုံတို့ကို လွန်မြောက်ခြင်း ဖြစ်သည်။
၃။ ဝိသုဒ္ဓိမဂ်၊ဌ၊ပ၊နှာ-၃၃၂ (အဋ္ဌသာလိနီ၊နှာ-၂၅၄။)

ဝေဿန္တရေပိ—

သုပ္ပဏီတတရာ ဟောန္တိ၊ ပစ္ဆိမာ ပစ္ဆိမာ ဣမေ။
ဥပမာ တတ္ထ ဝိညေယျာ၊ ပါသာဒတလသာဋ္ဌိကာ[၁]။

ဝေဿန္တရေပိ၊ ဤသို့ပင် အင်္ဂါတူမျှသော်လည်း။ ဣမေ၊ ဤလေးပါးတို့တွင်။ ပစ္ဆိမာ ပစ္ဆိမာ၊ နောက်နောက်သမာပတ်တို့သည်။ သုပ္ပဏီတတရာ၊ အလွန်အကြူး ထူး၍ထူး၍ မြတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတ္ထ၊ ထိုထူး၍ထူး၍ မွန်မြတ်သည်၌။ ပါသာဒတလသာဋ္ဌိကာ၊ ကာမဂုဏ်နိမ့်မြင့် လေးဆင့်သော ပြာသာဒ် အပြင်၊ လေး, ပေါ်, ကြမ်း, ချော ထူးပြားသော ပုဆိုးလေးထည်ဟု ဆိုအပ်ကုန်သော။ ဥပမာ၊ ဥပမာတို့ကို။ ဝိညေယျာ၊ သိအပ်ကုန်၏။

ဝေ အနုပုဗ္ဗေန ပဏီတ ပဏီတာ စေ'တာ—

အသုစိမှိ မဏ္ဍပေ လဂ္ဂေါ၊ ကောစ တန္နိဿိတော ပရော။
အညော ဗဟိ အနိဿာယ၊ တံ တံ နိဿာယ စာ'ပရော[၂]။

ဋ္ဌိတော စတူဟိ ဧတေဟိ၊ ပုရိသေဟိ ယထာက္ကမံ။
သမာနတာယ ဉာတဗ္ဗာ၊ စတဿောပိ ဝိဘာဝိနာ[၂]။

ဝေ၊ ဤသို့။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ ပဏီတ ပဏီတာ စ၊ မြတ်သည်ထက် မြတ်သည်လည်း ဖြစ်ကုန်သော။ ဧတာ စတဿောပိ၊ ယင်း အရူပစိတ် လေးပါး တို့ကိုလည်း။ အသုစိမှိ၊ မစင်ပေါ်ရာ၌ ဆောက်ထားသော။ မဏ္ဍပေ၊ ပွဲရုံ မဏ္ဍပ်၌။ ကောစ၊ တယောက်သူသည်။ လဂ္ဂေါ၊ တွဲရရွဲဆွဲ၍တည်၏။ အပရော၊ တပါးသူသည်။ တံ၊ ထိုဆွဲသသူကို။ နိဿိတော၊ မှီ၍တည်၏။ အညော၊ အခြား တဦးသည်။ တံ၊ ထိုဆွဲသသူကို။ အနိဿာယ၊ မမှီမူ၍။ ဗဟိ၊ အပ၌။ ဋ္ဌိတော၊ တည်၏။ အပရော စ၊ အခြားတဦးသည်လည်း။ တံ၊ ထိုအပ၌ တည်သသူကို။ နိဿာယ၊ မှီ၍။ ဋ္ဌိတော၊ တည်၏။ ဧတေဟိ စတူဟိ ပုရိသေဟိ၊ ယင်းလေးဦး ကုန်သောသူတို့နှင့်။ ယထာက္ကမံ၊ အစဉ်အတိုင်း။ သမာနတာယ၊ တူသည့် အဖြစ် ဖြင့်။ ဝိဘာဝိနာ၊ ပညာရှိသည်။ ဉာတဗ္ဗာ၊ သိအပ်ကုန်၏။

ဝေ ပဝတ္တမာနဥ—

အာလမ္ဗနံ ကရောတေဝ၊ အညာဘာဝေန တံ ဣဒံ။
ဒိဋ္ဌဒေါသမ္ပိ ရာဇာနံ၊ ဝုတ္တိဟေတု ဧနော ယထာ[၃]။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပန္နာ-၃၃၂။ ၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပါ၊နှာ-၃၃၃။
၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပါ၊နှာ-၃၃၄။

ဇဝံ ပဝတ္တမာနဥ္စ၊ ဤသို့ အာကိဥ္စညာယတနကို အာရုံပြု၍ ဖြစ်သည် လည်း ဖြစ်သော။ ဇ္ဈာနံ၊ ဤနေဝသညာနာသညာယတနစျာန်သည်။ အညာ-ဘာဝေန၊ အာရုံတပါး မရှိခြင်းကြောင့်။ တံ၊ ထို အာကိဥ္စညာယတနစျာန်ကို။ အာလမ္ဗနံ ကရောတေဝ၊ အာရုံပြုရသလျှင်ကတည်း။ ရာဇာနံ၊ သဗ္ဗဒိသမ္ပတိ မင်းကြမ်းကို။ ဒိဋ္ဌဒေါသမ္ပိ၊ မြင်အပ်သော အပြစ်ရှိသော်လည်း။ ဇနော၊ တိုင်းသူပြည်သား မင်းခစားသည်။ ဝုတ္တိဟေတု၊ အသက်မွေးခြင်းဟူသော အကြောင်းကြောင့်။ နိဿာယ၊ အမှီပြု၍။ ဝတ္တတိ ယထာ၊ ဖြစ်ရသကဲ့သို့တည်း။

ဇဝံ ကုရုမာနဥ္စ—

အာရုဠှော ဒီဃနိဿေဏိံ၊ ယထာ နိဿေဏိ ဗာဟုကံ။
ပဗ္ဗတဂ္ဂဥ္စ အာရုဠှော၊ ယထာ ပဗ္ဗတမတ္ထကံ ²။

ယထာ ဝါ ဂိရိံမာရုဠှော၊ အတ္တနောယေဝ ဇဏ္ဏုကံ။
ဩလုဗ္ဘတိ တထေဝေ'တံ၊ ဈာန'မောလုဗ္ဘ ဝတ္တတိ³။

ဇဝံ ကုရုမာနဥ္စ၊ ဤသို့ အာရုံပြုသည်လည်း ဖြစ်သော။ ဇတံ၊ဤနေဝသညာ-နာသညာယတန စျာန်သည်။ ဒီဃနိဿေဏိံ၊ ရှည်လျားသော ထန်းတက် လှေခါးသို့။ အာရုဠှော၊ တက်သောသူသည်။ နိဿေဏိဗာဟုကံ၊ လှေခါး ပေါင်ကို။ ဩလုဗ္ဘတိ ယထာ၊ ထောက်မှီ ကိုင်တွယ်ရသကဲ့သို့ရှင်း။ ပဗ္ဗတဂ္ဂံ၊ မြေတောင် မိဿကတောင်ဖျားသို့။ အာရုဠှော၊ တက်သူသည်။ ပဗ္ဗတ မတ္ထကံ၊ တောင်ထွတ်တောင်ဖျားကိုသာလျှင်။ ဩလုဗ္ဘတိ ယထာ၊ ထောက်မှီကိုင်တွယ် ရသကဲ့သို့ရှင်း။

ဂိရိံ၊ ကျောက်တောင်သို့။ အာရုဠှော၊ တက်သသူသည်။ အတ္တနော ဇဏ္ဏု-ကံယေဝ၊ မိမိဒူးဆစ်ကိုသာလျှင်။ ဩလုဗ္ဘတိ ယထာ ဝါ၊ ထောက်မှီကိုင်တွယ်ရ သကဲ့သို့ရှင်း။ တထေဝ၊ ထိုအတူသာလျှင်။ ဈာနံ၊ အာကိဥ္စညာယတနစျာန်ကို။ ဩလုဗ္ဘ၊ ထောက်မှီသမှု အာရုံပြု၍။ ဝတ္တတိ၊ ဖြစ်ရ၏။ ဝိသုဒ္ဓိမဂ်ချည်းတည်း။

အရူပ ကမ္မဋ္ဌာန်းလေးပါး ပြီး၏။

## သမထကမ္မဋ္ဌာန်း စီးဖြန်းရသော အကျိုး ၅-ပါး

ဆိုခဲ့ပြီးတဲ့ လုံးစုံမျှားကျယ် လေးဆယ်သော သမထကမ္မဋ္ဌာန်းကို စီးဖြန်း ကြိုးကုတ် အားထုတ်ရခြင်း၏ အကျိုးအာနိသင်ကား—

---

၁။ သဗ္ဗ+ဒိသ+ပတိ=အလုံးစုံသော အရပ်မျက်နှာတို့၏ အရှင်။
၂-၃။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ပ၊ နှာ-၃၃၄—၅။

ပစ္စက္ခသုခါ’သေက္ခာနံ၊ သေသာနန္တု ဝိပဿနာ။
ဝိသေသ ဘဝေါ အဘိညာ၊ နိရောဓ သမပတ္တိ စ။
ဣတိ ပဉ္စဓာ သမာဓိ၊ ဘာဝနာယာ’နိသံသကာ[၁]။

တသ္မာ နေကာနိသံသမှိ၊ ကိလေသမလ သောဓနေ။
သမာဓိဘာဝနာ ယောဂေ၊ နပ္ပမဇ္ဇေယျ ပဏ္ဍိတော[၂]။

သင်္ဂဟဂါထာ

အသေက္ခာနံ၊ရဟန္တာတို့၏ အပ္ပနာသမာဓိ၏။ ပစ္စက္ခသုခဋ္ဌဝ၊မျက်မှောက်၌ ချမ်းသာခြင်း ‘ဒိဋ္ဌဓမ္မသုခဝိဟာရ’ကျိုးရင်း။ ။တု၊ ထိုမှတပါး။ သေသာနံ၊ ကြွင်းပုထုဇန်, သေက္ခတို့၏ ဥပစာသမာဓိ, အပ္ပနာသမာဓိ၏။ ဝိပဿနာ၊ ဝိပဿနာကျိုးရင်း။ ။ဝိသေသ ဘဝေါ၊ ဥပစာ၏ ကာမသုဂတိ ဘဝကျိုး, အပ္ပနာ၏ဗြဟ္မာဘဝကျိုးရင်း။ ။အဘိညာ၊ ‘ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ’ စသော အဘိညာကျိုးတို့ရင်း။ ။နိရောဓသမာပတ္တိ စ၊ နိရောဓ-သမာပတ်ကျိုးရင်း။ ။ဣတိ၊ ဤသို့။ သမာဓိဘာဝနာယ၊ သမာဓိဘာဝနာ၏။ အာနိသံသကာ၊ အကျိုးတို့သည်။ ပဉ္စဓာ၊ ငါးပါးအပြား ရှိကုန်၏။

တသ္မာ၊ ထို့ကြောင့်။ အနေကာနိသံသမှိ၊ များသောအကျိုးရှိသော။ ကိလေသ မလ သောဓနေ၊ကိလေသာ အညစ်အကြေးကို ဆေးကြော သုတ်သင်တတ် သုတ်သင်ကြောင်း ဖြစ်သော။ သမာဓိဘာဝနာယောဂေ၊ သမာဓိဘာဝနာကို အားထုတ်ခြင်း၌။ ဝါ၊ အားထုတ်အပ်သော သမာဓိဘာဝနာ၌။ ပဏ္ဍိတော၊ ပညာရှိသည်။ နပ္ပမဇ္ဇေယျ၊ မမေ့သင့်ရာ။

---

၁။ ဝိသုဒ္ဓိမဂ်၊ ၌၊ ပ၊ နှာ-၃၆၇-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ ၌၊ ပ၊ နှာ-၃၆၉။

# အဘိညာဏ်နိဒ္ဒေသ

## အဘိညာဉ် ပွါးနည်း

ထိုငါးပါးတို့တွင် အဘိညာဟူရာ၌ ပဥ္စမစျာန်ကို ရပြီးသော ပုဂ္ဂိုလ်သည် ထိုသမာပတ်စျာန် မြဲမြံခိုင်ခံ့ခြင်း, အာနိသင်ကိုရခြင်း, ပွါးအပ်လတ္တံ့သော ဝိပဿနာပညာဘာဝနာ၏ လွယ်ကာတကူ ပြည့်စုံခြင်း အကျိုးငှါ—

ဣဒ္ဓိဝိဓံ ဒိဗ္ဗသောတံ၊ ပရစိတ္တဝိဇာနနံ။
ပုဗ္ဗေနိဝါသာနုဿတိ၊ ဒိဗ္ဗစက္ခုတိ ပဉ္စဓာ[1]။

ဟူသော လောကီအဘိညာငါးပါးကို အားထုတ်အပ်၏။

ဣဒ္ဓိဝိဓ အဘိညာဉ်ရပုံ။ ။ထိုတွင် ဣဒ္ဓိဝိဓ အဘိညာကို ရလိုသော အာဒိကမ္မိက ပုဂ္ဂိုလ်သည် ရှေ့ကသိုဏ်းရှစ်ပါးတို့၌ သမာပတ်ရှစ်ပါးတို့ကို ဖြစ်စေပြီး၍—

### အဘိညာဉ် အခြေခံ စိတ်ကို ဆုံးမကြောင်း အခြင်းအရာ ၁၄-ပါး

ကသိဏာနုံ အနုလောမာ၊ ပဋိလောမာ တ’ဒူဘယာ။
တိဓာ တထေဝ စျာနာနံ၊ စျာနဿုက္ကန္တိကာပိ စ။

ကသိဏဿု’ဘယာနဥ္စ၊ အင်္ဂသင်္ကန္တိတောပိ စ။
အာလမ္ဗဿု’ဘယာနဥ္စ၊ အင်္ဂဿ ဝဝတ္ထာပနာ။

တထာ အာရမ္မဏဿာတိ၊ ကာတုံ ဣဒ္ဓိဝိကုဗ္ဗနံ။
စတုဒ္ဒသဟာကာရေဟိ၊ စိတ္တံ ဒမေယျ ပဏ္ဍိတော။

သင်္ဂဟဂါထာ[2]။

ကသိဏာနံ၊ ကသိုဏ်းရှစ်ပါးတို့၏။ အနုလောမာ၊ အစဉ်အတိုင်း အကြိမ်အရာ အထောင် ဝင်စားခြင်းအားဖြင့်၎င်း။ ပဋိလောမာ၊ အပြန်ထိုလား ဝင်စားခြင်းအားဖြင့်၎င်း။ တဒူဘယာ၊ အနုလုံ,ပဋိလုံအား ထိုနှစ်ပါးဖြင့်၎င်း။ တထေဝ၊ ထိုကသိုဏ်းအတူသာလျှင်။ စျာနာနံ၊ စျာန်တို့၏။ တိဓာ၊ အနုလုံ, ပဋိလုံ, အနုလုံ ပဋိလုံ-သုံးပါး အပြားဖြင့်၎င်း။ စျာနဿုက္ကန္တိကာပိ စ၊ ကသိုဏ်း တခုတခု၌ စျာန်ရှစ်ပါးကို တခုခြားကျော်၍ ဝင်စားခြင်းအားဖြင့်၎င်း။

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ကမ္မဋ္ဌာန်းပိုင်း။

၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ နှာ-၂-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ကသိဏဿုက္ကန္တိကာပိ စ၊ တခုတခုသော စျာန်ကို ကသိုဏ်း တခုကျော် ဝင်စားခြင်းဖြင့်၎င်း။ ဥဘယာနံ ဥက္ကန္တိကာပိ စ၊ စျာန်ကသိုဏ်း နှစ်ပါးစုံတို့ကို တခုကျော် ဝင်စားခြင်းဖြင့်၎င်း—

> ပထဝီကသိဏေ ပထမံ စျာနံ သမာပဇ္ဇိတွာ တတော တေဇော-ကသိဏေ တတိယံ၊ နီလကသိဏံ ဥဂ္ဃါဋေတွာ အာကာသာနဉ္စာယတနံ။ လောဟိတ ကသိဏတော အာကိဉ္စညာယတနန္တိ ဧဝမာဒိနာ နယေန စျာနဿ စေဝ ကသိဏဿ စ ဥက္ကမနံ စျာနကသိဏုက္ကန္တိကံ နာမ။
>
> ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ဒု၊နှာ-၃။)

> လောဟိတကသိဏတော အာကိဉ္စညာယတနန္တိ လောဟိတကသိဏံ အာဝဇ္ဇန္တော အဘိမုခံ ကတွာ တဿ ဥဂ္ဃါဋနေန ဥပဋ္ဌိတေ ကသိဏုဂ္ဃါဋိမ-မာကာသေ အမနသိကာရေန အာကာသာနဉ္စာယတနံ သမာပဇ္ဇိတွာ တတ္ထ ပုဗ္ဗေ ပဝတ္တဝိညာဏဿ အပဂမံ အာရမ္မဏံ ကတွာ အာကိဉ္စညာယတနံ သမာပဇ္ဇတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၃။)

အင်္ဂသင်္ကန္တိတောပိ စ၊ တခုတခုသော ကသိုဏ်း၌ ပထမစျာန် စသော ရူပစျာန်ကို ဝင်စား အင်္ဂါပြောင်းရွှေ့သောအားဖြင့်၎င်း။အာလမ္ဗဿ သင်္ကန္တိတော၊ တခုတခုသောစျာန်ကို အာရုံပြောင်းရွှေ့၍ ဝင်စားခြင်းဖြင့်၎င်း။ ဥဘယာနံ-သင်္ကန္တိတော၊ အင်္ဂါ, အာရုံ နှစ်ပါးစုံတို့ကို ပြောင်းရွှေ့သောအားဖြင့်၎င်း။

> အရူပစျာနာနံ ဝသေန အင်္ဂါရမ္မဏသင်္ကန္တိ ပရိယာယေန ဝုတ္တာတိ ဝေဒိတဗ္ဗာ။ ဋီကာ (မဟာ၊ဒု၊နှာ-၄)

အင်္ဂဿ ဝဝတ္ထာပနာ၊ စျာန်အင်္ဂါကို ပိုင်းခြားခြင်းဖြင့်၎င်း။

တထာ၊ ထို့အတူ။ အာရမ္မဏဿ ဝဝတ္ထာပနာ၊ ကသိုဏ်းကို ပိုင်းခြားခြင်းဖြင့်၎င်း။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ ပညာရှိသည်။ ဣဒ္ဓိဝိကုဗ္ဗနံ၊ တန်းခိုး ဖန်ဆင်းခြင်းကို၊ ကာတုံ၊ ပြုခြင်းငှါ။ စတုဒ္ဒသဟိ၊ ၁၄-ပါးကုန်သော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ စိတ္တံ၊ စိတ်ကို။ ဒမေယျ၊ ဆုံးမရာ၏[၁]။

**စိတ်ကို ဆုံးမခက်ခဲပုံ။** ။ဤသို့ စုဒ္ဒသာကာရတို့ဖြင့် စိတ်ကို ဆုံးမရခြင်း၏ ခဲယဉ်းသည့် အဖြစ်ကို အရင်းမှုစ၍ အဋ္ဌကထာ လာတိုင်း သိအပ်၏။ သိဟန်ကား—

> အာဒိကမ္မိကဿ ဟိ ကသိဏပရိကမ္မမ္ပိ ဘာရော။သတေသု သဟဿေသု ဧကောဝ သက္ကောတိ။ ကတ ကသိဏပရိကမ္မဿ နိမိတ္တုပ္ပါဒနံ ဘာရော။

---

၁။ အခြင်းအရာ ၁၄-ပါး အစိပ္ပါယ်ကို ဤကျမ်း ပ-တွဲ၊ နှာ-၁၁၄-၁၁၅-၌ ရှုပါ။

သတေသု။ပ။ သက္ကောတိ။ ဥပ္ပန္နေ နိမိတ္တေ တံ ဝဍ္ဎေတွာ အပ္ပနာဓိဂမော ဘာရော။ သတေသု။ပ။ သက္ကောတိ။ အဓိဂတပ္ပနဿ စုဒ္ဒသဟာကာရေဟိ စိတ္တပရိဒမနံ ဘာရော။ သတေသု။ပ။ သက္ကောတိ။ စုဒ္ဒသဟာကာရေဟိ ပရိဒမိတစိတ္တဿာပိ ဣဒ္ဓိဝိကုဗ္ဗနာ နာမ ဘာရော။ သတေသု။ပ။ သက္ကောတိ။ ဝိကုဗ္ဗနပ္ပတ္တဿပိ ခိပ္ပနိသန္တိဘာဝေါ နာမ ဘာရော။ သတေသု။ပ။ ခိပ္ပ- နိသန္တိ ဟောတိ။ ထေရမ္ဗတ္ထလေ မဟာရောဟဏဂုတ္တတ္ထေရဿ ဂိလာနုပဋ္ဌာနံ အာဂတေသု တိံသမတ္တေသု ဣဒ္ဓိမန္တသဟဿေသု ဥပသမ္ပဒါယ အဋ္ဌဝဿိ- ကော ရက္ခိတတ္ထေရော ဝိယ။ ခိပ္ပနိသန္တိယာပိ စ သတိ ပရဿ ပတိဋ္ဌာဘာဝေါ ဘာရော။ သတေသု သဟဿေသု ဝါ ဧကောဝ ဟောတိ၊ ဂိရိဘဏ္ဍဝါဟန- ပူဇာယ မာရေန အင်္ဂါရဝဿေ ပဝတ္တိတေ အာကာသေ ပထဝိံ မာပေတွာ အင်္ဂါရဝဿံ ပရိတ္တာရကော ထေရော ဝိယ။ အဋ္ဌကထာ (ဒုု၊နှ၁·၄။)

ခိပ္ပံ နိသန္တိ နိသာမနံ ဈာနစက္ခုနာ ပထဝီကသိဏာဒိဈာနာရမ္မဏဿ ဒဿနံ ဧတဿာတိ ခိပ္ပနိသန္တိ။ သီဃတရံ ဈာနံ သမာပဇ္ဇိတာ။ တဿ ဘာဝေါ ခိပ္ပနိသန္တိဘာဝေါ။ အမ္ဗတရုနီစိတံ မဟာမဟိန္ဒတ္ထေရာဒီဟိ ဩတိဏ္ဏဋ္ဌာနံ ထေရမ္ဗတ္ထလံ။ ။ဂိရိဘဏ္ဍဝါဟနပူဇာ နာမ စေတိယဂိရိမာဒိံ ကတွာ သကလဒီပေ သမုဒ္ဒေ စ ယာဝယောဇနာ မဟတီ ဒီပပူဇာ။ ဋီကာ (ဒုု၊နှ၁-၅။) အနက် ထင်ပြီ ၁။

---

၁။ ဤပါဠိ အကိုး၏ မြန်မာပြန်ဆိုချက်—

စ၍အားထုတ်သူ ယောဂီ 'အာဒိကမ္မိက' ပုဂ္ဂိုလ်သည် အစစ္စ ကသိုဏ်းဝန်း ပရိကံ ပြုရန် ဝန်လေး၏၊ ခဲယဉ်း၏၊ တရာမှာ-တယောက်၊တထောင်မှာ-တယောက်သာ အားထုတ် ဖြစ်အောင် စွမ်းနိုင်၏။ ကသိုဏ်းဝန်း ပရိကံ ပြုပြီးသော်လည်း ပဋိဘာဂနိမိတ်ထင်ရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင် တွင် တယောက်တလေသာ စွမ်းနိုင်၏။ ပဋိဘာဂနိမိတ် ထင်ပြီးသော်လည်း ဘာဝနာနိမိတ်ကို ခိုင်မြဲစေ၍ အပ္ပနာ ဈာန်ရရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင်တွင် တယောက်တလေသာ စွမ်းနိုင်၏။ အပ္ပနာဈာန် ရပြီးသော်လည်း ၁၄-ပါးသော အခြင်းအရာတို့ဖြင့် စိတ်ကို ဆုံးမရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင် တွင် တယောက်တလေသာ စွမ်းနိုင်၏။ စိတ်ကို ဆုံးမပြီးသော်လည်း တန်းခိုးဖန်ဆင်းနိုင်ရန် ဝန်လေး၏၊ ခဲယဉ်း၏၊ ရာ,ထောင် တွင် တယောက်တလေသာ စွမ်းနိုင်၏။ တန်းခိုး ဖန်ဆင်းနိုင်သော်လည်း ဈာန်မျက်စိ 'ဈာနစက္ခု'ဖြင့် ကသိုဏ်းစသောအာရုံကို လျင်မြန်စွာ ရှုနိုင်ရန် လျင်မြန်စွာ ဈာန်ဝင်စားနိုင်ရန် ဝန်လေး၏။ ခဲယဉ်း၏၊ အရှင်ဗုဒ္ဓရက္ခိတထေရ် ကဲ့သို့ လျင်မြန်စွာ ဈာန်ဝင်စားနိုင်ရန် ရာ, ထောင် တွင် တယောက်တလေသာ စွမ်းနိုင်၏။ (သရက်ကုန်း၌ သီတင်းသုံးသော မဟာရောဟဏဂုတ္တမထေရ မကျန်းမာ၍ ပြုစုနေသော နဂါးမင်းကို ချီသုတ်ဖမ်းယူရန် ကောင်းကင်မှ ပျံလာသော ဂဠုန်ကို တန်းခိုးရှင် ရဟန်း သုံးသောင်းအလယ်၌ ၈-ဝါရ အရှင်ဗုဒ္ဓရက္ခိတထေရ်သည် တောင်ကြီးတတောင် လျင်မြန်စွာဖန်ဆင်း၍ ကာကွယ်လိုက်၏၊ မဟာထေရ်က ငါ့ရှင်တို့—ဗုဒ္ဓရက္ခိတသာ မရှိလျှင်

စိတ်ကို နူးညံ့ပြောင်းပျောင်းစေခြင်း။ ။သို့စင် ခဲစွာ စုဒ္ဒသာကာရ တို့ဖြင့် ဘာဇနဝိကတိ[1] ပိလန္ဓနဝိကတိ[2] တို့ကို ပြုလို၍ မြေ့ ရွှေတို့ကို နူးညံ့အောင်ပြုသော အိုးထိန်းသည် ရွှေပန်းထိမ်သည်တို့ ပမာ လွန်စွာ စိတ်ကို ဆုံးမလျက် 'ဆန္ဒဝတော စေ အဘိညာ သမိဇ္ဈတိ။ ကထံ မယှံ န သမိဇ္ဈိဿတိ' စသည်ဖြင့် ဆန္ဒ ဝီရိယ စိတ္တ ဝီမံသာ တို့ကို ရှေ့ထား၍ရှင်း ဝသီဘော်ငါးပါးတို့ဖြင့် လေ့လာ၍ရှင်း စိတ်ကို နူးညံ့ပြောင်းပျောင်း အမှု၌ ကောင်းအောင်ပြု၍——

တန်းခိုးရရန် အားထုတ်နည်း။ ။သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဣဒ္ဓိဝိဓာယ စိတ္တံ အဘိနိဟရတိ အဘိနိန္နာမေတိ။ သော အနေကဝိဟိတံ ဣဒ္ဓိဝိဓံ ပစ္စနုဘောတိ။ ဧကောပိ ဟုတွာ ဗဟုဓာ ဟောတိ[3]။

စသည်ဖြင့် ဟောတော်မူသည့်အတိုင်း ဣဒ္ဓိဝိဓအလို့ငှါ အားထုတ်အပ်၏။

ပုဗ္ဗဟေတု သမ္ပန္နေန ကသိဏေသု စတုတ္ထဈာန မတ္တေ စိဏ္ဏဝသိနာပိ ကာတုံ ဝဋ္ဋတိ။ အဋ္ဌကထာ (ဒု၊နှာ-၅)

ပုဗ္ဗဟေတု သမ္ပန္နဿ ဟိ ယံ ဈာနံ ပါဒကံ ကတွာ အဘိညာ နိဗ္ဗတ္တေ-တဗ္ဗာ။ တတ္ထေဝ သာတိသယံ စိဏ္ဏဝသိတာပိ ဣစ္ဆိတဗ္ဗာ။ န သဗ္ဗတ္ထေဝါတိ အဓိပ္ပါယော။ 'စတုတ္ထဈာနမတ္တေ စိဏ္ဏဝသိနာ' တိ ဝစနတော အရူပ-သမာပတ္တိယော ဝိနာပိ အဘိညာ ဣဇ္ဈန္တီတိ ဝဒန္တိ။ တမ္ပိ ယဒိ ပုဗ္ဗဟေတု သမ္ပန္နဿ ဝသေနေဝ ဝုတ္တံ၊ ယုတ္တမေဝ။ အထေတရဿ၊ တေသံ မတိမတ္တံ။

---

ငါတို့အားလုံး ကဲ့ရဲ့ခံကြရကုန်လတ္တံ့၊ ရဟန်းလက်ကိုင် ဈာန်အဘိညာလက်နက် သံချေး မတက်ကြစေနှင့် ဟု မိန့်ဆို၏။ ထို မိန့်ဆိုချက်ကြောင့် ရဟန်း သုံးသောင်း အားလုံးပင် လျှင်မြန်စွာ ဈာန်ဝင်စားနိုင်သူ 'ခိပ္ပနိသန္တိ' ချည်း ဖြစ်ကုန်၏။) လျှင်မြန်စွာ အာရုံကို ရှုနိုင်,လျှင်မြန်စွာ ဈာန်ဝင်စားနိုင်သော်လည်း တပါးသူ အများတို့၏ အားကိုးဖြစ်ရန် ဝန်လေး၏၊ ခဲယဥ်း၏၊ ရှေ့ထောင်တွင် တယောက်တလေမျှသာ စွမ်းနိုင်၏၊ (စေတိယ တောင်ကို အစပြု၍ သီဟိုဠ်တကျွန်းလုံး ဆီမီးထွန်းပွဲကြီး ပြုသောအခါ မာရ်နတ်သည် မီးကျီးမိုးယ်း ရွာချလိုက်၏၊ မထေရ်တပါးသည် ကောင်းကင်၌ မြေကြီးဖန်ဆင်း၍ မီးကျီး မိုးယ်းကို ကာကွယ်လိုက်သဖြင့် အများ၏ အားကိုးရာ ဖြစ်သွား၏။)

၁။ ဘာဇန=အိုး။ ဝိကတိ=အထူးပြုလုပ်ခြင်း။ ၂။ ပိလန္ဓန=တန်းဆာ။

၃။ ဒီ၊၁၊နှာ-၇၃။ (သာမညဖလသုတ်)

ဋီကာ (ဒု၊နှာ-၆) လာသည့်အတိုင်း ပုဗ္ဗဟေတုသမ္ပန္န[၁] အတိတိက္ခပုဂ္ဂိုလ်တို့မှာ သမာပတ်ရှစ်ပါးကုန် မရသော်လည်း အာဋ္ဌာရရသေ့စသည်တို့ကဲ့သို့ အဘိညာကို ရကောင်း၏ဟု မှတ်အပ်၏။ ဗလဝပုဗ္ဗယောဂ[၂] ရှိကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, အဂ္ဂသာဝကစသည်တို့မှာကား စုဒ္ဒသာကာရတို့ဖြင့် စိတ်ကို ဆုံးမဘွယ် မရှိပြီ။ အရဟတ္တမဂ်၏ အစွမ်းဖြင့်ပင် အလုံးစုံသော ကျေးဇူးဂုဏ်တို့သည် ပြည့်စုံလာကုန်၏။

သော၊ ထိုစတုတ္ထဈာနလာဘီ ယောဂီပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤပထဈာန်စသော အစဉ်ဖြင့်။ စိတ္တေ၊ ရူပါဝစရစိတ်သည်။ သမာဟိတေ၊ စတုတ္ထဈာန်သမာဓိဖြင့် တည်ကြည်လတ်သော်။ ပရိသုဒ္ဓေ၊ ဥပေက္ခာသတိ ပါရိသုဒ္ဓိအဖြစ်ဖြင့် စင်ကြယ်လတ်သော်။ ပရိယောဒါတေ၊ စင်ကြယ်သောကြောင့် ပြိုးပြိုးပြက်လတ်သော်။ အနင်္ဂဏေ၊ သုခါဒိပစ္စယဃာတ[၃]ကြောင့် ရာဂစသော ကိလေသာ မရှိလတ်သော်။ ဝိဂတူပက္ကိလေသေ၊ အနင်္ဂဏ[၄]ကြောင့် ဥပက္ကိလေသ ကင်းလတ်သော်။ မုဒုဘူတေ၊ သုဘာဝီကြောင့် ဝသီပွါးပုံ့ နူးညံ့လတ်သော်။ ကမ္မနိယေ၊ ယင်းမုဒုကြောင့် အမှု၌ ခံ့လတ်သော်။ ဌိတေ၊ ပရိသုဒ္ဓ ဘာဝစသားဂုဏ်ခြောက်ပါး၌ တည်လတ်သော်။ အာနေဉ္ဇပ္ပတ္တေ၊ တည်သောကြောင့် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်။

တနည်းလည်း—ဌိတေ၊ မုဒု,ကမ္မညကြောင့် အတ္တနောဝသ၌ တည်လတ်သော်။ အာနေဉ္ဇပ္ပတ္တေ၊ သဒ္ဓါ, ဝီရိ၊ သတိ, သမာ၊ ပညာ, ဩဘာသ ခြောက်ဝ ထိန်းအုပ်သဖြင့် မတုန်လှုပ်ခြင်းသို့ ရောက်လတ်သော်။ ။ဤသို့ သမ္ဗန်လျှင် 'သမာဟိတေ'ကို ပယ်၍ အင်္ဂါရှစ်ပါးတည်း။

တနည်းလည်း—သော၊ ထိုယောဂီသည်။ ဧဝံ၊ ဤသို့။ စိတ္တေ၊ ရူပါဝစရစိတ်သည်။ သမာဟိတေ၊ တည်ကြည်လတ်သော်။ ပရိသုဒ္ဓေ၊ နီဝရဏ ဝေးကွယ် စင်ကြယ်လတ်သော်။ ပရိယောဒါတေ၊ ဝိတက်စသည်ကို လွန်သဖြင့် ပြိုးပြိုးပြက်လတ်သော်။ အနင်္ဂဏေ၊ ဈာန်ရခြင်းကြောင့် သက်ဆင်းဝင်လာသော ဣစ္ဆာစာရ မရှိလတ်သော်။ ဝိဂတူပက္ကိလေသေ၊ အဘိဇ္ဈာစသော ညစ်ညူးခြင်း ကင်းလတ်သော်။ မုဒုဘူတေ၊ ဝသိပ္ပတ္တိ[၅]ကြောင့် နူးညံ့လတ်သော်။ ကမ္မနိယေ၊

---

၁။ ရှေးက ဆုတောင်းခဲ့သည့်အကြောင်းနှင့် ပြည့်စုံသောပုဂ္ဂိုလ်။

၂။ ရှေးက အလွန်အကဲ အားထုတ်ခဲ့ဘူးသောပုဂ္ဂိုလ်။

၃။ သုခ စသော အကြောင်းကို ပယ်သတ်ခြင်း။

၄။ အနင်္ဂဏ=(န+အင်္ဂဏ=ကိလေသာ) ကိလေသာ မရှိခြင်းကြောင့် (အညစ်အကြေး မရှိ။)

၅။ ဝသိပ္ပတ္တိ=ဝသီဘော်သို့ရောက်ခြင်း။

ဣဒ္ဓိပါဒဘောသို့ ရောက်သဖြင့် အမှု၌ ခံ့လတ်သော်။ အာနေဥပ္ပတ္တော၊ မတုန် လှုပ်ခြင်းသို့ ရောက်သည်ဖြစ်၍။ ဝါ၊ ရောက်အောင်။ ဌိတော၊ ဘာဝနာပြည့်ဝ၍ ပဏီတဘောသို့ ရောက်သဖြင့် တင်းကြွံမြဲမြံစွာ တည်လတ်သော်။ ဤသို့ သမ္မန်လျှင် သမာဟိတော နှင့်တကွ အင်္ဂါရှစ်ပါးတည်း။

ဧဝမ္ပိ အဋ္ဌင်္ဂသမန္နာဂတံ စိတ္တံ အဘိနိဟာရက္ခမံ ဟောတိ။ အဋ္ဌကထာ (ဒု၊နှာ၁-၆)

ဣဒ္ဓိဝိဓာယ၊ ဣဒ္ဓိဝိဓ အဘိညာ အလို့ငှါ။ စိတ္တံ၊ ဘာဝနာစိတ်ကို။ အဘိနိဟ-ရတိ၊ ရှေးရှုဆောင်၏။ အဘိနိန္နာမေတိ၊ ရှေးရှုညွှတ်စေ၏။ သော၊ ထို ယောဂီ သည်။ အနေကဝိဟိတံ၊ များသော အပြားရှိသော။ ဣဒ္ဓိဝိဓံ၊ ဣဒ္ဓိဝိဓ အဘိ-ညာဉ်ကို။ ပစ္စနုဘောတိ၊ ခံစား၏။ ဧကောပိ၊ တယောက်တည်းသည်လည်း။ ဟုတွာ၊ ဖြစ်လျက်နှင့်။ ဗဟုဓာ၊ အရာအထောင်များသည်။ ဟောတိ၊ ဖြစ်၏။ ဤကား အနက်။

ဣဒ္ဓိ ၁၀-ပါး။ ။ဤ'ဣဒ္ဓိဝိဓာယ'ပုဒ်၌ ဣဇ္ဈတိ နိပ္ပဇ္ဇတိ ပဋိလဗ္ဘတိ စာတိ ဣဒ္ဓိ။ ဥပါယဘာဝေန ဝါ ဣဇ္ဈတိ သမ္ပဇ္ဇတီတိ ဣဒ္ဓိ။ ဣဇ္ဈန္တိ ဝါ သတ္တာ ဣဒ္ဓါ ဝုဒ္ဓါ ဥက္ကံသဂတာ ဟောန္တိ တေနာတိ ဣဒ္ဓိ[၁]—ဟူသော ဝစနတ္ထကြောင့် ဣဒ္ဓိမည်သော တန်းခိုးသည် အဓိဋ္ဌာနိဒ္ဓိ,ဝိကုဗ္ဗနိဒ္ဓိ,မနောမယိဒ္ဓိ, ဉာဏဝိပ္ဖါရိဒ္ဓိ, သမာဓိဝိပ္ဖါရိဒ္ဓိ, အရိယိဒ္ဓိ, ကမ္မဝိပါကဇိဒ္ဓိ, ပုညဝတောဣဒ္ဓိ, ဝိဇ္ဇာ-မယိဒ္ဓိ, တတ္ထ တတ္ထ သမ္မာပယောဂ ပစ္စယိဒ္ဓိ အားဖြင့် ဆယ်ပါး ပြား၏။

ထိုတွင် အစသုံးပါးကို ဣဒ္ဓိဝိဓ အဘိညာ ဟု လိုအပ်၏။

အကျဉ်းဆောင်ပုဒ်။ ။အ—ဝိ—မ—ဉာဏ်၊ သ—အ—ကမ်၊ ပုည်—ဝိဇ္ဇာ-တတ်။
ဣဒ္ဓိဝိဓာ—ဘိညာမှာ၊ စစွာ သုံးပါးမှတ်။
သင်္ဂဟ

တန်းခိုး ၁၀-ပါး အကျယ်လင်္ကာ။ ။(၁) ထိုတွင်ကား တစ်၊ အများဖြစ်ဟု၊ စလစ်အမှန်၊ အဓိဋ္ဌာန်ပင်။ (၂) ကိုယ့် အသွင်ကို၊ စွန့်လျှင် ဝိကုဗ်၊ အဟုတ်ခေါ် ဆို။ (၃)ဤကိုယ်အတွင်း၊ ဖန်ဆင်း ကာယော၊ မနောမယ၊ ဤသုံးဝ၊ ဝိဓဣဒ္ဓိချည်း။

---

၁။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ နိပ္ပဇ္ဇတိ၊ ပြီး၏။ ပဋိလဗ္ဘတိ စ၊ ရလည်းရ၏။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ တန်းခိုးမည်၏။ ဝါ၊ တနည်းကား—ဥပါယဘာဝေန၊ အကြောင်း၏အဖြစ်ဖြင့်။ ဣဇ္ဈတိ သမ္ပဇ္ဇတိ၊ ပြည့်စုံ၏။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ တန်းခိုးမည်၏။ ဝါ၊ တနည်းကား—တေနယ၊ ဤသဘောဖြင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဣဇ္ဈန္တိ ဣဒ္ဓါ, ဝုဒ္ဓါ, ဥက္ကံသဂတာ ဟောန္တိ၊ ကြီးပွါး, တိုးတက်, အလွန် အကဲသို့ ရောက်ကုန် ဖြစ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ဣဒ္ဓိ၊ တန်းခိုးမည်၏။

(၄) အရဟတ္တာ၊ ဖြစ်သည့်ခါမှ၊ ပုဗ္ဗာပရ၊ တခ်ဏာ၌၊ ဉာဏစွမ်းမြတ်၊ ထူးပြီးလတ်သား၊ ဝိပဿနာ၊ မဂ်လေးဖြာဖြင့်၊ ကိလေသာပယ်၊ ငါးဝမ်းဝယ်နေ၊ မသေနိုင်ထ၊ ဗာကုလ[1]တည်း၊ သံကိစ္စ[2]မှာ၊ ဂဗ္ဘတည်နေ၊ အမိသေလည်း၊ မသေနိုင်လို၊ ရာဇ်ဂြိုဟ်မြို့ပ၊ ယက္ခဝန်းရံ၊ ညဉ့်သုံးယာမ်လည်း၊ တယောက်တည်းသာ၊ ထင်းလှည်းအောက်နေ၊ မသေနိုင်သူ၊ ဘူတပါလ[3]၊ ဒါရကတို့၊ **ဉာဏဝိပ္ဖါ**။ (၅) ရှစ်သမာပတ်၊ ခါသုံးမှတ်၌[4]၊ ပစ္စတ်ပယ်ခွါ[5]၊ ကပေါတာချောက်၊ ဘီလူးခေါက်လည်း၊ သေပျောက်ကျင်နာ၊ ဆိတ်စာမရှိ၊ ထေရ်သာရိတည်း[6]၊ တစ်ထိုမှ၊ သဉ္ဇီဝကို၊ နိရောဓဝင်၊ အသေထင်၍၊ မီးတင်ဝိုင်းစု၊ ထိုအတုပင်[7]၊ ခါဏုကောဏ္ဍည၊ စောရငါးရာ၊ ဘဏ္ဍာထုပ်ဘိ၊ မသေရှိ၏[8]၊ သေဥ္ဇမိတာ၊ ဥတ္တရာကို၊ ဝန့်တိုလှစ္စာ၊ သိရိမာဟု၊ ပြည့်တန်းဆာမ၊ ဆီပူချလျှင်၊ ဝင်ထမေတ္တာ[9]၊ သာမာဝတီ၊ မာဂဏ္ဍီကြောင့်၊ ဥတ်ိနခင်၊ လေးကိုတင်၍၊ မနှင်မချ၊ နိုင်ရလေဘိ၊ ဘေးမထိသား[10]၊ **သမာဓိဝိပ္ဖါ**။ (၆) အနိဋ္ဌာကို၊ မေတ္တာဓာတု၊ နှလုံးပြု၍၊ ရှုနိုင်ဣဋ္ဌ၊ ယင်းဣဋ္ဌကို၊ အသုဘနှင့်၊ အနိစ္စပြု၊ နိဋ္ဌရှု၏၊ စက္ခုရူပ၊ တွေ့ရာစလည်း၊ နေဝ သုမနော၊ နော စ ဒုဋ္ဌု၊ ဆဠင်္ဂုပေက္ခာ၊ ရဟန္တာ၏[11]၊ **အရိယာဣဒ္ဓိ**—

(၇) ပက္ခီ,ဒေဝ၊ ကပ်စ မနု၊ ပိယင်္ဂုမာတာ၊ မာတာဥတ္တရ၊ ဖုဿမိတ္တာ၊ ဝိနိပါတို့၊ ဝေဟာပံ့ကြ[12]၊ **ကမ္မဇတည်း**။ (၈) စက္ကဝတ္တိ၊ မိုးပံ့ဘိ၏၊ ဇောတိသေဋ္ဌေး၊ ခြောက်ဆဲ့လေးထွေ၊ ပဒေသာများ၊ ပတ္တမြားပြာသာဒ်၊ ပေါက်

---

၁။ မဋ္ဌ၊၃၊နှာ-၁၃၅။ အံ၊ဋ္ဌ၊၁၊နှာ-၂၃၆။

၂။ ဓမ္မပဒ၊ဋ္ဌ၊၁၊နှာ-၄၂၅။

၃။ ဓမ္မပဒ၊ဋ္ဌ၊၂၊နှာ-၂၈၄။ (ဒါရုသာကဋိကဝတ္ထု။)

၄။ ခါသုံးမှတ်=အခါသုံးပါး၊ ဈာန်သမာဓိ၏ ရှေးဖြစ်သော ဥပစာရ သမာဓိ အခါ, သမာပတ် လေ့ကျက်ပြီးသောအခါ, သမာပတ် ဝင်စားစဉ်အခါ။

၅။ ပစ္စတ်ပယ်ခွါ=(ပစ္စတ်=ပစ္စတ္တ=အသီးအသီး) အသီးအသီးပယ်ခွါခြင်း။ (ပထမဈာန်ဖြင့် နီဝရဏကို ပယ်ခွါခြင်း။ပ။နေဝသညာ နာသညာယတန သမာပတ်ဖြင့် အာကိဉ္စညာယတနသညာကို ပယ်ခွါခြင်းသည် သမာဓိ ပျံ့နှံ့သော, သမာဓိအဟုန်ကြောင့် ဖြစ်သော သမာဓိ ဝိပ္ဖါရ တန်းခိုးမည်၏။)

၆။ ဥဒါန၊နှာ-၁၂၃။ ဥဒါန၊ဋ္ဌ၊နှာ-၂၂၁။ ၇။ မ၊၁၊နှာ-၄၉၀။

၈။ ဓမ္မပဒ၊ဋ္ဌ၊၁၊နှာ-၄၃၃။

၉။ ဓမ္မပဒ၊ဋ္ဌ၊၂၊နှာ-၂၀၀-၂၀၁။ အံ၊ဋ္ဌ၊၁၊နှာ-၃၄၆။

၁၀။ ဓမ္မပဒ၊ဋ္ဌ၊၁၊နှာ-၁၃၉။ အံ၊ဋ္ဌ၊၁၊နှာ-၃၃၉-၃၄၀။

၁၁။ ပဋိသံ၊နှာ-၃၉၀။ ၁၂။ သံ၊၁၊နှာ-၂၁၁၊၂၁၂။

လတ်မြေမှု[၁]၊ ဇဋ္ဋိလဝယ်၊ ရှစ်ဆယ်အတောင်၊ ရွှေတောင်ပေါက်ရ[၂]၊ ဿော သကကို၊ သတ္တဌာနေ၊ သေကြောင်းဖွေလည်း၊ မသေနိုင်ထ[၃]၊ မေဏ္ဍက အားး၊ ကေသိတာ၊ ထွန်ကြောင်းရာ၌၊ ရတနာခုနစ်၊ ဆိတ်ရုပ်ဖြစ်ရ[၄]၊ မေဏ္ဍကနှင့်၊ စန္ဒပဒုမာ၊ ခနာစယ၊ ချွေးမ သုမနာ၊ ကျွန်မှာ ပုဏ္ဏ၊ ငါး၀ ဘုန်းရှိ[၅]၊ ပုညိဒ္ဓိကို၊ ကျမ်းညွှိထုတ်ဆို—

(၉) ဝိဇ္ဇာမိုရ်တို့၊ ထိုထိုမန္တန်၊ ဆေးစွမ်းအန်ဖြင့်၊ မိုးပျံနိုင်လျှင်း၊ ဆင မြင်း ရုပ်ပုံ၊ စစ်တက်ပုံပြ၊ ဝိဇ္ဇာမျ[၆]တည်း—

(၁၀) နေကမ္မက၊ အရဟတ္တတိုင်၊ ပယ်နိုင်သမျှ၊ ထိုမှတပါး၊ များပြား စွာလှ၊ ဗျူဟာစသည်၊ သိပ္ပ,ဝိဇ္ဇာ၊ ဝေဒါ,ပိဋက၊ ထွန်ထကြဲစိုက်၊ လှူ၌ပြုက၊ ပြီးသမျှပင်၊ တတ္ထတတ္ထာ၊ သမ္မာပယောဂ၊ ပစ္စယဣဒ္ဓိ၊ အမည် ရှိသည်၊ မှတ်သိ ဆောင်ရွက်ရာသတည်း။

ဣဒ္ဓိ ၂-ပါး အထူး။ ။ကမ္မဝိပါကဇိဒ္ဓိ, ပုညဝတောဣဒ္ဓိ နှစ်ပါး အထူးကား—

ယတော ကုတောစိ ကမ္မဝိပါကတော ဇာတာ ဣဒ္ဓိ ကမ္မဝိပါကဇာ။ သာတိသယ ပုညနိဗ္ဗတ္တာ ဣဒ္ဓိ ပုညဝတောဣဒ္ဓိ။ကမ္မဝိပါကဇာ ဣဒ္ဓိ ဇာတိတော ပဋ္ဌာယ ဟောတိ။ ဣတရာ ယဒါ ပုညဿ ဝိပစ္စနကာလေတိ ဇဝံ ဝါ ဣမာသံ ဝိသေသော ဝေဒိတဗ္ဗော[၇]။ ဋီကာ (ဒုနှာ-၁၀)

---

၁။ ဓမ္မပဒါဋ္ဌ၊ဒုနှာ-၄၃၆-၄၄၀။ ပဋိသံ၊ဋ္ဌ၊ဒုနှာ-၂၉၂။

၂။ ဓမ္မပဒါဋ္ဌ၊ဒုနှာ-၄၄၁-၄၄၈။ ပဋိသံ၊ဋ္ဌ၊ဒုနှာ-၂၉၃။

၃။ ဓမ္မပဒါဋ္ဌ၊ပနှာ-၁၀၈-၁၂၀။ ပဋိသံ၊ဋ္ဌ၊ဒုနှာ-၂၉၅။

၄။ ဓမ္မပဒါဋ္ဌ၊ဒုနှာ-၂၃၂။ ပဋိသံ၊ဋ္ဌ၊ဒုနှာ-၂၉၅။

၅။ ဓမ္မပဒါဋ္ဌ၊ဒုနှာ-၂၃၂။ ပဋိသံ၊ဋ္ဌ၊ဒုနှာ-၃၀၁။ ၆။ ပဋိသံ၊နှာ-၃၉၁။

၇။ ပဋိသံ၊နှာ-၃၉၁။

၈။ ယတော ကုတောစိ၊ အမှတ်မထား တပါးပါးသော။ ကမ္မဝိပါကတော၊ ကောင်း မှုကံ မကောင်းမှုကံ၏ အကျိုးမှ။ ဝါ၊ ကြောင့်။ ဇာတာ၊ ဖြစ်သော။ ဣဒ္ဓိ၊ တန်းခိုးသည်။ ကမ္မဝိပါကဇာ၊ ကံ၏ အကျိုးကြောင့် ဖြစ်သော တန်းခိုးမည်၏။

သာတိသယ ပုညနိဗ္ဗတ္တာ၊ ထူးမြတ်လွန်ကဲသော ကောင်းမှုကြောင့်ဖြစ်သော။ ဣဒ္ဓိ၊ တန်းခိုးသည်။ ပုညဝတောဣဒ္ဓိ၊ ဘုန်းရှိသောပုဂ္ဂိုလ်၏ တန်းခိုးမည်၏။

ကမ္မဝိပါကဇာ၊ ကံ၏ အကျိုးကြောင့် ဖြစ်သော။ ဣဒ္ဓိ၊ တန်းခိုးသည်။ ဇာတိတော၊ ပဋိသန္ဓေမှ။ ပဋ္ဌာယ၊ စ၍။ ဟောတိ၊ ဖြစ်၏။

ဣတရာ၊ ဤမှတပါးသော ဘုန်းရှိသောပုဂ္ဂိုလ်၏ တန်းခိုးဟူသော ပုညဝတောဣဒ္ဓိသည်။ ယဒါတဒါ၊ အမှတ်မရှိ တပါးပါးသောအခါ၌။ ပုညဿ၊ ကောင်းမှုကံ၏။ ဝိပစ္စနကာလေ၊

**အဓိဋ္ဌာနိဒ္ဓိအဓိပ္ပါယ်။** ။ထိုဣဒ္ဓိဆယ်ပါးတို့တွင် ဣဒ္ဓိဝိဓ သုံးပါးဝယ် အဘယ်သို့လျှင် 'ကောပိ ဟုတွာ ဗဟုဓာ ဟောတိ' စသည် ဖြစ်နိုင်သနည်း ဟူမူ—

## တန်းခိုးဣဒ္ဓိ ဖြစ်ရာဖြစ်ကြောင်းများ

စတဿော ဘူမိယော ပါဒေ၊ စတ္တာရောဋ္ဌပဒါနိ စ။
ဒွဋ္ဌမူလာနိ ဟောတော်ဝံ၊ သမ္ပာဒေတွာ အဓိဋ္ဌဟံ။

သင်္ဂဟဂါထာ[၁]။

ဣဒ္ဓိယာ၊ တန်းခိုး၏။ စတဿော၊ လေးပါးကုန်သော။ ဘူမိယော၊ ဖြစ်ရာအကြောင်း ဘုံတို့ကိုလည်းကောင်း။ စတ္တာရော၊ လေးပါးကုန်သော။ ပါဒေ၊ ဣဒ္ဓိပါဒ် လေးထွေ အခြေတို့ကိုလည်းကောင်း။ အဋ္ဌ၊ ရှစ်ပါးကုန်သော။ ပဒါနိ စ၊ အကြောင်းတို့ကိုလည်းကောင်း။ ဒွဋ္ဌမူလာနိ စ၊ တဆဲ့ခြောက်ပါးသော အမြစ်အရင်းတို့ကိုလည်းကောင်း။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ အဓိဋ္ဌဟံ=အဓိဋ္ဌဟန္တော၊ ဉာဏ်ဖြင့် ဆောက်တည်လျက်။ ဝံဟောတိ၊ ဤသို့ အရာ, အထောင် စသည်ဖြစ်၏။

**တန်းခိုး၏ဖြစ်ရာ ဘုံ ၄-ပါး။** ။ထိုတွင် 'စတဿော ဘူမိယော'ဟူရာ၌ စတုက္ကနည်း အားဖြင့် ရှေ့စျာန် သုံးပါး တို့သည် သမ္ဘာရဘုံ၊ စတုတ္ထစျာန်သည် ပကတိဘုံ[၂]မည်၏။

---

အကျိုးပေးသောအခါ၌။ ဟောတိ၊ ဖြစ်၏။ ဣတိ ဧဝံ ဝါ၊ ဤသို့မူလည်း။ ဣမာသံ၊ ဤ ၂-ပါးသော ဣဒ္ဓိတို့၏။ ဝိသေသော၊ အထူးကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ကမ္မဝိပါကဇိဒ္ဓိ=ကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးကြောင့် ဖြစ်သော ပဋိသန္ဓေက ပါလာသော တန်းခိုးအစွမ်းသည် ကမ္မဝိပါကဇိဒ္ဓိမည်၏။

ငှက်, နတ်, အချို့ကမ္ဘာဦးသူ, ပိယင်္ကရမာတာ ဘီလူးမ, ဥတ္တရမာတာ ဘီလူးမ, ဖုဿမိတ္တာ ဘီလူးမ, ဓမ္မဂုတ္တာ စသော အပါယ်ဘုံသားတို့၏ ကောင်းကင်သို့ ပျံသွားနိုင်ခြင်းမှာ ကမ္မဝိပါကဇိဒ္ဓိကြောင့် ဖြစ်သည်။

ပုညဝတောဣဒ္ဓိ=လွန်ကဲမြင့်မြတ်သော ကောင်းမှုကြောင့် ဖြစ်၍ ပဝတ္တိအခါ အကျိုးပေးချိန်တန်မှ ထူးကဲစွာဖြစ်ပေါ်လာသော တန်းခိုးအစွမ်းသည် ပုညဝတောဣဒ္ဓိမည်၏။

ဇောတိကအား ပတ္တမြားပြာသာဒ်နှင့် ပဒေသာပင် ၆၄-ပင် အလိုလိုဖြစ်ပွါး ပေါ်ပေါက်လာခြင်းသည် ပုညဝတောဣဒ္ဓိကြောင့်ပင် ဖြစ်သည်။

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ပါ၊နှာ-၁၃-လာ စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။

၂။ စတုတ္ထစျာန်သည် အဘိညာဉ်ရရန် အနီးဆုံး အရင်းခံအကြောင်းဖြစ်၍ ပကတိဘုံ မည်၏။ ရှေ့စျာန် ၃-ပါးတို့မှာ စတုတ္ထစျာန် ရကြောင်း အခြံအရံ အဆောက်အဦ ဖြစ်၍ သမ္ဘာရဘုံ-ဟု ခေါ်သည်။

**တန်းခိုး၏အခြေ ၄-ပါး။** ။'စတ္တာရော ပါဒေ' ဟူသည်ကား —

ဣဓ ဘိက္ခု ဆန္ဒသမာဓိပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ ဝီရိယ။ စိတ္တ။ ဝီမံသာ သမာဓိပဓာနသင်္ခါရ သမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ။ ဣဒ္ဓိယာ ဣမေ စတ္တာရော ပါဒါ ဣဒ္ဓိလာဘာယ ဣဒ္ဓိပဋိလာဘာယ ဣဒ္ဓိဝိကုဗ္ဗနတာယ ဣဒ္ဓိဝိသဝိတာယ ဣဒ္ဓိဝသီဘာဝတာယ ဣဒ္ဓိဝေသာ-ရဇ္ဇာယ သံဝတ္တန္တိ[၁]။

ဟူ၍ လာသော ဣဒ္ဓိပါဒ် လေးပါးတည်း။

ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ဆန္ဒသမာဓိပဓာနသင်္ခါရ-သမန္နာဂတံ၊ ရှေးဆန္ဒလျှင် အကြောင်းရှိသော သမ္ပယုတ်ဆန္ဒ အဓိပတိရှိသော သမာဓိ,ကိစ္စလေးရပ်တို့ဖြင့်မြတ်သောသမ္မပ္ပဓာန ဝီရိယဟူသော သင်္ခါရ-ဤနှစ်ပါးတို့နှင့် ပြည့်စုံသော။ ဝါ၊ သမာဓိ, သင်္ခါရ နှစ်ပါးသည်ပင်လျှင် အဘေဒဘေဒူပစာအားဖြင့် သမန္နာဂတဟူ၍ ဆိုအပ်သော။ ဣဒ္ဓိပါဒံ၊ သတ,သဟဿ စသည်တို့ဖြင့် ပြီးကြောင်း, ၎င်း သမာဓိ သင်္ခါရ ဟူသော ဣဒ္ဓိသို့ ရောက်ကြောင်း ဖြစ်သော ကြွင်း အဘိညာ စိတ္တုပ္ပါဒ်ကို။ ဝါ၊ ဣဒ္ဓိဟု – ဆိုအပ်သော ရောက်ကြောင်းလည်း ဖြစ်သော သမာဓိ,ဝီရိယ နှစ်ပါးကို။ ဘာဝေတိ၊ ပွါးစေ၏။ (အကြွင်းသုံးပါး နည်းတူ။) ဣဒ္ဓိယာ၊ ဣဒ္ဓိ၏။ စတ္တာရော၊ လေးပါးကုန်သော။ ဣမေ ပါဒါ၊ ဤ အခြေတို့သည်။ ဣဒ္ဓိလာဘာယ၊တန်းခိုးကိုရခြင်းငှါ။ ဣဒ္ဓိပဋိလာဘာယ၊ တန်းခိုး ကို အဖန်တလဲလဲရခြင်းငှါ။ဣဒ္ဓိဝိကုဗ္ဗနတာယ၊တန်းခိုးဖြင့် အထူးထူးသော နိမ္မိတ ရုပ်ကို ပြုလုပ်ဖန်ဆင်းခြင်းငှါ။ ဣဒ္ဓိဝိသဝိတာယ၊ တန်းခိုးဖြင့် အထူးထူးသော အာနိသင်ကို ပွါးစေခြင်းငှါ။ ဣဒ္ဓိ ဝသီဘာဝတာယ၊ တန်းခိုး၏ ခိပ္ပနိသန္တိ စသော အဖြစ်ကို ဆောင်ခြင်းဟူသော ဝသီဘော်အလို့ငှါ။ ဣဒ္ဓိဝေသာရဇ္ဇာယ၊ တန်းခိုး၏ ဆန့်ကျင်ဖက် ကင်း၍ ရဲတင်းခြင်းအကျိုးငှါ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဤသင်္ဂြိုဟ် ကျမ်း၌ကား 'စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ' စသည်ဖြင့် နိဿယဖြစ်သော ဥပါယိဒ္ဓိပါဒ်ကိုသာ ပြသည်။ သို့မှုလည်း လေးပါးအပြား ဖြစ်နိုင်သည်။

**တန်းခိုးသို့ ရောက်ကြောင်း ဂ-ပါး။** ။'အဋ္ဌပဒါနိ' ဟူသည်ကား— ဣဒ္ဓိသို့ ရောက်ကြောင်းဖြစ်သော ၎င်းဆန္ဒ, သမာဓိ၊ ဝီရိယ,သမာဓိ၊ စိတ္တ,သမာဓိ၊ ဝီမံသာ,သမာဓိ ရှစ်ပါးပင်တည်း။

ဧတ္ထ ဟိ ဣဒ္ဓိ° ဥပ္ပါဒေတုကာမတာ ဆန္ဒော သမာဓိနာ ဧကတော နိယုတ္တောဝ ဣဒ္ဓိလာဘာယ သံဝတ္တတိ။ တထာ ဝီရိယာဒယော။ တသ္မာ ဣမာနိ အဋ္ဌပဒါနိ ဝုတ္တာနီတိ ဝေဒိတဗ္ဗာနိ။ ဝိသုဒ္ဓိမဂ် (၂၊ဒု၊နှာ-၁၄)

၁။ ဣဒ္ဓိပါဒသံယုတ်၊ သံ၊၃၊နှာ-၂၂၂-၂၆၅။ ပဋိသံ၊နှာ-၃၈၄။

ဣန္ဒြိယအကြောင်းရင်း ၁၆-ပါး။　။'သောဠသမူလ'ဟူသည်ကား—

ဣန္ဒြိယာ ကတိ မူလာနိ။ သောဠသမူလာနိ—
အနောနတံ စိတ္တံ ကောသဇ္ဇေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
အနုန္နတံ စိတ္တံ ဥဒ္ဓစ္စေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
အနဘိနတံ စိတ္တံ ရာဂေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
အနပနတံ စိတ္တံ ဗျာပါဒေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
အနိဿိတံ စိတ္တံ ဒိဋ္ဌိယာ န ဣဉ္ဇတီတိ အနေဉ္ဇံ။
အပဋိဗဒ္ဓံ စိတ္တံ ဆန္ဒရာဂေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဝိပ္ပမုတ္တံ စိတ္တံ ကာမရာဂေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဝိသံယုတ္တံ စိတ္တံ ကိလေသေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဝိမရိယာဒီကတံ စိတ္တံ ကိလေသမရိယာဒေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဧကတ္တဂတံ စိတ္တံ နာနတ္တကိလေသေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
သဒ္ဓါယ ပရိဂ္ဂဟိတံ စိတ္တံ အသဒ္ဓိယေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဝီရိယေန ပရိဂ္ဂဟိတံ စိတ္တံ ကောသဇ္ဇေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
သတိယာ ပရိဂ္ဂဟိတံ စိတ္တံ ပမာဒေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
သမာဓိနာ ပရိဂ္ဂဟိတံ စိတ္တံ ဥဒ္ဓစ္စေ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ပညာယ ပရိဂ္ဂဟိတံ စိတ္တံ အဝိဇ္ဇာယ န ဣဉ္ဇတီတိ အနေဉ္ဇံ။
ဩဘာသ ဂတံ စိတ္တံ အဝိဇ္ဇန္ဓကာရေ န ဣဉ္ဇတီတိ အနေဉ္ဇံ။

ဣန္ဒြိယာ ဣမာနိ သောဠသမူလာနိ ဣန္ဒြိလာဘာယ။ပ။ဣန္ဒြိဝေသာရဇ္ဇာယ သံဝတ္တန္တိ[၁]–ဟူ၍ ပါဠိတော်၌ လာသော တဆဲ့ခြောက်ပါးတို့တည်း။

ဣန္ဒြိယာ၊ ဣန္ဒြေ၏။ မူလာနိ၊ မူလတို့သည်။ ကတိ၊ အဘယ်မျှတို့နည်း။ မူလာနိ၊ မူလတို့သည်။ သောဠသ၊ ၁၆-ပါးတို့တည်း။

အနောနတံ၊ လုံ့လဖွဲ့ဆိုင်း မကုပ်ကိုင်းသော။ စိတ္တံ၊ စိတ်သည်။ ကောသဇ္ဇေ၊ ပျင်းရိခြင်းကြောင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ဣတိ၊ ထို့ကြောင့်။ အနေဉ္ဇံ၊ အနေဉ္ဇ မည်၏။　။အနုန္နတံ၊ မပျံ့လွင့်သော။　။အနဘိနတံ၊ မညွတ်မတပ်မငြိကပ်သော။　။အနပနတံ၊ အမျက်အားဖြင့် ပြစ်မှားကြဉ်ဖဲခြင်း မရှိသော။　။အနိဿိတံ၊ အဟံ့မမံ ဟု-မမှီသော။　။အပဋိဗဒ္ဓံ၊ ဆန္ဒရာဂသည် မဖွဲ့အပ်သော။

---

၁။ ပဋိသမ္ဘိဒါမဂ်၊ နှာ-၃၇၄။

ရာဂေါ ကေဝလံ အာသတ္တိမတ္တံ၊ ဆန္ဒရာဂေါ ပန ဗလဝကိလေသော[1]။
တထာ ဟိ’ဿ ဒူရေ ဌိတမ္ပိ အာရမ္မဏံ ပဋိဗန္ဓမေဝ။ ဋီကာ (ဒု၊ နှာ-၂၀)

ဝိပ္ပမုတ္တံ၊ အထူးသဖြင့် လွတ်သော။ ။ဝိသံယုတ္တံ၊ ကိလေသာမှ ဆိတ်သော။ ဝါ၊ ယောဂလေးပါးတို့နှင့် မယှဉ်သော။ ။ဝိမရိယာဒီကတံ၊ ကိလေသာဟူသော အပိုင်းအခြားကင်းအောင် ကျင့်သော။ ။ကေတ္တဂတံ၊ အာရုံတခုတည်း ရှိသည်၏ အဖြစ်သို့ ရောက်သည်ဖြစ်၍ စင်စစ် တည်ကြည်သော။ စိတ္တံ၊ စိတ်သည်။ နာနတ္တ ကိလေသေ၊ အထူး ထူးသော သဘောရှိသော ကိလေသာကြောင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ။သဒ္ဓါယ၊ သဒ္ဓါသည်။ ပရိဂ္ဂဟိတံ၊ သိမ်းဆည်း ထောက်ပံ့အပ်သော။ပ။ ဩဘာသဂတံ၊ ဉာဏ်ရောင်အလင်းနှင့် တကွ ဖြစ်သော။ စိတ္တံ၊ စိတ်သည်။ အဝိဇ္ဇန္ဓကာရေ၊ အဝိဇ္ဇာဟူသော အမိုက်မှောင်ကြောင့်။ န ဣဉ္ဇတိ၊ မတုန်လှုပ်။ ။

ဣဒ္ဓိယာ၊ ဣဒ္ဓိ၏။ ဣမာနိ သောဠသမူလာနိ၊ ဤ ၁၆-ပါးသော မူလတို့သည်။ပ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

**ဘူမိ,ပါဒ စသည်ကို ဆိုရခြင်းအကြောင်း။** ။ဤ ဘူမိ, ပါဒ, ပဒ, မူလ[2]တို့သည် ‘ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ’ စသည်ဖြင့် အင်္ဂါရှစ်ပါးတို့ကို ပြဆိုခဲ့သော ရှေးနည်း၌ပင် ပါဝင်လေကုန်ပြီ။ ပထမဈာန် စသည်တို့၏ ဘူမိ, ပါဒ, ပဒ, မူလ မည်သည့် အဖြစ်ကို ပြခြင်းငှါသာ အမည်ထူး တပ်၍ ဆိုပြန်အပ်သည်။

တနည်းလည်း—အင်္ဂါရှစ်ပါးကို ဆိုသော ရှေးနည်းသည် သုတ်တို့၌လာသော နည်းတည်း။ ဤ ဘူမိ, ပါဒ, ပဒ, မူလ တို့ကား ပဋိသမ္ဘိဒါ၌ လာသောနည်းတည်း။ ယာဂုနှင့် ထမန်း အခေါ်သာ ကွဲသကဲ့သို့ နှဲနှစ်ပါး မထူးပြားကြဟု နည်းနှစ်ပါးလုံး၌ မတွေဝေစေခြင်းငှါလည်း ဝ.ဖန်ဆိုပြန်သည်ဟု ပြခြင်းငှါ—

ကာမဉ္စေ’သ အတ္ထော ‘ဧဝံ သမာဟိတေ စိတ္တေ’တိ အာဒိနာပိ သိဒ္ဓေါယေဝ။ ပထမ ဈာနာဒီနံ ပန ဣဒ္ဓိယာ ဘူမိ ပါဒ ပဒ မူလ ဘာဝ-ဒဿနတ္ထံ ပုန ဝုတ္တော။ ပုရိမော စ သုတ္တေသု အာဂတ နယော။ အယံ ပဋိသမ္ဘိဒါယံ။ ဣတိ ဉဘယတ္ထ အသံမောဟတ္ထမ္ပိ ပုန ဝုတ္တော—

ဟု – အဋ္ဌကထာ (ဒု၊ နှာ-၁၅) ၌ မိန့်သည်။

---

၁။ ဆဋ္ဌမူ၌ ‘ဗဟလ ကိလေသော’ ဟု ရှိသည်။

၂။ ဘူမိ=ဈာန် ၄-ပါး။ ပါဒ=ဣဒ္ဓိပါဒ် ၄-ပါး။ ပဒ=အကြောင်း (တန်းခိုးရကြောင်း ၈-ပါး)။ မူလ=အကြောင်းရင်း (တန်းခိုး၏ အကြောင်းရင်း ၁၆-ပါး)

## ဋီကာ စကား စဉ်းစားဖွယ်

ဋီကာရှင်ကား 'သေ အယံ' ပုဒ် တို့ဖြင့် အနီးဆုံး မူလ တဆဲ့ခြောက်ပါးကို သာ စွဲ၍ 'ပုရိမော' အရကို ဘူမိ,ပါဒ,ပဒတို့ကို ယူတော်မူ၏။ ပဋိသမ္ဘိဒါပါဠိ၌—

ကာ ဠဒ္ဓိ။ ကတိ ဠဒ္ဓိယော။ ဠဒ္ဓိယာ ကတိ ဘူမိယော။ ကတိ ပါဒါ။ ကတိ ပဒါနိ။ ကတိ မူလာနိ။ ကာ ဠဒ္ဓိတိ ဠဇ္ဈနဋ္ဌေန ဠဒ္ဓိ။ ကတိ ဠဒ္ဓိယောတိ ဒသ ဠဒ္ဓိယော။ ဠဒ္ဓိယာ စတဿော ဘူမိယော၊ စတ္တာရော ပါဒါ၊ အဋ္ဌ ပဒါနိ၊ သောဠသ မူလာနိ—

စသည်ဖြင့် ဘူမိ,ပါဒ,ပဒ,မူလတို့ အပြည့်အစုံပင် လာသောကြောင့်ရင်း, အဋ္ဌကထာ စကားသွားနှင့် အလားမသင့်သောကြောင့်ရင်း, ဋီကာရှင်စကားကို စဉ်းစားဆင်ခြင်ဖွယ် ရှိ၏။

**အနည်းကို အများဖြစ်အောင် ဖန်ဆင်းပုံ။** ။ဤသို့လျှင် ဠဒ္ဓိ၏ ဘူမိ,ပါဒ,ပဒ, မူလ တရားတို့ကို ပြည့်စုံစေပြီး၍ ဝိထိသင်္ဂဟ (ဤကျမ်း၊ ပ၊တွဲ၊နှာ-၉၄)၌ ပြဆိုခဲ့သည်အတိုင်း အဘိညာ ပါဒက ပဥ္စမဈာန်ကို ဝင်စားပြီး ထပြီး၍ တရာကိုလိုအံ့—'သတံ ဟောမိ, သတံ ဟောမိ'ဟု ပရိကမ်ကိုပြု၍ တဖန်အဘိညာပါဒက ပဥ္စမဈာန်ကို ဝင်စားပြီး ထပြီး၍ သန္နိဋ္ဌာပက အဓိဋ္ဌာနမည်သော အဘိညာကို ဝင်စားအပ်၏။ အဓိဋ္ဌာန် စိတ်နှင့် တပြိုင်နက် နိမ္မိတရုပ် တရာ ဖြစ်လာ၏။ မဖြစ်လာသေးမူ လေးဝိထိပင် တဖန်ပြန်၍ ဝင်စားအပ်၏။

သံယုတ္တဋ္ဌကထာယဥ္စ ကေဝါရံ ဒွိဝါရံ သမာပဇ္ဇိတုံ ဝဋ္ဋတီတိ ဝုတ္တံ။
ဝိသုဒ္ဓိမဂ် (ဋ၊ဒု၊နှာ-၁၇)

'ကေဝါရံ ဒွိဝါရ'န္တိ ဠဒ္ဓမိ့ နိဒဿနမတ္တံ ဒဋ္ဌဗ္ဗံ။
ဋီကာ (ဒု၊နှာ-၂၀)

အရှင်စူဠပန်ကဲ့သို့ တထောင်ရင်း, အရေအတွက်မရှိရင်း၊ သဘောတူရင်း, သဘောပြားရင်း ဖန်ဆင်းလိုမူ 'ဗဟုကာ ဘိက္ခူ ပထမဝယာ ဟောန္တု။ ဗဟုကာ ဘိက္ခူ စီဝရကမ္မံ ကရောန္တု' စသည်ဖြင့် ဖန်ဆင်းလိုတိုင်း ပရိကမ်ကို ပြု၍ ဆောက်တည် ဖန်ဆင်းအပ်၏။

**အများကို အနည်းဖြစ်အောင် ဖန်ဆင်းပုံ။** ။'ဗဟုဓာပိ ဟုတွာ ဧကော ဟောတိ' ဟူသည်နှင့်အညီ ပိုင်းခြားတိုင်းသော ကာလသို့ မရောက်မီ အကြား၌ တန်းခိုးကို သိမ်းရုပ်လိုမူ 'ဧကော ဟောမိ'ဟု ပရိကမ် ပြုအပ်၏။

ထင်ရှားနိုးနား, ဖုံးကွယ်ဝေးခြားအောင် ‘အာဝိဘာဝံ တိရောဘာဝံ ကရောတိ’ ဖန်ဆင်းပုံ ဟူသည်နှင့် အညီ ဖုံးကွယ် ဝေးခြားသည်ကို ထင်ရှား နိုးနားအောင် ပြုလိုသော်၎င်း, ပေါ်လွင်နီးပါးသည်ကို ဖုံးကွယ်ဝေးခြားအောင် ပြုလိုသော်၎င်း ‘ဣဓ အန္ဓကာရဋ္ဌာနံ အာလောကဇာတံ ဟောတု၊ ဣဓံ ပဋိစ္ဆန္နံ ဝိဝဋံ ဟောတု၊ ဣဓံ အနာပါတံ အာပါတံ[1] ဟောတု’ဟု ပရိကမ်ပြု၍ မြတ်စွာဘုရားသည် စူဠသုဘဒ္ဒါက[2] ပင့်ဘိတ်သည်နှင့် သာဝတ္ထိပြည်မှ ခုနစ်ယူဇနာဝေးကွာသော သာကေတမြို့သို့ ကြွတော်မူသည့်အခါ ဖန်ဆင်းသကဲ့သို့၎င်း, ယမကပြာဋိဟာဖြင့် ရှစ်သောင်း လေးထောင်သော သတ္တဝါတို့ကို ချေချွတ်ပြီး၍ တာဝတိံသာ နတ်ပြည်၌ ဝါတော်ကပ်လျက် သောင်းလောကဓာတ် ကုဋေရှစ်ဆယ်သော ဗြဟ္မာနတ်တို့အား အဘိဓမ္မာဒေသနာဖြင့် အမတပါနကို ဝေငှပေးအပ်၍ သင်္ကဿနဂိုရ်သို့ သက်ဆင်းတော်မူမည့်အခါ ဖန်ဆင်းတော်မူသကဲ့သို့၎င်း, တာဝတိံသာနတ်ပြည် ဘုရားအထံတော်သို့ အသွားအပြန် အရှင်မောဂ္ဂလာန် ဖန်ဆင်းသကဲ့သို့၎င်း, သီဟိုဠ်ကျွန်း၌ ဝါဋ္ဌဂါရဝါသီ ဓမ္မဒိန္နထေရ်သည် တိဿ-မဟာဝိဟာရ စေတီယင်္ဂဏ၌ အပဏ္ဏကသုတ်ကို ဟောသည့်အခါ ဖန်ဆင်း သကဲ့သို့၎င်း အာဝိဘာဝ[3]တန်းခိုးကို ဖန်ဆင်းအပ်၏။

တိရောဘာဝတန်းခိုး[4]ကို ထိုမှအပြန် ပရိကမ်ပြု၍ မြတ်စွာဘုရားသည် ယသသတို့သားကို အဖမမြင်ရအောင် ကွယ်ထားသကဲ့သို့၎င်း,[5] သောတာပန် အမတ်တထောင်နှင့်တကွ အနာဂါမ်တည်ပြီးသော မဟာကပ္ပိနမင်းတို့ကို ခြွေရံ တထောင်နှင့်တကွ နောက်ထပ်လိုက်လာသော အနောဇာဒေဝီတို့ မမြင် ရအောင် ဖန်ဆင်းသကဲ့သို့၎င်း[6], မဟာမဟိန္ဒမထေရ် သီဟိုဠ်ကျွန်းသို့ ရောက်စ အခါ နောက်ပါ အဖော်သင်းပင်းတို့ကို ဒေဝါနံပိယတိဿမင်း မမြင်ရအောင် ဖန်ဆင်းသကဲ့သို့၎င်း[7] ဖန်ဆင်းအပ်၏။

---

၁။ အာပါထ=ထင်ရှားခြင်း။ အာပါတ=ရှေးရှုကျရောက်ခြင်း။ ထင်ရှားခြင်း။

၂။ စူဠသုဘဒ္ဒါ=အနာထပိဏ် သူဌေး၏ သမီးအလတ် ဖြစ်သည်၊ ဥဂ္ဂ သူဌေးသားနှင့် ထိမ်းမြားသည်။ (မွေပဒါဋ္ဌဒု၊နှာ-၂၉၀။ စူဠသုဘဒ္ဒါဝတ္ထု)

၃။ အာဝိဘာဝ=ထင်ရှားဖြစ်သော။

၄။ တိရောဘာဝ=ဖုံးကွယ်ထားခြင်း။

၅။ ဝိ၊၃၊နှာ-၂၂။

၆။ ဓမ္မပဒါဋ္ဌ၊ပ၊နှာ-၃၅၈။

၇။ ဝိဋ္ဌ၊၁၊နှာ-၅၅။

ပြာဋိဟာ ၂-မျိုး။ ။အပိ စာ'ဝိဘာဝံ နာမ၊ သဗ္ဗံ ပါကဋှဟာရိယံ။
သေယျထာပိ ဘဂဝတော၊ ယမကံ ပါဋိဟာရိယံ။

ဧဝံယံ့ တိရောဘာဝံ နာမ၊ ဣဒ္ဓိမန္တေ အပါကဋေ။
ယထာ မဟာက တိဏာဇ္ဈံ၊ သတ္ထုနော ဗြဟ္မဘာသနံ။

သင်္ဂဟဂါထာ¹။

အပိ စ၊ တနည်းလည်း။ သဗ္ဗံ၊ အလုံးစုံသော။ ပါကဋှဟာရိယံ၊ ဣဒ္ဓိ, ဣဒ္ဓိမန္တနှစ်ပါး ထင်ရှားသော ပြာဋိဟာသည်။ အာဝိ ဘာဝံ နာမ၊ အာဝိဘာဝ ပြာဋိဟာ မည်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ယမကံ ပါဋိဟာရိယံ သေယျထာပိ၊ ယမိုက်ပြာဋိဟာကဲ့သို့တည်း။

ဣဒ္ဓိမန္တေ၊ ဣဒ္ဓိမန္တပုဂ္ဂိုလ်သည်။ အပါကဋေ၊ မထင်ရှားသည်ရှိသော်။ တိရောဘာဝံ၊ တိရောဘာဝ ပြာဋိဟာဟူ၍။ ဧဝံယံ့၊ သိအပ်၏။ မဟာက-တိဏာဇ္ဈံယထာ၊ စိတ္တသူကြွယ်တောင်းပန်သည်နှင့် သံကောက်ပေါက် တံခါးပေါင်ကြားတို့ဖြင့် မီးလျှံထွက်စေလျက် ကျောင်းဦး၌ ဖြန့်ခင်းထားသော အပေါ်ရုံထက် မြက်ကိုသာ လောင်ကျွမ်းစေသော မဟာကထေရ်၏ တန်းခိုးကဲ့သို့ငှင်း²။ သတ္ထုနော၊ ဘုရားရှင်၏။ ဗြဟ္မဘာသနံ ယထာ၊ ကိုယ်ကိုကွယ်လျက် ဗကဗြဟ္မာ အမူးရှိသော ဗြဟ္မာအပေါင်းအား—

ဘဝေ ဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။
ဘဝံ နာဘိဝဒိံ ကိဥ္စိ၊ နန္ဒိဥ္စ န ဥပါဒိယိံ³။

ဟူသော ဂါထာကို ရွတ်ဆိုဟောပြတော်မူသော တန်းခိုးကဲ့သို့ ငှင်းတည်း။

အဟံ၊ ငါသည်။ ဘဝေ၊ သံသရာ၌။ ဘယံ၊ ဇာတိစသည် များလှသောင်းသောင်း ဘေးအပေါင်းကို။ ဒိသွာ ဧဝ၊ မြင်သောကြောင့်သာလျှင်။ ဘဝဥ္စ၊ ကာမ,ရူပ,အရူပ ဟူသော ဘဝသုံးပါးကိုငှင်း။ ဝိဘဝေသိနဥ္စ၊ ဘဝ ကင်းမည် ရှာကြံစည်လည်း ဆုံလည်နွားမျှ နစ်မွန်းကြသောသူ အပေါင်းကိုငှင်း။ ဒိသွာ၊ မြင်၍။ ကိဥ္စိဘဝံ၊ တစုံတခုသောဘဝကို။ နာဘိဝဒိံ၊ တဏှာ, ဒိဋ္ဌိအားဖြင့် မယူသတည်း။ နန္ဒိဥ္စ၊ ဘဝတဏှာကိုလည်း။ န ဥပါဒိယိံ၊ မစွဲလမ်းသတည်း။ ဤကား အနက်။

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊၁၊နှာ-၂၂-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၂။ သံ၊၂၊နှာ-၄၇၁။

၃။ မ၊၁၊နှာ-၄၀၅။

အကာအကွယ်မရှိ သွားနိုင်အောင်ဖန်ဆင်းပုံ။ ။'တိရောကုဋ္ဋံ တိရောပါကာရံ တိရော ပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ' ဟူသည်နှင့်အညီ ဖန်ဆင်း၍ သွားလိုမူ အာကာသ ကသိုဏ်း၌ ပါဒကစျာန်ကို ဝင်စားပြီး၍ 'အာကာသော ဟောတု' ဟု-ဆောက်တည်အပ်၏။

ဥဗ္ဗေဓဝသေန ပဝတ္တံ ဝိဝရံ သုသိရံ။ တိရိယံ ပဝတ္တံ ဆိဒ္ဒံ။
ဋီကာ (မဟာ၊ဒု၊နှာ-၂၆)

တိပိဋကစူဠာဘယမထေရ်ကား— "ဆင်,မြင်း ဖန်ဆင်းလိုလျှင် ဆင်ကသိုဏ်း, မြင်းကသိုဏ်း ရှိတော့မည်လော။ အမှတ်မဲ့ ကသိုဏ်း၌ပင် ဖန်ဆင်းလိုတိုင်းဖြစ်တော့သည်"ဟု–ဆို၏။ ထိုစကားကို ပါဠိတော်နှင့် မညီသောကြောင့် တပည့်များပင် မနှစ်သက်ကြကုန်။

အညေန ဣဒ္ဓိမတာ နိမ္မိတေ ပန ပထမနိမ္မာနံ ဗလဝံ ဟောတိ။
ဣတရေန တဿ ဥဒ္ဓံ ဝါ အဓော ဝါ ဂန္တဗ္ဗံ။ အဋ္ဌကထာ (ဒု၊နှာ-၂၄)

မြေလျှိုးနိုင်အောင် ဖန်ဆင်းပုံ။ ။"ပထဝိယာပိ ဥမ္မုဇ္ဇ နိမုဇ္ဇံ ကရောတိ" ဟူသည်နှင့်အညီ ဖန်ဆင်းလိုလျှင် အာပေါကသိဏစျာန်ကို ဝင်စားပြီး၍ 'ဧတ္တကေ ဌာနေ ပထဝီ ဥဒကံ ဟောတု' စသည်ဖြင့် ပရိကမ် ပြုအပ်၏။ ထောပတ်, ဆီ,ပျား စသည်လည်း ဖန်ဆင်းရ၏။

တဿေဝ စ သာ ပထဝီ ဥဒကံ ဟောတိ။ သေသဇနဿ ပထဝီယေဝ။
....သစေ ပနာယံ 'တေသံပိ ဥဒကံ ဟောတူ'တိ ဣစ္ဆတိ ဟောတိယေဝ။
အဋ္ဌကထာ (ဒု၊နှာ-၂၄)

ရေပေါ်သွားနိုင်အောင် မိုးပျံနိုင်အောင် ဖန်ဆင်းပုံ 'ဥဒကေပိ အဘိဇ္ဇမာနေ ဂစ္ဆတိ သေယျထာပိ ပထဝိယံ' ဟူသည် အတိုင်း ရေ၌ဣရိယာပုထ် လေးပါးကို ပြုလိုသော်၎င်း, ပတ္တမြား, ရွှေ, ငွေ, တောင်, သစ်ပင်စသည် ဖန်ဆင်းလိုသော်၎င်း "အာကာသေပိ ပလ္လင်္ကေန စင်္ကမတိ သေယျထာပိ ပက္ခီ သကုဏော" ဟူသည်အတိုင်း ကောင်းကင်၌ ဣရိယာပုထ်လေးပါးကို ပြုလိုသော်၎င်း, ပထဝီကသိဏစျာန်ကို ဝင်စား၍ ပရိကမ်ကို ပြုအပ်၏။

အာကာသေ ဂန္တုကာမေန စ ဘိက္ခုနာ ဒိဗ္ဗစက္ခုလာဘိနာပိ ဘဝိတဗ္ဗံ။
အဋ္ဌကထာ (ဒု၊နှာ-၂၆)

လ,နေ တို့ကို သုံးသပ်နိုင်ပုံ။ ။"ဣမေပိ စန္ဒိမသူရိယေ ဧဝံမဟိဒ္ဓိကေ ဧဝံ မဟာနုဘာဝေ ပါဏိနာ ပရာမသတိ ပရိမဇ္ဇတိ"

ဟူရာ၌ကား အမှတ်မဲ့ ကသိုဏ်းကိုပင် ဝင်စားလျက် သွား၍ငင်း, လက်ကို ပွါးစေ၍ငင်း, ဟတ္ထပါသ်သို့ ရောက်အောင် ဆောက်တည်၍ငင်း သုံးသပ်နိုင်၏။

အယံ ပန'ဿ ဣဒ္ဓိ အဘိညာပါဒကစျာနဝသေနေဝ ဣဇ္ဈတိ၊ နတ္ထေ'တ္ထ ကသိဏသမာပတ္တိနိယမော။ အဋ္ဌကထာ (ဒု၊နှာ-၂၆)

လက်ကိုပွါးစေ၍ သုံးသပ်ရာ၌ ဥပါဒိန္နရုပ် ပွါးသလော၊ အနုပါဒိန္နရုပ် ပွါးသလော-ဟူမူ—

ဥပါဒိန္နကံ နိဿာယ အနုပါဒိန္နကံ ဝဍ္ဎတိ[၁]။
ဟု-အဋ္ဌကထာ (ဒု၊နှာ-၂၇) ဖြေပြီ။

တိပိဋက စူဠနာဂထေရ်ကား ဥပါဒိန္နက ရုပ်သည် သံကောက်ပေါက် စသည်တို့ဖြင့် ထွက်သော အခါ ငယ်၏၊ အရှင်မဟာမောဂ္ဂလာန်၏ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမသောအခါ စသည်၌ ကြီးလည်း ကြီးနိုင်၏[၂]ဟု-ဆို၏။

ဧဝံ ဝုတ္တေပိ ဘိက္ခူ ဥပါဒိန္နကံ နိဿာယ အနုပါဒိန္နကမေဝ ဝဍ္ဎတီတိ အာဟံသု။ အယမေ'ဝ စေ'တ္ထ ယုတ္တိ။ အဋ္ဌကထာ (ဒု၊နှာ-၃၀)

....ယုတ္တိ ယုတ္တရူပါ စိတ္တတော, ဥတုတော ဝါ ဥပါဒိန္နကရူပါနံ အနုပ္ပဇ္ဇနတော။ အထ ဝါ ဥပါဒိန္နတ္တိ သကလမေဝ ဣန္ဒြိယဗဒ္ဓံ အဓိပ္ပေတံ။ ဧဝမ္ပိ တဿ တထာ ဝဍ္ဎိ န ယုဇ္ဇတိ ဧဝါတိ ဝုတ္တနယေနေဝ ဝဍ္ဎိ ဝေဒိတဗ္ဗာ။ ကေသဉ္စာနေ ဥပါဒိန္န'မနုပါဒိန္နဉ္စ သမ္ဘိန္နံ ဝိယ ပဝတ္တမာနမ္ပိ အတ္တတော အသမ္ဘိန္နမေဝ။ တတ္ထ ယထာ အာဋ္ဌကမတ္တေ ခီရေ အနေကာဋ္ဌကေ ဥဒကေ အာသိတ္တေ ယဒိပိ ခီရံ သဗ္ဗေန သမ္ဘိန္နံ သဗ္ဗတ္ထကမေဝ လဗ္ဘမာနံ[၃] ဟုတွာ တိဋ္ဌတိ၊ တထာပိ န တတ္ထ ခီရံ ဝဍ္ဎတိ၊ ဥဒကမေဝ ပန ဝဍ္ဎတိ၊ ဧဝမေဝ ယဒိပိ ဥပါဒိန္န'မနုပါဒိန္နဉ္စ သမ္ဘိန္နံ ဝိယ ပဝတ္တတိ၊ တထာပိ ဥပါဒိန္နံ န ဝဍ္ဎတိ ဣဒ္ဓါနုဘာဝေန စိတ္တဇံ, တဒနုသာရေန ဥတုဇဉ္စ ဝဍ္ဎတီတိ ဒဋ္ဌဗ္ဗံ။ ဋီကာ (ဒု၊နှာ-၃၀)

ဤဣဒ္ဓိမန္တပုဂ္ဂိုလ်သည် လ,နေ တို့ကို သုံးသပ်ရုံမက ခြေတင်ခြင်း,ထိုင်ခြင်း, အိပ်ခြင်း, မှီခြင်း တို့ကိုလည်း ပြုနိုင်၏။ ရဟန်း အရာ, အထောင် ထိုက်ကဲ့သို့

---

၁။ ဥပါဒိန္နရုပ်မှာ ကမ္မဇရုပ် ဖြစ်သည်။ အနုပါဒိန္နရုပ်မှာ ကမ္မဇရုပ် မဟုတ်ချေ။ ဥပါဒိန္နရုပ်ကို မှီ၍ အနုပါဒိန္နရုပ်ကို ပွါးရခြင်း ဖြစ်သည်။ ဖန်ဆင်း ထားသည့် ရုပ်ပွါးမှာ အနုပါဒိန္နရုပ်သာ ဖြစ်သည်၊ ဥပါဒိန္နရုပ် မဟုတ်ချေ။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၈-၃၀။ ထေရဂါထာ၊ဋ္ဌ၊ဒု၊နှာ-၅၀၁။

၃။ ဆဋ္ဌမူ၌ 'လဗ္ဘမာနံ'ဟု ရှိသည်။

ပြုကြသော်လည်း ပြည့်စုံသည် ချည်းပင်။ နေ့,လ တို့လည်း အသွား အလာ အရောင်အလင်း မပျက်၊ ပကတိအတိုင်းပင်။ ရေခွက် အရာ, အထောင်ပင် ရှိသော်လည်း ရေခွက်တိုင်း၌ပင် လရိပ် နေရိပ် ထင်၏။ နေ့,လ လည်း အသွား အလာ အရောင်အလင်း မပျက်သကဲ့သို့တည်း။

**တန်းခိုး ၁၄-မျိုးဖြင့် ဗြဟ္မာ့ပြည်တိုင်အောင် သွားနိုင်ပုံ**

'ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ' ဟူရာ၌ မြတ်စွာဘုရားသည် ယမကပြာဋိဟာ အဆုံး၌ တာဝတိံသာသို့ ကြွသောအခါကဲ့သို့ရင်း,[၁] ရှင်မောဂ္ဂလာန်သည် သာဝတ္ထိပြည်မှ တဆဲ့နှစ်ယူဇနာ ပရိသတ်ကို ခေါ်၍ ယူဇနာသုံးဆယ် ဝေးကွာသော သင်္ကဿနဂိုရ်သို့ ကြွသောအခါကဲ့သို့ရင်း, သီဟိုဠ်ကျွန်း စူဠသမုဒ္ဒထေရ်သည် ဒုဗ္ဘိက္ခအခါ ရဟန်းခုနစ်ရာနှင့် ပါဋလိပုတ်ပြည်သို့ ဆွမ်းခံလာသကဲ့သို့ရင်း, တိဿဒတ္တထေရ် ညနေချမ်းအခါ မဟာဗောဓိသို့ ရှိခိုးလာသကဲ့သို့ရင်း အဝေးကို အနီး ပြုလိုမူ "သန္တိကေ ဟောတု" ဟု ဆောက်တည်အပ်၏။

ယမကပါဋိဟာရိယာဝသာနေတိအာဒိနာ တိဝိက္ကမဿ[၂] အဓိဋ္ဌာနိဒ္ဓိ နိဗ္ဗတ္တိတာ ဝုတ္တာ၊ အညတ္ထ ပန လက္ခဏာနိသံသတော။ တဒုဘယံ ယထာ အညမညံ န ဝိရုဇ္ဈတိ၊ တထာ ဝိစာရေတွာ ဂဟေတဗ္ဗံ။ ဋီကာ (ဒု၊နှာ-၃၁)

မြတ်စွာဘုရားရှင်သည် အင်္ဂုလိမာလ လိုက်သောအခါ,[၃] ရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်၌ နက္ခတ်သဘင်နေ့ သတို့သမီးငါးရာတို့ မုံ့ရှက်အများ လှူကြသောအခါ,[၄] ရှင်မောဂ္ဂလာန်သည် ဣလ္လိသ သေဌေး အနည်းငယ်မျှ မုံ့လှူမည် ချက်ကြော်သောအခါ,[၅] ဘုရားမြတ်သည် ရှင်မဟာကဿပ ဆောင်ယူခဲ့သော ကာကဝဠိယ သူဆင်းရဲ၏ အလောဏမ္ဗိလ ယာဂုတသပိတ်ကို တိုက်ရှိ သံဃာမျှ လောက်အောင် ပြုသောအခါ,[၆] သီဟိုဠ်ကျွန်း မဟာအနုဠထေရ်သည်[၇] ဂင်္ဂါမြစ်ရေကို ထောပတ်ကြည် ဖန်ဆင်းသောအခါ တို့၌ကဲ့သို့ အနီးကို အဝေး, အများကို အနည်း, အနည်းကို အများ, မချိုသည်ကို အချို ဖန်ဆင်းလိုမူ 'ဒူရေ ဟောတု၊ ထောကံ ဟောတု၊ ဗဟုကံ ဟောတု၊ မဓုရံ ဟောတု' စသည်ဖြင့် ဆောက်တည်အပ်၏။

ဗြဟ္မာ၏ အဆင်းကို မြင်လို, အသံကို ကြားလို, စိတ်အကြံကို သိလိုမူ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ, စေတောပရိယ အဘိညာသုံးပါးတို့ကို ဝင်စားအပ်၏။

---

၁။ ဓမ္မပဒဋ္ဌ၊ဒု၊နှာ-၁၄၀။ ၂။ 'တိဒိဝက္ကမဿ' မူကွဲ၊ တိဒိဝ=နတ်ပြည်။

၃။ မ၊၂၊နှာ-၃၀၂(အနီးကိုအဝေးပြု)။

၄။ ဝိသုဒ္ဓိဋ္ဌ၊ဒု၊နှာ-၃၂,၃၃။ (အများကိုအနည်းပြု) ၅။ ဓမ္မပဒဋ္ဌ၊ပ၊နှာ-၂၃၄။

၆။ မဋ္ဌ၊၃၊နှာ-၄။(အနည်းကိုအများပြု) ၇။ ဝိသုဒ္ဓိဋ္ဌ၊ဒု၊နှာ-၃၃။

ဗြဟ္မပြည်သို့ ကိုယ်ထင်ရှား နွေးနွေးသွားလိုမူ—'ဣဒံ စိတ္တံ ကာယေ ဝိယ ဒန္ဓဂမနံ ဟောတု'ဟု ဆောက်တည်အပ်၏။

ဧဝံ ဂစ္ဆန္တော စ သစေ ဣစ္ဆတိ ပထဝီကသိဏဝသေန အာကာသေ မဂ္ဂံ နိမ္မိနိတွာ ပဒသာ ဂစ္ဆတိ။ သစေ ဣစ္ဆတိ ဝါယောကသိဏဝသေန ဝါယုံ အဓိဋ္ဌဟိတွာ တူလပိစုဝိယ ဝါယုနာ ဂစ္ဆတိ။ အပိစ ဂန္တုကာမတာ ဧဝ ဧတ္ထ ပမာဏံ။ သတိ ဟိ ဂန္တုကာမတာယ ဧဝံ ကတစိတ္တာဓိဋ္ဌာနော အဓိဋ္ဌာနဝေဂုက္ခိတ္တောဝ သော ဣဿာသ ခိတ္တသရော ဝိယ ဒိဿမာနော ဂစ္ဆတိ[၁]။ အဋ္ဌကထာ (ဒု၊နှာ-၃၄)

'ဂန္တုကာမတာ ဧဝ ဧတ္ထ ပမာဏ'န္တိ ဧတ္ထ ဧတသ္မိံ ဒိဿမာနေန ကာယေန ဂမနေ ယံ ဌာနံ ဂန္တုကာမော၊ တံ ဥဒ္ဒိဿ ဂန္တုကာမတာဝသေန ပဝတ္တပရိကမ္မာဓိဋ္ဌာနာနိ ဧဝ ပမာဏံ၊ တာဝတာ ဂမနံ ဣဇ္ဈတိ။ တသ္မာ မဂ္ဂနိမ္မာန ဝါယုအဓိဋ္ဌာနေဟိ ဝိနာပိ ဣစ္ဆိတဒေသပ္ပတ္တိ ဟောတီတိ[၂]။ ဋီကာ (မဟာ၊ ဒု၊နှာ-၃၂)

မထင်မရှား စိတ်အလားကဲ့သို့ ပေါ့ပါးလျင်မြန်စွာ သွားလိုလျှင်—'အယံ ကာယော စိတ္တံ ဝိယ သီဃဂမနော ဟောတု'ဟု ဆောက်တည်အပ်၏။

ဧဝံ အဒိဿမာနေန ကာယေန ဂစ္ဆန္တော ပနာယံ ကိံ တဿ အဓိဋ္ဌာနစိတ္တဿ ဥပ္ပါဒက္ခဏေ ဂစ္ဆတိ၊ ဥဒါဟု ဌိတိက္ခဏေ ဘင်္ဂက္ခဏေ ဝါတိ ဝုတ္တေ တီသုပိ ခဏေသု ဂစ္ဆတီတိ ထေရော အာဟ။ ကိံ ပန သော သယံ ဂစ္ဆတိ နိမ္မိတံ ပေသေတီတိ။ ယထာရုစိ ကရောတိ။ ဣဓ ပနဿ သယံ ဂမနမေဝ အာဂတံ[၃]။ အဋ္ဌကထာ (ဒု၊နှာ-၃၄)

---

၁-၂။ ဗြဟ္မာ့ပြည်သို့ မျက်စိဖြင့် ထင်ရှားမြင်ရသည့် တန်းခိုးရှင်၏ ပကတိ ကိုယ်ဖြင့် နွေးနွေးသွားရာမှာ— (၁) ကောင်းကင်၌ လမ်းခရီး ဖန်ဆင်း၍ ခြေဖြင့် သွားခြင်း။ (၂) လေကို ဖန်ဆင်း၍ ယင်းလေဖြင့် ဝါဂွမ်းကို လွင့်မှုတ် သယ်ဆောင်သကဲ့သို့ ရွေ့လျားသွားခြင်းဟူ၍ ၂-မျိုး ရှိသည်။ ထို့ပြင် သွားလိုသည့်နေရာသို့ ကောင်းကင်၌ လမ်းခရီး, လေတို့ကို မဖန်ဆင်းပဲနှင့်လည်း အဓိဋ္ဌာန်စိတ်ဖြင့်ပင် လေးသမား ပစ်အပ်သော မြားကဲ့သို့ ပကတိ ကိုယ်ဖြင့် ထင်ထင်ရှားရှား သွားနိုင် ရောက်နိုင်သည်။ (အဓိဋ္ဌာန်စိတ်ဖြင့်ပင် လိုရာအရပ်သို့ သွားခြင်းပါထည့်လျှင် သွားခြင်း ၃-မျိုး ဖြစ်သည်။)

၃။ ဗြဟ္မာ့ပြည်သို့ တန်းခိုးရှင်၏ ကိုယ်ကို ပကတိမျက်စိဖြင့် မမြင်စေပဲ စိတ်အလားကဲ့သို့ ပေါ့ပါး လျင်မြန်စွာ သွားလိုရာတွင်—(၁) တန်းခိုးရှင်၏ ပကတိကိုယ်ဖြင့် ကိုယ်တိုင် သွားခြင်း။ (၂) နိမ္မိတရုပ်ကို စေလွှတ်ခြင်းဟူ၍ ၂-မျိုး ရှိသည်။ သို့သော် ဤနေရာတွင် တန်းခိုးရှင်ကိုယ်တိုင် သွားခြင်းကိုသာ ဆိုလိုသည်။

အဓိဋ္ဌာန်စိတ်၏ ခဏငယ် ၃-ချက်တွင် သွားခြင်း အားထုတ်မှုသာ ပြီးမြောက်၍သွားခြင်း ကိစ္စကား မပြီးမြောက်သေး၊ အဓိဋ္ဌာန်စိတ်၏ စိတ္တက္ခဏ ၅-ချက်၊ ခဏငယ် ၁၅-ချက်သို့

'အယံ ကာယော ဣဒံ စိတ္တံ ဝိယ ဟောတူ'တိ အဓိဋ္ဌာနေန ပဂေဝ သုခလဟုသညာယ သမ္ပာဒိတတ္တာ အဘာဝိတိဒ္ဓိပါဒါနံ ဝိယ ဒန္ဓံ အပဝတ္တိတွာ ယထာ လဟုကတိပယစိတ္တဝါရေဟေဝ ဣစ္ဆိတဋ္ဌာနပ္ပတ္တိ ဟောတိ၊ ဧဝံ ပဝတ္တမာနော ကာယော စိတ္တဂတိယာ ပရိဏာမိတော နာမ ဟောတိ၊ န ကေစိတ္တက္ခဏေနေဝ ဣစ္ဆိတ ဋ္ဌာနပ္ပတ္တိယာ။

ဝေဠု ကတွာ "သေယျထာပိနာမ ဗလဝါ ပုရိသော သမိဉ္ဇိတံ ဝါ ဗာဟံ ပသာရေယျ၊ ပသာရိတံ ဝါ ဗာဟံ သမိဉ္ဇေယျာ"တိ ဣဒမ္ပိ ဥပမာဝစနံ နိပ္ပရိယာယမေဝ သမတ္ထိတံ ဟောတိ။ အဝဿံ စေ'တံ ဧဝံ သမ္ပဋိစ္ဆိတဗ္ဗံ၊ အညထာ သုတ္တာဘိဓမ္မပါဠေဟိ ဝိနယဋ္ဌကထာယ စ ဝိရောဓော သိယာ၊ ဓမ္မတာ စ ဝိလောမိတာ။....'တီသုပိ ခဏေသူ'တိ ဣဒမ္ပိ ဂမနာရမ္ဘံ သန္ဓာယ ဝုတ္တံ၊ န ဂမနနိဋ္ဌာနန္တိ ဝဒန္တိ။ 'ထေရော'တိ အဋ္ဌကထာစရိယာနံ အန္တရေ ဧကော ထေရော။ ဋီကာ (မဟာ၊ ဒု၊နှာ-၃၃)[၁]

နိမ္မိတရုပ် ဖန်ဆင်းလိုမှုကား—

သော တဿ ဗြဟ္မုနော ပုရတော ရူပံ အဘိနိမ္မိနာတိ မနောမယံ သဗ္ဗင်္ဂပစ္စင်္ဂံ အဟီနိန္ဒြိယံ။ သစေ သော ဣဒ္ဓိမာ စင်္ကမတိ၊ နိမ္မိတောပိ တတ္ထ စင်္ကမတိ။ သစေ သော ဣဒ္ဓိမာ တိဋ္ဌတိ နိသီဒတိ သေယျံ ကပ္ပေတိ၊ ဓူမာယတိ ပဇ္ဇလတိ၊ ဓမ္မံ ဘာသတိ ပဉှံ ပုစ္ဆတိ ပဉှံ ပုဋ္ဌော ဝိဿဇ္ဇေတိ၊ တေန ဗြဟ္မုနာ သဒ္ဓိံ သန္တိဋ္ဌတိ သလ္လပတိ သာကစ္ဆံ သမာပဇ္ဇတိ။ နိမ္မိတောပိ တတ္ထ တေန ဗြဟ္မုနာ သဒ္ဓိံ သာကစ္ဆံ သမာပဇ္ဇတိ။ ယံ ယဒေဝ ဟိ သော ဣဒ္ဓိမာ ကရောတိ။ တံ တဒေဝ နိမ္မိတော ကရောတိ။

ပဋိသမ္ဘိဒါမဂ်ပါဠိ (နှာ-၃၇၇)

'မနောမယ'န္တိ အဓိဋ္ဌာနမနေန နိမ္မိတတ္တာ မနောမယံ။ 'အဟီနိန္ဒြိယ'န္တိ ဣဒံ စက္ခု, သောတာဒီနံ သဏ္ဌာနဝသေန ဝုတ္တံ၊ နိမ္မိတရူပေ ပန ပသာဒေါ နာမ နတ္ထိ။ သစေ သော ဣဒ္ဓိမာ စင်္ကမတိ၊ နိမ္မိတောပိ တတ္ထ စင်္ကမတီတိအာဒိ သဗ္ဗံ သာဝကနိမ္မိတံ သန္ဓာယ ဝုတ္တံ။ ဗုဒ္ဓနိမ္မိတော ပန ယံ ယံ ဘဂဝါ ကရောတိ၊ တံ တမ္ပိ ကရောတိ။ ဘဂဝတော ရုစိဝသေန အညမ္ပိ ကရောတိ[၂]။ အဋ္ဌကထာ (ဒု၊နှာ-၃၄)

ရောက်မှုသာ သွားခြင်းကိစ္စ လုံး၀ ပြီးမြောက်၍ လိုရာဌာနသို့ ရောက်သည်၊ စိတ်သည် အလွန်လျင်မြန်လှ၍ စိတ္တက္ခဏ ၁-ချက်မှာ သွားခြင်းကိစ္စ မပြီးမြောက်နိုင်ချေ။

၁။ ဤကျမ်း၊ဒု-တွဲ၊နှာ-၄၂၅-အောက်ခြေမှတ်ချက် ၃-ကြည့်။

၂။ နိမ္မိတရုပ် ဖန်ဆင်းရာ၌ နိမ္မိတရုပ်မှာ မျက်စိ, နား စသော သဏ္ဌာန်နှင့် ပြည့်စုံသော်လည်း ပသာဒရုပ် မရှိ။

သာဝက နိမ္မိတရုပ်မှာ တန်းခိုးရှင်နှင့်တူစွာ တန်းခိုးရှင် ပြုသကဲ့သို့သာ ပြုရသည်၊ ဥပမာ

....ယထာဓိဋ္ဌိတေ နိမ္မိတရူပေ သစေ သာဝကော "ဣမေ ဝိသေသာ ဟောန္တု"တိ ဣစ္ဆတိ။ န ဣဇ္ဈတိ။ ဗုဒ္ဓါနံ ပန ဣဇ္ဈတိ"။ ဋီကာ (ဒု၊နှာ-၃၅) အနက် လွယ်သည်ချည်း။

ဤသို့ ပါဠိ,အဋ္ဌကထာ,ဋီကာ လာတိုင်း ဖန်ဆင်းအပ်၏။

**တန်းခိုးပါဋိဟာရိယ အဆုံးအဖြတ်**[၂]။ ။'ယာဝဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ' ဟူသည်မှ စ၍ ပြခဲ့သော

---

သာဝက တန်းခိုးရှင်က စင်္ကြံသွားလျှင် နိမ္မိတရုပ်လည်း စင်္ကြံသာ သွားသည်၊ တခြား ကိစ္စများကို မပြု။

ဘုရားရှင်၏ နိမ္မိတရုပ်မှာမူ ဘုရားရှင်အလိုတော်အတိုင်း ဖြစ်ရသည်၊ ဥပမာ ဘုရားရှင်က ဒေသစာရီ ကြွချီ၍ ဆွမ်းခံ သွားတော်မူသော်လည်း နိမ္မိတရုပ်မှာ ဘုရားရှင်၏ အလိုတော် အတိုင်း တရားဟောခြင်း စသည်ကို ပြုရသည်။

၁။ ဤကျမ်း၊ဒု-တွဲ၊နှာ-၄၂၆၊ အောက်ခြေမှတ်ချက် ၂-ကြည့်။

၂။ တန်းခိုး ၁၄-ပါးနှင့် အဆုံးအဖြတ်။

(၁) အဝေးကို အနီးဖြစ်အောင် ဖန်ဆင်းခြင်း။ (၂) အနီးကို အဝေးပြုသည့် ဖန်ဆင်းခြင်း။ (၃) အများကို အနည်းပြု ဖန်ဆင်းခြင်း။ (၄) အနည်းကို အများပြု ဖန်ဆင်းခြင်း။ (၅) မချိုသည့်ဝတ္ထုစသည်ကို ချိုအောင် ဖန်ဆင်းခြင်း။ (၆) အဝေးမှ အဆင်းကို မြင်နိုင်ခြင်း။ (၇) အဝေးမှ အသံကို ကြားနိုင်ခြင်း။ (၈) သူတပါးစိတ်အကြံကို သိနိုင်ခြင်း။ (၉) မိမိ၏ ကိုယ်ကာယဖြင့် ထင်ရှားစွာ ဗြဟ္မာ့ပြည်သို့ နှေးနှေးသွားနိုင်ခြင်း။ (၁၀) ကိုယ်ကာယကို မထင်ရှားစေပဲ ဗြဟ္မာ့ပြည်သို့ စိတ်အလားကဲ့သို့ လျင်လျင်မြန်မြန် သွားနိုင်ခြင်း။ (၁၁) ဗြဟ္မာ၏ ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်းခိုးရှင်ကဲ့သို့ စင်္ကြံ သွားစေခြင်း,ရပ်,ထိုင်,လျောင်းစေခြင်း။ (၁၂) ဗြဟ္မာ၏ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်းခိုးရှင်ကဲ့သို့ တေဇောကသိုဏ်း ဝင်စား၍ အခိုးအလျှံလွှတ်စေခြင်း။ (၁၃) ဗြဟ္မာ၏ ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်းခိုးရှင်ကဲ့သို့ တရားဟောစေခြင်း, မေး ဖြေစေခြင်း။ (၁၄) ဗြဟ္မာ၏ရှေ့၌ နိမ္မိတရုပ်ကို ဖန်ဆင်း၍ တန်းခိုးရှင်ကဲ့သို့ ဗြဟ္မာနှင့် အတူတကွ ရပ်စေ၍ စကားပြောစေခြင်း, ဆွေးနွေးစေခြင်း။ (၁၁ မှ ၁၄-အထိ တန်းခိုးများသည် ဗြဟ္မာ၏ရှေ့မှောက်၌ နိမ္မိတရုပ်ကို ၄-မျိုးအားဖြင့် ဖန်ဆင်းသော တန်းခိုးဖြစ်သည်။)

ဤတန်းခိုး ၁၄-ပါးအနက် ၁၁-၁၂-၁၃-တန်းခိုးများသည်သာ ကိုယ်ကာယဖြင့် မိမိ အလိုကို တိုက်ရိုက်ဖြစ်စေသည် ဖြစ်သောကြောင့် **ကာယေန ဝသ ဝတ္တန** တန်းခိုးမည်သည်၊ ကျန်တန်းခိုး ၁၁-ပါးမှာမူ စိတ်၏အစွမ်းဖြင့် ဖြစ်စေခြင်း ဖြစ်သည်၊ သို့ရာတွင် ကိုယ်အလိုကို ဖြစ်စေသော 'ကာယေန ဝသ ဝတ္တန'တန်းခိုး၏ ရှေ့သွားဖြစ်သောကြောင့် ယင်း'ကာယေန ဝသ ဝတ္တန' တန်းခိုး၌ ထည့်သွင်းပြထားသည်။

မဟာဋီကာ ဆရာက-ဗြဟ္မာ၏ ရှေ့မှောက်၌ နိမ္မိတရုပ်ကို ဖန်ဆင်းပြခြင်းသည် "ဤသူက တန်းခိုးရှင်လေလော, ဤသူက နိမ္မိတရုပ်လေလော"ဟု ဗြဟ္မာအား ယုံမှားသံသယကို ဖြစ်စေလောက်အောင် အထွတ်အထိပ် တန်းခိုးဖြစ်သည်၊ သို့ဖြစ်၍ ၁၄-ပါးသော တန်းခိုး အသီးအသီးပင် ကိုယ်ကာယ အလိုကိုဖြစ်စေသည့် တန်းခိုးများဖြစ်သောကြောင့်'ကာယေန ဝသ ဝတ္တန' တန်းခိုးပြာဋိဟာ မည်သည်သာတည်း-ဟု မိန့်သည်။

စုဒ္ဒသပြဉ္ဒိဟာတိုတွင် 'ကာယေန ဝသံ ဝတ္တန' မည်သင့် မမည်သင့် ပါဠိဟာရိယ-ဝိနိစ္ဆယကို ပြခြင်းငှါ—

တတ္ထ စ ယံ သော ဣဒ္ဓိမာ ဣဓေဝ ဌိတော ဒိဗ္ဗေန စက္ခုနာ ရူပံ ပဿတိ၊ ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ သုဏာတိ၊ စေတောပရိယဉာဏေန စိတ္တံ ဇာနာတိ၊ န တတ္တာဝတာ ကာယေန ဝသံ ဝတ္တေတိ။ ယမ္ပိ သော ဣဓေဝ ဌိတော တေန ဗြဟ္မုနာ သဒ္ဓိံ သန္တိဋ္ဌတိ သလ္လပတိ သာကစ္ဆံ သမာပဇ္ဇတိ၊ တတ္တာဝတာပိ န ကာယေန ဝသံ ဝတ္တေတိ။ ယမ္ပိ'ဿ ဒူရေပိ သန္တိကေ အဓိဋ္ဌာတီတိ အာဒိကံ အဓိဋ္ဌာနံ၊ တတ္တာဝတာပိ န ကာယေန ဝသံ ဝတ္တေတိ။ ယမ္ပိ သော ဒိဿမာနေန ဝါ အဒိဿမာနေန ဝါ ကာယေန ဗြဟ္မလောကံ ဂစ္ဆတိ၊ တတ္တာဝတာပိ န ကာယေန ဝသံ ဝတ္တေတိ။ ယဉ္စ ခေါ သော တဿ ဗြဟ္မုနော ပုရတော ရူပံ အဘိနိမ္မိနာတီတိ အာဒိနာ နယေန ဝုတ္တဝိဓာနံ အာပဇ္ဇတိ၊ တတ္တာဝတာ ကာယေန ဝသံ ဝတ္တေတိ နာမ။ သေသံ ပနေ'တ္ထ ကာယေန ဝသံ ဝတ္တနာယ ပုဗ္ဗဘာဂဒဿနတ္ထံ ဝုတ္တန္တိ အယံ တာဝ အဓိဋ္ဌာနာ ဣဒ္ဓိ။

ဟု–အဋ္ဌကထာ (ဒု၊နှာ-၃၄) ၌ မိန့်သည်။

ဋီကာ (ဒု၊နှာ-၃၄)၌လည်း—

ဣဒါနိ ယာနိ တာနိ "ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတီ"တိ ပါဠိယာ အတ္ထဒဿနဝသေန ဝိဘတ္တာနိ "ဒူရေပိ သန္တိကေ အဓိဋ္ဌာတီ"တိ အာဒီနိ စုဒ္ဒသ ပါဠိဟာရိယာနိ။ တတ္ထ သိခါပတ္တံ ကာယေန ဝသဝတ္တနပါဠိဟာရိယံ ဒဿေတုံ 'တတ္ထ စာ'တိအာဒိ ဝုတ္တံ။ ....'ယဉ္စ ခေါ'တိ တတ္ထ ခေါ-သဒ္ဒေါ အဝဓာရဏတ္ထော ဝိသေသတ္ထော ဝါ၊ တေန ဣဒမေဝတ္ထ ကာယေန ဝသဝတ္တနပါဠိဟာရိယေသု ဥက္ကဋ္ဌတရန္တိ ဒီပေတိ။ ကသ္မာ။ "အယံ နု ခေါ ဣဒ္ဓိမာ အယံ နု ခေါ နိမ္မိတော"တိ ကေစဿ ဗြဟ္မုနော အာသင်္ကုပ္ပါဒနတော။ ယဒဂ္ဂေန စေ'တံ အဓိဋ္ဌိတံ ဝိသေသတော မနောမယန္တိ ဝုစ္စတိ၊ တဒဂ္ဂေန ဥက္ကဋ္ဌတရန္တိ ဒဋ္ဌဗ္ဗံ။

ဟူ၍မိန့်သည်။ အနက် ထင်ရှား၏။

အဓိဋ္ဌာနိဒ္ဓိ ပြီး၏။

---

ဝိကုဗ္ဗနိဒ္ဓိ,မနောမယိဒ္ဓိ ၂-ပါး ထူးခြားချက်[၁]။ ။ဝိကုဗ္ဗနိဒ္ဓိ,မနောမယိဒ္ဓိ နှစ်ပါးတို့သည်လည်း အဓိဋ္ဌာန်၏

၁။ ဝိကုဗ္ဗနိဒ္ဓိ။ ။မိမိ၏ ပကတိ အသွင် သဏ္ဌာန်ကို ပယ်ဖျောက်၍ သူငယ် အသွင် သဏ္ဌာန်, နဂါးအသွင်သဏ္ဌာန် စသည် ဖန်ဆင်းခြင်း, မိမိကိုယ်ကို မဖန်ဆင်းပဲ တခြား ဆင်

အစွမ်းအားဖြင့် ပြီးသော်လည်း အဓိဋ္ဌာနိဒ္ဓိနှင့်ရင်း အချင်းချင်းရင်း ဤသို့ ထူးပြားကုန်၏ဟု ပြခြင်းငှါ—

ဝိကုဗ္ဗနိဒ္ဓိ။ ။ဝိကုဗ္ဗနံ တာဝ ကရောန္တေန သော ပကတိဝဏ္ဏံ ဝိဇဟိတွာ ကုမာရကဝဏ္ဏံ ဝါ ဒဿေတိ၊ နာဂ–သုပဏ္ဏ–အသုရ–ဣန္ဒ–ဒေဝ–ဗြဟ္မ–သမုဒ္ဒ–ပဗ္ဗတ–သီဟ–ဗျဂ္ဃ–ဒီပိဝဏ္ဏံ ဝါ ဒဿေတိ၊ ဟတ္ထိမ္ပိ ဒဿေတိ၊ အဿမ္ပိ။ ရထမ္ပိ။ ပတ္တိမ္ပိ ဒဿေတိ၊ ဝိဝိဓမ္ပိ သေနာဗျူဟံ ဒဿေတီတိ ဧဝံ ဝုတ္တေသု ကုမာရကဝဏ္ဏာဒီသု ယံ ယံ အာကင်္ခတိ၊ တံ တံ အဓိဋ္ဌာတဗ္ဗံ။

အဓိဋ္ဌဟန္တေန စ ပထဝီကသိဏာဒီသု အညတရာရမ္မဏတော အဘိညာပါဒကဇ္ဈာနတော ဝုဋ္ဌာယ အတ္တနော ကုမာရကဝဏ္ဏော အာဝဇ္ဇိတဗ္ဗော။ အာဝဇ္ဇိတွာ ပရိကမ္မာဝသာနေ ပုန သမာပဇ္ဇိတွာ ဝုဋ္ဌာယ ဧဝရူပေါ နာမ ကုမာရကော ဟောမီတိ အဓိဋ္ဌာတဗ္ဗံ။ သဟ အဓိဋ္ဌာနစိတ္တေန ကုမာရကော ဟောတိ ဒေဝဒတ္တော ဝိယ။ ဧသ နယော သဗ္ဗတ္ထ။

'ဟတ္ထိမ္ပိ ဒဿေတီ'တိအာဒိ ပနေတ္ထ ဗဟိဒ္ဓါပိ ဟတ္ထိအာဒိဒဿနဝသေန ဝုတ္တံ။ တတ္ထ 'ဟတ္ထီ ဟောမီ'တိ အနဓိဋ္ဌဟိတွာ 'ဟတ္ထီ ဟောတူ'တိ အဓိဋ္ဌာတဗ္ဗံ၊ အဿာဒီသုပိ ဧသေဝ နယောတိ အယံ ဝိကုဗ္ဗနာ ဣဒ္ဓိ[၁]။

မနောမယိဒ္ဓိ။ ။မနောမယံ ကာတုကာမော ပန ပါဒကဇ္ဈာနတော ဝုဋ္ဌာယ ကာယံ တာဝ အာဝဇ္ဇိတွာ ဝုတ္တနယေနေဝ 'သုသိရော ဟောတူ'တိ အဓိဋ္ဌာတိ၊ သုသိရော ဟောတိ။ အထ'ဿ အဗ္ဘန္တရေ အညံ ကာယံ အာဝဇ္ဇိတွာ ပရိကမ္မံ ကတွာ ဝုတ္တနယေနေဝ အဓိဋ္ဌာတိ၊ တဿ

---

တကောင် ဖြစ်အောင် ဖန်ဆင်းပြခြင်း စသည်သည် ထူးထူး ခြားခြား အမျိုးမျိုး ပြုလုပ် ဖန်ဆင်းသည့် တန်းခိုး 'ဝိကုဗ္ဗနိဒ္ဓိ' မည်၏။ (ဝိ=အထူးထူး။ ကုဗ္ဗန=ပြုသည်။ဣဒ္ဓိ=တန်းခိုး။ ဝိကုဗ္ဗနိဒ္ဓိ=အထူးထူး ပြုလုပ် ဖန်ဆင်းနိုင်သော တန်းခိုး။)

မနောမယိဒ္ဓိ။ ။တန်းခိုးရှင်နှင့် အသွင်သဏ္ဌာန်တူသော ခန္ဓာကိုယ်တခုကို ဖြစ်စေ အများဖြစ်စေ မိမိ၏ခန္ဓာကိုယ်အတွင်းမှ ထွင်းဖောက်ပေါ် ထွက်လာပုံကို ဖန်ဆင်းပြခြင်းသည် စိတ်ဖြင့်ပြီးသော တန်းခိုး 'မနောမယိဒ္ဓိ' မည်၏။

၁။ တာဝ၊ရှေးဦးစွာ။ ဝိကုဗ္ဗနံ၊ အမျိုးမျိုးပြုလုပ်ဖန်ဆင်းခြင်းကို။ ကရောန္တေန၊ ပြုသောသူသည်။ "သော၊ ထိုတန်းခိုးရှင်သည်။ ပကတိဝဏ္ဏံ၊ မိမိ၏ပကတိသဏ္ဌာန်ကို။ ဝိဇဟိတွာ၊ ပယ်စွန့်၍။ ကုမာရကဝဏ္ဏံ ဝါ၊ သူငယ်သဏ္ဌာန်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ နာဂ, သုပဏ္ဏ, အသုရ, ဣန္ဒ, ဒေဝ, ဗြဟ္မ, သမုဒ္ဒ, ပဗ္ဗတ, သီဟ, ဗျဂ္ဃ, ဒီပိဝဏ္ဏံဝါ၊ နဂါး, ဂဠုန်, အသုရာ, သိကြား, နတ်, ဗြဟ္မာ, သမုဒ္ဒရာ, တောင်, ခြင်္သေ့, ကျား, ကျားသစ် သဏ္ဌာန်ကိုမူလည်း။ ဒဿေတိ၊ ပြ၏။ ဟတ္ထိမ္ပိ၊ ဆင်ကိုလည်း။ ဒဿေတိ၊ ပြ၏။ အဿမ္ပိ၊

အဇ္ဈတ္တရေ အညော ကာယော ဟောတိ။ သော တံ မုဋ္ဌိမှာ ဤသိကံ ဝိယ ကောသိယာ အသိံ ဝိယ ကရဏ္ဍာ အဟိံ ဝိယ စ အဗ္ဗာဟတိ။....ဧတ္ထ စ ယထာ ဤသိကာဒယော မုဋ္ဌာဒီဟိ သဒိသာ ဟောန္တိ၊ ဧဝံ မနောမယရူပံ ဣဒ္ဓိမတာသဒိသမေဝ ဟောတီတိ ဒဿနတ္ထံ ဧတာ ဥပမာ ဝုတ္တာတိ အယံ မနောမယာ ဣဒ္ဓိ ။

ဟူ၍ (အဋ္ဌကထာ၊ဒု၊နှာ-၃၅-၆၌) မိန့်အပ်ပြီ။

---

မြင်းကိုလည်း။ ရထမ္ပိ၊ ရထားကိုလည်း။ ပတ္တိမ္ပိ၊ ခြေသည်သူရဲကိုလည်း။ ဒဿေတိ၊ ပြ၏။ ဝိဝိဓံ၊ အထူးထူးသော။ သေနာဗျူဟမ္ပိ၊ စစ်သည် အပေါင်းကိုလည်း။ ဒဿေတိ၊ ပြ၏”။ ဣတိဧဝံ၊ ဤသို့။ ဝုတ္တေသု၊ ဆိုအပ်ခဲ့ကုန်သော။ ကုမာရကဝဏ္ဏာဒီသု၊ သူငယ်သဏ္ဌာန် အစရှိသည်တို့တွင်။ ယံယံ၊ အကြင်အကြင် သဏ္ဌာန်ကို။ အာကင်္ခတိ၊ အလိုရှိ၏။ တံတံ၊ ထိုထိုသဏ္ဌာန်ကို။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်အပ်၏။

စ၊ ဆက်၍ဆိုအံ့။ အဓိဋ္ဌဟန္တေန၊ အဓိဋ္ဌာန်သော ယောဂီသည်။ ပထဝီ ကသိဏာဒီသု၊ ပထဝီကသိုဏ်း အစရှိသည်တို့တွင်။ အညတရာရမ္မဏတော၊ တပါးပါးသော ကသိုဏ်းလျှင် အာရုံ ရှိသော။ အဘိညာပါဒကဈာနတော၊ အဘိညာဉ်၏ အခြေဖြစ်သော ဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ အတ္တနော၊ မိမိ၏။ ကုမာရက ဝဏ္ဏော၊ သူငယ်အသွင်သဏ္ဌာန်ကို။ အာဝဇ္ဇိ-တဗ္ဗော၊ ဆင်ခြင်အပ်၏။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ ပရိကမ္မာဝသာနေ၊ ပရိကမ်အဆုံး၌။ ပုန၊ တဖန်။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ ဝုဋ္ဌာယ၊ ထ၍။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ ကုမာရကောနာမ၊ သူငယ်မည်သည်။ ဟောမိ၊ ဖြစ်လို၏။ ဣတိ၊ ဤသို့။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်အပ်၏။

အဓိဋ္ဌာနစိတ္တေန၊ အဓိဋ္ဌာန်စိတ်နှင့်။ သဟ၊ တကွ။ ကုမာရကော၊ သူငယ်သည်။ ဟောတိ၊ ဖြစ်၏။ ကော ဝိယ၊ အဘယ်ကဲ့သို့နည်း။ ဒေဝဒတ္တော ဝိယ၊ ဒေဝဒတ်ကဲ့သို့တည်း။

သဗ္ဗတ္ထ၊ အလုံးစုံသော နဂါးအသွင် စသည်တို့၌။ သေနယော၊ ဤသူငယ် အသွင် နည်း တူတည်း။

ပန၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤဝိကုဗ္ဗနိဒ္ဓိ၌။ ဟတ္ထိမ္ပိ ဒဿေတီတိအာဒိ၊ ဟတ္ထိမ္ပိ ဒဿေတိ အစရှိသော ဤစကားကို၊ ဗဟိဒ္ဓါပိ၊ အပ၌လည်း။ ဟတ္ထိအာဒိဒဿနဝသေန၊ ဆင် စသည်ကို ဖန်ဆင်း၍ ပြသည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။

တတ္ထ၊ ထိုအပ၌ ဆင် စသည်ကို ဖန်ဆင်း၍ပြရာ၌။ ဟတ္ထီ ဟောမီတိ၊ မိမိကိုယ်တိုင် ဆင် ဖြစ်အံ့ဟူ၍။ အနဓိဋ္ဌဟိတွာ၊ အဓိဋ္ဌာန်မပြုမူ၍။ ဟတ္ထီ ဟောတုတိ၊ ဆင်ဖြစ်စေသောဟု။ အဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန်အပ်၏။ အဿာဒီသုပိ၊ မြင်း စသည်ကို ဖန်ဆင်းရာတို့၌လည်း။ ဧသေဝ နယော၊ ဤနည်းကဲ့သို့ပင်တည်း။

ဣတိအယံ၊ ဤ ဆိုအပ်ခဲ့ပြီးသည်ကား။ ဝိကုဗ္ဗနာ၊ အမျိုးမျိုး ပြုလုပ် ဖန်ဆင်းသော။ ဣဒ္ဓိ၊ တန်းခိုးမည်၏။

၁။ မနောမယံ၊ စိတ်တန်းခိုးဖြင့်ပြီးသော ကိုယ်ကို။ ကာတုကာမော ပန၊ ပြုလိုသော တန်းခိုးရှင်သည်ကား။ ပါဒကဈာနတော၊ပါဒကဈာန်မှ။ ဝုဋ္ဌာယ၊ထ၍။ ကာယံ၊မိမိ၏ ကရဇ ကာယကို။ တာဝ၊ ရှေးဦးစွာ။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော

ဋီကာ(ဒု၊နှာ-၃၄၊၃၅)၌လည်း—

ပကတိဝဏ္ဏဝိဇဟနံ နာမ အတ္တနော ပကတိရူပဿ အညေသံ အဒဿနံ၊ န သဗ္ဗေနသဗ္ဗံ နိရောဓနံ။

'ကုမာရကဝဏ္ဏန္တိ' ကုမာရကသဏ္ဌာနံ။ 'ဟတ္ထိမ္ပိ ဒဿေတီ'တိ အတ္တာနံ ဟတ္ထိံ ကတွာ ဒဿေတိ၊ ဗဟိဒ္ဓါပိ ဟတ္ထိံ ဒဿေတိ။

'ကုမာရကဝဏ္ဏံ ဝါ'တိ အာဒီသု အနိယမတ္ထော ဝါ–သဒ္ဒေါ ဝုတ္တော။ တေသု ဧကေကဿေဝ ကရဏဒဿနတ္ထံ။ 'ဟတ္ထိမ္ပိ'တိအာဒီသု ပန ဟတ္ထိ-အာဒီနံ ဗဟူနံ ဧကဇ္ဈံ ကာတဗ္ဗဘာဝဒဿနတ္ထံ သမုစ္စယတ္ထော ပိ-သဒ္ဒေါ ဝုတ္တော။

ဣဒ္ဓိမတော အတ္တနော ကုမာရကာကာရေန ပရေသံ ဒဿနံ ကုမာရက-ဝဏ္ဏနိမ္မာနံ၊ န ဧတ္ထ ကိဉ္စိ အပုဗ္ဗံ ပထဝီအာဒိဝတ္ထု နိပ္ဖါဒိယတီတိ ကသိဏ-နိယမေန ပယောဇနာဘာဝတော 'ပထဝီကသိဏာဒီသု အညတရာရမ္မဏ-

---

နည်းဖြင့်သာလျှင်။ အယံ ကာယော၊ ဤကိုယ်သည်။ သုသိရော၊ အခေါင်းရှိသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာတိ၊ အဓိဋ္ဌာန်အံ့။ သုသိရော၊ အခေါင်းရှိသည်။ ဟောတိ၊ ဖြစ်၏။

အထ၊ ထိုအခါ၌။ အဿ၊ ထိုအဓိဋ္ဌာန်သော တန်းခိုးရှင်၏။ အဗ္ဘန္တရေ၊ကိုယ်တွင်း၌။ အညံ၊ တပါးသော။ ကာယံ၊ မိမိဖန်ဆင်းလိုသော မနောမယ ကာယကို။ အာဝဇ္ဇိတွာ၊ ဆင်ခြင်၍။ ပရိကမ္မံ ကတွာ၊ အစီအခုင် ပရိကံပြု၍။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော 'သုသိရော ဟောတု' အစရှိသော နည်းဖြင့်သာလျှင်။ အဓိဋ္ဌာတိ၊ အဓိဋ္ဌာန်၏။ တဿ၊ ထိုအဓိဋ္ဌာန်သော တန်းခိုးရှင်၏။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ အညော၊ တပါးသော။ ကာယော၊ တန်းခိုးဖြင့် ပြီးသော ကိုယ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုတန်းခိုးရှင်သည်။ တံ၊ ထိုတန်းခိုးဖြင့် ပြီးသော ကိုယ်ကို။ မုဉ္ဇမှာ၊ ဖြူဆံမြက်မှ။ ဤသိကံ၊ ဖြူဆံညှောက်ကို။ အဗ္ဗာဟတိ ဝိယ စ၊ ထုတ်သကဲ့သို့ ၎င်း။ ကောသိယာ၊ သန်လျက်အိမ်မှ။ အသိံ၊ သန်လျက်ကို။ အဗ္ဗာဟတိ ဝိယ စ။ ထုတ်သကဲ့သို့၎င်း။ ကရဏ္ဍာ၊ မြွေပခြုပ်မှ။ အဟိံ၊ မြွေကို။ အဗ္ဗာဟတိ ဝိယ စ၊ ထုတ်သကဲ့သို့၎င်း။ အဗ္ဗာဟတိ၊ တန်းခိုးဖြင့် ထုတ်နုတ်၏။

စ၊ ဆက်၍ဆိုအံ့။ ဧတ္ထ၊ ဤမနောမယိဒ္ဓိ၌။ ဤသိကာဒယော၊ ဖြူဆံညှောက် စသည်တို့သည်။ မုဉ္ဇာဒီဟိ၊ ဖြူဆံမြက် စသည်တို့နှင့်။ သဒိသာ၊ တူကုန်သည်။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ မနောမယရူပံ၊ တန်းခိုးစိတ်ဖြင့် ပြီးသော အဆင်းအသွင် သဏ္ဌာန်သည်။ ဣဒ္ဓိမတာ၊ တန်းခိုးရှင်နှင့်။ သဒိသမေဝ၊ တူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ ဣမံ အတ္ထံ၊ ဤအနက်ကို။ ဒဿနတ္ထံ၊ ပြခြင်းငှါ။ ဧတာ ဥပမာ၊ ထိုဥပမာတို့ကို။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။

ဣတိအယံ၊ ဤဆိုအပ်ခဲ့ပြီးသော တန်းခိုးသည်။ မနောမယာ၊ စိတ်ဖြင့်ပြီးသော။ ဣဒ္ဓိ၊ တန်းခိုး မည်၏။

တော’တိ ဝုတ္တံ။ သတိပိ ဝါ ဝတ္ထုနိပ္ဖါဒနေ ယထာရဟံ တံ ပထဝီကသိဏာဒိဝသေနေဝ ဣစ္ဆိတီတိ ဧဝမ္ပေတ္ထ ကသိဏနိယမေန ပယောဇနံ နတ္ထေဝ။ ကုမာရကဝဏ္ဏဉ္ဟိ ဒဿေန္တေန နီလဝဏ္ဏံ ဝါ ဒဿေတဗ္ဗံ သိယာ၊ ပီတာဒီသု အညတရဝဏ္ဏံ ဝါ။ တထာ သတိ နီလာဒိကသိဏာနိ သမာပဇ္ဇိတဗ္ဗာနီတိ အာပန္နောဝ ကသိဏနိယမော။ ဧသေဝ နယော သေသေသုပိ။ ။ဟူ၍ မိန့်အပ်၏။

မုဋ္ဌမှာ၊ ဖြူဆံမြက်မှ။ ဤသိကံ၊ အညှောက်ကို။ ကောသိယာ၊ သံလျက်အိမ်မှ။ အသိံ၊ သန်လျက်ကို။ ကရဏ္ဍာ၊ မြွေပခြုပ်မှ။ ဝါ၊ မြွေရေလဲမှ။ အဟိံ၊ မြွေကို။ အဗ္ဗာဟတိဝိယစ၊ ထုတ်နုတ်ဆွဲငင်သကဲ့သို့ရင်း။ အဗ္ဗာဟတိ၊ တန်းခိုးဖြင့် ထုတ်နုတ်၏ ဟု – အနက်သမ္ဗန်။ အကြွင်း ထင်ရှား၏။

ဣဒ္ဓိဝိဓ ပြီး၏။

---

## ဒိဗ္ဗသောတအဘိညာဉ်

ဒိဗ္ဗသောတအဘိညာကို ရလိုသော ပုဂ္ဂိုလ်သည် ရှေးနည်းတူစွာ စုဒ္ဒသာကာရ[၁]ဖြင့် စိတ်ကို ဆုံးမလျက် အင်္ဂါရှစ်ပါး, ဘူမိ, ပါဒ, ပဒ, မူလ တရားတို့ကို ပြည့်စုံစေပြီး၍ အဘိညာပါဒကစျာန်ကို ဝင်စားပြီး ထပြီးလျှင် ဒိဗ္ဗသောတဉာဏ်၏ ပရိကမ် အစွမ်းဖြင့် ဖြစ်သော ခဏိက သမာဓိ ဖြင့် တည်ကြည်သော ပရိကမ္မသမာဓိစိတ်ဖြင့် ပကတိ ‘သောတပထ’ ဝေးလှသော အရပ်၌ ကျယ်မြင့်ရှန့်ရင်းသော ခြင်္သေ့, ကျားသစ်, ကြိုးထစ် ချုန်းဟုန်းသော မိုးသံ စသည်ကို ရှေးဦးစွာ ဆင်ခြင်၍ အစဉ်အတိုင်း ကျောင်း၌ ခေါင်းလောင်းသံ, စည်သံ, ခရုသင်းသံ, ကျယ်လောင်စွာ စာအံသံ, ပကတိ စကားပြောသံ, ငှက်သံ, လေသံ, ခြေသံ, ရေဆူပွက်သော အသံ, နေပူ၍ ထန်းရွက်ခြောက် မည်သံ, ခြ, ပရွက်သံ စသော သိမ်မွေ့သော အသံတိုင်အောင် ဆင်ခြင်အပ်၏။

သို့ ဆင်ခြင်၍ စိတ်မှာ ထင်လတ်သော် အရပ်ရှစ်မျက်နှာ၌ ဩဠာရိက, သုခုမအသံ ဟူသမျှကို ဆင်ခြင်အပ်၏။ ဆင်ခြင်ဖန်များလတ်သော် ပကတိ စိတ်အားပင် ထင်ရှား၏။ ပရိကမ္မသမာဓိစိတ်အားကား အလွန် ထင်ရှားတော့သည် သာတည်း။

> တဿ တေ သဒ္ဒါ ပါကတိကစိတ္တဿာပိ ပါကဋာ ဟောန္တိ။ ပရိကမ္မသမာဓိစိတ္တဿ ပန အတိဝိယ ပါကဋာ။ အဋ္ဌကထာ (ဒု၊နှာ-၃၇)

---

၁။ စုဒ္ဒသာကာရ=အဘိညာဏ်ရကြောင်း အခြင်းအရာ ၁၄-ပါး။ (ဤကျမ်း ပ-တွဲ၊နှာ-၁၁၄-ရှု)

'ပါကတိကစိတ္တဿာပီ'တိ ပါဒကဇ္ဈာနသမာပဇ္ဇနတော ပုဗ္ဗေ ပဝတ္တ-စိတ္တဿာပိ။ 'ပရိကမ္မသမာဓိစိတ္တဿာ'တိ ဒိဗ္ဗသောတဓာတုယာ ဥပ္ပါဒနတ္ထံ ပါဒကဇ္ဈာနံ သမာပဇ္ဇိတွာ ဝုဋ္ဌိတဿ သဒ္ဒံ အာရဗ္ဘ ပရိကမ္မကရဏဝသေန ပဝတ္တခဏိကသမာဓိစိတ္တဿ။ ဋီကာ (မဟာ၊ဒု၊နှာ-၃၉)

ဤသို့ ဆင်ခြင်ဖန်များလတ်သော် ထို အသံအများတို့တွင် ထင်ရှားသော အသံတခုခုကို အာရုံပြု၍ ဒိဗ္ဗသောတအဘိညာဝီထိ ဖြစ်၏။

တတော ပရံ တသ္မိံ သောတေ ပတိတော ဟောတိ။
အဋ္ဌကထာ (ဒု၊နှာ-၃၈)

'ပတိတော ဟောတီ'တိ ဒိဗ္ဗသောတဓာတု အန္တောဂဓော ဟောတိ၊ အပ္ပနာစိတ္တဿ ဥပ္ပတ္တိတော ပဘုတိ ဒိဗ္ဗသောတဉာဏလာဘီ နာမ ဟောတိ၊ န ဒါနိ'ဿ တဒတ္ထံ ဘာဝနာဘိယောဂေါ ကရဏီယော ဟောတီတိ အတ္ထော။
ဋီကာ (မဟာ၊ဒု၊နှာ-၃၉)

**ဒိဗ္ဗသောတဉာဏ် မြဲမြံအားရှိအောင် ပြုလုပ်ခြင်း။** ။ထို ရပြီးသော ဒိဗ္ဗသောတ ဉာဏ်ကို မြဲမြံအားရှိအောင် ပြုလိုသော ပုဂ္ဂိုလ်သည် လက်တသစ်, နှစ်သစ်, လေးသစ်, ရှစ်သစ်, တထွာ, တတောင်, ခန်းတွင်း, ခန်းဦး, ကျောင်းတွင်း, ပရိဝုဏ်တွင်း, အရာမ်တွင်း, ဆွမ်းခံရွာ, ဇနပုဒ် စသည်တို့၏ အစွမ်းဖြင့် စကြဝဠာတိုင်အောင်ရင်း ထိုထက် အလွန်ရင်း ပိုင်းခြား၍ ပိုင်းခြား၍ ကသိုဏ်းကို ဖြန့်လျက် 'တွေတ္တရေ သဒ္ဒံ သုဏာမိ'ဟု ပရိကမ်ပြုကာ ပြုကာ ပွါးစေရာ၏။

ဧဝံ အဓိဂတာဘိညော သော ပါဒကဇ္ဈာနာရမ္မဏေန ဖုဋ္ဌောကာ-သဗ္ဘန္တရဂတေပိ သဒ္ဒေ ပုန ပါဒကဇ္ဈာနံ အသမာပဇ္ဇိတွာပိ အဘိညာ-ဉာဏေန သုဏာတိယေဝ။ ဧဝံ သုဏန္တော စ သစေပိ ယာဝ ဗြဟ္မလောကာ သင်္ခ,ဘေရီ,ပဏဝါဒိ သဒ္ဒေဟိ ဧကကောလာဟလံ ဟောတိ၊ ပါဋိယေက္ကံ ဝဝတ္ထာပေတုကာမတာယ သတိ အယံ သင်္ခသဒ္ဒေါ အယံ ဘေရီသဒ္ဒေါတိ ဝဝတ္ထပေတုံ သက္ကောတိယေဝ။ အဋ္ဌကထာ (ဒု၊နှာ-၃၈)

ပါဒကဇ္ဈာနဿ ဟိ အာရမ္မဏဘူတံ ကသိဏနိမိတ္တံ 'တွေကံ ဌာနံ ဖရတူ'တိ မနသိကရိတွာ ပါဒကဇ္ဈာနံ သမာပဇ္ဇန္တဿ ကသိဏနိမိတ္တံ တတ္တကံ ဌာနံ ဖရိတွာ တိဋ္ဌတိ။ သော သမာပတ္တိတော ဝုဋ္ဌာယ တတ္ထ ဂတေ သဒ္ဒေ အာဝဇ္ဇတိ၊ သုဘာဝိတံ ဘာဝနတ္တာ တတ္ထ အညတရံ သဒ္ဒံ အာရဗ္ဘ ဥပ္ပန္နာဝဇ္ဇနာနန္တရံ စတ္တာရိ,ပဉ္စ ဝါ ဇဝနာနိ ဥပ္ပဇ္ဇန္တိ။ ယေသု ပစ္ဆိမံ ရူပါဝစရစတုတ္ထဇ္ဈာနိကံ, ... ပုနပိ ပါဒကဇ္ဈာနံ သမာပဇ္ဇိတဗ္ဗမေဝ။ တတော

ဝေ ဟိ ပါဒကဇ္ဈာနာရမ္မဏေန ဖုဋ္ဌောကာသဗ္ဘန္တရဂတေပိ သဗ္ဗေ သုဏာတိယေဝါတိ သာသင်္က ဝဒတိ။ ကောဂိုလ ဒ္ဓဂိုလာဒိဂ္ဂဟဏဋ္ဌေတ္တ သုခုမသဒ္ဒါပေက္ခာယ ကတံ။

'ဝေံ သုဏန္တော ဝါ'တိ ဝေံ ပရိစ္ဆိန္ဒိတွာ ပရိစ္ဆိန္ဒိတွာ သဝနေ ဝသီကတာ-ဘိညော ဟုတွာ ယထာဝဇ္ဇိတေ သဗ္ဗေ သုဏန္တော ဝေ။ 'ပါဠိယေက္က'န္တိ ကေဇ္ဈ ပဝတ္တမာနေပိ တေ သဗ္ဗေ ပစ္စေကံ ဝတ္ထုဘေဒေန ဝဝတ္ထပေတုကာ-မတာယ သတိ။ ဋီကာ (ဒုၤနှာ-၃၉၄ဝ)

အနက် လွယ်သည်ချည်းတည်း။

ဒိဗ္ဗသောတ ပြီး၏။

---

## စေတောပရိယာယ အဘိညာဉ်

**ပရစိတ္တဝိဇာနန။** ။ပရစိတ္တဝိဇာနနမည်သော စေတောပရိယာယအဘိညာကို ဖြစ်စေလိုသော ပုဂ္ဂိုလ်သည် စေတောပရိယာယ၏ ပရိကမ်ဖြစ်၍ ဒိဗ္ဗစက္ခုအဘိညာကို ရှေးဦးစွာ ဖြစ်စေပြီး၍ အာလောကကို ပွါးစေလျက် အာလောကအတွင်းရှိ သူတပါးတို့၏ နှလုံးသွေး အဆင်းကို ရှု၍ ရှု၍ ပညောင်သီးမှည့်ကဲ့သို့ နီမှု သောမနဿ, သပြေသီးမှည့်ကဲ့သို့ မည်းနက်မှု ဒေါမနဿ, နှမ်းဆီကဲ့သို့ ကြည်လင်မှု ဥပေက္ခာသဟဂုတ်စိတ်ဟု နယဂ္ဂါဟ အနုမာနအားဖြင့် သူတပါးစိတ်ကို ရှာဖွေဆင်ခြင်ပြီး၍ ပါဒကဈာန်ကို ဝင်စား ပြီးလျှင် 'ဣမဿ စိတ္တံ ဇာနာမိ'ဟု ပရိကမ် ပြုအပ်၏။

ကာလ အရာ, အထောင်ပင် ပါဒကဈာန်ကို ဝင်စား၍ ဝင်စား၍ ပရိကမ် ပြုသည် ရှိသော် စေတောပရိယာယအဘိညာဝီထိ ဖြစ်လာ၏။

**ပရစိတ္တဝိဇာနန အဘိညာဉ် မြဲမြံ အားရှိအောင် ပြုလုပ်ခြင်းနှင့် ရရှိသော အကျိုး** ထိုအဘိညာ ထာမဂတ ဖြစ်အောင် ထိုနည်း တူစွာပင် အခါခါ အထပ်ထပ် ဝင်စား အပ်၏။ ဤသို့ အခါခါ ဝင်စား၍ အားအစွမ်းသို့ ရောက်သည်ရှိသော် ဤသို့သော အာနိသင်ကို ရ၏။

ဝေံ ထာမဂတေ ဟိ တသ္မိံ အနုက္ကမေန သဗ္ဗမ္ပိ ကာမာဝစရစိတ္တံ ရူပါဝစရာရူပါဝစရစိတ္တဉ္စ ပဇာနာတိ စိတ္တာ စိတ္တမေဝ သင်္ကမန္တော ဝိနာပိ ဟဒယရူပဒဿနေန။ ဝုတ္တမ္ပိ စေတံ အဋ္ဌကထာယံ "အာရုပ္ပေ ပရဿ စိတ္တံ ဇာနိတုကာမော ကဿ ဟဒယရူပံ ပဿတိ၊ ကဿိန္ဒြိယဝိကာရံ ဩလောကေတီတိ။ န ကဿစိ။ ဣဒ္ဓိမတော ဝိသယော ဧသ ယဒိဒံ

ယတ္ထ ကတ္ထစိ စိတ္တံ အာဝဇ္ဇန္တော သောဠသပ္ပဘေဒံ စိတ္တံ ဇာနာတိ။ အကတာဘိနိဝေသဿ ပန ဝသေန အယံ ကထာ”တိ။

အဋ္ဌကထာ (ဒု၊နှာ-၃၉)

ဟဒယရူပဒဿနာဒိဝိဓာနံ ဟိ အာဒိကမ္မိကဝသေန ဝုတ္တံ။ တေနာ’ဟ— ‘ဝုတ္တမ္ပိ စေတ’န္တိအာဒိ။ ‘ယတ္ထ ကတ္ထစိ’တိ ပဉ္စဝေါကာရဘဝေ စတုဝေါ-ကာရဘဝေပိ ဝါ။ န ကတော အဘိညာနုယောဂသင်္ခါတော အဘိနိဝေသော ဧတေနာတိ အကတာဘိနိဝေသော၊ တဿ၊ အာဒိကမ္မိကဿာတိ အတ္ထော။ ‘အယံ ကထာ’တိ ‘အာလောကံ ဝဍ္ဎေတွာ’တိအာဒိနာ ဝုတ္တပရိကမ္မကထာ။

ဋီကာ (ဒု၊နှာ-၄၂)

**စိတ် ၁၆-မျိုး။**　။‘သောဠသပ္ပဘေဒံ စိတ္တံ’ဟူသည်ကား— သရာဂ, ဝီတရာဂ၊ သဒေါသ, ဝီတဒေါသ၊ သမောဟ, ဝီတမောဟ၊ သံခိတ္တ, ဝိက္ခိတ္တ၊ မဟဂ္ဂတ, အမဟဂ္ဂတ၊ သဉတ္တရ, အနုတ္တရ၊ သမာဟိတ, အသမာဟိတ၊ ဝိမုတ္တ, အဝိမုတ္တ အားဖြင့် တဆဲ့ခြောက်ပါးသော စိတ်တည်း။

**ဆောင်ပုဒ်သံပေါက်။**　။ရာ–ဒေါ–မောဟုတ်၊ သံ–ဟဂ်–ဥတ်၊ မာ–မုတ်–ဒွဋ္ဌ၊ သောဠသ။

ပရစိတ္တဝိဇာနန ပြီး၏။

---

## ပုဗ္ဗေနိဝါသ အဘိညာဉ်

**ပုဗ္ဗေနိဝါသ။**　။ပုဗ္ဗေနိဝါသာနုဿတိအဘိညာကို ရလိုသော ယောဂီသည် ရှေးနည်းတူစွာ အင်္ဂါရှစ်ပါး, ဘူမိ, ပါဒ, ပဒ, မူလတရားတို့ကို ပြည့်စုံစေပြီး၍ ပီတိ,သုခတို့ဖြင့် ကိုယ်စိတ်ကို ပြည့်ဖြိုးစေခြင်းငှါ စျာန်လေးပါးကို အစဉ်အတိုင်း ဝင်စား၍ အဘိညာပါဒကစျာန်မှ ထ၍ သဗ္ဗပစ္ဆိမာ ဤနေရာ၌ ထိုင်ခြင်းကို နှလုံးသွင်းအပ်၏။ ထို့နောက် နေရာခင်းခြင်း, နေရာသို့ဝင်ခြင်း, သပိတ်,သင်္ကန်း သိမ်းဆည်းခြင်း, ဆွမ်းစားခြင်း, ရွာမှပြန်ခဲ့ခြင်း, ရွာ၌ ဆွမ်းခံလှည့်လည်ခြင်း, ရွာသို့ဝင်ခြင်း, ကျောင်းကထွက်ခြင်း, စေတီဗောဓိကိုရှိခိုးခြင်း, သပိတ်ဆေးခြင်း, သပိတ်ကိုယူခြင်း, မျက်နှာသစ်ခြင်း, မိုးသောက်ထအခါ, သန်းခေါင်ယာမ်,ညဉ့်ဦးယာမ် တညဉ့်လုံး, တနေ့လုံး, ပြုသမျှတို့ကို ပဋိလောမ အားဖြင့် ဆင်ခြင်ရာ၏။ ပကတိစိတ်ဖြင့်ပင် မြင်၏။

တွေကံ ပန ပကတိစိတ္တဿပိ ပါကဋံ ဟောတိ။ ပရိကမ္မသမာဓိစိတ္တဿ ပန အတိဝိယ ပါကဋမေဝ။ သစေ ပနေတ္ထ ကိဉ္စိ န ပါကဋံ ဟောတိ၊ ပုန ပါဒကစျာနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ အာဝဇ္ဇိတဗ္ဗံ။ အဋ္ဌကထာ (ဒု၊နှာ-၄၂)

ဤနည်းတူ ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမနေ့, ဒသာဟ, အဒ္ဓမာသ, တလ, နှစ်လ, သုံးလ, လေးလ, ငါးလ, တနှစ်, ဆယ်နှစ်, ဤဘဝပြုသမျှကိစ္စ, ဤဘဝ ပဋိသန္ဓေ, ရှေးအနန္တရ စုတိ နာမ်ရုပ်တိုင်အောင် ဆင်ခြင်အပ်၏။

ပဟောတိ ဟိ ပဏ္ဍိတော ဘိက္ခု ပဌမဝါရေနေဝ ပဋိသန္ဓိံ ဉဂ္ဃါဋေတွာ စုတိက္ခဏေ နာမရူပမာရမ္မဏံ ကာတုံ။ အဋ္ဌကထာ (ဒု၊နှာ ၄၂)

ပဏ္ဍိတော နာမ ဣမိဿာ အဘိညာဘာဝနာယ ကတာဓိကာရော။
ဋီကာ (ဒု၊နှာ-၄၀)

သို့ဆင်ခြင်၍ မမြင်နိုင်တည့်သော်လည်း အားမလျော့မူ၍ သစ်ပင်ကြီးကို ခုတ်သော ယောကျ်ားသည် ပုဆိန်သွားကို ပြင်ဆင်တိုက်သွေးကာ သွေးကာ အခါခါ ခုတ်သကဲ့သို့ ပါဒကစျာန်မှ ထကာ ထကာ ပဋိသန္ဓေကိုသာ ဆင်ခြင် သည်ရှိသော် မကြာခင် စုတိကို အာရုံပြုနိုင်၏။ ဤသို့ ရှေးဘဝ စုတိရုပ် နာမ်ကို မြင်သောအခါမှ ပုဗ္ဗေနိဝါသာနုဿတိအဘိညာကို ရ၏။

တတ္ထ ပစ္ဆိမနိသဇ္ဇတော ပဘုတိ ယာဝ ပဋိသန္ဓိတော အာရမ္မဏံ ကတွာ ပဝတ္တံ ဉာဏံ ပုဗ္ဗေနိဝါသဉာဏံ နာမ န ဟောတိ။ တံ ပန ပရိကမ္မသမာဓိဉာဏံ နာမ ဟောတိ။ အတီတံသဉာဏန္တိပိ ဧကေ ဝဒန္တိ။ တံ ရူပါဝစရံ သန္ဓာယ န ယုဇ္ဇတိ။ အဋ္ဌကထာ (ဒု၊နှာ-၄၃)

'တ'န္တိ ပစ္ဆိမနိသဇ္ဇတော ပဘုတိ ယာဝ ပဋိသန္ဓိပဝတ္တဉာဏံ....။ 'တံ ရူပါဝစရံ သန္ဓာယ န ယုဇ္ဇတီ'တိ တံ တေသံ ဝစနံ အတီတံသဉာဏံ စေ၊ ရူပါဝစရံ အဓိပ္ပေတံ န ယုဇ္ဇတိ ပရိကမ္မသမာဓိဉာဏဿ ကာမာဝစရ-ဘာဝတော။ န ဟိ အနန္တရစုတိစိတ္တဿ ဩရတော ပဝတ္တခန္ဓေ အာရဗ္ဘ ရူပါဝစရစိတ္တံ ဉပ္ပဇ္ဇတီတိ ပါဠိယံ အဋ္ဌကထာယံ ဝါ အာဂတံ အတ္ထိ။
ဋီကာ (ဒု၊နှာ-၄၉)

ဝိထိလက်ရိုး၌ ရှေ့ခုနစ်ရက်မှစ၍ ပုဗ္ဗေနိဝါသဉာဏ်၏ အာရုံဟု ဆိုသည်ကား ဤအဋ္ဌကထာ, ဋီကာတို့နှင့် မညီ။

**အစဉ်လျောက်၍ အောက်မေ့ခြင်း။** ။ဤသို့ ရှေးဘဝစုတိကို မြင်ရသည့်နောက် အစဉ် လျောက်၍ အောက်မေ့သည် ရှိသော်—

သော အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ။ သေယျထိဒံ၊ ဧကမ္ပိ ဇာတိံ ဒွေပိ ဇာတိယော။ပ။ အနေကေပိ သံဝဋ္ဋကပ္ပေ အနေကေပိ ဝိဝဋ္ဋကပ္ပေ အနေကေပိ သံဝဋ္ဋဝိဝဋ္ဋကပ္ပေ အမုတြာသိံ ဧဝံ နာမော ဧဝံ

ဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံသုခဒုက္ခ ပဋိသံဝေဒီ ဧဝမာယု-
ပရိယန္တော။ သော တတော စုတော အမုတြ ဥဒပါဒိံ။ တတြာပါသိံ ဧဝံ
နာမော။ပ။ ဧဝမာယုပရိယန္တော။ သော တတော စုတော ဣဓူပပန္နောတိ။
ဣတိ သာကာရံ သဥဒ္ဒေသံ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ—

ဟူ၍ (သုတ်သီလက္ခန်၊ပြဟ္မဇာလသုတ်၊နှာ-၇၆)ပါဠိတော် စသည် လာသည့်
အတိုင်း အောက်မေ့နိုင်၏။

**အသင်္ချေယျ ၄-ကပ်။** ။ဤ၌ သံဝဋ္ဋဖြင့် သံဝဋ္ဋဋ္ဌာယီကို—ဝိဝဋ္ဋဖြင့် ဝိဝဋ္ဋဋ္ဌာယီ
ကိုလည်း ယူ၍ အသင်္ချေယျ လေးကပ် ဖြစ်၏။

ပမာဏကား—

**ဝိဝဋ္ဋဋ္ဌာယီ ကပ်သက်တမ်းစသည်။** ။အသင်္ချေယျံ စတုသဋ္ဌိအန္တရကပ္ပသင်္ဂဟံ။
ဝီသတိ အန္တရကပ္ပသင်္ဂဟန္တိ ကေစိ။
သေသာသင်္ချေယျာနိ ကာလတော တေန သမပ္ပမာဏာနေဝ[၁]။
ဋီကာ (မဟာ၊ဒု၊နှာ-၅၃)

**သံဝဋ္ဋ ၃-မျိုး။** ။ထိုတွင် သံဝဋ္ဋသည် တေဇောသံဝဋ္ဋ, အာပေါသံဝဋ္ဋ,ဝါယော-
သံဝဋ္ဋ ဟူ၍ သုံးပါး ပြား၏။

**မီးဖျက်ကမ္ဘာ။** ။ထိုတွင် မီးဖျက်ရာ၌—

ရှေးဦးစွာဖျက်၊ ကုဋေဖက်သည့်၊ သိန်းစက္ကဝါ၊ မိုးကြီးရွာသော်၊ ညီညာ
ရှင်ပျ၊ စိုက်ပျိုးကြသား၊ ဂေါဏစားလောက်၊ ပင်ငယ်ရောက်က၊ တပေါက်
မကျ၊တသိန်းမျှက၊ လောကဗျူဟာ၊ နတ်ကာမာတို့၊ မေတ္တာပွါးကြ၊
ကြီးမိဘကို၊ တုပ်ကွမြတ်လေး၊ လုပ်ကျွေးကြပါ၊ ကြွေးကြော်လာ၍၊ သတ္တဝါ
အများ၊ ဈာန်ကိုပွါးလျက်၊ စံလားပြဟ္မာ၊ ကာလကြာ၍၊ ဒုတိယာ နေ၊
ပေါ်လာလေသော်၊ မြစ်ငယ်ရေခြောက်၊ညဥ့်လည်း ပျောက်၏၊ သုံးမြောက်
လေးစင်း၊ ငါးစင်း ဆဋ္ဌ၊ သတ္တမ နေ၊ ပေါ်ထွက်ချေသော်၊ ခြောက်လေ
မြစ်ကြီး၊ အိုင်ကြီး သမုဒ္ဒ၊ စက္ကဝါ ခိုးထ၊ မီးလျှံကြ၍၊ သခ်ါရခပင်း၊
ပြာမကြွင်းခဲ့၊ ဟင်းလင်း ထက်အောက်၊ မိုက်မှောင် ရောက်သည်။ ။
ကွယ်ပျောက် လုံးစုံ မမြဲတည်း။

အထာနုပုဗ္ဗေန မဇ္ဈကဇ္ဈပါပိ ကာလက်တွာ ပြဟ္မလောကေ နိဗ္ဗတ္တန္တိ၊
နေရယိကသတ္တာပိ။ တတ္ထ နေရယိကာ သတ္တမသူရိယပါတုဘာဝေ
ဝိနဿန္တီတိ ဧကေ။

---

၁။ ဤကျမ်း၊ပ-တွဲ၊နှာ ၁၃၇-၁၃၉-ရှုပါ။

ဈာနံ ဝိနာ နတ္ထိ ဗြဟ္မလောကေ နိဗ္ဗတ္တိ။ တေသဉ္စ ကေစိ ဒုဗ္ဗိက္ခပီဠိတာ ကေစိ အဘဗ္ဗာ ဈာနာဓိဂမာယ၊ တေ ကထံ တတ္ထ နိဗ္ဗတ္တန္တီတိ။ ဒေဝလောကေ ပဋိလဒ္ဓဈာနဝသေန[၁]။ အဋ္ဌကထာ (ဒု၊နှာ-၄၅)

လောကဗျူဟာမည်ပုံနှင့်အရကောက်။ ။'လောကဗျူဟာ'[၂]ဟူသည် အဘယ် နတ်နည်း။

လောကဗျူဟာ နာမ ကာမာဝစရဒေဝါ။ အဋ္ဌကထာ (ဒု၊နှာ-၄၅)

လောကံ ဗျူဟေန္တိ သမ္ပိဏ္ဍေန္တီတိ လောကဗျူဟာ။ တေ ကိရ ဒိဿ မနုဿာ တတ္ထ တတ္ထ ဌိတာပိ နိသိန္နာပိ သံဝေဂဇာတာ သမ္ဗမပ္ပတ္တာ စ ဟုတွာ တေသံ အာသန္နေ ဌာနေ သန္နိပတန္တိ။ ဋီကာ (ဒု၊နှာ-၅၀။)

နတ်တို့ ကမ္ဘာပျက်မည်ကို သိခြင်း အကြောင်း။ ။ထိုနတ်တို့သည် ကမ္ဘာပျက် မည်ကို အဘယ် ကြောင့် သိသနည်း။

ဓမ္မတာယ စောဒိတာတိ[၃] အာစရိယာ။ တာဒိသ နိမိတ္တဒဿနေနာတိ ကေ။ ဗြဟ္မဒေဝတာဟိ ဥယျောဇိတာတိ အပရေ။
ဋီကာ(ဒု၊နှာ-၅၁)

ကမ္ဘာဖျက် နေခုနစ်စင်းတွင် ပထမနေသည် ပကတိနေလော၊ နေသစ်လော။

ပကတိသူရိယမဏ္ဍလံ ပန ပဘဿရတရဉ္စေဝ တေဇဝန္တတရဉ္စ ဟုတွာ ပဝတ္တတိ။ တံ အန္တရဓာယိတွာ အညမေဝ ဥပ္ပဇ္ဇတီတိ အပရေ။
(ဋီကာ၊ဒု၊နှာ-၅၁)

မြစ်ကြီး ၅-သွယ် အိုင်ကြီး ၇-ခု ဆောင်ပုဒ်။ ။မြစ်ကြီးအိုင်ကြီး ဟူသည်ကား—

ဂင်္ဂါ, ယမု၊ သရဘူ၊ ငါးခု စီ, မဟီ။

သီဟ, ဟံသ၊ ကဏ္ဏ, ရထော၊ အနော, ဆဒ္ဒ၊ ကုဏာလ၊ အိုင်မ ခုနစ်လီ။

သံဝဋ္ဋမည်ပုံ။ ။ဤသို့ ကမ္ဘာဖျက်မိုးရွာသည်မှ စ၍ မီးလျှံစဲသည်တိုင်အောင် ပျက်ဆဲကပ်သည် သံဝဋ္ဋကပ် မည်၏။

---

၁။ (နောက်ဆက်တွဲကြည့်) ကမ္ဘာပျက်သောအခါ လောကန္တရိက် ငရဲသားများမှတပါး ကြွင်းသော သတ္တဝါအားလုံး (အဝီစိငရဲသားတို့ပါ မကျန်) ဘေးလွတ်ရာ ဗြဟ္မာဘုံသို့ လားကြရသည်။

၂။ လောကဗျူဟာ= (လောက=လူ,သတ္တဝါများ။ ဗျူဟာ=ပေါင်းစု, စုရုံးခြင်း) သတ္တဝါတို့ကို စုရုံးပြီးလျှင် သတိပေးသောနတ်။

၃။ ဆဋ္ဌမူ၌ 'သဉ္စောဒိတာ'ဟု ရှိသည်။

**သံဝေဂဋ္ဌာယီကပ်မည်ပုံ။** ။ပျက်ပြီး၍ ဟင်းလင်းတည်သော ကပ်သည်ကား သံဝေဂဋ္ဌာယီကပ် မည်၏။

**ကမ္ဘာပြုမိုး။** ။ထိုနောင်ကမ္ဘာ၊ ပြုမိုးရွာသော်၊ လောင်ရာတလျှောက်၊ လေခံ ထောက်သား၊ ခန်းခြောက်စဉ်သင့်၊ ရှေးတိုင်းဖြင့်လျှင်၊ တည် လင့် ထက်ဘုံ၊ မြေရောက်တုံသော်၊ ဝါယုံ[၁]ဆို့နေ၊ ရေစစ်ရေသို့၊ တည်နေမယို၊ ခန်းတိုင်းမိုလျက်၊ ရေချိုအထက်၊ မြေချိုတက်သား၊ ထို့ထက်ဗြဟ္မာ၊ စုတေ လာ၍၊ ရသာပထဝီ၊ ထိုမြေဆီကို၊ လုတ်ချီသုံးဆောင်၊ တဏှာလောင်လျက်၊ ကိုယ်ရောင်ကွယ်ပျောက်၊မိုက်မှောင်ရောက်၍၊အကြောက်ရကာ၊ ရဲကြရာဘို့၊ လျော်စွာဆန္ဒ၊ နေနှင့်လတို့၊ပေါ်ကြထင်ရှား၊ နက္ခတ်များလည်း၊ လှည့်သွား ဖြစ်ကြ၊ တပေါင်းလဟု၊ ပုဏ္ဏရက်တွင်း၊ ဆပ်ထမင်းသို့၊ ကုန်းကျင်းစုံစွာ၊ ဖြစ်ကြလာ၏၊ ရသာမြေကို၊ စားလေတုံမှို၊ တဏှာဖို့၍၊ တချို့ မလှ၊ တချို့ လှတည်း၊ ဆင်းလှသသူ၊ မလှသူကို၊ မာန်မူသည်တွက်၊ မြေချိုညက်လည်း၊ ကွယ်ဝှက်ပြန်ဘိ၊ ဘူမိပပ္ပဋက၊ မြေလွှာမြနှင့်၊ ပဒါလတာ၊ ထို့တူလာ၏၊ ရသာလိုပေး၊ ထင်းနှင့်ဝေးသည့်၊ သလေးဆန်စင်၊ စားလေလျှင်မူ၊ မစင် ငယ်ကြီး၊ဖြစ်ထပြီး၍၊ယိုစီးဘို့ရာ၊ထွက်ဘို့ဌါဟု၊အမာဝပေါက်၊ဘော[၂]လည်း ရောက်၏၊ တယောက်တယောက်၊ မေထုန်မြောက်အောင်၊ သွေဖောက် ယုတ်မာ၊ ကျင့်သည်တာကြောင့်၊ ပညာရှိများ၊ မြစ်တားမောင်းမဲ၊ ညှဉ်းဆဲ ပုတ်ခတ်၊ ပြုလေအပ်၍၊ ခိုကပ်ဖို့ဌါ၊ အိမ်ယာထူဆောက်၊ လူပျင်းနောက်သို့၊ နည်းလျှောက်သိမ်းဆည်း၊ ထိုကတည်းက၊ ဖွဲလည်းမြေးယှက်၊ရိတ်ရာကွက်မှ၊ မထွက်လာထ၊ ညည်းတွားကြ၏၊ ထားရရေးသား၊ သူ့ပိုင်းခြားက၊ ခိုးငြားမဆိုင်၊ သုံးကြိမ်တိုင်သော်၊ စွဲကိုင်ခဲတုတ်၊ ခတ်ပုတ်ယှက်ထွေး၊ နိုင်မဟေးလို့၊ စုဝေးတိုင်ပင်၊ များထက်တင်သော[၃]၊ ဗုဒ္ဓကိုမြတ်၊ ဗောဓိ သတ်ကို၊ ချဉ်းလတ်ပန်ထွာ၊ သမုတ်ပါ၍၊ မဟာသမ္မတ၊ ခတ္တိယနှင့်၊ ရာဇ အပြား၊ မည်သုံးပါးဖြင့်၊ ထင်ရှားလူ့ဘောင်၊ စတည်ထောင်ခဲ့၊ ထိုနောင် ဗြာဟ္မဏ၊ အမျိုးစသည်၊ ဝဏ္ဏလေးပြား၊ ဤသို့အားဖြင့်၊ တရားသွေကွက်၊ ယွင်းချော်ပျက်၍၊ အသက်တိုလျ၊ ပါပကသည်။ ဓမ္မလူတွင် ထွန်းသတည်း[၄]။

ဤ၌ ကမ္ဘာပြု မိုးရွာသောအခါ တည်ရာ မြေမရှိ၊ ကောင်းကင်အတိ ဖြစ် လျက် အောက်သို့လည်း မကျ၊ အခြား စကြဝဠာသို့လည်း မစီးသွားပဲ အဘယ် သို့ ရေတည်သနည်း။

---

၁။ ဝါယုံ=ဝါယော=လေ။ ၂။ ဘော=ဣတ္ထိဘော, ပုမ္ဘော (ဘာဝရုပ် ၂-ပါး)။

၃။ 'များထက် ထင်သော'ဟုလည်း ရှိသည်။ (အများထက် ထင်ရှားသူ)

၄။ ဒီ၊၃၊(အဂ္ဂညသုတ်) နှာ-၆၇-၇၁။

တံ ဥဒကံ ပေဟတွာ စ တိရိယဥ္စ ဝါတော သမုဋ္ဌဟိတွာ ဃနံ ကရောတိ ပရိဝဋ္ဋုမံ ပဒုမိနိပတ္တေ ဥဒကဗိန္ဒုသဒိသံ။ အဋ္ဌကထာ (ဒု၊နှာ-၄၇)

'ဃနံ ကရောတီ'တိ ဝိသရိတုံ အဒတွာ ပိဏ္ဍိတံ ကရောတိ။ တေနာဟ 'ပရိဝဋ္ဋုမ'န္တိ၊ ဝဋ္ဋဘာဝေန ပရိစ္ဆိန္နံ။ ဋီကာ (ဒု၊နှာ-၅၂)

သို့စင် များစွာသော ရေအပုံအစုကို အဘယ်သို့လျှင် တခဲနက် အပေါင်း အလုံး ပြုသနည်း။

ဝိဝရ သမ္ပဒါနတော။ တဥ္စသ တမှိ တမှိ ဝိဝရံ ဒေတိ။
အဋ္ဌကထာ (ဒု၊နှာ-၄၇)

'တ'န္တိ ဥဒကံ။ 'အဿာ'တိ ဝါတဿ။ 'ဝိဝရံ ဒေတီ'တိ ယထာ ဃနံ ကရောတိ သမ္ပိဏ္ဍေတိ၊ ဧဝံ တတ္ထ အန္တရံ ဒေတိ။ ဋီကာ (ဒု၊နှာ-၅၂)

ဝိဝရ သမ္ပဒါနတော၊ အကြားအပေါက်ကို ပေးသောအားဖြင့်။ ဃနံကရောတိ၊ တခဲနက် (အပေါင်းအလုံး)ကို ပြု၏။ ဟိ သစ္စံ၊ မှန်၏။ တံ ဥဒကံ၊ ထိုရေသည်၊ အဿ ဝါတဿ၊ ထိုလေအား။ တမှိ တမှိ ဌာနေ၊ ထိုထိုအရပ်၌။ ဝိဝရံ၊ အကြား အပေါက်ကို။ ဒေတိ၊ ပေး၏။

စကြာဝဠာတပါးသို့ရေမလျှောကျပုံ။ ။အဓိပ္ပါယ်ကား–အာကာသခေတ်စကြာဝဠာ ကုဋ္ဋေတသိန်းလုံး တပြင်တည်း တခဲနက် တည်သော ရေအစုကို အောက်သို့ မယိုမကျအောင် အောက်ကလေပင့်၍ တိုက်သည်။ နံပါးလေးမျက်နှာ စကြာဝဠာတပါးသို့ မစီးသွားရအောင်လည်း ရေ၏ထက်ဝန်းကျင် စကြာဝဠာ ကုဋ္ဋေတသိန်း အနားပတ်လည် အကြားအပေါက် ဖြစ်၍ အောက်ကလေ အထက်သို့ တက်ဆန်လာသဖြင့် အခြားစကြာဝဠာသို့ မစီးသွားပဲ ရေတခဲနက် မတ်မတ်တည်၍ နေသည် ဟူလိုသည်။

ရှေး မြေကြီးတည်မြဲ အရပ်သို့ ရောက်သည်နောက် အဘယ့်ကြောင့် အောက်သို့ မလျှောကျသနည်း။

ပုရိမ ပထဝိဋ္ဌာနံ ဩတိဏ္ဏေ ပန ဗလဝ ဝါတာ ဥပ္ပဇ္ဇန္တိ။ တေ တံ ပိဟိတဒွါရေ ဓမကရဏေ ဌိတဥဒကမိဝ နိရုဿာသံ[၁] ကတွာ ရုဇ္ဈန္တိ။
အဋ္ဌကထာ (ဒု၊နှာ-၄၇)

'ရုဇ္ဈန္တီ'တိ ယထာ ပေဟတွာ န သဝိဿတိ၊ ဧဝံ နိရောဓေန္တိ[၂]။
ဋီကာ (ဒု၊နှာ-၅၂)

---

၁။ ဆဋ္ဌမူ၌ 'နိရုဿာသံ'ဟု ရှိသည်။

၂။ 'ရုန္ဓန္တီ'တိ ယထာပေဟတွာ န ဘဿတိ၊ ဧဝံ နိရောဓေန္တိ။ (ဆဋ္ဌမူ)

နိရုဿာသံ၊ ထွက်ယိုခွင့် မရသည်ကို။ ကတွာ၊ ပြု၍။ ရုဇ္ဈန္တိ၊ ပိတ်ဆို့ တားမြစ်ကုန်၏။

ကြေးရေစစ် အထက်ပေါက်ကို ပိတ်သည်ရှိသော် အောက်လေ ပင့်သကဲ့သို့ အောက်က လေ ပြင်းစွာ ပင့်၍ လာသဖြင့် ယခုအခါတိုင်အောင်ပင် မလျော့ မကျပဲ တည်မြဲတည်လေသည် ဟူလို။

"တပေါင်းလဟု၊ ပုဏ္ဏရက်တွင်း၊ ဆပ်ထမင်းသို့၊ ကုန်း ကျင်းစုံစွာ၊ ဖြစ်ကြလာ၏" ဟူသည်ကို—

စန္ဒိမ သူရိယာနံ ပန ပါတုဘာဝဒိဝသေယေဝ သိနေရု,စက္ကဝါဠ,ဟိမဝန္တ- ပဗ္ဗတာ ပါတုဘဝန္တိ။ တေ စ ခေါ အပုဗ္ဗံ အစရိမံ ဖဂ္ဂုဏပုဏ္ဏမဒိဝသေယေဝ ပါတုဘဝန္တိ။ ကထံ၊ ယထာ နာမ ကင်္ဂုဘတ္တေ ပစ္စမာနေ ဧကပ္ပဟာရေနေဝ ဗုဗ္ဗုဠကာနိ[1] ဥဋ္ဌဟန္တိ။ ဧကေ ပဒေသာ ထူပထူပါ ဟောန္တိ၊ ဧကေ နိန္နနိန္နာ၊ ဧကေ သမသမာ။ ဧဝမေဝံ ထူပထူပဋ္ဌာနေ ပဗ္ဗတာ ဟောန္တိ၊ နိန္နနိန္နဋ္ဌာနေ သမုဒ္ဒါ။ သမသမဋ္ဌာနေ ဒီပါတိ။

ဟူသော အဋ္ဌကထာ (ဒု၊နှာ-၄၇) ဖြင့် သိအပ်၏။

ဝိဝဋ္ဋကပ်မည်ပုံ။ ။ဤသို့ ကမ္ဘာပြုမိုး ရွာသည်မှ စ၍ နေ့,လ ပေါ်သည် တိုင်အောင် ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋကပ် မည်၏။

ဝိဝဋ္ဋဋ္ဌာယီကပ် မည်ပုံ။ ။နေ့,လ ပေါ်သည်မှ စ၍ တဖန် ကမ္ဘာဖျက် မိုးရွာသည်တိုင်အောင် ဖြစ်ပြီး၍ တည်ဆဲ ကပ်သည် ဝိဝဋ္ဋဋ္ဌာယီကပ် မည်၏။

မဟာကပ်။ ။ဤသင်္ချေယျကပ် လေးကပ်အပေါင်းသည် မဟာကပ် မည်၏။

ဣမာနိ စတ္တာရိ အသင်္ချေယျာနိ ဧကော မဟာကပ္ပေါ ဟောတိ။ အဋ္ဌကထာ (ဒု၊နှာ-၅၀)

ရေဖျက် ကမ္ဘာ။ ။ရေဖျက်သောကမ္ဘာ ဉ်လည်း ဒုတိယ နေပေါ် ထွက်ချိန် အခါ၌ ရေငန်မိုးကြီးရွာ၍ ရေထိရာရာ ကြေမွလျက် ရေနှင့်တကွသော သင်္ခါရမကြွင်း ဟင်းလင်းထက်အောက် မှောင်ကြီးရောက် လေ၏။

လေဖျက်ကမ္ဘာ။ ။လေဖျက်သော ကမ္ဘာ ဉ်လည်း ဒုတိယ နေထွက်ပေါ် ချိန် ကာလ လေကြမ်းထ၍ အစဉ်အတိုင်း မှုန်ကြမ်း, မှုန်နု,

၁။ ဆဋ္ဌမူ၌ 'ပုပ္ဖုဠကာနိ' ဟု ရှိသည်။

သဲနု, သဲကြမ်း, ကျောက်စစ်, ကျောက်ခဲ,သစ်ပင်ကြီး, တောင်ကြီး, မြေကြီးတို့ကို ဦးဆောက်ပြောင်းပြန် မိုးယံသို့ တိုက်လွှင့်ပစ်တင်၍ ကောင်းကင်၌ မြင်းမိုရ် ချင်းချင်း စကြဝဠာချင်းချင်း ထိခတ်ကြသဖြင့် မှုန့်ညက်ပြုန်းတီး ပျက်စီး ကြေမွလျက် လေနှင့်တကွ သခ်ါရမကြွင်း ဟင်းလင်းထက်အောက် မှောင်ကြီး ရောက်လေ၏။ အကြွင်း မီးဖျက်ရာနှင့် နည်းတူ။

သံဝဋ္ဋဝါရ၊ သံဝဋ္ဋသီမာ တို့ကိုကား "သတ္တ သတ္တဂ္ဂိနာ ဝါရာ"၊ "အဂ္ဂိနာ-ဘဿရာ ဟေဋ္ဌာ"[၁]စသည်ဖြင့် စတုဓာတုဝဝတ္ထာန် (ဤကျမ်း၊ဒု၊တွဲ၊နှာ-၃၉၂)၌ ပြခဲ့ပြီ။

လောကပျက်စီးခြင်းအကြောင်း။ ။လောကသည် အဘယ်ကြောင့် ဤသို့ ပျက်၍ပျက်၍ နေရသနည်း[၂]။

အကုသလမူလကာရဏာ။ အကုသလ မူလေသု ဟိ ဥဿန္နေသု ဧဝံ လောကော ဝိနဿတိ။ သော စ ခေါ ရာဂေ ဥဿန္နတရေ အဂ္ဂိနာ ဝိနဿတိ။ ဒေါသေ ဥဿန္နတရေ ဥဒကေန ဝိနဿတိ။ ကေစိ ပန ဒေါသေ ဥဿန္နတရေ အဂ္ဂိနာ၊ ရာဂေ ဥဿန္နတရေ ဥဒကေနာတိ ဝဒန္တိ။ မောဟေ ဥဿန္နတရေ ဝါတေန ဝိနဿတိ။ အဋ္ဌကထာ (ဒု၊နှာ-၅၂)

ယထာ ဟိ ရာဂ, ဒေါသ, မောဟာနံ, အဓိကဘာဝေန ယထာက္ကမံ ရောဂန္တရကပ္ပေါ, သတ္ထန္တရကပ္ပေါ, ဒုဗ္ဘိက္ခန္တရကပ္ပေါတိ ဣမေ တိဝိဓာ အန္တရကပ္ပါ ဝိဝဋ္ဋဋ္ဌာယိမှိ အသင်္ချေယျကပ္ပေ ဇာယန္တိ၊ ဧဝမေဝေ ယထာဝုတ္တာ တယော သံဝဋ္ဋာ ရာဂါဒီနံ အဓိကဘာဝေနေဝ ဟောန္တီတိ ဒဿေန္တော 'အကုသလမူလေသု ဟိ'တိ အာဒိမာဟ။ 'ဥဿန္နတရေ'တိ အတိဝိယ ဥဿန္နေ။ 'ရာဂေါ သတ္တာနံ ဗဟုလံ ပဝတ္တတိ'တိ ရာဂဝသေန ဗဟုသော လောကဝိနာသော။ ဋီကာ (ဒု၊နှာ-၅၄၊၅၅)

---

၁။ ဤကျမ်း၊ပ၊တွဲ၊နှာ ၁၂၄-ရှုပါ။

၂။ ဤမေးခွန်း၏ အဖြေများမှာ ပါဠိဖြင့်ပြထားသည်၊ အကျဉ်းချုပ် ဖော်ပြပါအံ့။ မကောင်းမှု အကုသိုလ်ကြောင့် လောကသည် ပျက်၏။

ရာဂ လွန်ကဲသောကြောင့် မီးဖြင့်ပျက်သည်၊ဒေါသလွန်ကဲသောကြောင့် ရေဖြင့်ပျက်သည်၊ (ကေစိဝါဒအရ—ဒေါသလွန်ကဲသောကြောင့် မီးဖြင့်ပျက်သည်။ ရာဂ လွန်ကဲသောကြောင့် ရေဖြင့်ပျက်သည်) မောဟ လွန်ကဲသောကြောင့် လေဖြင့် ပျက်သည်။

ရာဂ လွန်ကဲလျှင် ရောဂန္တရကပ်ဖြစ်သည်၊ ဒေါသ လွန်ကဲလျှင် သတ္ထန္တရကပ်ဖြစ်သည်၊ မောဟလွန်ကဲလျှင် ဒုဗ္ဘိက္ခန္တရကပ်ဖြစ်သည်။

**ပုဗ္ဗေနိဝါသအရကောက်။** ။ဤသို့ ဆိုအပ်ခဲ့ပြီးသော ကပ်တို့၌ ဖြစ်ခဲ့ဘူးသော မိမိသူတပါးတို့၏ ခန္ဓာငါးပါး၊ ထိုခန္ဓာငါးပါးနှင့် စပ်သမျှ ပညတ်, နိဗ္ဗာန် အလုံးစုံသည် ပုဗ္ဗေနိဝါသ မည်၏။

'ပုဗ္ဗေနိဝါသော'တိ ပုဗ္ဗေ အတီတဇာတီသု နိဝုတ္ထခန္ဓာ။ 'နိဝုတ္ထာ'တိ အဇ္ဈာဝုတ္ထာ အနုဘူတာ အတ္တနော သန္တာနေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါ။ နိဝုတ္ထဓမ္မာ ဝါ။ 'နိဝုတ္ထာ'တိ ဂေါစရနိဝါသေန နိဝုတ္ထာ အတ္တနော ဝိညာဏေန ဝိညာတာ ပရိစ္ဆိန္နာ, ပရဝိညာဏဝိညာတာပိ ဝါ ဆိန္နဝဋ္ဋမကာနုဿရဏာဒီသု။ တေ ဗုဒ္ဓါနံယေဝ လဗ္ဘန္တိ။ အဋ္ဌကထာ (ဒု၊နှာ-၄ဝ)

နိဝါသ-သဒ္ဒေါ ကမ္မသာဓနော၊ ခန္ဓဝိနိမုတ္တော စ နိဝသိတဓမ္မော နတ္ထီတိ အာဟ 'နိဝုတ္ထခန္ဓာ'တိ....။ ဧဝံ သသန္တတိ ပရိယာပန္နဓမ္မဝသေန နိဝါသ-သဒ္ဒဿ အတ္ထံ ဝတွာ ဣဒါနိ အဝိသေသေန ဝတ္တုံ 'နိဝုတ္ထဓမ္မာ ဝါ နိဝုတ္ထာ'တိ ဝတွာ တံ ဝိဝရိတုံ 'ဂေါစရနိဝါသေန'တိ အာဒိ ဝုတ္တံ။.... ဆိန္နဝဋ္ဋမကာ ပန သဗ္ဗေဝ အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗုတာ။ တေသံ အနုဿရဏံ နာမ တေသံ ပဋိပတ္တိယာ အနုဿရဏံ။
ဋီကာ (ဒု၊နှာ-၄၄၊၄၅)

အဋ္ဌကထာ, ဋီကာဟု သာမညာ မှာသမျှကို ဝိသုဒ္ဓိမဂ်ချည်းမှတ်။

**ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်သူ ၆-ဦး။** ။ဤ ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်သသူကား—တိတ္ထိ, ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါ, ဘုရား အားဖြင့် ခြောက်ပါးတည်း။

**တိတ္ထိတို့၏ ပုဗ္ဗေနိဝါသဉာဏ်။** ။ထိုတွင်'တိတ္ထိ'ဟူသည် အဘိညာရ သာသနာပ ဈာနလာဘီ ရသေ့စသည်တို့ကို ဆိုသည်။ ထို တိတ္ထိတို့သည် ကမ္ဘာလေးဆယ်သာ အောက်မေ့နိုင်၏။

ကသ္မာ၊ ဒုဗ္ဗလပညတ္တာ။ တေသဉှိ နာမရူပပရိစ္ဆေဒဝိရဟိတတ္တာ ဒုဗ္ဗလာ ပညာ ဟောတိ[၁]။ အဋ္ဌကထာ (ဒု၊နှာ-၄၁)

တေန ဝိပဿနာဘိယောဂေါ ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ ဝိသေသ-ကာရဏန္တိ ဒဿေတိ။ ဋီကာ (ဒု၊နှာ-၄၅)

**ပကတိသာဝကတို့၏ ပုဗ္ဗေနိဝါသဉာဏ်။** ။'ပကတိသာဝက'ဟူသည်ကား အဂ္ဂသာဝက, မဟာသာဝကတို့မှ တပါး

---

၁။ တိတ္ထိတို့သည် ကမ္ဘာလေးဆယ်မျှကိုသာ မြင်နိုင်သည်၊ အကြောင်းမှာ နာမ်ရုပ်ကို ပိုင်းခြား၍ သိနိုင်သော 'နာမရူပ ပရိစ္ဆေဒဉာဏ်'ကင်းမဲ့၍ ပညာအား နန့်သော ကြောင့်တည်း။

အဘိညာဉ်ရ ဘုရားတည့် ဟူသမျှတည်း။ ထိုသာဝကတို့သည် ကမ္ဘာအရာ အထောင် မြင်နိုင်ကုန်၏။

ဗလဝပညတ္တာ။ (ဝိသုဒ္ဓိ၊ ၂၊ ဒု၊ နှာ-၄၁)

**အဂ္ဂသာဝကစသည်တို့၏ ပုဗ္ဗေနိဝါသဉာဏ်။** ။အသီတိမဟာသာဝက, အဂ္ဂ-သာဝက, ပစ္စေကဗုဒ္ဓါတို့ကား ပါရမီဖြည့်ရာ ကမ္ဘာအတွင်းကို မြင်နိုင်ကုန်၏။

**ဘုရားရှင်၏ ပုဗ္ဗေနိဝါသဉာဏ်။** ။ဘုရားရှင်တို့အား အပိုင်းအခြားမရှိ။ ဤကား ကာလဝိဘာဂ။

## ဆောင်ပုဒ်သံပေါက်

ခန္ဓာစဉ်သာ၊ တိတ္ထိယာ၊ ပမာသူကာဏ်းလား။
သန္ဓေ,စုတိ၊ လည်းလျောက်၏၊ တပည့် ရွှေနှစ်ပါး။
အဂ္ဂ,ပစ္စေ၊ စု,သန္ဓေ၊ ရှုလေ ထင်ပိုင်းခြား။
ပုံ ပေယျာလာ၊ လိုရာရာ၊ ထင်လာ စောဘုရား။
ဝါလဝေဓိ၊ ကေသရီ၊ ကျမ်းညီ နည်းမပြား။
ပိုးစုန်း,ဆီမီး၊ ရှူးမီး,ကြယ်သောက်၊ လနှယ်တောက်၊
နေလောက် ထင်ခြောက်ပါး[၁]။

ဤကား အာရမ္မဏဂ္ဂဟဏ အာနုဘာဝ ဝိသေသတို့တည်း။
ပုဗ္ဗေနိဝါသာနုဿတိ ပြီး၏။

---

## ဒိဗ္ဗစက္ခုအဘိညာဉ်

**ဒိဗ္ဗစက္ခု စုတူပပါတ အဘိညာဉ်။** ။စုတိပဋိသန္ဓေ၏ အနီးကိုလည်း သိသောကြောင့် စုတူပပါတဉာဏ် ဟု အမည်ရသော ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရလိုသော ယောဂီသည် ဆိုခဲ့ပြီးသည့်အတိုင်း ကသိုဏ်းရှစ်ပါးတို့၌ စုဒ္ဒသာကာရအားဖြင့် စိတ်ကို ဆုံးမ၍ အင်္ဂါရှစ်ပါး, ဘူမိ, ပါဒ, ပဒ, မူလ တရားတို့ကို ပြည့်စုံစေပြီး၍ အာလောက, တေဇောဒါတကသိုဏ်း သုံးပါးတို့တွင် တပါးပါးကို ကျယ်ပြန့်အောင် ပွါးစေ၍ ဥပစာတွင်၍ ထားအပ်၏။ အပ္ပနာကို မဝင်စားအပ်။

---

[၁] နောက်ဆက်တွဲကြည့်။

ဣမေသု တီသု ကသိဏေသု အညတရံ အာသန္နံ ကာတဗ္ဗံ။ ဥပစာရ-ဈာနဂေါစရံ ဝဍ္ဎေတွာ ဌပေတဗ္ဗံ။ န တတ္ထ အပ္ပနာ ဥပ္ပါဒေတဗ္ဗာတိ အဓိပ္ပါယော။ သစေ ဟိ ဥပ္ပါဒေတိ၊ ပါဒကဈာနနိဿယံ ဟောတိ၊ န ပရိကမ္မနိဿယံ။ ဣမေသု စ တီသု အာလောက ကသိဏံယေဝ သေဋ္ဌတရံ။ အဋ္ဌကထာ (ဒု၊နှာ-၅၈)

'ပါဒကဈာနနိဿယံ ဟောတီ'တိ ပါဒကဈာနာရမ္မဏံ ဟောတိ။ 'န ပရိကမ္မနိဿယ'န္တိ ပရိကမ္မဿ တံ ကသိဏာရမ္မဏံ အပဿယော န ဟောတိ။ တသာ သတိ ရူပဒဿနံ န သိယာ။ ဋီကာ(ဒု၊နှာ-၆၂)

ထိုပွါးအပ်ပြီးသော ကသိုဏ်းအလင်း၏ အတွင်းသို့ရောက်သော အဆင်းကို မြင်ရခြင်းငှါ ပါဒကဈာန်ကို ဝင်စား၍ 'တေံ ရူပံ ပဿာမိ၊ တေဿ ရူပံ ပဿာမိ'ဟု ပရိကမ်ကို ပြုလျက် ရှုအပ်၏။ ထိုအာလောကအတွင်း အဆင်းကို မြင်လျှင် မြင်ခြင်း ပရိကမ် အားနည်းခြင်းကြောင့် အလင်းပျောက်သဖြင့် အဆင်းလည်း ကွယ်ပျောက်၏။

ရူပဂတံ ပဿတော ပနဿ ပရိကမ္မဝါရော အတိက္ကမတိ။ တတော အာလောကော အန္တရဓာယတိ။ တသ္မိံ အန္တရဟိတေ ရူပဂတမ္ပိ န ဒိဿတိ။ အဋ္ဌကထာ(ဒု၊နှာ-၅၈။)

ဣဓ ပရိကမ္မံ နာမ ယထာဝုတ္တ ကသိဏာရမ္မဏံ ဥပစာရဈာနံ၊ တံ ရူပဂတံ ပဿတော နပ္ပဝတ္တတိ။ ကသိဏာလောကဝသေန စ ရူပဂတဒဿနံ၊ ကသိဏာလောကော စ ပရိကမ္မဝသေနာတိ တဒုဘယမ္ပိ ပရိကမ္မဿ အပ္ပ-ဝတ္တိယာ န ဟောတိ။ တေနာဟ 'တတော။ပ။ န ဒိဿတီ'တိ။ ဋီကာ (မဟာ၊ဒု၊နှာ-၆၂။)

ထိုသို့ အဆင်းလည်း ပျောက်ကွယ်သောအခါ ပါဒကဈာန်ကို အဖန်ဖန် ဝင်စား၍ အလင်းကို ဖြန့်အပ်၏။

အလင်း အားရှိသောအခါ 'တွေ အာလောကော ဟောတု'-ဟု မိဋ္ဌာန် ပိုင်းခြားလျှင် ထားတိုင်းသောအရပ်၌ တနေ့ပတ်လုံးပင် အလင်းတည်၍ အဆင်းကို မြင်နိုင်၏။ ညဉ့်အခါ မြက်မီးစည်းကို မြှေကြိုး၌ ပွတ်ကာ ပွတ်ကာ ခရီး သွားစဉ် နေတက်၍လာသဖြင့် မြက်မီးစည်းကို စွန့်ပစ်၍ တနေ့ပတ်လုံး နေရောင် အလင်းဖြင့် ခရီးသွားသော ယောကျ်ားကဲ့သို့တည်း။

ထိုသို့ အားထုတ်သဖြင့် အကြင်အခါ မံသစက္ခုဖြင့် မမြင်ရသော အန္တော ကုစ္ဆိဂတ အဆင်း, ဟဒယ ဝတ္ထု နိဿိတ အဆင်း, ဟေဋ္ဌာပထဝီတလနိဿိတ-

တိရောကုဋ္ဋ ပဗ္ဗတ ပါကာရဂတ–ပရစက္ကဝါဠဂတ အဆင်းတို့ကို မံသစက္ခုဖြင့် ကဲ့သို့ မြင်ရ၏။ ထိုအခါ ဒိဗ္ဗစက္ခုအဘိညာ ဖြစ်ပြီဟူ၍ မှတ်အပ်၏။

တဒေဝ စေတ္ထ ရူပဒဿနသမတ္ထံ၊ န ပုဗ္ဗဘာဂစိတ္တာနိ။ အဋ္ဌကထာ (ဒု၊နှာ-၅၉။)

'တဒေဝါ'တိ ဒိဗ္ဗစက္ခုမေဝ။ 'ရူပဒဿန သမတ္ထ'န္တိ ရူပံ သဘာဝတော ဝိဘာဝနသမတ္ထံ စက္ခုဝိညာဏံ ဝိယ။ 'ပုဗ္ဗဘာဂစိတ္တာနိ'တိ အာဝဇ္ဇနပရိကမ္မသင်္ခါတာနိ ပုဗ္ဗဘာဂစိတ္တာနိ။ တာနိ ဟိ အာရမ္မဏံ ကရောန္တာနိပိ န ယာထာဝတော တံ ဝိဘာဝေတွာ ပဝတ္တန္တိ အာဝဇ္ဇနသမ္ပဋိစ္ဆနစိတ္တာနိ ဝိယ။ ဋီကာ (ဒု၊နှာ-၆၃။)

**တဆက်တည်း ဓာတုသညာကို ရှုရခြင်း။** ။ဤ ဒိဗ္ဗစက္ခု အဘိညာဉာဏ်သည် ပုထုဇဉ်အား မြေ, တောင်, သမုဒ္ဒြာတို့ကို ထွင်းဖောက်၍သော်လည်း အလင်းရောက်ရာတို့၌ ကြောက်မက်ဘွယ်သော ဘီလူးရက္ခိုသ် စသည်တို့ကို မြင်ရသဖြင့် ဈာန်မှ လျှောကျ ရူးသွပ်ခြင်း စသည်ဖြင့် ဘေးဘယကို ဖြစ်စေတတ်ရကား ဒိဗ္ဗစက္ခုတွင်၍ မရောင့်ရဲပဲ ဓာတုသညာ ဝိပဿနာဘိယောဂ သစ္စာဘိသမယတို့၏ အစွမ်းဖြင့် ကမ်းခပ်အောင် ခံအပ်၏။

ဒိဗ္ဗစက္ခု ပြီး၏။

---

## ယထာကမ္မုပဂ,အနာဂတံသအဘိညာဉ်

**ယထာကမ္မုပဂဉာဏ်, အနာဂတံသဉာဏ်** နှစ်ပါးကား ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုဆင်ခြင်၍ မြင်ရပြီးသောသတ္တဝါတို့၏ ရှေးပြုခဲ့ဘူးသော ကံကိုရင်း, နောင်ဖြစ်လတ္တံ့သော အနာဂတ်ခန္ဓာနှင့် စပ်သမျှကိုရင်း မြင်ရနိုင်သည်ဖြစ်၍ ဒိဗ္ဗစက္ခုနှင့်ကင်း၍ ပရိကမ် အသီးအခြား မရှိ။ ဒိဗ္ဗစက္ခုလျှင် အခြေရှိသောကြောင့် ဒိဗ္ဗစက္ခုကို ရပြီးမှ ဝီထိသင်္ဂဟ (ဤကျမ်း၊ပ-တွဲ၊ နှာ-၉၄)၌ ပြခဲ့ပြီးသည်အတိုင်း လေးဝီထိ ကျစေ၍ ယထာကမ္မုပဂ,အနာဂတံသ အဘိညာ နှစ်ပါးကို ဝင်စားအပ်၏။

ယထာကမ္မုပဂဉာဏဿ အနာဂတံသဉာဏဿ စ ဝိသုံ ပရိကမ္မံ နာမ နတ္ထိ၊ ဒိဗ္ဗစက္ခုပါဒကာနေဝ ဟိ ဣမာနိ ဒိဗ္ဗစက္ခုနာ သဟေဝ ဣဇ္ဈန္တိ။ အဋ္ဌကထာ (ဒု၊နှာ-၅၅)

'ဝိသုံ ပရိကမ္မံ နတ္ထီ'တိ ဣဒံ ပန ဒိဗ္ဗစက္ခုဉာဏေန ဝိနာ ဒိန္နံ ဉာဏာနံ ဝိသုံ ပရိကမ္မံ နတ္ထီတိ အဓိပ္ပါယေန ဝုတ္တံ။ ဧဝဉ္စတံ ဣစ္ဆိတဗ္ဗံ၊ အညထာ တေသံ မဟဂ္ဂတဘာဝေါ ဧဝ န သိယာ။ ဋီကာ (ဒု၊ နှာ-၅၈)

**ပရိကမ်အသီးအခြားမရှိဆိုရာဌ် အဆုံးအဖြတ်။** ။သို့ ဒိဗ္ဗစက္ခုနှင့် မကင်းသော ကြောင့် ပရိကမ် အသီး အခြား မရှိဆိုလျှင် စေတောပရိယာယ အဘိညာလည်း ဒိဗ္ဗစက္ခုရှေ့သွားရှိ၍ ဒိဗ္ဗစက္ခုနှင့် မကင်းသည် မဟုတ်လော ဟူမူ စေတောပရိယာယအဘိညာမှာ ဒိဗ္ဗစက္ခုကို ရပြီးနောက် ဒိဗ္ဗစက္ခုဖြင့် နှလုံးသွေး၏ အဆင်းကို ကြည့်ရှုခြင်း စသည်ဖြင့် ဆိုခဲ့ပြီးသည့်အတိုင်း များစွာ ပရိကမ်ပြုရသေးသည်။ ဤ ယထာ-ကမ္မုပဂ, အနာဂတံသ နှစ်ပါးမှာကား မင်္ဂ၏အစွမ်းဖြင့် ပါသော သမာပတ်, အဘိညာ, ပဋိသမ္ဘိဒါဉာဏ်တို့ကဲ့သို့ ဒိဗ္ဗစက္ခုပြီးသည်နောက် ကောက်၍ အသာ ဝင်စားရုံမျှသာ ဖြစ်၍ ယင်းနှစ်ပါးကိုသာ ပရိကမ်အသီးအခြား မရှိဟု ဆိုသည် ဖြစ်မည်။

ဤ ဒိဗ္ဗစက္ခု၏ အခြံအရံ ပရိဘဏ္ဍဉာဏ်[၁] နှစ်ပါးနှင့် တကွ လောကီအဘိညာ ခုနစ်ပါးဖြစ်၏။

## အဘိညာဉ် ၇-ပါး မှတ်သားဘွယ်

ဤ အဘိညာခုနစ်ပါးတို့၌ ပကိဏ္ဏက ကထာကား—

အာလမ္ဗနတ္တိကာ ဝုတ္တာ၊ ယေ စတ္တာရော မဟေသိနာ။
သတ္တန္နမပိ ဉာဏာနံ၊ ပဝတ္တိံ တေသု ဒီပယေ[၂]။

မဟေသိနာ၊ မြတ်စွာဘုရားသည်။ ယေ စတ္တာရော အာလမ္ဗနတ္တိကာ၊ အကြင် အာရမ္မဏတိက် ၄-ခုတို့ကို။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်ပြီ။ တေသု၊ ထိုအာရုံ ဆယ်ပါးတို့၌။ သတ္တန္နံ အပိ ဉာဏာနံ၊ ခုနစ်ပါး ဖြစ်ကုန်သော အဘိညာဉ်ဉာဏ် တို့၏လည်း။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ ဒီပယေ၊ ပြရာ၏။

**အာရုံ ၁၀-ပါး။** ။အာရုံဆယ်ပါး ဟူသည်ကား—ပရိတ္တတိက် သုံးပါး, မဂ္ဂါ-ရမ္မဏ တပါး, အတီတာရမ္မဏတိက် သုံးပါး, အဇ္ဈတ္တ, ဗဟိဒ္ဓ နှစ်ပါး, ဗဟိဒ္ဓဝိသေသ ဖြစ်သော ပညတ်နှင့် ဆယ်ပါးတည်း။

**အဘိညာဉ် ၇-ပါးတို့ အာရုံပြုပုံ။** ။ထိုတွင် ဣဒ္ဓိဝိဓသည် အပ္ပမာဏ, မဂ္ဂ, ပညတ် သုံးပါးကို ကြဉ်၍ ခုနစ်ပါးတို့၌ ဖြစ်၏။

ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတတို့သည် ပရိတ္တ, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓလေးပါးတို့ကို အာရုံပြုကုန်၏။

ပုဗ္ဗေနိဝါသာနုဿတိသည် အနာဂတ်, ပစ္စုပ် နှစ်ပါးကို ကြဉ်၍ ရှစ်ပါးတို့၌ ဖြစ်၏။

---

၁။ ပရိဘဏ္ဍ=အခြံအရံ။　　　　၂။ ဝိသုဒ္ဓိ၊ ၃၊ ဒု၊ နှာ-၆။

အနာဂတံသ သည် အတိတ်နေရာ၌ အနာဂတ်ကို လဲ၍ ရှစ်ပါးတို့ကိုပင် အာရုံပြု၏။

စေတောပရိယာယသည် အဇ္ဈတ္တ,ပညတ် နှစ်ပါးမှ ကြွင်းသော ရှစ်ပါးတို့ကို အာရုံပြု၏။

ယထာကမ္မူပဂ သည် လောကီ ကုသိုလ်,အကုသိုလ်စိတ္တုပ္ပါဒ်ဟူသော ပရိတ္တ, မဟဂ္ဂတ,အတီတ,အဇ္ဈတ္တ,ဗဟိဒ္ဓ ငါးပါးတို့ကို အာရုံပြု၏။

**အဘိညာဉ် ၇-ပါး အာရုံပြုရာ၌ ခက်ဆစ်အဆုံးအဖြတ်။ ။ထိုတွင် ခက်ရာ၌ ဝိနိစ္ဆယ အမြွက်ကား—**

ဣဒ္ဓိဝိဓသည် 'စိတ္တဝသေန ကာယံ ပရိဏာမေတိ'ပြု၍ မထင်ရှားသော ကိုယ်ဖြင့် သွားသောအခါ ဥပယောဂလဒ္ဓကာယ၏ အဆင်းဟူသော ပရိတ္တ ပစ္စုပ္ပန်, အဇ္ဈတ္တကို အာရုံပြု၏။ 'ကာယဝသေန စိတ္တံ ပရိဏာမေတိ' ပြု၍ ထင်ရှားသော ကိုယ်ဖြင့် သွားသောအခါ ဒုတိယာဝိဘတ်နှင့် ပြသော ပါဒကစျာန်စိတ်ဟူသော မဟဂ္ဂုတ် အတိတ် အဇ္ဈတ္တကို အာရုံပြု၏။

ပုဗ္ဗေနိဝါသာနုဿတိ အဘိညာဉ်—

ကိဉ္စာပိ စေတောပရိယာယ,ယထာကမ္မူပဂညာဏာနိပိ အတီတာရမ္မဏာနိ ဟောန္တိ၊ အထ ခေါ တေသံ စေတောပရိယာယညာဏဿ သတ္တဒိဝသဗ္ဘန္တရာတီတံ စိတ္တမေဝ အာရမ္မဏံ။....ယထာကမ္မူပဂညာဏဿ စ အတီတစေတနာမတ္တမေဝ အာရမ္မဏံ။ ပုဗ္ဗေနိဝါသညာဏဿ ပန အတီတာ ခန္ဓာ ခန္ဓပဋိဗဒ္ဓဉ္စ ကိဉ္စိ အနာရမ္မဏံ နာမ နတ္ထိ။ တဉ္ဟိ အတီတခန္ဓ ခန္ဓပဋိဗဒ္ဓေသု သဗ္ဗညုတ ညာဏသမဂတိကံ ဟောတီတိ အယံ ဝိသေသော ဝေဒိတဗ္ဗော။ အယမေတ္ထ အဋ္ဌကထာနယော။ ယသ္မာ ပန "ကုသလာ ခန္ဓာ ဣဒ္ဓိဝိဓညာဏဿ,စေတောပရိယာယညာဏဿ,ပုဗ္ဗေနိဝါသာနုဿတိညာဏဿ,ယထာကမ္မူပဂညာဏဿ, အနာဂတံသညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော"တိ ပဋ္ဌာနေ ဝုတ္တံ။ တသ္မာ စတ္တာရောပိ ခန္ဓာ စေတောပရိယာယညာဏ, ယထာကမ္မူပဂညာဏာနံ အာရမ္မဏံ ဟောန္တိ။ တတြာပိ ယထာကမ္မူပဂညာဏဿ ကုသလာကုသလာ ဧဝါတိ။....နာမဂေါတ္တပထဝီနိမိတ္တာဒိ အနုဿရဏကာလေ နဝတ္တဗ္ဗာရမ္မဏံ ဟောတိ။ 'နာမဂေါတ္တ'န္တိ စေတ္ထ ခန္ဓူပနိဗန္ဓော သမ္မုတိသိဒ္ဓေါ ဗျဉ္ဇနတ္ထော ဒဋ္ဌဗ္ဗော၊ န ဗျဉ္ဇနံ။ ဗျဉ္ဇနဉ္ဟိ သဒ္ဒါယတနသင်္ဂဟိတတ္တာ ပရိတ္တံ ဟောတိ။ ယထာဟ 'နိရုတ္တိပဋိသမ္ဘိဒါ ပရိတ္တာရမ္မဏာ'တိ။ အယမေတ္ထ အမှာကံ ခန္တိ။ အဋ္ဌကထာ (ဒု၊နှာ-၆၃၊၆၄)

စေတောပရိယာယ အဘိညာဉ်၌ အောက်,အောက် ပုဂ္ဂိုလ်သည် အထက်, အထက် အရိယာပုဂ္ဂိုလ်၏ စိတ်ကို မသိနိုင်။ အတိတ်, အနာဂတ် ဟူရာ၌ ရှေ့ခုနစ်ရက် နောက်ခုနစ်ရက် အတွင်းကိုသာ ယူ။

ပစ္စုပ္ပန် ၃-မျိုး။ ။ပစ္စုပ္ပန်သည် ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန် အားဖြင့် သုံးပါး ပြား၏။

ထိုတွင် ခဏတ္တယ အခိုက်သည် ခဏ ပစ္စုပ္ပန် မည်၏။

အမိုက်မှ အလင်းသို့,အလင်းမှ အမိုက်သို့ ရောက်သောသူအား အာရုံ မထင်ရှားခင်ရှင်း,ခဝါဖွပ်ခြင်း စသည်ကို အဝေးကမြင်လျက် အသံမကြားခင်ရှင်း သန္တတိဝါရ တခု, နှစ်ခု မည်၏၊ မဇ္ဈိမဘာဏက ဝါဒတည်း။ ယင်း ဆိုခဲ့ပြီး သည်ကား ရူပသန္တတိ မည်၏။ ကာမဇောဝါရ နှစ်ခု,သုံးခု သည် အရူပသန္တတိ မည်၏၊ သံယုတ္တဘာဏက ဝါဒတည်း။ ဤအလုံးစုံသော အစဉ်သည် သန္တတိ ပစ္စုပ္ပန် မည်၏။

တဘဝလုံးသည် အဒ္ဓါပစ္စုပ္ပန် မည်၏။

ထိုတွင် သန္တတိ,အဒ္ဓါပစ္စုပ္ပန် နှစ်ပါးကိုသာ အာရုံပြု၏။ ထိုတွင် ဖြစ်ဆဲ ဇောဝီထိမှ ရှေ့,နောက် နှစ်ဝီထိ,သုံးဝီထိခန့် ကာလ၌ဖြစ်သော သူတပါး စိတ်သည် သန္တတိ ပစ္စုပ္ပန် မည်၏။

အဒ္ဓါပစ္စုပ္ပန္နံ ပန ဇဝနဝါရေန ဒီပေတဗ္ဗန္တိ သံယုတ္တအဋ္ဌကထာယံ ဝုတ္တံ။ တံ သုဋ္ဌု ဝုတ္တံ[၁]။ အဋ္ဌကထာ (ဒု၊နှာ-၆၃)

အဒ္ဓါ ပစ္စုပ္ပန္နံ ဇဝနဝါရေန ဒီပေတဗ္ဗံ၊ န သကလေန ပစ္စုပ္ပန္နဒ္ဓုနာတိ အဓိပ္ပါယော[၂]။ ဋီကာ (ဒု၊နှာ-၆၆)

ပြဟန်ကား—ဣဒ္ဓိမာ ပုဂ္ဂိုလ်သည် သူတပါးစိတ်ကို ဆင်ခြင်လတ်သော် အာဝဇ္ဇန်းသည် ခဏ ပစ္စုပ္ပန်ကို အာရုံပြု၏။ ပရိကမ်,ဥပစာ,အနုလုံ,ဂေါတြဘူ အဘိညာစိတ်တို့သည် ထိုချုပ်လေပြီးသော စိတ်ကို အာရုံပြုကုန်၏။

---

၁။ အဒ္ဓါပစ္စုပ္ပန္နံ ပန၊ အဒ္ဓါ ပစ္စုပ္ပန်ကိုကား။ ဇဝနဝါရေန၊ ဇောဝါရဖြင့်။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ ဣတိ၊ ဤသို့။ သံယုတ္တအဋ္ဌကထာယံ၊ သံယုတ္တအဋ္ဌကထာ၌။ (ယံ၊ အကြင် စကားကို။) ဝုတ္တံ၊ ဆိုအပ်၏။ တံ၊ ထိုစကားသည်။ သုဋ္ဌု၊ ကောင်းစွာ။ ဝုတ္တံ၊ ဆိုအပ်သော စကားတည်း။

၂။ အဒ္ဓါ ပစ္စုပ္ပန္နံ၊အဒ္ဓါပစ္စုပ္ပန်ကို။ ဇဝနဝါရေန၊ ဇောဝါရဖြင့်။ ဒီပေတဗ္ဗံ၊ ပြအပ်၏။ သကလေန၊ အလုံးစုံသော။ ပစ္စုပ္ပန္နဒ္ဓုနာ၊ ပစ္စုပ္ပန်အခွန့်ကာလဖြင့်။ န ဒီပေတဗ္ဗံ၊ မပြအပ်။ ဣတိ၊ ဤကား။ အဓိပ္ပါယော၊ အဓိပ္ပါယ်တည်း။

န စ တာနိ နာနာရမ္မဏာနိ ဟောန္တိ၊ အဒ္ဓါဝသေန ပစ္စုပ္ပန္နာရမ္မဏတ္တာ။ ဧကာရမ္မဏတ္တေပိ စ လဒ္ဓိစိတ္တမေဝ ပရဿ စိတ္တံ ဇာနာတိ၊ န လူဇရာနိ။ ယထာ စက္ခုဒွါရေ စက္ခုဝိညာဏမေဝ ရူပံ ပဿတိ၊ န လူတရာနိတိ။ လူတိ လူဒံ သန္တတိပစ္စုပ္ပန္နဿ စေဝ အဒ္ဓါပစ္စုပ္ပန္နဿ စ ဝသေန ပစ္စုပ္ပန္နာရမ္မဏံ ဟောတိ။ ယသ္မာ ဝါ သန္တတိပစ္စုပ္ပန္နမ္ပိ အဒ္ဓါပစ္စုပ္ပန္နေယေဝ ပတတိ၊ တသ္မာ အဒ္ဓါပစ္စုပ္ပန္နဝသေနေဝေတံ ပစ္စုပ္ပန္နာရမ္မဏန္တိ ဝေဒိတဗ္ဗံ။[၁]

အဋ္ဌကထာ (ဒု၊နှာ-၆၃)

အဘိညာ ပြီး၏။

လူတိ သမထနယော စုဒ္ဒသမော။

---

၁။ တာနိ၊ ထို အဘိညာဥ်ဇောဖြစ်သည့် လဒ္ဓိစိတ်မှ ကြွင်းသော အလုံးစုံသော အာဝဇ္ဇန်းစသည်တို့နှင့်တကွ အခြားသော ဇောစိတ်တို့သည်။ နာနာရမ္မဏာနိ၊ အထူးထူး(ကွဲပြား)သော အာရုံ ရှိကုန်သည်။ န စ ဟောန္တိ၊ မဖြစ်ကုန်သလျှင်တည်း။ (ကသ္မာ၊ အဘယ့်ကြောင့်နည်း။) အဒ္ဓါဝသေန၊ အဒ္ဓါ၏ အစွမ်းဖြင့်။ ပစ္စုပ္ပန္နာရမ္မဏတ္တာ၊ ပစ္စုပ္ပန် အာရုံရှိသောကြောင့်တည်း။ စ၊အထူးကိုဆိုအံ့။ဧကာရမ္မဏတ္တေ၊ တခုသော အာရုံရှိသည်၏ အဖြစ်သည်။ သတိပိ၊ ရှိပါသော်လည်း။ လဒ္ဓိစိတ္တမေဝ၊ လဒ္ဓိစိတ်သည်သာလျှင်။ ပရဿ စိတ္တံ၊ သူတပါး၏ စိတ်ကို။ ဇာနာတိ၊ သိနိုင်၏။ လူတရာနိ၊ လဒ္ဓိစိတ်မှ တပါးသော အာဝဇ္ဇန်းပရိကံ စိတ်တို့သည်။ န ဇာနန္တိ၊ မသိကုန်။ စက္ခုဒွါရေ၊ စက္ခုဒွါရ၌။ စက္ခုဝိညာဏမေဝ၊ စက္ခုဝိညာဉ်စိတ်သည် သာလျှင်။ ရူပံ၊ အဆင်းရူပါရုံကို။ ပဿတိယထာ၊ မြင်သကဲ့သို့။ လူတရာနိ၊ စက္ခုဝိညာဉ်မှ တပါးသော အာဝဇ္ဇန်း သမ္ပဋိစ္ဆိုင်း စသောစိတ်တို့သည်။ န ပဿန္တိ ယထာ၊ မမြင်ကုန်သကဲ့သို့တည်း။ လူတိ၊ ဤသို့။ လူဒံ၊ ဤစေတောပရိယအဘိညာသည်။ သန္တတိ ပစ္စုပ္ပန္နဿ စေဝ၊ သန္တတိ ပစ္စုပ္ပန်၏ရင်း။ အဒ္ဓါပစ္စုပ္ပန္နဿ စ၊ အဒ္ဓါပစ္စုပ္ပန်၏ရင်း။ ဝသေန၊ အစွမ်းဖြင့်။ ပစ္စုပ္ပန္နာရမ္မဏံ၊ ပစ္စုပ္ပန်အာရုံရှိ သည်။ ဟောတိ၊ ဖြစ်၏။ ဝါ၊ တနည်းကား။ ယသ္မာ၊ အကြင်ကြောင့်။ သန္တတိပစ္စုပ္ပန္နမ္ပိ၊ သန္တတိ ပစ္စုပ္ပန်သည်လည်း။ အဒ္ဓါ ပစ္စုပ္ပန္နေယေဝ။ အဒ္ဓါ ပစ္စုပ္ပန်၌သာလျှင်။ ပတတိ၊ ကျ၏။ တသ္မာ၊ ထိုကြောင့်။ ဧတံ၊ ထိုစေတောပရိယဉာဏ်သည်။ အဒ္ဓါ ပစ္စုပ္ပန္နဝသေန၊ အဒ္ဓါ ပစ္စုပ္ပန်၏ အစွမ်းဖြင့်။ ပစ္စုပ္ပန္နာရမ္မဏံ၊ ပစ္စုပ္ပန် အာရုံရှိ၏။ လူတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

# ပညာနိဒ္ဒေသ

## ၁၅-ဝိပဿနာနည်း

ဣဒါနိ ဝိပဿနာနယော ဝုစ္စတေ။

ဆိုအပ်ခဲ့ပြီးသော အဘိညာတို့၏ အစွမ်းဖြင့် ရအပ်ပြီးသော အာနိသံရှိသည် ဖြစ်၍ မြဲမြံခိုင်ခံ့လှစွာသော သမာဓိဘာဝနာလေးဆယ်တို့တွင် တပါးပါးကို ရပြီးသော ပုဂ္ဂိုလ်သည် ထိုသမာဓိဘာဝနာ၏ နိဗ္ဗေဓဘာဂိယ ဝိဝဋ္ဋနိဿိတ ဖြစ်ခြင်း, သံသရာနစ်မွန်းသတ်၍ နိဗ္ဗူသောင်ကမ်း ကူးခတ်ခြင်းအကျိုးငှါ ယင်းသမာဓိကို အခြေပြုလျက် ဝိပဿနာသို့ တက်အပ်၏။

ထိုဝိပဿနာသို့ ဥပစာကလည်း တက်ရ၏။ အပ္ပနာသို့ ရောက်ပြီးမှလည်း တက်ရ၏။

**ဝိပဿနာအစိပ္ပါယ်။** ။ဝိပဿနာဟူသည်ကား—

> ပညာယ လက္ခဏာဒီနိ၊ သဘာဝပ္ပဋိဝေဓနံ။
> မောဟန္ဓဝိဒ္ဓံသနဥ္စ၊ အသံမောဟော သမာဓိ စ[၁]။

**ပညာ၏လက္ခဏ, ရသစသည်။** ။ပညာယ၊ ဝိပဿနာပညာ၏။ လက္ခဏာဒီနိ၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား။

**လက္ခဏ။** ။သဘာဝပ္ပဋိဝေဓနံ၊ ပထဝီ,ဖဿစသည်တို့၏ ကက္ခဋ္ဋ, ဖုသနစသော မိမိသဘော, အနိစ္စတာစသော သာမညသဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာသည်ရင်း။

**ရသ။** ။မောဟန္ဓဝိဒ္ဓံသနဥ္စ၊ ယင်းသဘောကို ဖုံးလွှမ်းတတ်သော မောဟ မိုက်မှောင်ကို ဖျက်ဆီးခြင်းကိစ္စသည်ရင်း။

**ပစ္စုပဋ္ဌာန်။** ။အသံမောဟော စ၊ ယင်းသဘော၌ မတွေဝေခြင်း ဉာဏ်အား ထင်သောအခြင်းအရာ, မတွေဝေခြင်းအကျိုးသည်ရင်း။

**ပဒဋ္ဌာန်။** ။သမာဓိ စ၊ ဝိပဿနာ၏ အကြောင်း ကောင်းစွာတည်ကြည်ခြင်း သမာဓိသည်ရင်းတည်း။ ဝါ၊ သမာဓိသည်ရင်း။ပညာယ၊ပညာ၏။ လက္ခဏာဒီနိ၊ လက္ခဏာစသည် မည်ကုန်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒုၤန္ဓာ-၆၇ လာ စုဏ္ဏိယကို ဂါထာစီထားသည်။

## ဝိပဿနာ ပညာအမျိုးမျိုးကို ဝေဖန်၍ ပြခြင်း

ပညာ ၁-ပါး။ ။ဤသို့သော လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်ရှိသော ဓမ္မသဘာဝပဋိဝေဓလက္ခဏာအားဖြင့် တပါး။

ပညာ ၂-ပါးစု ၅-လီ။ ။လောကီ,လောကုတ္တရာ၊ သာသဝ၊ အနာသဝါဒိ၊ နာမ,ရူပ ဝဝတ္ထာပန၊ သောမနဿုပေက္ခာသဟဂတ၊ ဒဿန, ဘာဝနာ ဘူမိ အားဖြင့် နှစ်ပါးငါးလီ။

ပညာ ၃-ပါးစု ၄-လီ။ ။စိန္တာ,သုတ,ဘာဝနာမယ၊ပရိတ္တ,မဟဂ္ဂတ,အပ္ပမာဏာ-ရမ္မဏ၊ အာယ, အပါယ, ဥပါယကောသလ္လ၊ အဇ္ဈတ္တ[၁], ဗဟိဒ္ဓ,တဒုဘယာ ဘိနိဝေသ အားဖြင့် သုံးပါးလေးလီ။

ပညာ ၄-ပါးစု ၂-လီ။ ။စတုသစ္စဉာဏ်, စတုပ္ပဋိသမ္ဘိဒါအားဖြင့် လေးပါးနှစ်လီ–

ဝိပဿနာမည်ပုံ။ ။(ဤသို့) အပြားရှိသော အဓိပညာသိက္ခာ, ပရိယော-သာနကလျာဏ, စတုပ္ပဋိသမ္ဘိဒူပနိဿယ, မဇ္ဈိမပ္ပဋိပတ္တိ-သေဝန, သဗ္ဗဘာဝသမတိက္ကမနူပါယ, သမုစ္ဆေဒပဟာန, အနုသယပဋိပက္ခ, ဒိဋ္ဌိသံကိလေသဝိသောဓန, ခီဏာသဝဘာဝကာရဏ[၂] အစရှိသော သတ္တိဂုဏ်နှင့်

၁။ အာယ=ကြီးပွါးတိုးတက်ခြင်း၊ (အကျိုးမဲ့ကို ဆုတ်ယုတ်စေခြင်း အကျိုးစီးပွါးကို ဖြစ်စေခြင်း၌ လိမ္မာကျွမ်းကျင်သောဉာဏ်ပညာသည် အာယကောသလ္လမည်၏) အပါယ=(အပ=ကင်းခြင်း။ အာယ၊ ကြီးပွါးတိုးတက်ခြင်း) မကြီးပွါးခြင်း, ဆုတ်ယုတ်ခြင်း။(အကျိုးစီးပွါးကို ဆုတ်ယုတ်စေခြင်း အကျိုးမဲ့ကိုဖြစ်စေခြင်း၌ လိမ္မာကျွမ်းကျင်စွာ ပိုင်းခြား၍ သိသောဉာဏ်ပညာသည် အပါယကောသလ္လ မည်၏)။

ဥပါယ ကောသလ္လ= အကြောင်းဥပါယ်၌ လိမ္မာ ကျွမ်းကျင်သော ဉာဏ်ပညာ (မမြော်လင့်ပဲ လတ်တလော ရုတ်တရက်ကိစ္စ ဖြစ်ပေါ်လာသောအခါ, လောလောဆယ် ဘေးဖြစ်သောအခါတို့၌ ထိုကိစ္စ,ထိုဘေးတို့ကို ချက်ခြင်းပြီးမြောက် ငြိမ်းအေးစေရန် အကြောင်း၌ လိမ္မာကျွမ်းကျင်သော တခဏုပ္ပတ္တိကဉာဏ်, ဌာနုပ္ပတ္တိကဉာဏ်သည် ဥပါယ ကောသလ္လမည်၏)။

အဇ္ဈတ္တ အဘိနိဝေသ=မိမိခန္ဓာကိုယ်ကို နှလုံးသွင်းခြင်း။(မိမိ၏ ခန္ဓာကိုယ်ကို ယူ၍ ရှု၍ အားထုတ်အပ်သော ဝိပဿနာပညာ)။

၂။ အဓိပညာသိက္ခာ=ဘဝမှ လွတ်မြောက်စေသော လွန်ကဲမြင့်မြတ်သည့် ဝိပဿနာ, မဂ်တို့၌ ရှိသော ပညာဟူသော အကျင့်။

ပရိယောသာနကလျာဏ=ပဋိပတ္တိသာသနာ၏ 'အဆုံး၏ ကောင်းခြင်း'၊ (ကိလေသာအားလုံးကို အရဟတ္တမဂ်ဉာဏ်ဖြင့် အကြွင်းမရှိ ပယ်ဖြတ်ခြင်းဖြင့် မိမိစိတ်

ပြည့်စုံသော ပညာအပေါင်းတို့တွင် ဤအာဒိကမ္မိကအရာ၌ လိုအပ်သော မဟာကုသိုလ် ဉာဏသမ္ပယုတ်လေးခု၌ ရှိသော ပညာသည် "ခန္ဓာဒိသင်္ခတဓမ္မေ အနိစ္စာဒိဝိဝိဓာကာရေန ပဿတီတိ ဝိပဿနာ" ဟူသော ဝစနတ္ထကြောင့် ဝိပဿနာ မည်၏။

မဂ်လေးခု၌ရှိသော ပညာလည်း—

သာ ဟိ သင်္ခါရာနံ အနိစ္စတာဒိံ အဂ္ဂဏှန္တီပိ ဝိပဿနာကိစ္စပါရိပူရိယာ နိဗ္ဗာနဿ ဝါ တထလက္ခဏံ ဝိသေသတော ပဿတီတိ ဝိပဿနာတိ ဝုစ္စတိ။

ဋီကာ (ဒု၊နှာ-၇၉)

လာသည့်အတိုင်း သင်္ခါရတို့၏ အနိစ္စတာစသောလက္ခဏာကိုမယူသော်လည်း ဝိပဿနာကိစ္စ မဂ်သို့ကျမှ ပြည့်စုံ ပြီးပြေခြင်းကြောင့်၎င်း၊ နိဗ္ဗာန်၏ မဖောက်မပြန်သော သန္တိလက္ခဏာကို အသီးအားဖြင့် ရှုတတ်သောကြောင့်၎င်း ဝိပဿနာ မည်၏။

ဂေါတြဘုဉာဏ်ကား မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သောကြောင့် ဝိပဿနာ ဟူသော ဝေါဟာရကို မရ။ မဟာကြိယာသမ္ပယုတ်၌ ရှိသော ဉာဏ်လည်း ဝိပဿနာမည်သော်လည်း ဤအာဒိကမ္မိကအရာ၌ မလိုအပ်။

---

ကို သုတ်သင်ဖြူစင်စေခြင်းကို ပဋိပတ္တိသာသနာ၏ 'အဆုံး၏ကောင်းခြင်း'ဟု ဆိုသည်)။

စတုပ္ပဋိသမ္ဘိဒူပနိဿယ=ပဋိသမ္ဘိဒါ ၄-ပါး၏ အားကြီးသော မှီရာအကြောင်း။

မဇ္ဈိမပဋိပတ္တိသေဝန=အာရုံငါးပါးကို တွယ်တာငြိကပ်စေသော အကျင့်, ခန္ဓာကိုယ်ကို ပင်ပန်းစေသည့် အကျင့်မျိုး မဟုတ်သော မဂ္ဂင် ၈-ပါးဟူသော လမ်းမှန် မဇ္ဈိမအကျင့်ကို မှီဝဲခြင်း။

သဗ္ဗဘဝ သမတိက္ကမနူပါယ=အလုံးစုံသော ဘဝကို လွန်နိုင်ခြင်း၏ အကြောင်း (ပညာ)။ (ပညာဖြင့် ဘဝအားလုံးမှ လွန်မြောက်နိုင်သည်)။

သမုစ္ဆေဒပဟာန=ကိလေသာကို အကြွင်းမရှိ ဖြတ်ခြင်းအားဖြင့် ပယ်ခြင်း။

အနုသယပဋိပက္ခ=အနုသယ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်း။

ဒိဋ္ဌိသံကိလေသ ဝိသောဓန=မိစ္ဆာဒိဋ္ဌိအညစ်အကြေးကို သုတ်သင်ဖြူစင်စေခြင်း။

ခီဏာသဝ ဘာဝကာရဏ=ရဟန္တာဖြစ်ခြင်း၏ အကြောင်း။

၁။ သင်္ခါရတရားတို့ကို အနိစ္စစသည့် လက္ခဏာရေး ၃-ပါးတင်၍ ရှုသော မဟာကုသိုလ် ဉာဏသမ္ပယုတ္တစိတ်၌ ရှိသော ဉာဏ်သည် ဝိပဿနာဉာဏ်မည်သည်။

## ပညာ ၃-မျိုး

စိန္တာမယပညာ။ ။ဆိုအပ်ခဲ့ပြီးသော ပညာအပြားတို့တွင် ဝစုကီကမ္မ,ကသိကမ္မ စသော ကမ္မာယတန၊ နင္ဌကာရသိပ္ပ, မုဒ္ဒါဂဏနာသိပ္ပ စသော သိပ္ပါယတန[၁]၊ မြွေဆိပ်တားစက်ဝန်းပညာ, ဉုံဖွမှုတ်၍ မန်းသောမန္တာန်ပညာဟူသော နာဂမဏ္ဍလပရိတ္တ, ဖုဓမနကမန္တာန် စသော ဝိဇ္ဇာဋ္ဌာန တို့၌ လိမ္မာသောဉာဏ်, ကမ္မဿကတာဉာဏ်, သစ္စာနုလောမိက[၂]မည်သော ဝိပဿနာဉာဏ်တို့သည် အလိုလိုကြံ၍ ပြုလျှင် စိန္တာမယပညာ မည်၏။

ယင်း စိန္တာမယပညာ၏ လူသာမန်အား မဖြစ်ကြောင်းကို—

သာ ပနေသာ အဘိညာတာနံ ဗောဓိသတ္တာနမေဝ ဥပ္ပဇ္ဇတိ။ တတ္ထာပိ သစ္စာနုလောမိကဉာဏံ ဒွိန္နံယေဝ ဗောဓိသတ္တာနံ အန္တိမဘဝိကာနံ။ သေသပညာ သဗ္ဗေသမ္ပိ ပူရိတပါရမီနံ မဟာပညာနံ ဥပ္ပဇ္ဇတိ။

ဟု ဋီကာ (ဒု၊နှာ ၇၉-၌) မိန့်၏။

သုတမယ ပညာ။ ။မြင်၍ ကြား၍ သိသော ၎င်းပညာသည် သုတမယပညာ မည်၏။

---

၁။ ဝစုကီကမ္မ=လက်သမားအမှု အလုပ်။
ကသိကမ္မ =လယ်ထွန်အလုပ်။
ကမ္မာယတန=(ကမ္မ=အမှု၊ အာယတန=အကြောင်း) အသက်မွေးခြင်း၏ အကြောင်း ဖြစ်သော အမှုအလုပ်။
နင္ဌကာရသိပ္ပ=ကျူထရံသည်၏ အတတ်။
မုဒ္ဒါသိပ္ပ=လက်ဆစ်ချိုး၍ ရေတွက်သောအတတ်။
ဂဏနာသိပ္ပ=ဂဏာန်း=သင်္ချာရေး၍ ရေတွက်သော သင်္ချာအတတ်။
သိပ္ပါယတန=အသက်မွေးခြင်း၏အကြောင်းဖြစ်သော အတတ်ပညာ။

၂။ နာဂမဏ္ဍလပရိတ္တ=(နာဂ=မြွေနဂါး၊ မဏ္ဍလ=အဝန်းအဝိုင်း,အစုအပုံ၊ ပရိတ္တ=အကာအကွယ် အတားအဆီး) မြွေကိုက်ခံရသူ၌ မြွေဆိပ်မပြန့်မတက်ရအောင် တနေရာ တည်း၌ မြွေဆိပ်စုနေရန် အင်းဝိုင်းချကပ်၍ ကာကွယ်တားဆီးပေးသော မန္တာန်။
ဖုဓမနက=(ဓမနက=မန်းမှုတ်ခြင်း) ဉုံဖု=ဖွ-ဟု မန်းမှုတ်ခြင်း။
ဝိဇ္ဇာဋ္ဌာန=အသက်မွေးခြင်း၏အကြောင်းဖြစ်သော အသိပညာ။
ကမ္မဿကတာဉာဏ်=ကုသိုလ်ကံ, အကုသိုလ်ကံသာ ကိုယ်ပိုင် ဥစ္စာဖြစ်သည်-ဟု သိသောဉာဏ်။ (ကမ္မ+သက+တာ)
သစ္စာနုလောမိက=သစ္စာ၄-ပါးကို ထိုးထွင်း၍သိခြင်း အားလျော်သောဝိပဿနာဉာဏ်။

**ဘာဝနာမယ ပညာ**။ ။ပရောပဒေသ[၁]ကို ကြားရ၍ရှင်း, မကြားမူ၍ရှင်း မိမိကိုယ်တိုင် စီးဖြန်းပွါးများ၍ဖြစ်သော ဝိပဿနာပညာ, မဂ်ပညာသည် **ဘာဝနာမယပညာ** မည်၏။

ဝိပဿနာမဂ္ဂပညာ ဣဓ 'ဘာဝနာမယာ ပညာ'တိ အဓိပ္ပေတာ။ ဋီကာ (ဒု၊နှာ-၇၉)

**စတုသစ္စဉာဏ်**။ ။စတုသစ္စဉာဏ်ဟူရာ၌ ဒုက္ခ သမုဒယ နှစ်ပါးကို အာရုံပြုသော ဝိပဿနာဉာဏ်, နိရောဓကို အာရုံပြုသော မဂ်ဉာဏ်, သစ္စာလေးပါးကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့ကို ယူ။ ထို့ကြောင့်—

ပစ္စဝေက္ခဏာဉာဏံ ဟိ စတုသစ္စံ အာရဗ္ဘ ပဝတ္တဉာဏံ နာမ၊ တတိယံ ပန မဂ္ဂဉာဏမ္ပိ၊ ဣတရသစ္စာနိ ဝိပဿနာဉာဏမ္ပီတိ ပါကဋမေဝ–ဟု ဋီကာ (ဒု၊နှာ-ဂ၁ ၌)မိန့်သည်။

## ပဋိသမ္ဘိဒါ ၄-ပါး အကျယ်

**စတုပဋိသမ္ဘိဒါ**[၂] ဟူသည်ကား—(၁) အတ္ထ၊ (၂) ဓမ္မ၊ (၃) နိရုတ္တိ၊ (၄) ပဋိဘာနပဋိသမ္ဘိဒါ လေးပါးတည်း။

**အတ္ထပဋိသမ္ဘိဒါ**။ ။ထိုတွင် (၁) ယံကိဉ္စိပစ္စယသမ္ဘူတအကျိုး။ (၂)နိဗ္ဗာန်၊ (၃) ဘာသိတတ္ထ၊ (၄) ဝိပါက်၊ (၅) ကြိယာ။ ဤအကျိုး ငါးပါးတို့သည် "အရိယတိ အဓိဂမီယတိ သံပါပုဏီယတီတိ အတ္ထော"

---

၁။ ပရောပဒေသ=(ပရ=သူတပါး။ ဥပဒေသ=ညွှန်ကြားခြင်း) သူတပါးက သွန်သင်ပြသ ညွှန်ကြားခြင်း။

၂။ ပဋိသမ္ဘိဒါဉာဏ် ၄-ပါး။

အတ္ထပဋိသမ္ဘိဒါဉာဏ်။ ။(အတ္ထ=အကျိုး၊ ပဋိ=ဖောက်ထွင်းခြင်း, ထိုးထွင်းခြင်း။ သံ=မဖောက်မပြန်၊ ဘိဒါ၊ ဝေဖန်ခွဲခြမ်းခြင်း၊ ဉာဏ=ဉာဏ်။) အကျိုး ၅-ပါးကို ဖောက်ထွင်း ထိုးထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော ဉာဏ်သည် အတ္ထပဋိသမ္ဘိဒါဉာဏ် မည်၏။

အကျိုး ၅-ပါး။ ။ဤတွင် အကျိုး ၅-ပါးမှာ– (၁) အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး။ (၂)နိဗ္ဗာန်။ (၃) ဟောတော်မူအပ်သော ပါဠိတော်၏အနက်။ (၄)ဝိပါက်။ (၅) ကြိယာ ဖြစ်သည်။

အကျိုး ၃-ပါး။ ။ယင်း ၅-ပါးတွင် နိဗ္ဗာန်သည် ဘုရား,ပစ္စေကဗုဒ္ဓါ,အရိယာသူမြတ်တို့ ရောက်အပ် (ရအပ်) သောကြောင့် ပတ္တဗ္ဗ အကျိုး မည်သည်၊ ဟောတော်မူအပ်သော ပါဠိတော်၏အနက်သည် သိစေအပ်သောကြောင့် ဉာပေတဗ္ဗ အကျိုးမည်သည်၊ အကြောင်းကြောင့် ဖြစ်သမျှသော အကျိုး,ဝိပါက်,ကြိယာသည် ဖြစ်စေအပ်သောကြောင့်နိဗ္ဗတ္တေတဗ္ဗ

ဟူသည်နှင့်အညီ နိဗ္ဗတ္တက, ဉာပက, သံပါပက ဖြစ်သော အကြောင်း ငါးပါးကို အစဉ်လျှောက်၍ သိအပ် ရအပ် ရောက်အပ်သောကြောင့် အတ္ထ။

ထိုအတ္ထကို ဖောက်ထွင်းဖွင့်လှန်လျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော ဉာဏ်သည် "ပဋိဝိဇ္ဈန္တိ သမ္မာ ဘိန္ဒတီတိ ပဋိသမ္ဘိဒါ၊ အတ္ထေ ပဋိသမ္ဘိဒါ အတ္ထပဋိသမ္ဘိဒါ" ဟူသော ဝစနတ္ထကြောင့် အတ္ထပဋိသမ္ဘိဒါ မည်၏။

ဓမ္မပဋိသမ္ဘိဒါ။ ။(၁)ယောကောစိ ဖလနိဗ္ဗတ္တက အကြောင်း၊ (၂)အရိယမဂ်၊ (၃) ဘာသိတ၊ (၄) ကုသိုလ်၊ (၅) အကုသိုလ်၊ ဤ အကြောင်း ငါးပါးတို့သည် "တံ တံ ဒဟတီတိ ဓမ္မော" ဟူသည်နှင့်အညီ နိဗ္ဗာန် ဟူသော ပတ္တဗ္ဗအကျိုး။ ဘာသိတတ္ထဟူသော ဉာပေတဗ္ဗအကျိုး။ ပစ္စယုပ္ပန်, ဝိပါက်, ကြိယာဟူသော နိဗ္ဗတ္တေတဗ္ဗအကျိုးကို စီရင်တတ်သောကြောင့် ဓမ္မ။

ထို ဓမ္မကို ဖောက်ထွင်း ဖွင့်လှန်လျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော ဉာဏ်သည် "ဓမ္မေ ပဋိဝိဇ္ဈန္တိ သမ္မာ ဘိန္ဒတီတိ ဓမ္မပဋိသမ္ဘိဒါ" ဟူသော ဝစနတ္ထကြောင့် ဓမ္မပဋိသမ္ဘိဒါ မည်၏။

---

အကျိုးမည်သည်၊ ဤသို့ ခွဲဝေလျှင် အကျိုးသည် ၃-မျိုးသာရှိသည်။ (ဤ၌ ကြိယာကို ကံ၏ အကျိုးနှင့် စပ်သည်ဖြစ်၍ 'အတ္ထ အကျိုး' ဟု ဆိုသည်။)

ဓမ္မပဋိသမ္ဘိဒါဉာဏ်။ ။(ဓမ္မ=အကြောင်း။)အကြောင်း ၅-ပါးကို ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော ဉာဏ်သည် ဓမ္မပဋိသမ္ဘိဒါဉာဏ် မည်၏။

အကြောင်း ၅-ပါး။ ။ဤတွင် အကြောင်း ၅-ပါးမှာ— (၁) အကျိုးကို ဖြစ်စေသမျှသော အကြောင်း။ (၂) အရိယာမဂ်။ (၃) ဟောတော်မူအပ်သော ပါဠိတော်။ (၄) ကုသိုလ်။ (၅) အကုသိုလ် ဖြစ်သည်။(ဤ၌ ကုသိုလ်,အကုသိုလ်သည် ဝိပါက်၏ ပဓာန အကြောင်းဖြစ်၍ 'ဓမ္မ အကြောင်း' ဟု ဆိုသည်။)

အကြောင်း ၃-ပါး။ ။ယင်း အကြောင်း ၅-ပါးအနက် အရိယာမဂ်သည် နိဗ္ဗာန်သို့ ရောက်စေတတ်သောကြောင့် **သမ္ပာပက** အကြောင်းမည်သည်၊ ဟောတော်မူအပ်သော ပါဠိတော်သည် အနက်အကျိုးကို သိစေတတ်သောကြောင့် **ဉာပက** အကြောင်း မည်သည်၊ အကျိုးကို ဖြစ်စေသမျှသော အကြောင်းနှင့် ကုသိုလ်, အကုသိုလ်တို့သည် အကျိုးကိုဖြစ်စေတတ်သောကြောင့်**နိဗ္ဗတ္တက** အကြောင်းမည်သည်၊ဤသို့ ခွဲဝေလျှင် အကြောင်း ၃-မျိုးသာ ရှိသည်။

နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်။ ။(နိ=ထုတ်၍၊ ဥတ္တိ=ရွတ်ဆိုခြင်း၊ ပြောဆိုခြင်း။) အားလုံး သတ္တဝါတို့ ပြောဆိုသမျှ ဘာသာစကားတို့၌ တတ်သိနားလည် ကျွမ်းကျင်ခြင်း၊ မဂဓ တိုင်းသားတို့ ပြောဆိုသည့် မူလဘာသာ စကားတို့၏ အနက် အဓိပ္ပါယ်ကို တတ်သိ နားလည် ကျွမ်းကျင်ခြင်း။ [အဋ္ဌကထာတို့အလိုအားဖြင့်ကား—မဂဓတိုင်းသားတို့ ပြောဆိုသည့် မူလ ဘာသာဖြစ်သော အတ္ထ—ဓမ္မ ၂-ပါးကို ပြတတ်၍ ပျက်စီးခြင်းမရှိ ကိန်းသေ အနက်မှန်ကို ဟောသော ထုတ်၍ဆိုအပ် ပြောဆိုအပ်သော ပစ္စုပ္ပန် စကားသံ သဒ္ဒါရှိ ပရမတ္ထသဒ္ဒါသည်

နိဗ္ဗာနံ ဟိ ပတ္တဗ္ဗော အတ္ထော, ဘာသိတတ္ထော ဉာပေတဗ္ဗော အတ္ထော, ဣတရော နိဗ္ဗတ္တေတဗ္ဗော အတ္ထောတိ ဧဝံ တိဝိဓော ဟောတိ။....မဂ္ဂေါ သမ္ပာပကော, ဘာသိတံ ဉာပကော, ဣတရံ နိဗ္ဗတ္တကောတိ ဧဝံ တိဝိဓော ဟေတု ဝေဒိတဗ္ဗော။ ဋီကာ (မဟာ၊ဒု၊နှာ-ဂ၁။)

**ဓမ္မ,အတ္ထ အဆုံးအဖြတ်။** ။ဤ၌ ကြိယာသည် အကျိုး မပေးတတ်သော ကြောင့် ဓမ္မမဟုတ်၊ ပစ္စယုပ္ပန် ဖြစ်၍ အတ္ထဆိုသည်။ ကုသိုလ်, အကုသိုလ်ကား ပစ္စယုပ္ပန် ဖြစ်သော်လည်း ဝိပါက်၏ ပဓာနအကြောင်း ဖြစ်၍ ဓမ္မဆိုသည်။ ကြိယာသည် ပစ္စယုပ္ပန်သာ ဖြစ်သည် မဟုတ်၊ ပစ္စည်းလည်း ဖြစ်၍ ဓမ္မသင့်သော်လည်း ကံ၏အကျိုးနှင့် စပ်ရကား အတ္ထဟူ၍သာ ဆိုရသည်။

အပိ စ "အယံ ဣမဿ ပစ္စယော၊အယံ ပစ္စယုပ္ပန္နော"တိ ဘေဒံ အကတွာ ကေဝလံ ကုသလာ'ကုသလေ ဝိပါကကိရိယာဓမ္မေ စ ပစ္စဝေက္ခန္တဿ ဓမ္မတ္ထပဋိသမ္ဘိဒါ ဟောန္တီတိ တေသံ အတ္ထဓမ္မတာ န ဝုတ္တာတိ ဒဋ္ဌဗ္ဗံ။ ဋီကာ (ဒု၊နှာ-ဂ၂။)

ဓမ္မ အတ္ထ အဖြစ်ကိုသာ ဆိုအပ်သည်ဟု လှန်။

**နိရုတ္တိပဋိသမ္ဘိဒါ။** ။ထို အတ္ထ, ဓမ္မ နှစ်ပါးကို ပြတတ်သော ဒုက္ခသစ္စံ, သမုဒယ သစ္စံ၊ ဖဿော, ဝေဒနာ အစရှိသော—

---

နိရုတ္တိ မည်၏။ (ကေစိဆရာတို့က နာမ ပညတ္တိသဒ္ဒါကို နိရုတ္တိ ဟု ဆိုကြသည်။) ဤ နိရုတ္တိကို "ဖဿော ဝေဒနာ ဟု ဆိုသံကြားလျှင် သဘာဝ နိရုတ္တိဟုတ်သည် သဘောမှန်သည်, ဖဿာ ဝေဒနော ဟု ဆိုသံကြားလျှင် သဘာဝ နိရုတ္တိ မဟုတ် သဘောမမှန်ဟု မနောဖြင့် ဆုံးဖြတ်နိုင်ခြင်း" စသည်ဖြင့်ဖောက်ထွင်းလျက် မဖောက်မပြန် ဝေဖန်ခွဲခြမ်းတတ်သော သောတဒွါရဝီထိ၌ဖြစ်သော ဉာဏ်သည် နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ် မည်၏။ နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်သည် ပစ္စုပ္ပန်သဒ္ဒါရုံကိုသာ အာရုံပြုသည်။]

မာဂဓိက မူလဘာသာ။ ။ဤတွင် မာဂဓ တိုင်းသားတို့ ပြောဆိုသည့် မူလဘာသာ စကားဟူသည်ကား— (၁) ဘုရားဟောဖော် ပါဠိတော်။ (၂) ဗြဟ္မာတို့ ပြောဆိုသော စကား။ (၃) ကမ္ဘာဦးသူတို့ ပြောဆိုသောစကား။ (၄) မည်သည့် ဘာသာ စကားကို မျှမကြားဘူးသောသူတို့ ပြောဆိုသော စကားဖြစ်သည်။

ပဋိဘာန ပဋိသမ္ဘိဒါဉာဏ်။ ။( ပဋိဘာန=ထင်စွာ ပြုတတ်သောဉာဏ် ) အတ္ထ, ဓမ္မ နိရုတ္တိဉာဏ် ၃-ပါးကို၊ ဝါ—အလုံးစုံသော ဉာဏ်ဟူသမျှကို "ဤဉာဏ်သည် ဤမည်သော အာရုံကို အာရုံပြု၍ ဤမည်သောကိစ္စဖြင့် ဖြစ်၏၊ ဤသို့သော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ရှိ၏"ဟု အာရုံ, ကိစ္စ, လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, စသည်တို့နှင့်တကွ ထိုးထွင်းလျက် မဖောက်မပြန် ဝေဖန် ခွဲခြမ်း၍သိတတ်သော ဉာဏ်သည် ပဋိဘာန ပဋိသမ္ဘိဒါ ဉာဏ်မည်၏။

“နိရုတ္တိပဋိသမ္ဘိဒါ သဒ္ဒါရမ္မဏာ၊ န ပညတ္တိအာရမ္မဏာ၊ နိရုတ္တိပဋိသမ္ဘိဒါ ပစ္စုပ္ပန္နာရမ္မဏာ”—

ဟူသည်နှင့်အညီ ပစ္စုပ္ပန်သဒ္ဒါရုံဖြစ်သော—

သာ မာဂဓာ မူလဘာသာ၊ နရာ ယာယာဒိကပ္ပိကာ။
ဗြဟ္မာနော စဿုတာလာပါ၊ သမ္ဗုဒ္ဓါ စာပိ ဘာသရေ^၁^။

ဟူသည်နှင့်အညီ မာဂဓိက မူလဘာသာဖြစ်သော—

အဗျဘိစာရီ ဝေါဟာရောတိ တဿ တဿ အတ္ထဿ ဗောဓနေ ပဋိနိယတသမ္ဘန္ဓော သဒ္ဒဝေါဟာရော။

ဟူသည်နှင့်အညီ—

ထိုထိုအနက်ကို သိစေခြင်း၌ အမြဲမပြတ် စပ်ခြင်းရှိသော သဒ္ဒဝေါဟာရ သဘာဝနိရုတ္တိ အဘိလာပ[၂]သည် ‘နိဟရိတွာ ဥစ္စတေတိ နိရုတ္တိ’ဟူသော ဝစနတ္ထကြောင့် နိရုတ္တိ မည်၏။

ယထာ ပန ဒိဗ္ဗသောတဉာဏံ မနုဿာ'မနုဿာဒိသဒ္ဒနိစ္ဆယဿ ပစ္စယဘူတံ တံ တံ သဒ္ဒဝိဘာဝကံ၊ ဧဝံ သဘာဝါ'သဘာဝနိရုတ္တိနိစ္ဆယဿ ပစ္စယဘူတံ ပစ္စုပ္ပန္နသဘာဝနိရုတ္တိသဒ္ဒါရမ္မဏံ တံဝိဘာဝကံ ဉာဏံ နိရုတ္တိပဋိသမ္ဘိဒါတိ ဝုစ္စမာနေ န ကောစိ ပါဋိဝိရောဓော။

ဟူသော ဋီကာ (မဟာ၊ဒုံနှာ-ဂ၃) နှင့် အညီ ဒိဗ္ဗသောတ အဘိညာသည် နောင် မနောဒွါရိကစိတ်ဖြင့် အသံအထူးကို ဆုံးဖြတ်နိုင်ကြောင်း ဖြစ်အောင် ထင်စွာပြု၍ ဖြစ်သကဲ့သို့ နောင်မနောဒွါရိကစိတ်ဖြင့် သဘာဝါသဘာဝနိရုတ္တိကို ဆုံးဖြတ်နိုင်လောက်အောင် ထင်စွာပြုလျက် ထို မာဂဓိက မူလဘာသာ အဗျဘိစာရီဝေါဟာရ ပစ္စုပ္ပန် သဒ္ဒသဘာဝနိရုတ္တိကို ဖောက်ထွင်း ဖွင့်လှန်လျက် မဖောက်မပြန် ဝေဘန်ခွဲခြမ်းတတ်သော သောတဒွါရဝီထိ၌ဖြစ်သော ဉာဏ်သည် “နိရုတ္တိံ ပဋိဝိဇ္ဈန္တီ သမ္ဘာ ဘိန္ဒတီတိ နိရုတ္တိပဋိသမ္ဘိဒါ”ဟူသော ဝစနတ္ထကြောင့် နိရုတ္တိပဋိသမ္ဘိဒါ မည်၏။

နိရုတ္တိပဋိသမ္ဘိဒါပ္ပတ္တော ဟိ ဖဿော,ဝေဒနာတိ ဧဝမာဒိဝစနံ သုတွာဝ အယံ သဘာဝနိရုတ္တီတိ ဇာနာတိ။ ဖဿာ ဝေဒနောတိဧဝမာဒိကံ ပန အယံ န သဘာဝနိရုတ္တီတိ။ အဋ္ဌကထာ (ဒုံနှာ-၇၁)

---

၁။ ပဒရူပသိဒ္ဓိလာဂါထာ။ (ယင်းသည်လည်း သမ္မောဟဝိနောဒနီ၊ ဝိဘင်းအဋ္ဌကထာ၊ နှာ-၃၇၂-စသည်ကို မှီ၍ ဂါထာစီထားခြင်းဖြစ်သည်။)

၂။ အဘိလာပ=(အဘိ+လာပ=စကား, ပြောဆိုခြင်း) သဒ္ဒါ၊ ပြောဆိုသောစကား။

**ပဋိဘာန ပဋိသမ္ဘိဒါ။** ။ထို ပဋိသမ္ဘိဒါ ဉာဏ်သုံးပါးကို။ ဝါ၊ အလုံးစုံသော ဉာဏ်ဟူသမျှကို သဂေါစရ, ကိစ္စ, လက္ခဏာ, ပစ္စုပဋ္ဌာန် စသည်တို့၏ အစွမ်းဖြင့် ဖောက်ထွင်းဖွင့်လှန်လျက် မဖောက်မပြန် ဝေဘန်ခွဲခြား အပြားအားဖြင့် သိသော ဉာဏ်သည် 'ပဋိဘာနံ ပဋိဝိဇ္ဈန္တိ သမ္ဘာ ဘိန္ဒတီတိ ပဋိဘာန ပဋိသမ္ဘိဒါ'ဟူသော ဝစနတ္ထကြောင့် **ပဋိဘာနပဋိသမ္ဘိဒါ** မည်၏။

ကုသလကိရိယာယ ပဋိဘာနပဋိသမ္ဘိဒါယ ဓမ္မတ္ထဘာဝတော တီသု ဧဝ ဝါ ပဝတ္တတ္တာ 'သဗ္ဗတ္ထ ဉာဏ'န္တိ ဝုတ္တံ။ ဋီကာ (မဟာ၊ဒု၊နှာ-ဂ၃)

အဋ္ဌကထာ, ဋီကာဟု သာမညမှာလျှင် ဝိသုဒ္ဓိမဂ်ဟူ၍ မှတ်။

**ပဋိသမ္ဘိဒါရနိုင်သော ပုဂ္ဂိုလ်။** ။ထို ပဋိသမ္ဘိဒါ လေးပါးတို့၏ ဖြစ်ရာဘုံသည် သေက္ခဘုံ,အသေက္ခဘုံအားဖြင့် နှစ်ပါးတည်း။ ပုထုဇဉ်တို့ ရရိုး မရှိ။

ထိုတွင် အဂ္ဂသာဝက,အာနန္ဒာထေရ်မှ တပါးသော မဟာသာဝက တို့အား အသေက္ခဘုံ၌၊ အာနန္ဒထေရ်,စိတ္တသူကြွယ်,ဓမ္မိက သီတင်းသည်,ဥပါလိသူကြွယ်, ခုဇ္ဇုတ္တရာ စသည်တို့မှာ သေက္ခဘုံ၌ ဖြစ်ကြောင်းကို အဋ္ဌကထာ (ဒု၊နှာ-၇၂) မိန့်ဆို၏။

သေက္ခဘုံ၌ အနည်းငယ်သာ၊ အသေက္ခဘုံ၌ အဖြစ်များကြောင်းကို—

ဧတာသံ ပဋိသမ္ဘိဒါနံ[1] သေက္ခဘူမိယံ ပဘေဒဂမနံ အပ္ပဝိသယံ၊ အသေက္ခဘူမိယံ ဗဟုဝိသယန္တိ အာဟ 'အဓိဂမော နာမ အရဟတ္တပ္ပတ္တိ'တိ၊ သာတိသယံ ဝါ အဓိဂမံ သန္ဓာယ ဧဝံ ဝုတ္တံ။ သေက္ခေန ပတ္တာနမ္ပိ ဟိ တ္တမာသံ အရဟတ္တပ္ပတ္တိယာ ဝိသဒဘာဝါဓိဂမောတိ-ဟု-ဋီကာ (မဟာ၊ ဒု၊ နှာ-ဂ၃)၌ မိန့်သည်။

အဓိဂမော ပရိယတ္တိ၊ သဝနံ ပရိပုစ္ဆနံ။
ပုဗ္ဗယောဂေါ စိ'မေ ပဉ္စ၊ တာသံ ဝိသဒကာရဏာ။

သင်္ဂဟဂါထာ[2]။

**ပဋိသမ္ဘိဒါ ဉာဏ်ဖြစ်ပေါ်ရန် အကြောင်း ငါးပါး။** ။အဓိဂမော၊ အရဟတ္တဖိုလ်ကို ရခြင်းငှင်း၊

ပရိယတ္တိ၊ ပါဠိဖြစ်သော ဘုရားစကားကို သင်ကြားသရဇ္ဈာယ်ခြင်းငှင်း။

---

၁။ ဆဋ္ဌမူ၌ 'ဧတာ ပဋိသမ္ဘိဒါ'ဟု 'ဧတာ'၏ အစွဲအဖြစ် ဖွင့်ပုံသာ ရှိသည်။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ ၇၂-၌လာသော စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

သဝနံ၊ ထိုပါဠိ၏အနက်ဖြစ်သော အဋ္ဌကထာကို နာယူသင်ကြားခြင်းငှာ။

ပရိပုစ္ဆနံ၊ဝန်းကျင်မကြွင်း သိခြင်းငှါ လိုအပ်သော ပုဒ်နက်အဓိပ္ပါယ်အားဖြင့် ခဲကပ်သော ပါဠိ, အဋ္ဌကထာ, ခန္ဓာဒိပဋိသံယုတ္တ စကားရပ်တို့၌ အကျယ်ဆုံးဖြတ်သော သန္နိဋ္ဌာန ဝိနိစ္ဆယ စကားကို စဉ်းစားကြံစည် ဖွေနှည်မေးမြန်းခြင်းငှာ။

ပုဗ္ဗယောဂေါ စ၊ ရှေးဘုရားရှင်တို့ သာသနာ၌ ဂတပစ္စာဂတ[၁]ဝတ်ကို ကျင့်လျက် သင်္ခါရုပေက္ခာဉာဏ်တိုင်အောင် ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခဲ့ဘူးခြင်းငှာ။

ဣမေ ပဉ္စ၊ ဤ ငါးပါးတို့သည်။ တာသံ၊ ထို ပဋိသမ္ဘိဒါ လေးပါးတို့၏။ ဝိသဒကာရဏာ၊ စင်ကြယ်,သန့်ရှင်း ဖြစ်ခြင်းအကြောင်း တို့တည်း။

ထိုတွင် အဓိဂမ-အရ အရဟတ္တဖိုလ်ကို ယူခြင်းအကြောင်းကို ဋီကာပါဌ်ဖြင့် ယခင် ပြခဲ့ပြီ။ ပုဗ္ဗယောဂကဲ့သို့ အရဟတ္တပ္ပတ္တိသည် ရဟန္တာ၏လည်း ပဋိသမ္ဘိဒါ-ဝိသဒ၏ အကြောင်း ဖြစ်သင့်ရကား ငါးပါးလုံးကိုပင် သေက္ခ,အသေက္ခနှစ်ပါး၌ ယှဉ်အပ်၏။

ပဋိသမ္ဘိဒါ ဖြစ်ပေါ်ခြင်းအကြောင်း ၈-ပါး။ ။တနည်းလည်း—

> ပုဗ္ဗယောဂေါ ဗာဟုသစ္စံ၊ ဒေသဘာသာ စ အာဂမော။
> ပရိပုစ္ဆာ အဓိဂမော၊ ဂရုသန္နိဿယော တထာ။
> မိတ္တသမ္ပတ္တိ စေဝါတိ၊ ပဋိသမ္ဘိဒ ပစ္စယာ။
>
> အဋ္ဌကထာ (ဒု၊နှာ-၇၂)။ ဤကား အပရေဝါဒတည်း။

ပုဗ္ဗယောဂေါ၊ ရှေးဘုရားရှင်တို့ သာသနာ၌ သင်္ခါရုပေက္ခာဉာဏ်အထိ ဝိပဿနာ စီးဖြန်းပွါးများခဲ့ဘူးခြင်းငှာ ။

ဗာဟုသစ္စံ၊ ထိုထို အနုဝဇ္ဇကျမ်းဂန် သိပ္ပါယတနတို့၌ လိမ္မာကျွမ်းကျင်အကြား,အမြင် များခြင်းငှာ။

ဒေသဘာသာ စ၊ ဘာသာတရာ့တပါးကို နားလည်ခြင်းငှာ။ ဝါ၊ အထူးအားဖြင့် မာဂဓဘာသာ၌ လိမ္မာခြင်းငှာ။

---

၁။ ဂတပစ္စာဂတ=ဆွမ်းခံသွားစဉ်, ဆွမ်းခံရာမှပြန်လာစဉ်အခါတို့၌ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသောဝတ် (မဟာဋီကာ၊ဒု၊နှာ-၈၄)။ အဓိဋ္ဌာန်ဖြင့် ကမ္မဋ္ဌာန်းကို နှလုံးသွင်း၍ လမ်းသွားစဉ် ကမ္မဋ္ဌာန်းပျက်ခဲ့သော် ယင်းကမ္မဋ္ဌာန်းပျက်ရာဌာနသို့ ပြန်သွားပြီး တဖန်ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြန်သောဝတ် (အဘိ၊ဋ္ဌ၊ ၂၊နှာ-၃၃၅-၃၃၇)။

အာဂမော၊ အယုတ်အားဖြင့် ဩပမ္မဝဂ်[1] မျှလောက်သော ဘုရားစကားတော်ကို သင်ကြားဆောင်ရွက်ခြင်းငှင်း။

ဓမ္မပဒေ ယမကဝဂ္ဂေါ ဩပမ္မဝဂ္ဂေါတိ ဝဒန္တိ၊ မူလပဏ္ဏာသေ ယမကဝဂ္ဂေါ ဩပမ္မဝဂ္ဂေါ ဝေါတိ အပရေ။ ဋီကာ (ဒု၊နှာ-၈၄)

ပရိပုစ္ဆာ၊ အောက်ထစ်ယုတ်စွာ တဂါထာ၏သော်လည်း အတ္ထဝိနိစ္ဆယကို မေးမြန်းခြင်းငှင်း။

အဓိဂမော၊ ဖိုလ်လေးပါးကို ရခြင်းငှင်း။ တထာ၊ ထိုမှတပါး။

ဂရုသန္နိဿယော၊ သုတပဋိဘာန်များသော ဆရာသမားထံ၌ နေခြင်းငှင်း။

မိတ္တသမ္ပတ္တိ စေဝ၊ သုတ ပဋိဘာန် ကုံထံသော မိတ်ဆွေ ခင်ပွန်းနှင့် ပြည့်စုံခြင်းငှင်း။

ဣတိ ဣမေ၊ ဤ ရှစ်ပါးတို့သည်။ ပဋိသမ္ဘိဒ ပစ္စယာ၊ ပဋိသမ္ဘိဒါဉာဏ် ဖြစ်ခြင်း၏ အကြောင်းတို့တည်း။

ထိုငါးပါး ရှစ်ပါးတို့တွင် ပုဗ္ဗယောဂ အဓိဂမ နှစ်ပါးကို မှီ၍ ဘုရား ပစ္စေကဗုဒ္ဓါတို့သည် ပဋိသမ္ဘိဒါသို့ ရောက်ကုန်၏။ သာဝကတို့ကား ဤအလုံးစုံသော အကြောင်းကို မှီ၍ ရောက်ကုန်၏။ ပဋိသမ္ဘိဒါသို့ ရောက်ကြောင်း ကမ္မဋ္ဌာန်းကား အသီးအခြား မရှိ။ မဂ်ဖိုလ်ရရာ၌ အကြောင်းအားလျော်စွာ ပါကုန်၏ဟု- အဋ္ဌကထာ (ဒု၊နှာ-၇၃) မိန့်၏။

## ရုပ် ၂၈-ပါးတို့၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်

ထို ဝိပဿနာကို စီးဖြန်းအားထုတ်လိုသော ယောဂီ အာစာရ ကုလပုတ္တ အာဒိကမ္မိကပုဂ္ဂိုလ်သည်—

ဝိပဿနာ၏ ဘူမိ,မူလ,သရီရ။　။နာမသံမူဠ တိက္ခိန္ဒြိယ သခေ်ပရုစိ[2]ပုဂ္ဂိုလ်နှင့် သင့်လျော်သော ခန္ဓာငါးပါး။

ရူပသံမူဠ မဇ္ဈိန္ဒြိယ နာတိသခေ်ပ နာတိဝိတ္ထာရရုစိ[3]ပုဂ္ဂိုလ်နှင့် သင့်လျော်သော အာယတန တဆဲ့နှစ်ပါး။

---

၁။ ဓမ္မပဒ၊ နှာ-၁၃-၁၆။ မူလပဏ္ဏာသ၊ နှာ-၁၇၃-၄၁၅။ မ၊ ၁၊ နှာ-၁၇၃-၄၁၅။

၂။ နာမ်တရား၌ တွေဝေ၍ ထက်မြက်သော ဉာဏ်ရှိပြီးလျှင် အကျဉ်းမျှ ပြသဖြင့် နှစ်သက် သဘောကျပြီး အရဟတ္တဖိုလ် ရောက်နိုင်သူ (ဥဃ္ဃ ဋိတညူပုဂ္ဂိုလ်)

၃။ ရုပ်တရား၌တွေဝေ၍ အလယ်,အလတ် ထက်မြက်သော ဉာဏ်ရှိပြီး မကျဉ်းမကျယ် ဟောရုံမျှဖြင့် နှစ်သက်နိုင်၍ အရဟတ္တဖိုလ် ရောက်နိုင်သူ (ဝိပဉ္စိတညူ)

နာမရူပသံမူဋ္ဌ မုဒိန္ဒြိယ ဝိတ္တာရရုစိ ပုဂ္ဂိုလ်နှင့် သင့်လျော်သော ဓာတ်တဆဲ့ ရှစ်ပါး။ အဝသဝတ္တန[2] သည့် အနတ္တအဖြစ်ကို ပြတတ်သော ဣန္ဒြေ နှစ်ဆဲ့နှစ်ပါး။

ထိုခန္ဓာ, အာယတန, ဓာတု, ဣန္ဒြိယ လေးပါးတို့သည် ပဝတ္တိ, နိဝတ္တိ, တဒုဘယဟေတုတို့၏ အစွမ်းတို့ဖြင့် မြင်ပါမှ ဥပကာရဝဟ ဖြစ်ကုန်သည်ဟု ဒေသနာကာရကို ပြတတ်သော သစ္စာလေးပါး,ပဋိစ္စသမုပ္ပါဒ်တရား,ထိုက်သည်အား လျော်စွာ ကျေးဇူးများသော အာဟာရလေးပါး စသော "လက္ခဏာဒိဂ္ဂဟဏ-ဝသေန ဘဝတိ ဝိပဿနာပညာ တွောတိ ဘူမိ"ဟူသော ဝစနတ္ထကြောင့် ဘူမိမည်သော တရားတို့ကို ဉာဏ်အာရုံကျက်စား သင်ကြားမှတ်မိ တတ်သိ နားလည်အောင် ပြုပြီး၍ ဝိပဿနာ၏ အခြေပါဒ အမြစ်မူလဖြစ်သော အောက်၌ ဆိုအပ်ခဲ့ပြီးသော သီလဝိသုဒ္ဓိ, စိတ္တဝိသုဒ္ဓိနှစ်ပါး ဖွံ့ထွားစွာ ပြည့်စုံ စေ၍ ခြေ,လက်,ဦးခေါင်း အပေါင်းကိုယ်အသွင် သစ်ပင်အလား ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏဝိသုဒ္ဓိ, မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ, ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိဟူသော ဝိသုဒ္ဓိငါးပါးတို့ကို ပွါးများ စီးဖြန်းအပ်ကုန်၏[3]။

ဝိပဿနာဘူမိဖြစ်သော ထိုခန္ဓာ,အာယတန စသည်တို့ကို သမုစ္စည်းပိုင်း (ဤကျမ်း ပ-တွဲ၊နှာ-၂၇၁)က အကျယ်ပြခဲ့ပြီ။ ထိုတရားတို့၏ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်ကိုကား မှတ်သားဆောင်ရွက်လွယ်စေခြင်းငှါ သင်္ဂဟဂါထာ ဖွဲ့၍ပြပေအံ့—

**မဟာဘုတ်လေးပါးတို့၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဘူတာ ကက္ခဋ္ဌ ပဋ္ဌရ–ဥဏှ ဝိတ္ထမ္ဘ လက္ခဏာ။
ပတိဋ္ဌာဗြူဟ,ပါစန–ဥဒီရဏ ရသာ ကမာ။
သမ္ပဋိစ္ဆန သင်္ဂဟ–မဒ္ဒဝါနုပ္ပဒါနကာ။
အဘိနိဟာရပဋ္ဌာနာ၊ သေသဘူတ ပဒဋ္ဌာနာ။

**လက္ခဏာ။** ။ဘူတာ၊ (ပထဝီ, အာပေါ, တေဇော, ဝါယော) မဟာဘုတ်တို့သည်။ ကမာ၊အစဉ်အတိုင်း။ကက္ခဋ္ဌ,ပဋ္ဌရ,ဥဏှ,ဝိတ္ထမ္ဘလက္ခဏာ၊ ခက်မာ, ယိုစီး, ပူနွေး, ထောက်ပံ့ခြင်းလျှင် မှတ်ကြောင်း လက္ခဏာ ရှိကုန်၏။

---

၁။ နာမ်ရုပ် ၂-ပါး၌ တွေဝေ၍ နုန့်သောဉာဏ်ရှိပြီး အကျယ် ဟောမှသာ နှစ်သက်နိုင်၍ အချဲ့တ္တဖိုလ် ရောက်နိုင်သူ (နေယျပုဂ္ဂိုလ်)

၂။ အဝသဝတ္တန=(အ။ ဝသ=အလို။ ဝတ္တန=ဖြစ်ခြင်း) အလိုအတိုင်း မဖြစ်ခြင်း (=အနတ္တ)

၃။ ဝိပဿနာ၏ဖြစ်ရာ=ဘူမိ(=ခန္ဓာ,အာယတန,ဓာတ်,သစ္စာ,ပဋိစ္စသမုပ္ပါဒ်,အာဟာရ)
ဝိပဿနာ၏အမြစ်=မူလ (=သီလဝိသုဒ္ဓိ၊ စိတ္တဝိသုဒ္ဓိ)။
ဝိပဿနာ၏ ခြေ, လက်, ဦးခေါင်း=သရီရ (ကြွင်း ဝိသုဒ္ဓိ ၅-ပါး)။

ရသ။　။ပတိဌာ ဗြူဟ ပါစန ဥဒီရဏ ရသာ၊ တည်ရာ, ပွါးစေ,ကျက်စေ, ရွှေ့စေခြင်း ကိစ္စရှိကုန်၏။

**ပစ္စုပဋ္ဌာန်**။　။သမ္ပိဏ္ဍနသင်္ဂဟ မဒ္ဒဝါနုပ္ပဒါနက အဘိနီဟာရပဋ္ဌာနာ၊ ခံထားခြင်း, ပေါင်းစုခြင်း, နူးညံ့သည်ကိုပေးခြင်း, ရှေးရှုဆောင်ခြင်းလျှင် ထင်သော အခြင်းအရာရှိကုန်၏။

**ပဒဋ္ဌာန်**။　။သေသဘူတပဒဋ္ဌာနာ၊ ကြွင်းသော မဟာဘုတ်သုံးပါးလျှင် နီးစွာသောအကြောင်း ရှိကုန်၏။

**ပသာဒရုပ်ငါးပါးတို့၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ပသာဒါ ဒဋ္ဌုကမျာဒိ–နိဒါန ကမ္မဇဗ္ဘူတာ။
ပသာဒလက္ခဏာ ရူပ–အာဒိသွာ ဝိဉ္ဆန ရသာ။
ဝိညာဏာဓာရပဋ္ဌာနာ၊ တံ တံ ဘူတ ပဒဋ္ဌာနာ။

ပသာဒါ၊ ပသာဒ ရုပ်ငါးခုတို့သည်—

**လက္ခဏာ**။　။ဒဋ္ဌုကမျာဒိနိဒါန, ကမ္မဇဘူတပသာဒလက္ခဏာ၊ ကြည့်ရှုလိုသောသူ၏ ဖြစ်ကြောင်း ရူပတဏှာစသည်လျှင် အကြောင်းရှိသော, ရှေးကံကြောင့်ဖြစ်သော မဟာဘုတ်တို့ကို ကြည်လင်စေခြင်း လက္ခဏာရှိကုန်၏။

ရသ။　။ရူပအာဒီသု၊ ပဉ္စာရုံတို့၌။ အာဝိဉ္ဆနရသာ၊ ပုဂ္ဂိုလ် ပဉ္စဝိညာဏ်တို့ကို ဆွဲငင်ဆောင်ကြဉ်းခြင်း ကိစ္စ ရှိကုန်၏။

**ပစ္စုပဋ္ဌာန်**။　။ဝိညာဏာဓာရပဋ္ဌာနာ၊ ပဉ္စဝိညာဏ်တို့၏ တည်ရာအဖြစ်လျှင် ထင်သော အခြင်းအရာ အာဓာရဘာဝ ပစ္စုပဋ္ဌာန် ရှိကုန်၏။

**ပဒဋ္ဌာန်**။　။တံ တံဘူတပဒဋ္ဌာနာ၊ ထို ထိုဒဋ္ဌုကာမတာဒိနိဒါန ကမ္မသမုဋ္ဌာန မဟာဘုတ်လျှင် နီးစွာသောအကြောင်း ရှိကုန်၏။

"ယထာ စေတံ၊ တထာ သဗ္ဗာနိပိ ဥပါဒါရူပါနိ"–အဋ္ဌကထာ (ဒု၊နှာ-၇၆) လာသည်အတိုင်း ဥပါဒါရုပ်ဟူသမျှတို့၏ ပဒဋ္ဌာန်ကို မဟာဘုတ်ချည်းမှတ်။ ထူးရာ၌သာ ဆိုတော့မည်။

**ဝိသယရုပ် ၇-ပါး, အာရုံငါးပါးတို့၏ လက္ခဏာစသည်**

ဂေါစရာနံ လက္ခဏာဒီ၊ ပသာဒ အဘိဃာတနံ။
ဝိညာဏဝိသယဘာဝေါ၊ တေသံ ဂေါစရတာပိ စ။

ဂေါစရာနံ၊ ဝိသယရုပ် ခုနစ်ခုတို့၏။ လက္ခဏာဒီ၊ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန် တို့ကား—

ပသာဒ အဘိဃာတနံ၊ ပသာဒရုပ်ငါးခုတို့၌–တို့၏ ထိခိုက်ခြင်းသည်ရင်း။

ဝိညာဏ ဝိသယ ဘာဝေါ၊ အနညတ္တဘာဝ[၁]ဖြစ်၍ ပဉ္စဝိညာဏ်တို့အား အာရမ္မဏပစ္စည်း တပ်ခြင်းသည်ရင်း။

တေသံ၊ ထိုပဉ္စဝိညာဏ်တို့၏။ ဂေါစရတာပိ စ၊ တဗ္ဗဟုလစာရီ[၂]ဖြစ်၍ ကျက်စားရာ အဖြစ်သည်ရင်းတည်း။

ဝိသယဂေါစရာနံ အယံ ဝိသေသော–အနညတ္တဘာဝေါ, တဗ္ဗဟုလ-စာရိတာ စ စက္ခုဝိညာဏဿ။ ဋီကာ (မဟာ၊ဒု၊နှာ-၉၄)

### ဘာဝရုပ် ၂-ပါးတို့၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဒွေဘာဝါ ဘာဝလက္ခဏာ၊ ပကာသနရသာပိ စ။
လိင်္ဂနိမိတ္တအာဒီနံ၊ ကာရဏဘာဝုပဋ္ဌာနာ။

ဒွေ ဘာဝါ၊ ဣတ္ထိဘော,ပုံဘောနှစ်ပါးတို့သည်—

ဘာဝ လက္ခဏာ၊ ဣတ္ထိ,ပုရိသစိတ် အဘိဓာန တို့၏ဖြစ်ကြောင်း လက္ခဏာ ရှိကုန်၏။

ပကာသန ရသာ၊ မိန်းမ,ယောကျာ်းဟု ပြခြင်း ကိစ္စ ရှိကုန်၏။

လိင်္ဂ နိမိတ္တ အာဒီနံ၊ လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့၏[၃]။ ကာရဏဘာဝဥပ-ဋ္ဌာနာ၊ အကြောင်းအဖြစ်လျှင် ထင်သော အခြင်းအရာ ရှိကုန်၏။

ထိုဘာဝရုပ်နှစ်ခုသည် ကာယပသာဒကဲ့သို့ တကိုယ်လုံး၌ နှံ့၏။ ကာယပသာဒ နှင့်လည်း မရောနှော။

န စ ကာယပသာဒေန ဌိတောကာသေ ဌိတန္တိ ဝါ အဋ္ဌိတောကာသေ ဋ္ဌိတန္တိ ဝါ ဝတ္တဗ္ဗတံ အာပဇ္ဇတိ။ ရူပရသာဒယော ဝိယ အညမညံ သင်္ကရော နတ္ထိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၇၇)

---

၁။ အနညတ္တဘာဝ=(န=မ၊အည=ရုပါရုံစသည်မှတပါးသော။အတ္တ=သဒ္ဒါရုံစသော အနက်၊ ဘာဝ=ဖြစ်ခြင်း၊) စက္ခုဝိညာဉ်သည် ရူပါရုံမှတပါးသော သဒ္ဒါရုံစသည့် အာရုံ၌ မဖြစ်ခြင်း။ (ကြွင်း ဤနည်းတူ)။

၂။ တဗ္ဗဟုလစာရီ=(တ=ထို၊ဗဟုလ=များစွာ၊ စာရီ=ဖြစ်လေ့ရှိခြင်း) စက္ခုဝိညာဉ်၏ ထိုရူပါရုံ၌ များစွာဖြစ်လေ့ရှိခြင်း။ (ကြွင်း ဤနည်းတူ)။

၃။ ဤကျမ်း၊ ပ-တွဲ၊ နှာ-၂၀၆-၌ အကျယ်ရှု။

### ဟဒယဝတ္ထုရုပ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဟဒယဿ လက္ခဏာဒီ၊ နိဿယာဓာရဏာမ္ပိ စ။
အထော ဥဗ္ဗဟနံ ဧဝ ယျာ၊ ဒွိန္နံ ဝိညာဏဓာတုနံ။

ဒွိန္နံ၊ နှစ်ပါးကုန်သော။ ဝိညာဏဓာတုနံ၊ မနောဓာတ်,မနောဝိညာဏဓာတ်တို့၏။ နိဿယော၊ မှီရာအဖြစ်ကိုင်း။

ဒွိန္နံ ဝိညာဏဓာတုနံ၊ နှစ်ပါးကုန်သော မနောဓာတ်, မနောဝိညာဏဓာတ်တို့ကို။ အာဓာရဏမ္ပိ စ၊ လွန်စွာဆောင်ခြင်းကိုင်း။ အထော၊ ထိုမှတပါး။

ဥဗ္ဗဟနံ၊ ချီတင့်ထမ်းပိုးသကဲ့သို့ ဖြစ်ခြင်းကိုင်း။

ဟဒယဿ၊ ဟဒယဝတ္ထု၏။ လက္ခဏာဒီ၊ လက္ခဏာ စသည်တို့ ဟူ၍။ ဧဝ ယျာ၊ သိအပ်ကုန်၏။

### ဇီဝိတိန္ဒြေ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဇီဝိတိန္ဒြိယဿ အနုပါလနဥ္စ ပဝတ္တနံ။
ဌပနံ သဟဇာတာနံ၊ ဘူတံ ယာပယိတဗ္ဗကံ။

ဇီဝိတိန္ဒြိယဿ၊ ဇီဝိတိန္ဒြေ၏။ လက္ခဏာဒီနိ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား—

သဟဇာတာနံ၊ ကလာပ်တူ ကမ္မဇရုပ်တို့ကို။ အနုပါလနံ၊ စောင့်ရှောက်ခြင်းငင်း။

ပဝတ္တနံ၊ မျှတစေ, ဖြစ်စေခြင်းငင်း။

ဌပနံ၊ တည်စေခြင်းငင်း။

ယာပယိတဗ္ဗကံ ဘူတံ၊ မျှတစေ, ဖြစ်စေအပ်သော မှီခိုရာ မဟာဘုတ်ငင်းတည်း။

န ကေဝလံ ခဏဋ္ဌိတိယာ ဧဝ၊ ပဗန္ဓာနုပစ္ဆေဒဿာပိ ဇီဝိတိန္ဒြိယံ ကာရဏန္တိ ဒဋ္ဌဗ္ဗံ၊ ဣတရထာ အာယုက္ခယတော မရဏံ န ယုဇ္ဇေယျာတိ။
ဋီကာ (ဒု၊နှာ-၉၆)

### အာဟာရရုပ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဩဇလက္ခဏော အာဟာရော၊ ရူပါဟရဏ ရသော တသာ။
ဥပတ္ထမ္ဘနုပဋ္ဌာနော၊ အာဟရေယျ ပဒဋ္ဌာနော။

အာဟာရော၊ ကဗဠီကာရော ဟာရသည်—

ဩဇ လက္ခဏော၊ ခွန်အားဖြစ်စေ မျှတစေ၍ အသက်ကို ရှည်စေခြင်း လက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး။

ရူပါဟရဏ ရသော၊ ဩဇဋ္ဌမကရုပ်ကို ဆောင်ခြင်းကိစ္စ ရှိ၏။

ဥပတ္ထမ္ဘန ဥပဋ္ဌာနော၊ ရူပကာယကို ထောက်ပံ့ခြင်းလျှင် ထင်သော အခြင်း အရာ ရှိ၏။

အာဟရေယျ ပဒဋ္ဌာနော၊ အလုတ်အခဲပြု၍ မျိုအပ်သော အာဟရိတဗ္ဗ ဝတ္ထုလျှင် နီးစွာသော အကြောင်းရှိ၏။

အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘဖလကရော ဘူတ-နိဿိတော ဇောကော ဝိသေသော ဩဇာ။ ဋီကာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၁၀၄)

ဩဇ။ ။အင်္ဂါကြီးငယ်သို့ လျှောက်သော အစာရည်၏ အဆီအနှစ် အထူးသည် ဩဇာမည်၏၊ ရူပကာယကို ထောက်ပံ့တတ်၏၊ အားကို ဖြစ်စေတတ်၏ ဟူလိုသည်။ ယင်းဩဇာ၏ ရုပ်ကို ဖြစ်စေရာ၌ အဇ္ဈတ္တိကသာ မုချ၊ ဗာဟိရကား ဥပနိဿယ ဟု—

"ဗာဟိရာဟာရံ ပစ္စယံ လဘိတွာ ဧဝ အဇ္ဈတ္တိကာဟာရော ရူပံ ဥပ္ပါဒေတီတိ အယံ အဇ္ဈတ္တိကာဟာရဿ ဥပနိဿယဘာဝေနပိ ရူပံ အာဟရတိ"ဟု အဘိဓမ္မာ ဝတာရ ဋီကာ (ဒု၊နှာ-၁၄၃) မိန့်သည်။

**အာကာသဓာတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ပရိစ္ဆေဒလက္ခဏံ ခံ၊ ပရိယန္တပ္ပကာသနံ။
မရိယာဒ ဥပဋ္ဌာနံ၊ ပရိစ္ဆိန္န ပဒဋ္ဌနံ။
ယာယ ဆိန္နေသု ဥဒ္ဒါဓော၊ တိရိယန္တိ စ ဇာယတိ။

ခံ၊ အာကာသဓာတ်သည်—

ပရိစ္ဆေဒ လက္ခဏံ၊ ရုပ်ကလာပ်တခုကို ကလာပ်တပါးနှင့် မရောနှောရအောင် ပိုင်းခြားခြင်း လက္ခဏာ ရှိ၏။

ပရိယန္တပ္ပကာသနံ၊ ရုပ်ကလာပ်တို့၏ ထက်ဝန်းကျင် အစွန်အနားအဆုံးကို ပြခြင်း ကိစ္စ ရှိ၏။

မရိယာဒ ဥပဋ္ဌာနံ၊ ရုပ်ကလာပ်တို့၏ စသတ်ပိုင်းခြား အရေးအသားလျှင် ထင်သော အခြင်းအရာ ရှိ၏။

တနည်းလည်း—အသံဖုဋ္ဌဘာဝ ဆိဒ္ဒဝိဝရဘာဝ, ပစ္စုပဋ္ဌာနာ ဝါ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၇၈)

ပရိစ္ဆိန္န ပဒဋ္ဌာနံ၊ မိမိပိုင်းခြားအပ်သော ရုပ်ကလာပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ယာယ၊ အကြင် အာကာသဓာတ်သည်။ ဆိန္နေသု၊ ပိုင်းခြားအပ်ကုန်သည် ရှိသော်။ ဝါ၊ ပိုင်းခြားအပ်ကုန်သောကြောင့်။ ဝါ၊ ပိုင်းခြားအပ်ကုန်သော ရုပ်ကလာပ်တို့၌။ ဥဒ္ဓန္တိ စ၊ အထက်ဟူ၍ရင်း။ အဓောတိ စ၊ အောက်ဟူ၍ရင်း။ တိရိယန္တိ စ၊ ဝဲ, ယာ, ရှေ့, နောက် ဟူ၍ရင်း။ ဇာယတိ၊ ဖြစ်၏။

**အထူးမှတ်ဖွယ်။** ။အာကာသဓာတ်သည် ကလာပ်တခုတည်း အတွင်း ရုပ်ချင်းချင်းကို ပိုင်းခြားသည်ဟု မှတ်မှားတတ်၏။ မမှတ်သင့်၊ ကလာပ်ကြားကိုသာ အာကာသဓာတ် မှတ်ရမည်။ ထို အာကာသဓာတ်သည် ဖောဋ္ဌဗ္ဗသဘော မဟုတ်သောကြောင့် မိမိပိုင်းခြားသော ရုပ်ကလာပ်တို့နှင့် မထိမနှံ့ဟု—

န ကဿတီတိ အကာသော၊ သောယေဝ အာကာသော။ နိဇ္ဇီဝဋ္ဌေန ဓာတု စာတိ အာကာသဓာတု။ စက္ခုဒသကာဒိ ကေကေ ကလာပ ဂတာနံ ရူပါနံ ကလာပန္တရေဟိ အသံကိဏ္ဏဘာဝါ'ပါဒနဝသေန ပရိစ္ဆေဒကံ, တေဟိ ဝါ ပရိစ္ဆိဇ္ဇမာနံ, တေသံ ပရိစ္ဆေဒမတ္တံ ဝါ ရူပံ ပရိစ္ဆေဒရူပံ။ တံ ဟိ တံ တံ ရူပကလာပံ ပရိစ္ဆိန္ဒန္တံ ဝိယ ဟောတိ။ ဝိဇ္ဇမာနေပိ စ ကလာပန္တရဘူတေဟိ ကလာပန္တရဘူတာနံ သံဖုဋ္ဌဘာဝေ တံ တံ ရူပဝိဝိတ္တတာ ရူပပရိယန္တော အာကာသော။ ယေသဥ္စ သော ပရိစ္ဆေဒေါ။ တေဟိ သယံ အသံဖုဋ္ဌောယေဝ။ အညထာ ပရိစ္ဆိန္နတာ န သိယာ တေသံ ရူပါနံ ဗျာပီဘာဝါပတ္တိတော။ အဗျာပီတာ ဟိ အသံဖုဋ္ဌတာ။ တေနာဟ ဘဂဝါ "အသံဖုဋ္ဌံ စတူဟိ မဟာဘူတေဟီ"တိ။

ဋီကာကျော် (နှာ-၁၉၉) မိန့်သည်။

## ဝိညတ်ရုပ် ၂-ပါး၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဝိညတ္တိယော အဓိပ္ပါယ-ပ္ပကာသနရသာ စလ။
ဃောသဟေတု ဥပဋ္ဌာနာ၊ စိတ္တဇဘူ ပဒဋ္ဌနာ။

ဝိညတ္တိယော၊ တုန်လှုပ် ရွတ်ဆိုသော ကိုယ် နှုတ်တို့ဖြင့် သိစေတတ်, သိအပ်သော လက္ခဏာရှိကုန်သော ကာယဝိညတ်,ဝစီဝိညတ်တို့သည်—

အဓိပ္ပါယပ္ပကာသန ရသာ၊ အလိုဆန္ဒကို ပြခြင်း ကိစ္စ ရှိကုန်၏။

စလ ဃောသ ဟေတု ဥပဋ္ဌာနာ၊ ကိုယ်တန်လှုပ်ခြင်း, နှုတ်မြွက်ဆိုခြင်း၏ အကြောင်းအဖြစ်လျှင် ထင်သောအခြင်းအရာ ရှိကုန်၏။

စိတ္တဇဘူ ပဒဋ္ဌာနာ၊ သတ္တိလွန်သော စိတ္တဇဝါယောဓာတ်, ပထဝီဓာတ်လျှင် နီးစွာသောအကြောင်း ရှိကုန်၏။

**ကာယဝိညတ်အဆုံးအဖြတ်။** ။ထိုတွင် ကာယဝိညတ်ဟူသည် ဝါယောဓာတ် လွန်သော စိတ္တဇမဟာဘုတ်တို့၏ သဟဇာတ ရူပကာယကို လှုပ်ရှားစေကြောင်း သဟကာရီကာရဏ အခြင်းအရာ ဝိကာရသတ္တိတည်း။

ဇောခုနစ်ချက်တွင် သတ္တမဇောပြုသော သတ္တိသည်သာ ရူပကာယကို လှုပ်ရှားစေနိုင်၏။

**ဝစီဝိညတ်အဆုံးအဖြတ်။** ။ဝစီဝိညတ်ကား ပထဝီဓာတ်လွန်သော စိတ္တဇဘုတ် တို့၏ ထိုထို အက္ခရုပ္ပတ္တိဋ္ဌာန်၌ ရှိရင်း ကမ္မဇပထဝီ ဓာတ်ကို ထိခတ်ကြောင်း သဟကာရီကာရဏအခြင်းအရာ ဝိကာရသတ္တိတည်း။

ဇောခုနစ်ချက်လုံးပြုသော သတ္တိသည်ပင် အက္ခရာကို ဖြစ်စေနိုင်၏ဟု အဋ္ဌသာလိနီ (နှာ-၁၂၉)၌လာ၏။ "သို့ဖြစ်စေလျှင် ပေါက်ပေါက်လှော်သံကဲ့သို့ အသံမထွေးယှက်လော"ဟူမူ အသံတူသသူ နှစ်ယောက်, သုံးယောက် သံပြိုင် တွဲ၍ဆိုသော သီချင်းသံကိုပင် တသံတည်းကဲ့သို့ ထင်ရသေး၏၊ စိတ်တူ,ဌာန်တူ, အက္ခရာတူဖြစ်သော အသံစုမှာ ဆိုဘွယ်ရာ မရှိပြီ။ တသံတည်းကဲ့သို့ ရောနှော စပ်ယှက်၍ ထွက်တော့သည်။ ဇောခုနစ်ချက်တွင်၍သာလည်း မကသေး၊ သုံး,လေးဝီထိပင် အက္ခရာတူ, အသံထပ်၍ထပ်၍ ဖြစ်ကြောင်းကို ဒွက္ခရ, တျက္ခရသဒ္ဒါတို့၌ ကျသော သုဏန္တဝီထိဖြင့် သိသာလှ၏။ သို့ နှလုံးသွင်းတော် မမူမိကြ၍ မဏိမဥ္ဇူ (ဒု၊နှာ-၁၄၀) စသော ဋီကာရှင်တို့ အဋ္ဌကထာကိုစင်လျက် ပြစ်တင် ကျောက်ကန် လှန်တော်မူကြဟန် ရှိချေသည်။

"စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ" ဟူသည်နှင့်အညီ ဘုတ်လေးပါးတို့၏ သတ္တိဖြစ်သော်လည်း လွန်သည်ကိုစွဲ၍ ထိုထို အရာ၌—

> အဘိက္ကမာဒိပ္ပဝတ္တကစိတ္တသမုဋ္ဌာန ဝါယောဓာတုယာ သဟဇရူပ-ကာယတ္ထမ္ဘနသန္ဓာရဏ စလနဿ ပစ္စယော အာကာရဝိကာရော ကာယ-ဝိညတ္တိ[၁]။
>
> ဝစီဘေဒပ္ပဝတ္တကစိတ္တသမုဋ္ဌာနပထဝီဓာတုယာ ဥပါဒိန္န ဃဋ္ဋနဿ ပစ္စယော အာကာရဝိကာရော ဝစီဝိညတ္တိ[၁]။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၇၀။

သော စ ကဏ္ဍာဒိဋ္ဌာနေ'ဘိ-ဗျတ္တိတော တတ္ထ စိတ္တေ။
ပထဝီသတ္တိဝိညတ္တိ၊ ဘူသံဃဋ္ဋနတော မတော[1]။

စသည်ဖြင့် ဓာတ်လွန်နှစ်ပါးကိုသာ ဆိုလေသည်။

**မဟာဘုတ်ပမာဏအဆုံးအဖြတ်။** ။စတုန္နံ ဝိကာရော စတူသု ကေသာပိ ဟောတိ စတုသာဓာရဏနံ ဝိယ။
ဝါယောဓာတုအဓိကတာယ စ ကလာပဿ 'ဝါယောဓာတုယာ'တိ ဝစနံ န ဝိရုဇ္ဈတိ။ ဧဝံ အဓိကတာ စ သာမတ္ထိယတော၊ န ပမာဏတော။ အညထာ ဟိ အဝိနိဗ္ဘောဂဝုတ္တိတာ န ယုဇ္ဇေယျ။
ဋီကာ (ဝိသုဒ္ဓိ၊ ဒု၊နှာ-၉၇)

ဤသို့လာသည်အတိုင်း မဟာဘုတ်လေးပါးတို့သည် ပမာဏညီမျှကြကုန်၏။ ရှေး စတုဓာတုဝဝတ္ထာန် (ဤကျမ်း ဒု၊တွဲ၊နှာ-၃၉၁)၌ ပြခဲ့ပြီးသော "ပထဝီဓာတု ဒေါဏမတ္တာ သိယာ"စသော စကားကိုလည်း သတ္တိအားဖြင့် အယုတ်,အလွန် အနည်းအများကို မျက်ရမ်းဆဘို့ရာသာ ဆိုသောစကား မှတ်ရာသည်။ စင်စစ်မူကား ဓာတ်တော် အဋ္ဌဒေါဏကို ထောက်၍ မဇ္ဈိမပ္ပမာဏလူကို ထောင်းထုကြိတ်ချေ၍ ချင့်လျှင် တတင်းခန့်မျှလောက် ရှိရာသည်။ အဝိနိဗ္ဘောဂရုပ်ဖြစ်၍ အချင်းချင်း အတွင်းအပ မရ၊ တခုရှိရာ၌ တခုရှိရကား ပထဝီဓာတ်တတင်းခန့် အာပေါဓာတ်စသည် ဝဏ္ဏ,ဂန္ဓစသည်လည်း တတင်းခန့်စီချည်း ရှိရာသည်။ အားလုံးပေါင်းလျှင်လည်း တတင်းခန့်သာ ရှိရာသည်ဟု ကြံသင့်သည်။ ကြံကြလေ—ခက်ဆစ်တည်း။

## လဟုတာစသည်တို့၏ လက္ခဏာစသည်

လဟုတာ လဟုလက္ခဏာ၊ ဂရုဘာဝ ဝိနောဒနာ။
လဟု ပရိဝတ္တျုပဋ္ဌာနာ၊ လဟု ရူပ ပဒဋ္ဌနာ။

မုဒုတာ မုဒုလက္ခဏာ၊ ထဒ္ဓဘာဝ ဝိနောဒနာ။
အဝိရောဓိတုပဋ္ဌာနာ၊ မုဒုရူပ ပဒဋ္ဌနာ။

ကမ္မညတာ တံ လက္ခဏာ၊ အကမ္မည ဝိနောဒနာ။
အဒုဗ္ဗလတုပဋ္ဌာနာ၊ ကမ္မညရူပ ပဒဋ္ဌနာ။

ကာမံ တိဿော န ဧဟန္တိ၊ အညမညံ တထာပိ တာ။
အရောဂီ စမ္မံ သောဏ္ဏံဝ၊ ဝိသေသာဝ ဝိကာရတော။

---

၁။ သဒ္ဒတ္ထဘေဒစိန္တာ။

### လဟုတာ၏ လက္ခဏာ စသည် ဓမ္မဝိတ္ထာရ် ၄-ပါး

လဟုတာ၊ လဟုတာသည်--

လဟု လက္ခဏာ၊ တိဇရုပ်တို့၏ မနှေးလျင်မြန် အဒန္ဓတာ လက္ခဏာရှိ၏။

ဂရုဘာဝ ဝိနောဒနာ၊ လေးလံသည့်အဖြစ်ကို ပယ်ဖျောက်ခြင်းကိစ္စ ရှိ၏။

လဟု ပရိဝတ္တိ ဥပဋ္ဌာနာ၊ လျင်စွာ ပြန်လှန်နိုင်ခြင်းလျှင် ထင်သောအခြင်းအရာရှိ၏။

လဟုရူပ ပဒဋ္ဌာနာ၊ ပေါ့ပါး လျင်မြန်သော တိဇရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

### မုဒုတာ၏ လက္ခဏာ စသည် ဓမ္မဝိတ္ထာရ် ၄-ပါး

မုဒုတာ၊ မုဒုတာသည်—

မုဒု လက္ခဏာ၊ တိဇရုပ်တို့၏ နူးညံ့ မခက်မာ အထဒ္ဓတာ လက္ခဏာရှိ၏။

ထဒ္ဓဘာဝ ဝိနောဒနာ၊ ခက်ထန် ကြမ်းတမ်းခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏။

အဝိရောဓိတာ ဥပဋ္ဌာနာ၊ ခပ်သိမ်းသော အမှုအရာတို့၌ မဆန့်ကျင်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

မုဒုရူပ ပဒဋ္ဌာနာ၊ နူးညံ့သော တိဇရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

### ကမ္မညတာ၏ လက္ခဏာ စသည် ဓမ္မဝိတ္ထာရ် ၄-ပါး

ကမ္မညတာ၊ ကမ္မညတာသည်—

တံ လက္ခဏာ၊ ကိုယ် အမှုအရာအား လျော်ခြင်း ဟုဆိုအပ်သော ထို ကမ္မညတာ လက္ခဏာရှိ၏။

အကမ္မည ဝိနောဒနာ၊ အမှု၌ မကောင်းခြင်း, မခံ့ခြင်းကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏။

အဒုဗ္ဗလတာ ဥပဋ္ဌာနာ၊ အားမနည်းခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

ကမ္မညရူပ ပဒဋ္ဌာနာ၊ အမှု၌ ခံ့ကျန်း ကောင်းမွန်သော တိဇရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

ဝိကာရရုပ်သုံးပါးတို့ထူးခြားပုံ။ ။တာ တိသော၊ ထိုသုံးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ ကာမံ န ဇဟန္တိ၊ အကယ်၍ကား မစွန့်မခွဲကြကုန်။ တထာပိ၊ ထိုသို့ မခွဲကြကုန်သော်လည်း။

အရောဂီက္လဝ၊ ရောဂါရှင်းလင်း အနာကင်းသောသူကဲ့သို့ငှင်း။ စမ္မ က္လဝ၊ ကောင်းစွာ နယ်ချေ ပျောင်းပြော့သော သားရေကဲ့သို့ငှင်း။ သောဏ္ဍက္လဝ၊ ကြေးညို မတင် ဦးပြီးသော ရွှေစင်ကဲ့သို့ငှင်း။ ဝိကာရတော၊ လေးလံအောင်, ခက်ထန်အောင်, မလျော်အောင် ပြုတတ်သော ဓာတုခေါဘ၏ ဆန့်ကျင်ဖက် အကြောင်းတို့သည် ဖြစ်စေတတ်သော ပေါ့ပါး, နူးညံ့, ခံ့သော ဖောက်ပြန်ခြင်း အားဖြင့်။ ဝိသေသာ ဧဝ၊ ယထာက္ကမ ထူးပြားကြကုန်သည်သာတည်း။

**ဓာတ်ချောက်ချားခြင်း ၂-မျိုး။** ။ဤ၌ 'ဓာတုက္ခောဘ' ဟူသည် အဘယ်နည်း။

ဓာတုက္ခောဘော ဝါတ, ပိတ္တ, သေမှပ္ပကောပေါ၊ ရသာဒိဓာတူနံ ဝါ ဝိကာရုပ္ပတ္တာ။ ဒွိဓာ ဝုတ္တောပိ အတ္ထတော ပထဝီဓာတုအာဒီနံ ဓာတူနံယေဝ ဝိကာရောတိ ဒဋ္ဌဗ္ဗော[၁]။ ဋီကာ (မဟာ၊ဒု၊နှာ-၁၀၁)

ဆန့်ကျင်ဖက် အကြောင်းဟူသည် အဘယ်နည်း—

ပဋိပက္ခပစ္စယာ သပ္ပါယဥတုအာဟာရာ'ဝိက္ခိတ္တစိတ္တတာ။ တေ စ တံ တံ ဝိကာရဿ ဝိသေသပစ္စယဘာဝတော ဝုတ္တာ။ အဝိသေသေန ပန သဗ္ဗေ သဗ္ဗေသံ ပစ္စယာ။ ယတော နေသံ အညမညာ' ဝိဇဟနံ။

ဋီကာ (မဟာ၊ဒု၊နှာ-၁၀၁၊၁၀၂)

## ဥပစယစသည်တို့၏ လက္ခဏာ စသည်

အာစယကော် ဥပစယော၊ ဥမ္မုဇ္ဇာပနရသော တထာ။
နိယျာတန ဥပဋ္ဌာနော၊ ဥပစိတ ပဒဋ္ဌနော။

ပဝတ္တိ အက်ာ သန္တတိ၊ အနုပ္ပဗန္ဓန ရသာ တထာ။
အနုပစ္ဆေဒ ပဋ္ဌာနာ၊ အနုပ္ပဗန္ဓ ပဒဋ္ဌနာ။
ဉဘယေ'တံ ဇာတိနာမံ၊ ဥဒ္ဒိဋ္ဌာ'ကာရနေယျတော။

ဇရတာယ လက္ခဏာဒီ၊ ပရိပါကော ပနယျနံ။
နဝဘာဝါ ပဂမော စ၊ ပရိပစ္စန္တရူပ စ။

အနိစ္စတာယ ပရိဘေဒေါ၊ သံသီဒနံ ခယဗ္ဗယံ။
ပရိဘိဇ္ဇမာနရူပံ၊ ဒဋ္ဌဗ္ဗာ လက္ခဏာဒယော။

---

၁။ လေ, သည်းခြေ, သလိပ်တို့၏ ဖောက်ပြန်ပျက်စီးခြင်း၊ ဩဇ=ရသ, သွေး, အသား, အဆီ, အရိုး, ခြင်ဆီ, သုက် တည်းဟူသော ဓာတ် ၇-ပါးတို့၏ ဖောက်ပြန်ပျက်စီးခြင်း၊ ဤဖောက်ပြန်ခြင်း ၂-မျိုးကို ဓာတ်ချောက်ချားခြင်း 'ဓာတုခေါဘ' ဟု ခေါ်သည်။ ဓာတ်ချောက်ချားခြင်း ၂-မျိုးရှိသော်လည်း အချုပ်မှာ ဓာတ် ၄-ပါးတို့၏ ဖောက်ပြန်ခြင်းကိုသာ 'ဓာတုက္ခောဘ' ဟု ဆိုသည်။

## ဥပစယ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဥပစယော၊ ဥပစယသည်—

အာစယလက္ခဏော၊ ရှေးဦးစွာ လာ၏သို့ ဖြစ်ခြင်း, အထက်၌ ပွါးခြင်း လက္ခဏာ ရှိ၏။

ဥပညတ္တံ ဥပသိတ္တန္တိ အာဒီသုဝိယ ဥပ–သဒ္ဒေါ ပဌမုပရိအတ္ထော နိဒဿနတော။ ဋီကာ၊ (ဒု၊နှာ-၁၀၂။)

တထာ၊ ထိုမှတပါး။ ဥမ္မုဇ္ဇာပန ရသော၊ အနာဂတ်ဖြစ်သော ရှေးအဘို့မှ ဖော်ထုတ်၍ ရုပ်တို့ကို ပေါ်စေခြင်း ကိစ္စ ရှိ၏။

နိယျာတန ဥပဋ္ဌာနော၊ အပ်နှင်းသကဲ့သို့ ဖြစ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

'ဣမေ ရူပဓမ္မာ သမ္ပဋိစ္ဆထ နေ'တိ နိယျာတေန္တော ဝိယ ဂယှတီတိ ဝုတ္တံ 'နိယျာတနပစ္စုပဋ္ဌာနော'တိ။ အဘိဓမ္မာဝတာရဋီကာ (ဒု၊နှာ-၁၅၆။)

တနည်းလည်း—ပရိပုဏ္ဏဘာဝ ပစ္စုပဋ္ဌာန် ရှိ၏။

ပရိပုဏ္ဏဘာဝ ပစ္စုပဋ္ဌာနတာ 'ဥပရိ စယော ဥပစယော'တိ ဣမဿ ဝသေန ဝေဒိတဗ္ဗာ။ ဋီကာ (မဟာ၊ဒု၊နှာ-၁၀၂။)

ဥပစိတ ပဒဋ္ဌာနော၊ ရှေးဦးစွာ လာ၏သို့ ဖြစ်သော ရုပ်, အထက်၌ ပွါးသော ရုပ် လျှင် နီးစွာသော အကြောင်းရှိ၏။

## သန္တတိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

သန္တတိ၊သန္တတိသည်—

ပဝတ္တိအက်ော၊ ရုပ်တို့၏ ဖြစ်ခြင်းလက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး။

အနုပ္ပဗန္ဓန ရသာ၊ ရှေးနောက်စပ်တွဲ အဖန်တလဲလဲ ဖွဲ့ခြင်းကိစ္စရှိ၏။

အနုပစ္ဆေဒ ဥပဋ္ဌာနာ၊ အစဉ်မပြတ်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။

အနုပ္ပဗန္ဓ ပဒဋ္ဌာနာ၊ အစဉ်မပြတ် ဖွဲ့စပ်ခြင်းကို ပြုတတ်သော အနုပ္ပဗန္ဓကရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

ဇာတိမည်ပုံ။ ။တော် ဥဘယံ၊ ဤဥပစယ သန္တတိ နှစ်ပါးသည်။ ဇာတိနာမံ၊ ဇာတိရုပ်၏ အမည်တည်း။ အာကာရနေယျတော၊ ဖြစ်သော အခြင်းအရာ, ဝေနေယျဇ္ဈာသယ အားဖြင့်။ ဥဒ္ဒိဋ္ဌံ၊ ဥဒ္ဒေသ၌ အသီးအခြား ပြအပ်၏။

**အာစယ, ဥပစယ, သန္တတိ အဆုံးအဖြတ်။** ။နိဒ္ဒေသ၌ကား သဘောတရား ကိုယ်အားဖြင့် မထူးခြားသော ကြောင့်—

ယော အာယတနာနံ အာစယော၊ သော ရူပဿ ဥပစယော။ ယော ရူပဿ ဥပစယော။ သာ ရူပဿ သန္တတိ[၁]–ဟူ၍ ဟောတော်မူအပ်၏။

အဋ္ဌကထာဟောင်း[၂]၌လည်း—အာစယော နာမ နိဗ္ဗတ္တိ။ ဥပစယော နာမ ဝဍ္ဎိ၊ သန္တတိနာမ ပဝတ္တိ[၂] ဟု-ဆိုပြီး၍ မြစ်ကမ်းသဲခုံ၌ တူးအပ်သော လက်ယက်တွင်း၌ ရေထွက်သည်နှင့် တဘာဝတွင် အစစွာဖြစ်သော ရုပ်တို့၏ ဥပ္ပါဒဘောဂဏ် ဟု-ဆိုအပ်သော အာစယ တူ၏။

ထို့နောင် နှစ်ကြိမ်မြောက် ဖြစ်လာသော ရုပ်တို့၏ ဥပ္ပါဒ အဝတ္ထာဟူ သော ဥပစယသည် လက်ယက်တွင်း၌ ရေပြည့်သည်နှင့် တူ၏။

ရေလျှံ၍ စီးသွားသည်နှင့်ကား တတိယမှစ၍ စုတိကျသည်တိုင်အောင် အစဉ်မပြတ်ဖြစ်သော ရုပ်တို့၏ ဥပါဒ်အခိုက်အတန့်ဟူသော သန္တတိ တူ၏ ဟု ဥပမာပြုပြီး၍ အစေ့ကာဒသ ရုပ်အာယတနတို့၏ ဥပ္ပါဒအဝတ္ထချည်းဖြစ်၍ အာစယ,ဥပစယ,သန္တတိ သုံးပါးလုံး အတူတူပင် တည်းဟု ပြခြင်းငှါ—

ဧဝံ ကိံ ကထိတံ ဟောတိ။ အာယတနေန အာစယော ကထိတော။ အာစယေန အာယတနံ ကထိတံ[၂]။

ဟူ၍ အာစယ တမည်ကိုသာ မိန့်အပ်၏။

'ဧဝံ ကိံ ကထိတ'န္တိ 'ယော အာယတနာနံ အာစယော'တိ အာဒိနာ နိဒ္ဒေသေန ကိံ အတ္ထဇာတံ ကထိတံ ဟောတိ၊အာယတနေန အာစယော ကထိတော။ အာစယုပစယ သန္တတိယော ဟိ နိဗ္ဗတ္တိဘာဝေန အာစယော ဧဝါတိ အာယတနေဟိ အာစယာဒီနံ ပကာသိတတ္တာ တေဟိ အာစယော ကထိတော။ အာယတနာနံ အာစယာဒိဝစနေနေဝ အာစယသဘာဝါနိ ဥပ္ပါဒဓမ္မာနိ အာယတနာနီတိ အာစယေန တံ ပကတိကံ အာယတနံ ကထိတံ။ လက္ခဏံ ဟိ ဥပ္ပါဒေါ။ န ရူပ ရူပန္တိ။

ဟု-ဋီကာ (ဒု၊နှာ-၁၀၃) ဖွင့်သည်ကို ရှု၍ အနက်သမ္ဘန်။

---

၁။ ဓမ္မသင်္ဂဏီ၊ အဘိ၊ ၁၊ နှာ-၁၇၁-၁၇၈။

၂။ ဝိသုဒ္ဓိမဂ်,ဋ္ဌ၊ဒု၊နှာ-၇၉-၌ ဆောင်ပြသော အဋ္ဌကထာဟောင်း၏စကား။ အဋ္ဌသာ လိနီ၊နှာ-၃၆၃-၌လည်း အလားတူ လာ၏။

ဥပစယ, သန္တတိ ဟု-ဇာတိရုပ် နှစ်ပါးသာ ရှိသည်ကို အဘယ်မှ အာစယ ပေါ်၍ လာသနည်းဟူမူ—

ဥဒ္ဒေသေ အဝုတ္တောပိ အာစယော ဥပစယသဒ္ဒေနေဝ ဝိညာယတိ။ ပါဠိယမ္ပိ ဥပသဒ္ဒေါ ပဌမတ္ထော ဥပရိအတ္ထော စ ဟောတီတိ "အာဒိတော စယော ဥပစယော၊ ဥပရိ စယော သန္တတီ"တိ အယမတ္ထော ဝိညာယတိ—

ဟု-မူလ ဋီကာ (နှာ-၁၅၂) ၌ ဖြေ၏။

'ဥပစယ' ပုဒ်၌ ဥပ-သဒ္ဒါ 'ဥပညတ္တံ'၌ကဲ့သို့ အာဒျတ္ထ ယူ၍ 'အာဒိတော စယော ဥပ္ပတ္တိ ဥပစယော' ပြုမူ အာစယပုဒ်နှင့် အနက် တူ၏။ 'ဥပသိတ္တံ' ပုဒ်၌ကဲ့သို့ 'ဥပရိအတ္ထ' ယူ၍ 'ဥပရိ စယော ဝဍ္ဎိ ဥပစယော' ပြုမူ 'သမ္ဗန္ဓာ ဟုတွာ တနီယတေ သန္တတိ' ဟု–ပြုအပ်သော သန္တတိပုဒ်နှင့် အနက် တူ၏။ ထို့ကြောင့် ဇာတိရုပ် နှစ်ပါးသာ ဖြစ်၏။ ယင်း နှစ်ပါးကို အာစယ, ဥပစယ ဆိုလျှင်လည်း ဆိုသင့်၏။ ဥပစယ,သန္တတိ ဆိုလျှင်လည်း ဆိုသင့်၏။

ထို နှစ်ပါးတို့တွင် တဘဝတည်းတွင် ရှေးက မဖြစ်ဘူးသေးသော ရုပ်တို့၏ ဖြစ်စ ဥပါဒ်အခိုက်အတန့်သည် ဥပစယ မည်၏။

တကြိမ် ဖြစ်ဘူးသည့်နောက် အဖန်တလဲလဲ စုတိကျသည်တိုင်အောင် ထပ်၍,ထပ်၍ ဖြစ်လာသော ထိုရုပ်တို့၏ ဖြစ်စ ဥပါဒ် အခိုက်အတန့်သည် သန္တတိ မည်၏။

ထို့ကြောင့် ပဋိသန္ဓေမှစ၍ အာယတန ပြည့်စုံသည်တိုင်အောင် ရုပ်ပိုင်း ပဝတ္တိက္ကမကိုပြဆိုရာအခန်း (ဤကျမ်း၊ပတွဲ၊နှာ- ၂၂၀) ၌ပြဆို ဆုံးဖြတ်ခဲ့ပြီး အတိုင်း ဒသမသတ္တာဟ အတွင်း၌ ရုပ်သစ်တို့၏ ဥပါဒ်စကို ဥပစယ၊ ပဋိသန္ဓေ ဌီမှစ၍စုတိတိုင်အောင် ရုပ်ဟောင်းတို့၏ ဥပါဒ်စကို သန္တတိ ဟူ၍ မှတ်လေ။

ဇရတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဇရတာယ၊ ဇရတာ၏။ လက္ခဏာဒီ၊ လက္ခဏာ စသည်တို့ကား။

လက္ခဏ။ ။ပရိပါကော၊ ရုပ်တို့၏ ရင့်ကျက်မှည့်ရော်ခြင်းရင်း။

ရသ။ ။ဥပနယနံ၊ ဘင်သို့ရောက်အောင် ဆောင်ခြင်းရင်း။

ပစ္စုပဋ္ဌာန်။ ။နဝဘာဝါပဂမော စ၊ ဥပါဒ်ဟူသော အသစ်၏ အဖြစ် ကွယ်ကင်း၍ ဟောင်းမြင်းဆွေးမြည့်ခြင်းရင်း။

ပဒဋ္ဌာန်။ ။ပရိပစ္စန္တရူပံစ၊ ရင့်ကျက်အိုမင်း ဟောင်းမြင်း ဆွေးမြည့်ဆဲ ရုပ်ငင်း တည်း။ ဝါ၊ ရုပ်သည်ငင်း။

ဇရတာယ၊ ဇရတာ၏။ လက္ခဏာဒီ၊ လက္ခဏာ စသည်တို့ မည်ကုန်၏။

## အနိစ္စတာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

လက္ခဏ။ ။ပရိဘေဒေါ၊ ရုပ်တို့၏ အကုန်မကြွင်း ပျက်စီးခြင်းကိုငင်း။

ရသ။ ။သံသီဒနံ၊ စုံးစုံးနစ်အောင် နှစ်ခြင်း,နစ်စေခြင်းကိုငင်း။

ပစ္စုပဋ္ဌာန်။ ။ခယဝယံ၊ ကုန်ပျောက်ခြင်းကိုငင်း။

ပဒဋ္ဌာန်။ ။ပရိဘိဇ္ဇမာနရူပံ၊ ထက်ဝန်းကျင် ဖရိုဖရဲ ပျက်ဆဲရုပ်ကိုငင်း။

အနိစ္စတာယ၊အနိစ္စတာ၏။ လက္ခဏာဒယော၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

ရုပ် ပြီး၏။

---

## ဝိညာဏ်၏ လက္ခဏာ စသည်ဓမ္မဝဝတ္ထာန် ၄-ပါး

ကြွင်းသော နာမ်ခန္ဓာလေးပါးတို့တွင် စိတ်ကို သိပြီးမှ စေတသိက်တို့ကို သိလွယ်သောကြောင့် စိတ်၏ လက္ခဏာစသည်ကို ရှေးဦးစွာ မှတ်အပ်၏။

သဗ္ဗမ္ပိ ဝိညာဏံ အာရမ္မဏဝိဇာနန လက္ခဏံ၊ အာရမ္မဏ ကရဏ ရသံ၊ အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ အနန္တရာတီတဝိညာဏာပဂမ ပဒဋ္ဌာနံ။

လက္ခဏ။ ။သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ ဝိညာဏံ၊ စိတ်တခုယုတ် ကိုး ဆယ်သည်။ အာရမ္မဏဝိဇာနန လက္ခဏံ၊ သညာထက် အာရုံကို အထူးသိခြင်းလက္ခဏာ ရှိ၏။

ရသ။ ။အာရမ္မဏကရဏ ရသံ၊ အာရုံပြုခြင်းကိစ္စ ရှိ၏။

ပစ္စုပဋ္ဌာန်။ ။အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနံ၊ အာရုံသို့ ရှေးရှုသည်၏ အဖြစ်လျှင် ထင်သောအခြင်းအရာ ရှိ၏။

ပဒဋ္ဌာန်။ ။အနန္တရာတီတဝိညာဏာပဂမ ပဒဋ္ဌာနံ၊ အခြားမဲ့ လွန်လေသော စိတ်၏ ချုပ်ကင်းခြင်းလျှင်နီးစွာသော အကြောင်း ရှိ၏။

စိတ္တဟူသော ပရိယာယ် အမည်ဖြင့်ကား—

စိတ်သည် စေတသိက်တို့၏ ရှေ့သွား ပုဗ္ဗင်္ဂမ ကိစ္စ။

ရှေးစိတ်နှင့် မပြတ်စပ်ခြင်း သန္တာန[၁]ပစ္စုပဋ္ဌာန်။

နာမ်ရုပ်လျှင် ပဒဋ္ဌာန် ရှိ၏–ဟု အဋ္ဌသာလိနီ (နှာ-၁၅၅)ဆို၏။ လက္ခဏာမူ ရှေးနည်းတူ၏။

## ကုသိုလ်စိတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ကုသလံ အနဝဇ္ဇ သုခဝိပါက လက္ခဏံ။ အကုသလဝိဒ္ဓံသန ရသံ။ ဝေါဒါနပစ္စုပဋ္ဌာနံ။ ယောနိသောမနသိကာရ ပဒဋ္ဌာနံ။

ကုသိုလ်စိတ်သည်—

အပြစ်မရှိခြင်း ကောင်းသောအကျိုးကို ပေးခြင်းလက္ခဏာ။

အကုသိုလ်ကို ဖျက်ဆီးခြင်းကိစ္စ။

ဖြူစင်ခြင်းလျှင် ထင်သောအခြင်းအရာ။

အသင့်အတင့် နှလုံးသွင်းခြင်းလျှင် နီးစွာသော အကြောင်း ရှိ၏ဟု အနက်ပေး။

## အကုသိုလ်စိတ်၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

အကုသလံ သာဝဇ္ဇ ဒုက္ခဝိပါက လက္ခဏံ၊ ကုသလပဋိပက္ခ ရသံ၊ ကာဠုဿိယပစ္စုပဋ္ဌာနံ၊ အယောနိသောမနသိကာရ ပဒဋ္ဌာနံ။

အကုသိုလ်သည်—

အပြစ်ရှိခြင်း ဆင်းရဲသောအကျိုးကို ပေးခြင်းလက္ခဏာ။

ကုသိုလ်၏ ဆန့်ကျင်ဖက်ကိစ္စ။

မည်းညစ်ခြင်း ပစ္စုပဋ္ဌာန်။

မသင့်မတင့် နှလုံးသွင်းခြင်း ပဒဋ္ဌာန်ရှိ၏ ဟု အနက်ပေး။

## ဒွေပဉ္စဝိညာဉ် ၁၀-၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ပဉ္စဝိညာဏာနိ စက္ခာဒိသန္နိဿိတရူပါဒိဝိဇာနန လက္ခဏာနိ၊ ရူပါဒိမတ္တာရမ္မဏရသာနိ၊ ရူပါဒိအဘိမုခ ဘာဝ ပစ္စုပဋ္ဌာနာနိ၊ ကိရိယမနောဓာတုယာ အပဂမ ပဒဋ္ဌာနာနိ။

---

၁။ သန္ဒဟန ပစ္စုပဋ္ဌာနံ။ (ဆဋ္ဌမူ)

**ဒွေပဥ္စဝိညာဏ်တို့သည်—**

အသီးအသီး ပဥ္စပသာဒ၌ မှီလျက် ပဥ္စာရုံကို သိခြင်းလက္ခဏာ။

ပဥ္စာရုံမျှကိုသာ အာရုံပြုခြင်း ကိစ္စ။

ပဥ္စာရုံသို့ ရှေးရှုခြင်း ပစ္စုပဋ္ဌာန်။

ပဥ္စဒွါရာဝဇ္ဇန်းစိတ်၏ ချုပ်ကင်းခြင်း ပဒဋ္ဌာန် ရှိကုန်၏ဟု အနက်သမ္ဗန်။

## သမ္ပဋိစ္ဆိုင်း၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**ဝိပါကမနောဓာတု** ရူပါဒိဝိဇာနန လက္ခဏာ၊ ရူပါဒိသမ္ပဋိစ္ဆန ရသာ၊ တထာဘာဝ ပစ္စုပဋ္ဌာနာ၊ စက္ခုဝိညာဏာဒိ အပဂမ ပဒဋ္ဌာနာ။

**သမ္ပဋိစ္ဆိုင်းစိတ်သည်—**

ပဥ္စာရုံကို သိခြင်းလက္ခဏာ။

ခံယူခြင်းကိစ္စ။

ခံတတ်သည့်အဖြစ် တည်းဟူသော ပစ္စုပဋ္ဌာန်။

ပဥ္စဝိညာဏ်၏ ချုပ်ကင်းခြင်း ပဒဋ္ဌာန် ရှိ၏ဟု အနက်သမ္ဗန်။

## သန္တီရဏ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**အဟေတုက ဝိပါကာ မနောဝိညာဏဓာတု** ဆဠာရမ္မဏ ဝိဇာနန-လက္ခဏာ၊ သန္တီရဏာဒိ ရသာ၊ တထာဘာဝ ပစ္စုပဋ္ဌာနာ၊ ဟဒယဝတ္ထု-ပဒဋ္ဌာနာ။

သန္တီရဏစိတ်သည်—

အာရုံခြောက်ပါးကို သိခြင်းလက္ခဏာ။

သန္တီရဏစသောနှစ်ကိစ္စ၊ ငါးကိစ္စ။

စုံစမ်းခြင်း ပစ္စုပဋ္ဌာန်။

ဟဒယဝတ္ထု ဟူသော ပဒဋ္ဌာန် ရှိ၏ဟု အနက်ပေး။

## ပဥ္စဒွါရာဝဇ္ဇန်း၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**ကိရိယာမနောဓာတု** စက္ခုဝိညာဏာဒိ ပုရေစရ ရူပါဒိဝိဇာနန-လက္ခဏာ၊ အာဝဇ္ဇန ရသာ၊ ရူပါဒိအဘိမုခဘာဝ ပစ္စုပဋ္ဌာနာ၊ ဘဝင်္ဂဝိစ္ဆေဒ ပဒဋ္ဌာနာ။

ပဉ္စဒွါရာဝဇ္ဇန်းသည်--

ပဉ္စဝိညာဏ်တို့၏ ရှေ့သွားဖြစ်၍ ပဉ္စာရုံကို သိခြင်း လက္ခဏာ။

ပဉ္စာရုံကို ဆင်ခြင်ခြင်း ဘင်ကို လည်စေခြင်း ကိစ္စ။

ပဉ္စာရုံသို့ ရှေးရှုသော အဖြစ်လျှင် ပစ္စုပဋ္ဌာန်။

ဘဝင်ပြတ်ခြင်းလျှင် ပဒဋ္ဌာန် ရှိ၏။

## မနောဒွါရာဝဇ္ဇန်း၏ လက္ခဏာစသည် ဝဏ္ဏနာဘွာန် ၄-ပါး

**သာဝဇ္ဇရဏာကိရိယာ ဟေတုက မနောဝိညာဏဓာတု ဆဋ္ဌာရမ္မဏ-ဝိဇာနန** လက္ခဏာ၊ ဝေါဋ္ဌဗ္ဗနာဝဇ္ဇန ရသာ၊ တထာဘာဝ ပစ္စုပဋ္ဌာနာ၊ အတီတာနန္တရ စိတ္တာပဂမ ပဒဋ္ဌာနာ။

မနောဒွါရာဝဇ္ဇန်းသည်—

အာရုံခြောက်ပါး ကိုသိခြင်းလက္ခဏာ။

မှတ်သားပိုင်းခြားခြင်း, ဆင်ခြင်ခြင်းကိစ္စ။

မှတ်သား ပိုင်းခြားတတ်, ဆင်ခြင်တတ်သည်၏ အဖြစ်တည်းဟူသော ပစ္စုပဋ္ဌာန်။

ရှေးအနန္တရစိတ်၏ ချုပ်ကင်းခြင်း ပဒဋ္ဌာန်ရှိ၏ဟု အနက်ပေး။

## ဟသိတုပ္ပါဒ်၏ လက္ခဏာစသည် ဝဏ္ဏဝတ္တာန် ၄-ပါး

**အသာဝဇ္ဇရဏ ကိရိယာဟေတုကမနောဝိညာဏဓာတု ဆဋ္ဌာရမ္မဏဝိ-ဇာနန** လက္ခဏာ၊ အနုဋ္ဌာရေသု ဝတ္ထုသု ဟသိတုပ္ပါဒန ရသာ၊ တထာ-ဘာဝ ပစ္စုပဋ္ဌာနာ၊ ဧကန္တတော ဟဒယဝတ္ထု ပဒဋ္ဌာနာ။

ဟသိတုပ္ပါဒ်စိတ်သည်—

အာရုံခြောက်ပါးကို သိခြင်းလက္ခဏာ။

အရိယာပုဂ္ဂိုလ်တို့၏ အဆင်းစသော မမွန်မြတ်သောအာရုံတို့၌ ရွှင်ပြုံးခြင်းမျှကို ဖြစ်စေခြင်းကိစ္စ။

ရွှင်ပျခြင်းမျှကို ဖြစ်စေတတ်သည်၏ အဖြစ်လျှင် ပစ္စုပဋ္ဌာန်။

စင်စစ် ဟဒယဝတ္ထုလျှင် ပဒဋ္ဌာန်ရှိ၏ဟု အနက်သမ္ဗန်။

ကြွင်းသော ဝိပါက်,ကိရိယာစိတ်တို့၌လည်း ရှေးဆိုခဲ့ပြီးသည်ကို နည်းမှီလျက် ထိုက်သည်အားလျော်စွာ လက္ခဏာစသည်ကို ထုတ်အပ်၏။ အသီးအခြား အထူးအပြား ထုတ်၍ မရသော အရာများ၌လည်း ရှေးသာမညစိတ်ဟူသမျှနှင့် ဆက်ဆံသော လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အတိုင်း မှတ်အပ်၏။

ဝိညာဏ် ပြီး၏။

---

## စေတသိက်တို့၏လက္ခဏာများ

### ဝေဒနာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**သုခံ** ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏံ၊ သမ္ပယုတ္တာနံ ဥပဗြူဟန ရသံ။ ကာယိကအဿာဒ ပစ္စုပဋ္ဌာနံ။

**ဒုက္ခံ** အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏံ၊ သမ္ပယုတ္တာနံ မိလာပန ရသံ။ ကာယိကာဗာဓ ပစ္စုပဋ္ဌာနံ၊ တဒုဘယံ ကာယိန္ဒြိယ ပဒဋ္ဌာနံ။

**သောမနဿံ** ဣဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ ယထာ တထာ ဝါ ဣဋ္ဌာကာရသမ္ဘောဂ ရသံ၊ စေတသိကအဿာဒ ပစ္စုပဋ္ဌာနံ၊ ပဿဒ္ဓိ ပဒဋ္ဌာနံ။

**ဒေါမနဿံ** အနိဋ္ဌာရမ္မဏာနုဘဝန လက္ခဏံ၊ ယထာ တထာ ဝါ အနိဋ္ဌာကာရသမ္ဘောဂ ရသံ၊ စေတသိကာဗာဓ ပစ္စုပဋ္ဌာနံ၊ ဧကန္တေနေဝ ဟဒယဝတ္ထုပဒဋ္ဌာနံ။

**ဥပေက္ခာ** မဇ္ဈတ္တဝေဒယိတ လက္ခဏာ၊ သမ္ပယုတ္တာနံ နာတိဥပဗြူဟနမိလာပန ရသာ၊ သန္တဘာဝ ပစ္စုပဋ္ဌာနာ၊ နိပ္ပီတိကစိတ္တ ပဒဋ္ဌာနာ။

### သုခဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

သုခံ၊ **သုခဝေဒနာသည်**—

ဣဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏံ၊ ဣဋ္ဌဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ ဥပဗြူဟန ရသံ၊ လွန်စွာ ပွါးစေခြင်း ကိစ္စ ရှိ၏။

ကာယိကအဿာဒ ပစ္စုပဋ္ဌာနံ၊ ကိုယ်၌မှီသော သာယာအပ်ခြင်းလျှင် ထင်သော အခြင်းအရာရှိ၏။

ဒုက္ခဝေဒနာ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဒုက္ခံ၊ ဒုက္ခဝေဒနာသည်—

အနိဋ္ဌဖောဋ္ဌဗ္ဗာနုဘဝန လက္ခဏံ၊ အနိဋ္ဌဖြစ်သောဖောဋ္ဌဗ္ဗာရုံကို ခံစားခြင်း လက္ခဏာရှိ၏။

သမ္ပယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ မိလာပန ရသံ၊ ညှိုးမှိန် ပိန်ချုံးစေခြင်းကိစ္စ ရှိ၏။

ကာယိကာဗာဓ ပစ္စုပဋ္ဌာနံ၊ ကိုယ်၌မှီသော ကျင်နာခြင်းဟု–ဉာဏ်အား ရှေးရှုထင်၏။

တဒုဘယံ၊ ထို သုခ ဒုက္ခနှစ်ပါးသည်။ ကာယိန္ဒြိယ ပဒဋ္ဌာနံ၊ ကာယိန္ဒြေလျှင် နီးသောအကြောင်းရှိ၏။

သောမနဿဝေဒနာ၏ လက္ခဏာစသည်ဓမ္မဝဝတ္ထာန် ၄-ပါး

သောမနဿသည်—

သဘာဝ ပရိကပ္ပ ဣဋ္ဌာရုံကို ခံစားခြင်းလက္ခဏာ။

ဟုတ်ဟုတ်ငြားငြား ဣဋ္ဌ အခြင်းအရာအားဖြင့် သုံးဆောင်ခြင်း ကိစ္စ။

စိတ်၌မှီသော သာယာအပ်သည်လျှင် ပစ္စုပဋ္ဌာန်။

ပဿဒ္ဓိလျှင် ပဒဋ္ဌာန်ရှိ၏ ဟု–အနက်ပေး။

'ပဿဒ္ဓိပဒဋ္ဌာန'န္တိ ဣဒံ "ပဿဒ္ဓကာယော သုခံ ဝေဒေတီ"တိ သုတ္တပဒံ နိဿာယ ဝုတ္တံ။ တံ ပန နိရာမိသ သောမနဿ ဝသေန ဝေဒိတဗ္ဗံ။
ဋီကာ (ဒု၊နှာ-၁၃၈။)

ဒေါမနဿ အနက် လွယ်၏။

ဥပေက္ခာဝေဒနာ၏လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဥပေက္ခာသည်—

အလယ်အလတ်အာရုံကို အလတ် လျစ်လျူခံစားခြင်း လက္ခဏာ။

ယှဉ်ဖက်တရားတို့ကို မပွါးမညှိုးစေလွန်းခြင်း ကိစ္စ။

ငြိမ်သက်ခြင်းလျှင် ထင်သော အခြင်းအရာ။

ပီတိကင်းသော စိတ်လျှင်နီးသော အကြောင်းရှိ၏။

'သန္တဘာဝ ပစ္စုပဋ္ဌာနာ'တိ ဣဒံ အနဝဇ္ဇာယနိရာမိသာယ ဥပေက္ခာယ ဝသေန ဝေဒိတဗ္ဗံ။ န သဗ္ဗာယ။ ဋီကာ (ဒု၊နှာ-၁၃၈။)

ဝေဒနာ ပြီး၏။

## သညာ၏ လက္ခဏာ စသည် ဓမ္မ၀၀တ္ထာန် ၄-ပါး

သညာ သဉ္ဇာနန လက္ခဏာ၊ တဒေဝေတန္တိ ပုန သဉ္ဇာနနပစ္စယနိမိတ္တ-ကရဏ ရသာ ဒါရုအာဒီသု တစ္ဆကာဒယော ဝိယ။ ယထာဂဟိတနိမိတ္တ-ဝသေန အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ ဟတ္ထိဒဿကအန္ဓာဝိယ။ ယထာ-ဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ တိဏပုရိသကေသု မိဂပေါတကာနံ ပုရိသာတိ ဥပ္ပန္နသညာ ဝိယ[၁]။

**သညာ**၊ သညာသည်—

**သဉ္ဇာနန လက္ခဏာ**၊ အမှတ်ပြု၍သိခြင်း လက္ခဏာရှိ၏။

**ဇတံ ဣဒံ**၊ ဤဝတ္ထုသည်။ **တဒေဝ**၊ ထိုရှေးမှတ်ဘူးသော ဝတ္ထုပင်တည်း။ **ဣတိပုနသဉ္ဇာနနပစ္စယ နိမိတ္တကရဏ ရသာ**၊ ဤသို့ နောင် သိကြောင်းအမှတ်ကို ပြုခြင်း ကိစ္စရှိ၏။ **ဒါရုအာဒီသု**၊ သစ်စသည်တို့၌။ **တစ္ဆကာဒယော ဝိယ**၊ တံစည်းသမားစသည်တို့ကဲ့သို့တည်း။

**ယထာဂဟိတနိမိတ္တဝသေန**၊ ယူတိုင်းသော အမှတ်အသား၏ အစွမ်းဖြင့်။ **အဘိနိဝေသကရဏ ပစ္စုပဋ္ဌာနာ**၊ ထိုးထွင်း၍ မကြံပဲ အပေါ်ယံ လျှကာသာ နှလုံးသွင်းခြင်းကိုပြုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

**ဟတ္ထိဒဿကအန္ဓာဝိယ**၊ ဆင်ဟူသည် ဆုံခြေ၊ မန်းဝန်း[၂]၊ တံမြက်စွန်းနှင့် တူ၏ဟု ဆင်ကိုညွှန်းပြသော သူကန်းတို့ကဲ့သို့တည်း။

**ယထာဥပဋ္ဌိတဝိသယ ပဒဋ္ဌာနာ**၊ ထင်တိုင်းသော အာရုံလျှင် နီးစွာသော အကြောင်း ရှိ၏။ **တိဏပုရိသကေသု**၊ လယ်စောင့်ဟန် မြက်ကိုစည်း၍ လုပ်ထားသော ယောကျ်ားရုပ်တို့၌။ **မိဂပေါတကာနံ**၊ သမင်ငယ်တို့၏။ **ပုရိသာတိဥပ္ပန္န သညာဝိယ**၊ အဟုတ်ယောကျ်ားဟု ထင်မှားသော သညာကဲ့သို့တည်း။

ဂါထာဗန္ဓဖွဲ့က မပြည့်မစုံမည် စိုးသောကြောင့်၎င်း၊ တရားကိုယ်နည်းပါးသောကြောင့်၎င်း ဤခန္ဓာသုံးပါးတို့၌ ဂါထာဗန္ဓ မဖွဲ့ပဲ အဋ္ဌကထာလာတိုင်းပင် ပြလိုက်သည်။

သညာ ပြီး၏။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၉၁။

၂။ မန်း=စကော၊ဘန်း (ဥဒါနပါဠိတော်၊နှာ-၁၆၀)

### သင်္ဂါရက္ခန္ဓာဖြစ်သော စေတသိက်ငါးဆယ်တို့၏ လက္ခဏာစသည်

စေတနာ ပဓာနာ သင်္ခါရာ၊ အဘိသင်္ခရဏ လက္ခဏာ။
အာယူဟနာ စ ဝိပ္ဖါရာ၊ သေသခန္ဓ ပဒဋ္ဌနာ။

စေတနာပဓာနာ၊ စေတနာပြဓာန်းခြင်းရှိကုန်သော။ သင်္ခါရာ၊ သင်္ခါရက္ခန္ဓာငါးဆယ်တို့သည်—

အဘိသင်္ခရဏ လက္ခဏာ၊ အကျိုးကို ပေါင်းစု ပြုပြင်ခြင်းလက္ခဏာရှိကုန်၏။

အာယူဟနာ၊ အားထုတ်ယက်သဲ့ခြင်းကိစ္စ ရှိကုန်၏။

ဝိပ္ဖါရာ၊ ပျံ့လွင့်လှုပ်ရှား ဗျာပါရများခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

သေသခန္ဓ ပဒဋ္ဌာနာ၊ကြွင်းနာမ်ခန္ဓာသုံးပါးလျှင် ပဒဋ္ဌာန် ရှိကုန်၏။

### ဖဿ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

အစိတ်အားဖြင့်ကား—

ဖဿော ဖုသန လက္ခဏော၊ သံဃဋ္ဋန ရသော တထာ။
သန္နိပါတ ဥပဋ္ဌာနော၊ အာပါတဂတဝိသယော။

ဖဿော၊ ဖဿသည်—

ဖုသန လက္ခဏော၊ အာရုံကို တွေ့ထိခြင်း လက္ခဏာရှိ၏။

သံဃဋ္ဋန ရသော၊ စိတ်, အာရုံ နှစ်ရပ်ကို စပ်ဟပ် ထိခတ်ခြင်း ကိစ္စရှိ၏။ ဝါ၊ ဝတ္ထု,အာရုံ ပေါင်းဆုံ ထိခတ်ခြင်းနှင့် ပြည့်စုံ၏။

သန္နိပါတ ဥပဋ္ဌာနော၊ ဝတ္ထု,အာရုံ,ဝိညာဏ် သုံးပါးတို့၏ စုဝေးခြင်းလျှင် ထင်သောဖြစ်ကြောင်း အခြင်းအရာ ရှိ၏။

အာပါတဂတ ဝိသယော၊ ထင်ခြင်းသို့ ရောက်သော အာရုံလျှင် နီးစွာသော အကြောင်းရှိ၏။

### စေတနာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

စေတနာယ စေတနာဘာဝေါ၊ အာယူဟော သံဝိဓာနနံ။
ဇေဋ္ဌသိဿ ဝစုကိဝ၊ သပရက္ကိစ္စသာဓိကာ။

စေတနာဘာဝေါ၊ နှိုးဆော်ကြောင့်ကြ ဗျာပါရရှိသော အဖြစ်သည်ရင်း။

အာယူဟော၊သမ္ပယုတ်တရားကို ထိုထိုကိစ္စ၌ ရှုံးစည်းယက်သဲ့ခြင်းအာယူဟန သည်ရင်း။

သံဝိဓာနနံ၊ စီရင်ခြင်း သံဝိဒဟနသည်ရှင်း။ စေတနာယ၊ စေတနာ၏။ လက္ခဏာဒီ၊ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန် မည်ကုန်၏။

ပဒဋ္ဌာန်ကား သေသခန္ဓတ္တယပင်။

သာ၊ ထိုစေတနာသည်။ ဇေဋ္ဌသိဿ ဝစုကီလ္လဝ၊ တပည့်ကြီး,လက်သမားကြီး တို့ကဲ့သို့။ သပရကိစ္စသာဓိကာ၊ မိမိကိစ္စ,သူတပါးကိစ္စ နှစ်ပါးကို ပြီးစေတတ်၏။

### ကေဂ္ဂတာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ကေဂ္ဂတာ အဝိသာရ–အဝိက္ခေပ ဒွိလက္ခဏာ။
သဟဇာတ သမ္ပိဏ္ဍနာ၊ ဥပသမ္မာ သုခါ ကမာ။

ကေဂ္ဂတာ၊ ကေဂ္ဂတာသည်—

အဝိသာရ, အဝိက္ခေပ ဒွိလက္ခဏာ၊ မိမိ၏ အာရုံတပါး မရွေ့ရှားခြင်း, သမ္ပယုတ်တရားတို့ကို မပျံ့လွင့်စေခြင်း လက္ခဏာနှစ်ပါး ရှိ၏။

ကမာ၊အစဉ်အတိုင်း။ သဟဇာတ သမ္ပိဏ္ဍနာ၊ သဟဇာတ်တို့ကို ပေါင်းစုခြင်း ကိစ္စရှိ၏။

ဥပသမာ၊ စိတ်၏ငြိမ်သက်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

သုခါ၊ သုခဝေဒနာလျှင် ပဒဋ္ဌာန် ရှိ၏။

ဇီဝိတိန္ဒြေကား ရုပ်ဇီဝိတနှင့်တူ၏။

### မနသိကာရ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

မနသိကာရော သာရဏော၊ သံယောဇန ရသော တထာ။
အာလမ္ဗနာဘိမုခဘာဝေါ၊ အာလမ္ဗန ပဒဋ္ဌနော။

မနသိကာရော၊ အာရုံကိုစီရင်တတ် ထင်စေတတ်သော အာရမ္မဏပဋိပါဒက မနသိကာရ စေတသိက်သည်—

သာရဏော၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ စိုင်းနှင်ခြင်း, ပြေးစေခြင်း လက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး။

သံယောဇနရသော၊ အာရုံ၌ ယှဉ်စေခြင်းကိစ္စ ရှိ၏။

အာလမ္ဗနာဘိမုခဘာဝေါ၊ အာရုံသို့ ရှေးရှုသည့်အဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိ၏။

အာလမ္ဗန ပဒဋ္ဌာနော၊ အာရုံလျှင် နီးစွာသောအကြောင်း ရှိ၏။

ပဥ္စဒွါရာဝဇ္ဇန်း ဟူသော ဝိထိပ္ပဋိပါဒက မနသိကာရ၊ မနောဒွါရာဝဇ္ဇန်း ဟူသော ဇဝနပ္ပဋိပါဒက မနသိကာရ နှစ်ပါးတို့ကိုကား ဤအရာ၌ မလိုအပ်။

**ဝိတက်၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဝိတက္ကော’ဘိနိရောပနေော၊ အာဟနပ္ပရိယာဟနော။
အာနယျန ဥပဋ္ဌာနော၊ ပက္ခဝိက္ခေပနံ ယထာ။

ဝိတက္ကော၊ ဝိတက်သည်—

အဘိနိရောပနော၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်း လက္ခဏာရှိ၏။

အာဟနပရိယာဟနော၊ အာရုံကို ရှေးဦးခေါက်ခြင်း အဖန်တလဲလဲ ခေါက်ခြင်း ကိစ္စ ရှိ၏။

အာနယန ဥပဋ္ဌာနော၊ ရှေးရှုဆောင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပက္ခဝိက္ခေပနံ ယထာ၊ ကောင်းကင်သို့ပျံတက်လိုသော ငှက်ကြီး၏အတောင် ခတ်ခြင်းနှင့် တူ၏။

**ဝိစာရ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဝိစာရော အနုမဇ္ဇနော၊ အနုယောဇန ရသော တထာ။
အနုပ္ပဗန္ဓနုပဋ္ဌာနော၊ ပက္ခပ္ပသာရဏံ ယထာ။

ဝိစာရော၊ ဝိစာရသည်—

အနုမဇ္ဇနော၊ အာရုံကို အဖန်တလဲလဲ သုံးသပ်ဆုပ်နယ်ခြင်း လက္ခဏာရှိ၏။ တထာ၊ ထိုမှတပါး။

အနုယောဇန ရသော၊ သမ္ပယုတ်တရားတို့ကို အာရုံ၌ မပြတ် ယှဉ်စပ်ခြင်း ကိစ္စ ရှိ၏။

အနုပ္ပဗန္ဓန ဥပဋ္ဌာနော၊ အဖန်တလဲလဲဖွဲ့ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပက္ခပ္ပသာရဏံ ယထာ၊ ကောင်းကင်တက်ပြီး လေဟုန်စီးသည့် ငှက်ကြီး အတောင် ဆန့်တန်းခြင်းနှင့် တူ၏။

**အဓိမောက္ခ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

အဓိမောက္ခော သန္နိဋ္ဌာနော၊ အသံသပ္ပန နိစ္ဆယော။
သန္နိဋ္ဌေယျ ပဒဋ္ဌာနော၊ ဣန္ဒခီလောဝ နိစ္စလော။

အဓိမောက္ခော၊ အဓိမောက္ခသည်—

သန္နိဋ္ဌာနနော၊ ပုံသေ နိယတ သန္နိဋ္ဌာန်ချခြင်း လက္ခဏာ ရှိ၏။

အသံသပ္ပနေော၊ ပြုရအံ့,မပြုရအံ့လားဟု မချွေရှားခြင်း ကိစ္စ ရှိ၏။

နိစ္ဆယော၊ ဆုံးဖြတ်ခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိ၏။

သန္နိဋ္ဌေယျ ပဒဋ္ဌာနော၊ ပုံသေနိယတ် ဆုံးဖြတ်အပ်သော အာရုံတရားလျှင် ပဒဋ္ဌာန်ရှိ၏။

ဣန္ဒခီလော ဣဝ၊ တံခါးတိုင်ကဲ့သို့။ နိစ္စလော၊ အာရုံ၌ မတုန်မလှုပ်တည်သောတရားတည်း။

**ဝီရိယ၏ လက္ခဏာ စသည် ဓမ္မဝတ္ထာန် ၄-ပါး၊**

> **ဝီရိယံ တု ဥဿဟနံ၊ သဟဇာတု’ပထမ္ဘနံ။**
> **အသံသီဒနံ သံဝေဂံ၊ အထဝါ’ရမ္ဘဝတ္ထုကံ။**

ဝီရိယံ တု၊ ဝီရိယသည်ကား —

ဥဿဟနံ၊ အားထုတ်ခြင်း လက္ခဏာရှိ၏။

သဟဇာတုပထမ္ဘနံ၊ သဟဇာတ် တရားတို့ကို အားပေး ထောက်ပံ့ခြင်းကိစ္စရှိ၏။

အသံသီဒနံ၊ မတွန့်မတို မဆုတ်မနစ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

သံဝေဂံ၊ ဇာတိဇရာစသော သံဝေဂဝတ္ထုရှစ်ပါး၌[၁] ထိတ်လန့်ခြင်း ပဒဋ္ဌာန်ရှိ၏။ အထဝါ၊ ပဒဋ္ဌာန် တနည်းလည်း။ အာရမ္ဘဝတ္ထုကံ၊ ဝီရိယာရမ္ဘဝတ္ထုရှစ်ပါးလျှင် နီးသောအကြောင်းရှိ၏။

**ဝီရိယာရမ္ဘဝတ္ထု ၈-ပါး။**　　။ကမ္မ, မဂ္ဂ၊ ဂေလညာ၊ ပိဏ္ဍလေးနှစ်လီ။
　　ဝီရာရမ္ဘ၊ ဝတ္ထုပြ၊ အဋ္ဌ မှတ်လေ ဤ[၂]။

---

၁။ ဤကျမ်း၊ ဒုတွဲ၊ နှာ-၁၆၄-၌ရှု။

၂။ ဝီရိယဖြစ်ကြောင်းဝတ္ထု ၈-ပါး

(၁) ပြုလတ္တံ့သော အမှုကိစ္စ။ (၂) ပြုအပ်ပြီးသော အမှုကိစ္စ။ (၃) သွားလတ္တံ့သော လမ်းခရီး။ (၄) သွားအပ်ပြီးသော လမ်းခရီး။ (၅) အနည်းငယ်သော အနာရောဂါ။ (အနာရောဂါဖြစ်ခါစ) (၆) အနာရောဂါမှ ပျောက်ကင်းကျန်းမာခါစ။ (၇) ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံ ရခြင်း။ (၈) ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံ မရခြင်း။ မဟာဋီကာ၊ဒု၊နှာ-၁၄၁။ အံ၊၃၊နှာ-၁၄၇။ (နောက်ဆက်တွဲကြည့်)

**ပီတိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ပီတိ သံပိယာယနာ စ၊ ပီဏနော'ဒဂျုပဋ္ဌနာ။
ခုဒ္ဒိကာ ခဏိကော'က္ကန္တိ-ကု'ဗ္ဗေဂါ ဖရဏာတိ စ။

ပီတိ စ၊ ပီတိသည်ကား—

သံပိယာယနာ၊ ချစ်နှစ်သက်ခြင်း လက္ခဏာရှိ၏။

ပီဏနာ၊ ကိုယ်စိတ်တို့ကို ပြည့်ဖြိုးစေခြင်း ကိစ္စရှိ၏။

ဩဒဂျ ဥပဋ္ဌာနာ၊ တက်ကြွခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

**ပီတိ ၅-မျိုး။** ။ခုဒ္ဒိကာ၊ ကိုယ်၌ ကြက်သီးမွေးညှင်း ထရုံမျှကိုသာ ပြုနိုင်သော ခုဒ္ဒိကာပီတိငြင်း။ ခဏိကာ၊ လျှပ်စစ်ပြက်သည့်ပမာ ခဏခဏ၌ ဖြစ်သော ခဏိကာ ပီတိငြင်း။ ဩက္ကန္တိကာ၊ သမုဒ္ဒရာ လှိုင်းပမာသို့ ကိုယ်မှာ သက်၍ သက်၍ ပြက်သော ဩက္ကန္တိကာပီတိငြင်း။ ဥဗ္ဗေဂါ၊ ကိုယ်ကိုပျံတက် လွင့်ပါးစေနိုင်ဘိ၍ အားရှိသော ဥဗ္ဗေဂါပီတိငြင်း။ ဖရဏာ၊ ကိုယ်လုံးစိမ့်လျှမ်း ရေဝင်သော တောင်ဝှမ်းကဲ့သို့ ငြိမ်းချမ်းပျံ့နှံ့သော ဖရဏာပီတိငြင်း။ ဣတိ စ၊ ဤသို့ ပီတိငါးပါး အပြားရှိသည်ကိုလည်း မှတ်အပ်၏။

**ဆန္ဒ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဆန္ဒဿ ကတ္တုကာမတာ၊ အာလမ္ဗပရိယေသနာ။
အာလမ္ဗနေန'တ္ထိကတာ၊ အာလမ္ဗံ လက္ခဏာဒယော။

ဆန္ဒဿ၊ ဆန္ဒ၏——

လက္ခဏာဒယော၊ လက္ခဏာစသည်တို့ကား——

ကတ္တုကာမတာ၊ အာရုံပြုလိုသောအဖြစ်ငြင်း။

အာလမ္ဗ ပရိယေသနာ၊ အာရုံကို ရှာမှီးခြင်းငြင်း။

အာလမ္ဗနေန၊ အာရုံဖြင့်။ ဝါ၊ အာရုံကို။ အတ္ထိကတာ၊ အလိုရှိသည်၏ အဖြစ်ငြင်း။

အာလမ္ဗံ၊ လိုအပ်သောအာရုံ ငြင်းတည်း။

**မောဟ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

မောဟော'န္ဓဘာဝေါ့ သမ္ပဋိဝေဓော၊ အသမ္မာပဋိပတ္တိကော။
အယောနိမနသိကာရော၊ သဗ္ဗပါပမုလံ ထဝါ။
အညာဏော သဘာဝစ္ဆာဒနော၊ အန္ဓကာရဥပဋ္ဌနော။

မောဟော၊ မောဟသည်—

အန္ဓဘာဝေါ၊ စိတ်၏ကာဏ်းသည့်အဖြစ် ဟူသော လက္ခဏာရှိ၏။

အသမ္ပဋိဝေဓော၊ ကောင်းစွာ ထိုးထွင်း၍ မသိခြင်းကို ပြုခြင်းကိစ္စရှိ၏။

အသမ္မာပဋိပတ္တိကော၊ ကောင်းမှန်စွာမကျင့်, မကောင်းသဖြင့် ကျင့်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အယောနိမနသိကာရော၊ မသင့်လျော် မတော်သော နှလုံးသွင်းခြင်း ပဒဋ္ဌာန် ရှိ၏။

သဗ္ဗပါပမူလံ၊ ခပ်သိမ်းသော အကုသိုလ် ဟူသမျှတို့၏ အမြစ်အရင်းတည်း။

အထဝါ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန် တနည်းလည်း—

အညာဏော၊ မသိခြင်းလက္ခဏာရှိ၏။

သဘာဝစ္ဆာဒနော၊ အာရုံ၏ သဘောကို ဖုံးလွှမ်းခြင်း ကိစ္စရှိ၏။

အန္ဓကာရ ဥပဋ္ဌာနော၊ ကာဏ်းအောင်ပြုခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

**အဟိရိက, အနောတ္တပ္ပ** နှစ်ပါးကို ဆိုလတ္တံ့သော ဟိရီ ဩတ္တပ္ပတို့၏ ဆန့်ကျင်ဖက် မှတ်အပ်၏။

## ဥဒ္ဒစ္စ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**ဥဒ္ဒစ္စံ** အဝုပသမံ၊ အနဝဋ္ဌာန ရသံ တထာ။
ဘန္တတ္တုပဋ္ဌာနာ'ယောနိ–မနက္ကာရ ပဒဋ္ဌနံ။

ဥဒ္ဒစ္စံ၊ ဥဒ္ဒစ္စသည်—

အဝုပသမံ၊ လေခတ်သည့် ရေကဲ့သို့ မငြိမ်သက်ခြင်း လက္ခဏာရှိ၏။

တထာ၊ ထိုမှတပါး။

အနဝဋ္ဌာန ရသံ၊ လေခတ်သည့် တမ်းခွန်ကုက္ကားကဲ့သို့ မရပ်မတည်ခြင်း ကိစ္စရှိ၏။

ဘန္တတ္တ ဥပဋ္ဌာနံ၊ ကျောက်ခဲကျ၍ လွင့်ထသော ပြာပုံကဲ့သို့ ဆွေ့ဆွေ့ ခုန်လျက် တုန်လှုပ်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

အယောနိမနက္ကာရ ပဒဋ္ဌာနံ၊ 'စေတသော အဝုပသမ'၌ အယောနိသော-မနသိကာရလျှင် နီးသောအကြောင်းရှိ၏။

**လောဘ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

လောဘော အာလမ္ဗဂ္ဂဟဏော၊ အဘိသင်္ဂရသော တထာ။
အပရိစ္စာဂေါ် အဿာဒ–ဒဿနော သော အပါယဂေါ်။

လောဘော၊ လောဘသည်—

အာလမ္ဗဂ္ဂဟဏော၊ မျောက်နှဲစေးပုံ အာရုံကို စွဲလှမ်း ကိုင်ယူခြင်းလက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး။

အဘိသင်္ဂ ရသော၊ အိုးကင်းပူ၌ ပစ်အပ်သော သားတစ်သဖွယ် လွန်စွာ ငြိတွယ်ခြင်း ကိစ္စရှိ၏။

အပရိစ္စာဂေါ်၊ ဆီမင်စွဲသို့ မခွါရဲ မစွန့်လွှတ်နိုင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အဿာဒ ဒဿနော၊ သာယာအပ်သည်-ဟု ရှုမြင်ခြင်း ပဒဋ္ဌာန် ရှိ၏။

သော၊ ထို လောဘသည်။ အပါယဂေါ်၊ ရေယဉ်လျင်ဆော ဒိုက်သရောကို တိုက်မျောသည့်တူ ယုတ်မာသူကို သယ်ယူလျင်လျား ဂါယ်လေးပါးသို့ ဆောင်သွားတတ်လေ၏။

**ဒိဋ္ဌိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဒိဋ္ဌျ'ယောနိဘိနိဝေသာ၊ ပရာမာသ ရသာ မုသာ။
အဘိနိဝေသာ အရိယာနံ၊ အဒဋ္ဌုကာမတာဒိကာ။

ဒိဋ္ဌိ၊ ဒိဋ္ဌိသည်—

အယောနိ အဘိနိဝေသာ၊ မသင့်သောအားဖြင့်နှလုံးသွင်းခြင်းလက္ခဏာရှိ၏။

ပရာမာသ ရသာ၊ အနိစ္စ စသည်မှ တပါး နိစ္စ စသော အမှားအားဖြင့် သုံးသပ်ခြင်း ကိစ္စ ရှိ၏။

မုသာ အဘိနိဝေသာ၊ 'ဣဒမေဝ သစ္စံ မောဃမညံ'ဟု ဖောက်ပြန်မှားယွင်း နှလုံးသွင်းခြင်း မိစ္ဆာဘိနိဝေသ ပစ္စုပဋ္ဌာန် ရှိ၏။

အရိယာနံ၊ ဘုရားစသော သူတော်ကောင်းတို့ကို။ အဒဋ္ဌုကာမတာဒိကာ၊ မတွေ့မြင်လိုခြင်းဟူသော အဒဿနကာမ စသည်လျှင် ပဒဋ္ဌာန် ရှိ၏။

**မာန,ဒေါသ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

မာနော'န္နတိ သမ္ပဂ္ဂဟော၊ ကေတုကမျော စ လောဘဝါ။
ဒေါသော စဏ္ဍိက္ကော ဝိသပ္ပနော၊ နိဿယဒါဟ ရသောပိ ဝါ။
ဒူသနော အာဃာတဝတ္ထု၊ ပူတိမုတ္တဝိသံ ယထာ။

မာနော၊ မာနသည်—

ဥန္နတိ၊ ထောင်လွှားတက်ကြွခြင်း လက္ခဏာ ရှိ၏။

သမ္ပဂ္ဂဟော၊ ချီးမြှောက်ခြင်း ကိစ္စ ရှိ၏။

ကေတုကမျော၊ တမ်းခွန်အလား သူတပါး၏ အပေါ်၌ ပြုလိုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

လောဘဝါ၊ ဝိပ္ပယုတ် လောဘလျှင် ပဒဋ္ဌာန် ရှိ၏။

ဥမ္မာဒေါ ဝိယ ဒဋ္ဌဗ္ဗော။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၉)

## ဒေါသ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဒေါသော၊ ဒေါသ သည်—

စဏ္ဍိက္ကော၊ တုတ်ဖြင့် ခေါက်သည့် မြွေဟောက်မယ္ဘင်း ကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏။

ဝိသပ္ပနော၊ မိမိ၏ဖြစ်ပုံ အခြင်းအရာအစွမ်း, ဖောက်ပြန်ပျံ့နှံ့သော အနိဋ္ဌ ရုပ်ကို ဖြစ်စေသည့် အစွမ်းတို့ဖြင့် အဆိပ်ကျသည့်မသေ့ ညှိုးမှိန်ပျက်စီးစေခြင်း ကိစ္စ ရှိ၏။

ဝါ၊ တနည်းလည်း။ နိဿယဒါဟ ရသောပိ၊ တောမီးအတူ ကိုယ်ဟူသော မှီရာကို ပူလောင်ခြင်း ကျွမ်းစေခြင်း ကိစ္စ ရှိ၏။

ကာယဿ ဝိဇ္ဇုတ္တဘာဝါပါဒနတော အတ္တနော နိဿယဒဟန ရသော။
ဋီကာ (မဟာ၊ဒု၊နှာ-၁၅၂)

ဒူသနော၊ အခွင့်ရပြီး ရန်သူကြီးကဲ့သို့ နှစ်ဦးလုံးကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အာဃာတဝတ္ထု၊ အာဃာတဝတ္ထုကိုးပါးလျှင် ပဒဋ္ဌာန် ရှိ၏။

ပူတိမုတ္တဝိသံ ယထာ၊ အဆိပ်နှင့်ရောသော ကျင်ငယ်နှင့် တူ၏။

## ဣဿာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဣဿာ ပရသမ္ပတ္တီနံ၊ ဥဿူယနာနုတိရတိ။
ဝိမုခဘာဝုပဋ္ဌာနာ၊ ပရသမ္ပတ္တိကာရဏာ။

ဣဿာ၊ ဣဿာသည်—

ပရ သမ္ပတ္တိနံ၊ သူတပါးတို့၏ စည်းစိမ်တို့ကို။ ဥဿူယနာ၊ ငြူစူခြင်းလက္ခဏာ ရှိ၏။

အနဘိရတိ၊ သူတပါးပြည့်စုံခြင်း၌ မမွေ့လျော်ခြင်း ကိစ္စ ရှိ၏။

ဝိမုခဘာဝ ဥပဋ္ဌာနာ၊ သူတပါးစည်းစိမ်မှ မျက်နှာလွှဲခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပရ သမ္ပတ္တိကာရဏာ၊ သူတပါးစည်းစိမ်လျှင် ပဒဋ္ဌာန် ရှိ၏။

**မစ္ဆေရ၏ လက္ခဏာ စသည် ဓမ္မဝေတ္ထာန် ၄-ပါး**

မစ္ဆေရံ သကနိဂူဟနံ၊ သာဓာရဏတ္တ အက္ခမံ။
သင်္ကောစံ ကဋုကဉ္စုက-ဘာဝံ ဝါ အတ္တသမ္ပဒံ။

မစ္ဆေရံ၊ မစ္ဆေရသည်—

သကဂူဟနံ၊ မိမိစည်းစိမ်တို့ကို လျှို့ဝှက်ခြင်း လက္ခဏာ ရှိ၏။

သာဓာရဏတ္တ အက္ခမံ၊ သူတပါးတို့နှင့် ဆက်ဆံသည်၏ အဖြစ်ကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏။

သင်္ကောစံ၊ မပေးရက်လို တွန့်တိုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါ၊ တနည်းကား။ ကဋုကဉ္စုကဘာဝံ၊ မနေရမူ နိုင့်ထက်ယူသော် မီးပူ၌ဆား ပုံအလားသို့ စပ်ခါးအမျက် ထွက်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါ၊ ယောက်မဖျားဖြင့် နည်းပါးဆိတ်ဆွန် ကော်သွန်ပေးကမ်း လှူဒါန်းပူဇော်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အတ္တသမ္ပဒံ၊ မိမိစည်းစိမ်လျှင် နီးသောအကြောင်း ရှိ၏။

ကဋုကာကာရဂတိ ကဋုကဉ္စုကတာ။ ဋီကာ (မဟာ၊ဒု၊နှာ-၁၅၂)

ကဋုကဉ္စုကတာ ဝုစ္စတိ ကဋစ္ဆုဂ္ဂါဟော။ အဋ္ဌသာလိနီ (နှာ-၄၀၇)

**ကုက္ကုစ္စ၏ လက္ခဏာ စသည် ဓမ္မဝေတ္ထာန် ၄-ပါး**

ကုက္ကုစ္စံ ပစ္ဆာနုတာပံ၊ ကတာကတာနုသောစနံ။
ဝိပ္ပဋိသာရံ ကတာကတံ၊ ကမာ တံ ဒါသဗျံ ယထာ။

ကုက္ကုစ္စံ၊ ကုက္ကုစ္စသည်—

ကမာ၊ အစဉ်အတိုင်း။ ပစ္ဆာနုတာပံ၊ နောင်တ ပူပန်ခြင်း လက္ခဏာ ရှိ၏။

ကတာကတာနုသောစနံ၊ ပြုခဲ့မိသော ဒုစရိုက်, မပြုခဲ့မိသော သုစရိုက်တို့သို့ အစဉ်လျှောက်၍ အောက်မေ့စိုးရိမ်ခြင်း ကိစ္စ ရှိ၏။

ဝိပ္ပဋိသာရရံ၊ နှလုံးမသာ မျက်နှာညှိုးသေ မှိုင်တွေခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ကတာကတံ။ ပြုပြီးဒုစရိုက်,မပြုမိသော သုစရိုက်လျှင် နီးသောအကြောင်း ရှိ၏။

တံ၊ ထိုကုက္ကုစ္စသည်။ ဒါသဗျံ ယထာ။ ကျွန်ပြုစေ၍ ကိုယ်နေယူစားမိ သည်နှင့် တူ၏[၁]။

**ထိန,မိဒ္ဓ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ထိနာ'နုဿာဟံ ဝီရိယာ–ပနောဒနံ သံသီဒနံ။
မိဒ္ဓံ တု အကမ္မညတ္တံ၊ ဩနယှနံ လိနတ္တနံ။
ပစာလာယိကာ နိဒ္ဒံ ဝါ၊ အယောနိသော မနက္ကရံ။

ထိနံ၊ ထိနသည်—

အနုဿာဟံ၊ အားမထုတ်ခြင်း လက္ခဏာ ရှိ၏။

ဝီရိယ အပနောဒနံ၊ လုံ့လကို ပယ်ဖျက်ခြင်း ကိစ္စ ရှိ၏။

သံသီဒနံ၊ ဆုတ်နစ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

**မိဒ္ဓ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

မိဒ္ဓံ တု၊ မိဒ္ဓသည်ကား—

အကမ္မညတ္တံ၊ အမှု၌ မကောင်းခြင်းလက္ခဏာ ရှိ၏။

ဩနယှနံ၊ သမ္ပယုတ်တရားတို့ကို နှောင်ဖွဲ့ခြင်းကိစ္စ ရှိ၏။

လိနတ္တနံ၊ တွန့်တိုသည်၏ အဖြစ်ဟူသော ပစ္စုပဋ္ဌာန် ရှိ၏။ဝါ၊ တနည်းကား။ ပစလာယိကာနိဒ္ဒံ၊ မျက်လွှာမှိတ်တုတ် တလှုပ်လှုပ်ငိုက်မည်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အယောနိသော မနက္ကရံ၊ ထိန မိဒ္ဓနှစ်ပါးစုံပင် အရတိ ဝိဇမ္ဘိတာ[၂] စသည်တို့၌ အယောနိသော မနသိကာရလျှင် ပဒဋ္ဌာန် ရှိ၏။

---

၁။ အခစား ကျွန်ခံနေရသူသည် အရှင်သခင်၏ အလိုကျကိုသာ ပြုလုပ်နေရ၍ မိမိအလို ဆန္ဒအတိုင်း မပြုလုပ်နိုင်စွမ်းသကဲ့သို့ ကုက္ကုစ္စ ဖြစ်နေသူသည် ကုသိုလ်ကောင်းမှုကို မပြုနိုင်။ (မဟာဋီကာ၊ဒု၊နှာ-၁၅၂။)

၂။ အရတိ=မမွေ့လျော်ခြင်း (ကုသိုလ်ကောင်းမှု၌ မမွေ့လျော်ခြင်း)

ဝိဇမ္ဘိတာ=(ဝိဇမ္ဘိကာ=ဆင့်မှု) ကိုယ်လက်ခက်ထရော်ရှိခြင်း (ကုသိုလ်ကောင်းမှု ပြုရန်လက်နှေးခြင်း။)

**ဝိစိကိစ္ဆာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဝိစိကိစ္ဆာ သံသယက်ာ၊ ကမ္ပနာ စ အနိစ္ဆယာ။
အနေကံသဂါဟာ ဝါပိ၊ အယောနိသော မနက္ကရာ။

ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာသည်—

သံသယ အက်ာ၊ ယုံမှားခြင်း လက္ခဏာ ရှိ၏။

ကမ္ပနာ၊ ထိုထိုအာရုံ၌ တုန်လှုပ်ခြင်း ကိစ္စ ရှိ၏။

အနိစ္ဆယာ၊ မဆုံးဖြတ်နိုင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါပိ၊ တနည်းလည်း။ အနေကံသဂါဟာ၊ တခုသော အဘို့ကို မယူ နှစ်ခုသော အဘို့ကို ယူခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အယောနိသော မနက္ကရာ၊ အယောနိသော မနသိကာရလျှင် ပဒဋ္ဌာန် ရှိ၏။

ပဋိပတ္တိအန္တရာယကရာတိ ဒဋ္ဌဗ္ဗာ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၁၀၁)

**သဒ္ဓါ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

သဒ္ဓါ သဒ္ဒဟနလက္ခဏာ၊ ပသာဒန ရသာ တထာ။
အကာလုဿိယာ သဒ္ဓေယျ-ဝတ္ထုပ္ပဒဋ္ဌာနာ’ ထဝါ။

ဩကပ္ပနာ ပက္ခန္ဒနာ၊ အဓိမုတ္တိ ဥပဋ္ဌနာ။
သောတာပတ္တိယင်္ဂပဒါ၊ ဟတ္ထဝိတ္တဗီဇာ ယထာ။

သဒ္ဓါ၊ သဒ္ဓါသည်—

သဒ္ဒဟန လက္ခဏာ၊ ကြည်ညိုခြင်းလက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး။

ပသာဒန ရသာ၊ ပတ္တမြားမသွေ ကြည်လင်စေခြင်း ကိစ္စ ရှိ၏။

အကာလုဿိယာ၊ မနောက်ကျုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

သဒ္ဓေယျဝတ္ထု ပဒဋ္ဌာနာ၊ ရတနတ္တယစသော ကြည်ညိုဘွယ်သော ဝတ္ထုလျှင် ပဒဋ္ဌာန် ရှိ၏။ အထဝါ၊ တနည်းကား—

ဩကပ္ပနာ၊ သက်ဝင်၍ ကြံစည်ခြင်း လက္ခဏာ ရှိ၏။

ပက္ခန္ဒနာ၊ဘေးရှိရေယဉ် ကူးခတ်သွင်သို့ လွတ်လွတ် သက်ဝင်ခြင်း ကိစ္စရှိ၏။

အဓိမုတ္တိ ဥပဋ္ဌါနာ၊ ပသာဒနီယ အရာ၌ ဆုံးဖြတ်ကိုင်းညွတ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

သောတာပတ္တိယင်္ဂပဒါ၊ သောတာပတ္တိ၏အင်္ဂါလျှင် နီးစွာသော အကြောင်း ရှိ၏။

သပ္ပုရိသသံသေဝ, သဒ္ဓမ္မသဝန, ယောနိသောမနသိကာရ, ဓမ္မာနု- ဓမ္မပဋိပတ္တိယော သောတာပတ္တိအင်္ဂါနိ^၁။

ဋီကာ (မဟာဒု၊နှာ-၁၄၂)

ဟတ္ထ ဝိတ္တ ဗီဇဝ ယထာ၊ ကုသိုလ်တရားတို့ကိုယူခြင်းကြောင့်–လက်, ခပ်သိမ်း စည်းစိမ်ကို ပြီးစေတတ်ခြင်းကြောင့်–ဥစ္စာ, အမြိုက်နိဗ္ဗာန်သီးကို ပြီးစေတတ် ခြင်းကြောင့်–မျိုးစေ့တို့နှင့် တူ၏။[၂]

## သတိ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

**သတျာ**ပိလာပနာ အသံ–မောသာ အာရက္ခုပဋ္ဌနာ။
ဝိသယာဘိမုခတ္တာ ဝါ၊ ထိရသညာ ပဒဋ္ဌနာ။
သတိပဋ္ဌာနပဒါ ဝါ၊ ဒေါဝါရိကေ'သိကာ ယထာ၊

သတိ၊ သတိသည်—

အပိလာပနာ၊ ယှဉ်ဘက်အပေါင်းကို ဗူးတောင်းသဘော ပေါလောမပေါ် စေရာ, ကျောက်ဖျာအလား လှုပ်ရှားမရှေ့ အောက်မေ့စေခြင်း လက္ခဏာ ရှိ၏။

အသံမောသာ၊ မေ့လျော့ခြင်းကို ဖျက်ဆီးခြင်း ကိစ္စ ရှိ၏။

အာရက္ခ ဥပဋ္ဌာနာ၊ စိတ်ကို စောင့်ရှောက်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။ ဝါ၊ တနည်းကား—ဝိသယာဘိမုခတ္တာ၊ အာရုံတပါး မသွားမူ၍ စိတ်၏ အာရုံ၌ ရှေးရှုသည့်အဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိ၏။

ထိရသညာ ပဒဋ္ဌာနာ၊ မြဲမြံသော အမှတ်သညာသျှင် ပဒဋ္ဌာန် ရှိ၏။ ဝါ၊ တနည်းကား—သတိပဋ္ဌာနပဒါ၊ သတိပဋ္ဌာန်လေးပါးလျှင် ပဒဋ္ဌာန် ရှိ၏။

ဒေါဝါရိကော ယထာ၊ တံခါးမှူးနှင့်လည်း တူ၏။ ဧသိကာ ယထာ၊ မြဲမြံ ကြံ့ခိုင်သော တံခါးတိုင်နှင့်လည်း တူ၏။

---

၁။ သောတာပန်ဖြစ်ကြောင်း ၄-ပါး။ (၁) သူတော်ကောင်းကို မှီဝဲဆည်းကပ်ခြင်း။ (၂) တရားမှန်ကို ကြားနာခြင်း။ (၃) အကြောင်းမှန်အားဖြင့် နှလုံးသွင်းခြင်း။ (၄) လောကုတ္တရာ တရားအားလျော်စွာ ကျင့်ခြင်း။

၂။ အံ၊ ၂၊နှာ-၃၀၄။ သံ၊ ၁၊ နှာ-၂၁၆။ (သုတ္တနိပါတ်) ခု၊၁၊နှာ-၃၀၆။ သံ၊၁၊နှာ-၁၇၅။ ခု၊၁၊နှာ-၂၉၀။

သတိ,မနသိကာရတို့၏ မနသိကာရ၏ အာရမ္မဏာဘိမုခဘာဝပစ္စုပဋ္ဌာန်နှင့် ပစ္စုပဋ္ဌာန်ချင်း ထူးခြားပုံ အသို့ ထူးသနည်း။

သတိယာ အသမ္မုဿနဝသေန ဝိသယာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာ။ မနသိကာရဿ ပန သံယောဇနဝသေန အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာတိ အယမေတေသံ ဝိသေသော[၁]။

ဋီကာ (မဟာ၊ဒု၊နှ၁-၁၄၇)

**ဟိရီ,ဩတ္တပ္ပ၏ လက္ခဏာ စသည် ဓမ္မဝိဝတ္ထာန် ၄-ပါး**

ဇိဂုစ္ဆနာ ဟိရီ အကရဏာ၊ သင်္ကောစနာ'တ္တဂါရဝါ။
ဥတ္တာသနော'တ္တပ္ပါ'ကရဏံ၊ သင်္ကောစံ ပရဂါရဝံ။

ဟိရီ၊ ဟိရီသည်—

ဇိဂုစ္ဆနာ၊ တရားယုတ်ကို စက်ဆုပ်ခြင်း လက္ခဏာ ရှိ၏။
အကရဏာ၊ ရှက်၍မပြုခြင်း ကိစ္စ ရှိ၏။
သင်္ကောစနာ၊ တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။
အတ္တ ဂါရဝါ၊ မိန်းမကောင်းလို မိမိကိုယ်ကို အလေးပြုခြင်း ပဒဋ္ဌာန် ရှိ၏။

**ဩတ္တပ္ပ၏ လက္ခဏာ စသည် ဓမ္မဝိဝတ္ထာန် ၄-ပါး**

ဩတ္တပ္ပံ၊ ဩတ္တပ္ပသည်—

ဥတ္တာသနံ၊ မကောင်းမှုမှ ထိတ်လန့်ခြင်း လက္ခဏာ ရှိ၏။
အကရဏံ၊ ကြောက်၍မပြုခြင်း ကိစ္စ ရှိ၏။

---

၁။ သတိယာ၊ သတိ၏။ အသမ္မုဿနဝသေန၊ မတွေဝေသည်၏ အစွမ်းဖြင့်။ ဝိသယာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာ၊ အာရုံသို့ရှေးရှုသည့်အဖြစ်လျှင်ပစ္စုပဋ္ဌာန်ရှိသည်၏ အဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

မနသိကာရဿ ပန၊ မနသိကာရစေတသိက်၏မူကား။ သံယောဇနဝသေန၊ သမ္ပယုတ်တရားတို့ကို ယှဉ်စေသည်၏ အစွမ်းဖြင့်။ အာရမ္မဏာဘိမုခဘာဝ ပစ္စုပဋ္ဌာနတာ၊ အာရုံသို့ ရှေးရှုသည့်အဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိသည်၏အဖြစ်သည်။ (ဟောတိ၊ ဖြစ်၏။) ဣတိအယံ၊ ဤဆိုခဲ့ပြီးသည်ကား။ ဧတေသံ၊ ဤသတိပစ္စုပဋ္ဌာန်နှင့် မနသိကာရပစ္စုပဋ္ဌာန်တို့၏။ ဝိသေသော၊ ထူးခြားပုံတည်း။

သတိသည် အာရုံတပါးသို့ မသွားမူ၍ အာရုံ၌ မတွေဝေသောအားဖြင့် စိတ်၏အာရုံသို့ ရှေးရှုသည်။

မနသိကာရသည် သမ္ပယုတ်တရားတို့ကို ယှဉ်စေသောအားဖြင့် စိတ်၏အာရုံသို့ ရှေးရှုသည်။

သင်္ကောစံ၊ တွန့်ဆုတ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပရ ဂါရဝံ၊ ဝေသိယ[1] အလား သူတပါးကို ရိုသေခြင်း ပဒဋ္ဌာန် ရှိ၏။

**လောကပါလတရား။** ။ဣမေ ပန ဒွေ ဓမ္မာ လောကပါလကာတိ ဒဋ္ဌဗ္ဗာ[2]။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၄)

**အလောဘ,အဒေါသ၏ လက္ခဏာ စသည်**

အလောဘော အဂေဓော'လဂ္ဂ-ဘာဝေါ ဝါ အပရိဂ္ဂဟော။
အနလ္လီယော အဒေါသော တု၊ အစဏ္ဍိက္က'ဝိရောဓဝေါ။
အာဃာတ ပရိဋ္ဌာဟာနံ၊ ဝိနယော သောမ္မဘာဝကော။

**အလောဘ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

အလောဘော၊ အလောဘသည်——

အဂေဓော၊အာရုံ၌ စိတ်၏ မမက်မောခြင်း လက္ခဏာ ရှိ၏။ ဝါ၊ တနည်းကား။ အလဂ္ဂဘာဝေါ၊ ရေပေါက်မကပ် ကြာရွက်ချပ်၌သို့ မငြိကပ်ခြင်းလက္ခဏာ ရှိ၏။

အပရိဂ္ဂဟော၊ ရဟန္တာနည်း မသိမ်းဆည်းခြင်းကိစ္စ ရှိ၏။

အနလ္လီယော၊ ဘင်စု၌ကျ ပုရိသလို မကပ်ငြိလိုခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

**အဒေါသ၏ လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

အဒေါသော တု၊ အဒေါသသည်ကား——

အစဏ္ဍိက္ကော၊ မကြမ်းတမ်းခြင်း လက္ခဏာ ရှိ၏။ ဝါ၊ တနည်းကား။ အဝိရောဓော၊ ခင်ပွန်းကောင်းသွင် မဆန့်ကျင်ခြင်း လက္ခဏာ ရှိ၏။

အာဃာတ ပရိဋ္ဌာဟာနံ၊ ရန်ငြိုးဖွဲ့ခြင်း, အမျက်ဟူသော ပူအိုက်ခြင်းတို့ကို။ ဝိနယော၊ ဖျောက်ဖြေငြိမ်းစေခြင်း ကိစ္စ ရှိ၏။

သောမ္မဘာဝကော၊ ကလာပြည့်လျှမ်း ပုဏ္ဏာစန်းကဲ့သို့ ချမ်းခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

---

၁။ ဝေသိယ=ပြည့်တန်းဆာမ။

၂။ ဣမေ ပန ဒွေ ဓမ္မာ၊ ဤ ဟိရီနှင့် ဩတ္တပ္ပတရား နှစ်ပါးတို့ကို။ လောကပါလကာတိ၊ လောကကို စောင့်ရှောက်သော တရားတို့ ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်ကုန်၏။

**တတြမဇ္ဈတ္တတာ၏ လက္ခဏာ စသည် ဓမ္မ၀၀တ္ထာန် ၄-ပါး**

တတြမဇ္ဈတ္တတာ ယုတ္တာနံ၊ သမ၀ါဟိတ လက္ခဏာ။
ဦနာဓိကတာနိ၀ါရဏာ၊ ပက္ခပါတုပစ္ဆေဒ၀ါ။
မဇ္ဈတ္တဘာ၀ုပဋ္ဌာနာ၊ ယထာ ဗျူပေက္ခသာရထိ။

တတြမဇ္ဈတ္တတာ၊ ထိုယှဉ်ဘက်တရားတို့၌ အလယ် အလတ် သဘောရှိသော တတြမဇ္ဈတ္တတာစေတသိက်သည်—

ယုတ္တာနံ၊ သမ္ပယုတ်တရားတို့ကို။ သမ၀ါဟိတ လက္ခဏာ၊ မိမိတို့ကိစ္စ၌ ညီမျှအောင် ဆောင်ခြင်း, ဖြစ်စေခြင်း လက္ခဏာ ရှိ၏။

ဦနာဓိကတာနိ၀ါရဏာ၊ လီနုဒ္ဓတဟူသော ယုတ်, လွန်သည့် အဖြစ်ကို တားမြစ်ခြင်းကိစ္စ ၏။ ၀ါ၊ တနည်းကား။ ပက္ခပါတုပစ္ဆေဒါ၊ လီနုဒ္ဓတအဘို့သို့ ကျခြင်းကို ဖြတ်ခြင်း ကိစ္စ ရှိ၏။

မဇ္ဈတ္တဘာ၀ ဥပဋ္ဌာနာ၊ အလယ်အလတ် ဖြစ်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အဗျူပေက္ခသာရထိယထာ၊ သွားခြင်းရည်တူ မြင်းဟူဟူကို လျစ်လျူ ရှုမြဲ့န်း ရထားထိန်းနှင့် တူ၏။

**ပဿဒ္ဓိ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မ၀၀တ္ထာန် ၄-ပါး**

ပဿဒ္ဓိယော ၀ူပသမာ၊ ဒရထာနံ နိမဒ္ဒနာ။
အပရိပ္ဖန္ဒ သီတတ္တာ၊ ကာယစိတ္တုပဒဋ္ဌနာ။

ပဿဒ္ဓိယော၊ ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ နှစ်ပါးတို့သည်—

ဒရထာနံ၊ ကိလေသာ ဟူသော အပူတို့၏။ ၀ူပသမာ၊ ငြိမ်းခြင်း လက္ခဏာ ရှိကုန်၏။

ဒရထာနံ၊ ကိလေသာ အပူအပင်တို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းဖျက်ဆီးခြင်း ကိစ္စ ရှိကုန်၏။

အပရိပ္ဖန္ဒ သီတတ္တာ၊ စေတသိက်, စိတ်တို့၏ တုန်လှုပ်ခြင်း ကင်းသည်ဖြစ်၍ မြေသည့် အဖြစ်လျှင် ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တပဒဋ္ဌာနာ၊ စေတသိက်, စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တာနံ အ၀ူပသမကရဉဒ္ဓစ္စာဒိကိလေသပ္ပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။
အဋ္ဌကထာ (ဒု၊နှာ-၉၅။)

## လဟုတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မ၀ဝတ္ထာန် ၄-ပါး

လဟုတာယော ဝုပသမာ၊ ဂရုတာနံ နိမဒ္ဒနာ။
အဒန္ဓတာ ဥပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌနာ။

လဟုတာယော၊ ကာယလဟုတာ, စိတ္တလဟုတာတို့သည်—

ဂရုတာနံ၊ ကိလေသာ ဟူသော လေးလံခြင်းတို့၏။ ဝုပသမာ၊ ငြိမ်းစေခြင်း လက္ခဏာ ရှိကုန်၏။

ဂရုတာနံ၊ လေးလံခြင်းတို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းခြင်းကိစ္စ ရှိကုန်၏။

အဒန္ဓတာ ဥပဋ္ဌာနာ၊ ပေါ့ပါးခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ စေတသိက်အပေါင်းနှင့်စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယ,စိတ္တာနံ ဂရုဘာဝကရထိန,မိဒ္ဓါဒိကိလေသပ္ပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၅။)

## မုဒုတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မ၀ဝတ္ထာန် ၄-ပါး

မုဒုတာယော ဝုပသမာ၊ ထဒ္ဓတာနံ နိမဒ္ဒနာ။
အပ္ပဋိဃာတုပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌနာ။

မုဒုတာယော၊ ကာယမုဒုတာ, စိတ္တမုဒုတာတို့သည်—

ထဒ္ဓတာနံ၊ ခက်ထန်ခိုင်မာခြင်းတို့၏။ ဝုပသမာ၊ ငြိမ်းခြင်း လက္ခဏာ ရှိကုန်၏။

ထဒ္ဓတာနံ၊ ကြမ်းတမ်းခက်ထန်မှုတို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းခြင်း ကိစ္စ ရှိကုန်၏။

အပဋိဃာတ ဥပဋ္ဌာနာ၊ မထိခိုက်ခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ စေတသိက်အပေါင်းနှင့်စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တာနံ ထဒ္ဓဘာဝကရ ဒိဋ္ဌိမာနာဒိ ကိလေသပဋိပက္ခဘူတာတိ ဒဋ္ဌဗ္ဗာ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၅။)

## ကမ္မညတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မ၀ဝတ္ထာန် ၄-ပါး

ကမ္မညတာ ဝုပသမာ၊ အကမ္မညတာနံ နိမဒ္ဒနာ။
အာလမ္ဗကရဏာသမ္ပတ္တိ၊ ကာယစိတ္တ ပဒဋ္ဌနာ။

ကမ္မညတာ၊ ကာယကမ္မညတာ, စိတ္တကမ္မညတာ တို့သည်—

အကမ္မညာနံ၊ ဒါန,သီလစသော အမှု၌ မကောင်းခြင်း မခံ့ မလျော်ကပ်ပတ်ခြင်းတို့၏။ ဝုပသမာ၊ ငြိမ်းစေခြင်း လက္ခဏာ ရှိကုန်၏။

အကမ္မညာနံ၊ အမှု၌ မခံ့ မလျော်ကပ်ပတ်ခြင်း တို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းခြင်း ကိစ္စရှိကုန်၏။

အာလမ္ဗ ကရဏ သမ္ပတ္တိ၊ ကောင်းမွန်ပြည့်စုံစွာ အာရုံကိုယူခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ စေတသိက် စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တာနံ အကမ္မညဘာဝ ကရာ'ဝသေသနီဝရဏဒိပ္ပဋိပက္ခဘူတာ၊ ပသာဒနီယဝတ္ထူသု ပသာဒါဝဟာ၊ ဟိတ ကိရိယာသု ဝိနိယောဂက္ခမဘာဝါဝဟာ သုဝဏ္ဏဝိသုဒ္ဓိ ဝိယာတိ ဒဋ္ဌဗ္ဗာ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၅)

**ပါဂုညတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ပါဂုညတာ ဝုပသမာ၊ ဂေလညာနံ နိမဒ္ဒနာ။
နိရာဒီနဝုပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌနာ။

ပါဂုညတာ၊ ကာယပါဂုညတာ, စိတ္တပါဂုညတာ တို့သည်—

ဂေလညာနံ၊ အကုသိုလ်ဟူသော နာကျင်ခြင်း တို့၏။ ဝုပသမာ၊ ငြိမ်းစေခြင်း လက္ခဏာ ရှိကုန်၏။

ဂေလညာနံ၊ အကုသိုလ်ဟူသော နာကျင်ခြင်းတို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းခြင်း ကိစ္စ ရှိကုန်၏။

နိရာဒီနဝ ဥပဋ္ဌာနာ၊ အပြစ်ဒေါသကင်းခြင်းလျှင် ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ စေတသိက် စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တာနံ ဂေလညဘာဝ ကရအဿဒ္ဓိယာဒိပ္ပဋိပက္ခတာတိ ဒဋ္ဌဗ္ဗာ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၉၆)

**ဥဇုကတာ ၂-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး**

ဥဇုကတာ အဇ္ဇဝက်ာ၊ ကောဋိလ္လာနံ နိမဒ္ဒနာ။
အဇိမှတာ ဥပဋ္ဌာနာ၊ ကာယစိတ္တ ပဒဋ္ဌနာ။

ဥဇုကတာ၊ ကာယုဇုကတာ, စိတ္တုဇုကတာ တို့သည်—

အဇ္ဇဝ အက်ာ၊ ဖြောင့်မတ်ခြင်း လက္ခဏာ ရှိကုန်၏။

ကောဋိလ္လာနံ၊ ထွန်စွန်းတပြေး လရေးအသွင် နွားကျင်အလား ကောက်ခြင်း သုံးပါး¹တို့ကို။ နိမဒ္ဒနာ၊ နှိပ်နင်းဖျက်ဆီးခြင်း ကိစ္စ ရှိကုန်၏။

အဇိမှတာ ဥပဋ္ဌာနာ၊ မကောက်ဖြောင့်စင်း တည့်မတ်ခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တ ပဒဋ္ဌာနာ၊ စေတသိက်, စိတ်လျှင် ပဒဋ္ဌာန် ရှိကုန်၏။

ကာယစိတ္တာနံ ကုဋိလဘာဝကရ မာယာ သာဌေယျာဒိပ္ပဋိပက္ခ-ဘူတာတိ ဒဋ္ဌဗ္ဗာ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ဒု၊ နှာ-၉၆)

### ဝိရတိ ၃-ပါး၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ဝိရတိ အဝီတိက္ကမာ၊ သင်္ကောစန ရသာ တထာ။
အကြိယပ္ပစ္စုပဋ္ဌာနာ၊ သဒ္ဓါဒိဂုဏ ပဒဋ္ဌနာ။

ဝိရတိ၊ ဝိရတိ သုံးပါးတို့သည်—

အဝီတိက္ကမာ၊ မလွန်ကျူး မကျော်နင်းခြင်း လက္ခဏာ ရှိကုန်၏။ တထာ၊ ထိုမှတပါး—

သင်္ကောစန ရသာ၊ တွန့်ဆုတ်ခြင်းကိစ္စ ရှိကုန်၏။

အကြိယပ္ပစ္စုပဋ္ဌာနာ၊ မပြုမကျင့်ခြင်း ပစ္စုပဋ္ဌာန် ရှိကုန်၏။

သဒ္ဓါဒိဂုဏ ပဒဋ္ဌာနာ၊ သဒ္ဓါ, ဟိရောတ္တပ္ပ, အပ္ပိစ္ဆတာ စသော ဂုဏ်လျှင် နီးသော အကြောင်း ရှိကုန်၏။

### ကရုဏာ၏ လက္ခဏာ စသည် ဓမ္မဝဝတ္ထာန် ၄-ပါး

ကရုဏာ ပရဒုက္ခာပ-နယနာကာရပ္ပဝတ္တိကာ။
ဒုက္ခာသဟနာ အဝိဟိံသာ၊ အနာထဘာဝ ဒဿနာ။

ကရုဏာ၊ ကရုဏာသည်—

ပရဒုက္ခာ'ပနယနာကာရပ္ပဝတ္တိကာ၊ သူတပါးဆင်းရဲကို ပယ်လိုသော အခြင်းအရာဖြင့် ဖြစ်ခြင်း လက္ခဏာ ရှိ၏။

---

၁။ အကောက် ၃-ပါး။ အဋ္ဌသာလိနီ၊ နှာ-၁၉၅။ ဤကျမ်း၊ ဒု-တွဲ၊ နှာ-၂၆၈-ကြည့်။

ဒုက္ခ အသဟနာ၊ သူတပါးဆင်းရဲခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စ ရှိ၏။

အဝိဟိံသာ၊ မညှဉ်းဆဲခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

အနာထဘာဝ ဒဿနာ၊ ကိုးကွယ်ရာ မရှိသည်၏ အဖြစ်ကို တွေ့မြင်ခြင်း ပဒဋ္ဌာန် ရှိ၏။

**မုဒိတာ၏ လက္ခဏာ စသည် ဓမ္မ၀၀တ္ထာန် ၄-ပါး**

**မုဒိတာ** ပမောဒနက်ာ၊ အနိဿာယန ရသာ တထာ။
အရတိဝိဃာတူ'ပဋ္ဌာနာ၊ ပရသမ္ပတ္တိ ဒဿနာ။

မုဒိတာ၊ မုဒိတာ သည်—

ပမောဒန အက်ာ၊ သူတပါးစည်းစိမ်ကို ဝမ်းမြောက်ခြင်း လက္ခဏာ ရှိ၏။ တထာ၊ ထိုမှတပါး—

အနိဿာယန ရသာ၊ မငြူစူခြင်း ကိစ္စ ရှိ၏။

အရတိဝိဃာတ ဉပဋ္ဌာနာ၊ သူတပါးစည်းစိမ်၌ မမွေ့လျော်ခြင်းကို ဖျက်ဆီးခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

ပရသမ္ပတ္တိ ဒဿနာ၊ သူတပါးစည်းစိမ်ကို တွေ့မြင်ခြင်း ပဒဋ္ဌာန် ရှိ၏။

**အမောဟ၏ လက္ခဏာ စသည် ဓမ္မ၀၀တ္ထာန် ၄-ပါး**

**အမောဟော** ယထာသဘာဝပ္ပဋိဝေဓလက္ခဏော၊ အက္ခလိတပ္ပဋိဝေဓလက္ခဏော ဝါ ကုသလိဿာသ ခိတ္တဉသုပ္ပဋိဝေဓော ဝိယ။ ဝိသယောဘာသနရသော ပဒီပေါ ဝိယ။ အသမ္မောဟပစ္စုပဋ္ဌာနော အရညဂတသုဒေသကော ဝိယ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ဒု၊ နှာ-၉၅)

အမောဟော၊ ပညာစေတသိက်သည်—

ယထာသဘာဝပ္ပဋိဝေဓ လက္ခဏော၊ အနိစ္စ, ဒုက္ခ စသော ကက္ခဋ္ဌ, ဖုသန စသော ဟုတ်မှန်တိုင်းသော သဘောကို သိခြင်း လက္ခဏာ ရှိ၏။

ဝါ၊ တနည်းကား—

ကုသလိဿာသ ခိတ္တဉသုပ္ပဋိဝေဓော ဝိယ၊ လိမ္မာသော လေးသမားသည် ပစ်လွှတ်အပ်သော မြှား၏ထိုးဝင်ခြင်းကဲ့သို့။ အက္ခလိတပ္ပဋိဝေဓလက္ခဏော၊ မချော်မယွင်း ဖောက်ထွင်းခြင်း လက္ခဏာ ရှိ၏။

ပဒီပေါဝိယ၊ ဆီမီးကဲ့သို့။ ဝိသယောဘာသန ရသော၊ အာရုံကို ထွန်းပြခြင်း လင်းစေခြင်း ကိစ္စ ရှိ၏။

အရညဂတသုဒေသကောဝိယ၊ လမ်းညွှန်လိမ္မာ တောရောက်ခါ ကဲ့သို့။ အသမ္မောဟပစ္စုပဋ္ဌာနော၊ မတွေမဝေသော အခြင်းအရာဖြင့် အာရုံ၌ ရှေးရှု တည်၏။ ဝါ၊ တွေဝေခြင်း၏ မရှိခြင်းကို ဖြစ်စေတတ်၏။

**လက္ခဏာစသည် ဓမ္မဝဝတ္ထာန် ၄-ပါးတို့ကို ဝေဖန်ပိုင်းခြား ကောက်ယူနည်း**

ဤ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို—

သာမညံ ဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ ၊ ရသောတိ ပရိဒီပယေ။

ဖလံ ဝါ ပစ္စုပဋ္ဌာန- မုပဋ္ဌာနနယောပိ ဝါ။
အာသန္နကာရဏံ ယန္တု၊ တံ ပဒဋ္ဌာနသညိတံ။

ဟူသော အဋ္ဌကထာ[1]ဂါထာဖြင့် သဘောကျအောင် ကြံရာ၏။

**လက္ခဏာ**။　။ဓမ္မာနံ၊ ရုပ်,နာမ်တရားတို့၏။ သာမညံ ဝါ၊ အနိစ္စစသော ဆက်ဆံသော သဘောကိုဖြင့်။ သဘာဝေါ ဝါ၊ ဝိဇာနန,ဖုသန, ကက္ခဠ,သန္တိ စသော မိမိသဘောကိုဖြင့်။ ဓမ္မာနံ၊ ရုပ်နာမ်တရားတို့၏။ လက္ခဏံ၊ မှတ်ကြောင်း, မှတ်အပ်သော လက္ခဏာဟူ၍။ မတံ၊ သိအပ်၏။

**ရသ**။　။ကိစ္စံ ဝါ၊ ပြုခြင်းကြိယာသဘောကိုဖြင့်။ တဿ၊ ထိုပြုခြင်းကြိယာ သဘော၏။ သမ္ပတ္တိ ဝါ၊ ပြည့်စုံလာသော ဂုဏ်ကိုဖြင့်။ ရသောတိ၊ ရသဟူ၍။ ပရိဒီပယေ၊ ပြရာ၏။

**ပစ္စုပဋ္ဌာန်**။　။ဖလံ ဝါ၊ အကျိုးသည်ဖြင့်။ ဥပဋ္ဌာန နယောပိ ဝါ၊ ဉာဏ်သို့ ကပ်၍ တည်သော အခြင်းအရာသည်ဖြင့်။ပစ္စုပဋ္ဌာနံ၊ပစ္စုပဋ္ဌာန် မည်၏။

**ပဒဋ္ဌာန်**။　။ယန္တု အာသန္န ကာရဏံ၊ အကြင် နီးသောအကြောင်းသည်ကား။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုနီးသောအကြောင်းကို။ ပဒဋ္ဌာနသညိတံ၊ ပဒဋ္ဌာန်ဟူ၍ သိမှတ်အပ်၏။ ဤကား အနက်။

သင်္ခါရ ပြီး၏။

---

၁။ အဋ္ဌသာလိနီ၊ နှာ-၁၀၅။

## ဒိဋ္ဌိဝိသုဒ္ဓိ

ဤသို့ သုတမယဉာဏ်ဖြင့် လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သား သိကြားနားလည်ပြီးသော ယောဂီသည် ကိုယ်၏အသွင် သစ်ပင်အလား ဝိသုဒ္ဓိငါးပါးတို့ကို ပွါးများ အားထုတ်ရာ၏။

ဒိဋ္ဌိဝိသုဒ္ဓိတရားကိုယ်။ ။ထိုတွင် ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟူ၍ မှတ်ထင်သော မိစ္ဆာအမြင်ကို ပယ်ရှားလျက် လောကီ နာမ်,ရုပ်နှစ်ပါးတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်သောပညာသည် ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။

## နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပုံ

ဒိဋ္ဌိဝိသုဒ္ဓိကိုရရှိပုံ။ ။ထို ဒိဋ္ဌိဝိသုဒ္ဓိကို ပြည့်စုံစေလိုမူ စျာန်ကိုရသော သမထယာနိကယောဂီသည် နေဝသညာနာသညာယတနစျာန်ကို ချန်လှပ်၍ ကြွင်း ရှစ်ရပ် လောကီစျာန်တို့တွင် တပါးပါးကို ဝင်စားပြီး စျာန်မှ ထပြီး၍ ဝိတက်စသော စျာန်အင်္ဂါတို့ကိုရင်း, ကြွင်းသော သမ္ပယုတ်တရားတို့ကိုရင်း ဆိုခဲ့ပြီးသော သဘောလက္ခဏာ စသည်တို့ဖြင့် သိမ်းဆည်း[၁]လျက် ဤတရားစုသည် အာရုံသို့ ရှေးရှု ညွတ်တတ်သောကြောင့် နာမ်မည်၏ဟု အချင်းချင်းရင်း, ရုပ်နှင့်ရင်း မရောယှက်စေမူ၍ သတ်မှတ်ပိုင်းခြား နှလုံးထားအပ်၏။

ထိုနောက် အိမ်တွင်းသို့ မြွေဝင်သွားသည်ကို မြင်သော ယောကျ်ားသည် အစဉ်လိုက်လျက် နောက်နှက်ဖွေရှာသည်ရှိသော် နေရာ တွင်းခေါင်းကို တွေ့သကဲ့သို့ မြင်ပြီးသော နာမ်၏မှီရာကို ရှာသည်ရှိသော် မှီရာ ဟဒယဝတ္ထုရုပ်, ယင်း၏မှီရာ မဟာဘုတ်, ယင်း၌မှီသော ဥပါဒါရုပ်တို့ကို အနုက္ကမအားဖြင့် မြင်၍ ဆိုခဲ့ပြီးသော သဘောလက္ခဏာ စသည်တို့ဖြင့် သိမ်းဆည်းလျက် "ဤတရားအပေါင်းသည် အကြောင်း ချမ်း,ပူ စသည်တို့ကြောင့် မည်း,ဖြူ,ကြုံ,ဝ,ဆိုး,လှ,ပြော့,မာခြင်း စသည်ဖြင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏" ဟု အချင်းချင်းရင်း, နာမ်နှင့်ရင်း မရောယှက်စေမူ၍ သတ်မှတ်ပိုင်းခြား နှလုံးထားအပ်၏။ ထိုနောင် "ဤကား–နမန လက္ခဏာရှိသော နာမ်။ ဤကား–ရုပ္ပန လက္ခဏာရှိသောရုပ်။ ဤကား–ရုပ်။ ဤကား–နာမ်"ဟု နာမ်,ရုပ်အစုကို နှစ်ခုခွဲထား အဖန်ဖန် ပိုင်းခြားအပ်၏။

---

၁။ သိမ်းဆည်း="ပရိဂ္ဂဟေတဗ္ဗာ ဉာဏေန ပရိစ္ဆိဇ္ဇ ဂဟေတဗ္ဗာ" အရ-သိမ်းဆည်းခြင်းဟူသည် ဉာဏ်ဖြင့် ပိုင်းခြား၍ယူခြင်း, မှတ်သား ခြင်းပင်တည်း။ (ဝိသုဒ္ဓိ၊ဋီ၊ဒု၊ နှာ-၃၅၀)

## ရုပ်မှစ၍ ပွါးရခြင်း

**ဓာတ် ၄-ပါးအစွမ်းဖြင့် နာမ်ရုပ် တို့ကို ပိုင်းခြားခြင်း**

ရုပ်မှစ၍ကား–သိလွယ်ထင်ရှားသောကြောင့် သမထယာနိက, သုဒ္ဓဝိပဿနာယာနိက ပုဂ္ဂိုလ်နှစ်ပါးလုံးပင် ပွါးသင့်၏။ ပွါးဟန်ကား—စတုဓာတုဝဝတ္ထာန်၌ ဆိုခဲ့ပြီးသော တဆဲ့ကိုးပါးသော ဓာတုပရိဂ္ဂဟမုခ တို့တွင် တပါးပါး၏ အစွမ်းဖြင့် ဓာတ်လေးပါးတို့ကို သိမ်းဆည်း၍ ယာထာဝ-သရသ လက္ခဏာအားဖြင့် ဓာတ်လေးပါး ထင်ရှားသည် ရှိသော်—

စတုန္နမ္ပိ စ ဓာတူနံ၊ အဓိကံ'သ ဝသေနိ'ဓ။
ရူပဘေဒေါ သဝိညေယျော၊ ကမ္မစိတ္တာနလန္နဇော။

စသော တဆဲ့လေးဂါထာ[၁-၂]တို့ဖြင့် စတုဓာတုဝဝတ္ထာန်က ပြခဲ့သော—

တရာ့ခုနစ်ဆယ်၊ သုံးခုကယ်၊ ကိုယ်ဝယ် ကလာပ်ပေါင်း။
တထောင့်ငါးရာ၊ တခုသာ၊ ရုပ်မှာ ရစကောင်း။
သစ္စသိမ်ခိပ်၊ ဝေဘန်စိတ်၊ ကျိပ်လိပ် သေချာတောင်း[၃]။

ဟု ဆိုခဲ့သော ရုပ်ကလာပ်တို့သည် ထင်ရှားလာကုန်၏။

ဤသို့ အကျယ်အားဖြင့် ဘူတုပါဒါရုပ်တရားတို့သည် ထင်ရှားလာကုန်သည် ရှိသော် အလုံးစုံကို ရုပ္ပနလက္ခဏာအားဖြင့် ပေါင်းစု၍ 'ဤကား–ရုပ်တည်း'ဟု ရှုအပ်၏။

ဤသို့ ရုပ်ကို သိမ်းဆည်းပြီးသော ယောဂီပုဂ္ဂိုလ်အား လောကီစိတ် ကောသိတိ, စေတသိက်ဒွေပညာသဟူသော နာမ်တရားတို့သည် ဒွါရအားဖြင့် ထင်ရှားလာကုန်၏။ ထိုထင်ရှားလာကုန်သော နာမ်တရားတို့ကို နမနလက္ခဏာအားဖြင့်စုပေါင်း၍ 'ဤကား နာမ်တည်း'ဟု–ရှုအပ်၏။

လောကုတ္တရစိတ္တာနိ ပန နေဝ သုဒ္ဓဝိပဿကဿ၊ န သမထယာနိကဿ ပရိဂ္ဂဟံ ဂစ္ဆန္တိ အနဓိဂတတ္တာ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၂၃။)

သဗ္ဗသင်္ဂါဟိကဝသေန "ကောသိတိ လောကိယစိတ္တာနိ"တိ ဝုတ္တံ။ လာဘိနော ဝေ ပန မဟဂ္ဂတစိတ္တာနိ သုပါကဋာနိ ဟောန္တိ။
ဋီကာ (မဟာ၊ဒု၊နှာ-၃၅၃။)

**ဓာတ်အားဖြင့်ပိုင်းခြားခြင်း။**

။တနည်းလည်း ဓာတ်တဆဲ့ရှစ်ပါးတို့၏ အစွမ်းဖြင့် နာမ်ရုပ်ကို ပိုင်းခြားအပ်၏။ ပိုင်းခြားဟန်ကား—အခွဲနှင့်တကွ တဆဲ့တပါးသော နိပ္ဖန္နရုပ်ဓာတ်တို့သည် ရုပ်တည်း။

---

၁-၂-၃။ ဤကျမ်း ဒုတွဲ၊နှာ-၃၇၇-၃၇၆-၃၉၉ ရှုပါ။

ရူပါ'ရူပါနေဝ ဟိ ဣမ ပရိဂ္ဂယှန္တိ၊ န ရူပပရိစ္ဆေဒ ဝိကာရလက္ခဏာနိ။
ဋီကာ (မဟာ၊ဒု၊နှာ-၃၅၃။)

အခွဲနှင့်တကွ ရှစ်ပါးသော နာမ်ခေတ်တို့သည် နာမ်တည်းဟု ရေးရှုလျက် 'ဤကား ရုပ်, ဤကား နာမ်။ ဤကား နာမ်, ဤကား ရုပ်'ဟု ပိုင်းခြားအပ်၏။

**အာယတနအားဖြင့် ပိုင်းခြားခြင်း။** ။တနည်း အာယတန တဆဲ့နှစ်ပါးတို့၏ အစွမ်းဖြင့် ထိုအတူ ပိုင်းခြားအပ်၏။

**ခန္ဓာအားဖြင့် ပိုင်းခြားခြင်း။** ။တနည်းလည်း ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ အစွမ်းဖြင့် အကျဉ်းအားဖြင့် ပိုင်းခြားအပ်၏။

**အကျဉ်းနည်းအားဖြင့် ပိုင်းခြားခြင်း။** ။တနည်းလည်း—

ဣမသ္မိံ သရီရေ ယံကိဉ္စိ ရုပ္ပနလက္ခဏံ ရူပံ၊ ယဉ္စကိဉ္စိ နမနလက္ခဏံ နာမံ။
ဣဒဉ္စ နာမံ ဣဒဉ္စ ရူပံ ဣဒံ ဝုစ္စတိ နာမရူပံ။

ဣမသ္မိံ သရီရေ၊ ဤကိုယ်၌။ ယံကိဉ္စိ၊ အလုံးစုံသော။ ရုပ္ပနလက္ခဏံ၊ ဖောက်ပြန်ခြင်းလက္ခဏာရှိသော။ ရူပံ၊ ရုပ်သည်၎င်း။ ယံကိဉ္စိ၊ အလုံးစုံသော။ နမန လက္ခဏံ၊ အာရုံသို့ညွတ်ခြင်း လက္ခဏာရှိသော။ နာမံစ၊ နာမ်သည်၎င်း။ အတ္ထိ၊ ရှိ၏။ ဣဒဉ္စ နာမံ၊ ဤ နမနလက္ခဏာရှိသော နာမ်ကို၎င်း။ ဣဒဉ္စ ရူပံ၊ ဤ ရုပ္ပနလက္ခဏာရှိသော ရုပ်ကို၎င်း။ ဣဒံ၊ ဤ နာမ်ရုပ်နှစ်ခုကို။ နာမရူပံ၊ နာမ်ရုပ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ လွန်စွာ ကျဉ်းလှသော နည်းဖြင့်လည်း သိမ်းဆည်း ပိုင်းခြားအပ်၏။

**ဣန္ဒြေစသောအားဖြင့် နာမ်ရုပ်ကို ပိုင်းခြားခြင်း။** ။တနည်းလည်း—လောကိ ဣန္ဒြေ,လောကိသစ္စာ,ပဋိစ္စ-သမုပ္ပါဒ်တို့ဖြင့်လည်း ရုပ်,နာမ် နှစ်ပါးကို ပိုင်းခြား၍ နာမရူပ ပရိစ္ဆေဒဉာဏ် ကို ဖြစ်စေအပ်၏။

**နာမ် မထင်သေးက ရုပ်ကိုသာ သိမ်းဆည်း အပ်ခြင်း။** ။ဤ ဆိုခဲ့ပြီးအပ် အ ရပ်ရပ် သော နည်းတို့တွင် လိုရာ တပါးပါးသောနည်းဖြင့် ရုပ်ကို သိမ်းဆည်းပြီး၍ နာမ်ကို သိမ်းဆည်းသောအခါ သိမ်မွေ့သောကြောင့် နာမ် မထင်လာတည့်လျှင် ဓုရ-နိက္ခေပ[၁]ကို မပြုမူ၍ မျက်နှာရိပ်ထင်အောင် ကြေးမုံပြင်ကို အထပ်ထပ်ပွတ်တိုက်

---

၁။ ဓုရနိက္ခေပ=မြော်လင့်ချက် မထားတော့ပဲ စိတ်နှလုံးဒုံးဒုံးချကာ အားလျော့လိုက်ခြင်း (ဓုရ=ဝန်ထုပ်ဝန်ပိုး။ နိက္ခေပ=ချခြင်း၊ စွန့်ပစ်လိုက်ခြင်း။)

သော ယောကျ်ား[1], ရေနွေးဖျန်းကာ ဖျန်းကာ ဆိပ္ပတ်သော ယောကျ်ား[1], ရေနောက်ကို ကြည်စေလို၍ ရေအိုးအတွင်း၌ ခပေါင်းရေကြည်စေ့ သွေးသော ယောကျ်ား[1], ကြံ့ညှစ်သမား[2], နွားကြမ်းကို ဆုံးမသော ယောကျ်ား[2], အဟုတ်အမှန် သိလို၍ခိုးသူကို စစ်ကြောသောမင်း[2], ဆီဥကို လို၍ နို့ဓမ်းကို မွှေသော ယောကျ်ား[2], ငါးချက်စားလို၍ ငါးကို ချက်သော ယောကျ်ား[2]တို့ကဲ့သို့ရုပ်ကိုသာ ပြန်လည်၍ အဖန်တလဲလဲ ဆင်ခြင်သုံးသပ် သိမ်းဆည်းအပ်၏။

**နာမ်၏ အခြေခံ ဖုသန စသော အခြင်းအရာ ၃-ပါး ထင်လာပုံ။** ။သို့ သိမ်းဆည်းဖန်များ၍ ရူပပရိဂ္ဂဟဉာဏ် ထက်သန်အားရှိသည် ရှိသော် လှေ့လာဖန်များသော ပထမစျာန်စသည်သည် ဒုတိယစျာန် စသည်၏ အခြေ ဖြစ်သကဲ့သို့ နာမပရိဂ္ဂဟ ဉာဏ်၏ အခြေပါဒဖြစ်၍ ထိုရုပ်ကို အာရုံပြု၍ ဖြစ်ကုန်သော နာမ်တရားတို့သည် ဖုသန, ဝေဒယန, ဝိဇာနန သုံးပါးတို့တွင် တပါးပါးသော အခြင်းအရာဖြင့် အလိုလိုပင် ထင်ရှားလာကုန်၏။ အဘယ်သို့ ထင်ရှားလာကုန်သနည်းဟူမူ—

ပထဝီဓာတု ကက္ခဠလက္ခဏာ၊ကေသေသု ပထဝီဓာတု ကက္ခဠ လက္ခဏာ။

ဤသို့ အစရှိသည်ဖြင့် ရုပ်ဓာတ်ကို သုံးသပ် ဆင်ခြင်ဆဲတွင် ဓာတ်နှင့် စိတ်တို့၏ အာရုံ အာရမ္မဏိက အဖြစ်ဖြင့် ထိခိုက်ခြင်းဟူသော ဖုသန သဘောသည် ဉာဏ်တွင် ထင်ရှားလာ၏။ ယင်း ဖုသန သဘောထင်လျှင် ကြွင်းသော ခန္ဓာငါးပါးတို့သည် ထင်ရှားလာကုန်တော့သည်။ အချို့သော ယောဂီမှာ ထိုအာရုံကို ခံစားခြင်း ဟူသော ဝေဒယန သဘောထင်လာ၏။ အချို့သောယောဂီမှာ ထိုအာရုံကို သိခြင်းဟူသော ဝိဇာနန သဘောထင်လာ၏။ ယင်း သဘော ထင်လျှင်လည်း ကြွင်းသော ခန္ဓာလေးပါးတို့သည် ထင်ရှား လာကုန်တော့သည်။

ထို့ကြောင့် ရုပ်အလုံးစုံကို မမြင်သေးပဲ နာမ်ကို မသိမ်းဆည်းအပ်။ ရုပ်တစိတ်ကိုသာ မြင်သည်ဖြစ်လျက်နှင့် ရုပ်ကိုလွှတ်၍ နာမ်ကို သိမ်းဆည်းလျှင် ပထဝီကသိုဏ်း (ဤကျမ်းဒု၊တွဲ၊နှာ-၂၀၈)၌ ဆိုခဲ့ပြီးသော 'ပဗ္ဗတေယျဂါဝီ'ကဲ့သို့, တောမဝင်အိမ်မကျ ဖွတ်လည်းမရ ဓားမလည်းဆုံးသည်ဟူသကဲ့သို့ ဖြစ်တတ်သည်။ ဤသို့လျှင် သုံးပါးသော အခြင်းအရာတို့တွင် တပါးပါး၏ အစွမ်းဖြင့် ထင်လာသော နာမ်ခန္ဓာလေးပါးတို့ကို 'ဤကား နာမ်တည်း' ဟု, ရှေးထင်ပြီးသောအာရုံဖြစ်သော ရုပ်ကို 'ဤကား ရုပ်တည်း' ဟု မှတ်လျက် စေ့စပ်လှစွာသော

---

၁။ ဤဥပမာများ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၂၅-၆၊ ၌ အကျယ်ရှု။

၂။ ဤဥပမာများ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၂၆-၌အကျဉ်းမျှလာ၍ မဟာဋီကာ-ဒု၊နှာ-၃၅၅-၆ ၌အကျယ်ဖွင့်၏။ (နောက်ဆက်တွဲကြည့်)

သေတ္တာကို သံလျက်ဦးဖြင့် ဖွင့်ခွဲသကဲ့သို့ရင်း[၁], ထန်းမြစ်ဖု အစုံကို နှစ်ခြမ်းခွဲသကဲ့သို့ရင်း[၁] ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမ မဟုတ်၊ နာမ်ရုပ်အစုသာတည်းဟု– သန္နိဋ္ဌာန်ချ၏။

**သုတ္တန်နည်းဖြင့် နာမ်ရုပ်တို့ကို ပိုင်းခြားဆင်ခြင်ခြင်း။** ။ထိုအခါ 'ကျက်ပြီးသည်ကို ကျို၊ပြိုရာတွင်ဖျက်သည်'ဟူသကဲ့သို့၊ ထိုထိုဘဝအဆက်ဆက် အနမတဂ်မှ ကိန်းစက်၍လာခဲ့သောမိစ္ဆာဘိနိဝေသကို မဆိုထားဘိ၊ လောကသမ္မုတိပညတ် သတ္တ,ပုဂ္ဂလသညာပင်သော်လည်း လွန်စွာ ချုပ်သည်ထက် ချုပ်ခြင်း, အသမ္မောဟဘုံ၌ စိတ်ကိုတည်စေခြင်းအကျိုးငှါ များစွာသော သုတ္တန်တို့နှင့် နှီးနှောရောစပ်၍ ပိုင်းခြားဆင်ခြင်အပ်၏။ ဆင်ခြင်ပုံကား—

ယထာပိ အင်္ဂသမ္ဘာရာ၊ ဟောတိ သဒ္ဒေါ ရထော ဣတိ။
ဧဝံ ခန္ဓေသု သန္တေသု၊ ဟောတိ သတ္တောတိ သမ္မုတိ[၂]။

ယထာ ပဋိစ္စ ကဋ္ဌာဒိံ၊ အဂါရန္တိ ပဝုစ္စတိ။
ဧဝံ ပဋိစ္စ အဋ္ဌျာဒိံ၊ သရီရန္တိ ပဝုစ္စတိ[၃]။

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊ ဒုက္ခံ တိဋ္ဌတိ ဝေတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊ နာညံ ဒုက္ခာ နိရုဇ္ဈတိ[၂]။

ယဒိ ခန္ဓာ သိယုံ အတ္တာ၊ နေ'တေ ရုဇာယ ဝတ္တယုံ။
ယသ္မာ စေ'တေ အနတ္တာဝ၊ တသ္မာ ဗာဓာယ သမ္ဘဝုံ[၄]။

ရဇ္ဇုယောဂါ ဒါရုယန္တံ၊ သဗျာပါရံဝ ခါယတိ။
ဧဝံ သုညံ နာမရူပံ၊ အညမညံ သမာယုတံ[၅]။

ယမကံ နာမရူပဉ္စ၊ ဥဘော အညောညနိဿိတာ။
ဧကသ္မိံ ဘိဇ္ဇမာနသ္မိံ၊ ဥဘော ဘိဇ္ဇန္တိ ပစ္စယာ[၆]။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၂၇။မဟာဋီကာ၊ဒု၊နှာ-၃၅၇။

၂။ သံယုတ်ပါဠိတော်၊ပ၊နှာ-၁၃၇ စသည်၌လာရင်း။

၃။ မူလပဏ္ဏာသ ပါဠိတော်၊ နှာ-၂၄၇-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၄။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၂၉-လာ စုဏ္ဏိယ စသည်ကို မှီ၍ ဂါထာစီထားသည်။

၅။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၃၀-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၆။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၃၀-လာ (ပေါရာဏ) ဂါထာ။

န ဝတ္တာရမ္မဏာ နာမံ၊ နာပိ စူ'ဘိန္နမန္တရာ။
ဟောတုံ ပဋိစ္စ သမ္ဘောတိ၊ သဒ္ဒေါ ပဟတာယ ဘေရိယာ[1]။

န သကေန ဗလေနေဝ၊ ဇာယတေ တိဋ္ဌတေ ဒွယံ။
ဇစ္စန္ဓပီဌသပ္ပီဝ၊ သံ်တံ အတ္တဒုဗ္ဗလံ[1]။

ပရပ္ပစ္စယာရမ္မဏာ၊ ဇာယတေ တိဋ္ဌတေ ဒွယံ။
ဧနကော'ပတ္ထမ္ဘကေဟိ၊ ပစ္စယေဟိ ပဘာဝိတံ[1]။

ယထာပိ နာဝံ နိဿာယ၊ မနုဿာ ယန္တိ အဏ္ဏဝေ။
ဧဝမေဝ ရူပံ နိဿာယ၊ နာမကာယော ပဝတ္တတိ[2]။

ယထာ စ မနုဿေ နိဿာယ၊ နာဝါ ဂစ္ဆတိ အဏ္ဏဝေ။
ဧဝမေဝ နာမံ နိဿာယ၊ ရူပကာယော ပဝတ္တတိ[2]။

ဥဘော နိဿာယ ဂစ္ဆန္တိ၊ မနုဿာ နာဝါ စ အဏ္ဏဝေ။
ဧဝံ နာမဉ္စ ရူပဉ္စ၊ ဥဘော အညောည နိဿိတာ[2]။

သင်္ဂဟ ဂါထာ။

အင်္ဂ သမ္ဘာရာ၊ ဝင်ရိုး စက်ဘီး စသော အစိတ် အဆောက်အဦကြောင့်။ ရထောတိ၊ ရထား ဟူ၍။ သဒ္ဒေါ၊ ခေါ်ဆိုခြင်း ဝေါဟာရ ပညတ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ခန္ဓေသု၊ ခန္ဓာတို့သည်။ သန္တေသု၊ ရှိကုန်လတ်သော်။ သတ္တောတိ သမ္မုတိ၊ သတ္တဝါ-ဟု သမုတ် ပညတ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤ၌ 'ဟောတိ သတ္တော ရထော ဣတိ'ဟု အဋ္ဌကထာပါဠ်၌ ရှိ၏။ နိဿယ၌လည်း 'သတ္တော ရထော ဣတိ=လှည်းရထား ဟူသော'ဟု အနက်ပေး၏။ ဋီကာ၌လည်း "သတ္တောတိ ဝေါဟာရော"ဟူ၍ပင် ရှိ၏။ ပါဠ်ပျက်မှတ်ရမည်။ "ယထာ အက္ခစက္ကပဉ္စရ ဤသာဒီသု အင်္ဂသမ္ဘာရေသု ဧကေနာ-ကာရေန သဏ္ဌိတေသု ရထောတိ ဝေါဟာရမတ္တံ ဟောတိ"ဟု နောက်၌ အဋ္ဌကထာ ဖွင့်သောကြောင့်'ဟောတိ သဒ္ဒေါ ရထော ဣတိ'ဟု ရှိသင့်သည်။ ဋီကာ၌လည်း 'သဒ္ဒေါတိ ဝေါဟာရော'ဟု ဒန္တဇ တတိယက္ခရာ သဒိသ-ဒွေဘော်နှင့် တည်ပုဒ်ရှိမှ သင့်မည်။

ကဋ္ဌာဒိ*၊ သစ်သားကြိမ်နွယ် သက်ကယ်မြေကျံ ဟူသော အစိတ်ကို၊ ပဋိစ္စ၊ စွဲ၍။ အဂါရန္တိ၊ အိမ်, ကျောင်း, ဇရပ် ဟု။ ပဝုစ္စတိယထာ၊ ဆိုအပ်သကဲ့သို့။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၃၁-၂-လာ စုဏ္ဏိယနှင့် ဂါထာများကို မှီ၍ စီထားသည်။

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ -၂၃၂-၌ လာရင်းဂါထာများ။

ဝေံ၊ ဤအတူ။ အဇ္ဈာဒိံ၊ အရိုး,အကြော,အသား,အရေ,လေးထွေသော ကောဋ္ဌာသကို။ ပဋိစ္စ၊ စွဲ၍။ သရီရန္တိ၊ ကိုယ်ဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။

ဟိသစ္စံ၊ မှန်၏။ ဒုက္ခမေဝ၊ ဆင်းရဲသက်သက်သည်သာလျှင်။ သမ္ဘောတိ၊ အကြောင်းအားလျော်စွာ ဖြစ်၏။ ဒုက္ခံ ဧဝ၊ ဆင်းရဲသည်သာလျှင်။ တိဋ္ဌတိ၊ ခဏဋ္ဌီ, ပဗန္ဓဋ္ဌီအားဖြင့် တည်၏။ ဝေတိစ၊ ခဏနိရောဓ, စုတိနိရောဓ အားဖြင့် ချုပ်လည်းချုပ်၏။ ဒုက္ခာ၊ ဆင်းရဲကို။ အညတြ၊ ကြဉ်ထား၍။ ကိဉ္စိဓမ္မဇာတံ၊ ပုဂ္ဂိုလ်သတ္တဝါ ခေါ် ဆိုဘွယ်ရာ တစုံတခုသော တရားသဘောသည်။နသမ္ဘောတိ၊ ဖြစ်သည်မရှိ။ ဒုက္ခာ၊ ဆင်းရဲမှ။ အညံ၊ တပါးသော။ ကိဉ္စိဓမ္မဇာတံ၊ တစုံတခုသော အဖြစ်တရားသည်။ န နိရုဇ္ဈတိ၊ ချုပ်သည်မရှိ။

ခန္ဓာ၊ ခန္ဓာငါးပါးတို့သည်။ အတ္တာ၊ အစိုးရသော ကိုယ်မည်သည်။ ယဒိသိယုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ ဧတေ၊ ထို ခန္ဓာငါးပါးတို့သည်။ ရုဇာယ၊ ကျင်နာနှိပ်စက်ခြင်းငှါ။ နဝတ္တယုံ=နဝတ္တေယျုံ၊ မဖြစ်ကုန်ရာ။ ယသ္မာစ၊ အကြင် အကြောင်းကြောင့်ကား။ ဧတေ၊ ထို ခန္ဓာငါးပါးတို့သည်။ အနတ္တာဝ၊ အစိုးရသော ကိုယ်မဟုတ်သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ အာဗာဓာယ၊ ကျင်နာနှိပ်စက်ခြင်းငှါ။ သမ္ဘဝုံ၊ ဖြစ်ခဲ့ကုန်၏။

ရဇ္ဇုယောဂါ၊ ကြိုးနှင့်ပေါင်းမိခြင်းကြောင့်။ ဒါရုယန္တံ၊ သစ်ယန္တရားရုပ်သည်။ သဗျာပါရံဣဝ၊ သွား, ရပ်, က,ခုန် ဗျာပါရရှိပုံယောင်ယောင်။ ခါယတိယထာ၊ ထင်ရသကဲ့သို့။ ဝေံ၊ ဤအတူ။ သုညံ၊ သတ္တ,ဇီဝ,ဗျာပါရ ကင်းဆိတ်သော။ နာမရူပံ၊ နာမ်ရုပ် နှစ်ပါးသည်။ အညမညသမာယုတံ၊ အချင်းချင်း ပေါင်းယှဉ်ကြသည်ဖြစ်၍။ သဗျာပါရံဣဝ၊ ယာပိုက်လေးရပ် လှုပ်ရှားတတ်သကဲ့သို့။ ခါယတိ၊ ထင်ရ၏။

ယမကံ၊ အစုံဖြစ်သော။ နာမံ၊ နာမ်သည်ရင်း။ ရူပဉ္စ၊ ရုပ်သည်ရင်း။ ဉဘော၊ နှစ်ပါးစုံတို့သည်။ အညောညနိဿိတာ၊ ဝက္ကထောင်တည်း ယိုင်မလည်းသည့် ကျူ စည်းပမည့် တပါးသည် တပါးကိုမှီ၍ တည်ကုန်၏၊ တတော၊ ထို့ကြောင့်။ ဧကသ္မိံ၊ တခုခုသည်။ ဘိဇ္ဇမာနသ္မိံ၊ ပျက်သည်ရှိသော်။ ဉဘော၊ နာမ်ရုပ်နှစ်ပါးစုံ တို့သည်။ ပစ္စယာ၊ ပစ္စည်းတရားချုပ်ခြင်းဟူသော အကြောင်းကြောင့်။ ဘိဇ္ဇန္တိ၊ ပျက်ကုန်၏။ (တနည်းလည်း) ပစ္စယာ=ပစ္စယဘူတာပိ၊ အချင်းချင်း ကျေးဇူးပြုကြသည် ဖြစ်ကုန်သော်လည်း။ ဉဘော၊ နာမ်ရုပ် နှစ်ပါးစုံတို့သည်။ ဘိဇ္ဇန္တိဝေ။ ပျက်စီးရကုန်သည်သာလျှင်တည်း။

ဝတ္ထာရမ္မဏာ၊ စက္ခု,သောတ စသောမှီရာ- ရူပ,သဒ္ဒစသောအာရုံမှ။ နာမံ၊ နာမက္ခန်တရားသည်၊ နသမ္ဘောတိ၊ ထွက်လာ၍ ဖြစ်သည် မဟုတ်။ ဉဘိန္နံ၊

ဝတ္ထုအာရုံ နှစ်ပါးစုံတို့၏။ အန္တရာပိ စ၊ အကြား၌လည်း။ န သမ္ဘောတိ၊ ဖြစ်သည်မဟုတ်—

'နော စ ဥဘိန္နမန္တရာ'တိ ဣဒံ ပန တေသံ အရူပ ဓမ္မတ္တာ အပ္ပဒေသ-
တာယ ဝုတ္တံ။ ဋီကာ (ဒု၊နှာ-၃၆၅)

ပဟာတာယ၊ တီးခတ်ရိုက်နှက်အပ်သော။ ဘေရိယာ၊ စည်၏။ သဒ္ဒေါယထာ၊ အသံကဲ့သို့။ ဟေတုံ၊ စက္ခု,ရူပ,အာလောက,မနသိကာရစသော အကြောင်းကို။ ပဋိစ္စ၊ စွဲ၍။ သမ္ဘောတိ၊ အသစ်ဖြစ်ပေါ်လာ၏။

ဒွယံ၊ နာမ်ရုပ်နှစ်ပါးသည်။ သကေနေဝ ဗလေန၊ မိမိအစွမ်းဖြင့်သာလျှင်။ န ဇာယတေ၊ ဖြစ်လည်းမဖြစ်နိုင်။ န တိဋ္ဌတေ၊ တည်လည်းမတည်နိုင်။ ဇစ္စန္ဓ ပီဌ-သပ္ပိဝ၊ ဝမ်းတွင်းပါ ကာဏ်းသသူ ဆွံ့သသူ နှစ်ယောက်တို့ကဲ့သို့။ သဓိတံ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်သည်ဖြစ်၍။ အတ္တ ဒုဗ္ဗလံ၊ ကိုယ်စွမ်းမရှိ အားနည်းဘိသည်ဖြစ်၍။ ပရပ္ပစ္စယာရမ္မဏာ၊ တပါးသော ဇနကအကြောင်း ဥပတ္ထမ္ဘကအကြောင်းကြောင့်။ (တနည်းလည်း)ရုပ်၏ပစ္စယ, နာမ်၏ အာရမ္မဏ ဟူသော တပါးသောအကြောင်းကြောင့်။ ဒွယံ၊ နာမ်ရုပ် နှစ်ပါးသည်။ ဇာယတေ၊ ဖြစ်ရ၏။ တိဋ္ဌတေ၊ တည်ရ၏။ ဇနကောပတ္ထမ္ဘကေဟိ၊ ဖြစ်စေတတ် ထောက်ပံ့တတ်ကုန်သော။ ပစ္စယေဟိ၊ အကြောင်းနှစ်ပါးတို့သည်။ ပဘာဝိတံ၊ ဖြစ်စေအပ်၏။

နာဝံ၊ လှေကို။ နိဿာယ၊ မှီ၍။ မနုဿာ၊လူတို့သည်။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ယန္တိ ယထာပိ၊ သွားကုန်သကဲ့သို့လည်း။ ဧဝမေဝ၊ ဤအတူသာလျှင်။ ရူပံ၊ ရုပ်ကို။ နိဿာယ၊ မှီ၍။ နာမကာယော၊ နာမ်အပေါင်းထည်။ ပဝတ္တတိ၊ ဖြစ်ရ၏။

မနုဿေ၊ လူတို့ကို။ နိဿာယ၊ မှီ၍။ နာဝါစ၊ လှေသည်လည်း။ အဏ္ဏဝေ၊ သမုဒြာ၌။ ဂစ္ဆတိ ယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူသာလျှင်။ နာမံ၊ နာမ်ကို။ နိဿာယ၊ မှီ၍။ ရူပကာယော၊ ရုပ်အပေါင်းသည်။ ပဝတ္တတိ၊ ဖြစ်ရ၏။

မနုဿာ စ၊ လူတို့သည်၎င်း။ နာဝါ စ၊ လှေသည်၎င်း။ ဥဘော၊ နှစ်ပါးစုံတို့သည်။ နိဿာယ၊ အချင်းချင်း မှီကြကုန်၍။ အဏ္ဏဝေ၊ သမုဒ္ဒရာ၌။ ဂစ္ဆန္တိယထာ၊ သွားကြကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ နာမဥ္စ၊ နာမ်သည်၎င်း။ ရူပဥ္စ၊ ရုပ်သည်၎င်း။ ဥဘော၊ နှစ်ပါးစုံတို့သည်။ အညောညနိဿိတာ၊ အချင်းချင်းမှီ၍ ဖြစ်ကုန်၏။

**ယထာဘူတ ဒဿနမည်ပုံ။** ။ဤသို့ များစွာသော သုတ္တန်တို့နှင့် နှီးနှော ပိုင်းခြား၍ နာမ်, ရုပ်နှစ်ပါးမျှသာ၊ ပုဂ္ဂိုလ်, သတ္တဝါ မရှိဟု မြင်ခြင်းသည် ယထာဘူတဒဿန မည်၏။ ယင်းကို ပယ်ခွါ၍ သတ္တဝါစင်စစ် ရှိ၏ဟု ယူမှုကား—သဿတဒိဋ္ဌိ၌သော်၎င်း,ဥစ္ဆေဒ ဒိဋ္ဌိ၌သော်၎င်း ကျ၍ မိစ္ဆာဒိဋ္ဌိဝိပရီတဒဿန ဖြစ်၏။

**ဒိဋ္ဌိဝိသုဒ္ဓိမည်ပုံ။** ။ဤသို့လျှင် ဈာန်ခုနစ်ပါး, ဥပစာခုနစ်ပါးအားဖြင့် နာမပရိဂ္ဂဟမုခ[၁] တဆဲ့လေးပါး၊ စတုဓာတုဝဝတ္ထာန်၌ ဆိုခဲ့ပြီးသော ဓာတုပရိဂ္ဂဟမုခ တဆဲ့သုံးပါး[၂]၊ ဓာတ်,အာယတန,ခန္ဓာ,မဟာဘုတ်, ဣန္ဒြေ,သစ္စာ,ပဋိစ္စသမုပ္ပါဒ်အားဖြင့် ခုနစ်ပါးနှင့်ရော၍ ရူပပရိဂ္ဂဟမုခ[၃] နှစ်ဆယ်၊ ထိုနှစ်ဆယ်ကို သမုခ[၄] အဖြစ်ဖြင့် ထင်လာသော ဖဿ,ဝေဒနာ,စိတ် သုံးပါးနှင့် မြှောက်၍ ခြောက်ဆယ်၊ ယခင် နာမပရိဂ္ဂဟမုခ တဆဲ့လေးပါးနှင့် ရော၍ ခုနစ်ဆဲ့လေးပါးသော နာမရူပပရိဂ္ဂဟနည်းတို့ဖြင့်၎င်း, သမ္ဗဟုလသုတ္တန္တစသော နာမရူပ ဝဝတ္ထာန နည်းတို့ဖြင့်၎င်း, နာမ်ရုပ်နှစ်ပါးကို ပိုင်းခြားဆင်ခြင်၍ သတ္တသညာကို စွန့်ခွါနိုင်စက် ဖြိုဖျက်ပယ်ခွါ မတွေဝေပဲ နှစ်ထွေသော နာမ်ရုပ်ကို ဟုတ်မှန်သည်အတိုင်း သိမြင်သော ယင်းယထာဘူတဒဿနသည် "အတ္တဒိဋ္ဌိမလဝိသောဓနတော ဒိဋ္ဌိဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ"ဟူသော ဋီကာ(ဒု၊နှာ-၃၉၇)နှင့်အညီ ဒိဋ္ဌိဝိသုဒ္ဓိ မည်၏။ နာမရူပ ဝဝတ္ထာနဉာဏ်, သင်္ခါရပရိစ္ဆေဒ ဉာဏ်လည်း မည်၏။

**ဆရာ့ဆရာအလို ပွါးများနည်း။** ။ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားကား— "မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် ဆင်မြီး,နှာမောင်း,အစွယ်စသော အစွန်အဖျားကို မြင်လျှင် အစဉ်လျှောက်၍ ဆင်ခြင်က ဆင်ကောင်အလုံးစုံကို အကုန်အစင် သိရသကဲ့သို့ ရုပ်ကဖြစ်စေ နာမ်ကဖြစ်စေ ဉာဏ်၌ ထင်လာသည်မှ စ၍ သိမ်းဆည်း ပိုင်းခြားရမည်။ ပိုင်းခြားဟန်ကား— အသံကိုကြားလျှင် "ဤအသံကား ဥပါဒါရုပ်ဖြစ်၍ မဟာဘုတ်ကို မှီ၏။ ယင်း မဟာဘုတ်သည် မှီတတ်သော ဥပါဒါရုပ်စုနှင့်

---

၁။ နာမပရိဂ္ဂဟမုခ=(နာမ=နာမ်။ ပရိဂ္ဂဟ=သိမ်းဆည်းယူခြင်း။ မုခ=အကြောင်း, နည်းလမ်း) နာမ်တရားကို ပိုင်းခြား သိမ်းဆည်းယူခြင်းအကြောင်း။

၂။ ဓာတုပရိဂ္ဂဟမုခ=ဓာတ်အားဖြင့် သိမ်းဆည်းခြင်းအကြောင်း ၁၃-ပါး (ဤကျမ်း ဒု-တွဲ၊နှာ-၃၀၄,၅-ရှု)။

၃။ ရူပပရိဂ္ဂဟမုခ=ရုပ်ကိုပိုင်းခြား သိမ်းဆည်းခြင်းအကြောင်း ၂၀-ပါး။

၄။ သမုခ=(သ=ရှိ။ မုခ=အစ,ရှေးဦး,ပြဓာန်းခြင်း) ရှေးဦးစွာပြဓာန်းခြင်းရှိသည်။ (ဤကျမ်း ဒု-တွဲ၊နှာ-၅၀၅ ရှု)

တကူ ဖြစ်၏။ ဤတရားအပေါင်းသည် ရုပ်တည်း။ ဤရုပ်တရား အပေါင်းသည်လည်း အကြောင်း စိတ္တုပ္ပါဒ်ကြောင့် ဖြစ်၏၊ ဤအကြောင်း စိတ္တုပ္ပါဒ်သည် နာမ်တည်း၊ ဤ ရုပ်နာမ် နှစ်ပါးသာ လျှင်တည်း၊ ဤရုပ်နာမ်မှတပါး စကားပြောဆိုတတ်သော ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတပါး, ယောကျ်ား, မိန်းမဟူ၍ မရှိချေ၊ ဤသို့စသည်ဖြင့် အဖန်ဖန်ပိုင်းခြားပွါးများရမည်"-ဟု မိန့်တော်မူ၏။ နာမရူပ ပရိစ္ဆေဒဉာဏ် ရင့်သန်ထက်မြက်သောယောဂီတို့၏ အရာပေတည်း။

ဒိဋ္ဌိဝိသုဒ္ဓိ ပြီး၏။

## ကင်္ခါဝိတရဏဝိသုဒ္ဓိ

**ကင်္ခါဝိတရဏဝိသုဒ္ဓိမည်ပုံ။** ။"ဧတေသမေဝ စ နာမရူပါနံ ပစ္စယပရိဂ္ဂဟေဏ ကင်္ခါဝိတရဏဝိသုဒ္ဓိနာမ" ဟူသည်နှင့် အညီ ဤမြင်အပ်ပြီးသော နာမ်, ရုပ်၏ အကြောင်းကို သိမ်းဆည်း စဉ်းစားလျက် အဓွန့်သုံးပါး၌ ယုံမှားခြင်းကို [၁] လွန်မြောက်၍တည်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိ [၂] မည်၏။

**ကင်္ခါဝိတရဏဝိသုဒ္ဓိ ပွါးများပုံ။** ။ယင်း ကင်္ခါဝိတရဏဝိသုဒ္ဓိကို ပွါးဟန်ကား– သမားလိမ္မာသည် အနာကိုမြင်လျှင် အနာ၏ အကြောင်းသမုဋ္ဌာန်ကို ရှာသကဲ့သို့၎င်း, သနားတတ်သော ယောကျ်ားသည် ခရီးလမ်းချက်၌ ပက်လက်မဖွယ် သူငယ်ကိုမြင်လျှင် မိဘကိုဆင်ခြင်သကဲ့သို့၎င်း, ဒုက္ခသုံးပါးနှင့် ယှဉ်သောကြောင့် အနာရောဂါအသွင် သံသရာ၌ နစ်မွန်း၍ နေသော ခန္ဓာအစဉ်ဖြစ်၍ သနားစဖွယ် သူငယ်အသွင် ဤ မြင်အပ်ပြီးသော ရုပ်နာမ် အပေါင်းသည် အကြောင်းမရှိပဲ ဖြစ်သည်ဆိုလျှင် ခပ်သိမ်းသော သန္တာန်, အခါ, ပုဂ္ဂိုလ်တို့၌ အတူတူချည်း တပုံတည်းသာ ဖြစ်ရာသောကြောင့်၎င်း၊ ဣဿရ,ပကတိ,ပုရိသ,ပဇာပတိ,ကာလ စသည်တို့ကြောင့်ဖြစ်သည်ဆိုလျှင်လည်း နာမ်ရုပ်မှတပါး ဣဿရ စသည် မရှိသောကြောင့်၎င်း၊ ဣဿရ စသည်တို့လည်း နာမ်ရုပ်ပင်တည်းဟု ဆိုပြန်လျှင်လည်း ထိုဣဿရ စသည်တို့၏ အကြောင်း မထင်ရကား ယခင် ဆိုခဲ့ပြီးသော အပြစ်ဒေါသ မလွတ်နိုင်သောကြောင့်၎င်း၊ ဣဿရ ပကတိ စသော ဝိသမဟေတုမှတပါး သင့်လျော်ညီညွတ်သော အကြောင်းဟု ဆိုအပ်သော သမဟေတု ရှိသင့်၏။

---

၁။ နောက်ဆက်တွဲကြည့်။

၂။ (ကင်္ခါ=ယုံမှားခြင်း။ ဝိတရဏ=လွန်မြောက်, ကူးမြောက်ခြင်း။ ဝိသုဒ္ဓိ၊ စင်ကြယ်ခြင်း) ယုံမှားမှုကို လွန်မြောက်ခြင်းအားဖြင့် စင်ကြယ်ခြင်း။ ပစ္စယပရိဂ္ဂဟဉာဏ် ရလျှင် ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်ပြီ။

ရုပ်၏ အကြောင်းကို ရှေးဦးစွာ သိမ်းဆည်းခြင်း။ ။ရှိသော အကြောင်းကို ရှာရာ၌ ရုန့်ရင်း ထင်ရှား သောကြောင့် ရုပ်၏ အကြောင်းကို ရှေးဦးစွာ ရှာအပ်၏။ ရုပ်တွင်လည်း နိဗ္ဗိန္ဒဝိရာဂ၏ အကြောင်းဖြစ်၍ ဝဋ္ဋဘိရတိကို နှစ်စေခြင်းငှါ ဂဗ္ဘသေယျကရုပ်၏ အကြောင်းကို ရှာအပ်၏။ ရှာဟန်ကား —

စာသစ်,စာကျက်၊ အောက်,ထက် ဝန်းရံ၊ ပုပ်နံ့ညှီလှောင်း၊ ကျဉ်းမြောင်း မည်းမိုက်၊ မိဝမ်းတိုက်ဝယ်၊ ဘင်၌လောက်လို၊ ကျောက်ကိုဝမ်းပြု၊ ဒူးနှစ်ခု ကြား၊ ဦးခေါင်းထားလျက်၊ မေးကြားလက်ဆုပ်၊ သစ်ခွတိုမှာ မျောက်အို ကုပ်သည့်နှယ်၊ မလှုပ်မလှုက်၊ သေသောက်လက်ဝယ်၊ ဆိတ်သူငယ်လို၊ အလမ္ပာယ်မိ၊ မြွေငယ်ချိသို့၊ အမိ စပ်ခါး၊ ပူ,ဧး စားလည်း၊ ကိုယ်သား ဆတ်ဆတ်၊ သက်ပြတ်တစေ၊ တည်နေဆယ်လ၊ ဤကာယ၏၊ ဖြစ်ရ ကြောင်းလျှာ၊ အဝိဇ္ဇာနှင့်၊ တဏှာ,ဥပါဒါန်၊ ကံ,အာဟာရ၊ ပဥ္စကသည်။ ရူပဟေတု ပစ္စည်းတည်း။

ထိုတွင် အဝိဇ္ဇာ,တဏှာ,ဥပါဒါန်,ကံ လေးပါးတို့သည် ဇနကဟိတ်တည်း။ အာဟာရသည် ဥပတ္ထမ္ဘကပစ္စည်းတည်း။ ထိုတွင်လည်း အဝိဇ္ဇာ,တဏှာ,ဥပါဒါန် သုံးပါးတို့သည် အမိကဲ့သို့ ဥပနိဿယ၊ ကံသည် အဘကဲ့သို့ ဇနက၊ အာဟာရသည် နို့ထိန်းကဲ့သို့ သန္ဓာရက ဖြစ်သော အကြောင်းတည်း။

နာမ်၏ အကြောင်းကို သိမ်းဆည်းခြင်း။ ။ဤသို့ ရုပ်၏ အကြောင်းကို သိမ်းဆည်းပြီး၍ 'စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ။ တိဏ္ဏံ သင်္ဂတိ ဖဿော' စသော နည်းဖြင့် လောကီ နာမ် တရားတို့၏ စက္ခုပသာဒ, အာဝဇ္ဇန်း စသော အဇ္ဈတ္တအကြောင်း၊ ရူပါရုံ, အာလောက စသော ဗဟိဒ္ဓအကြောင်းတို့ကို သိမ်းဆည်းအပ်ကုန်၏။

အတိတ်, အနာဂတ် ရုပ် နာမ် အကြောင်း မြင်ခြင်း။ ။ဤသို့ ပစ္စုပ္ပန် ရုပ်, နာမ် နှစ်ပါး၏ အကြောင်း တရားကြောင့် ဖြစ်သည်ကို မြင်လျှင်——

> ယထာ ဣဒံ နာမရူပံ၊ ပစ္စယတော ပဝတ္တတိ။
> ဧဝံ တီတေ ပျ'နာဂတေ၊ အဘာဝိတ္ထ ဘဝိဿတိ။

သင်္ဂဟဂါထာ[၁]။

ဣဒံ နာမ ရူပံ၊ ဤ ပစ္စုပ္ပန် ရုပ်နာမ် နှစ်ပါးသည်။ ပစ္စယတော၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ, စက္ခု, ရူပ စသော အကြောင်းကြောင့်။

၁။ ဝိသုဒ္ဓိဋ္ဌဒုနော-၂၃၄-၌ လာသော စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ပဝတ္တတိယထာ၊ ယခုဖြစ်၍ နေသကဲ့သို့။ ဝေံတထာ၊ အလားတူ။ အတီတေပိ၊ အနမတဂ္ဂ ရှေးရှေးဘဝ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ စသော အကြောင်းကြောင့်။ အဘဝိတ္ထ၊ ဖြစ်ဘူးလှလေပြီ။ အနာဂတေပိ၊ မကျွတ်သေးသမျှ နောက်ကာလ၌လည်း။ ပစ္စယတော၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, အာဟာရ စသော အကြောင်းကြောင့်။ ဘဝိဿတိ၊ ဖြစ်လေဦးလတ္တံ့။

ဤသို့ အတိတ်,အနာဂတ် ကာလ၌လည်း မြင်၏။

**ယုံမှားခြင်း ၁၆-ပါး ပျောက်ခြင်း။** ။ထိုအခါ အတိတ်အဘို့ကို အာရုံပြု၍—

အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ။ န နု ခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကိံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကထံ နု ခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကိံ ဟုတွာ ကိံ အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ-ဟု ငါးပါး။

ထို့အတူ အနာဂတ်အဖွဲ့ကို အာရုံပြု၍လည်း—

ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ။ န နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကိံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကထံ နု ခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နု ခေါ အဟံ အနာဂတမဒ္ဓါနံ-ဟု ငါးပါး။

ပစ္စုပ္ပန် ခန္ဓာ, ပစ္စုပ္ပန်အဖွဲ့ကို အာရုံပြု၍—

အဟံ နုခေါ သ္မိ။ နော နု ခေါ သ္မိ။ ကိံ နုခေါ သ္မိ။ ကထံ နုခေါ သ္မိ။ အယံ နုခေါ သတ္တော ကုတော အာဂတော။ သော ကုဟိံ ဂါမီ ဘဝိဿတိ–ဟု ခြောက်ပါး။

ဤတဆဲ့ခြောက်ပါးသော ယုံမှားခြင်း ဝိစိကိစ္ဆာ ကင်္ခါ ဝိမတိသည် ဝိက္ခမ္ဘန အားဖြင့် ပျောက်၏။

**အတိတ်၌ ယုံမှားခြင်း ၅-ပါး။** ။အဟံ၊ ငါသည်။ အတီတံအဒ္ဓါနံ၊ လွန်လေပြီးသော ကာလ၌။ အဟောသိံနုခေါ၊ ဖြစ်ဘူးလေပြီလော။ အတီတမဒ္ဓါနံ၊ အတိတ်ကာလ၌။ န အဟောသိံနုခေါ၊ မဖြစ်ဘူးလေသလော။ ။ဤနှစ်ပါးတို့သည် သဿတာကာရ အဓိစ္စသမုပ္ပတ္တိ အာကာရတို့ကို မှီ၍ ဖြစ်ကုန်၏။

အတီတမဒ္ဓါနံ၊ လွန်လေပြီးသော အတိတ်ကာလ၌။ ကိံနုခေါအဟောသိံ၊ အဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း။ ။ခတ္တိယ, ဂဟဋ္ဌ,ဒေဝ-စသော ဇာတိ, လိင်, ဥပပတ္တိတို့ကို မှီ၍ ဖြစ်သည်။

အတီတမဒ္ဓါနံ၊အတိတ်ကာလ၌။ ကထံနုခေါ် အဟောသိံ၊ အဘယ်သို့သော အခြင်းအရာဖြင့် ဖြစ်ဘူးလေသနည်း။ ။ဒီဃ,ရဿ-စသော သဏ္ဌာနာကာရကို မှီ၍ ဖြစ်သည်။

အတီတမဒ္ဓါနံ၊ အတိတ်ကာလ၌။ ကိံ၊ အဘယ်သို့သော သူသည်။ ဟုတွာ၊ ဖြစ်ပြီး၍။ ကိံ၊ အဘယ်သို့သော သူသည်။ အဟောသိံနုခေါ်၊ ဖြစ်ဘူးလေသနည်း။ ။အဆင့်ဆင့် ဆက်၍ ဖြစ်သော ဇာတ် စသည်ကို မှီ၍ ဖြစ်သည်။

**အနာဂတ်၌ ယုံမှားခြင်း ၅-ပါး။** ။အဟံ၊ ငါသည်။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ဘဝိဿာမိ နုခေါ်၊ ဖြစ်ရလတ္တံ့လော။ န နုခေါ် ဘဝိဿာမိ၊ မဖြစ်ရလတ္တံ့လော။ ။သဿတာကာရ,ဥစ္ဆေဒါကာရကို မှီ၍ ဖြစ်သည်။ အကြွင်း အတိတ်နှင့် နည်းတူ။

**ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး။** ။အဟံ၊ ငါသည်။ အသ္မိ နုခေါ်၊ ဟုတ်ပါလေ၏လော။ နောနုခေါ် အသ္မိ၊ မဟုတ်လေသလော။ ကိံ၊ အဘယ်သို့သော သူသည်။ အသ္မိ နုခေါ်၊ ဖြစ်လေသနည်း။ ကထံ၊ အဘယ်သို့သော အခြင်းအရာဖြင့်။ အသ္မိနုခေါ်၊ ဖြစ်လေသနည်း။

> အဇ္ဈတ္တံရေ ဇီဝေါ နာမ အတ္ထီတိ ဂဟေတွာ တဿ ဒီဃာဒိဘာဝံ ကာ်ခန္တော 'ကထံနုခေါသ္မိ'တိ ကာ်ခတီတိ ဝေဒိတဗ္ဗော။
>
> ဋီကာ (မဟာ၊ဒု၊နှာ-၃၇၄)

အယံ သတ္တော၊ ဤ ငါဖြစ်သော သတ္တဝါ အတ္တဘောသည်။ ကုတော၊ အဘယ်ဘဝက။ အာဂတော နုခေါ်၊ လာခဲ့လေသနည်း။ သော၊ ထို အတ္တဘောသည်။ ကုဟိံဂါမီ၊ ဘယ်ဘဝသို့ လားလတ္တံ့သည်။ ဘဝိဿတိ နုခေါ်၊ ဖြစ်လိမ့်မည်နည်း။ ဤကား အနက်။

**ရုပ်နာမ်၏ အကြောင်းများ။** ။အချို့သောယောဂီသည် သာဓာရဏ[1] သာဓာရဏအားဖြင့် နာမ်၏အကြောင်း နှစ်ပါးကို ရှု၏။ ကံ,စိတ်,ဥတု,အာဟာရအားဖြင့် ရုပ်၏ အကြောင်းလေးပါးကို ရှု၏။

**သာဓာရဏအကြောင်း။** ။ထိုတွင် ဒွါရခြောက်ပါး, အာရုံ ခြောက်ပါးတို့သည် နာမ်၏ သာဓာရဏ အကြောင်းတည်း။

**အသာဓာရဏအကြောင်း။** ။ယောနိသောမနသိကာရ, သဒ္ဓမ္မဿဝန, သပ္ပုရိသုပနိဿယ,စတုစက္က သမ္ပတ္တိတို့သည် ကုသိုလ်၏

---

၁။ သာဓာရဏ=အများနှင့်ဆက်ဆံသော အကြောင်း။
အသာဓာရဏ=အများနှင့်မဆက်ဆံမူ၍ မိမိ၏ သီးခြားကိုယ်ပိုင် အကြောင်း။

အသာဓာရဏ အကြောင်းတည်း။ ထိုမှပြန်သော အယောနိသောမနသိကာရ စသည်တို့သည် အကုသိုလ်၏ အသာဓာရဏ အကြောင်းတည်း။ ကံ, အဝိဇ္ဇာ, ဂတိ, ကာလစသည်တို့သည် ဝိပါက်၏ အသာဓာရဏ အကြောင်းတည်း။ ဘဝင်, သန္တိရဏ, ကာမကြိယာ, အရဟတ္တမဂ်, ဖိုလ် စသည်တို့သည် အာဝဇ္ဇန်း, ဝုဋ္ဌော, မဟဂ္ဂုတ် ကြိယာဇော, ကြိယာ တို့၏ အသာဓာရဏ အကြောင်းတည်း။

ဤနည်းတူ အတိတ်, အနာဂတ်၌လည်း နာမ်ရုပ်၏အကြောင်းကို မြင်သည် ရှိသော် အစွန့်သုံးပါးတို့၌ တဆဲ့ခြောက်ပါးသော ယုံမှားခြင်း ပျောက်၏။

**ပဋိလုံနည်းဖြင့် နာမ်,ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်း** အချို့သော ယောဂီအား ဤနာမ်ရုပ် ဟူသော သင်္ခါရတို့၏ အိုခြင်း, သေခြင်း ဇရာ,မရဏ ကို မြင်၍ ဤဇရာ, မရဏသည် ဇာတိကြောင့် ဖြစ်၏။ ဇာတိသည် ကမ္မဘဝကြောင့်။ ဘဝသည် ဥပါဒါန်ကြောင့်။ပ။ သင်္ခါရတို့သည် အဝိဇ္ဇာကြောင့် ဖြစ်ကုန်၏-ဟု **ပဋိလောမ ပဋိစ္စသမုပ္ပါဒ်**၏ အစွမ်းဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်း၍ တဆဲ့ ခြောက်ပါး ယုံမှားခြင်း ပျောက်၏။

**အနုလုံနည်းဖြင့် နာမ်,ရုပ်၏ အကြောင်းကို သိမ်းဆည်းခြင်း** အချို့သော ယောဂီအား အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်၏ စသော **အနုလောမနည်း**ဖြင့် သိမ်းဆည်း၍ ယုံမှားခြင်း ပျောက်၏။

**ဝဋ် ၂-ပါးဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်စေခြင်း။** ။အချို့သော ယောဂီသည်—

ဒ္ဓတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။

ဟူသော ကမ္မဝဋ်[၁],ဝိပါကဝဋ် နှစ်ပါးဖြင့် ပစ္စယပရိဂ္ဂဟဉာဏ်ကို ဖြစ်စေ၍—

ကမ္မာ ဝိပါကာ ဝတ္တန္တိ၊ ဝိပါကော ကမ္မသမ္ဘဝေါ။
ကမ္မာ ပုနဗ္ဘဝေါ ဟောတိ၊ ဧဝံ လောကော ပဝတ္တတိ[၂]။

ကမ္မာ၊ ကံငါးပါး[၃]ကြောင့်။ ဝိပါကာ၊ ဝိညာဏ် နာမ်ရုပ် စသော အကျိုး ငါးပါးတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဝိပါကော၊ အကျိုးဝိပါက်သည်။ ကမ္မသမ္ဘဝေါ၊ အဝိဇ္ဇာ, သင်္ခါရစသော ကမ္မဝဋ်ငါးပါး[၃]လျှင် ဖြစ်ကြောင်း ရှိ၏။

---

၁။ ကိလေသဝဋ်သည် ကမ္မဝဋ်၏ အဖော်သဟဲဖြစ်၍ ကိလေသဝဋ်ကို ကမ္မဝဋ်၌ ထည့်သွင်းယူသည်။ မဟာဋီကာ၊ ဒု၊ နှာ-၃၇၆။
၂။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ နှာ-၂၃၇-လာ ဂါထာ။
၃။ ကံငါးပါး=အဝိဇ္ဇာ,သင်္ခါရ,တဏှာ,ဥပါဒါန်,ကမ္မဘဝ တည်းဟူသော စေတနာ။

ကမ္မာ၊ ကံငါးပါးကြောင့်။ ပုနဗ္ဘဝေါ၊ တဖန် ဘဝသစ်သည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ လောကော၊ သတ္တလောကသည်။ ပဝတ္တတိ၊ အဆင့်ဆင့် ဖြစ်၍ နေ၏။

ဤသို့ အဖန်တလဲလဲ ရှိ၏။ ထိုအခါ တဆဲ့ခြောက်ပါးသော ယုံမှားခြင်း ပျောက်ကင်း၍ အကြောင်းအကျိုးစပ်လျဉ်းလျက် ဖြစ်သော နာမ်ရုပ်တရားမျှသာ ထင်၏။ အကြောင်းကို ပြုတတ် အကျိုးကို ခံစားတတ်သော ပုဂ္ဂိုလ်သတ္တဝါကို မမြင်ပြီ။ အကြောင်းကြောင့် အကျိုးဖြစ်သည်ကိုပင် ကာရက, ပဋိသံဝေဒက ဟု သမညာမတ္တဖြင့် ပညာရှိတို့ ခေါ်ဝေါ် ပြောဆိုကြကုန်သည် ဟူ၍ ကောင်းစွာ သိမြင်၏။ ထိုကြောင့်—

ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿ စ ဝေဒကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝေတံ သမ္မဒဿနံ။

ဧဝံ ကမ္မေ ဝိပါကေ စ၊ ဝတ္တမာနေ သဟေတုကေ။
ဗီဇရုက္ခာဒိကာနံဝ၊ ပုဗ္ဗာကောဋိ န ဉာယတိ။

အနာဂတေပိ သံသာရေ၊ အပ္ပဝတ္တံ န ဒိဿတိ။
ဧတမတ္ထံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။

သတ္တသညံ ဂဟေတွာန၊ သဿတုစ္ဆေဒဒဿိနော။
ဒွါသဋ္ဌိဒိဋ္ဌိံ ဂဏှန္တိ၊ အညမညဝိရောဓိတာ။

ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ၊ တဏှာသောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဧဝမေတံ အဘိညာယ၊ ဘိက္ခု ဗုဒ္ဓဿ သာဝကော။
ဂမ္ဘီရံ နိပုဏံ သုညံ၊ ပစ္စယံ ပဋိဝိဇ္ဈတိ။

ကမ္မံ နတ္ထိ ဝိပါကမှိ၊ ပါကော ကမ္မေ န ဝိဇ္ဇတိ။
အညမညံ ဥဘော သုညာ၊ န စ ကမ္မံ ဝိနာ ဖလံ။

ယထာ န သူရိယေ အဂ္ဂိ၊ န မဏိမှိ န ဂေါမယေ။
န တေသံ ဗဟိ သော အတ္ထိ၊ သမ္ဘာရေဟိ စ ဇာယတိ။

တထာ န အန္တော ကမ္မဿ၊ ဝိပါကော ဥပလဗ္ဘတိ။
ဗဟိဒ္ဓါပိ န ကမ္မဿ၊ န ကမ္မံ တတ္ထ ဝိဇ္ဇတိ။

ဖလေန သုညံ တံ ကမ္မံ၊ ဖလံ ကမ္မေ န ဝိဇ္ဇတိ။
ကမ္မဉ္စ ခေါ ဥပါဒါယ၊ တတော နိဗ္ဗတ္တတေ ဖလံ။

န ဟေ’တ္ထ ဒေဝေါ ဗြဟ္မာ ဝါ၊ သံသာရဿတ္ထိကာရကော။
သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဟေတုသမ္ဘာရပစ္စယာ။

ဟူ၍ ရှေးဆရာမြတ်တို့ မိန့်ကုန်၏။

တဆဲ့တဂါထာ[၁]

ကမ္မဿ၊ ကံကို။ ကာရကော၊ ပြုတတ်သော ပုဂ္ဂိုလ်သတ္တဝါ မည်သည်။ နတ္ထိ၊ မရှိ။ ဝိပါကဿ၊ အကျိုးဝိပါက်ကို။ ဝေဒကော စ၊ ခံစားတတ်သော ပုဂ္ဂိုလ် သတ္တဝါသည်လည်း။ နတ္ထိ၊ မရှိ။ သုဒ္ဓဓမ္မာ၊ ပုဂ္ဂိုလ် သတ္တဝါနှင့် မရော မယှက် သက်သက်သော နာမ်ရုပ်တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ ဧဝံ၊ ဤသို့သဘောရှိသော။ ဧတံ ဒဿနံ၊ ဤမြင်ခြင်းသည်သာလျှင်။ သမ္မဒဿနံ၊ မဖောက်မပြန် ဟုတ်မှန်သော မြင်ခြင်း မည်၏။

ဧဝံ၊ ဤသို့။ သဟေတုကေ၊ အကြောင်းနှင့်တကွသော။ ကမ္မေ စ။ ကံသည်ဝင်း။ ဝိပါကေ စ၊ အကျိုးဝိပါက်သည်ဝင်း။ ဝတ္တမာနေ၊ မပြတ်ပုံသေ ဖြစ်၍နေသည်ရှိသော်။ ဗီဇရုက္ခာဒိကာနံ၊ မျိုးစေ့နှင့်သစ်ပင် စသည်တို့၏။ ပုဗ္ဗာ-ကောဋိ၊ ရှေးအစကို။ န နာယတိ ဣဝ၊ မသိအပ်သကဲ့သို့။ တထာ၊ ထိုကံ, ဝိပါက် ဟူသောနာမ်ရုပ်တို့၏။ ပုဗ္ဗာကောဋိ၊ ရှေ့အစွန်းကို။ န နာယတိ၊ မသိအပ်။

အာဒိသဒ္ဒေန “ကုက္ကုဋိယာ အဏ္ဍံ၊ အဏ္ဍတော ကုက္ကုဋီ။ ပုနပိ ကုက္ကုဋိယာ အဏ္ဍ”န္တိ ဧဝမာဒိံ သင်္ဂဏှာတိ[၂]။ ဋီကာ (မဟာ၊ဒု၊နှာ-၃၇၁)

အနာဂတေပိ သံသာရေ၊ လာလတ္တံ့သော သံသရာအဓွန့်၌လည်း။ အပ္ပဝတ္တံ၊ နာမ်ရုပ်တို့၏ မဖြစ်ခြင်းသည်။ န ဒိဿတိ၊ မထင်။ ဧတံ အတ္ထံ၊ ဤသို့သော သဘောကို။အနညာယ၊မသိခြင်းကြောင့်။တိတ္ထိယာ၊တိတ္ထိတို့သည်။အသယံဝသီ၊ မဖောက်မပြန် ဉာဏ်အမြင်ဟူသော မိမိအလိုသို့ မလိုက်ရကုန်ပဲ မိစ္ဆာဘိနိဝေသ ဟူသော ရန်သူအလိုသို့သာ လိုက်ကြကုန်သည်ဖြစ်၍။

သတ္တသညံ၊ သတ္တဝါစင်စစ် ရှိ၏ဟူသော အမှတ်သညာကို။ ဂဟေတွာန၊ ယူကုန်၍။ သဿတုစ္ဆေဒ ဒဿိနော၊ သဿတ,ဥစ္ဆေဒအားဖြင့် ရှုကုန်လျက်။ အညမည ဝိရောဓိတာ၊အချင်းချင်းဆန့်ကျင်ကုန်လျက်။ ဒွါသဋ္ဌိ ဒိဋ္ဌိံ ။ခြောက်ဆဲ့ နှစ်ပါးသော မိစ္ဆာအယူကို။ ဂဏှန္တိ၊ ယူကြကုန်၏။

ဒိဋ္ဌိဗန္ဓန ဗန္ဓာ၊ မိစ္ဆာအယူဟူသောကြိုးသည် ဖွဲ့ချည်ရစ်ပတ်အပ်ကုန်သော။ တေ၊ ထို တိတ္ထိတို့သည်။ တဏှာသောတေန၊ တဏှာဟူသောရေအယဉ်ဖြင့်။

---

၁။ ဝိသုဒ္ဓိမဂ်၊၂၊ဒု၊နှာ-၂၃၇-၈ လာ ပေါရာဏဂါထာများ။
၂။ ကြက်ဥနှင့်ကြက်မတို့သည် အပြန်အလှန်ဖြစ်သကဲ့သို့တည်း။

ဝုယှရေ၊ မြစ်လယ်ရေကြော ဒိုက်သရောက်ဲ့သို့ မျောပါး ကျင်လည်ရကုန်၏။ တဏှာသောတေန၊ တဏှာရေယဉ်ဖြင့်။ ဝုယှန္တာ၊ မျောပါကုန်သော။ တေ၊ ထိုတိတ္ထိတို့သည်။ ဒုက္ခာ၊ သံသရာညွန့်ပျောင်း ဆင်းရဲအပေါင်းမှ။ န ပမုစ္စရေ၊ မလွတ်မြောက်နိုင်ကြကုန်။

ဗုဒ္ဓဿ၊ ဘုရားရှင်၏။ သာဝကော၊ တပည့်ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်ကား။ ဧဝံ၊ ဤဆိုခဲ့ပြီးသည်အတိုင်း။ ဧတံ အတ္ထံ၊ ဤသဘောကို။ အဘိညာယ၊ ထူးသော ပစ္စယပရိဂ္ဂဟဉာဏ်ဖြင့် သိ၍။ ဂမ္ဘီရံ၊ နက်နဲစွာသော။ နိပုဏံ၊ သိမ်မွေ့စွာသော။ သုညံ၊ သတ္တဇီဝမှ ဆိတ်သော။ ပစ္စယံ၊ နာမ်ရုပ်အကြောင်းကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

ဝိပါကမှိ၊ ဝိပါက်၌။ ကမ္မံ၊ ကံသည်။ နတ္ထိ၊ မရှိ။ ကမ္မေ၊ ကံ၌လည်း။ ပါကော၊ အကျိုးဝိပါက်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဥဘော၊ နှစ်ပါးစုံတို့သည်။ အညမညံ၊ အချင်းချင်း။ သုညာ၊ ဆိတ်သုဉ်းကုန်၏။ ကမ္မံ၊ ကံကို။ ဝိနာ၊ ကြဉ်၍။ ဖလံ၊ အကျိုးသည်။ န စ ပဝတ္တတိ၊ ဖြစ်လည်း မဖြစ်။

သူရိယေ၊ နေ၌။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ မဏိမှိ၊ မီးမှန်၌လည်း။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ ဂေါမယေ၊ နွားချေးခြောက်၌လည်း။ အဂ္ဂိ၊ မီးသည်။ န အတ္ထိ၊ မရှိ။ တေသံ၊ ထိုနေ့ကျောက်မီးစာတို့၏။ ဗဟိ၊ အပ၌လည်း။ သော၊ ထိုမီးသည်။ န အတ္ထိ၊ မရှိ။ စ၊ ယင်းသို့မရှိသော်လည်း။ သမ္ဘာရေဟိ၊ ပေါင်းဆုံရောနှော သုံးပါးသော အဆောက်အဦတို့ကြောင့်။ သော၊ ထိုမီးသည်။ ဇာယတိ ယထာ၊ ဖြစ်သကဲ့သို့။

တထာ၊ ထို့အတူ။ ကမ္မဿ၊ ကံ၏။ အန္တော၊ အတွင်း၌။ ဝိပါကော၊ ဝိပါက်ကို။ န ဥပလဗ္ဘတိ၊ မရအပ်။ ကမ္မဿ၊ ကံ၏။ ဗဟိဒ္ဓါပိ၊ ပြင်ပ၌လည်း။ န ဥပလဗ္ဘတိ၊ မရအပ်။ တတ္ထ၊ ထိုဝိပါက်၌။ ကမ္မံ၊ ကံသည်။ န ဝိဇ္ဇတိ၊ မရှိ။

တံ ကမ္မံ၊ ထိုကံသည်။ ဖလေန၊ အကျိုးမှ။ သုညံ၊ ဆိတ်၏။ ဖလံ၊ အကျိုးသည်။ ကမ္မေ၊ ကံ၌။ န ဝိဇ္ဇတိ၊ မရှိ။ စ၊ ယင်းသို့မရှိသော်လည်း။ ကမ္မံ ခေါ၊ ကံကို သာလျှင်။ ဥပါဒါယ၊ စွဲမှီကြောင်း ပြု၍။ တတော၊ ထိုကံကြောင့်။ ဖလံ၊ အကျိုးသည်။ နိဗ္ဗတ္တတိ၊ ဖြစ်ရ၏။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ ဧတ္ထ၊ ဤ ကမ္မ,ဖလ နှစ်ပါးတို့၌။ သံသာရဿ၊ သံသရာကို။ ကာရကော၊ ပြုလုပ်စီမံ ဖန်ဆင်းတတ်သော။ ဒေဝေါ ဝါ၊ နတ်သည်ရင်း။ ဗြဟ္မာ ဝါ၊ ဗြဟ္မာသည်ရင်း။ န အတ္ထိ၊ မရှိ။ ဟေတု သမ္ဘာရ ပစ္စယာ၊ ဟေတုသမ္ဘာ ဟူသော အကြောင်းကြောင့်။ ဝါ၊ ဇနကပစ္စည်း, ဥပတ္ထမ္ဘက ပစ္စည်းကြောင့်။ သုဒ္ဓဓမ္မာ၊ သတ္တ,ဇီဝဟူသည်နှင့် မရောမယှက် သက်သက်သော

နာမ်ရုပ် တရားတို့သည်သာလျှင်။ ပဝတ္တန္တိ၊ အစဉ်မပျက် ဆက်၍ ဆက်၍ ဖြစ်ကုန်၏။ အနက်။

ဤသို့လျှင် ဆိုအပ်ခဲ့ပြီးသော အထူးထူးသော နည်းတို့ဖြင့် နာမ်ရုပ်၏ အကြောင်းကို သိမ်းဆည်းလျက် အစွန့်သုံးပါး၌ ယုံမှားခြင်းကင်းသော ယောဂီအား ဆရာ၏ ခံတွင်းမှ သရဇ္ဈာယ်သံသည် မရောက်သော်လည်း တပည့်၏ ခံတွင်း၌ သရဇ္ဈာယ်ခြင်းဖြစ်၏သို့ရင်း၁၊ သမားခေါ်လာသော တမန်ကို ရေမန်း တိုက်လျှင် သူနာ၏ ဝမ်းဗိုက်သို့ မရောက်သော်လည်း ရောဂါပျောက်၏သို့ရင်း၁၊ မျက်နှာကို တန်းဆာဆင်ယင်လျှင် မရောက်သော်လည်း ကြေးမုံပြင် စသည်မှာ ထင်သောမျက်နှာရိပ်၌ တန်းဆာဆင်ယင်ခြင်း ထင်၏သို့ရင်း၁၊ တခုသော ဆီမီးစာမှ မီးလျှံသည် မပြောင်းသွားသော်လည်း တပါးသော ဆီမီးစာ၌ မီးလျှံ ဖြစ်၏သို့ရင်း၁၊ ပဲတင်သံ တံဆိပ်ရေး များကဲ့သို့ရင်း၂၊ ရှေးဘဝမှ ဤဘဝသို့ ဤဘဝမှ နောက်ဘဝသို့ တစုံတခုသော တရားမျှလည်း မပြောင်း မရွေ့သော်လည်း အကြောင်း အကျိုး ဆက်စပ်၍ ခန္ဓာ, အာယတန, ဓာတ်တို့ ဖြစ်ကြကုန်သည်ဟု သိမြင်၏။

## ရုပ်နာမ်များ စုတိပဋိသန္ဓေအားဖြင့် ထင်ရှားပုံ

ယထေဝ စက္ခုဝိညာဏံ၊ မနောဓာတုအနန္တရံ။
န စေဝ အာဂတံ နာပိ၊ န နိဗ္ဗတ္တံ အနန္တရံ။

တထေဝ ပဋိသန္ဓိမှိ၊ ဝတ္တတေ စိတ္တသန္တတိ။
ပုရိမံ ဘိဇ္ဇတေ စိတ္တံ၊ ပစ္ဆိမံ ဇာယတေ တတော။

တေသံ အန္တရိကာ နတ္ထိ၊ ဝီစိ တေသံ န ဝိဇ္ဇတိ။
န စိတော ဂစ္ဆတေ ကိဉ္စိ၊ ပဋိသန္ဓိ စ ဇာယတိ[၃]။

မနောဓာတု အနန္တရံ၊ပဉ္စဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌။ စက္ခုဝိညာဏံ၊ ဖြစ်သော စက္ခုဝိညာဏ်သည်။ နစေဝ အာဂတံ၊ ထိုစိတ်မှလာသည်လည်းမဟုတ်။ အနန္တရံ၊ ထိုစိတ်၏အခြားမဲ့၌။ နာပိ န နိဗ္ဗတ္တံ၊ မဖြစ်ပဲလည်း မရှိ။ နိဗ္ဗတ္တံဝေ၊ ဖြစ်သည် သာလျှင်။ ဟောတိ ယထေဝ၊ ဖြစ်၏သို့လျှင်။

တထေဝ၊ ထိုအတူသာလျှင်။ ပဋိသန္ဓိမှိ၊ ပဋိသန္ဓေ၌။ စိတ္တသန္တတိ၊ စိတ် အစဉ်သည်။ ဝတ္တတေ၊ ဖြစ်၏။ ပုရိမံစိတ္တံ၊ ရှေးစုတိစိတ်သည်။ ဘိဇ္ဇတေ၊ ပျက်၏။

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၃၇,၂၃၉။
၂။ ဤကျမ်း ပ-တွဲ၊ နှာ-၃၄၉၊ ၃၅၀-၅၂။
၃။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၃၉-၌လာသော ဂါထာများ။

တတော၊ ထိုစုတိစိတ်မှ။ အနန္တရံ၊ အခြားမဲ့၌။ ပစ္ဆိမံ၊ နောက်ဖြစ်သော ပဋိသန္ဓေစိတ်သည်။ ဧာယတေ၊ ဖြစ်၏။

တေသံ၊ ထိုစုတိ ပဋိသန္ဓေတို့၏။ အန္တရိကာ၊ အခြားအဆီးသည်။ နတ္ထိ၊ မရှိ။ တေသံ၊ ထိုစုတိပဋိသန္ဓေတို့၏။ ဝီစိ၊ အကြားအပြတ်သည်။ န ဝိဇ္ဇတိ၊ မရှိ။ ဣတော၊ ဤစုတိမှ။ ကိဉ္စိ၊ တစုံတခုသောတရားသည်။ န ဂစ္ဆတေ၊ ပဋိသန္ဓေသို့ မသွား မရောက်။ စ၊ ယင်းသို့ မသွား မရောက်သော်လည်း။ ပဋိသန္ဓိ၊ တခြား ဖြစ်သော ပဋိသန္ဓေ စိတ်သစ်သည်။ဧာယတိ၊ အကြောင်းအားလျော်စွာဖြစ်၏။

ဤသို့ အစွန့်သုံးပါး၌ ဖြစ်ကုန်သော အလုံးစုံသော လောကီနာမ်ရုပ် တရားတို့သည် စုတိပဋိသန္ဓေအားဖြင့် ထင်ရှားကုန်၏။

**ပရိညာ ၃-ပါး[၁]တို့၏ ဖြစ်ရာဘုံ။** ။ဤ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟ ဉာဏ် နှစ်ပါးတို့သည် ဉာတပရိညာ၏ ဖြစ်ရာဘုံ မည်၏။

အထက်သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် နှစ်ပါးတို့သည် တီရဏပရိညာ၏ ဖြစ်ရာဘုံ မည်၏။

---

၁။ ဉာတပရိညာ။ ။(ဉာတ=သိအပ်သည်၊ ပရိ+ညာ=ပိုင်းခြား၍ သိခြင်း) တေဘူမက တရားတို့၌ ရုပ်သည် ဖောက်ပြန်ခြင်း လက္ခဏာရှိသည်၊ ဝေဒနာသည် အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာ ရှိသည် စသည်ဖြင့် သိအပ်သော ရုပ် ဝေဒနာ စသော တေဘူမက တရားတို့၏ အသီးအသီးသော ရုပ္ပန,ဝေဒိယန စသည် သဘော လက္ခဏာ တို့ကို ကောင်းစွာ ပိုင်းခြား၍ သိသော ပညာသည် ဉာတပရိညာ မည်၏။

တီရဏ ပရိညာ။ ။(တီရဏ=စူးစမ်း သုံးသပ် ဆုံးဖြတ်ခြင်း) တေဘူမက တရားတို့၌ ရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အစိုးမရ၊ အလိုသို့မလိုက် စသည်ဖြင့် တေဘူမက တရားတို့၏ မမြဲခြင်း အနိစ္စတာ လက္ခဏာ စသည်ကို စူးစမ်းသုံးသပ် ဆုံးဖြတ်ကာ ပိုင်းခြား၍ သိသော အနိစ္စတာ စသော လက္ခဏာ ၃-ပါးကို အာရုံပြုသည့် ဝိပဿနာ ပညာ သည် တီရဏ ပရိညာ မည်၏၊

ပဟာန ပရိညာ။ ။(ပဟာန=ပယ်ခြင်း) တေဘူမက တရားတို့၌ မြဲ၏ဟု မှတ်မှားသော သညာ (နိစ္စသညာ) စသည်ကို ပယ်သည်၏ အစွမ်းဖြင့်ဖြစ်သော ပိုင်းခြားသိသော ဝိပဿနာ ပညာသည် ပဟာန ပရိညာ မည်၏။

လိုရင်းမှာ—တေဘူမက တရားတို့၏ သဘောလက္ခဏာကို ကွဲကွဲပြားပြား ပိုင်းခြား၍ သိခြင်းသည် ဉာတ ပရိညာ မည်၏။

တေဘူမက တရားတို့၌ အနိစ္စ,ဒုက္ခ,အနတ္တ ဟု ပိုင်းခြားကာ ဆုံးဖြတ်၍ ကွဲကွဲပြားပြား သိခြင်းသည် တီရဏ ပရိညာ မည်၏။

တေဘူမက တရားတို့၌ ကိလေသာကို ပယ်ခွါ၍ ကွဲကွဲပြားပြား သိခြားသည် ပဟာန ပရိညာ မည်၏။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ဒု၊နှာ-၂၄၁။

ဘင်္ဂါနုပဿနာဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ် ရှစ်ပါးတို့သည် ပဟာနပရိညာ၏ ဖြစ်ရာဘုံ မည်၏။

**ဉာတပရိညာ ဖြစ်လာပုံ။** ။ထိုကြောင့် အစွန့်သုံးပါး၌ နာမ်ရုပ်တရားတို့သည် စုတိပဋိသန္ဓေအားဖြင့် ထင်ရှားစွာဖြစ်သော ထို အခါ၌ "ဣဒံ နာမံ ဧတ္တကံ နာမံ၊ အယံ တဿ ပစ္စယော ဧတ္တကော ပစ္စယော" အစရှိသည်ဖြင့် ပိုင်းခြားတတ်သော ဉာတပရိညာ ဖြစ်လာ၏။ ခပ်သိမ်းသော အခြင်းအရာဖြင့် ပစ္စယပရိဂ္ဂဟဉာဏ် ထက်သန် အားရှိခြင်းသို့ ရောက်၏။ သောဠသဝိဓကင်္ခါ လွန်စွာ ခွါရှဲ ချုပ်ငြိမ်း၏။ "သတ္တရိ ကင်္ခတိ, ဓမ္မေ, သံဃေ, သိက္ခာယ, ပုဗ္ဗန္တေ, အပရန္တေ, ပုဗ္ဗန္တာပရန္တေ, ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ ဝိစိကိစ္ဆတိ" ဟူ၍ လာသော ကင်္ခါရှစ်ပါးလည်း တံ့စားရာမရ ပယ်ရှား ပျောက်လွင့် လေတော့သည်။ ခြောက်ဆဲ့နှစ်ပါးသော ဒိဋ္ဌိတို့သည် ဝိက္ခမ္ဘနအားဖြင့် ပယ်ရှားပျောက်ကွာ ကုန်၏။

**ကင်္ခါဝိတရဏ ဝိသုဒ္ဓိမည်ပုံ။** ။ဤသို့လျှင် နာမ်ရုပ်၏အကြောင်းကို သိမ်းဆည်း လျက် အစွန့်သုံးပါး၌ ယုံမှားခြင်းကို လွန်၍ တည်သောဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိမည်၏။ ပစ္စယပရိဂ္ဂဟဉာဏ်လည်း မည်၏။ အကျိုးတရားတို့၏ တည်ရာ အကြောင်း၌ ဖြစ်သောကြောင့် ဓမ္မဋ္ဌိတိ ဉာဏ်လည်း မည်၏။ သင်္ခါရတရားတို့၏ အနိစ္စတာ စသော သဘောကို သိသောကြောင့် ယထာဘူတဉာဏ်လည်း မည်၏။ သမ္မာဒဿနလည်း မည်၏။ ထို့ကြောင့်—

အဝိဇ္ဇာဒယော ပစ္စယာ၊ သင်္ခါရာဒီ တဒုပ္ပဒါ။
ဥဘော ပစ္စယုပ္ပန္နာတိ၊ ဉာဏံ တံ ဓမ္မဋ္ဌိတိကံ။

အနိစ္စံ မနသိကရံ၊ နိမိတ္တံ ဇာနိ ဘူတတော။
အနု သဗ္ဗေပိ သုဒိဋ္ဌာ၊ ဧတ္ထ ကင်္ခါ ပဟီယတိ။

ဒုက္ခတော မနသိကရံ၊ ပဝတ္တံ ဇာနိ ဘူတတော။
အနု သဗ္ဗေပိ သုဒိဋ္ဌာ၊ ဧတ္ထ ကင်္ခါ ပဟီယတိ။

အနတ္တံ မနသိကရံ၊ တံဒွယံ ဇာနိ ဘူတတော။
အနု သဗ္ဗေပိ သုဒိဋ္ဌာ၊ ဧတ္ထ ကင်္ခါ ပဟီယတိ[၁]။

ဟူသော သင်္ဂဟ ဂါထာတို့ကို ဆိုအပ်ကုန်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ အဋ္ဌကထာ၌ ဆောင်၍ပြသော ပဋိသမ္ဘိဒါမဂ် ပါဠိတော် နှာ-၂၅၈-လာ ပါဠိတော် စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

ဓမ္မဋ္ဌိတိဉာဏ်။ ။အဝိဇ္ဇာဒယော၊ အဝိဇ္ဇာ စသည်တို့သည်။ ပစ္စယာ၊ သင်္ခါရ စသည်တို့အား ဟေတု, သဟဇာတ စသော ယထာရဟ-ပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်ကုန်၏။ သင်္ခါရာဒီ၊ သင်္ခါရ စသည်တို့သည်။ တဒုပ္ပဒါ၊ ထို အဝိဇ္ဇာစသည်ကြောင့်ဖြစ်သော ပစ္စယုပ္ပန်တရားတို့တည်း။ ဥဘော၊ ပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးလုံးတို့သည်။ ပစ္စယုပ္ပန္နာ၊ အာသဝ စသော အကြောင်းကြောင့် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ယံ ဉာဏံ၊ အကြင် အကြောင်းပစ္စည်းတရားတို့ကို သိမ်းဆည်းတတ်သော ဉာဏ်သည်။ အတ္ထိ၊ ရှိ၏။ တံ ဉာဏံ၊ ထိုဉာဏ်သည်။ ဓမ္မဋ္ဌိတိကံ၊ ဓမ္မဋ္ဌိတိဉာဏ် မည်၏။

အနိစ္စံ၊ အနိစ္စဟူ၍။ မနသိကရံ မနသိကရောန္တော၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်။ နိမိတ္တံ၊ ဃနသညာဖြစ်ခြင်းအကြောင်း လုံးလုံးလျောင်းလျောင်း ပေါင်း၍ တည်ဟန် သဏ္ဌာန် အထည်အားဖြင့် ထင်သော ပဥ္စက္ခန္ဓာ ဟူသော သင်္ခါရနိမိတ်ကို—

'နိမိတ္တ'န္တိ သင်္ခါရနိမိတ္တံ၊ အတ္ထတော ပဥ္စက္ခန္ဓာ။ တေ ဟိ ဃနသညာ ပဝတ္တိယာ ဝတ္ထုဘာဝတော နိမိတ္တံ၊သဝိဂ္ဂဟဘာဝေန ဥပဋ္ဌာနတော ဝါ။
ဋီကာ (မဟာ၊ဒု၊နှာ-၃၀၄)

ဘူတတော၊ ဟုတ်မှန်သောအားဖြင့်။ ဇာနေ=ဇာနာတိ၊ သိမြင်၏။ အနု၊ ပစ္စက္ခအားဖြင့် သိမြင်သော ပဥ္စက္ခန္ဓာကို အစဉ်လျှောက်သဖြင့်။ သဗ္ဗေပိ၊ အလုံးစုံသော တိယဒ္ဓဂတ သင်္ခါရတို့ကိုလည်း။ သုဒိဋ္ဌာ၊ နိစ္စအမြွက် ဆိတ်စက် မထင် စင်စစ် အနိစ္စသာတည်းဟု ကောင်းစွာမြင်အပ်ကုန်၏။ တ္တေ၊ ဤမြင်အပ်သော သင်္ခါရတို့၌။ ကင်္ခါ၊ ယုံမှားခြင်းသည်။ ပဟီယတိ၊ ပျောက်ကင်း ချုပ်ကွယ်၏။

ဒုက္ခတော၊ ဒုက္ခဟူ၍။ မနသိကရံ၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်။ ပဝတ္တံ၊ ကိလေသာဘိသင်္ခါရ တို့ကြောင့် အဆင့်ဆင့်ဖြစ်၍နေသော ဥပါဒိန္နခန္ဓာကို။

'ပဝတ္တ'န္တိ ဥပါဒိန္နခန္ဓပ္ပဝတ္တံ။ တံ ဟိ ကိလေသာဘိသင်္ခါရေဟိ ပဝတ္တိတတ္တာ သာတိသယံ ဒုက္ခဘာဝေန ဥပဋ္ဌာတိ။'ပဝတ္တ'န္တိ ဌာနနိသဇ္ဇာဒိဝသေန ဒုက္ခ-ဒုက္ခ တာဒိ ဝသေန စ သင်္ခါရပ္ပဝတ္တန္တိ အပရေ။ ဋီကာ (မဟာ၊ဒု၊နှာ-၃၀၄)

ဘူတတော၊ ဟုတ်မှန်သောအားဖြင့်။ ဇာနေ၊ သိမြင်၏။ အနု၊ ပဥ္စက္ခန္ဓာကို အစဉ်လျှောက်သဖြင့်။ သဗ္ဗေပိ၊ အလုံးစုံသော သင်္ခါရတို့ကိုလည်း။ သုဒိဋ္ဌာ၊ သုခအမြွက် ဆိတ်စက်မထင် စင်စစ် ဒုက္ခသာတည်းဟု ကောင်းစွာမြင်အပ်ကုန်၏။ တ္တေ၊ ဤသင်္ခါရတို့၌။ ကင်္ခါ၊ ယုံမှားခြင်းသည်။ ပဟီယတိ၊ ပျောက်ကင်း ချုပ်ကွယ်၏။

အနတ္တံ၊ အနတ္တကို။ မနသိကရံ၊ နှလုံးသွင်းသော ပုဂ္ဂိုလ်သည်။ တံဒွယံ၊ ထိုနိမိတ္တ ပဝတ္တနှစ်ပါးကို။ ဘူတတော၊ ဟုတ်မှန်သောအားဖြင့်။ ဧဝနေ၊ သိမြင်၏။ အနု၊ ပဋ္ဌက္ခန္ဓာကို အစဉ်လျှောက်သဖြင့်။ သမ္မေပိ၊ အလုံးစုံသော သင်္ခါရတို့ကိုလည်း။ သုဒိဋ္ဌာ၊ အတ္တအမြွက် ဆိတ်စက်မထင် စင်စစ်အနတ္တ သာတည်းဟု ကောင်းစွာမြင်အပ်ကုန်၏။ ဧတ္ထ၊ ဤသင်္ခါရတို့၌။ ကင်္ခါ၊ ယုံမှားခြင်းသည်။ ပဟီယတိ၊ ပျောက်ကင်းချုပ်ကွယ်၏။ ဤကား အနက်။

## သမ္မသနဉာဏ်သို့ ရောက်ပုံ

**လက္ခဏာ ၃-တန် ဆင်ခြင်ဟန်။**　　။ရှေး နာမရူပ ပရိစ္ဆေဒဉာဏ်ဖြင့် နာမ်ရုပ်သဘောလက္ခဏာကိုသာ သိသေးသည်။

ဤပစ္စယ ပရိဂ္ဂဟ ဉာဏ်ဖြင့်လည်း နာမ်ရုပ်၏အကြောင်းကိုသာ သိသေးသည်။ လက္ခဏာရေး သုံးပါးသို့ တင်၍ မဆင်ခြင် မသုံးသပ်ရသေး။

သို့ဖြစ်လျက် အနိစ္စ, ဒုက္ခ, အနတ္တဟု နှလုံးပြုခြင်း အဘယ်သို့ ဖြစ်နိုင်အံ့နည်း ဟူမူ—

အနိစ္စတာ စ နာမ ဥပ္ပတ္တိမတော။ ဥပ္ပါဒေါ စ ပစ္စယဝသေနာတိ အနိစ္စတာ သိဋ္ဌမာနာ သင်္ခါရာနံ သပ္ပစ္စယတံ သာဓေတိ ယထာဝုတ္တကာရဏံ ပဝ-ဟာနာယ သံဝတ္တတီတိ ဣမမတ္ထံ ဒဿေန္တော 'အနိစ္စတော။ပ။ ပဟီယတီ'တိ အာဟ။

ဟု ဋီကာ (မဟာ၊ဒု၊နှာ-၃၈၄) မိန့်သည်နှင့် အညီ နာမ်ရုပ်တို့၏ အကြောင်းကို မြင်လျှင် အကြောင်းမရှိက မဖြစ်၊ အကြောင်းရှိမှ ဖြစ်ကုန်သော သင်္ခါရတို့၏ ဖြစ်ခြင်းကို မြင်၏။ ဖြစ်ခြင်းရှိကလည်း အနိစ္စစင်စစ် ဖြစ်ရကား နာမ်ရုပ်တို့၏ အကြောင်းကို ကောင်းကောင်းကြီးမြင်သော ယောဂီသည် အကျိုးနာမ်ရုပ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းတိုင်အောင် မြင်နိုင်သည်ဖြစ်၍ သောဠသဝိစကင်္ခါကို စွန့်ခွါပယ်ဖျောက် လွန်မြောက်နိုင်လေသည်။ ထိုကြောင့်လည်း ကင်္ခါဝိတရဏ၏ အခြားမဲ့၌ သမ္မသနဉာဏ်ဖြင့် ရုပ်နာမ်တို့၏ အနိစ္စ,ဒုက္ခ,အနတ္တ လက္ခဏာကို လွယ်ကာတကူ ဆင်ခြင်သုံးသပ်နိုင်သည် မှတ်လေ။

**ဝိပဿနာ အခြေခံဉာဏ် ၂-ပါး။**　　။ဤ ဆိုခဲ့ပြီးသော နာမရူပဝဝတ္ထာနဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးတို့သည် သမထ, ဝိပဿနာ နှစ်ပါးတို့တွင် ဝိပဿနာ ဖြစ်သင့်၏။ ဝိပဿနာဉာဏ် ဆယ်ပါး၌ မပါဝင်သောကြောင့်လည်း ဝိပဿနာအစစ် မဟုတ်။ အလျော် အနုလောမ အခြေမူလသာဖြစ်၍ ဝိပဿနာဉာဏ်၏ ပရိကမ် ဥပစာအရာ၌ တည်၏။ ဒါနမယ, သီလမယတို့ထက် လွန်စွာထက်မြက်၏။ မဂ်ဖိုလ်၏ အခြေစင်စစ်ဖြစ်၏။

**ဝိပဿနာအခြေခံဉာဏ်၂-ပါးရသူကို စူဠသောတာပန်ခေါ် ရခြင်း** ဤဉာဏ်နှစ်ပါးကို ရပြီးသော ပုဂ္ဂိုလ်သည် ဝါတာ, တပ, ဘယဘေရဝ, အရတိ, ရတိ တို့ကို သည်းခံနိုင်၏။ နိဝါတ,နိမာန,ခန္တိ, သောရစ္စ,သန္တုဋ္ဌိ,သလ္လေခ စသော ကျေးဇူးအထူးတို့သည် ရောက်လာကုန်၏။ အရိယမဂ်တည်းဟူသော ထောက်တည်ရာ 'ပတိဋ္ဌာ'၊ အရိယဖိုလ် တည်းဟူသော သက်သာရာ 'အဿာသ'ကို ရသကဲ့သို့ ဖြစ်၏။ ယခုဘဝမဂ်ဖိုလ်မရ စုတိကျသည် ရှိသော် သုဂတိဘဝသို့ မုချလားရသည်ဖြစ်၍ နိယတဂတိရှိရကား သောတာပန်နှင့် အလားတူ၏၊ စူဠသောတာပန် မည်၏။

တနည်းလည်း—နာမရူပပရိစ္ဆေဒဖြင့် ခန္ဓာဒိဓမ္မတို့ကို သဘာဝရသအားဖြင့် ကောင်းစွာမှတ်၍ သာသနာ၌ ဓမ္မပြသံဟိတ ပါမောဇ္ဇကို ရသဖြင့် ရအပ်သော အဿာသ ရှိ၏။ သပ္ပစ္စယနာမရူပကို မြင်သဖြင့် ဒိဋ္ဌိကင်္ခါကကို ပယ်နုတ်၊ အဟေတု,ဝိသမဟေတုဝါဒကို နှင်ထုတ်လျက် ဟုတ်မှန်တိုင်းသော ယထာ-သကပစ္စယတို့ကြောင့် နာမရူပဓမ္မတို့၏ ဖြစ်ခြင်းကို သိရကား သာသနာ၌ မြဲစွာတည်သော သဒ္ဓါခြင်းရှိသည်ဖြစ်၍ ရအပ်သော ထောက်တည်မှု 'ပတိဋ္ဌာ' ရှိ၏။ နာမရူပဝဝတ္ထာန်ဖြင့် ဒုက္ခသစ္စာကို။ ဓမ္မဋ္ဌိတိဉာဏ်ဖြင့် သမုဒယသစ္စာကို။ ထိုဉာဏ်၏ နောက်အဘို့၌ အနိစ္စာဒိမနသိကာရဝီမိဖြင့် မဂ္ဂသစ္စာကို သိ၍ နာမရူပ-ပ္ပဝတ္တိ၏ ဒုက္ခအဖြစ်ကို မြင်သဖြင့် အပ္ပဝတ္တနိရောဓ၌ ကေန်ညွတ်ကိုင်းသော အဇ္ဈာသယရှိရကား လောကီဉာဏ်ဖြင့်ပင်လျှင် သစ္စာလေးတန်ကို သိသည် ဖြစ်၍ အပါယ်၌ မဖြစ်ထိုက်။ သောတာပန်ဘုံ၌ ဖြစ်ထိုက်သောကြောင့် နိယတဂတိ ရှိ၏။ ထို့ကြောင့် စူဠသောတာပန် မည်၏။

တသ္မာ ဘိက္ခု သဒါ သတော၊ နာမရူပဿ သဗ္ဗသော။
ပစ္စယေ ပရိဂ္ဂဏှေယျ၊ ကင်္ခါဝိတရဏတ္ထိကော[၁]။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၄၀) အနက်လွယ်၏။

ကင်္ခါဝိတရဏဝိသုဒ္ဓိ ပြီး၏။

---

၁။ တသ္မာ၊ ထိုသို့ကင်္ခါဝိတရဏဉာဏ်၏ များစွာ အကျိုးရှိသည်၏ အဖြစ်ကြောင့်။ ကင်္ခါဝိတရဏတ္ထိကော၊ ကင်္ခါဝိတရဏဉာဏ်ကို အလိုရှိသော။ ဘိက္ခု၊ သံသရာဘေးကို ရှုသော ယောဂီသည်။ သဒါ၊ အခါခပ်သိမ်း။ သတော၊ သမ္မာသတိနှင့် ပြည့်စုံသည်ဖြစ်၍။ နာမရူပဿ၊ နာမ်ရုပ်၏။ ပစ္စယေ၊ အကြောင်းတို့ကို။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ ပရိဂ္ဂဏှေယျ၊ ဉာဏ်ဖြင့် သိမ်းဆည်းဆင်ခြင်ရာ၏။

## မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ

**မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိတရားကိုယ်။** ။တတော ပရံ ပန တထာ ပရိဂ္ဂဟိတေသု သပ္ပစ္စယေသု တေဘူမက သင်္ခါရေသု အတီတာဒိဘေဒဘိန္နေသု ခန္ဓာဒိနယမာရဗ္ဘ ကလာပ ဝသေန သံခိပိတွာ အနိစ္စံ ခယဋ္ဌေန, ဒုက္ခံ ဘယဋ္ဌေန, အနတ္တာ အသာရကဋ္ဌေနာတိ အဒ္ဓါန-ဝသေန, သန္တတိဝသေန, ခဏဝသေန ဝါ သမ္မသနဉာဏေန။ပ။ မဂ္ဂါမဂ္ဂ-လက္ခဏဝဝတ္ထာနံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ နာမ[၁]—

ဟူသည်နှင့်အညီ—

> ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
> သုခံ ဉာဏ မုပဋ္ဌာန-မုပေက္ခာ စ နိကန္တိ စ[၁]။

ဟူသော ဤဝိပဿနူပက္ကိလေသ ဆယ်ပါးသည် ဝိပဿနာ၏ညစ်ညူးကြောင်းဘေးရန်တည်း။ အရိယမဂ်သို့ ရောက်ကြောင်း လမ်းမှန်မဟုတ်။ ဥပက္ကိလေသမှ လွတ်သော ဝီထိပဋိပန္နဝိပဿနာဉာဏ်သည်သာ အရိယမဂ်၏ ပုဗ္ဗဘာဂမဂ်တည်း။ အရိယမဂ်သို့ ရောက်ကြောင်း လမ်းမှန်တည်းဟု မဂ္ဂ,အမဂ္ဂကို ပိုင်းခြားသိမြင်၍ တည်သောဉာဏ်သည် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မည်၏။

**ဝိပဿနာပွါးပုံ။** ။ထို ဝိသုဒ္ဓိကို ပြီးစေလိုသော ယောဂီသည် ဝိပဿနာတွင် ကလာပသမ္မသန ဉာဏ်အစ ဖြစ်သောကြောင့်၎င်း၊ ဉာတပရိညာ၏ အခြားမဲ့၌ တီရဏပရိညာ ဖြစ်သောကြောင့်၎င်း၊ ကလာပ-သမ္မသန မည်သော နယဝိပဿနာ[၂]ကို ရှေးဦးစွာ ပွါးများ အားထုတ်အပ်၏။ ပွါးဟန်ကား—

---

၁။ အဘိဓမ္မတ္ထသင်္ဂဟ၊ ကမ္မဋ္ဌာန်းပိုင်း။

၂။ ကလာပသမ္မသန=(ဇမ္ဗူဒိပ်ကျွန်းသားတို့အသုံး အနှုန်း)

အတိတ်စသည်ပြားသော ရုပ်နာမ်တရားတို့ကို ရူပက္ခန္ဓာစသော အပေါင်းအစုအားဖြင့် သုံးသပ်ဆင်ခြင်ခြင်းကို 'ကလာပသမ္မသန' ဟု ဇမ္ဗူဒိပ်ကျွန်းသားတို့ခေါ် ဝေါ်သည်။

နယဝိပဿနာ=နည်းမှန်လမ်းမှန် ဝိပဿနာ၊ (သီဟိုဠ်ကျွန်သားတို့အသုံးအနှုန်း)

ယံ ကိဉ္စိ ရူပံ အတီတံ-စသောနည်းဖြင့် ရုပ်နာမ်တရားတို့ကို ရှုသောနည်းသည် 'နယဝိပဿနာ'ဟု သီဟိုဠ်ကျွန်းသားတို့ဆိုကြသည်။

ကလာပသမ္မသနနှင့်နယဝိပဿနာမှာ အခေါ် အဝေါ် အသုံးအနှုန်းကွဲပြားသော်လည်း ကျင့်စဉ်နည်းလမ်း အဓိပ္ပါယ်မှာ အတူတူပင်ဖြစ်သည်။ (မဟာဋီကာ၊ဒု၊နှာ-၃၇၆။)

ခန္ဓာ၌ ပွါးများပုံ။ ။ယံ အတီတံ ရူပံ၊ တံ အတီတေယေဝ ခိဏံ။ နယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန။

ယံ အနာဂတံ ရူပံ အနန္တရဘဝေ နိဗ္ဗတ္တိဿတိ။ တမ္ပိ တတ္ထေဝ ခိယိဿတိ၊ န တတော ပရံ ဘဝံ ဂမိဿတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ ပစ္စုပ္ပန္နံ ရူပံ၊ တမ္ပိ ဣဓေဝ ခိယတိ။ န ဣတော ပရံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ အဇ္ဈတ္တံ ရူပံ၊ တမ္ပိ အဇ္ဈတ္တမေဝ ခိယတိ။ န ဗဟိဒ္ဓါ ဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

ယံ ဗဟိဒ္ဓါ ရူပံ။ ယံ သြဠာရိကံ ရူပံ။ ယံ သုခုမံ ရူပံ။ ယံ ဟီနံ ရူပံ။ ယံ ပဏီတံ ရူပံ။ ယံ ဒူရေ ရူပံ။ ယံ သန္တိကေ ရူပံ၊ တမ္ပိ တတ္ထေဝ ခိယတိ၊ န ဒူရေ ဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

သဗ္ဗမေဝ စေတံ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန[၁]။

ဤသို့ ရူပက္ခန္ဓာ၌ အဘေဒအားဖြင့် သုံးပါး။ ဘေဒအားဖြင့် သုံးဆဲ့သုံးပါး ဖြစ်၏။ ဝေဒနာစသည်၌လည်း နည်းတူ။

ယာ အတီတာ ဝေဒနာ။ ယာ အတီတာ သညာ။ ယေ အတီတာ သင်္ခါရာ။ ယံ အတီတံ ဝိညာဏံ၊ တံ အတီတေယေဝ ခိဏံ။ နယိမံ ဘဝံ သမ္ပတ္တန္တိ အနိစ္စံ ခယဋ္ဌေန။

ယံ အနာဂတံ။ ပစ္စုပ္ပန္နံ။ အဇ္ဈတ္တံ။ ဗဟိဒ္ဓါ။ သြဠာရိကံ။ သုခုမံ။ ဟီနံ။ ပဏီတံ။ ဒူရေ။ သန္တိကေ။ ဝိညာဏံ၊ တမ္ပိ တတ္ထေဝ ခိယတိ၊ န ဒူရေ ဘာဝံ ဂစ္ဆတီတိ အနိစ္စံ ခယဋ္ဌေန။

သဗ္ဗမေဝ စေတံ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန[၂]။

ဟု သုံးသပ်အပ်၏။ ဤသို့လျှင် ခန္ဓာငါးပါးတို့၌ ဘေဒအားဖြင့် သမ္မသနဝါရ တရာ့ခြောက်ဆဲ့ငါး ဖြစ်၏။

ဒွါရစသည်၌ပွါးများပုံ။ ။ဒွါရခြောက်ပါး, အာရုံခြောက်ပါး, ဝိညာဏ်ခြောက်ပါး, ဖဿခြောက်ပါး, ဝေဒနာခြောက်ပါး, သညာခြောက်ပါး, စေတနာခြောက်ပါး, တဏှာခြောက်ပါး, ဝိတက်ခြောက်ပါး, ဝိစာရခြောက်ပါး, ပထဝီစသော ဓာတ်ခြောက်ပါး[၃]၊ ကသိုဏ်း ဆယ်ပါး၊ ဒွတ္တိံသ ကောဋ္ဌာသ၊

---

၁။ ပဋိသံ၊နှာ-၅၁-၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၄၅-၆။
၂။ ပဋိသံ၊ နှာ-၅၁-၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၄၅-၆။
၃။ မဟာဘုတ် ၄-ပါး၊ အာကာသဓာတ်၊ဝိညာဏဓာတ်။

အာယတန တဆဲ့နှစ်ပါး၊ ဓာတ် တဆဲ့ရှစ်ပါး၊ လောကိယ်ဣန္ဒြေ တဆဲ့ကိုးပါး၊ ကာမဓာတ် စသော ဓာတ်သုံးပါး[၁]၊ ဘဝ ကိုးပါး[၂]၊ သေသာရမ္မဏရုပ်ဈာန် လေးပါး[၃]၊ အပ္ပမညာ လေးပါး၊ အရူပ သမာပတ် လေးပါး၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါးတို့တွင်လည်း ဉာဏ်အား ထင်ရှားရာကို ခန္ဓာနှင့် နည်းတူပင် ပွါးအပ်၏။

**ကောဋ္ဌာသပေါင်း ၂၃-ပါး။** ။ဤ၌ ခန္ဓာ၊ဒွါရ၊ အာရုံ၊ ဝိညာဏ်၊ဖဿ၊ဝေဒနာ၊ သညာ၊စေတနာ၊တဏှာ၊ဝိတက်၊ဝိစာရ၊ဓာတ်၊ ကသိုဏ်း၊ ဒွတ္တိံသကောဋ္ဌာသ၊ အာယတန၊ ဓာတ်၊ ဣန္ဒြေ၊ ဓာတ်၊ ဘဝ၊ ဈာန်၊ အပ္ပမညာ၊ သမာပတ်၊ ပဋိစ္စသမုပ္ပါဒ် အားဖြင့် ကောဋ္ဌာသ နှစ်ဆဲ့သုံးပါး ရှိ၏။

ဋီကာ (ဒု၊နှာ-၃၇၉၊၃၈၀) ၌ကား—

"ဧဝမေတေ သမ္မသနီယဘာဝေန ဂဟိတာ ခန္ဓာဒိဝသေန ကောဋ္ဌာသတော ပဉ္စဝီသတိဝိဓာ"ဟု ပါ၍ရှိ၏။ ပါဌ်ပျက်မှတ်။

**သမ္မသနဝါရပေါင်း။** ။ခန္ဓာငါးပါး စသော ဘေဒအားဖြင့် တရာ့ကိုးဆဲ့ရှစ်ပါး ရှိ၏။

တပါးတပါး၌ အနိစ္စ, ဒုက္ခ, အနတ္တ ဟူသော သမ္မသန သုံးပါးစီ အားဖြင့် သမ္မသန ငါးရာ့ကိုးဆဲ့လေးပါး ဖြစ်၏။ အတိတ်,အနာဂတ် စသော ဩကာသ တဆဲ့တပါး[၄]တို့နှင့် မြှောက်ပွါးပြန်သည် ရှိသော် ဘေဒတော သမ္မသနဝါရ ခြောက်ထောင့်ငါးရာ့သုံးဆဲ့လေးဝါရ ဖြစ်၏။

**တမျိုးတဖုံနှလုံးသွင်းခြင်း။** ။အနိစ္စ၏ ဝေဝုစ်ပရိယာယ်ပုဒ်တို့ဖြင့်၎င်း အထူးထူးသော အခြင်း အရာတို့ဖြင့်၎င်း နှလုံး သွင်းလိုမှုကား—

---

၁။ ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်။

၂။ ကာမဘဝ၊ရူပဘဝ၊ အရူပဘဝ၊ သညီဘဝ၊ (ကာမ ၁၁-ဘုံ၊ ရူပ ၁၅-ဘုံ၊ အရူပ အောက်၃-ဘုံ)၊အသညီဘဝ(အသညသတ်)၊နေဝသညီနာသညီဘဝ၊ပဉ္စဝေါကာရ, စတုဝေါကာရ, ဧကဝေါကာရ။

၃။ ကသိုဏ်း ၁၀ ပါး, အပ္ပမညာ ၄-ပါးတို့မှ ကြွင်းသော အာရုံရှိသော ရူပဈာန် ၄-ပါး (စတုက္ကနည်း)။

၄။ ဩကာသ ၁၁-ပါး=အနိစ္စ စသော လက္ခဏာရေး ၃-ပါးဖြင့် သုံးသပ်ရာ ဌာနဖြစ်၍ ဩကာသ ၁၁-ပါးဟုခေါ်သည်။ (မဟာဋီကာ၊ဒု၊နှာ-၃၈၁)

ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ ခယဓမ္မံ ဝယဓမ္မံ ဝိရာဂဓမ္မံ နိရောဓဓမ္မံ[၁]။

စသည်ဖြင့် သုံးသပ်အပ်၏။

ဆရာ့ဆရာအလို ဆင်ခြင်ပုံ။ ။ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကား ခန္ဓာငါးပါးလုံးကို တပေါင်းတရုံးတည်းပင် သုံးသပ်ဆင်ခြင်သင့်၏ဟု မိန့်တော်မူ၏။ သုံးသပ်ဟန်ကား—

ယေကေစိ ပဉ္စက္ခန္ဓာ အတီတာနာဂတပစ္စုပ္ပန္နာ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကာ ဝါ သုခုမာ ဝါ ဟီနာ ဝါ ပဏီတာ ဝါ ယေ ဒူရေ ဝါ သန္တိကေ ဝါ၊ သဗ္ဗေ တေ တတ္ထ တတ္ထေဝ နိရုဇ္ဈန္တီတိ အနိစ္စာ ခယဋ္ဌေန ဒုက္ခာ ဘယဋ္ဌေန အနတ္တာ အသာရကဋ္ဌေန။ သဗ္ဗေ တေ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ ခယဓမ္မာ ဝယဓမ္မာ ဝိရာဂဓမ္မာ နိရောဓဓမ္မာ—

ဟု ရှုအပ်၏။ အတိတိက္ခပညာ ပုဂ္ဂိုလ်မြတ်တို့၏ အရာပေတည်း။

အတီတာနာဂတပစ္စုပ္ပန္နာ၊ အတိတ်ဘဝ, အနာဂတ်ဘဝ, ပစ္စုပ္ပန်ဘဝ၌ ဖြစ်ကုန်သော။ အဇ္ဈတ္တံ ဝါ၊ ကိုယ်တွင်းသန္တာန်၌လည်း ဖြစ်ကုန်သော။ ဗဟိဒ္ဓါ ဝါ၊ အပသန္တာန်၌လည်း ဖြစ်ကုန်သော။ ဩဠာရိကာ ဝါ၊ ရုန့်ရင်းသည်လည်း ဖြစ်ကုန်သော။ သုခုမာ ဝါ၊ သိမ်မွေ့သည်လည်း ဖြစ်ကုန်သော။ ဟီနာ ဝါ၊ ယုတ်ညံ့သည်လည်း ဖြစ်ကုန်သော။ ပဏီတာ ဝါ၊ မွန်မြတ်သည်လည်း ဖြစ်ကုန်သော။ ယေကေစိ၊ အလုံးစုံကုန်သော။ ပဉ္စက္ခန္ဓာ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဒူရေ ဝါ၊ ဝေးသည်လည်း ဖြစ်ကုန်သော။ သန္တိကေ ဝါ၊ နီးသည်လည်း ဖြစ်ကုန်သော။ ယေ ပဉ္စက္ခန္ဓာ၊ အကြင် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ပဉ္စက္ခန္ဓာ၊ ထိုခန္ဓာငါးပါး ရုပ်နာမ် တရားတို့သည်။ တတ္ထ တတ္ထေဝ၊ ထိုထိုအတိတ်ဘဝ စသောအဖြစ်၌ ပင်လျှင်။ နိရုဇ္ဈန္တိ၊ ချုပ်ပျောက် ပျက်စီးကုန်၏။ ဣတိတသ္မာ၊ ထို့ကြောင့်—

ခယဋ္ဌေန၊ ဖြစ်ပြီးမြောက်လျှင် ကုန်ပျောက်ပျက်စီးတတ်သော သဘောကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။

ဘယဋ္ဌေန၊ ကြောက်ဘွယ်ခမန်း ဘေးဘျမ်းဖြစ်သော သဘောကြောင့်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၄၂။

အသာရကဋ္ဌေန၊ အတ္တာ, နိစ္စသိ, ကာရက, ဝေဒက ဟု တိတ္ထိတို့ ခေါ်ဆို အပ်သော ကိုယ်ဟူသော အနှစ်မဲ့သော သဘောကြောင့်။ အနတ္တာ၊ အစိုးရသော ကိုယ် မဟုတ်ကုန်။

သမ္ဘဝ၊ ခပ်သိမ်းကုန်သော။ တေ ပဉ္စက္ခန္ဓာ၊ထို ခန္ဓာငါးပါးတို့သည်။ သင်္ခတာ၊ အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။ပဋိစ္စသမုပ္ပန္နာ၊ အကြောင်းတရားကို စွဲ၍ ဖြစ်ကုန်၏။ ခယဓမ္မာ၊ ကုန်ခြင်း သဘောရှိကုန်၏။ ဝယဓမ္မာ၊ ပျက်ခြင်း သဘောရှိကုန်၏။ ဝိရာဂ ဓမ္မာ၊ ကင်းခြင်း သဘော ရှိကုန်၏။ နိရောဓဓမ္မာ၊ ချုပ်ခြင်း သဘော ရှိကုန်၏။ အနက်။

ဤနည်းကို မှီ၍ ရှေ့ပါဠိတို့ကို အနက် သမ္ဗန်။

## ရုပ်၌ ခြင်းရာ ၄၀-တို့ ဖြစ်ပွါးပုံ

ဤသို့ အဖန်တလဲလဲ သုံးသပ်ဆင်ခြင်၍ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာ လက္ခဏာ ထင်လာသည်ရှိသော် ထိုထင်သော သမ္မသနဉာဏ် မြဲမြံခိုင်ခံ့ သန့်ရှင်းခြင်း အကျိုးငှါလည်း, နောက် ဝိပဿနာ ဉာဏ် ကိုးချက် တက်လွယ် ပြီးလွယ်ခြင်း အကျိုးငှါလည်း, လေးဆယ်သော အခြင်းအရာ တို့ဖြင့်လည်း ခန္ဓာ ငါးပါးတို့ကို ပွါးများသုံးသပ် လေ့လာအပ်ကုန်၏။ ပွါးဟန်ကား—

ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ။
ဝိပရိဏာမဓမ္မာ’သာရကံ၊ ဝိဘဝံ မစ္စုသင်္ခတံ။

ဒုက္ခဥ္စ ရောဂါ’ဃံ ဂဏ္ဍံ၊ သလ္လာ’ဗာဓံ ဥပဒ္ဒဝံ။
ဘယီ’တျု’ပသဂ္ဂါ’တာဏံ၊ အလေဏာ သရဏံ ဝဓံ။

အဃမူလံ အာဒီနဝံ၊ သာသဝံ မာရအာမိသံ။
ဇာတိဇ္ဇရံ ဗျာဓိသောကံ၊ ပရိဒေဝ’မုပါယာသံ။
သံကိလေသ သဘာဝကံ။

အနတ္တာ စ ပရံ ရိတ္တံ၊ တုစ္ဆံ သုညန္တိ တာလိသံ။
ဝေဒနာဒယော ခန္ဓာပိ၊ တထေဝ ပဉ္စကာပိ ဝါ။

သင်္ဂဟ ဂါထာ[၁]

**အနိစ္စာနုပဿနာ ၁၀-ပါး။** ။ရူပံ၊ ရူပက္ခန္ဓာသည်။ အနိစ္စံ၊ အနစ္စန္တိက အာဒိ-အန္တဝန္တကြောင့်။ ဝါ၊ ဘင်ဟူသော နောက်

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ ၄၁၁-၌ လာသည်ကိုရင်း၊ ယင်းကိုပင် ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ဒု၊နှာ- ၂၄၇,၂၄၈-တို့၌ ဖွင့်သည်ကိုရင်း မှီ၍ ဂါထာစီထားသည်။

အစွန်းကို မလွန်နိုင်ဘိ အစ,အဆုံး ရှိခြင်းကြောင့် အမြဲမရှိ။ ။ပလောကံ၊ ဗျာဓိ,ဇရာ,မရဏကြောင့် ပရမ်းပတာ ပျက်စီးတတ်ချေ၏။ ။စလံ၊ ဗျာဓိ, ဇရံ မရဏံနှင့် လောကဓံရှစ်ပါး တရားတွေ့ကြုံ တုန်လှုပ်တတ်ချေ၏။ ။ ပဘင်္ဂုံ၊ သူ့ဘာသာအား လုံ့လအားဖြင့် ပျက်ပြားလေ့ရှိချေ၏။ ။အဒ္ဓုဝံ၊ သစ်သီးသဖွယ် အရွယ်ခပ်သိမ်းမှ ရွပ်တိမ်းကျကြွေ မခိုင်ခံ့ချေ။ ။ဝိပရိဏာမံ၊ ဇရာ,မရဏံ ဘိုနှစ်တန်ဖြင့် ဖောက်ပြန်ညွတ်တိမ်းတတ်ချေ၏။ ။အသာရကံ၊ အားစွမ်းနည်းငယ် အကာနှယ်သို့ ဖျက်ဆီးလွယ်သည် ဖြစ်၍လည်း အနှစ် မရှိချေ။ ။ဝိဘဝံ၊ စီးပွါးခြင်းမရှိ တဏှာ,ဒိဋ္ဌိလျှင် ဖြစ်ကြောင်းရှိချေ၏။ ။ မစ္စု၊ သေခြင်းသဘောဓလေ့ ပြကတေ့ရှိချေ၏။ ။သခ်တံ၊ ဆက်ဆံ့ မဆက်ဆံ သော ပစ္စည်း,ဟေတုတို့သည် ပေါင်း၍ ပြုပြင်အပ်ချေ၏။ ။အနိစ္စာနုပဿနာ ဆယ်ပါးတည်း။

ဒုက္ခာနုပဿနာ ၂၅-ပါး။ ။စ၊ အနိစ္စသာ ဖြစ်သည် မဟုတ်သေး။ ဒုက္ခံ၊ ဘင်,ဥပါဒ်သည် ထပ်ထပ်နှိပ်စက် သုံးချက်ဒုက္ခ သံသာရ၏ မူလကြောင်းရင်းဖြစ်၍ ဆင်းလည်း ဆင်းရဲလှချေ၏။ ။ရောဂံ၊ ပစ္စည်းဖြင့်မျှတ အစဉ်လိုက်သော ဗျာဓိတို့၏ မူလဖြစ်၍ ယာပျအနာ[1]နှင့် တူချေ၏။ ။

ယာပျဗျာဓိ ဟိ ရောဂေါ။ ဂ္ဂတရော အာဗာဓော။ ဋီကာ (ဒုံးနှာ-၃၉၅)

အဃံ၊ ကဲ့ရဲ့အပ် စီးပွါးမဲ့ကို ဆောင်တတ် ခပ်သိမ်းသော မကောင်းမှုတို့၏ တည်ရာ အကြောင်းဖြစ်၍ မကောင်းမှုမည်၏။ ။ဂဏ္ဍံ၊ ဒုက္ခတံကျင် ထိုးကျင် မကွာ ကိလေသာမန်း ပြည့်လျှမ်းယိုထွက် သုံးချက်ခဏ ဖူးကြွရောင်တက် မြည့်ကျက်ပေါက်ပြဲသည်ဖြစ်၍ အိုင်းအမာနှင့် တူ၏။ ။သလ္လံ၊ မင်ဍဏ်ဟူလျှင်း မွေးညှပ်ကင်းက နုတ်ခြင်းငှါခက် အတွင်းဝင်၍ ထိုးကျင်နှိပ်စက်တတ်သည် ဖြစ်၍ တံကျင်မြားငြောင့်နှင့် တူချေ၏။ ။အာဗာဓံ၊ သူတပါးနှင့်စပ်လျဉ်း အနာ၏အကြောင်းရင်းဖြစ်၍ ယာပျနာမှ ကြွင်းသော အနာ[1]နှင့်တူချေ၏။ ။ ဥပဒ္ဒဝံ၊ မထင်မရှား များပြားစွာခဲ့ ကျိုးမဲ့ကိုပြု မင်းဘေး စသည်တို့၏ တည်ရာအကြောင်း ဝတ္ထုဖြစ်၍ ဥပဒ္ဒဝေါ မည်၏။ ။ဘယံ၊ ဘေးပေါင်းစုဝေး နိဗ္ဗာန်၏ ဆန့်ကျင်ဖက် အရေးကြောင့် ဘေးဘယ မည်ချေ၏။ ။ဤတိ၊ အနေကဗျသနကို ပြုတတ်သော အာဂန္တုက ဘေးရန်ကဲ့သို့တည်း။ ။ဥပ-သဂ္ဂံ၊ များပြားစွာခဲ့ အကျိုးမဲ့တို့သည် အစဉ်ဖွဲ့အပ်, လှည့်ပတ်နတ်ဖျက် သည်းခံခက်စွ အနတ္ထနှင့် တူချေ၏။ ။အတာဏံ၊ သူ့ကိုလည်း မစောင့် ရှောက်စွမ်း မိမိလည်း ဘေးမငြိမ်းချမ်းချေ။ ။အလေဏံ၊ ဆင်းရဲကင်းလို

၁။ ဤကျမ်း ဒုတွဲ၊နှာ-၆၉ ၌ရှုပါ။

ချဉ်းကပ်ခိုသော်လည်း ဆင်းရဲကို မတားမြစ်တတ် ချဉ်းကပ်ခြင်းငှါ မထိုက်ပါ၍ ပုန်းအောင်းခိုကပ်ရာ မဟုတ်ချေ။ ။အသရဏံ၊ ဇာတိစသော ဘေးပေါင်း ကင်းရှဲအောင် မညှဉ်းဆဲတတ်ချေ။ ။ဝဓံ၊ မိတ်ကျွမ်းဝင်ဟန် သေကြောင်း ကြံသော ရန်သူ သူသတ်ကဲ့သို့တည်း။ ။

အဃ မူလံ၊ လုံးစုံပေါင်းစု မကောင်းမှုတို့၏ ဟေတုမူရင်းတည်း။ ။ အာဒီနဝံ၊ အနိစ္စစ အာကာရဖြင့် ဖြစ်ရလေဘိ ပဝတ္တိဒုက္ခဖြစ်၍ အပြစ်အတိ သာတည်း။ ဝါ၊ လွန်စွာဘိစီး ဆင်းရဲကြီးသည်ဖြစ်၍ အထီးကျန်သော သူဆင်းရဲ နှင့် တူ၏။ ။သာသဝံ၊ အာသဝေါတရားတို့၏ နီးနားသော အကြောင်း တည်း။ ။မာရအာမိသံ၊ ကိလေသ,မစ္စု မာရ်နှစ်ခုတို့၏ ဝတ္ထုပစ္စယဖြစ်၍ အစာသဖွယ်ဖြစ်၏။ ဝါ၊ အထိုက်လျော်စွာ မာရ်ငါးဖြာ၏ အစာသဖွယ် ဖြစ်ချေ၏။ ။ဇာတိ၊ ပဋိသန္ဓေ နေရခြင်းသဘောရှိချေ၏။ ။ဇရာ၊ အိုရခြင်း သဘောရှိချေ၏။ ။ဗျာဓိ၊ ကျင်နာနှိပ်စက်ခြင်း သဘောရှိချေ၏။ ။ သောကံ၊ နှလုံးမငြိမ် စိုးရိမ် ကြောင့်ကြ ရကြောင်းတည်း။ ။ပရိဒေဝ၊ အာလျှာ သွေ့ခြောက် စိတ်ရှုးနောက်အောင် မဆောက်တည်နိုင် ကြံမှိုင်ပူဆွေး ငိုကြွေးရကြောင်းတည်း။ ။ဥပါယာသံ၊ သက်ပြတ်ခမန်း ဆည်မစွမ်းအောင် ပင်ပန်းရကြောင်းတည်း။ ။သံကိလေသ သဘာဝကံ၊ တဏှာဒိဋ္ဌိ ဒုစ္စရိတ်တို့၏ အာရုံဖြစ်၍ ညစ်ငြူးခြင်းသဘောလည်း ရှိချေ၏။ ။ဒုက္ခာနုပဿနာ နှစ်ဆဲ့ ငါးပါးတည်း။

အနတ္တာနုပဿနာ ၅-ပါး။ ။စ၊ အနိစ္စ,ဒုက္ခသာ ဖြစ်သည် မဟုတ်သေး။ အနတ္တာ၊သာမိ,နိဝါသီ,ကာရက,ဝေဒက,အဓိဋ္ဌာယက ဟုကြံဆခေါ် ဆိုအပ်သော ကိုယ်လည်း မဟုတ်ချေ။ ။ပရံ၊အလိုမပါ စီရင် ရာမရသည်ဖြစ်၍ သူစိမ်းပြင်ပနှင့် တူချေ၏။ ။ရိတ္တံ၊ သူမိုက်တို့သည် ကြံဆအပ် သော ဓုဝ,သုဘ,သုခတ္တဘာဝဟူသော အနှစ်ကင်းချေ၏။ ။တုစ္ဆံ၊ အနှစ် ကင်းပြည်း ဖျင်းသိမ်နည်း၍ အချည်းနှီးသာတည်း။ ။သုညံ၊ သာမိ, နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက ဟု ကြံဆခေါ် ဆိုအပ်သော တပါးသောကိုယ်မှ လည်း ဆိတ်ချေ၏။ ။အနတ္တာနုပဿနာ ငါးပါးတည်း။

ဣတိ၊ ဤသို့။ တာလီသံ၊ လေးဆယ်သော အခြင်းအရာရှိချေ၏။

ဝေဒနာဒယော၊ ဝေဒနာအစရှိကုန်သော။ ခန္ဓာပိ၊ နာမ်ခန္ဓာလေးပါးတို့ သည်လည်း။ တထာဝေ၊ ထိုရူပက္ခန္ဓာနှင့် နည်းတူသာလျှင်။ တာလီသာ၊ အခြင်းအရာ လေးဆယ်စီချည်း ရှိကြကုန်၏။ ဝါ၊ အစိတ်မှတပါး အပေါင်း တနည်းကား။ ပဉ္စကာပိ၊ ခန္ဓာငါးပါးလုံးတို့သည်လည်း။ တထာဝေ၊ ထိုအတူ သာလျှင်။ တာလီသာ၊ လေးဆယ်သော အခြင်းအရာရှိကုန်၏။

ဤပါဠိအနက်ကို နှုတ်တက်အာဂုံ ဆောင်ထား၍ အဖန်များစွာ သုံးသပ်ရာ၏။

နာမ်ခန္ဓာ ၄-ပါးတို့၌ ခြင်းရာ ၄၀-ဖြင့် ဆင်ခြင်ပုံ။ ။ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ-စ သည်ကဲ့သို့ ကြွင်းနာမ်ခန္ဓာ လေးပါးတို့၌လည်း "ဝေဒနာ အနိစ္စာ ပလောကာ။ သညာ အနိစ္စာ ပလောကာ။ သင်္ခါရာ အနိစ္စာ ပလောကာ။ ဝိညာဏံ အနိစ္စံ ပလောကံ" စသည်ဖြင့်သော်လည်း သုံးသပ်ဆင်ခြင်ရာ၏။

သမ္မသနဉာဏ်နှစ်ရာ။ ။ဤစတ္တာလီသာကာရတို့ကို ခန္ဓာငါးပါးတို့နှင့် မြှောက်ပွါးသည်ရှိသော် အနိစ္စာနုပဿနာ ငါးဆယ်, ဒုက္ခာနုပဿနာတရာ့နှစ်ဆဲ့ငါးပါး,အနတ္တာနုပဿနာနှစ်ဆဲ့ငါးပါး အားဖြင့် သမ္မသန နှစ်ရာ ဖြစ်၏။

## သုံးသပ်ဆင်ခြင်ရကျိုး

စတ္တာလီသာယာကာရေဟိ၊ ပဉ္စက္ခန္ဓေ သ သမ္မသံ။
လာဘီ'နုလောမိကံ ခန္တိံ၊ ကမေ သမ္မတ္တနိယာမံ။

စတ္တာလီသာယ၊ လေးဆယ်အတိုင်းအရှည်ရှိသော။ အာကာရေဟိ၊ အခြင်းအရာတို့ဖြင့်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါးတို့ကို။ သမ္မသံ သမ္မသန္တော၊ သုံးသပ်ဆင်ခြင်သော။ သ သော၊ ထိုယောဂီပုဂ္ဂိုလ်သည်။ အနုလောမိကံ၊ အရိယမဂ်ကို ရခြင်းအား လျော်သော။ ခန္တိံ၊ အာရုံသဘော ဝင်လျောပိုင်းခြား ခံငြား သည်းခံသော ဝိပဿနာဉာဏ်ကို။ လာဘီ၊ ရသည်။ ဟောတိ၊ဖြစ်၏။ သမ္မတ္တနိယာမံ၊ မဖောက်ပြန်သော သဘောရှိသည်လည်းဖြစ်, မဆုတ်နစ်သော သဘော ရှိ၍ မြဲမြံသည်လည်းဖြစ်သော အရိယမဂ်သို့။ ကမေ ဩက္ကမတိ၊ သက်ဝင်၏။ ဤကား အကျိုးတည်း။

ဥဒယဗ္ဗယဉာဏ်။ ။ဤသို့လျှင် 'ယံ အတီတံ ရူပံ' စသည်ဖြင့် အားထုတ်သော အချို့သော တိက္ခိန္ဒြိယ မဟာပညပုဂ္ဂိုလ်အား နယဝိပဿနာ အားရှိထက်သန်သည်ဖြစ်၍ ဥဒယဗ္ဗယဉာဏ် ဖြစ်လာ၏။

ဥဒယ ဝယ ဉာဏုပ္ပတ္တိ ဟိ ဣမ နယဝိပဿနာယ သမ္မဇ္ဇနတ္တံ အဓိပ္ပေတာ။ ဋီကာ (မဟာ၊ဒု၊နှာ-၃၉၈။)

ဣန္ဒြေ ထက်မြက်စေသောခြင်းရာ ကိုးပါးဖြင့် ပွါးများပုံ။ ။မုဒိန္ဒြိယ အပ္ပပည ပုဂ္ဂိုလ်ဖြစ်၍ နယဝိပဿနာ မပြည့်စုံသေး၊ ဥဒယဗ္ဗယဉာဏ် မဖြစ်လာသေးမူကား ချောမွေ့ လှစွာသော ပုဆိုးကိုချုပ်ဘိုရာ အလွန် သိမ်မွေ့စွာသော အပ်၌ ထိုထက် အလွန်

သိမ်မွေ့လှစွာသော အပ်ချည်ကို တပ်ရသကဲ့သို့ သိမ်မွေ့စွာသော ရုပ်နာမ်တရားကို အလွန် သိမ်မွေ့စွာသော နာမရူပ ပရိစ္ဆေဒ, ပစ္စယပရိဂ္ဂဟ ဉာဏ်နှစ်ပါးဖြင့် သိမ်းဆည်းပွါးများပြီးဖြစ်၍ ယခုအခါ လက္ခဏာရေးတင်လျက် ဆင်ခြင်သုံးသပ်ဘို့ရာ ထိုထက် အလွန်သိမ်မွေ့လှစွာသော ဉာဏ်ကို အလိုရှိအပ်သောကြောင့်—

ခယသ္သ ပဿနံ တတ္ထ၊ သပ္ပါယံ နိစ္စ'မာဒရံ။
သမာဓိ နိမိတ္တဂ္ဂဟံ၊ ဗောဇ္ဈင်္ဂါနုပဝတ္တနံ။

ကာယဇီဝေသွ'နပေက္ခံ၊ တထာ'ဘိဘုယျ အန္တရာ။
အဗျောသာနံ နဝါကာရာ၊ ဣန္ဒြိယတိက္ခကာရဏာ[၁]။

ဟူသော အခြင်းအရာကိုးပါးတို့ဖြင့် သဒ္ဓါစသော ဣန္ဒြေငါးပါးတို့ကို ထက်မြက်အောင် ပြုအပ်ကုန်၏။

ခယဿ၊ ဥပ္ပန္နုပ္ပန္န သင်္ခါရတို့၏ ကုန်ခြင်းပျက်ခြင်းဟူသော ဘင်္ဂက္ခဏကို။ ပဿနံ၊ ဥပါဒ်,ဌီမှ ရှုချီလွှတ်ထား၍ စဉ်းစားကြည့်ရှုခြင်းရှင်း။ တတ္ထ၊ ထိုဘင်ကို ရှုခြင်းဟူသော ခယဒဿနဌ်။ ဝါ၊ ခယဒဿနကို။ သပ္ပါယံ၊ သပ္ပါယ ခုနစ်ပါး[၂]တို့ကို မှီဝဲလျက် ပြည့်စုံစေခြင်းရှင်း။ နိစ္စံ၊ မပြတ် မလပ်ပြု၍ ပြည့်စုံစေခြင်းရှင်း။ အာဒရံ၊ အရိုအသေပြု၍ ပြည့်စုံစေခြင်းရှင်း။ သမာဓိနိမိတ္တဂ္ဂဟံ၊ ဝိပဿနာသမာဓိ၏ ဖြစ်ကြောင်း အခြင်းအရာကို ကောင်းစွာမှတ်ယူ၍ ပြည့်စုံစေခြင်းရှင်း။ ဗောဇ္ဈင်္ဂါနုပဝတ္တနံ။ သတိသမ္ဗောဇ္ဈင်ကြဉ်သော ဗောဇ္ဈင်ခြောက်ပါးတို့ကို လျော်စွာ ဖြစ်စေ၍ ပြည့်စုံစေခြင်းရှင်း။

ကာယဇီဝေသု၊ ကိုယ်အသက်တို့ဌ်။ အနပေက္ခံ၊ အပုပ်ကောင်သဖွယ် ရန်သူနှယ်သို့ တွယ်တာငဲ့ကွက် မရှိခြင်းရှင်း။ တထာ၊ ထိုကိုယ်အသက်ဌ် မငဲ့ကွက်သောအခြင်းအရာဖြင့်။ အဘိဘုယျ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဒုက္ခကို ဝီရိယဖြင့် နှိပ်စက်လွှမ်းမိုးကာ ဘာဝနာကို ပြည့်စုံစေခြင်းရှင်း။ အန္တရာ၊ လိုရာ ဘာဝနာ အပြီးအဆုံးသို့ မရောက်မီအကြားဌ်။ အဗျောသာနံ၊ ဆုတ်နစ်တွန့်ပေါ့ လက်မလျှော့ခြင်းရှင်း။ နဝ၊ ကိုးပါးကုန်သော။ အာကာရာ၊ ဤအခြင်းအရာတို့သည်။ ဣန္ဒြိယတိက္ခ ကာရဏာ၊ သဒ္ဓါစသော ဣန္ဒြေငါးပါးတို့၏ ထက်မြက်သန်စွမ်းကြောင်းတို့တည်း။ ဤကား အနက်။

ရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ။ ။ဤအခြင်းအရာကိုးပါးတို့ဖြင့် သမ္မာရ အဝိနာဘာဝဖြစ်သော ကြွင်း ဣန္ဒြေလေးပါးနှင့် တကွသော ပညိန္ဒြေကို ထက်မြက်သိမ်မွေ့စေလျက် ရံခါ ရုပ်ကို, ရံခါ နာမ်ကို သုံးသပ်

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ဒု၊နှာ-၂၄၇-လာ စုဏ္ဏိကိုယကိုမှီ၍ ဂါထာစီထားသည်။
၂။ သပ္ပါယ ခုနစ်ပါး၊ ဤကျမ်း ဒုတွဲ၊နှာ-၁၉၁ ရှုပါ။

အပ်၏။ ရုပ်ကို သုံးသပ်သော ပုဂ္ဂိုလ်သည် ရုပ်၏ ဖြစ်ခြင်း နိဗ္ဗတ္တိကို ရှုအပ်၏။ ရှုဟန်ကား—

ကမ္မဇရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ

ကမ္မံ တဇ္ဇံ တပ္ပစ္စယံ၊ တပ္ပစ္စယံ တု စိတ္တဇံ။
ဥတုဇံ အာဟာရဇန္တိ၊ ဝိဘာဂေါ ဇာနိယော ဆဓာ။

သင်္ဂဟဂါထာ[1]

ကမ္မံ၊ ရူပဇနကကံ နှစ်ဆဲ့ငါးပါး[2]ရင်း။ တဇ္ဇံ၊ ထိုဇနကကံကြောင့် ဖြစ်သော ဝိပါက်ကမ္မဇရုပ်ဟူသော ကမ္မသမုဋ္ဌာနတရားရင်း။ တပ္ပစ္စယံ၊ ထိုကံလျှင် ဥပတ္ထမ္ဘက အကြောင်းရှိသော ရင်းဝိပါက်ကမ္မဇရုပ် ဟူသော ကမ္မပစ္စယ တရားရင်း။

ကမ္မံ ဟိ ကမ္မဇဿ ဇနကံ, ပရိပါလကမ္ပိ[3] ဟောတိ ဇီဝိတိန္ဒြိယဿ, ကမ္မဇင်္ဂနော စ ဝသေန အနုရက္ခဏသမ္ဘဝတော, အာဟာရာဒိပ္ပဋိလာဘ-ဟေတုတာယ ဥပတ္ထမ္ဘကနိမိတ္တတော စ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၀၀)။

တု၊ ထိုမှတပါး။ တပ္ပစ္စယံ စိတ္တဇံ၊ ထိုကံလျှင် ဥပတ္ထမ္ဘကအကြောင်းရှိသော ဝိပါက်စိတ်ကြောင့် ဖြစ်သော စိတ္တဇရုပ်ဟူသော ကမ္မပစ္စယစိတ္တသမုဋ္ဌာန တရားရင်း။

နိဿယ၌ 'ကမ္မပစ္စယ'ပုဒ်ကို 'စိတ္တ'ပုဒ်နှင့် ကမ္မဓာရယ်သမာသ် တွဲသည်ကား မသင့်။

တပ္ပစ္စယံ ဥတုဇံ၊ ထိုကံလျှင် ဥပတ္ထမ္ဘကအကြောင်းဟူသော ဥပနိဿယ ပစ္စည်းရှိသော ကမ္မဇတေဇောဓာတ်ဟူသော ဥတုမှ လေးဆက်, ငါးဆက်ဖြစ်၍ သွားသော ဥတုဇကလာပ်ဟူသော ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်ရင်း။ တပ္ပစ္စယံ၊ ထိုကံလျှင် ဥပနိဿယပစ္စည်းရှိသော။ အာဟာရဇံ၊ ပဋိသန္ဓေနောက် တသတ္တာဟ, နှစ်သတ္တာဟရောက်၍ ဗဟိဒ္ဓသြဇာ ကိုယ်၌ ပျံ့နှံ့သောအခါ အဇ္ဈတ္တကမ္မဇသြဇာ ဟူသော အာဟာရမှ လေးဆက်, ငါးဆက်ဖြစ်၍ သွားသော အာဟာရဇကလာပ် ဟူသော ကမ္မပစ္စယ အာဟာရသမုဋ္ဌာနရုပ်ရင်း။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၄၉,၂၅၀ လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

၂။ ရုပ်ကိုဖြစ်စေတတ်သောကံ ၂၅-ပါး (အကုသိုလ်ကံ-၁၂။ မဟာကုသိုလ်-၈။ ရူပါဝစရ ကုသိုလ်-၅။)

၃။ ဆဋ္ဌမူ၌ ပရိပါစကမ္ပိ ဟု ရှိ၏။ ဘေဒနီမူများ၌ ပရိပါလကမ္ပိ ဟု တညီတည်း ရှိ၏။ မဟာဋီကာ နိဿယ-၌ ပရိပါလကမ္ပိ-သာ သင့်ကြောင်း ဆုံးဖြတ်ထား၏။

'စတဿော ပဥ္စ ဝါ သန္တတိယော ဃဋ္ဋေတီ'တိ သဒိသသန္တတိဝသေန စတဿော ပဥ္စ ဝါ ရူပကလာပ ပဝတ္တိယော သန္ဒာနေတိ။ ဗာဟိရပစ္စယ-ဝိသေသေန ပန ဝိသဒိသာ ဗဟူပိ ပဝတ္တိယော ဃဋ္ဋေတီတိ ဝဒန္တိ[၁]။
ဋီကာ (မဟာ၊ဒုနှာ-၄၀၁)

ဣတိ၊ဤသို့။ဆခေ၊ခြောက်ပါးအပြားအားဖြင့်။ ဝိဘာဂေါ၊ဝေဘန်ခြင်းကို။ ဇာနိယော၊ သိအပ်၏။

ဤသို့ ရှေးဦးစွာ ကမ္မဇရုပ်တို့၏ နိဗ္ဗတ္တိကို ရှုအပ်၏။

## စိတ္တဇရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ

စိတ္တံ တဇ္ဇံ တပ္ပစ္စယံ၊ တပ္ပစ္စယော'တုဇံ တထာ။
အာဟာရဇန္တိ ဝိဘာဂေါ၊ ပဉ္စခါ သေ ဇာနိယော။

ကေ့နဝိသ ရူပံဝ၊ ဆဗ္ဗိသ စိ'ရိယာပထံ။
ဝိညတ္တိမ္ပိ စ ဒွတ္တိံသ၊ ဇနေန္တိ န တု စုဒ္ဒသ။
သင်္ဂဟဂါထာ[၂]

စိတ္တံ၊ ရူပဇနကစိတ် ခုနစ်ဆဲ့ငါးခု[၃]ငင်း။ တဇ္ဇံ၊ ထိုစိတ်ကြောင့်ဖြစ်သော စေတသိက်,စိတ္တဇရုပ်ဟူသော စိတ္တသမုဋ္ဌာနတရားငင်း။ တပ္ပစ္စယံ၊ ထိုစိတ်လျှင် ပစ္ဆာဇာတ အကြောင်းရှိသော စတုဇရုပ်ဟူသော စိတ္တပစ္စယတရားငင်း။ တပ္ပစ္စယံ ဥတုဇံ၊ ထိုစိတ်လျှင် ဥပနိဿယပစ္စည်းရှိသော စိတ္တဇတေဇောဓာတ်ဟူသော ဥတုမှ နှစ်ဆက်,သုံးဆက် ဖြစ်၍သွားသော ဥတုဇကလာပ်ဟူသော စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်ငင်း။ တထာ၊ ထိုအတူ စိတ်ဟူသော ဥပနိဿယ ပစ္စည်းရှိသော။ အာဟာရဇံ၊ ပဋိသန္ဓေနောက် တသတ္တာဟ, နှစ်သတ္တာဟ ရောက်၍ ဗဟိဒ္ဓဩဇာ ကိုယ်၌ပျံ့နှံ့သောအခါ အဇ္ဈတ္တစိတ္တဇဩဇာ ဟူသော အာဟာရမှ နှစ်ဆက်,သုံးဆက် ဖြစ်၍သွားသော အာဟာရဇကလာပ်ဟူသော စိတ္တပစ္စယ အာဟာရသမုဋ္ဌာနရုပ်ငင်း။

ကမ္မသမုဋ္ဌာန ဥတုအာဟာရတို့လောက် အားမရှိ သောကြောင့် 'ဒွေ တိဿော ပဝတ္တိယော ဃဋ္ဋေတီ'ဆိုသည်။

ဣတိ၊ ဤသို့။ ပဥ္စခါ၊ ငါးပါးအပြားရှိသော။ သေ သော ဝိဘာဂေါ၊ ဤဝေဘန်ခြင်းကို။ ဇာနိယော၊ သိအပ်၏။

---

၁။ ဆဋ္ဌသံဂါယနာတင်မူနှင့် အတန်ငယ်ကွဲသည်။
၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒုနှာ-၂၅၀-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။
၃။ စိတ္တဇရုပ်ကို ဖြစ်စေတတ်သော စိတ် ၇၅-ပါး။ ဤကျမ်း၊ပထဲ့နှာ-၂၁၂-ရှု။

မဟဂ္ဂတာနုတ္တရစိတ္တဝသေန ပန ဗဟုတရာပိ ပဝတ္တိယော ဣစ္ဆိတဗ္ဗာ။ တံ နိဗ္ဗတ္တာနံ စိတ္တဇရူပါနံ ဥဋ္ဌာရပဏီတဘာဝတော။

ဋီကာ (မဟာ၊ဒု၊နှာ-၄၀၃။)

ကေ့နဝီသ၊ တဆဲ့ကိုးပါးသော စိတ်[၁]တို့သည်။ ရူပံဝေ၊ ရုပ်ကိုသာလျှင်။ ဇနေန္တိ၊ ဖြစ်စေကုန်၏။

ဆဗ္ဗီသ၊ အဘိညာကြဉ်သော အပ္ပနာဇောဆဗ္ဗီသတို့သည်။ ဣရိယာပထံစ၊ ဖြစ်မြဲတိုင်းသော ရပ်ခြင်း, ထိုင်ခြင်း, လျှောင်းခြင်း ဣရိယာပုထ်သုံးပါးကိုလည်း။ ဇနေန္တိ၊ ထောက်ပံ့သောအားဖြင့် ဖြစ်စေကုန်၏။ 'စ'သဒ္ဒါဖြင့် 'ရူပံစ'ဟု ပေါင်းသည်။

ဒွတ္တိံသ၊ ဝုဋ္ဌော, ကာမဇော, အဘိညာ သုံးဆဲ့နှစ်ပါးတို့သည်။ ဝိညတ္တိမ္ပိစ၊ ဝိညတ်ကိုလည်း။ ဇနေန္တိ၊ ဖြစ်စေကုန်၏။ 'ပိ,စ'သဒ္ဒါတို့ဖြင့် 'ရူပမ္ပိ ဣရိယာ-ပထမ္ပိ'ဟု ပေါင်းသည်။

စုဒ္ဒသ တု၊ ဒွိပဉ္စဝိညာဏ်, အရူပဝိပါက်, ဤတဆဲ့လေးပါးတို့သည်ကား။ ကိဉ္စိ၊ တစုံတခုကိုမျှ။ န ဇနေန္တိ၊ မဖြစ်စေနိုင်ကုန်။

**ရုပ်ကို မဖြစ်စေနိုင်သော စိတ်များ။** ။ထိုမှတပါး အရူပဘုံ၌ ဖြစ်ခိုက် စိတ်လေးဆဲ့နှစ်ခု၊ ခပ်သိမ်းသော ပဋိသန္ဓေစိတ်၊အဋ္ဌကထာနည်း[၂]အားဖြင့် ရဟန္တာတို့၏စုတိစိတ်၊မူလဋီကာနည်း[၂]အားဖြင့် ခပ်သိမ်းသော စုတိစိတ်–တို့သည်လည်း တစုံတခုကိုမျှ မဖြစ်စေနိုင်ကုန်။

ခပ်သိမ်းသောစုတိစိတ် ရုပ်ကိုမဖြစ်စေနိုင်ရာ၌ အာဂုံယုတ္တိကို—

"ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ။ ရူပါဝစရေ အရူပါဝစရေ ပစ္ဆိမ-ဘဝိကာနံ, ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတ္ဝာ ပရိနိဗ္ဗာယိဿန္တိ။ တေသံ စဝန္တာနံ တေသံ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ။ နော စ တေသံ ကာယသင်္ခါရော နိရုဇ္ဈိဿတီ"တိ[၃]ပန ဝစနတော အညေသမ္ပိ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတီတိ ဝိညာယတိ။ န ဟိ ရူပသမုဋ္ဌာပကစိတ္တဿ ဂဗ္ဘဂတာဒိ-ဝိဗန္ဓာဘာဝေ ကာယသင်္ခါရ သမုဋ္ဌာပနေ ကာရဏံ အတ္ထိ။ န စ ယုတ္တံ

---

၁။ မနောဓာတ်-၁၊ သန္တီရဏ-၁၊ မဟာဝိပါက်-၈၊ ရူပဝိပါက်-၅၊ ပေါင်း-၁၉။
၂။ ဤကျမ်း၊ပတွဲ၊နှာ-၂၁၂-၃-ရှုပါ။
၃။ ယမကပါဠိ၊ဒု၊နှာ-၂၈။

စုတော စ စိတ္တသမုဋ္ဌာနရူပဥ္စ ပဝတ္တတီတိ။ နာပိ "စုတိစိတ္တံ ရူပံ သမုဋ္ဌာပေတိ"တိ ပါဠိ အတ္ထိ—

ဟု ဆောင်ပြီး၍"အဋ္ဌကထာဆရာလည်း ခပ်သိမ်းသော စုတိစိတ်ပင် ရုပ်ကို မဖြစ်စေနိုင်ဟု အလိုတော်ရှိသည်ပင်။ ရဟန္တာစုတိကား ထင်ရှားသည်ဖြစ်၍ ပဓာန နည်းအားဖြင့်သာ ဆိုသည်"ဟု ပြခြင်းငှါ—

'ခီဏာသဝါန'န္တိ ပန ဝိသေသနံ အပ္ပဋိသန္ဓိကနိရောဓေန နိရုဇ္ဈန္တဿ တေသံ စုတိစိတ္တဿ ရူပသမုဋ္ဌာပနံ ပါကဋန္တိ ကတွာ ကတန္တိ ဒဋ္ဌဗ္ဗံ—

ဟု ဝိသုဒ္ဓိမဂ် ဋီကာ (မဟာ၊ဒု၊နှာ-၄၀၂-၃) မိန့်၏။

ဤသို့ စိတ္တဇရုပ်တို့၏ ဖြစ်ခြင်းကို ရှုအပ်၏။

## ဥတုဇရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ

ဥတု တဇ္ဇံ တပ္ပစ္စယံ၊ တပ္ပစ္စယော'တုဇံ တထာ။
အာဟာရဇန္တိ ဝိဘာဂေါ၊ ပဉ္စဓာ သေ ဇာနိယော။

သင်္ဂဟဂါထာ[၂]

ဥတု၊ စတုသမုဋ္ဌာန သီတုဏှတေဇောဓာတ်ရင်း။ တဇ္ဇံ၊ ၎င်းသို့ရောက်သော ထိုဥတုသည် ဥပါဒိန္နကကို ပစ္စည်းရ၍ ဖြစ်စေအပ်သော ဥတုသမုဋ္ဌာနရုပ်ရင်း။

ထို စတုဇဥတု တို့တွင် ဥတုသမုဋ္ဌာနဥတုကား ဥပါဒိန္နကကို အမှီ မရပဲလည်း ဗဟိဒ္ဓရုပ်ကို ဖြစ်စေနိုင်၏။ ။ဥတုသမုဋ္ဌာနောယေဝ ဟိ ဥတု ဥပါဒိန္နကေန ဝိနာ ရူပံ သမုဋ္ဌာပေတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၀၄။)

တပ္ပစ္စယံ၊ သဘာဂ, ဝိသဘာဂဖြစ်သော ထိုဥတုလျှင် ဖြစ်ကြောင်း ပျက်ကြောင်း ရှိသော စတုသမုဋ္ဌာနဖြစ်သော ဥတုပစ္စယရုပ်ရင်း။

ယံ ဟိ ဥတုသမုဋ္ဌာနံ ပန္နရသဝိဓံ ရူပံ, ယဉ္စ တဒညံ တိသန္တတိရူပံ။ တဿ သဗ္ဗဿပိ သဘာဂေါ ဥတု ဥပတ္ထမ္ဘကပစ္စယော ဟောတိ။ ဝိသဘာဂေါ ဥတု ဟိမာဒိ ဝိယ ပဒုမာဒိနံ ဝိသဒိသရူပုပ္ပတ္တိဟေတုဘူတံ ပုရိမရူပံ ဝိနာ-သေန္တော[၃] ဝိယ ဟောတိ။ ဋီကာ (ဒု၊နှာ-၄၀၄။)

တပ္ပစ္စယံ ဥတုဇံ၊ ထိုရှေးမူလဥတုလျှင် အထောက်အပံ့ရှိသော ဥပါဒိန္နအဘို့၌ တည်၍သော်လည်း အမွှေးမှုန့်ရှည်လျား အဆက်များလှ ဥတုဇဖြစ်သော ဥတု-

၁။ မဟာဋီကာ၊ဒု၊နှာ-၄၀၂။
၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၅၁-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။
၃။ ဝိနာသေန္တံ (ဆဋ္ဌမူ။)

ပစ္စယ ဥတုသမုဋ္ဌာနရုပ်ရင်း။ ထထာ၊ ထိုအတူ ဥတုလျှင် အထောက် အပံ့ ရှိသော။ အာဟာရဇံ၊ ပဋိသန္ဓေနောက် တသတ္တာဟ, နှစ်သတ္တာဟ ရောက်၍ ဗဟိဒ္ဓဩဇာ ကိုယ်၌ပျံ့နှံ့သောအခါ အဇ္ဈတ္တဥတုဇဩဇာ ဟူသော အာဟာရမှ ဆယ်ဆက်, ဆဲ့နှစ်ဆက်ဖြစ်၍ သွားသော အာဟာရဇ အဋ္ဌကလာပ် ဟူသော ဥတုပစ္စယအာဟာရသမုဋ္ဌာနရုပ်ရင်း။ ဣတိ၊ ဤသို့။ ပဥ္စဓာ၊ ငါးပါး အပြားအားဖြင့်။ သေဝိဘာဂေါ၊ ဤဝေဘန်ခြင်းကို။ ဇာနိယော၊ သိအပ်၏။

ဤသို့ ဥတုဇရုပ်တို့၏ နိဗ္ဗတ္တိကို ရှုအပ်၏။

## အာဟာရဇရုပ်တို့၏ ဖြစ်ဟန်ကို ရှုပုံ

ဩဇာ တဇ္ဇံ တပ္ပစ္စယံ၊ တပ္ပစ္စယော'တုဇံ တထာ။
အာဟာရဇန္တိ ဝိဘာဂေါ၊ ပဥ္စဓာ သေ ဇာနိယော။

သင်္ဂဟဂါထာ[၁]

ဩဇာ၊ ကဗဠီကာရအာဟာရရင်း။ တဇ္ဇံ၊ ကမ္မဇရုပ်ကို အထောက် အပံ့ရ၍ ထိုဥပါဒိန္န ကမ္မဇဘုတ်၌ တည်၍ ထိုဩဇာသည် ဖြစ်စေအပ်သော အာဟာရ သမုဋ္ဌာနရုပ်ရင်း။ တပ္ပစ္စယံ၊ ထိုအာဟာရလျှင် ဇနက,ဥပတ္ထမ္ဘက အကြောင်း ရှိသော စတုဇဖြစ်သော အာဟာရပစ္စယရုပ်ရင်း။ တပ္ပစ္စယံ ဥတုဇံ၊ ထိုဩဇာလျှင် ဥပနိဿယပစ္စည်းရှိသော ဆယ်ဆက် ဆဲ့နှစ်ဆက်သွားသော ဥတုဇကလာပ် ဟူသော အာဟာရ ပစ္စယ ဥတုသမုဋ္ဌာနရုပ်ရင်း။

> အာဟာရပစ္စယဥတုနောပိ ဥတုပစ္စယာဟာရဿဝိယ ဒသ ဒွါဒသ ဝါရေ ပဝတ္တိဃဋနာ ဝေဒိတဗ္ဗာ။ ဝုတ္တနယတ္တာ န ဥဒ္ဓဋန္တိ ဝဒန္တိ။
>
> ဋီကာ (မဟာ၊ဒု၊နှာ-၄၀၃)

တထာ၊ ထိုအတူ ဩဇာလျှင် ဥပနိဿယ ပစ္စည်းရှိသော။ အာဟာရဇံ၊ ပဋိသန္ဓေနောက် တသတ္တာဟ, နှစ်သတ္တာဟရောက်၍ ဗဟိဒ္ဓဩဇာ ကိုယ်၌ ပျံ့နှံ့သောအခါ အဇ္ဈတ္တအာဟာရဇဩဇာဟူသော အာဟာရမှ ဆယ်ဆက်, ဆဲ့နှစ်ဆက် ဖြစ်၍ သွားသော အာဟာရဇကလာပ်ဟူသော အာဟာရပစ္စယ အာဟာရသမုဋ္ဌာနရုပ်ရင်း။ ဣတိ၊ ဤသို့။ ပဥ္စဓာ၊ ငါးပါးအပြားအားဖြင့်။ ဝါ၊ ငါးပါးအပြားရှိသော။ သေ သော ဝိဘာဂေါ၊ ဤဝေဖန်ခြင်းကို။ ဇာနိယော၊ သိအပ်၏။

> 'ဒသ ဒွါဒသ ဝါရေ'တိ ဝတွာ ကထံ ဣမသော၀ ဒသ ဒွါဒသ ဝါရေ ပဝတ္တိ ဃဋနာတိ အနုယောဂံ သန္ဓာယာဟ 'ကေဒိဝသံ ပရိဘုတ္တာ-ဟာရော'တိ အာဒိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၀၃)

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၅၁-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

## ဩဇရုပ်၏အစွမ်းသတ္တိ

သကိံ ဘုတ္တာပိ သတ္တာဟံ၊ ဒိဗ္ဗာတေ္တကဒိမာသကံ။
မာတရာ ဘုတ္တဩဇာပိ၊ သရီရေ မက္ခိတာပိ စ။

သင်္ဂဟ ဂါထာ[၁]

သကိံ ဘုတ္တာပိ၊ တကြိမ်စားသော ဩဇာသည်လည်း။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့၏။ ဒိဗ္ဗာ တု၊ နတ်၌ဖြစ်သော ဩဇာသည်ကား။ ဧကေဒိမာသကံ၊ တလ,နှစ်လ ပတ်လုံး။ ဥပတ္ထမ္ဘေတိ၊ ထောက်ပံ့၏။ မာတရာ၊ အမိသည်။ ဘုတ္တဩဇာပိ၊ စားအပ်သော ဩဇာသည်လည်း။ ဒါရကသရီရေ၊ သူငယ်၏ကိုယ်၌။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ချက်ရင်းဝင်ရောက်အကြောလျှောက်လျက် ဖြစ်စေ၏။ သရီရေ၊ ကိုယ်၌။ မက္ခိတာပိစ၊ လိမ်းကျံအပ်သော ဩဇာသည်လည်း။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။

ကမ္မဇာဟာရော ဥပါဒိန္နကာဟာရော နာမ။ သောပိ ဌာနပ္ပတ္တော ရူပံ သမုဋ္ဌာပေတိ။ တတြာပိ ဩဇာ အညံ သမုဋ္ဌာပေတီတိ ဧဝံ စတဿော ဝါ ပဉ္စ ဝါ ပဝတ္တိယော ဃဋ္ဋေတိ—

ဟု အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၅၁)၌ ထပ်၍လာပြန်သော ရုပ်ကား အထူးမဟုတ်။ ယခင် ကမ္မပစ္စယ အာဟာရသမုဋ္ဌာနရုပ် အဆက်ဆက်ပင်တည်း။

ဤသို့ အာဟာရဇရုပ်တို့၏ ဖြစ်ခြင်းကို ရှုအပ်၏။

ဤ စတုဇရုပ်တို့၌ အသမ္ဘေဒ[၂] အားဖြင့် ဆက်သကဲ့သို့ သမ္ဘေဒ[၂] အားဖြင့် ကမ္မဇာဟာရသမုဋ္ဌာနဥတုမှုရင်း, ကမ္မဇောတုသမုဋ္ဌာနာဟာရမှုရင်း,ကမ္မပစ္စယ-စိတ္တဇာဟာရသမုဋ္ဌာနဥတုမှုရင်း, ကမ္မပစ္စယစိတ္တဇောတုသမုဋ္ဌာနာဟာရမှုရင်း ဆက်သင့်သေး၏-ဟု ဋီကာ[၃]မိန့်၏။

ဤဆိုပြီးသည့်အတိုင်း စတုဇရုပ်တို့၏ ဖြစ်ပုံကို မှတ်သားလျက် ပဋိသန္ဓေစိတ်၏ ဥပါဒ်မှ စ၍ စိတ်၏ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း ဂဗ္ဘသေယျကသတ္တဝါတို့အား ကမ္မဇကလာပ်သုံးစည်း၊ ဥပပါတ်သံသေဒဇ ပုဂ္ဂိုလ်တို့အား ခုနစ်စည်း၊ ဗြဟ္မာတို့အား လေးစည်း ဖြစ်ကုန်၏။ ဤကား ကံ၏ သားတို့တည်း။

ဥတုဇရုပ် စတင်ဖြစ်ပေါ်ခြင်း။ ။ထိုကံ၏ သားတို့၌ပါသော တေဇောဓာတ်တို့သည် ပဋိသန္ဓေစိတ်၏ ဌီမှစ၍ မိမိတို့ဌီသို့

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၅၁-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။
၂။ သမ္ဘေဒ=ရောနှောခြင်း။ အသမ္ဘေဒ=မရောနှောခြင်း။
၃။ ဝိသုဒ္ဓိ၊ဋီ၊ဒု၊နှာ-၄၀၁။

အရောက် အရောက်တွင် ဥတုဇအဋ္ဌက ကလာပ် တစည်းစီ ဖြစ်စေကုန်၏။ ဤကား ကံ၏ မြေးတို့တည်း။

ထိုမြေးတို့၌ ပါသော တေဇောဓာတ်တို့သည် ပဋိသန္ဓေစိတ်၏ ဘင်မှစ၍ မိမိတို့၏ ဌီသို့ အရောက် အရောက်တွင် ဥတုဇအဋ္ဌက ကလာပ် တစည်းစီ ဖြစ်စေကုန်၏။ ဤကား ကံ၏ မြစ်တို့တည်း။ ဤနည်းတူ တီ, မြွေ့, ကျွတ် တိုင်အောင် လေးဆက်, ငါးဆက် ဖြစ်ကုန်၏။

**စိတ္တဇရုပ် စတင်ဖြစ်ပေါ်ခြင်း။** ။ပဌမ ဘဝင်ဥပါဒ်မှ စ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း စိတ္တဇ ကလာပ်တို့သည် ဖြစ်ကုန်၏။ ထိုစိတ်၏ သားတို့၌ ပါသော တေဇောဓာတ်တို့မှလည်း ရှေးနည်းတူ မြေး, မြစ်, တီ တိုင်အောင် နှစ်ဆက်, သုံးဆက် သွား၏။

**အာဟာရဇရုပ် စတင်ဖြစ်ပုံ။** ။ဂဗ္ဘသေယျက သတ္တဝါတို့အား တသတ္တာဟ, နှစ်သတ္တာဟ ရောက်သောအခါ, ဥပပါတ်, သံသေဒဇသတ္တဝါတို့အား မိမိတံထွေးကို မျိုသောအခါ အာဟာရဇကလာပ်တို့သည် ဖြစ်ကုန်၏။ ထို အာဟာရ၏ သားတို့၌ ပါသော တေဇောဓာတ်တို့မှလည်း ရှေးနည်းတူ ဆယ်ဆက်, ဆဲ့နှစ်ဆက် သွား၏။

ဗဟိဒ္ဓ သီတု'ဏှနှင့် တွေ့သောအခါ ဥတုဇကလာပ်တို့သည် ဖြစ်ကုန်၏။ ထိုဥတု၏ သားတို့၌ ပါသော တေဇောဓာတ်တို့မှလည်း ရှေးနည်းတူ အခွန့် ကြာရှည် မရေမတွက်နိုင် ကမ္ဘာပျက်သည် တိုင်အောင်ပင် အဆက်ဆက် ဖြစ်ကုန်၏။

ဤသို့လျှင် ပဋိသန္ဓေမှ စ၍ ဖြစ်ကုန်သော ရုပ်တရားတို့သည် သားစဉ် မြေးဆက် ပွါးဖြာ၍ သစ်ပင်တို့၏ ခွဲမြာခြင်းကဲ့သို့ များပြားစွာ ကုန်၏။

ဤသို့ သုတမယ အနုမာနဉာဏ်ဖြင့် အဖန်ဖန် ရူပနိဗ္ဗတ္တိကို ရှုအပ်၏။ နောင် အားရှိသည့်အခါ ပစ္စက္ခပင် မြင်လတ္တံ့။ ဓမ္မပ္ပဝတ္တိ၏ တိုသောကာလ ရှိခြင်း ကြောင့် နိဗ္ဗတ္တိကို မြင်လျှင် ဘင်ကိုလည်း မြင်တော့သည်။

န ဟိ နိဗ္ဗတ္တိမတ္တဒဿနံ သမ္မသနံ နာမ ဟောတိ။ ဥဒယဝယဒဿနဋ္ဌ အဓိကတတ္တာ။ သော နယော ဣတော ပရေသုပိ နိဗ္ဗတ္တိဂ္ဂဟဏေသု[၁]။
ဋီကာ (ဒု၊နှာ-၄၀၄)

ဤသို့လျှင် ရူပနိဗ္ဗတ္တိကို ရှုခြင်းသည် ရံခါ ရုပ်ကို သုံးသပ်သည် မည်၏။

---

၁။ အဖြစ်ကို မြင်ရုံမျှဖြင့် သမ္မသနဉာဏ်မဖြစ်။ ဖြစ်,ပျက် ကိုမြင်မှသာ သမ္မသနဉာဏ်ဖြစ် သည်။ ဤနေရာ၌ 'နိဗ္ဗတ္တိ' ပုဒ်အရ 'ဖြစ်,ပျက်' (ဥဒယဝယ)ကိုဆိုလိုသည်။

**နာမ်တို့၏ဖြစ်ဟန်ကို ရှုပုံ။** ။နာမ်ကို သုံးသပ်လိုသော ပုဂ္ဂိုလ်သည်လည်း လောကီစိတ္တုပ္ပါဒ် နာမ်တရားတို့၏ဖြစ်ခြင်း နိဗ္ဗတ္တိကို ရှုအပ်၏။ ရှုဟန်ကား—

ဝီထိသင်္ဂဟ၌ ပြခဲ့ပြီးသော ပဋိသန္ဓေဝီထိ, ပဥ္စဒွါရဝီထိ, မနောဒွါရဝီထိအတိုင်း ပဋိသန္ဓေမှစ၍ ဖြစ်ကုန်သော လောကီစိတ္တုပ္ပါဒ်တို့၏ အစဉ်ကို ဆင်ခြင်၍—

"ဤနာမ်တရားတို့သည် ရှေးဘဝက အားထုတ်ခဲ့ဘူးသောကံ, ဤဘဝ၌ ဒွါရ, အာရုံ, အလင်း, နှလုံးသွင်းခြင်းစသော အကြောင်းတို့ကြောင့် ထိုက်သည်အားလျော်စွာ ပဋိသန္ဓေမှစ၍ ဖြစ်ကြကုန်၏"—

ဟု နာမ်တရားတို့၏ ဖြစ်လာကို ရှုအပ်၏။

ဤသို့ အရူပနိဗ္ဗတ္တိကို ရှုခြင်းသည် ရံခါ နာမ်ကို သုံးသပ်သည် မည်၏။ ဤသို့ ရံခါ ရုပ်ကို ရံခါ နာမ်ကို ရှုပြီး၍လည်း လက္ခဏာရေးသုံးပါး တင်လျက် ဥဒယဗ္ဗယဉာဏ်စသော အစဉ်ဖြင့် တက်၍ အချို့ပုဂ္ဂိုလ်သည် အရဟတ္တမဂ်,ဖိုလ်တိုင်အောင် ရ၏။

**ရူပသတ္တက[၁] တို့၏ အစွမ်းဖြင့် သုံးသပ်ပုံ။** ။သို့မှ ပညာဘာဝနာ မပြည့်စုံသေးမူကား—

ရူပေသု မနသိကာရသတ္တကံ ရူပသတ္တကံ။ ရူပဓမ္မေသု သတ္တဟာကာရေဟိ မနသိကာရောတိ အတ္ထော။ ဝေံ အရူပသတ္တကမ္ပိ ဝေဒိတဗ္ဗံ—

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၄၀၅)နှင့် အညီ ရူပသတ္တက, အရူပသတ္တက တို့၏ အစွမ်းဖြင့် လက္ခဏာရေးသုံးပါးသို့ တင်၍ သင်္ခါရတို့ကို သုံးသပ်အပ်ကုန်၏။

ထိုတွင် ရူပသတ္တက ဟူသည်ကား—

အာဒါန နိက္ခေပနတော၊ ဝယောဝုဍ္ဎတ္ထဂါမိတော။
အာဟာရတော စ ဥတုတော၊ ကမ္မတော စာပိ စိတ္တတော။
ဓမ္မတာရူပတော သတ္တ၊ ဝိတ္ထာရေန ဝိပဿတိ။

ပေါရာဏဂါထာ[၂]

အာဒါန နိက္ခေပနတော၊ ဘဝသစ်ကိုယူခြင်း ဘဝဟောင်းကို စွန့်ပစ်ခြင်း အားဖြင့်ရှင်း။ ဝယောဝုဍ္ဎအတ္ထဂါမိတော၊ အရွယ်ကြီးရင့်ပြီးသော ရုပ်တို့၏

---

၁။ ရုပ်တရားတို့၌ အခြင်းအရာ ၇-မျိုးဖြင့် နှလုံးသွင်းဆင်ခြင်ခြင်း။

၂။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၅၃။

ချုပ်ခြင်းသို့ ရောက်သောအားဖြင့်၎င်း။ အာဟာရတော စ၊ အကြောင်း ဖြစ်သော အာဟာရအားဖြင့်၎င်း။ ဥတုတော၊ အကြောင်းဖြစ်သော ဥတု အားဖြင့်၎င်း။ ကမ္မတော စာပိ၊ အကြောင်းဖြစ်သော ကံအားဖြင့်၎င်း။ စိတ္တတော၊ အကြောင်းဖြစ်သော စိတ်အားဖြင့်၎င်း။ ဓမ္မတာရူပတော၊ ဝိဝိဓဝဏ္ဏ,သဏ္ဌာန ကမ္မနိရပေက္ခ သဘာဝသိဒ္ဓဖြစ်သော သံ,ကြေး,မြေ, ကျောက် စသည်ပြားသော ဓမ္မတာရုပ်အားဖြင့်၎င်း။ဣတိ၊ ဤသို့။ သတ္တ= သတ္တဓာ၊ ခုနစ်ပါးသော အခြင်းအရာတို့ဖြင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ဝိပဿတိ၊ ထိုထို ကောဋ္ဌာသသို့ တိလက္ခဏာကိုတင်၍ ဆင်ခြင်သုံးသပ်အပ်၏။

**အာဒါန,နိက္ခေပနအားဖြင့် လက္ခဏာရေးတင်ပုံ**

လက္ခဏာရေးသုံးပါး တင်ဟန်ကား–အနှစ်တရာဖြင့် ပိုင်းခြားအပ်သော ပဋိသန္ဓေ စုတိတို့၏ အကြား ဘူတရုပ်, ဥပါဒါရုပ် အပြားရှိသော ရုပ်တို့ကို အာရုံပြု၍–

ဧတ္ထန္တရေ သဗ္ဗေ သင်္ခါရာ ဥပ္ပါဒဝယဝတ္တိတော, ဝိပရိဏာမတော, တာဝကာလိကတော, နိစ္စပဋိက္ခေပတော စ အနိစ္စာ။ ဥပ္ပန္နာ သင်္ခါရာ ဌိတိံ ပါပုဏန္တိ၊ ဌိတိယံ ဇရာယ ကိလမန္တိ၊ ဇရံ ပတွာ အဝဿံ ဘိဇ္ဇန္တိ၊ တသ္မာ အဘိဏှသမ္ပဋိပီဠနတော, ဒုက္ခမတော, ဒုက္ခဝတ္ထုတော, သုခပဋိက္ခေပတော စ ဒုက္ခာ။ "ဥပ္ပန္နာ သင်္ခါရာ ဌိတိံ မာ ပါပုဏန္တု၊ ဌာနပ္ပတ္တာ မာ ဇီရန္တု၊ ဇရပ္ပတ္တာ မာ ဘိဇ္ဇန္တု"တိ ကဿစိ ဝသဝတ္တိဘာဝေါ နတ္ထိ။ သုညာ တေန ဝသဝတ္တနာကာရေန၊ တသ္မာ သုညတော, အဿာမိကတော, အဝသဝတ္တိတော, အတ္တပဋိက္ခေပတော စ အနတ္တာ[၁]–ဟု တင်အပ်၏။

ဧတ္ထန္တရေ၊ ဤအာဒါန, နိက္ခေပနအကြား၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ ဘူတရုပ်,ဥပါဒါရုပ်အားဖြင့် ပြားကုန်သော သင်္ခါရတရားတို့သည်။

ရူပဓမ္မေသု ဟိ ဣဒံ သမ္မသနဝိဓာနံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၀၆။)

**အနိစ္စဖြစ်ပုံ။** ။ဥပ္ပါဒဝယ ဝတ္တိတော စ၊ ဖြစ်ခြင်း, ချုပ်ခြင်း၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်၎င်း။ ဝိပရိဏာမတော စ၊ ဇရာ မရဏ အားဖြင့် ဖောက်ပြန်တတ်, ဇရာ မရဏသည် ဖောက်ပြန်စေအပ်သည်၏ အဖြစ် ကြောင့်၎င်း။ ဝါ၊ ဖောက်ပြန်ယိုယွင်း ပျက်စီးခြင်းကြောင့်၎င်း။ တာဝကာလိကတော စ၊ ထိုရွေ့ကာလ တခဏမျှ တည်ခြင်းကြောင့်၎င်း။ နိစ္စပဋိက္ခေပတော စ၊ မြဲသည့်အဖြစ်ကို ပယ်တတ်ခြင်းကြောင့်၎င်း။ အနိစ္စာ၊ အမြဲမရှိကုန်။

---

၁။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ဒု၊နှာ-၂၅၄-၌ ပြသော စုဏ္ဏိယများကို လိုရင်းသို့ ရောက်လွယ်အောင် ပါဠိအနေအထားများကို အတန်ငယ်နုတ်ပယ်ပြင်ဆင်၍ ပြထားသည်။

အနိစ္စမ္ဗာ ဟိ တေနေဝ အတ္တနော သဘာဝေန ဇာနန္တာနံ နိစ္စတံ ပဋိက္ခိပန္တိ နာမ။ ဋီကာ(မဟာ၊ဒုနှာ-၄၀၆။)

ဒုက္ခဖြစ်ပုံ။ ။ဥပ္ပန္နာ၊ ဖြစ်ပေါ်လာကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဌိတိံ၊ ဋ္ဌိသို့။ ပါပုဏန္တိ၊ ရောက်ကုန်၏။ ဌိတိယံ၊ ဋ္ဌီ၌။ ဇရာယ၊ ရင့်ရော်အိုမင်းခြင်းဖြင့်။ ကိလမန္တိ၊ ပင်ပန်းကုန်၏။ ဇရံ၊ ရင့်ရော်အိုမင်းခြင်းသို့။ ပတွာ၊ ရောက်ကုန်ပြီး၍။ အဝဿံ၊ မချွတ်စင်းစင်း။ ဘိဇ္ဇန္တိ၊ ပျက်စီးကုန်၏။ တသ္မာ၊ ထိုကြောင့်။ အဘိဏှ သမ္ပဋိ ပီဠနတော စ၊ ဇာတိ, ဇရာ, မရဏသည် မပြတ်နှိပ်စက်အပ်ခြင်းကြောင့်၎င်း။ ဝါ၊ ဥပါဒ်,ဇရာ,ဘင်အားဖြင့် ပုဂ္ဂိုလ်ကို နှိပ်စက်တတ်ခြင်းကြောင့်၎င်း။ ဒုက္ခမတော စ၊ သည်းခံခက်ခြင်းကြောင့်၎င်း။ ဒုက္ခဝတ္ထုတော စ၊ သုံးပါးသောဒုက္ခ[၁], သံသရာဒုက္ခတို့၏ တည်ရာအဖြစ်ကြောင့် ၎င်း။ သုခပဋိက္ခေပတော စ၊ သုခ၏ ပဋိပက္ခဖြစ်၍ ချမ်းသာသောအဖြစ်ကို ပယ်တတ်ခြင်းကြောင့်၎င်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

သုခပဋိပက္ခဘာဝတော ဒုက္ခံ သုခံ ပဋိက္ခိပတိ နိဝါရေတိ။ ဒုက္ခဝစနံ ဝါ အတ္ထတော သုခံ ပဋိက္ခိပတီတိ အာဟ 'သုခပဋိက္ခေပတော'တိ။
ဋီကာ (ဝိဘင်းမူလဋီ၊နှာ-၃၇။)

'တသ္မာနောင်၊ ဟိတ်ကိုဆောင်၊ တူအောင်အနက်ကြံ' ဟူသော နိယံ နှင့် အညီသော်လည်း 'တသ္မာ'ကို ဟိတ်လေးပုဒ်နှင့် ပေါင်း၍ သမ္ဗန်။

အနတ္တ-အစိုးမရပုံ။ ။ဥပ္ပန္နာ၊ ဥပါဒ်ကုန်သော။ သင်္ခါရာ၊ သင်္ခါရတို့သည်။ ဌိတိံ၊ ဋ္ဌီသို့။ မာ ပါပုဏန္တု၊ မရောက်ပါစေကုန်လင့်။

'ဥပ္ပန္နာ'တိ ဣမိနာ ဥပ္ပါဒက္ခဏသမင်္ဂိတာ ဝုတ္တာ။
ဋီကာ (မဟာ၊ဒုနှာ၊၄၀၇။)

ဌာနပ္ပတ္တာ၊ ဋ္ဌီ ဟူသော အိုခြင်းသို့ ရောက်ကုန်သော သင်္ခါရတို့သည်။ မာ ဇီရန္တု၊ အိုမစွမ်း၍ ပင်ပန်း မရှိပါစေကုန်လင့်။

'ဌာနပ္ပတ္တာ မာ ဇီရန္တု'တိ ကသ္မာ ဝုတ္တံ။ နနု အတ္ထတော ဌိတိ ဧဝ ဇရာတိ၊ သစ္စမေတံ၊ ဇရာဝသေန ပန ယော ကိလမထော၊ သော ဣဓ ဇရာဂ္ဂဟဏေန ဂဟိတောတိ ဒဋ္ဌဗ္ဗံ။ ဋီကာ (မဟာ၊ဒုနှာ-၄၀၇။)

ဇရပ္ပတ္တာ၊ အိုခြင်းသို့ရောက်ကုန်သော သင်္ခါရတို့သည်။ မာ ဘိဇ္ဇန္တု၊ မပျက် ပါစေကုန်လင့်။ ဣတိ၊ ဤသို့။ ကဿစိ၊ တစုံတယောက်သောသူ၏။ ဝသဝတ္တိ-

---

၁။ သုံးပါးသော ဒုက္ခ—ဤကျမ်း၊ ပ-တွဲ၊နှာ-၂၉၇-၌ ရှုပါ။

ဘာဝေါ၊ အလိုသို့လိုက်တတ်သော အဖြစ်သည်။ နတ္ထိ၊ မရှိ။ တေန ဝသဝတ္တနာ-ကာရေန၊ ထို အလိုသို့ လိုက်တတ်သော အခြင်းအရာမှ။ သုညာ၊ ဆိတ်ကုန်၏။

န ဟိ လက္ခဏညထတ္တံ ကေနစိ ကာတုံ သက္ကာ။ ဘာဝညထတ္တမေဝ ဟိ ဣဒ္ဓိဝိသယော။ ဋီကာ (ဒု၊နှာ-၄၀၇။)

တသ္မာ၊ ထို့ကြောင့်။ သုညတော စ၊ နိဝါသီ, ကာရက, ဝေဒက, အဓိဋ္ဌာယက ါမှ ဆိတ်ခြင်းကြောင့်ရင်း။ အသာမိကတော စ၊ စိုးပိုင်သခင် အရှင်မရှိခြင်းကြောင့် ၎င်း။

ဧတေန အနတ္တနိယတံ ဒဿေတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၀၇။)

အဝသ ဝတ္တိတော စ၊ အလိုသို့ လိုက်ခြင်းမရှိ, လိုက်စေနိုင်သူမရှိသည့် အဖြစ်ကြောင့်ရင်း။

သမ္မော အဋ္ဌကထာ (နှာ-၄၅) ၌ကား 'အကာမကာရိယတော' ရှိ၏။ 'န ဣဒံ ကဿစိ ကာမကာရိယံ။ နာပိ တေဿ ကိဉ္စိ ကာမကာရိယံ အတ္ထီတိ 'အကာမကာရိယံ'။မူလဋီကာ (ဒု၊နှာ-၃၀) ဖွင့်သည့်အတိုင်း အနက်သမ္ဘန်။

အတ္တပဋိက္ခေပတော စ၊ သူမိုက်တို့ ကြံဆအပ်သော ကိုယ်ကောင်ကိုပယ်တတ်ခြင်းကြောင့်ရင်း။ အနတ္တာ၊ ကိုယ်ကောင် မဟုတ်ကုန်။

'သုညတော'တိအာဒိနာ ဟိ ဓမ္မာနံ ဗာဟိရက ပရိကပ္ပိတ အတ္တဝိရဟော ဝုတ္တော။ ဣမိနာ ပန အတံသဘာဝတော အတ္တာ န ဟောတီတိ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၀၇။)

ဣမိနာ ပန၊ ဤအတ္တပဋိက္ခေပတော ပုဒ်ဖြင့်ကား—ပေး။

**ဝယောဝုဍ္ဎတ္ထင်္ဂမ အားဖြင့် လက္ခဏာရေး တင်ပုံ။** ။ဤသို့ အာဒါနနိက္ခေပန[၂] အစွမ်းဖြင့် ဝဿသတပရိစ္ဆိန္နရုပ်၌ လက္ခဏာရေး သုံးပါးကို တင်ပြီး၍ ဝယောဝုဍ္ဎတ္ထင်္ဂမန[၃] အားဖြင့် တင်အပ်၏။ တင်ဟန်ကား—

---

၁။ ဤကျမ်း ၊ပ-တွဲ၊နှာ-၄၆၀ ရှုပါ။

၂။ အာဒါန=ယူခြင်း၊ ယူအပ်သော ဘဝသစ် (=ဇာတိ)။ နိက္ခေပန=စွန့်ခြင်း၊ ပစ်လွှင့်ခြင်း၊စွန့်ပစ်အပ်သော ဘဝဟောင်း (=မရဏ)။အာဒါန နိက္ခေပန=အသစ်နှင့်အဟောင်း။ ပဋိသန္ဓေ နေခြင်း၊ သေခြင်း။

၃။ အရွယ်ကြီးရင့်လာ၍ ချုပ်ပျောက် ပျက်စီးခြင်း (ဝယ=အရွယ်။ ဝုဍ္ဎ=ကြီးရင့်။ အတ္ထ=ချုပ်ပျောက်ခြင်း။ ဂမန=ရောက်ခြင်း။)

ပဌမဝယေ ပဝတ္တံ ရူပံ မဇ္ဈိမဝယံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ မဇ္ဈိမဝယေ ပဝတ္တမ္ပိ ပစ္ဆိမဝယံ အပ္ပတွာ။ ပစ္ဆိမဝယေ ပဝတ္တမ္ပိ မရဏတော ပရံ အဂန္တွာ တတ္ထ တတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တမ္ပိ အနိစ္စံ, ဒုက္ခံ, အနတ္တာ[၁]—

ဟု ရှုပြီးလျှင်—

မန္ဒံ, ခိဍ္ဍံ, ဝဏ္ဏံ, ဗလံ၊ ပညာဒသကံ, ဟာနိံ စ။
ပဗ္ဘာရံ, ဝင်္ကံ, မောမူဟံ၊ သယနံ ဒသကာ ဒသ။

ဟူသော ဒသကဆယ်ခုတို့၏ အစဉ်အားဖြင့်—

ပဌမဒသကေ ပဝတ္တံ ရူပံ ဒုတိယဒသကံ အပ္ပတွာ။ပ။ ဒသမဒသကေ ပဝတ္တံ ရူပမ္ပိ ပုနဗ္ဘဝံ အပ္ပတွာ တတ္ထ တတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ ဒုက္ခံ အနတ္တာ[၁]—

ဟု ရှုအပ်၏။

ထို့နောင် "ပဌမေ ဝဿပဉ္စကေ ပဝတ္တံ ရူပံ ဒုတိယံ ဝဿပဉ္စကံ အပ္ပတွာ တတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ ဒုက္ခံ အနတ္တာ"စသည်ဖြင့် ငါးနှစ်, လေးနှစ်, သုံးနှစ်, နှစ်နှစ်, တနှစ်စီ ခွဲ၍ ရှုအပ်၏။

ထို့နောင် တနှစ်ကို ဒက္ခိဏာယန, ဥတ္တရာယန နှစ်ပါး။ ဝဿာန, ဟေမန္တ, ဂိမှ ဥတုကြီး သုံးပါး။ ဝဿာန, သရဒ, ဟေမန္တ, သိသိရ, ဝသန္တ, ဂိမှ ရတုငယ် ခြောက်ပါး။ ဝိသာခမာသ[၂] စသော လ တဆဲ့နှစ်ပါး ခွဲ၍ ရှုအပ်၏။

ထို့နောင် တလကို ကာဠပက္ခ, ဇုဏှပက္ခ ခွဲ၍ ရှု။

တနေ့ကို ရတ္တိ, ဒိဝသ နှစ်ပါး။ ပုဗ္ဗဏှ, မဇ္ဈန္ဟ, သာယန္ဟ၊ ပဌမယာမ, မဇ္ဈိမယာမ, ပစ္ဆိမယာမ ခြောက်ပါး ခွဲ၍ ရှုအပ်၏။

ထို့နောင် အဘိက္ကမ, ပဋိက္ကမ, အာလောကန, ဝိလောကန, သမိဉ္ဇန, ပသာရဏ ဟူသော ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း, တူရူ ကြည့်ခြင်း, တစောင်း ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း ကြိယာခြောက်ပါး ခွဲ၍ ရှုအပ်၏။

ထို့နောင် ဥဒ္ဓရဏ, အတိဟရဏ, ဝီတိဟရဏ, ဝေါသဇ္ဇန, သန္နိက္ခေပန, သန္နိရုဇ္ဈန ဟူသော ခြေကြွခြင်း, ခြေကိုရှေ့သို့ဆောင်ခြင်း, ခါဏုကဏ္ဋက[၃] စသည် တို့ကြောင့် ထိုမှ ဤမှ ခြေကို ဆောင်ခြင်း, ခြေကို အောက်သို့ လွှတ်ခြင်း, ခြေကို

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၅၄-၅။ ၂။ ဝိသာခမာသ=ကဆုန်လ။

၃။ ခါဏု=သစ်ငုတ်၊ ကဏ္ဋက=ဆူး။

မြေ၌ ချထားခြင်း, ဒုတိယ ခြေကို ကြွသောအခါ ပထမ ခြေကို မြေ၌ ကြပ်ကြပ် နှိပ်ခြင်း အားဖြင့် ခြေတလှမ်းကို ခြောက်ခြမ်း ခြောက်ဘို့ပြု၍—

ယာ ဥဒ္ဓရဏေ ပဝတ္တာ ဓာတုယော, ယာနိ စ တဒုပါဒါယရူပါနိ၊ သဗ္ဗေ တေ ဓမ္မာ အတိဟရဏံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈန္တိ၊ တသ္မာ အနိစ္စာ, ဒုက္ခာ, အနတ္တာ။ပ။ ဣတိ တတ္ထ တတ္ထ ဥပ္ပန္နာ ဣတရံ ဣတရံ ကောဋ္ဌာသံ အပ္ပတွာ တတ္ထ တတ္ထေဝ ပဗ္ဗံ ပဗ္ဗံ သန္ဓိ သန္ဓိ ဩဓိ ဩဓိ ဟုတွာ တတ္တကပါလေ ပက္ခိတ္တတိလာ ဝိယ တဋတဋာယန္တာ သင်္ခါရာ ဘိဇ္ဇန္တိ၊ တသ္မာ အနိစ္စာ, ဒုက္ခာ, အနတ္တာ—

ဟု—ရှုအပ်၏။

ထိုတွင် ဥဒ္ဓရဏ, အတိဟရဏ, ဝီတိဟရဏ သုံးပါးတို့၌ လဟုကဓာတ်နှစ်ပါး လွန်သည်။ နောက် သုံးပါး၌ ဂရုကဓာတ်နှစ်ပါး လွန်သည်-ဟု အဋ္ဌကထာ (ဒုနှာ-၂၅၇) ၌ မိန့်၏။

ဣတိ ဧဝံ၊ ဤသို့။ တတ္ထ တတ္ထ၊ ထိုထို ဥဒ္ဓရဏစသော ကောဋ္ဌာသ၌။ ဥပ္ပန္နာ၊ ဖြစ်ကုန်သော။ သင်္ခါရာ၊ ဘူတရုပ်,ဥပါဒါရုပ် ဖြစ်ကုန်သော သင်္ခါရ တို့သည်။ ဣတရံ ဣတရံ ကောဋ္ဌာသံ၊ ဤမှတပါး, ဤမှတပါးသော အဘို့သို့။ အပ္ပတွာ၊ မရောက်မူ၍။ တတ္ထ တတ္ထေဝ၊ ထိုထိုအဘို့၌ပင်လျှင်။ ပဗ္ဗံ ပဗ္ဗံ၊ အဆစ် အဆစ်။ သန္ဓိ သန္ဓိ၊ အစပ် အစပ်။ ဩဓိ ဩဓိ၊ အပိုင်း အပိုင်း။ ဟုတွာ၊ ဖြစ်၍။ တတ္တကပါလေ၊ ခြစ်ခြစ်ပူသော အိုးခင်း၌။ ပက္ခိတ္တတိလာဝိယ၊ ထည့်အပ် သော နှမ်းတို့ကဲ့သို့။ တဋတဋာယန္တာ၊ ဖျစ်ဖျစ်အသံ ပြုကုန်၏သို့။ သင်္ခါရာ၊ ဘူတရုပ်,ဥပါဒါရုပ်အားဖြင့် ပြားကုန်သော သင်္ခါရတရားတို့သည်။ ဘိဇ္ဇန္တိ၊ ပျက်ပြားကုန်၏။ တသ္မာ၊ ထို့ကြောင့်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ အနတ္တာ၊ ကိုယ်မဟုတ်ကုန်။ ခက်ရာ၌ အနက်။

ဤ အားလုံးကို တပေါင်းတရုံးတည်း ရှုမှတ်လိုမူကား—

အကျဉ်းချုပ် လင်္ကာ။ ။သုံးပါးသက်ရှယ်၊ ဆယ် ဒသက၊ ပဥ္စကတည်း၊ စတုက တိ၊ ဒွိ နှင့် ဧက၊ သုံး၀ ဥတု၊ ရတု ခြောက်သွယ်၊ လက္ခယ်,လဆန်း၊ ဒိဝန်း,ရတ္တိ၊ ဆဗ္ဗိအခါ၊ ကိရိယာ ဆ၊ ဥဒ္ဓရ ဟု၊ စသည်ခြောက်ခု၊ ထိုထိုစု၌၊ ရှိမှုဉဿုံ၊ အလုံးစုံသည်၊ ရွှေတုံမဖြစ်၊ တဆစ်တရပ်၊ တစပ်တသင်း၊ နှမ်းအိုးခင်းထက်၊ နှမ်းစေ့ကျက်သို့၊ ကွဲပျက် ကြေမွ၊ အနိစ္စသည်။ ။ဒုက္ခ,အနတ္တချည်းတည်း-ဟူ၍ ရှုအပ်၏။

ဤသို့လျှင် အဆစ်အဆစ် ဖြစ်၍ ပျက်ကုန်သော သင်္ခါရတို့ကို ရှုသော ယောဂီ၏ သမ္မသနဉာဏ်သည် စွမ်းသန်သိမ်မွေ့ခြင်းသို့ ရောက်၏။ ဆီမီးကို

မမြင်ဘူးသော ကြည်းတောသားသည် အန္တရာပဏ[၁]၌ တောက်ပသောဆီမီးကို မြင်၍ မြို့သားတို့ အသီးအသီး ပြောပြသွန်သင်သဖြင့် ချည်တမျှင်မှသည် ချည်တမျှင်သို့ မီးလျှံမရောက် ချုပ်ပျောက်ပျက်စီး၍ နေ၏ ဟူသည်တိုင်အောင် သိသကဲ့သို့တည်း[၂]။

**အာဟာရမယရုပ်ကို လက္ခဏာရေး တင်ပုံ။** ။ထိုနောင် အာဟာရမယရုပ်၌ လက္ခဏာရေး သုံးပါးကို တင်အပ်၏။ တင်ပုံကား—

"ဆာတကာလေ ပဝတ္တံ ရူပံ သုဟိတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ သုဟိတကာလေ သမုဋ္ဌိတမ္ပိ ဆာတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ ဒုက္ခံ အနတ္တာ"ဟု တင်အပ်၏။

ဆာတ ကာလေ၊ငတ်မွတ်ခေါင်းပါး မစားဆာလောင် ဝမ်းဗိုက်ချောင်သော အခါ၌။ ပဝတ္တံ ရူပံ၊ ဖြစ်သောရုပ်သည်။ သုဟိတကာလံ၊ ဆူဖြိုးဝပြော စားရသော အခါသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤ ဆာလောင်သောအခါ၌ ပင်လျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ သုဟိတကာလေ၊ ဆူဖြိုးဝပြော စားရသော အခါ၌။ သမုဋ္ဌိတမ္ပိ၊ ဖြစ်စေအပ်သော ရုပ်သည်လည်း။ ဆာတကာလံ၊ ဆာလောင်သော ကာလသို့။ အပ္ပတွာ၊ မရောက်မူ၍။ ဧတ္ထေဝ၊ ဤဝပြောသော အခါ၌ပင်လျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုရုပ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။

**ဥတုမယရုပ်ကိုလက္ခဏာရေးတင်ပုံ။** ။ထိုနောင် ဥတုမယရုပ်၌ တိလက္ခဏာကို တင်အပ်၏။

"ဥဏှကာလေ ပဝတ္တံ ရူပံ သီတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ သီတကာလေ ပဝတ္တံ ရူပံ ဥဏှကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ, ဒုက္ခံ, အနတ္တာ"ဟု တင်အပ်၏။

**ကမ္မဇရုပ်ကို လက္ခဏာရေးတင်ပုံ။** ။ထိုနောင် ကမ္မဇရုပ်၌ တိလက္ခဏာကို တင်၍ သုံးသပ်အပ်၏။ တင်ပုံကား—စက္ခုဒွါရ၌ စက္ခု, ကာယ, ဘာဝဒသက အားဖြင့် ကမ္မဇရုပ် သုံးဆယ်၊ ဥပတ္ထမ္ဘက ဖြစ်သော တိဇရုပ် နှစ်ဆဲ့လေး[၃]အားဖြင့် ပေါင်း ငါးဆဲ့လေး ဖြစ်၏။

---

၁။ အန္တရ=အတွင်း။ အာပဏ=ဈေး။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၅၇။

၃။ စိတ်,ဥတု,အာဟာရကြောင့် ဖြစ်သော အဋ္ဌကလာပ်ရုပ် ၈-ပါးစီအားဖြင့် တိဇရုပ် ၂၄-ဖြစ်၏။

သောတ,ဃာန,ဇိဝှါဒွါရတို့၌လည်း နည်းတူ ငါးဆဲ့လေးစီ ဖြစ်၏။

ကာယဒွါရ၌ကား စက္ခုဒသက စသည်ကို နုတ်၍ လေးဆဲ့လေး ဖြစ်၏။ မနောဒွါရ၏ မှီရာဖြစ်၍ မနောဒွါရ-ဟု ဆိုအပ်သော ဟဒယဝတ္ထု၌ ဝတ္ထု,ကာယ, ဘာဝဒသက, ဥတုသမုဋ္ဌာန စသည်တို့၏ အစွမ်းဖြင့် ငါးဆဲ့လေး ဖြစ်၏။ ဤ အလုံးစုံသော ရုပ်ကို သိမ်းဆည်း၍—

"စက္ခုဒွါရေ ပဝတ္တံ ရူပံ သောတဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ။ပ။ ကာယဒွါရေ ပဝတ္တံ ရူပံ မနောဒွါရံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ,ဒုက္ခံ,အနတ္တာ"ဟု တင်အပ်၏။

**စိတ္တသမုဋ္ဌာနရုပ်ကို လက္ခဏာရေး တင်ပုံ။** ။ထိုနောင် စိတ္တသမုဋ္ဌာနရုပ်၌ တင်အပ်၏။ တင်ဟန်ကား—

"သောမနဿိတကာလေ ပဝတ္တံ ရူပံ ဒေါမနဿိတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ ဒေါမနဿိတကာလေ ပဝတ္တံ ရူပံ သောမနဿိတကာလံ အပ္ပတွာ ဧတ္ထေဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ,ဒုက္ခံ,အနတ္တာ"ဟု တင်အပ်၏။

သောမနဿိတကာလေ၊ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသောအခါ၌။ ဒေါမနဿိတကာလေ။ ဒေါမနဿသို့ ရောက်သောကာလ၌။ အနက်ပေး။

ဤသို့ စိတ္တဇရုပ်ကို သိမ်းဆည်းလျက် တိလက္ခဏာသို့ တင်သော ယောဂီအား—

ဇီဝိတံ အတ္တဘာဝေါ စ၊ သုခဒုက္ခာ စ ကေဝလာ။
ဧကစိတ္တသမာယုတ္တာ၊ လဟုသော ဝတ္တတေ ခဏော။

စုလ္လာသီတိ သဟဿာနိ၊ ကပ္ပံ တိဋ္ဌန္တိ ယေ မရူ။
န တွေဝ တေပိ တိဋ္ဌန္တိ၊ ဒွီဟိ စိတ္တေဟိ သမောဟိတာ။

ယေ နိရုဒ္ဓါ မရန္တဿ၊ တိဋ္ဌမာနဿ ဝါ ဣဓ။
သဗ္ဗေပိ သဒိသာ ခန္ဓာ၊ ဂတာ အပ္ပဋိသန္ဓိကာ။

အနန္တရာ စ ယေ ဘဂ္ဂါ၊ ယေ စ ဘဂ္ဂါ အနာဂတေ။
တဒန္တရာ နိရုဒ္ဓါနံ၊ ဝေသမံ နတ္ထိ လက္ခဏေ။

အနိဗ္ဗတ္တေန န ဇာတော၊ ပစ္စုပ္ပန္နေန ဇီဝတိ။
စိတ္တဘင်္ဂါ မတော လောကော၊ ပညတ္တိ ပရမတ္ထိယာ၊

အနိဓာနဂတာ ဘဂ္ဂါ၊ ပုဉ္ဇော နတ္ထိ အနာဂတေ။
နိဗ္ဗတ္တာ ယေပိ တိဋ္ဌန္တိ၊ အာရဂ္ဂေ သာသပူပမာ[၁]။

---

၁။ မဟာနိဒ္ဒေသ၊ နှာ-၃၂၊၉၀။

နိဗ္ဗတ္တာနဥ္စ ဓမ္မာနံ၊ ဘင်္ဂေါ နေသံ ပုရက္ခတော။
ပလောကဓမ္မာ တိဋ္ဌန္တိ၊ ပုရာဏေဟိ အမိဿိတာ။

အဒဿနတော အာယန္တိ၊ ဘဂ္ဂါ ဂစ္ဆန္တျဒဿနံ။
ဝိဇ္ဇုပ္ပါဒေါဝ အာကာသေ၊ ဥပ္ပဇ္ဇန္တိ ဝယန္တိ စ[၁]။

ဤသို့ သင်္ခါရတို့၏ အလွန်တိုသောခဏရှိသည့်အဖြစ် တည်းဟူသော အနက်သဘောသည် ထင်ရှားလာ၏။

ဇီဝိတံ၊ ဇီဝိတိန္ဒြေသည်၎င်း။ အတ္တဘာဝေါ စ၊ ဝေဒနာ, ဇီဝိတ, စိတ်မှကြွင်းသော အတ္တဘော[၂]သည်၎င်း။ သုခဒုက္ခာစ၊ ဆင်းရဲ, ချမ်းသာ ဝေဒနာတို့သည်၎င်း။ ကေဝလာ၊ မြဲသောဟူသည်, ကိုယ်ဟူသည်နှင့် ဆံခြည်ခြမ်းမျှ မရောမယှက် သက်သက်ဖြစ်ကုန်သော ဝေဒနာ, ဇီဝေါ, အတ္တဘောတို့သည်။ ဧကစိတ္တသမာယုတ္တာ၊ တချက်တချက်သော စိတ္တက္ခဏနှင့်တကွ ယှဉ်စပ်ကုန်၏[၃]။ ခဏော၊ စိတ်တချက်နှင့်သာယှဉ်လျက်ဖြစ်သော ဝေဒနာ, ဇီဝေါ, အတ္တဘောတို့၏ ခဏသည်။ လဟုသော၊ တိုဆောလျင်မြန်သည်ဖြစ်၍။ ဝတ္တတေ၊ ဖြစ်၏။

ယေ မရူ၊ အကြင် နတ်တို့သည်။ စုလ္လာသီတိသဟဿာနိ ကပ္ပံ၊ မဟာကပ် ရှစ်သောင်းလေးထောင်တိုင်တိုင်—

'ကပ္ပ'န္တိ စ သာမည၀သေန ဧကဝစနံ။ ဋီကာ (ဒု၊နှာ-၄၁၁။)

တိဋ္ဌန္တိ၊ တည်ကုန်၏။ တေပိ၊ ထိုနေဝသညာနာသညာယတန နတ်တို့သည်လည်း။ ဒွိစိတ္တေဟိ၊ စိတ္တက္ခဏနှစ်ချက်တို့နှင့်။ သမောဟိတာ၊ တကွဖြစ်ကုန်၍။ နတွေဝ တိဋ္ဌန္တိ၊ မတည်ကုန်သည်သာလျှင်တည်း။

မရန္တဿ၊ သေသူ၏။ နိရုဒ္ဓါ၊ စုတိရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေ ခန္ဓာ ဝါ၊ အကြင်ခန္ဓာငါးပါးတို့သည်၎င်း။ ဣဓ၊ ဤပဝတ္တိအခါ၌။ တိဋ္ဌမာနဿ၊ ထင်ရှားတည်ရှိသောသူ၏။ နိရုဒ္ဓါ၊ ဘင်သို့ရောက်၍ ချုပ်ပျောက်လေကုန်သော။ ယေ ခန္ဓာ ဝါ၊ အကြင် ခန္ဓာငါးပါးတို့သည်၎င်း။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ ခန္ဓာ၊ ထိုချုပ်ပျောက်လေကုန်သော သေသူ, ရှင်သူ နှစ်ပါးတို့၏ ခန္ဓာတို့သည်။ သဒိသာ၊ စင်စစ်တူမျှကုန်၏။ အပ္ပဋိသန္ဓိကာ၊ တဖန်ပြန်နစ် ပေါ်ဖြစ် စေ့စပ်ခြင်းမရှိကုန်ပဲ။ ဂတာ၊ ကင်းပျောက်ကွယ်ရှား ချုပ်သွားကုန်၏။

---

၁။ မဟာနိဒ္ဒေသ၊ နှာ-၃၂၉၀။

၂။ အတ္တဘော=သညာ (ဧကစိဝါဒ) (မဟာဋီကာ၊ဒု၊နှာ-၄၁၁။)

၃။ ဧကစိတ္တသမာယုတ္တာ='စိတ္တက္ခဏတချက်သာ တည်တံ့နိုင်သည်'ဟု ဆိုလိုသည်။ ပဓာန နည်းတည်း။

အနန္တရာ၊ အခြားမဲ့ကုန်သော။ ယေ စ၊ အကြင်ခန္ဓာတို့သည်လည်း။ ဘဂ္ဂါ၊ ချုပ်ပျက်လေကုန်ပြီ။ အနာဂတေ၊ အခြားမဲ့ အနာဂတ်စိတ္တက္ခဏာ၌။ ယေ စ၊ အကြင်ခန္ဓာတို့သည်လည်း။ ဘဂ္ဂါ၊ ချုပ်ပျောက် ပျက်စီးကုန်လတ္တံ့။ တေဟိ၊ ထိုပျက်ပြီး, ပျက်လတ္တံ့ ခန္ဓာတို့နှင့်။ တဒန္တရာနိရုဒ္ဓါနံ၊ ထိုနှစ်ခုအကြား၌ ချုပ်ဆဲကုန်သော ပစ္စုပ္ပန်ခန္ဓာတို့၏။ လက္ခဏေ၊ ဘင်လက္ခဏာ၌။ ဝါ၊ ဘင်လက္ခဏာကြောင့်။ ဝေသမံ၊ မတူ ထူးခြား ကွဲပြားခြင်းသည်။ နတ္ထိ၊ မရှိ။

အနိဗ္ဗတ္တေန၊ ဖြစ်ဆဲမဟုတ်သော အတိတ် အနာဂတ်စိတ်ဖြင့်။ န ဇာတော၊ သတ္တဝါဖြစ်သည်မဟုတ်။ ပစ္စုပ္ပန္နေန၊ ဖြစ်ဆဲစိတ်ဖြင့်သာလျှင်။ ဇီဝတိ၊ အသက်ရှင်သည် မည်၏။ စိတ္တဘင်္ဂါ၊ ဘင်သို့ရောက်၍ စိတ်တိုင်း ချုပ်ပျောက်ခြင်းကြောင့်။ လောကော၊ သတ္တလောကသည်။ မတော၊ ခါခါထပ်ထပ် ဆတ်ဆတ်သေသည်မည်၏။ ဧဝံ သန္တေပိ၊ သို့ပင်ပုံသေ သေ၍နေသော်လည်း။ ပညတ္တိ၊ တည်ဆဲ တည်ဆဲ စိတ်ကိုစွဲလျက် အသက်ရှင်၏ဟူသောစကားဖြစ်ခြင်း၏ အရာ 'သန္တာနပညတ်'သည်။ ပရမတ္ထိယာ=ပရမတ္ထဘူတာ၊ 'နာမ ဂေါတ္တံ န ဇီရတိ' ဆိုဘိသည့်နဲ့ အမြဲနိယတ် ပရမတ်ကဲ့သို့ ဖြစ်၍ နေ၏။

ဘဂ္ဂါ၊ ချုပ်ပျက်ပြီးကုန်သော သင်္ခါရတို့သည်။ အနိဓာနဂတာ၊ ငြိမ်းလေပြီးသည့် ဆိမ်းပမာ သိုမှီးရာမရှိသောအဖြစ်သို့ ရောက်လေကုန်ပြီ။ အနာဂတေ၊ မဖြစ်သေးမီ အနာဂတ်၌။ ပုဉ္ဇော၊ လာ၍ဖြစ်ဘို့ရာ အပုံအစုသည်။ နတ္ထိ၊ မရှိနှင့်လေ။ ယေပိ၊ အကြင်ပစ္စုပ္ပန် သင်္ခါရတို့သည်လည်း။ နိဗ္ဗတ္တာ၊ ဖြစ်ပေါ်လာကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ တေပိ၊ ထိုပစ္စုပ္ပန်ခန္ဓာတို့သည်လည်း။ အာရဂ္ဂေ၊ အပ်သွား ပွတ်ဆောက်ဖျား၌။ သာသပူပမာ၊ မုန်ညင်းစေ့တမူ တူသောဥပမာရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ရကုန်၏။

နိဗ္ဗတ္တာနံ၊ ဖြစ်ဆဲကုန်သော။ နေသဥ္စ ဓမ္မာနံ၊ ထိုပစ္စုပ္ပန်သင်္ခါရတို့၏လည်း။ ဘင်္ဂေါ၊ ချုပ်ပျက်ခြင်းသည်။ ပုရက္ခတော၊ ရှေ့သွားပြုအပ်သော သဘောတည်း။ တေ၊ ထို ပစ္စုပ္ပန်သင်္ခါရတို့သည်။ ပူရာဏေဟိ၊ ရှေးဟောင်းပူရာဏ် အတိတ်ခန်တို့နှင့်။ အမိဿိတာ၊ ရောဆုံဆက်ထိ မပေါင်းမိကုန်ပဲ။ ပလောကဓမ္မာ၊ ပျက်စီးခြင်းသဘော ရှိကုန်သည်ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ရကုန်၏။

အဒဿနတော၊ မမြင်ရရာ အနာဂတ အဘာဝအဖြစ်မှ။ အာယန္တိ၊ လာ၍ အသစ် ပေါ် ဖြစ် ကုန်၏။ ဘဂ္ဂါ၊ ချုပ်ပျက်ကုန်ပြီးသည် ရှိသော်လည်း။ အဒဿနံ၊ မမြင်ရရာ အဘာဝစစ် အတိတ်အဖြစ်သို့။ ဂစ္ဆန္တိ၊ ရောက်လေကုန်၏။ အာကာသေ၊ ပဇ္ဇုန်ရိုက်ချုန်း ခြိမ့်အုန်းထက်ခွင် မိုးကောင်းကင်၌။ ဝိဇ္ဇုပ္ပါဒေါ ဣဝ၊ ပြိုးပြက်လျှံလင်း လျှပ်စစ်၏ ဖြစ်ခြင်းကဲ့သို့။ ဥပ္ပဇ္ဇန္တိ စ၊ ဖြစ်လည်း ဖြစ်ကုန်၏။ ဝယန္တိ စ၊ ပျက်လည်း ပျက်ကုန်၏။

ဓမ္မတာရုပ်ကို လက္ခဏာရေး တင်ပုံ။ ။ထိုနောင် ဓမ္မတာရုပ်၌ တိလက္ခဏာကို တင်အပ်၏။ ဝိဝဋ္ဋဌာ ကပ်ကမ္ဘာ တည်သည်မှ စ၍ အလိုလိုဖြစ်ကြသော သံ, ကြေး, သလွဲ, ပုလဲ, ရွှေ,ငွေ,တောင်,မြေ, သစ်ပင် စသော ဝိညာဏ်ကင်းသော ရုပ်ဟူသမျှသည် ဓမ္မတာရုပ် မည်၏။ ထိုတွင် ထင်ရှားသော ပန်းသုံးညွန့်[၁], သရက်ညွန့်, သုံးပန်လှပန်း, ရင်ကပ်ပန်း စသည်၌ တင်အပ်၏။ ပန်းသုံးညွန့်၌ တင်ဟန်ကား—

တနုရတ္တကာလေ ပဝတ္တရူပံ ဃနရတ္တကာလံ အပ္ပတွာဝ နိရုဇ္ဈတိ၊ ဃနရတ္တကာလေ ပဝတ္တရူပံ။ပ။မန္ဒရတ္တ....တရုဏပလ္လဝဝဏ္ဏ.. ပရိဏတပလ္လဝဝဏ္ဏ... ဟရိတပဏ္ဏဝဏ္ဏ....နီလပဏ္ဏဝဏ္ဏ....ပဏ္ဍုပလာသကာလေ ပဝတ္တရူပံ ဝဏ္ဍတော ဆိဇ္ဇိတွာ ပတနကာလံ အပ္ပတွာဝ နိရုဇ္ဈတိ၊ တသ္မာ တံ အနိစ္စံ, ဒုက္ခံ,အနတ္တာ—

ဟု တင်အပ်၏။

တနုရတ္တ=နုနုနီ။ ဃနရတ္တ=ရင့်ရင့်နီ။ မန္ဒရတ္တ=ပြေပြေနီ။ တရုဏပလ္လဝဝဏ္ဏ=ရွက်နုညွန့်အဆင်း။ ပရိဏတ ပလ္လဝ=ရွက်ရင့်။ဟရိတပဏ္ဏ=စိမ်းလဲ့သော အရွက်။ နီလပဏ္ဏဝဏ္ဏ=ကျီးတောင်ညိုရွက်အဆင်း။ ပဏ္ဍုပလာသ ကာလေ၊ သစ်ရွက်ရော်အခါ၌။ ပဝတ္တရူပံ၊ ဖြစ်သောရုပ်သည်။ ဝဏ္ဍတော၊ အညှာမှ။ ဆိဇ္ဇိတွာ၊ ကြွေ၍။ ပတနကာလံ၊ ကျသောအခါသို့။ အနက်ပေး၊ ဤနည်းကို မှီလျက် ဓမ္မတာရုပ်အားလုံးကို သုံးသပ်အပ်၏။

ရူပသတ္တက ပြီး၏။

---

## အရူပသတ္တက

နာမ်၌ရုပ် ၇-မျိုး။ ။အရူပသတ္တက ဟူသည်ကား—

ကလာပတော ယမကတော၊ ခဏိကာ ပဋိပါဋိတော။
ဒိဋ္ဌိမာနုဂ္ဃာဋနာ၊ နိကန္တိပရိယာဒနာ။
ဣစ္စေဝံ သတ္တခာ နာမံ၊ ဝိတ္ထာရေန ဝိပဿတိ။

သင်္ဂဟ ဂါထာ[၂]

ကလာပတော၊ နာမ်တရား အပေါင်းအစု အားဖြင့်ရင်း။—ယမကတော၊ အစုံအစုံ အားဖြင့်ရင်း။—ခဏိကာ၊ ခဏိက အားဖြင့်ရင်း။—ပဋိပါဋိတော၊

---

၁။ အသောက ခေါ်သော ပန်း၏ အညွန့်။

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ ၂၆၁-လာ မာတိကာကို ဂါထာစီထားသည်။

အစဉ်အားဖြင့်ရင်း။—ဒိဋ္ဌိမာန ဥဂ္ဃါဋနာ၊ ဒိဋ္ဌိကိုပယ်ဖြတ်, မာနကိုသတ်သော အားဖြင့်ရင်း။—နိကန္တိပရိယာဒနာ၊ တဏှာကို ကုန်စေသောအားဖြင့်ရင်း။—ဣစ္စေဝံ၊ ဤသို့။ သတ္တဓာ၊ ၇-ပါးအပြားဖြင့်။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ နာမံ၊ နာမ်ကို။ ဝိပဿတိ၊ ရှု၏။

ကလာပ်အားဖြင့် သုံးသပ်ပုံ။ ။ထို ခုနစ်ပါးတို့တွင် ကလာပအားဖြင့် သုံးသပ်ဟန်ကား အောက် ရူပသတ္တက၌ သုံးသပ်ခဲ့သော ဝိပဿနာစိတ္တုပ္ပါဒ်ကို တပေါင်းတည်း အာရုံပြု၍—

ယံ သတ္တသု ဌာနေသု 'ရူပံ အနိစ္စံ,ဒုက္ခံ,အနတ္တာ'တိ ပဝတ္တံ စိတ္တံ၊ တမ္ပိ အနိစ္စံ, ဒုက္ခံ, အနတ္တာ။

ဟု–သုံးသပ်အပ်၏။

သတ္တသု ဌာနေသု၊ ရူပသတ္တက ခုနစ်ဌာနတို့၌။ ရူပံ အနိစ္စံ,ဒုက္ခံ,အနတ္တာတိ၊ ရုပ်သည် အနိစ္စ, ဒုက္ခ, အနတ္တပါတကား ဟူ၍။ ပဝတ္တံ၊ ဖြစ်သော။ ယံ စိတ္တံ၊ အကြင် စိတ္တုပ္ပါဒ်သည်။ အတ္ထိ၊ ရှိ၏။ တမ္ပိ၊ ထို ဝိပဿနာစိတ္တုပ္ပါဒ်သည်လည်း။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ ဆင်းရဲ၏။ အနတ္တာ၊ အတ္တမဟုတ်။ ဤကား အရိယဝံသ ကထာနည်းတည်း။

ဝိသုဒ္ဓိကထာ၌ကား—အောက်၌မသုံးသပ်ခဲ့ဘူးသေးသော ကေသ,လောမ စသည်ကို သုံးသပ်ပြီး၍ အဆုံး၌—

ယေ ဣမေ ကေသာ အနိစ္စာ,ဒုက္ခာ,အနတ္တာတိ သမ္မသနေ ဥပ္ပန္နာ ဖဿ-ပဉ္စမကာ ဓမ္မာ။ယေ စ လောမာ။ပ။ယေ စ မတ္ထလုင်္ဂံ အနိစ္စံ,ဒုက္ခံ,အနတ္တာတိ သမ္မသနေ ဥပ္ပန္နာ ဖဿပဉ္စမကာ ဓမ္မာ၊ သဗ္ဗေ တေ ဣတရိတရံ အပ္ပတွာ ပဗ္ဗံ ပဗ္ဗံ ဩဓိ ဩဓိ ဟုတွာ တတ္တ ကပါလေ ပက္ခိတ္တ တိလာ ဝိယ တဋတဋာ-ယန္တာ ဝိနဋ္ဌာ၊ တသ္မာ အနိစ္စာ, ဒုက္ခာ, အနတ္တာ—

ဟု–ဆင်ခြင်ရမည် ဟူ၏။ ကမ္မဋ္ဌာန်း အသစ်အသစ် ဖြစ်၍ မထင်ရှား နိုင်ရကား ယင်းစကား မသင့်။

တထာ သတိ ကမ္မဋ္ဌာနံ နဝ နဝမေဝ သိယာ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၁၄)

အစုံအစုံအားဖြင့် သုံးသပ်ပုံ။ ။ယမက အားဖြင့် သုံးသပ်ဟန်ကား—

အယံ ဟိ ပုဗ္ဗေ ရူပသတ္တက ဝသေန သမ္မသိတွာ ဋ္ဌိတောပိ ဣဒါနိ အာဒါန နိက္ခေပါဒိဝသေန သမ္မသိတွာဝ တံ သမ္မသတိ။ ခဏိကတော သမ္မသနာဒီသုပိ ဧသေဝ နယော။—

ဟူသော ဋီကာ (ဒု၊နှာ-၄၁၄)နှင့် အညီ—

အာဒါန, နိက္ခေပနာနံ အန္တရေ သမ္ဗေပိ သင်္ခါရာ ဥပ္ပါဒဝယဝတ္တိတော။ပ။ အတ္တပဋိက္ခေပတော စ အနတ္တာ။ ယံ တေသွိ ရူပ သမ္မသနေ အနိစ္စံ, ဒုက္ခံ, အနတ္တာတိ ပဝတ္တံ စိတ္တံ၊ တမ္ပိ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ ဝယော- ဝုဒ္ဓတ္ထင်္ဂမံ ရူပံ။ အာဟာရဇံ....။ ဥတုဇံ....။ ကမ္မဇံ....။ စိတ္တဇံ ရူပံ....။ ဓမ္မတာ ရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ ယံ တေသွိ ရူပသမ္မသနေ အနိစ္စံ, ဒုက္ခံ, အနတ္တာတိ ပဝတ္တံ စိတ္တံ၊ တမ္ပိ အနိစ္စံ, ဒုက္ခံ, အနတ္တာ။

ဟူ၍ ရူပသတ္တကဥ္ ပြခဲ့သည့်အတိုင်း ရုပ်ကိုင်း၊ ထိုရုပ်လျှင် အာရုံရှိသော ဝိပဿနာစိတ္တုပ္ပါဒ်နာမ်ကိုင်း၊ ဤရုပ်,နာမ်နှစ်ခုကို အစုံအစုံပြု၍ ရှုအပ်၏။

**ခဏိကအားဖြင့် ရှုပုံ။**　။ခဏိကအားဖြင့် ရှုဟန်ကား—ရူပသတ္တကကိုင်း, ထိုရုပ်ကိုအာရုံပြုသော ပထမဝိပဿနာစိတ်ကိုင်း, ထိုစိတ်ကို အာရုံပြုသော ဒုတိယဝိပဿနာစိတ်ကိုင်း, ထို ဒုတိယစိတ်ကို အာရုံပြုသော တတိယစိတ်ကိုင်း, ထိုစိတ်ကို အာရုံပြုသော စတုတ္ထဝိပဿနာ စိတ်ကိုင်း အဆင့်ဆင့် အာရုံပြု၍—

အာဒါန နိက္ခေပရူပံ အနိစ္စံ,ဒုက္ခံ,အနတ္တာ။ တမ္ပိ ပထမစိတ္တံ အနိစ္စံ,ဒုက္ခံ, အနတ္တာ။ တမ္ပိ ဒုတိယစိတ္တံ။ပ။ တမ္ပိ တတိယစိတ္တံ။ပ။ တမ္ပိ စတုတ္ထံ စိတ္တံ အနိစ္စံ,ဒုက္ခံ,အနတ္တာ။ ဝယောဝုဒ္ဓတ္ထင်္ဂမံ ရူပံ....အာဟာရဇရူပံ....ဥတုဇရူပံ.... ကမ္မဇရူပံ.... စိတ္တဇ ရူပံ.... ဓမ္မတာ ရူပံ အနိစ္စံ, ဒုက္ခံ, အနတ္တာ။ တမ္ပိ ပထမစိတ္တံ။ပ။ တမ္ပိ စတုတ္ထစိတ္တံ အနိစ္စံ,ဒုက္ခံ,အနတ္တာ—

ဟု စတုတ္ထ ဝိပဿနာစိတ်တိုင်အောင် သုံးသပ်အပ်၏။

ဧဝံ ရူပပရိဂ္ဂါဟကစိတ္တတော ပဋ္ဌာယ စတ္တာရိ စတ္တာရိ စိတ္တာနိ သမ္မသန္တော ခဏိကတော သမ္မသတိ နာမ။ အဋ္ဌကထာ(ဝိသုဒ္ဓိ၊ဒု၊နှာ-၂၆၂)

သမ္မသိတသမ္မသိတစိတ္တသမ္မသနေန တေသံ ခဏိကဘာဝဿ ဝိဘာဝန- တော တထာ သမ္မသနံ "ခဏိကတော သမ္မသန"န္တိ ဝုတ္တံ။ ဋီကာ(ဒု၊နှာ-၄၁၄)

**အစဉ်အားဖြင့် သုံးသပ်ပုံ။**　။ပဋိပါဋိအားဖြင့် သုံးသပ်ဟန်ကား—ခဏိကနည်း အတိုင်း အာဒါန နိက္ခေပနရုပ်သည် အနိစ္စ,ဒုက္ခ, အနတ္တ။ ဤဒုတိယ ဝိပဿနာစိတ်လည်း အနိစ္စ, ဒုက္ခ, အနတ္တ။ပ။ ဤဒသမ ဝိပဿနာစိတ်လည်း အနိစ္စ, ဒုက္ခ, အနတ္တ၊ ဝယော ဝုဒ္ဓတ္ထင်္ဂမ ရုပ်လည်း အနိစ္စ, ဒုက္ခ, အနတ္တ။ ဤဒုတိယ ဝိပဿနာစိတ်လည်း။ပ။ ဤဒသမဝိပဿနာ စိတ် လည်း အနိစ္စ,ဒုက္ခ,အနတ္တ။ ဤသို့စသည်ဖြင့် ဒသမဝိပဿနာဉာဏ် စိတ္တုပ္ပါဒ် တိုင်အောင် သုံးသပ်အပ်၏။

ဝိပဿနာ ပဋိပါဋိယာ သကလမ္ပိ ဒိဝသဘာဂံ သမ္မသိတုံ ဝဋ္ဋေယျ။ ယာဝ ဒသမစိတ္တသမ္မသနာ ပန ရူပကမ္မဋ္ဌာနမ္ပိ အရူပကမ္မဋ္ဌာနမ္ပိ ပဂုဏံ ဟောတိ၊ တသ္မာ ဒသမေယေဝ ဌပေတဗ္ဗန္တိ ဝုတ္တံ။ အဋ္ဌကထာ(ဒု၊နှာ-၂၆၂)

'ဝဋ္ဋေယျာ'တိ သမ္ဘဝေယျ။ တထာ သတိ ပဋိပါဋိသမ္မသနပသုတာ ဧဝ ဘာဝနာ သိယာ။ န မူလကမ္မဋ္ဌာနုပကာရိနီ။ န စာယံ သမာပတ္တိစာရော။ ယသ္မာ စ တတ္တကေန ရူပဓမ္မေသု အရူပဓမ္မေသု စ အနိစ္စာဒိလက္ခဏာနိ သုဋ္ဌု ဝိဘူတာနိ ဟောန္တိ၊ တသ္မာ ဝုတ္တံ "ယာဝ ဒသမစိတ္တသမ္မသနာ။ပ။ ဌပေတဗ္ဗ"န္တိ။ ။'ဝုတ္တ'န္တိ အရိယဝံသကထာယံ ဝုတ္တံ။ ဋီကာ(ဒု၊နှာ-၄၁၄)

**ဒိဋ္ဌိ,မာန,တဏှာကိုပယ်ဖြစ်သော အားဖြင့် သုံးသပ်ပုံ** ဒိဋ္ဌိဥဂ္ဃါဋန, မာနဥဂ္ဃါဋန, နိကန္တိပရိယာဒါန သုံးပါးတို့၌ကား— သုံးသပ်နည်း အသီး အခြား မရှိပြီ။ အောက် ရူပသတ္တက၌ ရုပ်ကို, ဤအရူပသတ္တက၌ နာမ်ကို သိမ်းဆည်း၍ မြင်ပြီးရကား နာမ်ရုပ်မှတပါး သတ္တဝါကို မမြင်၊ သညာဝိပလ္လာသ ပျောက်၏။ ယင်း ပျောက်လျှင် စိတ္တ, ဒိဋ္ဌိဝိပလ္လာသတို့သည် ပျောက်ကုန်၏။ ဒိဋ္ဌိ ပျောက်ကွာလျှင် ဒိဋ္ဌုပနိဿယ အပါယဂမနိယ မာန ပျောက်ကွာ၏။ မာန ပျောက်ကွာလျှင် သိမ်မွေ့စွာသော တဏှာနိကန္တိ ကုန်ခန်း ပျောက်လွင့်လေတော့သည်။ ဤကား–ဝိသုဒ္ဓိကထာ ဝါဒတည်း။

**အရိယဝံသ ကထာဝါဒကား:** "အဟံ ဝိပဿာမိ။ မမ ဝိပဿနာ"ဟု ယူလျှင် အတ္တဒိဋ္ဌိ ဖြစ်၏။ အတ္တဒိဋ္ဌိ ဖြစ်လျှင်လည်း ခပ်သိမ်းသောဒိဋ္ဌိ ဖြစ်တော့သည်။

အတ္တဒိဋ္ဌိမူလိကာ ဟိ သဗ္ဗာဒိဋ္ဌိယော။ ဋီကာ (မဟာ၊ဒု၊နှာ-၄၁၆)

ငင်းဒိဋ္ဌိသည် ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိနှစ်ပါးကို ရသဖြင့်ပင် ပျောက် ပပြီး မဟုတ်လောဟူမူ။

မဂ္ဂေန ပန အသမုဂ္ဃါဋိတတ္တာ အနေ‌ာဋ္ဌာရိကာယ စ ဒိဋ္ဌိယာ ဝသေနေဝံ ဝုတ္တံ။ ဋီကာ(ဒု၊နှာ-၄၁၅)

"သုဋ္ဌု ဝိပဿာမိ။ မနာပံ ဝိပဿာမိ"ဟု ယူလျှင် မာနဖြစ်၏။

"ဝိပဿိတုံ သက္ကောမိ=တနေ့ပတ်လုံးပင် ရှုချင်၏ ရှုနိုင်၏"ဟု ဝိပဿနာကို သာယာနှစ်သက်လျှင် တဏှာနိကန္တိ ဖြစ်၏။

သင်္ခါရာဝ သင်္ခါရေ ဝိပဿန္တိ သမ္မသန္တိ ဝဝတ္ထာပေန္တိ ပရိဂ္ဂဏှန္တိ ပရိစ္ဆိန္ဒန္တိ။ (ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၆၃)

သင်္ခါရတို့သည်သာလျှင် သင်္ခါရတို့ကို ရှုကုန်၏၊ သုံးသပ် မှတ်သား သိမ်းဆည်း
|ပိုင်းခြားကုန်၏–ဟု ယူမှသာလျှင် ဒိဋ္ဌိ,မာန,နိကန္တိ ပျောက်ပကင်းကွာသည်။

အထူးအားဖြင့်ကား—

အနတ္တကို မြင်သဖြင့် ဒိဋ္ဌိပျောက်၏။

အနိစ္စကိုမြင်သဖြင့် မာန ကင်းကွာ၏။

ဒုက္ခကိုမြင်သဖြင့် နိကန္တိ ကုန်ခန်း၏။

ဤသို့ ဝိပဿနာသုံးရပ်တို့သည် သကသကဌာနဌ တည်ကြ၍ သကသက ကိစ္စကို ပြုတတ်ရကား သုံးသပ်နည်းအသီးအခြားရှိသည်ပင်။ ဤကား–အရိယ ဝံသ ကထာဝါဒတည်း။

ဤသို့လျှင် ဆိုခဲ့ပြီးအပ် အရပ်ရပ်သော နည်းတို့ဖြင့် သိမ်းဆည်းသုံးသပ်၍ သမ္မသနဉာဏ် သန်စွမ်းသဖြင့် ရူပါ'ရူပကမ္မဋ္ဌာန်း လေ့လာဉာဏ် တက်လတ်သော် အထက် ဘင်္ဂါနုပဿနာမှစ၍ ပဟာနပရိညာ၏ အစွမ်းဖြင့် အကြွင်းမဲ့ရောက်အပ် လတ္တံ့သော အနိစ္စာနုပဿနာစသော တဆဲ့ရှစ်ပါးသော မဟာဝိပဿနာတို့တွင် အချို့ကို သိသည်ဖြစ်၍ နိစ္စသညာစသော ဆန့်ကျင်ဖက်တရားတို့ကို ပယ်ရှား စွန့်ခွါနိုင်၏။

**မဟာဝိပဿနာ ၁၈-ပါး။** ။အဋ္ဌာရသမဟာဝိပဿနာဟူသည်ကား—

အနိစ္စာနုပဿနံ ဘာဝေန္တော နိစ္စသညံ ပဇဟတိ။

ဒုက္ခာနုပဿနံ ဘာဝေန္တော သုခသညံ ပဇဟတိ။

အနတ္တာနုပဿနံ ဘာဝေန္တော အတ္တသညံ ပဇဟတိ။

ဧဝံ နိဗ္ဗိဒါနုပဿနံ နန္ဒိံ။

ဝိရာဂါနုပဿနံ ရာဂံ။

နိရောဓာနုပဿနံ သမုဒယံ။

ပဋိနိဿဂ္ဂါနုပဿနံ အာဒါနံ။

ခယာနုပဿနံ ဃနသညံ။

ဝယာနုပဿနံ အာယူဟနံ။

ဝိပရိဏာမာနုပဿနံ ဓုဝသညံ။

အနိမိတ္တာနုပဿနံ နိမိတ္တံ။

အပ္ပဏိဟိတာနုပဿနံ ပဏိဓိံ။

သုညတာနုပဿနံ အဘိနိဝေသံ။
အဓိပညာဓမ္မဝိပဿနံ သာရာဒါနာဘိနိဝေသံ။
ယထာဘူတဉာဏဒဿနံ သမ္မောဟာဘိနိဝေသံ။
အာဒီနဝါနုပဿနံ အာလယာဘိနိဝေသံ။
ပဋိသင်္ခါနုပဿနံ ဘာဝေန္တော အပ္ပဋိသင်္ခံ ပဇဟတိ။
ဝိဝဋ္ဋာနုပဿနံ ဘာဝေန္တော သံယောဂါဘိနိဝေသံ ပဇဟတိ[၁]။

ဟူသည်တည်း။ အချို့ လွယ်၏။ ခက်ရာ၌ အနက်ကား—

နိဗ္ဗိဒါနုပဿနံ၊ ငြီးငွေ့သောအားဖြင့် သင်္ခါရကို အဖန်တလဲလဲ ရှုသော အနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသောယောဂီသည်။ နန္ဒိံ၊ နှစ်သက်ခြင်း သပ္ပီတိက တဏှာကို။ ပဇဟတိ၊ စွန့်ခွါ၏။

ဝိရာဂါနုပဿနံ၊ စက်ဆုပ်သော အခြင်းအရာဖြင့် အဖန်တလဲလဲရှုသော အနုပဿနာကို။ (ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ ရာဂံ၊ တပ်မက်မှု 'ရာဂ' ကို။ ပဇဟတိ၊ စွန့်ခွါ၏။)

နိရောဓာနုပဿနံ၊ တဖန်မဖြစ် ချုပ်ကြောင်းဖြစ်သော အခြင်းအရာ အားဖြင့် အခါခါရှုသော အနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ သမုဒယံ၊ တဖန်ဘဝသစ်၌ ဖြစ်ခြင်းကို။ ပဇဟတိ၊ စွန့်ခွါ၏။

ပဋိနိဿဂ္ဂါနုပဿနံ၊ တဖန်မယူ မစွဲလမ်းမှု၍ စွန့်လွှတ်ကြောင်းဖြစ်သော အနုပဿနာကို။ (ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။) အာဒါနံ၊ ဘဝ သစ်ကို ယူခြင်းကို။ ဝါ၊ အနိစ္စအစရှိသောအားဖြင့် စွဲလမ်းခြင်းကို။ (ပဇဟတိ၊ စွန့်ခွါ၏။)

ခယာနုပဿနံ၊ သင်္ခါရတို့၏ ခဏဘင် ဟူသော ကုန်ခြင်းကို အဖန်တလဲလဲ ရှုသော အနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ ဃနသညံ၊ သန္တတိ သမူဟ ကိစ္စ အာရုံအားဖြင့် မပြိုမကွဲ တလုံးတခဲတည်းဟု မှတ်မှားသော သညာကို။ ပဇဟတိ၊ စွန့်ခွါ၏။

(ဝယာနုပဿနံ၊ သင်္ခါရတို့၏ ခဏဘင်ဟူသော ပျက်ခြင်းကို အဖန်တလဲလဲ ရှုသော အနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသောယောဂီသည်။) အာယူဟနံ၊

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၃၁-စသည်၌ လာသည်ကို ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ ဒုနှာ-၂၆၄-၌ဆောင်၍ ပြလေရာ၊ ထိုပါဠိတော်တွင် အချို့နေရာ၌ 'ဘာဝေန္တော' 'ပဇဟတိ' ဟူသော ပုဒ်များကို မြှုပ်၍ ပြထားသည်။

သင်္ခါရတို့ကို ပေါင်းစုရုံးစည်း ဆည်းပူးခြင်းကို ပြုသောတဏှာကို။ (ပဇဟတိ၊ စွန့်ခွါ၏။)

ဝိပရိဏာမာနုပဿနံ။ ဇရာ,မရဏ ဘို့နှစ်တန်ဖြင့် ဖောက်ပြန် ညွတ်တိမ်းခြင်းကို အဖန်တလဲလဲ ရှုသော အနုပဿနာကို။ ဝါ၊ ရူပသတ္တက စသည်တို့၏ အစွမ်းဖြင့် သိမ်းဆည်းအပ်ပြီးသော တရား၏ ထိုထိုအပိုင်းအခြားမှ နောက်၌ တပါးတခြား၏ အဖြစ်ကို အဖန်တလဲလဲရှုသော အနုပဿနာကို။ (ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ ဓုဝသညံ၊ မြဲ၏ဟူသော အမှတ်သညာကို။ ပဇဟတိ၊ စွန့်ခွါ၏။)

အနိမိတ္တာနုပဿနံ၊ အနိစ္စာနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ နိမိတ္တံ၊ လုံးလုံး လျောင်းလျောင်း ပေါင်း၍ ကြာရှည် တည်၏ဟု ထင်သော သန္တတိ, သမူဟ သင်္ခါရနိမိတ်ကို။ ပဇဟတိ၊ စွန့်ခွါ၏။

အပ္ပဏိဟိတာနုပဿနံ၊ တောင့်တ တပ်မက် နှစ်သက်ဘွယ် မရှိဟု အခါခါ ရှုသော ဒုက္ခာနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ပဏိဓိံ၊ သုခကို တောင့်တခြင်းတဏှာကို။ ပဇဟတိ၊ စွန့်ခွါ၏။

သုညတာနုပဿနံ၊အတ္တမှဆိတ်သည်ကို အခါခါရှုသော အနတ္တာနုပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ အဘိနိဝေသံ၊ ကိုယ်ဟူ၍မှားသော နှလုံးသွင်းခြင်းကို။ ပဇဟတိ၊ စွန့်ခွါ၏။

အဓိပညာဓမ္မဝိပဿနံ၊ လွန်ကဲသောပညာဟု ဆိုအပ်သော ဘင်၏ အစွမ်းဖြင့် သင်္ခါရတို့၏ ဆိတ်ခြင်းကို ယူ၍ ရုပ်နာမ်တရားတို့၌ ဖြစ်သော ဝိပဿနာကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ သာရာဒါနာဘိနိဝေသံ၊ နိစ္စ,သာရ စသည်ကို ယူ၍ဖြစ်သော မှားသော နှလုံးသွင်းခြင်းဟူသော တဏှာနှင့်တကွသော ဒိဋ္ဌိကို။ ပဇဟတိ၊ စွန့်ခွါ၏။

ယထာဘူတ ဉာဏဒဿနံ၊ သပ္ပစ္စယံ ရုပ်နှင့် နာမ်ကို မဖောက်မပြန် ဟုတ်မှန်သည်အတိုင်း သိမြင်သော ဉာဏ်အမြင်ကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ သံမောဟာဘိနိဝေသံ၊ 'အဟောသိံ နု ခေါ အဟံ အတီတမဒ္ဓါနံ, ဣဿရတော လောကော သမ္ဘဝနံ' စသော ပြင်းပြစွာ တွေဝေသောနှလုံးသွင်းခြင်းကို။ ပဇဟတိ၊ စွန့်ခွါ၏။

အာဒီနဝါနုပဿနံ၊ ဘယတူပဋ္ဌာန၏ အစွမ်းဖြင့်ဖြစ်သော အပြစ်အစုသာ တည်းဟု အခါခါရှုသော အာဒီနဝဉာဏ်ကို။ ဘာဝေန္တော၊ ပွါးစေသောယောဂီသည်။ အာလယာဘိနိဝေသံ၊ ကပ်ငြိတွယ်တာ ခိုမှီရာဟု မှားသော နှလုံးသွင်းခြင်းကို။ ပဇဟတိ၊ စွန့်ခွါ၏။

ပဋိသင်္ခါနုပဿနံ၊ သင်္ခါရတို့ကို စွန့်လွှတ်ရကြောင်း ကောင်းစွာတဖန် အနိစ္စ စသည်ဖြင့် ဆင်ခြင်ပြန်သော ပဋိသင်္ခါဉာဏ်ကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ အပ္ပဋိသင်္ခံ၊ ဆင်ခြင်ခြင်း၏ ဆန့်ကျင်ဖက် ဖြစ်သော အဝိဇ္ဇာကို။ ပဇဟတိ၊ စွန့်ခွါ၏။

ဝိဝဋ္ဋာနုပဿနံ၊ ခပ်သိမ်းသော ဘဝသင်္ခါရတို့မှ စိတ်၏တွန့်တို ဆုတ်နစ် ကြောင်းဖြစ်သော သင်္ခါရုပေက္ခာဉာဏ်, အနုလောမ ဉာဏ်ကို။ ဘာဝေန္တော၊ ပွါးစေသော ယောဂီသည်။ သံယောဂါဘိနိဝေသံ၊ ကာမသံယောဂ စသော ကိလေသာ၏ ဖြစ်ခြင်းကို။ ပဇဟတိ၊ စွန့်၏။ ဤကား အနက်။

**မဟာဝိပဿနာ ၁၈-ပါးကို အကျဉ်းချုံးပြခြင်း။** ။ထိုတဆဲ့ရှစ်ပါးတို့တွင် အနိစ္စာ, ဒုက္ခာ, အနတ္တာ နုပဿနာ သုံးပါးတို့ကို သိပြီး ရပြီးသော ယောဂီသည် အနက်မပြား သဒ္ဒါသာပြားသော အနိမိတ္တာ, အပ္ပဏိဟိတာ, သုညတာနုပဿနာ သုံးပါးတို့ကိုလည်း သိ၏။

အဓိပညာဓမ္မဝိပဿနာဟူသည် အလုံးစုံသော ဝိပဿနာတို့၏ အမည်တည်း။

ယထာဘူတဉာဏဒဿနကား ကင်္ခါဝိတရဏဝိသုဒ္ဓိ၌ ပြီးခဲ့ပြီ။

အနိစ္စာနုပဿနာပြီးလျှင် နိဗ္ဗေဒ, ခယာ, ဝယာ, ဝိပရိဏာမာ နုပဿနာ လေးပါး တစိတ်အားဖြင့် ပြီးသည်မည်၏။

ဒုက္ခာနုပဿနာ ပြီးလျှင် နိဗ္ဗိဒါ, အာဒီနဝါနုပဿနာ နှစ်ပါး တစိတ်အားဖြင့် ပြီးသည်မည်၏။

အနတ္တာနုပဿနာပြီးလျှင် ဝိရာဂါ, ပဋိနိဿဂ္ဂါ, ပဋိသင်္ခါ, ဝိဝဋ္ဋာနုပဿနာ လေးပါး တစိတ်အားဖြင့် ပြီးသည် မည်၏။

ဤသို့လျှင် တဆဲ့ရှစ်ဖြာ မဟာဝိပဿနာတစိတ်ကို ထိုးထွင်း၍ သိပြီးသော ယောဂီသည် ယင်း ဝိပဿနာ၏ ဆန့်ကျင်ဖက်ဖြစ်သော နိစ္စသညာ စသော ဘေးရန်ကို ဤ တီရဏ ပရိညာ သမ္မသနဉာဏ် အရာ၌ပင် တွန်းလှန်ခွါပယ်၍ မှဲ့[၁], ညှန့်, တိမ် စသည် ညစ်ကြေး မမြေးမတွယ် သန့်ရှင်းစင်ကြယ်သော ရွှေ, ရေ, ကောင်းကင်တို့သဖွယ် သံကိလေသ စင်ကြယ်ရကား သမ္မသနဉာဏ်၏ ကမ်းတဖက်သို့ ရောက်၏။ ဤကား ကလာပသမ္မသနဉာဏ်တည်း။ သီဟိုဠ်သား တို့ကား နယ ဝိပဿနာ ဟူကုန်၏။

**ကလာပသမ္မသနဉာဏ် မည်ခြင်းအကြောင်း။** ။အတီတာ' နာဂတ, ပစ္စုပ္ပန္န စသော အပေါင်းအစည်းအား

---

၁။ ကာဠက=အမဲစက်၊ မှဲ့(ဝိသုဒ္ဓိမဂ်၊ မဟာဋီကာ၊ ဒု၊ နှာ-၄၁၉)

ဖြင့်သာ သုံးသပ်သည် မဟုတ်။ စတ္တာလီသာကာရ, ရူပနိဗ္ဗတ္တိဒဿန, အရူပ-နိဗ္ဗတ္တိဒဿန စသော များစွာသော အခြင်းအရာ တို့ဖြင့်လည်း သုံးသပ်ပါလျက် အဘယ်ကြောင့် ကလာပသမ္မသနဉာဏ် ဟူ၍သာ ဆိုသနည်း ဟူမူ—

'သမ္မသနဉာဏဿာ'တိ နယဝိပဿနာ သင်္ခါတဿ ကလာပသမ္မသန-ဉာဏဿ။ တဿေဝ ဟိ ထိရဘာဝါယ ဣတရေ သမ္မသန ဝိသေသာတိ ဝဒန္တိ[၁]။ အာစရိယဝါဒ ပြ ဋီကာ (မဟာ၊ဒု၊နှာ ၄၁၉)။

တနည်းလည်း–ကလာပ်အားဖြင့် သုံးသပ်သည်ဖြစ်စေ,တပါးသော အခြင်းအရာဖြင့် သုံးသပ်သည်ဖြစ်စေ သမ္မသနမည်သည် ချည်းတည်း။ သမ္မသနဉာဏ် ဟူသော အမည်သာ လိုရင်းတည်း။

'သမ္မသနဉာဏဿာ'တိ ဝါ ကလာပါဒိ သမ္မသနဉာဏဿ။ အနုပဒဓမ္မ-ဝိပဿနာသဒိသာ ဟိ သာ။ တာယ ဟိ ဒိဋ္ဌိဥဂ္ဃာဋနာဒိ သမ္ဘဝတီတိ။ ဋီကာ သကဝါဒ ပြ (မဟာ၊ဒု၊နှာ-၄၁၉)။

သမ္မသနဉာဏ် ပြီး၏။

---

## ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ်၏ ကမ်းတဖက်သို့ ရောက်ပြီးသော ယောဂီပုဂ္ဂိုလ်သည် "ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိဏာမာနုပဿနေ ပညာ ဥဒယဗ္ဗယာနုပဿနေ ဉာဏံ"ဟူ၍ (ပဋိသမ္ဘိဒါမဂ် ပါဠိတော် နှာ-၁-၃) လာသော ဥဒယဗ္ဗယဉာဏ်ကို ရခြင်းငှါ ရှေးဦးစွာ အကျဉ်းအားဖြင့် ပွါးများ အားထုတ်အပ်၏။

အကျဉ်းအားဖြင့် ဖြစ်,ပျက် ရှုပုံ။　။သခေ်ပတော ဟိ အာရမ္ဘော အာဒိကမ္မိ-ကဿ သုကရော။ ဋီကာ (မဟာ၊ဒု၊ နှာ-၄၁၉)

အားထုတ်ဟန်ကား—

ဇာတဿ ရူပဿ ပစ္စုပ္ပန္နဿ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒေါ အဘိန-ဝါကာရော ဥဒယော နာမ။ ဝိပရိဏာမလက္ခဏံ ခယော ဘင်္ဂေါ ဝယော နာမ။ ဇာတာယ ဝေဒနာယ။ ဇာတာယ သညာယ။ ဇာတာနံ သင်္ခါရာနံ။ ဇာတဿ ဝိညာဏဿ ပစ္စုပ္ပန္နဿ နိဗ္ဗတ္တိလက္ခဏံ ဇာတိ ဥပ္ပါဒေါ အဘိန-

---

၁။ ကလာပသမ္မသနဉာဏ် မြဲမြံတည်တံ့ခြင်းငှါ အခြင်းအရာ ၄၀-စသည့် နည်းများစွာ တို့ဖြင့်လည်း သုံးသပ်ရသောကြောင့် ကလာပသမ္မသန မည်သည်။

ဝါကာရော ဥဒယော နာမ။ ဝိပရိဏာမလက္ခဏံ ခယော ဘင်္ဂေါ ဝယော နာမ။

ဟူ၍ ခန္ဓာငါးပါးကို ရှုအပ်၏။

**ပစ္စုပ္ပန် ခန္ဓာငါးပါး၌ အဖြစ်အပျက်ရှုပုံ။** ။ဇာတဿ၊ ဖြစ်ဆဲသော။ ပစ္စုန္နဿ၊ သန္တတိပစ္စုပ္ပန် ခဏပစ္စုပ္ပန်ဖြစ်သော။

ပစ္စုပ္ပန္နံနာမ ဇာတံ ခဏတ္တယပရိယာပန္နန္တိ အတ္ထော။ တံ ပန အာဒိတော ဒုပ္ပရိဂ္ဂဟန္တိ သန္တတိပစ္စုပ္ပန္နဝသေန ဝိပဿနာဘိနိဝေသော ကာတဗ္ဗော။

ဋီကာ (မဟာ၊ဒု၊နှာ-၄၁၉)

**ဥဒယ မည်ပုံ။** ။ရူပဿ၊ နိပ္ဖန္နရုပ်၏။ နိဗ္ဗတ္တိလက္ခဏံ၊ ပေါ်စဖြစ်သော သင်္ခတ လက္ခဏာသည်။ ဇာတိ၊ ဖြစ်စ ဖြစ်သော ဝိကာရသည်။ ဥပ္ပါဒေါ၊ ထ စ ဖြစ်သော ဥပါဒ်သည်။ အဘိနဝါကာရော၊ ခုမှအသစ် ဖြစ်ပေါ်လာသော အသစ်သော အခြင်းအရာသည်။ ဥဒယောနာမ၊ ဥဒယ မည်၏။

**ဝယ မည်ပုံ။** ။ဝိပရိဏာမ လက္ခဏံ၊ဖောက်ပြန်ညွတ်တိမ်းခြင်း ဟူသော သင်္ခတ လက္ခဏာသည်။ ခယော၊ ကုန်ခန်း ချုပ်ပျောက်ခြင်းသည်။ ဘင်္ဂေါ၊ပျက်စီးခြင်းသည်။ ဝယောနာမ၊ ဝယ မည်၏။ ဤသို့ စသည်ဖြင့် အနက် သမ္ဗန်။

ပစ္စယတောဥဒယဝယ၏ ကျယ်ဝန်းခြင်းကြောင့် “နိဗ္ဗတ္တိလက္ခဏံ,ဝိပရိဏာမ လက္ခဏံ”ဟု ခဏတောဥဒယဗ္ဗယကိုသာ ဤ၌ အာဒိကမ္မိက အရာဖြစ်၍ ဆိုသည်မှတ်။

ထိုနောင် ‘ဇာတဿ စက္ခုနော ပစ္စုပ္ပန္နဿ’စသည်ဖြင့် ဘဝတိုင်အောင် ရှုအပ်၏။ ဇာတိ, ဇရာ,မရဏ တို့ကား နိဗ္ဗတ္တိ,ဋ္ဌိတိ,ဝိပရိဏာမ လက္ခဏာမျှ ဖြစ်၍ ‘ဇာတာယ ဇာတိယာ ပစ္စုပ္ပန္နာယ နိဗ္ဗတ္တိလက္ခဏံ ဝိပရိဏာမလက္ခဏံ’ စသည်ဖြင့် မသင့်ရကား မရှုသင့်ပြီ။

ထိုသို့ ရှုဖန်များလတ်သော် ဤ ရုပ်နာမ်တရားတို့သည် မဖြစ်ခင်လည်း အပုံအစု မရှိ။ ဖြစ်ဆဲအခါလည်း အပုံအစုမှလာသည် မဟုတ်။ ချုပ်ဆဲ အခါလည်း အရပ်တပါးသို့ သွားသည် မဟုတ်။ ချုပ်ပြီး၍လည်း တစုံတခုသော အရပ်၌ စုပုံ၍ မတည်ကုန်။

စောင်းသံသည် စောင်းခွက်,သားရေ,တီးခြင်းတို့ကို စွဲ၍ ရှေး၌ မဖြစ်ဘူးပဲ ဖြစ်လာသကဲ့သို့, ဖြစ်ပြီး၍ ပျက်စီးသကဲ့သို့—

ဓေဝံ သမ္ဘူပိ ရူပါ'ရူပိနော ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တိ[၁]။

ဓေဝံ တထာ၊ ထိုစောင်းသံ အတူ။ သမ္ဘူပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ရူပါ ရူပိနော ဓမ္မာ၊ ရုပ်,နာမ် တရားတို့သည်။ အဟုတွာ၊ ရှေး၌ မရှိကုန်ပဲ။ သမ္ဘောန္တိ၊ ယခုအသစ် ဖြစ်ပေါ်လာကုန်၏။ ဟုတွာ၊ ဖြစ်ကုန်ပြီး၍။ ပဋိဝေန္တိ၊ ခဏချက်ခြင်း ယိုယွင်းချုပ်ပျောက် ပျက်စီးခြင်းသို့ ရောက်ကုန်၏—

ဟု တပ်တပ် ထင်ထင် သိမြင်၏။

ဤသို့ အကျဉ်းအားဖြင့် ဥဒယဗ္ဗယကို ရှုပြီး၍—

## ဖြစ်,ပျက်ကို အကျယ်အားဖြင့် ရှုပုံ

**ရုပ်၌ ဥဒယဗ္ဗယလက္ခဏာ ၁၀-ပါး။**　။အဝိဇ္ဇာသမုဒယာ ရူပသမုဒယော။ တဏှာသမုဒယာ။ ကမ္မသမုဒယာ။ အာဟာရသမုဒယာ ရူပသမုဒယော။ နိဗ္ဗတ္တိလက္ခဏမ္ပိ ရူပဿ ဥဒယော။

အဝိဇ္ဇာနိရောဓာ ရူပနိရောဓော။ တဏှာနိရောဓာ ရူပနိရောဓော။ ကမ္မနိရောဓာ ရူပနိရောဓော။ အာဟာရနိရောဓာ ရူပနိရောဓော။ ဝိပရိ-ဏာမလက္ခဏမ္ပိ ရူပဿ ဝယော[၂]။

ဟူ၍ ပစ္စယတော ဥဒယ လေးပါး၊ ခဏတော ဥဒယ တပါး၊ ပေါင်း ဥဒယလက္ခဏာ ငါးပါး။ ထိုအတူ ပစ္စယတော ဝယ လေးပါး၊ ခဏတော ဝယ တပါး၊ ပေါင်း ဝယလက္ခဏာ ငါးပါး၊ ဤသို့လျှင် ရုပ်၌ ဥဒယဗ္ဗယလက္ခဏာ ဆယ်ပါးကို အကျယ်အားဖြင့် ရှုအပ်၏။

**နာမ်ခန္ဓာ ၄-ပါး၌ ဥဒယဗ္ဗယလက္ခဏာ ၁၀-ပါးစီ။**　။ဝေဒနာ, သညာ, သင်္ခါရ တို့မှာ 'ဖုဿော ဝေဒေတိ သဉ္ဇာနာတိ စေတေတိ။ စက္ခုသမ္ဖဿဇာ ဝေဒနာ,သညာ, စေတနာ....'စသည် ဖြင့် ဟောတော်မူသောကြောင့် အာဟာရအရာ၌ 'ဖဿသမုဒယာ။ ဖဿ နိရောဓာ'ဟု ဆိုအပ်၏။

ဝိညာဏ်မှာ 'နာမရူပပစ္စယာ ဝိညာဏံ။ နာမရူပပစ္စယာ သဠာယတနံ'ဟု ဟောတော် မူသောကြောင့် 'နာမရူပသမုဒယာ၊ နာမရူပနိရောဓာ'ဟု ဆိုအပ်၏။ အကြွင်းမှာ ရူပက္ခန္ဓာနှင့် နည်းတူ။ ပေါင်း ခန္ဓာငါးပါး၌ လက္ခဏာ ငါးဆယ်ကို အကျယ်အားဖြင့် ရှုအပ်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၆၆။　　၂။ ပဋိသမ္ဘိဒါမဂ်၊ပါဠိတော်၊ နှာ-၅၃။

ရုပ်၌ ဥဒယလက္ခဏာ ၅-ပါး။ ။အဝိဇ္ဇာသမုဒယာ၊ ရှေးဘဝ၌ အဝိဇ္ဇာဖြစ်၍ ပြီးခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာ ဖြစ်၍ နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

မဂ်ဖြင့် မပယ်ရသေးသည်ဖြစ်၍ ခန္ဓာအစဉ်၌ အဝိဇ္ဇာထင်ရှား ရှိခဲ့ဘူးသည်ကို 'အဝိဇ္ဇာသမုဒယာ' ဆိုသည်။

'အဝိဇ္ဇာသမုဒယာ'တိ အဝိဇ္ဇာယ ဥပ္ပါဒါ၊ အတ္ထိဘာဝါတိ အတ္ထော။ နိရောဓဝိရောဓီဟိ ဥပ္ပါဒေါ အတ္ထိဘာဝဝါစကောပိ ဟောတီတိ ဝုတ္တော ဝါယမတ္ထော၊ တသ္မာ ပုရိမဘဝသိဒ္ဓါယ အဝိဇ္ဇာယ သတိ ဣမသ္မိံ ဘဝေ ရူပဿ ဥပ္ပါဒေါ ဟောတီတိ အတ္ထော။ ဋီကာ (မဟာ၊ဒု၊နှာ-၄၂၀)။

တဏှာသမုဒယာ၊ ရှေးဘဝ၌ တဏှာဖြစ်၍ ပြီးခဲ့ခြင်းကြောင့်။ ကမ္မ-သမုဒယာ၊ ရှေးဘဝ၌ ကံဖြစ်၍ ပြီးခဲ့ခြင်းကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာ ဖြစ်၍နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ဤသုံးပါးကို ယူသဖြင့် အတိတ်ကာလ၌ ဖြစ်သော သဟကာရီကာရဏ ဖြစ်သော ဥပါဒါန်တို့ကိုလည်း ယူအပ်ကုန်၏။

အဝိဇ္ဇာဒီဟိ စ တီဟိ အတီတကာလိကာနိ တေသံ သဟကာရီ-ကာရဏဘူတာနိ ဥပါဒါနာဒီနိပိ ဂဟိတာနေဝါတိ ဒဋ္ဌဗ္ဗံ။

ဋီကာ (မဟာ၊ဒု၊နှာ-၄၂၁။)

အာဟာရသမုဒယာ၊ ကဗဠီကာရာဟာရ၏ ထင်ရှားရှိနေခြင်းကြောင့်။ ရူပသမုဒယော၊ ရူပက္ခန္ဓာဖြစ်၍ နေခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အာဟာရကိုသာ ယူခြင်းအကြောင်း။ ။ပစ္စုပ္ပန်အကြောင်း သုံးပါး[၁] တို့တွင် အာဟာရကိုသာ ယူသည်ကား ကာမဓာတ်၌ ကဗဠီကာရာဟာရသည် ဖြစ်ပေါ်လာသောရုပ်ကို ပွါးစေတတ်သော ကြောင့်တည်း။ တနည်းလည်း—ဥက္ကဋ္ဌနိဒ္ဒေသအားဖြင့် ယူသတည်း။ ယင်း ဥက္ကဋ္ဌဗလဝဖြစ်သော အာဟာရကို ယူသဖြင့် စိတ်,ဥတုတို့ကိုလည်း ယူအပ်ကုန်၏။ သို့မှ စတုဇရုပ် ပြည့်စုံသည်။

တသ္မိံ ပန ဂဟိတေ ပဝတ္တိပစ္စယတာသာမညေန ဥတု,စိတ္တာနိပိ ဂဟိတာနေဝ ဟောန္တီတိ စတုသမုဋ္ဌာနိကရူပဿ ပစ္စယတော ဥဒယဒဿနံ ဝိဘာဝိတမေဝါတိ ဒဋ္ဌဗ္ဗံ။ ဋီကာ(မဟာ၊ဒု၊နှာ-၄၂၁။)

---

၁။ ပစ္စုပ္ပန်အကြောင်း ၃-ပါး=စိတ်, ဥတု, အာဟာရ။

အတိတ်အကြောင်းအားဖြင့် ကမ္မဇရုပ်ဟူ၍သာ ရှိသည်။ အဝိဇ္ဇာဇရုပ်, တဏှာဇရုပ်ဟူ၍ မရှိဘဲလျက် အဘယ့်ကြောင့် 'အဝိဇ္ဇာသမုဒယာ, တဏှာ-သမုဒယာ ရူပသမုဒယော'ဟု ဆိုသနည်းဟူမူ—

အဝိဇ္ဇာတဏှုပနိဿယ သဟိတေနေဝ ကမ္မုနာ ရူပကာယဿ နိဗ္ဗတ္တိ။ အသတိ စ အဝိဇ္ဇုပနိဿယာယ ဘဝနိကန္တိယာ ဇာတိယာ အသမ္ဘဝေါဝေ[၁]။ ဋီကာ(မဟာ၊ဒု၊နှာ-၄၂၁။)

နိဗ္ဗတ္တိလက္ခဏမ္ပိ၊ ပေါ်စ ဖြစ်စ ဥပါဒ်စဖြစ်သော သင်္ခတလက္ခဏာသည်လည်း။ ရူပဿ၊ ရုပ်၏။ ဥဒယော၊ ဖြစ်ခြင်း မည်၏။

'နိဗ္ဗတ္တိလက္ခဏ'န္တိအာဒိနာ ကာလဝသေန ဥဒယဒဿနမာဟ။

ဋီကာ(၊ဒု၊နှာ-၄၂၁)

ဤကား—ရုပ်၌ ဥဒယလက္ခဏာငါးပါးတည်း။

ယင်းငါးပါး အထူးကား—

'ပဉ္စ လက္ခဏာနီ'တိ အဝိဇ္ဇာ, တဏှာ, ကမ္မံ,အာဟာရောတိ ဣမေသံ ပစ္စယာနံ အတ္ထိတာ သင်္ခတလက္ခဏာနိ စေဝ ရူပဿ နိဗ္ဗတ္တိလက္ခဏဉ္စာတိ ပဉ္စ လက္ခဏာနိ။ တေသံ အတ္ထိတာ ဟိ ရူပဿ ဥဒယော လက္ခီယတိ တေဟိတိ လက္ခဏာနီတိ ဝုစ္စန္တိ။ နိဗ္ဗတ္တိ ပန သင်္ခတလက္ခဏမေဝ။

(ဋီကာ၊ဒု၊နှာ-၄၂၁)

**ရုပ်၌ ဝယလက္ခဏာ ၅-ပါး။** ။အဝိဇ္ဇာနိရောဓာ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် နောင်မဖြစ်ပြန်လာ အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ အနာဂတ်ရုပ်၏ မဖြစ်လာပဲ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

ပစ္စယာဘာဝေ အဘာဝတော။ ဋီကာဟိတ်(မဟာ၊ဒု၊နှာ-၄၂၁။)

တဏှာနိရောဓာ၊ တဏှာ၏ချုပ်ခြင်းကြောင့်။ ကမ္မနိရောဓာ၊ ကံ၏ချုပ်ခြင်းကြောင့်။ အာဟာရနိရောဓာ၊ မစားမသောက်သဖြင့် အာဟာရ၏ မရှိခြင်းဟူသော ချုပ်ခြင်းကြောင့်။ ရူပနိရောဓော၊ မဖြစ်သေးသောရုပ်၏ မဖြစ်ပေါ်

၁။ ကံကြောင့် ရူပကာယ ဖြစ်သော်လည်း အားကြီးသော မှီရာဖြစ်သော အဝိဇ္ဇာ တဏှာနှင့် အတူတကွ ဖြစ်သောကံကြောင့်သာ ရူပကာယ ဖြစ်ရလေသည်။

မှန်၏၊ အဝိဇ္ဇာလျှင် အားကြီးသော မှီရာရှိ၍ ဘဝ၌ တွယ်တာ ကပ်ငြိ နှစ်သက်တတ်သော သဘောရှိသည့် တဏှာ မရှိလျှင် ဇာတိရုပ် မဖြစ်နိုင်။

ထို့ကြောင့် အဝိဇ္ဇာသမုဒယာ, တဏှာသမုဒယာ ရူပသမုဒယော ဟု ဆိုသည်။

လာဘဲ ချုပ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဝိပရိဏာမ လက္ခဏာမှ၊ ဖောက်ပြန် ပျက်စီးခြင်း ဘင်ဟူသော သင်္ခတလက္ခဏာသည်လည်း။ ရူပဿ၊ ရုပ်၏။ ဝယော၊ ပျက်ခြင်း မည်၏။

'ဝိပရိဏာမ လက္ခဏာ'န္တိ ဘင်္ဂကာလဝသေန တေသံ ဝယဒဿနံ'။
ဋီကာ (မဟာ၊ဒု၊နှာ-၄၂၁။)

ဤ ဝယလက္ခဏာငါးပါး၌ အဆုံးအဖြတ်ကား ဥဒယ လက္ခဏာနှင့် တူပြီ။ နာမ် ခန္ဓာတို့၌လည်း နည်းတူ သမွန်။

ဤသို့လျှင် ရှေးဦးစွာကပင် အစွန့်အားဖြင့် ဥဒယဗ္ဗယကို မြင်ပြီး၍ တည်သော ယောဂီပုဂ္ဂိုလ်သည် ဤယခုအခါ၌ အတိတ်စသော ကာလဝိဘာဂကို မသုံးသပ်မူ၍ သဗ္ဗသာခါရဏ အဝိဇ္ဇာ စသော ပစ္စယအားဖြင့် သန္တတိပစ္စုပ္ပန် ဖြစ်သော ပစ္စယတော ဥဒယဗ္ဗယကို မြင်၍ အစဉ်အတိုင်း ဘာဝနာ အားရှိခြင်းသို့ ရောက်သောအခါ ဝိပဿနာဉာဏ် ထက်သန် သန့်ရှင်းသည် ဖြစ်၍ ခဏတော ဥဒယဗ္ဗယကိုလည်း ထင်ရှားစွာ မြင်၏။ ခဏတိုင်း ခဏတိုင်း ဖြစ်၍ ဖြစ်၍ ပျက်ကုန်သော ရုပ်,နာမ်တရားတို့၏ ဥဒယဗ္ဗယကို 'ဧဝမ္ပိ ရူပဿ ဥဒယော၊ ဧဝမ္ပိ ရူပဿ ဝယော'ဟူ၍ ပစ္စယအားဖြင့်၎င်း၊ 'ဧဝမ္ပိ ရူပံ ဥဒေတိ၊ ဧဝမ္ပိ ရူပံ ဝေတိ'ဟူ၍ ခဏအားဖြင့်၎င်း၊ ထိုအတူ 'ဧဝမ္ပိ ဝေဒနာယ။ သညာယ။ သင်္ခါရာနံ။ ဝိညာဏဿ ဥဒယော၊ ဧဝမ္ပိ ဝိညာဏဿ ဝယော။ ဧဝမ္ပိ ဝိညာဏံ ဥဒေတိ၊ ဧဝမ္ပိ ဝိညာဏံ ဝေတိ' ဟူ၍၎င်း အကျယ်အားဖြင့် ရှု၏၊ နှလုံးသွင်း၍နေ၏။

ဧဝမ္ပိ၊ ဤသို့သော အဝိဇ္ဇာ စသည် ထင်ရှားရှိခြင်း ဟူသော အကြောင်းကြောင့်လည်း။ ရူပဿ၊ ရုပ်၏။ ဥဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝမ္ပိ၊ ဤသို့သော အဝိဇ္ဇာ စသည် ထင်ရှားမရှိခြင်း ဟူသော အကြောင်းကြောင့်လည်း။ ရူပဿ၊ ရုပ်၏။ ဝယော၊ ပျက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဧဝမ္ပိ၊ ဤသို့သော နိဗ္ဗတ္တိ လက္ခဏာအားဖြင့်လည်း။ ရူပံ၊ ရုပ်သည်။ ဥဒေတိ၊ ဖြစ်၏။ ဧဝမ္ပိ၊ ဤသို့ ဝိပရိဏာမ လက္ခဏာ အားဖြင့်လည်း။ ရူပံ၊ ရုပ်သည်။ ဝေတိ၊ ပျက်၏။ ဤကား အနက်။

အယံ ဟိ ပဌမံ ပစ္စယတော ဥဒယဗ္ဗယံ မနသိကရောန္တော အဝိဇ္ဇာဒိကေ ပစ္စယဓမ္မေ ဝိသဇ္ဇေတွာ ဥဒယဗ္ဗယဝန္တေ ခန္ဓေ ဂဟေတွာ တေသံ ပစ္စယတော ဥဒယဗ္ဗယဒဿနမုခေန ခဏတောပိ ဥဒယဗ္ဗယံ မနသိကရောတိ။ တဿ ယဒါ ဉာဏံ တိက္ခံ ဝိသဒံ ဟုတွာ ပဝတ္တတိ။ တဒါ ရူပါရူပဓမ္မာ ခဏေ ခဏေ ဥပ္ပဇ္ဇန္တာ ဘိဇ္ဇန္တာ စ ဟုတွာ ဥပဋ္ဌဟန္တိ။ တေန ဝုတ္တံ 'ဧဝမ္ပိ ရူပဿ ဥဒယော'တိအာဒိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၂၂။)

ဤသို့လျှင် ရှေးဦးစွာ ပစ္စုပ္ပန် ရုပ်နာမ် တရားတို့၏ ဥဒယဗ္ဗယကို မြင်ပြီး၍

"ဣတိ ကိရိမေ ဓမ္မာ အဟုတွာ သမ္ဘောန္တိ၊ ဟုတွာ ပဋိဝေန္တီ"။

ဣတိ ဧဝံ၊ ဤသို့သော နည်းဖြင့်။ ဣမေ ဓမ္မာ၊ ဤ ရုပ်နာမ် တရား တို့သည်။ အဟုတွာ၊ ရှေး၌ မဖြစ်ဘူးကုန်ပဲ။ သမ္ဘောန္တိ ကိရ၊ အတိတ် အနာဂတ်၌လည်း ဖြစ်ကုန်သတတ်။ ဟုတွာ၊ ဖြစ်ကုန်ပြီး၍။ ပဋိဝေန္တိ ကိရ၊ အတိတ်အနာဂတ်၌လည်း ချုပ်ပျောက်ပျက်စီးကုန်သတတ်—ဟု အတိတ်, အနာဂတ်၌လည်း နည်းယူဆောင်သွင်း၏။ အလွန်အကြူး အထူးဉာဏ် သန့်ရှင်းစင်ကြယ်၏။

**ဥဒယဗ္ဗယဉာဏ် ရင့်သန်လျှင် ထင်ရှားလာသော တရားများ။**　　။ဤ သို့ လျှင် ပစ္စယ, ခဏ နှစ်ဝသော အခြင်းအရာဖြင့် ဥဒယဗ္ဗယကို ထင်ထင်ရှားရှား မြင်သော ယောဂီ ပုဂ္ဂိုလ်အား လောကိယဉာဏ် အားဖြင့်ပင် သစ္စာလေးပါး၊ အနုလုံ စသော ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္နတရား၊ ဧကတ္တ, နာနတ္တ, အဗျာပါရ, ဧဝံဓမ္မတာဟူသော နည်း လေးပါး[၁]၊ လက္ခဏာရေး သုံးပါး အပြားတို့သည် ထင်ရှား လာကုန်၏။ အဘယ်သို့ ထင်ရှားကုန်သနည်း ဟူမူ—

ပစ္စယတော ဥဒယဒဿနဖြင့် သမုဒယသစ္စာ ထင်ရှား၏။

ပစ္စယတော ဝယဒဿနဖြင့် နိရောဓသစ္စာ ထင်ရှား၏။

ခဏတော ဥဒယဗ္ဗယဒဿနဖြင့် ဒုက္ခသစ္စာ ထင်ရှား၏။

ယင်း ဥဒယဗ္ဗယဒဿနဉာဏ် ပြဓာန်းသော မဂ္ဂင်တရားအစုသည် လောကိယ မဂ်ဖြစ်၍ မဂ္ဂသစ္စာ ထင်ရှား၏။

ပစ္စယတော ဥဒယဒဿနဖြင့် အနုလောမ ပဋိစ္စသမုပ္ပါဒ် ထင်ရှား၏။

ပစ္စယတော ဝယဒဿနဖြင့် ပဋိလောမ ပဋိစ္စသမုပ္ပါဒ် ထင်ရှား၏။

ခဏတော ဥဒယဗ္ဗယဒဿနဖြင့် ပဋိစ္စသမုပ္ပန္န ထင်ရှား၏။

ပစ္စယတော ဥဒယဒဿနဖြင့် ဧကတ္တနည်း ထင်ရှား၏။ 'အထ သုဋ္ဌုတရံ ဥဇ္ဇောဒိဋ္ဌိ ပဇဟတိ[၂]'။

---

၁။ နည်း ၄-ပါး။ ဘောဒနီ၊ ပ-တွဲ၊ နှာ-၃၇၂-ကြည့်။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၂၀။

၂။ အထ၊ အဖြစ်ကိုမြင်သော ထိုအခါ၌။ ဥစ္ဆေဒဒိဋ္ဌိံ၊ ဥစ္ဆေဒဒိဋ္ဌိကို။ သုဋ္ဌုတရံ၊ အလွန် ကောင်းစွာ။ ပဇဟတိ၊ စွန့်ခွါ၏။ (အခြား အပိုဒ်များကို ဤနည်းတူ အနက်ပြန်ပါလေ။)

ခဏတော ဥဒယဒဿနဖြင့် နာနတ္တနည်း ထင်ရှား၏။ 'အထ သုဋ္ဌုတရံ သဿတဒိဋ္ဌိံ ပဇဟတိ'။

ပစ္စယတော ဥဒယဗ္ဗယဒဿနဖြင့် အဗျာပါရနည်း ထင်ရှား၏။ 'အထ သုဋ္ဌုတရံ အတ္တဒိဋ္ဌိံ ပဇဟတိ'။

ပစ္စယတော ဥဒယဒဿနဖြင့် ဧဝံဓမ္မတာနည်းလည်း ထင်ရှား၏။ 'အထ သုဋ္ဌုတရံ အကိရိယဒိဋ္ဌိံ ပဇဟတိ'။

ပစ္စယတော ဥဒယဝယဒဿနဖြင့် အနတ္တလက္ခဏာ ထင်ရှား၏။

ခဏတော ဥဒယဗ္ဗယကို မြင်သဖြင့် အနိစ္စ ဒုက္ခ လက္ခဏာ ထင်ရှား၏။

ပထဝီ, ဖဿ စသည်တို့၏ ကက္ခဠ, ဖုသန စသော သဘာဝ လက္ခဏာလည်း ထင်ရှား၏။

သင်္ခတ လက္ခဏာ၏ တာဝကာလိက တိုလှသော အဖြစ်လည်း ထင်ရှား၏။

ဤ၌ ဥဒယဗ္ဗယသာ လာသည်။ ဋီမရှိသောကြောင့်လော ဟူမှု—

ဥဒယဝယ မတ္တဂ္ဂဟဏဋ္ဌေတ္ထ ဥဒယဗ္ဗယ ဒဿနဝသေနေဝ ဣမဿ ဉာဏဿ ပဝတ္တနတော။ န ဋီတိက္ခဏဿ အဘာဝါ။ ဋီကာ (ဒု၊နှာ-၄၂၆။)

ဤသို့လျှင် ထင်ရှားပြီးသော သစ္စ, ပဋိစ္စသမုပ္ပါဒ, ပဋိစ္စသမုပ္ပန္န, နယ, လက္ခဏာ အပြားရှိသော ယောဂီပုဂ္ဂိုလ်အား—

အနုပ္ပန္နာ ဥပ္ပဇ္ဇန္တိ၊ ဥပ္ပန္နာ စ နိရုဇ္ဈရေ။
နိစ္စံ နဝါ'ဝ သင်္ခါရာ၊ ဒီပဇာလသမူပမာ။

ဒကေ ရာဇိဗုဗ္ဗုဠဋ္ဌော'ဝ၊ ဥဿာဝေါ ဝိယ သူရိယေ။
အာရဂ္ဂေ သာသပေါ ဝိဇ္ဇု-ပ္ပါဒေါ'ဝ တာဝကာလိကာ။

မာယာ မရီစိ ဂန္ဓဗ္ဗ-နဂရံ သုပိနန္တကံ။
ဖေဏကာ'လာတစက္ကံ'ဝ၊ အသာရာ ကဒလီ ယထာ။

သင်္ဂဟာ[၁]

သင်္ခါရာ၊ ရုပ်နာမ်သင်္ခါရတို့သည်။ အနုပ္ပန္နာ ဝေ၊ ရှေး၌မဖြစ်ဘူးကုန်ပဲ သာလျှင်။ ဥပ္ပဇ္ဇန္တိ၊ ယခုအသစ် ဖြစ်လာကုန်၏။ ဥပ္ပန္နာစ၊ ဖြစ်ကုန်ပြီး၍လည်း။ နိရုဇ္ဈရေ၊ ခဏချက်ခြင်း ချုပ်ကင်းပျောက်ပျက်ကုန်၏။ နိစ္စံ နဝါဝေ၊ အမြဲ

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၆၇-၂၆၉-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

အသစ် အသစ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒီပဇာလသမူပမာ၊ ဆီမီးလျှံတမူ တူသော ဥပမာ ရှိကုန်၏။

ဒကေ၊ ရေအပြင်၌။ ရာဇိ ဝိယ၊ အရေးအသားကဲ့သို့ရင်း။ ဗုဗ္ဗုဠ္ဌေ ဝိယစ၊ ရေပြွက်ကဲ့သို့ရင်း။ သူရိယေ၊ နေထွက်သောအခါ၌။ ဥဿာဝေါ ဝိယ၊ မြက်ဖျား၌ ရောက် ဆီးနှင်းပေါက်ကဲ့သို့ရင်း။ အာရဂ္ဂေ၊ အပ်ဖျား ပွတ်ဆောက်ဖျား၌။ သာသပေါ ဝိယ၊ မုန်ညင်းစေ့ကဲ့သို့ရင်း။ ဝိဇ္ဇုပ္ပါဒေ ဣဝ၊ လျှပ်စစ်၏ဖြစ်ခြင်းကဲ့သို့ ရင်း။ တာဝကာလိကာ၊ နည်းငယ်တိုလျှ တခဏမျှ တည်ကုန်၏။

မာယာ ဣဝ၊ မျက်လှည့်ရုပ်ကဲ့သို့ရင်း။မရီစိ ဣဝ၊ တံလျှပ်ကဲ့သို့ရင်း။ဂန္ဓဗ္ဗနဂရံ ဣဝ၊ မြူးထူးကစားချင်၍ ကောင်းကင်၌ ဖန်ဆင်းအပ်သော ဂန္ဓဗ္ဗနတ်မြို့ကဲ့သို့ ရင်း။ သုပိနန္တကံ၊ အိပ်မက်တွင်မြင်မက်သော စည်းစိမ်ကဲ့သို့ရင်း။ ဖေဏကံ ဣဝ၊ ရေမြှုပ်စိုင်ကဲ့သို့ရင်း။ အလာတ စက္ကံ ဣဝ၊ မီးစက်ဝိုင်းကဲ့သို့ရင်း။ကဒလီယထာ၊ ငှက်ပျောတုံးကဲ့သို့ရင်း။ အသာရာ၊ အနှစ်မရှိကုန်။

ဤသို့ ထင်လာကုန်၏။

ထိုအခါ ဥဒယဗ္ဗယာနုပဿနာဟူသော တရုဏဝိပဿနာဉာဏ်ကိုရ၍ အာရဒ္ဓ-ဝိပဿကပုဂ္ဂိုလ်[၁]ဟူသော အရေအတွက်သို့ ရောက်ပြီးမှတ်။

> ဧတ္တာဝတာနေန 'ဝယဓမ္မမေဝ ဥပ္ပဇ္ဇတိ၊ ဥပ္ပန္နဉ္စ ဝယံ ဥပေတီ'တိ ဣမိနာကာရေန သမပညာသလက္ခဏာနိ ပဋိဝိဇ္ဈိတွာ ဌိတံ ဥဒယဗ္ဗယာနု-ပဿနံ နာမ တရုဏဝိပဿနာဉာဏံ အဓိဂတံ ဟောတိ။ ယဿာဓိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ချံ ဂစ္ဆတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိမဂ်၊ဒု၊နှာ-၂၆၉)
>
> 'ဧတ္တာဝတာ'တိ ယွာယံ 'ဇာတံ ရူပံ ပစ္စုပ္ပန္န'န္တိ အာဒိ ပါဠိနယာနုသာ-ရေန 'ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္န'န္တိ အာဒိ ပါဠိနယာနုသာရေန ဝါ ယာဝ ဥဒယဝယပ္ပဋိဝေဓာ ဘာဝနာဝိဓိ အာရဒ္ဓေါ၊ ဧတ္တာဝတာ။
>
> 'ဣမိနာကာရေနာ'တိ 'ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မ'န္တိ ဟိ ဝုတ္တံ။ တသ္မာ ဝယံ အနာလမ္ဗိတွာပိ 'ဝယဓမ္မမေဝ ဥပ္ပဇ္ဇတီ'တိ ဥဒယဿ 'ဥပ္ပန္နဉ္စ ဣဒံ ဝယံ ဥပေတီ'တိ ဝယဿ စ ဣမိနာ ယထာဝုတ္တေန ပစ္စက္ခ-ကရဏာကာရေန။ အစုနာ ဥပ္ပန္နံ၊ န တာဝ ဗလပ္ပတ္တန္တိ အာဟ 'တရုဏ-ဝိပဿနာ ဉာဏ'န္တိ။ ကလာပသမ္မသနာဒိဝသေန ပဝတ္တံ သမ္မသနံ န နိပ္ပရိယာယေန ဝိပဿနာသမညံ လဘတိ။ ဥဒယဗ္ဗယာနုပဿနာဒိဝသေန

---

၁။ အာရဒ္ဓဝိပဿကပုဂ္ဂိုလ်=(အာရဒ္ဓ=အားထုတ်ခြင်း)ဝိပဿနာအားထုတ်နေသော ပုဂ္ဂိုလ်။

ပဝတ္တမေဝ လဘတီတိ အာဟ 'ယဿာဝိဂမာ အာရဒ္ဓဝိပဿကောတိ သင်္ချံ ဂစ္ဆတီ'တိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၂၆,၄၂၇)

**ဝိပဿနုပက္ကိလေသ ၁၀-ပါး။** ။ထိုသို့ ဥဒယဗ္ဗယာနုပဿနာဟူသော တရုဏ-ဝိပဿနာဉာဏ်ကို ရစအခါ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့အား ဖြစ်မြဲဓမ္မတာဖြစ်သော 'ဒိဋ္ဌိဂါဟ'စသည်တို့၏ အကြောင်းဖြစ်သော—

> ဩဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။
> သုခံ ဉာဏမုပဋ္ဌာန-မုပေက္ခာ စ နိကန္တိ စ။

ဟူသော ဝိပဿနုပက္ကိလေသ ဝိပဿနာ၏ ညစ်ငြူးကြောင်း အညစ်အကြေး ဆယ်ပါး ဖြစ်လာ၏။

**ဩဘာသ။** ။ထိုတွင် တင်ပျဉ်ခွေတွင်း,ခန်းတွင်း,ခန်းပြင် မှစ၍ အကနိဋ္ဌပြဟ္မာ့ပြည်တိုင်အောင် ဉာဏ်အားလျော်စွာ တပြိုင်နက် ထွန်းလင်းနိုင်သော မိမိသာ မြင်ရသော ဝိပဿနာ ဉာဏ်ကြောင့်ဖြစ်သော စိတ္တောတုသမုဋ္ဌာန် ဖြစ်သော ကိုယ်ရောင်ခြည်အလင်းသည် ဩဘာသ မည်၏။ ဘုရားလောင်း၏ ကိုယ်ရောင်သည်ကား စကြဝဠာတသောင်း လင်း၏။ ထိုဩဘာသ နှင့် ရာအရပ် အတွင်း၌ အဆင်းတို့သည် ဒိဗ္ဗစက္ခု အဘိညာအားကဲ့သို့ မနောဒွါရိက ဝိညာဏ် အား ထင်လာကုန်၏။ ထိုဩဘာသကို ဩဘာသ-ဟု မသိသောကြောင့်'ငါအား ဤကဲ့သို့သော ဝိပဿနာ ဘိရတိ သည် ရှေး၌ မဖြစ်ဘူးပါတကား'ဟု ဩဘာသ သို့သာ စိတ်သွားလျက် ယေဘုယျအားဖြင့် အဘိညာရသော ဈာနလာဘီ ပုဂ္ဂိုလ်သည် ဩဘာသကို နိဗ္ဗာန်-ဟု မှတ်ထင်၍ ဩဘာသလျှင် အာရုံရှိသော သိမ်မွေ့လှစွာသော ဥဒ္ဓစ္စသဟဂုတ် မောဟမူ,လောဘမူ စိတ္တုပ္ပါဒ်ကို မဂ်ဖိုလ်-ဟု မှတ်မှား၍ ဓမ္မဒိန္န မထေရ်၏ဆရာ မဟာနာဂမထေရ်[၁]အလားကဲ့သို့ တုန်လှုပ် တတ်၏။ မာလိန်တိုင်ဖျား၌ နားလာသော ဝင်းဝင်းလုံးလုံး ပင်လယ်စုန်းကို စုန်းမှန်းမသိသောကြောင့် ဝမ်းမြောက်သာယာမိသော သင်္ဘောသားအားလုံး ပြုန်းတီးပျက်ပြားသကဲ့သို့ ဝိပဿနာ လမ်းမှားတတ်သည်။

**ပီတိ။** ။ကိုယ်လုံးပြည့်လျှမ်း ဆီထိသော ဝါဂွမ်းပမာ ဝိပဿနာဉာဏ်နှင့် ယှဉ်၍ အစဉ်အတိုင်းဖြစ်သော ခုဒ္ဒိကာ, ခဏိကာ, ဩက္ကန္တိကာ, ဥဗ္ဗေဂါ, ဖရဏာအားဖြင့် ငါးပါးသော ပီတိသည် ပီတိ မည်၏။ မတ္တကပ္ပတ္တိအခါ၌ကား ဖရဏာပီတိသာ ဖြစ်၏။

---

၁။ မဟာနာဂ မထေရ်အကြောင်း။ နောက်ဆက်တွဲကြည့်။ ဝိသုဒ္ဓိဋ္ဌ၊ဒု၊နှာ-၂၇၀-၂။

မတ္တကပ္ပတ္တေန ပန ဥဒယဗ္ဗယဉာဏေန သဒ္ဓိံ ဖရဏာပီတိ ယေဝ ဟောတိ။ ဥပစာရပ္ပနာက္ခဏတော အညဒါပိ ဟိ ဖရဏာပီတိ ဟောတိယေဝ။

ဋီကာ (မဟာ၊ဒု၊နှာ-၄၃၀)

ပဿဒ္ဓိ။ ။လဟုတာ စသည် ခြံရံအပ်သော ဝိပဿနာဉာဏ်နှင့် တကွ ဖြစ်သော ကိုယ်စိတ်၏ အလွန်ငြိမ်းချမ်းခြင်းသည် ပဿဒ္ဓိ မည်၏။ ဤ သပရိဝါရ ဖြစ်သော ပဿဒ္ဓိသည် ချီးမြှောက်အပ်သောစိတ် ရှိရကား ထိုဓာဇ္ဈ လူနတ်တို့၏ ချမ်းသာ 'ကာမရတိ' ထက် လွန်မြတ်သော ဓမ္မရတိကို ခံစားရ၏။ ဤကိုရည်၍—

သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာ ဓမ္မံ ဝိပဿတော။

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတီ ပီတိပါမောဇ္ဇံ၊ အမတန္တံ ဝိဇာနတံ[၂]။

ဟု ဟောတော်မူသည်။

သုညာဂါရံ၊ ဆိတ်ငြိမ်ရာကျောင်းသို့။ ဝါ၊ နိစ္စာဘာဝ စသည် ကင်းဆိတ် ယောဂီသုခ၏ နိဿယဖြစ်သော ဝိပဿနာသို့—

'သုညာဂါရ'န္တိ ယံကိဉ္စိ ဝိဝိတ္တံ ဌာနာသနံ၊ ဝိပဿနံ ဧဝ ဝါ။ သာပိ ဟိ နိစ္စာဘာဝါဒိ သုညတာယ, ယောဂိနော သုခသန္နိဿယတာယ စ 'သုညာဂါရ'န္တိ ဝတ္တဗ္ဗတံ လဘတိ။ ဋီကာ(မဟာ၊ဒု၊နှာ-၄၃၁)

ပဝိဋ္ဌဿ၊ ဝင်ပြီးသော။ သန္တစိတ္တဿ၊ တည်ကြည်ငြိမ်သက် မလောက် လက်သော စိတ်ရှိသော။ သမ္မာ၊ အသင့်အားဖြင့်။ ဓမ္မံ၊ ရုပ်နာမ်တရားကို။ ဝိပဿတော၊ ဥဒယဗ္ဗယာနုပဿနာ စသည်တို့၏ အစွမ်းဖြင့် ရှုသော။ ဘိက္ခုနော၊ သံသရာဘေးကို ရှုသောယောဂီအား။ အမာနုသီ၊ ဝိပဿနာကို အားမထုတ်သူ လူတို့အရာ မဟုတ်သော။ ရတိ၊ ဝိပဿနာပီတိသုခဟူသော မွေ့လျော်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

မနုဿာနံ အယန္တိ မာနုသီ။ မနုဿယောဂ္ဂါ ကာမသုခရတိ။ တာဒိသေဟိ မနုဿဝိသေသေဟိ အနုဘဝိတဗ္ဗတာနတိဝတ္တနတော ဒိဗ္ဗာ ရတိပိ သင်္ဂဟိတာ။ မာနုသီသဒိသတာယ ကာမသုခဘာဝေန ဒိဗ္ဗရတိပိ ဝါ။ တဿာ အတိက္ကန္တတာယ န မာနုသီတိ အမာနုသီ။

ဋီကာ(မဟာ၊ဒု၊နှာ-၄၃၀)

---

၂။ ဓမ္မပဒ၊နှာ-၆၇။

ယတောယတော၊အကြောင်းအကြောင်း နာမမုခ,ရူပမုခ[၁]တပါးပါးဖြင့်။ခန္ဓာနံ၊ခန္ဓာတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ သမ္မသတိ၊ သုံးသပ်ဆင်ခြင်၏။ အမတံ၊ အမြိုက်နိဗ္ဗာန်ကို။ ဝိဇာနတံ၊ သိကုန်သော အရိယာသူမြတ်တို့၏။ ယံ ပီတိ-ပါမောဇ္ဇံ၊ အကြောင်နှစ်သက် ဝမ်းမြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံတာဒိသံ၊ ထိုအရိယာတို့၏ ပီတိ ပါမောဇ္ဇနှင့်တူသော။ ပီတိ ပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ တတောတတော၊ ထိုထိုမုခအားဖြင့်။ လဘတိ၊ ရ၏။ ဝါ-ဝိဇာနတံ၊ သိကုန်သော အရိယာသူမြတ်တို့၏။ အမတန္တံ၊ နိဗ္ဗာန် အဆုံးရှိသော၊ ပီတိ ပါမောဇ္ဇံ၊ နှစ်သက်ဝမ်းမြောက်ခြင်းကို။ တတော တတော၊ ထိုထိုမုခမှ။ လဘတိ၊ ရ၏။

အဓိမောက္ခ။ ။ဝိပဿနာနှင့်ယှဉ်သော အလွန်လျှင် အားရှိသော ပသာဒ သဒ္ဓါတရားသည် အဓိမောက္ခ မည်၏။

ပဂ္ဂဟ။ ။အသိထိလ အနစ္စာရဒ္ဓ သုပဂ္ဂဟိတ[၂]ဝီရိယသည် ပဂ္ဂဟ မည်၏။

သုခ။ ။ကိုယ်လုံးစိုစွတ် အလွန်မြတ်ထွတ်သော ချမ်းသာခြင်းသည် သုခ မည်၏။

ဉာဏ။ ။သိကြားရွယ်ချိန် ဝဇီရစိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ထက်မြက် သန့်ရှင်းဖောက်ထွင်းနိုင်သော ပညာသည် ဉာဏ် မည်၏။

ဥပဋ္ဌာန။ ။ကျောက်ဖျာ၌ရေးသော အရေးအသွင် အလွန်ထင်မြင်သော မြင်းမိုရ်တောင်အလား လှုပ်ရှားခြင်းမရှိသော သတိသည် ဥပဋ္ဌာန မည်၏။

ဥပေက္ခာ။ ။သိကြားပစ်လွှတ်အပ်သော ဝဇီရစိန်အလား, ရဲရဲတောက်သော သံမြားကဲ့သို့ ဥဒယဗ္ဗယတရားတို့၌ လျစ်လျူဖြစ်သော ဝိပဿနု-ပေက္ခာ အာဝဇ္ဇနုပေက္ခာ နှစ်ပါးသည် ဥပေက္ခာ မည်၏။

ဝိစိနိတဝိသယတ္တာ သင်္ခါရာနံ ဝိစိနနေ မဇ္ဈတ္တဘာဝေန ဌိတာ ဝိပဿနု-ပေက္ခာ။ သာ ပန အတ္ထတော တထာ ပဝတ္တာ တတြမဇ္ဈတ္တုပေက္ခာဝ။ မနောဒွါရာဝဇ္ဇနသမ္ပယုတ္တာ စေတနာ အာဝဇ္ဇနေ အဇ္ဈုပေက္ခနဝသေန ပဝတ္တိယာ အာဝဇ္ဇနုပေက္ခာတိ ဝုတ္တာ။ဥဒယဗ္ဗယာနံ သုဋ္ဌုတရံ ဥပဋ္ဌာနတော

---

၁။ နာမမုခ=နာမ်ကိုသိမ်းဆည်းသောနည်း(မုခ=နည်း,အကြောင်း)။

၂။ အ သိထိလ=(အ+သိထိလ၊ လျော့ခြင်း) မလျော့ခြင်း။ အနစ္စာရဒ္ဓ=(န+အတိ +အာရဒ္ဓ)အားမထုတ်လွန်း။အသိထိလ-အနစ္စာရဒ္ဓ=မလျော့လွန်း မတင်းလွန်းသော(ဝီရိယ)။ သုပဂ္ဂဟိတ=ကောင်းစွာ ချီးပင့်အပ်သော။

တဒနုပဿနာယံ မဇ္ဈတ္တဘူတာ ဉာဏဝိပဿနုပေက္ခာ နာမ။အာဝဇ္ဇနာယ ဉာဏ်သန္တ-ဝဇိရတတ္တနာရာစသဒိသတာ သူရတိက္ခဘာဝေါ စ သဗ္ဗညုတဉာဏပုရေစရဝိယ တဒနုစရဉာဏဿ တထာဘာဝေန ဒဋ္ဌဗ္ဗာ။ဋီကာ (မဟာ၊ဒု၊နှာ-၄၃၂)

ဉာဏ်သန္တဝဇိရတတ္တနာရာစသဒိသတာ၊ သိကြားမင်း၏ ဝဇိရစိန်လက်နက် ရဲရဲတောက်သော သံမြားတို့နှင့် တူသည်၏ အဖြစ်ကိုဋင်း–ဟု အနက်ပေး။

**နိကန္တိ။**　။ကိလေသာဟူ၍ပင် မသိနိုင်ရာ လွန်စွာသိမ်မွေ့သော ဝိပဿနာ၌ တွယ်တာငဲ့ကွက် နှစ်သက်တပ်စွန်းသော တဏှာသည် နိကန္တိမည်၏။

**ဥပက္ကိလေသတရား။**　။ဤ ပီတိစသော ကိုးပါးဖြစ်ရာ၌လည်း ဩဘာသဖြစ်ရာ၌ကဲ့သို့ ပီတိ စသည်ကို မဂ်ဖိုလ်ဟု ထင်မှား၍ ဝိပဿနာ လမ်းလွဲတတ်သည်။ ဤဩဘာသစသော ဆယ်ပါးတို့သည် ဒိဋ္ဌိ,မာန, တဏှာဟူသော ဥပက္ကိလေသ သုံးပါးတို့၏ တည်ရာ အာရုံအကြောင်းဝတ္ထုဖြစ်သောကြောင့် ဥပက္ကိလေသ မည်ကုန်၏။

ထိုတွင် နိကန္တိကား မိမိလည်း ဥပက္ကိလေသဖြစ်၍ ဥပက္ကိလေသ မည်၏။ ဥပက္ကိလေသဝတ္ထုလည်း မည်၏။

**ဂါဟ ၃ ပါး။**　။မမ ဩဘာသော ဥပ္ပန္နော=ငါ၏အရောင်အလင်း–စသည်ဖြင့် စွဲလမ်းခြင်းသည် ဒိဋ္ဌိဂါဟ မည်၏။ 'မနာပေါ ဝတ ဩဘာသော ဥပ္ပန္နော'=နှစ်သက်စဘွယ် တင့်တယ် ကောင်းမြတ်သော ဩဘာသကို ဖြစ်စေနိုင်သည်တကား—စသည်ဖြင့် ထောင်လွှားစွဲလမ်းခြင်းသည် မာနဂါဟ မည်၏။ ဩဘာသစသည်ကို သာယာ တပ်မက်ခြင်းသည် တဏှာဂါဟ မည်၏။

ဤ ဂါဟ သုံးပါးဖြင့် မြောက်ပွါးမှုကား ဥပက္ကိလေသ သုံးဆယ်ဖြစ်၏။

ဤသို့ ဩဘာသ စသော ဝိပဿနာဥပက္ကိလေသ ဆယ်ပါး ဖြစ်လာလျှင် မလိမ္မာသော ယောဂီသည် "ဧတံ မမ၊ ဧသော ဟမသ္မိ၊ ဧသော မေ အတ္တာ"ဟု တဏှာ,မာန,ဒိဋ္ဌိဖြင့် ရှု၍ တုန်လှုပ် ပျံ့လွင့်တတ်၏။

**မဂ္ဂ,အမဂ္ဂကို ပိုင်းခြားသိပုံ။**　။လိမ္မာမြင်သိ ပညာရှိသောယောဂီသည်ကား–

အယံ ခေါ သော မေ ဩဘာသော ဥပ္ပန္နော။ သော ခေါ ပနာယံ အနိစ္စော သင်္ခတော ပဋိစ္စသမုပ္ပန္နော ခယဓမ္မော ဝယဓမ္မော ဝိရာဂဓမ္မော နိရောဓဓမ္မော—ဟူ၍သော်ဋင်း။

အယံ ခေါ ဩဘာသော ဥပ္ပါဒဝယဝတ္တိတော။ပ။ အတ္တပဋိက္ခေပတော စ အနတ္တာ။ ယံ တေသ္မိံ သမ္မသနေ အနိစ္စံ, ဒုက္ခံ, အနတ္တာတိ ပဝတ္တံ စိတ္တံ၊ တမ္ပိ အနိစ္စံ, ဒုက္ခံ, အနတ္တာ—

စသည်ဖြင့် အရူပသတ္တကဌ် ပြခဲ့ပြီးသည့်အတိုင်းသော်ငှင်း ဆင်ခြင် သုံးသပ်လျက် ဥပက္ကိလေသ ဆယ်ပါးတို့၌ "နေတံ မမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ"ဟူသော ဂါဟသုံးမည် အရှုပ် အထွေးကို ဖြေဥ်လျက် ဩဘာသ စသည်သည် လမ်းမှန်မဟုတ်၊ ဝိပဿနာ၏ ညစ်ငြူးကြောင်း ဘေးရန်သာတည်း၊ ဥပက္ကိလေသမှ လွတ်၍ လမ်းမှန်သော ဝီထိပ္ပဋိပန္န ဝိပဿနာဉာဏ်သည်သာလျှင် အရိယမဂ်၏ ရှေးအဘို့ဖြစ်သော ပုဗ္ဗဘာဂမဂ်တည်း၊ လမ်းမှန်တည်း၊ အကြောင်းတည်းဟု မဂ္ဂ အမဂ္ဂကို ပိုင်းခြားဆင်ခြင် ရှုမြင်၏။ ဤကဲ့သို့သော ဗျတ္တယောဂီသည်သာလျှင် ဩဘာသ စသည်တို့ကြောင့် တုန်လှုပ်ပျံ့လွင့်ခြင်း မရှိသတည်း။ ထိုကြောင့်—

ဣမာနိ ဒသဋ္ဌာနာနိ၊ ပညာ ယဿ ပရိစိတာ။
ဓမ္မုဒ္ဓစ္စကုသလော ဟောတိ၊ န စ ဝိက္ခေပ ဂစ္ဆတိ[၁]။

ဟု ရှေးဆရာမြတ်တို့ မိန့်အပ်၏။

ယဿ ယောဂိနော၊ အကြင်ယောဂီ၏။ ပညာ၊ ပညာသည်။ ဣမာနိ ဒသဋ္ဌာနာနိ၊ ဤဥပက္ကိလေသ၏ အကြောင်းဆယ်ပါးတို့ကို။ ပရိစိတာ၊ အနိစ္စတာ စသည်တို့ကိုယူ၍ လေ့လာသိမ်းဆည်း ဆင်ခြင်၏။ သော၊ ထိုယောဂီသည်။ ဓမ္မုဒ္ဓစ္စကုသလော၊ ဓမ္မုဒ္ဓစ္စ၏ အမဂ္ဂအဖြစ်ကို သိသဖြင့် ဓမ္မုဒ္ဓစ္စ၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ ဝိက္ခေပဥ္စ၊ ပျံ့လွင့်ခြင်းသို့လည်း။ န ဂစ္ဆတိ၊ မရောက်။

**သစ္စာ ၃-ပါးကို ပိုင်းခြားသိခြင်း။** ။ဤသို့လျှင် ဒိဋ္ဌိဝိသုဒ္ဓိကို ရသဖြင့် ဒုက္ခသစ္စာကို ပိုင်းခြား၍ သိမြင်နိုင်၏။ ကင်္ခါဝိတရဏဝိသုဒ္ဓိကို ရသဖြင့် သမုဒယသစ္စာကို ပိုင်းခြား၍ သိမြင်နိုင်၏။ ဤမဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိကို ရသဖြင့် မဂ္ဂသစ္စာကို ပိုင်းခြား၍ သိမြင်နိုင်၏။ ဤသို့ လောကိယဉာဏ်ဖြင့်ပင် သစ္စာသုံးပါးကို ပိုင်းခြား၍ သိမြင်နိုင်၏။

ဤ ဥဒယဗ္ဗယ ဉာဏ်သည် ဖြစ်စ အပ္ပဂုဏ[၂]အခါ၌ တီရဏပရိညာ[၃]၏ အရာတည်း။ လေ့လာသောအခါ ပဟာန ပရိညာအဘို့သို့ ဝင်၏။

ပဂုဏဘာဝပ္ပတ္တံ ဥဒယဗ္ဗယဉာဏံ ပဟာန ပရိညာပက္ခိကမေဝ ဒဋ္ဌဗ္ဗံ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၃၄။)

မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၇၄-လာ ပေါရာဏ ဂါထာ။
၂။ အပ္ပဂုဏ=(အ+ပဂုဏ=လေ့လာပြီးဖြစ်ခြင်း) လေ့လာမှု မရှိသေးခြင်း။
၃။ တီရဏပရိညာ=(တီရဏ=ဆုံးဖြတ်, စုံစမ်းခြင်း။ ပရိညာ=ပိုင်းခြား၍ ကွဲကွဲပြားပြား အလုံးစုံသိခြင်း။)

## ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ

**ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိတရားကိုယ်။** ။တထာ ပရိပန္ထဝိမုတ္တဿ ပန တဿ ဥဒယဗ္ဗယဉာဏတော ပဋ္ဌာယ ယာဝ အနုလောမာ တိလက္ခဏံ ဝိပဿနာပရမ္ပရာယ ပဋိပဇ္ဇန္တဿ နဝ ဝိပဿနာဉာဏာနိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။

ဟူသောသင်္ဂြိုဟ်။

အဋ္ဌန္နံ ပန ဉာဏာနံ ဝသေန သိခါပတ္တာ ဝိပဿနာ နဝမဉ္စ သစ္စာနုလောမိကဉာဏန္တိ အယံ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ နာမ။

ဟူသော ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ဒု၊နှာ-၂၇၆။)

ဝိပဿနာစာရဿ မတ္ထကပ္ပတ္တိယာ သင်္ခါရုပေက္ခာဉာဏံ သိခါပတ္တဝိပဿနာ။ သိခါပတ္တိ ပနဿ ဥဒယဗ္ဗယဉာဏာဒီနံ အတ္တဋ္ဌမာနံ ဝသေန ဇာတာတိ အာဟ 'အဋ္ဌန္နံ ပန ဉာဏာနံ ဝသေန သိခါပတ္တဝိပဿနာ'တိ။ သြဋ္ဌာရိကေဟဋ္ဌာရိကဿ သစ္စပ္ပဋိစ္ဆာဒကမောဟတမဿ ဝိဂမနေန သစ္စပ္ပဋိဝေဓာနုကူလတ္တာ 'သစ္စာနုလောမိကဉာဏ'န္တိ အနုလောမဉာဏမာဟ။

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၄၃၅) တို့နှင့်အညီ ဥပက္ကိလေသ ဆယ်ချက်မှ ထွက်မြောက်၍ လမ်းမှန်သို့ရောက်ပြီးသော ဥဒယဗ္ဗယဉာဏ်။

ထိုနောင် အဆက်ဆက်သော ဘင်ဉာဏ်,ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိန္ဒဉာဏ်, မုဉ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်၊ ဤ ဝိပဿနာဉာဏ် ကိုးပါးသည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏။

စင်စစ်အားဖြင့်ကား ဝိပဿနာစာရ၏ အထွတ်အထိပ်သို့ ရောက်သော သိခါပတ္တဖြစ်သော သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် နှစ်ပါးသည်သာလျှင် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိမည်၏၊ ဝုဋ္ဌာနဂါမိနီဝိပဿနာလည်း[၁] မည်၏။

**လက္ခဏာရေးသုံးပါး ထင်ရှားမှု,မထင်ရှားမှု။** ။ဥပက္ကိလေသ ဆယ်ပါး နှောက်သောကြောင့် လက္ခဏာရေး သုံးပါး ပျောက်ရကား ဥပက္ကိလေသကို ခွါပြီးနောက် လက္ခဏာရေးသုံးပါး ထင်ရှားလာစေခြင်းငှါ ဥဒယဗ္ဗယဉာဏ်ကို ရှေးနည်းအတိုင်း ပြန်၍ တဖန် ပွါးများ အားထုတ်ရသည်။

အဘယ်ကို နှလုံးမသွင်းသောကြောင့် အဘယ်တရားသည် ဖုံးလွှမ်းသောကြောင့် လက္ခဏာရေး သုံးပါးတို့သည် မထင်ရှားကုန်သနည်း ဟူမူကား—

---

၁။ ဝုဋ္ဌာန=သင်္ခါရနိမိတ်မှ ထွက်မြောက်ခြင်း 'မဂ်'။ ဂါမိနီ=ရောက်ကြောင်း။

ဥဒယဗ္ဗယာန’မဘိဏှ–သမ္မဋ္ဌိပိဋ္ဌနသာ စ။
နာနာဓာတုဝိနိဗ္ဘောဂသာ၊ အမနသိကာရ ဟေတုတော။

သန္တတျာစေဝ ဣရိယာ–ပထေဟိ စ ဃနေန စ။
ပဋိစ္ဆန္နတ္တာ ယထာဘူတံ၊ န ဥပဋ္ဌဟန္တိ လက္ခဏာ။

သင်္ဂဟ ဂါထာ[၁]

ဥဒယဗ္ဗယာနံ၊ ဖြစ်ခြင်း, ပျက်ခြင်းတို့ကိုရင်း။ အဘိဏှ သမ္မဋ္ဌိပိဋ္ဌနသာ စ၊ မပြတ်အမြဲ တလဲလဲ နှိပ်စက်ခြင်း ကိုရင်း။ နာနာဓာတုဝိနိဗ္ဘောဂသာ၊ ပထဝီဓာတ်စသော အထူးထူး အပြားပြားသော သဘောတရား အကွဲအပြားကိုရင်း။ အမနသိကာရ ဟေတုတော၊ နှလုံးမသွင်းခြင်းဟူသော အကြောင်းကြောင့်လည်းကောင်း။ သန္တတိယာ စေဝ၊ အစဉ်သည်ရင်း။ ဣရိယာပထေဟိ စ၊ ဣရိယာပုထ်တို့သည်ရင်း။ ဃနေန စ၊ သမူဟ ကိစ္စ အာရုံအားဖြင့် ထင်သော တခဲနက်သည်ရင်း။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ လက္ခဏာ၊ လက္ခဏာရေး သုံးပါးတို့သည်။ ယထာဘူတံ၊ ဟုတ်မှန်သည်အတိုင်း။ န ဥပဋ္ဌဟန္တိ၊ မထင်ရှားနိုင်ကုန်။ အစဉ်အတိုင်း ဟပ်၍ယူ။

ဥဒယဗ္ဗယာဒိံ ပရိဂ္ဂယှ၊ သန္တတျာဒေါ ဝိကောပိတေ။
လက္ခဏာနိ ဥပဋ္ဌဟန္တိ၊ ဝိပဿန္တဿ ယောဂိနော။

အနွယ သင်္ဂဟ ဂါထာ[၁]

ဥဒယဗ္ဗယာဒိံ၊ ဥဒယဗ္ဗယ, အဘိဏှသမ္မဋ္ဌိပိဋ္ဌန, နာနာဓာတုဝိနိဗ္ဘောဂကို။ ပရိဂ္ဂယှ၊ သိမ်းဆည်းဆင်ခြင်၍။ သန္တတျာဒေါ၊ သန္တတိ,ဣရိယာပထ, ဃနကို။ ဝိကောပိတေ၊ ဖျက်ဆီးခွဲလှန် ဝေဖန်အပ်သည်ရှိသော်။ ဝိပဿန္တဿ၊ ဝိပဿနာရှုသော။ ယောဂိနော၊ ယောဂီအား။ လက္ခဏာနိ၊ လက္ခဏာရေး သုံးပါးတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။

အနိစ္စ စသည်မည်ပုံ။ ။ဤအရာ၌ ခန္ဓပဉ္စကသည် အနိစ္စ,ဒုက္ခ,အနတ္တ မည်၏။

ဥပ္ပါဒ ဝယညထတ္တ[၂]သည်။ဝါ=ဟုတွာ အဘာဝ[၃]ဟူသော အာကာရဝိကာရ[၄]သည် အနိစ္စ လက္ခဏာ မည်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ၂၇၆-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားသည်။

၂။ ဥပ္ပါဒဝယညထတ္တ=(အညထာ=တပါး) ဖြစ်ခြင်း,ပျက်ခြင်း,ဖြစ်ခြင်း ပျက်ခြင်းမှ တပါးသော ဇရာသဘော ထင်ရှားရှိသည်၏ အဖြစ်။ ဝါ၊ ဇာတိ,ဇရာ,မရဏ သဘောရှိခြင်း။

၃။ ဟုတွာ အဘာဝ=(ဟုတွာ=ဖြစ်ပြီး၍။ အဘာဝ=ပျက်စီးခြင်း။)

၄။ အာကာရ ဝိကာရ=အခြင်း အရာ အထူး။ ရင့်ခြင်းသဘောမှ ထူးသော ဖြစ်ခြင်း ပျက်ခြင်း ဟူသော အခြင်းအရာ။

အဘိဏှ ပဋိပီဠနာကာရ[၁]သည် ဒုက္ခလက္ခဏာ မည်၏။

အ ဝသဝတ္တနာကာရ[၂]သည် အနတ္တ လက္ခဏာ မည်၏။

ဤလက္ခဏာ သုံးပါးတို့သည် သဘာဝဓမ္မ မဟုတ်သောကြောင့် ခန္ဓာ၌ အတွင်း မဝင်ကုန်။ ခန္ဓာနှင့်ကင်း၍ မရကောင်းသောကြောင့် ခန္ဓာမှလည်း မလွတ်ကုန်။

ခန္ဓေ ပန ဥပါဒါယ ဝေါဟာရ ဝသေန လဗ္ဘမာနာ တဒါဒီနဝ ဝိဘာဝ-နာယ ဝိသေသ ကာရဏဘူတာ တဇ္ဇာပညတ္တိ ဝိသေသာတိ ဝေဒိတဗ္ဗာ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၃၈)

ဥပက္ကိလေသ ဝိနိမုတ္တဝီထိပ္ပဋိပန္နဝိပဿနာ ဟူသော ဥဒယဗ္ဗယဉာဏ် စွမ်းသန် သန့်ရှင်းစေခြင်း အကျိုးငှါ ဤလက္ခဏာ သုံးပါး လက္ခိတဗ္ဗ ခန္ဓာငါးပါး တို့ကို လက္ခဏာရမ္မဏိက ဝိပဿနာဖြင့် ကောင်းစွာ ရှုမှတ်ဆင်ခြင်၏။

တယိဒံ သဗ္ဗမ္ပိ ယောဂါဝစရော ဥပက္ကိလေသ ဝိနိမုတ္တေန ဝီထိပ္ပဋိပန္န-ဝိပဿနာ သင်္ခါတေန ဥဒယဗ္ဗယာနုပဿနာဉာဏေန ယာထာဝ သရသတော သလ္လက္ခေတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၇၇)

'ဥဒယဗ္ဗယာနုပဿနာဉာဏေန သလ္လက္ခေတိ'တိ ဣဒံ တဒတ္ထေ တဗ္ဗော-ဟာရ ဝသေန ဝုတ္တံ။ ဥဒယဗ္ဗယဉာဏတ္ထံ ဟိ လက္ခဏာရမ္မဏိက ဝိပဿနာ 'ဥဒယဗ္ဗယဉာဏ'န္တိ ကထိတာ။ န ဟိ ဥဒယဗ္ဗယဉာဏံ ဒုက္ခလက္ခဏာဒိဝိသယံ။ တဗ္ဗိသယတ္တေ ဝါ ဥဒယဗ္ဗယဉာဏမေဝ န သိယာ။ ဥဒယဗ္ဗယဉာဏံ ပန တိက္ခံ ဝိသဒ္ဓ ကာတုကာမေန လက္ခဏတ္တယတီရဏမေဝ ကာတဗ္ဗံ။ ပရိကမ္မသဒိသံ ဟေတံ တဿ။ ဧသ နယော သေသဉာဏေသုပိ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၃၈)

ဥဒယဗ္ဗယဉာဏ် ပြီး၏။

---

၁။ အဘိဏှ ပဋိပီဠနာကာရ=ဖြစ်ခြင်း ပျက်ခြင်းဖြင့် မပြတ် အဖန်တလဲလဲ နှိပ်စက် ညှဉ်းဆဲသောအခြင်းအရာ (အဘိဏှ=အမြဲမပြတ်။ ပဋိ=အဖန်ဖန်။ ပီဠန=နှိပ်စက်ခြင်း။ အာကာရ—အခြင်းအရာ။)

၂။ အ ဝသဝတ္တနာကာရ=(ဝသ=အလို၊ ဝတ္တန=လိုက်ခြင်း, ဖြစ်စေခြင်း) တစုံ တယောက်သောသူ၏ အလိုက်သို့မလိုက်ခြင်း ဟူသောအခြင်းအရာ။

## ဘင်္ဂါနုပဿနာဉာဏ်

**အပျက်ကိုသာ မြင်သော ဉာဏ်။** ။ဤသို့ လက္ခဏာရမ္မဏိက ဝိပဿနာကို ကောင်းစွာ ရှုမှတ်ဆင်ခြင်လျက် 'အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ,ဒုက္ခံ,အနတ္တာ'ဟု အခါခါ အဖန်ဖန် ရုပ်နာမ်တရားတို့ကို စဉ်းစားနိုင်းချိန်သော ယောဂီအား ဥဒယဗ္ဗယဉာဏ် စွမ်းသန်ထက်မြက်လှ၍ ဖြစ်ခြင်း, ပျက်ခြင်းဖြင့် သင်္ခါရတို့သည် လျင်စွာ,လျင်စွာ ထင်လာဖန်များသည် ရှိသော် လျှပ်စစ်ပြက်သည်ကို မော်၍ကြည့်သောသူအား လျှပ်စစ်၏ လျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းကို မမြင်လိုက်ရပဲ ပျက်ဆဲတွင်သာ မြင်ရ၍ အပျက်သာ ထင်သကဲ့သို့ ဥပါဒ်ကိုင်း, ဌီကိုင်း, ပဝတ္တကိုင်း, နိမိတ္တကိုင်း လွတ်လျက် ခယဝယဘေဒ ဟူသော ခဏိကနိရောဓ အပျက်မျှသာ ထင်တော့သည်။ ဘင်ဌ်သာ သတိဉာဏ် တည်တော့သည်။

**ဥပ္ပါဒစသည် အဓိပ္ပါယ်။** ။'ဥပ္ပါဒ'န္တိ နိဗ္ဗတ္တိဝိကာရံ။ 'ဌိတိ'န္တိ ဌိတိပဝတ္တိ[၁]၊ဇရန္တိ အတ္ထော။ 'ပဝတ္တ'န္တိ ဥပါဒိန္နကပ္ပဝတ္တံ။ 'နိမိတ္တ'န္တိ သင်္ခါရနိမိတ္တံ ဟူသော ဋီကာ (မဟာ၊ ဒု၊ နှာ-၄၃၉) ၌ ဖွင့်တိုင်း ဥပ္ပါဒ စသည်ကို မှတ်။

**ဘင်ဉာဏ်ဖြစ်ပေါ် ခြင်း။** ။ဤသို့ ဘင်ဌ်သာ သတိဉာဏ်တည်သောအခါ—

"ဧဝံ ဥပ္ပဇ္ဇိတွာ ဧဝံ နာမ သင်္ခါရဂတံ နိရုဇ္ဈတိ"။

သင်္ခါရဂတံ၊ သင်္ခါရတို့၌ အတွင်းဝင်သော တရားအပေါင်းသည်။ ဧဝံ ဥပ္ပဇ္ဇိတွာ၊ ဤသို့ဖြစ်ပြီး၍။ ဧဝံ၊ ဤသို့။ နိရုဇ္ဈတိနာမ၊ စက်ဆုပ်ဘွယ်လိ ချုပ်ဘိ၏ တကား–ဟူ၍မြင်သော ဘင်ဉာဏ် ဖြစ်၏။

**နိစ္စသညာစသည်ကို ပယ်စွန့်ခြင်း။** ။'ဉာတဉ္စ,ဉာဏဉ္စ ဥဘောပိ ဝိပဿတိ' ဟူသည်နှင့်အညီ အာရုံဖြစ်သော ခန္ဓာငါးပါး စသည်တို့၏ ဘင်ကိုင်း, ထို ခန္ဓာငါးပါးစသည်လျှင် အာရုံရှိသော အာရမ္မဏိက ဝိပဿနာစိတ်၏ ဘင်ကိုင်း အာရုံပြု၍ ထိုဘင်ဉာဏ်ဖြင့် အဖန်ဖန် 'အနိစ္စံ,ဒုက္ခံ,အနတ္တာ၊အနိစ္စံ, ဒုက္ခံ,အနတ္တာ'ဟုရှုလျက်,ထိုသင်္ခါရတို့၌ငြီးငွေ့လျက်, တပ်ခြင်းကင်းလျက်, ရာဂကို ဝိက္ခမ္ဘနအားဖြင့် ချုပ်စေလျက်။ ဝါ၊ ယခုမြင်သော ပစ္စုပ္ပန်သင်္ခါရ၏ငင်း အနုမာန ဉာဏ်ဖြင့်ဆ၍ သိရသော အတိတ်,အနာဂတ် သင်္ခါရ၏ငင်း ချုပ်ခြင်း ပျောက်ခြင်း မရှိခြင်းကိုသာ နှလုံးသွင်းလျက်, ဤ အနိစ္စာဒိအနုပဿနာ၏ ပရိစ္စာဂပ္ပဋိနိဿဂ္ဂ ပက္ခန္ဒနပ္ပဋိနိဿဂ္ဂဖြစ်၍ အကျိုးဖြစ်သော ခန္ဓာဘိသင်္ခါရတို့နှင့်တကွသော ကိလေသမာရ်ကို တွန်းလှန်စွန့်

၁။ ဌိတိပ္ပတ္တံ (ဆဋ္ဌမူ)

ပစ်လျက် သင်္ခတဒေါသကို မြင်သဖြင့် သင်္ခါရမှ ပြန်သော နိဗ္ဗာန်ပြည်ကြီးသို့ ယိုစီးကိုင်းညွတ် လွတ်လွတ်ပြေးဝင်သော စိတ်ရှိသော ယောဂီပုဂ္ဂိုလ်သည် ထို အနိစ္စာနုပဿနာ, ဒုက္ခာ, အနတ္တာ, နိဗ္ဗိန္ဒာ, ဝိရာဂါ, နိရောဓာ, ပဋိနိဿဂ္ဂါ-နုပဿနာဉာဏ် ခုနစ်ပါးတို့ဖြင့် နိစ္စသညာ, သုခသညာ, အတ္တသညာ, နန္ဒီ, ရာဂ, သမုဒယ, အာဒါန ခုနစ်ပါးတို့ကို ပယ်စွန့်၏။

**ဘင်္ဂဉာဏ် ထက်သန်အား ရှိခြင်း။** ။ဤသို့လျှင် အာရုံ,အာရမ္မဏိက နှစ်ပါးကို အာရုံပြု၍ 'အနိစ္စံ, ဒုက္ခံ,အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ'ဟု ရှုဖန်များ၍ အကြင်အခါ သင်္ခါရာရမ္မဏ ဝိပဿနာစိတ်၏ အခြားမဲ့၌ ယင်း ဝိပဿနာစိတ်၏ ဘင်ကို ဆင်ခြင်နိုင် မြင်နိုင်၏။ ထိုအခါ ဘင်္ဂဉာဏ် အတန်ငယ် ထက်သန်အားရှိပြီဟူ၍ မှတ်အပ်၏။ ဤအနက်ကို—

ဝတ္ထုသင်္ကမနာ စေဝ၊ ပညာယ စ ဝိဝဋ္ဋနာ။
အာဝဇ္ဇနာ ဗလဥ္စေဝ၊ ပဋိသင်္ခါဝိပဿနာ။

အာလမ္ဗနအန္ဝယေန၊ ဥဘော ဧကဝဝတ္ထနာ။
နိရောဓေ အဓိမုတ္တတာ၊ ဝယလက္ခဏဝိပဿနာ။

အာလမ္ဗဉ္စ ပဋိသင်္ခါ၊ ဘင်္ဂဉ္စ အနုပဿတိ။
သုညတော စ ဥပဋ္ဌာနံ၊ အဓိပညာဝိပဿနာ။

ကုသလော တီသု အနုပဿနာသု၊ စတဿော စ ဝိပဿနာသု။
တယော ဥပဋ္ဌာနေ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ[၁]။

ဟူသော ပါဠိဖြင့် သိအပ်၏။

**ပဋိသင်္ခါနုပဿနာ။** ။ဝတ္ထုသင်္ကမနာ စေဝ၊ သင်္ခါရ၏ ဘင်မှ ဝိပဿနာ၏ ဘင်ဟူသော အာရုံတပါး ပြောင်းရွှေ့ခြင်းငှင်း။ ပညာယ၊ ဥဒယဗ္ဗယပညာ၏။ ဝိဝဋ္ဋနာ စ၊ ဥဒယမှဆုတ်နစ်၍ ဝယ၌သာ တည်ခြင်းငှင်း။ အာဝဇ္ဇနာဗလဥ္စေဝ၊ သင်္ခါရ၏ ဘင်ကို မြင်သော စိတ်၏ ဘင်ကို အခြားမဲ့၌ ဆင်ခြင်ခြင်းငှါ စွမ်းနိုင်ခြင်းငှင်း။ သော၊ ဤသည်လျှင်။ ပဋိသင်္ခါဝိပဿနာ၊ အာရုံကိုသိမြင် ဘင်ကို ရှုတတ်သော ဝိပဿနာ မည်၏။

**ဘင်္ဂါနုပဿနာ။** ။အာလမ္ဗနအန္ဝယေန၊ ဒိဋ္ဌဖြစ်သော ပစ္စုပ္ပန်အာရုံကို အစဉ်လျှောက်သဖြင့်။ ဥဘော၊ ဒိဋ္ဌပစ္စုပ္ပန်, အဒိဋ္ဌ အတိတ်, အနာဂတ်နှစ်ပါးတို့ကို။ ဧက ဝဝတ္ထာနာ၊ ပျက်ခြင်းဟူသော သဘောတူအားဖြင့် ပိုင်းခြား မှတ်သားခြင်းငှင်း။ နိရောဓေ၊ ထိုဒိဋ္ဌ, အဒိဋ္ဌသင်္ခါရ နှစ်ပါးတို့၏

---

[၁] ပဋိသမ္ဘိဒါ၊နှာ-၅၅။

ချုပ်ခြင်းဟူသော ဘင်၌။ အဓိမုတ္တတာ၊ ညွတ် ကိုင်း ရှိုင်း ဝှမ်းသောအဖြစ်ရှင်း။ သော၊ ဤသည်ကား။ ဝယလက္ခဏဝိပဿနာ၊ အပျက်ဟူသော ဘင်လက္ခဏာကို ရှုသော ဝိပဿနာ မည်၏။

အဓိပညာဝိပဿနာ။ ။အာလမ္ဗနဉ္စ၊ ရုပ်ဝေဒနာစသော ရှေးအာရုံကိုလည်း။ ပဋိသင်္ခါ၊ သိပြီး၍။ ဘင်္ဂဉ္စ၊ ဘင်္ဂါရမ္မဏစိတ်၏ ဘင်ကိုလည်း။ အနုပဿတိ၊ အဖန်တလဲလဲ ရှု၏။ သုညတော စ၊ အာရုံ၏ဘင်,ဘင်္ဂါရမ္မဏစိတ်၏ဘင် ကို မြင်ရကား ကိုယ်ဟူသည် အထူးဆိတ်သော အားဖြင့်။ ဥပဋ္ဌာနံ၊ ထင်ခြင်းသည်။ ဣဇ္ဈတိ၊ ပြည့်စုံ၏။ အယံ၊ ဤသုံးပါးသည်။ အဓိပညာဝိပဿနာ၊ အဓိပညာဝိပဿနာ မည်၏။

‘အာလမ္ဗနဉ္စ ပဋိသင်္ခါ’တိ အာဒိ ဘင်္ဂါနုပဿနာယ ဒုပ္ပဋိဝိဇ္ဈတ္တာ ဝုတ္တာယေဝတ္ထဿ ဒဠှီကရဏံ။ တယိဒံ သင်္ခါရာနံ ဘင်္ဂဒဿနံ အဝသဝတ္တနာဝဗောဓနေန အနတ္တလက္ခဏပ္ပဋိဝေဓာယာတိ တံ ဒဿေန္တော ‘သုညတော စ ဥပဋ္ဌာန’န္တိ အာဟ။ ဋီကာ (မဟာ-ဒု၊နှာ-၄၄၃)

ဒိဋ္ဌိကြောင့် မတုန်လှုပ်ခြင်း။ ။တီသု အနုပဿနာသု၊ အနိစ္စ, ဒုက္ခ, အနတ္တ-အနုပဿနာ သုံးပါးတို့၌။ ကုသလော၊ လိမ္မာသော ယောဂီသည်။ စတဿော စ ဝိပဿနာသု၊ နိဗ္ဗိဒါ,ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂါနုပဿနာ လေးပါးတို့၌ရှင်း။ တယော စ ဥပဋ္ဌာနေ၊ အနိစ္စဟူသော ခယဝယအားဖြင့် ထင်ခြင်း, ဒုက္ခဟူသော ဘယအားဖြင့် ထင်ခြင်း, အနတ္တဟူသော သုညအားဖြင့် ထင်ခြင်း သုံးပါးတို့၌ရှင်း။ ကုသလတာ ကုသလတာယ၊ လိမ္မာသည်၏ အဖြစ်ကြောင့်။ နာနာဒိဋ္ဌိသု၊ သဿတဒိဋ္ဌိစသော အထူးထူးသော ဒိဋ္ဌိတို့ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်။ ဤကား–အနက်။

ဤသို့ ဘင်္ဂါနုပဿနာဉာဏ် ထက်သန်အားရှိသောအခါ ကွဲဆဲဖြစ်သော ဒုဗ္ဗုလ အိုးခွက်, လှော်ချက်ဆဲဖြစ်သော နှမ်း, ပရမ်းပတာကြဲသော မြူဏုတို့ကဲ့သို့ ဥပါဒ် စသည်ကို လွတ်လျက် အပျက်ကိုသာ ရှု၏။ မိုးပေါက်ကြီးစွာ မိုးရွာတုန်းအခါ ကမ်းထိပ်၌ ရပ်၍ကြည့်သော စက္ခုမာယောကျ်ားသည် ရေပြင်၌ ဖြစ်၍ ဖြစ်၍ လျင်စွာလျင်စွာပျက်သော ဥဗောင်းရေပွက်တို့ကို မြင်သကဲ့သို့ ခပ်သိမ်းကုန်သော သင်္ခါရတို့သည် လျင်စွာလျင်စွာ ပျက်ကုန်၏ဟု မြင်၏။

ဧဝမေဝံ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ ပဿတိ။ အဋ္ဌကထာ[၁]။

တုရိတ တုရိတံ ဟိ နေသံ ဘေဒဒဿနတ္ထံ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ အာမေဍိတဝစနံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၄၁)။

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၈၁။

ဤကဲ့သို့ မြင်သော ယောဂီပုဂ္ဂိုလ်ကို ရည်၍—

ယထာ ဗုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ[၁]။

ဟူ၍ ဟောတော်မူသည်။

ဗုဗ္ဗုဠကံ၊ ရေပွက်ကို။ ပဿေယထာ၊ မြင်သကဲ့သို့ငြင်း။ မရီစိကံ၊ တံလျှပ်ကို။ ပဿေယထာ၊ ရှု၏သို့ငြင်း။ ဧဝံတထာ၊ ဤအတူ။ လောကံ၊ ရုပ်နာမ် ဟူသော ခန္ဓလောကကို။ အဝေက္ခန္တံ၊ ဉာဏ်ဖြင့်သက်၍ အပျက်ကိုသာရှုသော ယောဂီပုဂ္ဂိုလ်ကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

အရဟတ္တာဓိဂမေန ပုနဗ္ဘဝါ ဘာဝတော။ ဋီကာဟိတ် (မဟာ၊ဒု၊နှာ-၄၄၄။)

ဤသို့လျှင် သင်္ခါရတို့သည် လျင်စွာလျင်စွာ ပျက်ကုန်၏ဟု မပြတ်မလပ် မြင်သော ယောဂီအား အာနိသင်ရှစ်ပါး ခြံရံအပ်သော ဘင်္ဂဉာဏ် အလွန် အားရှိခြင်းသို့ ရောက်၏။

**ဘင်္ဂဉာဏ်၏ အကျိုး ၈-ပါး။** ။အာနိသင်ရှစ်ပါး ဟူသည်ကား—

ဘဝဒိဋ္ဌိပ္ပဟာနံ၊ ဇဟော ယုတ္တပ္ပယုတ္တတာ။
စာဂေါ ဇီဝိတနိကန္တိံ၊ သုဒ္ဓါဇီဝေါ စ နိဗ္ဘယော။

ရတာရတိသဟနတာ၊ ခန္တိသောရစ္စ လာဘတာ။
ဘင်္ဂဉာဏံ ဗလပ္ပတ္တံ၊ အဋ္ဌာနိသံသသမ္ဘဝံ။

ဒိသွာ ယုဉ္ဇေ သဒါ တတ္ထ၊ အင္ဂုတ္တရာဝရေ ဣမေ။
အာဒိတ္တစေလသိရောဝ၊ သီဃံ အမတပတ္တိယာ။

သင်္ဂဟဂါထာ[၂]

ဘဝဒိဋ္ဌိပ္ပဟာနံ၊ သဿတအယူ ကိစ္စကြီးငယ်၌ ကြောင့်ကြ အားထုတ်ခြင်း တို့ကို။ ဇဟော၊ ပယ်နိုင်ခြင်းနှစ်ပါးငြင်း။ ယုတ္တပ္ပယုတ္တတာ၊ မပြတ်မချာ ဘာဝနာ၌ လွန်စွာလွန်စွာ အားထုတ်နိုင်ခြင်းငြင်း။ ဇီဝိတ နိကန္တိံ၊ အသက်၌ တပ်မက်ခြင်းကို။ စာဂေါ၊ စွန့်နိုင်ခြင်းငြင်း။ သုဒ္ဓါဇီဝေါ စ၊ စင်ကြယ်သော အသက်မွေးခြင်း ရှိသည်၏အဖြစ်ငြင်း။ နိဗ္ဘယော၊ အတ္တသိနေဟ ကင်းသဖြင့် ကြောက်ခြင်း မရှိသော အဖြစ်ငြင်း။

---

၁။ ဓမ္မပဒ၊နှာ-၃၉ (အပိုဒ်-၁၇၀)

၂။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၈၁-၌ လာသော စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

ရတာရတိ သဟာနတာ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်း, ဆိတ်ငြိမ်ရာ တောကျောင်း, ကောင်းမြတ်လွန်ကဲသော ကုသိုလ်တရားတို့၌ မမွေ့လျော်ခြင်းတို့ကို နှိပ်နင်း နိုင်ခြင်းရှင်း။ ခန္တိ သောရစ္စ လာဘတာ၊ သည်းခံခြင်း, ကောင်းသောအမူ၌ မွေ့လျော်ခြင်းတို့ကို ရခြင်းရှင်း။ ဣတိ၊ ဤသို့။ ဗလပ္ပတ္တံ၊ အားစွမ်းသို့ရောက်သော။ ဘင်္ဂဉာဏံ၊ ဘင်္ဂဉာဏ်သည်။ အဋ္ဌာနိသံသ သမ္ပဒံ၊ ရှစ်ပါးသောအာနိသင်နှင့် ပြည့်စုံ၏။

တတ္ထ၊ ထိုဘင်္ဂဉာဏ်၌။ ဣမေ အဋ္ဌ ဂုဏာဝရေ၊ ဤရှစ်ပါးသော မြတ်သောကျေးဇူးအာနိသင်တို့ကို။ ဒိသွာ၊ မြင်၍။ သီသံ၊ လျင်မြန်စွာ။ အမတ ပတ္တိယာ၊ နိဗ္ဗာန်သို့ ရောက်ခြင်းငှါ။ သဒါ၊ အခါခပ်သိမ်း။ အာဒိတ္တ စေလ သီရောဝ။ ပုဆိုးဦးသျှောင် ရဲရဲလောင်သည်ကို ငြိမ်းအောင် ကုတ်ပတ် သတ်သောယောကျ်ားကဲ့သို့။ ယုဉ္ဇေ၊ ကိစ္စတပါး လက်လွှတ်ထား၍ အားထုတ်ရာ၏။

ဘင်္ဂါနုပဿနာဉာဏ် ပြီး၏။

---

## ဘယတူပဋ္ဌာနဉာဏ်

ဤဘင်္ဂါနုပဿနာဉာဏ်ကို အဖန်ဖန် မှီဝဲ ပွါးများသော ယောဂီပုဂ္ဂိုလ်အား အသက်ရှည်ကြာ ချမ်းသာလိုသော ဘေးကိုလည်း ကြောက်တတ်သော ဘီရုက ယောကျ်ားအား ခြင်္သေ့, သစ်ကျား, သားရဲ, ဝံ, အောင်း, မွေးဆောင်းစွယ်ပြူး ဘီလူးရက္ခိုက်, နွားမိုက်, ခွေးကြမ်း, မုန်ပြမ်းသောဆင်, ဆိပ်လျင်သော မြွေဆိုး, မိုးကြိုးစက်ကွင်း, သင်္ချိုင်း, စစ်ပွဲ, အလုံ့စဲသော ရွာမီးခဲ အစုကို တွေ့၍ မှိုင်မေ့ဝေနောက် သေမတတ် ကြောက်ခြင်း ဖြစ်သကဲ့သို့ ခပ်သိမ်းဉဿုံ ပျက်ပြားကုန်သော တေဘူမိကသင်္ခါရတို့သည် ကြောက်မက်ဘွယ်သော ဘေးကြီးဟု ထင်လာကုန်၏။

ဘယဉာဏ်။ ။နိရုဒ္ဓါ'တီတသင်္ခါရာ၊ ပစ္စုပ္ပန္နာ စ ဘိဇ္ဇရေ။
အနာဂတာ ဘိဇ္ဇိဿန္တိ၊ သဗ္ဗေ'တေ ဘာယိတဗ္ဗကာ[၁]။

အတီတသင်္ခါရာ၊ အတိတ် ရုပ်,နာမ် သင်္ခါရတို့သည်။ နိရုဒ္ဓါ၊ ချုပ်လေကုန်ပြီ။ ပစ္စုပ္ပန္နာ စ၊ သန္တတိပစ္စုပ္ပန် ရုပ်နာမ် သင်္ခါရ တို့သည်လည်း။ ဘိဇ္ဇရေ၊ ပျက်ပြားကုန်ဆဲ။ အနာဂတာ၊ အနာဂတ် သင်္ခါရတို့သည်လည်း။ ဘိဇ္ဇိဿန္တိ၊ ပျက်စီးကုန်လတ္တံ့။ ဧတေ သဗ္ဗေ၊ ထို အလုံးစုံသော ရုပ်နာမ် သင်္ခါရတို့သည်။ ဘာယိတဗ္ဗကာ၊ ကြောက်မက်ဘွယ်ရာတို့ချည်းတည်း-ဟူ၍မြင်၏။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ ဒု၊ နှာ-၂၈၂-၌လာသော စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

သတ်ပြီး သတ်ဆဲ သားကြီး သားလတ်တို့ကို မြင်၍ သတ်လတ္တံ့ သားငယ်၌ တွယ်တာငဲ့ကွက်ခြင်း အာလယကို စွန့်သော အမိကဲ့သို့ရင်း၊ သားကိုးယောက် သေပြီး၍ လက်၌ရှိသော ဒသမ သားလည်း သေဆဲကိုမြင်၍ ဝမ်းတွင်ရှိသော ကောဒသမ သား၌ ချစ်ခြင်း အာလယ မရှိသော သားမတင်သော မိန်းမ ကဲ့သို့ရင်း တည်း။ ထိုအခါ ဘယညာဏ် ဖြစ်၏။

အဒ္ဓါ ပစ္စုပ္ပန္နာ ဩဋ္ဌာရိကာ ဒီဃတရပ္ပဗန္ဓာ၊ ခဏ ပစ္စုပ္ပန္နာ သုခုမ-တရာ ဣတ္တရကာလာ၊ သန္တတိပစ္စုပ္ပန္နာ မဇ္ဈိမာ ဣမ အာဒိတော ပရိဂ္ဂဟေတဗ္ဗာ။ ဋီကာ (မဟာ၊ ဒု၊ နှာ-၄၄၅)

**ဘယညာဏ်ရှင်းချက်။** ။ဘယညာဏ် ဟူသော်လည်း ကြောက်သည်ဟူ၍ မမှတ်လင့်၊ ကြောက်လျှင် ဒေါသမူစိတ်သာ ဖြစ်သည်။ မြို့တံခါးဝ၌ တိက္ခ, မဇ္ဈ, မုဒု ဖြစ်သော မီးကျီးတွင်း သုံးခု။ ရှားသား တံကျင်, သံတံကျင်, ရွှေတံကျင် သုံးချောင်းတို့ကို မြင်သော ယောကျ်ားကဲ့သို့ ကာမ, ရူပ, အရူပ ဟူသော ဘဝသုံးပါး၌ ဖြစ်ကုန်သော အတိတ်, ပစ္စုပ္ပန်, အနာဂတ် သင်္ခါရ တရားတို့ကို ကြောက်မက်ဘွယ်ရာ တကားဟု ဘယညာဏ် စက်သွားဖြင့် ပိုင်းခြား ဆုံးဖြတ်ရုံမျှသာတည်း။

ဘယတူပဋ္ဌာနညာဏံ ပန ဘာယတိ န ဘာယတီတိ။ န ဘာယတိ။ တဉှိ အတီတာ သင်္ခါရာ နိရုဒ္ဓါ၊ ပစ္စုပ္ပန္နာ နိရုဇ္ဈန္တိ၊ အနာဂတာ နိရုဇ္ဈိဿန္တီတိ တီရဏမတ္တမေဝ ဟောတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ ဒု၊ နှာ-၂၈၃)

န ဘာယတိ ဉာဏဿ ဘာယနာကာရေန အပ္ပဝတ္တနတော။ ပဋိဃ-စိတ္တုပ္ပါဒဝသေန ဟိ ဘာယနံ၊ ဉာဏံ ပန ဘာယိတဗ္ဗဝတ္ထုံ ဘာယိတဗ္ဗန္တိ ယာထာဝတော ဇာနာတိ။ ဋီကာ (မဟာ၊ ဒု၊ နှာ-၄၄၆)

မကြောက်လျှင် အဘယ့်ကြောင့် ဘယညာဏ် ဆိုသနည်း ဟူမူ—

ယသ္မာ ပနဿ ကေဝလံ သဗ္ဗဘဝ ယောနိ ဂတိ ဌိတိ နိဝါသဂတာ သင်္ခါရာ ဗျသနာပန္နာ သပ္ပဋိဘယာ ဟုတွာ ဘယတော ဥပဋ္ဌဟန္တိ၊ တသ္မာ ဘယတူပဋ္ဌာနန္တိ ဝုစ္စတိ[၁]။

ဟု အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၈၃)၌ ဖြေ၏။

---

၁။ အလုံးစုံသောသင်္ခါရတို့သည် ပျက်စီးခြင်းသဘော တည်းဟူသော ဘေး'ဘယ'ရှိ သည်ဟု ယောဂီ၏ ဉာဏ်၌ထင်လာသဖြင့် ဘယညာဏ်ဟုခေါ်သည်။ တုန်လှုပ်ထိတ် လန့်ကြောက်ရွံ့ခြင်းမျိုးမဟုတ်ချေ။

အနိစ္စံ မနသိကရံ၊ နိမိတ္တံ ဌာတိ ဘာယတော။
ဒုက္ခတော ဘဝပ္ပဝတ္တံ၊ အနတ္တတော တဒူဘယံ။

ပါဠိ သင်္ဂဟ[၁]

အနိစ္စံ၊ အနိစ္စဟူ၍။ မနသိကရံ=မနသိကရောန္တဿ၊ နှလုံးသွင်းသူအား။ နိမိတ္တံ၊ တေကာလိက သင်္ခါရနိမိတ်သည်။ ဘာယတော၊ ကြောက်မက်ဘွယ်အားဖြင့်။ ဌာတိ=ဥပဋ္ဌာတိ၊ ထင်၏။

ဒုက္ခတော၊ ဒုက္ခဟူ၍။ မနသိကရံ၊ နှလုံးသွင်းသူအား။ ဘဝပ္ပဝတ္တံ၊ ချမ်းသာသုခ သမုတ်ရသော ရူပါရူပဘဝဟူသော ဖြစ်ခြင်းသည်။ ဘာယတော၊ ကြောက်မက်ဘွယ်အားဖြင့်။ ဌာတိ၊ ထင်၏။

'ပဝတ္တ'န္တိ ရူပါရူပဘဝပ္ပဝတ္တိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၀၄)

အနတ္တတော၊ အနတ္တဟူ၍။ မနသိကရံ၊ နှလုံးသွင်းသူအား။ တဒူဘယံ၊ ထိုနိမိတ္တ,ပဝတ္တနှစ်ပါးသည်။ ဘာယတော၊ ကြောက်မက်ဘွယ်အားဖြင့်။ ဌာတိ၊ ထင်၏။

ဘယတူပဋ္ဌာနဉာဏ် ပြီး၏။

---

## အာဒီနဝါနုပဿနာဉာဏ်

ဤဘယတူပဋ္ဌာနဉာဏ်ကို အဖန်တလဲလဲ မှီဝဲပွါးများသော ယောဂီပုဂ္ဂိုလ်သည် အသက်ရှည်လို ချမ်းသာလိုသော ဘီရုက ယောကျ်ားသည် သားရဲနေသော ရှုံ့,ကျား ခိုသော တောင်ခေါင်း, မိကျောင်း ရက္ခိုက် စောင့်သောရေ, ခိုးသူ ခားပြ နေသောလမ်း, သန်လျက်ထမ်း၍ လာသောသူသတ်, အဆိပ်ခပ်သော ထမင်း, မီးဝင်းဝင်း ပြောင်ပြောင် လောင်သောအိမ်, ရှယ်ချိန်လွတ်ပစ် ထိုးခုတ်ထစ်သော စစ်မြေသို့ရောက်၍ ရှုံကြောက်လန့်ထိတ် စိတ်မပျော်ရွှင် ထက်ဝန်းကျင်အားဖြင့် အပြစ်ဒေါသ အာဒီနဝကိုသာ မြင်သကဲ့သို့ ခပ်သိမ်းသော ဘဝ, ယောနိ, ဂတိ, ဌိတိ, နိဝါသတို့၌ တဏှာ, လေဏ, ဂတိ, ပဋိသရဏကို မမြင်။ ဘဝါဒိဂတ ဘယ်တစုံတခုသော သင်္ခါရကိုမျှ ပတ္ထနာပရာမာသ မပြု၊ ဘုံသုံးတန်ကို အလျှံကင်းစဲသော မီးခဲတွင်း မီးခဲစု၊ ခတ်လေးခုကို အဆိပ်လျှင်ထန်သောမြွေ၊ ငါးထွေသော ခန္ဓာကို ဥက္ခိတ္တာသိက ချိမ မိုးရွယ်သော သန်လျက်ရှိသော သူသတ်ယောကျ်ား, အဇ္ဈတ္တိကာယတန

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ နှာ ၂၀၃-၌ ပဋိသမ္ဘိဒါမဂ်ပါဠိတော် နှာ-၂၅၀-လာကို ဆောင်၍ ပြလေရာ ယင်းကို မှီ၍ ဂါထာစီထားသည်။

ခြောက်ပါးကို ရွှာပျက်ပမာ၊ ဗာဟိရာယတန ခြောက်ပါးကို ဂါမဃာတက ခိုးသား၊ ဝိညာဏဋ္ဌိတိ ခုနစ်ပါး, သတ္တနိဝါသ ကိုးပါးတို့ကို တဆဲ့တပါးသော လောင်မီးတို့ဖြင့် ရောင်ညီးပေါက်ရှ တောက်ပပြောင်ပြောင် ဝင်းဝင်းလောင်၍ နေသည့်ပမာ ဘင်္ဂါနုပဿနာ၏ အစွမ်းဖြင့် ဘေး-ဟု ထင်လာကုန်ပြီးသော သင်္ခါရတို့ကို ဂဏ္ဍ ရောဂါ သလ္လ ဝဓ အဃပမာ သက်သာရာမရှိ သမ္ပတ္တိ ကင်းစင် ထက်ဝန်းကျင်မှ ကြီးစွာသော အပြစ်အစုသာ ထင်၏။ ထိုအခါ အာဒီနဝဉာဏ် ဖြစ်ပြီ ဟူ၍မှတ်။

ယံ သပ္ပဋိဘယံ၊ တံ သာဒီနဝံ။ ဋီကာ (မဟာ၊ ဒု၊ နှာ-၄၄၀)

**ခတ်ကြီး ၄-ပါး မြွေ ၄-စင်းနှင့် တူပုံ စသည်။**　　။ခတ် လေးခု စသည် တို့၏ အဆိပ်လျှင် ထန်သော မြွေ စသည်တို့နှင့် တူသည့်အဖြစ်ကို—

'အာသီဝိသာ ဃောရဝိသာ'တိ ခေါ ဘိက္ခဝေ စတုန္နံ ဧတံ မဟာဘူတာနံ အဓိဝစနံ[၁]။

'ဥက္ခိတ္တာသိကော ဝဓကော'တိ ခေါ ဘိက္ခဝေ ပဉ္စန္နေတံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ[၁]။

'သုညဂါမော'တိ ခေါ ဘိက္ခဝေ ဆန္နေတံ အဇ္ဈတ္တိကာနံ အာယတနာနံ အဓိဝစနံ။ စက္ခုတော စေပိ တံ ဘိက္ခဝေ ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဥပပရိက္ခေယျ။ ရိတ္တကမေဝ ခါယတိ တုစ္ဆကမေဝ ခါယတိ သုညတမေဝ ခါယတိ[၁]။

'စောရာ ဂါမဃာတကာ'တိ ခေါ ဘိက္ခဝေ ဆန္နေတံ ဗာဟိရာနံ အာယတနာနံ အဓိဝစနံ။

စက္ခု ဘိက္ခဝေ ဟညတိ မနာပါမနာပေသု ရူပေသု[၁]။

စက္ခု ဘိက္ခဝေ အာဒိတ္တံ။ ကေန အာဒိတ္တံ။ ရာဂဂ္ဂိနာ ဒေါသဂ္ဂိနာ မောဟဂ္ဂိနာ ဇာတိယာ ဇရာယ မရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ အာဒိတ္တန္တိ ဝဒါမိ[၂]—

အစရှိသော ပါဠိတို့ဖြင့် သိအပ်၏။

**၁၂-ဝါရ။**　　။ယင်းသို့ အာဒီနဝဉာဏ် ဖြစ်သည်ကို ရည်၍ ဝတ္ထုဆယ်ပါး, တဆဲ့နှစ်ပါးသော ဝါရတို့ဖြင့် တန်းဆာဆင်လျက် အနွယ, ဗျတိရေကအားဖြင့် ပဋိသမ္ဘိဒါ၌ ဟောအပ်၏။ တဆဲ့နှစ်ဝါရဟူသည်ကား—

---

၁။ သံ၊ ၂၊ နှာ-၃၀၂-၃၀၃။　　　　　　　　၂။ သံ၊ ၂၊ နှာ-၂၅၁။

**အာဒီနဝဉာဏ် ၁၅-ပါး။** ။ဥပ္ပါဒေါ ဘယံ။ ပဝတ္တံ ဘယံ။ နိမိတ္တံ ဘယံ။ အာယူဟနာ ဘယံ။ ပဋိသန္ဓိ ဘယံ။ ဂတိ ဘယံ။ နိဗ္ဗတ္တိ ဘယံ။ ဥပပတ္တိ ဘယံ။ ဇာတိ ဘယံ။ ဇရာ ဘယံ။ ဗျာဓိ ဘယံ။ မရဏံ ဘယံ။ သောကော ဘယံ၊ ပရိဒေဝေါ ဘယံ။ ဥပါယာသော ဘယံ။ အာဒီနဝဉာဏ် တဆဲ့ငါးပါး။

**သန္တိပဒဉာဏ် ၁၅-ပါး။** ။အနုပ္ပါဒေါ ခေမံ။ အပ္ပဝတ္တံ။ပ။ အနုပါယာသော ခေမံ။ သန္တိပဒဉာဏ် တဆဲ့ငါးပါး။

**ယမကဉာဏ်၁၅-ပါး။** ။ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမံ။ပ။ ဥပါယာသော ဘယံ၊ အနုပါယာသော ခေမံ။ ယမကဉာဏ် တဆဲ့ငါးပါး။ ပေါင်း သုံးဝါရ။

ထိုအတူ "ဥပ္ပါဒေါ ဒုက္ခံ၊ အနုပ္ပါဒေါ သုခံ"စသည် သုံးဝါရ။

"ဥပ္ပါဒေါ သာမိသံ၊ အနုပ္ပါဒေါ နိရာမိသံ" စသည် သုံးဝါရ။

"ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ"စသည် သုံးဝါရ။ ပေါင်း တဆဲ့နှစ်ဝါရ ဖြစ်၏။

ဥပ္ပါဒေါ၊ ရှေးကံကြောင့် ဤဘဝ ပဋိသန္ဓေ သင်္ခါရတို့၏ ဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်မက်ဘွယ်သော ဘေးတည်း။ ပဝတ္တံ၊ ပဝတ္တိအခါ သင်္ခါရတို့၏ ဆက်ကာ ဆက်ကာဖြစ်၍ နေခြင်းသည်။ ဘယံ၊ ကြောက်မက်ဖွယ်သော ဘေးတည်း။ နိမိတ္တံ၊ လုံးလုံး လျောင်းလျောင်း ပေါင်း၍တည်ဟန် သဏ္ဍာန် အကောင်အထည်ကဲ့သို့ ယူအပ်သော အလုံးစုံသော သင်္ခါရ နိမိတ်သည်။ အာယူဟနာ၊ နောင်ပဋိသန္ဓေ၏ အကြောင်းဖြစ်သော ဤဘဝကံသည်။ ပဋိသန္ဓိ၊ နောက်ဘဝ ပဋိသန္ဓေသည်။ ဂတိ၊ ထိုပဋိသန္ဓေ၏ဖြစ်ရာ ဒေဝ မနုဿ, နိရယ, ပေတ, တိရစ္ဆာန ဂတိ ငါးပါးသည်။

သာ ပနတ္ထတော တံတံကမ္မနိယမိတာ ဘဝသမညာရဟာ ဝိပါကက္ခန္ဓာ, ကဋတ္တာ စ ရူပန္တိ ဝေဒိတဗ္ဗံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၅၀)

နိဗ္ဗတ္တိ၊ ခန္ဓာအသစ် ဖြစ်ခြင်းသည်။ ဥပပတ္တိ၊ သမာပန္န ဥပပန္နဖြစ်သော ဝိပါက်၏ ဖြစ်ခြင်းသည်။ ဘယံ၊ ကြောက်မက်ဘွယ်သော ဘေးတည်း။ ဇာတိ, ဇရာ စသည်ကား ထင်ရှား၏။

အနုပ္ပါဒေါ၊ ဥပ္ပါဒမရှိရာ နိဗ္ဗာန်သည်။ ခေမံ၊ သာယာငြိမ်းချမ်း ဘေးဘျမ်း မရှိ။

နတ္ထိ စေတသာ ဥပ္ပါဒေါ၊ န ဝါ စေတသိ အဓိဂတေ သင်္ခါရာနံ အာယတိံ ဥပ္ပါဒေါတိ အနုပ္ပါဒေါ၊ နိဗ္ဗာနံ။ အပ္ပဝတ္တန္တိအာဒီဟိပိ ပဝတ္တာဒိပဋိက္ခေပမုခေန နိဗ္ဗာနမေဝ ဝဒတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၄၉)။

တတိယဝါရ ယမကညာဏ်ကိုကား လျင်မြန်စွာ ဝိပဿနာကို အားထုတ်သော ပုဂ္ဂိုလ်အစွမ်းဖြင့် ဟောအပ်၏။

ပဝတ္တိယံ အာဒီနဝံ ဒိသွာ တဒနန္တရမေဝ နိဝတ္တိယံ အာနိသံသ-ဒဿနဝသေန သီဃံ ဝိပဿနံ ဉဿုက္ကာပေန္တာနံ ဝသေန 'ဥပ္ပါဒေါ ဘယံ၊ အနုပ္ပါဒေါ ခေမ'န္တိ တတိယဝါရော ဝုတ္တော။ သေသံ နယော ဆဋ္ဌ-ဝါရာဒီသုပိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၄၉)

ထို ဥပ္ပါဒ,ပဝတ္တစသော တဆဲ့ငါးပုဒ်တို့တွင်—

ဥပ္ပါဒဉ္စ ပဝတ္တဉ္စ၊ နိမိတ္တံ ဒုက္ခန္တိ ပဿတိ။
အာယူဟနံ ပဋိသန္ဓိံ၊ ဉာဏံ အာဒီနဝေ ဣဒံ။

အနုပ္ပါဒံ အပ္ပဝတ္တံ၊ အနိမိတ္တံ သုခန္တိ စ။
အနာယူဟနံ အပ္ပဋိသန္ဓိံ၊ ဉာဏံ သန္တိပဒေ ဣဒံ။

ဣဒံ အာဒီနဝေ ဉာဏံ၊ ပဉ္စဋ္ဌာနေသု ဇာယတိ။
ပဉ္စဋ္ဌာနေ သန္တိပဒေ၊ ဒသ ဉာဏေ ပဇာနာတိ။
ဒွိန္နံ ဉာဏာနံ ကုသလတာ၊ နာနာဒိဋ္ဌီသု န ကမ္ပတိ။

**ဝတ္ထု ၁၀-ပါး။** ။ဥပ္ပါဒဉ္စ၊ ရှေးကံကြောင့် ဤဘဝ ပဋိသန္ဓေသင်္ခါရတို့၏ ဖြစ်ခြင်းငှင်း။ ပဝတ္တဉ္စ၊ ပဝတ္တိအခါ သင်္ခါရတို့၏ ဆက်ကာ ဆက်ကာ ဖြစ်၍နေခြင်းကိုငှင်း။ နိမိတ္တံ၊ သင်္ခါရနိမိတ်ငှင်း။ အာယူဟနံ၊ နောင်ပဋိသန္ဓေအကြောင်းဖြစ်သော ဤဘဝကံကိုငှင်း။ ပဋိသန္ဓိံ၊ နောင်ဘဝ ပဋိသန္ဓေကိုငှင်း။ ဒုက္ခန္တိ၊ ဒုက္ခဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဣဒံ၊ ဤငါးပါးသော အာရုံဟူသော တည်ရာဝတ္ထုရှိသော ဉာဏ်သည်။ အာဒီနဝေ၊ အပြစ်ဒေါသ အာဒီ-နဝဟူသော အာရုံဝတ္ထု၌။ ဉာဏံ၊ ဖြစ်သောဉာဏ်မည်၏။

အနုပ္ပါဒံ၊ ဥပ္ပါဒမရှိရာ နိဗ္ဗာန်ကိုငှင်း။ အပ္ပဝတ္တံ၊ ပဝတ္တိသဘောမရှိသော နိဗ္ဗာန်ကိုငှင်း။ အနိမိတ္တံ၊ သင်္ခါရနိမိတ်ကင်းသော နိဗ္ဗာန်ကိုငှင်း။ အနာယူဟနံ၊ အာယူဟနကင်းသော နိဗ္ဗာန်ကိုငှင်း။ အပ္ပဋိသန္ဓိံ၊ ပဋိသန္ဓေကင်းသောနိဗ္ဗာန်ကိုငှင်း။ သုခန္တိ၊ သုခဟူ၍။ ပဿတိ၊ ရှုမြင်၏။ ဣဒံ၊ ဤဉာဏ်သည်။ သန္တိပဒေ၊ သင်္ခါရခပ်သိမ်း ကုန်ငြိမ်းရာနိဗ္ဗာန်ဟူသော အာရုံ၌။ ဉာဏံ၊ ဖြစ်သောဉာဏ် မည်၏။ ဤကား ဝတ္ထုဆယ်ပါးတည်း။

ဣဒံ အာဒီနဝေ ဉာဏံ၊ ဤအာဒီနဝဉာဏ်သည်။ ပဥ္စဋ္ဌာနေသု၊ ငါးပါးသော အာရုံဝတ္ထုတို့၌။ ဇာယတိ၊ ဖြစ်၏။ သန္တိပဒေဉာဏံ၊ သန္တိပဒဉာဏ်သည်။ ပဥ္စဋ္ဌာနေ၊ ငါးပါးသောအရာဝတ္ထု၌။ ဇာယတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဒသဉာဏေ၊ ဆယ်ပါးသောဉာဏ်တို့ကို။ ပဇာနာတိ၊ သိ၏။ ဒွိန္နံ ဉာဏာနံ၊ ဉာဏ်နှစ်ပါးတို့၌။ ကုသလတာ=ကုသလတာယ၊ လိမ္မာသည်၏အဖြစ်ကြောင့်။ နာနာဒိဋ္ဌီသု၊ ပရမ ဒိဋ္ဌဓမ္မနိဗ္ဗာနဂါဟ စသော အထူးထူးသော ဒိဋ္ဌိတို့ကြောင့်။ န ကမ္ပတိ၊ မတုန်လှုပ်။ (ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၂၈၆။ ပဋိသမ္ဘိဒါ၊ နှာ-၃၈)

**အာဒီနဝဉာဏ်ဖြစ်ကြောင်း ၅-ပါး။** ။ဤပဋိသမ္ဘိဒါ ပါဠိနှင့်ညီစွာ ဥပ္ပါဒ, ပဝတ္တ, နိမိတ္တ, အာယူဟန, ပဋိသန္ဓိ ငါးပါးတို့သည် သာလျှင် အာဒီနဝဉာဏ်၏ ဝတ္ထုတည်း။ ကြွင်းဆယ်ပုဒ်တို့ကား ထိုပုဒ်တို့၏ ပရိယာယ်ဝေဝုစ်ဖြစ်၍ ထိုပုဒ်တို့၌ ဝင်ကုန်၏။

> ဧတ္ထ စ ဥပ္ပါဒါဒယော ပဉ္စေဝ အာဒီနဝဉာဏဿ ဝတ္ထုဝသေန ဝုတ္တာ။ သေသာ တေသံ ဝေဝစနဝသေန။ နိဗ္ဗတ္တိ ဇာတီတိ ဣဒဥ္ဟိ ဒွယံ ဥပ္ပါဒဿ စေဝ ပဋိသန္ဓိယာ စ ဝေဝစနံ။ ဂတိ ဥပပတ္တီတိ ဣဒံ ဒွယံ ပဝတ္တဿ။ ဇရာဒယော နိမိတ္တဿာတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၈၆။)

ထိုငါးပုဒ်တို့တွင်လည်း ဥပ္ပါဒ, ပဝတ္တ, အာယူဟန သုံးပါးတို့ဖြင့် ပစ္စုပ္ပန် သင်္ခါရတို့ကို ယူအပ်ကုန်၏။

ပဋိသန္ဓိဖြင့် အနာဂတ်ဥပါဒ်ိန္နကို ယူအပ်၏။

ဥပ္ပါဒဖြင့် အတိတ် ကမ္မ သင်္ခါရတို့ကိုလည်း ဖော်ပြအပ်ကုန်၏။

နိမိတ္တဖြင့် အဇ္ဈတ္တ, ဗဟိဒ္ဓ စသည်ပြားသော အစွန်သုံးပါး၌ဖြစ်သော ရုပ် နာမ် အလုံးစုံကို ယူအပ်၏။

သန္တိပဒဉာဏ်၌လည်း နည်းတူပင်။ ယင်း သန္တိပဒဉာဏ်ကို ဤ အာဒီနဝါ-နုပဿနာ၌ သွင်း၍ ပြသည်ကား အာဒီနဝဉာဏ်၏ ပဋိပက္ခဉာဏ်ကို ပြရခြင်း အကျိုးရှိ၏။

တနည်းလည်း—ဘယတုပဋ္ဌာနအားဖြင့် အာဒီနဝကို မြင်၍ ထိတ်လန့် ပင်ပန်းကုန်သော ယောဂီတို့ကို သက်သာစေခြင်း အကျိုးရှိ၏။

တနည်းလည်း—ဥပ္ပါဒ စသည်ကို ဘယအားဖြင့် ထင်သော ယောဂီ၏ စိတ်သည် ဆန့်ကျင်ဖက်နိဗ္ဗာန်၌ ညွတ်၏။ ထိုကြောင့် ဘယတုပဋ္ဌာန အစွမ်းဖြင့် ပြီးသော အာဒီနဝဉာဏ်၏ အာနိသင်ကို ပြရခြင်း အကျိုးလည်း ရှိ၏ ဟု မှတ်အပ်၏။

**အာမိသ ၃-ပါး။** ။ဘယမည်သော တရားဟူသမျှသည် စင်စစ် ဒုက္ခချည်းတည်း။ ဝဋ္ဋာမိသ, လောကာမိသ, ကိလေသာမိသတို့မှ မလွတ်သော ကြောင့် သာမိသ ချည်းတည်း။ သာမိသဖြစ်ကလည်း သင်္ခါရမျှသာတည်း။ ထို့ကြောင့် နောက်ဝါရတို့ကိုလည်း ဟောပြန်ရသည်။

ဝဋ္ဋာမိသံ ဥပါဒိန္နခန္ဓာတိ ဝဒန္တိ။ တိဝိဓမ္ပိ ဝဋ္ဋံ, ဝဋ္ဋသန္နိဿိတဥ္စ ဝဋ္ဋာမိသံ ကိလေသေဟိ အာမသိတဗ္ဗတော။ လောကာမိသံ ပဉ္စကာမဂုဏာ။ ကိလေသာ ဧဝ ကိလေသာမိသံ။ သင်္ခါရမတ္တမေဝါတိ ဧတ္ထ ဧဝ-သဒ္ဒေန ဝိသင်္ခါရံ နိဝတ္တေတိ။ မတ္တ-သဒ္ဒေန ပန အပရိပုဏ္ဏတံ ဝိဘာဝေတိ[၁]။

ဋီကာ (မဟာ၊ဒု၊နှာ-၄၅၀။)

အာဒီနဝါနုပဿနာဉာဏ် ပြီး၏။

---

## နိဗ္ဗိဒါနုပဿနာဉာဏ်

**ဥပမာသုံးမျိုး။** ။အနောတတ်အိုင်၏ အနောက်မျက်နှာ ရတနာခုနစ်ပါးဖြင့် ပြီးသော စိတ္တကူဋ်တောင်ခြေ၌ ပျော်နေကျ ရွှေဟင်္သာသည် စဏ္ဍာလရွာအထွက် အိုင်ငယ်တံစိပ္ပက်၌ မနှစ်သက်မပျော်ပိုက်နိုင်။ အိုင်ကြီးခုနစ်ပါး၌သာ ပျော်ပါး နှစ်ခြိုက်သကဲ့သို့ရင်း... ရွှေချိုင့်လှောင်သွင်း သားမင်းကေသရာသည် ယူဇနာသုံးထောင် ကျယ်ပြောဆောင်သော ဟေဝန်တောင်အကွေ့၌သာ ပျော်မွေ့သကဲ့သို့ရင်း....ဟတ္ထ, ပါဒ, ဝါလ, သောဏ္ဍ, ဝတ္ထိကောသ ဟူသော ဘူမိဖုသန အင်္ဂါ ခုနစ်ပါး[၂]တို့ဖြင့် မြေ၌တည်သောကြောင့် သတ္တပတိဋ္ဌမည်သော သဗ္ဗသေတ ဝေဟာသပျံ ဆဒ္ဒန်ဆင်မင်းသည် မြို့တွင်း၌ မမွေ့

---

၁။ အာမိသ=သုံးသပ်ခြင်း (တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းသုံးသပ်အပ်သော ကာမဂုဏ် ၅-ပါး စသည်တို့ကို အာမိသ ဟု ခေါ်သည်။)

ဝဋ္ဋာမိသံ၊ ဝဋ္ဋာမိသကို။ ဥပါဒိန္နခန္ဓာတိ၊ ဥပါဒိန္နကခန္ဓာဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ တိဝိဓမ္ပိ၊ ၃-ပါး အပြားရှိသည်လည်း ဖြစ်သော။ ဝဋ္ဋံ၊ ဝဋ်တရားသည်ရင်း။ ဝဋ္ဋသန္နိဿိတဥ္စ၊ ဝဋ်ကို မှီသော တရားသည်ရင်း။ ဝဋ္ဋာမိသံ၊ ဝဋ္ဋာမိသမည်၏။ (ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား) ကိလေသေဟိ၊ ကိလေသာတို့သည်။ အာမသိတဗ္ဗတော၊ သုံးသပ်အပ်သောကြောင့်တည်း။ ပဉ္စကာမဂုဏာ၊ ကာမဂုဏ် ၅-ပါးတို့သည်။ လောကာမိသံ၊ လောကာမိသမည်၏။ ကိလေသာ ဧဝ၊ ကိလေသာတို့ သည်ပင်လျှင်။ ကိလေသာမိသံ၊ ကိလေသာမိသမည်၏။ သင်္ခါရမတ္တ မေဝါတိ ဧတ္ထ၊ သင်္ခါရမတ္တမေဝ ဟူသောပါဌ်၌။ ဧဝ-သဒ္ဒေန၊ ဧဝ-သဒ္ဒါဖြင့်။ ဝိသင်္ခါရံ၊ သင်္ခါရကင်းသော နိဗ္ဗာန်ကို။ နိဝတ္တေတိ၊ နစ်စေ၏။ မတ္တ-သဒ္ဒေနပန၊ မတ္တ-သဒ္ဒါဖြင့်ကား။ အပရိပုဏ္ဏတံ၊ မပြည့်စုံသည်၏အဖြစ်ကို။ ဝိဘာဝေတိ၊ ပြ၏။

၂။ ဘူမိဖုသနအင်္ဂါ=မြေကြီးထိသော အင်္ဂါ၊ ခြေ ၂၊ လက်-၂၊ အမြီး,နှာမောင်း,သို-ဟူ၍ ၇-ပါး။

လျော်နိုင်၊ ဆဒ္ဒန်အိုင်၌သာ ပျော်ပါးသကဲ့သို့ရင်း.... ခပ်သိမ်းကုန်သော သင်္ခါရ တရားတို့ကို အပြစ်ဒေါသ အာဒီနဝအားဖြင့် မြင်ပြီးသော ဤယောဂီဟံသာ ကေသရာ ဆင်မင်းသည် အကြွင်းမရှိသော ဘဝ, ယောနိ, ဂတိ, ဌိတိ, နိဝါသဂတ သဘောဒက သင်္ခါရတို့၌ မနှစ်ခြိုက်နိုင်၊ ညှိုးမှိုင်နွမ်းချိ ပျင်းရိငြီးငွေ့ မပျော်မွေ့ပဲ အနုပဿနာခုနစ်ပါး, အနုပဿနာ သုံးပါး, အဝိမုတ္တိပဋ္ဌကအနုယဒဿနအနုမာန ဉာဏ်ဖြင့် မြင်အပ်သော အနုပ္ပါဒ စသော နိဗ္ဗာန်တရားတို့၌သာ ပျော်ပါး ညွတ်ကိုင်း ရှိုင်းသောစိတ်ရှိတော့သည်။ ထိုအခါ နိဗ္ဗိန္ဒဉာဏ်ဖြစ်၏။

ဉာဏ် ၃-ပါး တူပုံနှင့်ထူးပုံ။ ။ယင်း နိဗ္ဗိန္ဒဉာဏ်, ရှေး ဘယဉာဏ်, အာဒီနဝဉာဏ် ဤဉာဏ်သုံးပါးတို့သည် ဘေးအားဖြင့်ထင်သော သင်္ခါရတို့သည်သာ မဟာအာဒီနဝ နိဗ္ဗိန္ဒိတဗ္ဗဖြစ်၍ ထင်သောကြောင့်မတ္ထကပ္ပတ္တိ အခါ၌ သဘောတူမျှ တခုတည်းဖြစ်ကြကုန်သော်လည်း ထိုသို့သော ဘာဝနာ အားစွမ်းသို့ ရောက်သဖြင့် အဝတ္ထာဝိသေသ, တိဝိဓကိစ္စ, သာမတ္ထိယ အားဖြင့် အစ၌ ထူးပြားသောသဘော ရှိကြကုန်၏ဟု ပြခြင်းငှါ—

တံ ပနေတံ ပုရိမေန ဉာဏဒ္ဓယေန အတ္ထတော ဧကံ။ တေနာဟ ပေါရာဏာ—

"ဘယတုပဋ္ဌာနံ ဧကမေဝ တီဏိ နာမာနိ လဘတိ၊ သဗ္ဗသင်္ခါရေ ဘယတော အဒ္ဒသာတိ ဘယတုပဋ္ဌာနံ နာမ ဇာတံ။ တေသုယေဝ သင်္ခါရေသု အာဒီနဝံ ဥပ္ပါဒေသီတိ အာဒီနဝါနုပဿနာ နာမ ဇာတံ။ တေသုယေဝ သင်္ခါရေသု နိဗ္ဗိန္ဒမာနံ ဥပ္ပန္နန္တိ နိဗ္ဗိန္ဒာနုပဿာနာ နာမ ဇာတ"န္တိ။

ပါဠိယမ္ပိ ဝုတ္တံ—"ယာ စ ဘယတုပဋ္ဌာနေ ပညာ, ယဉ္စ အာဒီနဝေ ဉာဏံ, ယာ စ နိဗ္ဗိဒါ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာန"န္တိ—

ဟု အဋ္ဌကထာ (ဒု၊နှာ-၂၈၈) ၌ မိန့်သည်။

တယိဒံ တာသံ အနုပဿနာနံ မတ္ထကပ္ပတ္တိဝသေန ဝုတ္တံ၊ အာဒိမှိ ပန ဘိန္န သဘာဝါ ဧဝ ပဝတ္တန္တိ။ ဥပ္ပါဒေသီတိ ပါတွာကာသိ၊ ဝိဘာဝေသီတိ အတ္ထော။ ဋီကာ (မဟာ၊ဒု၊နှာ-၄၅၂။)

နိဗ္ဗိဒါနုပဿနာဉာဏ် ပြီး၏။

---

မုဉ္စိတုကမျတာဉာဏ်

ဥပမာ ၁၁-မျိုး[၁]။ ။ဤနိဗ္ဗိဒါဉာဏ်ဖြင့် ဘုံသုံးတန် နှောင်အိမ်တွင် ဆန့်ကျင် ငြီးငွေ့မပျော်မွေ့သော ယောဂီထွတ်ဖျား အမျိုးကောင်း သားအား ကွန်ပိုက်၌ ငါး, မြွေမိသော ဖား အယောင်, ချိုင့်လှောင်သော

---

၁။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၈၈,၂၈၉။

တောကြက်, အလမ္ပာယ် လက်၌ မြွေ, ကျော့ကွင်းမိလေသော သမင်, ဂဠုန် လက်တွင် နဂါး, ကြောင်ဘား လက်၌ ကြွက်သူငယ်, စွန့် လက်သည်းဝယ် စာသူငယ်, နက်ကျယ်စွာသော ညွန်အိုင်၌ကျသော ဆင်, ရာဟု-ခံတွင်းတွင် လဗိမာန်,ရန်သူဝန်းဝိုင်းအပ်သောယောကျ်ားစသည်ကဲ့သို့ ဘယ်တစုံတရာသော သင်္ခါရတရား၌ပင် ပျော်ပါးငြိကပ် ဖွဲ့စပ် တပ်စွန်းခြင်း မရှိ လွန်စွာထန်ပြင်း လွတ်ကင်းထွက်မြောက်လိုသောစိတ် ဖြစ်၏။ထိုအခါ မုဉ္စိတုကမျတာဉာဏ် ဖြစ်၏။

မုဉ္စိတုကမျတာဉာဏ် ပြီး၏။

---

## ပဋိသင်္ခါဉာဏ်

**မြွေဟောက်တွေ့သော တံငါဥပမာ။** ။ငါးဆောင်းသော ယောကျ်ား တံငါသားသည် ရေမြွေဟောက်ကို ဆောင်းမိ၍ ဆောင်းပေါက်မှ လက်ဖြင့် နှိုက်လျက် နှစ်ခိုက်ဝမ်းသာ ငါးကြီးစွာ၏-ဟု ဖော်ကာ ကြည့်ရှုသဖြင့် လည်ရေးသုံးဆင့်ကို မြင်၍ အလွန် ကြောက်လန့် ပြစ်ထင် မကိုင်ချင်လှ လွတ်ချင်လှ၍ လက်မှအသာ ဖျည်ကာချေပွတ် ပစ်လွှတ် တက်ပြေး၍ မြွေဘေးမှ ငါလွတ်ခဲ့လာပေပြီဟု လာခဲ့ရာလမ်းကို ဝမ်းမြောက် လည်လှည့် ပြန်ကာ ကြည့်သကဲ့သို့ ရုပ်နာမ် သင်္ခါရ တရားကို မသိမ်းဆည်းခင်က လွန်မင်စုံမက် အတ္တဘောကို နှစ်သက်၍ လက္ခဏာရေးသုံးပါးတို့ကို သမ္မသန, ဥဒယဗ္ဗယ,ဘင်္ဂဉာဏ်တို့ဖြင့် မြင်ပြီး၍ အစဉ်အတိုင်း ဘယဉာဏ်,အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ်,မုဉ္စိတုကမျတာဉာဏ်ဖြစ်၍ ထို သင်္ခါရတို့မှ လှလှ လွတ်ဘို့ရန် တဖန် ထို သင်္ခါရတို့ကို ဆိုခဲ့ပြီးသော 'ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂုံ အဒ္ဓုဝံ' စသော လေးဆယ်သော အခြင်းအရာတို့ဖြင့်ရင်း၊

သဗ္ဗမ္ပိ သင်္ခါရဂတံ အနိစ္စံ ခယဋ္ဌေန။
ဒုက္ခံ ဘယဋ္ဌေန။
အသုဘံ ဒုဂ္ဂန္ဓဇေဂုစ္ဆ ပဋိကူလဋ္ဌေန။
အနတ္တာ အသာရကဋ္ဌေန။

ဟူ၍ရင်း သိမ်းဆည်းပြန်သဖြင့် တဖန် နိစ္စ, သုခ, သုဘ, အတ္တ အခြင်းအရာဖြင့် မထင်လာပဲ ကောင်းစွာ လွတ်ကြီးလွတ်လေသည်။ထိုအခါ ပဋိသင်္ခါဉာဏ် ဖြစ်၏။

အနိစ္စံ မနသိကရံ၊ ပဋိသင်္ခါနိမိတ္တကံ။
ဒုက္ခတော ဘဝပ္ပဝတ္တံ၊ အနတ္တတော တဒုဘယံ။

သင်္ဂဟ ဂါထာ[၁]

---

၁။ ပဋိသမ္ဘိဒါမဂ်၊ပါဠိတော်၊နှာ ၂၅၉-လာ စူဠ်ဋီကာကို မှီ၍ ဂါထာစီထားသည်။

အနိစ္စံ၊ အနိစ္စဟူ၍။ မနသိကရံ=မနသိကရောတော၊ နှလုံးသွင်းသော ယောဂီအား။ နိမိတ္တံ၊ သင်္ခါရနိမိတ်ကို။ ပဋိသင်္ခါ၊ သိ၍။ ဉာဏံ၊ ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ မနသိကရံ=မနသိ ကရော-တော၊ နှလုံးသွင်းသော ယောဂီအား။ ဘဝပ္ပဝတ္တံ၊ ချမ်းသာသုခ သမုတ်ရသော ရူပါရူပ ဘဝဟူသော ဖြစ်ခြင်းကို။ ပဋိသင်္ခါ၊ သိမြင်၍။ ဉာဏံ၊ ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနတ္တတော၊ အနတ္တဟူ၍။ မနသိကရံ=မနသိ ကရောတော၊ နှလုံးသွင်းသော ယောဂီအား။ တဒုဘယံ၊ ထို နိမိတ္တ,ပဝတ္တ နှစ်ပါးကို။ ပဋိသင်္ခါ၊ သိမြင်၍။ ဉာဏံ၊ ပဋိသင်္ခါဉာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ပဋိသင်္ခါနုပဿနာဉာဏ် ပြီး၏။

---

## သင်္ခါရုပေက္ခာဉာဏ်

သင်္ခါရာနံ အနိစ္စ, ဒုက္ခာကာရာဒိပရိဂ္ဂဏှနဝသေန ပဝတ္တမ္ပိ ပဋိသင်္ခါ-နုပဿနာဉာဏံ ဝိသေသတော အနတ္တာကာရပရိဂ္ဂဏှနပ္ပဓာနံ။ တသ္မိံ ဟိ သတိ သစ္စသမ္ပဋိဝေဓော ဇာယတိ၊ န အသတိ။ တဒဘာဝတော ဟိ အနိစ္စ,-ဒုက္ခ လက္ခဏ ပညာပကမ္ပိ သရာဂ်သတ္ထာရာဒိနံ သာသနံ အနိယျာနိကမေဝ ဇာတံ။ အထ ဝါ တေသံ နိစ္စ,သာရာဒိဟိ ရိတ္တကံ သန္ဓာယ 'သဗ္ဗေ သင်္ခါရာ သုညာတိ ပရိဂ္ဂဟေတွာ'တိ ဝုတ္တံ—

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၄၅၅) နှင့် အညီ ဤ ပဋိသင်္ခါနုပဿနာဉာဏ်ဖြင့် မြင်အပ်ပြီးသော သင်္ခါရတို့၏ အတ္တမှ ဆိတ်သောအဖြစ်ကို။ ဝါ=နိစ္စသာရ စသည်တို့မှ ဆိတ်သောအဖြစ်ကို ရွေးသိမ်းဆည်းမြဲအတိုင်း အဖန်တလဲလဲ သိမ်းဆည်းပြီး၍ ယင်း သုညတာကာရ၏ မြဲမြံခိုင်ခံ့ခြင်း ဒဠှီဘာဝအကျိုးငှါ—

အတ္တ ၂-ပါးဖြင့် ဆင်ခြင်ခြင်း။ ။"သုညမိဒံ အတ္တေနဝါ အတ္တနိယေနဝါ"။ဣဒံ သင်္ခါရဂတံ၊ ဤ သင်္ခါရသဘောသည်။အတ္တေ-န ဝါ၊ သာမိ, နိဝါသီ, ကာရက, ဝေဒက ဖြစ်သော ကိုယ်ဟူသည်မှရင်း။ အတ္တ-နိယေနဝါ၊ သုခ ဒုက္ခကို ပြီးစေတတ်သော မိမိဥစ္စာ သတ္တဝါသင်္ခါရမှရင်း။ သုညံ၊ ကင်းဆိတ်၏။ ဤသို့ အဖို့နှစ်ပါးဖြင့် ဆင်ခြင်အပ်၏။

အတ္တ ၄-ပါးဖြင့် ဆင်ခြင်ခြင်း။ ။မြင်ပြီးသည်ရှိသော် တဖန်—

နာဟံ ကွစနိ၊ န ကဿစိ ကိဉ္စနတသ္မိံ။
န စ ပရော ကွစနိ၊ န မမ ကိဉ္စနတသ္မိံ[၁]။

---

၁။ ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ နှာ-၂၉၁-၌ ဥပရိပဏ္ဏာသ ပါဠိတော်၊ နှာ-၅၀-လာစုဏ္ဏိယကို ကိုး ကားဖွင့်ပြသည့်အတိုင်း စီထားခြင်း ဖြစ်သည်။

ကွစနိ၊ တစုံတခုသော ဌာန, ကာလ, သဘာဝဓမ္မ, အဇ္ဈတ္တ, ဗဟိဒ္ဓ၌။ အဟံ၊ငါ-ဟု ဆိုဘွယ်ရာ ကိုယ်ဟူသည်။ န၊ မရှိလုံးလုံး သုဉ်းချေ၏ တကား။ ။ ကဿစိ၊ တစုံတယောက်သော သူတပါး၏။ ကိဉ္စနတသ္မိံ =ကိဉ္စနဘာဝေ၊ မိဘ သားမြေး ကျွန်ကျေး ဆရာ ဉာတကာ မျိုးဆွေ အန္တေဝါသိက စသည်ဖြင့် ကြောင့်ကြစိုးရိမ်အပ်သော အဖြစ်၌။ ဥပနေတဗ္ဗော၊ ဆောင်ထားသိမှတ်အပ်သော။ ကဿစိ၊ တစုံတယောက်သော သူတပါး၏ သား, မြေး, မိဘ စသည် ဆိုဘွယ်ရာ ငါဟူသောကိုယ်သည်။ ကွစနိ၊ တစုံတခုသောဌာန ကာလ သဘာဝဓမ္မ အဇ္ဈတ္တ ဗဟိဒ္ဓ၌။ န၊ မရှိလုံးလုံး သုဉ်းချေ၏တကား။ ။စ၊ ငါသာ မရှိသည် မဟုတ်သေး။ ကွစနိ၊ တစုံတခုသောဌာန,ကာလ,သဘာဝဓမ္မ,အဇ္ဈတ္တ, ဗဟိဒ္ဓ၌။ ပရော၊ သူတပါးဟု ဆိုဘွယ်ရာ ကိုယ်ဟူသည်လည်း။ န၊ မရှိလုံးလုံး သုဉ်းချေ၏တကား။ ။မမ၊ ငါ၏။ ကိဉ္စနတသ္မိံ =ကိဉ္စနဘာဝေ၊ မိဘ သား မြေး ကျွန်ကျေး ဆရာ ဉာတကာမျိုးဆွေ အန္တေဝါသိက စသည်ဖြင့် ကြောင့်ကြစိုးရိမ် အပ်သော အဖြစ်၌။ ဥပနေတဗ္ဗော၊ ဆောင်ထား သိမှတ်အပ်သော။ မမ၊ ငါ၏ မိဘ စသည်ဆိုဘွယ်ရာ သူတပါးဟူသောကိုယ်သည်။ န၊ မရှိလုံးလုံး သုဉ်းချေ၏ တကား။

ဤသို့ အဖို့လေးပါးဖြင့် သုညတာကာရ ကို သိမ်းဆည်း ဆင်ခြင်အပ်၏။

**အခြင်းအရာ ၆-ပါးဖြင့် ဆင်ခြင်ခြင်း။** ။မြင်လတ်သော် တဖန်—

ရူပံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမ ဓမ္မေန ဝါ။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ။ စက္ခု သုညံ။ မနော သုညော။ ရူပါ သုညာ။ ဓမ္မာ သုညာ။ စက္ခုဝိညာဏံ။ မနောဝိညာဏံ။ စက္ခုသမ္ဖဿော။ ယာဝ ဇရာမရဏံ သုညံ အတ္တေန ဝါ အတ္တနိယေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။

ရူပံ၊ ရုပ်သည်။ အတ္တေန ဝါ၊ သာမိ,နိဝါသီ,ကာရက,ဝေဒကဖြစ်သော ကိုယ် ဟူသည်မှုရင်း။ အတ္တနိယေန ဝါ၊ သုခ,ဒုက္ခကို ပြီးစေတတ်သော ကိုယ်၏ဥစ္စာ သတ္တဝါ သင်္ခါရမှုရင်း။ နိစ္စေန ဝါ၊ တောင်ထွတ်တပဲ မြဲ၏ဟု ကြံဆအပ်သော မိမိ, တပါးသူ, ကိုယ်ဟူသည်မှုရင်း။ ဝါ၊ တောင်ထွတ်တပဲ မြဲသောအဖြစ်မှုရင်း။ ဓုဝေန ဝါ၊ ခိုင်ခံ့သောအဖြစ်မှုရင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း ထင်ရှား ရှိသောအဖြစ်မှုရင်း။ အဝိပရိဏာမ ဓမ္မေန ဝါ၊ ဖောက်ပြန်ခြင်းသဘော မရှိသော အဖြစ်မှုရင်း။ သုညံ၊ ကင်းဆိတ်ချေ၏ တကား။

နိစ္စတာ နာမ ကူဋဋ္ဌတာ။ ဓုဝဘာဝေါ ထိရတာ။သဒါ ဘာဝိတာ သဿ- တဘာ။ နိဗ္ဗိကာရတာ အဝိပရိဏာမ ဓမ္မတာ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၅၆)

ယာဝ ဇရာ မရဏာ၊ ဇရာ,မရဏတိုင်အောင်သော တရားအပေါင်းသည်။ အတ္တေန ဝါ၊ သာမိ,နိဝါသိ,ကာရက,ဝေဒကဖြစ်သော ကိုယ်ဟူသည်မှရင်း။ အတ္တနိယေန ဝါ၊ ကိုယ်၏ဥစ္စာ သတ္တဝါသခ်ါရမှရင်း။ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ၊ မြဲသောအဖြစ်မှရင်း, ခိုင်ခံ့သော အဖြစ်မှရင်း, အခါခပ်သိမ်း ထင်ရှားရှိသော အဖြစ်မှရင်း, မဖောက်မပြန်သော သဘောရှိသော အဖြစ်မှရင်း။ သုညံ၊ ကင်းဆိတ်ချေ၏တကား။

ဤသို့ ခြောက်ပါးသောအခြင်းအရာ တို့ဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏။

**အခြင်းအရာ ဂ-ပါးဖြင့် ဆင်ခြင်ခြင်း။** ။ထင်မြင်လတ်သော် တဖန်—

ယထာ ဥဒုမ္ဗရေ'ရဏ္ဍော၊ နဠော စ ပါဠိဘဒ္ဒကော။
သေတဝဏ္ဏော ဖေဏပိဏ္ဍော၊ မရီစိ ဒကဗုဗ္ဗုဠံ။
မာယာ ကဒလိခန္ဓော စ၊ အသာရကော တထေဝိဒံ[၁]။

ရူပံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရသာရေန ဝါ ဓုဝသာရ- သာရေန ဝါ သုခသာရသာရေန ဝါ အတ္တသာရသာရေန ဝါ နိစ္စေန ဝါ ဓုဝေန ဝါ သဿတေန ဝါ အဝိပရိဏာမဓမ္မေန ဝါ။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ။ စက္ခုံ။ပ။ ဇရာမရဏံ အသာရံ နိဿာရံ သာရာပဂတံ နိစ္စသာရသာရေန ဝါ။ပ။ အဝိပရိဏာမဓမ္မေန ဝါ။

ဥဒုမ္ဗရော၊ ရေသဖန်းပင်သည်ရင်း။ ရေဏ္ဍော၊ ကြက်ဆူပင်သည်ရင်း။ နဠော စ၊ ကျူပင်သည်ရင်း။ ပါဠိဘဒ္ဒကော၊ ပေါက်ပင်သည်ရင်း။ ဝါ၊ ကသစ်ပင်သည်ရင်း။ သေတဝဏ္ဏော၊ ရေခတက်ဖြူပင်သည်ရင်း။ ဝါ၊ ကြောင်မီး ကူ[၂]ပင်သည်ရင်း။

'သေတဝဏ္ဏော'တိ သေတဝရဏကော။ 'မိနရုက္ခော'တိပိ ဝဒန္တိ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၅၇)

ဖေဏပိဏ္ဍော၊ ရေမြှုပ်စိုင်သည်ရင်း။ မရီစိ၊ တံလျှပ်သည်ရင်း။ ဒကဗုဗ္ဗုဠံ၊ ရေပွက်သည်ရင်း။ မာယာ၊ မြက်လှည့်ရုပ်သည်ရင်း။ ကဒလိခန္ဓော စ၊ ငှက်ပျော တုံးသည်ရင်း။ အသာရကော ယထာ၊ အနှစ်မရှိသကဲ့သို့။ တထေဝ၊ ထိုအတူ သာလျှင်—ဣဒံ ရူပံ၊ ဤရုပ်သည်။ နိစ္စသာရ သာရေန ဝါ၊ နိစ္စသာရတည်း ဟူသော အနှစ်ဖြင့်ရင်း။ ဓုဝသာရ သာရေန ဝါ၊ ဓုဝသာရတည်းဟူသော အနှစ်ဖြင့်ရင်း။ သုခသာရ သာရေန ဝါ၊ သုခသာရ တည်းဟူသော အနှစ်ဖြင့်

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၉၂-ဇူဠနိဒ္ဒေသ၊နှာ-၁၇၂၊၁၇၃။

၂။ ကြောင်မီးကူပင်=ဆေးဖက်ဝင် အပင်တမျိုး။ ကြက်တူရွေး ပန်းပင်ကိုလည်း ခေါ်သေးသည်။

ၜင်း။ အတ္တသာရ သာရေန ဝါ၊ အတ္တသာရတည်းဟူသော အနှစ်ဖြင့်ၜင်း။ နိစ္စေန ဝါ၊ မြဲသောအဖြစ်ဖြင့်ၜင်း။ ဓုဝေန ဝါ၊ ခိုင်ခံ့သောအဖြစ်ဖြင့်ၜင်း။ သဿတေန ဝါ၊ အခါခပ်သိမ်း ထင်ရှားရှိသောအဖြစ်ဖြင့်ၜင်း။ အဝိပရိဏာမ-ဓမ္မေန ဝါ၊ ဖောက်ပြန်ခြင်းသဘော မရှိသောအဖြစ်ဖြင့်ၜင်း။ အသာရံ၊ အနှစ် မဟုတ်။ နိဿာရံ၊ အနှစ်မရှိ။ သာရာပဂတံ၊ အနှစ်မှ ကင်း၏။ ဝါ၊ အနှစ်သည် ကင်း၏။

ဝေဒနာစသည် နည်းတူ။

ဤသို့ ရှစ်ပါးသော အခြင်းအရာတို့ဖြင့် သုညအဖြစ်ကို သိမ်းဆည်းဆင်ခြင် အပ်၏။

အခြင်းအရာ ၁၀-ပါးဖြင့် ဆင်ခြင်ခြင်း။ ။မြင်လတ်သော် တဖန်—

ရူပံ ရိတ္တံ တုစ္ဆံ သုညံ၊ အနတ္တာ စ အနိဿရံ။
အကာမကာရိယာ'လဗ္ဘ–နီယဋ္ဌာ'ဝသဝတ္တကံ။
ပရံ ဝိဝိတ္တံ တထေဝ၊ ဘာဝတေ ဝေဒနာဒိပိ။

သင်္ဂဟဂါထာ[၁]

ရူပံ၊ ရုပ်သည်။ ရိတ္တံ၊ နိစ္စ သာရစသော အနှစ်ကင်းချေ၏။ တုစ္ဆံ၊ သိမ်ငယ် ယုတ်ညံ့စွာ၏။ သုညံ၊ အတ္တသာရမှ ဆိတ်ချေ၏။ အနတ္တာ၊ ကိုယ်မဟုတ်ချေ။ အနိဿရံ၊ အစိုးလည်းမရ အစိုးရသူလည်း မရှိချေ။ အ ကာမကာရိယံ၊ နိစ္စ သုခ စသည်ဖြစ်စေဟု အလိုရှိတိုင်း မပြုထိုက်ချေ။ ဝါ၊ မိမိအလိုဖြင့် တစုံတခုကို မပြု တတ်ချေ။ အလဗ္ဘနီယံ၊ တောင့်တတိုင်း မရချေ။ အ ဝသဝတ္တကံ၊ မိမိလည်း သူတပါး အလို၌ မဖြစ်တတ် သူတပါးကိုလည်း မိမိအလိုသို့ မလိုက်စေတတ်ချေ။ ပရံ၊ စီရင်တိုင်း မရသည်ဖြစ်၍ သူစိမ်းပြင်ပတည်း။ ဝိဝိတ္တံ၊ အကြောင်းမှၜင်း အကျိုးမှၜင်း ဆိတ်၏။

န ဟိ ကာရဏေန ဖလံ, ဖလေန ဝါ ကာရဏံ သဂ္ဂံ တိဋ္ဌတိ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၅၇။)

ဝေဒနာဒိပိ၊ ဝေဒနာစသော နာမ်ခန္ဓာ လေးပါးသည်လည်း။ တထေဝ၊ ထိုအတူသာလျှင် ရိတ္တ, တုစ္ဆ, သုည စသည်သည်။ ဘာဝတေ၊ ဖြစ်၏။

ဤသို့ ဆယ်ပါးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏။

၁။ စူဠနိဒ္ဒေသ၊နှာ-၁၇၄။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၉၃။

အခြင်းအရာ ၁၂-ပါးဖြင့် ဆင်ခြင်ခြင်း။ ။မြင်လတ်သော် တဖန်—

ရူပံ န သတ္တော၊ န ဇီဝေါ၊ န နရော၊ န မာဏဝေါ၊ န ဣတ္ထိ၊ န ပုရိသော၊ န အတ္တာ၊ နာဟံ။ န အတ္တနိယံ၊ န မမ၊ န အညဿ၊ န ကဿစိ။ ဝေဒနာ။ သညာ။ သင်္ခါရာ။ ဝိညာဏံ န သတ္တော၊ န ဇီဝေါ။ပ။ န အညဿ၊ န ကဿစိ။ (ဝိသုဒ္ဓိအဋ္ဌကထာ၊ဒု၊နှာ-၂၉၃။)

ရူပံ၊ ရုပ်သည်။ န သတ္တော၊ တိတ္ထိတို့ကြံဆ အတ္တဟူသော သတ္တဝါ မဟုတ်။ န ဇီဝေါ၊ တိတ္ထိတို့ကြံဆ အတ္တဟူသော အရှင်မဟုတ်။ န နရော၊ တိတ္ထိတို့ ကြံအပ် ဆောင်တတ်သော ကိုယ်မဟုတ်။ န မာဏဝေါ၊ မာနု၏ ဖြစ်ရာ ကိုယ် မဟုတ်။

'အဟမသ္မီ'တိ မာနုပ္ပတ္တိဋ္ဌာနတာယ မာနော ဧတ္ထ ဝါတိ ပဝတ္တတီတိ မာဏဝေါ။ ။ဋီကာ(မဟာ၊ဒု၊နှာ-၄၅၇)၊ နှ-ယော်ကို ဏ-ကြီးပြု။

န ဣတ္ထိ၊ တိတ္ထိတို့ ကြံဆသော မိန်းမ မဟုတ်။ န ပုရိသော။ ယောကျာ်း မဟုတ်။ န အတ္တာ၊ ငါဟူသော မာနကို ထားရာ ကိုယ်ကောင် မဟုတ်။ န အဟံ၊ ငါဟူသော ကိုယ်ကောင် မဟုတ်။

ဤရှစ်ပုဒ်တို့ဖြင့် ရုပ်၏ အတ္တ သုညတာကို ပြ၏။

နောက်လေးပုဒ်တို့ဖြင့်ကား ထိုရုပ်၏ ကိဉ္စနတာဘာဝကို ပြသည်။

ဋီကာ (မဟာ၊ဒု၊နှာ-၄၅၈)

န အတ္တနိယံ၊ ကိုယ်၏ ဥစ္စာမဟုတ်။ န မမ၊ ငါဟူသောကိုယ်၏ ဥစ္စာမဟုတ်။ န အညဿ၊ သူတပါးဟူသော ကိုယ်၏ဥစ္စာမဟုတ်။ န ကဿစိ၊ တစုံတယောက် သော ကိုယ်၏ ဥစ္စာမဟုတ်။ ။ဤနောက်သုံးပုဒ်တို့ကား 'န အတ္တနိယံ' ပုဒ်၏ ဝေဝုစ်ပရိယာယ် တို့ပင်တည်း။ ဝေဒနာစသည် နည်းတူ။

ဤသို့ အခြင်းအရာတဆဲ့နှစ်ပါးတို့ဖြင့် သိမ်းဆည်း ဆင်ခြင်အပ်၏။

အခြင်းအရာ ၄၂-ပါးဖြင့် ဆင်ခြင်ခြင်း။ ။မြင်ပြီး၍ တဖန် အောက်၌ ကလာပ- သမ္မသနဉာဏ် မြဲမြံစေခြင်းငှါ ပွါး များစေလို ပြဆိုခဲ့ပြီးသော—

ရူပံ အနိစ္စံ ပလောကံ၊ စလံ ပဘင်္ဂု အဒ္ဓုဝံ။
ဝိပရိဏာမဓမ္မသာရကံ၊ ဝိဘဝံ မစ္စုသင်္ခတံ။

ဒုက္ခ ရောဂါဃံ ဂဏ္ဍံ၊ သလ္လာ'ဗာခံ ဥပဒ္ဒဝံ။
ဘယ'တျု'ပသဂ္ဂါ'တာဏံ၊ အလေဏာ သရဏံ ဝဓံ။

အဃမူလံ အာဒီနဝံ၊ သာသဝံ မာရအာမိသံ။
ဇာတိဇ္ဇရံ ဗျာဓိသောကံ၊ ပရိဒေဝမုပါယာသံ။
သံကိလေသ သဘာဝကံ။

အနတ္တာ စ ပရံ ရိတ္တံ၊ တုစ္ဆံ သုညန္တိ တာလိသံ။
ဝေဒနာဒယော ခန္ဓာပိ၊ တထေဝ ပဉ္စကာပိ ဝါ[၁]။

ဟူသော နည်းတို့ဖြင့်လည်း ဤ **သုညတာနုပဿနာဉာဏ်** မြဲမြံစေခြင်း အကျိုးငှါ ခန္ဓာငါးပါးတို့၏ အတ္တမှဆိတ်သောအဖြစ်ကို သိမ်းဆည်းအပ်၏။

**အခြင်းအရာ ၄၂-ပါးရေတွက်ပုံ။** ။ထိုတွင် ဒုက္ခ ဒေါမနဿကို ထည့်သွင်းလျက် သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ ငါးပါးကို တခုတည်း ပေါင်း၍ သံကိလေသ သဘာဝကံကို နုတ်၍၊ အသရဏီဘူတံ, သမုဒယံ, အတ္ထင်္ဂမံ, အဿာဒံ, နိဿရဏံ၊ ဤငါးပုဒ်တို့ကို ထည့်သည်ရှိသော် **ဒွါစတ္တာလီသာကာရ** ဖြစ်၏။

အသရဏီဘူတံ၊ ကိုးကွယ်ရာ မဟုတ်သည်ဖြစ်၍ ဖြစ်၏။ သမုဒယံ၊ ဖြစ်ခြင်း သဘောရှိ၏။ အတ္ထင်္ဂမံ၊ ချုပ်ခြင်းသဘောရှိ၏။ အဿာဒံ၊ သုခ,သောမနဿ ဟူသော အဿာဒကို ဖြစ်စေတတ်၏။ နိဿရဏံ၊ ဆန္ဒရာဂကို ပယ်ဖျောက်ခြင်း ဟူသော ထွက်မြောက်ကြောင်းတည်း။ ဤသို့ အနက်သမ္ဗန်။

**သုညတာထင်ပုံ ။** ။သမုဒယ အတ္ထင်္ဂမတို့ကို ရှုသဖြင့် နိစ္စ သာရကို မမြင် သုညတာ ထင်၏။ အဿာဒကို ရှုသဖြင့် ပစ္စည်း, ပစ္စယုပ္ပန်အဖြစ်ကို မြင်၍ သုညတာ ထင်၏။ အာဒီနဝ, နိဿရဏတို့ကို ရှုသဖြင့် နိစ္စအဖြစ် စသည်မှ ဆိတ်ခြင်းဟူသော သုညတာ ထင်၏။ ။ဤသို့ အခြင်း အရာ လေးဆဲ့နှစ်ပါးတို့ဖြင့် သိမ်းဆည်း ဆင်ခြင်သဖြင့် သုညတာ ထင်သည်ကို—

ရူပံ အနိစ္စတော ။ ပ ။ နိဿရဏတော ပဿန္တော သုညတော လောကံ အဝေက္ခတိ၊ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ အနိစ္စတော ။ ပ ။ နိဿရဏတော ပဿန္တော သုညတော လောကံ အဝေက္ခတိ။

သုညတော လောကံ အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဥဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။

ဟူ၍ (သုတ္တနိပါတ် ပါဠိတော်၊ နှာ-၄၄၀-၌) ဟောတော်မူအပ်၏။

---

၁။ အနက်ကို ဤကျမ်း၊ ဒု-တွဲ၊ နှာ-၅၂၉-၅၃၁ ကြည့်။

ရူပံ၊ ရုပ်ကို။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပ ။ နိဿရဏတော၊ ထွက်မြောက်ကြောင်းအားဖြင့်။ ပဿန္တော၊ ရှုသောသူသည်။ လောကံ၊ ခန္ဓာဒိလောကကို။ သုညတော၊ ဆိတ်သောအားဖြင့်။ အဝေက္ခတိ၊ ရှုသည်မည်၏။ ဝေဒနံ သညံ သင်္ခါရေ ဝိညာဏံ၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏကို ။ ပ ။ အဝေက္ခတိ၊ ရှုသည်မည်၏။

မောဃရာဇ၊ မောဃရာဇရဟန်း။ သဒါ၊ နေ့ရော ညဉ့်ပါ အခါမပြတ်။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ ကိုယ်ဟူ၍ ပြေးသွားသော နှစ်ဆယ်သော ဝတ္ထုရှိသော သက္ကာယဒိဋ္ဌိကို။ ဥဟစ္စ၊ စွန့်ခွါပယ်နုတ်၍။ လောကံ၊ သင်္ခါရလောကကို။ သုညတော၊ အနှစ်ကင်းဆိတ်သောအားဖြင့်။ အဝေက္ခဿု၊ ပညာစက္ခုထင်အောင်ပွင့်၍ မြော်ရှုစုံစမ်းဘိလော။ ဧဝံ၊ ဤသို့ မြော်ရှု စုံစမ်းသည် ရှိသော်။ မစ္စုတရော၊ သေမင်းကို လွန်မြောက်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧဝံ၊ ဤသို့ သုညအားဖြင့်။ လောကံ၊ သင်္ခါရလောကကို။ အဝေက္ခန္တံ၊ ရှုသော ယောဂီကို။ မစ္စုရာဇာ၊ သေမင်းသည်။ န ပဿတိ၊ မမြင်နိုင်။

သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ခြင်း။ ။ဤသို့လျှင် ဆိုခဲ့ပြီးသော အခြင်းအရာတို့ဖြင့် သိမ်းဆည်း၍ သုညအားဖြင့် မြင်ပြီးသည် ရှိသော် လက္ခဏာရေးသုံးပါးသို့ တင်လျက် ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့ကို 'အနိစ္စံ, ဒုက္ခံ, အနတ္တာ၊ အနိစ္စံ, ဒုက္ခံ, အနတ္တာ'ဟု အဖန်ဖန်ရှုသော ယောဂီသည် ချစ်ကြင်လှစွာသော မယားကို မုန်းထားပြစ်မြင် ကွာကြဉ်ပြီးနောက် တစုံတယောက်သော ယောကျ်ားနှင့် စကားပြည်ရှင် နေချင်တိုင်း နေသော်လည်း မမုန်းမချစ် လျစ်လျူသာ ဖြစ်သကဲ့သို့ ခပ်သိမ်းသော သင်္ခါရတို့၌ 'ငါတည်း, ငါ၏ ဥစ္စာတည်း'ဟု ယူဘွယ်ကို မမြင်ခြင်းကြောင့် ကြောက်ခြင်း နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်းမချစ် လျစ်လျူသာ ဖြစ်၏။ ဤသို့ သိမြင်သော ယောဂီပုဂ္ဂိုလ်၏ စိတ်သည် ကြာရွက်၌ ရေပေါက်၊ မီး၌ ကျရောက်သော အကြော ကြက်တောင် တို့ကဲ့သို့, ထိတ်ထောင် နှောင်အိမ်အလား ဘဝသုံးပါး ယောနိလေးပါး[၁] စသည်တို့၌ မနှစ်ခြိုက် မပွါးပြန့်မူ၍ တိုတွန့် ကွေးကုပ် နောက်သို့ဆုတ်နင်၏။ လျစ်လျူဖြစ်ခြင်းသော်၎င်း စက်ဆုပ် ရွံရှာခြင်းသော်၎င်း တည်၏။ ထိုအခါ သင်္ခါရုပေက္ခာဉာဏ် ဖြစ်၏။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

၁။ ဂဗ္ဘသေယျကစသော ပဋိသန္ဓေ ၄-မျိုး။

## အနုလောမဉာဏ်

**နိဗ္ဗာန်သို့ ဝင်ခြင်း။** ။ထိုသင်္ခါရုပေက္ခာဉာဏ်သည် ရင့်သန်အားရှိသဖြင့် အနုလောမဉာဏ်၏ အခြေ မှန်၍ နိဗ္ဗာန်ကို သန္တအားဖြင့် မြင်သည်ရှိသော် သမုဒ္ဒရာ၌ ကုန်သွားသော သင်္ဘောသားတို့ ယူဆောင်အပ်သော ဒိသာကာက[၁] ဒိသာသကုန္တ[၂]သည် ကမ်းကို မမြင်သေးသမျှ ကာလ ပတ်လုံး ပြန်ကာပြန်ကာ လင်းယဉ်တိုင်၌သာ နားလာ၍ ကမ်းကိုမြင်သည့် အခါ မပြန်လာပဲ ကမ်းရှိရာအရပ်သို့ ရှေးရှုပျံသွားသကဲ့သို့ ခပ်သိမ်းသော သင်္ခါရဝဋ်ကို အာရုံမပြု လက်လွှတ်စွန့်လှန်လျက် အနုလောမဉာဏ်, ဂေါတြဘူ ဉာဏ်သို့ အစဉ်အတိုင်း တက်၍ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ ပြေးဝင်၏။ အနုလောမဉာဏ်၏ အခြေ မဖြစ်သေး မရင့်မသန်သေး၍ နိဗ္ဗာန်ကို သန္တ အားဖြင့် မမြင်သေးမူကား မုန့်ညက်ဆင်းခတ်[၃], ဝါဂွမ်းဖတ်သည့်အလား သင်္ခါရ တရားကို သိမ်းဆည်းရှေးရှု အာရုံပြု၍ အဖန်ဖန် လျစ်လျူရှုလျက် အနုပဿနာ သုံးပါး၏ အစွမ်းဖြင့်ပင် တည်နေ၏။

ဥပမာ ဒွယေနပိ ပုနပ္ပုနံ သမ္မသနေန ဝိပဿနာဉာဏဿ သုခုမတရဘာဝပ္ပတ္တိမာဟ။ ယထာ ယထာ ဟိ ဝိပဿနာ ဘာဝနာဗလေန တိက္ခာ ဝိသဒါ သူရာ စ ဟောတိ။ တထာ တထာ သုခုမတရာပိ ဟောတိ။

ဋီကာ (မဟာ၊ဒု၊နှာ-၄၆၀)

ဥပမာ ဒွယေနပိ၊ ဆင်းအပ်သော မုန့်ညက်ဥပမာ[၄], ဖတ်အပ်သော ဝါဂွမ်း ဥပမာ နှစ်ပါးဖြင့်လည်း။ အနက် ပေး။

**နိဗ္ဗာန်ကို မြင်ပုံ။** ။ထို သင်္ခါရုပေက္ခာဉာဏ်သည် နိဗ္ဗာန်ကို ငြိမ်သက်သော အားဖြင့် မြင်၏-ဟု ပြသော—

"တံ ပနေတံ သစေ နိဗ္ဗာနံ သန္တတော ပဿတိ၊ သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိဿဇ္ဇေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိ"—

ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၉၄) စကားကို နိဗ္ဗာန်ကို အာရုံပြုသော ကြောင့် ဆိုသည် မဟုတ်။ သင်္ခါရုပေက္ခာဉာဏ် ရင့်ကျက်စွမ်းသန်၍ အနုလောမ ဉာဏ်၏ အခြေ ဖြစ်သည်ပင်လျှင် နိဗ္ဗာန်ကို မြင်သည် မည်၏-ဟု ပြခြင်းငှါ—

---

၁။ ဒီ၊ ၁၊ နှာ-၂၁၂။ အံ၊ ၂၊ နှာ-၃၂၃။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၂၉၅ (ဒိသာကာက=ကမ်း ကြည့်ကျီး)

၂။ မဟာဋီကာ၊ဒု၊နှာ-၄၆၀ (ဒိသာသကုန္တ=ကမ်းကြည့်ငှက်)

၃-၄။ 'မုန့်ညက်ဆင့်သည်'ဟု ဝေါဟာရအသုံးများသည်။ မုန့်ညက်အမှုန့်၌ အဖြုန်းမပါရ အောင် စကောဖြင့် ဆင့်ခြင်းပင် ဖြစ်သည်။

တိက္ခဝိသဒသူရဘာဝေန သင်္ခါရေသု အဇ္ဈုပေက္ခနေ သိဇ္ဈမာနေ တံ သင်္ခါရုပေက္ခာဉာဏံ အနေကဝါရံ ပဝတ္တမာနံ ပရိပါကဂမနေန အနုလောမ-ဉာဏဿ ပစ္စယဘာဝံ ဂစ္ဆန္တံ "နိဗ္ဗာနံ သန္တတော ပဿတိနာမ"။ တထာ-ဘူတဥ္စ "သဗ္ဗံ သင်္ခါရပ္ပဝတ္တံ ဝိသင်္ခေတွာ နိဗ္ဗာနမေဝ ပက္ခန္ဒတိနာမ"။ တယိဒံ ဣမံ ဉာဏံ အနုလောမဂေါတြဘူဉာဏေဟိ သဒ္ဓိံ ဧကတ္တံ နေတွာ ဝုတ္တံ ကေတ္တနယဝသေန[၁]–ဟု ဋီကာ (မဟာ၊ဒု၊နှာ-၄၅၉) မိန့်သည်။

ဤသို့ အနုပဿနာသုံးပါး[၂]၏ အစွမ်းဖြင့် တည်သော ဤသင်္ခါရုပေက္ခာဉာဏ်သည် သုံးပါးသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်၍ အရိယာပုဂ္ဂိုလ် ခုနစ်ပါး ကွဲပြားခြင်း၏ အကြောင်း ဖြစ်၏။

## ဝိမောက္ခ မုခ ၃-ပါး

တိဝိဓ ဝိမောက္ခ မုခ အဖြစ်သို့ ရောက်ပုံကား—

**အနိမိတ္တဝိမောက္ခ မုခ**။ ။သဒ္ဓိန္ဒြေအားကြီးကဲလွန်သော ယောဂီအား အနိစ္စာနုပဿနာ ထက်သန် လှ၍ ဥဒယဝယသည် ပိုင်းခြား အပ်သော လုံးဝန်းနည်းငယ်လှသော 'ဥဒယဗ္ဗယ ပရိစ္ဆိန္န ပရိဝဋုမ' သင်္ခါရတို့၌ နိစ္စ,ဓုဝ,သုခ,သုဘ,အတ္တ နိမိတ်ကို ခွါလျက် သင်္ခါရနိမိတ် အကြွင်းမဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ် ဘဝင်ပြတ်လျက် အနုလောမဉာဏ်, ဂေါတြဘူဉာဏ်သို့ တက်၍ မဂ်ဖိုလ်သို့ ချဉ်းကပ် တစပ်တည်း သွားသည်ဖြစ်အံ့၊ အာရုံဖြစ်သော နိဗ္ဗာန်သည် **အနိမိတ္တနိဗ္ဗာန်** မည်၏။ အာရမ္မဏိက ဖြစ်သော မဂ်သည် **အနိမိတ္တ ဝိမောက္ခ** မည်၏။ ရောက်ကြောင်း 'အာဂမန' ဖြစ်သော အနိစ္စာနုပဿနာ သင်္ခါရုပေက္ခာဉာဏ်သည် **အနိမိတ္တဝိမောက္ခမုခ** မည်၏။

**အပ္ပဏိဟိတဝိမောက္ခမုခ**။ ။ထိုအတူ သမာဓိန္ဒြေ အားရှိကဲလွန် ထက်သန်သော ယောဂီအား ဒုက္ခာနုပဿနာထက်သန်လှ၍ ဇာတိ စသော ဘေးသည် နှိပ်စက်အပ်သော 'ဘယာဘိဘူတသင်္ခါရ' တို့၌ တောင့်တခြင်း တဏှာပဏိဓိကို စွန့်ခွါလျက် တဏှာ အကြွင်းမဲ့ ကင်းဆိတ်သော နိဗ္ဗာန်သို့ညွတ်စဉ် ဘဝင်ပြတ်လျက် အနုလောမဉာဏ်,ဂေါတြဘူဉာဏ်သို့တက်၍ မဂ်,ဖိုလ်သို့ချဉ်းကပ် တစပ်တည်းသွားသည်ဖြစ်အံ့၊ နိဗ္ဗာန်သည် **အပ္ပဏိဟိတနိဗ္ဗာန်** မည်၏။ မဂ်သည် **အပ္ပဏိဟိတဝိမောက္ခ** မည်၏။ ဒုက္ခာနုပဿနာဟူသော သင်္ခါရုပေက္ခာဉာဏ်သည် **အပ္ပဏိဟိတဝိမောက္ခမုခ** မည်၏။

---

၁။ သင်္ခါရုပေက္ခာဉာဏ်ဟု ဆိုရာ၌ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်တို့ပါ အကျုံးဝင်သည်။ ဤဉာဏ် ၃-ပါးကို သိခါပတ္တဟုလည်း ခေါ်သည်။ ဝုဋ္ဌာနဂါမိနီ,ဝိမောက္ခမုခ,အာဂမန ဟုလည်း ခေါ်သည်။

၂။ အနိစ္စာနုပဿနာ၊ဒုက္ခာနုပဿနာ၊အနတ္တာနုပဿနာ။

**သုညတဝိမောက္ခမုခ**။ ။ပညိန္ဒြေ အားရှိကဲလွန် ထူးချွန် ထက်သန်သော ယောဂီအား အနတ္တာနုပဿနာ ထက်သန်လှ၍ သူစိမ်းပြင်ပ သင်္ခါရတို့၌ ကိုယ်ဟု ထင်မှတ်သော အတ္တသညာကို စွန့်ခွါလျက် အတ္တကင်းဆိတ်သော နိဗ္ဗာန်သို့ ညွတ်စဉ် ဘဝင်ပြတ်လျက် အနုလောမဉာဏ်၊ ဂေါတြဘုဉာဏ်သို့ တက်၍ မဂ်ဖိုလ်သို့ချဉ်းကပ် တစပ်တည်း သွားသည်ဖြစ်အံ့၊ နိဗ္ဗာန်သည် **သုညတနိဗ္ဗာန်** မည်၏။ မဂ်သည် **သုညတဝိမောက္ခ** မည်၏။ အနတ္တာနုပဿနာ ဟူသော သင်္ခါရုပေက္ခာဉာဏ်သည် **သုညတဝိမောက္ခမုခ** မည်၏။

အနုပဿနာ သုံးပါးတို့တွင် တပါးပါး များသော ပုဂ္ဂိုလ်အားလည်း ဣန္ဒြေ သုံးပါးတို့တွင် တပါးပါး ထက်သန်အားကြီးတတ်သည်။

**အနုပဿနာသုံးပါးတို့ ဝိမောက္ခမည်ပုံ**။ ။ပဋိသမ္ဘိဒါမဂ်(နှာ-၂၆၁,၂၆၃)၌ကား အနုပဿနာ သုံးပါးကိုပင် နိစ္စ, သုခ, အတ္တ ဟူသော နိမိတ်ကို လွတ်သောကြောင့် **အနိမိတ္တဝိမောက္ခ** မည်၏။

နိစ္စ, သုခ, အတ္တ အားဖြင့် တောင့်တခြင်းကို လွတ်သောကြောင့် **အပ္ပဏိဟိတဝိမောက္ခ** မည်၏။

နိစ္စ, သုခ, အတ္တ ဟူ၍ နှလုံးသွင်းခြင်းကို လွတ်သောကြောင့် **သုညတဝိမောက္ခ** မည်၏ဟု—ဆို၏။

ထိုစကားသည် မုချမဟုတ်၊ ပရိယာယ်သာတည်း၊ မုချအားဖြင့်ကား အဘိဓမ္မာ[၁]၌ လာသည်အတိုင်း မဂ်သည်သာလျှင် ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဟူသော အာဂမန[၂]၏ အစွမ်းဖြင့် **အပ္ပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခ**ဟူသော နှစ်မည်ကိုသာ ရသည်။

**အနိမိတ္တဝိမောက္ခ အမည်မရခြင်း**။ ။အနိစ္စာနုပဿနာကား နိစ္စ, ဓုဝ, သုခ, အတ္တ နိမိတ်ကိုသာ လွတ်ခွါနိုင်၍မိမိကား သင်္ခါရနိမိတ်၌ အတွင်းဝင်ရလျက်ပင် ဖြစ်ရကား အနိမိတ္တ စစ်စစ်မဟုတ်သောကြောင့် ဝိမောက္ခမည်သော မိမိမဂ်အား အနိမိတ္တဝိမောက္ခဟူသော အမည်ကို မပေးနိုင်ခဲ့။ ထို့ကြောင့် သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်တို့ဖြင့် အနိစ္စလက္ခဏာကို နှလုံးသွင်းစဉ် မဂ်ဖြစ်လာသည်ဖြစ်အံ့၊ မဂ်သည် ဝိပဿနာဂမန,

---

၁။ ဓမ္မသင်္ဂဏီ၊နှာ၊ ၈၄,၈၅။ (စာပိုဒ်-၃၄၃-၃၅၁)

၂။ အာဂမန=(မဂ်သို့)ရောက်ကြောင်း၊ (မဂ်သို့)လာကြောင်း။ မဂ်ရအံ့ဆဲဆဲအခါမဂ် ရှေ့၌ ဖြစ်သော ဝိပဿနာဉာဏ် (=သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘုဉာဏ်တို့ကို 'အာဂမန'ဟု ခေါ်သည်—နှာ-၅၉၈၊ စာကြောင်းရေ ၁၈-၅)

ပစ္စနီက တို့ဖြင့် အမည် မရမူ၍ မိမိသဘောဟူသော 'သရသ' အားဖြင့်၎င်း, နိဗ္ဗာန်ဟူသော အာရုံအားဖြင့်၎င်း အနိမိတ္တ, အပ္ပဏိဟိတ, သုညတ ဟူသော အမည်သုံးပါးလုံးပင် ပရိယာယ်အားဖြင့် မဂ်၌ ဖြစ်သင့်၏။

ကာမံ သုတ္တေ "အနိမိတ္တဉ္စ ဘာဝေဟိ၊ မာနာနုသယ'မုဇ္ဇဟာ"တိ အနိမိတ္တာဝိပဿနာ ကထိတာ။ သာ ပန နိစ္စနိမိတ္တ, ဓုဝနိမိတ္တ, သုခနိမိတ္တ[၁]-အတ္တနိမိတ္တာနိ ဥဂ္ဃါဋေန္တီပိ သယံ နိမိတ္တ ဓမ္မေသု ဧဝ စရတီတိ သနိမိတ္တာဝ ဟောတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၆၂။)

ဒုက္ခလက္ခဏာ, အနတ္တလက္ခဏာ နှစ်ပါးတွင် တပါးပါးကို နှလုံးသွင်းစဉ် မဂ်ဖြစ်လာမူကား မဂ်သည် ဒုက္ခာနုပဿနာ, အနတ္တာနုပဿနာ ဟူသော အာဂမနအားဖြင့်၎င်း၊ရာဂါဒိပဏိဓိ,အတ္တာဘိနိဝေသ[၂]တို့၏ဆန့်ကျင်ဖက်ဟူသော ပစ္စနီကအားဖြင့်၎င်း မုချပင် အပ္ပဏိဟိတ,သုညတ ဟူသော အမည်ကို ရ၏။

သရသ,အာရမ္မဏ တို့၏ အစွမ်းဖြင့်ကား ရှေးနည်းတူ အမည်သုံးပါးလုံးပင် ပရိယာယ်အားဖြင့် မဂ်၌ ဖြစ်သင့်၏။

**ကေစိဝါဒ။** ။တနည်းလည်း—အနိစ္စကို နှလုံးသွင်းသော အနိမိတ္တာနုပဿနာ၌ သဒ္ဓါလွန်ကဲသည်။ ထိုသဒ္ဓါသည် မဂ္ဂင်မဟုတ်သောကြောင့် မိမိမဂ်အား အနိမိတ္တ ဟူသောအမည်ကို မပေးနိုင်လေ။

ဒုက္ခ, အနတ္တကို နှလုံးသွင်းသော အပ္ပဏိဟိတာနုပဿနာ, သုညတာနုပဿနာ တို့၌ကား သမာဓိ, ပညာလွန်ကဲသည်။ ထိုသမာဓိသည် သမ္မာသမာဓိမဂ္ဂင်၊ ထိုပညာသည် သမ္မာဒိဋ္ဌိမဂ္ဂင်ဖြစ်ရကား မိမိတို့မဂ်အား အပ္ပဏိဟိတ ဟူသော, သုညတ ဟူသော အမည်ကို ပေးနိုင်လေသည်—ကေစိ။

**ဝိမောက္ခအမည်ရခြင်း အကြောင်း ၅-ပါး။** ။တနည်းလည်း—

မဂ္ဂေါ နာမ ပဉ္စဟိ ကာရဏေဟိ နာမံ လဘတိ သရသေန ဝါ ပစ္စနီကေန ဝါ သဂုဏေန ဝါ အာရမ္မဏေန ဝါ အာဂမနေန ဝါ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၀၇) နှင့်အညီ မဂ်သည် သရသ အားဖြင့်၎င်း, ပစ္စနီက အားဖြင့်၎င်း, သဂုဏ အားဖြင့်၎င်း, အာရုံ အားဖြင့်၎င်း, အာဂမန

---

၁။ ဆဋ္ဌသံဂါယနာမူ၌ (သုခနိမိတ္တ) မပါ။

၂။ ရာဂ အစရှိသည်ကို တောင့်တခြင်း, အတ္တဟူ၍ နှလုံးသွင်းခြင်းတို့၏ ဆန့်ကျင်ဘက် 'ပစ္စနီက'အမည်အသီးသီးဖြင့် 'မဂ်'ကို အပ္ပဏိဟိတ, သုညတဟု ခေါ်ခြင်း ဖြစ်သည်။
တောင့်တခြင်း 'ပဏိဟိတ'၏ ဆန့်ကျင်ဘက်မှာ 'အပ္ပဏိဟိတ'တည်း။
အတ္တဟူ၍ နှလုံးသွင်းခြင်း 'အတ္တာဘိနိဝေသ'၏ ဆန့်ကျင်ဘက်မှာ 'သုညတ'တည်း။

အားဖြင့်ရင်း၊ ဤငါးပါးသော အကြောင်းတို့ကြောင့် အနိမိတ္တ ဝိမောက္ခ, အပ္ပဏိဟိတဝိမောက္ခ, သုညတဝိမောက္ခ ဟူသောအမည်ကို ရသည်။ ထိုတွင်—

ဝိနာ အာဂမနံ နတ္ထိ၊ သဂုဏာ'ရမ္မဏေဟိ သော။
တထာ ဝိနာ ပစ္စနီကံ၊ သရသေနေဝ နာမလော။

အာဂမနံ၊ လာခဲ့ကြောင်းဖြစ်သော ဝုဋ္ဌာနဂါမိနီဝိပဿနာကို။ ဝိနာ၊ ကြဉ်၍။ သဂုဏာရမ္မဏေဟိ၊ ရူပနိမိတ် စသော အာရုံ၏ ကင်းခြင်း, ကိလေသပဏိဓိ၏ ကင်းခြင်း, ရာဂစသည်တို့၏ ဆိတ်ခြင်း ဟူသော မိမိဂုဏ်, သင်္ခါရနိမိတ်ကင်းရာ, တဏှာပဏိဓိကင်းရာ, သဗ္ဗသင်္ခါရဆိတ်ရာ နိဗ္ဗာန်ဟူသော အာရုံတို့ဖြင့်။ သော နာမလော၊ ထိုအမည်ကို ယူခြင်း, ရခြင်းသည်။ နတ္ထိ၊ မရှိ။ တထာ၊ ထိုအတူ။ ပစ္စနီကံ၊ ဆန့်ကျင်ဖက်ကို။ ဝိနာ၊ ကြဉ်၍။ သရသေနေဝ၊ ရာဂါဒိနိမိတ်တို့၏ မရှိခြင်း, ရာဂ စသော တောင့်တခြင်း၏ မရှိခြင်း, ရာဂ စသည်တို့မှ ဆိတ်ခြင်းဟူသော မိမိသဘောဖြင့်သာလျှင်။သော နာမလော၊ ထို အနိမိတ္တ, အပ္ပဏိဟိတ, သုညတ ဟူသော အမည်ကို ယူခြင်း ရခြင်းသည်။ နတ္ထိ၊ မရှိ။

ဤ သင်္ဂဟဂါထာနှင့် အညီ အာဂမန, ပစ္စနီက နှစ်ပါးသာ လိုရင်းပဓာန တည်းဟူ၍ မှတ်အပ်၏။

တတ္ထ သုတ္တန္တိကပရိယာယေန သဂုဏတောပိ အာရမ္မဏတောပိ နာမံ လဘတိ။ ပရိယာယဒေသနာ ဟေသာ။ အဘိဓမ္မကထာ ပန နိပ္ပရိယာယဒေသနာ။ တသ္မာ ဣဓ သဂုဏတော ဝါ အာရမ္မဏတော ဝါ နာမံ န လဘတိ။ အာဂမနတော လဘတိ။ အာဂမနမေဝ ဟိ ဓုရံ။ တံ ဒုဝိဓံ ဝိပဿနာဂမနံ, မဂ္ဂါဂမနန္တိ။ တတ္ထ မဂ္ဂဿ အာဂတဋ္ဌာနေ ဝိပဿနာဂမနံ ဓုရံ။ ဖလဿ အာဂတဋ္ဌာနေ မဂ္ဂါဂမနံ ဓုရံ။
(အဋ္ဌသာလိနီ၊ဋ္ဌ၊နှာ-၂၆၆၊၃၂၈)

ဣမာနိ ပန တီဏိ နာမာနိ မဂ္ဂါနန္တရေ ဖလစိတ္တသ္မိံ ယေဝ ဣမိနာ နယေန လဗ္ဘန္တိ။ နော အပရဘာဂေ ဝဠဉ္ဇနဖလသမာပတ္တိယံ။ အပရဘာဂေ ပန အနိစ္စာဒီဟိ တီဟိ ဝိပဿနာဟိ ဝိပဿိတုံ သက္ကောတိ။ အထဿ ဝုဋ္ဌိတဝိပဿနာဝသေန အနိမိတ္တ,အပ္ပဏိဟိတ,သုညတသင်္ခါတာနိ တီဏိ ဖလာနိ ဥပ္ပဇ္ဇန္တိ။ တေသံ တာနေဝ သင်္ခါရာရမ္မဏာနိ အနိစ္စာနုပဿနာဒီနိ ဉာဏာနိ အနုလောမဉာဏာနိ နာမ ဟောန္တိ။ (အဋ္ဌသာလိနီ၊ဋ္ဌ၊နှာ-၃၂၉)

အယဉ္ဟိ မဂ္ဂေါ နာမ ဒွီဟိ ကာရဏေဟိ နာမံ လဘတိ သရသတော စ, ပစ္စနီကတော စ၊ သဘာဝတော စ ပဋိပက္ခတော စာတိ အတ္ထော။
အဋ္ဌသာလိနီ (နှာ-၂၆၈)

တတ္ထ အနတ္တာနုပဿနာ အတ္တာဘိနိဝေသံ မုဉ္စန္တီ သုညတာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတိ။

အနိစ္စာနုပဿနာ ဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ အနိမိတ္တာနုပဿနာ နာမ။

ဒုက္ခာနုပဿနာ တဏှာပဏိဓိံ မုဉ္စန္တီ အပ္ပဏိဟိတာနုပဿနာ နာမ။

တသ္မာ ယဒိ ဝုဋ္ဌာနဂါမိနီဝိပဿနာ အနတ္တတော ဝိပဿတိ။ သုညတော ဝိမောက္ခော နာမ ဟောတိ မဂ္ဂေါ။ ယဒိ အနိစ္စတော ဝိပဿတိ အနိမိတ္တော ဝိမောက္ခော နာမ။ ယဒိ ဒုက္ခတော ဝိပဿတိ။ အပ္ပဏိဟိတော ဝိမောက္ခော နာမာတိ မဂ္ဂေါ ဝိပဿနာဂမနဝသေန တီဏိ နာမာနိ လဘတိ။

တထာ ဖလဉ္စ မဂ္ဂါဂမနဝသေန မဂ္ဂဝီထိယံ။ ဖလသမာပတ္တိဝီထိယံ ပန ယထာဝုတ္တနယေန ဝိပဿန္တာနံ ယထာသကံ ဖလမုပ္ပဇ္ဇမာနမ္ပိ ဝိပဿနာဂမနဝသေနေဝ သုညတာဒိဝိမောက္ခောတိ စ ဝုစ္စတိ။ အာရမ္မဏဝသေန ပန သရသဝသေန စ နာမတ္တယံ သဗ္ဗတ္ထ သဗ္ဗေသမ္ပိ သမမေဝ စ။

သင်္ဂြိုဟ် (ကမ္မဋ္ဌာန်းပိုင်း)

'တတ္ထာ'တိ တသ္မိံ ဥဒ္ဒေသေ။ သင်္ခါရေသု "ယော အတ္တာဘိနိဝေသော ကမ္မဿ ကာရကော, ဖလဿ စ ဝေဒကော၊ ဧသော မေ အတ္တာ"တိ ဧဝံ အဘိနိဝေသော ဒဠှဂ္ဂါဟော။ တံ မုဉ္စန္တီ "အနတ္တာ"တိ ပဝတ္တာ အနုပဿနာဝ အတ္တသုညတာကာရာနုပဿနတော သုညတာနုပဿနာ နာမ ဝိမောက္ခမုခံ ပဋိပက္ခတော ဝိမုတ္တိဝသေန ဝိမောက္ခသင်္ခါတဿ လောကုတ္တရမဂ္ဂဖလဿ ဒွါရံ ဟောတိ။ သင်္ခါရေသု "အနိစ္စ"န္တိ ပဝတ္တာ အနုပဿနာ အနိစ္စေ "နိစ္စ"န္တိ ပဝတ္တံ သညာ, စိတ္တ, ဒိဋ္ဌိဝိပလ္လာသသင်္ခါတဝိပလ္လာသနိမိတ္တံ မုဉ္စန္တီ ပဇဟန္တီ ဝိပလ္လာသနိမိတ္တရဟိတာကာရာနုပဿနတော အနိမိတ္တာနုပဿနာ နာမ ဝိမောက္ခမုခံ ဟောတီတိ သမ္ဗန္ဓော။ "ဒုက္ခ"န္တိ ပဝတ္တာနုပဿနာ သင်္ခါရေသု "ဧတံ မမ၊ ဧတံ သုခ"န္တိ အာဒိနာ နယေန ပဝတ္တံ ကာမဘဝ တဏှာသင်္ခါတံ တဏှာပဏိဓိံ တဏှာပတ္ထနံ မုဉ္စန္တီ ဒုက္ခာကာရဒဿနေန ပရိစ္စဇန္တီ ပဏိဓိရဟိတာကာရာနုပဿနတော အပ္ပဏိဟိတာနုပဿနာ နာမ။

'ဝိပဿနာဂမနဝသေနာ'တိ ဝိပဿနာသင်္ခါတအာဂမနဝသေန။ အာဂစ္ဆတိ ဧတေန မဂ္ဂေါ, ဖလဉ္စာတိ ဝိပဿနာမဂ္ဂေါ စ ဣဓ အာဂမနံ နာမ။

'အာရမ္မဏဝသေနာ' တိ သဗ္ဗသင်္ခါရသုညတတ္တာ, သင်္ခါရ နိမိတ္တရဟိတတ္တာ, တဏှာပဏိဓိရဟိတတ္တာ စ သုညတာနိမိတ္တအပ္ပဏိဟိတနာမဝန္တံ နိဗ္ဗာနံ အာရဗ္ဘ ပဝတ္တတ္တာ တဿ ဝသေန။ 'သရသဝသေနာ'တိ ရာဂါဒိ

သုညတတ္တာ, ရူပနိမိတ္တာဒိ အာရမ္မဏရဟိတတ္တာ, ကိလေသ ပဏိဓိရဟိတတ္တာ စ အတ္တနော ဂုဏဝသေန။ 'သဗ္ဗတ္ထာ'တိ မဂ္ဂဝီထိယံ, ဖလသမာ ပတ္တိဝီထိယဥ္စ။ 'သဗ္ဗေသမ္ပိ'တိ မဂ္ဂဿ, ဖလဿပိ။

ဋီကာကျော် (နှာ-၂၇၅,၂၇၆)

ဤကား အနုပဿနာသုံးပါး၏ အစွမ်းဖြင့် တည်သော သင်္ခါရုပေက္ခာဉာဏ်၏ သုံးပါးသော ဝိမောက္ခမုခ၏ အဖြစ်သို့ ရောက်ဟန်တည်း။

**အရိယာပုဂ္ဂိုလ် ၇-မျိုး။** ။ဤလွန်ခဲ့သော သုံးချက်ကို ထက်မြက်စေတတ်သော ဝိမောက္ခမုခလည်း မည်သော ဤ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ သင်္ခါရုပေက္ခာဉာဏ်၏ အရိယပုဂ္ဂိုလ် ခုနစ်ပါး ပြားခြင်း၏ အကြောင်း ဖြစ်ဟန်ကား—သဒ္ဓါနုသာရီ, သဒ္ဓါဝိမုတ္တ, ကာယသက္ခိ, ဥဘတောဘာဂဝိမုတ္တ, ဓမ္မာနုသာရီ, ဒိဋ္ဌိပ္ပတ္တ, ပညာဝိမုတ္တ ဟူ၍ အရိယာပုဂ္ဂိုလ် ခုနစ်ပါး အပြား ရှိ၏။

**သဒ္ဓါနုသာရီပုဂ္ဂိုလ်။** ။ထိုတွင် အနိစ္စာနုပဿနာ ထက်မြက်၍ သဒ္ဓိန္ဒြေ လွန်ကဲသော ယောဂီသည် သောတာပတ္တိ မဂ်အခိုက်၌ 'သဒ္ဓံ အနုသရတိ သဒ္ဓါယ ဝါ အနုသရတီတိ သဒ္ဓါနုသာရီ' ဟူသည်နှင့်အညီ အာဂမနိယသဒ္ဓါသို့ အစဉ်လိုက်သည်၏အဖြစ် တိက္ခတရအဓိမတ္တ[1] သမ္ပယုတ္တသဒ္ဓါဖြင့် သစ္စပ္ပဋိဝေဓအားလျော်စွာ ကျင့်သည်၏အဖြစ်ကြောင့် သဒ္ဓါနုသာရီပုဂ္ဂိုလ် မည်၏။

သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော ပုဂ္ဂလော သဒ္ဓါနုသာရီ။ ဖလေ ဌိတော သဒ္ဓါဝိမုတ္တော။ ပုဂ္ဂလပညတ်ပါဠိ (နှာ-၁၁၈၊ ၁၁၅။)

**သဒ္ဓါဝိမုတ္တပုဂ္ဂိုလ်။** ။အလယ် ခြောက်ဌာန[2]တို့၌ 'သဒ္ဒဟန္တော ဝိမုတ္တောတိ သဒ္ဓါဝိမုတ္တော'နှင့် အညီ လွန်ကဲသော သဒ္ဓါဖြင့် အာသဝေါတချို့မှ လွတ်သောကြောင့် သဒ္ဓါဝိမုတ္တပုဂ္ဂိုလ် မည်၏။

အယမ္ပိ ကာယသက္ခိဝိယ ဆဗ္ဗိဓောဝ ဟောတိ။ ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၄၄)

ဤပုဂ္ဂိုလ်သည် ဒိဋ္ဌိပ္ပတ္တအောက် ညံ့သည်။

အရဟတ္တ ဖလဋ္ဌပုဂ္ဂိုလ်ကား သဒ္ဓါဝိမုတ္တ အမည်ရသော အဂ္ဂမဂ္ဂဋ္ဌသို့ အစဉ်လိုက်သဖြင့် ထိုအားလျော်သောကြောင့်၎င်း, တုံးသောသန်လျက်ဖြင့် ငှက်ပျော

---

၁။ တိက္ခတရ=အလွန်ထက်မြက်သော။ အဓိမတ္တ=(အဓိ=အလွန်။ မတ္တ=အတိုင်းအရှည်) လွန်ကဲသော။

၂။ သောတာပတ္တိမဂ်နှင့် အရဟတ္တဖိုလ်တို့ အကြား၌ရှိသော အောက်ဖိုလ် ၃-ပါးနှင့် အထက်မဂ် ၃-ပါးတို့ကို ဆိုလိုသည်။

တုံးကို ဖြတ်သကဲ့သို့ ညှိသောပညာဖြင့် ကိလေသာကို ခွါဖြတ်ရသော သဒ္ဓါဝိမုတ္တ သေက္ခပုဂ္ဂိုလ်နှင့် တူသောကြောင့်ရင်း ပရိယာယ်အားဖြင့် **သဒ္ဓါဝိမုတ္တ** မည်၏။ မုချအားဖြင့်ကား အရူပဈာန်ကိုရလျှင် ဥဘတောဘာဂဝိမုတ္တမည်၏။ မရလျှင် ပညာဝိမုတ္တမည်၏။

**ကာယသက္ခိ[၁] ပုဂ္ဂိုလ်။** ။ဒုက္ခာနုပဿနာ ထက်မြက်၍ သမာဓိန္ဒြေ လွန်ကဲလျက် သမာပတ်ရှစ်ပါးကို ရသော ယောဂီသည် အလယ်ခြောက်ဌာန[၂]တို့၌—

'ဖုဋ္ဌန္တံ သစ္ဆိကရောတီတိ ကာယသက္ခိ။ ဈာနဖဿံ ပဌမံ ဖုသတိ ပစ္ဆာ နိရောဓံ နိဗ္ဗာနံ သစ္ဆိကရောတီတိပိ ကာယသက္ခိ'—

ဟူသည်နှင့်အညီ ဈာနဖဿကို နာမကာယဖြင့် ကိုယ်တိုင်တွေ့ထိ၍ အခြားမဲ့၌ နိဗ္ဗာန်ကို မျက်မှောက်ပြုရသောကြောင့် **ကာယသက္ခိပုဂ္ဂိုလ်** မည်၏။

သော သောတာပတ္တိဖလဋ္ဌံ အာဒိံ ကတွာ ယာဝ အရဟတ္တမဂ္ဂဋ္ဌာ ဆဗ္ဗိဓော ဟောတိ။ ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၄၂)။

သောတာပတ္တိမဂ္ဂဋ္ဌ်, အရဟတ္တဖလဋ္ဌ် ပုဂ္ဂိုလ်တို့ကား ဥပစာရသမာဓိထက် လွန်ကဲသော သာတိသယ အရူပသမာဓိသမ္ဗန္ဓ ကို တွေ့ထိရ၍ ပြီးစေအပ်သော အာသဝေါကုန်ခြင်း တူသည်ဖြစ်၍ ကာယသက္ခိပုဂ္ဂိုလ်နှင့် တူသောကြောင့် ပရိယာယ်အားဖြင့် ကာယသက္ခိမည်၏။ မုချအားဖြင့်ကား သောတာပတ္တိမဂ္ဂဋ္ဌ သည် သဒ္ဓါနုသာရီမည်၏။

**ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ်။** ။အရဟတ္တဖလဋ္ဌသည် 'ဒွီဟိ ဘာဂေဟိ ဒွေ ဝါရေ ဝိမုတ္တောတိ ဥဘတော ဘာဂဝိမုတ္တော' ဟူသော ဝစနတ္ထကြောင့် ဥဘတောဘာဂဝိမုတ္တမည်၏။

အရူပဈာနံ ပန ပတွာ အဂ္ဂဖလပ္ပတ္တော ဥဘတောဘာဂဝိမုတ္တော နာမ ဟောတိ။ ဝိသုဒ္ဓိမဂ် (ဋ္ဌ၊ဒု၊နှာ-၂၉၇။)

ပဌမမဂ္ဂက္ခဏေ သဒ္ဓါနုသာရီ ဝါ သိယာ, ဓမ္မာနုသာရီ ဝါ၊ ဣဓ ပန သဒ္ဓါနုသာရီ ယုတ္တော။ ဋီကာ (မဟာ၊ဒု၊နှာ-၄၆၅)

'အရူပဈာန'န္တိ စတုဗ္ဗိဓံ အရူပဈာနံ။ တတ္ထ ပန ဧကမ္ပိ လဒ္ဓါ အရဟတ္တပ္ပတ္တော ဥဘတောဘာဂဝိမုတ္တော ဧဝ ဟောတီတိ ဣမမတ္ထံ ဒဿေတုံ

---

၁။ သက္ခိ=(သ+အက္ခိ) မိမိကိုယ်တိုင်တွေ့မြင်သူ။

၂။ သောတာပတ္တိမဂ်နှင့် အရဟတ္တဖိုလ်တို့ အကြား၌ရှိသော အောက်ဖိုလ် ၃-ပါးနှင့် အထက်မဂ် ၃-ပါးတို့ကို ဆိုလိုသည်။

'အရူပဇ္ဈာန'မိစ္စေဝ ဝုတ္တံ၊ "န စတ္တာရိ အရူပဇ္ဈာနာနိ"တိ။ တေနာယံ စတုန္နံ အရူပသမာပတ္တီနံ, နိရောဓသမာပတ္တိယာ စ ဝသေန ပဉ္စဝိဓော ဟောတိ။ သေ နယော ကာယသက္ခိမှိပိ။ ဒွီဟိ ဘာဂေဟိ ဒွေ ဝါရေ ဝိမုတ္တောတိ ဥဘတောဘာဂဝိမုတ္တော။ ဋ္ဌင်း ဋီကာ (ဒု၊နှာ-၄၆၆။)

**ထေရဝါဒ။** ။ဤအရာ၌ တိပိဋကစူဠနာဂ မထေရ်သည် သမာပတ်ဖြင့်ဋ္ဌင်း မဂ်ဖြင့်ဋ္ဌင်း ဝိက္ခမ္ဘန, သမုစ္ဆေဒ ဟူသော ဝိမောက္ခအဘို့ နှစ်ပါးဖြင့် လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တမည်၏ဟု မိန့်ဆို၏။ တိပိဋက မဟာဓမ္မရက္ခိတ မထေရ်သည် နာမကာယမှဋ္ဌင်း, ရူပကာယမှဋ္ဌင်း ကောင်းစွာ လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တမည်၏ဟု မိန့်၏။ တိပိဋကစူဠာဘယ မထေရ်ကား သမာပတ်ဖြင့် ဝိက္ခမ္ဘန ဝိမောက္ခအားဖြင့် တကြိမ်, မဂ်ဖြင့် သမုစ္ဆေဒဝိမောက္ခအားဖြင့် တကြိမ် ဤသို့ နှစ်ကြိမ် လွတ်သောကြောင့် ဥဘတောဘာဂဝိမုတ္တ ပုဂ္ဂိုလ်မည်၏ဟု မိန့်၏။

ဣမေ ပန တယောပိ ထေရာ ပဏ္ဍိတာ။ တိဏ္ဏမ္ပိ ဝါဒေ ကာရဏံ ဒိဿတီတိ တိဏ္ဏမ္ပိ ဝါဒံ တန္တိံ ကတွာ ဋ္ဌပယိံသု။
ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၄၃။)

**ဓမ္မာနုသာရီပုဂ္ဂိုလ်။** ။အနတ္တာနုပဿနာ ထက်သန်၍ ပညိန္ဒြေ လွန်သော ယောဂီပုဂ္ဂိုလ်သည် သောတာပတ္တိမဂ် အခိုက်၌—

ပညာသင်္ခါတေန ဓမ္မေန သရတိ အနုဿရတီတိ ဓမ္မာနုသာရီ။ သောတာ-ပတ္တိမဂ္ဂဋ္ဌဿေတံ နာမံ။ ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၄၄။)

ပညာ ဟိ ဣဓ ဓမ္မောတိ အဓိပ္ပေတော "သစ္စံ,ဓမ္မော, ဓိတိစာဂေါ"တိ အာဒီသု ဝိယ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၆၆။)—

တို့နှင့်အညီ လွန်ကဲသောပညာဖြင့် ဖြစ်သောကြောင့် **ဓမ္မာနုသာရီမည်၏။**

**ဒိဋ္ဌိပ္ပတ္တပုဂ္ဂိုလ်။** ။အလယ် ခြောက်ဋ္ဌာနတို့၌ကား 'ဒိဋ္ဌန္တံ ပတ္တောတိ ဒိဋ္ဌိပ္ပတ္တော'ဟူသည်နှင့်အညီ လွန်ကဲသောပထမမဂ်ပညာဖြင့် စတုသစ္စဓမ္မကို သိမြင်ပြီးသောအခြားမဲ့၌ နိဗ္ဗာန်သို့ ရောက်သောကြောင့် **ဒိဋ္ဌိပ္ပတ္တမည်၏။**

အယမ္ပိ ကာယသက္ခိ ဝိယ ဆဗ္ဗိဓောဝ ဟောတိ။
ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၅၁။)

**ပညာဝိမုတ္တပုဂ္ဂိုလ်။** ။အရဟတ္တဖိုလ်အခိုက်၌ကား 'ပဇာနန္တော ဝိမုတ္တောတိ ပညာဝိမုတ္တော' ဟူသော ဝစနတ္ထကြောင့် **ပညာဝိမုတ္တ ပုဂ္ဂိုလ်မည်၏။** ထိုပုဂ္ဂိုလ်သည် သုက္ခဝိပဿကပုဂ္ဂိုလ်, ရူပဇ္ဈာန် လေးပါးမှ ထ၍

အရဟတ္တဖိုလ်ကို ရသောပုဂ္ဂိုလ်အားဖြင့် ငါးယောက်တည်း။ အရူပစျာန်ကို ကား မရ။

အရူပါဝစရဈာနေသု ပန ကေသ္မိမ္ပိ သတိ ဥဘတောဘာဂဝိမုတ္တော-
ယေဝ နာမ ဟောတိ။ ပုဂ္ဂလပညတ္တိဋ္ဌကထာ (နှာ-၄၂)

အရိယာပုဂ္ဂိုလ် ၇-ယောက်၌ အဆုံးအဖြတ်။ ။ဤ အရိယာပုဂ္ဂိုလ်ခုနစ်ယောက် တို့၌ အကျဉ်းသင်္ခေပ ဝိနိစ္ဆယ

ကား—

တတ္ထ သဒ္ဓါဓုရံ,ပညာဓုရန္တိ ဒွေ ဓုရာနိ နာမ။

ကောာ ပန ဘိက္ခု သမထာဘိနိဝေသေန အဘိနိဝိသတိ၊ ကောာ ဝိပဿနာဘိနိဝေသေနာတိ ဣမေ ဒွေ အဘိနိဝေသာ နာမ။

ကောာ စ မတ္တကံ ပါပုဏန္တော ဥဘတောဘာဂဝိမုတ္တော ဟောတိ။ ကောာ ပညာဝိမုတ္တောတိ ဣမာနိ ဒွေ သီသာနိ နာမ။

ယေကေစိ ဟိ လောကုတ္တရဓမ္မံ နိဗ္ဗတ္တေန္တိ။ သဗ္ဗေ တေ ဣမေ ဒွေ ဓမ္မေ ဓုရံ ကတွာ ဣမေသု ဒွီသု ဌာနေသု အဘိနိဝိသိတွာ ဣမေဟိ ဒွီဟိ ဌာနေဟိ ဝိမုစ္စန္တိ—

ဟူ၍ ပုဂ္ဂလပညတ္တိဋ္ဌကထာ(နှာ-၄၄)လာသည်အတိုင်း ဓုရနှစ်ပါး, အဘိနိဝေသ-နှစ်ပါး, သီသနှစ်ပါးတို့ကို မှတ်သားပြီး၍—

အရူပစျာန်ကို မရပဲ အနိစ္စအားဖြင့် နှလုံးသွင်း၍ မဂ်ရလျှင် ပဌမမဂ်၌ သဒ္ဓါနုသာရီ၊ အလယ်ခြောက်ချက်၌ သဒ္ဓါဝိမုတ္တ၊ အရဟတ္တဖိုလ် ခဏ၌ ပညာ ဝိမုတ္တ မည်၏။

ဒုက္ခအားဖြင့် နှလုံးသွင်းရာ၌လည်း ဒုက္ခူပနိဿယသဒ္ဓါ၏ ထက်သန်ခြင်း ကြောင့်ငှင်း၊ သမာဓိဓုရ-ဟု မရှိ, သဒ္ဓါဓုရ ပညာဓုရ နှစ်ပါးသာ ရှိသောကြောင့် ငှင်း အနိစ္စကို နှလုံးသွင်းရာနှင့် နည်းတူပင်။

အနတ္တအားဖြင့် နှလုံးသွင်း၍ မဂ်ရလျှင် ပဌမ မဂ်၌ ဓမ္မာနုသာရီ၊ အလယ် ခြောက်ချက်၌ ဒိဋ္ဌိပ္ပတ္တ မည်၏၊ အဂ္ဂဖလ၌ကား ရှေးနည်းတူပင် ပညာ ဝိမုတ္တ မည်၏။

အရူပစျာန်လေးပါးတို့တွင် တပါးပါးကို ရမူကား ဤ အလုံးစုံသော ပုဂ္ဂိုလ် တို့သည် ပဌမ မဂ်၌ ရှေးနည်းအတိုင်းပင်။ အလယ်ခြောက်ချက်၌ ကာယသက္ခီ၊ အဂ္ဂဖလ၌ ဥဘတောဘာဂဝိမုတ္တပုဂ္ဂိုလ် မည်၏ ဟူ၍ မှတ်လေ။

ဤသို့လျှင် တိဝိဓဝိမောက္ခမုခအဖြစ်သို့ ရောက်၍ အရိယာပုဂ္ဂိုလ် ခုနစ်ပါး ကွဲပြားခြင်း၏ အကြောင်းဖြစ်သော ဤသင်္ခါရုပေက္ခာ ဉာဏ်သည် မုဋ္ဌိတုကမျ-

တာဉာဏ် ပဋိသခ်ါဉာဏ် ဟူသော ရှေ့ဉာဏ်နှစ်ပါးနှင့် သဘောအားဖြင့် တူ၏။ ဖြစ်ပုံ ပဝတ္တိအာကာရအားဖြင့်သာ ပြားသည်။

တံ ပနေတံ ပုရိမေန ဉာဏဒ္ွယေန အတ္ထတော ဧကံ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၂၉၈)

အတ္ထတော ဧကံ၊ ပဝတ္တိအာကာရဘေဒတော နာနတ္တံ အဓိပ္ပါယော။ ....မုဉ္စိတုကမျတာ မုဉ္စနုပါယကရဏဉာဏာနိပိ သင်္ခါရေသု ဥဒါသိနဘာဝေ-နေဝ ပဝတ္တနတော သင်္ခါရုပေက္ခာ သမညာနေဝ ဟောန္တိ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၆၉)

**သိခါပတ္တမည်သော ဉာဏ် ၃-ပါး။** ။ဤသင်္ခါရုပေက္ခာဉာဏ်,အထက်အနုလော-မဉာဏ်, ဂေါတြဘူဉာဏ်, ဤ ဉာဏ်သုံးပါး တို့သည်—

"သိခါပတ္တဝိပဿနာတိ ဝါ ဝုဋ္ဌာန ဂါမိနီတိ ဝါ သင်္ခါရုပေက္ခာဒိဉာဏတ္တ-ယဿေဝ ဧတံ နာမံ"—

ဟူသော အဋ္ဌကထာ (ဒု၊နှာ-၂၉၉) နှင့် အညီ လောကီ ဉာဏ်တို့၏ အထွတ် အထိပ်သို့ ရောက်သောကြောင့် သိခါပတ္တ မည်၏။

**ဝုဋ္ဌာနဂါမိနီလည်းမည်ခြင်း။** ။ဗဟိဒ္ဓနိမိတ်ဟူသော အဘိနိဝိဋ္ဌ သ,ပရသန္တတိ ပရိယာပန္န ခန္ဓပဉ္စက[၁] အာရုံမှရင်း၊ မိစ္ဆာဒိဋ္ဌိ, တဒနုဝတ္တကကိလေသာ, တံနိမိတ္တ အနာဂတ်ဥပါဒိန္န ခန္ဓာဟူသော အဇ္ဈတ္တ ပဝတ္တမှရင်း ထမြောက်ခြင်းကြောင့် ဝုဋ္ဌာနမည်သော မဂ်သို့ သွားတတ်, မဂ်နှင့်စပ်တတ်သည်ဖြစ်၍ ဝုဋ္ဌာနဂါမိနီလည်း မည်၏။

ဝုဋ္ဌဟနဉ္စ နေသံ အာရမ္မဏာကရဏံ,အာယတိံ အနုပ္ပတ္တိဓမ္မတာပါဒနဉ္စ။
ဋီကာ (မဟာ၊ဒု၊နှာ-၄၆၉)

**ပုဂ္ဂိုလ် ဂ-ယောက်[၂]။** ။ဤ၌ အဇ္ဈတ္တကိုချည်း, ဗဟိဒ္ဓကိုချည်း, ရုပ်ကိုချည်း, နာမ်ကိုချည်း မြင်ကာမျှဖြင့် မဂ်ဖိုလ် မရနိုင်။ အနိစ္စကို ချည်း, ဒုက္ခကိုချည်း, အနတ္တကိုချည်း ရှု၍လည်း မဂ်ဖိုလ် မရနိုင်[၃]။

---

၁။ အဘိနိဝိဋ္ဌ=နှလုံးသွင်းအပ်သော၀တ္ထု (=မိမိသူတပါးသန္တာန်၌ အကျုံး၀င်သော ခန္ဓာငါးပါး) (သ=မိမိ။ ပရ=သူတပါး။ သန္တတိ=သန္တာန်။ ပရိယာပန္န=အကျုံး ၀င်သော။ ခန္ဓပဉ္စက=ခန္ဓာငါးပါး။)

၂။ နောက်ဆက်တွဲကြည့်။

၃။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၃၀၀,၃၀၁။

ထို့ကြောင့် သင်္ခါရ ပရိစ္ဆေဒက ဉာဏ်ဖြင့် ရှေးဦးစွာ အဇ္ဈတ္တခန္ဓာကို သိမ်းဆည်း၍ နောင်အလှည့်စီ ရံခါ ဗဟိဒ္ဓကို, ရံခါ အဇ္ဈတ္တကို ဆင်ခြင်လျက် ဝုဋ္ဌာနဂါမိနီ ဝိပဿနာသို့ရောက်သောအခါ အဇ္ဈတ္တခန္ဓာ၌ နှလုံးသွင်းစဉ် မဂ်ထသည် ဖြစ်အံ့။ ထို ယောဂီ သည် 'အဇ္ဈတ္တံ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ' မည်၏။

အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ၊ ဗဟိဒ္ဓါ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ မည်သော ယောဂီသုံးယောက်ကိုလည်း နည်းမှီ၍ မှတ်။ ပေါင်း လေးယောက်။

ထိအတူ ရူပေ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ, အရူပါ ဝုဋ္ဌာတိ၊ အရူပေ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ, ရူပါ ဝုဋ္ဌာတိ မည်သော ပုဂ္ဂိုလ်လေးယောက်။ ပေါင်း ရှစ်ယောက်ဖြစ်၏။

**ပုဂ္ဂိုလ် ၁၆-ယောက်**[၁]။ ။ယင်း စတုက္ကနှစ်ပါးကို စပ်၍—အဇ္ဈတ္တံ ရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ ရူပါ ဝုဋ္ဌာတိ,အဇ္ဈတ္တံ အရူပါ ဝုဋ္ဌာတိ၊ အဇ္ဈတ္တံ အရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ အရူပါ ဝုဋ္ဌာတိ, အဇ္ဈတ္တံ ရူပါ ဝုဋ္ဌာတိ စသည်ဖြင့် မြှောက်ပွါးမူ စရစတုက္ကသောဠသ[၂] ဖြစ်သင့်သေး၏။

ဤ 'အဇ္ဈတ္တာ ဝုဋ္ဌာတိ'စသော စကားကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အဇ္ဈတ္တစသည်ကို အာရုံပြုသည်၏ အဖြစ်ကြောင့် ပရိယာယ်အားဖြင့် ဆိုသည်။စင်စစ်မုချနိပ္ပရိယာယ အားဖြင့်ကား မဂ်သည် အလုံးစုံသော အဇ္ဈတ္တ, ဗဟိဒ္ဓ စသည်မှပင် ထတော့သည် သာတည်း။

**တပြိုင်နက် ခန္ဓာ ၅-ပါးမှ ထမြောက်ပုံ**။ ။နာမ် ရုပ် ကိုဒင်း,နာမ်ရုပ်၏အကြောင်း ကိုဒင်း,ရှေးဦးစွာသိမ်းဆည်းပြီး၍—

"ယံကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓ ဓမ္မံ"။

ယံကိဉ္စိ၊ အလုံးစုံသော တေဘူမိက တရားအပေါင်းသည်။ သမုဒယဓမ္မံ၊ ဖြစ်ခြင်းသဘောရှိ၏။ သဗ္ဗံ၊ အလုံးစုံသော။ တံ၊ ထိုဖြစ်ဖြစ်သမျှ တေဘူမိက သင်္ခါရ တရားအပေါင်းသည်။ နိရောဓ ဓမ္မံ၊ ချုပ်ပျောက်ခြင်း သဘောရှိ၏။

ဤသို့စသော နည်းကျဉ်းအားဖြင့် ဝိပဿနာဉာဏ်ကို ဖြစ်စေသော ဉာဏုတ္တရ ပုဂ္ဂိုလ်သည် တနေရာတည်း၌ပင် ဉာဏ်စဉ်အတိုင်း လျင်မြန်စွာ သစ္စာလေးပါးကို သိသည်ဖြစ်အံ့၊ 'ကေပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ' မည်၏။

---

၁။ နောက်ဆက်တွဲကြည့်။

၂။ စရစတုက္က=(စရ=ဇယ=၄။ စတုက္က=၄) ၄×၄=၁၆။

အညထာ ဧကေနေဝ လောကိယစိတ္တေန ပဥ္စန္နံ ခန္ဓာနံ ပရိဂ္ဂဟပရိဇာနနာဒီနံ အသမ္ဘဝတော။ န ဟိ သနိဒဿနသပ္ပဋိဃာဒိံ ကေဇ္ဈံ အာရမ္မဏံ ကာတုံ သက္ကာ။ ယဿ ပန ကေဝလံ ဉာဏေန ဖဿိတံ။ ပုန န တံ ဖဿိတဗ္ဗမေဝ။ တာဒိသဿ ဝသေန ဝုတ္တန္တိ ဝဒန္တိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၇၀။)

**ပုဂ္ဂိုလ် ၉-ယောက်။**　။လက္ခဏာရေးသုံးပါးတို့တွင်လည်း——

အနိစ္စတော အဘိနိဝိသိတွာ အနိစ္စတော ဝုဋ္ဌာတိ၊ ဒုက္ခတော ဝုဋ္ဌာတိ၊ အနတ္တတော ဝုဋ္ဌာတိ— သုံးယောက်။

ဒုက္ခတော အဘိနိဝိသိတွာ ဒုက္ခတော၊ အနိစ္စတော၊ အနတ္တတော ဝုဋ္ဌာတိ— သုံးယောက်။

အနတ္တတော အဘိနိဝိသိတွာ အနတ္တတော၊ အနိစ္စတော၊ ဒုက္ခတော ဝုဋ္ဌာတိ—သုံးယောက်။ ပေါင်း ကိုးယောက်ဖြစ်၏။

တတ္ထ စ အဘိနိဝေသော အကာရဏံ။ ဝုဋ္ဌာနမေဝ ပမာဏံ။

အဘိနိဝေသောတိ စ ဝိပဿနာယ ပုဗ္ဗဘာဂေ ကတ္တဗ္ဗနာမရူပပရိစ္ဆေဒေါတိ ဝေဒိတဗ္ဗော——

ဟူသောဋီကာ (မဟာ၊ဒု၊နှာ-၄၇၀,၄၇၁) နှင့် အညီ နာမရူပ ပရိစ္ဆေဒဉာဏ် ဟူသော အဘိနိဝေသသည် ပဓာနမဟုတ်။ ဝုဋ္ဌာနသာ လိုရင်းဖြစ်သောကြောင့် ယင်းပုဂ္ဂိုလ် ကိုးယောက်ကို ဣန္ဒြေသုံးပါး, ဝိမောက္ခသုံးပါး, ဝိမောက္ခမုခသုံးပါး, အရိယာပုဂ္ဂိုလ် ခုနစ်ပါးတို့နှင့် စပ်၍ ရှေး၌ ပြအပ်ခဲ့ပြီးသည်အတိုင်း မှတ်လေ။

**ဘယဉာဏ် အတွက် ဥပမာ ၁၂-မျိုး။**　။ဤအရာ၌ ဘယဉာဏ်မှစ၍ ဖလဉာဏ် တိုင်အောင် ထင်ရှားစွာ ဖြစ်စေခြင်း အကျိုးငှါ——

ဝဂ္ဂုလိ ကဏှသပ္ပေါ စ၊ ဃရံ ဂေါ ယက္ခိ ဒါရကော။
ခုဒ္ဒံ ပိပါသံ သီတုဏှံ၊ အန္ဓကာရံ ဝိသေန စ [၁]။

ဟူသော ဥပမာ တဆဲ့နှစ်ပါးတို့ကို သိအပ်ကုန်၏။

ဝဂ္ဂုလိ၊ လင်းနို့။ ကဏှသပ္ပေါ၊ ရေမြွေဟောက်။ ဃရံ၊ အိမ်။ ဂေါ၊ နွား။ ယက္ခိ၊ ဘီလူးမ။ ဒါရကော၊ သူငယ်။ ခုဒ္ဒံ၊ အစာမွတ်ခြင်း။ ပိပါသံ၊ ရေသိပ်ခြင်း။ သီတံ၊ အေး။ ဥဏှံ၊ အပူ။ ဝိသေန၊ အဆိပ်နှင့်တကွ။ အန္ဓကာရံ၊ အမိုက်မှောင်။ ဣတိ၊ ဤကား မာတိကာတည်း။ ထိုတဆဲ့နှစ်ပါးတို့တွင်——

---

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၀၁။

**လင်းနို့ ဥပမာ။** ။လင်းနို့ငှက်သည်၊ ပင်မည်စည်၏၊ ငါးမည်ခက်ကြီး၊ စာရှာမှီးသော်၊ ပွင့်သီး မရ၊ စွန့်ထ အာသာ၊ ဖြောင့်စွာ သစ်ခက်၊ လျှောက်ကာတက်၍၊ ခေါင်းထွက် ရှုမျှော်၊ မိုးပေါ် ကောင်းကင်၊ လေယဉ်ပျံသွား၊ ပင်တပါး၌၊ ကျနားပမာ၊ ငါးခန္ဓာ၌၊ လက္ခဏာ ရှု၊ ငြီးငွေ့မှုကြောင့်၊ မုဉ္စိတုစ၊ ဉာဏတယံ၊ နုလောမံနှင့်၊ ဂေါတြဘုဘိဘူ၊ မဂ်ဖိုလ်ဟူ၍။ ယှဉ်တူဆိုင်ဟပ်ရာသတည်း[၁]။

**ရေမြွေဟောက် ဥပမာ။** ။ကဏှသပ္ပူပမာကို (ဤကျမ်း၊ ဒုတွဲ၊ နှာ-၅၇၉) ပဋိသင်္ခါဉာဏ်၌ ပြခဲ့ပြီ။

**အိမ် ဥပမာ စသည် ၄-မျိုး။** ။ထမင်း စားပြီး၊ အိမ်ကြီး အထက်၊ မွေ့စက်ပျော်ရာ၊ မီးလောင်လာသော်၊ ထိတ်ပြာ ထွက်ပြေး၊ မီးဘေးကိုလွန်။ ။လယ်ထွန်သမား၊ မင်း၏နွားကို၊ ကိုယ့်နွားမှတ်ထင်၊ ဖမ်းယူငင်၍၊ လင်းလျှင်လွတ်ပြေး၊ မင်းဘေးလွတ်လေ။ ။ရုပ်ရေဆောင်ပြ၊ ဘီလူးမနှင့်၊ သံဝါသမှု၊ တယောက်လူလည်း၊ သိမှုစွန့်ပြေး၊ သေဘေးကင်းစင်။ ။သားခင်မိန်းမ၊ လမ်းမှသူ့သား၊ ငိုသံကြားသော်၊ ကိုယ့်သားမှတ်ထင်၊ ဆောလျင် သွားယူ၊ သိမှုချရက်၊ ပြာသာဒ်ထက်သို့၊ ပြန်တက်နေသူ၊ ဤလေးဆူကို။ ။ရှေးတူပြိုင်စပ်ရာသတည်း။

**အစာမှတ်သူ ဥပမာစသည် ၆-မျိုး။** ။ခုဒ္ဒံ ပိပါသံ သီတုဏှံ၊ အန္ဓကာရံ ဝိသေန စာတိ ဣမာ ပန ဆ ဥပမာ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ဌိတဿ လောကုတ္တရဓမ္မာဘိမုခ နိန္နပေါဏပဗ္ဘာရဘာဝဒဿနတ္ထံ ဝုတ္တာ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၀၄) နှင့် ညီစွာ ဆာလောင်မှတ်သိပ်သောသူ စသည်တို့သည် ကောင်းသော ဘောဇဉ်အဖျော် စသည်တို့ကို တောင့်တကုန်သကဲ့သို့ ဤဝုဋ္ဌာနဂါမိနီ ဝိပဿနာ၌ တည်သော ယောဂီသည် သံသရာဝဋ်ဒုက္ခဟူသော ဇိဃစ္ဆာ, ပိပါသ, ကပဏ, အသေရီဘာဝ[၂] စသည်ကို ပြုတတ်သော တဏှာသိနေဟ၊ မီးဆွဲတပါး ဟူသော အပူ၊ အဝိဇ္ဇာဟူသော မိုက်မှောင်ရိပ်၊ ကိလေသာ ဟူသော အဆိပ်တို့သည် နှိပ်စက်အပ်သည်ဖြစ်၍ 'မဂ္ဂသမ္ပယုတ္တာသတိ' ဟူသော ကာယဂတာသတိ ဘောဇဉ်၊ အရိယမဂ္ဂင် ဟူသော အဖျော်မီးပူ၊ နိဗ္ဗာန်ဟူသော မြေခြင်း၊ ဉာဏ်ရောင် အလင်းရှိသော မဂ္ဂဘာဝနာ၊ အမြိုက်ဆေးပမာဖြစ်သော နိဗ္ဗာန်တို့ကိုသာလျှင် အာသာညွတ်ကိုင်း ရှိုင်းဝှမ်း တောင့်တ

[၁]။ လင်းနို့ငှက် စသည် ဥပမာများ ဝိသုဒ္ဓိ၊ဋီ၊ဒုနှာ-၃၁၂-၄-တွင် ရှုပါ။

[၂]။ ဇိဃစ္ဆာ=ဆာလောင်ခြင်း။ ပိပါသ=မွတ်သိပ်ခြင်း။ ကပဏ=အထီးကျန်,အားကိုးရာမဲ့။ အသေရီဘာဝ=မိမိအလိုအတိုင်း မဖြစ်နိုင်သူ, သူတပါး အစေအပါးဖြစ်သူ။

လေတော့သည်။ ဤသို့ တောင့်တသော ယောဂီ၏ စိတ်သည် ကြာရွက်၌ ရေပေါက်၊ မီး၌ ကျရောက်သော အကြော, ကြက်တောင်[၁]တို့ ကဲ့သို့ ထိတ်, ထောင်, နှောင်အိမ်အလား ဘဝသုံးပါး ယောနိလေးပါး စသည်တို့၌ မနှစ်ခြိုက် မပျံ့ပြန့်မူ၍ တိုတွန့်ကွေးကုပ် နောက်သို့ ဆုတ်နစ်၏။ လျစ်လျူဖြစ်ခြင်းသော်ငင်း, စက်ဆုပ် ရွံရှာခြင်းသော်ငင်း တည်၏။

## ဗောဇ္ဈင် စသည်တို့ အထူးပြပုံ

ပတိလီနစရော ဘိက္ခု၊ ဘဇမာနော ဝိဝိတ္တကံ။
ဘဝေ န ဒဿယေ'တ္တာနံ၊ သာမဂ္ဂိယာ'ဟု တဿ တံ[၂]။

ဝိဝိတ္တကံ၊ ကာယဝိဝေက,စိတ္တဝိဝေကကို။ ဘဇမာနော၊ဆည်းကပ်မှီဝဲသော။ ပတိလီနစရော၊ ဘဝ,ယောနိ အစရှိသည်၌ တစိမပြန့် လိပ်တွန့်သော အဖြစ်ဖြင့် ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ ဘဝေ၊ ဘဝသုံးပါး၌။ အတ္တာနံ၊ အတ္တဘောကို။ န ဒဿယေ၊ မဖြစ်စေသောအားဖြင့် မပြ။ ဝါ၊ မမြင်စေ။ တဿ၊ ထိုရဟန်း၏။ တံ၊ ထို မပြခြင်း မမြင်စေခြင်းကို။ သာမဂ္ဂိယံ=ယုတ္တံ= ပဋိရူပံ၊ သင့်တင့်လျောက်ပတ်ပေ၏ ဟူ၍။ ဗုဒ္ဓါဒယော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ အာဟု=ကထယိံသု၊ ဟောပြော မိန့်ဆိုကုန်ပြီ။

ဤ သင်္ဂဟဂါထာနှင့် ညီစွာ ဤ သခ်ိရုပေက္ခာဉာဏ်သည် ယောဂီပုဂ္ဂိုလ်၏ ပတိလီနစရအဖြစ်ကို စင်စစ် ပြီးစေလျက် အရိယမဂ်၏လည်း ဗောဇ္ဈင်, မဂ္ဂင်, ဈာနင်, ပဋိပဒါ, ဝိမောက္ခတို့၏ အထူးကို ပြုတတ် မှတ်တတ် မြဲစေတတ်၏။

**ထေရဝါဒ ပြဆိုချက်။** ။**တိပိဋကစူဠနာဂမထေရ်**သည် ဖွတ်၏အဆင်းကို မြေကြီး၏အဆင်း ပြုသကဲ့သို့ မဂ်၏ ဗောဇ္ဈင်, မဂ္ဂင်, ဈာနင် အထူးကို မဂ်၏ အနီး၌ ဝင်စားခဲ့သော ပါဒကဈာန် ပြုသည်ဟူ၏။

**မောရဝါပိဝါသီ မဟာဒတ္တမထေရ်**ကား ဝုဋ္ဌာနဂါမိနီ ဝိပဿနာ၏ အာရုံဖြစ်သော သမ္မသိတခန္ဓာ ပြုသည်ဟူ၏။

**တိပိဋကစူဠာဘယမထေရ်**သည်ကား ပုဂ္ဂလဇ္ဈာသယ ပြုသည် ဟူ၏။

ထို သုံးဝါဒလုံး၌ပင် ဝိပဿနာ နိယမနှင့် မကင်းနိုင်ရကား ယင်း ဝိပဿနာ နိယမသာလျှင် လိုရင်းအာသန္န ပဓာန ကေန္တိက အကြောင်းတည်း။ ပါဒက ဈာန် စသည်ကား ကင်းသောအရာလည်း ရှိသေး၏။

---

၁။ အံ၊ ၂၊ နှာ-၄၃၅-၇။

၂။ ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၃၀၅။ သုတ္တနိပါတ၊ နှာ-၄၀၆။ မဟာနိဒ္ဒေသ၊ နှာ ၁၇၀-လာ ဂါထာကို အကျဉ်းချုံး၍စီထားသည်။

**အထူး၏ အစိပ္ပါယ်။** ။ဤ၌ ပေဘဇ္ဇာင် ခုနစ်ပါး, ခြောက်ပါး။ မဂ္ဂင် ရှစ်ပါး, ခုနစ်ပါး။ ဈာနင် ငါးပါး, လေးပါး, သုံးပါး, နှစ်ပါး, နှစ်ပါး ဖြစ်သည်ကို ပေဘဇ္ဇာင်, မဂ္ဂင်, ဈာနင် အထူးဆိုသည်။

**ပဋိပဒါနှင့် အဘိညာ။** ။မဂ္ဂါမဂ္ဂဝဝတ္ထာနတိုင်အောင် ပဋိပဒါ မည်၏။ ထိုမှ အထက် မဂ်ဖိုလ်၏ ရှေး ဂေါတြဘူ, ဝေါဒါန်, အနုလုံ တိုင်အောင် အဘိညာ မည်၏။

**ဒုက္ခပဋိပဒါ မည်ပုံ။** ။ထိုတွင် ရူပါရူပ ပရိဂ္ဂဟ, နာမရူပ ဝဝတ္ထာန, ပစ္စယ-ပရိဂ္ဂဟ, လက္ခဏာသမ္မသန, ဝိပဿနာနိကန္တိ ပရိယာဒါန အခါတို့၌ ခဲယဉ်းငြိုငြင်စွာ သုံးကြိမ်တိုင်တိုင် အားထုတ်ရလျှင် ဒုက္ခပဋိပဒါ မည်၏။

**သုခပဋိပဒါ မည်ပုံ။** ။တကြိမ်, နှစ်ကြိမ် မျှနှင့် ပြည့်စုံမူကား သုခပဋိပဒါ မည်၏ဟု—

ယတ္ထ သကိံ ဝိက္ခမ္ဘိတာ ကိလေသာ သမုဒါစရိတွာ ဒုတိယမ္ပိ ဝိက္ခမ္ဘိတာ ပုန သမုဒါစရန္တိ၊ တတိယံ ဝိက္ခမ္ဘိတေ ပန တထာ ဝိက္ခမ္ဘိတေဝ ကတွာ မဂ္ဂေန သမုဂ္ဃါဋံ ပါပေတိ၊ ဣမံ ဝါရံ ရောစေသုံ။ ဣမဿ ဝါရဿ ဒုက္ခာ-ပဋိပဒါတိနာမံ[၁] ကတံ။

စသည်ဖြင့် အဋ္ဌသာလိနီ (အဋ္ဌကထာ၊နှာ-၂၆၀) ၌ လာသည်။

**မဟာဋီကာအလို။** ။ဤ အလိုသော် မဂ်၏ သုခ ဒုက္ခပဋိပဒါ အထူးကို သင်္ခါ-ရုပေက္ခာဉာဏ် ပြုသည် မဟုတ်၊ မဂ္ဂါမဂ္ဂ ဝဝတ္ထာန တိုင်အောင်သော အောက်ဉာဏ်တို့သာလျှင် ပြုသည်ဟု ဆိုရာကျသောကြောင့် သင်္ခါရုပေက္ခာဉာဏ်သည်လည်း မိမိ၏ ဆန့်ကျင်ဖက်ကို ငြိုငြင်ခဲယဉ်းစွာ ခွါဖျက်ရမူ ဒုက္ခပဋိပဒါအဘို့၌ပင် တည်သည်ဟု—

အဋ္ဌကထာယံ ပန "ဝိပဿနာဉာဏေ တိက္ခေ သူရေ ပသန္နေ ဝဟန္တေ ဥပ္ပန္နံ ဝိပဿနာ နိကန္တိံ ဒုက္ခေန ကသိရေန ကိလမန္တော ပရိယာဒိယတိ"တိ ဝုတ္တတ္တာ ပုဗ္ဗဘာဂေ မုဋ္ဌိတုကမျတာဒိ ဘာဝေန ပဝတ္တမာနာ သင်္ခါရုပေက္ခာ အတ္တနော ပဋိပက္ခေ ကိစ္ဆေန ကသိရေန ဝိက္ခမ္ဘေန္တီ ဒုက္ခပဋိပဒါပက္ခေ-ယေဝ တိဋ္ဌတိ။

ဟူ၍ ဝိသုဒ္ဓိမဂ်ဋီကာ (ဒု၊နှာ-၄၇၅) ၌ လာသည်။

---

၁။ ဆဋ္ဌမူ၌ 'ဒုက္ခာပဋိပဒါ ဒန္ဓာဘိညာတိ နာမံ'ဟု ရှိသည်။

ကေစိ ပန "ယေန ဉာဏေန ဝိပဿနုပက္ကိလေသာ ဝိက္ခမ္ဘိတာ၊ တေန သဒ္ဓိံ ဠာနံ ဉာဏံ ဧကတ္တနယဝသေန ဧကံ ကတွာ 'အာဒိတော ကိလေသေ ဝိက္ခမ္ဘိယမာနာ'တိ ဝုတ္တ"န္တိ ဝဒန္တိ။

ဟု ကေစိဝါဒကိုလည်း ပြသည်။

**ခိပ္ပါဘိညာနှင့် ဒန္ဓာဘိညာ မည်ပုံ။** ။ဆန့်ကျင်ဖက်ကို ခွါဖျက်ပြီးနောက် မဂ်သို့ ရောက်လွယ်လျှင် ခိပ္ပါဘိညာ မည်၏။ ရောက်ခဲလျှင် ဒန္ဓာဘိညာ မည်၏။

**မဂ်အပြား ၄-ပါး။** ။ဤသို့လျှင် လာခဲ့ရာလမ်း ဝိပဿနာဂမနန်၏ အစွမ်းဖြင့် မဂ်သည် ဒုက္ခပ္ပဋိပဒဒန္ဓာဘိညမဂ်, ဒုက္ခပ္ပဋိပဒခိပ္ပါဘိည-မဂ်, သုခပ္ပဋိပဒဒန္ဓာဘိညမဂ်, သုခပ္ပဋိပဒခိပ္ပါဘိညမဂ် ဟူ၍ လေးပါး ပြား၏။

ခပ်သိမ်းကုန်သော ဘုရားရှင်တို့မှာ မဂ်လေးပါးလုံးပင် သုခပ္ပဋိပဒခိပ္ပါ-ဘိညချည်းတည်း။ ကြွင်းပုဂ္ဂိုလ်တို့မှာကား ပဋိပဒါ မမြဲ။ အဓိပတိလည်း မမြဲ။ မဂ္ဂါနန္တရဖိုလ် လေးပါးတို့လည်း မိမိမဂ်နှင့် တူမြဲတည်း။

သင်္ခါရုပေက္ခာဉာဏ် ပြီး၏။

---

## အနုလောမဉာဏ်

'တထေဝါ'တိ ယထာ အတီတာသု ဒွတ္တိံသ ဇာနဝိထိသု သင်္ခါရုပေက္ခာ 'အနိစ္စာ'တိ ဝါ 'ဒုက္ခာ'တိ ဝါ 'အနတ္တာ'တိ ဝါ သင်္ခါရေ အာရမ္မဏမကာသိ၊ တထေဝ။

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၄၇၉) နှင့် အညီ ဤ သင်္ခါရုပေက္ခာဉာဏ်ကို အဖန်တလဲလဲ မှီဝဲပွါးများသော ယောဂီအား အလွန်အားရှိသော အဓိမောက္ခ သဒ္ဓါ, ကောင်းစွာ ချီးမြှောက်အပ်သော ဝီရိယ, ထင်မြင်လုစွာသော သတိ, အလွန်တည်ကြည်ဘိသော စိတ်,တိက္ခတရ ထက်မြက်လှသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၍ မဂ်ဖြစ်ခါနီးသည်ရှိသော် သုံးဆဲ့နှစ်ဝီထိ[၁]တို့၌ ယှဉ်သော သင်္ခါ-ရုပေက္ခာဉာဏ် အာရုံပြုအပ်သော အနိစ္စကိုသော်၎င်း,ဒုက္ခကိုသော်၎င်း,အနတ္တကို သော်၎င်း တပါးပါးကို အာရုံပြု၍ မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်၏။ ထို့နောင် မဟာ ကုသိုလ် ဉာဏသမ္ပယုတ် လေးခုတို့တွင် တခုခုသည် ပရိကမ်, ဥပစာ, အနုလုံဟု သုံးကြိမ် အနုလောမဉာဏ်ဇော ဖြစ်၏။ တိက္ခပညာ ပုဂ္ဂိုလ်အားကား ပရိကမ်ကို

---

၁။ ဝိသုဒ္ဓိ၊ မဟာဋီကာ၊ ပ၊ နှာ ၁၉၁-၌ 'မဂ္ဂဝီထိတော ပုဗ္ဗေ ဒွေ တယော ဇာနဝါရာ သဒိသာနုပဿနာဝ ပဝတ္တန္တိ'ဟု ရှိသည်။ (ဆင်ခြင်ရန်)

ပယ်၍ နှစ်ကြိမ်သာ ဖြစ်၏။ ဤဇောသုံးကြိမ်ကို သာမညအားဖြင့် အာသေဝန-ဟူ၍ရင်း ပရိကမ္မဟူ၍ရင်း ဥပစာရဟူ၍ရင်း အနုလောမဟူ၍ရင်း ဆိုအပ်သည် ချည်းတည်း။ ဤဇောသုံးကြိမ်၌ရှိသော ဉာဏ်ကို အနုလောမဉာဏ် ဆို၏။

အနုလောမဉာဏ် မည်ခြင်းအကြောင်း။ ။အဘယ်အား လျော်သောကြောင့် အနုလောမဉာဏ် ဆိုသနည်း—

ပုဗ္ဗဉာဏာန'မဋ္ဌန္နံ၊ ပစ္ဆာ စ ဗောဓိပက္ခိယ။
ဓမ္မာနံ တထကိစ္စတ္တာ၊ ဘဝေ သစ္စာနုလောမိကံ။

နိစ္စယဿ စာမစ္စာနံ၊ ပေါရာဏရာဇတန္တိယာ။
အနုလောမေတိ မောဒန္တော၊ ရာဇာ ယထာပိ ဓမ္မိကော[၁]။

အဖြေ—သင်္ဂဟဂါထာ။

အဋ္ဌန္နံ ပုဗ္ဗဉာဏာနံ၊ ဥဒယဗ္ဗယ စသည် ရှစ်တန် ဝိပဿနာဉာဏ်တို့အားရင်း။ ပစ္ဆာ၊ နောက်ဖြစ်သောမဂ်၌။ ဗောဓိပက္ခိယဓမ္မာနံ စ၊ သုံးဆဲ့ခုနစ်ပါး ဗောဓိ-ပက္ခိယ တရားတို့အားရင်း။ တထကိစ္စတ္တာ၊ လက္ခဏတ္တယကို သုံးသပ်ခြင်း, သံမောဿ စသော ပဋိပက္ခကို ဖျက်ဆီးခြင်းဖြင့် သင့်တင့်လျော်ကန် မှန်သော ကိစ္စ ရှိသည်၏အဖြစ်ကြောင့်။ သစ္စာနုလောမိကံ၊ မဂ္ဂသစ္စာ အားလျော်သော သစ္စာနုလောမိကဉာဏ် မည်သည်။ ဘဝေ ဘဝတိ၊ ဖြစ်၏။

သဗ္ဗာပိ ဝိပဿနာ လက္ခဏတ္တယ သမ္မသနကိစ္စာဝ၊ ဣဓမ္ပိ တထေဝါတိ ဝုတ္တံ 'တထကိစ္စတာယာ'တိ။ ဗောဓိပက္ခိယဓမ္မာနံ တထကိစ္စတာယ အနု-လောမေတိ သမ္မောသာဒိပဋိပက္ခဝိဓမနတော။

ဋီကာ (မဟာ၊ဒု၊နှာ-၄၇၉။)

ဓမ္မိကော ရာဇာ၊ ကိုယ်, နှုတ်, နှလုံး စောင့်သုံး ကျစ်လစ် ဓမ္မရာဇ်သည်။ မောဒန္တော၊ မကွေ့မကောက် မတ်ရှစ်ယောက်တို့ ဖြတ်တောက် သည်ကို ဝမ်းမြောက်သည် ဖြစ်၍။ ဝါ၊ ဝမ်းမြောက်သော။ ဓမ္မိကော ရာဇာ၊ ဓမ္မရာဇာ သည်။ အမစ္စာနံ၊ အမတ်ရှစ်ယောက်တို့၏။ နိစ္စယဿ စ၊ အဆုံးအဖြတ်အားရင်း။ ပေါရာဏရာဇတန္တိယာ စ၊ ရှေးမင်းကောင်းတို့၏ ထားဟောင်းပညတ် ဓမ္မသတ် ထုံးစဉ်အားရင်း။ အနုလောမေတိ ယထာပိ၊ လျော်သကဲ့သို့တည်း။

ဣဒဥ္စ ပန အနုလောမဉာဏံ သင်္ခါရာရမ္မဏာယ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ ဟောတိ။ သဗ္ဗေန သဗ္ဗံ ပန ဂေါတြဘုဉာဏံ ဝုဋ္ဌာနဂါမိနိယာ ဝိပဿနာယ ပရိယောသာနံ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၀၉။)

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၃၀၈-၉-လာ စုဏ္ဏိယကို မှီ၍စီထားသော ဂါထာများ ဖြစ်သည်။

**ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမည်များ။** ။ဤ ဝုဋ္ဌာနဂါမိနီဝိပဿနာကို ထိုထို သုတ်တို့၌—

"အတမ္မယတံ ဘိက္ခဝေ နိဿာယ အတမ္မယတံ အာဂမ္မ ယာယံ ဥပေက္ခာ ဧကတ္တာ ဧကတ္တသိတာ၊ တံ ပဇဟထ တံ သမတိက္ကမထ"[၁] ဟူ၍၎င်း။

"နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ"[၂] ဟူ၍၎င်း။

"ပုဗ္ဗေ ခေါ သုသိမ ဓမ္မဋ္ဌိတိဉာဏံ၊ ပစ္ဆာ နိဗ္ဗာနေ ဉာဏံ"[၃] ဟူ၍၎င်း။

"သညာ ခေါ ပေါဋ္ဌပါဒ ပဌမံ ဥပ္ပဇ္ဇတိ၊ ပစ္ဆာ ဉာဏံ"[၄] ဟူ၍၎င်း။

"ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ ပါရိသုဒ္ဓိပဓာနိယင်္ဂံ"[၅] ဟူ၍၎င်း။

"ယာ စ မုဉ္စိတုကမျတာ၊ ယာ စ ပဋိသင်္ခါနုပဿနာ၊ ယာ စ သင်္ခါရုပေက္ခာ၊ ဣမေ ဓမ္မာ ဧကတ္ထာ၊ ဗျဉ္ဇနမေဝ နာနံ"[၆] ဟူ၍၎င်း။

"အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ ဝေါဒါနဿ"[၇] ဟူ၍၎င်း။

"ကိမ္ပနာဝုသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓတ္ထံ ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ"[၈] ဟူ၍၎င်း အထူးထူးသော အမည်တို့ဖြင့် ဟောတော်မူအပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အတမ္မယတံ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အာရုံဖြစ်သော ထိုသင်္ခါရတို့ကြောင့် ဖြစ်သော တဏှာကို ကုန်စေတတ်သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာကို။ နိဿာယ၊ မှီ၍။ အတမ္မယတံ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာကို။ အာဂမ္မ၊ အစွဲပြု၍။ ဧကတ္တာ၊ တခုတည်းသော သဘောရှိသော။ ဧကတ္တသိတာ၊ တခု တည်းသော သဘောရှိသော အာရုံကိုမှီသော။ ယာ အယံ ဥပေက္ခာ၊ အကြင် အရူပဈာန်နှင့် ယှဉ်သော ဝေဒနုပေက္ခာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဥပေက္ခာကို။ ပဇဟထ၊ တဒါရမ္မဏ ကိလေသာကို ပယ်သဖြင့် စွန့်ကြကုန်လော့။ တံ၊ ထိုဥပေက္ခာကို။ သမတိက္ကမထ၊ ကောင်းစွာ လွန်မြောက်ကြကုန်လော့။

---

၁။ ဥပရိပဏ္ဏာသ ပါဠိတော်၊ သဠာယတန ဝိဘင်္ဂသုတ်၊ နှာ-၂၆၃။

၂။ များစွာသောပါဠိတော်တို့၌ လာသည်၊ (ဥပမာ သဠာယတနသံယုတ်၊နှာ-၃၄၄။)

၃။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ သုသိမပရိဗ္ဗာဇကသုတ်၊နှာ-၃၄၄။

၄။ သုတ်သီလက္ခန် ပါဠိတော်၊ ပေါဋ္ဌပါဒသုတ်၊နှာ-၁၇၄။

၅။ သုတ်ပါထေယျပါဠိတော်၊ ဒသုတ္တရသုတ်၊နှာ-၂၅၂။

၆။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ မဟာဝဂ်၊ ဝိမောက္ခကထာ၊ နှာ-၂၅၉။

၇။ ပဋ္ဌာန်းပါဠိတော်၊ပ၊ တိကပဋ္ဌာန၊ ကုသလတ္တိက၊ ပဥ္စာဝါရ၊ နှာ-၁၃၈။

၈။ မူလပဏ္ဏာသပါဠိတော်၊ ရထဝိနီတသုတ်၊ နှာ-၂၀၁။

သညာ၊ ထွတ်မြတ်စွာလှ ဝုဋ္ဌာနဂါမိနီ ဟူသော သညာဂ္ဂသည်။ ဉာဏ၊ မဂ်ဉာဏ်သည်။ ။ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဟူသော ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ တစိတ်သည်။ ပါရိသုဒ္ဓိပဓာနိယင်္ဂ၊ စင်ကြယ်ခြင်း၏ ပြဓာန်းသော အကြောင်းတည်း။ ခက်ရာ၌ အနက်။

## ဝုဋ္ဌာနဂါမိနီဝိပဿနာ၏ အမည်များ

အတမ္မယတာ နိဗ္ဗိဒါ၊ ဓမ္မဋ္ဌိတိ စ သညဂ္ဂံ။
ပါရိသုဒ္ဓိပဓာနိယင်္ဂ၊ မုဉ္စိတာဒိနာမတ္တယံ။
အနုလောမာဒိ ပဋိပဒါ၊ ဉာဏဒဿနဝိသုဒ္ဓိ။

အမည်ခေါင်းစဉ် သင်္ဂဟ ဂါထာ။

ဣတိ နေကေဟိ နာမေဟိ၊ ကိတ္တိတာ ယာ မဟေသိနာ။
ဝုဋ္ဌာနဂါမိနီ သန္တာ၊ ပရိသုဒ္ဓါ ဝိပဿနာ။

ဝုဋ္ဌာတုကာမော သံသာရ–ဒုက္ခပက်ာ မဟဗ္ဘယာ။
ကရေယျ သတတံ တတ္ထ၊ ယောဂံ ပဏ္ဍိတဇာတိကော။

အဋ္ဌကထာနုသာသနီ (နှာ-၃၁၁)

ဣတိ၊ ဤသို့။ အနေကေဟိ နာမေဟိ၊ များစွာသော အမည်တို့ဖြင့်။ ဝုဋ္ဌာနဂါမိနီ၊ မဂ်သို့ရောက်ကြောင်း ဖြစ်သော။ သန္တာ၊ ကိလေသာဟူ မီးပူ ခပ်သိမ်းကို ငြိမ်းအေးစေတတ်သော။ ပရိသုဒ္ဓါ၊ ထက်ဝန်းကျင် စင်ကြယ်စွာ သော။ ယာ ဝိပဿနာ၊ မဂ်၏တည်ရာ အကြင် ဝိပဿနာကို။ မဟေသိနာ၊ သီလက္ခန္ဓ စသည်ကျေးဇူး ဂုဏ်အထူးကို ဆည်းပူးရှာပြီးတော်မူသော ဘုရား မြတ်သည်။ ကိတ္တိတာ၊ ဟောပြော ချီးမွမ်းတော်မူအပ်ပြီ။

မဟဗ္ဘယာ၊ ကြောက်ဘွယ်ခမန်း ဘေးဘျမ်းကြီးစွာသော။ သံသာရဒုက္ခ- ပက်ာ၊ သံသရာဝဲ ဆင်းရဲပရပိုင် ရွှံ့ညွန်အိုင်မှ။ ဝုဋ္ဌာတုကာမော၊ ကူးတက် ထမြောက် မဂ်သို့ ရောက်လိုသော။ ပဏ္ဍိတ ဇာတိကော၊ တိဟိတ်ပဋိသန် ဇာတိဉာဏ်ကြီးပေသော အမျိုးကောင်းသား,သမီးသည်။ တတ္ထ၊ ထိုမဂ်၏တည်ရာ ဝုဋ္ဌာနဂါမိနီဝိပဿနာ၌။ သတတံ၊ နေ့ရောညဉ့်ပါ အခါမပြတ်။ ယောဂံ၊ ပွါးများစီးဖြန်းခြင်းကို။ ဝါ၊ အရိုးကြေကြေ အရေခြောက်ခြောက် နောက် မတွန့်ဆုတ် အားထုတ်ခြင်းကို။ ကရေယျ၊ ပြုရာ၏။ ပြုပါလေလော။

အနုလောမဉာဏ် ပြီး၏။

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

## ဉာဏဒဿန ဝိသုဒ္ဓိ

**ဂေါတြဘူကိစ္စတပ်ပုံ။** ။ဤအနုလောမဉာဏ်သုံးပါး[၁]ဖြင့် အစွမ်းအားလျော်စွာ ထူလ,မဇ္ဈိမ,သုခုမ ဖြစ်သော သစ္စပဋိစ္ဆာဒက ကိလေသန္ဓကာရကို ခါတွက်ဖျောက်လွင့်ပြီးသော ယောဂီအား ခပ်သိမ်းကုန်သော နိမိတ္တ,ပဝတ္တ,သင်္ခါရတို့ကို ပလိဗောဓကြီးဟု မှတ်ထင်၍ သင်္ခါရတို့၌ စိတ်မဝင်ဆန့် မတန့်မရပ် မငြိကပ်ပဲ ကြာချပ်၌ ရေပေါက်ကဲ့သို့ နောက်သို့ တွန့်ဆုတ်လတ်သည် ရှိသော် ထို အနုလောမဉာဏ် သုံးကြိမ်တို့၏ အခြားမဲ့၌ အနိမိတ္တ, အပ္ပဝတ္တ, ဝိသင်္ခါရ,နိရောဓမည်မှန် နိဗ္ဗာန်ကို အာရုံပြုလျက် ပုထုဇဉ်ဟူသော အနွယ်အရာ ပုထုဇန သင်္ချာကို လွန်မြောက်နိုပ်စက် အရိယာဟူသော အနွယ်အရာ အရိယာ ဟူသော သင်္ချာအရေအတွက်သို့ သက်၍ မဂ်၏ အာဝဇ္ဇန်းအရာ၌ တည်သော-မဂ်အား အနန္တရ,သမနန္တရ,ဉပနိဿယ,အာသေဝန,နတ္ထိ, ဝိဂတ ခြောက်ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုတတ်သော-ရှေ့,နောက် ဝိသုဒ္ဓိ[၂] နှစ်ပါးသို့ မဝင် အကြား တွင် အဗ္ဗောဟာရိကဉာဏ်ဖြစ်သော—

ဝိပဿနာသောတေ ပတိတတ္တာ ပန ဝိပဿနာတိ သင်္ခံ ဂစ္ဆတိ—

ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၁၂)

ဝိပဿနာသောတေ။ပ။ သင်္ခံ ဂစ္ဆတီတိ။ ဇောတေနသာ ပဋိပဒါဉာဏ-ဒဿနဝိသုဒ္ဓိဘဇနံ ဒဿေတိ—

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၄၇၃)တို့နှင့် အညီ လျော်ရာသွင်းလျှင် ဝိပဿနာ အယဉ်၌ ကျသောကြောင့် ဝိပဿနာဟူသော အမည် ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဟူသော အမည်ကို ရသော ဝုဋ္ဌာနဂါမိနီ သိခါပတ္တ ဝိပဿနာ၏ မုဒ္ဓဘူတ[၃]

---

၁။ အနုလောမဉာဏ် ၃-ပါး=ပရိကံ,ဉပစာ,အနုလုံ။

၂။ ရှေ့, နောက် ဝိသုဒ္ဓိ=ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ, ဉာဏဒဿနဝိသုဒ္ဓိ ဤ ၂-ပါး၏ အကြား၌ ဂေါတြဘူဉာဏ်ဖြစ်သည်။ ဂေါတြဘူဉာဏ်သည် လက္ခဏာရေး ၃-ပါးဖြင့်သင်္ခါရ တရားတို့ကို မသုံးသပ်ခြင်းကြောင့် ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ မမည်နိုင်။

ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုသော်လည်း ကိလေသာကို မကုန်စေနိုင်သော ကြောင့် ဉာဏဒဿန ဝိသုဒ္ဓိ ဟု မဆိုနိုင်။

ထိုဉာဏ် ၂-ခုတို့၏အလယ် မည်သည့်ဉာဏ်ဟူ၍မျှ မဆိုလောက်သော အဗ္ဗောဟာရိက ဉာဏ်သာ ဖြစ်သည်။ (အဗ္ဗောဟာရိက=အ+ဝေါဟာရိက)မဟာဋီကာ၊ဒု၊နှာ-၄၇၃။

၃။ လောကီဝိပဿနာဉာဏ်တို့တွင် အထွတ်အထိပ်ဖြစ်သဖြင့် သိခါပတ္တ ဝိပဿနာဉာဏ် ဟု အမည်ရသည့် သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဂေါတြဘူဉာဏ် ဤ သုံးပါးအနက် ဂေါတြဘူသည် ထိပ်ဆုံးဖြစ်၍ ယင်းကို 'မုဒ္ဓဘူတ' (မုဒ္ဓ=ဦးထိပ်။ ဘူတ=ဖြစ်ခြင်း)ဟု မှည့်ခေါ်ထားသည်။

အပုနရာဝတ္တက[1]ဖြစ်၍ ဆုတ်နစ်ပြန်လည်ခြင်း မရှိပဲ ယခင် အနုလောမဉာဏ်ကိစ္စတပ်သော စိတ်သည်ပင် ဂေါတြဘူကိစ္စတပ်၍ ဖြစ်၏။

ဂေါတြဘူမည်ခြင်းအကြောင်း။ ။အဘယ့်ကြောင့် ဂေါတြဘူမည်သနည်းဟူမူ-

ဝုဋ္ဌာယ ဗဟိသင်္ခါရာ၊ ဥပ္ပါဒါဒိ''ဘိဘာဝတိ။
ပက္ခန္ဒတိ'နုပ္ပါဒါဒိံ၊ ဝုစ္စတေ တေန ဂေါတြဘူ[2]။
အဖြေ သင်္ဂဟဂါထာ။

ဗဟိ သင်္ခါရာ၊ အာရုံဖြစ်သော အပသင်္ခါရမှ။ ဝုဋ္ဌာယ၊ ထ၍။ ဥပ္ပါဒါဒိံ၊ ဥပ္ပါဒ,ပဝတ္တ စသည် နွယ်ဝင် ပုထုဇဉ် အဖြစ်ကို။ အဘိဘဝတိ၊ နှိပ်စက် လွှမ်းမိုးတတ်၏။ အနုပ္ပါဒါဒိံ၊ အနုပ္ပါဒ အပ္ပဝတ္တ စသည်မည်မှန် နိဗ္ဗာန်၌ စံပယ်သော အရိယအနွယ်ကို။ ပက္ခန္ဒတိ၊ ပြေးဝင်ချဉ်းကပ် ပွါးစေတတ်၏။ တေန၊ ထို 'ဂေါတ္တံ အဘိဘဝတိ၊ ဂေါတ္တံ ဘာဝေတိ'ဟူသော သတ္တိ နှစ်ပါးကြောင့်။ ဂေါတြဘူ၊ ဂေါတြဘူ ဟူ၍။ ဝုစ္စတေ၊ ဆိုအပ်၏။

တစီထိတည်း၌ အာဝဇ္ဇန်းတူသော အနုလုံ,ဂေါတြဘူနှစ်ပါး အာရုံပြားရာဝယ် ဤမှာဘက် သစ်ခက်၌ ဖွဲ့ချည်သော ကြိုးလုံတံကိုစီး၍ မြောင်းကြီးကို ခုန်လွှားသော ယောကျ်ားကဲ့သို့ ဥဒယဗ္ဗယာနုပဿနာ စသည်ဖြင့် လျင်စွာပြေးလျက် ဘဝ ယောနိ စသော ဤမှာဘက်ကမ်းဝယ် အတ္တဘော ဟူသော သစ်ခက်၌ ဖွဲ့ချည်သော ရုပ်နာမ်ခန္ဓာ ဟူသော ကြိုးလုံတံကို အနိစ္စံ, ဒုက္ခံ, အနတ္တာ-ဟု အာဝဇ္ဇန်းဖြင့် ကိုင်လျက် အနုလုံ သုံးချက်ဖြင့် ခုန်တက်ပျံလွှမ်း၍ ဂေါတြဘူဖြင့် နိဗ္ဗာန်ဟူသော ထိုမှာဘက်ကမ်း၌ကျ၍ မဂ်ဉာဏ်ဖြင့် လှုလှုကြီး တည်ရသည်မှတ်။

ဂေါတြဘူဉာဏ်နိဗ္ဗာန်မြင်ခြင်း။ ။ထိုတွင် ကြမ်း, လတ်, အနု သုံးခုသော မိုးတိမ်ကို လေသုံးကြိမ်ပယ်ရှား၍ ပုဏ္ဏားလ-ကိုမြင်သကဲ့သို့ အနုလုံသုံးခုသည် ကြမ်း, လတ်, အနု ကိလေသာအမိုက်အစုကိုသာ ပယ်နိုင်သည်။ ဂေါတြဘူဉာဏ်သည် နိဗ္ဗာန်ကိုသာ မြင်နိုင်သည်။

တေနေဝ စေတံ မဂ္ဂဿ အာဝဇ္ဇနန္တိ ဝုစ္စတိ။ တဉှိ အနာဝဇ္ဇနမ္ပိ သမာနံ အာဝဇ္ဇနဋ္ဌာနေ ဌတွာ ဧဝံ နိဗ္ဗတ္တာဟီတိ မဂ္ဂဿ သညံ ဒတွာ ဝိယ နိရုဇ္ဈတိ။ အဋ္ဌကထာ(ဝိသုဒ္ဓိ၊ဒု၊နှာ-၃၁၄)

---

၁။ ဂေါတြဘူဉာဏ်အထိ ရောက်လျှင် ပုထုဇဉ်နယ်သို့ ဆုတ်နစ်ပြန်လည်ခြင်း မရှိပြီ။ အရိယာဘုံသို့သာ ရောက်တော့သည်။ (အ=မ။ ပုန=တဖန်။ အာဝတ္တက=ပြန်လည်ခြင်း)

၂။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊နှာ ၆၃-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

**သောတာပတ္တိမဂ်ဉာဏ်။** ။လေးသမားသည် မျက်နှာကို အဝတ်ရစ်လျက် ယန္တရားစက်၌ တည်ရပ်၍ စက်လှည့်သူပေးသော တုတ်သံအမှတ်ဖြင့် ရှစ်ဥဿဘအရပ်၌ ထားသော ပိတောက်နှစ် ပျဉ်ချပ်တရာကို ပစ်ဖောက်သကဲ့သို့၊

သရဂေါစရဋ္ဌာနံ နာမ အဋ္ဌ ဥသဘမတ္တံ။ တဋ္ဌ ခေါ ဒူရေ ပါတိနော။
ဋီကာ (မဟာ၊ဒု၊နှာ-၄၇၅)

ဂေါတြဘုဉာဏ် ပေးတိုင်းသော အမှတ်ကို မလွှတ်ပဲ အနမတဂ္ဂသံသရာမှ စွဲ၍လာခဲ့သော လောဘခဲ့၊ ဒေါသခဲ့၊ မောဟခဲကို ဖောက်ခွဲဖြိုဖျက်လျက် သောတာပတ္တိမဂ်ဉာဏ် တကြိမ် ဖြစ်လာ၏။

## သောတာပတ္တိမဂ်၏အကျိုး

ကဒါစိပိ အနိဗ္ဗိဒ္ဓ- ပုဗ္ဗံ မဂ္ဂေါ ပနေသ တံ။
လောဘံ ဒေါသဉ္စ မောဟဉ္စ၊ ဝိဒ္ဓံသေန္တောဝ ဇာယတိ။

ပိဓေ သဒါ’ပါယဒွါရံ၊ သောသေတိ ဒုက္ခသာဂရံ။
မိစ္ဆာမဂ္ဂံ ပဇဟတိ၊ အရိယဒ္ဓနမုခီကရော။

သမေတိ ဝေရဘယာနိ၊ နေတိ ဗုဒ္ဓဿ ဩရသံ။
အညေသဉ္စာ’နိသံသာနံ၊ မဂ္ဂေါ လာဘာယ ဝတ္တတိ။

သင်္ဂဟဂါထာ[၁]

သေ=ဧသော မဂ္ဂေါ ပန၊ ဤသောတာပတ္တိမဂ်သည်ကား။ ကဒါစိပိ၊ တရံတခါမျှလည်း။အနိဗ္ဗိဒ္ဓပုဗ္ဗံ၊အနာဒိက သံသာရဝယ် မပယ်မခွင်းမဖောက်ထွင်းဘူးသော။ တံ=တာဒိသံ၊ ထိုသို့ သဘောရှိသော။လောဘဉ္စ၊ လောဘခဲကိုရင်း။ ဒေါသဉ္စ၊ ဒေါသခဲကိုရင်း။ မောဟဉ္စ၊ မောဟခဲကိုရင်း။ ဝိဒ္ဓံသေန္တောဝ၊ မှုန့်မှုန့်ညက်ညက် ဖောက်ခွဲ ဖြိုဖျက်သည်ဖြစ်၍သာလျှင်။ ဇာယတိ၊ ဖြစ်ပေါ်လာ၏။

သေ=ဧသော မဂ္ဂေါ၊ ဤသောတာပတ္တိမဂ်သည်။ အပါယဒွါရံ၊ အပါယ်လေးပါး တံခါးကို။ သဒါ၊ အချင်းခပ်သိမ်း။ ပိဓေ ပိဒဟတိ၊ ပိတ်ဆို့၏။ ဒုက္ခသာဂရံ၊ ဆင်းရဲအစုတ် ရေသမုဒ်ကို။ သောသေတိ၊ ခန်းခြောက်စေ၏။ မိစ္ဆာမဂ္ဂံ၊ အင်္ဂါရှစ်ပါး မိစ္ဆာလမ်းမှားကို။ ပဇဟတိ၊ စွန့်ပယ်ရှောင်လွှဲ၏။ အရိယဒ္ဓနမုခီကရော၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဟူသော သူတော်ကောင်းဥစ္စာ ခုနစ်ခုသို့ ရှေးရှုပြုတတ်၏။

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၃၁၄,၅ တို့၌ လာသော စုဏ္ဏိယများကိုမှီ၍ ဂါထာစီထားသည်။

ဝေရဘယာနိ၊ တွင်းပြင်နီးဝေး ရန်ဘေးဟူသမျှတို့ကို။ သမေတိ၊ ငြိမ်း ပျောက်စေတတ်၏။

ပါဏာတိပါတာဒိ ပဉ္စဝေရာနိ စေဝ ပဉ္စဝီသတိ မဟာဘယာနိ စာတိ သဗ္ဗဝေရဘယာနိ။ ဋီကာ(မဟာ၊ဒု၊နှာ-၄၇၆)

ဗုဒ္ဓဿ၊ ဘုရားရှင်၏။ ဩရသံ၊ ရွှေရင်တော်နှစ် သားတော်စစ်အဖြစ်သို့။ နေတိ၊ဆောင်တတ်၏။အညေသဉ္စ၊ဤမှတပါး များပြားစွာလည်း ဖြစ်ကုန်သော။ အာနိသံသာနံ၊ ရတနတ္တယေ နိဝိဋ္ဌသဒ္ဓါ, ပဋိသမ္ဘိဒါ, အဘိညာ အစရှိကုန်သော အကျိုးအာနိသင်တို့ကို။ လာဘာယ၊ ရခြင်းငှါ။ ဝတ္တတိ၊ ဖြစ်ပေါ်လာ၏။

**သောတာပတ္တိဖိုလ်။** ။ဤသို့သော သတ္တရှိန်စော် အာနုဘော်နှင့် ပြည့်စုံသော သောတာပတ္တိမဂ်နောင် သောတာပတ္တိဖိုလ် နှစ်ကြိမ် သုံးကြိမ် ဖြစ်လျက် ဘဝင်သို့ သက်လေ၏။ ထို့နောင်——

**ပစ္စဝေက္ခဏာဝီထိ ၅-ပါး**

မဂ္ဂံ, ဖလဉ္စ, ပဟီနံ၊ ကိလေသမပဟီနကံ။
နိဗ္ဗာနမ္ပိ စ ကမေနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော[၁]။

ဟူသော သင်္ဂဟဂါထာနှင့်အညီ ပစ္စဝေက္ခဏာဝီထိ ငါးပါးတို့သည် ဖြစ်ကုန်၏။ ထိုတွင် ပဟီနာဝသိဋ္ဌကိလေသာကို ဆင်ခြင်သော နှစ်ဝီထိကား မမြဲ။

ပဟီနာဝသိဋ္ဌကိလေသ ပစ္စဝေက္ခဏဥ္စ သေက္ခာနမ္ပိ ဟောတိ ဝါ န ဝါ။
အဋ္ဌကထာ[၁]။

**အထက်မဂ် ၃-ပါး။** ။ထိုနောင် ထိုနေရာ၌သော်ငြင်း, ရှည်လျားမြင့်ကြာ အခါတပါး၌သော်ငြင်း——

ခယဿ ပဿနံ တတ္ထ၊ သပ္ပါယံ နိစ္စ'မာဒရံ။
သမာဓိနိမိတ္တဂ္ဂါဟံ၊ ဗောဇ္ဈင်္ဂါနုပဝတ္တနံ။

ကာယဇီဝေသ္ဝ'နပေက္ခံ၊ တထာဘိဘုယျ အန္တရာ။
အဗျောသာနံ နဝ'ကာရာ၊ ဣန္ဒြိယတိက္ခကာရဏာ[၂]။

---

၁။ (၁) မိမိရပြီးသည့် မဂ်ကို ဆင်ခြင်သည့် မဂ္ဂပစ္စဝေက္ခဏာဝီထိ။ (၂) မိမိရရှိပြီး ဖိုလ်ကို ဆင်ခြင်သည့် ဖလပစ္စဝေက္ခဏာဝီထိ။ (၃) ပယ်ပြီးအပ်သော ကိလေသာတို့ကို ဆင်ခြင်သည့် ပစ္စဝေက္ခဏာဝီထိ။ (၄) မပယ်ရသေးသော ကိလေသာတို့ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ။ (၅) နိဗ္ဗာန်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဝီထိ။ (ဤပစ္စဝေက္ခဏာဝီထိ ၅-ပါးသည် ကာမဇောဝါရ မနောဒွါရိကဝီထိများဖြစ်သည်။)
(ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၃၁၆ လာ စုဏ္ဏိယကိုမှီ၍ စီထားသည်။)

၂။ ဤဂါထာအနက်တို့ကို ဤကျမ်း၊ ဒု-တွဲ၊နှာ-၅၃၂-ရှု။

ဟု–သမ္မသနညာဏ်၌ ပြခဲ့ပြီးသော အခြင်းအရာကိုးပါးတို့ဖြင့် ဣန္ဒြေ,ဗိုလ်, ဗောဇ္ဈင်တို့ကို ပေါင်းစုထက်မြက်စေလျက် ဝိပဿနာ ဆယ်ချက်ဖြင့် တက်၍ သကဒါဂါမိမဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်တို့သည် ဖြစ်လာကုန်၏။ ထို့အတူ အနာဂါမိမဂ်, ဖိုလ်, ပစ္စဝေက္ခဏာဉာဏ်၊ အရဟတ္တမဂ်, ဖိုလ်, ပစ္စဝေက္ခဏာ ဉာဏ်တို့သည် ဖြစ်လာကုန်၏။

**ဝေါဒါန်။** ။ဤ အထက်မဂ် သုံးခုတို့၏ရှေ့ အနန္တရ၌ဖြစ်သော ဉာဏ်သည် —

ပဌမမဂ္ဂပုရေစာရိကဉာဏံ ဟိ ပုထုဇ္ဇနဂေါတ္တာဘိဘဝနတော အရိယ-ဂေါတ္တဘာဝနတော စ နိဗ္ဗာနံ ဂေါတ္တဘူတိ ဝုစ္စတိ၊ ဣဒံ ပန တံသဒိသတာယ ပရိယာယတော ဂေါတြဘု။ ကေစ္စသံကိလေသ-ဝိသုဒ္ဓိယာ ပန အစ္စန္တဝိသုဒ္ဓိယာ အာရမ္မဏကရဏတော စ ဝေါဒါနန္တိ ဝုစ္စတိ–

ဟူသော ဋီကာ(မဟာ၊ဒု၊နှာ-၄၇၇-ဂ)နှင့်အညီ ပရိယာယ်အားဖြင့် ဂေါတြဘူမည်၏၊ မုချအားဖြင့် ဝေါဒါန်မည်၏။

**အရဟတ္တဖိုလ်နောင် ပစ္စဝေက္ခဏာ ၄-ဝိထိ။** ။အရဟတ္တဖိုလ်၏ နောက်၌ ဆင်ခြင်ဘို့ရာ အဝသိဋ္ဌ ကိလေသာ မရှိသောကြောင့် ပစ္စဝေက္ခဏာ လေးဝိထိသာ၊ ပေါင်း တဆဲ့ကိုးဝိထိ ဖြစ်၏။

**ရဟန္တာ၏ ဂုဏ်ကျေးဇူး။** ။ဤသို့ အရဟတ္တမဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် ရဟန္တာအဖြစ်သို့ရောက်၍—

အာသဝါနံ ခယံ ပတ္တာ၊ အန္တိမဒေဟဓာရိနော။
အရဟန္တော ဟိတဘာရာ၊ အနုပ္ပတ္တသဒတ္ထကာ။

ပရိက္ခီဏသံယောဇနာ၊ သမ္မဒညာ ဝိမုတ္တကာ။
သဒေဝကဿ လောကဿ၊ ဟောန္တိ ဒက္ခိဏေယျကာ[၁]။

ဟူသော ကျေးဇူးဂုဏ်တို့နှင့် ပြည့်စုံ၏။

အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တမဂ်သို့။ ပတ္တာ၊ ရောက်ကုန်ပြီးသော။ အန္တိမဒေဟဓာရိနော၊ အဆုံး စွန်သော ကိုယ်ကို ဆောင်ကုန်သော။ အရဟန္တော၊ ကိလေသမာရ် ကိုယ်တွင်းရန်ကို ပယ်လှန်တွန်းသတ် ရဟန္တာပုဂ္ဂိုလ်မြတ်တို့သည်။ ဩဟိတဘာရာ၊ ပစ်ချအပ်ပြီးသော ခန္ဓဝန်,ကိလေသဝန်,အဘိသင်္ခါရဝန် ရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနုပ္ပတ္တ-သဒတ္ထကာ၊ အစဉ် ရောက်အပ်ပြီးသော အရဟတ္တဖိုလ် ဟူသော မိမိအကျိုး ရှိကုန်သည်။

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၁၈-လာ စုဏ္ဏိယကိုမှီ၍ ဂါထာစီထားသည်။

'သဒ္ဒတ္ထော'တိ စ အရဟတ္တံ ဝေဒိတဗ္ဗံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၇၉)

ပရိက္ခီဏသံယောဇနာ၊ ကုန်ခန်းပြီးသော သံယောဇဉ် ဆယ်ပါးရှိကုန်သည်။ သမ္မဒညာဝိမုတ္တကာ၊ ခန္ဓာဒိသဘာဝကို အသင့်အားဖြင့် သိ၍ အထူးသဖြင့် လွတ်ကုန်ပြီးသည်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လောက၏။ အဂ္ဂဒက္ခိဏေယျကာ၊ မြတ်ကုန်သော အလှူခံပုဂ္ဂိုလ် တို့သည်။ ဝါ၊ မြတ်သော အလှူကိုခံခြင်းငှါ ထိုက်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဤကား အနက်။

**ဉာဏဒဿနဝိသုဒ္ဓိ၏ ဂုဏ်ငါးပါး။** ။ဆိုခဲ့ပြီးသော မဂ်လေးခုတို့၌ ရှိသော ဉာဏ်သည် ဉာဏဒဿနဝိသုဒ္ဓိမည်၏။ ယင်း ဉာဏဒဿနဝိသုဒ္ဓိ၏ သတ္တိရှိန်စော် အာနုဘော်ကို သိရခြင်းအကျိုးငှါ—

ဗောဓိပက္ခိယ ပုဏ္ဏတ္တံ၊ ဝုဋ္ဌာနံ ဗလယုတ္တတံ။
ပဟာတဗ္ဗေ ပရိညာဒိ၊ ကိစ္စာနိ စ ဝိဇာနိယာ[၁]။

ဟူသောဂုဏ်ငါးပါးတို့ကို မှတ်သားအပ်ကုန်၏။

ဗောဓိပက္ခိယပုဏ္ဏတ္တံ၊ သုံးဆဲ့ခုနစ်ပါး ဗောဓိပက္ခိယတရားတို့၏ ပြည့်စုံသော အဖြစ်ကိုငှင်း။ ဝုဋ္ဌာနံ၊ နိမိတ္တ,ပဝတ္တတို့မှ ထခြင်းကိုငှင်း။ ဗလယုတ္တတံ၊ သမာဓိဗလ, ဝိပဿနာဗလနှင့် ယှဉ်ခြင်းကိုငှင်း။ ပဟာတဗ္ဗေ၊ ပယ်အပ်ကုန်သော သံယောဇဉ် စသည်တို့ကိုငှင်း။ ပရိညာဒိကိစ္စာနိ စ၊ ပရိညာစသော ကိစ္စတို့ကိုငှင်း။ ဝိဇာနိယာ၊ သိရာ၏။ ဤကား အနက်။

**ဗောဓိပက္ခိယ။** ။ထိုငါးပါးတို့တွင် 'ဗောဓိပက္ခိယ ပုဏ္ဏတ္တံ'ဟူရာ၌ "သတိ–သမ္မါ, ဣဒ်–ဣန်–ဗ၊ ဗောဇ္ဈ–မဂ် ခုနစ်" ဟူ၍ သဘာဂသင်္ဂဟ- ကောဋ္ဌာသ[၂] အားဖြင့် ဗောဓိပက္ခိယတရား ခုနစ်ပါးတည်း။ တရားကိုယ်အားဖြင့် ကား တဆဲ့လေးပါးတည်း။ အစိတ်အစိတ် အပြားအားဖြင့်ကား သုံးဆဲ့ခုနစ်ပါး တည်း။

စုဒ္ဒသေဝ အသမ္ဘိန္နာ၊ ဟောန္တေ'တေ ဗောဓိပက္ခိယာ။
ကောဋ္ဌာသတော သတ္တဝိဓာ၊ သတ္တတိံသ ပဘေဒတော။

သကိစ္စနိပ္ဖါဒနတော၊ သရူပေန စ ဝုတ္တိတော။
သဗ္ဗေဝ အရိယမဂ္ဂဿ၊ သမ္ဘဝေ သမ္ဘဝန္တိ တေ။

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၃၁၈-လာ ၂-ဂါထာတို့ကိုတဂါထာတည်းဖြင့်ပြီးအောင်ပြန်လည် စီကုံးထားသော ဂါထာဖြစ်သည်။

၂။ သဘာဂ=သဘောတူ၊ သင်္ဂဟ=ပေါင်းယူသော၊ ကောဋ္ဌာသ=အစု (သဘော တူချင်း ပေါင်းထားသော အစု)

နဝ ကောဝိဓာ ကောဘ၊ ဒွေဓာထ စတု ပဉ္စဓာ။
အဋ္ဌဓာ နဝဓာ စေဝ၊ ဣတိ ဆဓာ ဘဝန္တိ တေ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊၂၊ဒု၊နှာ-၃၂၀,၃၂၁။)

တေ ဗောဓိပက္ခိယာ၊ ထိုဗောဓိပက္ခိယတရားတို့သည်။ အသမ္ဘိန္နာ၊ ပဋ္ဌာန, ပဓာန, ဣဒ္ဓိပါဒ စသော ပုဒ်တပါးနှင့် မရောမယှက် သတိ, ဝီရိယ, ဆန္ဒ စသော သက်သက်တရားကိုယ်အားဖြင့်။ စုဒ္ဒသေဝ၊ ၁၄-ပါးတို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

'စုဒ္ဒသာ'တိ စ ဥက္ကဋ္ဌသာဂရိဋ္ဌေဒဝသေန ဝုတ္တံ၊ တဉ္စ ခေါ ပဌမဇ္ဈာနိကမဂ္ဂစိတ္တုပ္ပါဒဝသေန။ ဋီကာ (မဟာ၊ဒု၊နှာ-၄၉၂။)

ကောဋ္ဌာသတော၊ အဖို့အစုအားဖြင့်။ သတ္တဝိဓာ၊ ခုနစ်ပါး အပြားရှိကုန်၏။ ပဘေဒတော၊ အပြားအားဖြင့်။ သတ္တတိံသ၊ ၃၇-ပါး တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

သတ္တတိံသ ပဘေဒတော ကထန္တိ အာဟ 'သကိစ္စနိပ္ဖါဒနတော'တိအာဒိံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၉၃။)

သကိစ္စနိပ္ဖါဒနတော၊ တရားကိုယ် မပြားသော်လည်း ကာယာနုပဿနာ စသော မိမိကိစ္စကို ပြီးစေသောကြောင့်ရင်း။ သရူပေန၊ စိတ္တိဒ္ဓိပါဒ် စသော သရုပ်အားဖြင့်။ ဝုတ္တိတော စ၊ ဖြစ်ခြင်းကြောင့်ရင်း။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တေ၊ ထိုသုံးဆဲ့ခုနစ်ပါး ဗောဓိပက္ခိယ တရားတို့သည်။ အရိယမဂ္ဂဿ၊ အရိယာမဂ်၏။ သမ္ဘဝေ၊ ဖြစ်ပေါ်လာခြင်းသည်၊ သတိ၊ ရှိသော်။ သမ္ဘဝန္တိ၊ ပြည့်စုံစွာ ဖြစ်ပေါ်လာကုန်၏။

နဝ၊ ပဉ္စာ,သက်ပ်, ပဿဒ်,ပီတိ, ဝိရတိ,ဆန္ဒ, စိတ္တ-ကိုးပါး တို့သည်။ ကေဝိဓာ၊ တပါးသော အဘို့ ရှိကုန်သည်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ကောဘ၊ သဒ္ဓါ တပါးသည်။ ဒွေဓာ၊ နှစ်ပါးသောအဘို့ရှိ၏။ အထ၊ ထိုမှတပါး။ ကောဘ၊ ကေဂ္ဂတာတပါး, ပညာတပါး, သတိတပါး, ဝီရိယတပါးသည်။ စတုပဉ္စဓာ၊ အစဉ်အတိုင်း လေးပါး,ငါးပါး အဘို့ ရှိသည်ရင်း။ အဋ္ဌဓာ၊ ရှစ်ပါး အဘို့ ရှိသည်ရင်း။ နဝဓာ စေဝ၊ ကိုးပါးအဘို့ ရှိသည်ရင်း။ ဘဝတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တေ၊ ထိုဗောဓိပက္ခိယ တရားတို့သည်။ ဆဓာ၊ ခြောက်ပါးသော အပြားဖြင့်။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ဤကား အနက်။

ဤအလုံးစုံကို အောက် ဗောဓိပက္ခိယ သင်္ဂဟ (ဤကျမ်း၊ပတွဲ၊နှာ-၂၆၆)၌ ပြခဲ့ပြီ။

**ဗောဓိပက္ခိယ၌ ဈာန်တရား မပါဝင်ခြင်း အကြောင်း။** ။ဤဗောဓိပက္ခိယတရားတို့၌ ဈာနကောဋ္ဌာသကို အဘယ့်ကြောင့် မယူသနည်းဟူမူ—

လက္ခဏူပနိဇ္ဈာနလက္ခဏဿ ဈာနဿ မဂ္ဂင်္ဂဟဏေနေဝ ဂဟိတတ္တာ။ တံ ဟိ သန္ဓာယ "ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ"တိ အာဒိ ဝုတ္တံ။ အာရမ္မဏူပနိဇ္ဈာနလက္ခဏဿ ပနေတ္ထ သမ္ဘဝေါ ဧဝ နတ္ထိ။

ဟု-ဋီကာ (မဟာ၊ဒု၊နှာ-၄၉၃) ဖြေ၏။

တနည်းလည်း—ဈာနင် ငါးပါးတို့တွင် ဝိစာရကို ဝိစိကိစ္ဆာ ပဋိပက္ခ ပညာဓိမောက္ခတို့နှင့် တူသည်၏ အဖြစ်ကြောင့်၊ ပီတိကိုလည်း ဗျာပါဒပဋိပက္ခ အဒေါသနှင့် ယှဉ်ခြင်းကြောင့်၊ ဝေဒနာကိုလည်း ဥဒ္ဓစ္စကုက္ကုစ္စ ပဋိပက္ခ သမာဓိ၏ အကြောင်းဖြစ်သောကြောင့် နီဝရဏပဋိပက္ခဟူ၍ နေတ္တိကျမ်း၌ ပရိယာယ်အားဖြင့် ဆိုအပ်ကုန်၏။ မုချ မဟုတ်ကုန်။ ဝိတက်,သမာဓိနှစ်ပါးတို့သည်သာလျှင် ထိန,မိဒ္ဓ,ကာမစ္ဆန္ဒဟူသော ဥဇုပဋိပက္ခတို့ကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်ကုန်၏။ ဤသို့ ပဋိပက္ခဝိဒ္ဓံသနသမတ္ထဈာနကောဋ္ဌာသကို အပြည့်အစုံ မရခြင်းကြောင့် ဗောဓိပက္ခိယ၌ မထည့်မသွင်းအပ်သတည်း။

**မဂ်,ဖိုလ်စိတ္တုပ္ပါဒ်၌ရသော ဗောဓိပက္ခိယ တရားများ** ဝိတက္က သမာဓယော ဧဝ ပန ဈာနဓမ္မေသု ဥဇုကံ ပဋိပက္ခဝိဒ္ဓံသနသမတ္ထာတိ ပဋိပက္ခဝိဒ္ဓံသနသမတ္ထဿ ပရိပုဏ္ဏဿ ဈာနကောဋ္ဌာသဿ

အဘာဝတော န စဿ ဗောဓိပက္ခိယေသု သင်္ဂဟော ကတော။ ယသ္မာ ပန သမ္မာသင်္ကပ္ပေါ သမ္မာသမာဓိ စ မဂ္ဂပရိယာပန္နာ ဈာနဓမ္မာ၊ တသ္မာ တေ သန္ဓာယ တံ သမ္ပယုတ္တတာယ ဝါ ဣတရေပိ ဂဟေတွာ ပရိယာယေန ဝုတ္တံ ပါဠိယံ 'ယသ္မိံ သမယေ လောကုတ္တရံ ဈာနံ ဘာဝေတိ နိယျာနိက'န္တိ အာဒိ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၉၄)

ဤသို့လျှင် အလုံးစုံသော ဗောဓိပက္ခိယ တရားတို့သည် မဂ်စိတ္တုပ္ပါဒ်၌ အတွင်းဝင်ကုန်၏။ ဖိုလ်စိတ္တုပ္ပါဒ်၌ကား ပရိယာယ်သာ။ ထိုတွင်လည်း သာတိသယ သမ္မပ္ပဓာန ဗျာပါရကို မဂ်ခဏ၌သာ ရထိုက်သောကြောင့် ဖိုလ်ခဏ၌ သမ္မပ္ပဓာန် လေးပါးကို ပယ်၍ သုံးဆဲ့သုံးပါးတို့ကိုသာ ရအပ်ကုန်၏။

ဖလက္ခဏေ ဌပေတွာ စတ္တာရော သမ္မပ္ပဓာနေ အဝသေသာ တေတ္တိံသ လဗ္ဘန္တိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၂၀)

ကာမံ သဗ္ဗေပိ ဗောဓိပက္ခိယဓမ္မာ မဂ္ဂစိတ္တုပ္ပါဒပရိယာပန္နာဝ၊ တထာပိ သာတိသယော သမ္မပ္ပဓာနဗျာပါရော မဂ္ဂက္ခဏေတိ ဝုတ္တံ "ဖလက္ခဏေ

ဌပေတွာ စတ္တာရော သမ္မပ္ပဓာနေ”တိ။ အ၀သေသာ တေတ္တိံသ လဗ္ဘန္တိ၊ တေ စ ခေါ ပရိယာယတော၊ န နိပ္ပရိယာယတောတိ အဓိပ္ပါယော။

ဋီကာ (မဟာ၊ဒု၊နှာ-၄၉၂)

မဂ်၏ ဝုဋ္ဌာန အမည်ရပုံ။ ။ဝုဋ္ဌာနံ-ဟူရာ၌—

နိမိတ္တာ စ ပဝတ္တာ စ၊ န ဝုဋ္ဌာတိ ဝိပဿနာ။
နိမိတ္တာရမ္မဏတ္တာ စ၊ ဟေတုနော စ အဆေဒတော။
ဂေါတြဘူ တု နိမိတ္တာဝ၊ မဂ္ဂေါ တု ဒုဘတောပိ စ။

သင်္ဂဟ ဂါထာ[၁]

ဝိပဿနာ၊ ဝိပဿနာပညာသည်။ နိမိတ္တာရမ္မဏတ္တာ စ၊ သင်္ခါရနိမိတ်လျှင် အာရုံရှိသည်၏ အဖြစ်ကြောင့်၎င်း။ ဟေတုနော၊ ပဝတ္တ၏ အကြောင်းဖြစ်သော သမုဒယသစ္စာကို။ အဆေဒတော စ၊ မပယ်မဖြတ်ခြင်းကြောင့်၎င်း။ နိမိတ္တာ စ၊ သင်္ခါရနိမိတ်မှ၎င်း။ ပဝတ္တာ[၂] စ၊ ဥပါဒိန္နခန္ဓပ္ပဝတ္တမှ၎င်း။ န ဝုဋ္ဌာတိ၊ မထမြောက်။ ဂေါတြဘူ တု၊ ဂေါတြဘူသည်ကား။ နိမိတ္တာဝ၊ အာရုံဖြစ်သော သင်္ခါရနိမိတ်မှ သာလျှင်။ ဝုဋ္ဌာတိ၊ ထမြောက်၏။ မဂ္ဂေါ တု၊ မဂ်သည်ကား။ ဒုဘတောပိ စ၊ နိမိတ္တ,ပဝတ္တ နှစ်ပါးစုံမှလည်း။ ဝုဋ္ဌာတိ၊ ထမြောက်၏။

‘ဒုဘတော’တိ ဥဘတော၊ ဒကာရာဂမံ ကတွာ ဧဝံ ဝုတ္တံ။ ‘ဒုဘာ’တိ ဝါ ပဒန္တရမေဝေတံ ဥဘယသဒ္ဒေန သမာနတ္ထံ။ ဋီကာ (မဟာ၊ဒု၊နှာ-၄၉၄)

ဖလ ၂-ပါး။ ။‘ဖလယုတ္တတိ’ ဟူရာ၌ လောကီသမာပတ်ရှစ်ပါးမှာ သမထ အားစွမ်းလွန်သည်။ အနိစ္စာနုပဿနာ စသည်မှာ ဝိပဿနာ ဖလလွန်ကဲသည်။

မဂ်ခဏ၌ကား ဖလနှစ်ပါး တူမျှ၏။ ထို့ကြောင့်—

ဝုဋ္ဌာနဋ္ဌေန သမထဝိပဿနံ ယုဂနဒ္ဓံ ဘာဝေတိ။

ဟု (ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊နှာ-၂၀၉၌) ဟောတော်မူအပ်၏။

ဝုဋ္ဌာနဋ္ဌေန၊ နိမိတ္တ,ပဝတ္တ နှစ်ပါးမှ ထတတ်သည်၏ အဖြစ်ဖြင့်။ သမထ-ဝိပဿနံ၊ သမာဓိ,ပညာ နှစ်ပါးကို။ ယုဂနဒ္ဓံ၊ ထမ်းပိုး၌ ယှဉ်ပြိုင်ဖွဲ့ထား အားတူသော နွားကိုကဲ့သို့။ ဘာဝေတိ၊ ပွါးစေ၏။ ဤကား အနက်။

---

၁။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊နှာ-၁,၆၄,၆၆,၆၇-နှင့် ဝိသုဒ္ဓိမဂ်၊ဌ၊ဒု၊နှာ-၃၂၁-လာ စုဏ္ဏိယ များကိုမှီ၍ ဂါထာစီထားသည်။

၂။ ပဝတ္တ=ပဋိသန္ဓေခန္ဓာဖြစ်ခြင်း။

မဂ်လေးပါးနှင့် ပယ်အပ်သော တရားများ။ ။'ပဟာတဗ္ဗေ'ဟူရာ၌ မဂ်ဉာဏ်လေးပါးတို့သည် သံယောဇဉ်ဆယ်ပါး, ကိလေသာဆယ်ပါး၊ မိစ္ဆာဒိဋ္ဌိစသော မိစ္ဆတ္တရှစ်ပါး၊ ဝါ၊ အသည်းသတ် နေဝသညာဟူသော လောကထုပိကာ စသည်တို့၌ သခါရမှု လွတ်၏ဟု ဖောက်ပြန်သော နှလုံးသွင်းခြင်းဟူသော မိစ္ဆာဝိမုတ္တိ,မောဟဟူသော မိစ္ဆာဉာဏ နှစ်ပါးနှင့်တကွ မိစ္ဆတ္တဆယ်ပါး၊လောကဓံရှစ်ပါး၊အာဝါသ, ကုလ, လာဘ, ဓမ္မ,ဝဏ္ဏ မစ္ဆရိယ ငါးပါး၊ သညာ, စိတ္တ, ဒိဋ္ဌိ ဝိပလ္လာသသုံးပါး-တဆဲ့နှစ်ပါး။ အာသဝ, ဩဃ,ယောဂ, ဂန္ထ, ဥပါဒါန်, အဂတိ–လေးပါးစီ၊နီဝရဏ ငါးပါး၊ ပရာမာသ တပါး၊ အနုသယ ခုနစ်ပါး၊ မလ သုံးပါး၊ အကုသလကမ္မပထ ဆယ်ပါး၊ အကုသိုလ် စိတ္တုပ္ပါဒ် တဆဲ့နှစ်ပါး၊ ဤအလုံးစုံသော သံကိလေသ တရားတို့ကို ထိုက်သည့်အားလျော်စွာ ပယ်တတ်ကုန်၏။

ထိုတွင် ဒိဋ္ဌိ, မုသာဝါဒ, ကမ္မန္တာ'ဇီဝဟူသော မိစ္ဆတ္တလေးပါးကို ပဌမမဂ်ပယ်သည်။

သက်ပ္ပ,ပိသုဏဝါစာ, ဖရုသဝါစာ သုံးပါးကို တတိယမဂ် ပယ်သည်။

သမ္မပ္ပလာပ,မိစ္ဆာဝါယာမ,မိစ္ဆာသတိ,မိစ္ဆာသမာဓိ,မိစ္ဆာဝိမုတ္တိ, မိစ္ဆာဉာဏ်ခြောက်ပါးတို့ကို စတုတ္ထမဂ် ပယ်သည်။

မစ္ဆေရ, အဂတိတို့ကို ပဌမမဂ် ပယ်သည်။

'အသုဘေ သုဘသညာ စိတ္တဝိပလ္လာသ'ကို တတိယမဂ် ပယ်သည်။

'ဒုက္ခေ သုခသညာ စိတ္တဝိပလ္လာသ'ကို စတုတ္ထမဂ် ပယ်သည်။ ကြွင်းဝိပလ္လာသရှစ်ပါးကို ပဌမမဂ် ပယ်သည်။

နီဝရဏတို့တွင် ကုက္ကုစ္စကို တတိယမဂ် ပယ်သည်။

ယံ ပန 'ကုက္ကုစ္စပကတတာယ အာပတ္တိမာပဇ္ဇတီ'တိ ဝုတ္တံ ကုက္ကုစ္စံ၊ တံ သန္ဓာယ 'ကုက္ကုစ္စဝိစိကိစ္ဆာ သောတာပတ္တိမဂ္ဂေန ပဟီယန္တိ'တိ အဋ္ဌ-သာလိနိယံ ဝုတ္တံ။ ဩဋ္ဌာရိကာနဝသေသပ္ပဟာနံ ဝါ သန္ဓာယ ကုက္ကုစ္စဿ ပဌမ,တတိယဉာဏဝဇ္ဈတာ ဝုတ္တာတိ ဝေဒိတဗ္ဗံ။

ဋီကာ (မဟာ၊ဒု၊နှာ-၄၉၇)

ကမ္မပထတို့တွင် ပိသုဏဝါစာ, ဖရုသဝါစာ, ဗျာပါဒသုံးပါးကို တတိယမဂ်ပယ်သည်။ သမ္ဖပ္ပလာပါ'ဘိဇ္ဈာနှစ်ပါးကို စတုတ္ထမဂ် ပယ်သည်။ ကြွင်းငါးပါးကို ပဌမမဂ် ပယ်သည်။ ကြွင်းသမျှ လွယ်လှပြီ။

**မဂ်က ကိလေသာကိုပယ်ပုံ။** ။'ပယ်သည်'ဟူရာ၌—

မူလေ ဆိန္နေ ဖလံ ပုပ္ဖံ၊ အဇာတံ ဝ န ဇာယတိ။
ဇဝံ စတ္တာရိ ဉာဏာနိ၊ ဘူမိလဒ္ဓေ ဇဟန္တိ တေ။

သင်္ဂဟဂါထာ[1]

မူလေ၊ အမြစ်ကို၊ ဆိန္နေ၊ ဖြတ်အပ်သည်ရှိသော်။ ဖလံ ပုပ္ဖံ၊ အသီး အပွင့်သည်။ အဇာတံ ဝေ၊ မဖြစ်သေးပဲသာလျှင်။ န ဇာယတိ၊ မဖြစ်ပေါ်လာ။ ဇဝံတထာ၊ ယင်းသို့အတူ။ တေ=တာနိ စတ္တာရိ ဉာဏာနိ၊ ထိုမဂ်ဉာဏ် လေးပါးတို့သည်။ ဘူမိလဒ္ဓေ၊ ဥပါဒါနက္ခန္ဓဟူသော ဝိပဿနာ၏အာရုံ ဖြစ်ရာဘုံကို ရကုန်သော ကိလေသာတို့ကို။ ဇဟန္တိ၊ စွန့်ပယ်ကုန်၏။

**ဥပ္ပန္န ၄-ပါးနှင့် မဂ်ဖြင့် ပယ်အပ်သောဥပ္ပန္န**[2]။ ။ဤဂါထာနှင့်အညီ—

(၁) သမုဒါစာရ ခဏတ္တယ သမင်္ဂီ ဖြစ်သော **ဝတ္တမာနုပ္ပန္န**။

(၂)ဝိကပ္ပဂါဟ၏ အစွမ်းဖြင့် အာရုံ၏အရသာကို ခံစားပြီး၍ ချုပ်ကင်း လေသော ကုသိုလ်,အကုသိုလ်။ ခဏတ္တယသို့ ရောက်ပြီး၍ ချုပ်လေသော သင်္ခတတရားဟူသော **ဘူတာပဂတုပ္ပန္န**။

(၃) ကုသိုလ်, အကုသိုလ်, ဝိပါက်ဟူသော **ဩကာသကတုပ္ပန္န**။

(၄)ဝိပဿနာ၏အာရုံ ဥပါဒါနက္ခန္ဓာ ဟူသော ဌာနဘုံတို့၌ ဖြစ်ထိုက်သော, မဂ်ဖြင့် မပယ်ရသေးသော အနုသယိတကိလေသာ ဟူသော **ဘူမိလဒ္ဓုပ္ပန္န**။

ဤဥပ္ပန္နလေးပါးတို့တွင် ပစ္စုပ္ပန်,အတိတ်,အနာဂတ် ဟူ၍ မဆိုအပ်သော ဘူမိလဒ္ဓုပ္ပန္နကို ပယ်သည်ဟူ၍ မှတ်အပ်၏။ ပထဝီရသ,အာပေါရသကိုမှီလျက် မျိုးစေ့အဆက်ဆက်ဖြင့် ကမ္ဘာဆုံးသည်တိုင်အောင် ကြီးပွါးမည့် အဆိပ်ပင်ကြီး ဝယ် ငါးမန်းစွယ်,လိပ်ကျောက်ဆူးဟူသော အဆိပ်ဆူးကို လေးမျက်နှာအရပ်မှ နှက်သဖြင့် ဖျက်ဆီးသတ်ဖြတ်သကဲ့သို့တည်း။

---

၁။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ နှာ-၃၉၅ နှင့် ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ဒု၊နှာ-၃၂၇ လာ စုဏ္ဏိယ များကို မှီ၍ ဂါထာစီထားသည်။

၂။ နောက်ဆက်တွဲကြည့်။

ဝတ္တမာန=သမုဒါစာရ=ပစ္စုပ္ပန်။ ဘူတာပဂတ=အတိတ်။ ဩကာသကတ= (ဩကာ သ=အခွင့်။ ကတ=ပြုခြင်း,ပေးခြင်း) ဝိပါက်အကျိုးပေးရန် အခွင့်ပေးသော အတိတ် ကုသိုလ်,အကုသိုလ်။ အနာဂတ်၌မချွတ်ဖြစ်လတ္တံ့သော အကျိုးပေးခွင့်ရပြီးဖြစ်သောဝိပါက်။ (ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၂၈-၃၃၀) (မဟာဋီကာ၊ဒု၊နှာ-၄၉၉-၅၀၀) (အဋ္ဌသာလိနီ၊နှာ-၁၀၈-၁၀၉)

(၁) အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န (၂)အဝိက္ခမ္ဘိတုပ္ပန္န (၃)အသမူဟတုပ္ပန္န သုံးပါးတို့သည်လည်း ဤ ဘူမိလဒ္ဓုပ္ပန္န၌ ဝင်လေကုန်ပြီ။

**ပယအပ်,မပယ်အပ်သောဥပ္ပန္န။** ။ဤသို့လျှင် ဝတ္တမာန,ဘူတာပဂတ,ဩကာသ-ကတ, သမုဒါစာရဟူသော ဥပ္ပန္နလေးပါးကို တစုံတခုသောမဂ်ဖြင့် မပယ်အပ်။ ဘူမိလဒ္ဓ, အာရမ္မဏာဓိဂ္ဂဟိတ, အဝိက္ခမ္ဘိတ, အသမူဟတ-ဟူသော ဥပ္ပန္နလေးပါးကိုသာ မဂ်ဉာဏ်သည် ပယ်အပ်၏။

**ဆီမီး, နေ, လှေဥပမာနှင့် မဂ်ကိစ္စ ၄-ပါး။** ။'ပရိညာဒိကိစ္စာနိ'ဟူရာ၌—

ဆီမီးသည်—

(၁) မီးစာကို ကုန်ကျွမ်းစေခြင်း။
(၂) မိုက်မှောင်ကို ဖျက်ဆီးခြင်း။
(၃) အလင်းကို ပြုခြင်း။
(၄) ဆီကို ခန်းခြောက်စေခြင်း ဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြုသကဲ့သို့ရင်း။

နေသည်—

(၁) အဆင်းကို ထွန်းပြခြင်း။
(၂) မိုက်မှောင်ကို ဖျောက်ဖျက်ခြင်း။။
(၃) အလင်းကို ပြုခြင်း။
(၄) အချမ်းကို ငြိမ်းပျောက်စေခြင်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြုသကဲ့သို့ရင်း။

လှေသည်—

(၁) ဤမှာဘက်ကမ်းကို စွန့်ခြင်း။
(၂) ရေယဉ်ကို ဖြတ်ခြင်း။
(၃) ဝန်ကို ဆောင်ခြင်း။
(၄) ထိုမှာဘက်ကမ်းသို့ လှမ်းရောက်ခြင်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြုသကဲ့သို့ရင်း။

မဂ်ဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုလျက်—

(၁) ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း။
(၂) သမုဒယသစ္စာကို ပယ်ခြင်း။

(၃) မဂ္ဂသစ္စာကို ပွါးစေခြင်း။

(၄) နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော ကိစ္စလေးပါးကို တပြိုင်နက် ပြီးစေသည်။

ဥပမာ ဥပမေယျ လေးကိစ္စကို ယထာက္ကမ ဟပ်လေ။

**မဂ်ဉာဏ်က မဂ္ဂသစ္စာကိုပွါးစေပုံ။** ။ထိုတွင် မဂ္ဂသစ္စာကို ပွါးစေခြင်းဟူရာ၌ မဂ်ဉာဏ်သည် သဟဇာတ ကောဋ္ဌာဏ်က မဂ္ဂသစ္စာကို အဘယ်သို့ ပွါးစေသနည်း။

'မဂ္ဂံ ဘာဝနာဘိသမယေနာ'တိ မဂ္ဂဉာဏံ သမ္မာသက်ပ္ပါဒိသေသမဂ္ဂံ သဟဇာတာဒိပစ္စယတာဝသေန ဘာဝနာဘိသမယေန။... 'အဘိသမေတိ ပုဗ္ဗဘာဂဘာဝနာ သမ္ဘူတေန အရိယမဂ္ဂဘာဝနာသခ်ါတေန ပဋိဝိဇ္ဈနေန အဘိသမေတိ အဋ္ဌင်္ဂိကံ မဂ္ဂံ အသမ္မောဟတော ပဋိဝိဇ္ဈတိ။ မဂ္ဂဉာဏံ ဟိ သမ္ပယုတ္တဓမ္မေသု သမ္မောဟံ ဝိဓမ္မေသန္တံ အတ္တနိပိ သမ္မောဟံ ဝိဓမ္မေတိ-ယေဝ။

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၅၀၃) နှင့်အညီ မဂ်ဉာဏ်သည် ရှေး ဝိပဿနာ အဆက်ဆက် တက်ခဲ့လာသော အဟုန်အားဖြင့် ကြွင်း မဂ္ဂင်ခုနစ်ပါးတို့ကို သဟဇာတ စသော ပစ္စယသတ္တိ အစွမ်းဖြင့် ပွါးစေသည်။ မဂ္ဂင်ရှစ်ပါးလုံးကိုပင် မတွေဝေသော အားဖြင့် သိသည်ဟူ၍ မှတ်။

**သစ္စာ ၄-ပါးကို ၁၆-ပါးသော အခြင်းအရာဖြင့် သိပုံ။** ။ဤသို့လျှင် မဂ်ဉာဏ်သည် သစ္စာလေးပါးကို ပီဠနဋ္ဌ စသော တဆဲ့ခြောက်ပါးသော အခြင်းအရာတို့ဖြင့် တပြိုင်နက် တချက်တည်း သိသည်။ ထို့ကြောင့် —

ယော ဘိက္ခဝေ ဒုက္ခံ ပဿတိ၊ ဒုက္ခသမုဒယမ္ပိ သော ပဿတိ။ ဒုက္ခ-နိရောဓမ္ပိ ပဿတိ။ ဒုက္ခနိရောဓ ဂါမိနိပဋိပဒမ္ပိ ပဿတိ[၁]- စသည်ဖြင့်ရှင်း။

၁။ မဟာဝဂ္ဂသံယုတ် ပါဠိတော်၊ ဂဝမ္ပတိသုတ်၊နှာ-၃၇၂။

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ယော၊ အကြင်ရဟန်းသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပဿတိ၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။ သော၊ ထိုဒုက္ခသစ္စာကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်သော ရဟန်းသည်။ ဒုက္ခသမုဒယမ္ပိ၊ ဒုက္ခ၏ဖြစ်ကြောင်း သမုဒယ သစ္စာကိုလည်း။ ပဿတိ၊ ရှုမြင်၏။ ဒုက္ခနိရောဓမ္ပိ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်ဟူသော နိရောဓသစ္စာကိုလည်း။ ပဿတိ၊ ရှုမြင်၏။ ဒုက္ခနိရောဓဂါမိနိပဋိပဒမ္ပိ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ဖြစ်သော မဂ္ဂသစ္စာကိုလည်း။ ပဿတိ၊ ဝိပဿနာဉာဏ်ဖြင့် ရှုမြင်၏။

တိဝိဓာ၊ ၃-ပါး အပြားရှိ၏။ ဘာဝနာ၊ ဘာဝနာကို။ ဒွေ၊ နှစ်ပါးတို့ဟူ၍။ အဘိမတာ၊ သိအပ်၏။ ဝါ၊ လိုအပ်၏။ တတ္ထ၊ ထို ကိစ္စ လေးပါးတို့၌။ ဝိနိစ္ဆယော၊ အဆုံးအဖြတ်ကို။ ဉာတဗ္ဗော၊ သိအပ်၏။

**ပရိညာကိစ္စ ၃-ပါး။** ။ဤ အဋ္ဌကထာ (ဒု၊ နှာ-၃၃၄) နှင့် အညီ ပရိညာသည် ဉာတ,တီရဏ,ပဟာနအားဖြင့် သုံးပါးတည်း။

**ဉာတပရိညာ။** ။ထိုတွင် နာမရူပ ပရိစ္ဆေဒဉာဏ်,ပစ္စယပရိဂ္ဂဟဉာဏ် နှစ်ပါးသည် ဉာတပရိညာ၏ ဘုံသီးတည်း။

**တီရဏပရိညာ။** ။ကလာပ သမ္မသနဉာဏ်မှစ၍ အနုလောမဉာဏ်တိုင်အောင် ဝိပဿနာဉာဏ်ဆယ်ပါးသည် **တီရဏပရိညာ**၏ဘုံသီးတည်း။

**ပဟာနပရိညာ။** ။ဘင်္ဂါနုပဿနာမှစ၍ အနုလောမတိုင်အောင် ဉာဏ်ရှစ်ပါးသည် **ပဟာနပရိညာ**၏ ပရိယာယ်ဘုံတည်း။

မဂ်ဉာဏ်သာလျှင် မုချဘုံတည်း။ ထိုကြောင့် ဤ၌ ပဟာနပရိညာကို လိုအပ်၏။

တနည်းလည်း—ဉာတ,တီရဏ နှစ်ပါးသည် ပဟာနအကျိုးငှါသာ ဖြစ်၏။ ပယ်အပ်သော တရားသည်လည်း ပိုင်းခြား၍ သိအပ် ဆုံးဖြတ်အပ်တော့သည်သာတည်း။ ထိုကြောင့် ပရိညာသုံးပါးလုံးသည်လည်း ပရိယာယ်အားဖြင့် မဂ်ဉာဏ်၏ ကိစ္စပင်တည်း-ဟု အဋ္ဌကထာ (ဒု၊ နှာ-၃၃၅) မိန့်၏။

အောက် ကန်ဝိတရဏ ဝိသုဒ္ဓိ၌ကား[၁] ကလာပသမ္မသနဉာဏ်,ဥဒယဗ္ဗယဉာဏ် နှစ်ပါးကိုသာ တီရဏပရိညာ၏ဘုံ-ဟု, ဘင်္ဂါနုပဿနာမှ အထက်ကို ပဟာနပရိညာ၏ဘုံ-ဟု အဋ္ဌကထာ မိန့်၏။ ပရိယာယ်စကားချည်းသာ မှတ်ရာ၏။ ဤ၌ ဆိုအပ်သော စကားကိုသာ မုချ မှတ်အပ်၏။ ထို့ကြောင့်—

အနုလောမဉာဏမ္ပိ အနိစ္စာဒိဝသေနေဝ သင်္ခါရေ အာရဗ္ဘ ပဝတ္တတိ။ ပဂေဝ ပဋိသင်္ခါနုပဿနာဒယောတိ အာဟ 'ယာဝ အနုလောမာ အာဝေဏိကာ ဘူမိ'တိ။ ကာမဉ္စေတ္ထ တီရဏပရိညာဘူမိယံ ဉာတ,ပဟာန,ပရိညာယောပိ လဗ္ဘိဝသရာ။ တတ္ထ ပန ယထာ တီရဏပရိညာ သာတိသယံ ကိစ္စကာရိနီ။ န တထာ ဣတရာတိ အာဝေဏိကဂ္ဂဟဏံ။....နိပ္ပရိယာယေန ပဟာနပရိညာ နာမ မဂ္ဂဉာဏန္တိ 'ယာဝ မဂ္ဂဉာဏဘူမိ'တိ ဝုတ္တံ-ဟု ဋီကာ (မဟာ၊ဒု၊နှာ-၅၀၇,၈) မိန့်သည်။

---

၁။ ဤကျမ်း၊ဒု-တွဲ၊နှာ-၅၂၀ ကြည့်။

**ပဟာန် ၃-ပါး။** ။ပဟာန်သည်လည်း ဝိက္ခမ္ဘန,တဒင်္ဂ,သမုစ္ဆေဒ သုံးပါးတည်း။

**ဝိက္ခမ္ဘနပဟာန်။** ။ထိုတွင် အိုးဖြင့်မှော်ကို ပယ်ခြင်းကဲ့သို့ လောကီသမာဓိဖြင့် နီဝရဏ စသည်ကို ပယ်ခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။

**တဒင်္ဂပဟာန်။** ။ဆီမီးဖြင့် မိုက်မှောင်ကို ပယ်ခြင်းကဲ့သို့ ထိုထို ဝိပဿနာ-ဝယဝ ဉာဏင်္ဂဖြင့် ထိုထို ပဋိပက္ခဖြစ်သော ပဟာတဗ္ဗဓမ္မကို ပယ်ခြင်းသည် **တဒင်္ဂပဟာန်** မည်၏။

**သမုစ္ဆေဒပဟာန်။** ။မိုးကြိုးစက်ကျသော သစ်ပင်၏သို့ သံယောဇဉ်စသည်တို့၏ နောင်တဖန် မဖြစ်ခြင်းကို ပြုလျက် အရိယမဂ်ဖြင့် ပယ်ခြင်းသည် **သမုစ္ဆေဒပဟာန်** မည်၏။

ဤအရာ၌ သမုစ္ဆေဒပဟာန်ကို လိုအပ်၏။ ရှေ့ပဟာန်နှစ်ပါးသည် သမုစ္ဆေဒ အကျိုးငှါသာလျှင် ဖြစ်ခြင်းဟူသော ပရိယာယ်အားဖြင့်ကား ပဟာန် သုံးပါး လုံးသည်ပင် မဂ်ဉာဏ်၏ကိစ္စ မည်ကောင်း၏။

**သစ္စိကိရိယာ ၃-ပါး။** ။သစ္စိကိရိယာသည်လည်း လောကိယ,ဒဿန,ဘာဝနာ အားဖြင့် သုံးပါးတည်း။

ထိုတွင် လောကီစျာန်ကို ရပြီး၍ 'ဣဒံ မယာ အဓိဂတံ'ဟု ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် မျက်မှောက်ထင်ထင် သိမြင်တွေ့ထိခြင်းသည် **လောကိယသစ္စိကိရိယာ** မည်၏။

တနည်းလည်း— သစ္စိကာတဗ္ဗဓမ္မတို့ကို ဖုံးလွှမ်းတတ်သော သံမောဟကို မဂ်ဖိုလ်ဖြင့် ဖျက်ဆီးပြီးနောက် အပရပ္ပစ္စယဉာဏ်[၁]ဖြင့် စက္ခု,ရူပစသော သစ္စိကာတဗ္ဗဓမ္မတို့ကို ကိုယ်ဘိုင် သိမြင်ခြင်းသည် **လောကိယသစ္စိကိရိယာ** မည်၏။

သောတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မြင်ခြင်းသည် **ဒဿနသစ္စိကိရိယာ** မည်၏။

အထက်မဂ်တို့ဖြင့် နိဗ္ဗာန်ကိုမြင်ခြင်းသည် **ဘာဝနာသစ္စိကိရိယာ** မည်၏။

နောက်နှစ်ပါးကို ဤ၌ လိုအပ်၏။

ဘာဝနာကား လောကီ,လောကုတ္တရာအားဖြင့် နှစ်ပါးသာတည်း။

---

၁။ အပရပ္ပစ္စယဉာဏ်= (အ=မရှိ၊ ကင်းမဲ့။ ပရ=သူတပါး။ ပစ္စယ=ယုံကြည်ခြင်း) သူတပါးပြောကြား၍ ယုံကြည်ရခြင်း, သိရခြင်းမဟုတ်။ မိမိကိုယ်တိုင် မျက်မှောက် ပြုပြီးဖြစ်သဖြင့် သက်ဝင်ယုံကြည်၍သိသောဉာဏ်။

ထိုတွင် လောကီ သီလ,သမာဓိ,ပညာကို ဖြစ်စေခြင်း။ မိမိသန္တာန်ကို ထိုထို သီလ သမာဓိ ပညာတို့ဖြင့် ထုံခြင်းသည် **လောကိယဘာဝနာ** မည်၏။

ယဒဂ္ဂေန ဟိ လောကိယာ ကုသလာဒယော ဥပ္ပါဒိတာ,ဝဍ္ဎိတာ စ။ တဒဂ္ဂေနဿ သီလဘာဝနာ, ကာယဘာဝနာ, စိတ္တဘာဝနာ, ပညာဘာဝနာ စ လောကိယာ နိပ္ဖါဒိတာ ဟောတိ။ တာယ စ သန္တာနောပိ ပရိဘာဝိတောတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၁၁)

လောကုတ္တရ သီလ,သမာဓိ,ပညာကို ဖြစ်စေခြင်း, ထိုဖြင့် ကိုယ်သန္တာန်ကို ထုံခြင်းသည် **လောကုတ္တရဘာဝနာ** မည်၏။ ဤလောကုတ္တရဘာဝနာကိုသာ ဤဉာဏဒဿနဝိသုဒ္ဓိအရာ၌ လိုအပ်၏။

ဉာဏဒဿနဝိသုဒ္ဓိ ပြီး၏။

'စိတ္တံ ပညဉ္စ ဘာဝယံ'၏အရ ပညာဘာဝနာ ပြီး၏။

---

**ပညာဘာဝနာနိသံသ**

ဤပညာဘာဝနာ၏ အကျိုးအာနိသင်ကား—

သခေ်ပေနာရိယဖလ- ရသာနုဘဝနံ တထာ။
နိရောဓသမာပဇ္ဇနံ၊ နာနာကိလေသဓံသနံ။

အာဟုနေယျတာဒိသိဒ္ဓိ၊ ဣစ္စဿာ အာနိသံသကော။
ဝိတ္ထာရာ တံ ပကာသေတုံ၊ န သက္ကာ ဒီဃအဒ္ဓုနာ။

သင်္ဂဟဂါထာ[၁]

သခေ်ပေန၊ အကျဉ်းအားဖြင့်။ အရိယဖလရသာနုဘဝနံ၊ သာမညဖလ အရိယဖိုလ်ချမ်းသာ အရသာကို ခံစားရခြင်းငှာ။ တထာ၊ ထိုမှတပါး။ နိရောဓသမာပဇ္ဇနံ၊ နိရောဓသမာပတ်ကို ဝင်စားနိုင်ခြင်းငှာ။ နာနာကိလေသဓံသနံ၊ သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ စသောအားဖြင့် အထူးထူး အပြားပြား များစွာသော ကိလေသာတို့ကို တဒင်္ဂပဟာန် စသည်တို့၏ အစွမ်းဖြင့် ဖျက်ဆီးရခြင်းငှာ။

အာဟုနေယျတာဒိသိဒ္ဓိ၊ အာဟုနေယျ အဖြစ် စသည်၏ ပြီးခြင်းငှာ။ ဣတိအယံ၊ ဤသည်ကား။ အဿ၊ ထိုပညာဘာဝနာ၏။ အာနိသံသကော၊

---

၁။ ဤ ၂-ဂါထာကား ဝိသုဒ္ဓိမဂ်၊ဌ၊ဒု၊နှာ-၃၄၀ လာ စုဏ္ဏိယကို မှီ၍ စီထားခြင်း ဖြစ်သည်။

အကျိုးတည်း။ ဝိတ္ထာရာ၊ အကျယ်အားဖြင့်ကား။ တံ၊ ထိုအာနိသင်ကို။ ဒီဃအဒ္ဓုနာ၊ နေ့ရက်-လ-နှစ် သက္ကရာဇ်ရှည်ကြာ အခါကာလဖြင့်လည်း။ ပကာသေတုံ၊ ထုတ်ဖော်ညွှန်းပြခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်ကောင်း။

**ဖိုလ်ဝင်စားပုံ။** ။ထိုတွင် 'အရိယဖလရသာနုဘဝန်'ဟူရာ၌ မဂ္ဂါနန္တရဖိုလ်ကို အောက် (ဤကျမ်း၊ဒု-တွဲ၊နှာ-၆၂၀)၌ ဆိုခဲ့ပြီး။

သမာပတ္တိဖိုလ် ဖြစ်ဟန်ကား–ရာဇာသည် ရဇ္ဇသုခကို, ဒေဝသည် ဒိဗ္ဗသုခကို ခံစားသကဲ့သို့ ဖလဋ္ဌအရိယာပုဂ္ဂိုလ်သည် ဖိုလ်ချမ်းသာ ဖလသမာပတ္တိအရသာကိုခံစားလိုလတ်သော် ဥဒယဗ္ဗယဉာဏ်စသော ဝိပဿနာဉာဏ်ကိုးပါး အစဉ်ဖြင့် သင်္ခါရတို့ကို ရှု၍ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌ ဘဝင်္ဂစလန,ဘဝင်္ဂုပစ္ဆေဒ သင်္ခါရကိုအာရုံပြုလျက် မနောဒွါရာဝဇ္ဇန်း အနုလုံ အနုလုံ သုံးကြိမ်,လေးကြိမ် နိဗ္ဗာန်ကို အာရုံပြု၍ မိမိမဂ်နှင့် စျာနင်, ဗောဇ္ဈင်, မဂ္ဂင်တူသော ဖိုလ်,ဖိုလ် အကြိမ်များ စွာဖြစ်၍ ဘဝင်ကျ၏။

ဖလသမာပတ္တတ္ထိကေန ဟိ အရိယသာဝကေန ရဟောဂတေန ပဋိသလ္လီနေန ဥဒယဗ္ဗယာဒိဝသေန သင်္ခါရာ ပဿိတဗ္ဗာ။ တဿ ပဝတ္တာနုပုဗ္ဗဝိပဿနဿ သင်္ခါရာရမ္မဏ ဂေါတြဘုဉာဏာနန္တရံ ဖလသမာပတ္တိဝသေန နိရောဓေ စိတ္တံ အပ္ပေတိ။ ဖလသမာပတ္တိနိန္နတာယ စေတ္ထ သေက္ခဿာပိ ဖလမေဝ ဥပ္ပဇ္ဇတိ၊ န မဂ္ဂေါ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၂)။

'သင်္ခါရာရမ္မဏဂေါတြဘုဉာဏာနန္တရ'န္တိ သင်္ခါရာရမ္မဏဿ။ 'ဝေါဒါန'န္တိ လဒ္ဓနာမဿ ဂေါတြဘုဉာဏဿ အနန္တရံ။ ကသ္မာ ပနေတ္ထ ဂေါတြဘုဉာဏံ မဂ္ဂဉာဏပုရေစာရိကံ ဝိယ နိဗ္ဗာနာရမ္မဏံ န ဟောတီတိ။ ဖလဓမ္မာနံ အနိယျာနိကဘာဝတော။ ..ဝုတ္တံ ဟေတံ 'ကတမေ ဓမ္မာ နိယျာနိကာ၊ စတ္တာရော မဂ္ဂါ အပရိယာပန္နာ'တိ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၁၈။)

ဖလံ ပန အတ္ထိ မဂ္ဂါနန္တရံ၊ အတ္ထိ ဖလာနန္တရံ၊ အတ္ထိ ဂေါတြဘုအနန္တရံ။ အတ္ထိ နေဝသညာ နာသညာနန္တရံ။ တတ္ထ မဂ္ဂဝီထိယံ မဂ္ဂါနန္တရံ၊ ပုရိမဿ ပုရိမဿ ပစ္ဆိမံ ပစ္ဆိမံ ဖလာနန္တရံ၊ ဖလသမာပတ္တီသု ပုရိမံ ပုရိမံ ဂေါတြဘုအနန္တရံ။ ဂေါတြဘူတိ စေတ္ထ အနုလောမံ ဝေဒိတဗ္ဗံ။ ဝုတ္တံ ဟေတံ ပဋ္ဌာနေ "အရဟတော အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော၊ သေက္ခာနံ အနုလောမံ ဖလသမာပတ္တိယာ အနန္တရပစ္စယေန ပစ္စယော"တိ။

ဤသို့အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၃) လာသည်နှင့်အညီ အနုလုံသုံးချက်, လေးချက်တို့တွင် နောက်ဆုံး အနုလုံတချက်ကို 'ဂေါတြဘု'ဟူ၍၎င်း 'ဝေါဒါန်' ဟူ၍၎င်း ဆိုသင့်၏ မှတ်။

## ဖိုလ်ချမ်းသာ

ပဋိပဿဒ္ဓဒရထံ၊ အမတာရမ္မဏံ သုဘံ။
ဝန္တလောကာမိသံ သန္တံ၊ သာမညဖလမုတ္တမံ။

ဩဇဝန္တေန သုစိနာ၊ သုခေန အဘိသန္ဒိတံ။
ယေန သာတာတိသာတေန၊ အမတေန မဓုံ ဝိယ။

တံ သုခံ တဿ အရိယဿ၊ ရသဘူတမနုတ္တရံ။
ဖလဿ ပညံ ဘာဝေတွာ၊ ယသ္မာ ဝိန္ဒတိ ပဏ္ဍိတော။

တသ္မာ အရိယဖလဿေတံ၊ ရသာနုဘဝနံ ဣဓ။
ဝိပဿနာဘာဝနာယ၊ အာနိသံသောတိ ဝုစ္စတိ။

အဋ္ဌကထာ (ဒု၊နှာ-၃၄၃-၄။)

ပဋိပဿဒ္ဓ ဒရထံ၊ အချင်းခပ်သိမ်း ငြိမ်းပြီးသော ကိလေသာဟူ ပူပန်ခြင်း ရှိသော။ အမတာရမ္မဏံ၊ အမြိုက်နိဗ္ဗာန်လျှင် အာရုံရှိသော။ သုဘံ၊ တင့်တယ်စွာသော။ ဝန္တလောကာမိသံ၊ ထွေးအန်အပ်ပြီးသော တဏှာဟူသော လောကာ-မိသ ရှိသော။ သန္တံ၊ ငြိမ်သက်စွာသော။ ဥတ္တမံ၊ မြတ်သော။ သာမညဖလံ၊ သမဏ မည်ကြောင်း ဖြစ်သော အရိယမဂ်၏ အကျိုးဖြစ်သော ဖိုလ်သည်။ ဝါ၊ ဖိုလ်ကို။

ယေန ဓမ္မေန ယောဂတော သမဏော နာမ ဟောတိ။ တဿ အရိယ-မဂ္ဂသင်္ခါတဿ သာမညဿ ဖလန္တိ သာမညဖလံ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၀)

အမတေန၊ အမြိုက်ဆေးနှင့်။ သံမောဒိတံ၊ ရောနှောအပ်သော။ မဓုံဝိယ၊ ပျားကဲ့သို့။ ဩဇဝန္တေန၊ ဩဇာရှိသော။ သုစိနာ၊ စင်ကြယ်သော။ သာတာတိ-သာတေန၊ မဟဂ္ဂုတ်,မဂ်သာတ တို့ထက် လွန်ထက်မြိန်မြတ်သော။ ယေန သုခေန၊ အကြင် ဖိုလ်ချမ်းသာဖြင့်။ အဘိသန္ဒိတံ၊ အချင်းခပ်သိမ်း မခြောက်မတပ် စိုစွတ်တတ်၏။ ဝါ၊ စွတ်စေအပ်၏။

တဿ အရိယဿ ဖလဿ၊ ထိုအရိယဖိုလ်၏။ ရသဘူတံ၊ ရသာအနှစ် အဆီ ဖြစ်၍ ဖြစ်သော။ အနုတ္တရံ၊ မိမိထက် လွန်မြတ်သော အရသာမရှိသော။ တံ သုခံ၊ ထိုဖိုလ်ချမ်းသာကို။ ယသ္မာ၊ အကြင်ကြောင့်။ ပဏ္ဍိတော၊ ပညာရှိသည်။ ပညံ၊ ဝိပဿနာပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ ဝိန္ဒတိ၊ ရ၏။ တသ္မာ၊ ထိုကြောင့်။ အရိယဖလဿ၊ အရိယဖိုလ်၏။ ဧတံ ရသာနုဘဝနံ၊ ဤအရသာကို ခံစားခြင်းကို။ ဣဓ၊ ဤသာသနာ ဤအရာ၌။ ဝိပဿနာဘာဝနာယ၊ ဝိပဿနာ ဘာဝနာ၏။ အာနိသံသောတိ၊ အကျိုးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

**နိရောဓသမာပတ်ဖြစ်ကြောင်း ၅-ပါး။** ။'နိရောဓ သမာပဇ္ဇနံ'ဟူရာ၌—

တိသင်္ခါရဿ ပဿဒ္ဓိ၊ ဗလေဟိ ဒွီဟိ သမ္ပဒါ။
သောဠသဉာဏစရိယာ၊ သမာဓိစရိယာ နဝ။
ဝသီတာတိ ပဉ္စ ဓမ္မာ၊ ဟောန္တိ နိရောဓကာရဏာ[၁]။

တိသင်္ခါရဿ ပဿဒ္ဓိ၊ ဝစီ, ကာယ, စိတ္တ သင်္ခါရ သုံးပါး၏ ငြိမ်းခြင်းရှင်း။

ဒွီဟိ ဗလေဟိ၊ သမထ,ဝိပဿနာ နှစ်ဖြာသော အားအစွမ်းတို့နှင့်။ သမ္ပဒါ၊ ပြည့်စုံခြင်းရှင်း။

သောဠသဉာဏစရိယာ၊ အနိစ္စာ, ဒုက္ခာ, အနတ္တာ, နိဗ္ဗိဒါ, ဝိရာဂါ, နိရောဓာ, ပဋိနိဿဂ္ဂါ, ဝိဝဋ္ဋာနုပဿနာ ရှစ်ပါး, လောကုတ္တရာ ရှစ်ပါး အားဖြင့် တဆယ့်ခြောက်ပါးသော ဉာဏ်၏ ဖြစ်ခြင်းတို့ရှင်း။ ဝါ၊ ဉာဏ်သည် ဟေတု'ဓိပတိ'န္ဒြိယ, မဂ္ဂ စသော ပစ္စယသတ္တိဖြင့် ဖြစ်စေအပ်သော သမ္ပယုတ်တရားတို့ရှင်း။

နဝ၊ သမာပတ် ရှစ်ပါး, သမာပတ်၏ ဥပစာ[၂]တပါး အားဖြင့် ကိုးပါးကုန်သော။ သမာဓိစရိယာ၊ သမာဓိ၏ ဖြစ်ခြင်း,သမာဓိသည် ဖြစ်စေအပ်သော တရားတို့ရှင်း။

> အဋ္ဌ သမာပတ္တိယော အဋ္ဌ သမာဓိစရိယာ, တာသံ ဥပစာရသမာဓိ, ဥပစာရသမာဓိဘာဝသာမညေန ဧကာ သမာဓိစရိယာ။
>
> ဋီကာ (မဟာ၊ဒုနှာ-၅၂၄။)

ဝသီတာ၊ သမာပတ်ရှစ်ပါးတို့ကို ဝသီဘော် ငါးပါးတို့ဖြင့် လေ့လာခြင်းရှင်း။

ဣတိ၊ ဤသို့။ ပဉ္စဓမ္မာ၊ ဗလသမ္ပဒါ, သင်္ခါရပဿဒ္ဓိ, ဉာဏစရိယာ, သမာဓိစရိယာ, ဝသီတာအားဖြင့် ငါးပါးကုန်သော တရားတို့သည်။ နိရောဓကာရဏာ၊ နိရောဓသမာပတ်၏ အကြောင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**နိရောဓသမာပတ်ဝင်စားပုံ။** ။ဤ သင်္ဂဟဂါထာနှင့် ညီစွာ 'ဘာရာ ဟဝေ ပဉ္စက္ခန္ဓာ' လေးလံစွာသော ခန္ဓာဝန်ကို ရွက်ဆောင်ရခြင်း၌ လွန်စွာ ငြီးငွေ့လှ၍ ဒိဋ္ဌဓမ္မနိဗ္ဗာန် ချမ်းသာကို ခံစားလိုသော အဋ္ဌသမာပတ္တိလာဘီ ကာမ,ရူပ အနာဂါမ် ရဟန္တာပုဂ္ဂိုလ် သည် ဆွမ်းစားပြီး၍ ကောင်းစွာ ဆေးကြောပြီးသော လက်,ခြေ ရှိသည်ဖြစ်၍ ဆိပ်ငြိမ်ရာဌာန သုပညတ္တာသန[၃]၌ တင်ပျဉ်ဖွဲ့ခွေ ထိုင်နေလျက်—

---

၁။ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၊ဒုနှာ-၃၄၄-လာ စုဏ္ဏိယကို မှီ၍ ဂါထာစီထားခြင်းဖြစ်သည်။

၂။ ဥပစာရသမာဓိ ဟူလိုသည်။

၃။ (သု+ပညတ္တ+အာသန) ကောင်းစွာခင်းအပ်သောနေရာ။

ပထမစျာန်ကို ဝင်စားပြီး ထပြီး၍ ထိုစျာန်၌ရှိသော သင်္ခါရတို့ကို အနုလောမဉာဏ်တိုင်အောင် အနိစ္စ,ဒုက္ခ,အနတ္တာဟု မညံ့လွန်းမထက်လွန်းသော ဝိပဿနာဉာဏ်ဖြင့် ရှု၏။

ဝိပဿနာ ပနေ’သာ တိဝိဓာ ဟောတိ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ, ဖလသမာပတ္တိဝိပဿနာ,နိရောဓသမာပတ္တိဝိပဿနာတိ။ တတ္ထ သင်္ခါရပရိဂ္ဂဏှနကဝိပဿနာ မန္ဒာ ဝါ ဟောတု တိက္ခာ ဝါ၊ မဂ္ဂဿ ပဒဋ္ဌာနံ ဟောတိယေဝ။ ဖလသမာပတ္တိဝိပဿနာ တိက္ခာဝ ဝဋ္ဋတိ မဂ္ဂဘာဝနာသဒိသာ။ နိရောဓသမာပတ္တိ ဝိပဿနာ ပန နာတိမန္ဒာ နာတိတိက္ခာ ဝဋ္ဋတိ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၇)

မန္ဒာ စေ ဝိပဿနာ ဒန္ဓာဘိညံ မဂ္ဂံ သာဓေတိ။ တိက္ခာ စေ ခိပ္ပါဘိညန္တိ အယံ မန္ဒ,တိက္ခတာယ ဝိသေသော။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၆)

ထို့အတူ အာကိဉ္စညာယတနစျာန် တိုင်အောင် ဝင်စားပြီး၍ ထိုအာကိဉ္စညာယတနစျာန်၏အဆုံး၌ ဝိပဿနာ မရှုပဲ နာနာဗဒ္ဓအဝိကောပန, သံဃပဋိမာနန,သတ္ထုပက္ကောသန, အဒ္ဓါနပရိစ္ဆေဒဟူသော ပုဗ္ဗကိစ္စလေးပါး[၁]ကို ပြုလျက် နေဝသညာနာသညာယတနစျာန်ကို ဝင်စား၏။ စျာန်နှစ်ကြိမ်အဆုံး၌ ကာမဘုံမှာ အလွန် ခုနစ်ရက်၊ ရူပဘုံမှာ အလိုရှိသမျှ စိတ်, စေတသိက်, စိတ္တဇရုပ် ချုပ်၏။

ဤသို့ သင်္ခါရသုံးပါးတို့ အနုပုဗ္ဗနိရောဓအားဖြင့် ချုပ်၍ စိတ္တုပ္ပါဒ်တို့၏ မဖြစ်ခြင်းသည် နိရောဓသမာပတ် မည်၏။

ပိုင်းခြားတိုင်းသော ကာလလွန်လျှင် အနာဂါမ်အား အနာဂါမိဖိုလ်, ရဟန္တာအား အရဟတ္တဖိုလ် တကြိမ်ဖြစ်၍ ဘဝင်ကျ၏။

ဋီကာရှင်ကား—“နိရောဓာ ဝုဋ္ဌဟန္တဿ ဒွိက္ခတ္တုံ ဥပ္ပဇ္ဇတိ”ဟု–ဖိုလ်နှစ်ကြိမ် ဖြစ်ကြောင်းကို ဆို၏။

---

၁။ ဤကျမ်း၊ပ-တွဲ၊နှာ-၉၇ အောက်ခြေမှတ်ချက်ကြည့်။

(၁) နာနာ=အမျိုးမျိုး (သော အသုံးအဆောင်ပစ္စည်းပရိက္ခရာ)။ အဗဒ္ဓ=(အ+ဗဒ္ဓ)မဖွဲ့,မစပ်သော (ကင်းကွာနေသော)။ အဝိကောပန=(အ+ဝိကောပန)မပျက်စီးစေခြင်း။ (၂) သံဃပဋိမာနန=သံဃာများက အလိုရှိခြင်း။ (၃) သတ္ထုပက္ကောသန=ဘုရား ခေါ်တော်မူခြင်း။ (၄) (အဒ္ဓါန=အချိန်ကာလ။ ပရိစ္ဆေဒ=အပိုင်းအခြား)အသက်အပိုင်းအခြားကိုဆင်ခြင်ခြင်း။

ကထဉ္စဿ သမာပဇ္ဇနံ ဟောတီတိ သမထ,ဝိပဿနာဝသေန ဥဿက္ကိတွာ ကတပုဗ္ဗကိစ္စဿ နေဝသညာနာသညာယတနံ နိရောဓယတော၊ ဝေမဿ သမာပဇ္ဇနံ ဟောတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၇)

'ဥဿက္ကိတွာ'တိ ဥက္ကံသံ ပတွာ ယာဝ နေဝသညာနာသညာယတနာ, ယာဝ စ အနုလောမဉာဏာ အာယူဟိတွာ[၁]။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၆)

ယော ဟိ သမထဝသေနေဝ ဥဿက္ကတိ၊ သော နေဝသညာနာသညာ-ယတနသမာပတ္တိံ ပတွာ တိဋ္ဌတိ။ ယော ပန ဝိပဿနာဝသေနေဝ ဥဿက္ကတိ၊ သော ဖလသမာပတ္တိံ ပတွာ တိဋ္ဌတိ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၇)

နေဝသညာနာသညာယတနံ ပတွာ တိဋ္ဌတိ တဒုဒ္ဓံ သုဒ္ဓသမထ-ဝိပဿနာယ အဘာဝတော။ ယော ဝိပဿနာဝသေနေဝ ဥဿက္ကတိ သစေ အရိယော ဖလသမာပတ္တတ္ထိကော၊ သော အတ္တနော ဖလသမာပတ္တိံ ပတွာ တိဋ္ဌတိ။ အထ ပုထုဇ္ဇနော သေက္ခော ဝါ မဂ္ဂတ္ထိကော တာယ စေ ဝိပဿနာယ မဂ္ဂံ ပတွာ ဖလေ ဌိတော၊ သောပိ ဖလသမာပတ္တိံ ပတွာ တိဋ္ဌတိစ္စေဝ ဝုစ္စတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၆။)

'အာကိဉ္စညာယတနနောက်၌ ဝိပဿနာရှုသေး၏'ဟူသော ကေစိဝါဒ မသင့်ကြောင်းကို—

တံ တေသံ မတိမတ္တံ။ ဝိပဿနာစာရတော ဟိ သမာဓိစာရော။ တသ္မာ သမာပတ္တိတော ဝုဋ္ဌာယ ပုဗ္ဗကိစ္စံ ကာတဗ္ဗံ ဟု—ဋီကာ (မဟာ၊ဒု၊နှာ-၅၂၇ ၌) မိန့်၏။

## နိရောဓသမာပတ်၏ပုဗ္ဗကိစ္စ ၄-ပါး

**နာနာဗဒ္ဓအဝိကောပန**[၂]။ ။ယင်း ပုဗ္ဗကိစ္စကို ပြုဟန်ကား—"ဣမေ ပရိက္ခာရာ ဣမသ္မိံ သတ္တာဟဗ္ဘန္တရေ အဂ္ဂိဒီဟိ မာ ဝိနဿန္တု"ဟု ဆောက်တည်အပ်၏။

'အဓိဋ္ဌာတဗ္ဗံ'န္တိ စိတ္တံ ဥပ္ပါဒေတဗ္ဗံ။ တထာ စိတ္တုပ္ပါဒနမေဝ ဟေတ္ထ အဓိဋ္ဌာနံ။ စိတ္တဇရူပါဒီနံ အနုပ္ပဇ္ဇနတော ပဋ္ဌာဇာတပစ္စယာဒိဥပတ္ထမ္ဘာ-

---

၁။ ဆဋ္ဌသံဂါယနာမူ၌ 'အာရုဟိတွာ'ဟု ရှိသည်။

၂။ မိမိနှင့်ကင်းကွာနေသည့် ပရိက္ခရာအသုံးအဆောင်, ကျောင်း သင်္ကန်းစသည်တို့ မပျက်စီးပါစေသတည်းဟု ဆင်ခြင်ခြင်း။

ဘာဝတော စ သတ္တာဟမေဝ တထာ သရီရံ ပဝတ္တတိ။ တတော ပရံ ကိလမတီတိ သတ္တာဟမေဝ ပရိစ္ဆိန္ဒိတွာ နိရောဓံ သမာပဇ္ဇန္တီတိ ဝဒန္တိ။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၇။)

ထိုကဲ့သို့ မဆောက်တည်မူ အမိရှာ အာသနသာလာ၌ နိရောဓဝင်စဉ် ဆွမ်းစားကျောင်းကို မီးလောင်ကျွမ်းက လူများသိကြ၍ ပိယဂုံဒီပသို့ ပျံကြွရသော မဟာနာဂမထေရ်ကဲ့သို့[၁] ဖြစ်တတ်သည်။ ကောဗဒ္ဓဖြစ်သော ပရိက္ခရာကိုကား ဆောက်တည်ဘွယ်ရာ မရှိ။

သမာပတ္တိဝသေနေဝ နံ ရက္ခတိ။ အာယသ္မတော သဉ္ဇီဝဿ ဝိယ။

အဋ္ဌကထာ(ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၇။)

**သံဃပ္ပဋိမာနန**[၂]။ ။သံဃပ္ပဋိမာနနာဝဇ္ဇန ကို သံဃပ္ပဋိမာနန ဆိုသည်။

'သစေ မယိ သတ္တာဟံ နိရောဓံ သမာပဇ္ဇိတွာ နိသိန္နေ သံဃော ဉတ္တိကမ္မာဒီသု ကိဉ္စိဒေဝ ကမ္မံ ကတ္တုကာမော ဟောတိ။ ယာဝ မံ ကောစိ ဘိက္ခု အာဂန္တွာ န ပက္ကောသတိ၊ တာဝဒေဝ ဝုဋ္ဌဟိဿာမိ" —

ဟု–ဆင်ခြင်အပ်၏။

ဇေံ ကတွာ သမာပန္နော ဟိ တသ္မိံ သမယေ ဝုဋ္ဌာတိယေဝ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၉)

'တသ္မိံ သမယေ'တိ တသ္မိံ တဿ ဘိက္ခုနော ဉပသင်္ကမနသမယေ ဝုဋ္ဌာတိယေဝ။ ကာလပရိစ္ဆေဒသဒိသံ ဟောတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၈)

**သတ္ထုပက္ကောသန**[၃]။ ။သတ္ထုပက္ကောသနလည်း နည်းတူပင်။

"သစေ မယိ သတ္တာဟံ နိရောဓံ သမာပဇ္ဇိတွာ နိသိန္နေ သတ္ထာ ဩတိဏ္ဏဝတ္ထုသ္မိံ သိက္ခာပဒံ ဝါ ပညာပေတိ၊ တထာ ရူပါယ ဝါ အတ္ထုပ္ပတ္တိယာ ဓမ္မံ ဒေသေတိ၊ ယာဝ မံ ကောစိ အာဂန္တွာ န ပက္ကောသတိ၊ တာဝဒေဝ ဝုဋ္ဌဟိဿာမိ"—

ဟု–ဆင်ခြင်အပ်၏။ ထိုနှစ်ပါးကို မဆင်ခြင်ပဲ ဝင်စားမူကား သဝနူပစာ[၄]၌ တည်၍ "သံဃော တံ အာဝုသော ပဋိမာနေတိ"။ "သတ္ထာ အာယသ္မန္တံ

၁။ ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၄၇။

၂။ သံဃာများအလိုရှိလျှင် သမာပတ်မှ ထပါစေဟု အဓိဋ္ဌာန်ပြုခြင်း (ပဋိမာနန= မြတ်နိုးခြင်း၊ အလိုရှိခြင်း)။

၃။ မြတ်စွာဘုရားခေါ်တော်မူခြင်း (သတ္ထု=ဘုရား။ပက္ကောသန=ခေါ်ခြင်း)။

၄။ သဝနူပစာ=(သဝန=ကြားခြင်း။ ဉပစာ=အနီး)ကြားလောက်သောနေရာ။

အာမန္တေတိ”ဟု–ဆိုလျှင်ပင် သံဃအာဏာ၊ ဘုရားအာဏာ လွန်စွာဝန်လေး လှသည်၊ မိုးကြိုးလောင်မီးပင် ကျသော်လည်း မထစေနိုင်ကောင်းသော သမာ ပတ်မှ ထရသည်။

တသ္မာ အတ္တနော ဟိတသုခံ အာကင်္ခန္တေန ဇီဝိတပဟောတုပိ သံဃဿ အာဏာ န အတိက္ကမိတဗ္ဗာတိ အဓိပ္ပါယော။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၈။)

အဒ္ဓါနပရိစ္ဆေဒ။ ။‘အဒ္ဓါနပရိစ္ဆေဒ’ ဟူသည်ကား ခုနစ်ရက်တိုင်အောင် ရှည် လတ္တံ့လောဟု မိမိအာယုသင်္ခါရ အပိုင်းအခြားကို ဆင်ခြင် ခြင်းတည်း။

အာယု ဝေ သင်္ခါရာ အာယုသင်္ခါရာ။ ‘အာယု၊ ဥသ္မာ၊ ဝိညာဏာနီ’တိ စ ဝဒန္တိ။ တေ စ တဿ ပကတိစိတ္တဿေဝ အာရမ္မဏံ ဟောန္တိ။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၈။)

အဘိညာမဟုတ် ဆိုလိုသည်[၁]။

## အဒ္ဓါန ပရိစ္ဆေဒ မဆင်ခြင်ခြင်း၏အပြစ်

မဆင်ခြင်သော် အဘယ်အပြစ် ရှိသနည်းဟူမူ—

သစေ ဟိ သတ္တာဟဗ္ဘန္တရေ နိရုဇ္ဈနကေ အာယုသင်္ခါရေ အနာဝဇ္ဇိတွာဝ သမာပဇ္ဇတိ။ နာဿ နိရောဓသမာပတ္တိ မရဏံ ပဋိဗာဟိတုံ သက္ကောတိ။ အန္တောနိရောဓေ မရဏဿ နတ္ထိတာယ အန္တရာဝ သမာပတ္တိတော ဝုဋ္ဌာတိ၊ တသ္မာ ဧတံ အာဝဇ္ဇိတွာဝ သမာပဇ္ဇိတဗ္ဗံ။ အဝသေသဉှိ အနာဝဇ္ဇိတုမ္ပိ ဝဋ္ဋတိ။ ဣဒံ ပန အာဝဇ္ဇိတဗ္ဗမေဝါတိ ဝုတ္တံ[၂]။ အဋ္ဌကထာ (ဒု၊နှာ-၃၅၀။)

အာဝဇ္ဇိတွာဝ သမာပဇ္ဇိတဗ္ဗံ ‘သဟသာ မရဏံ မာ အဟောသီ’တိ။ သဟသာ ဟိ မရဏေ အညာဗျာကရဏာဘိက္ခုသြဝါဒဒါန သာသနာနုဘာဝ- ဒီပနာနံ အနိဿရော သိယာ၊ အနာဂါမိနော ဝါ အဂ္ဂမဂ္ဂါနဓိဂမော သိယာ။ ဝုတ္တံ အဋ္ဌကထာယံ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၈။)

---

၁။ ပစ္စဝေက္ခဏကိုပကတိစိတ်ဖြင့်သာဆင်ခြင်သည်၊အဘိညာဏ်စိတ်ဖြင့်ဆင်ခြင်ခြင်းမဟုတ်။

၂။ နိရောဓ သမာပတ်သည် ကာလမရဏ သေခြင်းကို မတားဆီးနိုင်၊ နိရောဓ သမာပတ် ဝင်စားစဉ်အခါ၌လည်း မည်သူ တဦးတယောက်ကမျှ သေအောင်လုပ်ရန်မစွမ်းနိုင်၊ သေချိန်ကျရောက်လျှင် သမာပတ်မှ ထရသည်။ သမာပတ်မှ ထလျှင်ထခြင်း စုတိရ သဖြင့် မသေမီအခိုက်အတန့်ကာလ၌ ဗုဒ္ဓသာသနာအကျိုးအတွက် တစုံတရာမျှမပြု လုပ်နိုင်ခဲ့ချေ။ ဤကား အဒ္ဓါန ပရိစ္ဆေဒ ပစ္စဝေက္ခဏမဆင်ခြင်ခြင်း၏အပြစ်တည်း။

နေဝသညာနာသညာယတနစျာန် နှစ်ကြိမ် ဟူရာ၌—

"နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ—"

ဟု—သင်္ဂြိုဟ်လာ၏။

သော ဧဝံ အာကိဉ္စညာယတနံ သမာပဇ္ဇိတွာ ဝုဋ္ဌာယ ဣမံ ပုဗ္ဗကိစ္စံ ကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ။ အထေကံ ဝါ ဒွေ ဝါ စိတ္တဝါရေ အတိက္ကမိတွာ အစိတ္တကော ဟောတိ၊ နိရောဓံ ဖုသတိ။ ကသ္မာ ပနဿ ဒွိန္နံ စိတ္တာနံ ဥပရိ စိတ္တာနိ န ပဝတ္တန္တီတိ။ နိရောဓဿ ပယောဂတ္တာ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၀။)

ကိဉ္စာပိ 'ဧကံ ဝါ ဒွေ ဝါ'တိ အနိယမေတွာ ဝိယ ဝုတ္တံ။ ဒွေ ဝါရေ ဧဝ ပန နိယမတော ဝဒန္တိ။ 'အနုပုဗ္ဗနိရောဓဿ ပယောဂေါ'တိ ပဌမဇ္ဈာနာဒီနံ တဒနုပဿနာနဉ္စ အနုပုဗ္ဗတော နိရောဓဿာယံ ပယောဂေါ။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၈) မိန့်၏။

## ပုဗ္ဗကိစ္စ ၄-ပါး မပြုခြင်း၏အပြစ်

ပုဗ္ဗကိစ္စလေးပါးလုံးကို အချင်းခပ်သိမ်း မပြုရာ၌ အဋ္ဌကထာ ဤသို့ အပြစ်ဆို၏။

ယော ပန ဘိက္ခု အာကိဉ္စညာယတနတော ဝုဋ္ဌာယ ဣဒံ ပုဗ္ဗကိစ္စံ အကတွာ နေဝသညာနာသညာယတနံ သမာပဇ္ဇတိ၊ သော ပရတော အစိတ္တကော ဘဝိတုံ န သက္ကောတိ။ ပဋိနိဝတ္တိတွာ ပုန အာကိဉ္စညာယတနေယေဝ ပတိဋ္ဌာတိ။ မဂ္ဂံ အဂတပုဗ္ဗပုရိသူပမာ စေတ္ထ ဝတ္တဗ္ဗာ[၁]။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၀။)

ယင်း အဋ္ဌကထာဝယ် အဓိပ္ပါယ် အယူခက်၏။ ဋီကာရှင် ဤသို့ ဖွင့်တော်မူ၏။

'ပရတော အစိတ္တကော ဘဝိတုံ န သက္ကောတီ'တိ သကလံ ယထာပရိစ္ဆိန္နကာလံ အစိတ္တကော ဘဝိတုံ န သက္ကောတိ။ တဉ္စ ခေါ သံဃပ္ပဋိမာနန, သတ္ထုပက္ကောသန, အဒ္ဓါနပရိစ္ဆေဒါဝဇ္ဇနာနံ အကရဏေန။ န နာနာဗဒ္ဓအဝိကောပနဿ။ တဿ ဟိ အကရဏေန ကဒါစိ ကောဝလံ တာဒိသဿ ပရိက္ခာရဿ အဝိနာသော န သိယာ၊ န နိရောဓသမာပတ္တိဝိဗန္ဓော။

---

၁။ ယောဂီသည် အာကိဉ္စညာယတနစျာန်မှ ထပြီးနောက် ပုဗ္ဗကိစ္စ ၄-ပါးကို မပြုလျှင် နိရောဓသမာပတ်မဖြစ်နိုင် (အဋ္ဌကထာဝါဒ)။

အယဉ္စ အတ္ထော မဟာနာဂတ္ထေရဝတ္ထုနာ ဝိဘာဝိတော ဧဝ။ ဧဝံ သန္တေ တီဟိ အာကာရေဟိ နိရောဓသမာပတ္တိယာ ဝုဋ္ဌာနံ ဟောတီတိ အာပဇ္ဇတိ။ တသ္မာ တံ န သာရတော ပစ္စေတဗ္ဗံ။ "ပဋိနိဝတ္တိတွာ ပုန အာကိဉ္စညာယတနေယေဝ ပတိဋ္ဌာတီ"တိ ဣမိနာ သမာပတ္တိယာ ဝိဗန္ဓော ဇာတော ဧဝံ ဟောတီတိ ဒဿေတိ။ အဝိဗန္ဓေနေဝ ပန ယထာပရိစ္ဆိန္နကာလဝီတိက္ကမနေ ဖလစိတ္တုပ္ပတ္တိယာ ဝုဋ္ဌာနံ ဟောတိ။ ဧဝဉ္စ ကတွာ ဂမ္ဘီရကန္ဒရောရုဠှတတ္တပါသာဏက္ကန္တပုရိသနိဒဿနမ္ပိ သမတ္ထိတံ ဟောတီတိ ကေစိ ဝဒန္တိ[၁]။

အပရေ ပန ပုဗ္ဗကိစ္စဿ အကတတ္တာ နေဝသညာနာသညာယတနံ သမာပန္နမတ္တောဝ ပဋိနိဝတ္တေတွာ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ ဝုတ္တတ္တာ သံဃပဋိမာနနာဒိ ကေစပုဗ္ဗကိစ္စာကရဏေ အင်္ဂဝေကလ္လတော နိရောဓသမာပတ္တိသမာပဇ္ဇနံ န ဣဇ္ဈတေဝါတိ ဝဒန္တိ။ ဝတ္တသဒိသံ ဟောတံ နိရောဓသမာပတ္တိယာ၊ ယဒိဒံ ပုဗ္ဗကိစ္စကရဏံ။ တသ္မာ တတ္ထ ယံ ဂရုတရံ၊ တဿ အကရဏံ သမာပဇ္ဇနံ ဝိဗန္ဓတီတိ အပရေ။ ဝီမံသိတွာ ဂဟေတဗ္ဗံ။ အာကိဉ္စညာယတနေ ပတိဋ္ဌာတီတိ စ ဣဒံ ပုန အာကိဉ္စညာယတနဿ သမာပဇ္ဇိတဗ္ဗတ္တာ ဝုတ္တံ။ သမာပဇ္ဇိတွာ ဟိ ဝုဋ္ဌာယ ပုဗ္ဗကိစ္စဿ ကတ္တဗ္ဗတ္တာ[၂]။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၉) ကြည့်ရန်။

**သင်္ခါရ ၃-ပါး**။ ။'တိသင်္ခါရဿ ပဿဒ္ဓိ' စသောဂါထာ၌ 'တိသင်္ခါရ' ဟူသည်ကား—သင်္ခါရယမိုက်၌လာသော ဝစီ, ကာယ, စိတ္တသင်္ခါရ သုံးပါးတည်း။

**ဗလနှစ်ပါး**။ ။ဗလနှစ်ပါး ဟူသည်ကား—ပဋိပက္ခတရားတို့ကြောင့် မတုန်လှုပ်နိုင်သော ပထမဈာန် စသော သမထဗလ၊ ထိုထိုဈာန်နောက်ရှုသော ဝိပဿနာဗလနှစ်ပါးတည်း။

---

၁။ သံဃာ၏အလိုရှိခြင်း, ဘုရားရှင်ခေါ်တော်မူခြင်း, အသက်ကာလ အပိုင်းအခြားကို ဆင်ခြင်ခြင်းတည်းဟူသော ပုဗ္ဗကိစ္စ ၃-ပါးကို မပြုခြင်းသည် နိရောဓသမာပတ်၏ ဘေးရန်ဖြစ်သည်၊ ယင်းပုဗ္ဗကိစ္စ ၃-ပါးမပြုလျှင် သမာပတ်ဘေးရန်ရှိသဖြင့် စိတ် စေတသိက် စိတ္တဇရုပ်တို့ မချုပ်နိုင်၊ နိရောဓသမာပတ်မဖြစ်နိုင် (ကေစိဝါဒ)။

၂။ အပရေ ဆရာတို့ကမူ ပုဗ္ဗကိစ္စသည် နိရောဓသမာပတ်၏ ကျင့်ဝတ်နှင့် တူသည်ဖြစ်၍ သံဃပဋိမာနနစသည်ကိုမပြုခဲ့သော် နိရောဓသမာပတ်၏ ကျင့်ဝတ်အင်္ဂါ ချွတ်ယွင်းသဖြင့် နိရောဓသမာပတ်ဝင်စားခြင်းမပြုနိုင်၊ အလေးအမြတ်ပြုအပ်သော ပုဗ္ဗကိစ္စကို မပြုခြင်းသည် သမာပတ်ကို တားမြစ်ရာကျသည်၊ သမာပတ်၏ ဘေးရန်ဖြစ်သည်ဟု မိန့်ဆိုကြသည်(အပရေဝါဒ)။

**ဉာဏစရိယာ ၁၆-ပါး။** ။သောဠသဉာဏစရိယာ ဟူသည်ကား— အနိစ္စာနုပဿနာ, ဒုက္ခာ, အနတ္တာ, နိဗ္ဗိဒါ, ဝိရာဂ, နိရောဓ, ပဋိနိဿဂ္ဂ, ဝိဝဋ္ဋာနုပဿနာ–အနုပဿနာ ရှစ်ပါး၊ မဂ်လေးပါး, ဖိုလ်လေးပါး၊ ဤတဆဲ့ခြောက်ပါးသော ဉာဏ်၏ ဖြစ်ခြင်းတည်း။ ထိုတွင် နောက်ဉာဏစရိယာ ရှစ်ပါးတို့သည် နိရောဓကို ဝင်စားသောအခါ မဖြစ်ကုန်။

ကာမံ မဂ္ဂဖလဉာဏစရိယာ လောကိယဉာဏစရိယာ ဝိယ သရူပေန န ဝိနိယုဇ္ဇန္တိ တဒါ အပ္ပဝတ္တနတော။ တဿ တဿ ပန ပဋိပက္ခဿ သမုစ္ဆိန္ဒနေန ဖလစရိယာနံ ဝိသေသပစ္စယတာယ နိရောဓသမာပတ္တိယာ အဓိဋ္ဌာနံ ဟောတိ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၅)

**သမာဓိစရိယာ ကိုးပါး။** ။သမာဓိစရိယာကိုးပါး ဟူသည်ကား နာနာဝဇ္ဇနုပစာ[၁] နှင့် တကွသော သမာပတ် ရှစ်ပါးတည်း။

**ဝသီဘာဝ ၅-ပါး။** ။ဝသီဘာဝ ဟူသည်ကား လောကိယသမထ, ဝိပဿနာတို့၌ လေ့လာကျေပွန်သော အာဝဇ္ဇန, သမာပဇ္ဇန, အဓိဋ္ဌာန, ဝုဋ္ဌာန, ပစ္စဝေက္ခဏာသီဘော် ငါးပါးတည်း။

လောကုတ္တရ ဉာဏစရိယာနံ ဝသီဘာဝါပါဒနကိစ္စံ နာမ နတ္ထိ။ ပဋိပက္ခဿ သုဝိဟတတ္တာ သဘာဝသိဒ္ဓေါ တတ္ထ ဝသီဘာဝေါ။

ဋီကာ (မဟာ၊ဒု၊နှာ-၅၂၄)

**နိရောဓ သမာပတ်၏ တည်ပုံ ထပုံ စိတ်ညွတ်ပုံ** ဤ နိရောဓ သမာပတ်သည် ကာလပရိစ္ဆေဒ, အာယုက္ခယာဘာဝ, သံဃပ္ပဋိမာနနာဘာဝ, သတ္ထုပက္ကောသနာဘာဝ ဟူသော လေးပါးသော အခြင်းအရာဖြင့် တည်၏။ အထက် ဖိုလ်နှစ်ပါး ဖြစ်လာခြင်း ဟူသော နှစ်ပါးသော အခြင်းအရာဖြင့် ထ၏။ ထသောအခါ နိဗ္ဗာန်သို့သာ ညွတ်ကိုင်းသောစိတ် ဖြစ်၏။

'ဝိဝေကနိန္န'န္တိ နိဿရဏ ဝိဝေကနိန္နံ၊ ပဂေဝ သင်္ခါရ ဝိမုခတာယ,ဖလစိတ္တုပ္ပတ္တိယာ စာတိ ဝေဒိတဗ္ဗံ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၂၉)

**နိရောဓသမာပတ်သည် နိပ္ပန္နသာ။** ။ပရမတ္ထသဘောအားဖြင့် ထင်ရှားမရှိသောကြောင့် သင်္ခတာ' သင်္ခတ, လောကိယ,

---

၁။ နာနာဝဇ္ဇနုပစာ=(နာနာ= အထူးထူးသော အာရုံ။ အာဝဇ္ဇန=ဆင်ခြင်ခြင်း။ ဥပစာ=ဥပစာရ=အနီး၌ဖြစ်သော) အပ္ပနာသမာဓိ၏ရှေ့အနီး၌ဖြစ်သောဥပစာရသမာဓိ။

လောကုတ္တရဟူ၍ မဆိုအပ်။ ဝင်စားသဖြင့် ပြီးသောကြောင့် နိပ္ဖန္နဟူ၍ကား ဆိုအပ်၏။ အနိပ္ဖန္နဟူ၍ မဆိုအပ်။

သင်္ခတာတိပိ အသင်္ခတာတိပိ လောကိယာတိပိ လောကုတ္တရာတိပိ န ဝတ္တဗ္ဗာ။ ကသ္မာ သဘာဝတော နတ္ထိတာယ။ ယသ္မာ ပန သာ သမာပဇ္ဇန္တဿ ဝသေန သမာပန္နာ နာမ ဟောတိ၊ တသ္မာ နိပ္ဖန္နာတိ ဝတ္တုံ ဝဋ္ဋတိ၊ နော အနိပ္ဖန္နာတိ။ အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ-၃၅၁)

'သဘာဝတော'တိ သဘာဝဓမ္မတော၊ ပရမတ္ထတောတိ အတ္ထော။ ပရမတ္ထတော ဟိ ဝိဇ္ဇမာနံ[၁] သင်္ခတာဒိဘာဝေန ဝတ္တဗ္ဗတံ လဘတိ၊ န အဝိဇ္ဇမာနံ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၃၀)

ဣတိ သန္တံ သမာပတ္တိံ၊ ဣမံ အရိယနိသေဝိတံ။
ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာန-မိတိသင်္ခံ ဥပါဂတံ။

ဘာဝေတွာ အရိယံ ပညံ၊ သမာပဇ္ဇန္တိ ပဏ္ဍိတာ။
ယသ္မာ တသ္မာ ဣမိဿာပိ၊ သမာပတ္တိ သမတ္ထတာ။
အရိယမဂ္ဂေသု ပညာယ၊ အာနိသံသောတိ ဝုစ္စတိ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၁)

**နိရောဓသမာပတ်ကို ဒိဋ္ဌဓမ္မနိဗ္ဗာန်ဟု ဆိုရခြင်း။** ။ဣတိ ဣမိနာ နယေန၊ ဤ ဆိုအပ်ပြီးသော နည်းဖြင့်။ သန္တံ၊ ငြိမ်သက်စွာသော။ အရိယနိသေဝိတံ၊ အရိယာသူမြတ်တို့သည်သာလျှင် မှီဝဲအပ်သော။ ဒိဋ္ဌေဝ ဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ နိဗ္ဗာနမိတိ သင်္ခံ၊ ဒုက္ခသုံးတန် ငြိမ်းရာမှန်၍ နိဗ္ဗာန်ဟူသော အရေအတွက်သို့။ ဥပါဂတံ၊ ရောက်သော။ ဣမံ သမာပတ္တိံ၊ ဤ သမာပတ်ကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ အရိယံ ပညံ၊ စင်ကြယ်လှစွာသော မဂ်ဖိုလ် ပညာကို။ ဘာဝေတွာ၊ ပွါးစေ၍။ ယသ္မာ၊ အကြင်ကြောင့်။ သမာပဇ္ဇန္တိ၊ ဝင်စားကုန်၏။ တသ္မာ၊ ထိုကြောင့်။ ဣမိဿာပိ၊ ဤ နိရောဓ သမာပတ် ကိုလည်း။ သမာပတ္တိသမတ္ထတာ၊ ဝင်စားခြင်းငှါစွမ်းနိုင်သည်၏ အဖြစ်ကို။ အရိယမဂ္ဂေသု၊ အရိယမဂ်တို့၌။ ပညာယ၊ ယှဉ်သောပညာ၏။ အာနိသံသောတိ၊ အကျိုးဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

---

[၁] ဆဋ္ဌမူ၌ 'ဝိဇ္ဇမာနဿ'ဟု ရှိသည်။

## ကိလေသာတို့ကို အဆင့်ဆင့်ပယ်ပုံ

‘နာနာကိလေသဓံသနံ’ဟူရာ၌—

ဝိပဿနာဟိ မဂ္ဂေန၊ သက္ကာယ ဒိဋ္ဌိအာဒယော။
သံယောဇနာဒယော နာနာ၊ သံကိလေသာ ပဓံသိတာ။

သင်္ဂဟဂါထာ[၁]

ဘိမဝေဂါနုပတိတာ၊ အသနိဝ သိလုစ္စယေ၊
ဝါယုဝေဂသမုဋ္ဌိတော၊ အရညမိဝ ပါဝကော။

အန္ဓကာရံ ဝိယ ရဝိ၊ သတေဇုဇ္ဇလ မဏ္ဍလော။
ဒီဃရတ္တာနုပတိတံ၊ သဗ္ဗာနတ္ထဝိဓာယကံ။

ကိလေသဇာလံ ပညာဟိ၊ ဝိဒ္ဓံသယတိ ဘာဝိတာ။
သန္ဒိဋ္ဌိက’မတော ဇညာ၊ အာနိသံသမိမံ ဣဓ။

အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၄၀)

ဝိပဿနာဟိ၊ ဝိပဿနာဉာဏ် တဆဲ့နှစ်ပါး[၂]တို့သည်။ သက္ကာယဒိဋ္ဌိ-အာဒယော၊ သက္ကာယဒိဋ္ဌိ အစရှိကုန်သော။ နာနာသံကိလေသာ၊ အထူးထူးသော ကိလေသာတို့ကို။ ပဓံသိတာ၊ တဒင်္ဂဝိက္ခမ္ဘနပဟာန် အစွမ်းဖြင့် ပရမ်းပတာ ဖျက်ဆီးအပ်ကုန်၏။ မဂ္ဂေန၊ မဂ်သည်။ သံယောဇနာဒယော၊ သံယောဇဉ် အစရှိကုန်သော။ နာနာ သံကိလေသာ၊ အထူးထူးသော ကိလေသာတို့ကို။ ပဓံသိတာ၊ သမုစ္ဆေဒပဟာန် အစွမ်းဖြင့် ပရမ်းပတာ ဖျက်ဆီးအပ်ကုန်၏။

ဘိမဝေဂါနုပတိတာ၊ အလုံးစုံသော သတ္တဝါအပေါင်း၏ ဦးခေါင်းကို ခွဲအံ့သကဲ့သို့ ကြောက်ဖွယ်သရဲသောအဟုန်ဖြင့် လျင်စွာကျသော။ အသနိ၊ မိုးကြိုးသည်။ သိလုစ္စယေ၊ ကျောက်တောင်ကြီးတို့ကို။ ဝိဒ္ဓံသယတိ ဣဝ၊ ဖျက်ဆီး၏သို့ရှင်း။ ဝါယုဝေဂသမုဋ္ဌိတော၊ လေဟုန်ဖြင့်ထသော။ ပါဝကော၊ တောမီးသည်။ အရညံ၊ တောကို။ ဝိဒ္ဓံသယတိ ဣဝ၊ ဖျက်ဆီး၏သို့ရှင်း။

သတေဇုဇ္ဇလ မဏ္ဍလော၊ သရဒအခါ မိမိအရောင်ဖြင့် တောက်လောင်မှည့်ရှဲ ရှုပရဲသော အဝန်းရှိသော။ ရဝိ၊ နေမင်းသည်။ အန္ဓကာရံ၊ မှောင်

---

၁။ ဝိသုဒ္ဓိမဂ်၊ဋ္ဌ၊ဒု၊နှာ-၃၄၀-ပုဒ်ကို မှီ၍ ဂါထာစီထားသည်။

၂။ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ် နှင့် သမ္မသနဉာဏ် စသော ဝိပဿနာဉာဏ် ၁၀-ပါး၊ ပေါင်း ၁၂-ပါး ဖြစ်သည်။

အမိုက်ကို။ဝိဒ္ဓံသယတိ ဝိယ၊ဖျက်ဆီး၏သို့ရင်း။ဝေ၊ဤအတူ။ဒီဃရတ္တာနုပတိတံ၊ ကာလရှည်ကြာ ခန္ဓာအစဉ်၌ ကျရောက်သော။ သဗ္ဗာနတ္ထဝိဓာယကံ၊ သတ်ခြင်း နှောင့်ဖွဲ့ခြင်းစသော အလုံးစုံသော အကျိုးမဲ့ကို စီရင်တတ်သော။ ကိလေသ· ဇာလံ၊ ကိလေသာဟူသော ပိုက်ကွန်ကို။ ဘာဝိတာ၊ ကမ္မဋ္ဌာန်းကို စီးဖြန်း ပွါးတတ်သော ယောဂီမြတ်သည်။ ပညာဟိ၊ လောကီ လောကုတ္တရာပညာ တို့ဖြင့်။ ဝိဒ္ဓံသယတိ၊ ဖျက်ဆီး၏။ တနည်းလည်း–ဘာဝိတာ၊ပွါးစေအပ်သော။ ပညာ၊ ပညာသည်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဝိဒ္ဓံသယတိ။ ဖျက်ဆီး၏။ အတော၊ ထို့ကြောင့်။ ဣဓ၊ ဤပညာဘာဝနာ၌။ ဝါ၊ ပညာဘာဝနာ၏။ သန္ဒိဋ္ဌိကံ၊ မျက်မှောက်ထင်ထင် မြင်ရသော။ ဣမံ အာနိသံသံ၊ ဤအကျိုးကို။ ဉာဝ=ဇာနေယျ၊ သိရာ၏။

'အာဟုနေယျတာဒိသိဒ္ဓိ' ဟူရာ၌ မဂ်ရပြီးသောပုဂ္ဂိုလ်သည် ဗိုလ်လူအများ တို့၏ အာဟုနေယျ, ပါဟုနေယျ, ဒက္ခိဏေယျ, အဥ္ဇလိကရဏီယ, အနုတ္တရ· ပုညက္ခေတ္တ အဖြစ်သို့ ရောက်၏။

**သတ္တက္ခတ္တုပရမသောတာပန်။** ။အထူးအားဖြင့်ကား နုန့်နှေး ညံ့စိသော ဝိပဿနာဖြင့် ပထမမဂ်ကို ရသော မုဒိန္ဒြိယ ပုဂ္ဂိုလ်သည်—

> "သတ္တက္ခတ္တုံ ပရမာ ဘဝူပပတ္တိ အတ္တဘာဝဂ္ဂဟဏံ အဿ တတော ပရံ အဋ္ဌမံ ဘဝံ နာဒိယတီတိ သတ္တက္ခတ္တုပရမော"·—

ဟူသော ဋီကာ(မဟာ၊ဒု၊နှာ-၅၃၀)နှင့်အညီ သတ္တက္ခတ္တုပရမ သောတာပန် မည်၏။

**၇-ဘဝယှူပုံ အဆုံးအဖြတ်။** ။အယံ ကာလေန ဒေဝလောကဿ, ကာလေန မနုဿလောကဿာတိ မိဿကဿ ဘဝဿ ဝသေန 'သတ္တ သုဂတိဘဝေ သံသရိတွာ'တိ ဝုတ္တော။

ဋီကာ (မဟာ၊ဒု၊နှာ-၅၃၁)

ဤပါဠိဖြင့် နတ်ဘုံမှ လူ့ဘုံသို့၊ လူ့ဘုံမှ နတ်ဘုံသို့ မပြောင်းပဲ လူ့ဘုံတွင်သာ နတ်ဘုံတွင်သာ ထပ်ကာ ထပ်ကာ ဖြစ်မှုကား ဘဝအရာအထောင်ပင် ကြာ သော်လည်း တကြိမ်ဟူ၍သာ ယူရမည်-ဟု ပြ၏။

ခုနစ်ဘဝ ဟူသည်ကိုလည်း ကာမဘုံ၌သာ သောတာပန် အဖြစ်ဖြင့်သာ ခုနစ်ဘဝ-ဟု ယူအပ်၏။ သကဒါဂါမ် အနာဂါမ်ဖြစ်မှု ရူပါ' ရူပဘုံသို့ ရောက်မှု

ဘဝများစွာပင် ဖြစ်ရသေး၏။ ဘုံစဉ်စံသောသူတို့ကို ထောက်။ နောက်ကိုလည်း ဤနည်းချည်းမှတ်။

**ကောလံကောလ သောတာပန်**[၁]။ ။"မဇ္ဈိမာယ ဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယော ကောလံကောလော နာမ ဟောတိ"ဟူသော အဋ္ဌကထာ (ဒုၤနှာ-၃၅၂)

"ကုလတော ကုလံ ဂစ္ဆတီတိ ကောလံကောလော။ သောတာပတ္တိဖလသစ္ဆိကိရိယတော ပဋ္ဌာယ ဟိ နီစကုလေ ဥပ္ပတ္တိ နာမ နတ္ထိ၊ မဟာဘောဂကုလေသုယေဝ နိဗ္ဗတ္တတီတိ အတ္ထော"—

ဟူသော ဋီကာ(မဟာ၊ဒုၤနှာ-၅၃၁)တို့နှင့်အညီ ဝိပဿနာအလယ်အလတ်ဖြင့် ပထမမဂ်ကိုရသော မဇ္ဈိမိန္ဒြိယပုဂ္ဂိုလ်သည် ကောလံကောလ သောတာပန် မည်၏။

အယမ္ပိ မိဿကဘဝေနေဝ ကထိတော။

ဋီကာ (မဟာ၊ဒုၤနှာ-၅၃၁)

**ဧကဗီဇီသောတာပန်**[၂]။ ။ဝိပဿနာထက်သန်သော တိက္ခိန္ဒြိယပုဂ္ဂိုလ်သည်—

"အတ္တဘာဝဂ္ဂဟဏသင်္ခါတံ ဧကံယေဝ ခန္ဓဗီဇံ ဧတဿ အတ္ထီတိ ဧကဗီဇီ"

ဟူသော ဋီကာ (မဟာ၊ဒုၤနှာ-၅၃၁)နှင့်အညီ ကာမဘုံ၌ တဘဝသာ ပဋိသန္ဓေနေသောကြောင့် ဧကဗီဇီ သောတာပန်မည်၏။

**သောတာပန် ၃-မျိုးဖြစ်ကြောင်း**။ ။ဤ သောတာပန် သုံးပါး အပြားကို အဘယ်တရား ပြုသနည်း။ အထက်မဂ်သုံးပါးတို့၏ ဝိပဿနာ ပြုသတည်း။

ကော ပနေတေသံ ဣမံ ပဘေဒံ နိယမေတီတိ။ တိဏ္ဏံ မဂ္ဂါနံ ဝိပဿနာ။ ဋီကာ (မဟာ၊ဒုၤနှာ-၅၃၁)

**သောတာပန်အပြား**။ ။ဤ သောတာပန်သုံးယောက်ကို ပဋိပဒါလေးပါးနှင့် မြှောက်၊ တကျိပ်နှစ်ယောက်ဖြစ်၏။ ၎င်းကို သဒ္ဓါဓုရ၊ ပညာဓုရနှစ်ပါးနှင့် မြှောက်ပြန်၊ သောတာပန် နှစ်ကျိပ်လေးယောက် ဖြစ်၏။

---

၁။ ၂-ကြိမ် ၃-ကြိမ်စသည်မှ ၆-ကြိမ် ၆-ဘဝအထိ ပဋိသန္ဓေ နေရသည့် သောတာပန်ပုဂ္ဂိုလ်၊ ဖြစ်လေရာဘဝ၌လည်း ချမ်းသာမြင့်မြတ်သည့်အမျိုး၌ဖြစ်ရသည်။

၂။ နောက်ထပ်တကြိမ်သာ ပဋိသန္ဓေ နေရသည့် သောတာပန်။ (ဧက=တကြိမ်။ဗီဇ= ပဋိသန္ဓေမျိုးစေ့)

**သကဒါဂါမ် ၅-မျိုး။** ။ဒုတိယမဂ်ကို ပွါးပြီး၍ သကဒါဂါမ်အဖြစ်သို့ရောက်သော

ဣဓ ပတွာ ဣဓ ပရိနိဗ္ဗာယီ,
ဣဓ ပတွာ တတ္ထ ပရိနိဗ္ဗာယီ,
တတ္ထ ပတွာ တတ္ထ ပရိနိဗ္ဗာယီ,
တတ္ထ ပတွာ ဣဓ ပရိနိဗ္ဗာယီ,
ဣဓ ပတွာ တတ္ထ နိဗ္ဗတ္တိတွာ ဣဓ ပရိနိဗ္ဗာယီ—

သကဒါဂါမ် ငါးယောက်တို့တွင် 'ပဋိသန္ဓိဝသေန သကိံ အာဂစ္ဆတီတိ သကဒါဂါမီ'ဟူသော ဝစနတ္ထကြောင့် ပဉ္စမပုဂ္ဂိုလ်သည်သာ မုချအားဖြင့် သကဒါဂါမ် မည်၏။

သကိဒေဝ ဣမံ လောကံ အာဂန္တွာ ဒုက္ခဿန္တံ ကရောတိ။
အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂)

'ဣမံ လောကံ အာဂန္တွာ'တိ ဣမိနာ ပဉ္စသု သကဒါဂါမီသု စတ္တာရော ဝဇ္ဇေတွာ ဧကောဝ ဂဟိတော။ ဋီကာ (မဟာ၊ဒု၊နှာ-၅၃၁။)

**သကဒါဂါမ်အပြား။** ။ယင်း ပဉ္စမသကဒါဂါမ် တယောက်ကို ဝိမောက္ခသုံးပါးနှင့် မြှောက်၊ သုံးယောက်ဖြစ်၏။ ၎င်းသုံးယောက်ကို ပဋိပဒါ လေးပါးနှင့်မြှောက်ပြန်၊ သကဒါဂါမ် တကျိပ်နှစ်ယောက် ဖြစ်၏။ သကဒါဂါမ် ငါးယောက်လုံးကို မြှောက်မှုကား ခြောက်ကျိပ် ဖြစ်သင့်၏။

**အနာဂါမ် ၅-ယောက်**[၁]။ ။တတိယမဂ်ကို ပွါးပြီး၍ 'ပဋိသန္ဓိဝသေန ဣဓ အနာဂမနတော အနာဂါမီ'ဟူသော အနာဂါမ် အဖြစ်သို့ ရောက်သောပုဂ္ဂိုလ်သည် အရဟတ္တဖိုလ်ကို ရင့်စေတတ်သော ဝိမုတ္တိပရိပါစက သဒ္ဓါစသော ဣန္ဒြေတို့၏ ထူးပြားခြင်း ဝေမတ္တအားဖြင့်—

"အန္တရာပရိနိဗ္ဗာယီတိ ယတ္ထ ကတ္ထစိ သုဒ္ဓါဝါသဘဝေ ဥပပဇ္ဇိတွာ အာယုဝေမဇ္ဈံ အပ္ပတွာဝ ပရိနိဗ္ဗာယတိ"—

ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂။)

"အာယုဝေမဇ္ဈဿ အန္တရာယေဝ ကိလေသပရိနိဗ္ဗာနေန ပရိနိဗ္ဗာယနတော အန္တရာပရိနိဗ္ဗာယီ—"

၁။ သုဒ္ဓါဝါသဘုံသို့ ရောက်ရှိနေသော အနာဂါမ်ပုဂ္ဂိုလ်များကို ဆိုလိုသည်။

ဟူသော ဋီကာ (မဟာ၊ ဒု၊ နှာ-၅၃၁) တို့နှင့် အညီ အန္တရာပရိနိဗ္ဗာယီ[၁] တယောက်။

"ဥပဟစ္စ ပရိနိဗ္ဗာယီ အာယုဝေမဇ္ဈံ အတိက္ကမိတွာ ပရိနိဗ္ဗာယတိ"— ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂။)

"ဥပဟစ္စာ'တိ ဝါ ဥပဂန္တွာ ကာလကိရိယံ"—

ဟူသော ဋီကာ ( မဟာ၊ဒု၊နှာ-၅၃၂ ) တို့နှင့် အညီ ဥပဟစ္စပရိနိဗ္ဗာယီ[၂] တယောက်။

"အသင်္ခါရပရိနိဗ္ဗာယီ အသင်္ခါရေန အပ္ပယောဂေန ဥပရိမဂ္ဂံ နိဗ္ဗတ္တေတိ"– ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂။)

"အပ္ပယောဂေနာ'တိ အဓိမတ္တပ္ပယောဂေန ဝိနာ အပ္ပကသိရေနေဝ တိက္ခိန္ဒြိယတာယ သုခေနေဝ"—

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၅၃၂) တို့နှင့် အညီ အသင်္ခါရပရိနိဗ္ဗာယီ[၃] တယောက်။

"သသင်္ခါရပရိနိဗ္ဗာယီ သသင်္ခါရေန သပ္ပယောဂေန ဥပရိမဂ္ဂံ နိဗ္ဗတ္တေတိ" ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂) နှင့် အညီ သသင်္ခါရပရိနိဗ္ဗာယီ[၄] တယောက်။

"ဥဒ္ဓံသောတော အကနိဋ္ဌဂါမီ'တိ ယတ္ထုပပန္နော၊ တတော ဥဒ္ဓံ ယာဝ-အကနိဋ္ဌဘဝါ အာရုယှ တတ္ထ ပရိနိဗ္ဗာယတိ"—

ဟူသော အဋ္ဌကထာ (ဝိသုဒ္ဓိ၊ဒု၊နှာ-၃၅၂။)

"ဥဒ္ဓံ ဝါဟိဘာဝေန ဥဒ္ဓမဿ တဏှာသောတံ, ဝဋ္ဋသောတံ ဝါ'တိ ဥဒ္ဓံသောတော။ ဥဒ္ဓံ ဝါ ဂန္တွာ ပဋိလဘိတဗ္ဗတော ဥဒ္ဓမဿ မဂ္ဂသောတန္တိ

---

၁။ မိမိရောက်ရှိနေသော သုဒ္ဓါဝါသဘုံသက်တမ်း၏ ထက်ဝက်အတွင်း၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်ကို 'အန္တရာ ပရိနိဗ္ဗာယီ' ဟု ခေါ်သည်။ (ဤကျမ်း၊ပ-တွဲ၊နှာ-၁၂၀-ရှု။)

၂။ မိမိရောက်ရှိနေသော သုဒ္ဓါဝါသဘုံ၏ သက်တမ်းထက်ဝက်လွန်ပြီး နောက်ထက်ဝက်သို့ ရောက်သောအခါမှ အရဟတ္တဖိုလ်ရ၍ ပရိနိဗ္ဗာန်ပြုသော အနာဂါမ်ပုဂ္ဂိုလ်။ (ဥပဟစ္စ=ရောက်ခြင်း)

၃။ အလွယ်တကူ ဆင်းရဲပင်ပန်းခြင်း မရှိပဲ ရဟန္တာဖြစ်သူ။

၄။ ခဲယဉ်းပင်ပန်းစွာ ရဟန္တာ ဖြစ်ရသူ။

ဥဒ္ဓံသောတော။ ပဋိသန္ဓိဝသေန အကနိဋ္ဌံ ဂစ္ဆတီတိ အကနိဋ္ဌဂါမီ။ ‘ယတ္ထုပပန္နော’တိ အဝိဟာဒီသု ယတ္ထ ယတ္ထ ဥပပန္နော”—

ဟူသော ဋီကာ (မဟာ၊ဒု၊နှာ-၅၃၂) တို့နှင့် အညီ **ဥဒ္ဓံသောတအကနိဋ္ဌဂါမီ** တယောက်။ ဤသို့ အနာဂါမ် ငါးယောက်ဖြစ်၏။

**ဥဒ္ဓံသောတအကနိဋ္ဌဂါမိအနာဂါမ် ၄-မျိုး။** ။ဤ အနာဂါမ်တို့၏ အပြားကို သိခြင်းငှါ ဥဒ္ဓံသောတအကနိဋ္ဌ-ဂါမီ စတုက္ကကို သိအပ်၏။

အဝိဟာဘုံမှစ၍ အစဉ်အတိုင်း အကနိဋ္ဌတိုင်အောင် သွား၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်သည် **ဥဒ္ဓံသောတအကနိဋ္ဌဂါမီ** မည်၏။

သုဒဿီတိုင်ရုံ သွား၍ ပရိနိဗ္ဗာန်ပြုမူကား **ဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ** မည်၏။

ဤကာမဘုံမှ အကနိဋ္ဌဘုံသို့ သွား၍ ပရိနိဗ္ဗာန် ပြုသော အနာဂါမ်သည် **န ဥဒ္ဓံသောတအကနိဋ္ဌဂါမီ** မည်၏။

ဤကာမဘုံမှ သုဒ္ဓါဝါသအောက် လေးဘုံသို့ သွား၍ ဖြစ်ရာဘုံ၌ပင် ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်သော အနာဂါမ်သည် **နဥဒ္ဓံသောတ န အကနိဋ္ဌဂါမီ** မည်၏။

**အနာဂါမ်အပြား။** ။ထိုပုဂ္ဂိုလ်တို့သည် အဝိဟာဘုံ၌ ပဋိသန္ဓေဖြစ်၍ မကြာခင်ငှင်း, အာယုဝေမဇ္ဈသို့ မရောက်ခင်ငှင်း, ရောက်၍ငှင်း ပရိနိဗ္ဗာန်ပြုသည်၏အစွမ်းဖြင့် အန္တရာပရိနိဗ္ဗာယီ သုံးယောက်၊ဥပဟစ္စပရိနိဗ္ဗာယီ တယောက်၊ ဥဒ္ဓံသောတ တယောက်အားဖြင့် ငါးယောက်ဖြစ်၏။ ၎င်း ငါးယောက်ကို အသင်္ခါရပရိနိဗ္ဗာယီ, သသင်္ခါရပရိနိဗ္ဗာယီ နှစ်ပါးစီ ခွဲ၍ တကျိပ် ဖြစ်၏။

ထိုအတူ အတပ္ပါ, သုဒဿာ, သုဒဿီဘုံတို့၌လည်း တကျိပ်စီဖြစ်၏။

အကနိဋ္ဌဘုံ၌ကား ဥဒ္ဓံသောတ မရှိသောကြောင့် လေးယောက်ကို အသင်္ခါရ, သသင်္ခါရပရိနိဗ္ဗာယီ နှစ်ပါး ခွဲ၍ ရှစ်ယောက်ဖြစ်၏။ ပေါင်း အနာဂါမ် လေးကျိပ် ရှစ်ယောက် ဖြစ်၏။

**ရဟန္တာ ၅-ပါး။** ။စတုတ္ထ မဂ်ပညာကို ပွါးပြီး၍ အရဟတ္တဖိုလ်သို့ ရောက်သော ရဟန္တာ ပုဂ္ဂိုလ်သည် ပညာဝိမုတ္တ, ဥဘတောဘာဂဝိမုတ္တ, တေဝိဇ္ဇ,ဆဠဘိည,ပဋိသမ္ဘိဒပ္ပတ္တ အားဖြင့် ငါးယောက်ဖြစ်၏။

ရဟန္တာအပြား။ ။ထိုငါးယောက်ကို သကဒါဂါမ်ကိုကဲ့သို့ ဝိမောက္ခ သုံးပါး, ပဋိပဒါလေးပါးတို့နှင့် မြှောက်၍ ရဟန္တာ ခြောက်ကျိပ် ဖြစ်၏။

လောကိယဝိဇ္ဇာဘိညာဟိ ဝိနာပိ ဥဘတောဘာဂဝိမုတ္တတာ ဟောတီတိ ဥဘတောဘာဂဝိမုတ္တော ဝိသုံ ဂဟိတော။ ဋီကာ (မဟာ၊ဒု၊နှာ-၅၃၃။)

ဤဆိုခဲ့ပြီးသော အလုံးစုံကို ပေါင်းသည်ရှိသော် ဘုရား, ပစ္စေကဗုဒ္ဓါတို့နှင့် တကွ အရိယာပုဂ္ဂိုလ် တရာ့လေးကျိပ်ခြောက်ယောက် ဖြစ်၏။

ဝေမေတေ သဒ္ဓိံ ပစ္စေကသမ္ဗုဒ္ဓ သမ္မာသမ္ဗုဒ္ဓေဟိ ဆ စတ္တာလီသာဓိက-သတံ အရိယာ။ ဋီကာ (မဟာ၊ဒု၊နှာ-၅၃၃။)

သကဒါဂါမ် ငါးယောက်လုံးကို မြှောက်သောနည်းဖြင့်ကား တရာ့ကိုးကျိပ် လေးယောက် ဖြစ်၏။

**အရိယာပုဂ္ဂိုလ် အကျယ်ပြ သင်္ဂဟလင်္ကာ။** ။သောတာပန်၊ စဗွီသံနှင့်၊ ဒါဂါမ် သဋ္ဌိ၊ ဠတာလီ နာ၊ သဋ္ဌိန္တာ တည်း၊သမ္မာသမ္ဗုဒ္ဓ၊ ပစ္စေကဟု။ ။တရာ့ကိုးဆဲ့လေးယောက်တည်း။ သင်္ဂဟ

**သတိပေး ဆုံးမစကား**

ဧဝံ အနေကာနိသံသာ၊ အရိယပညာယ ဘာဝနာ။
ယသ္မာ တသ္မာ ကရေယျာထ၊ ရတိံ တတ္ထ ဝိစက္ခဏော။

အဋ္ဌကထာနုသာသနိ (ဒု၊နှာ-၃၅၃)

ဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း။ အရိယပညာယ၊ အရိယပညာဖြင့်။ ဘာဝိတာ၊ ပွါးအပ်ကုန်သော။ ဘာဝနာ၊ ဝိပဿနာဘာဝနာတို့သည်။ ယသ္မာ၊ အကြင့်ကြောင့်။ အနေကာနိသံသာ၊ များသော အကျိုးရှိကုန်၏။ တသ္မာ၊ ထိုကြောင့်။ တတ္ထ၊ ထိုဝိပဿနာဘာဝနာ၌။ ဝိစက္ခဏော၊ ပညာရှိသည်။ ရတိံ၊ မွေ့လျော်ပျော်ပိုက်ခြင်းကို။ ကရေယျာထ၊ ပြုရာ၏။

ဣတိ ပရမတ္ထသရူပဘေဒနိယံ ဝိပဿနာနယော နာမ ပန္နရသမော ပရိစ္ဆေဒေါ။

(၁၅-ခုမြောက်ကဏ္ဍဖြစ်သော ဝိပဿနာနည်း ပြီး၏)

## ဥယျောဇဉ်

ရန်သူဝိုင်းထား၊ ထိုယောကျ်ားကား၊ ပြေးသွားဘို့ရာ၊ လမ်းပေါက် သာလျက်၊ ပြေးမထွက်၊ လမ်းတွက် မဟုတ်ချေ။

မစင်လူးလျှင်၊ ကြည်လင်သည့်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွက် မရှိလေ။

အနုပ္ပကန်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှ၊ ထွက်ရာလမ်းမ၊ သမထ, ဝိပဿနာ၊ ကိလေသာဘင်၊ သန့်စင်လျှော်ဆေး၊ ရေအေး လေးမင်၊ ရှိပါလျက်နှင့်၊ မထွက်ပြေးလို၊ မဆေးလို၊ မင်းပျို့ကိုယ်တွက်ပေ။

လျှော်ရန်ရေအေး၊ ထွက်ပြေးဘို့လမ်း၊ ပြည့်နှံတမ်းလျက်၊ ဤကျမ်းစာစောင်၊ နှစ်ငါးထောင်၊ ကုန်အောင် တည်ရစ်စေ။

ကုလပုတ္တ၊ အာစရ၊ နိစ္စရှုကျင့်လေ။

တကဲ့သမုဒ်၊ ဝဲစလုတ်၊ အဟုတ် သဘော်လှေ့။

တကဲ့မုန်တိုင်း၊ တကဲ့လှိုင်း၊ ခံ့ကျိုင်း တက် ရွက် ဖွေ့။

ရေ့ ရေလဲ၊ ရေ့ ဝဲ ၊အံခဲကုတ်၍ပေ။

တကဲ့စခန်း၊ တကဲ့လမ်း၊ ယူထမ်းရိက္ခာရေ့။

ကြောက်ဘွယ့်စစ်မက်၊ ကြောက်ဘွယ့်ချက်၊ လက်နက်ကောင်းကြစေ။

(ဥယျောဇဉ် ပြီး၏)

## နိဂုံး—ဆုတောင်း

ဝိသုဒ္ဓသီလာဒိဂုဏာနမာကရော၊
ကရောတိ ယော သာသနကိစ္စ’မုတ္တမံ။
တမံ ပဟာနတ္ထ’မရညနိဿိတော၊
သိတောဒမေတ္တာဒိသကိစ္စဘာဝနံ။

ဥဒမိံ ဒုတ္တရံ တရံ၊ ဒါဌိကံ ဒုလ္လဘံ လဘံ။
ဇောတေသိ ပဒီပံ ဒီပံ၊ သာမဂ္ဂိံ ဒုက္ကရံ ကရံ။

သန္တော သန္တေသာဒိဝဏ္ဏိ၊ ဒန္တော ဒန္တေဝ ဒါနကော။
လဇ္ဇီ လဇ္ဇီန’မဝဿျော၊ ယုတ္တော ယုတ္တောဿဟာဒိနာ။

ဣစ္စာဒိဂုဏထောမျဿ၊ ရစိတာနေက ဂန္ထိနော။
ရွှေကျင်ဣတိ ဝိဿုတဿ၊ တဿ သဒ္ဓိဝိဟာရိနာ။

ယာစိတော ဓမ္မရာဇေန၊ ရတနာသီခမဏ္ဍလံ။
ဓမ္မရံသီဟိ ဇောတေသိ၊ ယော’ ရညဝါသိကော သဒါ။

မဟာဗိုလ်တိ ဝိဿုတဿ၊ သုစိသလ္လေခဝုတ္တိနော။
ထေရဿ ထိရဂုဏဿ၊ တဿာပိ အန္တေဝါသိနာ။

သဒ္ဓါ သီလေန သမ္ပန္နာ၊ ဓိတိမန္တီ မဟာယသာ။
မဟာဝိသုဒ္ဓါရာမာဒိ၊ နေကပုညာနိ ယာ ကရာ။

ရတနာပုဉ်မာပကဿ၊ မာနိတာယ’ဂ္ဂဒေဝိယာ။
သူရစန္ဒောသမိနံ့ဝ၊ မိတူနံ တိဏ္ဏမာတရာ။

မဟာဝိသုဒ္ဓါရာမသ္မိံ၊ ကာရိတေ ဝသတာ မယာ။
သောတူနံ ပရမတ္ထေသု၊ ဆေကတ္ထာယာ’ဘိသင်္ခတာ။

ခဏ္ဍေဟိ ပဉ္စဒသဟိ၊ မဏ္ဍိတာ နယသမ္ပဒါ။
ပရမတ္ထာနံ သရူပ-ဘေဒနီ နာမ ဝဏ္ဏနာ။

ပဉ္စတ္တာလီသာဓိကေ၊ ဒွိသတသ္မိံ သဟဿကေ။
ဝဿေ ကတ္တိကမာသမှိ၊ ကာလပက္ခေ သုနိဋ္ဌိတာ။

အန္တရာယံ ဝိနာဝါယံ၊ ယထာ သရူပဘေဒနီ။
ဧဝံ ကလျာဏသင်္ကပ္ပါ၊ သီဃံ သိဇ္ဈန္တု ပါဏိနံ။

ဣမိနာ စ ဘဝေမှိ၊ သစ္ဆိကရေ အနာသဝံ။
နော စေ ဧတ္ထေဝ နောစေ စ၊ မေတ္တေယျ ဗုဒ္ဓသာသနေ။

ဒွိပဒေနေကဂါထာယ၊ မေခံ ကိလေသပဗ္ဗတံ။
ဝိဇ္ဇာဘိညာဒျလက်ာရော၊ ဟုတွာ ဥဂ္ဃဋ္ဋိတညုကော။

နှ စ ယာဝ ဘဝေ ခေဋ္ဌ–ပိဏ္ဍံဝ ကာမိတေ စဇံ။
လ္လဋ္ဌာနိဋ္ဌေ ဘူရိသမော၊ ဘဝေယျံ ဓမ္မမာမကော။

ပက္ကမန္တု တဒါ နိဋ္ဌာ၊ ပဋ္ဌာယ ဇာတကာလတော။
သုဒ္ဓသီလော သတော သဒ္ဓေါ၊ ပညဝါ သုသမာဟိတော။

ဟိရိဩတ္တပ္ပသမ္ပန္နော၊ သဒ္ဓမ္မေ အနိဝတ္တိကော။
အဝေရော ဝဝတ္တာနာဒိံ၊ ဘဝေယျံ ပိယဘာဝနံ။

ယေနိ’ရိယာပထေနာ’ဟံ၊ အာရဘိဿာမိ ဘာဝနံ။
တေနေဝ သုခိတော ဟောမိ၊ ကလ္လကာယော ဝိသေသဓော။

နိဂ္ဂယှ နိဂ္ဂဟေတဗ္ဗေ၊ ပဂ္ဂဏှေယျ စ ပဂ္ဂဟံ။
သုသုခေနေဝ ဇောတေယျံ၊ သမ္မာသမ္ဗုဒ္ဓသာသနံ။

လ္လမာ စ ပတ္ထနာဂါထာ၊ သယံ ဝါစာယ ဥဂ္ဂတာ။
လ္လမာဟိယေဝ ဂါထာဟိ၊ ပတ္ထေယျာဟံ ဘဝေ ဘဝေတိ။

ဝိသတိဂါထာ

ဝိသုဒ္ဓသီလာဒိဂုဏာနံ၊ အထူးအချွန် အလွန်ကဲသာ စင်ကြယ်စွာကုန်သော သီလ,သမာ ပညာကျေးဇူး ဂုဏ်အထူးတို့၏။ အာကရော၊ တည်ရာအစစ် ဖြစ်တော်မူသော။ ယော ထေရော၊ အောက်စမ်းညာခွင် ကြည်းပြင်မြို့မ ဒေသဟူဟူ ဇမ္ဗူထိုထို သီဟိုဠ်တိုင်တိုင် ရခိုင်မလပ် ပွဲတင်ထပ်မျှ နှံ့စပ်ပေါ်ထင် ရှာမည်တွင်သော ရွှေကျင်ထေရ်ကျော် အကြင်ဆရာတော်ဘုရားကြီးသည်။ တမံ ပဟာနတ္ထံ၊ ဗိုလ်လူများမြောင် မြေးသည့်မှောင်ကို တန်ဆောင်ပဝင်း ပယ်လှင့်ခြင်းအကျိုးငှါ။ ဥတ္တမံ၊ လူနတ်ဗြဟ္မာ ဈာန်ချမ်းသာထက် သာလွန်ထူးမြတ်သော။ သာသနကိစ္စံ၊ ရှင်တော်ဘုရား ဟောမြွက်ကြားသည့် သုံးပါးသိမ်းကျုံ သာသနာတော်မြတ်အရေးကို။ ကရောတိ၊ ခုံ,တိတ်,နောင်လဲ ပြတ်မစဲ အောင် အမြဲနိစ္စ ဆုံးမသမှု ပြုစုတော်မူပေ၏။ တမံ ပဟာနတ္ထံ၊ ကိုယ်တွင်းဖွဲ့နှောင် မြေးသည့်မှောင်ကို ဉာဏ်ရောင်ပဝင်း ပယ်လှင့်ခြင်းအကျိုးငှါ။အရည်နိ-သိတော၊ သူတော်စင်စစ် ပျော်ရာဖြစ်၍ ရှင်ချစ်မွေတော် ရှင်တော်သံလေး ကောင်းချီးပေးသည့် ကုလလေးတာ ငါးရာပြည့်ညီ တောကိုမှီလျက်။ သီတော-ဒမေတ္တာဒိ သကိစ္စဘာဝနံ၊ စိမ့်ကြည်စွာ ရေသီဒါထက် ထောင်ရာမက လွန်အေးမြသည့် မေတ္တာဘာဝနာစသော မိမိကိစ္စကိုလည်း။ ကရောတိ၊ ခုံ,တိတ်, နောင်လဲ ပြတ်မစဲအောင် မြင့်မြဲရှည်လျား ပွါးများသမှု ပြုတော်မူ၏။

'မက္ကဋိယာ မေထုနံ ဓမ္မံ ပဋိသေဝတိ'ကဲ့သို့ 'ကရောတိ'ကား ပဇုရဝတ္တမာန်တည်း။ 'တမံ ပဟာနတ္တံ'ပုဒ်လည်း ကာကောလောကန နည်းတည်း။ 'ပဟာန'ပုဒ် ဘာဝရုပ်ဖြစ်၍ 'ဘာဝသာဓနေသံယုတ္တေ၊ ဆဋ္ဌီဘဝတိ ကမ္မနိ'ဟူသည်နှင့်အညီ 'တမဿ ပဟာနံ တမပ္ပဟာနံ'ဟု သမာသ်သင့်ရကား 'တမံ'၌ မြင်းဆက်ခွအလိုင်ငှါ နိဂ္ဂဟိတ် လာ။ တနည်းလည်း– 'ခြင်းရာနှစ်ပါး၊ ဘောမြင်ငြားက၊ ကတ္တာကား တ၊ ဒုကံဆ၊ မှချယှဉ်မြဲ၊ မှန်မလွဲ'ဟူရကား အံဝိဘတ်သက်၍ ဝါကျလည်း သင့်၏။ 'သိတောဒ'၌ လည်း ဆန္ဒာနုရက္ခဏာ မြင်းဆက်ခွအလိုင်ငှါ ဣ ရဿနှင့် ရွတ်။ 'ဝဒန္တိ ဝံသဋ္ဌမိဒံ ဇတာ ဇရာ' ဆန်းကျမ်းလာသည်အတိုင်း ဝံသဋ္ဌဂါထာတည်း။

ဒုတ္တရံ၊ မိကျောင်း ငါးမန်း ဘေးစုံပြွမ်း၍ ကူးသန်းမလွယ် နက်ပြောကျယ်သော။ ဥဒဓိံ၊ ပင်လယ်သမုဒ် ရေအစုတ်ကို။ တရံ တရန္တော၊ မျက်နှာမတွန့် နောက်မဆုန့်ပဲ လွန့်လွန့်ငွါးငွါး ကူးသွားသက်ဝင်တော်မူ၍။ ဒုလ္လဘံ၊ ကမ္ဘာသချေ် လွန်မြောက်လေလည်း ရှိစေဒဿန အသံမျှကိုပင် ကြားရခြင်းငှါ ရခဲစွာသော။ ဒါဌိကံ၊ ခုနစ်ပြည်ထောင် မင်းများဘောင်ဝယ် ရွှေဆောင်ဒေါဏ ပုဏ္ဏားသရ၍ ကလိင်–ရောက်–မိစ္ဆာနှောက်သည်တွင် နန်းညွှောက်ဩရသ ဟေမမာလာ ကညာတွင်ခေါ် သမီးတော်သည် ပူဇော်ရလို ကျွန်းသီဟိုဠ်သို့ ကြည်ညိုဆောင်သွား သီဟိုဠ်သားတို့ ပျက်ပြားမဲ့ရန် မြို့သခ်ိန်တွင် ကောင်းမွန်သေချာ ဌာပနာလတ် စွယ်တော်ဓာတ်အား လေးမြတ်နှစ်သက်သဒ္ဓါတက်၍ ခုလက်ထက်ပွါး သီဟိုဠ်သားတို့ အံ့အားချီးကျူး မမြင်ဘူးအောင် ဆန်းထူးကြီးကျယ်စွာသော ပူဇော်ခြင်းကို။ လဘံ=လဘန္တော၊ ရှေးဘုန်းပြည့်ကြွယ် သမ္ဘာခြယ်သဖြင့် အလွယ်တကူ ရတော်မူလျက်။ ဒုက္ကရံ၊ ပုဂ္ဂိုလ်မည်ဆန် လူသာမန်တို့ မသန်ရဲတင်း လွန်ခဲယဉ်းသော။ သာမဂ္ဂိံ၊ ဇမ္ဗူပတ်ချာ ရံငါးရာတွင် ကဲသာတောက်ထွန်း သီဟိုဠ်ကျွန်းထက် နှစ်ဖြာစက်ဖြင့် ပရက္ကမရာဇဗာဟု သုံးဂိုဏ်းစု၍ ညီပြုပြင်ဆင် သုတ်သင်ပြီးနောက် ကျင့်မှုဖောက်သဖြင့် တောင်မြောက်ကွဲပြား ခြောက်ဂိုဏ်းသားတို့ကို တရားရေစင် စက်ယန်းဆင်လျက် သွန်သင်သိုင်းဝိုင်း အချို့ဂိုဏ်းတို့၏ ကိုင်းရှိုင်းပေါင်းသင်း ညီညွတ်ခြင်းကို။ကရံ=ကရောန္တော၊ ကိုယ်တွင်းရောဂါ ဝေဒနာကို မညှာအောင့်အည်းဒယာသည်း၍ မညည်းမညူ ပြုတော်မူလျက်။ ဒိပံ၊ ထိန်ပြောင်လျှံညီး မှောင်ကိုဆီးသည့် ဆီးမီးသဖွယ်ဖြစ်သော။ ဝါ၊ အလှိုင်းအလှိုင်း ဟုတ်မှန်တိုင်းကို ဆုတ်ဆိုင်းမသွေ ပြတတ်ပေသော။ ပဒီပံ၊ ဘုရားသာသနာ ရောင်ဝါလျှံညီး တန်ဆောင်မီးကို။ ဇောတေသိ၊ ပြောင်တဝင်းဝင်း မိုက်မှောင်ကင်းစေဘို့ ထွန်းလင်း တောက်ပစေတော်မူပြီ။

သန္တော၊ လေဆိတ်ရာရောက် ဆီမီးတောက်ကဲ့သို့ လှုပ်ချောက်ပေါက်ပျက် မလောက်လက်ပဲ ငြိမ်သက်တည်ကြည်တော်မူ၏။ သန္တောသာဒိဝဏ္ဏော၊ လေးပစ္စယ ကေကတွင် ယထာလာဘ စသည်သုံးပါး ချီးမြှောက်ပွါး၍ ပြားဆဲ့နှစ်ဖုံ ရောင့်ရဲခြင်းစသော ဂုဏ်ရှိတော်မူ၏။ ဝါ၊ ပြားဆဲ့နှစ်ဦး ရောင့်ရဲခြင်းစသော ကျေးဇူးကို အထူးချီးမွမ်းလေ့ ရှိတော်မူ၏။ ဒန္တော၊ စက္ခုဒွါရ စသည် ခြောက်ထွေ ဣန္ဒြေကို စောင့်နေသတိ ဘယ်မငြိအောင် မိမိယဉ်ကျေးသည် ဖြစ်၍။ ဒန္တောဝဒါနကော၊ ယဉ်ကျေးစေငှါ သူတကာကို ပြစ်ရှာနှိပ်နင်း ဆုံးမခြင်းအလေ့ ရှိတော်မူ၏။

လဇ္ဇီ၊ ပရမာ-ဟု မြူအဏုကို မေရုပုံသွင် နှိုင်းစံတင်၍ ဆင်ခြင်မှတ်ရှု မကောင်းမှုကို ဝဓုပမည်း ဝေသီနည်းဖြင့် ရှက်လည်း ရှက်ကြောက်တော်မူ၏။ လဇ္ဇီနံ၊ ပရမာ-ဟု မြူအဏုကို မေရုဟန်သွင် နှိုင်းစံယှဉ်၍ ဆင်ခြင်မှတ်ရှု မကောင်းမှုကို ဝဓု,ဝေသီ[၁] ပမာညီသည့် လဇ္ဇီအပေါင်း သူတော်ကောင်းတို့၏ အဝဿျာ၊ မြစ်သမုဒ်လယ် ကျွန်းသဖွယ်သို့ ကိုးကွယ်မှီလျှောင်း ခိုအောင်းရာ ဖြစ်တော်မူ၏။

'အဝဿျာ'ကို 'အဝဿယော'ပုဒ်ဖြတ်၍ ယဗျည်းနှောင်းရာ၌ အသရကို ချေ။ သဘောတူသော အစ သ ဗျည်းကိုလည်း ချေ၍ ပြီးစေ။ 'သြပုပ္ပါနို ပဒ္မါနိ။ ပဋိသန္ဓာရဝုတျဿ' စသည်ကဲ့သို့ မှတ်။

ယုတ္တဉဿဟာဒိနာ၊ ဓမ္မာနုဓမ္မ လမ်းမှန်ကျ၍ ကာရဏာဖလ စသည်စုံပေါင်း မစောင်းတည့်မတ် သင့်မြတ်ကြိုးကုတ် ကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်ခြင်း စသည်နှင့်။ ယုတ္တော၊ ဖော်လှော်မမှိုး ဆင်ပြောင်ကြီးကဲ့သို့ မနီးသဿာ ဆိတ် ငြိမ်ရာ၌ ကေစာလေ့ တရားမွေ့လျက် ညဉ့်နေ့လနှစ် သက္ကရာဇ်ကြာရှည် ပတ်ပတ် လည်လည်း တည်ကြည်ရွက်ထပ် ကွက်မလပ်အောင် ယှဉ်စပ်တော်မူ၏။

ဣစ္စာဒိဂုဏာထောမျဿ၊ သီလဖြူစွာ တည်သမာလျက် သာသနာရေး ကိုယ်ရေးမလစ် စွယ်တော်စစ်ကို သစ်သစ်ကြည်ညို သီဟိုဠ်ရောက်ကပ် အရပ်ရပ်ကို စေ့စပ်အောင်ခဲ ရောင့်ရဲလွယ်ဘိ အစရှိသည် များချီပေါ်စွာ ဂုဏ်ရောင်ဝါဖြင့် ဣဿာမဝင် မစွန်းစင်သည့် သိမြင်ကျိုးကြောင်း သူတော်ကောင်းတို့သည် ကောင်းစွာ ချီးမွမ်းအပ်ထသော။ရစိတာနေက ဂန္ထိနော၊ ဒသ,သီမာ ပဒေသာ တိ ယွာ,ရူပ'ဠ္ဌိ နေတ္တိ ဗောဇ္ဈင် နိသျင်နှင့် ဝဍ္ဍနာ,သီလ သီဟဠ္ဌ,ဓမ္မော ဝိနယော,ကောဝဠ္ဌ စာစပ်,နာမ်ဂိုဏ်း ဆစ်ပိုင်းသမာသ် အဦးတပ်သည့် ကျမ်းဂန် အရပ်ရပ်ကို စီရင်တော် မူပြီးထသော။ ဝါ၊ စီရင် ရေးသားအပ်ပြီးသော များစွာသော ကျမ်းဂန် ရှိတော်မူထသော။

---

၁။ ဝဓု=အမျိုးကောင်းသမီး-ချွေးမ။ ဝေသီ=ပြည့်တန်းဆာမ။

ဒသဓမ္မာလင်္ကာရ, သိမာလင်္ကာရဝိနိစ္ဆယ, ဥပဒေသကထာ, ယွာဒ္ဒီကာ, ရူပဘေဒဝိဘာဝနီ, အဋ္ဌကကမ္မဋ္ဌာန်း, နေတ္တိ ဟာရတ္ထ ဝိဘာဝနီ, ဗောဇ္ဈင်္ဂ ဒီပနီ, နိဿဂ်ဝိနိစ္ဆယ, ဝဋ္ဋနာဒီပနီ, သီလဝိသောဓနီ, သီဟဠဝေါဝါဒ, ဓမ္မောသဓ ဒီပနီ, ဝိနယဂရု, ကေဝဋ္ဋောဝါဒ, စာစပ်,နာမ်ဂိုဏ်း,သမာသ်ဂဏ္ဌိ, လင်္ကာသာသနသုဒ္ဓိကထာ အစရှိသော များစွာသော ကျမ်းဂန်တို့ကို ပြုတော်မူသည် ဟူလို။

ရွှေကျင်ဣတိ ဝိဿုတဿ၊ ဌာနအမည် ဌာနီမှာတင် ရွာမည်တွင်လျက် ရွှေကျင်ဆရာတော်ဟူ၍ ကြော်ကြောထင်ရှားသော။ တဿ ထေရဿ၊ ထိုမထေရ် မြတ်၏။ သဒ္ဓိဝိဟာရိနာ၊ လက်ရုံးတဆူ နှလုံးမူအပ်သည့် အတူနေ တပည့်ကြီး ဖြစ်သော။ (မယာ၌စပ်။)

သဒါ၊ နေ့ရက်လနှစ် သက္ကရာဇ်ရှည်ကြာ အခါခပ်သိမ်း။ အရညဝါသိကော၊ လူသူမပြွမ်း နိဗ္ဗူကမ်းဟု ဆိတ်ချမ်းစိမ့်စုံ တောရိပ်မှုံ၌ ခိုလှုံကပ်မှီး ဆင်ပြောင် ကြီးကဲ့သို့ ကိုယ်ထီးပျော်မေ အစလေ့ရှိတော်မူသော။ ယော ထေရော၊ သီလ သမာ ပညာခိုင်ဖြိုး အကြွင်မထေရ်ကြီးသည်။ ဓမ္မရာဇေန၊ ရတနာပုဉ် ရန်မျိုး လုံသည့် နန်းဘုံတည်ထောင် မင်းခေါင်သင်းကျစ် ဓမ္မရာဇ်ဥက္ကဌ် ပဋ္ဌမ သင်္ဂါ ယနာတင် ဘုရင်သမုတိနတ်သည်။ ယာစိတော၊ သာသနာညစ်ကြေး မှုံ အလေးကို ချော်ဆေးတိထွင် သုတ်သင်စေရန် တောင်းပန် လွှဲအပ်သည် ဖြစ်၍။ ရတနာသိခ မဏ္ဍလံ၊ ရွှေဘို့ကုန်းဘောင်, ရန်ကြီးအောင်ဟု မင်းခေါင် ဇေယျ တည်ထောင်စသည့် နန်းမဝန်းလျှာ ရတနာသိခ မြို့မနယ်ဝိုင်း မြင်းမြေ ဂိုဏ်းကို။ ဓမ္မရံသီဟိ၊ အဓမ္မဝါဒီ အလဇ္ဇီတို့ မချိဦးကင်း ဖိနှိပ်နင်း၍ သတင်း တည်ကြား တရားဟူသော ရောင်ခြည်တို့ဖြင့်။ ဇောတေသိ၊ ပြောင်တဝင်းဝင်း မိုက်မှောင် ကင်းအောင် ထွန်းလင်းတောက်ပစေတော်မူပြီ။

မဟာဗိုလ်တိ ဝိဿုတဿ၊တောရပ်အလို မဟာဗိုလ်ဟု ထိုထိုပေါက်ပြ သတင်း ရှသော။ သုစိသလ္လေခဝုတ္တိနော၊ သရဒတွင် တိမ်ကြေးစင်သည့် ကောင်းကင် အလယ် လသဖွယ်သို့ စင်ကြယ်ရိုးသား ခေါင်းပါးသော အသက်မွေးခြင်း ရှိတော်မူထသော။ ထိရဂုဏဿ၊ကျောက်တိုင်အလား သူတပါးတို့ လှုပ်ရှားမယိုင် ကြံ့ခိုင်သော သီလ သမာဓိ ပညာ အစရှိသော ကျေးဇူးဂုဏ်နှင့် ပြည့်စုံတော်မူ ထသော။ တဿာပိ ထေရဿ၊ထိုမထေရ်မြတ်၏လည်း။ အန္တေဝါသိနာ၊ လက်ရုံး မယွင်း နှလုံးသွင်းအပ်သည့် အတွင်းနေတပည့်ကြီးဖြစ်သော။ (မယာ၌ပင်စပ်။)

မဟာဝိသုဒ္ဓါရာမာဒိနေကပုညာနိ၊ အဋ္ဌရံ ရေရံ ခြယ်စီမံလျက် မဟာရံနှစ် ပတ်ရစ်သိုင်းခြုံ ပျော်ဘွယ်စုံသည့် မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး အစရှိသော များစွာသော ကောင်းမှုကုသိုလ်တော်တို့ကို။ ကရာ၊ သတ္တိသမ္ဘဇဉ် သဒ္ဓါယှဉ်၍

ရေယဉ်မြစ်ကြီး တွေ့တွေ့စီးသကဲ့သို့ မငြီးမငွေ့ မမေ့မလျော့ မပေါ့မပြတ် ပြုပေတတ်သော။ ယာ အဂ္ဂဒေဝီ၊ အကြင်မိဖုရားခေါင်ကြီးသည်။ သဒ္ဓါ၊ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ကြည်ညိုယုံကြည်ခြင်း သဒ္ဓါတရားလည်း ရှိ၏။ သီလေန၊ သုံးပါးသုခ လိုတိုင်းရသော ဂဟဋ္ဌသီလနှင့်လည်း။ သမ္ပန္နာ၊ ပြည့်စုံ၏။ ဓိတိမန္တီ၊ မကိုင်းမဝံ့ မြင်တိုင်းရွံ့ရအောင် ကြီးဖွံ့လွန်မင်း တည်ကြည်ခြင်း သမာဓိလည်း ရှိ၏။ မဟာယသာ၊ များသော အခြွေအရံ အကျော်အစောလည်း ရှိ၏။

ရတနာပုဉ်မာပကဿ၊ လောကီ, လောကုတ္တရာ ရတနာပေါင်းစုံ ရန်မျိုးလုံသည် ရတနာပုဉ်ခေါ် နေပြည်တော်ကို မိုးပေါ် သိကြား စီမံထားသို့ ဉာဏ်သွားမြင့်ခေါင် သိုက်တပေါင်ဖြင့် တည်ထောင်ဖန်ဆင်း ဉာဏ်ကျယ်ဝင်းသည့် မင်းမင်းဥက္ကဋ္ဌ အတုလွတ်သော မဟာဓမ္မရာဇ် တရားမင်းမြတ်၏။ ဝါ၊ တရားမင်းမြတ်သည်။ ဝါ၊ တရားမင်းမြတ်ကို။ မာနိတာယ၊ အသက်တမျှ မြတ်နိုးလှသော။ သူရစန္ဒောသမိနံ့ဏ္ဍဝ၊နေရောင်,လရောင် သောက်ရှူးရောင်ကဲ့သို့ တောက်လောင်ထွန်းပ မြေကြည်လင် ဖြူစင်ပွင့်လင်း ဂုဏ်သတင်းရှိကုန်သော။ တိဏ္ဏံ မိတူနံ၊ ဒုတိယနန်းစံ ဘုန်းမီးလျှံသည့် နိုင်ငံသခင် ဘုရင်မင်းခေါင် တောင်ညာဒေဝီ အဂ္ဂမဟေသီ မိဖုရားခေါင်ကြီး အစရှိကုန်သော သမီးတော်သုံးပါးတို့၏။မာတရာ၊ မြင့်မိုရ်တောင်ဦး ဂုဏ်နေထူးသည့် ကျေးဇူးထင်ပေါ် မွေးမယ်တော်ဖြစ်သော။ တာယ အဂ္ဂဒေဝိယာ၊ထို 'သီရိပဝရ တိလောကမဟာ ရာဇိန္ဒာဓိပတိ ပဒုမာရတနာဒေဝီ' မိဖုရားခေါင်ကြီးသည်။

ကာရိတေ၊ သိန်းသန်းတွက်ရေ ငွေအသပြာ ရတနာကို အာသာမတွန့် သဒ္ဓါကွန့်၍ ပေးစွန့်ကြည်ဖြူ ဆောက်လှူအပ်သော။ မဟာဝိသုဒ္ဓါရာမသို့ံ၊ လဇ္ဇီသူမွန် သီလဝန်အမော် ထေရ်ကျော်နှစ်ပါး တို့၏ တပည့်သားဖြစ်၍ ခေတ်အားအလျော် စင်ကြယ်တော်မူကြကုန်သော သင်္ဃာတော်အများ စာသင်သားတို့၏ တရားမကွာ အသားပါသဖြင့် မွေ့လျော်ရာဖြစ်သော မဟာဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၌။ ဝသတာ ဝသန္တေန၊ ယာပိုထ်လေးထွေ မျှတနေသော—

မယာ၊ ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု, ဝိသုဒ္ဓါစာရ ကဝိဓဇဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု ငါသည်—

သောတူနံ၊ ဉာဏ်ခြေနုနယ် စာသင်ငယ်တို့၏။ ပရမတ္ထေသု၊ ပရမတ်တရားလေးပါးတို့၌။ တနည်းလည်း— သောတူနံ၊ မင်္ဂဖိုလ်နိဗ္ဗူ ရောက်ဘို့ဟူ၍ မှတ်ယူနာခံ ကျင့်ကြံအားထုတ်ကြလိုကုန်သော အရည၀ါသီ ယောဂီပုဂ္ဂိုလ်တို့၏။ ပရမတ္ထေသု၊ မင်္ဂဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်တိုင်ငြား မှန်မြတ်သော အကျိုးစီးပွါးတို့၌။ ဆေကတ္ထာယ၊ လိမ္မာကျွမ်းကျင် သိမြင်တည့်မတ် ကျင့်ကြံတတ်စေခြင်း

အကျိုးငှါ။ အဘိသခ်တာ၊ ကရုဏာဖက် မေတ္တာသက်၍ အတက်ရောဂါ ကိုယ်တွင်းနာကို မညှာအောင့်အည်း အနိုင်ကြည်းလျက် သည်းခံပြုပြင် စီရင် ရေးသားအပ်သော (ဝဏ္ဏနာဒွိစပ်)။

ပဉ္စဒသဟိ၊ ၁၅-ပါးကုန်သော။ ခဏ္ဍေဟိ၊ အပိုင်းအစိတ်တို့ဖြင့်။ မဏ္ဍိတာ၊ တန်ဆာဆင်ယင်အပ်သော။ နယသမ္ဗဒါ၊ အထူးထူး အလယ်လယ် ဆန်းကြယ် သော နည်းတို့နှင့် ပြည့်စုံသော။

**ကျမ်းအမည်။** ။ပရမတ္ထာနံ သရူပဘေဒနီ နာမ၊ အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ပြသော ပရမတ္ထတရားလေးပါးတို့၏ သရုပ်ကိုခွဲထုတ်ဝေဖန်ရာ သကတ်ကြောင့် ပရမတ္ထသရူပဘေဒနီ နာမည်တံဆိပ် ခတ်နှိပ်အပ်သော။ဝဏ္ဏနာ၊ မြန်မာ့ဘာသာ သံဝဏ္ဏနာကျမ်းသည်။

**ကျမ်းပြီးသက္ကရာဇ်။** ။ပဉ္စစတ္တာလီသာဓိကေ၊ လေးဆဲ့ငါးခု အလွန်ရှိသော။ ဒွိသတသို့ သဟဿကေ၊ တထောင့်နှစ်ရာ အတိုင်း အရှည်ရှိသော။ဝဿေ၊နှစ်၌။ ဝါ-ပဉ္စစတ္တာလီသာဓိကေ ဒွိသတသို့ သဟဿကေ ဝဿေ၊ ၁၂၄၅ ခုနှစ်၌။ ကတ္တိကမာသမှိ၊ ပစ္ဆိမကတ္တိက တန်ဆောင်မုန်းလ၌။ ကာလပက္ခေ၊ လပြည့်ကျော်ထွက် သုံးရက်အစေ့ စနေနေ့ နေသက် သုံးချက် ဆော်ဟီး ပဟိုရ်တီးချိန်၌။ သုနိဋ္ဌိတာ၊ ကောင်းစွာပြီးဆုံး နိဂုံးကမ္ပတ် သတ်သ တည်း။

အယံ သရူပဘေဒနီ၊ ဤ ပရမတ္ထသရူပဘေဒနီကျမ်းသည်။ အန္တရာယံ၊ ကျမ်းပြီးခြင်း၏ အန္တရာယ်ကို။ ဝိနာ ဧဝ၊ ကြဉ်ဖယ်၍သာလျှင်။ သုနိဋ္ဌိတာ ယထာ၊ ကောင်းစွာပြီးဆုံး နိဂုံးကမ္ပတ် သတ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ပါဏိနံ၊ သတ္တဝါအပေါင်းတို့၏။ ကလျာဏာသင်္ကပ္ပါ၊ ချမ်းသာသုံးတန် ရောက်ရန် အကြောင်း ကောင်းသော အကြံအစည်တို့သည်။ သီဃံ၊ အသော့လျင်စွာ မကြာစေရ ခဏချက်ဖြုတ် တမဟုတ်လျှင်။ သိဇ္ဈန္တု၊ ပြီးစီးအောင်မြင်စေကုန် သတည်း။

အဟံ၊ ငါသည်။ ဣမိနာ၊ ဤသို့ယခု ကျန်းဂန်ပြုသည့် ကောင်းမှုထွတ်မြတ် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကြောင့်ရင်း။ စ၊ ဤမှတပါး မျှားပြားစွာလှ ကပ်ကာလ တို့၌ ဆည်းပူးဖြည့်ကျင့်ရသော ကောင်းမှုဟူသမျှကြောင့်ရင်း။ ဣမမှိ ဘဝေ၊ ဤပစ္စက္ခ ခုဘဝ၌။ အနာသဝံ၊ အာသဝေါလေးတန် ကင်းဆိတ်ညံ့သည့် နိဗ္ဗာန် တရားကို။ သစ္ဆိကရေ သစ္ဆိကရေယျံ၊ အောက်မဂ်အောက်ဖိုလ် မိုဂြမ်းခိုလျက် မငို့မငြိ ဆောလျင်ကူးမြောက် အသော့ရောက်၍ မျက်မှောက်ပြုကြောင်း တရားပေါင်းကို တိမ်းစောင်းမယုတ် အားထုတ်နိုင်ရလို၏။ ဣမမှိ ဘဝေ၊ ဤပစ္စက္ခ ခုဘဝ၌။ အနာသဝံ၊ အာသဝေါလေးတန် ကုန်ဆိတ်ညံ့သော နိဗ္ဗာန်

တရားကို။ နော စေ သစ္စိကရေ၊ အကယ်ဆက်ဆက် သမ္မာတွက်ကြောင့် အောက်မဂ်,အောက်ဖိုလ် မှီငြမ်းခိုလျက် မငြိုမငြင် ဆောလျင်ကူးမြောက် မျက်မှောက်ပြုကြောင်း တရားပေါင်းကို တိမ်းစောင်းမယုတ် အားမထုတ်နိုင် သေးသည်ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ ဖြစ်သည်ရှိသော်။ ဧတ္တ္ထဝ၊ ဤဂေါတမ နွယ်ဘွား ရှင်တော်ဘုရား လက်ထက် အာဏာစက်၌ပင်လျှင်။ အနာသဝံ၊ အာ-သဝေါလေးတန် ကုန်မကျန်သော နိဗ္ဗာန်တရားကို။ သစ္ဆိကရေ သစ္ဆိကရေယျံ၊ မငြုမငြင် ဆောလျင်ကူးမြောက် အသော့ရောက်၍ မျက်မှောက် ပြုရလို၏။

ဧတ္တ္ထဝ၊ ဤဂေါတမနွယ်ဘွား ရှင်တော်ဘုရားလက်ထက် အာဏာစက်၌ ပင်လျှင်။ အနာသဝံ၊ အာသဝေါလေးတန် ကုန်မကျန်သော နိဗ္ဗာန်တရားကို။ နော စေ သစ္ဆိကရေ၊ မငြိုမငြင် ဆောလျင်ကူးမြောက် အသော့ရောက်၍ အကယ်၍ မျက်မှောက်မပြုရသေးသည် ဖြစ်အံ့။ ဧဝံ သတိ၊ ဤသို့ဖြစ်သည် ရှိသော်။ မေတ္တေယျဗုဒ္ဓသာသနေ၊ကံ့ကော်အောင်မြေ ပလ္လင်ဗွေထက် လေးထွေ သစ္စာ ခိုင်ရွှေကြာကို အသာဆွတ်ချူ ပန်တော်မူမည့် တေဘူမိသခင် ရှင်တော် စောမြ မေတ္တေယျဟု လောကထွတ်ဖျား ဘုရားပွင့်ရာ သာသနာတော်မြတ်၌။

ကေဂါထာယ၊ တဂါထာ၌။ ဝါ၊ တဂါထာ၏။ ဒွိပဒေန၊ နှစ်ပုဒ်တည်းဖြင့်။ ကိလေသပဗ္ဗတံ၊ တောင်နှယ်တပဲ ထူထဲလှစွာ ကိလေသာအပေါင်းကို။ မေဓံ မေဓန္တော၊ မိုးကြိုးလောင်မီး တချက်တည်းဖြင့် ဖျက်ဆီးသည့်ဟန် လေးမဂ် ဉာဏ်ဖြင့် တွန်းလှန်ပယ်ရှဲ သတ်ညှဉ်းဆဲလျက်။ ဝိဇ္ဇာဘိညာဒိအလင်္ကာရော၊ သုံးပါးရှစ်ပါး ပြားထဝိဇ္ဇာ ဘိညာခြောက်တန် ပဋိသမ်လေးရပ် သမာပတ် ရှစ်ဦး ဂုဏ်ကျေးဇူးဟု ဆန်းထူးရောင်ဝါ တန်ဆာဗလာရှိသော။ဥဂ္ဃဋိတညူကော၊ နည်းဥဒ္ဒေသ လှစ်ပြကာသာ ဒေသနာဖြင့် လျင်စွာသိသူ ဥဂ္ဃဋိတညူပုဂ္ဂိုလ်သည်။ ဟုတွာ၊ ဖြစ်၍။ အနာသဝံ၊ အာသဝေါလေးတန် ကုန်ဆိတ်ညံသော နိဗ္ဗာန် တရားကို။ သစ္ဆိကရေ သစ္ဆိကရေယျံ၊ မငြိုမငြင် ဆောလျင်ကူးမြောက် အသော့ရောက်၍ မျက်မှောက်ပြုရလို၏။

ယာဝ စ၊အကြင်မျှလောက်သောကာလပတ်လုံးလည်း။အနာသဝံ၊အာသဝေါ လေးတန် ကုန်ဆိတ်ညံသော နိဗ္ဗာန်တရားကို။ န သစ္ဆိကရေယျံ။ မျက်မှောက် မပြုရပါသေး။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ဘဝေ၊ ဖြစ်လေရာရာ သံသရာ ဒီလှိုင်း ဘဝတိုင်း၌။ ကာမိတော၊ ပုထုဇဉ်တို့ လွန်မင်စုံမက် နှစ်သက် တောင့်တအပ်ကုန်သော ရူပ,သဒ္ဒ စသည်အာရုံ ကာမဂုဏ်တို့ကို။ ခေဠပိဏ္ဍံဝ၊ နံစော်ညှီဟောက် တံထွေးပေါက်ကို ကဲ့သို့။ စဇံ စဇန္တော၊ မတွယ်မတာ ပစ်ခွါ စွန့်လွှတ်နိုင်သည်၊၊ ဘဝေယျံ၊ ဖြစ်ရလို၏။ ဣဋ္ဌာနိဋ္ဌေ၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံနှစ်ပါး၌။ ဘူရိသမော၊ မြေကြီးမယွင်း သည်းခံခြင်းစသော ကျေးဇူးနှင့် ပြည့်စုံသည်။

ဘဝေယျံ၊ ဖြစ်ရလို၏။ ဓမ္မ မာမကော၊ နှစ်ပေါင်းတရာ ရှည်ညောင်းကြာမှ တခါပွင့်လန်း ကသစ်ပန်းကို ဆွတ်လှမ်းပန်ခြယ် မပြယ်အာသာ ဝတိံ သာသူ မိုးနတ်တူသို့ စင်ဖြူကော်ရော် သူတော်တရားကို လွန်စွာလိုလားသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။

တဒါ၊ ထိုရောကာလ ဖြစ်သမျှ၌။ အနိဋ္ဌာ၊ အလိုမရှိအပ်ကုန်သော အနိဋ္ဌာရုံတို့သည်။ ပက္ကမန္တု၊ ဝေးစွာကြဉ်ဖဲ ရှောင်လွှဲ စေကုန်သတည်း။ ဇာတ-ကာလတော၊ ဘွားစကာလမှ။ ပဋ္ဌာယ၊ စ၍။ သုဒ္ဓသီလော၊ သူငယ်တို့ထုံး အမြင်တုံး၍ ခြပုန်းပိုးရွ သတ်ခြင်းစသည်မှ ရှေးကထုံပါ ဝါသနာကြောင့် ဝေးစွာဖဲကြဉ် ရွှေစင်သိင်္ဂီ နာရေနီအဆင်း ခရုသင်းပွတ်သစ် ပုလဲနှစ်အသွင် ဖြူစင်သောသီလရှိသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ သတော၊ ကျောက်ဖျာအပြင် ရေးမှတ်တင်သည့် သွင်နရောတု ကောင်းမှုမမေ့ လျော်သရွှေကို အောက်မေ့ကုန်စင် ထင်မြင်နိုင်သော သမ္မာသတိနှင့် ပြည့်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ သဒ္ဓေါ၊ ရတနာသုံးတန် ကံ,ကံ၏အကျိုးကို ကြည်ညိုယုံကြည်ခြင်း သဒ္ဓါတရားနှင့်ပြည့်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ပညဝါ၊ တောင်ကိုဖောက်သည့် စိန်ကျောက်တူမျိုး ကြောင်းကျိုးဟုတ်သည် မဟုတ်သည်ကို ကြံစည်နှုန့်နှေးဆတွေးမရှိ သိစွမ်းနိုင်သော တခဏုပ္ပတ္တိဉာဏ်, လျင်မြန် ထက်မြက် နဲနက်ထွန်းပဇာတိဿရ,ဝိပဿနာ,အဘိညာဉာဏ်တို့နှင့် ပြည့်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ သုသမာဟိတော၊ လှုပ်ရှားမယိုင် ကျောက်မဏ္ဍိုင်ကဲ့သို့ ကောင်းစွာကြံ့ခိုင်တည်ကြည်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။

ဟိရိဩတ္တပ္ပသမ္ပန္နော၊ ဝစီ ကာယ နှစ်ဒွါရဖြင့် ပါပညစ်ကျု မကောင်းမှုကို ပြုဝံ့မည်ကြဉ် စိတ်မျှပင် မဥပါဒ်ဝံ့ ရှက်ရွံ့ကြောက်လန့်ခြင်း ဟိရိဩတ္တပ္ပတရားနှင့် ပြည့်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ သဒ္ဓမ္မေ၊ မဂ်ဉာဏ်,ဖိုလ်ဉာဏ် နိဗ္ဗာန်၏ အဆောက်အဦ စင်ဖြူကောင်းမြတ်သော သမ္မာပဋိပတ္တိ အပြစ်မရှိသော သူတော်ကောင်းတရား၌။ အနိဝတ္တိကော၊ ကောင်းကင်မိုးရပ် ကြယ်နက္ခတ်ကို လှမ်းဆွတ်အံ့နှယ် ညှိုးငယ်ထိုင်းပျစ် ဆုတ်နစ်တွန့်တိုခြင်း မရှိသော ဝီရိယနှင့် ပြည်စုံသည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ဒါဝေရော၊ ရာဂဒေါသ မောဟမာန ထိနမိဒ္ဓ စိတ္တုတြာသ စသော အဇ္ဈတ္တဘေးရန်, ဖြုတ်,ခြင်,ယင်,မှက်,သဘက်, စုန်း,ဘုတ် ဆိုးယုတ်မာလှ သစ်,ကျားစသော ဗဟိဒ္ဓဘေးရန် အန္တရာယ်မရှိသည် ဖြစ်၍။ ဝဝတ္ထာနာဒိံ၊ သတ္တဇိဝါ ယူမိစ္ဆာကို လျင်စွာခွဲထု ခါတ်ဟုရှုသည့် စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းအစရှိသော။ပိယဘာဝနံ၊စိတ်နှစ်သက်ရာ သမထ, ဝိပဿနာ ဘာဝနာ နှစ်ပါးကို။ ဘာဝေယျံ၊ ပွါးများအားထုတ်ရလို၏။

အဟံ၊ ငါသည်။ ယေန ဣရိယာပထေန၊ အကြင်ဣရိယာပုထ်ဖြင့်။ ဘာဝနံ၊ စိတ်နှစ်သက်ရာ သမထ, ဝိပဿနာ ဘာဝနာနှစ်ပါးကို။ အာရဘိဿာမိ၊ပွါးများ

အားထုတ်လအံ့။ တေနေ၀၊ ထိုဣရိယာပုထ်ဖြင့်ပင်လျှင်။ ကလ္လကာယော၊ ညောင်းညာထုံကျင် ကင်းစင်ပယ်ရှဲ သံတိုင်ခဲကဲ့သို့ မလဲမတိမ်း မယိမ်းမယိုင် မြဲခိုင်သန်စွမ်း ခံ့ကျန်းသောကိုယ်ရှိသည်ဖြစ်၍။ ဝိသေသဓော၊ နှစ်,လ,နေ့,ရက် နံနက်ထက်ည တခဏထက်တခဏ ရှေ့ဝီထိမှနောက်ဝီထိ သမာဓိဝိပဿနာ အထူးကို ဆောင်သည်ဖြစ်၍။ သုခိတော၊ ကိုယ်ရောစိတ်ပါ ချမ်းသာမြေသည်။ ဟောမိ၊ ဖြစ်ရလို၏။

နိဂ္ဂဟေတဗ္ဗေ၊ နှိပ်သင့်နှိပ်ထိုက်ကုန်သော အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တို့ကို။ နိဂ္ဂယှ၊ ကရုဏာသက် ကျင့်မှုပျက်မှ ပယ်ဖျက်နှိပ်နင်း၍။ ပဂ္ဂဏှေယျေစ၊ ချီး မြှောက်သင့် ချီးမြှောက်ထိုက်ကုန်သော ဓမ္မဝါဒီ လဇ္ဇီသူမွန် သီလဝန် ဂုဏဝန် ပညာဝန် ပုဂ္ဂိုလ်တို့ကိုလည်း။ ပဂ္ဂဟံ ပဂ္ဂဟန္တော၊ ပစ္စယ,ဓမ္မ အနုဂ္ဂဟနှစ်ပါးဖြင့် မြှောက်စားချီးမြှင့်လျက်။သုသုခေနေ၀၊ဘေးရန်မမူ ဒဏ်မပူပဲ လွယ်ကူချမ်းသာ သဖြင့်သာလျှင်။ သမ္မာသမ္ဗုဒ္ဓသာသနံ၊ ရှင်တော်ဘုရား ဟောမြွက်ထားသော သုံးပါးပြားလတ် သာသနာတော်မြတ်ကို။ ဇောတေယျံ၊ ထောင်သောင်း နေရောင် ထွန်းတောက်လောင်သို့ ပြောင်တဝင်းဝင်း မိုက်မှောင်ကင်းအောင် ထွန်းလင်းတောက်ပစေနိုင်လို၏။

ဣမာ စ ပတ္ထနာဂါထာ၊ ဤဆုတောင်းပတ္ထနာ ခုနစ်ဂါထာတို့သည်လည်း။ ဘဝေ ဘဝေ၊ ဖြစ်လေရာရာ သံသရာမီလှိုင်း ဘဝတိုင်း၌။ သယံ ဝါစာယ ဥဂ္ဂတာ၊ ရှေးဝါသနာ အထုံပါလျက် ဘာသာနကိုယ် အလိုလိုလျှင် သံချိုလေးနက် နှုတ်၌ တက်သည်ဖြစ်၍။ ဘဝေ ဘဝေ၊ ဖြစ်လေရာရာ သံသရာမီလှိုင်း ဘဝတိုင်း၌၊ ဣမာဟိယေ၀ ဂါထာဟိ၊ ဤဂါထာတို့ဖြင့်သာလျှင်။ ပတ္ထေယျံ၊ ဆုယူပန်ညောင်း တောင်းရလို၏။ ဣတိ၊ ဤတွင်ရွေ့ အပြီးသတ်သတည်း။

သဗ္ဗာကာရေနာယံ ပရမတ္ထသရူပဘေဒနီ နိဋ္ဌိတာ။

# ပရမတ္ထသရူပဘေဒနီကျမ်း

# အလုံးစုံ ပြီး၏။

# နောက်ဆက်တွဲ

## (သိမှတ်ဖွယ်ရာ ခက်ဆစ် ရှင်းချက်များ)

### ပိဏ္ဍပါတ် ဓုတင်၏ အကျိုးများ (နှာ-၁၃၂)

မိဿက ဘတ္တ = (မိဿက=ရောနှောသော။ ဘတ္တ=ထမင်း)
= တအိမ်တည်းမှ သီးသန့်လောင်းလိုက်သည့်ဆွမ်းမဟုတ်၊ အိမ်အသီးသီးတို့ကလှူလိုက်သည့် သလေးဆွမ်း, မယင်းဆန်ဆွမ်း, ပြောင်းဆံဆွမ်း, သားပြွမ်းဆွမ်း, ထောပတ်ဆွမ်း စသည်တို့ ရောပြွမ်းနေသည့်ဆွမ်းမျိုး။

အန္တ ဇီဝိက = (အန္တ=ယုတ်ညံ့သော။ အောက်တန်းကျသော။ ဇီဝိက=အသက်မွေးခြင်း)
= အိမ်ပေါင်းစုံတို့က ပေးကမ်း လှူဒါန်းလိုက်သည့် အရောရော အနှောနှော ဆွမ်းကိုစားရခြင်းမှာ မိမိစိတ်ကြိုက် မဟုတ်နိုင်သဖြင့် ယုတ်ညံ့သော အသက်မွေးမှုဟု ခေါ်ခြင်းဖြစ်သည်။
= တနည်းဆိုသော်–သူတပါးထံ တောင်းခံ၍ ရသော ဆွမ်းကိုသာ စားရခြင်းဖြစ်၍ ယုတ်ညံ့သော အသက်မွေးမှုဟု ခေါ်ခြင်း ဖြစ်သည်။

ပိဏ္ဍ ပါတ = (ပိဏ္ဍ=အစုအပေါင်း, စုပေါင်းရောနှောသော ဆွမ်း။ ပါတ=ကျခြင်း, သပိတ်ထဲသို့ကျခြင်း)
= ဆွမ်းခံ၍ရသောဆွမ်း (အိမ်အသီးသီးမှ လောင်းလှူသော ဆွမ်းအားလုံး စုပေါင်း၍ သပိတ်ထဲသို့ ကျရောက်သဖြင့် 'ပိဏ္ဍပါတ'ဟု ခေါ်ခြင်း ဖြစ်သည်။)

ဓုတင်=ဓုတင်္ဂ = (ဓုတ=ခါတွက်သည်။ ပယ်ခွါသည်။ အင်္ဂ=အကြောင်း)
= ကိလေသာကို ခါတွက်ခြင်းအကြောင်း။ ကိလေသာကို ပယ်ခွါခြင်းအကြောင်း။

**ပိဏ္ဍပါတ်ဓုတင်။** ။ရည်ညွှန်းလှူဒါန်းသော "ဥဒ္ဒေသဘတ်"စသော ၁၄-ပါးသောဘတ် 'ထမင်း'ကို လက်မခံမူ၍ အစဉ် အမြဲမပြတ် ဆွမ်းခံလှည့်လည်၍ ဘုဉ်းပေးသုံးဆောင်ခြင်းသည် ပိဏ္ဍပါတိကဓုတင်မည်သည်။ (ပိဏ္ဍပါတိက=ဆွမ်းအလို့ငှါ သွားခြင်းအကျင့်ရှိသောပုဂ္ဂိုလ်=ဆွမ်းခံစားသော ပုဂ္ဂိုလ်) (ဘတ္တ=ဘတ်=ထမင်း)

**ရသတဏှာကို ပယ်ခွါနိုင်ခြင်းအကျိုး။** ။ပိဏ္ဍပါတ် ဓုတင်ဆောင် ပုဂ္ဂိုလ်သည် ဆွမ်းခံ၍သပိတ်ထဲ၌ ပါလာသမျှသော အရောရော အနှောနှောသော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ရသည်။ ယင်းသို့ ဘုဉ်းပေး သုံးဆောင်ခြင်းအားဖြင့် 'မည်သည့်ဆွမ်းမျိုးကိုမှ စားချင်သည်' ဟူသော အရသာ၌ တွယ်တာကပ်ငြိသည့် 'ရသတဏှာ'ကို ပယ်ခွါခြင်း ဖြစ်သည်။

ထို့ကြောင့် ပိဏ္ဍပါတ်ဓုတင်ဆောင် ပုဂ္ဂိုလ်သည် အမျိုးစုံ ရောနှောသော ဆွမ်းကို ဘုဉ်းပေးရခြင်းအားဖြင့် 'ရသတဏှာ'ကို ပယ်ခွါနိုင်ခြင်း ဟူသော အကျိုးကို ရရှိပေသည်။

**မာနကို ပယ်နိုင်ခြင်းအကျိုး။** ။ပိဏ္ဍပါတ် ဓုတင်ဆောင်သော ပုဂ္ဂိုလ်ဟူသည် ဆွမ်းခံ၍ အသက်မွေးရ၏။ အသက်မွေးခြင်း တို့တွင် ဆွမ်းခံ၍ အသက်မွေးခြင်းသည် ယုတ်ညံ့၍ အောက်အကျဆုံး အသက် မွေးခြင်းဖြစ်သည်။ ယုတ်ညံ့ဆုံး အောက်အကျဆုံးဖြစ်သော အသက်မွေးခြင်းဖြင့် "ငါ"ဟူသော မာန တရားကို ပယ်ခွါသည်။

ထို့ကြောင့် ပိဏ္ဍပါတ်ဓုတင်ဆောင် ပုဂ္ဂိုလ်အား ယုတ်ညံ့၍ အောက်ကျဆုံး ဖြစ်သော အသက်မွေးခြင်းဖြင့် "ငါ"ဟူသော မာနတရားကို ပယ်ခွါနိုင်ခြင်း ဟူသော အကျိုးကိုလည်း ရရှိလေသည်။

၁။ ပိဏ္ဍပါတ် ဓုတင်ဆောင်ပုဂ္ဂိုလ်သည် **ဂဏဘောဇနဝိနည်း** သိက္ခာပုဒ်ဖြင့် အာပတ်မသင့်၊ အပြစ်မဖြစ်နိုင်။

ဂဏဘောဇနသိက္ခာပုဒ်ဟူသည်ကား—

ဂဏ =အစုအပေါင်း

=ဤ သိက္ခာပုဒ်၌ ရဟန်း ၄-ပါးနှင့် ၄-ပါးအထက်ကို 'ဂဏ'ဟု ပညတ် ထားသည်။

ဘောဇန=စားဘွယ်

ဤ သိက္ခာပုဒ်၌ "ဘောဇန" ပုဒ်အရ စားဘွယ် ၅-မျိုးကို ဆိုလိုသည်။

ဘောဇဉ် ၅-မျိုးမှာ—

(၁) ဩဒန =ဆန်ကိုချက်သောထမင်း

(၂) သတ္တု =ဆန်ဖြင့် ပြုလုပ်သော မုံ့

(၃) ကုမ္မာသော=ဂျုံဖြင့် ပြုလုပ်သော မုန့်

(၄) မစ္ဆော =ငါး စသော ရေသတ္တဝါတို့ အသားဖြင့် ချက်ပြုတ် အပ်သော စားဘွယ်များ

(၅) မံသ =အသား, ကုန်းသတ္တဝါ အသားဖြင့် ချက်ပြုတ်အပ်သော စားဘွယ်များ။

**ရဟန်းတော်တို့ကို မအပ်သောနည်းဖြင့် ပင့်ဖိတ်ပုံ။** ။ရဟန်းတို့ကို ပင့်ဖိတ်ရာ၌ လူအချင်းချင်း ပြောဆို ပင့်ဖိတ်သည့် ဝေါဟာရဖြင့် ပင့်ဖိတ်လျှင် မအပ်သော ပင့်ဖိတ်ခြင်း ဖြစ်သည်။ "ထမင်းစားလာခဲ့ပါ၊အမဲသားဟင်းစားရအောင်ကြွခဲ့ပါ၊ထမင်း သုံးဆောင်ရန် ကြွပါ"ဟူသော လူတို့ ဝေါဟာရ အသုံးအနှုန်းဖြင့် ပင့်ဖိတ်လျှင် မအပ်သော ပင့်ဖိတ်ခြင်းဖြစ်သည်။ "ထမင်း, စားပါ, လာခဲ့ပါ" ဟူသော အသုံးအနှုန်းဖြင့် ရဟန်းတော်တို့ကို မပင့်ဖိတ်အပ်။ 'ဆွမ်း, ဘုဉ်းပေးပါ, ကြွပါ'ဟူသော ဝေါဟာရတို့သည်သာ အပ်ပေသည်။

**ရဟန်းတော်တို့ကို အပ်သော နည်းဖြင့် ပင့်ဖိတ်ပုံ။** ။'အရှင်ဘုရား–ဆွမ်း ဘုဉ်း ပေး ကြွ တော်မူပါ'ဟု ပင့်ဖိတ်လျှင်သာ ရဟန်းတို့နှင့် အပ်သော ဝေါဟာရစကား အသုံးအနှုန်းများ ဖြစ်သည်။

**ဂဏဘောဇန။** ။ရဟန်း ၄-ပါးနှင့် ၄-ပါးအထက် ရဟန်းအစုကို မအပ်သော နည်းဖြင့် ပင့်ဖိတ်၍ ကျွေးသော အစားအစာကို "ဂဏ-ဘောဇန"ဟု ခေါ်သည်။

**ဂဏဘောဇနသိက္ခာပုဒ်။** ။ရဟန်း ၂-ပါး ၃-ပါးအစုကို မအပ်သောနည်းဖြင့် ဆွမ်းစားပင့်ဖိတ်လျှင် ထိုအစာကို ခံယူသုံးဆောင် ကောင်းသည်။ အပြစ်မရှိချေ။ (ဤ ဂဏဘောဇန သိက္ခာပုဒ်အရ အပြစ်မရှိငြားသော်လည်း 'အကပ္ပိယ ဒုက္ကဋ် အာပတ်' သင့်သည်။) ရဟန်း ၄-ပါးနှင့် ၄-ပါး အထက် ပိုသော ရဟန်းအစုကို မအပ်သောနည်းဖြင့် ပင့်ဖိတ်လျှင် ယင်း အစားအစာကို လက်မခံရဟု မြတ်စွာဘုရားသခင်က ပညတ်တော် မူသည်။ ၄-ပါး တစုတည်းပေါင်း၍ ခံယူလျှင် အပြစ်ဖြစ်သည်ဟု "ဂဏဘောဇန" သိက္ခာပုဒ်ကို ပညတ်တော် မူသည်။ (အထူးအခွင့် ပေးထားသည့်အခါ အတွက်သာ "ဂဏ-ဘောဇန" ကို 'လက်ခံ စားသုံးနိုင်သည်။ ထို ကာလများမှတပါး သာမည ကာလ၌ လက်မခံရ။)

## ပိဏ္ဍပါတ်စုတင်ဆောင်ပုဂ္ဂိုလ်၌ ဂဏဘောဇန သိက္ခာပုဒ်အတွက် အပြစ်မရှိနိုင်ခြင်း

ပိဏ္ဍပါတ်စုတင်ဆောင် ရဟန်းအား ဆွမ်းခံလှည့်လည်၍သာ သုံးဆောင်သဖြင့် ပင့်ဖိတ်မှုကို လက်ခံခြင်းမရှိသောကြောင့်၎င်း, ကိုယ်တိုင် မအပ်သော တောင်းခြင်းဖြင့် တောင်းခြင်းမရှိသောကြောင့်၎င်း ဤဂဏဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်း ဟူသော အကျိုးကိုရရှိသည်။

(ဝိ၊၂၊နှာ-၉၇-၁၀၂။ ဝိဋ္ဌ၊၃၊နှာ-၇ဂ-ဂ၃။)

၂။ ပိဏ္ဍပါတ် စုတင်ဆောင် ရဟန်းသည် ပရမ္ပရဘောဇနသိက္ခာပုဒ်ဖြင့် အာပတ် မသင့်နိုင်။ အပြစ် မဖြစ်နိုင်။

ပရမ္ပရဘောဇနသိက္ခာပုဒ် ဟူသည်ကား—

ပရမ္ပရ =(ပရ=နောက်။ ပရ=နောက်)

ဘောဇန =စားဘွယ်။ ဆွမ်း ဘောဇဉ်။

ပရမ္ပရဘောဇန=ဒါယကာတဦးက အရင်လာ၍ ပင့်ဖိတ်ပြီးနောက်မှ အခြား ဒါယကာတို့က လာရောက်၍ ပင့်ဖိတ်လှူဒါန်းသောဘောဇဉ်။

သိက္ခာ =အကျင့်

ပဒ =စကား

သိက္ခာပဒ =ရဟန်းတို့ ကျင့်ရမည်ဟု ပညတ်အပ်သောစကား။

ပရမ္ပရဘောဇနသိက္ခာပုဒ်။ ။မအပ်သော ပင့်ဖိတ်နည်းဖြင့် ဒါယကာတဦးက ပင့်ဖိတ်ပြီးနောက် အခြားဒါယကာတို့ကလည်း မအပ်သောနည်းဖြင့် လာရောက် ပင့်ဖိတ်ပါလျှင် နောက်ဒါယကာ၏ ဆွမ်းကို ရှေးဦးစွာ လက်ခံသုံးဆောင်ခြင်း မပြုရ။ လက်ခံ သုံးဆောင်လျှင် အာပတ်သင့်သည်, အပြစ် ဖြစ်သည်-ဟု 'ပရမ္ပရဘောဇနသိက္ခာပုဒ်'ကို ဘုရားရှင် ပညတ်တော်မူသည်။ (နောက် ဒါယကာက အပ်သောနည်းဖြင့် ပင့်ဖိတ်ပါမူကား သုံးဆောင်ကောင်း၏၊ ပရမ္ပရဘောဇနသိက္ခာပုဒ်အရ အပြစ်မရှိချေ။ သို့ရာတွင် ရှေ့ပင့်ထားသူ ဒါယကာအိမ်သို့ 'ကြွခဲ့မည်'ဟု ဝန်ခံထားလျှင်တော့ ယင်းအိမ်သို့ သွားရမည်။ မသွားလျှင် ဒုက္ကဋ်အာပတ်သင့်သည်။)

**ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်း၌ ပရမ္ပရဘောဇနသိက္ခာပုဒ်အရ အပြစ်မရှိနိုင်ခြင်း**

ဆွမ်းခံလှည့်လည်၍ သုံးဆောင်ခြင်း "ပိဏ္ဍပါတ်ဓုတင်" ဆောက်တည်နေသောရဟန်းမှာမူ ပင့်ဖိတ်မှုကို လက်ခံခြင်း မရှိသောကြောင့် ဤပရမ္ပရဘောဇနသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်းဟူသော အကျိုးကို ရရှိပေသည်။

(ဝိ၊ ၂၊ နှာ-၁၀၂-၁၀၆။ ဝိ၊ ဋ္ဌ၊ ၃၊ နှာ-၇၃-၇၆။)

၃။ ပိဏ္ဍပါတ်ဓုတင်ဆောင်ပုဂ္ဂိုလ်သည် **စာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်, အပြစ်မဖြစ်နိုင်။**

စာရိတ္တ=(စရ=လှည့်လည်သွားလာခြင်း။ စာရီ=လှည့်လည်သွားလာသူ။ တ္တ=အဖြစ်) လှည့်လည်သွားလာခြင်း ရှိသူ၏အဖြစ်။ လှည့်လည်သွားလာခြင်း။

**စာရိတ္တသိက္ခာပုဒ်။** ။ဒါယကာတဦး၏ မအပ်သောနည်းဖြင့် 'ထမင်းစားလာပါ' စသည်ဖြင့် ပင့်ဖိတ်မှုကို လက်ခံထားပြီးဖြစ်မူ အနီးအနားရှိ ရဟန်းတပါးပါးကို မပန်ကြား, မပြောဆိုမူ၍ ပင့်ထားသော ဒါယကာအိမ်သို့ မကြွပဲ တခြားအိမ်သို့ လှည့်လည်သွားလာနေခဲ့လျှင် စာရိတ္တ-သိက္ခာပုဒ်ဖြင့် အပြစ်ရှိသည်။

အထူး အခွင့်အရေး ပေးထားသည့်အခါ၌သာ ဤ စာရိတ္တသိက္ခာပုဒ်အရ အပြစ်မရှိပေ-ဟု ဘုရားရှင်ပညတ်တော်မူသည်။

**ချုပ်ချက်။** ။ဘောဇဉ်၅-မျိုးမှတပါး အခြားစားဘွယ်,ခဲဘွယ်ဖြစ်လျှင်မူကား မည်သည့်နည်းဖြင့် ပင့်ဖိတ်စေကာမူ အိမ်လျှောက်လည်နေသော်လည်း ဤ စာရိတ္တသိက္ခာပုဒ်ဖြင့် အပြစ်မဖြစ်ပေ။

ထို့ပြင် အပ်သောနည်းဖြင့် ပင့်ဖိတ်လျှင် အချိန်နောက်ကျပြေးသော်လည်း ဤ စာရိတ္တသိက္ခာပုဒ်ဖြင့် အပြစ်မဖြစ်။ (ထိုမအပ်သော ပင့်ဖိတ်နည်းဖြင့် ပင့်ဖိတ်ထားသော ဘတ်=ထမင်းကို ရဟန်း ၄-ပါး,၄-ပါး ထက်အလွန် တပေါင်းတည်း,တစုတည်း ခံယူသော် ဂဏဘောဇနသိက္ခာပုဒ်အရ အပြစ်ရှိသည်။)

**ပိဏ္ဍပါတ်ဓုတင်ဆောင်ပုဂ္ဂိုလ်၌ စာရိတ္တသိက္ခာပုဒ်အရ အပြစ်မရှိနိုင်ခြင်း**

ဆွမ်းခံလှည့်လည်၍ သုံးဆောင်ခြင်းတည်းဟူသော "ပိဏ္ဍပါတ်ဓုတင်" ဆောက်တည်နေသော ရဟန်းအတွက်မှာမူ ပင့်ဖိတ်မှုကို လက်ခံခြင်း မရှိသောကြောင့် ဤစာရိတ္တသိက္ခာပုဒ်ဖြင့် အာပတ်မသင့်နိုင်ခြင်း ဟူသော အကျိုးကို ရရှိပေသည်။

(ဝိ၊ ၂၊ နှာ-၁၃၁-၁၃၇။ ဝိ၊ ဋ္ဌ၊ ၃၊ နှာ-၁၂၃-၁၂၇။)

## စရိုက် ၆-ပါးကို အကျယ် ၆၃-ပါးဖြင့် ဝေဖန်ပြခြင်း(နှာ-၁၆၇)

**စရိယာ=စရိတ=စရိုက်။** ။ပင်ကိုယ် ဖြစ်ရိုးဖြစ်စဉ် ဖြစ်နေကျထက် လွန်ကဲ ပိုမို၍ အဖြစ်များခြင်းကို 'စရိယာ' (=စရိုက်) ဟု ခေါ်သည်။

ထိုစရိုက်သည် အကြမ်းအားဖြင့် ရာဂ စရိုက်, **ဒေါသ** စရိုက်, **မောဟ** စရိုက်, **သဒ္ဓါ** စရိုက်, **ဗုဒ္ဓိ** စရိုက်, **ဝိတက္က** စရိုက်ဟူ၍ ၆-မျိုး ရှိသည်။

ရာဂ စရိုက် ရှိသူသည် ဒေါသ, မောဟဖြစ်လောက်သည့် အာရုံမျိုး၌ ဒေါသ, မောဟ မဖြစ်အောင် ချုပ်တည်း အောင့်အည်း သိမ်းဆည်းနိုင်သော်လည်း ရာဂဖြစ်လောက်သည့် အာရုံ၌ကား မချုပ်တည်း မအောင့်အည်း မသိမ်းဆည်း နိုင်ပဲ ရှိ၏။ အခြားဒေါသစရိုက် စသည်ရှိသူများလည်း ဤနည်းနှင်နှင်ပင်။

### စရိုက်အပြား ၆၃-ပါး

ဤစရိုက်တို့သည် သတ္တဝါတဦးလျှင် တမျိုးကျစီသာ ရှိရမည်ဟု လှေနံဓားထစ်မဟုတ်ချေ၊ မည်သည့်ပုဂ္ဂိုလ်၌ မည်သည့်စရိုက်သာရှိသည်ဟု အတိအကျ မဆိုနိုင်။ အချို့မှာ ၂-မျိုး ၃-မျိုး စသည်ဖြင့် အရောရော အနှောနှောပင် ရှိတတ်၏။ ထို့ကြောင့် ပုဂ္ဂိုလ်အမျိုးမျိုးအလိုက် စရိုက်အမျိုးမျိုး ပြားရသည် ဖြစ်၍ စရိုက်အပြား ၆၃-ပါး ဖြစ်ရလေသည်။

ထိုတွင် ရာဂါဒိတိက်စရိုက် ၇-ပါး, သဒ္ဓါဒိတိက် စရိုက်၇-ပါး, မိဿကစရိုက် ၄၉-ပါးဟူ၍ ရှိလေတော့သည်။

**ရာဂါဒိတိက်စရိုက် ၇-ပါး။** ။ရာဂ, ဒေါသ, မောဟ ၃-ပါး၌ တပါးစီအားဖြင့်၄င်း၊ ထိုက်သလို ရောနှော၍၄င်း အောက်ပါ အတိုင်း ဖြစ်သည်။

(၁) ရာဂ စရိုက်။

(၂) ဒေါသ စရိုက်။

(၃) မောဟ စရိုက်။

(၄) ရာဂ–ဒေါသ စရိုက်။

(၅) ရာဂ–မောဟ စရိုက်။

(၆) ဒေါသ–မောဟ စရိုက်။

(၇) ရာဂ–ဒေါသ–မောဟ စရိုက်

အားဖြင့် စရိုက် ၇-ပါး ပြားသည်။ (ဤ၌ စရိုက် ၁-မျိုးရှိသူ, ၂-မျိုးရှိသူ, ၃-မျိုးရှိသူ အားဖြင့် ရာဂ, ဒေါသ, မောဟ နှင့် စပ်၍ ပုဂ္ဂိုလ် ၇-မျိုးအလိုက် စရိုက် ၇-မျိုး ပြားလေသည်။)

**သဒ္ဓါဒိတိက်စရိုက် ၇-ပါး။** ။သဒ္ဓါ, ဗုဒ္ဓိ, ဝိတက္က ၃-ပါး၌ တပါးစီအားဖြင့်၎င်း၊ ထိုက်သလို ရောနှော၍၎င်း အောက်ပါအတိုင်း ပြားပြန်သည်။

(၁) သဒ္ဓါ စရိုက်။
(၂) ဗုဒ္ဓိ စရိုက်။
(၃) ဝိတက္က စရိုက်။
(၄) သဒ္ဓါ–ဗုဒ္ဓိ စရိုက်။
(၅) သဒ္ဓါ–ဝိတက္က စရိုက်။
(၆) ဗုဒ္ဓိ–ဝိတက္က စရိုက်။
(၇) သဒ္ဓါ–ဗုဒ္ဓိ–ဝိတက္က စရိုက်

အားဖြင့် စရိုက် ၇-ပါး ပြားသည်။ (ဤ၌ စရိုက် ၁-မျိုးရှိသူ၊ ၂-မျိုးရှိသူ၊ ၃-မျိုးရှိသူအားဖြင့် သဒ္ဓါ, ဗုဒ္ဓိ, ဝိတက္ကနှင့် စပ်၍ ပုဂ္ဂိုလ် ၇-မျိုးအလိုက် စရိုက် ၇-မျိုး ပြားရခြင်း ဖြစ်သည်။)

ရာဂါဒိတိက်စရိုက် ၇-ပါးနှင့် သဒ္ဓါဒိတိက်စရိုက် ၇-ပါးကိုပေါင်းသော် ၁၄-ပါး ဖြစ်သည်။

## မိဿက စရိုက် ၄၉-ပါး

မိဿကစရိုက်သည် ဧကမူ၌ ၂၁-ပါး, ဒွိမူ၌ ၂၁-ပါး, တိမူ၌ ၇-ပါးအားဖြင့် ၄၉-ပါး ရှိသည်။

**ဧကမူ၌ စရိုက် ၂၁-ပါး။** ။ရာဂကိုမူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်လျှင် — (၁) ရာဂ–သဒ္ဓါ စရိုက်။ (၂) ရာဂ–ဗုဒ္ဓိ စရိုက်။ (၃) ရာဂ–ဝိတက္ကစရိုက်။ (၄) ရာဂ–သဒ္ဓါ–ဗုဒ္ဓိ စရိုက်။ (၅) ရာဂ–သဒ္ဓါ–ဝိတက္က စရိုက်။ (၆) ရာဂ–ဗုဒ္ဓိ–ဝိတက္က စရိုက်။ (၇) ရာဂ–သဒ္ဓါ–ဗုဒ္ဓိ–ဝိတက္က စရိုက်အားဖြင့် ၇-မျိုး ပြားသည်။

ထို့အတူ ဒေါသကို မူတည်၍ သဒ္ဓါ စသည်ကို မူလီသွတ်လျှင်— ဒေါသ–သဒ္ဓါ စရိုက် စသည်ဖြင့် ၇-မျိုးပြားသည်။

မောဟကို မူတည်၍ သဒ္ဓါ စသည်ကို မူလီသွတ်လျှင်လည်း မောဟ–သဒ္ဓါ စရိုက် စသည်ဖြင့် ၇-မျိုးပင် ပြားသည်။

ဤသို့လျှင် ကေမူဠ ၇×၃–လီ ၂၁-ပါး ရ၏။

**ဒွိမူဠ စရိုက် ၂၁-ပါး။** ။ရာဂ–ဒေါသကို မူတည်၍ သဒ္ဓါ စသည်ကို မူလီ သွတ်လျှင်—(၁) ရာဂ–ဒေါသ—သဒ္ဓါ စရိုက်။ (၂) ရာဂ–ဒေါသ–ဗုဒ္ဓိစရိုက်။ (၃) ရာဂ–ဒေါသ–ဝိတက္ကစရိုက်။ (၄) ရာဂ–ဒေါသ–သဒ္ဓါ–ဗုဒ္ဓိ စရိုက်။ (၅) ရာဂ–ဒေါသ–သဒ္ဓါ–ဝိတက္က စရိုက်။ (၆) ရာဂ–ဒေါသ–ဗုဒ္ဓိ–ဝိတက္က စရိုက်။ (၇) ရာဂ–ဒေါသ–သဒ္ဓါ–ဗုဒ္ဓိ–ဝိတက္က စရိုက် အားဖြင့် ၇-မျိုး ပြားသည်။

ထို့အတူ ရာဂ–မောဟ ကို မူတည် သဒ္ဓါ စသည်ကို မူလီသွတ်၍ ရာဂ–မောဟ–သဒ္ဓါ စရိုက် စသည်ဖြင့် ၇-မျိုးပြားသည်။

ဒေါသ–မောဟကို မူတည် သဒ္ဓါ စသည်ကို မူလီသွတ်၍လည်း ဒေါသ–မောဟ–သဒ္ဓါ စရိုက် စသည်ဖြင့် ၇-မျိုးပြားသည်။

ဤသို့လျှင် ဒွိမူဠလည်း ၇×၃-လီ ၂၁-ပါးပင် ရ၏။

**တိမူဠ စရိုက် ၇-ပါး။** ။ရာဂ ဒေါသ မောဟ ၃-ပါးကို မူတည်၍ သဒ္ဓါစသည်ကို မူလီသွတ်ရန်ကား—(၁) ရာဂ ဒေါသ မောဟ–သဒ္ဓါ စရိုက်။ (၂) ရာဂ ဒေါသ မောဟ–ဗုဒ္ဓိ စရိုက်။ (၃) ရာဂ ဒေါသ မောဟ–ဝိတက္က စရိုက်။ (၄) ရာဂ ဒေါသ မောဟ–သဒ္ဓါ–ဗုဒ္ဓိ စရိုက်။ (၅) ရာဂ ဒေါသ မောဟ–သဒ္ဓါ–ဝိတက္က စရိုက်။ (၆) ရာဂ ဒေါသ မောဟ–ဗုဒ္ဓိ–ဝိတက္က စရိုက်။ (၇) ရာဂ ဒေါသ မောဟ–သဒ္ဓါ–ဗုဒ္ဓိ–ဝိတက္က စရိုက်ဟူ၍ တိမူဠ စရိုက် ၇-မျိုး ပြားသည်။

ဤသို့လျှင် ကေမူဠ ၂၁-ပါး။
ဒွိမူဠ ၂၁-ပါး။
တိမူဠ ၇-ပါး။

ပေါင်းသော် မိဿက စရိုက် ၄၉-ပါး ဖြစ်သည်။

ရာဂါဒိတိက်စရိုက် ၇-ပါး, သဒ္ဓါဒိတိက် စရိုက် ၇-ပါးတို့နှင့် မိဿက စရိုက် ၄၉-ပါးကို ပေါင်းသော် စရိုက်အပြား ၆၃-ပါး ဖြစ်သည်။

(ဋီကာကျော်၊နှာ-၂၅၆-၇။ မဏိသာရမဉ္ဇူ၊ဒု၊နှာ-၄၇၄-၄၇၅။)

## ပဋိဘာဂနိမိတ်ရကောင်းသော ကမ္မဋ္ဌာန်း ၂၂-ပါး (နှာ-၁၇၁)

ပဋိဘာဂနိမိတ် ရကောင်းသော အာရုံများမှာ—

ကသိုဏ်း .... .... ၁၀–ပါး

အသုဘ .... .... ၁၀–ပါး

ကာယဂတာသတိ .... ၁–ပါး

အာနာပါနဿတိ .... ၁–ပါး

ဤ ၂၂-ပါးသော ကမ္မဋ္ဌာန်းအာရုံ၌ ပဋိဘာဂနိမိတ် ရသည်။

## ပဋိဘာဂနိမိတ်မရကောင်းသောအာရုံများ

ဗုဒ္ဓါနုဿတိ, ဓမ္မာနုဿတိ, သံဃာနုဿတိ, သီလာနုဿတိ, စာဂါနုဿတိ, ဒေဝတာနုဿတိ,ဥပသမာနုဿတိ,မရဏာနုဿတိ ဟူသော—

အနုဿတိ .... .... ၈–ပါး

အပ္ပမညာ .... .... ၄–ပါး

အာဟာရေပဋိကူလသညာ ၁–ပါး

စတုဓာတုဝဝတ္ထာန် .... ၁–ပါး

အာရုပ္ပ .... .... ၄–ပါး

ဤ ၁၈-ပါးသော ကမ္မဋ္ဌာန်းအာရုံ၌ ပဋိဘာဂနိမိတ်ကို မရပေ။

**ပရိကမ္မနိမိတ်။** ။ဘာဝနာစတင်ပွါးများသူယောဂီ၏ ရှေးဦးအစဆုံး ပြုရသော အာရုံသည် ပရိကမ္မနိမိတ်ဖြစ်သည်။ ကမ္မဋ္ဌာန်းစ၍ စီးဖြန်းသည့်အခါ အာရုံပြုအပ်သော ပထဝီကသိုဏ်း ဝန်းစသည်ကိုပင် ပရိကမ္မနိမိတ်ဟု ခေါ်သည်။ (ပရိကမ္မ=ပရိကမ္မဘာဝနာ။ နိမိတ္တ=အကြောင်းအာရုံ။ ပရိ=ရှေးဦးစွာ။ ကမ္မ=ပြုခြင်း။ပရိကမ္မ=ရှေးဦးစွာပြု စီမံခြင်း)။

**ဥဂ္ဂဟနိမိတ်။** ။ကမ္မဋ္ဌာန်း စီးဖြန်း၍ စိတ်ထဲ၌ အတော်စွဲလမ်းသည့် အခါ၌ ယင်း ကမ္မဋ္ဌာန်းကို မျက်စိဖြင့် တိုက်ရိုက်မကြည့်တော့ပဲ စိတ်၌ တန်းတန်းမတ်မတ် ထင်ထင်ရှားရှား ယူနိုင်လာသည်။ ထိုအာရုံသည်ပင် ဥဂ္ဂဟနိမိတ်မည်သည်။ (ဥဂ္ဂဟ=စိတ်၌ ယူအပ်ခြင်း)။

**ပဋိဘာဂနိမိတ်။** ။မူလစီစဉ်ထားသော ကသိုဏ်းစသည်နှင့် တူစွာ အစွန်းအထင်းမရှိ စင်စင်ကြယ်ကြယ် ပြိုးပြိုးပြက်ပြက် အရောင်

အလင်းဖြင့် တောက်ပစွာ စိတ်၌ ထင်ပေါ်လာသော အာရုံသည် ပဋိဘာဂ နိမိတ် မည်၏။ (ပဋိဘာဂ=အတူ၊အတု)။

**အထူးသတိပြုရန်အချက်။** ။ပဋိဘာဂ နိမိတ်သည် ဥဂ္ဂဟနိမိတ်၏ မြင့်မြတ် ထူးခြား စင်ကြယ်သော အဆင့်ပင် ဖြစ်သည်။ ဥဂ္ဂဟနိမိတ် မရှိပါက ပဋိဘာဂနိမိတ် မဖြစ်ပေါ်နိုင်ပေ။ ပဋိဘာဂနိမိတ်ဖြစ်ပေါ်ခြင်း၌ ဥဂ္ဂဟနိမိတ်အစစ် အခြေခံသည်။

## ကမ္မဋ္ဌာန်း၌ နိမိတ် ၃-ပါး ရပုံ

**ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ် ရကောင်းသော ကမ္မဋ္ဌာန်းများ** ထို နိမိတ် ၃-ပါးတွင် ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟ နိမိတ်များကို ကမ္မဋ္ဌာန်း ၄၀–လုံး၌ပင် ရကောင်းသည်။ သို့သော်ငြားလည်း တချို့ ကမ္မဋ္ဌာန်း၌ ပရိကမ္မနိမိတ်ဖြစ်သည့် အခိုက်အတန့်နှင့် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ်သည့် အခိုက်အတန့် တို့ကို အတိအကျကန့်သတ်၍ မုချအားဖြင့် ခွဲခြားရကောင်းသည်။ တချို့ကမ္မဋ္ဌာန်း၌မူကား ပရိယာယ်အားဖြင့်သာ ခွဲခြား၍ ရကောင်းသည်။ ထင်ရှားစေအံ့—

**ပရိကမ္မနိမိတ်။** ။ပထဝီကသိုဏ်းဝန်းကို စီမံပြီးလျှင် "ပထဝီ, ပထဝီ" ဟု နှုတ်ဖြင့် ရွတ်၍၎င်း, မျက်စိဖြင့်စူးစိုက်ကြည့်ရှု၍၎င်း ပွါးများနေဆဲအခါ၌ ယင်း ပထဝီကသိုဏ်းဝန်းကို ပရိကမ္မနိမိတ်-ဟု ခေါ်သည်။

ထို့နောက် ပထဝီကသိုဏ်းဝန်း အနားမှ ခွါခဲ့၍ အခြားသင့်လျော်ရာအရပ်၌ ထိုပထဝီကသိုဏ်းဝန်းကို ဆင်ခြင်ပြီးလျှင် စီးဖြန်းသည့်အခါ ပကတိမျက်စိဖြင့် ကြည့်မြင်နေရဘိသကဲ့သို့ စိတ်၌ ထင်ထင်ရှားရှား ယူနိုင်လေသည်။ ထိုသို့ စိတ်၌ ယူအပ်သော ပထဝီကသိုဏ်းဝန်းသည် ဥဂ္ဂဟနိမိတ် အစစ်တည်း။

ပဋိဘာဂနိမိတ် ရကောင်းသော ကမ္မဋ္ဌာန်း ၂၂-ပါးတို့၌ မုချအားဖြင့် ပရိကမ္မနိမိတ်, ဥဂ္ဂဟနိမိတ် ၂-ပါး ရကောင်းသည်။

**ပဋိဘာဂနိမိတ် မရခြင်း အကြောင်း။** ။ပဋိဘာဂ နိမိတ် မရကောင်းသော ဗုဒ္ဓါနုဿတိစသည် တို့၌ကား မူလစ၍ စီးဖြန်းစဉ်အခါကပင် စိတ်ဖြင့်မှန်း၍ စီးဖြန်းရခြင်းဖြစ်သည်။ ပကတိမျက်စိဖြင့် ကြည့်မြင်ရသကဲ့သို့ မမြင်စကောင်းပေ။ ထို့ကြောင့် မည်သည့်အခိုက်အတန့်ကို ပရိကမ္မနိမိတ်, မည်သည့်အခိုက်အတန့်ကို ဥဂ္ဂဟနိမိတ်-ဟု အတိအကျ မုချအားဖြင့် မခွဲခြားနိုင်။ ဂုဏ်တော်စသော အာရုံများ စိတ်ထဲ၌ ကောင်းစွာ မထင်ရှားသေးခင် အာရုံပြုအပ်သော အာရုံကို ပရိကမ္မနိမိတ်, စိတ်ထဲ၌

ကောင်းစွာ ထင်ရှားလာသည့်အခါ ပြုအပ်သော အာရုံကို ဥဂ္ဂဟနိမိတ်-ဟူ၍ ပရိယာယ်အားဖြင့်သာ ခွဲခြား၍ ရကောင်းခြင်း ဖြစ်သည်။ မုချအားဖြင့်မရနိုင်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ၁၈-ပါးတို့၌ မုချဥဂ္ဂဟနိမိတ် အခြေခံရှိသည့် ပဋိဘာဂနိမိတ် မရနိုင်ခြင်း ဖြစ်သည်။

## ပဋိဘာဂနိမိတ်ရခြင်း မရခြင်းအကြောင်း တနည်း

ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်းများ၌ စီးဖြန်းခါစ၌လည်း ဘုရားဂုဏ်ကိုသာ အာရုံပြုရသည်။ အသားကျသည့်အခါ၌လည်း ဘုရားဂုဏ်ပင်ဖြစ်၍ တမျိုးတဖုံ အာရုံအတု ထင်လာဖွယ် မရှိတော့ချေ။ ပကတိ ဘုရားဂုဏ်စသော အာရုံများ သာလျှင် ထင်ရှားစွာ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈-ပါး, အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်, ဗြဟ္မဝိဟာရ ၄-ပါး, အာရုပ္ပ ၄-ပါး၊ ဤ ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ် မရနိုင်။ ကသိုဏ်း ၁၀-ပါး, အသုဘ ၁၀-ပါး, ကာယဂတာသတိ, အာနာပါနဿတိ-ဟူသော ကမ္မဋ္ဌာန်း ၂၂-ပါး၌သာ ပဋိဘာဂနိမိတ်များ ရကောင်းသည်။

**ပရမတ်နိမိတ်နှင့် ပညတ်နိမိတ် အစုံရသည့် ကမ္မဋ္ဌာန်း၌သာ ပဋိဘာဂနိမိတ်ရနိုင်ခြင်း**

အဘယ်ကြောင့် ကသိုဏ်း စသော ၂၂-ပါးသော ကမ္မဋ္ဌာန်း၌ ပဋိဘာဂနိမိတ်ကို ရအပ်သနည်း ဟူမူ—ကသိုဏ်းစသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ရှေ့အဘို့မှာ ပရမတ်နိမိတ်ဖြစ်၍ နောက်အဘို့မှာ အလားတူ ပညတ်နိမိတ်ဟူသော နိမိတ် ၂-ပါးတို့ကို ရအပ်သောကြောင့် ကသိုဏ်းစသော ၂၂-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို ရအပ်သည်။

အဘယ်ကြောင့် ဗုဒ္ဓါနုဿတိစသော ၁၈-ပါးသော ကမ္မဋ္ဌာန်းတို့၌ ပဋိဘာဂနိမိတ်ကို မရအပ်သနည်း—ဤ ဗုဒ္ဓါနုဿတိစသော ၁၈-ပါးသော ကမ္မဋ္ဌာန်းတွင် ဗြဟ္မဝိဟာရ ၄-ပါး, ပထမာရုပ္ပ, တတိယာရုပ္ပဟူသော ကမ္မဋ္ဌာန်း ၆-ပါးတို့၌ ပညတ်နိမိတ်ကိုသာ ရနိုင်သည်။ ဗုဒ္ဓါနုဿတိစသော အနုဿတိ ၈-ပါး, ဧသညာ,ဧဝဝတ္ထာန်, ဒုတိယာရုပ္ပ, စတုတ္ထာရုပ္ပဟူသော ကမ္မဋ္ဌာန်း ၁၂-ပါးတို့၌ ရှေ့-နောက် အလုံးစုံသောအဘို့တို့မှာ ပရမတ်နိမိတ်ကိုသာ ရသည်။ နိမိတ်တူ သီးခြား မရနိုင် မဖြစ်ပေါ်လာနိုင်သောကြောင့် ဗုဒ္ဓါနုဿတိစသော ကမ္မဋ္ဌာန်း ၁၈-ပါးတို့၌ ပဋိဘာဂနိမိတ်ကို မရအပ်။

ဋီကာကျော်၊ နှာ-၂၆၂။ မဏိသာရမဉ္ဇူ၊ ဒု၊ နှာ-၄၉၈။

## ကသိုဏ်းနိမိတ်ကိုခွဲ၍ ပွါးများပုံ(နှာ-၂၀၇)

**ပရိကမ္မနိမိတ်။** ။ကမ္မဋ္ဌာန်းစ၍ စီးဖြန်းသည့်အခါ အာရုံပြုအပ်သော ပထဝီကသိုဏ်းဝန်းစသော အာရုံများသည် ပရိကမ္မ နိမိတ်မည်၏။ ယင်းအာရုံများမှာ မျက်စိဖြင့် တိုက်ရိုက် မြင်သိနေရသည့် နိမိတ်များ ဖြစ်သည်။

**ဥဂ္ဂဟနိမိတ်။** ။မျက်စိဖြင့် တိုက်ရိုက်မကြည့်တော့ပဲ ယင်းပရိကမ္မအာရုံကို စိတ်ဖြင့် ဆင်ခြင်သောအခါ မျက်စိဖြင့် ကြည့်၍ မြင်ရသကဲ့သို့ပင် စိတ်ထဲမှာ တန်းတန်းမတ်မတ် ထင်ထင်ရှားရှား ပေါ်လာသည့် ပထဝီကသိုဏ်းဝန်းစသောအာရုံသည် ဥဂ္ဂဟ နိမိတ်ဖြစ်သည်။ မနောဒွါရဖြင့် ယူအပ်သောကြောင့် ဥဂ္ဂဟနိမိတ်မည်သည်။(ဥဂ္ဂဟ=ယူအပ်ခြင်း၊ နိမိတ္တ=အာရုံ။)

**ပဋိဘာဂနိမိတ်။** ။(ပဋိဘာဂ=အတူ၊ အတု)မူလမျက်စိဖြင့် မြင်ရသည့် ပရိကမ္မနိမိတ် ဟူသော မူလကသိုဏ်းဝန်း အခြေခံပြီး မနောဒွါရ၌ ယူအပ်သည့် ဥဂ္ဂဟနိမိတ်နှင့်အလားတူစွာ ယင်းဥဂ္ဂဟနိမိတ်ထက် အဆပေါင်း မြောက်မြားစွာ ပြတ်ပြတ်သားသား ထင်ထင်ရှားရှား အစွန်း အထင်းမရှိ စင်စင်ကြယ်ကြယ် ပြိုးပြိုးပြက်ပြက် စိတ်ထဲမှာ ပေါ်လာသော အာရုံသည် ပဋိဘာဂနိမိတ်ဖြစ်သည်။ မျက်စိဖြင့် မြင်အပ်သော ပရိကမ္မနိမိတ်အရင်းခံသည့် ဥဂ္ဂဟနိမိတ်နှင့်အလားတူသောကြောင့် ပဋိဘာဂနိမိတ်မည်သည်။

**ပဋိဘာဂနိမိတ်ကိုခွဲပွါးရခြင်း။** ။ထိုပဋိဘာဂနိမိတ်ကို ရသည်နှင့် တပြိုင်နက် ဥပစာရ သမာဓိသို့ ရောက်သည်။ ယင်းပဋိဘာဂနိမိတ်ခိုင်မြဲတည်တံ့၍ ဥပစာရသမာဓိ တဆင့်ထက် တဆင့် ရင့်သန်လာအောင် အားထုတ်ပွါးများရသည်။ ယင်းဥပစာရသမာဓိနှင့် ပဋိဘာဂ နိမိတ်ကို ရဘို့ရန် လွန်စွာပင် ခဲယဉ်းသည်ဖြစ်၍ ယောဂီသည် စိတ်ထက်သန် အားကောင်းအောင် သမာဓိ ဘာဝနာ ပြန့်ပြော များပြားအောင် ရပြီးသော ပဋိဘာဂနိမိတ်ကို တဖြေးဖြေး ချဲ့ကာချဲ့ကာ ပွါးရသည်။

**ချဲ့ပွါးရမည့်အခါ-၂-ပါး။** ။ချဲ့ကာချဲ့ကာ ပွါးရမည့် အခါမှာ အပ္ပနာသို့ရောက်၍ ဈာန်ကိုရပြီးသော အခါနှင့် ဈာန်မရခင် ပဋိဘာဂနိမိတ်ကို ရသည့် ဥပစာရသို့ ရောက်သောအခါဖြစ်သည်။

ထိုအခါ-၂-ပါး၌ မချွတ်ကေန် ချဲ့ကာချဲ့ကာ ပွါးရသည်။

**ဥဂ္ဂဟနိမိတ်ကို ချဲ့၍မပွါးစကောင်း။** ။ပဋိဘာဂနိမိတ်ကို မရခင် ဥဂ္ဂဟနိမိတ်အခါ၌ ချဲ့၍မပွါးရ၊ ဥဂ္ဂဟနိမိတ်အခါ၌ ချဲ့ပွါးလျှင် ဥဂ္ဂဟနိမိတ်သည် ကြီး၍ ပွါး၍ လိုက်လာသည်။ သမာဓိအား

မကောင်းသေးသောကြောင့် စိတ်နိုင်အောင် မထိန်းနိုင် မရှုနိုင်သဖြင့် နိမိတ်ပြန့်ကြဲကာ ကွဲ၍ ပျက်စီး၍ သွားတတ်သည်။ ထို့ကြောင့် ဉဂ္ဂဟနိမိတ်ကို ကြီးပွါးအောင် နှလုံးမသွင်းအပ်၊ ချဲ့၍ မပွါးအပ်၊ ပဋိဘာဂနိမိတ် ရပြီးမှသော်၎င်း၊ စျာန်ရပြီးမှသော်၎င်း ပဋိဘာဂနိမိတ်ကို တဖြေးဖြေး ချဲ့ကာ ချဲ့ကာ ပွါးရမည်။

**ချဲ့ပွါးပုံ။** ။ချဲ့၍ ပွါးပုံမှာ— စိတ်က "ကြီး ကြီး-ကြီး ကြီး" ဟု နှလုံးသွင်းလျှင် စိတ်ထင်တိုင်း အောက်မေ့တိုင်း ပဋိဘာဂနိမိတ်ကသိုဏ်းဝန်းသည် ကြီး၍ လိုက်လာသည်၊ ကြီးလာသည့်အခါ၌လည်း တခါတည်း မကြီးထွားစေရ၊ တဖြေးဖြေး လက် ၁-သစ်၊ ၂-သစ်၊ ၃-သစ်၊ ၄-သစ်၊ ဂ-သစ်၊ ၁-တောင်၊ ၁-လံ၊ ၁၀-လံ စသည်ဖြင့် စကြ်ဝဠာနှင့် အပြည့်တိုင်အောင်သော်၎င်း၊ ထိုထက်အလွန်သော်၎င်း တစတစ ချဲ့ကာချဲ့ကာ ကြီးပွါးစေရသည်၊ အလိုရှိသလောက် စိတ်ထက်သန်သလောက် ပဋိဘာဂနိမိတ်သည် ကြီး၍ ကြီး၍ လိုက်လာသည်။

**မချဲ့အပ်သောနည်း။** ။ချဲ့ပွါးအပ်သောအခါ–အပိုင်းအခြား အကန့်အသတ်မရှိသော ပတ္တဝဍ္ဍန=သပိတ်အိုးခွက် စသည်တို့ကို ပွါးစေသောနည်း။ ပူဝ ဝဍ္ဍန=မုန့်ကို ပွါးစေသောနည်း။ ဘတ္တဝဍ္ဍန=ထမင်းကို ပွါးစေသောနည်း။ လတာ ဝဍ္ဍန=နွယ်ကို ပွါးစေသောနည်း။ ဒုဿဝဍ္ဍန=ပုဆိုးကိုပွါးစေသောနည်းတို့ဖြင့် အပိုင်းအခြား အကန့်အသတ်မရှိပဲ ချဲ့ကာ ချဲ့ကာ မပွါးစေအပ်။

**ချဲ့အပ်သောနည်း။** ။အပိုင်းအခြား အကန့်အသတ်ရှိသော **ကဿကဝဍ္ဍန**=လယ်ကို ပွါးစေသောနည်း၊ လယ်ထွန်သောနည်း။ **သိမာဗန္ဓန**=သိမ်သမုတ်သောနည်းတို့ဖြင့် ပိုင်းခြားကန့်သတ်၍ လက် ၁-သစ်၊ ၂-သစ် စသည်ဖြင့် ချဲ့ကာချဲ့ကာ ပွါးစေရမည်။

**ပတ္တဝဍ္ဍန။** ။ထိုတွင် ပတ္တဝဍ္ဍနဟူသည်ကား—အိုးထိန်းသည်သည် မြေညက်ဖြင့် သပိတ် အိုးခွက်စသည်တို့ကို ပြုလုပ်သည့်အခါ ရှေးဦးစွာ မည်သည့်အရွယ်အစား ပြုလုပ်မည်ဟု အပိုင်းအခြား အကန့်အသတ်မထားပဲ သပိတ် အိုး ခွက်တို့ကို ပြုလုပ်ခြင်းမျိုး ဖြစ်သည်။ (ပတ္တ=သပိတ်၊ ခွက်)

**ပူဝ ဝဍ္ဍန။** ။ပူဝဝဍ္ဍနဟူသည်ကား—မုန့်လုပ်သူသည် မုန့်များကို ဤမျှ ဤမျှ အရွယ်အစား ရှိရမည်ဟု ရှေးဦးစွာ ပိုင်းခြားကန့်သတ်ထားခြင်း မရှိပဲ အိုးကင်း၌ မုန့်ကို ပြုလုပ်ခြင်းမျိုးတည်း။

**ဘတ္တဝဍ္ဍန။** ။ဘတ္တဝဍ္ဍနဟူသည်—ထမင်းချက်သူသည် ရှေးဦးစွာ လူဦးရေမည်မျှအတွက် ထမင်းမည်မျှချက်ရမည်ဟု ပိုင်းခြားကန့်သတ်ချက်မရှိပဲ ထမင်းချက်၍ ထမင်းကို ထည့်ခြင်း ချက်ခြင်းမျိုးတည်း။

**လတာဝစုန**။ ။လတာ ဝစုနဟူသည်ကား— သစ်ပင်ခြုံနွယ်ကို ရှည်အောင် ကျယ်ပြန့်အောင် တိုးပွါးအောင် ပြုလုပ်သူသည် ရှေးဦးစွာ နွယ်ကို မည်ရွေ့မည်မျှ ရှည်ပြန့်စေရမည်ဟု ပိုင်းခြားသတ်မှတ်ချက် မရှိပဲ နွယ်ကို ရှည်ချင်သလောက် ရှည်အောင် ကျယ်ပြန့်နိုင်သလောက် ကျယ်ပြန့်အောင် ပြုလုပ်ခြင်းမျိုးကို ဆိုလိုသည်။

**ဒုဿဝစုန**။ ။ဒုဿဝစုနဟူသည်ကား—ယက္ကန်းသည်သည် ယက္ကန်းရှည်ရာ၌ ပုဆိုးကို ဤရွေ့ ဤမျှ ရှည်အောင်သာ ရက်လုပ်မည်ဟု ပိုင်းခြားကန့်သတ်ချက် မရှိပဲ ရှည်နိုင်သမျှရှည်အောင် ရက်လုပ်ခြင်းမျိုး ဖြစ်သည်။

ထိုနည်းတို့တူစွာ ပိုင်းခြားကန့်သတ် သတ်မှတ်ချက် မရှိပဲ ပဋိဘာဂနိမိတ်ကို ချဲ့၍ ချဲ့၍ မပွါးစေရ။

**ကဿက ဝစုန**။ ။လယ်ထွန်ယောကျ်ားသည် ထွန်အပ်သောအရပ်ကို ပိုင်းခြားသတ်မှတ်၍ ပိုင်းခြားသတ်မှတ်ထားသော အရပ်အတွင်း၌ လယ်ကို ထွန်ခြင်းသည် ကဿကဝစုနမည်၏။ (ကဿက=လယ်သမား)

**သီမာ ဗန္ဓန**။ ။သိမ်သမုတ်သော ရဟန်းတို့သည် ရှေးဦးစွာ ကျောက်တိုင်စသည့် သိမ်နိမိတ်တို့ကို ပိုင်းခြား သတ်မှတ်ပြီးနောက်မှ သိမ်သမုတ်ခြင်း ဖြစ်သည်၊ ဤသို့ပြုခြင်းမှာ သီမာဗန္ဓနမည်သည်။

ထိုနည်းတူ ရှေးဦးစွာ ကသိုဏ်းဝန်းစသည့် နိမိတ်ကို စိတ်ဖြင့် ပိုင်းခြားကန့်သတ်ထားပြီးမှ ပိုင်းခြားကန့်သတ်ထားသည်အားလျော်စွာ ပဋိဘာဂနိမိတ်ကို တဆင့်တဆင့် တစတစ ချဲ့ကာ ချဲ့ကာ ပွါးရမည် ဖြစ်သည်။

(ဝိသုဒ္ဓိ၊ ၁၊ ပ၊ နှာ-၁၄၇-၁၄၈။ မဟာဋီကာ၊ ပ၊ နှာ-၁၇၇)

---

ဗြဟ္မဝိဟာရ ၄-ပါးတို့၏ ကွဲပြားထူးခြားပုံများ (နှာ-၃၇၁)

"ဝိမောက္ခ"ဟူသော ပုဒ်ကို ရှေးဦးစွာ ရှင်းပြပါအံ့။

ဝိမောက္ခ=လွတ်မြောက်ခြင်း။ =ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်မှုဟူသမျှကို "ဝိမောက္ခ"ဟု ခေါ်သည်။ (ပဋိသမ္ဘိဒါမဂ်၊ ဝိမောက္ခကထာ၊ အခန်း-၅၊ နှာ ၂၃၀-၂၆၆။)

**ဥပမာဆိုသော်**—

(၁) ပထမဈာန်သည် ဆန့်ကျင်ဘက်ဖြစ်သော အဇ္ဈတ္တတရား နီဝရဏ ၅-ပါးတို့မှ လွတ်မြောက်သဖြင့် အဇ္ဈတ္တ ဝုဋ္ဌာန ဝိမောက္ခ-ဟု ခေါ်သည်။

(၂) ထိုနည်းတူစွာပင် ဈာန်တရား, မဂ်တရားတို့သည် အသီးအသီး မိမိနှင့် ဆိုင်ရာ ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်သဖြင့် ဝိမောက္ခ-ဟူသော အမည်ကို ရကြသည်။ (ပဋိသမ္ဘိဒါမဂ်၊ ဝိမောက္ခကထာ၌ အကျယ် ရှုပါ။)

(၃) ဤ ခန္ဓာငါးပါးကို ငါဟူသော အတ္တဟူ၍ရင်း, ငါ၏ ဥစ္စာဟူသော အတ္တနိယဟူ၍ရင်း၊ ဤသို့ ခန္ဓာငါးပါး၌ အတ္တ-ဟု မှားသော နှလုံး သွင်းခြင်းမှ လွတ်မြောက်သဖြင့် သုညတ ဝိမောက္ခ-ဟု ခေါ်သည်။ (ခန္ဓာငါးပါးကို အတ္တမှ ဆိတ်သုဉ်း၏ဟူ၍ရင်း, ငါ၏ ဥစ္စာ ဟူသော အတ္တနိယမှ ဆိတ်သုဉ်း၏ဟူ၍ရင်း ဆင်ခြင်ခြင်း ပင်တည်း။)

(၄) ခန္ဓာငါးပါး၌ နိစ္စ နိမိတ်ဟု ရှုဆင်ခြင်ခြင်းမှ လွတ်မြောက်သဖြင့် အနိမိတ္တ ဝိမောက္ခ ဟု ခေါ်သည်။

(၅) ခန္ဓာငါးပါးကို "ငါဟူသော အတ္တ ဟူ၍ရင်း, ငါ၏ ဥစ္စာဟူသော အတ္တနိယဟူ၍ရင်း"၊ဤသို့ ခန္ဓာငါးပါး၌ တောင့်တခြင်း 'ပဏိဟိတ'မှ လွတ်မြောက်သဖြင့် အပ္ပဏိဟိတ ဝိမောက္ခဟု ခေါ်သည်။

မေတ္တာ,ကရုဏာ,မုဒိတာ ကမ္မဋ္ဌာန်းတို့သည် ရူပ ပထမဈာန်,ဒုတိယဈာန်, တတိယဈာန်,စတုတ္ထဈာန် တို့ကိုသာ ဖြစ်စေသည်။ ဥပေက္ခာ ကမ္မဋ္ဌာန်းသည် ရူပ ပဉ္စမဈာန်ကိုသာ ဖြစ်စေသည်။ ဤသို့ပင် ဖြစ်ငြားသော်လည်း ယင်း မေတ္တာစသော ၄-ပါးတို့၏ တန်းခိုးအာနုဘော်တို့ အချင်းချင်း မည်သို့ ကွဲပြား ထူးခြားပုံကို ပြပါဦးအံ့—

(၁) မေတ္တာသည် သုဘ ဝိမောက္ခ-ဟု ခေါ်ဆိုအပ်သည့် ရူပဈာန်၏ အားကြီးသော မှီရာသာ ဖြစ်သည်။ အခြားသော အာကာသာနဉ္စာ-ယတန ဝိမောက္ခ-စသည်တို့၏ မှီရာမဟုတ်ချေ။ ထို့ကြောင့် မေတ္တာ သည် သုဘ ဝိမောက္ခလျှင် အလွန်အမြတ် အထွတ်ရှိသည်ဟု ဆိုပေ သည်။

သုဘ ဝိမောက္ခ=(သုဘ=တင့်တယ်ခြင်း။ ဝိမောက္ခ=လွတ်မြောက်ခြင်း။)
=စက်ဆုပ်ဖွယ် ဆန့်ကျင်ဘက် တရားတို့မှ လွတ်မြောက်သဖြင့် တင့်တယ်ခြင်း။ ရှင်းပြပါဦးအံ့—

မေတ္တာဖြင့် နေလေ့ ရှိသူသည် 'သတ္တဝါတို့သည် ရွံရှာ မုန်းတီးဘွယ် မဟုတ်ကုန်'ဟု ဆင်ခြင်ပွါးများမြဲ ဖြစ်သည်။ ရွံရှာမုန်းတီးမှုသည် မေတ္တာ၏ ဆန့်ကျင်ဘက် ဖြစ်သည်။ ယင်း ဆန့်ကျင်ဘက်တရားမှ လွတ်မြောက်သော

မေတ္တာသည် ရှိရှာမုန်းတီးဘွယ် မဟုတ်သည့် တင့်တယ်သော သုဘအာရုံ၌သာ အလေ့အကျက်များသည်၊ မွေ့လျော်သည်။

ရူပဈာန်ကို 'သုဘ ဝိမောက္ခ'ဟု ခေါ်တွင်သည်။ရူပဈာန်တို့သည် ရှိရှာဘွယ် အညစ်အကြေး အပြစ်ကင်းစင်ပြီး ပြိုးပြိုးပြက်ပြက် တောက်ပသည့် 'ပဋိဘာဂ နိမိတ်'ကိုသာ အာရုံပြုသည်။ ပဋိဘာဂနိမိတ်သည် ဆန့်ကျင်ဘက် အညစ် အကြေးမှ ထွက်မြောက်သဖြင့် ပြိုးပြိုးပြက်ပြက် စင်စင်ကြယ်ကြယ် အလွန် တင့်တယ်သည်။ ပဋိဘာဂနိမိတ်ပေါ်သည်နှင့် တပြိုင်နက် ဈာန်၏ဆန့်ကျင်ဘက် အညစ်အကြေး နီဝရဏ ၅-ပါးတို့မှ ထွက်မြောက်သဖြင့် ရူပဈာန်တို့သည် တင့်တယ်ပေသည်။ ထို့ကြောင့် ရူပဈာန်ကို သုဘ ဝိမောက္ခ-ဟု ခေါ်သည်။

ရှိရှာဘွယ်မဟုတ် တင့်တယ်သော သုဘအာရုံ၌သာ မွေ့လျော်သော မေတ္တာသည် တင့်တယ်သော လွတ်မြောက်မှု=သုဘ ဝိမောက္ခဖြစ်သော ရူပဈာန် တို့ကို ရရန်အကြောင်း ဖြစ်သည်။ ထို့ကြောင့်ပင် မေတ္တာသည် ရူပဈာန်သာ လျှင် အလွန် အမွန်အမြတ် ဖြစ်သည်-ဟု ဟောတော်မူသည်။

(၂) ကရုဏာသည် အာကာသာနဉ္စာယတန ဝိမောက္ခ၏ အားကြီးသော မှီရာသာ ဖြစ်သည်။ အခြားသော ဝိညာဏဉ္စာယတန ဝိမောက္ခတို့၏ မှီရာမဟုတ်ချေ။ စင်စစ်အားဖြင့် ကရုဏာသည် အာကာသာ-နဉ္စာယတန ဝိမောက္ခလျှင် အလွန် အမြတ်အထွတ် ရှိသည်-ဟု ဟောကြားပေသည်။

ရှင်းပြပါဦးအံ့—

"ရုပ်သည် ဆင်းရဲခြင်း အမျိုးမျိုးနှင့် ဆက်ဆံသည်။ ၉၆-ပါးသော ရောဂါ များ, ရန်သူမျိုးငါးပါး စသည်တို့နှင့် ဆက်ဆံသည်။ အလွန် ရုန့်ရင်းသော ကိလေသာတို့၏ အာရုံဖြစ်သည်။ ထိန်းသိမ်းမွေးမြူရသော ပရိက်မှုများလည်း အလွန်တရာ ကြီးကျယ်များပြားသည်။ အတွင်းဘေး, အပဘေး တို့နှင့် အမြဲ ဆက်ဆံနေသည်။ အနှစ်အမာမရှိ။ အရှည်အကြာမခိုင် ယိုယွင်းလွယ်သည်။ အပါယ်ဘေးနှင့် နီးလှသည်။ ရုပ်၌ သာယာနေသော နိကန္တိတဏှာ တည်း ဟူသော သံကြိုးဖြင့် အနှောင်အဖွဲ့ ခံနေရရှာသော သတ္တဝါတို့မှာ အလွန် သနားဘွယ် ကောင်းလေစွ"ဟု ရုပ်ရှိသည့်သတ္တဝါတို့အပေါ်၌ သနားကြင်နာ ကရုဏာ ဖြစ်ပြီးလျှင် ရုပ်၌ အပြစ်မြင်လာသည်။

ထိုအခါ သနားစဖွယ်ဖြစ်သော ရုပ်ရှိသူသတ္တဝါ၏ရုပ်၌ အပြစ်မြင်သော ကြောင့် (အာကာသကသိုဏ်း ကြဉ်အပ်သော) ပထဝီစသည့် ကသိုဏ်း ၉-ပါး တို့တွင် တပါးပါးကိုခွါ၍ ရအပ်သောကောင်းကင်ပညတ်ကို အာရုံပြုပြီးလျှင်

"ကောင်းကင်သည် အဆုံးအပိုင်းအခြား မရှိ"ဟု ဆင်ခြင် စီးဖြန်းလတ်သော် အာကာသာနဉ္စာယတနစျာန်သို့ ရောက်လေသည်။

အာကာသာနဉ္စာယတနသည် ဆင်းရဲခြင်းအမျိုးမျိုးနှင့် ဆက်ဆံသည့် ရုပ်တရားမှ ထွက်မြောက်ရာဖြစ်သောကြောင့် ဝိမောက္ခ-ဟု ခေါ်တွင်သည်။

ထို့ကြောင့် ကရုဏာသည် အာကာသာနဉ္စာယတနဝိမောက္ခ၏အားကြီးသော မှီရာ အကြောင်းသာဖြစ်သည်။အခြားတစုံတခုသောဝိမောက္ခ၏မှီရာ အကြောင်း မဟုတ်ချေ-ဟု ဟောကြားပေသည်။ မဂ်,ဖိုလ် မဖြစ်သေးသော ပုဂ္ဂိုလ်၏ ကရုဏာသည် အာကာသာနဉ္စာယတနဝိမောက္ခလျှင် အလွန် အထွတ်အမြတ် ရှိပေသည်။

(၃) မုဒိတာသည် ဝိညာဏဉ္စာယတနဝိမောက္ခ၏ အားကြီးသော မှီရာသာ ဖြစ်သည်။ အခြားသော အာကိဉ္စညာယတနဝိမောက္ခ စသည်တို့၏ မှီရာ မဟုတ်ချေ။ စင်စစ်အားဖြင့် မုဒိတာသည် ဝိညာဏဉ္စာယတန-ဝိမောက္ခလျှင် အလွန် အမြတ်အထွတ် ရှိသည်-ဟု ဟောကြား ပေသည်။

ရှင်းပါဦးအံ့—

မုဒိတာသည် သုခိတသတ္တဝါပညတ်ကို အာရုံပြုသည်။ စည်းစိမ်ချမ်းသာ ပြီးပြည့်စုံကြ၍ စိတ်နှလုံးရွှင်လန်းချမ်းမြေ့ကြသော သတ္တဝါတို့ကို အာရုံပြုကာ ဝမ်းမြောက် ဝမ်းသာ ဖြစ်သော သဘောသည် မုဒိတာဖြစ်သည်။ ဤသို့ သုခိတသတ္တဝါကို အာရုံပြုဖန်များလတ်သော် မုဒိတာသည် ယင်းသတ္တဝါ၏ ရွှင်လန်းချမ်းမြေ့သောစိတ်ကို အလေ့အကျက်များလာသည်။ ယင်းသုခိတ-သတ္တဝါ၏စိတ်ကိုပင် အာရုံပြုသကဲ့သို့ပင် ထင်ရသည်။

အာကာသာနဉ္စာယတနဝိမောက္ခကို ရပြီးသည့်ပုဂ္ဂိုလ်သည် ဆင်းရဲဟူသမျှ ဘေးဒုက္ခနှင့်ဆက်ဆံသည့်ရုပ်မှလွတ်မြောက်ခဲ့ပြီ။ ယင်း အာကာသာနဉ္စာယတန-ဝိမောက္ခရသည့်ပုဂ္ဂိုလ်၏စိတ်သည် အကယ်စင်စစ် ချမ်းမြေ့ပေသည်-ဟု မုဒိတာ၌ အလေ့အကျင့်ရှိသူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်လေသည်။

အာကာသာနဉ္စာယတနဝိညာဉ်ကို အာရုံပြုပြီးလျှင် "ဤစိတ်ကား အဆုံး မရှိပေ၊ ဤ စိတ်ကား—အဆုံးမရှိပေ"ဟု အဖန်ဖန်ပွါးများသော ပုဂ္ဂိုလ်၌ ဝိညာဏဉ္စာယတနစျာန် ဖြစ်ပေါ်လေသည်။

ထိုသို့ ဘာဝနာအစဉ်ဖြင့် ရရှိသည့် အာကာသာနဉ္စာယတနစျာန်ကို လွန်မြောက်၍ ရသည်ဖြစ်သောကြောင့် ဝိညာဏဉ္စာယတနစျာန်ကို ဝိမောက္ခ-ဟု ခေါ်ဆိုရသည်။

မုဒိတာ၌ အလေ့အကျင့်များသူသည်လည်း အာကာသာနဉ္စာယတန ဈာန် စိတ်ရသူကို အာရုံပြုသည်။ ဝိညာဏဉ္စာယတနစိတ်ကလည်း အာကာသာနဉ္စာ-ယတနစိတ်ကို အာရုံပြုသည်။ မုဒိတာနှင့် ဝိညာဏဉ္စာယတနစိတ်တို့သည် ဤသို့ အသီးသီးအားဖြင့် အာကာသာနဉ္စာယတနစိတ်ကို အရင်းခံပြီး ဖြစ်ပေါ်ကြသည်။

ထို့ကြောင့် မုဒိတာသည် ဝိညာဏဉ္စာယတနဝိမောက္ခ၏ အားကြီးသော မှီရာအကြောင်းသာ ဖြစ်သည်။ အခြားတစုံတခုသော ဝိမောက္ခ၏ မှီရာ အကြောင်းမဟုတ်ပေ-ဟု ဟောကြားပေသည်။ မဂ်ဖိုလ်မဖြစ် သေးသော ပုဂ္ဂိုလ်၏ မုဒိတာသည် ဝိညာဏဉ္စာယတနဝိမောက္ခလျှင် အလွန်အထွတ်အမြတ် ရှိပေသည်။

(၄) မေတ္တာဘာဝနာသည် သတ္တဝါတို့၏ ချမ်းသာမှုကို လိုလား တောင့်တသည်။ ကရုဏာသည် သတ္တဝါတို့၏ ဆင်းရဲမှလွတ်မြောက်မှုကို လိုလား တောင့်တသည်။ မုဒိတာသည် သတ္တဝါတို့၏ ပြည့်စုံပြီး သမ္ပတ္တိစည်းစိမ် ချမ်းသာမှု မပျောက်ပျက်စေမှုကို လိုလား တောင့်တသည်။ သို့ဖြစ်၍ မေတ္တာ စသော ဘာဝနာသည် သုခ, ဒုက္ခ ဝေဒနာ တည်းဟူသော ပရမတ္ထကို အရင်းခံပြုပြီးလျှင် သတ္တဝါပညတ်ကို အာရုံပြုသည်။

ဉပေက္ခာ ဘာဝနာကား သတ္တဝါတို့၏ ချမ်းသာမှု စသည်ကို လိုလား တောင့်တသောအားဖြင့် မဖြစ်မူ၍ လျစ်လျူရှုခြင်း သက်သက်ဖြင့် သတ္တဝါ ပညတ်ကို အာရုံပြုသည်။ သို့ဖြစ်သဖြင့် ဉပေက္ခာဖြင့် နေလေ့ရှိသောသူသည် "သတ္တဝါတို့ ချမ်းသာကြပါစေ, ဆင်းရဲမှလွတ်ကင်းကြပါစေ, ပြည့်စုံပြီး ရပြီး စည်းစိမ်မှ မပျောက်ပျက် မလျော့ကြပါစေကုန်လင့်"ဟု နှလုံးသွင်းမှုမရှိသဖြင့် သုခ, ဒုက္ခ စသော ပရမတ္ထကို နှလုံးသွင်းမှု မရှိ၊ လျစ်လျူ ရှုခြင်းဖြင့် သတ္တဝါ ပညတ်သက်သက်ကိုသာ နှလုံးသွင်းမှု၌ လေ့ကျက်ခြင်းများသည်။ သို့ဖြစ်၍ ဉပေက္ခာဖြင့် နေလေ့ရှိသော ပုဂ္ဂိုလ်သည် ဘာဝနာအစဉ်အားဖြင့် ရအပ်သော ဝိညာဏဉ္စာယတနဈာန်ကို လွန်မြောက်ကျော်လွန်၍ ပရမတ္ထဖြစ်သော ပထမာ-ရုပ္ပဝိညာဏ်၏ မရှိခြင်းဟူသော သဘာဝအားဖြင့် ထင်ရှားမရှိသည့် နတ္ထိဘော ပညတ်၌ တစုံတခု ဘာမျှမရှိဟု စီးဖြန်း ဆင်ခြင်လတ်သော် အာကိဉ္စညာယတန ဈာန်ကိုရ၏၊ ဖြစ်စေ၏။

စင်စစ်အားဖြင့် အာကိဉ္စညာယတနဈာန်သို့ ရောက်မည့်ပုဂ္ဂိုလ်သည် ဆင်းရဲ ခပ်သိမ်း ဟူသမျှနှင့် ဆက်ဆံသောရုပ်မှ လွတ်မြောက်ခဲ့သည့် အာကိဉ္စညာယတန ဈာန်၌လည်း လျစ်လျူရှုသည်။ ဝိညာဏဉ္စာယတနဈာန်ရသည့် ပုဂ္ဂိုလ်ကဲ့သို့ ဝမ်းမြောက်ဝမ်းသာခြင်းအားဖြင့် မပွါးများပေ။

ထို့ကြောင့် ဥပေက္ခာသည် အာကိဉ္စညာယတနဝိမောက္ခ၏ မှီရာအကြောင်း ဖြစ်၍ တခြားတစုံတခုသော ဝိမောက္ခ၏ မှီရာအကြောင်းမဟုတ်၊ သို့ဖြစ်သဖြင့် မဂ်, ဖိုလ် မရသော ပုဂ္ဂိုလ်၏ ဥပေက္ခာသည် အာကိဉ္စညာယတနဝိမောက္ခလျှင် အလွန် အမြတ်အထွတ်ရှိသည်။

သံ၊ ၃၊ နှာ-၁၀၃-၁၀၅။ သံ၊ ၄၊ ၃၊ နှာ-၂၀၇-၂၀၉။ သံ၊ ဋီ၊ ၂၊ နှာ-၄၄၅-၇။ ဝိသုဒ္ဓိ၊ ပ၊ နှာ-၃၁၇-၃၁၈။ မဟာဋီကာ၊ ပ၊ နှာ-၃၈၈-၃၈၉။

---

## အာဟာရေပဋိကူလ သညာပွါးနည်း (နှာ-၃၇၁)

**ပုတ္တမံသူပမာ။** ။ဇနီးမောင်နှံစုံသည် ချစ်လှစွာသော တဦးတည်းသော သားငယ်ကိုခေါ်၍ အနည်းငယ်သော စားနပ်ရိက္ခာဖြင့် ယူဇနာတရာရှိသော ကန္တာရခရီးခဲကို သွားကြရာ ယူဇနာငါးဆယ် ခရီးသို့ ရောက်သောအခါ စားနပ်ရိက္ခာ ကုန်ပြတ်သွားလေသည်။

ထိုအခါ ယောကျ်ားဖြစ်သူက "ယောကျ်ားတို့ ပြုလုပ်ရမည့် လယ်ထွန်ခြင်း စသည့်အလုပ်ကို ပြုလုပ်ရန် ငါမစွမ်းနိုင်တော့ချေ။ ထို့ကြောင့် ငါ့ကိုသတ်၍ ငါ၏အသားကို လမ်းခရီးအတွက် စားနပ်ရိက္ခာ ပြုလုပ်ပြီးလျှင် ရှင်မတို့သားအမိ ၂-ယောက် ဤခရီးခဲကို လွန်မြောက်အောင် သွားကြပါလေ"ဟု ပြောဆိုလေသည်။

ထိုအခါ မယားဖြစ်သူက "ယခုအခါ ကျွန်တော်မမှာ မိန်းမသားတို့ ပြုလုပ်ရမည့် ချည်ငင်ခြင်း,ယက္ကန်းရက်ခြင်း စသည့်အမှုကို ပြုလုပ်ရန် မတတ်နိုင်တော့ပါ၊ ထို့ကြောင့် ကျွန်မကိုသတ်၍ အသားကို ရိက္ခာပြုလုပ်ပြီး ရှင်တို့သားအဖ ၂-ယောက် ခရီးခဲကို လွန်မြောက်အောင် ဆက်လက်သွားကြပါ"ဟု ပြောဆိုလေလျှင်—

ယောကျ်ားဖြစ်သူက "မိခင်သေဆုံးသွားလျှင် မိခင်ကိုမှီနေရသော ကလေးပါ အသက်ရှင်နိုင်မည်မဟုတ်။ မိခင်ရော ကလေးပါ ၂-ယောက်စလုံး ဆုံးရှုံးပျက်စီးလိမ့်မည်။ ငါတို့အသက်ရှင်နေသေးလျှင် နောင်အခါ သားကို ရနိုင်ပါသေးသည်။ သားကိုသတ်၍ သား၏အသားကိုစားကာ ရိက္ခာပြုလုပ်ပြီး ကန္တာရ ခရီးခဲကို လွန်မြောက်သော် ငါတို့ ၃-ယောက်စလုံး အသက်ဆုံးရှုံးမှု မရှိနိုင်တော့"ဟု ပြောဆိုတိုင်ပင်လေသည်။

မိဘ ၂-ပါးသည် မည်သူကမျှ မိမိကိုယ်တိုင် သားလေးကို မသတ်ရက်နိုင်သဖြင့် သားလေးကိုသတ်ရန် မိခင်က ဖခင်ထံလွှတ်လိုက်, ဖခင်က မိခင်ထံ

လွှတ်လိုက် ပြုလုပ်နေစဉ် မိဘ ၂-ပါး၏အကြား၌ လူး လာ တုံ့ပြန်သွားရင်းမှာပင် သားလေးသည် မောပန်းသဖြင့် သေဆုံးသွားရရှာလေသည်။

ထို ဇနီးမောင်နှံသည် သေဆုံးသွားသော သား၏အသား ညှင်း အသားတုံးကို တချို့စား, တချို့ရိက္ခာပြုလုပ်ပြီးလျှင် ကျန်နေသေးသော ခရီးခဲကို ဆက်လက်သွားကြလေသည်။

ထို ဇနီးမောင်နှံသည် သားငယ်ရင်သွေးကလေး၏ အသားကို စားရာ၌ အစာ၌ အရသာ တဏှာကပ်ငြိမှုကြောင့် စားရသည် မဟုတ်ပေ။ မိမိတို့ စားသောက်ဆဲ၌ပင် အသား၌ စက်ဆုပ်ဖွယ် အကြောင်းအမျိုးမျိုးကို ဆင်ခြင်အောက်မေ့လျက်ပင် အခြေအနေအရ မစားလျှင် မဖြစ်နိုင်သော အကြောင်းကြောင့်သာ စားကြရှာခြင်း ဖြစ်သည်။

သားကလေး၏ အသားမှာ–ဇာတ်တူသား ဖြစ်ခြင်း, ဆွေမျိုးသား ဖြစ်ခြင်း, ဆွေမျိုးတွင်လည်း အဖျားမဟုတ်, သားရင်း၏အသား ဖြစ်ခြင်း, ချစ်လှစွာသော သား၏အသား ဖြစ်ခြင်း, နုသောအသား ဖြစ်ခြင်း, အသားစိမ်း ဖြစ်ခြင်း, မသုံးဆောင်ထိုက်သော အသား ဖြစ်ခြင်း, ဆားမပါ ဆားမလူးသော အသား ဖြစ်ခြင်း, အမွှေးအကြိုင် အနံ့ကင်းသောအသား ဖြစ်ခြင်း၊ ဤ ၉-ပါးသော အကြောင်းများကြောင့် စက်ဆုပ်ရွံရှာဖွယ်ဖြစ်သည့် အသားကို စားကုန်လျက် "ငါတို့၏ တဦးတည်းသော သားကလေး အဘယ်မှာနည်း"ဟု ဝမ်းနည်းရှိုက်ဖို ငိုယိုမြည်တမ်းကာ ကန္တာရခရီးခဲကို လွန်မြောက်ခဲ့ကြကုန်သည်။

ထို ဇနီးမောင်နှံသည် ချစ်လှစွာသော သားငယ်ကလေး၏ အသားကို ရသတဏှာ၌ တပ်မက်ခြင်းကြောင့်လည်း စားကြသည်မဟုတ်၊ မြူးထူးပျော်ပါးအသားအရေ စိုပြေပြည့်ဖြိုးစေရန် စသည့်အတွက်ကြောင့်လည်း စားသောက်ကြကုန်သည်မဟုတ်၊ ကန္တာရခရီးခဲကို ကူးမြောက်နိုင်ရုံ့ငှါသာလျှင် စားရှာကြရခြင်း ဖြစ်ပေသည်။

ထိုနည်းတူစွာပင် ယောဂီတို့သည် မိမိတို့ သုံးဆောင်သည့် အစားအစာ၌ ဆင်ခြင်ရမည်။ ယောဂီသည် နေ့စဉ်စားသောက် မှီဝဲသုံးဆောင်အပ်သော ဆွမ်းခံသွားရခြင်းစသော ၉-ပါးသော အကြောင်း[၁]ဖြင့် စက်ဆုပ် ရွံရှာဖွယ်ဖြစ်သည့် ကဗဠီကာရာဟာရကို မြူးထူးခြင်း, ပျော်ပါးခြင်း, တန်းဆာဆင်ယင်ခြင်း, အသားအရေ စိုပြေပြည့်ဖြိုး လှပတင့်တယ်စေခြင်း, ရသတဏှာခံစားခြင်း စသည့် အလို့ငှါ မှီဝဲသုံးဆောင်သည်မဟုတ်၊ ဣရိယာပထမျှတ၍ သံသရာဝဋ်ဆင်းရဲ

---

၁။ ဤကျမ်း ဒုတွဲ၊ နှာ-၃၇၂-၃၇၅-၌ ရှုပါ၊ ယင်း၌ ဖလနှင့် နိဿန္ဒကို ခွဲ၍ ၁၀-ပါး ဆိုထားသည်။

ဟူသော ခရီးခဲကို ကူးမြောက်နိုင်ကြောင်းဖြစ်သည့် ဝိပဿနာ ဘာဝနာတရား ပွါးနိုင်ရိုင်ပါသလျှင် မှီဝဲသုံးဆောင်သည် ဟု ဆင်ခြင်ကြရပေမည်။

ဤကဗဠီကာရာဟာရသည် သြဇဋ္ဌမကအာဟာရဇရုပ်ကို ဖြစ်စေ၏။ ဤကဗဠီကာရာဟာရ၌ တွယ်တာ နှစ်သက်တတ်သည့် တဏှာနိကန္တိဘေးရန် ရှိသည်။ ထိုဘေးမှလွတ်အောင် သားငယ်၏အသားပမာ စက်ဆုပ်ဖွယ် ထင်မှတ်အောင် ကဗဠီကာရာဟာရကို ရှုမှတ်ရမည်။

ဤကဗဠီကာရာဟာရကို ပိုင်းခြားသိသည်ရှိသော် ကာမဂုဏ် ၅-ပါး၌ တပ်မက်မှု ကာမရာဂကို ပိုင်းခြား သိနိုင်သည်။ ယင်းကို သိသော် ကာမဂုဏ်၌ နှောင်ဖွဲ့မှု သံယောဇဉ်မရှိတော့ချေ။

ဤ၌ ချစ်လှစွာသော သားငယ်၏အသားနှင့် ကဗဠီကာရာဟာရတူသည်။ ဇနီးမောင်နှံနှင့် ယောဂီတူသည်။ သားငယ်အသား၏ ဇာတ်တူသားဖြစ်ခြင်း စသော အကြောင်း ၉-ပါးကြောင့် စက်ဆုပ်ဖွယ်ဖြစ်ခြင်းနှင့်ကဗဠီကာရာဟာရ၏ စက်ဆုပ်ရွံရှာဖွယ်ဖြစ်ခြင်း တူသည်။

**နိစ္စမ္ဗဂါဝူပမာ။** ။အပေါ် သားရေခွံ ခွါထားသဖြင့် သွေးသံရဲရဲ အသား ပေါ်နေသည့် နွားမသည် နံရံကိုမှီနေလျှင် နံရံမှာရှိသော ပင့်ကူ, အိမ်မြှောင်,တောက်တဲ့,ကြွက် စသည်တို့က ထိုနွားမကို ထိုးဆွကိုက်ခဲကြသည်။ သစ်ပင်မှာမှီနေလျှင် သစ်ပင်မှာရှိသည့် ပိုးတို့က ထိုနွားမကို ထိုးဆွ ကိုက်ခဲကြသည်။ ရေထဲမှာနေလျှင် ရေထဲမှာရှိကြသည့် ငါး, မိကျောင်း, လိပ် စသည်တို့က ထိုနွားမကို ထိုးဆွ ကိုက်ခဲကြသည်။ လဟာပြင် ကွင်းပြင်မှာနေလျှင် ခြင်,မှက်,ယင်,စွန်ငှက် စသည်တို့က ထိုနွားမကို ထိုးဆွ ကိုက်ခဲကြသည်။မည်သည့်နေရာကို မှီနေငြားလည်း မှီရာအရပ်ရှိ ပိုးလောက်စသည်တို့က ထိုနွားမကို ထိုးဆွကိုက်ခဲကြသည်။

ယင်းသို့ ပိုးအမျိုးမျိုးတို့၏ ကိုက်ခဲခြင်းဒုက္ခကို ခံစားရခြင်းသည် ထိုနွားမ၌ အရေမရှိသော ကိုယ်ကောင်ဟူသော အကြောင်းကြောင့်သာ ဖြစ်၏။ အရေမရှိသော ကိုယ်ကောင်မှတပါး အခြားအကြောင်း မရှိချေ။

ထို့အတူ ယောဂီသည် ဖဿာဟာရကို ရှုမှတ်ရမည်။

ဖဿာဟာရသည် ခံစားမှု 'ဝေဒနာ'ကို ဖြစ်စေတတ်၏။ ဖဿသည် အာရုံ၏အရသာကို ထိတွေ့ညှစ်ထုတ်ပေးရာ ယင်းအရသာကို ဝေဒနာကခံစားလေသည်။ ထို့ကြောင့် ယင်း ဖဿာဟာရ၌ အာရုံသို့ ချဉ်းကပ်ခြင်းတည်းဟူသော 'ဥပဂမန' ဘေးရန်ရှိသည်။ ထိုဘေးရန်မှလွတ်အောင် အရေမရှိသောနွားမပမာ "အာရုံနှင့်

တိုးဝင် တွေ့ထိလျှင် ဝေဒနာဖြစ်စေသည့် ဖဿတည်း"ဟု ဖဿာဟာရကို ရှုမှတ်အပ်၏။

ဝေဒနာ ၃-ပါးကိုဆောင်သော အာရုံနှင့် တိုးဝင် တွေ့ထိသော ဖဿသာ ရှိနေလျှင် ကိလေသာပိုးတို့၏ ကိုက်ခဲထိုးဆွမှုကို ခံရမည်ဖြစ်သည်။ ထို့ကြောင့် ယောဂီသည် ဖဿကို ပိုင်းခြားသိအောင် ကျင့်ဆောင်အားထုတ်ရမည်။ အာရုံ၌ တွေ့ထိမှု 'ဖဿ'ကြောင့် ခံစားမှုဝေဒနာ ဖြစ်ရသည်။ တွေ့ထိမှု 'ဖဿ'ချုပ်လျှင် ခံစားမှုဝေဒနာ ချုပ်လေသည်။ ဝေဒနာချုပ်လျှင် တဏှာစသည် ချုပ်သဖြင့် ဝဋ်မြစ် ပြတ်လေသည်။ သို့ဖြစ်၍ ဖဿကို ပိုင်းခြားသိလျှင် ဝေဒနာကိုပိုင်းခြား သိသည်။ ယင်းကို ပိုင်းခြားသိသော် အထက်၌ ပြုဘွယ်ကိစ္စမရှိ၍ ရဟန္တာ ဖြစ်လေသည်။

ဤ၌ ယောဂီသည် အရေမရှိသော နွားမနှင့်တူ၏။ တဘူမက အာရုံ၌ တွေ့ထိမှု 'ဖဿ'သည် နွားမ၏ အရေမရှိသော ကိုယ်ကောင်နှင့် တူ၏။ ခံစားမှု 'ဝေဒနာ'သည် ပိုး စသည်တို့ ကိုက်ခဲ ထိုးဆွမှုကို ခံရခြင်းနှင့် တူ၏။

**အင်္ဂါရကာသူပမာ။** ။(အင်္ဂါရ=မီးကျီး၊ ကာသု=တွင်း၊ အစု) အသက် ရှည်၍ ချမ်းသာလိုသည့် ယောကျ်ားတဦးကို အားခွန် ဗလနှင့် ပြည့်စုံသော ယောကျ်ား ၂-ဦးက လက်မောင်း ကိုကိုင်၍ လက်ခုပ် တဖောင်ကျော်မျှ နက်သော မီးကျီးတွင်းထဲသို့ အတင်းအဓမ္မ ဆွဲငင် တွန်းချ ကြသည်။

ထိုအခါ မီးကျီးတွင်းထဲသို့ ဆွဲချခံရသည့် ယောကျ်ားအား မီးကျီးတွင်းထဲ ကျရောက်လျှင် သေမည်ဖြစ်သောကြောင့်၎င်း, သေလောက်နီးပါး ဆင်းရဲ ဝေဒနာကို ခံစားရမည်ဖြစ်သောကြောင့်၎င်း,မီးကျီးတွင်းမှလွတ်လိုဝေးလိုသည့် စေတနာဖြစ်ပေါ်လာသည်။

ထို့အတူ မနောသဉ္စေတနာဟာရကို ရှုမှတ်အပ်၏။

စေတနာ ဟူသော မနောသဉ္စေတနာဟာရသည် ဘုံသုံးပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်၏။ ပဋိသန္ဓေနှင့် သေခြင်းဆင်းရဲ မရဏဒုက္ခသည် အမြဲယှဉ်၍ ပါလေသည်။ ယင်း စေတနာ၌ ထိုထိုဘဝ၌ ပဋိသန္ဓေဖြစ်ရအောင် ပစ်ချခြင်း ဘေးရှိ၏။ ထိုဘေးမှ လွတ်အောင် မီးကျီးတွင်းပမာ "သက်ဆင်းဝံ့စရာ မကောင်း သောဘဝသို့ ရောက်စေတတ်သည့် စေတနာတည်း"ဟု မနောသဉ္စေတနာ-ဟာရကို ရှုမှတ်အပ်၏။

မနောသဉ္စေတနာဟာရကို ပိုင်းခြားသိသော် ယင်း စေတနာမှာ တဏှာ သာလျှင် အကြောင်းရင်းရှိသောကြောင့် တဏှာကို ပိုင်းခြား၍ သိလာသည်။

ယင်း တဏှာကို ပိုင်းခြား၍သိသော် အထက်၌ပြုဖွယ်ကိစ္စမရှိပြီ။ အရဟတ္တဖိုလ်သို့ ဆိုက်လေတော့သည်။

ဤ၌ မီးကျီးတွင်းသည် တေဘူမကဝဋ္ဋဆင်းရဲ ပြောထူသည့် ဘဝသံသရာနှင့် တူ၏။ မီးကျီးတွင်းသို့ ဆွဲချခံရသူသည် ဝဋ္ဋကိုမှီသော ဗာလပုထုဇဉ်နှင့် တူ၏။ အားခွန်ဗလနှင့် ပြည့်စုံသူ ၂-ဦးသည် ကုသိုလ် အကုသိုလ်ကံနှင့် တူသည်။ အားခွန်ဗလနှင့် ပြည့်စုံသူ ၂-ဦးက မီးကျီးတွင်းထဲ ဆွဲချခြင်းသည် ကုသိုလ်, အကုသိုလ်ကံများကို ပုထုဇဉ်တို့က အားထုတ်ပြုလုပ်နေခြင်းနှင့် တူသည်။ မီးကျီးတွင်းလျှင် အကြောင်းရင်းရှိသော ဆင်းရဲသည် ကံလျှင် အကြောင်းရင်းရှိသော ဝဋ္ဋဆင်းရဲနှင့် တူသည်။

**သတ္တိသူလူပမာ။** ။(သတ္တိ=လှံမ၊ သူလ=တံကျင်) မင်းချင်း ယောကျ်ားတို့သည် သူခိုးကို ဖမ်း၍ မင်းကြီး ရှေ့တော် မှောက်သို့ ပို့ဆောင်လေသည်။ မင်းကြီးသည် အမှုစိစစ်ပြီးသော် သူခိုးကို နံနက်, နေ့လည်, ညအခါတို့၌ လှံတရာစီတို့ဖြင့် ထိုးသတ်ရန် မင်းချင်းတို့အား အမိန့် ပေးလေသည်။

မင်းချင်းယောကျ်ားတို့သည် သူခိုးကို နံနက်, နေ့လည်, ညအခါတို့၌ တကြိမ် တကြိမ်လျှင် လှံပေါင်းတရာဖြင့် ညှဥ်းဆဲ ထိုးသတ်ကြသည်။

ထိုသို့ ထိုးသတ်ရာတွင် သူခိုးသည် တချောင်းသောလှံဖြင့် ထိုးသတ်ခြင်းကြောင့်ပင် ဆင်းရဲခြင်း နှလုံးမသာယာခြင်း ဒုက္ခဝေဒနာကို ခံစားရသည်။ လှံပေါင်းတရာတို့ဖြင့် ထိုးသတ် ညှဥ်းဆဲခြင်း ခံရမူ အဘယ်ဆိုဘွယ်ရာ ရှိတော့အံ့နည်း။ များစွာသော ဆင်းရဲဝေဒနာကို ခံစားရမည်သာတည်း။

ထို့အတူ ဝိညာဏာဟာရကို ရှုမှတ်အပ်၏။

ဝိညာဏာဟာရသည် နာမ် ရုပ်ကို ဖြစ်စေတတ်၏။ တနည်းဆိုသော် ဝိညာဏာဟာရသည် ပဋိသန္ဓေကို ဖြစ်စေလေသည်။ ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲ၏။ ပဋိသန္ဓေဖြစ်လျှင် စုတိဖြစ်မြဲတည်း။ ထို့ကြောင့် ဝိညာဏာဟာရ၌ 'ပဋိသန္ဓေဘေး' ရှိသည်။ ထိုဘေးမှ လွတ်အောင် လှံမ, တံကျင်ပမာ 'ဖန်ဖန် ကြောက်ဖွယ် ဝိညာဏ်တည်း'ဟု ဝိညာဏာဟာရကို ရှုမှတ်အပ်၏။

ဝိညာဏ်ကို ပိုင်းခြားသိသော် ဝိညာဏ်လျှင် အကြောင်းရင်းရှိသော, ဝိညာဏ်နှင့် အတူတကွဖြစ်သော နာမ်ရုပ်ကို ပိုင်းခြားသိသည်။ ယင်းကို ပိုင်းခြားသိလျှင် အထက်၌ပြုဘွယ်ကိစ္စမရှိပြီ၊ ရဟန္တာ ဖြစ်လေတော့သည်။

ဤ၌ မင်းသည် ကံနှင့်တူ၏။ သူခိုးသည် ဝဋ္ဋကိုမှီသော ဗာလပုထုဇဉ်နှင့် တူ၏။ လှံမ သုံးရာသည် ပဋိသန္ဓေဝိညာဏ်နှင့်တူ၏။ သူခိုးကို သတ်ကြလော့ဟု

အမိန့်ချအပ်သောအခါသည် ကံသည် ဗာလပုထုဇဉ်ကို ပဋိသန္ဓေသို့ ပစ်ချသော အခါနှင့် တူ၏။ ဝါ၊ ကံသည် ဗာလပုထုဇဉ်ကို ပဋိသန္ဓေရစေခြင်းနှင့်တူ၏။ လုံ့ဖြင့် ထိုးသတ်ခြင်းကြောင့် ရရှိသည့် နာကျင်မှုဒုက္ခရာအကြောင်းရင်းရှိသော ဆင်းရဲသည် ပဋိသန္ဓေရရှိမှုကြောင့် ပဝတ္တိအခါ၌ ဖြစ်သော ဆင်းရဲနှင့် တူ၏။

သံ၊၁၊နှာ-၃၂၂-၃၄၂။ သံ၊၄၊နှာ-၉၆-၁၀၅။ သံယုတ်မြန်၊ပတွဲ၊နှာ-၃၀၉။

---

## ကောဋ္ဌာသ ၄၂-ပါးကို ကလာပ်ဖွဲ့ပုံ (နှာ-၃၉၀)

| | |
|---|---|
| ပထဝီကောဋ္ဌာသ | ၂၀-ပါး |
| အာပေါကောဋ္ဌာသ | ၁၂-ပါး |
| တေဇောကောဋ္ဌာသ | ၄-ပါး |
| ဝါယောကောဋ္ဌာသ | ၆-ပါး |
| ပေါင်း | ၄၂-ပါး ရှိသည်။ |

(ကောဋ္ဌာသ အသီးသီး သရုပ်ကို ဤကျမ်း ဒုတွဲ၊နှာ-၃၀၇၊၃၀၈-တွင်ရှုပါ။)

ယင်း ၄၂-ပါးသော ကောဋ္ဌာသတွင် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း ၄-ပါးအနက်—

အကြောင်း ၁-ပါးကြောင့်ဖြစ်သော ဧကဇကောဋ္ဌာသ ၆-ပါး
အကြောင်း ၂-ပါးကြောင့်ဖြစ်သော ဒွိဇကောဋ္ဌာသ ၄-ပါး
အကြောင်း ၄-ပါးကြောင့်ဖြစ်သော စတုဇကောဋ္ဌာသ ၃၂-ပါး
ရှိသည်။

(ဧကဇကောဋ္ဌာသ ၆-ပါး စသည်၏ သရုပ်ကို ဤကျမ်း ဒုတွဲ၊နှာ-၃၀၈-၃၀၉ တွင် ရှုပါ။)

### အာယတနပြည့်စုံသည့် ခန္ဓာကိုယ်၌ ရအပ်သော ကလာပ်စည်းနှင့်ရုပ်ပေါင်း

ဧကဇကောဋ္ဌာသ၌ရသော ကလာပ်ပေါင်း။ ။ဧကဇကောဋ္ဌာသ ၆-ပါးတို့ကား အစာသစ်, ကျင်ကြီး, ပြည်, ကျင်ငယ်, ပါစကတေဇောနှင့် ထွက်လေ ဝင်လေတို့ဖြစ်သည်။

ယင်း ကောဋ္ဌာသ ၆-ပါးတို့တွင် အစာသစ်, ကျင်ကြီး (ပထဝီ)၊ ပြည်, ကျင်ငယ် (အာပေါ)၊ ဤ ကောဋ္ဌာသ ၄-ပါးသည် ဥတုကြောင့်ဖြစ်၍ ယင်း ကောဋ္ဌာသ ၄-ခု အသီးသီး၌ ဥတုဇအဋ္ဌက ကလာပ် တစည်းစီ ဖြစ်သည်။

ထို့ကြောင့် ယင်း ကေဇကောဋ္ဌာသ ၄-ခု၌ ဥတုဇအဋ္ဌက ကလာပ် ၄-စည်း ရုပ်ပေါင်း ၃၂-ပါး ဖြစ်သည်။

ဝမ်းမီးဟူသော ပါစကတေဇောသည် ကံကြောင့်ဖြစ်၍ ယင်း ဝမ်းမီးဟူသော ပါစကတေဇောကောဋ္ဌာသ၌ ကံကြောင့်ဖြစ်သော ဇီဝိတနဝက ကလာပ် ၁-စည်း, ရုပ်ပေါင်း ၉-ခုဖြစ်သည်။

ထွက်သက် ဝင်သက် လေဟူသော အဿာသ ပဿာသ ဝါယော တည်းဟူသော ကေဇကောဋ္ဌာသသည် စိတ်ကြောင့်ဖြစ်၍ ယင်း ကောဋ္ဌာသ၌ စိတ္တဇ အဋ္ဌက ကလာပ် ၁-စည်း ရုပ်ပေါင်း ၈-ခု ဖြစ်သည်။

ထို့ကြောင့် ကေဇကောဋ္ဌာသ၌ အဋ္ဌက ကလာပ် ၅-စည်း, ဇီဝိတ နဝက ကလာပ် ၁-စည်း၊ ဤကလာပ် ၆-စည်း ရုပ်ပေါင်း ၄၉-ပါးဖြစ်သည်။

**ဒွိဇကောဋ္ဌာသ၌ ရသော ကလာပ်ပေါင်း။** ။ချွေး, မျက်ရည်, တံတွေး, နှပ်ဟူသော အာပေါဓာတ်သည် ဒွိဇကောဋ္ဌာသဖြစ်သည်။ ဤ ၄-ပါးသည် စိတ်, ဥတု တည်းဟူသော အကြောင်း ၂-ပါးကြောင့်ဖြစ်သည်။ ထို့ကြောင့် ယင်းဒွိဇကောဋ္ဌာသ ၄-ပါး အသီးသီး တို့၌ စိတ္တဇ, ဥတုဇ အဋ္ဌက ကလာပ် ၂-စည်းစီဖြစ်သည်။ ထို့ကြောင့် ယင်း ဒွိဇကောဋ္ဌာသ၌ အဋ္ဌက ကလာပ် ၈-စည်း, ရုပ်ပေါင်း ၆၄-ခု ဖြစ်သည်။

**စတုဇ ကောဋ္ဌာသ၌ ရသော ကလာပ်ပေါင်း။** ။ကျန် ၃၂-ပါး တို့သည် အကြောင်း၄-ပါးကြောင့် ဖြစ်သဖြင့် စတုဇ ကောဋ္ဌာသဟု ခေါ်သည်။ ယင်း စတုဇကောဋ္ဌာသ ၃၂-ပါး သည် အသီးသီးတို့၌ ထိုက်သည် အားလျော်စွာ စိတ္တဇ, ဥတုဇ, အာဟာရဇ အဋ္ဌက ကလာပ် ၃-စည်းစီနှင့် ကမ္မဇဇီဝိတနဝက ကလာပ်, ကမ္မဇ ကာယဒသက ကလာပ်, ကမ္မဇဘာဝဒသက ကလာပ် ၃-စည်းစီ ဖြစ်သည်။

ထိုကမ္မဇကလာပ် ၃-စည်းတွင် ကမ္မဇဇီဝိတ နဝက ကလာပ်သည် သန္တပ္ပနတေဇော, ဒဟနတေဇော, ဇိရဏတေဇော ဟူသော တေဇောကောဋ္ဌာသ ၃-ပါးနှင့် (အဿာသ ပဿာသမှတပါး) အခြားသော ဝါယော ကောဋ္ဌာသမှာ ၅-ပါး၊ ဤ ၈-ပါးသော စတုဇကောဋ္ဌာသ၌သာ ကမ္မဇဇီဝိတ နဝက ကလာပ် ဖြစ်သည်။

ကျန် ကမ္မဇ ကာယဒသက,ဘာဝဒသက ကလာပ်၂-စည်းသည် ကျန် ၂၄-ပါး သော စတုဇကောဋ္ဌာသ၌သာ ဖြစ်သည်။

ထို့ကြောင့် စတုဇကောဋ္ဌာသ ၃၂-ပါး၌ စိတ္တဇ, ဥတုဇ, အာဟာရဇအဋ္ဌက ကလာပ် ၉၆-စည်း၊ ကမ္မဇဇီဝိတနဝက ကလာပ် ၈-စည်း၊ ကမ္မဇ ကာယဒသက

ကလာပ် ၂၄-စည်း၊ ကမ္မဇဘာဝဒသက ကလာပ် ၂၄-စည်း၊ ဤကလာပ် ၁၅၂-စည်း၊ ရုပ်ပေါင်း ၁၃၂၀-ဖြစ်သည်။

ကေဇကောဋ္ဌာသ၌ ကလာပ် ၆-စည်း, ရုပ်ပေါင်- ၄၉-ပါး၊
ဒွိဇကောဋ္ဌာသ၌ ကလာပ် ၈-စည်း, ရုပ်ပေါင်း ၆၄-ပါးနှင့်
စတုဇကောဋ္ဌာသ၌ ကလာပ် ၁၅၂-စည်း, ရုပ်ပေါင်း ၁၃၂၀-ပါးတို့ ပေါင်းသော် ကောဋ္ဌာသ ၄၂-ပါး၌ ကလာပ်ပေါင်း ၁၆၆-စည်း, ရုပ်ပေါင်း ၁၄၃၃-ပါးဖြစ်သည်။

**မံသကောဋ္ဌာသ၌ ရသောရုပ်ကလာပ်။** ။မျက်စိ, နား, နှာခေါင်း, လျှာ, ဟဒယဝတ္ထု စသည်ကို မံသကောဋ္ဌာသ ဟု ခေါ်ဆိုသည်။ ယင်းမံသကောဋ္ဌာသ၌ မျက်စိစသည့် တစိတ်တဒေသ၌ ဖြစ်သောကြောင့်"ပဒေသဝုတ္တိက" ဟု ခေါ်ဆိုအပ်သည့် စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ဟဒယဝတ္ထုဒသက ကလာပ် ၅-စည်း၊ စိတ္တဇသဒ္ဒနဝက, ဥတုဇသဒ္ဒနဝကကလာပ် ၂-စည်း၊ ဤကလာပ် ၇-စည်းဖြစ်သည်။

သို့ဖြစ်၍ မံသကောဋ္ဌာသ၌ ဒသက ကလာပ် ၅-စည်း၊ နဝက ကလာပ် ၂-စည်းဟူသော ပဒေသဝုတ္တိက ကလာပ် ၇-စည်း, ရုပ်ပေါင်း ၆၈-ပါး ဖြစ်သည်။

**တကိုယ်လုံး၌ ရသော ကလာပ်ပေါင်း။** ။ဆံပင်စသော ကောဋ္ဌာသ ၄၂-ပါး၌ ဖြစ်သော ကလာပ်စည်း ၁၆၆-စည်း,ရုပ်ပေါင်း ၁၄၃၃-ပါးနှင့် မျက်စိ စသော မံသကောဋ္ဌာသ၌ ဖြစ်သော ကလာပ်စည်း ၇-စည်း, ရုပ်ပေါင်း ၆၈-ပါးကို ပေါင်းသော် အာယတန ပြည့်စုံသည့် ကိုယ်ကာယ၌ ကလာပ်ပေါင်း ၁၇၃-စည်း, ရုပ်ပေါင်း ၁၅၀၁-ပါး ဖြစ်သည်။

ထိုတွင်—အဋ္ဌက ကလာပ် ၁၀၉-စည်း ရုပ် ၈၇၂-ပါး၊
နဝက ကလာပ် ၁၁-စည်း ရုပ် ၉၉-ပါး၊
ဒသက ကလာပ် ၅၃-စည်း ရုပ် ၅၃၀-ပါး ရှိသည်။

ဤကား နိပ္ဖန္နရုပ်ကို ခွတ်ခွဲ၍ ဝေဖန် ခွဲခြမ်း ခြင်းတည်း။ ဝိညတ်စသော အနိပ္ဖန္နရုပ်ကို ခွတ်ခွဲ၍ယူပါက ကလာပ်ပေါင်း ရုပ်ပေါင်း အလွန် များပြားရာ၏။ ဆံပင်တပင်စီ ခွတ်ခွဲ၍ ကြည့်လျှင်မူ ကလာပ်ပေါင်း ရုပ်ပေါင်း အသင်္ချေယျ အပ္ပမေယျ ရှိရာ၏။

မဟာဋီကာ၊ပ၊နှာ-၄၄၅-၄၄၆။

## အသင်္ချေယျကပ် ၄-ကပ်(နှာ-၄၃၈၊)

၁။ **သံဝဋ္ဋကပ်။** ။(သံဝဋ္ဋ=ပျက်ဆဲ+ကပ်=ကမ္ဘာ)ကမ္ဘာဖျက်မိုးရွာသည်မှစ၍ အကြွင်းမရှိ ဟင်းလင်းဖြစ်သည်တိုင်အောင် ပျက်ဆဲကပ်သည် သံဝဋ္ဋအသင်္ချေယျကပ်မည်၏။

၂။ **သံဝဋ္ဋဋ္ဌာယီကပ်။** ။(သံဝဋ္ဋ=ပျက်ခြင်း, ပျက်သည့်အတိုင်း+ဌာယီ=တည်နေသော+ကပ်=ကမ္ဘာ)ဟင်းလင်းဖြစ်သည်မှစ၍ ကမ္ဘာပြုမိုးရွာသည်တိုင်အောင် အပျက်တည်ဆဲကပ်သည် သံဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ်မည်၏။

၃။ **ဝိဝဋ္ဋကပ်။** ။(ဝိဝဋ္ဋ= ဖြစ်နေဆဲ+ ကပ်=ကမ္ဘာ) ကမ္ဘာပြုမိုး ရွာစမှစ၍ တပေါင်းလပြည့်နေ့ နေလနက္ခတ်ပေါ်သည် တိုင်အောင် ဖြစ်ဆဲကပ်သည် ဝိဝဋ္ဋအသင်္ချေယျကပ်မည်သည်။

၄။ **ဝိဝဋ္ဋဋ္ဌာယီကပ်။** ။(ဝိဝဋ္ဋ=ဖြစ်ခြင်း၊ ဖြစ်ပြီးအတိုင်း+ဌာယီ=တည်နေသော+ကပ်=ကမ္ဘာ) နေ လ နက္ခတ်ပေါ်သည်မှစ၍ ကမ္ဘာဖျက်မိုးရွာစတိုင်အောင် ဖြစ်ပြီး၍ တည်ဆဲဖြစ်သော အန္တရကပ် ၆၄-ကပ်သည် ဝိဝဋ္ဋဋ္ဌာယီအသင်္ချေယျကပ် မည်သည်။

**အန္တရကပ်။** ။(အန္တရ=အပိုင်းအခြား) ၁၀-နှစ်တမ်းမှ အသင်္ချေယျတမ်းအထိ တက်ကပ်နှင့် အသင်္ချေယျတမ်းမှ ၁၀-နှစ်တမ်းအထိ ဆုတ်ကပ်၊ ဤတက်ကပ်,ဆုတ်ကပ် ၂-ခုအစုံသည် အန္တရကပ် တကပ်မည်သည်။

**အသင်္ချေယျကပ်။** ။အန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျကပ် တကပ်မည်၏။

**မဟာကပ်။** ။အသင်္ချေယျကပ် ၄-ကပ်သည် မဟာကပ် ၁-ကပ်ဖြစ်သည်။

**သံဝဋ္ဋ ၃-မျိုး။** ။အသင်္ချေယျကပ် ၄-ကပ်တွင် သံဝဋ္ဋသည် မီးဖျက် တေဇောသံဝဋ္ဋ, ရေဖျက် အာပေါသံဝဋ္ဋ, လေဖျက် ဝါယောသံဝဋ္ဋ ဟူ၍ ၃-မျိုးရှိသည်။

(၁) မီးဖျက်သောအခါ ပဌမစျာန် ၃-ဘုံ ပါသွားသည်။
(ကာမ ၁၁-ဘုံနှင့် အောက် ရူပပြဟ္မာ ၃-ဘုံပျက်သည်)

(၂) ရေဖျက်သောအခါ ဒုတိယစျာန် ၃-ဘုံ ပါသွားသည်။
(ကာမ ၁၁-ဘုံနှင့် အောက်ရူပပြဟ္မာ ၆-ဘုံ ပျက်သည်)

(၃) လေဖျက်သောအခါ တတိယစျာန်သုံးဘုံ ပါသွားသည်။
(ကာမ ၁၁-ဘုံနှင့် အောက် ရူပပြဟ္မာ ၉-ဘုံ ပျက်သည်)

## ကမ္ဘာပျက်သည့်အခါ သတ္တဝါအားလုံး ဗြဟ္မာ့ပြည်၌ ဖြစ်ရခြင်းအကြောင်း

စကြဝဠာကုဋေတသိန်း၌ တပြိုင်နက် ကမ္ဘာဖျက်မိုး ရွာသွန်းသော အခါ လူတို့သည် ရှင်လန်းဝမ်းမြောက်စွာဖြင့် စားပင်သီးပင်များ စိုက်ပျိုးကြလေရာ စားပင် သီးပင်များ နွားစားနိုင်လောက်သော အရွယ်သို့ရောက်လေလျှင် မိုးတပေါက်မျှမရွာပဲ မိုးလုံးလုံးပြတ်သွားလေသည်။

ထိုအခါ မိုးကိုမှီ၍ အသက်မွေးကြသော သတ္တဝါနှင့် အပွင့်အသီးကို မှီ၍ အသက်မွေးကြသော နတ်တို့သည် သေလွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်သည်။

ကာလရှည်ကြာသော် ရေခန်းခြောက်သဖြင့် ငါးလိပ်တို့သည်လည်း သေကြ၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကြကုန်သည်။ ငရဲသူငရဲသားတို့သည်လည်း သေလွန်၍ ဗြဟ္မာ့ပြည်၌ ဖြစ်ကုန်သည်။ (ငရဲသားတို့သည် ခုနစ်ခုမြောက် နေပေါ်လာမှ သေကြသည်ဟု တချို့ဆရာတို့က ဆိုကြသည်။)

ဗြဟ္မာ့ပြည်သို့ ဈာန်ရမှသာ ရောက်နိုင် ဖြစ်နိုင်သည်၊ ဈာန်မရပဲနှင့် ဗြဟ္မာ့ပြည်၌ မဖြစ်နိုင်သည် မဟုတ်လော။ သတ္တဝါတို့တွင် အချို့သတ္တဝါများမှာ ငတ်မွတ်ခေါင်းပါးကြသည်။ အချို့သတ္တဝါများမှာမူ ဈာန်ရခွင့်ရထိုက် မရှိကုန်။ ထိုငတ်မွတ်ခေါင်းပါးသော သတ္တဝါနှင့် ဈာန်ရထိုက်ခွင့်မရှိသော ငရဲသားစသော သတ္တဝါတို့မှာ အဘယ်မှာလျှင် ဗြဟ္မာ့ပြည်၌ ဖြစ်နိုင်မည်နည်းဆိုသော် —

ကမ္ဘာမပျက်ခင် အနှစ်တသိန်းအထက်၌ လောကဗျူဟာခေါ် နှိုးဆော် သတိပေးသော ကာမာဝစရနတ်တို့က ''အချင်းတို့ ဤနှစ်မှနောက် အနှစ်တသိန်းထက်မှာ ကမ္ဘာကြီးပျက်စီးလိမ့်မည်။ သမုဒ္ဒရာခန်းခြောက်လိမ့်မည်။ ဗြဟ္မာ့ပြည်တိုင်အောင် ပျက်စီးလိမ့်မည်။ ဗြဟ္မစိုရ်တရား ၄-ပါး ပွါးများကြလော။ မိဘလုပ်ကျွေးကြလော။ ကြီးသူတို့ကို ရိုသေလေးစားဆည်းကပ်ကြလော''ဟု အခါမလပ် မပြတ် တိုက်တွန်း နှိုးဆော်ကြကုန်သည်။

ထိုလောကဗျူဟာနတ်တို့၏ နှိုးဆော်သံကိုကြားရ၍ လူနှင့်ဘုမ္မစိုးနတ်တို့သည် သံဝေဂဖြစ်ပြီး စိတ်နူးညံ့စွာဖြင့် မေတ္တာပွါးများခြင်းစသော ကုသိုလ်ကောင်းမှုပြုကြသဖြင့် သေလွန်သောကာလ နတ်ပြည်၌ ဖြစ်ကြကုန်သည်။ နတ်ပြည်၌ ဝါယောကသိုဏ်းကို ပရိကမ်ပြုအားထုတ်ပြန်သဖြင့် ဈာန်ရကြကုန်သည်။

သံသရာ၌ ကျင်လည်ရသော သတ္တဝါမှန်သမျှ အပရာပရိယဝေဒနီယကံနှင့် ကင်း၍ မဖြစ်နိုင်သောကြောင့် အပါယ်သတ္တဝါတို့ကား အပရာပရိယဝေဒနီယ

ကံ၏အစွမ်းဖြင့် နတ်ပြည်၌ ဖြစ်ရလေသည်။ နတ်ပြည်၌ ဝါယောကသိုဏ်းကို ပရိကမ်ပြုအားထုတ်၍ ဈာန်ရကြလေသည်။

သို့ဖြစ်၍ သတ္တဝါအားလုံးတို့သည် နတ်ပြည်၌ရအပ်သော ဈာန်၏အစွမ်းဖြင့် ပြဟ္မာ့ပြည်၌ ဖြစ်ရလေသည်။

(ဝိသုဒ္ဓိ၊ ၌၊ ဒု၊ နှာ-၄၅။ မဟာဋီကာ၊ ဒု၊ နှာ-၅၀၊၅၁။)

---

## ပုဗ္ဗေနိဝါသ သိမြင်ပုံ (နှာ-၄၄၄)

**ပုဗ္ဗေနိဝါသ။** ။(ပုဗ္ဗ=ရှေး၊ နိဝါသ=မှီဝဲသုံးဆောင်ဘူးခြင်း၊ နေခဲ့ဘူး,ဖြစ်ခဲ့ဘူး,တွေ့ကြုံဘူး,အာရုံပြုခဲ့ဘူးခြင်း)

လွန်ခဲ့ပြီးသော ရှေးရှေးဘဝတို့၌ မိမိစိတ်ဖြင့် တွေ့ဘူး ကြုံဘူး အာရုံပြုခဲ့ဘူးသော မိမိ၏ ခန္ဓာငါးပါး, သူတပါး၏ ခန္ဓာငါးပါး,ထိုခန္ဓာငါးပါးနှင့် ဆက်သွယ်လျက်ရှိသော အမည်အမျိုးစသော ပညတ်,သူတပါးတို့ ပရိနိဗ္ဗာန်စံပြီးဖြစ်လျှင် ထိုပုဂ္ဂိုလ်တို့၏ နိဗ္ဗာန်၊ ဤအလုံးစုံတို့သည် စိတ်ဖြင့် စွဲမှီအပ် ကိုယ်တိုင်တွေ့အပ် အာရုံပြုအပ်ဘူးသောကြောင့် ပုဗ္ဗေနိဝါသ မည်သည်။

**ပုဗ္ဗေနိဝါသ သိမြင်သူ ၆-ဦး။** ။ယင်း ပုဗ္ဗေနိဝါသကို တိတ္ထိ, ပကတိသာဝက, အသီတိမဟာသာဝက, အဂ္ဂသာဝက, ပစ္စေကဗုဒ္ဓါ,သမ္မာသမ္ဗုဒ္ဓဘုရားရှင်၊ ဤ ၆-ဦးတို့ သိမြင်အောက်မေ့နိုင်ကြသည်။

**၁။ တိတ္ထိ သိမြင်ပုံ။** ။ယင်း ၆-ဦးအနက် သာသနာပအခါ ဈာန်အဘိညာဉ်ရသော တိတ္ထိသည် နာမ်ရုပ်ကို ပိုင်းခြားနိုင်သော ဝိပဿနာဉာဏ်ကင်းသဖြင့် ပညာအားနည်းရကား ကမ္ဘာ ၄၀-အထိသာ သိမြင်အောက်မေ့နိုင်သည်။

ဤသို့ သိမြင်ရာ၌လည်း တောင်ဝှေးဖြင့် စမ်း၍ စမ်း၍ လမ်းစဉ်အတိုင်းသာ လျှောက်သော သူကန်းပမာ ခန္ဓာအစဉ်အတိုင်း လျှောက်၍သာ သိမြင်နိုင်သည်။ တဘဝပြီးမှ တဘဝသို့ တိုး၍ တိုး၍ ဘဝ ၄၀-အထိ သိမြင်နိုင်သည်။

ယင်းသို့ တဘဝစီ တိုး၍ ဒုတိယဘဝကို ရှေးဦးစွာသိပြီးမှ နောက်တဆင့်တက်၍ တတိယဘဝကို သိအောင် အဘိညာဉ်ဝင်စားရသည်။ မိမိသိလိုရာဘဝကို တိုက်ရိုက်ခုန်ကျော်၍ သိမြင်နိုင်စွမ်း မရှိချေ။

တိတ္ထိတို့၏ ဉာဏ်အမြင်သည် ပိုးစုန်းကြူးရောင်နှင့် တူသည်။

**၂။ ပကတိသာဝက သိမြင်ပုံ။** ။ပကတိသာဝကသည် ဉာဏ်ပညာကြီးသော ကြောင့် တုံးငယ်တံတားပေါ် လျှောက်သူ ပမာ မိမိသိလိုရာဘဝကို ကမ္ဘာရာထောင်အထိ ခန္ဓာအစဉ်လျှောက်၍ရှင်း, စုတိ ပဋိသန္ဓေ ပြောင်းရွှေ၍ရှင်း သိမြင်နိုင်သည်။

ချောင်းကူးရန် တုံးငယ်ခင်းထားသော တံတားပေါ် လျှောက်သူသည် ခင်းထားသော တုံးငယ်ကလေးများကို အစဉ်အတိုင်း နင်း၍ရှင်း, တုံးငယ် ၂-ခု ၃-ခုကို ကျော်၍ရှင်း လျှောက်သွားသကဲ့သို့ ပကတိသာဝကသည် မိမိ သိလိုရာဘဝကို ခန္ဓာစဉ်အတိုင်း လျှောက်၍ရှင်း, စုတိပဋိသန္ဓေပြောင်းရွှေ ခြင်းဖြင့် ခုန်ကျော်၍ရှင်း ကမ္ဘာရာထောင်အထိ သိမြင်နိုင်သည်။

**စုတိပဋိသန္ဓေ ပြောင်းရွှေကြည့်ပုံ။** ။ရှေးဦးစွာ မိမိသိလိုသောဘဝ၏ စုတိကို မြင်အောင် ကြည့်သည်၊ စုတိကို မြင်ပြီး နောက် စုတိ ပဋိသန္ဓေတို့၏ အကြား၌ရှိသော ပဝတ္တိအဖြစ်ကို မသုံးသပ်ပဲ ပဋိသန္ဓေကို မြင်အောင်ကြည့်သည်။ တဖန် မိမိသိလိုသော တပါးသောဘဝ၏ စုတိကို မြင်အောင်ကြည့်သည်။ စုတိ၏ နာမ်ရုပ်ကို မြင်ပြီးနောက် ပဋိသန္ဓေကို ကြည့်ပြန်သည်။ ဤကဲ့သို့ စုတိပဋိသန္ဓေ ပြောင်းရွှေခြင်းဖြင့် ဘဝကို သိမြင် နိုင်သည်။

ဥပမာ—ဒုတိယဘဝကို သိလိုလျှင် ဒုတိယဘဝ၏ စုတိနှင့် ပဋိသန္ဓေကို မြင်အောင်ကြည့်သည်။ ယင်းကို မြင်လျှင် ဒုတိယဘဝ၌ ငါသည် ဤမည်သော အမည်, အနွယ်, အဆင်းသဏ္ဍာန်, အစာအာဟာရ, ချမ်းသာ, ဆင်းရဲရှိသည်။ ဤမျှလောက်သော အသက်အပိုင်းအခြား ရှိသည်။ ဤမည်သောဘဝမှ ဤဘဝသို့ လာခဲ့သည်စသည်ဖြင့် ဖြစ်ခဲ့ပုံ အလုံးစုံကို သိမြင်သည်။

တဖန် တတိယဘဝကို ကျော်လွှန်၍ စတုတ္ထဘဝကို သိလိုလျှင် တတိယဘဝကို အစဉ်အတိုင်း ကြည့်နေရန် မလို။ စတုတ္ထဘဝ၏ စုတိကိုမြင်အောင် ကြည့်ပြီး နောက် ပဋိသန္ဓေ၏ နာမ်ရုပ်ကို မြင်အောင်ကြည့်သည်။ ယင်းတို့ကိုမြင်လျှင် စတုတ္ထ ဘဝ၏ဖြစ်ပုံအလုံးစုံကို သိမြင်တော့သည်။

ပကတိသာဝက၏ ဉာဏ်အမြင်သည် ဆီမီးအရောင်နှင့် တူပေသည်။

**၃။ အသီတိ မဟာ သာဝက သိမြင်ပုံ။** ။အသီတိ မဟာ သာဝက သည် ခြေကြောင်းခရီးသာ သွားလာ သော ပျဉ်ခင်း တံတားပေါ် လျှောက်သူပမာ မိမိသိလိုရာဘဝကို ခန္ဓာစဉ် လျှောက်၍ရှင်း, စုတိ ပဋိသန္ဓေ ပြောင်းရွှေခြင်းဖြင့် ခုန်ကျော်၍ရှင်း, ပါရမီ ဖြည့်ခဲ့သလောက် ကမ္ဘာတသိန်း အထိ သိမြင်နိုင်သည်။

လူ ၄-၅-ယောက် သွားလာနိုင်သော ပျဉ်ခင်းတံတားပေါ် လျှောက်သူသည် ခင်းထားသော ပျဉ်ချပ်ကို အစဉ်အတိုင်း နင်း၍ရင်း, ခုန်ကျော်၍ရင်း လျှောက်သွားသကဲ့သို့ အသီတိမဟာသာဝကသည် သိလိုရာဘဝကို ကမ္ဘာ တသိန်းအထိ ခန္ဓာစဉ်လျှောက်၍ရင်း, စုတိပဋိသန္ဓေ ပြောင်းရွှေ့ခြင်းဖြင့် ခုန် ကျော်၍ရင်း သိမြင်နိုင်သည်။

အသီတိမဟာသာဝက၏ ဉာဏ်အမြင်သည် မီးရှူးရောင်နှင့် တူပေသည်။

**၄။ အဂ္ဂသာဝက သိမြင်ပုံ။** ။အဂ္ဂသာဝကသည် လှည်းသွားလာနိုင်သော ပျဉ်ခင်းတံတားပေါ် လျှောက်သူပမာ မိမိ သိလိုရာဘဝကို ပါရမီဖြည့်ခဲ့သလောက် တသင်္ချေနှင့် ကမ္ဘာတသိန်းအထိ စုတိ ပဋိသန္ဓေ ပြောင်းရွှေ့ရုံမျှဖြင့် သိမြင်နိုင်သည်၊ ခန္ဓာစဉ်အတိုင်း လျှောက်ဖွယ် မလိုပေ။

လှည်းသွားလာနိုင်သော ပျဉ်ခင်းတံတားပေါ် လျှောက်သူသည် ခင်းထား သော ပျဉ်ချပ်ကို အစဉ်အတိုင်း နင်း၍ရင်း, ၂-ချပ်, ၃-ချပ်ကျော်၍ဖြစ်စေ ၄-၅-ချပ်ကျော်၍ဖြစ်စေ ခုန်ကျော်၍ လျှောက်သွားသကဲ့သို့ အဂ္ဂသာဝကသည် မိမိသိလိုရာဘဝကို ခန္ဓာစဉ်အတိုင်း မလျှောက်ပဲ အာရုံမပြုပဲ စုတိပဋိသန္ဓေ ပြောင်းရွှေ့ရုံမျှဖြင့် ခုန်ကျော်၍ တသင်္ချေနှင့် ကမ္ဘာတသိန်းအထိ သိမြင်နိုင် သည်။

အဂ္ဂသာဝက၏ ဉာဏ်အမြင်သည် သောက်ရှူးကြယ်ရောင်နှင့် တူပေ သည်။

**၅။ ပစ္စေကဗုဒ္ဓါ သိမြင်ပုံ။** ။ပစ္စေက ဗုဒ္ဓါသည် လူများစွာ တပေါင်းတည်း သွားလာနိုင်သော မြေပြင် ခြေကြောင်း လမ်းမ ပေါ် လျှောက်သူပမာ မိမိသိလိုရာဘဝကို ပါရမီဖြည့်ခဲ့သလောက် နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းအထိ စုတိပဋိသန္ဓေ ပြောင်းရွှေ့ရုံမျှဖြင့် သိမြင်နိုင်သည်။ ခန္ဓာစဉ် အတိုင်း လျှောက်ဖွယ် အာရုံပြုဖွယ် မလိုပေ။

လူများစွာ တပေါင်းတည်း သွားလာနိုင်သော ခြေကြောင်းလမ်းမပေါ် လျှောက်သူသည် သွားလိုရာကို အစဉ်အတိုင်းမဟုတ်ပဲ ဖြတ်သန်းခုန်ကျော်၍ လျှောက်သွားသကဲ့သို့ ပစ္စေကဗုဒ္ဓါသည် သိလိုရာဘဝကို ခန္ဓာစဉ်အတိုင်း မဟုတ်ပဲ စုတိပဋိသန္ဓေပြောင်းရွှေ့ခြင်းဖြင့် ဘဝများစွာကို ဖြတ်သန်း ခုန်ကျော် ၍ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းအထိ သိမြင်နိုင်သည်။

ပစ္စေကဗုဒ္ဓါ၏ ပုဗ္ဗေနိဝါသဉာဏ်အမြင်သည် လရောင်နှင့် တူပေသည်။

၆။ ဘုရားရှင် သိမြင်ပုံ။ ။သဗ္ဗညုဘုရားရှင်သည် လှည်းအစီးပေါင်း မြောက်မြားစွာ တပေါင်းတည်း တစုတည်း သွားလာနိုင်သော မြေပြင်လှည်းကြောင်းလမ်းမပေါ် လျှောက်သူပမာ မိမိသိလိုရာ ဘဝကို ကမ္ဘာအပိုင်းအခြား မရှိ ပေယျာလမြှုပ်၍ ခန္ဓာစဉ်လျှောက်ခြင်း, စုတိပဋိသန္ဓေ ပြောင်းရွှေ့ခြင်း မပြုပဲနှင့် မိမိဆန္ဒအတိုင်း သိမြင်တော်မူနိုင်သည်။

လှည်းအစီးပေါင်း မြောက်မြားစွာ တပေါင်းတည်း တစုတည်း သွားလာနိုင်သော လှည်းကြောင်းလမ်းမပေါ် လျှောက်သူသည် သွားလိုရာခရီးကို မိမိဆန္ဒအတိုင်း ကြိုက်နှစ်သက်သည့် နေရာမှ သွားချင်သလို သွားနိုင်သကဲ့သို့ ဘုရားရှင်သည် ကမ္ဘာများစွာတို့တွင် သိလိုရာဘဝကို မိမိဆန္ဒအတိုင်း ကမ္ဘာအပိုင်းအခြားမရှိ သိမြင်တော်မူနိုင်သည်၊ ခန္ဓာစဉ်လျှောက်ခြင်း, စုတိပဋိသန္ဓေ ပြောင်းရွှေ့ခြင်း ပြုဖွယ် မလိုပေ။

သားမြီးဖျားကို မှန်အောင် ပစ်နိုင်သော ဝါလဝေဓိလေးသမား၏ မြားသည် လမ်းခုလပ်အကြား၌ ငြိကပ်ခြင်းမရှိပဲ လိုရာအရပ်ကို ဖောက်ထွင်းထိမှန်သကဲ့သို့ရင်း, ကေသရာခြင်္သေ့မင်းသည် ခုန်လွှားသောအခါ လိုရာ အရပ်သို့ ကျနိုင်သကဲ့သို့ရင်း ဘုရားရှင်သည် ကမ္ဘာအပိုင်းအခြားမရှိ အလိုရှိရာ ဘဝကို သိမြင် အောက်မေ့တော်မူနိုင်သည်။

ဘုရားရှင်၏ ပုဗ္ဗေနိဝါသဉာဏ်အမြင်သည် နေရောင်နှင့် တူပေသည်။

ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၄၀၊ ၄၂။ မဟာဋီကာ၊ ဒု၊ နှာ-၄၅၊ ၄၇။

---

## ဝီရိယဖြစ်ကြောင်း ဝတ္ထု ၈-ပါး (နှာ-၄၇၅)

(ဝီရိယဖြစ်ပေါ်ရန် အကြောင်းဖြစ်၍ 'ဝီရိယာရမ္ဘဝတ္ထု'ဟု ခေါ်သည်။)

၁။ ပြုလတ္တံ့သော အမှုကိစ္စ။ ။"အကယ်၍ ငါ့မှာ ကိစ္စအသစ်တခု ပေါ်လာလိမ့်မည်။ ထိုအခါ အားထုတ်ပြုလုပ်မြဲကိစ္စကို အားမထုတ်ရပဲ မပြုလုပ်ရပဲရှိတော့ခြည်။ ယခုကပင် ပြုလုပ်ဆဲကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ထားမှ တော်မည်"ဟု ဖြစ်ပေါ်လာမည့် ကိစ္စကို ဆင်ခြင်ကာ လွန်စွာ အားထုတ်လေသည်။

၂။ ပြုခဲ့ပြီးသော အမှုကိစ္စ။ ။"ငါ့မှာ ပေါ်ပေါက်လာသော ကိစ္စ အသစ်တခုကို ဆောင်ရွက်လို့တော့ ပြီးခဲ့လေပြီ။ ထိုကိစ္စကို ဆောင်ရွက်စဉ်က ပြုလုပ်မြဲ ပြုနေကျဖြစ်သော ကိစ္စများ လစ်ဟင်းခဲ့

သည်။ ယခုအခါ ထိုပြုလုပ်မြဲ ကိစ္စကို ကြိုးစား ဆောင်ရွက်ဦးမှ တော်မည်”ဟု ပြုခဲ့ပြီးသော ကိစ္စကို ဆင်ခြင်ကာ လွန်စွာ အားထုတ်ပြန်လေသည်။

ဤသို့လျှင် အမှုကိစ္စကို စွဲ၍ ဝီရိယ ၂-မျိုး ဖြစ်ပေါ်လာသည်။

၃။ **သွားရလတ္တံ့သော လမ်းခရီး။** ။“ငါ့မှာ ခရီးသွားရန် ရှိသေးသည်။ ခရီးသွားရလိမ့်ဦးမည်။ ခရီးသွားနေစဉ် အားထုတ်ပြုလုပ်မြဲကိစ္စကို အားမထုတ် မပြုလုပ်ရပဲ ရှိတော့မည်။ ယခုကပင် ကြိုးစားပြုလုပ်ထားမှ တော်မည်”ဟု သွားရမည့် လမ်းခရီးကို ဆင်ခြင်ကာ လွန်စွာ အားထုတ်လေသည်။

၄။ **သွားခဲ့ပြီးသော လမ်းခရီး။** ။“ငါ့မှာ ခရီးထွက်ခဲ့ သွားခဲ့ပြီးပြီ။ ထို ခရီးထွက်သွားစဉ် အခါက ပြုလုပ်မြဲ ပြုလုပ်နေကျဖြစ်သော ကိစ္စများ လစ်ဟင်းခဲ့သည်။ ယခုအခါ ထိုပြုလုပ်မြဲ ပြုနေကျကိစ္စကို ကြိုးစားပြုလုပ်ဦးမှ တော်မည်”ဟု သွားခဲ့ပြီးသော ခရီးကို ဆင်ခြင်ကာ လွန်စွာ အားထုတ်ပြန်လေသည်။

ဤသို့လျှင် လမ်းခရီးကို စွဲ၍ ဝီရိယ ၂-မျိုး ဖြစ်ပေါ်လာသည်။

၅။ **အနည်းငယ်သော အနာရောဂါ (အနာရောဂါ ဖြစ်ခါစ)။** ။“ငါ့မှာ ယခု အနာရောဂါ ဖြစ်ခါစ ဖြစ်သည်။ မကျန်းမာစ ဖြစ်လာပြီ။ သည့်ထက် ပိုဆိုး ပိုတိုးလာလျှင် အားမထုတ်နိုင်ပဲ ရှိတော့မည်။ ယခုကပင် ကြိုးစားဆောင်ရွက်ထားမှ တော်မည်”ဟု ဖြစ်ပေါ်ခါစ အနာရောဂါကို ဆင်ခြင်ကာ လွန်စွာအားထုတ်လေသည်။

၆။ **အနာရောဂါမှ ပျောက်ကင်း ကျန်းမာခါစ** “ငါ့မှာ ယခုအခါ အနာရောဂါမှ ပျောက်ကင်း ကျန်းမာလာပြီ။ အနာရောဂါဖြစ်နေ၍ မကျန်းမာနေစဉ်အခါက ပြုလုပ်မြဲ ပြုနေကျ ဖြစ်သောကိစ္စများ လစ်ဟင်းခဲ့သည်။ ယခုအခါ ထိုလစ်ဟင်းခဲ့သော ပြုလုပ်မြဲ ပြုလုပ်နေကျကိစ္စကို ကြိုးစားဆောင်ရွက်မှ တော်မည်”ဟု ပျောက်ကင်းသော အနာရောဂါကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပြန်လေသည်။

ဤသို့လျှင် မကျန်းမာမှု အနာရောဂါကိုစွဲ၍ ဝီရိယ ၂-မျိုးဖြစ်ပေါ်လာလေသည်။

၇။ **ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံရခြင်း။** ။“ငါ့မှာ ယခု ဆွမ်းဘောဇဉ်များ ပြည့်စုံလုံလောက်စွာရ၏။ ယခုလို ဆွမ်းဘောဇဉ်နှင့် ပြည့်စုံလျောက်ပတ်သည့် ဘောဇနသပ္ပါယ ဖြစ်သည့်အခါ

ကြိုးစားမှုတော်မည်''ဟု ပြည့်စုံလုံလောက်သော ဆွမ်းဘောဇဉ်ကို ဆင်ခြင်ကာ လွန်စွာ အားထုတ်လေသည်။

၈။ ဆွမ်းဘောဇဉ် ပြည့်ပြည့်စုံစုံ မရခြင်း။ ။''ငါ့မှာ ယခု ဆွမ်းဘောဇဉ် လုံလောက်စွာ မရ၊ သို့သော် မျှတသဖြင့် ခန္ဓာကိုယ် ပေါ့ပါး၍ ထိုထိုအမှု၌ ခံ့ညားလျောက်ပတ်၏။ အားထုတ်လိုက်မှုတော်မည်''ဟု မပြည့်စုံမလုံလောက်သော ဆွမ်းဘောဇဉ်ကို ဆင်ခြင်ကာ လွန်စွာအားထုတ်ပြန်လေသည်။

ဤသို့လျှင် ဆွမ်းဘောဇဉ်ကိုစွဲ၍ ဝီရိယ ၂-မျိုး ဖြစ်ပေါ်လာပေသည်။

သုတ်ပါထေယျ၊ သင်္ဂီတိသုတ်၊ နှာ-၂၁၂-၄။ (ဒီ၊၃၊နှာ-၂၁၂-၄။)

**ကုသီတဝတ္ထု ၈-ပါး။** ။''ငါ့မှာ မည်သည့်ကိစ္စတခုကို ပြုရလိမ့်မည်၊ ယင်းကိစ္စကိုပြုလျှင် ငါတော့ ပင်ပန်းလိမ့်မည်။ ငါ ယခု အိပ်နေတော့မည်''စသည်ဖြင့် မသင့်သောနှလုံးသွင်းမှုရှိ၍ ပျင်းရိခြင်း အားကြီးသူ၌ ဤ ၈-ပါးသည်ပင် ပျင်းရိခြင်းဖြစ်ကြောင်း 'ကုသီတဝတ္ထု'များဖြစ်ရပြန်လေသည်။

သုတ်ပါထေယျ၊ သင်္ဂီတိသုတ်၊ နှာ-၂၁၁-၂။ (ဒီ၊၃၊နှာ-၂၁၁-၂။)

---

နာမ်ထင်ရှားသည့်တိုင်အောင် ရုပ်ကိုသိမ်းဆည်းအပ်ခြင်း (နှာ-၅၀၅)

ကြေးမုံကြည့်သူဥပမာ။ ။ယောကျ်ားတဦးသည် မစင်ကြယ် မကြည်လင်သော ကြေးမုံမှန်ပြင်၌ ကြည့်သောအခါ မျက်နှာရိပ် မထင်လတ်သော် ကြေးမုံမှန်ကို မစွန့်ပစ်ပဲ ကြေးမုံမှန်ကို ခဏခဏ ထပ်ကာထပ်ကာ ပွတ်သပ်တိုက်လေရာ ကြည်လင်လာ၍ ကြေးမုံမှန်ပြင်၌ မျက်နှာရိပ်ထင်လာသကဲ့သို့ ယောဂီသည် ရူပပရိဂ္ဂဟဉာဏ်ဖြင့် ဓာတ် ၄-ပါးကို ပိုင်းခြားခြင်းစသည့်နည်းဖြင့် ရုပ်ကိုသိမ်းဆည်းပြီး၍ နာမ်ကိုသိမ်းဆည်းသောအခါ နာမ်မှာသိမ်မွေ့သောကြောင့် ရုပ်တရက် နာမ်မထင်လာသေးလျှင် အားမလျှော့ပဲ ရုပ်ကိုသာ ပြန်လည်၍ အဖန်တလဲလဲ ဆင်ခြင်သုံးသပ် သိမ်းဆည်းအပ်၏။

ရုပ်ကိုသိမ်းဆည်းဖန်များ၍ ရူပပရိဂ္ဂဟဉာဏ် ထက်သန်အားရှိသည်ရှိသော် နာမပရိဂ္ဂဟဉာဏ်၏ အခြေခံဖြစ်လာသည်။ ဆက်လက်၍ အားထုတ်သောအခါ ရုပ်ဓာတ်ကို သုံးသပ်သိမ်းဆည်းစဉ်ပင်လျှင် ရုပ်ကို အာရုံပြု၍ ဖြစ်ကုန်သောနာမ်တရားတို့သည် အာရုံကို တွေ့ထိမှု'ဖုဿ,'အာရုံကိုခံစားခြင်း'ဝေဒနာ,'အာရုံကို သိခြင်း 'ဝိညာဏ' တည်းဟူသော နာမ်တရားအခြင်းအရာ ၃-ပါးတို့အနက် တပါးပါးဖြင့် အလိုလိုပင် ထင်ရှားလာသည်။

ဤ၌ ကြေးမုံပြင်နှင့် ရုပ်တရား, ကြေးမုံမှန်ပြင်ကို ထပ်ကာထပ်ကာ ပွတ်သပ်တိုက်ပေးခြင်းနှင့် ရုပ်တရားကို အဖန်တလဲလဲ ပြန်လည်သုံးသပ်သိမ်းဆည်းခြင်း, မျက်နှာရိပ် ထင်လာခြင်းနှင့် နာမ်တရား ထင်ရှားလာခြင်းတို့ကို ဥပမာစပ်၍ ယူပါလေ။

ဤနည်းတူ ကျန်ဥပမာများ၌ ဥပမာန,ဥပမေယျ ဟပ်၍ယူပါလေ။

**ဆီပွတ်ယောကျ်ားဥပမာ။** ။ဆီပွတ်ဆီကြိတ်ယောကျ်ားသည် နှမ်းမှုန့်ကိုဆီပွတ်ခုံ ဆီကြိတ်ဆုံ၌ လောင်းထည့်၍ ရေနွေးဖျန်းဆွတ်ပြီး ၁-ကြိမ် ၂-ကြိမ် ညှစ်ရုံမျှဖြင့် နှမ်းဆီမထွက်လတ်သော် နှမ်းမှုန့်ကို မစွန့်ပစ်ပဲ ယင်းနှမ်းမှုန့်ကို ရေနွေးနှင့်ဖျန်းဆွတ်ကာ ထပ်ဖန်တလဲလဲ နယ်၍ နယ်၍ ကြိတ်ညှစ်လျှင် ကြည်လင်သန့်ရှင်းသော နှမ်းဆီထွက်လာသကဲ့သို့ ယောဂီသည် ရူပပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်ကိုသိမ်းဆည်းပြီးနောက် နာမ်ကိုသိမ်းဆည်းသောအခါ နာမ်သည် သိမ်မွေ့သောကြောင့် ရုတ်တရက်မထင်လာသေးလျှင် အားမလျှော့ပဲ ရုပ်ကိုသာပြန်လည်၍ အဖန်တလဲလဲဆင်ခြင်သုံးသပ်သိမ်းဆည်းအပ်၏။ ရုပ်ကိုသိမ်းဆည်းဖန်များ၍ နာမပရိဂ္ဂဟဉာဏ်၏အခြေခံဖြစ်သော ရူပပရိဂ္ဂဟဉာဏ် ထက်သန်အားရှိသည်ရှိသော် ရုပ်ကို အာရုံပြု၍ ဖြစ်ကုန်သော နာမ်တရားတို့သည် ဖုဿန, ဝေဒယန, ဝိဇာနန, တည်းဟူသော အခြင်းအရာ ၃-ပါးတို့တွင် တပါးပါးဖြင့် အလိုလိုပင် ထင်ရှားလာကုန်သည်။

**ရေကြည် စေလိုသူ ဥပမာ။** ။ရေနောက်ကို ကြည်စေလိုသည့် ယောကျ်ားသည် ခပေါင်း ရေကြည်စေ့ကို ရေအိုးအတွင်း၌ တခါ, နှစ်ခါ သွေးရုံမျှဖြင့် ရေမကြည်သေးလျှင် ခပေါင်း ရေကြည်စေ့ကို လွှင့်မပစ်ပဲ ထပ်ကာ ထပ်ကာ သွေးသော် အနယ်အနှစ်များ အောက်ထိုင်ပြီး ရေကြည်လာသကဲ့သို့ ယောဂီသည်။ ပ။ အလိုလိုပင် ထင်ရှားလာကုန်သည်။

**ကြံညှစ်သမား ဥပမာ။** ။ကြံရည်အလိုရှိသော ယောကျ်ားသည် ကြံကြိတ်, ကြံညှစ်စက်၌ ကြံတို့ကို ၁-ကြိမ်, ၂-ကြိမ် ကြိတ်ညှစ်ရုံမျှဖြင့် ကြံရည်မထွက်သေးလျှင် ကြံတို့ကို လွှင့်မပစ်ပဲ ထပ်တလဲလဲ ကြိတ်ညှစ်ခြင်းဖြင့် ကြံရည်ထွက်လာသကဲ့သို့ ယောဂီသည်။ ပ။ ထင်ရှားလာကုန်သည်။

**နွားကြမ်းကိုဆုံးမသူဥပမာ။** ။နွားကြမ်းကို ဆုံးမသော နွားထိန်းပိုး ကျင့်သည့် ယောကျ်ားသည် နွားကြမ်းကို လှည်းထမ်းပိုး၌ တပ်၍ ၁-ကြိမ်, ၂-ကြိမ် မောင်းနှင်ရုံမျှဖြင့် နွားကြမ်း မရုန်းတတ်, မသွားတတ်သော အခါ ထပ်ကာ, ထပ်ကာ မောင်းနှင် လေ့ကျင့်ပေးရသည်။ ထိုသို့ အဖန်ဖန် မောင်းနှင်လေ့ကျင့်ပေးလျှင် နွားကြမ်းသည် ထမ်းပိုးနပ်ကာ လှည်းကိုရုန်းတတ် သွားတတ်သကဲ့သို့ ယောဂီသည်။ ပ။ ထင်ရှားလာကုန်သည်။

**သူခိုးကိုစစ်ဆေးသောမင်း ဥပမာ။** ။အမှုမှန်ကို သိလို၍ ခိုးသူကို စစ်ကြောသော မင်းသည် ၁-ကြိမ်, ၂-ကြိမ် စစ်ဆေးရုံမျှဖြင့် အမှုမှန် မပေါ်သောအခါ ခိုးသူကို မလွှတ်သေးပဲ ထပ်တလဲလဲ စစ်ဆေးလျှင် အမှုမှန် ပေါ်လာသကဲ့သို့ ယောဂီသည်။ ပ။ ထင်ရှားလာကုန်သည်။

**ဆိဥ္စထောပတ်လိုသူ ဥပမာ။** ။ဆိဥ္စ ထောပတ်ကို အလိုရှိသော ယောကျ်ားသည် နို့ဓမ်းအိုး၌ နို့ဓမ်းကိုထည့်၍ မွှေတံနှင့် ၁-ကြိမ်, ၂-ကြိမ် မွှေရုံမျှဖြင့် ဆိဥ္စ ထောပတ် မဖြစ်လာသေးလျှင် နို့ဓမ်းကို မစွန့်ပစ်ပဲ ခဏ ခဏ ထပ်ကာ ထပ်ကာ မွှေပေးခြင်းဖြင့် ဆိဥ္စ ထောပတ် ဖြစ်လာသကဲ့သို့ ယောဂီသည်။ ပ။ ထင်ရှားလာကုန်သည်။

**ဟင်းချက်သူ ဥပမာ။** ။ငါးဟင်းစားလို၍ ငါးကိုချက်သော ယောကျ်ားသည် ငါးဟင်းအိုးကို ၁-ကြိမ်, ၂-ကြိမ် မီးထိုးပေးရုံမျှဖြင့် ငါးမကျက်နိုင်သောအခါ ထိုငါးကို မစွန့်ပစ်ပဲ ခဏ ခဏ မီးထိုးပေးလျှင် ငါးကျက်၍ စားရသကဲ့သို့ ယောဂီသည် ရူပ ပရိဂ္ဂဟဉာဏ်ဖြင့် ရုပ်ကို သိမ်းဆည်းပြီး၍ နာမ်ကိုသိမ်းဆည်းသောအခါ နာမ်မှာသိမ်မွေ့သောကြောင့် ရုပ်တရက် မထင်လာသေးလျှင် အားမလျှော့ပဲ ရုပ်ကိုသာ ပြန်လည်၍ အဖန်တလဲလဲ ဆင်ခြင်သုံးသပ် သိမ်းဆည်းအပ်၏။ ရုပ်ကို သိမ်းဆည်းဖန်များသော် နာမ-ပရိဂ္ဂဟဉာဏ်၏ အခြေခံဖြစ်သော ရူပ ပရိဂ္ဂဟဉာဏ် ထက်သန်အားရှိလာသည်။ ထိုအခါ ရုပ်ကို အာရုံပြု၍ ဖြစ်ကုန်သော နာမ်တရားတို့သည် ဖုဿန, ဝေဒိယန, ဝိဇာနန တည်းဟူသော နာမ်အခြင်းအရာ ၃-ပါးတို့အနက် တပါးပါးအားဖြင့် အလိုလိုပင် ထင်ရှားလာကုန်သည်။

ဤ၌ ငါးနှင့်ရုပ်တရား, ငါးကို ခဏ ခဏ မီးထိုးပေးခြင်းနှင့် ရုပ်ကို အဖန်တလဲလဲ သုံးသပ်ခြင်း, ငါးဟင်းကျက်၍ စားရခြင်းနှင့် နာမ်တရား ထင်ရှားလာခြင်းတို့ကို ဥပမာဟပ်၍ ယူပါလေ။

---

### အစွန့် ၃-ပါး၌ ယုံမှားခြင်း, ယုံမှားခြင်း ၁၆-မျိုး (နှာ-၅၁၁)

**အတိတ်အစွန့်၌ယုံမှားခြင်း ၅-ပါး။** ။(၁) အဟောသိံ နုခေါ အဟံ အတီတ-မဒ္ဓါနံ=ငါသည် ရှေးအတိတ် ကာလ၌ ဖြစ်ဘူးပြီလော။

(၂) န နုခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ် ကာလ၌ မဖြစ်ဘူးပြီလော။

(၃) ကိံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ်ကာလ၌ အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သို့သောသူ ဖြစ်ဘူးလေသနည်း။

(၄) ကထံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ်ကာလ၌ အဘယ်ပုံ သဏ္ဍာန် ဖြစ်ခဲ့လေသနည်း။

(၅) ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ=ငါသည် ရှေးအတိတ်ကာလ၌ အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်ပြီးနောက် တဖန် အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်ခဲ့ပါသနည်းဟု ယုံမှား၏။

အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့် အတိတ် ရုပ် နာမ်ဖြစ်ခဲ့ပြီ၊ ထို ရုပ်နာမ်မှတပါး "ငါမရှိ"ဟု သိလျှင် အတိတ်၌ ယုံမှားခြင်း ငါးပါး မဖြစ်တော့ပေ။

**အနာဂတ်အစွန့်၌ ယုံမှားခြင်း ၅-ပါး။** ။(၁) ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင် အနာဂတ် ဘဝ၌ ဖြစ်လိမ့်ဦးမည်လော။

(၂) န နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် နောင် အနာဂတ် ဘဝ၌ မဖြစ်တော့ဘူးလော။

(၃) ကိံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် နောင် အနာဂတ် ဘဝ၌ အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်လိမ့်မည်နည်း။

(၄) ကထံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ=ငါသည် နောင် အနာဂတ် ဘဝ၌ အဘယ်ပုံသဏ္ဍာန်ဖြင့် ဖြစ်ပါလိမ့်မည်နည်း။

(၅) ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ=ငါသည် နောင် အနာဂတ်ဘဝ၌ အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူဖြစ်ပြီးနောက် တဖန် အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်လိမ့်ဦးမည်နည်းဟု ယုံမှား၏။

အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့် အနာဂတ်၌ ရုပ် နာမ် ဖြစ်လတ္တံ့၊ ထိုရုပ် နာမ်မှတပါး "ငါမရှိ"ဟု သိလျှင် အနာဂတ်၌ ယုံမှားခြင်း မဖြစ်တော့ပေ။

**ပစ္စုပ္ပန်အစွန့်၌ ယုံမှားခြင်း ၆-ပါး။** ။(၁) အဟံ နုခေါသ္မိ=ငါမှ ဟုတ်ပါ၏လော။

(၂) နောနုခေါသ္မိ=ငါမဟုတ်ပဲများ ဖြစ်ပါသလော။

(၃) ကိံ နုခေါသ္မိ=ငါ ယခု အဘယ်ဇာတ် အဘယ်အမျိုး၌ အဘယ်သူ ဖြစ်နေပါသနည်း။

(၄) ကထံ နုခေါသ္မိ=ငါ ယခု ဘယ်ပုံ ဘယ်သဏ္ဌာန် ဖြစ်နေသနည်း။

(၅) အဟံ နုခေါ သတ္တော ကုတော အာဂတော=ငါသည် ဘယ်ဘဝက လာခဲ့ပါသနည်း။

(၆) သော အဟံ ကုဟိံ ဂါမီ ဘဝိဿာမိ=ထို ငါသည် အဘယ် ဘဝသို့ သွားရအံ့နည်းဟု ပစ္စုပ္ပန်၌ ယုံမှား၏။

အဝိဇ္ဇာ စသော အကြောင်းတို့ကြောင့် ရုပ် နာမ် ဖြစ်သည်၊ ထို ရုပ် နာမ်မှ တပါး "ငါမရှိ"ဟု သိလျှင် ပစ္စုပ္ပန်၌ ယုံမှားခြင်း ၆-ပါး မဖြစ်တော့ပေ။

(ဤကျမ်း၊ဒုတွဲ၊နှာ-၅၁၃၊၅၁၄ လည်း ရှုပါ။)

## တနည်း—ယုံမှားခြင်း ၈-မျိုး

၁။ ဗုဒ္ဓေ ကင်္ခတိ=ဘုရား၌ ယုံမှားခြင်း။

ဘုရားရှင်၌ ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်သော ကိုယ်တော်ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှားသံသယ ဖြစ်ခြင်း။

ဘုရားရှင်၌ အတိတ် အနာဂတ် ပစ္စုပ္ပန် အလုံးစုံကို သိတော်မူသော သဗ္ဗညုတဉာဏ် ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှား သံသယ ဖြစ်ခြင်း။

ဘုရားရှင်သည် ၃၂-ပါးသော လက္ခဏာတော်ကြီး, ၈၀-သော လက္ခဏာတော်ငယ်တို့နှင့် ပြည့်စုံ၍ အတိတ် အနာဂတ် ပစ္စုပ္ပန် အလုံးစုံကို သိသော သဗ္ဗညုတဉာဏ်တော် ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှား သံသယ ဖြစ်ခြင်းသည် ဘုရားရှင်၌ ယုံမှားခြင်းမည်၏။

၂။ ဓမ္မေ ကင်္ခတိ=တရားတော်၌ ယုံမှားခြင်း။

ကိလေသာကို ပယ်သတ်ဖျက်ဆီးနိုင်သော မဂ် ၄-ပါး, ကိလေသာကို ငြိမ်းအေး စေတတ်သော ဖိုလ် ၄-ပါး, ၎င်း မဂ် ဖိုလ် တို့၏ အာရုံဖြစ်သော နိဗ္ဗာန် ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလားဟု ယုံမှားသံသယ ဖြစ်ခြင်း။

ဤတရားတော်သည် သံသရာမှ ထွက်မြောက်စေနိုင်သော နိယျာနိကဓမ္မ ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှား သံသယဖြစ်ခြင်းသည် တရားတော်၌ ယုံမှားခြင်း မည်၏။

၃။ သံဃေ ကင်္ခတိ=သံဃာတော်၌ ယုံမှားခြင်း။

သံဃာတော်သည် မဂ္ဂဋ္ဌ ၄-ယောက် ဖလဋ္ဌ ၄-ယောက်ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်း။

သံဃာတော်သည် ကောင်းသော အကျင့်ရှိသူ 'သုပ္ပဋိပန္န'ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်း။

သံဃာတော်အား ပေးလှူလျှင် အကျိုးကျေးဇူးရှိမှ ရှိပါ့မလားဟု ယုံမှားသံသယဖြစ်ခြင်းသည် သံဃာတော်၌ ယုံမှားခြင်း မည်၏။

၄။ သိက္ခာယ ကင်္ခတိ=သိက္ခာ ၃-ပါး၌ ယုံမှားခြင်း။

အဓိသီလ, အဓိစိတ္တ, အဓိပညာသိက္ခာဟူသည် ရှိမှ ရှိပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်း။

သိက္ခာ ၃-ပါးကို ကျင့်ကြံအားထုတ်လျှင် အကျိုးအာနိသင် ရှိမှ ရှိပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်းသည် သိက္ခာ ၃-ပါး၌ ယုံမှားခြင်း မည်၏။

၅။ ပုဗ္ဗန္တေ ကင်္ခတိ=(ပုဗ္ဗ=ရှေး၊ အန္တ = အစွန်း၊ ပုဗ္ဗန္တ = ရှေးအစွန်း အတိတ်၊ ကင်္ခတိ=ယုံမှားခြင်း။) ရှေးအစွန်းဖြစ်သော အတိတ်၌ ယုံမှားခြင်း။

လွန်ပြီးသော အတိတ် ခန္ဓာ အာယတနဓာတ်တို့ရှိသည်မှာ၊ ဝါ၊ ရှေးဘဝ ရှိသည်ဟူသည် ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယ ဖြစ်ခြင်းသည် ရှေးအစွန်း အတိတ်၌ ယုံမှားခြင်း မည်၏။

၆။ အပရန္တေ ကင်္ခတိ=(အပရ=နောက်၊အန္တ=အစွန်း၊အပရန္တ=နောက်အစွန်းအနာဂတ်၊) နောက်အစွန်းအနာဂတ်၌ ယုံမှားခြင်း။

ဖြစ်လတ္တံ့ အနာဂတ် ခန္ဓာအာယတနဓာတ်တို့ရှိသည်မှာ၊ ဝါ၊ နောင်ဘဝ ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်းသည် နောက်အစွန်း အနာဂတ်၌ ယုံမှားခြင်း မည်၏။

၇။ ပုဗ္ဗန္တာ ပရန္တေ ကင်္ခတိ=အတိတ်, အနာဂတ်၌ ယုံမှားခြင်း။

အတိတ် ခန္ဓာ အာယတန ဓာတ်နှင့် အနာဂတ် ခန္ဓာ အာယတန ဓာတ် ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်းသည် အတိတ် အနာဂတ်၌ ယုံမှားခြင်း မည်၏။

၈။ ဣဒပ္ပစ္စယတာ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ=(ဣဒ=ဤအကျိုး၊ ပစ္စယ=အကြောင်း၊ တာ=အဖြစ်၊ ပဋိစ္စ=စွဲ၍၊ သမုပ္ပန္န=ဖြစ်ခြင်း၊ ဓမ္မ = တရား၊ ဣဒပ္ပစ္စယတာ = အဝိဇ္ဇာ-စသော အကြောင်းတရား၊ ပဋိစ္စသမုပ္ပန္န = သင်္ခါရ-စသော အကျိုးတရား) အဝိဇ္ဇာ သင်္ခါရ စသော ပဋိစ္စသမုပ္ပါဒ်၌ ယုံမှားခြင်း။

အဝိဇ္ဇာ စသော အကြောင်းတရား ရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား, သင်္ခါရ စသော အကျိုးတရားရှိသည်မှာ ဟုတ်မှ ဟုတ်ပါ့မလား, အဝိဇ္ဇာ စသော အကြောင်းကြောင့် သင်္ခါရ စသော အကျိုးဖြစ်သည်မှာ ဟုတ်မှ ဟုတ်ပါ့မလား-ဟု ယုံမှားသံသယဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်း မည်၏။

နာမ်ရုပ်ကို အကြောင်းနှင့်တကွ သိမြင်လျှင် ယုံမှားခြင်း ၈-ပါး ကင်းပျောက်၏။

အဘိ၊၁၊နှာ-၂၀၈။ ပိဋ်၊၁၀၀၈။ အဘိ၊ဋ္ဌ၊၁၊နှာ-၃၇၈-၃၇၉။

---

## ရဟန္တာဟု မိမိကိုယ်ကိုထင်မှတ်နေသည့် မဟာနာဂမထေရ်ကြီး (နှာ-၃၆၈)

တလင်္ဂရ၌ သီတင်းသုံးနေသော ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဓမ္မဒိန္န အရှင်မြတ်သည် သူ၏ဆရာဖြစ်သည့် ဥစ္စဝါလိကအရပ်၌ သီတင်းသုံးနေသော မဟာ-နာဂမထေရ်ကို ရဟန်းကိစ္စ ပြီး,မပြီး၊ ရဟန္တာ ဖြစ်,မဖြစ် ဆင်ခြင်လတ်သော် မိမိသတိမပေးလျှင် ဆရာမှာ ပုထုဇဉ်အဖြစ်ဖြင့် ပျံလွန်တော်မူမည့်အကြောင်းကို သိမြင်သဖြင့် ဆရာ ရဟန်းရှိရာသို့ တန်းခိုးဖြင့် ကြွခဲ့သည်။

ဆရာဖြစ်သော မဟာနာဂမထေရ်က အချိန် မဟုတ်ပဲ မည်သည့်ကိစ္စ မည်သည့်အကြောင်းကြောင့် လာရကြောင်းကို မေးမြန်းလေရာ ပုစ္ဆာပြဿနာ မေးမြန်းလို၍ လာရကြောင်းကို တပည့် ဓမ္မဒိန္နရဟန္တာအရှင်မြတ်က လျှောက်ထားလေသည်။

တပည့် ဓမ္မဒိန္နရဟန္တာအရှင်မြတ် မေးတိုင်း မေးတိုင်းကို မဆိုင်းမတွပင် ဆရာမဟာနာဂမထေရ်က ဖြေဆိုလေရာ "ဆရာတို့၏ ဉာဏ်သည် အလွန်တရာ ထက်မြက်လှပါပေသည်။ ဤအရိယမဂ်မှ လာသော ပဋိသမ္ဘိဒါတရားကို အဘယ် အခါ၌ ဆရာတို့ ရခဲ့ သိခဲ့ပါသနည်း"ဟု ဓမ္မဒိန္နမထေရ်က လျှောက်ထား မေးမြန်းလေလျှင် "ဤနေ့မှ လွန်ခဲ့သော နှစ် ၆၀-အချိန်အခါကပင် ရခဲ့ သိခဲ့သည်"ဟု ဆရာမဟာနာဂမထေရ်က မိန့်ကြားလေသည်။

ထို့နောက် တပည့် ဓမ္မဒိန္နရဟန္တာအရှင်မြတ်က ဆက်လက်၍ အရှင်ဘုရား အဘိညာဉ် သမာပတ်ကို သုံးဆောင်နိုင်ပါသလောဟု မေးမြန်းရာတွင် "ငါ့ရှင် ဓမ္မဒိန္န – အဘိညာဉ် သမာပတ်ကို သုံးဆောင်ဘို့ရာ ဝန်မလေး မခဲယဉ်း"ဟု ဖြေကြားလေသည်။

ထိုအခါ ဓမ္မဒိန္နအရှင်မြတ်က "အရှင်ဘုရား ဝန်မလေး မခဲယဉ်းပါလျှင် နားရွက်နှင့် အမြီးကို ထောင်ထားပြီး နှာမောင်းကို ခံတွင်း၌ ထည့်သွင်းကာ

ကြောက်မက်ဖွယ်သော အသံကို အော်မြည်လျက် အဟုန်ဖြင့် အရှင်ဘုရားထံ ရှေးရှုလာသော ကြောက်မက်ဖွယ်ရှိသည့် ဆင်ဖြူတကောင်ကို ဖန်ဆင်းပြေပါ”ဟု လျှောက်ထားလေသည်။

ဆရာမဟာနာဂမထေရ်သည် တပည့် ဓမ္မဒိန္န ပြောဆိုလျှောက်ထားသည့် အတိုင်း ဖန်ဆင်းလိုက်ရာ ကြောက်မက်ဖွယ် အမူအရာရှိသော ဆင်ဖြူကြီး မိမိထံ ပြေးလာသည်ကို မြင်သဖြင့် ထပြေးရန် အားထုတ်လေသည်။

ထိုအခါ တပည့် ဓမ္မဒိန္နမထေရ်သည် ဆရာရဟန်း၏သင်္ကန်းစွန်းကို ကိုင်ဆွဲ၍ “အရှင်ဘုရား ရဟန္တာတို့မည်သည် ကြောက်ရွံ့ ထိတ်လန့်ခြင်း မရှိပါ”ဟု လျှောက်ထားသောအခါမှ ဆရာရဟန်းသည် မိမိမှာ ပုထုဇဉ်သာ ဖြစ်နေသေးကြောင်းကို သိ၍ တပည့်ဓမ္မဒိန္နထံမှ ကမ္မဋ္ဌာန်းနည်းယူပြီး အားထုတ်လေရာ စင်္ကြံသွားရင်းပင် သုံးကြိမ်မြောက် ခြေလှမ်း၌ ရဟန္တာဖြစ်လေသည်။

(ဝိသုဒ္ဓိ၊ဋ္ဌ၊ဒု၊နှာ ၂၇၀-၂။)

---

## ပုဂ္ဂိုလ် ဂ-ယောက်၊ ၁၆-ယောက်၊ ၉-ယောက်တို့ကို ပြခြင်း

(နှာ-၆၀၇၊ ၆၀ဂ)

ယောဂီသည် အဇ္ဈတ္တခန္ဓာ စသည်ကို ရှေးဦးစွာ နှလုံးသွင်း အခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ရောက်သောအခါ အဇ္ဈတ္တသက်သက်, ဗဟိဒ္ဓသက်သက်, ရုပ်, နာမ်, အနိစ္စ, ဒုက္ခ, အနတ္တ သက်သက်ချည်း အသီး အခြား ရှု၍ သုံးသပ်၍ မဂ်ဖိုလ် မရနိုင်၊ ထိုက်သည်အားလျော်စွာ အလှည့်စီ ရှုရမည်၊ ရံခါ အဇ္ဈတ္တကို, ရံခါ ဗဟိဒ္ဓကို, ရံခါ ရုပ်-နာမ်-အနိစ္စ-ဒုက္ခ-အနတ္တကို ရှုရ သုံးသပ်ရသည်၊ သို့မှသာ မဂ်, ဖိုလ် ရနိုင်သည်။

(ဝုဋ္ဌာန=ထွက်မြောက်ခြင်း၊ ကိလေသာမှ ထွက်မြောက်ခြင်း=မဂ်။ ဂါမိနီ=ရောက်ကြောင်း။ ဝိပဿနာ=ထိုးထွင်းရှုခြင်း)

## အရိယာပုဂ္ဂိုလ် ဂ-ယောက် ပြားပုံ

၁။ သို့ဖြစ်၍ အဇ္ဈတ္တခန္ဓာကို ရှေးဦးစွာ နှလုံးသွင်း အခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ရောက်သောအခါ အလှည့်စီ သုံးသပ်ရာမှ အဇ္ဈတ္တခန္ဓာကို သုံးသပ်စဉ် မဂ်ရအံ့၊ ထိုယောဂီသည် “အဇ္ဈတ္တံ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ”ပုဂ္ဂိုလ် မည်၏။(အဇ္ဈတ္တံ=အဇ္ဈတ္တကို။ အဘိနိဝိသိတွာ=နှလုံးသွင်း၍။ အဇ္ဈတ္တာ=အဇ္ဈတ္တမှ။ ဝုဋ္ဌာတိ=ထ၏၊ ထွက်မြောက်၏။)

၂။ ထိုအတူ အဇ္ဈတ္တခန္ဓာကို ဦးစွာ နှလုံးသွင်း အခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ရောက်သောအခါ အလှည့်စီ သုံးသပ်ရာမှ ဗဟိဒ္ဓခန္ဓာကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ် မည်၏။

၃။ ဗဟိဒ္ဓခန္ဓာကို ဦးစွာ နှလုံးသွင်း အခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ရောက်သောအခါ အလှည့်စီ သုံးသပ်ရာမှ ဗဟိဒ္ဓခန္ဓာကို သုံးသပ်စဉ် မဂ်ရလျှင် "ဗဟိဒ္ဓါ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ် မည်၏။

၄။ ဗဟိဒ္ဓခန္ဓာကို ဦးစွာနှလုံးသွင်း အခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ရောက်သောအခါ အဇ္ဈတ္တခန္ဓာကို သုံးသပ်စဉ် မဂ်ရလျှင် "ဗဟိဒ္ဓါ အဘိနိဝိသိတွာ အဇ္ဈတ္တာ ဝုဋ္ဌာတိ" ပုဂ္ဂိုလ် မည်၏။

ဤသို့ အဇ္ဈတ္တ ဗဟိဒ္ဓ သန္တာန်ကို စွဲ၍ ပုဂ္ဂိုလ်လေးယောက် ဖြစ်၏။

ဤနည်းကို မှီ၍—

၁။ ရုပ်ကို ဦးစွာ နှလုံးသွင်း အခြေပြု၍ ရုပ်ကို သုံးသပ်စဉ် မဂ်ရလျှင် "ရူပေ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၂။ ရုပ်ကို ဦးစွာ နှလုံးသွင်း အခြေပြု၍ နာမ်ကို သုံးသပ်စဉ် မဂ်ရလျှင် "ရူပေ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၃။ နာမ်ကို ဦးစွာ နှလုံးသွင်း အခြေပြု၍ နာမ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အရူပေ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၄။ နာမ်ကို ဦးစွာ နှလုံးသွင်းအခြေပြု၍ ရုပ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အရူပေ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

ဤသို့ ရုပ်,နာမ်ကို စွဲ၍ ပုဂ္ဂိုလ် ၄-ယောက်ဖြစ်၏။

## အရိယာပုဂ္ဂိုလ် ၁၆-ယောက်ပြားပုံ

၁။ အဇ္ဈတ္တသန္တာန်၌ ရုပ်ကို ရှေးဦးစွာ နှလုံးသွင်းအခြေပြု၍ ဝုဋ္ဌာနဂါမိနီဝိပဿနာသို့ ရောက်သောအခါ အလှည့်စီ သုံးသပ်ရာမှ အဇ္ဈတ္တသန္တာန်၌ ရုပ်ကို သုံးသပ်စဉ် မဂ်ရအံ့၊ ထိုယောဂီသည် "အဇ္ဈတ္တံ ရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

၂။ ထိုအတူ အဇ္ဈတ္တရုပ်ကို နှလုံးသွင်းအခြေပြု၍ အဇ္ဈတ္တနာမ်ကို သုံးသပ်စဉ် မဂ်ရလျှင်"အဇ္ဈတ္တံ ရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၃။ အဇ္ဈတ္တနာမ်ကို နှလုံးသွင်းအခြေပြု၍ အဇ္ဈတ္တနာမ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ အရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၄။ အဇ္ဈတ္တနာမ်ကို နှလုံးသွင်းအခြေပြု၍ အဇ္ဈတ္တရုပ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ အရူပေ အဘိနိဝိသိတွာ အဇ္ဈတ္တံ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၅။ အဇ္ဈတ္တရုပ်ကို နှလုံးသွင်းအခြေပြု၍ ဗဟိဒ္ဓရုပ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ ရူပေ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၆။ အဇ္ဈတ္တရုပ်ကို နှလုံးသွင်းအခြေပြု၍ ဗဟိဒ္ဓနာမ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ ရူပေ အဘိနိဝိသိတွာ ဗဟိဒ္ဓါ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၇။ အဇ္ဈတ္တနာမ်ကို နှလုံးသွင်းအခြေပြု၍ ဗဟိဒ္ဓနာမ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ အရူပေ အဘိနိဝိသိတွာ ဗဟိဒ္ဓါ အရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်။

၈။ အဇ္ဈတ္တနာမ်ကို နှလုံးသွင်းအခြေပြု၍ ဗဟိဒ္ဓရုပ်ကို သုံးသပ်စဉ် မဂ်ရလျှင် "အဇ္ဈတ္တံ အရူပေ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

၉-၁၆။ ဤနည်းအတိုင်း ဗဟိဒ္ဓရုပ်, ဗဟိဒ္ဓနာမ်ကို နှလုံးသွင်း အခြေပြု၍ "ဗဟိဒ္ဓါ ရူပေ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ရူပါ ဝုဋ္ဌာတိ" ပုဂ္ဂိုလ်စသည်ဖြင့် ၈-ယောက် ဖြစ်သည်။

ဤသို့ သန္တာန် ၂-ပါး, ရုပ်, နာမ်တို့ကို စွဲ၍ အရိယာပုဂ္ဂိုလ် ၁၆-ယောက် ဖြစ်သည်။

## အရိယာပုဂ္ဂိုလ် ၉-ယောက် ပြားပုံ

၁။ သင်္ခါရတရားကို အနိစ္စဟူ၍ ရှေးဦးစွာ နှလုံးသွင်းအခြေပြု၍ ဝုဋ္ဌာန-ဂါမိနီဝိပဿနာသို့ ရောက်သည့်အခါ အလှည့်စီသုံးသပ်ရာမှ အနိစ္စဟူ၍ သုံးသပ်စဉ် မဂ်ရအံ့၊ ထိုယောဂီသည် "အနိစ္စတော အဘိနိဝိသိတွာ အနိစ္စတော ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

၂။ ထိုအတူ အနိစ္စဟူ၍ နှလုံးသွင်းအခြေပြု၍ ဒုက္ခဟူ၍ သုံးသပ်စဉ် မဂ်ရလျှင် "အနိစ္စတော အဘိနိဝိသိတွာ ဒုက္ခတော ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

၃။ အနိစ္စဟူ၍ နှလုံးသွင်းအခြေပြု၍ အနတ္တဟူ၍ သုံးသပ်စဉ် မဂ်ရလျှင် "အနိစ္စတော အဘိနိဝိသိတွာ အနတ္တတော ဝုဋ္ဌာတိ" ပုဂ္ဂိုလ်မည်၏။

၄-၉။ ဤနည်းအတိုင်း ဒုက္ခကိုအခြေပြု၍ ၃-ယောက်၊ အနတ္တကို အခြေပြု၍ ၃-ယောက်ဖြစ်သည်။

ဤသို့ လက္ခဏာရေးအားဖြင့် ပုဂ္ဂိုလ် ၉-ယောက်ဖြစ်သည်။

(ဝိသုဒ္ဓိ၊ ဋ္ဌ၊ ဒု၊ နှာ-၂၉၉-၃၀၀။)

## ဥပ္ပန္န ၄-ပါး (နှာ-၆၂၇)

၁။ ဝတ္တမာနုပ္ပန္န=(ဝတ္တမာန=ဖြစ်ဆဲ။ ဥပ္ပန္န=ဖြစ်ခြင်း,ဖြစ်ဆဲ။ သမုဒါစာရ= ဖြစ်ခြင်း။ ခဏတ္တယ သမင်္ဂီ=ခဏ ၃-ပါးနှင့် ပြည့်စုံမှုရှိခြင်း။ ဤပုဒ် ၄-ပါးသည် သဒ္ဒါ အနေ အထား ကွဲပြားသော်လည်း အနက်အဓိပ္ပါယ်အရကောက် အတူတူပင်ဖြစ်သည်)

=ဖြစ်ဆဲ ပစ္စုပ္ပန် သင်္ခတတရားချည်းဖြစ်သည်။

၂။ ဘူတာပဂတုပ္ပန္န=(ဘူတ=ခံစားခြင်း, ရောက်ခြင်း။အပဂတ=ကင်းခြင်း, ချုပ်ခြင်း။ ဥပ္ပန္န=ဖြစ်ပြီး)

=အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ကင်း လေပြီးသော ကုသိုလ် အကုသိုလ်။ ခဏတ္တယသို့ ရောက်ပြီး၍ ချုပ်လေပြီး သော သင်္ခတ တရား။

၃။ ဩကာသ ကတုပ္ပန္န=(ဩကာသ=အခွင့်။ကတ=ပြုအပ်,ပေးအပ်။ဥပ္ပန္န= ဖြစ်ပြီး,ဖြစ်လတ္တံ့)အကျိုးဖြစ်ပေါ်ရန် အခွင့်ပေးသော ကုသိုလ် အကုသိုလ်နှင့် အကျိုးဖြစ်ပေါ်ရန် အခွင့် ရရှိသော ဝိပါက်။

၄။ ဘူမိလဒ္ဓုပ္ပန္န=(ဘူမိ=အာရုံ ဖြစ်ရာဌာန။ လဒ္ဓ=ရအပ်ခြင်း။ ဥပ္ပန္န= ဖြစ်ပေါ်ခြင်း)ဝိပဿနာ၏ အာရုံ ဖြစ်၍ ကိလေသာ၏ ဖြစ်ရာ ဌာနလည်းဖြစ်သော ဥပါဒါနက္ခန္ဓာ၊ ယင်း ဥပါဒါနက္ခန္ဓာ တို့၌ ဖြစ်ပေါ်လာနိုင်ပြီး မဂ်ဖြင့်လည်း မပယ်ရသေးသည့် အနုသယ[1] ကိလေသာကို ဆိုလိုသည်။

## ဥပ္ပန္န ၄-ပါး အဓိပ္ပါယ်အကျယ်

၁။ ဝတ္တမာနုပ္ပန္န။ ။(ဝတ္တမာန=ဖြစ်ဆဲ။ ဥပ္ပန္န=ဖြစ်ခြင်း, ဖြစ်ဆဲ။) ဥပါဒ်, ဋီ, ဘင် ဟူသော ခဏ ၃-ပါးနှင့် ပြည့်စုံသော ဖြစ်ဆဲ ပစ္စုပ္ပန် သင်္ခတတရားသည် ဝတ္တမာနုပ္ပန္န မည်၏။

၂။ ဘူတာပဂတုပ္ပန္န။ ။(ဘူတ=ခံစားခြင်း, ရောက်ခြင်း။ အပဂတ= ချုပ်ခြင်း, ကင်းခြင်း။ ဥပ္ပန္န=ဖြစ်ပြီး) အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီး ကင်းပြီးသော ကုသိုလ် အကုသိုလ်သည် ဘူတာပဂတုပ္ပန္နမည်၏။

---

၁။ အနုသယ=ဖြစ်ပေါ်ခြင်း၊လျော်ကပ်သော အကြောင်းကိုရလျှင်။ဝါ၊အကြောင်း ညီညွတ်တိုက်ဆိုင်လျှင် ဖြစ်ပေါ်ခြင်း။

ကြံဆ၍ "ဝိကပ္ပဂါဟ" အားဖြင့် အကုသိုလ်သည် ရာဂ စသည်တို့ဖြင့် အာရုံ၏ အရသာကို ခံစား၏။ ကုသိုလ်သည် အလောဘ စသည်တို့ဖြင့် အာရုံ၏ အရသာကို ခံစား၏။

ဝိပါက်သည် ကံအဟုန်က ပစ်ချအပ်သောကြောင့် အာရုံ၏အရသာကို မခံစားနိုင်။ အဟိတ်ကြိယာသည် အလွန် အားနည်းသောကြောင့်၎င်း, သဟိတ်ကြိယာသည် ရဟန္တာ၏သန္တာန်၌ဖြစ်၍ အလွန်သိမ်မွေ့သောကြောင့်၎င်း အာရုံကို မခံစားနိုင်။

ထိုသို့ အာရုံ၏အရသာကို ခံစားနိုင်သော ကုသိုလ်အကုသိုလ် စိတ္တုပ္ပါဒ်သည် အာရုံ၏ အရသာကို ခံစားပြီး၍ ချုပ်ပြီး ကင်းပြီး ဖြစ်သောကြောင့် ဘူတာပဂတုပ္ပန္န မည်၏။ (ဤအလိုသော် ဝိပါက်ကြိယာနှင့် ရုပ်တရားများကျန်နေသည်။ ဘူတသဒ္ဒါ ခံစားခြင်းအနက်ကို ဟောသည်။)

တနည်း— ဖြစ်ပြီး အတိတ်ဖြစ်သော ကုသိုလ်,အကုသိုလ်, ဝိပါက်, ကြိယာ စိတ္တုပ္ပါဒ်နှင့် ရုပ်ဟူသော သင်္ခတ တရားသည် ဥပါဒ်စသော ခဏ ၃-ပါးသို့ ရောက်ပြီး၍ ချုပ်ပြီး ကင်းပြီးဖြစ်သောကြောင့် ဘူတာပဂတုပ္ပန္န မည်၏။ (ဤအလိုသော် ဘူတသဒ္ဒါ ရောက်ခြင်းအနက်ကို ဟောသည်။)

သို့ဖြစ်၍ ၂-နည်းလုံးကို ပေါင်း၍ကြည့်သော် ဖြစ်ပြီး အတိတ် သင်္ခတ တရားသည် ဘူတာပဂတုပ္ပန္န မည်၏ ဟု မှတ်ရာ၏။

၃။ **ဩကာသ ကတုပ္ပန္န**။ ။(ဩကာသ=အခွင့်။ ကတ=ပြုအပ် ပေးအပ်။ ဥပ္ပန္န=ဖြစ်ပြီး ဖြစ်လတ္တံ့ ) မရဏာသန္န အခါ သတ္တဝါတို့၏ သန္တာန်၌ ထင်လာသော အကျိုးပေးခွင့် ရသော အတိတ် ကုသိုလ် အကုသိုလ်ကံသည် အခြားကံတို့၏ အကျိုးပေးခွင့်ကို တားမြစ်၍ မိမိ အကျိုးပေးဖို့ကိုသာ အခွင့်ပေးသည် ဖြစ်သောကြောင့် ဩကာသ ကတုပ္ပန္န မည်၏။ (ဤအလို ဥပ္ပန္နသဒ္ဒါ ဖြစ်ပြီး အနက်ကို ဟောသည်။)

တနည်း—ကုသိုလ်ကံ အကုသိုလ်ကံကြောင့် ဖြစ်ခွင့်ရသော အနာဂတ်၌ ကေန်ဖြစ်လတ္တံ့သော အကျိုးဝိပါက်သည် ထင်ရှားမဖြစ်ပေါ်သေးသော်လည်း ဩကာသ ကတုပ္ပန္နမည်၏။ (ဤအလိုသော် ဥပ္ပန္နသဒ္ဒါ ဖြစ်လတ္တံ့ အနက်ကို ဟောသည်။)

သို့ဖြစ်၍ အတိတ်ကံနှင့် အနာဂတ် အကျိုးဝိပါက်သည် ဩကာသ ကတုပ္ပန္န မည်၏ ဟု မှတ်ရာ၏။

၄။ **ဘူမိလဒ္ဓုပ္ပန္န**။ ။(ဘူမိ=ဖြစ်ရာဌာန, အာရုံ။ လဒ္ဓ=ရအပ်ခြင်း။ ဥပ္ပန္န-ဖြစ်ပေါ်လာခြင်း) ဝိပဿနာ၏ အာရုံဖြစ်သည့်ပြင်

ကိလေသာ၏ ဖြစ်ရာဌာနဖြစ်သောကြောင့် တေဘူမကဥပါဒါနက္ခန္ဓာသည် ဘူမိ မည်သည်။

ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ပေါ်လာနိုင်၍ မဂ်ဖြင့် မပယ်ရသေးသည့် ကိလေသာ သည် ဘူမိလဒ္ဓ မည်သည်။

ယင်းကိလေသာသည်ပင် မဂ်ဖြင့် မပယ်ရသေးသဖြင့် မဂ်သတ်ဖို့ရန် ရှိနေ သောကြောင့်၊ တနည်း — ကိလေသာဖြစ်လောက်သည့် အာရုံနှင့်ကြုံလျှင် အချိန် မရွေး ဖြစ်နိုင်သောကြောင့် ဥပ္ပန္န မည်သည်။

သို့ဖြစ်၍ ဥပါဒါနက္ခန္ဓာတို့၌ အကြောင်းတိုက်ဆိုင် ညီညွတ်လျှင် အချိန် မရွေး ဖြစ်ပေါ်လာနိုင်သည့် ကိလေသာသည် ဘူမိလဒ္ဓုပ္ပန္န မည်သည်။

ထို ဘူမိလဒ္ဓဟူသော ကိလေသာသည် ပစ္စုပ္ပန်လည်း မဟုတ်, အတိတ်လည်း မဟုတ်, အနာဂတ်လည်း မဟုတ်, ဘာမျှ မရှိသော အဘာဝပညတ်လည်း မဟုတ်၊ မဂ်ဖြင့် မပယ်ရသေးသော ကိလေသာမျိုးသာ ဖြစ်သည်။

ထိုဥပ္ပန္န ၄-ပါး၌ လိုရင်းကား —

| | | |
|---|---|---|
| ဝတ္တမာနုပ္ပန္န | = | ဖြစ်ဆဲ ပစ္စုပ္ပန်သခ်တတရား |
| ဘူတာပဂတုပ္ပန္န | = | ဖြစ်ပြီး အတိတ်သခ်တတရား |
| ဩကာသကတုပ္ပန္န | = | အတိတ်ကံနှင့် အနာဂတ်အကျိုးဝိပါက်တရား |
| ဘူမိလဒ္ဓုပ္ပန္န | = | ဥပါဒါနက္ခန္ဓာတို့၌ ဖြစ်ပေါ်နိုင်သည့် ကိလေသာ တို့တည်း။ |

**မဂ်ပယ်ဥပ္ပန္န။** ။ယင်းဥပ္ပန္န ၄-ပါးတို့တွင် ပစ္စုပ္ပန် အတိတ် အနာဂတ်ဟူ၍လည်း မဆိုအပ်, အဘာဝပညတ်လည်း မဟုတ်သော ဘူမိလဒ္ဓုပ္ပန္န ကိုသာ မဂ်က ပယ်သည်။ ကြွင်းဥပ္ပန္န ၃-ပါးကို မပယ်။

အတိတ်ကိလေသာသည် အလိုအလျောက် ချုပ်ပျောက်လွန်ပြီးဖြစ်၍ အတိတ်ကိလေသာကို ပယ်ဖွယ်မလို။ မဖြစ်သေးသော အနာဂတ်ကိလေသာကို ပယ်ရမည်မှာလည်း အနာမရှိခင် ဆေးတင်သော သမားကဲ့သို့ ဖြစ်ချေသည်။ ပစ္စုပ္ပန်ကိလေသာ ဖြစ်ပေါ်နေတုန်းမှာလည်း မဂ်စိတ် မဥပါဒ် မဖြစ်ပေါ်နိုင် သောကြောင့် ပစ္စုပ္ပန်ကိလေသာကိုလည်း မဂ်က မပယ်ချေ။ (တချိန်တည်း၌ စိတ် ၂-ခု တပြိုင်နက် မဖြစ်စကောင်းပေ။) စင်စစ်မှာ ဘူမိလဒ္ဓုပ္ပန္နခေါ်သော ဖြစ်ပေါ်လာနိုင်သည့် အနုသယကိလေသာကိုသာ မဂ်က ပယ်သတ်လေသည်။

ဤ၌ ပယ်သတ်ခြင်းဆိုသည်မှာ မဖြစ်ပေါ်လာသေးသော ကိလေသာများ မဖြစ်အောင် တားမြစ်ခြင်းကို မဂ်က ပယ်သတ်သည်ဟု ဆိုလိုသည်။ တနည်း

ဆိုသော်—ဖြစ်ပေါ်လာနိုင်သည့် ကိလေသာများ ဖြစ်ခွင့်မရခြင်းကို မဂ်က ပယ်သတ်သည်ဟု ဆိုလိုသည်။

## တနည်း–ဥပ္ပန္န ၄-ပါး

၁။ သမုဒါစာရုပ္ပန္န။ ။(သမုဒါစာရ=ဖြစ်ဆဲ, ဖြစ်ခြင်း။)ခဏ ၃-ပါးနှင့်ပြည့်စုံသော ဖြစ်ဆဲပစ္စုပ္ပန်သခ်တတရားသည် သမုဒါစာရုပ္ပန္န မည်၏။

ဝတ္တမာန=သမုဒါစာရ=ဥပ္ပန္န=ဖြစ်ခြင်း, ဖြစ်ဆဲ။ ခဏတ္တယသမင်္ဂီ=ခဏ ၃-ပါးနှင့်ပြည့်စုံခြင်း။ ဝတ္တမာန, သမုဒါစာရ, ဥပ္ပန္န, ခဏတ္တယသမင်္ဂီ၊ ဤပုဒ် ၄-ခုတို့သည် သဒ္ဒါအနေသာ ကွဲပြားသည်။ အနက်အဓိပ္ပါယ်အရကောက် အတူတူပင် ဖြစ်သည်။ ဖြစ်ဆဲပစ္စုပ္ပန်သခ်တတရားချည်းပင် ဖြစ်သည်။

၂။ အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န။ ။(အာရမ္မဏ=အာရုံ။အဓိ=စွဲစွဲမြဲမြဲ။ ဂဟိတ=ယူခြင်း။) ပစ္စုပ္ပန်အခိုက်၌ မဖြစ်ပေါ်လာသေးသော်လည်း အယောနိသောမနသိကာရဖြင့် ထင်လာသည့် အာရုံကို စွဲစွဲမြဲမြဲယူထားပြီးဖြစ်သောကြောင့် နောင်အခါဖြစ်ပေါ်လာမည့် ကိလေသာသည် အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န မည်၏။

ကလျာဏီရွာ၌ ဆွမ်းခံကြွသော မဟာတိဿမထေရ်အား ဝိသဘာဂ မာတုဂါမအဆင်းကို မြင်သောအခါ ဖြစ်ပေါ်လာသော ကိလေသာမျိုးကဲ့သို့ မှတ်ရာ၏။

တနည်း—တကြိမ် စွဲမြဲစွာ ယူထားပြီးသော အာရုံကို အောက်မေ့မိတိုင်း အာရုံပြုမိတိုင်းဖြစ်ပေါ်လာလတ္တံ့သော ကိလေသာသည် အာရမ္မဏာဓိဂ္ဂဟိတုပ္ပန္န မည်၏။

